ရမ္မက်မိုး

ဧပေါင်ဖွန်းသူ



LUST FOR LIFE

IRVING STONE

UNITY

မောင်ထွန်းသူ

အမည်ရင်း ဦးတင်ထွန်း။ ဦးဖေတင်၊ ဒေါ်ဖြူတို့မှ ၁၉၃၁ ခုနှစ် ဒီဇင်ဘာလ (၂၀) ရက် တွင် ရမည်းသင်းခရိုင်၊ ပျော်ဘွယ်မြို့၌ မွေးဖွားခဲ့။ ပျော်ဘွယ်၊ ရမည်းသင်းနှင့် ပျဉ်းမနားမြို့များရှိ အမျိုးသားအထက်တန်းကျောင်းနှင့် အစိုးရတန်းမြင့်ကျောင်းများ၌ ပညာသင်ကြားခဲ့။ ၁၉၅၅ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ ရရှိခဲ့ပြီး ၁၉၅၅ ခုနှစ်မှ ၁၉၅၈ ခုနှစ်အထိ စင်ကာပူနိုင်ငံရှိ မာလာယူတက္ကသိုလ် (University Of Malayu) ၌ ပညာသင်ကြားခဲ့။ ၁၉၅၈ ခုနှစ်တွင် မာလာယူတက္ကသိုလ်မှ လူမှုသိပ္ပံဒီပလိုမာဘွဲ့ ရရှိခဲ့။

၁၉၅၈ ခုနှစ်မှ ၁၉၈၃ ခုနှစ်အတွင်း လူမှုဝန်ထမ်းဌာန၊ ပြန်ကြားရေးဌာန အထူးစုံစမ်း စစ်ဆေးရေးဌာနတို့၌ အစိုးရအရာရှိအဖြစ် တာဝန်ထမ်းဆောင်ခဲ့။ ၁၉၇၅ ခုနှစ်တွင် ကမ္ဘာ့ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ ပညာသင်ဆုရရှိခဲ့သဖြင့် အမေရိကန် ပြည်ထောင်စုသို့ သွားရောက်ကာ လူမှုသိပ္ပံသင်တန်းများ တက်ခဲ့။ ၁၉၈၃ ခုနှစ်တွင် ဝန်ထမ်းဘဝမှ အငြိမ်းစားယူခဲ့။

အထက်တန်းကျောင်းသားဘဝကတည်းက စာတိုပေစများ ရေးသားခဲ့။ ၁၉၆၂ ခုနှစ်တွင် မောင်ထွန်းသူ၊ ထွန်းနိုင်ဦး၊ ဉာဏလုပ်သားတစ်ဦး စသော ကလောင်အမည်များဖြင့် ဆောင်းပါး၊ ဝတ္ထုတိုများ စတင်ရေးသားခြင်းဖြင့် စာပေနယ်အတွင်းသို့ ဝင်ရောက်ခဲ့။

ယနေ့အချိန်ထိ လုံးချင်းဘာသာပြန် ဝတ္ထုပေါင်း ခုနစ်ဆယ်ကျော်မျှ ထွက်ခဲ့ပြီးဖြစ်။ ယင်းတို့အနက် တောင်ပံမဲ့သည့် ငှက်ငယ်များ (ပင်ကို)၊ ရဲတိုက်၊ ကင်မီလီ၊ တက်စ်၊ သံမဏိကြက်ခြေ၊ ဒေါသမာန်၊ တို့ပိုင်တဲ့မြေ၊ တို့ဘဝ တို့ကမ္ဘာ၊ သစ္စာရှင်၊ မြိုင်ခေမာ၊ နှစ်လောက၊ ဇာစ်မြစ်၊ နောက်ဆုံးမြေ၊ တော်လ်စတွိုင်း ဝတ္ထုတိုများနှင့် ဆိုင်ဂုံ စသည့် စာအုပ်များ ထင်ရှားခဲ့။ ပထမဆုံး ဘာသာပြန်ဝတ္ထု 'ရဲတိုက်' ဖြင့် ၁၉၈၃ ခုနှစ်၊ အမျိုးသားစာပေ (ဘာသာပြန်ရသ) ဆု ရရှိခဲ့။

၁၉၈၃ ခုနှစ်မှစတင်၍ စာပေလောကတွင်းသို့ လုံးဝဝင်ရောက်လာခဲ့သော မောင်ထွန်းသူသည် ယခုအချိန်ထိ စာပေများကို ရေးသားပြုစုနေဆဲ။

■

၂၇.၈.၀၁

UNITY စာအုပ်အမှတ်စဉ် (၁၀)

မောင်ထွန်းသူ

ရမ္မက်မီး

Lust For Life

By

Irving Stone

A Novel Based On The Life Of
Vincent Van Gogh

UNITY

အမှတ် (၃၆-ဘီ)၊ ပဟိုလမ်း (ဇေယျဝတီလမ်း)၊ စမ်းချောင်း၊
ရန်ကုန်မြို့။ ဖုန်း

စာမူခွင့်ပြုချက်အမှတ် - ၄၆၁ / ၂၀၀၀ (၇)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၇၃၀ / ၂၀၀၀ (၁၀)

မျက်နှာဖုံး
ဝင်းမြင့်ဦး

ပုံနှိပ်ခြင်း
ပထမအကြိမ်
Unity Publishing House
၂၀၀၁ ခုနှစ်၊ ဇူလိုင်လ

အုပ်ရေ (၁၀၀၀)

ကွန်ပျူတာစာစီ
UNITY

စာအုပ်ချုပ်
ကိုမြင့်

ထုတ်ဝေသူ
ဦးလှမြင့် (မြဲ) - ဝ၉၁၇
နွယ်နီစာပေ၊ ၄၈၃ နွယ်နီ (၃) လမ်း၊
(ဃ) ရပ်ကွက်၊ မြောက်ဥက္ကလာပ၊ ရန်ကုန်

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ
ဒေါ်ခင်အေးမြင့် (ဝ၅၉ဝ၁)၊ ရာပြည့်အော့ဖ်ဆက်၊
အမှတ် (၁၉၉)၊ ၅၀ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

မြန်မာပြန်သူ၏
အမှာ

အရောင်နှင့် စကားပြောသူ

ဗင်းဆင့်ဗင်ဂိုး Vincent Van Gogh သည် **'အရောင်နှင့် စကားပြောသူ'** ဖြစ်သည်။ သူ၏ စိတ်ခံစားမှုမျှားကို အရောင်နှင့်ဖော်ပြသူဖြစ်၏။ 'အရောင်နှင့် အလုပ်လုပ်သူတစ်ဦး' ဟု ဆိုပါကလည်း မှားနိုင်မည်မဟုတ်ပါ။ တိုတိုနှင့် လိုရင်းပြောရမည်ဆိုပါမူကား ဗင်းဆင့်ဗင်ဂိုးသည် သူ၏ရင်တွင်းခံစားချက်များကို အရောင်များနှင့် စကားပြောသည့် 'ပန်းချီဆရာတစ်ဦး' ဖြစ်လေသည်။

ဗင်းဆင့်ဗင်ဂိုးသည် ဒုတ်ချ် လူမျိုးဖြစ်သည်။ သူ့အား ၁၈၅၃ ခုနှစ်တွင် မွေးဖွားခဲ့သည်ဖြစ်ရာ ယခုလက်ရှိနှစ် သက္ကရာဇ် ၂၀၀၀ မှ ပြန်တွက်မည်ဆိုပါက သူသည် လွန်ခဲ့သောနှစ်ပေါင်း ၁၄၇ နှစ်က မွေးဖွားလာခဲ့သူဖြစ်၏။ နောက်ဆုံး ပန်းချီကားတစ်ချပ်ကို ရေးဆွဲပြီးနောက် သူ့ကိုယ်သူသေနတ်နှင့် ပစ်သတ်ပြီး သေသွားခဲ့သည့်နှစ်မှာ ၁၈၉၀ ခုနှစ် ဖြစ်သည်။ သူကွယ်လွန်စဉ်က သူ့အသက်သည် ၃၇ နှစ်မျှသာရှိသေးသည်။ ယခု သက္ကရာဇ် ၂၀၀၀ မှ ပြန်လည်ရေတွက်မည်ဆိုပါက သူကွယ်လွန်သွားခဲ့သည်မှာ နှစ်ပေါင်း ၁၁၀ မျှ ရှိခဲ့ပေပြီ။

ဤမျှလောက် အချိန်တွေကြာခဲ့ပြီဖြစ်သော်လည်း ဗင်းဆင့်ဗင်ဂိုး၏ နာမည်သည် မသေသေးပေ။ သူ၏ အလွန်အမင်းထက်သန်ပြင်းပြသော စိတ်ခံစားမှုမျှားကိုဖော်ပြနေသည့် သူ့လက်ရာ ပန်းချီကားမျှားသည် ယနေ့ခေတ်အထိ လူတို့၏ စိတ်နှလုံးကို နက်နက်ရှိုင်းရှိုင်း ထိထိခိုက်ခိုက်ဖြစ်အောင် စွမ်းဆောင်နေဆဲဖြစ်၏။

အမှန်တော့ ဗင်ဂိုး၏ ထူးခြားသောပါရမီသည် ယနေ့ခေတ် ပန်းချီလောကအတွက် အခြေခံအုတ်မြစ်များကို ချပေးနိုင်စွမ်းရှိခဲ့သည်ဟု ပန်းချီပညာရှင်များက ဆိုကြသည်။ ယင်းအဆိုကို ဗင်ဂိုး ကွယ်လွန်ပြီးနောက်မှ တည်ရှိလာခဲ့သည့် ပထမမျိုးဆက်သစ် ပန်းချီဆရာများက နားလည်လက်ခံခဲ့ကြသည်။ ထိုအသိ ထိုအမြင် ထိုအယူအဆကို ဒုတိယမျိုးဆက်သစ်နှင့် တတိယမျိုးဆက်သစ်ပန်းချီဆရာများကလည်း နားလည်လက်ခံခဲ့ကြလေသည်။

ဒုတိယမျိုးဆက်သစ် ပန်းချီဆရာများအဖို့ကတော့ ဗင်ဂိုးရေးဆွဲခဲ့သည့် ပန်းချီကားအမြောက်အများ (ဗင်ဂိုးသည် ပန်းချီကားပေါင်း ၁၆၀၀ ကျော်မျှ

ရေးဆွဲသွားခဲ့သည်ဟု ဆိုကြသည်) နှင့် ဗင်ဂိုး၏ကြေကွဲစရာ ဘဝဇာတ်ကြောင်းများအပေါ် တွင် အလွန်တအံ့တသြ ဖြစ်ခဲ့ကြသည်။ တတိယမျိုးဆက်သစ် ပန်းချီဆရာများကတော့ ပန်းချီပညာရှင် ဗင်ဂိုး၏ စိတ်နေသဘောထားနှင့် သူ့လက်ရာများသည် ပန်းချီလောကမှ လိုက်၍မမီနိုင်လောက်အောင်ကြီးမား ကျယ်ဝန်းနက်ရှိုင်းခဲ့ရုံမျှမက ယင်းလောက၏ အသိအမြင်အယူအဆများကိုပါ တိုးတက်ကျယ်ပြန့်နက်ရှိုင်းသွားသည်အထိ တွန်းအားပေးခဲ့သည်ဟုပင် အသိအမှတ် ပြုခဲ့ကြလေသည်။

" အဲဒီ ပန်းချီကားတွေကို ဗင်ဂိုးရေးဆွဲနေတဲ့အချိန်ဟာ လူ့လောကကြီးထဲမှာ အရင့်အရင်က မဖြစ်ဖူး၊ မရှိခဲ့ဘူးတဲ့ ထိတ်လန့်စရာတွေ၊ စိတ်ချောက်ခြားစရာတွေနဲ့ အံ့သြတုန်လှုပ်စရာတွေ အများအပြား ပေါ်ပေါက်လာနေတဲ့ အချိန်ကာလတစ်ခုပါ။ အဲဒီအခြေအနေဆိုးတွေဟာ လူတွေရဲ့အတွင်းစိတ်တွေကို ပြောင်းလဲပစ်နေပါတယ်။ အဲသလို ခေတ်ကာလမှာ အတိုင်းအဆမသိနိုင်လောက်အောင်ကြီးမားတဲ့ အထီးကျန်နိုင်မှုကြီးဟာ တည်ရှိခဲ့ပါတယ်။ ဗင်ဂိုးဟာ အဲဒီ အထီးကျန်နိုင်မှုကြီးကို သူတစ်ယောက်တည်း ကြိတ်မှိတ်ခံစားရင်း အဲဒီပန်းချီကားတွေကိုရေးဆွဲသွားခဲ့တာပါ။ ကျွန်တော်တို့ကတော့အဲဒီပန်းချီကားအားလုံးကို ဗင်းဆင့်ဗင်ဂိုးရဲ့ ခံစားမှုပန်းချီကားတွေလို့ နားလည်သိမြင်ထားကြပါတယ်။ နောက်ဆုံးမှာတော့ အဲဒီခံစားမှုပန်းချီတွေဟာ ဒီနေ့ ကျွန်တော်တို့ခေတ်ရဲ့ကံကြမ္မာကို ဖော်ပြတဲ့အရာတွေဖြစ်လာခဲ့ပါတယ်" ဟု မျိုးဆက်သစ် ပန်းချီဆရာတို့က ဆိုခဲ့ကြလေသည်။

သူဘဝခရီး

ဗင်းဆင့်ဗင်ဂိုးသည် ဒတ်ချ်လူမျိုး ပရိုတက်စတင့် ဘာသာဝင် မိဘများမှမွေးဖွားလာသူဖြစ်သည်။ သူ့အဖေသည် နယ်မြေသင်းအုပ်ဘုန်းကြီးဖြစ်၍ သူတို့မျိုးနွယ်ထဲတွင် ဘုန်းကြီးအများအပြားရှိခဲ့သည်။ မိသားစုတွင် အကြီးဆုံးသားဖြစ်သော ဗင်ဂိုးသည် အသက် ၁၆ နှစ် အရွယ်တွင် သူဦးကြီးပိုင်ဆိုင်သော ပန်းချီအရောင်းဆိုင်၌ အရောင်းသမားဝင်လုပ်သည်။ အသက် ၂၅ နှစ် အရွယ်တွင်သူသည် ဘယ်လ်ဂျီယံနိုင်ငံ တောင်ပိုင်းရှိ ကျောက်မီးသွေးတွင်းဒေသသို့သွား၍ ခရစ်ယာန်တရားဟောဆရာ လုပ်ခဲ့သည်။

သူသည် အလုပ်သမားများ၏ ဆင်းရဲမွဲတေမှုနှင့် ငတ်ပြတ်မှုများကို ကြည့်ကာ များစွာစိတ်ထိခိုက်ကြေကွဲခဲ့သည်။ အလုပ်သမားများ၏ ဆင်းရဲဒုက္ခများကိုကြည့်၍ သူ၏ဘာသာရေးဆိုင်ရာ အမြင်များနှင့် အယူအဆများသည် သိသိသာသာပင် ပြောင်းလဲသွားခဲ့သည်။ လက်တွေ့ဘဝထဲတွင် တရားဟောဆရာလုပ်နေသော သူကိုယ်တိုင်က အဆင်းရဲအငတ်ပြတ်ခံကာ ကူညီစောင့်ရှောက်မှုပြုခြင်းသာလျှင် အမှန်ကန်ဆုံးသော ဘာသာရေးခံယူချက်ဖြစ်သည် ဟု ယူဆခဲ့သည်။ သို့ပါမှလည်း ဘုရားသခင်အား အမှန်တကယ်ကြည်ညိုချစ်ခင်ရာရောက်သည်ဟု ယုံကြည်ခဲ့သည်။ ဤသို့ဖြင့် သူ့အထက်မှ အပေါ်ယံရွေ့မုံကြ၍ အထဲကနောက်ချေးခံထားကြသည့် ဘာသာရေးဆိုင်ရာ ပုဂ္ဂိုလ်များနှင့် ဗင်ဂိုး၏ကြားတွင် အမြင်မတူသည့် ပဋိပက္ခသည် ပေါက်ဖွား လာသည်။ သူ့အထက်မှ ဘုန်းကြီးများက သူ့အား 'အစွန်းရောက် ဘာသာရေးသမား' ဟု အမည်တပ်ကာ တရားဟောဆရာအလုပ်မှ ထုတ်ပစ်သည်။

ထိုအချိန်မှစ၍ သူသည်ပန်းချီကို စတင်ရေးဆွဲခဲ့သည်။ သူပန်းချီစဆွဲချိန်တွင် သူ့အသက်မှာ ၂၇ နှစ်မျှရှိနေလေပြီ။ ဗင်ဂိုးသည် သူ၏အချစ်ဆုံးနှင့် သူ့အားအချစ်ဆုံးသော ညီငယ် သီအိုး၏ ထောက်ပံ့ငွေအပေါ်အမှီပြုကာ 'အစားဆင်းရဲခြင်း၊ အဝတ်ဆင်းရဲခြင်း၊ အနေဆင်းရဲခြင်း' ဒုက္ခများကို ခါးစည်းခံပြီး သူ့စိတ်ထဲ၌ ခံစားရသမျှကို ကင်းဗတ်ပေါ်၌ အရောင်နှင့်တင်နေခဲ့ခြင်းဖြစ်လေသည်။

ဗင်ဂိုး၏ ပန်းချီဖန်တီးကာလသည် ဆယ်နှစ်မျှသာရှိခဲ့သော်လည်း သူ့ရေးဆွဲထားခဲ့သည့် ပန်းချီကားပေါင်းမှာ ၁၆၀၀ ကျော်ကျော်ရှိခဲ့သည် ဟု ဆိုကြသည်။ ဗင်ဂိုးသည် သူဆွဲပြီးသမျှ ပန်းချီကားများကို သူ့ညီ သီအိုထံသို့သာ ပို့ပေးခဲ့၏။။။ ထိုစဉ်က သူ့ပန်းချီကားများကို ကြိုက်သူမှာ သူ့ညီသီအို တစ်ဦးတည်းသာရှိခဲ့၏။ သူ့ပန်းချီကားများကို ဝယ်မည့်လူဟူ၍လည်း တစ်ဦးမှ မရှိခဲ့ချေ။ သူမကွယ်လွန်မီ နောက်ဆုံးနှစ် ၁၈၉၀ ခုနှစ် ကျခါမှ သူ့မိတ်ဆွေပန်းချီဆရာတစ်ယောက်က သူ့ပန်းချီကားတစ်ကားကို ဒေါ်လာ ၈၀ ပေး၍ဝယ်ယူသွားခဲ့သည်။

ယင်းပန်းချီကားမှာ 'ဆိုက်ပရပ်စ်ပင်နှင့် ပန်းပွင့်နေသော သစ်ပင်' ဟု အမည်ပေးထားသည့် ကားဖြစ်၏။ ထိုကားသည် တစ်ဦးလက်မှ တစ်ဦးသို့ အဆင့်ဆင့် ကူးပြောင်းရောက်ရှိခဲ့ပြီးနောက် ၁၉၇၈ ခုနှစ် ဖေဖော်ဝါရီလအတွင်း ပြုလုပ်ခဲ့သည့် လေလံပွဲတွင် ပြန်ပေါ်လာခဲ့သည်။ ယင်းပွဲ၌ ဒေါ်လာငွေ ၁. ၃

သန်း ဖြင့် ဝယ်ယူသွားခဲ့သည်။ ထိုအချိန်မှစ၍ ယနေ့အချိန်ထိ ဗင်ဂိုး၏ ပန်းချီကားများသည် ဒေါ်လာသန်းများစွာချီ၍ တန်သော အဖိုးတန်ပစ္စည်းများ ဖြစ်လာခဲ့သည်။

၁၉၇၁ ခုနှစ် နွေဦးပေါက်တွင် 'ဘရွတ်ကလင်းပြတိုက်' ၌ ဗင်းဆင့်ဗင်ဂိုး၏ ပန်းချီကား ၁၁၄ ကားကို သီတင်းရှစ်ပတ်ကြာမျှ ပြသခဲ့သည်။ ယခင် ဆန်ဖရန်စစ္စကိုမြို့နှင့် ဘာလ်တီမိုးမြို့များ၌ ပြသခဲ့စဉ်ကအတိုင်းပင် လူအများဆုံး လာရောက်ကြည့်ရှုသည့် ပန်းချီပြပွဲကြီးတစ်ပွဲဖြစ်ခဲ့၏။ ထိုစဉ်က ပြတိုက်ညွှန်ကြားရေးမှူး သောမတ်စ်အက်စ်ဘူခ်္ခနာအား သတင်းစာဆရာများက ဘာကြောင့် ဤပြပွဲတွင်လူအများအပြားလာရောက်ကြသည် ထင်ပါသလဲ ဟု မေးမြန်းခဲ့ကြသည်။

ထိုအခါ သောမတ်စ်ဘူခ်္ခနာက "ဗင်းဆင့်ဗင်ဂိုးရဲ့ ဘဝဖြစ်စဉ်ဟာ ဒဏ္ဍာရီပုံပြင် တစ်ပုဒ်လိုဖြစ်နေတဲ့အတွက်ကြောင့်လို့ ကျွန်တော်ထင်ပါတယ်။ နောက်တစ်ကြောင်းကတော့ သူ့ရဲ့လက်ရာပန်းချီကားတွေဟာ ဒီနေ့ဒီအချိန်အထိ ခေတ်မီရှင်သန်နေတုန်းမို့ ဖြစ်ပါလိမ့်မယ်" ဟု အဖြေပေးခဲ့သည်။

ထို့နောက် သူကဆက်၍ " သူ့ခေတ်သူ့အချိန်က တည်ရှိခဲ့တဲ့ ပန်းချီလောက က သူ့ကို အသိအမှတ်မပြုခဲ့ကြပေမယ့် သူရေးဆွဲခဲ့တဲ့ ပန်းချီကားမှန်သမျှကို သူမရှိတော့တဲ့ နောက်ပိုင်းကာလမှာ အသိအမှတ်မပြုလို့မရကြတော့ပါဘူး။ အခုဆိုရင် သူ့ပန်းချီကားတွေဟာ သူဘဝလိုပဲ လူအများရဲ့စိတ်ကို ထိထိခိုက်ခိုက်ဖြစ်စေခဲ့ပါတယ်။ လှုပ်ရှားစေခဲ့ပါတယ်။ သူ့စိတ်ထဲမှာ ခံစားနေရသမျှတွေကို မမိ မိအောင် အပြင်းအထန်ခံစားပြီး စုတ်ချက်တင်ထားတဲ့ ကားတွေမို့ပါ။ သူ့ကားတွေထဲမှာ ရှိနေတဲ့ သူ့ခံစားမှုတွေရဲ့ ပမာဏကို ချက်ခြင်းသိရှိခံစား လို့ ရနေလို့ပါ " ဟု ပြောပြခဲ့လေသည်။

တကယ်တော့ ဗင်ဂိုးသည် ကိုယ်ဟန်ပြဌာန်းစရာငွေမရှိ၍ သူ့ရှူးဖိနပ်စုတ်ကြီးကို မျက်စိရှေ့၌ထားကာ ပုံပေါင်းအမြောက်အများရေးဆွဲခဲ့ရသော ပန်းချီဆရာဖြစ်၏။ သူ့ရုပ်သူ မှန်ထဲပြန်ကြည့်ပြီးပုံပေါင်း (၄၀) ကျော်ရေးဆွဲခဲ့ရသော ပန်းချီဆရာလည်းဖြစ်၏။ သူအသက်ရှင်နေစဉ်က ဗင်ဂိုးသည် သူ့ပတ်ဝန်းကျင်၊ သူ့အားဖိစီးနှိပ်စက်နေကြသည့် ဆင်းရဲဒုက္ခများ၊ သူ့ရင်တွင်းခံစားချက်များနှင့် သူရေးဆွဲထားသည့် ပန်းချီကားများအကြောင်းကို သူ့ညီသီအိုထံ စာပေါင်းအမြောက်အများ ရေးသား၍ ရင်ဖွင့်ခဲ့သူဖြစ်သည်။ ထိုပေးစာများသည် သူ့ဘဝ၊ သူ၏နက်ရှိုင်းသော ခံစားချက်များနှင့် အတွေးအမြင်များကို အံ့သြတသဖွယ်

ဖြစ်အောင်ရေးဖွဲ့ထားသည့် စာများဖြစ်လေသည်။

တစ်ကြိမ်တွင် ဗင်ဂိုးက သူ့ပေးစာတစ်စောင်ထဲ၌ " ကိုယ်ဟာ ဒီကမ္ဘာမြေကြီးပေါ်မှာ နှစ်ပေါင်း ၃၀ တိတိ လမ်းလျှောက်နေခဲ့ပြီးပြီ။ အဲဒီအတွက် ကျေးဇူးတင်တဲ့အနေနဲ့ အမှတ်တရ စုဆောင်းသိမ်းဆည်းထားနိုင်မယ့် ပစ္စည်းတချို့ထားခဲ့ချင်တယ် ငါ့ညီရယ် " ဟု ရေးခဲ့သည်။

သူ၏ စိတ်ခံစားမှုများကို အရောင်နှင့်ဖော်ပြထားသော သူပန်းချီကားများသည် ယနေ့ကမ္ဘာအား စကားပြောလျက်ရှိ၏။ သူညီထံရေးခဲ့သည့် သူစာထဲမှ သူစကားမှန်ကြောင်းကို ထိုအချက်ကသက်သေခံလျက်ရှိပါသည်။

ဤဝတ္ထုသည်

' **ရမ္မက်မီး** ' ဟု အမည်ပေးထားသော ဤဝတ္ထု " Lust For Life " သည် ပန်းချီဆရာ ဗင်းဆင့်ဗင်ဂိုး၏ ကြမ်းတမ်းသည့် ဘဝခရီးကို ရသအပြည့်နှင့် ရေးဖွဲ့ထားသော ဝတ္ထုကြီးဖြစ်သည်။ အလွန်ရှေးကျသော အတွေးအခေါ်အယူအဆများကိုလက်ခံထားသည့် ပန်းချီကားအရောင်းဆိုင်များ၌ အရောင်းစာရေးလုပ်ခဲ့ရသော ဘဝ၊ မိမိကအသည်းနှင့်အောင်ချစ်ပါသော်လည်း တစ်ဖက်ကနည်းနည်းလေးမှ ချစ်တုံ့မပြန်သဖြင့် ချစ်ခွင့်မပိုင်ဖြစ်ခဲ့ရရသည့် ဘဝ . . . ၊ ဆင်းရဲသားအလုပ်သမားမိသားစုများကြား၌ တရားသာဟောပြောနိုင်ပြီး လက်တွေ့တွင် ဘာအကူအညီမှ မပေးနိုင်သဖြင့် ကိုယ်စိတ်နှစ်ပါး ဆင်းရဲခဲ့ရသည့် ဘဝ . . . ၊ အစားအစာကို ဝဝလင်လင်မစားရဘဲ ဇွဲနပဲကြီးစွာဖြင့် စိတ်ခံစားမှုများအပြည့်ပါသော ပန်းချီကားများကို ရေးဆွဲနေခဲ့ရသည့် ပန်းချီဆရာဘဝ . . . ၊ စိတ်ကျန်းမာရေးချို့တဲ့မှုကြောင့် စိတ္တဇဆေးရုံ၌ နေရစဉ်အတွင်း သူ့ပတ်ဝန်းကျင်ရှိ အခြားစိတ္တဇဝေဒနာသည်များအား ကြည့်ကာ စိတ်မချမ်းမမြေ့ဖြစ်ခဲ့ရသည့် ဘဝ . . . ။

ဤဝတ္ထုကြီးသည် ယနေ့ကမ္ဘာတွင် အထင်ရှားကျော်ကြားဆုံးဖြစ်နေသည့်ပန်းချီဆရာ ဗင်းဆင့်ဗင်ဂိုး အဆင့်ဆင့်ရင်ဆိုင် ဖြတ်သန်းခဲ့ရသော ဘဝပေါင်းစုံကို ရသမြောက်အောင် မှတ်တမ်းတင်ရေးဖွဲ့ထားသည့် ဝတ္ထုကြီးဖြစ်၏။ ဤဝတ္ထုကြီးကို တနည်းအားဖြင့် ' အထူးပုတ္တိ ဝတ္ထုကြီး ' ဟုလည်း ခေါ်ဆိုနိုင်မည်ထင်ပါသည်။ ဤဝတ္ထုကြီးကိုရေးဖွဲ့သူမှာ ကမ္ဘာကျော် အထူးပုတ္တိရေးဆရာ ' **အိုင်ရာဗင်စတုန်း** ' (Irving Stone) ဖြစ်သည်။

အိုင်ရာဗင်စတုန်းသည် အမေရိကန် စာရေးဆရာဖြစ်သည်။ သူ၏ မိုက်ကယ်အိန်ဂျလို (Michael Angelo)၊ မြင်းပေါ်မှ သင်္ဘောသားတစ်ယောက် (A Sailor On Horse Back) ၊ ထာဝရ မေတ္တာ (Love Is Etrnal) အစရှိသော အထွဋ်ပွတ္တိဝတ္ထုကြီးများသည် အလွန်ထင်ရှားကျော်ကြားခဲ့သည်။ ' မိုက်ကယ် အိန်ဂျလို ' (ယင်းဝတ္ထုကို စာရေးဆရာမကြီး ဒေါ်ခင်မျိုးချစ်က ဘာသာပြန်ကာ စာပေဗိမာန်မှ ထုတ်ဝေခဲ့ဖူးသည်) မှာ ကမ္ဘာကျော် အီတလီပန်းချီဆရာ၊ ပန်းပုဆရာ၊ ဗိသုကာနှင့် ကဗျာဆရာကြီး၏ ဘဝဖြစ်စဉ်ကို ရေးဖွဲ့ထားသော ဝတ္ထုကြီးဖြစ်၏။ 'မြင်းပေါ်မှ သင်္ဘောသား တစ်ယောက်' မှာ အမေရိကန်စာရေးဆရာ ဂျက်လန်ဒန်၏ ဘဝဇာတ်လမ်းဖြစ်၍ 'ထာဝရမေတ္တာ' မှာ ကျွန်စနစ်ကို တိုက်ခိုက်ခဲ့သော အမေရိကန်သမ္မတ အေဘရာဟင်လင်ကွန်းနှင့် သူ့ဇနီး မေရီတော့ တို့၏ ချစ်ခြင်းမေတ္တာကို ရေးဖွဲ့ထားသော ဝတ္ထုကြီးဖြစ်သည်။ ထို့ကြောင့်လည်း အိုင်ရာဗင်စတုန်းသည် အထွဋ်ပွတ္တိဝတ္ထုရေးဆရာအဖြစ် လူသိများကာ ထင်ရှားကျော်ကြားခဲ့သူဖြစ်၏။

ဤဝတ္ထု ' ရမ္မက်မီး ' နှင့် ပတ်သက်၍ အိုင်ရာဗင်စတုန်းက သူ့အမှာစာတွင် " ကျွန်တော် ဤဝတ္ထုကို ရေးရာ၌ ဗင်းဆင့်ဗင်ဂိုးက သူ့ညီသီအိုထံရေးခဲ့သည့်ပေးစာများကို အဓိကထား၍ အခြေခံပါသည်။ သူ့ပေးစာများမှာ အတွဲသုံးတွဲမျှရှိ၍ ဤဝတ္ထုအတွက် များစွာအထောက်အကူပြုခဲ့ပါသည်" ဟု ဝန်ခံခဲ့သည်။

ထိုမျှသာမကသေး၊ ဤဝတ္ထုရေးနိုင်ရေးအတွက် အိုင်ရာဗင်စတုန်းသည်ဟော်လန်နိုင်ငံ၊ ဘယ်လ်ဂျီယံနိုင်ငံနှင့် ပြင်သစ်နိုင်ငံများသို့ လှည့်လည်သွားလာပြီး ဗင်းဆင့်ဗင်ဂိုး အကြောင်းကို ရနိုင်သမျှလေ့လာစုံစမ်းခဲ့သည်။ ဥရောပတလွှားရှိ ဗင်းဆင့်ဗင်ဂိုး၏ မိတ်ဆွေများ၊ အပေါင်းအသင်းများနှင့် သိကျွမ်းခင်မင်ခဲ့သူများကိုပါ တွေ့ဆုံမေးမြန်းခဲ့သည်။ ဗင်ဂိုး၏ နောက်ဆုံးနေ့များတွင် ဗင်ဂိုးနှင့်တရင်းတနှီးနေထိုင်ခွင့်ရခဲ့သော ဩဇာစ်မှ ဒေါက်တာ ဂါချက်သည် ဤစာအုပ်အတွက် အချက်အလက်များစွာကို ပြောပြနိုင်ခဲ့လေသည်။

အိုင်ရာဗင်စတုန်းက သူ့အမှာစာတွင် စာဖတ်သူအနေနဲ့ ' ဒီဝတ္ထုဟာ ဘယ်လောက် အထိမှန်သလဲ' ဆိုတဲ့ မေးခွန်းကို မေးမိလိမ့်မယ်လို့ ကျွန်တော် ထင်ပါတယ် ဟု ဆိုခဲ့သည်။ ထိုမေးခွန်းနှင့် ပတ်သက်၍ သူက " ဤဝတ္ထု၏ စကားပြောခန်းများတွင် စကားပြောပုံပြောဟန်များကို ကျွန်တော်စိတ်ကူးယဉ်ရပါသည်။ တကယ့်ဝတ္ထုစစ်စစ်အသွင်သို့ ရောက်အောင်ကျွန်တော်များစွာ အပင်ပန်းခံ၍ စဉ်းစားကြံဆခဲ့ရပါသည်။ ဥပမာ - မာယာနှင့် ဆုံသောအခန်း

သည်စာရေးသူ၏စိတ်ကူးနှင့် ဖန်တီးတည်ဆောက်ထားသည့်အခန်းဖြစ်သည်ကို စာဖတ်သူများ ရိပ်မိသိရှိနိုင်လောက်ပါ၏။

ဥပမာ ဆိုကြပါစို့၊ ပါရီမြို့ပေါ်၌ ဗင်ဂိုးနှင့်စေဇန်းတို့ ခဏတဖြုတ် ဆုံမိကြသည့် အခန်းသည်ဘာမှ မကြီးကျယ်သည့်အခန်းဖြစ်သည်။ ယင်းကဲ့သို့ တွေ့ဆုံမှုမျိုးသည် ရှိနိုင်လောက်သည် ဟု ကျွန်တော်စိတ်တွင်တွေးမိကာ ထိုအခန်းကိုရေးဖွဲ့ပြခဲ့သည်။ ယင်းကဲ့သို့သော မဖြစ်စလောက်ဖန်တီးမှုကလေးများမှ တပါး စာအုပ်တစ်အုပ်လုံးတွင် ဖော်ပြထားသမျှကျန်ဖြစ်ရပ်အားလုံးသည် အမှန်တကယ်ဖြစ်ခဲ့သည့် ဖြစ်ရပ်များဟု ကျွန်တော်ရဲရဲဝံ့ဝံ့ အာမခံနိုင်ပါသည်။ စာရေးသူအနေဖြင့် ဝတ္ထုတစ်ပုဒ်ဖြစ်လာအောင် ဖန်တီးရာ၌လိုအပ်သည့် နည်းလမ်းများကို လွတ်လပ်စွာ အသုံးပြုခဲ့သည်မှတပါး အခြားမှန်ကန်သော ဖြစ်ရပ်များကို ပြုပြင်ခြင်း၊ ပြောင်းလဲခြင်း စသည်များ မလုပ်ခဲ့ပါ" ဟု အဖြေပေးထားလေသည်။

ကိုယ်လုပ်ချင်တာ လုပ်သူ

ဗင်းဆင့်ဗင်ဂိုးသည် 'ကိုယ်လုပ်ချင်တာလုပ်သွားသူ' ဖြစ်သည်။ အများအတွက် ကောင်းသောရည်ရွယ်ချက်၊ ကောင်းသော စေတနာ၊ ကောင်းသောမေတ္တာတို့ဖြင့် ကိုယ်လုပ်ချင်တာလုပ်သွားသူ ဟု ဆိုလိုခြင်းဖြစ်ပါသည်။ သူတစ်ဦးတည်းအကျိုးရှိမှုတစ်ခုတည်းကို သာကြည့်၍ အများဒုက္ခရောက်အောင် နစ်နာအောင် အကျိုးပျက်ပြားအောင် ကိုယ်လုပ်ချင်တာလုပ်သွားခြင်းမဟုတ်ပါ။ တကယ်တော့ ကိုယ်လုပ်ချင်တာလုပ်သွားသူများ (ပထမ အမျိုးအစားကို ဆိုလိုပါသည်) ၏ ဘဝသည် အဆင်မပြေတတ်ပါ။ ကြမ်းတမ်းခက်ထရော်ရှိလှပါသည်။ ဆင်းရဲဒုက္ခပေါင်းစုံနှင့် ရင်ဆိုင်ရတတ်ပါသည်။ သို့တစေလည်းသူတို့၏ 'ကိုယ်လုပ်ချင်တာ လုပ်သွားသမျှသည်' လူ့လောကကိုတော့ တစ်နည်းမဟုတ် တစ်နည်းဖြင့် အကျိုးပြုတတ်ပါသည်။

ဗင်းဆင့်ဗင်ဂိုးက သူမသေခင် သူ့အချစ်ဆုံးညီ သီအိုထံသို့ "အစ်ကို့ရဲ့ အနာဂတ်ဘဝဟာ မှောင်မိုက်လာနေတယ်၊ အစ်ကို့ဘဝရဲ့ ရှေ့အလားအလာကို စိတ်ချမ်းမြေ့စွာနဲ့ မျှော်ကြည့်လို့မရတော့ဘူး၊ အစ်ကို့ရဲ့ ဘဝဟာ အမြစ်က

ဆုပ်ကိုင်ပြီး လှုပ်တာကိုခံနေရပြီ၊ အစ်ကိုလှမ်းနေရတဲ့ခြေလှမ်းတွေဟာ မမှန်တော့ဘူး" ဟု ရေးခဲ့သည်။

သူရေးခဲ့သည့်အတိုင်းပင် ဗင်းဆင့်ဗင်ဂိုး၏ ဘဝအဆုံးသတ်ပုံသည် မလှပါ။ သို့သော်လည်း သူ့ပန်းချီကားများကတော့ ယနေ့အချိန်အထိ လှပနေဆဲ ဖြစ်ပါသည်။ ယနေ့အချိန်အထိ လူအများအားအကျိုးပြုနေဆဲ ဖြစ်ပါသည်။ တကယ်တော့ ဤဝတ္ထု ' **ရမ္မက်မီး** ' သို့မဟုတ် " Lust For Life " သည် ပန်းချီဆရာ ဗင်းဆင့်ဗင်ဂိုး၏ မလှပသော ဘဝကို ရသမြောက်စွာရေးဖွဲ့ထားသော ဝတ္ထုကြီး ဖြစ်ပါသည်။

စာဖတ်သူများ ဖတ်ကြည့်စေချင်ပါသည်။ ကိုယ်လုပ်ချင်တာလုပ်သွားခဲ့ပြီးလူ့လောကကို အကျိုးပြုသွားသည့် စစ်မှန်သောအနုပညာရှင် ပန်းချီဆရာတစ်ဦး၏ ဘဝကိုမြင်တွေ့ရ၊ သိရှိနားလည်ကြရပါလိမ့်မည်။

မောင်ထွန်းသူ

၁၉၉၇ ၊ နိုဝင်ဘာ ၁၃။

မာတိကာ

		စာမျက်နှာ
အဖွင့်	လန်ဒန်	- ၁၅
စာအုပ် (၁)	ဘိုရင်းနိတ်	- ၁၁
စာအုပ် (၂)	အက်တင်	- ၁၉၄
စာအုပ် (၃)	ဟော့ဂ်မြို့တော်	- ၂၆၄
စာအုပ် (၄)	နယူးနင်	- ၃၉၄
စာအုပ် (၅)	ပါရီ	- ၄၁၃
စာအုပ် (၆)	အားလ်စ်	- ၅၁၆
စာအုပ် (၇)	စိန့်-ရီမီ	- ၆၃၁
စာအုပ် (၈)	ဩဗားစ်	- ၆၅၀

အဖုင့်

လန်ဒန်

(၁)

"မွန်စီယာ ဗင်ဂိုး၊ အိပ်ရာကထဖို့ အချိန်ကျနေပြီ၊ ထတော့"

အိပ်ရာထဲမှနေ၍ အာဆူလာ၏ အသံကို မျှော်လင့်စောင့်စားကာ နားစွင့်နေသော ဗင်းဆင့်ဗင်ဂိုးသည် ချက်ခြင်းပြန်၍ အဖြေပေးသည်။

"ကိုယ်နိုးနေပြီ၊ *မဒမ်မွိုင်ဇယ်အာဆူလာ"

"မဟုတ်ပါဘူး၊ ရှင်မညာပါနဲ့" ဟု ပြောကာ မိန်းမပျိုက ရယ်သည်။

"ရှင် မနိုးသေးပါဘူး၊ အခုမှ နိုးတာပါနော်"

လေကားမှဆင်းကာ မီးဖိုခန်းထဲသို့ ဝင်သွားသည့် မိန်းမပျိုး၏ လှုပ်ရှားသံများကို သူကြားနေရ၏။ ဗင်းဆင့်သည် သူ့လက်များကို သူ့ကျောအောက်သို့ ထိုးသွင်းလိုက်ပြီး တံတောင်နှစ်ဖက်နှင့် ထောက်၍ အားယူကာ

---

* - Mademoiselle ပြင်သစ်စကား၊ (အင်္ဂလိပ်စကား Miss နှင့် အဓိပ္ပာယ်တူသည်)

အိပ်ရာပေါ်မှ ခုန်ဆင်းလိုက်သည်။ သူ့ရင်အုပ်နှင့် သူ့ပခုံးများသည် ကြီးမားပြီး တောင့်တင်းလှ၏။ သူ့လက်မောင်းများသည် တုတ်တုတ်ခိုင်ခိုင်နှင့် အားကောင်း မောင်းသန်ရှိခဲ့သည်။ သူသည် အဝတ်များကို ကပျာကယာ ယူဝတ်ကာ ရေခဲရားထဲမှ ရေကို ဖလားတစ်လုံးထဲလောင်းထည့်သည်။ သူ့သင်တုန်းဓားကို သားရေပြားပေါ်တွင် လေးငါးချက်မျှ 'ခတ်' လိုက်သည်။

ဗင်းဆင့်သည် နေ့စဉ် မုတ်ဆိတ်ရိတ်သည့် အလုပ်တွင် သာယာသူ ဖြစ်၏။ သူသည် သင်တုန်းဓားဖြင့် ပါးနှစ်ဖက်ပေါ်မှ ပါးသိုင်းမွေးများကို ပထမဆုံး ရိတ်ချလိုက်သည်။ ပြီးတော့မှ နှုတ်ခမ်းမွေးများကို ဘယ်တစ်ခြမ်း ညာတစ်ခြမ်း ခွဲ၍ ရိတ်သည်။ ထို့နောက် မေးစေ့မှ မုတ်ဆိတ်မွေးများကို ပြောင်စင်သွားအောင် ရိတ်လေသည်။

မုတ်ဆိတ်ရိတ်အပြီးတွင် သူသည် နှူးညံ့ပါးလွှာသော အဝတ်စလေး တစ်စပေါ်၌ တင်ထားသည့် ဘရာဘင်တိုင်မြက်နှင့် ဝက်သစ်ချရွက်များ စုစည်းပြီး ပြုလုပ်ထားသော ပန်းခွေကလေးကို ငုံ့၍ နမ်းလိုက်သည်။ ထိုပန်းခွေ သည် သူ့ညီ 'သီအို'က ဇွန်ဒတ်မြို့အနီးရှိ ကုန်းတန်းလေးတစ်ခုပေါ်မှ ယူပြီး သူ့အတွက် ပန်းခွေလုပ်ကာ လန်ဒန်သို့ တကူးတကနှံ့ပေးပို့ထားခဲ့သော ပန်းခွေ ဖြစ်၏။ သူ့နှာခေါင်းသည် ဤပန်းခွေမှနေ၍ ဟော်လန်နိုင်ငံ၏ အနံ့အသက်ကို ရှူရှိုက်လိုက်ရပြီဖြစ်သဖြင့် ထိုနေ့အတွက် အားအင်သစ်တစ်ခု ဝင်ရောက်လာ သည့်နှယ် ခံစားလိုက်ရလေသည်။

"မွန်စီယာ ဗင်ဂိုး" ဟူသော အာဆူလာ၏ ခေါ်သံနှင့်အတူ တံခါး ခေါက်သံကြားရသည်။ "ရှင့်အတွက် စာပို့သမားက စာတစ်စောင် ပေးသွားတယ်"

စာအိတ်ပေါ်မှ လက်ရေးကို သူကောင်းစွာမှတ်မိသည်။ သူ့အမေ၏ လက်ရေး၊ သူသည် စာအိတ်ကို ဖောက်ကာ အထဲမှ စာကိုဖြန့်လိုက်သည်။ "ချစ်သောသား ဗင်းဆင့်. . . "

သူ့မျက်နှာသည် အေးစိမ့်လာသည်။ သူသည် စာကို ဘောင်းဘီ အိတ်ထဲထိုးထည့်လိုက်သည်။ သူ၏ အလုပ်ခွင်ဖြစ်သော ဂေါပစ်လ် ပန်းချီ အရောင်းဆိုင်သို့သွားကာ အနားယူချိန်ကျမှ ဖတ်တော့မည်ဟုစိတ်ကူးသည်။ သူသည် ရှည်လျားထူထဲပြီး နီဝါရောင်သန်းနေသည့် ဆံပင်ကို ကပြာကသီဖီးသည်။ ကော်တောင့်တောင့် ရှပ်အင်္ကျီတစ်ထည်ကို ထုတ်ဝတ်ကာ အနက်ရောင် နက်တိုင် ကို သပ်သပ်ယပ်ယပ်စီး၍ မနက်စာစားရန်နှင့် အာဆူလာ၏ အပြုံးကို ကြည့်ရန် အောက်ထပ်သို့ ဆင်းလာခဲ့လေသည်။

အာဆူလာလို့ငါယာတို့သားအမိရောက်နှင့်ကုန်ကြပြီ။ မုဆိုးမတစ်ဦးဖြစ်သော မိခင်သည် သူမ၏ခင်ပွန်းသည် နယ်မြေလက်ထောက် သင်းအုပ်ဆရာ ဆုံးပါးသွားပြီးကတည်းက အိမ်နောက်ဖက် ပန်းဥယျာဉ်ထဲရှိ အိမ်ငယ်ကလေးကို ယောကျ်ားကလေးများအတွက် ကင်ဒါဂါးတင်းခေါ် သူငယ်တန်းကျောင်းလေးတစ်ကျောင်းဖွင့်ထားခဲ့သည်။ အာဆူလာမှာ အသက် ဆယ့်ကိုးနှစ်မျှသာရှိသေးသည်။ မျက်လုံးပြူးပြူး၊ မျက်နှာဝိုင်းဝိုင်းနှင့်အစဉ်အမြဲ ချိုပြုံးနေသော မျက်နှာပိုင်ရှင်မကလေးဖြစ်၏။ ကိုယ်လုံးကိုယ်ထည် သေးသွယ်သွယ်နှင့် အမြဲတစေ ပြုံးရွှင်ရယ်မောနေတတ်သော မိန်းကလေးဖြစ်သဖြင့် ချစ်စရာကောင်းလှသည်။

အာဆူလာ၏ လှုပ်ရှားမှုများသည် လျှင်မြန်သည်။ ဖြတ်လတ်သည်။ သွက်လက်သည်။ မြူးမြူးကြွကြွရှိသည်။ စကားကိုလည်း တတွတ်တွတ်ပြောတတ်သည်။ ဗင်းဆင့်အဖို့တော့ နံနက်စာကို စားသောက်ရင်း အာဆူလာ၏ လှုပ်ရှားမှုများကိုကြည့်၍ တွတ်တီးတွတ်တာ ပြောနေသံများကို နားထောင်နေရသည်မှာ စိတ်ချမ်းသာလှပါဘိသည်။

ဗင်းဆင့်ဗင်ဂိုး၏အသက်သည် နှစ်ဆယ့်တစ်နှစ်။ ပထမဆုံးအကြိမ် မိန်းကလေးတစ်ယောက်အပေါ် မေတ္တာသက်ဝင် ချစ်ခင်မိခြင်းဖြစ်၏။ ဘဝတံခါးသည်သူ့ရှေ့တွင် 'ပွင့်'နေပြီ။ အကယ်၍သာ သူ၏ အနာဂတ်ဘဝခရီးတွင် အခုလို အာဆူလာနှင့် မျက်နှာချင်းဆိုင်ထိုင်၍ နံနက်တိုင်း နံနက်စာ စားသွားနိုင်မည်ဆိုပါက သူ့ကိုယ်သူ ကံအကောင်းဆုံး လူတစ်ယောက်ဟု သတ်မှတ်ရပေလိမ့်မည်။

အာဆူလာသည် ပါးပါးလွှာလွှာလေးတွေလှီး၍ ကြော်ထားသော ဝက်ပေါင်ခြောက်များ၊ ကြက်ဥပြုတ်တစ်လုံးနှင့် ခပ်ခါးခါးဖျော်ထားသော ဘလက်ကော်ဖီတစ်ခွက်တို့ကို ယူလာပြီး ဗင်းဆင့်ရှေ့၌ ချပေးကာ သူနှင့် မျက်နှာချင်းဆိုင် ကုလားထိုင်တွင် ဝင်ထိုင်သည်။ နောက်တွင် ထုံးထားသည့် ဆံပင်များကို လက်တစ်ဖက်နှင့် သပ်လိုက်သည်။ ထို့နောက် သူ့အား တစ်ချက်မျှ ပြုံးကြည့်ပြီး ဆားပုလင်း၊ငြုပ်ကောင်းမှုန့်ပုလင်း၊ ထောပတ်ခွက်နှင့် ပေါင်မုန့်မီးကင်များကို တစ်ခုချင်းစီ ချပေးသည်။

"မီညောန်နက်တီ ပန်းကလေးတွေ ပွင့်နေပြီ" ဟု အာဆူလာက ပြောသည်။ "ရှင့်ပန်းချီပြခန်းကို မသွားခင်ကြည့်သွားမလား"

"ကြည့်မှာပေါ့" ဟု သူကပြန်ပြောသည်။ "ဟို. . ဟို. . မင်းကိုယ်တိုင်

လိုက်ပြမယ်မဟုတ်လား"

"ဘယ်လောက်များ အူကြောင်ကြောင်နိုင်တဲ့ လူပါလိမ့်"ဟု အာဆူလာက တွေးသည်။ "ဒီပန်းကို သူကိုယ်တိုင်ပဲ စိုက်ခဲ့တာ၊ အခုကျတော့ ဘယ်နေရာမှာရှိမှန်းမသိတော့ဘူး"

အာဆူလာသည် ပြောစရာရှိလာလျှင် ပွင့်ပွင့်လင်းလင်းနှင့် ဒိုးဒိုးဒေါက်ဒေါက် ပြောတတ်သည်။ အနားတွင် ဘယ်သူဘယ်ဝါတွေရှိသည်ဟုလည်း ဂရုစိုက်လေ့မရှိ။ အခုလည်း သူမ၏စိတ်ထဲတွင် ရှိသမျှကို ပြောချလိုက်သည်။

ဗင်းဆင့်သည် တံတွေးကို မျိုချလိုက်သည်။ သူ့အမူအရာသည် သူ့ခန္ဓာကိုယ်ကဲ့သို့ပင် နှေးကွေးလေးလံလှ၏။ သူသည် အာဆူလာအား ပြန်ပြောရမည့် စကားကိုရှာမရ။ သူတို့သည် ခြံဝင်းထဲသို့ ဆင်းလာခဲ့ကြသည်။ ဧပြီလ၏ အေးမြသော နံနက်ခင်းတစ်ခုဖြစ်သော်လည်း ပန်းသီးပင်များသည် စောစောစီးစီး ပွင့်ဖူးနေကြလေပြီ။

သူတို့သည် အိမ်နှင့်ကလေးကျောင်းကို ခြားထားသည့် ပန်းဥယျာဉ်ထဲသို့ ရောက်လာကြသည်။ လွန်ခဲ့သော ရက်အနည်းငယ်အတွင်းကပင် ဗင်းဆင့်သည် ပန်းပင်တစ်ချို့စိုက်ခဲ့၏။ မီညောန်နက်တီပန်းပင်ကိုလည်း ထိုရက်များအတွင်းကပင် သူစိုက်ထားခဲ့ခြင်းဖြစ်၏။ ဗင်းဆင့်နှင့် အာဆူလာ သည် ပန်းပင်ကို အလယ်၌ထားကာ မျက်နှာချင်းဆိုင်၍ ငုံကြည့်နေကြခြင်း ဖြစ်ရာ ခေါင်းချင်းထိနေကြသည်။ အာဆူလာ၏ဆံပင်မှ ရေမွှေးနံ့သည် တစ်သင်းသင်းပျံ့နေသည်။

"မဒမ်မွိုင်ဇယ် အာဆူလာ" ဟု သူကခေါ်သည်။

"ရှင်"

အာဆူလာ၏ခေါင်းသည် နောက်သို့ ဆုတ်သွားသည်။ သူ့အား ပြုံး၍ ကြည့်နေသော မျက်နှာသည် ဘာပြောမလို့လဲဟု မေးနေသည့်နှယ်ရှိ၏။

"ကိုယ်..၊ ကိုယ်..ကိုယ်..၊ ဟို.. ဒင်း .. ဟိုဟာ ..လေ"

"အမယ်လေး... ဘာပြောမှာမို့ ဒီလောက်ကြီး အထစ်ထစ်အငေါ့ငေါ့ ဖြစ်နေရတာလဲ" ဟု အာဆူလာက ပြောကာ ထိုင်ရာမှ ခုန်ထလိုက် သည်။ သူသည် ကင်ဒါဂါးတင်း ကျောင်းတံခါးဆီသို့ သွားနေသော အာဆူလာ၏ နောက်မှ လိုက်သွားသည်။ "ကျွန်မရဲ့ကျောင်းသားတွေ ရောက်လာကြတော့မယ်" ဟု အာဆူလာက ပြောသည်။ "ရှင် ပြခန်းကိုသွားတာ နောက်ကျနေအုံးမယ်။ သွားတော့"

"အခ်ိန်ရပါသေးတယ်။ စထရင်းကို လေးဆယ့်ငါးမိနစ်နဲ့ ဒလျှာက်သွားလို့ ရနေတာပဲ"

အာဆူလာ အနေဖြင့် ပြောစရာစကားရှာမရတော့၊ သူမသည် ပြေကျသွားသော ဆံပင်ကို လက်နှစ်ဖက်ဖြင့် ပြန်ထုံးသည်။ သူမ၏ သေးသွယ်သော ကိုယ်ကာယအလှသည် ထင်းကနဲ ပေါ်လာသည်။

"ဘရာဘန့်ရဲ့ ပန်းချီကားတွေပြီးရင် ကင်ဒါဂါးတင်းကျောင်းဒတွက် ပေးမယ်လို့ ရှင်ကတိပေးထားတယ် မဟုတ်လား" ဟု အာဆူလာက မေးသည်။

"ဟုတ်တယ်၊ ဆီဇာဒီကော့ခ်ရဲ့ ပုံကြမ်းတွေထဲက ပုံတူတစ်ပုံကို ကိုယ်ပါရီကို ပို့လိုက်ပြီ၊ သူက မင့်အတွက် အမှတ်တရ စာတမ်းလေးထိုးပေးလိမ့်မယ်"

"အို ..... စိတ်ချမ်းသာစရာကောင်းလိုက်တာ" ဟု အာဆူလာက လက်ခုပ်လက်ဝါးတီးပြီး ဝမ်းသာအားရ ရေရွတ်သည်။ "တစ်ခါတလေ ကျရင်လေ၊ တစ်ခါတလေကျမှ ပြောတာနော်။ မွန်စီယာဗင်ဂိုးဟာ သိပ်ကို ခင်စရာကောင်းတာပဲ"

အာဆူလာက လှိုက်လှိုက်လှဲလှဲပြုံး၍ ဗင်းဆင့်ဗင်ဂိုးအားကြည့်သည်။ ထို့နောက် ချာကနဲလှည့်ကာ ထွက်သွားတော့မည့် ဟန်ပြင်သည်။ ဗင်ဂိုးက သူမ၏လက်ကို ဖြတ်ကနဲ လှမ်းဆွဲထားသည်။ "ကိုယ် အိပ်ရာထဲရောက်တဲ့အခါမှာ မင့်အတွက် နာမည်တစ်ခု စဉ်းစားမိတယ်" ဟုပြောသည်။ "ကိုယ် မင့်ကို အယ်လ်အန်ဂျီ အော့စ်ပေါ့ပွန် လို့ ခေါ်တော့မယ်"

အာဆူလာက အားပါးတရရယ်သည်။ **"အယ်လ်အန်ဂျီ အော့စ်ပေါ့ပွန်တဲ့လား"** ဟုပြောသည်။ "အာဆူလာကတော့ ဒီအကြောင်းအမေ့ကို ပြောပြရဦးမယ်"

သူမသည် ဗင်ဂိုး၏လက်ထဲမှ သူမ၏လက်ကို ဆတ်ကနဲ ရုန်းထွက်ပြီး ပန်းဥယျာဉ်ကို ဖြတ်၍ပြေးကာ အိမ်ထဲသို့ ဝင်သွားလေသည်။

(၂)

ဗင်းဆင့်ဗင်ဂိုးသည် ဦးထုပ်ကို ယူ၍ဆောင်းသည်။ လက်အိတ်များကို ယူပြီး ကလက်ဟင်လမ်းပေါ်သို့ ထွက်လာခဲ့သည်။ လန်ဒန်မြို့လယ်နှင့် အလှမ်း

ဝေးသော ဤနေရာတွင် အိမ်များသည် ခပ်ကျဲကျဲ။ အိမ်တိုင်းရှိ ပန်းခြံများ အတွင်းမှ နှင်းဆီပန်းများ၊ ငုပန်းများနှင့် နီလာပန်းများသည် အပြိုင်အဆိုင် အနှိုင်လုကာ ပွင့်ဖူးနေကြလေပြီ။

အချိန်က ရှစ်နာရီဆယ့်ငါးမိနစ်ခန့် ရှိပြီ။ သူသည် ဂေါပစ်လ် ပန်းခြံ ပြခန်းသို့ ကိုးနာရီမထိုးမီ ရောက်ဖို့မလိုပေ။ သူသည် အလွန်လမ်းလျှောက်နိုင်သူ ဖြစ်သည့်အားလျော်စွာ ခပ်သွက်သွက်လျှောက်လာခဲ့သည်။ အိမ်ချင်း ထိလုနီးပါး ဖြစ်သော ရပ်ကွက်များဆီသို့ ရောက်လာသည့်အခါ အလုပ်ခွင်များဆီသို့ သွား နေကြသည့် လူများနှင့် ဆုံမိသည်။ ဤလူများသည် သူနှင့် နေ့စဉ်တွေ့နေကျ လူများဖြစ်သည်။ ဤလူများနှင့်တွေ့လျှင် သူသည် တရင်းတနှီး တလေးတစား ဆက်ဆံလေ့ရှိ၏။ သူတို့ကလည်း သူ့အား ဖော်ရွေစွာပင် ပြန်လည်ဆက်ဆံ ကြသည်။

သူသည် သိမ်းမြစ်၏ ရေကာတာပေါ်အတိုင်း လျှောက်လာခဲ့ပြီး ဝက်စ်မင်စတာ တံတားပေါ်မှဖြတ်ကာ ဝက်စ်မင်စတာ ကျောင်းတော်ကြီးနှင့် ပါလီမန်လွှတ်တော်ကို ကျော်ဖြတ်လာခဲ့သည်။ ထို့နောက် အမှတ် ၁၇၊ ဆောက်သင်ပတန်ရပ်ကွက် စထရင်းကိုကျော်ဖြတ်ကာ ဂေါပစ်လ်နှင့် ကုမ္ပဏီပိုင် ပန်းခြံကားများ ရောင်းဝယ်ရေးနှင့် ပုံနှိပ်ဖြန့်ချိရေးပြခန်းသို့ ရောက်လာခဲ့လေ၏။

သူသည် ဆိုင်ရှေ့ခန်းမထဲမှ ဖြတ်လျှောက်ခဲ့သည်။ ငါးလိုလို နဂါးလိုလို သတ္တဝါကြီး တစ်ကောင်အား တိုက်ခိုက်နေသည့် လူငယ်တစ်ဦးပုံပါသော ပန်းခြံကား တစ်ချပ်ကို လှမ်းမြင်သည်။ ပန်းခြံကားကိုပေးထားသည့် နာမည်မှာ **မာရ်နတ်အား သတ်ဖြတ်သုတ်သင်နေသည့် နတ်လုလင် မိုက်ကယ်**။

"ပုံနှိပ်စားပွဲပေါ်မှာ ခင်ဗျားအတွက် အထုပ်တစ်ထုပ်ရောက်နေတယ်" ဟု အရောင်းစာရေးတစ်ယောက်က သူ့အားလှမ်းပြောသည်။

ဆိုင်၏ရှေ့ဖက်မျက်နှာစာခန်းမတွင် 'မစ်လက်စ်၊ ဘော်တန်နှင့် တာနာ' တို့၏လက်ရာ ပန်းခြံကားချပ်များကို ချိတ်ဆွဲပြသထားသည်။ ဒုတိယ အခန်းတွင်မူ ပုံထွင်းပန်းခြံများနှင့် ပုံနှိပ်ပန်းခြံကားများကိုသာ ပြသထားသည်။ တတိယအခန်းသည် အခြားနှစ်ခန်းထက်ပို၍ စီးပွားရေးလုပ်ငန်းဆန်သော အခန်းဖြစ်၍ ထိုအခန်းထဲမှ ပန်းခြံကားအများစုသည် အရောင်းရတွင်ကျယ်သည်။ အရောင်းအဝယ်လုပ်ငန်းသည် ဤအခန်းထဲတွင် အများဆုံးဖြစ်သည်။ ဗင်းဆင့်သည် ယမန်နေ့ ညနေခင်းက သူ့ထံမှ မိန်းမတစ်ယောက် ပန်းခြံကား ဝယ်ယူသွားပုံကို သတိရကာ အသံထွက်အောင်ပင် ရယ်လိုက်မိသည်။

"ဒီပုံကို ကျွန်မတော့ အရသာခံလို့မရဘူး ဟာရီ" ဟု ထိုမိန်းမက သူ့ယောကျ်ားအား လှမ်းပြောသည်။ "ရှင်ကော ဘယ်လို သဘောရ သလဲ၊ ပုံထဲမှာဆွဲထားတဲ့ခွေးက ပြီးခဲ့တဲ့နှစ် နွေရာသီတုန်းက ဘရိုက်တန်မှာ ကျွန်မကို ကိုက်ခဲ့တဲ့ ခွေးနဲ့လဲမတူဘူး"

"သူငယ်ချင်း ကြားလိုက်တယ် မဟုတ်လား" ဟု ဟာရီဆိုသူက သူ့အား လှမ်းပြောသည်။ "ဒီပုံအတိုင်းဆိုရင် ကျုပ်တို့မှာ ခွေးတစ်ကောင်မွေးရတော့မလား မသိဘူး။ ပန်းချီဆရာတွေဟာ အများအားဖြင့် မိန်းမတွေကို ခေါင်းနောက်အောင် လုပ်ကြတာများတယ်"

အမှန်တော့ ဗင်းဆင့်သည် သူရောင်းနေရသော ပန်းချီကားချပ်များ ညံ့ဖျင်းကြောင်းနှင့် အဆင့်အတန်းနိမ့်ကြောင်းကို သိနေသည်။ ဤဆိုင်သို့လာ၍ ပန်းချီကားများကို ဝယ်ယူနေကြသည့်လူများစုသည် သူတို့ ဘယ်လိုအမျိုးအစား ပန်းချီကားချပ်များကို ဝယ်ယူနေမှန်းလည်း မသိကြပေ။ သူတို့သည် အပေါစား ပန်းချီကားကို ငွေအများကြီးပေး၍ ဝယ်ယူနေကြခြင်းဖြစ်၏။ သူလုပ်နေရသော လုပ်ငန်းသည် ဘယ်လိုလုပ်ငန်းပါလိမ့် . . . . . ။ မည်သို့ပင်ဖြစ်စေ သူလုပ်ရမည့် တာဝန်သည် အရောင်းခန်းထဲမှ ပန်းချီကားများကို အများအပြားရောင်း နိုင်ဖို့သာ ဖြစ်သဖြင့် သူနှင့်မဆိုင်သော ကိစ္စများကို စဉ်းစားနေ၍မဖြစ် ။

သူသည် ပါရီမြို့ရှိ ဂေါပစ်လ်ပန်းချီအရောင်းဆိုင်မှ ပေးပို့လိုက်သော အထုပ်ကိုဖြည်သည်။ အတွင်းမှ 'ဗင်းဆင့်နှင့် အာဆူလာ လွိုင်ယာသို့' ဟု စာတမ်းထိုးထားသည့် ပန်းချီကားထွက်ပေါ်လာသည်။ ဆီဇာဒီကော့ခ်က ပေးပို့လိုက်သော ပစ္စည်းပေတည်း။

"ကနေ့ည ဒီပစ္စည်းကိုပေးတဲ့ အချိန်ကျရင် အာဆူလာကို ငါပြောတော့မယ်"ဟု ခပ်တိုးတိုးရေရွတ်သည်။ "ငါ အသက်နှစ်ဆယ့်နှစ်နှစ် ထဲဝင်ဖို့ ရက်ပိုင်းပဲလိုတော့တယ်။ ပြီးတော့ ငါဝင်ငွေဟာ တစ်လကို ငါးပေါင်ရနေပြီ၊ နောက်ထပ်အချိန်တွေ အကုန်ခံပြီးစောင့်နေဖို့ မလိုတော့ဘူး"

ဂေါပစ်လ်ပန်းချီအရောင်းဆိုင်၏ နောက်ဖက်အခန်းထဲတွင်အချိန်သည်လျင်မြန်စွာ ကုန်လျက်ရှိ၏။ ဗင်းဆင့်သည် မတ်ဆီဂေါပစ်လ်အင် ကုမ္ပဏီအတွက် တစ်နေ့လျှင်ပျမ်းမျှ ပန်းချီကားပေါင်း ငါးဆယ်ကို ရောင်းချပေးနိုင်သော အခြေအနေရှိနေသည်ဖြစ်ရာ သူ့တာဝန်ကျေသည်ဟု ဆိုရမည် ဖြစ်သည်။

သူ့အနေဖြင့် သူရောင်းချပေးနေရသော ပန်းချီကားများအတွက် ဘဝင်ကတော့မကျပေ။ အမှန်အတိုင်းဝန်ခံရမည်ဆိုပါက သူသည် ဆီဆေး

ပန်းချီကားများနှင့် ပုံထွင်းပန်းချီကားများ ရောင်းရခြင်းကို ပို၍နှစ်သက်သည်။ သို့သော်လည်း ဘယ်လိုပန်းချီကားတွေကိုပဲ ရောင်းရစေကာမူ သူ့ကြောင့် ဆိုင်တွင် ဝင်ငွေများများရနေခြင်းကိုတော့ သဘောကျသည်။ ဝမ်းလည်း သာသည်။ သူသည် သူ၏လုပ်ဖော်ကိုင်ဖက် အရောင်းစာရေးများကို ခင်သည်။ သူတို့ကလည်း သူ့အားခင်ကြသည်။ သူတို့လူစုသည် အချိန်ရတိုင်း ဥရောပတိုက်ဖက်မှ စိတ်ဝင်စားစရာ အကြောင်းများကို မကြာခဏ ဆွေးနွေးဝေဖန် ငြင်းခုံခြင်း ပြုတတ်ကြသည်မဟုတ်ပါလား။

လူငယ်တစ်ယောက်အနေဖြင့် ကြည့်လျှင် ဗင်းဆင့်သည် ဖော်ဖော်ရွေရွေမရှိလှ။ နှုတ်စလျှာစ နည်းသူဖြစ်၏။ အပေါင်းအဖော် ရှောင်တတ်သူ ဖြစ်သည်။ လူအများက သူ့အား လူထူးလူဆန်း ခပ်ကြောင်ကြောင် လူတစ်ယောက် အဖြစ်မြင်ကြသည်။

သို့သော်လည်း သူ၏ပင်ကိုယ်စိတ်နေသဘောထားကို အာဆူလာက ပြောင်းလဲပစ်ခဲ့၏။ သူ့အား ပတ်ဝန်းကျင်နှင့် ဝင်ဆန့်လိုစိတ်ရှိလာအောင် ပြုပြင်ပေးခဲ့သည်။ သူ့ကိုယ်သူသာလျှင် စိတ်ဝင်စားနေသော ဘဝမှ ပတ်ဝန်းကျင်ရှိ နေ့စဉ်ဘဝများ၏ ကောင်းကွက်များအပေါ် အာရုံစူးစိုက်လာအောင် ပြုလုပ်ပေးခဲ့လေသည်။

ညနေခြောက်နာရီတွင် ဆိုင်ပိတ်ပြီဖြစ်ရာ ဗင်းဆင့်သည် အလုပ်ခွင်မှ ထွက်လာခဲ့သည်။ သူ့အား မစ္စတာအိုဘားက ဆီး၍တားသည်။ "မင့် ဦးလေး ဗင်းဆင့် ဗင်ဂိုးဆီက မင့် အကြောင်းစုံစမ်းတဲ့ စာတစ်စောင် ငါ့ဆီရောက်လာတယ်" ဟုပြောသည်။ "မင့် အခြေအနေဘယ်လိုရှိသလဲဆိုတာကို သူသိချင်နေတယ်၊ ငါကလည်း မင်းဟာဆိုင်မှာ အကောင်းဆုံး အရောင်းစာရေးတစ်ယောက်ဖြစ်နေပြီလို့ စာပြန်လိုက်တယ်"

"အခုလို စကားမျိုးပြောပြတဲ့အတွက် ကျေးဇူးသိပ်တင်ပါတယ် ခင်ဗျာ"

"ရပါတယ်ကွာ၊ ဒီနှစ်နွေ အပန်းဖြေခရီးထွက်ပြီးရင်တော့ မင့်ကို နောက်ဖက်အခန်းကနေပြီး ပုံထွင်းနဲ့ ပုံနှိပ်ပန်းချီကားတွေ ရောင်းတဲ့ အခန်းကို ပြောင်းပေးချင်တယ်"

"ကျွန်တော့်အတွက်တော့ သိပ်ကို ဝမ်းသာစရာကောင်းတဲ့ သတင်းပါခင်ဗျာ၊ ဘာ့ကြောင့်လဲဆိုတော့ ကျွန်.. ကျွန်တော်.. အိမ်ထောင်ပြုတော့မှာမို့ပါ"

"ဟာ... ဟုတ်လား။ သတင်းထူးတစ်ခုပါလားကွယ့်၊ နေပါဦး၊

ဘယ်တော့ လောက်ဖြစ်မယ်လို့ မှန်းထားသလဲ”

“ဒီနွေလောက်မှာ လက်ထပ်ဖြစ်မယ်လို့ထင်ပါတယ် ခင်ဗျား”

တကယ်တော့ သူသည် လက်ထပ်မည့် အချိန်ကာလကို ကြိုတင်၍ တွေးတောထားသည်မဟုတ်၊ မေးသူရှိလာ၍သာ စိတ်ထဲပေါ်လာသည့်အတိုင်း ပြောချလိုက်ခြင်းဖြစ်သည်။

“အေး. . . အေး. . . ကောင်းပါလေ့ကွယ်၊ ဒီနှစ် အစမှာပဲ မင်းရဲ့ လစာကလည်း တိုးလာမှာဆိုတော့ ဟန်ကျသွားတာပေါ့၊ ဒါပေမယ့် မင်း မင်္ဂလာဦးခရီးက ပြန်လာရင်တော့ ငါတို့ နောက်တစ်ခု တိုးတက်မှုအတွက် စီစဉ် ပေးနိုင်လိမ့်ဦးမယ်လို့ ငါထင်ပါတယ်”

(၃)

“ကိုယ် မင့်အတွက် ပန်းချီကားရလာပြီ အာဆူလာ” ဟု ညစာစားအပြီး ကုလားထိုင်ကို တွန်းဖယ်၍ အထတွင် ဗင်းဆင့်က ပြောသည်။

“ပန်းချီဆရာက အာဆူလာအတွက် စာသားကောင်းကောင်းလေး ကော ရေးပေးလိုက်လား” ဟု ရည်ရောင်ဝတ်စုံဖြင့် ရိုးရိုးယဉ်ယဉ်ကလေး ဝတ်ဆင်ထားသည့် အာဆူလာက ပြန်မေးသည်။

“ရေးပေးထားတယ်၊ တကယ်လို့ မှန်အိမ်တစ်လုံးယူလာခဲ့မယ် ဆိုရင် ပန်းချီကားကို ကျောင်းထဲမှာ ကိုယ်ချိတ်ပေးမယ်”

အာဆူလာသည် နှုတ်ခမ်းကို ကိုက်ကာ ဗင်းဆင့်အား ဘေးတိုက် ငဲ့ကြည့်သည်။ “အာဆူလာ အမေ့ကို ကူလုပ်ပေးစရာလေးတွေရှိသေးတယ်။ အဲဒါ ပြီးမှ လာခဲ့မယ်။ နောက်နာရီဝက်လောက်ကြာမှလာရင် ရမယ်မဟုတ်လား”

ဗင်းဆင့်က ခေါင်းညိတ်သည်။ သူသည် သူ့အခန်းထဲရောက်သည်နှင့် တပြိုင်နက် မှန်ရှေ့၌ တံတောင်နှစ်ဖက်ထောက်ကာ မှန်ထဲမှ သူ့မျက်နှာကို အသေအချာ ကြည့်နေမိသည်။

• သူသည် သူ့ရုပ်ရည်နှင့် ပတ်သက်၍ အလေးအနက်ထားပြီး တွေးတောလေ့မရှိ။ သူ့နိုင်ငံ ဟော်လန်တွင် ဤကိစ္စသည် ရှေ့တန်းတင်ရလောက် အောင်အရေးပါ အရာရောက်သည်မဟုတ်။ သို့သော်လည်း ယခုအခါတွင်မူ သူသည် သူ့မျက်နှာကို အင်္ဂလိပ်မျက်နှာနှင့် နှိုင်းယှဉ်ကြည့်နေမိ၏။ ထိုအခါ

သူ့မျက်နှာနှင့် ဦးခေါင်းသည် အဆမတန်ကြီးမားနေသည်ကို သတိထားမိသည်။ သူ့မျက်လုံးများသည် အတွင်းသို့ ချိုင့်ဝင်နေကြသည်။ သူ့နှာခေါင်းသည် ကြီးရသည့်အထဲ နှာတံက ခပ်ကောက်ကောက်၊ နဖူးပြင်သည်မောက်နေရုံမျှမက ကျယ်ဝန်းလှ၏။ မေးရိုးသည် လေးထောင့်၊ လည်ပင်းသည် ပုတိုတို၊ တုတ်ခိုင်ခိုင်၊ နဖူးက ကျယ်လွန်းသဖြင့် ထူထဲသော မျက်ခုံးများနှင့် နဖူးထောင့်များသည် အလှမ်းဝေးလွန်းလှချေသည်။ ထုထည်ကြီးမားလှသော မေးစေ့သည် ဒတ်ချ်လူမျိုး တစ်ယောက် ပီသကြောင်း အပီအပြင် ဖော်ပြလျက်ရှိသည်။

သူသည် မှန်ရှေ့မှ ခွာခဲ့ပြီး အိပ်ရာအစွန်းဌိုထိုင်သည်။ သူသည် အလွန်စည်းကမ်းကြီးပြီး တင်းတင်းကြပ်ကြပ် လိုက်နာနေထိုင်ရသော နေအိမ်၌ ကြီးပြင်းလာခဲ့ရသူဖြစ်၏။ သူ့ဘဝတွင် ယခင်က မေတ္တာသက်ဝင်ချစ်ခင်ခဲ့ဖူးသည့် မိန်းကလေးဟူ၍ တစ်ဦးမှ မရှိခဲ့။ ချစ်ဖို့မဆိုထားနှင့် ဘယ်မိန်းကလေးကိုမှ စေ့စေ့စပ်စပ်ကြည့်ခဲ့ဖူးသည်မဟုတ်၊ ဆန့်ကျင်ဖက်လိင်နှင့်ပတ်သက်၍ အပျော်အပါးအဖြစ်လိုက်စားခြင်းပင်မရှိခဲ့၊ အခု သူအာဆူလာအပေါ် ချစ်ခင်မိခြင်းမှာ ကာမရာဂစိတ်နှင့်လည်းမဟုတ်၊ ဆန့်ကျင်ဖက်လိင်အပေါ် ပြင်းပြထက်သန်လွန်းသော တပ်မက်တွယ်တာစိတ်နှင့်လည်းမဟုတ်၊ တစ်ကယ်တော့ သူသည် လူငယ်မျှသာဖြစ်၏။ ပြီးတော့ အလွန်စိတ်ကူးယဉ်တတ်သူဖြစ်၏။ ယင်းအပေါ် အခြေခံ၍ သူသည် ပထမဆုံးအကြိမ် အာဆူလာအပေါ်၌ ချစ်စိတ်ဝင်ခဲ့ခြင်းဖြစ်လေသည်။ သူသည် လက်ပတ်နာရီကို ကြည့်သည်။ ငါးမိနစ်မျှ ကုန်သွားခဲ့ပြီ။ နောက်ထပ် နှစ်ဆယ့်ငါးမိနစ်ကြာမျှ စောင့်ရလိမ့်ဦးမည်ဖြစ်၏။ သူ့အိတ်ကပ်ထဲရှိ သူ့ညီ သီအိုထံမှစာကို ထုတ်ယူလိုက်ပြီး နောက်တစ်ခေါက် ထပ်ဖတ်သည်။ သီအိုသည် ဗင်းဆင့်ထက် အသက်လေးနှစ်မျှငယ်သည်။ ယခုအခါတွင် သီအိုသည် ဟော်မြို့ရှိ ဂေါပစ်လ်ပန်းချီအရောင်းဆိုင်၌ သူ့နေရာတွင် အစားထိုးဝင်ရောက်နေပြီဖြစ်သည်။

သီအိုနှင့်ဗင်းဆင့်တို့ညီအစ်ကိုသည် သူတို့အဖေ သီအိုဒိုးရပ်စ်နှင့် သူတို့ဦးလေးဗင်းဆင့်တို့ညီအစ်ကိုကဲ့သို့ပင် ကလေးဘဝကတည်းက တစ်ယောက်နှင့် တစ်ယောက် ခွဲခွာ၍မရနိုင်လောက်အောင် ချစ်ခဲ့ကြသူများဖြစ်၏။

ဗင်းဆင့်သည် စာအုပ်တစ်အုပ်ကိုယူ၍ စာရွက်တစ်ရွက်ဖောင်ကာ သီအိုထံစာတစ်စောင်ရေးသည်။ စာရေးအပြီးတွင် စားပွဲအံဆွဲထဲမှ သူ သိမ်းမြစ်ရေကာတာ တစ်လျှောက်၌ သွားရင်းလာရင်းရေးဆွဲထားခဲ့သည့်ပန်းချီကားပုံကြမ်းတချို့ကို ရွေးထုတ်လိုက်သည်။ ထို့နောက် ဂျက်ကွက်၏ **ဓားတစ်လက်နှင့်**

မိန်းမပျို ဟု အမည်ပေးထားသည့်ဓာတ်ပုံနှင့်အတူရော၍ စာအိတ်ကြီးတစ်လုံးတွင်ထည့်လိုက်သည်။ စာနှင့်အတူ သီအိုထံပို့ရန်ဖြစ်၏။

"ဟာ ဒုက္ခပါပဲ" ဟု ဗင်းဆင့်ကကျယ်လောင်စွာ ရေရွတ်လိုက်သည်။ "စာရေးနေတာနဲ့အာဆူလာကိစ္စကိုမေ့သွားတယ်"

သူသည် နာရီကို ငုံ့ကြည့်ပြန်သည်။ ဆယ့်ငါးမိနစ်ပင်ကျော်သွားခဲ့ပြီ။ သူသည်ဘီးတစ်ချောင်းကိုဆွဲယူကာ သူ့မျက်နှာကိုမှန်ထဲတွင်ကြည့်၍ နီကြောင်ကြောင်ဆံပင်များကို ကပျာကယာဖီးသည်။ စားပွဲပေါ်မှဆီဇာဒီကော့ခ်၏ပန်းချီကားကိုကသောကမြောဆွဲယူကာ တံခါးကိုဖွင့်ပြီး အပြင်သို့အပြေးအလွှားထွက်ခဲ့သည်။

"ရှင် ကျွန်မကို မေ့သွားပြီလို့ထင်နေတာ" ဟု ဆင်ဝင်အောက်ရောက်သွားသည့်သူ့အား အာဆူလာက ဆီးပြောသည်။ သူမသည် သူမ၏ ကျောင်းသားများအတွက် စက္ကူရုပ်များကို ကော်ကပ်လျက်ရှိ၏။ "ကျွန်မအတွက် ပန်းချီကားကောယူလာရဲ့လား၊ ကျွန်မကြည့်ချင်လှပြီ"

"မင့်ကို အရင်ဆုံးပေးမကြည့်ချင်ဘူး၊ မင်းမကြည့်ရခင် ပုံကိုအရင်ချိတ်ပေးချင်တာ၊ မှန်အိမ်ဘယ်မှာလဲ"

"အမေ့ဆီမှာ"

သူသည် မီးဖိုခန်းထဲသို့သွား၍ မှန်အိမ်ကိုယူသည်။ သူပြန်ရောက်လာသည့်အခါ အာဆူလာက အပြာနုရောင်ခြုံထည်ကလေးကိုပေး၍ သူ့ပခုံးပေါ်ခြုံခိုင်းသည်။ ပိုးသားခြုံထည်ကလေးကိုကိုင်ထားသောဗင်းဆင့်၏လက်များသည် တုန်ယင်နေသည်။ သူ့ရင်သည် တဒိတ်ဒိတ်ခုန်နေသည်။ ပန်းဥယျာဉ်ထဲမှ ပန်းသီးပွင့်များ၏ရနံ့သည်သင်းပျံ့နေသည်။

အမှောင်ရိပ်အောက်မှ လူသွားလမ်းအတိုင်း လျှောက်လာကြခြင်းဖြစ်၍ အာဆူလာသည် ဗင်းဆင့်၏အနက်ရောင်ကုတ်အင်္ကျီစကိုဆွဲကိုင်ပြီး လိုက်လာသည်။ တစ်ကြိမ်နှစ်ကြိမ်မျှ ယိမ်းယိုင်သွားသောအခါ အာဆူလာသည် ဗင်းဆင့်၏လက်မောင်းကိုခပ်တင်းတင်းဆုပ်ကိုင်ပြီး လိုက်ပါလာသည်။ ဘာကိုမျှသဘောကျလေသည်မသိ၊ အာဆူလာ၏ရယ်သံထွက်ပေါ်လာ နေသည်။

ဘာ့ကြောင့်ပဲ ရယ်ရယ်...၊ ဗင်းဆင့်အဖို့တော့ အာဆူလာ၏ရယ်သံလွင်လွင်ကိုစဉ်ဆက်မပြတ်ကြားချင်နေသည်။ တသိမ့်သိမ့်ဖြစ် နေသောအာဆူလာ၏ခန္ဓာကိုယ်အလှကို စဉ်ဆက်မပြတ်မြင်ချင်နေသည်။ ကျောင်းဝအရောက်တွင် တံခါးကိုဖွင့်ပေးပြီး အာဆူလာအားအရင်ဝင်ခိုင်းသည်။ အာဆူလာ၏မျက်နှာသည် သူ့မျက်နှာနှင့်ထိလုနီးပါးပွတ်တိုက်သွားသည်။

သူသည် မှန်အိမ်ကိုစားပွဲပေါ်သို့ လှမ်းတင်လိုက်သည်။ "ပန်းချီကားကို ဘယ်နေရာမှာချိတ်ချင်သလဲ" ဟု မေးသည်။

"ကျွန်မစားပွဲရဲ့အပေါ်ဘက်ဆိုရင် မကောင်းဖူးလား"

အခန်းထဲတွင် ကလေးများထိုင်သည့် ကုလားထိုင်ငယ်များနှင့် စားပွဲငယ်များသည် ဆယ့်ငါးလုံးစီခန့်ရှိသည်။ ထိုစားပွဲနှင့်ကုလားထိုင်များ၏ ရှေ့တည့်တည့် စင်မြင့်ကလေးပေါ်တွင် အာဆူလာ၏စားပွဲ၊ သူနှင့် အာဆူလာသည် စားပွဲ၏နောက်တွင် ဘေးချင်းယှဉ်ရပ်ကာ ပန်းချီကားချိတ်စရာ နေရာကိုရွေးကြသည်။

ဗင်းဆင့်၏စိတ်သည် မငြိမ်မသက်၊ နံရံတွင် သံရိုက်ရန်လုပ်ကာမှ လက်ထဲမှသံများသည် လွှတ်ကျကုန်သည်။ အာဆူလာက ကတုန်ကရီဖြစ်နေသော ဗင်းဆင့်ကိုကြည့်၍ရယ်သည်။

"ရှင်လုပ်နေတာ ကိုးယိုးကားယားနိုင်လိုက်တာ. . . ၊ ကဲ. . . ပေး၊ ကျွန်မလုပ်မယ်"

အာဆူလာ၏လက်နှစ်ဖက်သည် ခေါင်းအထက်သို့မြှောက်နေသည်။ တူတစ်ဖက်သံတစ်ဖက်ဖြင့်အလုပ်များနေခြင်းဖြစ်၏။ အာဆူလာ၏ သေးသွယ်လှပသော ကိုယ်ကာယနှင့်သွက်လက်ဖြတ်လတ်သော လှုပ်ရှားမှုများကို မြင်တွေ့နေရသော ဗင်းဆင့်သည် ရင်မောလျက်ရှိသည်။ ကျက်သရေရှိသောအလှ၊ ချစ်စရာကောင်းသောအလှကိုကြည့်ကာ ရင်သပ်ရှုမော အံ့သြ၍မဆုံး. . . ။

ဗင်းဆင့်၏စိတ်ထဲတွင် အာဆူလာအား မှုန်ဝါးဝါးမှန်အိမ်မီးရောင်အောက်တွင် တယုတယပွေ့ပိုက်ထားချင်သော ဆန္ဒဖြစ်ပေါ်နေသည်။ ဆာဆူလာ၏ကိုယ်နှင့်လက်တို့သည် သူ့ကိုယ်အား မကြာမကြာလာရောက်ထိတွေ့နေတတ်သော်လည်း ပွေ့ယူလိုက်နိုင်သည့်အနေအထားသို့ ရောက်မလာ. . . ။ ပန်းချီကားပေါ်မှစာတမ်းကို အာဆူလာဖတ်နေခိုက်တွင်သူသည် မှန်အိမ်ကိုမြှောက်ပြပေးနေရသည်။ ဤအတွက်ကြောင့်လည်း သူသည် အာဆူလာကို ပွေ့ယူလိုက်နိုင်သည့်အခွင့်အရေးမရရှိ။

အာဆူလာသည်စာတမ်းကိုဖတ်ကာ ရွှင်မြူးလျက်ရှိ၏။ "ဒီလက်ဆောင်ပေးလိုက်တဲ့အတွက် သူဟာ ကျွန်မရဲ့မိတ်ဆွေဖြစ်သွားပြီလို့ပြောရင်ရတယ်မဟုတ်လား" ဟု သူကဗင်းဆင့်အား လှည့်၍မေးသည်။ "အာဆူလာက ပန်းချီဆရာတစ်ယောက်နဲ့သိပ်ပြီးခင်ချင်တာ"

ဗင်းဆင့်ကတော့ သူပြောလိုသည့်စကားပြောရန်အတွက် လမ်းခင်းပေး

နှိုင်မည့်စကားကိုရှာဖွေလျက်ရှိသည်။ အာဆူလာကတော့ ဗင်းဆင့်၏အဖြစ်ကို မသိ။ ကြည်လင်ဝင်းလက်နေသည့် မျက်လုံးအစုံဖြင့်သူ့အား မော့ကြည့် နေသည်။ သူတို့နှစ်ဦးကြားတွင် အဓိပ္ပာယ်ရှိသော ငြိမ်ဆိတ်မှုတစ်ခုသည် တစ်ခဏမျှ ဖြစ်ပေါ်တည်ရှိလာသည်။

"ချစ်ပါသည်" ဟူသော စကားကိုပြောနိုင်ဖို့အတွက် သူကြိုးစားသည်။ သူ့နှုတ်ခမ်းများကို လျှာနှင့်အကြိမ်ကြိမ်ပွတ်၍ အားယူသည်။ ထိုအခိုက်မှာပင် အာဆူလာသည် သူ့အားတစ်ချက်မျှစိုက်ကြည့်လိုက်ပြီး အခန်းထဲမှ ပြေးထွက် သွားသည်။

ဗင်းဆင့်သည် သူ့အခွင့်အလမ်း လက်လွတ်သွားတော့မည့်အရေးကို တွေးကာထိတ်လန့်သွားသည်။ သူသည် နောက်မှ ပြေးလိုက်သွားသည်။ အာဆူလာသည် ပန်းသီးပင်တစ်ပင်အောက်၌ ခဏမျှရပ်နေသည်။

"နေပါဦး အာဆူလာ"

အာဆူလာက သူ့အားလှည့်ကြည့်သည်။ မသိမသာတုန်ယင်နေသည် ကိုသူသတိထားမိ၏။ ကောင်းကင်ပြင်တွင် ကြယ်များသည် တလက်လက် တောက်ပနေကြသည်။ ညသည် မှောင်မဲလျက်ရှိ၏။ သူသည် မှန်အိမ်ကို အခန်းထဲ၌ မေ့ထားခဲ့မိသည်မဟုတ်ပါလော။ မီးဖိုခန်းထဲမှ ခပ်မှိန်မှိန် အလင်းရောင်တန်းတစ်တန်းသည် ပြတင်းပေါက်ကြားမှ အပြင်သို့ ထိုးထွက်နေ သည်။

အာဆူလာထံမှ ရေမွှေးနံ့သည် သူ့နှာခေါင်းဝသို့ ရောက်လာနေသည်။ အာဆူလာသည် ပိုးပဝါခြုံထည်စကို ခပ်တင်းတင်းဆွဲကာ ပုခုံးများကို လုံအောင် ပတ်လိုက်ပြီး လက်နှစ်ဖက်ကိုရင်ပတ်ပေါ်တွင် ယှက်၍တင်ထားသည်။

"မင်း အေးနေပြီလား" ဟု ဗင်းဆင့်ကမေးသည်။

"ဟုတ်တယ်၊ အေးနေပြီ၊ အိမ်ထဲဝင်ကြရအောင်"

"နေပါဦး၊ ခဏလောက်ကော့နေပါဦး ကိုယ့်အနေနဲ့ ဟို ဟို. . . "

သူသည် စကားကို မဆက်ပဲ အာဆူလာ၏ရှေ့သို့ သွားရပ်သည်။ အာဆူလာသည် အလွန်အံ့သြနေသည့်မျက်နှာထားဖြင့် မော့ကြည့်သည်။

"ဘာပြုလို့လဲ မွန်စီယာ ဗင်ဂိုး၊ ကျွန်မနားမလည်တော့ဘူး။ ဘာအကြောင်းရှိလို့လဲ"

"ကိုယ့် မင့်ကိုစကားလေးတစ်ခွန်းလောက်ပြောချင်လို့ပါ။ ကိုယ် ကိုယ် က. . . ဟို"

"အခုမပြောပါနဲ့ဦး. . ကျွန်မသိပ်အေးနေပြီ"

"မင်းသိသင့်တယ်လို့ကိုယ်ထင်မိလို့ပါ။ ကိုယ် ဒီနေ့ အလုပ်ခွင်မှာ အဆင့်တိုးသွားပြီ၊ ကိုယ် ပုံနှိပ်ပန်းချီခန်းမမှာ တာဝန်ကျတော့မယ်၊ အဲဒီအခန်းကို ရောက်ရင်လစာတိုးရမှာ"

အာဆူလာသည် နောက်သို့ဖြုတ်ကနဲဆုတ်သွားပြီး ပုခုံးထက်မှ ခြုံပုဝါကိုဖြုတ်ယူသည်။ ပြီးတော့ အမှောင်ရိပ်ထဲ၌ မလှုပ်မယှက်ရပ်နေသည်။ အခုကျတော့လည်း ဘာအကာအကွယ်မှမရှိပဲနှင့် နွေးနွေးထွေးထွေးဖြစ်နေသည်။

"ရှင် အမှန်တကယ်ပြောချင်တာ ဒီကိစ္စပဲလား မွန်စီယာ ဗင်ဂိုး"

အေးစက်စက်နိုင်လွန်းလှသော သူမ၏လေသံကို သူသတိထားလိုက်မိသည်။ အူကြောင်ကြောင်နိုင်လွန်းလှသည့် သူ့အဖြစ်ကို တွေးကာ သူ့ကိုယ်သူ စိတ်ထဲမှ ကြိတ်၍ ကျိန်ဆဲလိုက်မိ၏။ ချက်ခြင်းပင် စိတ်လှုပ်ရှားမှုသည် တန့်သွားသည်။ သူ့စိတ်သည် အေးဆေးတည်ငြိမ်လာသည်။ သူ့ရင်ထဲတွင် စကားလုံးတွေ အများကြီး ပေါ်လာနေသည်။ ယင်းတို့အထဲမှ သူအနှစ်သက်ဆုံးသော စကားကိုရွေးလိုက် လေသည်။

"ကိုယ်ပြောချင်နေတဲ့စကားကို မင်းသိပြီးသားဖြစ်ချင်လည်းဖြစ်မှာပါ အာဆူလာ။ ကိုယ် မင့်ကို သိပ်ချစ်တယ်၊ သိပ်မြတ်နိုးတယ်။ ကိုယ့်အချစ်ဟာ ကိုယ့်နှလုံးသားထဲက ယိုဖိတ်ကျလာတဲ့ အချစ်ပါ။ မင်းနဲ့သာ ကိုယ်ရာသက်ပန်လက်တွဲခွင့်ရမယ်ဆိုရင်လေ ဒီကမ္ဘာလောကထဲမှာ ကိုယ်ဟာ အပျော်ဆုံးလူတစ်ယောက်ဖြစ်မှာပါ"

သူ့စကားကြောင့် အကြီးအကျယ်အံ့အားသင့်သွားသည့် အာဆူလာ၏အဖြစ်ကို သူသတိထားမိသည်။ အာဆူလာကို ပွေ့ယူလိုက်ရလျှင် ကောင်းလေမလား . . . ။

"ရှင့်ကိုယူရမယ် . . . ၊ ဟုတ်လား" သူမ၏အသံသည် အနည်းငယ်ကျယ်လောင်လာသည်။ "မဖြစ်နိုင်တာပဲ မွန်စီယာ ဗင်ဂိုးရယ်"

သူသည် အာဆူလာ၏မျက်နှာကို တစ်ချက်မျှ ခိုးကြည့်သည်။ အာဆူလာကလည်း သူ၏မျက်လုံးအကြည့်ကို အမှောင်ထဲမှာ ကောင်းစွာမြင်နေရသည်။

"ရှင်မသိဘူးဆိုတာကို ကျွန်မအံ့ဩလို့မဆုံးဘူး၊ ကျွန်မလူတစ်ယောက်နဲ့လက်ထပ်ဖို့စေ့စပ်ထားတာ တစ်နှစ်တောင်ကျော်သွားပြီ"

ထိုနေရာ၌ သူမည်မျှကြာကြာရပ်နေမိသည်ကို သူမသိ။ သူဘာတွေတွေးနေမိသည်ကိုလည်းကောင်း၊ရင်ထဲ၌ ဘယ်လိုခံစားနေရသည်ကို လည်းကောင်း

လုံးဝမသိ။ နောက်ဆုံးတွင် သူ့နှုတ်မှ မေးခွန်းတစ်ခွန်း ထွက်လာသည်။

"စေ့စပ်ထားတဲ့ လူက ဘယ်သူလဲ"

"အို. . . ရှင် သူ့ကိုမတွေ့ဖူးပါဘူး၊ ရှင်လာမနေခင်က ရှင့်အခန်းမှာ နေသွားဖူးတဲ့သူပါ။ ကျွန်မက ရှင်သိတယ်လို့ထင်တာ"

"ကိုယ်က ဘယ်လိုလုပ်ပြီးသိနိုင်မှာလဲ"

အာဆူလာသည် ခြေဖျားထောက်ကာ မီးဖိုခန်းဆီသို့ တစ်စေ့တစ်စောင်းချောင်းကြည့်သည်။ "ကျွန်မထင်မိတာက ရှင့်ကို တစ်ယောက်ယောက်က ပြောပြမယ်လို့ ထင်တာကိုး"

"မင်းဘာပြုလို့ ဒီကိစ္စကိုတစ်နှစ်လုံးလုံးဖုံးထားရတာလဲ။ ကိုယ်မင့်ကို ချစ်နေတယ်ဆိုတာ သိရက်နဲ့ ကိုယ့်ကို ဖွင့်မပြောပဲဖုံးထားတယ်။ အဲဒါ ဘာကြောင့်လဲ"

အခုကျတော့ ဗင်းဆင့်၏အသံသည် တုန်ရီလှုပ်ရှားခြင်းမရှိ၊ ထစ်တီးထစ်ငေါ့လည်းမဖြစ်။

"ရှင် ကျွန်မကိုချစ်နေတဲ့ ကိစ္စက ရှင့်ကိစ္စပါ။ ဒီအတွက် ကျွန်မမှာ အပြစ်ရှိတယ်လို့ထင်နေသလား။ ကျွန်မကတော့ရှင့်ကို ရင်းနှီးခင်မင်တဲ့ မိတ်ဆွေအဖြစ်ပဲဆက်ဆံခဲ့တာပဲ"

"ကိုယ် ဒီအိမ်မှာလာပြီး ငှားနေတဲ့အချိန်ကစပြီး အဲဒီလူတစ်ခေါက် တစ်လေတော့ မင့်ဆီလာလည်သလား"

"ဟင့်အင်း မလာဘူး၊ သူက အခု ဝေးလံစ်ပြည်နယ်မှာ နေတယ်။ ဒီနှစ်နွေရာသီအားလပ်ရက်မှာတော့ သူဒီကိုလာပြီး ကျွန်မနဲ့ နေလိမ့်မယ်"

"မင်း သူနဲ့မတွေ့တာ တစ်နှစ်တောင်ကျော်ပြီမဟုတ်လား။ ဒါဆိုရင် သူ့ကို မင်းမေ့လောက်ရောပေါ့၊ အခုလောလောဆယ် မင့်ကိုချစ်နေတာ ကိုယ်တစ်ယောက်တည်းပဲရှိတယ်"

သူသည် သူ၏အသိနှင့်သတိများကို ထိန်းချုပ်ထားခြင်းမရှိတော့။ အာဆူလာအား ရုတ်တရက်ပွေ့ကာ သူ့ဘက်သို့ဆွဲယူလိုက်ပြီး အာဆူလာ၏ နှုတ်ခမ်းကို ခပ်ကြမ်းကြမ်းနမ်းလိုက်မိသည်။ အလစ်တွင်ဖြစ်၍ အာဆူလာ ဘာမျှ မတတ်နိုင်။ ဗင်းဆင့်သည် အာဆူလာ့နှုတ်ခမ်းများ၏ စိုစွတ်မှုနှင့်ချို့မြှူမှုများအပြင် ဆံပင်မှ မွှေးကြိုင်သော ရေမွှေးနံ့များတွင် သာယာမိန်းမောသွားသည်။ သူ၏ ချစ်စိတ်သည် ပို၍ပြင်းထန်လာသည်။

"အာဆူလာရယ်၊ မင်းသူ့ကို မချစ်ပါနဲ့ကွယ်။ ကိုယ် မင့်ကိုလက်အလွတ်

မခံနိုင်တော့ဘူး။ မင်းဟာ ကိုယ့်ရဲ့ဇနီးပဲဖြစ်ရမယ်။ မင့်ကို . . . ကိုယ်လက်လွှတ်ရမှာ သိပ်ပြီးစိုးရိမ်မိတယ်။ မင်း သူ့ကို မေ့သွားပြီး ကိုယ့်ကို လက်ထပ်လာအောင် ကိုယ်ကတော့ ကြိုးစားရမှာပဲ"

"ဘာ . . . . . ၊ ရှင့်ကို လက်ထပ်ရမယ် ဟုတ်လား" ဟု အာဆူလာက အော်သည်။ "ကျွန်မကိုချစ်နေပါတယ်လို့ပြောတဲ့ လူတိုင်းနဲ့ ကျွန်မက လက်ထပ်ရမှာလား၊ ကျွန်မကို အခုချက်ခြင်းလွှတ်၊ ကျွန်မပြောနေတာ မကြားဘူးလား၊ ကျွန်မကို မလွှတ်ရင် ကူညီမဲ့လူ ခေါ်ရလိမ့်မယ်"

အာဆူလာသည် ဗင်းဆင့်၏ လက်တွင်းမှ အကြောက်အကန်ရုန်းထွက်သည်။ လွတ်သည်နှင့် တစ်ပြိုင်နက် မှောင်ရိပ်ထဲမှ လူသွားလမ်းအတိုင်း ပြေးသွားသည်။ လှေကားပေါ်အတက်တွင် နောက်သို့တစ်ချက်ပြန်လှည့်ကာ စကားတစ်ခွန်းကို မတိုးမကျယ်ပြောသွားသည်။

"ခေါင်းနီအရှူး"

(၄)

နောက်တစ်နေ့ နံနက်တွင် သူ့အားနှိုးမည့်သူတစ်ဦးမှ ပေါ်မလာပေ။ သူသည်အိပ်ရာပေါ်မှ နှေးကွေးလေးလံစွာဖြင့်ဆင်းကာ ထုံးစံအတိုင်းမှန်ရှေ့၌ရပ်၍ မုတ်ဆိတ်မွေးများရိတ်သည်။ ခါတိုင်းနေ့များကလို စိတ်ပါလက်ပါမဟုတ်သဖြင့် ပြောင်ပြောင်စင်စင်မရှိ။ မနက်စာသွားစားတော့လည်း အာဆူလာပေါ်မလာ။ သူသည် မသယ်ချင့်သယ်ချင် ခြေလှမ်းများဖြင့် ဂေါပစ်လ်ပန်းချီအရောင်းဆိုင်သို့ လျှောက်လာခဲ့သည်။

ခါတိုင်း တွေ့နေကျလူများကို တွေ့သော်လည်း ထိုသူအားလုံးသည် သူ့မျက်စိထဲတွင် သိသာစွာပြောင်းလဲနေကြသည်။ ထိုလူများအပေါ်တွင် ထားရှိခဲ့သည့် သူ၏သဘောထားအမြင်သည် များစွာပြောင်းလဲသွားခဲ့ပြီ။ သူတို့အားလုံးသည် အထီးကျန်သမားများချည်းဖြစ်သည်။ သူတို့သည် အကျိုးမရှိသောအလုပ်များလုပ်ရန်အတွက် သူတို့အလုပ်ခွင်များဆီသို့ လျှင်မြန်သွက်လက်စွာလှုပ်ရှားသွားလာနေကြသည့်သတ္တဝါများသာဖြစ်နေသည်။

သူသည် လမ်းဘေးဝဲယာရှိ ငုပင်များမှ အစွမ်းကုန်ပွင့်ဖူးနေကြသည့် ငုပန်းများနှင့်လမ်းတစ်လျှောက်၌လှပစွာ စီတန်းနေကြသည့်သစ်အယ်ပင်များ

ကိုပင် ခါတိုင်းနေ့များကလိုမြင်တွေ့ခြင်းမရှိ။ နေသည်ခါတိုင်းနေ့များကထက် ပို၍ပူနေသည်။ သို့သော်လည်း နေပူရှိန်ကို သူသတိမထားမိ။

တစ်နေ့တာအတွင်း ပန်းချီကားပေါင်းနှစ်ဆယ်ရောင်းရသည်။ သူရောင်းခဲ့ရသော ပန်းချီကားများသည် ဂေါပစ်လ်ပန်းချီအရောင်းဆိုင်အတွက် အမြတ်ငွေအများကြီးရသည်ကို သူသိနေသော်လည်း ယခင်နေ့များကလို ဝမ်းသာကြည်နူးခြင်းမဖြစ်။ ယနေ့အဖို့ ပန်းချီကားလာဝယ်သူများနှင့်လည်း ဆက်ဆံရေးမပြေပြစ်။ ဤလူစုသည် ပန်းချီကားများကို ရွေးချယ်ရာ၌ အကောင်းနှင့်အညံ့ကိုပင် ခွဲခြား၍သိသူများမဟုတ်၊ ပန်းချီနှင့်ပတ်သက်၍ နကန်းတစ်လုံးမျှ နားလည်သူများမဟုတ်၊ သူတို့ရွေးချယ်ဝယ်ယူသွားကြသည့်ပန်းချီကားအားလုံးသည် အညံ့စား အပေါစားများချည်းသာဖြစ်၏။

သူ၏လုပ်ဖော်ကိုင်ဖက်စာရေးများသည် သူ့အား ပျော်ပျော်နေတတ်သည့် လူတစ်ယောက်ဟုမမြင်ကြ၊ သို့တစ်စေလည်း သူ့ကိုယ်သူ ခင်မင်နှစ်လိုဖွယ်ကောင်းသည့် လူတစ်ယောက်ဟု ပတ်ဝန်းကျင်က အသိအမှတ်ပြုလာအောင် ကြိုးစားသည်။ ယနေ့ကျတော့ သူ့အပြုအမူသည် ခါတိုင်းနေ့များကလိုမဟုတ်၊ တစ်မူထူးခြားလျက်ရှိသဖြင့် ဘေးလူများက စိတ်ဝင်စားနေကြလေသည်။

"ဟေ့ ဗင်ဂိုးနွယ်ဝင်ထဲက ငါတို့ရောင်းရင်းတစ်ယောက် ဘာများဖြစ်နေပါလိမ့်" ဟု စာရေးတစ်ဦးက သူ့အဖော်အခြားစာရေး တစ်ယောက်အားမေးသည်။

"ငါ့အထင်တော့ ဒီငနဲမှာပျော်စရာတွေက သိပ်များနေတော့ အဲဒီပျော်စရာတွေအတွက် သောကတွေများနေဟန်တူပါတယ်ကွာ။ သူ့ဦးလေးဗင်းဆင့် ဗင်ဂိုးက ပါရီ၊ ဘာလင်၊ ဘရပ်ဆဲလ်၊ ဟော်ဂ်နဲ့ အမ်စတာဒမ်မြို့တွေမှာဖွင့်ထားတဲ့ ဂေါပစ်လ်ပန်းချီအရောင်းဆိုင်ကြီးတွေကို တစ်ဝက်ပိုင်တဲ့ လူကြီးကွအခုအဖိုးကြီးက အသည်းအသန်ဖြစ်နေတယ်။ သူ့မှာ သားသမီးတစ်ယောက်မှမရှိဘူး။ သူပိုင်ပစ္စည်းတစ်ဝက်ကို ဒီငနဲရလိမ့်မယ်လို့ လူတိုင်းက ထင်ကြေးပေးနေကြတာ"

"အေးကွာ တချို့လူတွေများ တယ်ပြီးကံကောင်းကြတာပဲ"

"ငါ စောစောကပြောတာ သူ့ဇာတ်လမ်းတစ်ဝက်တစ်ပျက်ပဲရှိသေးတယ်၊ သူ့မှာဟင်းဒရစ် ဗင်ဂိုးဆိုတဲ့ ဦးလေးတစ်ယောက်ရှိသေးတယ်။ အဲဒီဦးလေးကလည်း ဘရပ်ဆဲလ်နဲ့ အမ်စတာဒမ်မြို့တွေမှာ ပန်းချီအရောင်း

ဆိုင်တွေဖွင့်ထားတယ်။ နောက်ပြီးတော့ ကော်နီလီးယပ်စ် ဗင်ဂိုးဆိုတဲ့ ဦးလေး တစ်ယောက်ကလည်း ဟော်လန်နိုင်ငံထဲမှာ အကြီးဆုံး စီးပွားရေး လုပ်ငန်းကြီး တွေပိုင်တယ်။ ဗင်ဂိုးမိသားစုအနွယ်တွေဟာ ဥရောပတစ်လွှားမှာ အကြီးဆုံး ပန်းချီအရောင်း အဝယ်လုပ်ငန်းရှင်ကြီးတွေပဲ ။ တစ်နေ့ကျရင် ငါတို့ မိတ်ဆွေ "ခေါင်းနီ" ဟာ ဥရောပနဲ့ အာရှဒေသတွေက အနုပညာလောကကို ချုပ်ကိုင်ထား လိမ့်မယ်လို့ ယူဆရတယ်နော"

ထိုညက စားသောက်ခန်းထဲသို့ ဗင်းဆင့်ဝင်သွားချိန်တွင် အာဆူလာ နှင့် သူ့အမေသည် နှစ်ဦးသားခေါင်းချင်းဆိုင်ကာ နှစ်ကိုယ်ကြားလေသံဖြင့် တွတ်ထိုးနေကြသည်။ သူဝင်သွားသည့်အခါ သူတို့သည် စကားကိုမဆက်တော့ပဲ ရပ်ထားလိုက်ကြသည်။ အာဆူလာသည် ချက်ခြင်းထကာ မီးဖိုခန်းထဲသို့ ဝင်သွားသည်။ သူ့အမေ မဒမ်လွိုင်ယာကတော့ "မင်္ဂလာညခင်းပါ"ဟု ဆို၍ နှုတ်ဆက်သည်။ သို့သော်လည်း သူမ၏ မျက်လုံးအကြည့်သည် တစ်မျိုးဖြစ်နေ သည်ကို ဗင်းဆင့်က သတိထားမိသည်။

ဗင်းဆင့်သည် ကြီးမားလှသော စားပွဲကြီးတွင် တစ်ဦးတည်းထိုင်၍ ညစာစားနေရ၏။ အာဆူလာ၏ထိုးနှက်ချက်သည် ပြင်းထန်လွန်းလှ၏။ သို့သော် လည်း ဗင်းဆင့်ကတော့ အရှုံးပေးလိမ့်မည်မဟုတ်၊ "ဟင့်အင်း" ဟူသောအဖြေကို သူလက်မခံ။ သူ့အနေဖြင့် "အာဆူလာ၏စိတ်ထဲမှ လူ" ကို ထွက်သွားအောင် လုပ်မည်။

သူသည် အာဆူလာနှင့်ရပ်၍ အချိန်ကြာကြာစကားပြောခွင့်ရဖို့ အတွက် တစ်ပတ်တိတိမျှ စိတ်ရှည်လက်ရှည်စောင့်ရသည်။ ထိုတစ်ပတ်အတွင်း သူသည် စားမဝင်အိပ်မပျော်ဖြစ်ခဲ့ရ၏။ မှုန်တုန်တုန် ထုံထိုင်းထိုင်းနှင့်စိတ်လက် မကြည်မလင်ရှိလှချေသည်။ တစ်ပတ်လုံးလုံး သူ့စိတ်သည် အမြဲတစေလှုပ်ရှား လျက်ရှိလေသည်။ ပန်းချီပြခန်းတွင်လည်း သူ၏ရောင်းအားသည် သိသိသာသာ ကျဆင်းသွားသည်။ သူ့မျက်လုံးအရောင်အသွေးသည် ကြည်လင်ခြင်း ကင်းမဲ့ နေသည်။ ကြည်လင်ရွှင်ပျမူနေရာတွင် နာကျည်းခြင်းအရိပ်အငွေ့များ ထင်ဟပ် လာနေသည်။ သူ စကားပြောလိုသည့်အခါများတွင်လည်း သင့်တော်သည့် စကား လုံးများကို ရုတ်တရက်ရှာမရ၊ ထစ်တီးထစ်ငေါ့နှင့် အလွဲလွဲအချော်ချော်ဖြစ် နေတတ်၏။

ထိုနေ့က တနင်္ဂနွေနေ့ဖြစ်သည်၊ သူသည် ညစာ စားအပြီးတွင် ပန်း ဥယျာဉ်ထဲ၌ ရောက်နေသော အာဆူလာ့ထံသို့ ရောက်သွားသည်။ "မဒမ် မွိုင်ဇယ်

အာဆူလာ" ဟု သူကခေါ်သည်။ "ဟိုညက အာဆူလာ့ကို အထိတ်တလန့် ဖြစ်အောင်ကိုယ်လုပ်မိခဲ့တဲ့အတွက် တောင်းပန်ပါတယ်။ ကိုယ့်ကို ခွင့်လွှတ်ပါ"

အာဆူလာသည် သူ့နောက်မှ လိုက်လာသည့် ဗင်းဆင့်အား အံ့အား သင့်ဟန်ဖြင့်ကြည့်နေသည်။ "အို ကိစ္စမရှိပါဘူး။ ဒီဟာကို အရေးကြီးတယ် လို့ သဘောထားစရာမရှိပါဘူး။ မေ့ပစ်လိုက်ကြတာ အကောင်းဆုံး ဖြစ်မယ်ထင်တယ်" ဟု ပြန်ပြောသည်။

"ကိုယ် မင့်အပေါ်မှာ ရိုင်းစိုင်းခဲ့မိတယ်။ အဲဒါကို သိပ်ပြီး မေ့ပစ်ချင်တယ်၊ ဒါပေမယ့် ကိုယ်ပြောခဲ့တဲ့ စကားတွေကတော့ အမှန်တွေချည်းပါပဲ"

ပြောပြောဆိုဆို ဗင်းဆင့်ကရှေ့သို့တိုးလာသည်။ အာဆူလာက နောက်သို့ ဆုတ်သွားသည်။

"ဘာပြုလို့ ဒီကိစ္စကို ထပ်ပြောနေတာလဲ" ဟု အာဆူလာကမေးသည်။ "အဖြစ်အပျက်တစ်ခုလုံးကို ကျွန်မစိတ်ထဲက ထုတ်ပစ်လိုက်ပြီးပြီ"

အာဆူလာသည် ဖြတ်ခနဲ နောက်သို့လှည့်ကာ သူ့ကို ကျောပေးပြီး ထွက်သွားသည်။ ဗင်းဆင့်က နောက်မှလိုက်သည်။

"ကိုယ်ကတော့ထပ်ပြောရမှာပဲ အာဆူလာ။ ကိုယ် မင်းအပေါ်မှာ ဘယ်လောက်ချစ်တယ်ဆိုတာ မင်းနားလည်မှာ မဟုတ်ပါဘူး။ ပြီးခဲ့တဲ့ သီတင်း တစ်ပတ်လုံးလုံး ကိုယ်ဘယ်လောက်အထိ စိတ်ဆင်းရဲခဲ့ရတယ်ဆိုတာ မင်းမသိဘူးအာဆူလာ။ မင်းဘာကြောင့် ကိုယ်နဲ့အတွေ့မခံပဲ ရှောင်ပြေးနေရတာလဲ"

"ကျွန်မတို့အိမ်ထဲဝင်ကြရအောင် အမေမျှော်နေလိမ့်မယ်"

"မင်း ဟိုလူကိုချစ်တယ်ဆိုတာ မဖြစ်နိုင်ပါဘူး။ တကယ်လို့ မင်း သူ့ကို တကယ်ချစ်တယ်ဆိုရင် မင်းမျက်လုံးတွေထဲမှာ ကိုယ်မြင်ရမှာပေါ့"

"ကျွန်မမှာ ရှင်နဲ့စကားပြောနေဖို့ အချိန်ပိုမရှိဘူး။ ရှင် အလုပ်အား ရက်မှာ အိမ်ပြန်မယ်မဟုတ်လား၊ ဘယ်တော့လောက် ပြန်ဖြစ်မလဲ"

"ဇူလိုင်လထဲမှာ ပြန်မယ်"

"တော်ပါသေးရဲ့။ ကျွန်မနဲ့စေ့စပ်ထားတဲ့သူကလည်း ဇူလိုင်လထဲမှာ လာမှာ။ သူ့အတွက် ကျွန်မတို့က သူနေခဲ့ဖူးတဲ့အခန်းကို ပြန်လိုချင်တယ်"

"ကိုယ်ကတော့ မင်းကို သူ့လက်ထဲအရောက်မခံဘူး အာဆူလာ"

"မဟုတ်ကဟုတ်က ကိစ္စတွေကို ရပ်တန်းကရပ်ဖို့ ကောင်းပြီလို့ ကျွန်မထင်တယ်၊ ရှင့်ဘက်က အခုလိုဆက်လုပ်နေရင် အမေက ရှင့်ကို တခြား နေရာမှာ သွားနေခိုင်းလိမ့်မယ်"

နောက်ထပ်နေရသည့်နှစ်လအတွင်း သူသည် အာဆူလာအား စေ့စပ်ထားသူအပေါ်၌ သဘောထားပြောင်းရန် အမျိုးမျိုးအားထုတ်သည်။ ဤအတောအတွင်း သူ၏ပင်ကိုယ်စရိုက်ဗီဇများသည် သူ့ထံတွင် ပြန်ပေါ်လာသည်။ သူသည် အာဆူလာနှင့်မတွေ့ရသည့်အချိန်များတွင် မည်သူနှင့်မှ ရောနှောခြင်းမပြုဘဲ တစ်ဦးတည်းသာနေလေ့ရှိသည်။

သူသည် အာဆူလာ့အကြောင်းတွေးနေသည့်အချိန်တွင် သူ့အား မည်သူကမှ လာရောက်နှောင့်ယှက်သည်ကိုမခံလို။ ဆိုင်တွင်လည်း သူသည် မည်သူနှင့်မှတရင်းတနှီးအရောတဝင်မနေ။ အာဆူလာအပေါ် ချစ်စိတ်ကြောင့် တည်ရှိလာခဲ့သော ကမ္ဘာသစ်ကလေးသည် ပြန်လည်ကွယ်ပျောက်သွားခဲ့ပြီဖြစ်၏။ သူသည် ဇွန်ဒတ်၌ မိဘများနှင့်နေထိုင်ခဲ့သည့် ဖော်ရွေမှုကင်းမဲ့သော မှုန်တေတေကြောင်ကပ်ကပ် လူငယ်အဖြစ်သို့ ပြန်လည်ရောက်ရှိသွားခဲ့လေပြီ။

ဇူလိုင်လသို့ရောက်ခဲ့ပြီ၊ သူသည်အလုပ်အားလပ်ရက်အတွင်း ခရီးထွက်ရတော့မည်ဖြစ်၏။ သူ့အနေဖြင့် လန်ဒန်မှ ဝေးရာသို့သီတင်းနှစ်ပတ်ကြာမျှ ခရီးထွက်နေရမည်ကို မလိုလား၊ သူ ဤအိမ်ထဲ၌ရှိနေသမျှ ကာလပတ်လုံး အာဆူလာသည် သူမှတစ်ပါး အခြားဘယ်သူ့ကိုမှ ချစ်လိမ့်မည်မဟုတ်ဟု ယုံကြည်နေဆဲဖြစ်သည်။

သူသည် ဧည့်ခန်းထဲသို့ ဆင်းလာခဲ့သည်။ အာဆူလာတို့ သားအမိသည် ဧည့်ခန်းထဲ၌ ထိုင်နေကြ၏။ ဗင်းဆင့်ကို မြင်လိုက်သည့်အခါ သူတို့သည် တစ်ယောက်ကိုတစ်ယောက် အဓိပ္ပာယ်ပါသော မျက်လုံးများဖြင့် ကြည့်လိုက်ကြသည်။

"ကျွန်တော့်ပစ္စည်းတွေကို အခန်းထဲမှာ ထားနေကျအတိုင်းထားပစ်ခဲ့မယ် မဒမ်လွိုင်ယာ" ဟု သူကပြောသည်။ "နှစ်ပတ်စာအခန်းခကို ကျွန်တော် ပေးခဲ့ပါ့မယ်"

"ပစ္စည်းတွေအားလုံးကို ယူသွားရင် အကောင်းဆုံးဖြစ်လိမ့်မယ်လို့ ထင်တယ်၊ မွန်စီယာဗင်ဂိုး" ဟု မဒမ်လွိုင်ယာက ပြန်ပြောသည်။

"ဘာပြုလို့လဲ"

"မင်းအခန်းကို တနလ်ာနေ့ မနက်ကစပြီး လူငှားတင်လိုက်ပြီ။ တို့အနေနဲ့ မင်းကို တခြားမှာရွှေ့နေရင် အဆင်ပြေလိမ့်မယ်လို့ ထင်တယ်"

"တို့အနေနဲ့ ဟုတ်လား" သူသည် အာဆူလာဘက်သို့ လှည့်ကြည့်သည်။ သူ့အကြည့်သည် မေးခွန်းတစ်ခု မေးလိုက်သည့်အကြည့် ဖြစ်၏။

"ဟုတ်တယ်၊ တို့နှစ်ယောက်အနေနဲ့ ပြောတာ" ဟု မဒမ်လွိုင်ယာက ထပ်ပြောသည်။ "ငါ့သမီးနဲ့စေ့စပ်ထားတဲ့သူငယ်က မင်းကိုဒီအိမ်မှာ ဆက်မထားစေချင်ဘူးလို့ စာလှမ်းရေးထားတယ်။ အဲဒီတော့ တကယ်လို့ မင်းဒီကိုလုံးဝမလာဘူးဆိုရင် အကောင်းဆုံးဖြစ်လိမ့်မယ်လို့ထင်တယ်၊ မွန်စီယာ ဗင်ဂိုး"

(၅)

သီအိုဒိုးရပ်စ် ဗင်ဂိုးသည် သူ့သားအား မြင်းရထားတစ်စီးဖြင့် ဘရီဒါဘူတာအထိ ဆင်း၍ကြိုသည်။ သူသည် ကော်တောင့်တောင့် အဖြူရောင် ရှပ်အင်္ကျီအပေါ်မှ ခရစ်ယာန်သင်းအုပ်ဘုန်းကြီးဝတ်စုံကို ထပ်ဝတ်ကာ လည်ပင်းတွင်အနက်ရောင် 'ဘိုးနက္ကတိုင်' တပ်ထားသဖြင့် ထည်ဝါခံ့ညားလျက် ရှိသည်။ မည်သို့ပင်ဖြစ်စေ ဇွန်ဒတ်ရွာထဲမှ လူအများစုကတော့ ဆရာကြီး သီအိုဒိုးရပ်စ်သည် ဦးထုပ်ရှည်ကြီးကို ဆောင်းထားလျှင် ပို၍ခံ့ညားပြီး ကျက်သရေရှိသည်ဟု ပြောစမှတ်ပြုကြသည်။

သူသည် သူ့ဘဝတွင် အောင်မြင်မှုနည်းသူတစ်ဦးဖြစ်၏။ သူဘာကြောင့် အောင်မြင်မှုနည်းရသည်ကိုလည်း အသက်သေသည်အထိ နားလည်မည့်လူစားတစ်ယောက်မဟုတ်ပေ။ သူသည် လွန်ခဲ့သောနှစ်ပေါင်းများစွာ ကတည်းက အမ်စတာဒမ်မြို့နှင့် ဟော်မြို့များပေါ်ရှိ တရားဟော စင်မြင့်များပေါ်သို့တက်၍ တရားဓမ္မဟောပြောနေသော ဓမ္မဆရာကြီးတစ်ယောက် ဖြစ်သင့်၏။ သို့သော်လည်း မဖြစ်ခဲ့ချေ။

သူ့ရွာထဲရှိ လူများက သူ့အားလူချောဓမ္မဆရာကြီးဟု ခေါ်ကြသည်။ သူသည် ပညာတတ်တစ်ဦးဖြစ်၍ သဘာဝကိုမြတ်နိုးသူဖြစ်ရုံမျှမက စိတ်ကောင်းစိတ်မြတ်ရှိသူဖြစ်၏။ ဘုရားသခင်၏အလုပ်ကို လုပ်ရာ၌ဇွဲနာဘဲကြီးသူဖြစ်၏။ သို့တစေလည်း ဇွန်ဒတ်အမည်ရှိ ရွာငယ်ကလေးအတွင်း၌ နှစ်ပေါင်းနှစ်ဆယ့်ငါးနှစ်ကြာမျှ လူမသိသူမသိ ဘဝတစ်ခုလုံးမြုပ်နှံထားခဲ့ရသော်လည်း ထင်ရှားကျော်ကြားမှုကို မရရှိခဲ့ပေ။ တစ်ကယ်တော့လည်း ဗင်ဂိုးညီအစ်ကို ခြောက်ယောက်ထဲတွင် အရေးပါအရာရောက်သည့် ထိပ်ဆုံးနေရာသို့ မရောက်သူမှာ သူတစ်ဦး တည်းသာဖြစ်ပေသည်။

ဇွန်ဒတ်ရွာရှိ ဗင်းဆင့်ကို မွေးဖွားခဲ့ရာ သင်းအုပ်ဆရာကြီး၏ နေအိမ်သည် စျေးနှင့်မျက်နှာချင်းဆိုင်လမ်းတစ်ဘက်၌ တည်ရှိသည်။ အိမ်မှာ သစ်သားအိမ်မျှသာဖြစ်၏။ အိမ်၏ မီးဖိုဖျောင်နောက်ဘက် မြေကွက်လပ်သည် ပန်းခြံဖြစ်၍ လူသွားလမ်းကလေး အများအပြားတည်ရှိပြီး ရာသီအလိုက် ပန်းမျိုးစုံပွင့်ဖူးရာ နေရာဖြစ်လေသည်။

ထိုပန်းခြံ၏ နောက်ဘက်ရှိ သစ်ပင်အုပ်အုပ်များကြားတွင် သစ်သားများဖြင့် တည်ဆောက်ထားသည့် ဘုရားရှိခိုးကျောင်းတစ်ကျောင်းရှိ၏။ ကျောင်း၏တစ်ဘက်တစ်ချက်တွင် မှန်ပြတင်းနှစ်ပေါက်ရှိ၏။ အတွင်းသစ်သားကြမ်းခင်းပေါ်တွင် သစ်သားခုံတန်းလျား ဆယ့်နှစ်လုံးချထားသည်။ ခုံတန်းများ၏ နောက်ဘက်တွင် လေ့ကားတစ်ခုရှိရာ ထိုလေ့ကားမှ တက်သွားမည်ဆိုပါက စင်မြင့် ထက်၌ ချထားသည့် စန္ဒရားအဟောင်းကြီးတစ်လုံးကို တွေ့ရမည်ဖြစ်၏။ ရှေ့မျက်နှာစာဘက်တွင်မူ ပရိုတက်စတင့်ခရစ်ယာန်ဘာသာဝင်တို့၏ ဦးစီးဦးဆောင် ဘာသာရေးပြုပြင်ပြောင်းလဲရေးခေါင်းဆောင်ဂျွန်ကယ်လ်ဗင်၏ အယူအဆနှင့်အလိုက်အတိုင်းပြင်ဆင်မွမ်းမံထားသည့် အခင်းအကျင်းများကို မြင်တွေ့ကြရမည်ဖြစ်၏။

ဗင်းဆင့်၏မိခင် အန်နာကော်နီလီယာသည် အိမ်ပြတင်းဝမှရပ်၍ မျှော်လျက်ရှိသည်။ အိမ်ဝင်းအတွင်းသို့ မြင်းရထားဝင်မလာမီကတည်းက အိမ်ရှေ့တံခါးကိုဖွင့်ကာ အပြင်သို့ ထွက်လာသည်။ မိခင်တို့၏ သိမ်မွေ့နူးညံ့သောချစ်ခြင်းမေတ္တာဖြင့် သူ့သားအား လှိုက်လှိုက်လဲလဲ ပွေ့ဖက်၍ ကြိုဆိုသည်။ သို့သော်လည်း သူ့သား၏ အပြုအမူနှင့်မျက်နှာနေမျက်နှာထားကို မြင်ရုံမျှဖြင့် သူ့သားတွင်ပြဿနာတစ်ခုခုရှိလာမှန်းရိပ်စားနားလည်လိုက်လေသည်။

"အမေ့သား ဗင်းဆင့်ရယ်" ဟု မိခင်က ရေရွတ်သည်။ သူသည်သား၏ တစ်ကိုယ်လုံးကို သိမ်းကြုံးပြီးကြည့်သည်။ အထူးသဖြင့် မျက်နှာ အမူအရာကို စေ့စပ်စွာအကဲခတ်သည်။ သူ့သားက သူ့အားအပြုံးနှင့်နှုတ်ဆက်သော်လည်း သား၏အပြုံးသည် အသက်မပါသည့်နှယ် ရင်ထဲကခံစားရ၏။

အန်နာ ကော်နီလီယာကာဘင်တပ်စ်သည် ဟော့ဂ်မြို့သူဖြစ်၏။ သူမ၏ဖခင်မှာ "ဘုရင့်စာအုပ်ချုပ်တော်" အဖြစ် နာမည် တစ်လုံးနှင့်ထင်ရှားကျော်ကြားခဲ့သူဖြစ်သည်။ သူမ၏ဖခင်ဝီလျံကာဘင်တပ်စ်၏ စာအုပ်ချုပ်လုပ်ငန်းသည် များစွာတိုးတက်ဖွံ့ဖြိုးလာခဲ့သည်။ အထူးသဖြင့် ဟော်လန်နိုင်ငံ၏ ပထမဆုံးအခြေခံဥပဒေစာအုပ်ကြီးအား ချုပ်ပေးရန် သူ့အား ရွေးချယ်အပ်နှံလိုက်သည့်

အခါ သူ့နာမည်သည် တစ်နိုင်ငံလုံးတွင် လူသိများကျော်ကြား ထင်ရှားလာခဲ့လေသည်။

ကာဘင်တပ်စ်၏သမီးများထဲမှ တစ်ဦးသည် ဗင်းဆင့်၏ဦးလေး ဗင်းဆင့်ဗင်ဂိုးနှင့် ရခဲ့ပြီး တတိယသမီးသည် အမ်စတာဒမ်မြို့မှ အလွန်ကျော်ကြားသော ဘုန်းတော်ကြီး စထရစ်ကားနှင့် အိမ်ထောင်ကျခဲ့သည်။

အန်နာကော်နီလီယာသည် သဘောကောင်းသော အမျိုးသမီးတစ်ဦးဖြစ်၏။ ဤကမ္ဘာလောကကြီးထဲတွင် မကောင်းမှုများကိုမမြင်၊ သိလည်းမသိ၊ သူမအနေဖြင့် လူတို့၏ အားနည်းချက်များ၊ မက်မောတွယ်တာမှုများ၊ အခက်အခဲများနှင့် ဆင်းရဲဒုက္ခများကိုသာသိသည်။ သီအိုဒိုးရပ်စ်ဗင်ဂိုးမှာလည်း သဘောမနောကောင်းသူပင်ဖြစ်၏။ သို့သော်လည်း မကောင်းမှုများ အကြောင်းကို စေ့စေ့စပ်စပ်သိသည်။ သိသည်နှင့်အမျှ မကောင်းမှုအားလုံးကို ပယ်သည်။

ဗင်ဂိုးမိသားစုအိမ်တွင် စားသောက်ခန်းသည် အိမ်၏အလယ်တည့်တည့်၌ရှိသည်။ ကြီးမားသောစားပွဲကြီးသည် မိသားစုတစ်စုလုံး စားသောက်အပြီး ပန်းကန်ခွက်ယောက်များကို ရှင်းလင်းအပြီးတွင် သူတို့၏ မိသားစုစကားဝိုင်း ကျင်းပရာနေရာဖြစ်သွားသည်။ ထိုညတွင်လည်း စားသောက်ပြီး သည်နှင့် တပြိုင်နက် မိသားစုသည် ဝိုင်းဖွဲ့၍ စကားပြောဖြစ်ကြသည်။

အန်နာကော်နီလီယာသည် သူ့သားဗင်းဆင့်၏မျက်နှာကိုကြည့်ကာ သောကဝင်လျက်ရှိသည်။ သူ့မျက်စိထဲတွင် သူ့သားသည် ပိန်သွားသည်။ ပြီးတော့သူ့သား၏ ပြုမူနေထိုင်ပုံသည် သွက်လက်ရွင်ပျခြင်းမရှိ။

"ဘာဖြစ်သလဲ ဗင်းဆင့်" ဟု ညလယ်စာ စားအပြီးတွင် အမေကမေးသည်။ "မင့်ကိုကြည့်ရတာ မရွှင်မလန်းနဲ့ နေမကောင်းသလိုပဲ"

ဗင်းဆင့်က စားပွဲ၌ထိုင်နေကြသည့် အန်နာ၊ အယ်လီဇာဘက်နှင့် ဝီလီမိယင်တို့အား လှမ်းကြည့်သည်။ သူ့ညီမငယ်များဟု သူသိထားသူများဖြစ်သော်လည်း သူနေထိုင်ခဲ့သည်မှာ အားလုံးနှင့်ခပ်စိမ်းစိမ်းဖြစ်သည်။

"ဘာမှ မဖြစ်ပါဘူး မေမေ" ဟုသူက ပြန်ဖြေသည်။ "သားနေကောင်းပါတယ်"

"မင်း လန်ဒန်မှာနေရတာ ပျော်ရဲ့လား" ဟု သူ့အဖေက မေးသည်။ "တကယ်လို့ မင်းမပျော်ဘူးဆိုရင် မင်းဦးလေးဗင်းဆင့်နဲ့ ပြောပေးမယ်၊ အဖေပြောလိုက်ရင်သူကတော့ မင့်ကို ပါရီမြို့က ဆိုင်တစ်ဆိုင်ကို ပြောင်းပေးမှာပါ"

ဗင်းဆင့်သည် လှုပ်လှုပ်ရွရွဖြစ်သွားသည်။ "မလုပ်ပါနဲ့ ဖေဖေ

မပြောလိုက်ပါနဲ့" ဟု ရေရွတ်သည်။ "ကျွန်တော် လန်ဒန်က ဝေးရာကိုမသွားချင်သေးပါဘူး" သူသည် သူ့စိတ်ကို ပြန်လည်တည်ငြိမ်သွားအောင်ကြိုးစား သည်။ "ဦးလေးဗင်းဆင့်က ကျွန်တော့်ကို ပြောင်းပေးချင်စိတ်ရှိရင် သူ့ဖာသာသူစဉ်းစားပြီးမှ လုပ်မယ်လို့ထင်ပါတယ်"

"အေးပါလေ၊ မင်းသဘောအတိုင်းပါပဲ" ဟု သူ့အဖေက ပြောသည်။

"ဟိုကလေးမပဲဖြစ်မှာပါ" ဟု သူ့မိခင်က စိတ်ထဲမှကြိတ်၍ ပြောသည်။ "သူဘာကြောင့် ဒီလိုစာမျိုးတွေရေးခဲ့တယ်ဆိုတာ အခုမှပဲ ငါသဘောပေါက်မိတယ်"

ဇွန်ဒတ်ရွာအနီးတွင် ထင်းရှူးတောနှင့် ဝက်သစ်ချတောများရှိ၏။ တောင်ကုန်းအမြင့်ပေါ်၌ တည်ရှိသော သစ်တောများဖြစ်သည်။ ဗင်းဆင့် သည် နေ့စဉ်လိုလိုပင် အနီးအနားရှိ တောအုပ်များနှင့် လယ်ကွင်းများအတွင်း တစ်ယောက်တည်း လမ်းလျှောက်ရင်းအချိန်ဖြုန်းသည်။ အများအားဖြင့် ကုန်းမြင့်များပေါ်မှနေ၍ အနိမ့်ပိုင်းထဲရှိ ရေကန်များဆီသို့ ငေးမောတွေဝေနေ တတ်သည်။

သူ့စိတ်အာရုံပြောင်းလဲမှုအတွက် ဖြေသိမ့်စရာ အလုပ်တစ်ခုမှာ ပန်းချီဆွဲခြင်းဖြစ်၏။ သူသည် ပန်းခြံများအားကြည့်၍ ပုံကြမ်းများရေးဆွဲသည်။ စနေနေ့မွန်းလွဲပိုင်းကျလျှင် အိမ်ပြတင်းပေါက်မှလှမ်းမြင်နေရသော စျေးခင်းကို ကြည့်ကာ သူစိတ်ဝင်စားသောပုံများကို ရေးဆွဲသည်။ ပန်းချီကားတစ်ချပ်ရေးဆွဲနေခိုက်မှာတော့ သူ့စိတ်ထဲတွင် အာဆူလာသည် ကွယ်ပျောက်နေတတ်၏။

ဖခင်ဖြစ်သူသည် သူ၏အကြီးဆုံးသားက သူ့ခြေရာကို နင်းဖို့ စိတ်မဝင်စားသည့်အတွက်များစွာ စိတ်ထိခိုက်ခဲ့ရ၏။ တစ်ညနေခင်းတွင် သူတို့သားအဖသည် နာဖျားမကျန်းဖြစ်နေသော လယ်သမားတစ်ဦးအား သွားကြည့်ကြသည်။ အပြန်ခရီးတောအုပ်တည်ရာ ကုန်းပေါ်သို့အရောက်တွင် သားအဖနှစ်ယောက်သည် မြင်းရထားပေါ်မှဆင်းကာ အညောင်းပြေလမ်းလျှောက်လာခဲ့ကြလေ၏။

နေသည် ထင်းရှူးပင်များ၏ နောက်ကွယ်သို့ လျှောဆင်းလျက်ရှိသည်။ ညနေခင်း၏မိုးကောင်းကင်အလှသည် ရေကန်ထဲ၌ ထင်ဟပ်နေသည်။ ကုန်းတန်းနှင့် အဝါရောင်သဲများသည် သဟဇာတဖြစ်လှချေသည်။

"အဖေ့ရဲ့ဖခင်ဟာ သင်းအုပ်ဘုန်းကြီးတစ်ပါးပဲ ဗင်းဆင့်၊ အဖေကတော့ မင်းကို အဲသလိုဖြစ်လာလိမ့်မယ်လို့ အမြဲတန်းမျှော်လင့်နေတုန်းပဲ"

"ကျွန်တော် အဲသလို အဖြစ်မျိုးပြောင်းလဲသွားချင်လိမ့်မယ်လို့ အဖေကဘာ့ကြောင့်ထင်နေရတာလဲ"

"အဖေက မင်းလုပ်ချင်စိတ်ပေါ်လာရင်ဆိုတဲ့ မျှော်လင့်ချက်နဲ့ ပြောတာပါ။ တကယ်လို့ မင်းတက္ကသိုလ်တက်ရင်လည်း မင်းဦးလေး ဂျွန်နဲ့နေလို့ ရမှာပါ။ မင်းရဲ့ပညာရေးနဲ့ပတ်သက်လို့လည်း ဘုန်းတော်ကြီး စထရစ်ကားက ညွှန်ကြားပေးနိုင်မှာပါ"

"အဖေက ဂေါပစ်လ် ပန်းချီအရောင်းဆိုင်ကထွက်ဖို့ အကြံပေးနေတာလား"

"အို မဟုတ်ပါဘူး၊ ဒါပေမယ်လို့ မင်းဟိုမှာ လုပ်ရတာ မပျော်ဘူးဆိုရင်၊ အဖေဆိုလိုတာက တစ်ခါတလေ လူတွေဟာစိတ် အပြောင်းအလဲရှိတတ်ကြတော့"

"ကျွန်တော်သိပါတယ်၊ ဒါပေမယ့် ဆိုင်အလုပ်က ကျွန်တော်ထွက်ဖို့ စိတ်မကူးဘူး"

သူလန်ဒန်သို့ပြန်သည့်နေ့တွင် သူ့အမေနှင့်အဖေက မြင်းရထားနှင့် ဘရီဒါဘူတာအထိ လိုက်ပို့ကြသည်။ "အမေတို့ မင့်ဆီစာရေးရင် အရင်လိပ်စာနဲ့ပဲရေးရမလား ဗင်းဆင့်" ဟု အန်နာကော်နီလီယာကမေးသည်။

"မဟုတ်တော့ဘူး မေမေ၊ ကျွန်တော်နေရာပြောင်းတော့မှာ"

"အေးကွာ လွိုင်ယာမိသားစုဆီက ရွှေ့တော့မယ်ကြားလို့ အဖေကတော့ ဝမ်းသာတယ်" ဟု သူ့အဖေက ပြောသည်။ "အဖေကတော့ သူတို့မိသားစုကို သိပ်သဘောမကျဘူး။ သူတို့မှာ လျှို့ဝှက်ချက်တွေ များလွန်းတယ်"

ဗင်းဆင့်တစ်ကိုယ်လုံးတင်းခနဲဖြစ်သွားသည်။ သူ့အမေက သူ့လက်တစ်ဘက်ကို အသာအယာလှမ်းကိုင်ပြီး တီးတိုးလေသံဖြင့် ပြောသည်။ "စိတ်မညစ်ပါနဲ့သားရယ်၊ နောက်ပိုင်းကျရင် ဒတ်ချ်မိန်းကလေး တစ်ယောက်နဲ့ အိမ်ထောင်ကျပြီး အခြေတကျဖြစ်သွားမှာပါ။ အာဆူလာဆိုတဲ့ မိန်းကလေးဟာ အမွေသားအတွက် အဆင်ပြေမှာမဟုတ်ပါဘူး၊ သူဟာ မင်းနဲ့ စိတ်တူကိုယ်တူဖြစ်မယ်လို့ အမေ မထင်ဘူး"

သူ့ကိစ္စကို သူ့အမေဘယ်လိုနည်းနဲ့သိသွားပါလိမ့်။ သူသည်တအံ့တသြဖြစ်နေမိလေသည်။

(၆)

ဤတစ်ခေါက် လန်ဒန်ပြန်ရောက်သည့်အခါ ဗင်းဆင့်သည် ကင်ဆင်တန်နယူးလမ်းထဲတွင် သန့်ရှင်းသပ်ရပ်သော အခန်းတစ်ခန်းငှားနေသည်။ အိမ်ရှင်အဖွားကြီးမှာ ညစဉ်ရှစ်နာရီထိုးလျှင် အိပ်ရာဝင်စမြဲ။ အိမ်ထဲတွင် အမြဲတစေ တိတ်ဆိတ်ငြိမ်သက်လျက်ရှိ၏။ ဗင်းဆင့်အဖို့တော့ အလွန်တိတ်ဆိတ်နေသော ညလယ်တွင် ပြင်းထန်သော တိုက်ပွဲတစ်ပွဲနှင့် အပြင်းအထန်ရင်ဆိုင်တိုက်ခိုက်နေရသည်။ သူသည် လွိုင်ယာထဲသို့ အပြေးအလွှားသွားတွေ့ချင်လှပါ၏။ သို့သော်လည်း ဖြစ်နိုင်သည့်ကိစ္စမဟုတ်။ သူသည် တံခါးကို သော့ခတ်ကာအိပ်တော့မည်ဟု စိတ်နှလုံးဒုံးဒုံးချလိုက်သည်။ သို့သော်လည်း နောက်ဆယ့်ငါးမိနစ် အကြာတွင်မူ သူသည် လမ်းမပေါ်၌ အပြေးအလွှားသွားနေသည်။ အာဆူလာထံသို့ သွားနေခြင်းပေတည်း။

အာဆူလာ၏ အိမ်နှင့်တစ်လမ်းအကွာသို့ ရောက်သည့်အခါတွင်မူ အထဲသို့ ဝင်ရမည့်အရေးကိုမတွေးဝံ့၊ အာဆူလာ၏မျက်နှာကိုမြင်ချင် ပါလျက်နှင့် မမြင်ရသည့်အတွက် စိတ်ခံစားမှုသည် နာကျင်လွန်းလှ၏။ ထိုနာကျင်မှုဝေဒနာသည် ပြင်းထန်လွန်းလှခဲ့သည်။ မိမိမြင်လိုတွေ့လိုသည့် လူကိုမမြင်ရမတွေ့ရခြင်းသည် ဆင်းရဲလွန်းလှပါဘိခြင်း။

စိတ်၏ဆင်းရဲခြင်းတည်းဟူသော ဒုက္ခဝေဒနာကိုခံစားရခြင်းသည် သူ့အဖို့ထူးဆန်းသော အရာတစ်ခုဖြစ်လာသည်။ ယင်းစိတ်ခံစားမှုကို အကြောင်းပြု၍ သူ့စိတ်နေစိတ်ဓာတ်သည်လည်း ပြောင်းလဲမှုများရှိလာခဲ့၏။ သူ့အနေဖြင့် အခြားလူများ၌ ဒုက္ခဝေဒနာခံစားနေရသည်ကို မြင်ရတွေ့ရ သိရပါကလည်း သူ့စိတ်တွင် ထိခိုက်ကြေကွဲလွယ်သည်။ ထို့ပြင်လည်း သူ့ပတ်ဝန်းကျင်၌ရှိနေသည့် အပေါစား အညံ့စားအရာမှန်သမျှနှင့် အနှစ်သာရ ကင်းမဲ့သော အောင်မြင်မှုများအပေါ် စက်ဆုပ်ရွံရှာသော စိတ်ထားလည်း ဝင်ရောက်လာသည်။

ထိုအချိန်မှစ၍ သူသည် ပန်းချီအရောင်းပြခန်းအတွက် တန်ဖိုးမရှိသော လူတစ်ယောက်ဖြစ်လာသည်။ ဝယ်သူများက သူတို့ရွေးထားသည့် ပန်းချီကားကိုပြ၍ သူ၏ထင်မြင်ချက်ကိုတောင်းခံပါက သူ့အမြင်တွင် တန်ဖိုးမရှိသည့်ကားဟု ထင်လျှင် ထိုပန်းချီကားမှာ လုံးဝတန်ဖိုးမရှိကြောင်း ပြောင်ပြောင်တင်းတင်း ပြန်ပြောလေ့ရှိရာ ဝယ်သူများက မဝယ်ကြတော့ပေ။

သူ့အနေဖြင့် တကယ့် 'ဘဝသရုပ်ဖော်ပန်းချီများ' နှင့် ပန်းချီဆရာများက သူတို့၏စိတ်ခံစားမှုအပြည့်ဖြင့် ရေးဆွဲထားသော 'ခံစားမှုပန်းချီကားများ' ကိုသာလျှင် တန်ဖိုးရှိသောပန်းချီကားများဟု အသိအမှတ်ပြု၍ ပြောလေ့ရှိသည်။

အောက်တိုဘာလ၏ ရက်တစ်ရက်တွင် ဝတ်ကောင်းစားလှနှင့် ကိုယ်လုံးကိုယ်ထည် တုတ်တုတ်ခိုင်ခိုင် အမျိုးသမီးကြီးတစ်ယောက်သည် ဆိုင်တွင်းသို့ ဝင်လာသည်။ သူမ၏ အိမ်သစ်တွင် အလှအပတန်ဆာဆင်ရန် ပန်းချီကားများဝယ်လိုသဖြင့် ရွေးချယ်ပြသပေးရန် ဗင်းဆင့်အားပြောသည်။

"မင်းတို့ဆိုင်မှာရှိနေတဲ့ ပန်းချီကားတွေထဲက အကောင်းဆုံးဆိုတဲ့ကားတွေကိုပဲလိုချင်တယ်" ဟု အမျိုးသမီးကြီးကပြောသည်။ "ငွေကြေးတန်ဖိုးဘယ်လောက်ပဲကျကျပေးမယ်၊ ငါ့အိမ်ည့်ခန်းထဲက နံရံတွေမှာ ချိတ်မှာဆိုတော့ အဆင်ပြေအောင်ရွေးပေးကွယ်"

ဗင်းဆင့်သည် တစ်နေ့ခင်းလုံး အချိန်ကုန်ခံကာ ပန်းချီကားများကို ရွေးချယ်ပေးခဲ့၏။ ရမ်းဘရန့်၏ပန်းချီကား၊ တားနား၏ဗင်နီရှိယန်ရေဆေးပန်းချီကား၊ သိုင်းမားရစ္စ၊ ကိုရော့ထ်နှင့်ဒေါ်ဘစ်နီစသည့်ပန်းချီဆရာတို့၏ပန်းချီကားများဖြစ်သည်။ သူ့စိတ်ထဲတွင် အကောင်းဆုံးဟု ယူဆမိသောကားများချည်းဖြစ်သည်။

သို့သော်လည်း အမျိုးသမီးကြီးသည် သူရွေးချယ်ပေးသမျှ အကောင်းဆုံးပန်းချီကားများကို တစ်ကြိမ်သာကြည့်ပြီး ပယ်ပစ်သည်သာဖြစ်၏။ နာရီပေါင်းများစွာ ကုန်သွားပြီဖြစ်သော်လည်း မိန်းမကြီးသည် စိတ်တိုင်းကျ ပန်းချီကားကို တစ်ချပ်မှ မရသေး။ ဗင်းဆင့်၏မျက်စိထဲတွင် ဝဝပြပြနှင့်ထူတူတူ အ တတနိုင်လှသော မိန်းမကြီးသည် စိတ်ပျက်စရာဖြစ်လာသည်။ သူ့စိတ်ထဲမှလည်း လူလတ်တန်းစားလောကမှ မိမိကိုယ်ကိုမိမိအထင်ကြီးသော မိုက်မဲမှုပိုင်ရှင်တစ်ဦးမျှသာဖြစ်သည်ဟု သိလာသည်။

ထိုအခိုက်မှာပင် မိန်းမကြီးက "ဟာ တွေ့ပြီ . . . ဟိုမှာ" ဟု ရေရွတ်ကာ ပန်းချီကားတစ်ချပ်ကိုပြသည်။ "အကောင်းဆုံးကားတစ်ကားကို ငါရပြီ"

"အင်း . . . ခင်ဗျားရဲ့မျက်စိတွေကို ပိတ်ပြီး ရွေးရင်တောင်မှ ဒီလောက်ဆိုးဝါးညံ့ဖျင်းပြီး အသုံးမကျတဲ့ပန်းချီကားမျိုးကို ရနိုင်မယ်မထင်ဘူး"ဟု ဗင်းဆင့်က ရွံရှာစက်ဆုပ်သော လေသံဖြင့် ပြောသည်။

မိန်းမကြီးသည် ထိုင်နေရာမှ နှေးကွေးလေးလံစွာထရပ်သည်။ ဗင်းဆင့်

အား စူးစူးဝါးဝါးကြည့်သည်။ သူမ၏မျက်နှာသည် နီရဲနေသည်။

"ဘာကွယ့်" ဟု မိန်းမကြီးက ဒေါသတကြီး ရေရွတ်သည်။ "မင်းက ငါ့ကို ဘယ်လိုစကားပြောလိုက်တာလဲ ဟင်၊ အတော့်ကို ရိုင်းစိုင်းတဲ့ တောသားပါလား"

မိန်းမကြီးသည် ဆိုင်ထဲမှ စိတ်ဆိုးမာန်ဆိုးဖြင့် ထွက်သွားသည်။ ဖြစ်သမျှကို အစအဆုံးမြင်တွေ့လိုက်ရသော မစ္စတာအိုဘားသည် အကြီးအကျယ် စိတ်ပျက်သွားသည်။ "ဗင်းဆင့်ရယ် မင်းဘာဖြစ်နေသလဲ" ဟု ပြောသည်။ "မင်း ဒီတစ်ပတ်ထဲမှာ ပစ္စည်းရောင်းတာ အဆင်ကိုမပြေဘူး၊ အခုလည်း ဟိုမိန်းမကြီးကို ရိုင်းရိုင်းစိုင်းစိုင်း ပြောလွှတ်လိုက်တယ်"

"ဒီမယ် မစ္စတာ အိုဘား၊ ကျွန်တော် မေးခွန်းတစ်ခုမေးချင်တယ်၊ ခင်ဗျားဖြေမလား"

"အေး ဘာလဲ၊ ဘာမေးမှာလဲ မေး။ ငါကိုယ်တိုင်ကလည်း မင်းကို မေးစရာမေးခွန်းနည်းနည်းပါးပါးရှိနေတယ်"

ဗင်းဆင့်သည် မိန်းမကြီးရွေးထားခဲ့သည့် ပန်းချီကားများကို ဘေးသို့ တွန်းဖယ်လိုက်ပြီး စားပွဲပေါ်သို့ လက်နှစ်ဖက်ထောက်ကာ မေးခွန်းထုတ်သည်။

"လူတစ်ယောက်ဟာ သူ့ဆီကိုရောက်ရောက်လာပြီး အညံ့ဆုံး၊ အစုတ်ဆုံး၊ မကောင်းဆုံးဆိုတဲ့ ပန်းချီကားတွေ ရွေးဝယ်နေကြတဲ့ ငတုံး၊ ငအာ၊ ငကြောင်တွေကို ပန်းချီကားတွေ မဝယ် ဝယ်အောင်ရောင်းပေးနေရတဲ့ အလုပ်ထဲမှာ သူ့ဘဝတစ်ခုလုံး မြုပ်နှံထားရတာ မှန် မမှန်ဘယ်လိုဆုံးဖြတ်ရမလဲ၊ အဲဒီမေးခွန်းကိုဖြေနိုင်ရင်ဖြေစမ်းပါ"

အိုဘားကတော့ ဗင်းဆင့်၏မေးခွန်းကိုဖြေဖို့မကြိုးစား။ "အေး ဒီမှာ ဒါမျိုးတွေ ဖြစ်လာတယ်ဆိုရင်တော့ ခက်တယ်" ဟု ပြန်ပြောသည်။ "ဒီလိုဆိုရင်တော့ ငါ့အနေနဲ့ မင်းဦးလေးဆီစာရေးပြီး မင့်ကို နောက်တစ်နေရာကို ရွှေ့ခိုင်းရလိမ့်မယ်၊ ငါ့လုပ်ငန်းကို ဖျက်ဆီးမယ့်လူကိုတော့ ဆိုင်မှာ ငါမထားနိုင်ဘူး"

ဗင်းဆင့်က အိုဘား၏စကားကိုအလေးအနက်မထားဟန်ဖြင့် လက်ကို ယမ်းလိုက်သည်။ "အဖိုးမတန်တဲ့ ပန်းချီကားတွေကိုရောင်းပြီး အမြတ်ငွေများများရဖို့ဟာ ဘယ်လိုနည်းနဲ့မှ မဖြစ်နိုင်ဘူး မစ္စတာအိုဘား။ ဒီကိုရောက်လာကြတဲ့ ငွေကြေးတတ်နိုင်သူတွေဟာ ပန်းချီနဲ့ပတ်သက်လို့ နကန်းတစ်လုံးမှမသိတဲ့ လူတွေချည်းပဲ။ ဒီလူတွေမှာ အသိဉာဏ်လည်းကင်းမဲ့ကုန်တာဟာ ဒီငွေကြောင့် ပဲလား။ အဲဒါတော့ ကျွန်တော်မသိဘူး။ ဆင်းရဲလွန်းလို့ ငွေကြေး မတတ်နိုင်သူတွေ

ကျတော့ ပန်းချီကားကောင်းတွေကို သိကြပါရဲ့၊ မဝယ်နိုင်ကြရှာဘူး”

အိုဘားက ဗင်းဆင့်၏မျက်နှာကို အထူးအဆန်းတစ်ခုသဖွယ် ပါးစပ်အဟောင်းသားဖြင့်ကြည့်နေသည်။ “အခုမင်းပြောနေတာ ဘာစကားတွေလဲ၊ ဆိုရှယ်လစ်ဝါဒအကြောင်း တရားဟောနေတာလား” ဟု မလိုတမာသံဖြင့် ပြန်မေးသည်။ ထိုနေ့ညနေခင်း အလုပ်ခွင်မှနေ၍ အိမ်ပြန်ရောက်သည့်အခါ ဗင်းဆင့်သည် စားပွဲပေါ်မှ ‘ရီနန်၏စာအုပ်’ ကို ယူသည်။ သူမှတ်ထားသည့် စာမျက်နှာကိုလှန်၍ ဖတ်သည်။

“လူတစ်ယောက်သည် ဤကမ္ဘာလောကကြီးအတွင်း၌ ကောင်းမွန်စွာ နေထိုင်သွားနိုင်ရေးအတွက် သူ့စိတ်သူ ‘သတ်’ ထားရ ပေလိမ့်မည်။ တစ်နည်းအားဖြင့် သူ့ ‘အတ္တ’ ကို သတ်ထားရန်လိုအပ် ပေသည်။ ဤလူ့လောကကြီးအတွင်း၌ မှီတင်းနေထိုင်လျက်ရှိသော လူသည် သူတစ်ဦးအတွက်သာယာပျော်ရွှင်မှု တစ်ခုတည်းကိုသာ ရရှိရန် ရည်မှန်းထား၍မဖြစ်။ ရိုးသားဖြောင့်မတ်စွာကျင့်ကြံနေထိုင် ပြုမူဆောင်ရွက်သွားနေရုံမျှဖြင့်လည်း မလုံလောက်။

“လူ့ဘောင်လူ့ဘဝကြီးတစ်ခုလုံးအတွက် တည်ရှိနေသည့်ကြီးကျယ်မြင့်မြတ်သော အရာများကိုလည်း သိရှိနားလည် သဘောပေါက်နေရန် လိုအပ်လှပေသည်။ လူ့လောကထဲ၌ရှိနေသည့် မြင့်မြတ်မှု ကိုလည်း သိမြင်နားလည်အောင်၊ ရရှိအောင်ကြိုးပမ်းရပေမည်။ အခြားလူများ၏ ဘဝများထဲ၌ တည်ရှိနေသည့် အောက်တန်းကျမှု၊ ယုတ်နိမ့်မှု နှင့်ကြမ်းတမ်းရိုင်းစိုင်းမှုများထက် သာလွန်သောအဆင့်၌ ရှိနေရန်လည်း ကြိုးစားအားထုတ်ရပေမည်”

ခရစ္စမတ်ပွဲမတိုင်မီ တစ်ပတ်အလိုခန့်တွင် လွိုင်ယာမိသားစုသည် အလွန်လှပသော ခရစ္စမတ်သစ်ပင်ကို အိမ်ထဲ၌ လှပစွာဖြင့် ပြင်ဆင်ခင်းကျင်းထားသည်။ ဗင်းဆင့်သည် ထိုသစ်ပင်ကို အိမ်ရှေ့ဖြတ်သွားတိုင်း ပြတင်းပေါက်မှနေ၍ မြင်တွေ့နေရ၏။ တစ်ညတွင်မူ သူသည် လွိုင်ယာမိသားစုအိမ်ရှေ့မှ ထုံးစံအတိုင်းလျှောက်လာခဲ့ရာ တစ်အိမ်လုံးမီးများဖြင့် ထိန်ထိန်ညီးနေသည်ကို သာမက အိမ်ရှေ့တံခါးမှ အထဲသို့ဝင် ဝင်သွားနေကြသော အိမ်နီးနားချင်းများကိုပါ မြင်နေရလေသည်။

အိမ်ထဲမှ ရယ်မောသံများကိုပါ ကြားနေရ၏။ လွိုင်ယာမိသားစုသည် ခရစ္စမတ်ပွဲတော်အတွက် ပါတီပွဲလေးတစ်ခု ကျင်းပနေခြင်းပေတည်း။ ဗင်းဆင့်သည် သူ့နေအိမ်သို့ အလျင်အမြန် ပြန်သွားပြီး မုတ်ဆိတ်များရိတ်သည်။ အဝတ်သစ်များ ကပျာကသီလဲပြီး ချက်ပ်ဟမ်လမ်းဆီသို့ အမြန်ဆုံးပြန်လာ

ခဲ့သည်။ အိမ်ရှေ့ရောက်သည့်အခါတွင်မူ သူသည် ရုတ်တရက်မဝင်ရဲ၊ မိနစ်ပေါင်းအတန်ကြာမျှ ရပ်ကာစဉ်းစားခြိန်ဆလျက်ရှိလေ၏။

ယခုပွဲသည် ခရစ္စမတ်ပွဲဖြစ်၏။ သနားကရုဏာထားခြင်းနှင့် ခွင့်လွှတ်ခြင်းတို့သည် လူအများ၏ပတ်ပတ်လည် လေထုထဲတွင် ပျံဝဲနေခြိန်ဖြစ်သည်။

သူသည် အိမ်ရှေ့လှေကားမှ တက်သွားပြီးတံခါးကို ခေါက်သည်။ ခန်းမထဲမှလျှောက်လာနေသော ခြေသံနှင့် ညည့်ခန်းထဲသို့ တစ်စုံတစ်ရာ လှမ်းပြောသံများကြားလိုက်ရသည်။ သူကြားခဲ့ရဖူးသော အသံများဖြစ်၏။

တံခါးသည် ပွင့်သွားသည်။ အတွင်းမှ မှန်အိမ်မီးရောင်သည် သူ့မျက်နှာထက်သို့ ကျလာသည်။ သူသည် တံခါးဝ၌ရပ်နေသော အာဆူလာကို ကြည့်သည်။ ဤမျှလောက်လှနေသည့် အာဆူလာကို သူမမြင်ရသည်မှာ ကြာခဲ့ပြီ။

"အာဆူလာ"

သူ့အသံသည် တုန်ယင်နေသည်။ လှိုက်လှိုက်လှဲလှဲ ဆွေးဆွေးမြေမြေလည်းရှိလှပါ၏။ အာဆူလာကတော့ သူ့ကိုမြင်လိုက်ကတည်းက မျက်နှာထားပြောင်းသွားသည်။ ပန်းခြံထဲတွင် သူနှင့် စကားပြောခဲ့ရစဉ်က မျက်နှာထားမျိုးဖြစ်၏။

"ရှင် ဒီကိုမလာပါနဲ့၊ ပြန်ပါ"

သူ့ရှေ့မှာပင် တံခါးသည် ကျောင်းခနဲမြည်ဟီးကာ ပိတ်သွားသည်။

နောက်တစ်နေ့နံနက်တွင် သူသည် သင်္ဘောနှင့် ဟော်လန်နိုင်ငံသို့ ပြန်လာခဲ့လေသည်။

ခရစ္စမတ်ပွဲကာလသည် ဂေါပစ်လ်ပန်းချီအရောင်းပြခန်းများအဖို့ အလုပ်အများဆုံးရာသီဖြစ်သည်။ မစ္စတာအိုဘားသည် ဗင်းဆင့်၏ဦးလေး ဗင်းဆင့်ထံသို့ အကျိုးအကြောင်းစာလှမ်းရေးသည်။ ဦးလေးဗင်းဆင့်ကလည်း ချက်ချင်းပင် သူ့တူအား ပါရီမြို့ ရူချက်ပ်တယ်လ်လံမ်းရှိ ပင်မအရောင်းဆိုင်ပြခန်းသို့ ပြောင်းရွှေ့ပေးမည်ဟု ဆုံးဖြတ်လိုက်လေ၏။

ဗင်းဆင့်ကတော့ တည်ငြိမ်အေးဆေးသောလေသံဖြင့် ပန်းချီရောင်းဝယ်ရေးလုပ်ငန်းတွင် သူစိတ်မဝင်စားတော့သဖြင့် ဆက်လက်၍ မလုပ်လိုတော့ဟု ပြောသည်။ ဦးလေးဗင်းဆင့်သည် အံ့အားလည်းသင့်သည်။ စိတ်လည်းထိခိုက်သည်။ နောင်တွင် ဗင်းဆင့်အတွက် သူလုံးဝတာဝန်မယူတော့ဟုလည်း လူသိရှင်ကြားပြောသည်။ သို့သော်လည်း အားလပ်ရက်များကုန်ဆုံးသွားချိန်တွင် ဦးလေးဗင်းဆင့်သည် သူပြောထားသည့်စကားကို မေ့ပစ်လိုက်သည်။ သူ့နာမည်

နှင့်သူ့ဂုဏ်သိက္ခာများကို ထောက်ထားကာ သူ့တူဗင်းဆင့်အား ဒေါ်ဒရတ်ချ်မြို့ရှိ ဘလတ်ဆီနှင့် ဘရမ်းစာအုပ်ဆိုင်တွင် အရောင်းစာရေးအဖြစ်တာဝန်ပေးခဲ့ပြန်သည်။ ဦးလေးဗင်းဆင့်နှင့် တူ ဗင်းဆင့်တို့ နှစ်ဦးကြားတွင် ထိုကိစ္စသည် နောက်ဆုံးဆက်ဆံရေးပင်ဖြစ်ချေသည်။

ဗင်းဆင့်သည် ဒေါ်ဒရတ်ချ်မြို့တွင် လေးလနီးပါးကြာမျှ နေထိုင်ခဲ့သည်။ ထိုကာလအတွင်း သူသည် ပျော်သည်လည်းမဟုတ်၊ မပျော်ပါဟုလည်း ပြော၍မရ၊ သူ့ဘဝတွင် အောင်မြင်ပါသည်ဟုလည်း သတ်မှတ်၍မရ၊ အောင်မြင်မှုဟူ၍ လုံးဝမရှိဟုလည်းဆို၍မရ၊ သူ့စိတ်သည် ဒေါ်ဒရတ်ချ်တွင်မရှိ။

စနေတစ်ညတွင် သူသည် ဒေါ်ဒရတ်ချ်မှထွက်သော နောက်ဆုံးရထား ကိုစီး၍ ဩဒင်ဘော့ချ်မြို့သို့ ထွက်ခဲ့သည်။ ထိုမှတစ်ဆင့် သူ့ဇာတိ ဇွန်ဒတ်သို့ ခြေလျင်လျှောက်၍ ပြန်လာခဲ့၏။ ညသည် အေးမြလျက်ရှိသည်။ ကုန်းတန်းကလေးပေါ်မှ မြင်နေရသော ရှုခင်းသည် လှပလွန်းလှ၏။ တောရိုင်းပန်းနုံများသည် သင်းပျံ့လျက်ရှိသည်။

မှောင်မိုက်နေသော်လည်း သူ့မျက်လုံးများသည် ပတ်ဝန်းကျင်ရှိ ထင်းရှူးတောများနှင့် ကုန်းရိုးခင်တန်းများကို ခွဲခြား၍မြင်သည်။ သူ့ဖခင်၏ စာကြည့်ခန်းနံရံ၌ ချိတ်ဆွဲထားသည့် 'ဘော့ဒ်မား၏ရှုခင်းပန်းချီကား' ကိုမြင်ယောင်လာသည်။ ကောင်းကင်ပြင်တွင် တိမ်များဖုံးလွှမ်းလျက်ရှိသော်လည်း ကြယ်များသည် ထိုတိမ်များမှထိုးထွက်ကာ လင်းလက်နေကြ၏။ ဇွန်ဒတ်ရွာဘုရားရှိခိုးကျောင်းအနီးရှိ သုသန်မြေပေါ်သို့ သူခြေချမိချိန်တွင် မိုးမလင်းသေး၊ အလွန်စောနေသေးသည်။ အလှမ်းကွာဝေးသောနေရာရှိ ကျုံခင်းများဆီမှ မိုးစွေငှက်များ၏တေးဆိုသံများကို သူကြားနေရလေသည်။

သူ့မိခင်နှင့်ဖခင်တို့သည် အိမ်ပြန်ရောက်လာသော ဗင်းဆင့်အပေါ် နားလည်ကြသည်။ သူတို့၏ သားသည် ခက်ခဲသော အချိန်ကာလတစ်ခုနှင့် ရင်ဆိုင်ဖြတ်သန်းနေရသည်ဟု သိထားကြသည်။ ထိုနှစ်နွေရာသီတွင် သူတို့မိသားစုသည် အက်တင်မြို့သို့ ပြောင်းခဲ့ကြ၏။ အက်တင်မှာ ဇွန်ဒတ်နှင့် ကီလိုမီတာ အနည်းငယ်မျှသာကွာသည့် စျေးမြို့ကလေးတစ်မြို့ဖြစ်သည်။ ဤမြို့ကလေးရောက်သည့်အခါ မြို့သူမြို့သားများက သီအိုဒိုးရပ်စ်အား 'ကျောင်းဆရာ' ဟု အမည်သစ်ပေးကြလေသည်။

အက်တင်သည် မြို့ငယ်ကလေးမျှသာဖြစ်သော်လည်း အလွန်ကြီးမားဘဉ်သစ်ပင်ကြီးများ ဝိုင်းရံနေသော ပန်းခြံကြီးတစ်ခုရှိသည်။ ဘရီဒါမြို့နှင့်

ဆက်သွယ်သည့်မီးရထားလမ်းလည်းရှိသည်။ သီအိုဒိုးရပ်စ်အဖို့တော့ အခြေအနေတစ်ဆင့်မျှ တိုးတက်မြင့်မားလာသည်ဟု ဆိုရမည်ဖြစ်၏။

ထိုနှစ်ဆောင်းဦးတွင် ဗင်းဆင့်အဖို့ အရေးကြီးသော ဆုံးဖြတ်ချက်တစ်ခု ချမှတ်ရန်လိုအပ်လာပြန်သည်။ အာဆူလာသည် ယနေ့အချိန်ထိ လက်မထပ်သေး။

"ငါ့သား အနေနဲ့ ဒီဆိုင်တွေမှာ အလုပ်ဝင်လုပ်လို့ ဖြစ်မယ်မထင်ဘူး။ ဒီအလုပ်တွေက မင့်စိတ်နဲ့ကိုက်မယ်မထင်ဘူး ဗင်းဆင့်"ဟု သူ့အဖေက ပြောသည်။ "မင်းစိတ်က ဘုရားသခင်ရဲ့အလုပ်တွေကို လုပ်ဖို့လမ်းညွှန်နေတာ"

"ကျွန်တော်သိတယ် အဖေ"

"ဒီလိုသိနေရင် ဘာကြောင့် မင်း အမ်စတာဒမ်ကိုသွားပြီး ပညာမသင်တာလဲ"

"ကျွန်တော်သင်ချင်ပါတယ်၊ ဒါပေမယ့် . . . . . "

"မင့်စိတ်ထဲမှာ ချီတုံချတုံဖြစ်နေသလား"

"ဟုတ်တယ်၊ ဘာကြောင့်လဲဆိုတာကိုတော့ ကျွန်တော်အခုလောလောဆယ်ရှင်းမပြနိုင်သေးဘူး။ ကျွန်တော့်ကို အချိန်တော့ နည်းနည်းထပ်ပေးပါဦး"

တစ်ရက်တွင် သူ့ဦးလေးဂျန်သည် အက်တင်မြို့မှ ဖြတ်အသွားလမ်းကြုံသဖြင့် သူတို့ထံဝင်လာသည်။ "မင်း အမ်စတာဒမ်ကို လာနေမယ်ဆိုရင် ငါ့အိမ်မှာ မင်းအတွက် အခန်းတစ်ခန်းပေးထားမယ်" ဟု ဂျန်ကပြောသည်။

"ဆရာတော် စထရစ်ကားကလည်း မင့်အတွက် ဆရာကောင်းတွေရဖို့ တာဝန်ယူမယ်လို့ တို့ဆီ စာရေးထားတယ်" ဟု သူ့အမေကပါ ဝင်ပြောသည်။

သူ့အနေဖြင့် အားလုံး၏ စကားကို မစဉ်းစားဘဲနေ၍မဖြစ်။ အမ်စတာဒမ် တက္ကသိုလ်တွင် ပညာကောင်းကောင်းရနိုင်သည်ကို သူသိသည်။ ဗင်ဂိုးနှင့်စထရစ်ကား မိသားစုများကလည်း သူ့အား နွေးနွေးထွေးထွေး လက်ခံကြိုဆိုကြလိမ့်မည်။ အားပေးသမှုပြုကြလိမ့်မည်။ 'ငွေကြေး၊ စာအုပ်နှင့် နားလည်မှု' စသော အရာများကိုလည်း ပေးကြလိမ့်မည်။

သို့သော်လည်း သူပြတ်ပြတ်သားသား မဆုံးဖြတ်နိုင်၊ အာဆူလာသည် အခုအချိန်ထိ အင်္ဂလန်မှာပင်ရှိနေသေးသည်မဟုတ်လား။ ပြီးတော့ လက်မထပ်သေး။ သူ ဟော်လန်မှာသာနေလျှင် အာဆူလာနှင့် နီးစပ်ခွင့်ရမည်မဟုတ်၊ သူသည် အင်္ဂလိပ်သတင်းစာများကို ဖတ်သည်။ "အလိုရှိသည်" ဟူသော

ကြော်ငြာများကိုကြည့်၍ အလုပ်များလျှောက်သည်။ နောက်ဆုံးတွင် လန်ဒန်မြို့တော်မှ မီးရထားနှင့်သွားလျှင် နာရီဝက်ခန့်နှင့် ရောက်နိုင်သည့်ရမ်စ်ဂိတ် အမည်ရှိ ပင်လယ်ဆိပ်ကမ်းမြို့ကလေးတစ်မြို့တွင် ကျောင်းဆရာအလုပ်ကို ရခဲ့လေသည်။

(၇)

မစ္စတာ စတုတ်၏ကျောင်းသည် ကြီးမားကျယ်ပြန့်သော မြေကွက်လပ်ကြီးပေါ်၌တည်ရှိသည်။ ကျောင်းအလယ်တွင် မြက်ခင်းကွင်းပြင်ကြီးတည်ရှိပြီး ပတ်ပတ်လည်တွင် သံလက်ရန်းများဖြင့် ကာရံထားသည်။ ကျောင်းတွင် အသက်ဆယ်နှစ်မှ ဆယ့်လေးနှစ်အရွယ် ကလေးသူငယ် ယောကျ်ားလေး နှစ်ဆယ့်လေး ယောက် ရှိလေသည်။

ဗင်းဆင့်၏တာဝန်မှာ ကျောင်းသားများအား ပြင်သစ်၊ ဂျာမန်နှင့်ဒတ်ချ် ဘာသာစကားများသင်ကြားပေးရန်ဖြစ်၏။ ထို့ပြင်လည်း စာသင်ချိန်လွန်သည့် အခါ ကျောင်းသားများအား ကြည့်ရှုစောင့်ရှောက်ပေးရသည်။ စနေနေ့ညတိုင်း ကျောင်းသားများအား သန့်ရှင်းရေးလုပ်ခိုင်းရသည်။ ယင်းလုပ်ငန်းများအတွက် သူသည် နေစရာနှင့် စားစရာများရသော်လည်း လစာမှူ၍ကား တစ်ပြားမှ မရပေ။

ရမ်စ်ဂိတ်မြို့သည် ပျင်းရိငြီးငွေ့စရာကောင်းလှ၏။ သို့သော်လည်း ဗင်းဆင့်၏စိတ်နှင့်ကတော့ ကိုက်သည်။ အာဆူလာထံမှရရှိခဲ့သော စိတ်ဒုက္ခ ဝေဒနာလက်ဆောင်သည် မှေးမှိန်ပျောက်ကွယ်သွားခြင်းမရှိဘဲ တဖြည်းဖြည်းနှင့် ရှင်သန်ကြီးထွားလာခဲ့သည်ဖြစ်ရာ ယခုအခါတွင် သူ၏အချစ်ဆုံးအဖော်မွန် တစ်ယောက်သဖွယ်ဖြစ်နေခဲ့လေပြီ။

ဗင်းဆင့်သည် ထိုလက်ဆောင်ကို ရင်ဝယ်ပိုက်ရင်း အာဆူလာအား သူ့ဘေးခ်ဳ အမြဲထားသည်။ သူအလွန်ချစ်သော မိန်းကလေးနှင့် အတူတူလက်တွဲ၍ မနေရပါက သူ့အဖို့ ဘယ်နေရာမှာပဲနေရ နေရ အကြောင်းထူးလာစရာမရှိ။ ဤလောကခ်ဳ သူအတောင့်တဆုံးအရာမှာ သူနှင့်အာဆူလာတို့၏အကြားတွင် ဘယ်သူမှ ရောက်မလာစေလိုခြင်းသာဖြစ်၏။

"လစာသဘောမျိုး ငွေလေးနည်းနည်းပါးပါးလောက်မပေးနိုင်ဘူးလား၊ မစ္စတာစတုတ်"ဟု ဗင်းဆင့်ကမေးသည်။ "ဆေးလိပ်နဲ့အဝတ်ကလေး ဝယ်ဖို့လောက် ရရင်ဖြစ်ပါတယ်"

"မပေးနိုင်ဘူး၊ ကျုပ်အနေနဲ့ အဲဒါမျိုးလုပ်ပေးဖို့ လုံးဝတာဝန်မယူဘူး" ဟု မစ္စတာစတုတ်က ပြန်ပြောသည်။ "ကျုပ်အနေနဲ့ နေစရာနဲ့စားစရာပေးရင် ဆရာတွေအများကြီးရနိုင်တယ်"

ဤသို့ဖြင့် သူအလုပ်ခွင်သို့ဝင်ရောက်ခဲ့ပြီးနောက် ပထမဆုံး စနေနေ့ နံနက်တွင် စောစောစီးစီး အိပ်ရာမှထကာ ရမ်စ်ဂိတ်မြို့မှ လန်ဒန်သို့ ခြေလျင်ခရီး ထွက်ခဲ့သည်။ အလွန်ကွာဝေးသော ခရီးရှည်ကြီးတစ်ခုကို လျှောက်ရခြင်းဖြစ်၍ ရာသီဥတုကလည်း ညနေခင်းအထိ တောက်လျှောက်ပူလျက်ရှိ၏။

နောက်ဆုံးတွင် သူသည် ကင်တာတာရီ ဘုရားရှိခိုးကျောင်းကြီးသို့ ဆိုက်ရောက်ခဲ့ရာ အလယ်ခေတ်ဘုရားရှိခိုးကျောင်းကြီး၏ ပတ်ပတ်လည်ရှိ သစ်ပင်အိုကြီးများ၏ အရိပ်တွင် အမောပြေရပ်နားခဲ့သည်။ ထို့နောက် ခရီးကို မရပ်မနားဆက်ခဲ့ရာ သစ်ပင်ကြီးများ ဝိုင်းရံအုပ်ဆိုင်းနေသည့် ရေကန်ကလေး တစ်ကန်သို့ ဆိုက်ရောက်သွားသည်။ မိုးချုပ်သွားပြီဖြစ်သဖြင့် သူသည် ထိုနေရာ၌ မနက်လေးနာရီထိုးအထိ အိပ်သည်။ မနက်အရုဏ်တက်ချိန်တွင် သာယာစွာ တွန်ကျူးနေကြသော ငှက်သံများသည် သူ့အားအိပ်ရာမှနိုးလာစေသည်။

ထိုနေ့မွန်းလွဲပိုင်းတွင် သူသည် ချက်သမ်သို့ရောက်ခဲ့သည်။ ထိုနေရာ အရောက်တွင် အနီမ့်ပိုင်းမြက်ပင်များအပေါ် ရေလွှမ်းနေပြီး မီးသင်္ဘောများ လှုပ်ရှားသွားလာနေသည့်သိမ်းမြစ်ကို လှမ်း၍မြင်တွေ့နေရလေပြီ။ ညနေစောင်းသော် ဗင်းဆင့်သည် လန်ဒန်မြို့တော် ဆင်ခြေဖုံးရပ်ကွက်များအတွင်းသို့ ခြေချမိခဲ့လေပြီ။

သူ ဘာကြောင့် အင်္ဂလန်သို့ပြန်လာခဲ့ရပါသနည်း။ အာဆူလာနှင့် အဆက်အသွယ်မပြတ်လို၍ဖြစ်သည်။ အခုလည်း သူ့မြင်ကွင်းတွင်းသို့ အာဆူလာ၏နေအိမ်သည် ဝင်လာခဲ့ပြီ။ အင်္ဂလန်မှာနေသမျှ ကာလပတ်လုံး အာဆူလာသည်သူ့အာဆူလာပင်ဖြစ်သည်ဟု စိတ်ထဲ၌ ခံစားနေရသဖြင့် သူ့နှလုံးသားသည်ခုန်ခဲ့ရပြန်၏။

သူသည် သူ့ရင်ခုန်သံကို ငြိမ်သက်သွားအောင် မလုပ်နိုင်၊ သူသည် သစ်ပင်ကြီးတစ်ပင်၌မှီ၍ရပ်ကာ အာဆူလာ၏အိမ်ဆီသို့ တွေဝေငေးမောနေသည်။ အချိန်တွေမည်မျှလောက်ကုန်သွားသည်ကို သူသတိမထားမိ။

နောက်ဆုံးတွင် ညှဉ်ခန်းမီးများပိတ်သွားသည်။ ထို့နောက် အာဆူလာ၏အိပ်ခန်းထဲမှ မှန်အိမ်မီးရောင် . . . . . ။

မကြာမီ တစ်အိမ်လုံးမှောင်ကျသွားသည်။ ဗင်းဆင့်သည် နှေးကွေးလေးလံသော ခြေလှမ်းများဖြင့် ချက်သမ်လမ်းပေါ်အတိုင်း တရွေ့ရွေ့ပြန်လျှောက်လာသည်။ သူ့အမြင်အာရုံထဲမှ နေအိမ်ပျောက်ကွယ်သွားသည်နှင့် တပြိုင်နက် သူ အာဆူလာကို နောက်တစ်ဖန် လက်လွတ်ဆုံးရှုံးခဲ့ရပြန်ပြီဟု သိလာသည်။

သူသည် အာဆူလာနှင့် သူလက်ထပ်ကြသည့်အဖြစ်ကို စိတ်ကူးယဉ်မိ၏။ အာဆူလာသည် ပန်းချီအရောင်းသမားတစ်ဦး၏ ဇနီးအဖြစ်မဟုတ်။ သူ့အပေါ်သစ္စာစောင့်သိသော၊ အလွန်နားအေးပါးအေးနေတတ်သည့် မယားအဖြစ်သာမြင်သည်။ အီဗန်ဂျယ်လစ္စဘာသာဝင်တစ်ဦး၏ ဇနီးဘဝဖြင့်သူနှင့်အတူ လက်တွဲကာဆင်းရဲသားများနေထိုင်ရာ ရပ်ကွက်တွင်းမှ လူများအား ကူညီစောင့်ရှောက်ပေးနေသည့် မယားအလိမ္မာတစ်ယောက်အဖြစ်သာမြင်သည်။

သူသည် သီတင်းပတ် စနေနေ့တိုင်းလိုလို လန်ဒန်သို့ ခြေလျင်သွားသည်။ သို့သော်လည်း တနလ်ာနေ့ မနက် စာသင်ချိန်များကို အမှီပြန်ဖို့ကားမလွယ်ပေ။ တစ်ခါတစ်ရံ သူသည် သောကြာနေ့နှင့်စနေနေ့ နှစ်ညတိတိ အသားကုန် လမ်းလျှောက်ရသည်။ သို့မှသာလျှင် တနင်္ဂနွေနေ့မနက် အိမ်မှထွက်၍ ဘုရားရှိခိုးကျောင်းသို့သွားသော အာဆူလာကို မြင်ခွင့်ရသည်မဟုတ်ပါလား။

သူ၏ခြေလျင်ခရီးတွင် ငွေကြေးတစ်ပြားမှမပါသဖြင့် အစားအသောက်လည်းဝယ်မစားနိုင်၊ တည်းခိုခန်းတစ်ခုခုတွင်လည်းဝင်ရောက်နားခို၍မရ။ ဆောင်းရာသီဝင်လာသည့်အခါတွင်မူ သူသည်အအေးဒဏ်ကိုအလူးအလဲခံရသည်။ တနလ်ာနေ့မနက် အရုဏ်တက်ချိန်ခန့်တွင် သူသည် ရမ်စ်ဂိတ်မြို့သို့ပြန်လည်ဆိုက်ရောက်လာလေ့ရှိရာ ထိုအချိန်တွင် သူ့တစ်ကိုယ်လုံးသည် အအေးဒဏ်ကြောင့် ခိုက်ခိုက်တုန်နေသည်။ မနားမနေလျှောက်လာခဲ့ရသည့် ခရီးကြောင့်များစွာ ပင်ပန်းနွမ်းနယ်လျက်ရှိ၏။ တစ်လမ်းလုံးဘာမှ မစားခဲ့ရသဖြင့် အပြင်းအထန်ဆာလောင်မွတ်သိပ်လျက်ရှိသည်။ ထိုဒဏ်များမှ ပြန်လည်၍ ထူထူထောင်ထောင်ဖြစ်လာရန်အတွက် တစ်ပတ်လုံးလုံး အားပြန်မွေး ရသည်။

လအနည်းငယ်မျှအကြာတွင် သူသည် မစ္စတာဂျူးအမည်ရှိ ခရစ်ယာန်သင်းအုပ်ဘုန်းကြီးထံ၌ လက်ရှိအခြေအနေထက်ပိုမိုကောင်းမွန်သော

အလုပ်ကိုရခဲ့သည်။ ကျောင်းမှာ အိုက်စ်ဝေါ်သ်ဒ်တည်ရှိသော မက်သဒစ်ကျောင်းဖြစ်၍ ဘုန်းကြီးမစ္စတာဂျုံး၏နယ်မြေမှာ ကြီးမားကျယ်ပြန့်သော နယ်မြေဖြစ်၏။ သူသည် ဗင်းဆင့်အား ကျောင်းဆရာအဖြစ် အလုပ်ခန့်ထားခဲ့ခြင်းဖြစ်သော်လည်း မကြာခင်မှာပင် တောပိုင်းဒေသတာဝန်ခံ လက်ထောက်သင်းအုပ်အဖြစ် ခန့်ထားပေးခဲ့လေသည်။

ဗင်းဆင့်၏စိတ်ကူးယဉ်အိပ်မက်သည် ပြောင်းလဲသွားခဲ့ပြီ။ အာဆူလာသည် ဆင်းရဲသားရပ်ကွက်တွင်း၌အလုပ်လုပ်နေသော အီဗန်ဂျယ်လစ္စတာသာဝင်တစ်ဦး၏ဇနီးမဟုတ်တော့၊ တောပိုင်းဒေသ၌ တာဝန်ကျနေသော သင်းအုပ်ဆရာ၏ဇနီးဖြစ်နေပြီ၊ သူ့အမေက သူ့အဖေအား ကူညီပေးနေသကဲ့သို့ အာဆူလာက မိမိအားကူညီလျက်ရှိ၏။ ဂေါပစ်လ်ပန်းချီကားအရောင်းဆိုင်၏ အရောင်းစာရေးဘဝမှလူသားတို့၏ အကျိုးဖြစ်ထွန်းမှုအတွက် လုပ်ကိုင်နေသော သူ့လုပ်ငန်းကို အလွန်သဘောကျသည့်မယားကောင်း တစ်ယောက်ဖြစ်နေပြီ။

အမှန်တော့ အာဆူလာ၏မင်္ဂလာလက်ထပ်ပွဲသည် ယခင်ကထက်ပို၍နီးကပ်လာနေပြီဖြစ်၏။ သို့သော်လည်း ဗင်းဆင့်ကတော့ ထိုအချက်ကို အသိအမှတ်မပြု။ အာဆူလာနှင့်လက်ထပ်မည့်သူသည် အမှန်တကယ်ရှိ နေသည်ဟု သူ့အတွင်းစိတ်က လက်ခံထားသော်လည်း အပေါ်ယံအားဖြင့် ထိုလူသည်လုံးဝမရှိဟု ယူဆထားသည်။ အာဆူလာက သူ့အား ငြင်းပယ်ခဲ့ခြင်းသည် သူ့ဘက်က ချို့ယွင်းချက်အချို့ရှိနေ၍ ဖြစ်လိမ့်မည်ဟု အမြဲတစေ တွေးခဲ့၏။ ယင်းချို့ယွင်းချက်ကို သူကိုယ်တိုင်ပြင်မှဖြစ်မည်ဟုလည်း သူယူဆသည်။ ဘုရားသခင်၏အလုပ်တာဝန်များကိုယူ၍ ဘုရားသခင်အား အလုပ် အကျွေးပြုသော နည်းသည် သူ့ချို့ယွင်းချက်ကိုပြုပြင်ရာ၌ အကောင်းဆုံးနည်းလမ်းတစ်ခုဖြစ်လိမ့်မည်ထင်၏။

မစ္စတာဂျုံး၏ဆင်းရဲနွမ်းပါးသော ကျောင်းသားများသည် လန်ဒန်မြို့မှလာကြခြင်းဖြစ်သည်။ သူ့အလုပ်ရှင်သည် ဗင်းဆင့်အား ကျောင်းသားမိဘများ၏ လိပ်စာများကို ပေး၍ ကျောင်းလခကောက်စေသည်။ ဗင်းဆင့်သည် လခများကို သွားရောက်ကောက်ခံရာ၌ ခြေလျင်သွား၍ ကောက်ခံရခြင်းဖြစ်၏။ သူသည် ကျောင်းသားမိဘများအား ဝိုက်ချက်ပဲလ်ရပ်ကွက်အလယ်တွင်တွေ့ရ၏။ လမ်းများပေါ်တွင် အနံ့အသက်များကမကောင်း၊ မိသားစု များမှာလည်း ကျဉ်းမြောင်းသောအခန်းများထဲတွင် မဆန့်မပြဲနေကြရခြင်းဖြစ်၏။ ငတ်မွတ်ခြင်းနှင့်နာဖျားမကျန်းဖြစ်ခြင်းများသည် မိသားစုတိုင်းအားနှိပ်စက် နေကြလေသည်။

မိသားစုအများစု၏ ဖခင်များသည် အစိုးရက စျေးကြီးများတွင် မရောင်းရဟု တားမြစ်ပိတ်ပင်ထားသည့် ရောဂါမကင်းသော အသားများကို ရောင်းချခြင်းဖြင့် အံသက်မွေးကြသည်။ ဗင်းဆင့်ရောက်သွားသည့်အခါများတွင် အဝတ်အထည်ပင် လုံလောက်အောင်မဝတ်နိုင်၍ အအေးဒဏ်ခံနေကြရသော မိသားစုများကိုမြင်တွေ့ရသည်။ အများအားဖြင့် ကလေး၊ လူကြီး၊ ယောကျ်ား၊ မိန်းမအားလုံးသည် အဝတ်အစား စုတ်စုတ်ပြတ်ပြတ်နှင့် ချည်းသာဖြစ်သည်။ သူတို့စားသောက်နေကြသည့် အစားအသောက်များမှာလည်း လတ်လတ်ဆတ်ဆတ်များမဟုတ်။ အများအားဖြင့် ပေါင်မုန့်ခြောက်များနှင့်အနုံအသက်မကောင်းတော့သည့် အသားကြော်များသာဖြစ်၏။ တစ်ခါတရံတွင် သူသည် သူတို့ပြောပြသည့် သူတို့၏ ဆင်းရဲဒုက္ခများနှင့် ရုန်းကန်လှုပ်ရှားရမှုများကို အချိန်များစွာအကုန်ခံ၍ စိတ်ရှည်လက်ရှည်နားထောင်လေ့ရှိသည်။

သူသည် လန်ဒန်သို့ သွားရခြင်းအတွက် စိတ်ပျက်ခြင်းမဖြစ်၊ ပျော်ပင်ပျော်နေလိုက်သေးသည်။ တခြားကြောင့်တော့မဟုတ်၊ သူချစ်လွန်းလှသည့် အာဆူလာတို့အိမ်ရှေ့မှ ဖြတ်သန်းသွားလာခွင့်ရရှိနေ၍ဖြစ်၏။ မည်သို့ပင်ဖြစ်စေ ဝိုက်ချက်ပဲလ်လမ်းဘက်ရှိ ဆင်းရဲသားရပ်ကွက်များအတွင်းမှ လူတို့၏ အခြေအနေသည် သူ့စိတ်ကိုများစွာ ထိခိုက်စေခဲ့၏။ ဤလူများသည် သူ့စိတ်ထဲ၌ အမြဲတစေကိန်းအောင်းနေသည့်အာဆူလာကိုပင် မောင်းထုတ်နိုင်စွမ်းရှိနေသည်။ တစ်ခါတရံတွင် ဤလူများအကြောင်းကို နက်နဲစွာစဉ်းစားနေမိသည့်အတွက် အာဆူလာတို့အိမ်တည်ရှိရာ ကကက်ဟင်လမ်းဘက်မှဖြတ်၍ ပြန်ရန်ကိုပင် သတိမရတော့ချေ။ အများအားဖြင့် ကျောင်းလခသွား၍ ကောက်ခံသောဗင်းဆင့်သည် သူ့အလုပ်ရှင်မစ္စတာဂျုံးအတွက် ကြေးနီပြားတစ်ဖာသင်မျှပင်မရဘဲ ပြန်လာရ စမြဲဖြစ်၏။

ကြာသပတေးနေ့တစ်ညနေခင်းတွင် သင်းအုပ်ကြီး မစ္စတာဂျုံးသည် ပြုလုပ်နေကျတရားပွဲ၌ သူ့လက်ထောက်သင်းအုပ် ဗင်းဆင့်အား သူ့ကိုယ်စားတရားဒေသနာဟောပြောရန် တာဝန်ပေးသည်။ "မင့်ဆီမှာ ဟောပြောဖို့အတွက် ရေးထားတဲ့ တရားစာတွေရှိတယ်မဟုတ်လား၊ အဲဒီအထဲက တစ်ပုဒ်ရွေးပြီး ဟောပေါ့ကွာ၊ ငါ သိပ်ပင်ပန်းနေလို့ ခိုင်းရတာပါ။ ပြီးတော့လည်း တစ်နေ့ကျရင် သင်းအုပ်ဘုန်းကြီးတစ်ပါးဖြစ်လာနိုင်တဲ့ မင့်ရဲ့အရည်အသွေးကိုလည်း ငါအကဲခတ်ချင်လို့ပါ" ဟု မစ္စတာဂျုံးက ပြောသည်။

ဤသို့ဖြင့် ဗင်းဆင့်သည် တရားဟောစင်မြင့်ပေါ်သို့ တက်ခဲ့ရ၏။

သူ့တစ်ကိုယ်လုံး ထူပူနေသည်။ မျက်နှာမှာလည်း နီရဲနေသည်။ ရုတ်တရက် ဘာကစ၍ဘယ်လိုပြောရမည်ကိုမသိ။ သူ့အသံသည် ပြာတာတာ ကပ်တပ်တပ် နှင့် ထစ်တီးထစ်ငေါ့. . . . . ။ သူစာရွက်ပေါ်၌ ချရေးထားခဲ့သည့်တရားစာပိုဒ်များကို ချက်ခြင်းမမှတ်မိ။ သို့သော်လည်း အရှိန်ရလာသည့်အခါ သူနှုတ်မှ စကားလုံးများသည် ဟိုတစ်စသည်တစ်စ ထွက်လာသည်။

တရားပွဲပြီးသွားသည့်အခါ မစ္စတာကျုံးက "မင်းဟောသွားတာသိပ်ကောင်းတယ်ဟေ့" ဟုပြောသည်။ "လာမယ့်အပတ်ကျရင်တော့ ငါမင်းကို ရစ်ချ်မွန်ကိုလွှတ်ရမယ်"

ဆောင်းဦး၏သာယာသောနေ့တစ်နေ့တွင် ဗင်းဆင့်သည် အိုက်စ်ဝေါ်သ် မှ ရစ်ချ်မွန်သို့သွားရာ သိမ်းမြစ်၏ဘေးမှလမ်းအတိုင်း လျှောက်လာခဲ့သည်။ ပြာသောကောင်းကင်နှင့် သစ်အယ်ပင်ကြီးများ၏ အဝါရောင်သန်းနေသော သစ်ရွက်များသည် သိမ်းမြစ်ရေပြင်တွင် ပီပြင်စွာ ထင်ဟပ်နေကြသည်။

ရစ်ချ်မွန်မှလူများက ဒတ်ချ်ဓမ္မဆရာ၏တရားကို နာကြားလိုကြကြောင်း မစ္စတာကျုံးထံသို့ စာရေးခဲ့ကြ၏။ ထို့ကြောင့်လည်း သဘောကောင်းသောမစ္စတာကျုံးက ဗင်းဆင့်အား အခွင့်ကောင်းကို လက်မလွှတ်စေလိုသောစေတနာဖြင့် ယခုလိုလွှတ်လိုက်ခြင်းဖြစ်သည်။ အမှန်တော့ 'တမ်ဟင်ဂရင်း'ရှိ မစ္စတာကျုံး၏ဘုရားရှိခိုးကျောင်းသည် အရေးပါသောကျောင်းဖြစ်၏။ ခရစ်ယာန်ဘာသာဝင်ဦးရေမှာလည်း အလွန်များပြား၏။ ဗင်းဆင့်အနေဖြင့် ထိုသင်းအုပ်နယ်မြေတွင်းမှ ပရိသတ်ကိုသာ တရားဟောပြောနိုင်မည်ဆိုပါက နောက်ပိုင်းကာလတွင် ဘယ်နေရာကိုပဲသွား၍ ဟောဟော အောင်မြင်မှုရလိမ့်မည်မှာမလွဲပေ။

ဗင်းဆင့်သည် ထိုနေ့က ပရိသတ်အားဟောပြောရန်အတွက် ဆာလံကျမ်းစာပိုဒ် ၁၁၉ : ၁၉ ကိုရွေးချယ်ခဲ့သည်။ "ငါသည်ဤကမ္ဘာမြေကြီးပေါ်၌ သူစိမ်းတစ်ယောက်မျှသာဖြစ်၏။ သင်၏ပညတ်တော်များအား ငါမသိနားမလည်အောင် ဖုံးကွယ်မထားပါလေနှင့်" ဟူသော အပိုဒ်ဖြစ်လေသည်။

သူသည် ထိုတရားကို လူငယ်တစ်ဦးပီပီ ပြင်းပြသောစေတနာ၊ ထက်သန်သောစိတ်ဖြင့် ရိုးရိုးစင်းစင်းကလေးဟောပြောခဲ့သည်။ သူ၏ငယ်ရွယ်နုပျိုမှု၊ ပြင်းထန်သော ဆန္ဒ၊ ထိထိခိုက်ခိုက်ရှိစေနိုင်သည့် လေသံနှင့်ဟန်အမူအရာ၊ ကြည်လင်စူးရှသောမျက်လုံးများ၏အကြည့် စသည်တို့ကြောင့် တရားနာပရိသတ်အဖို့ အလွန်နှစ်သက်စရာ ကောင်းသည့် ဓမ္မဆရာဖြစ်ခဲ့

ရလေ၏။ ပရိသတ်အများစုသည် သူ့အား ဝိုင်းအုံကာ လက်ဆွဲနှုတ်ဆက်ကြသည်။ ကျေးဇူးတင်စကား ပြောကြသည်။ သူကလည်း ဖော်ရွေသော အပြုံးဖြင့် တုံ့ပြန်ခဲ့၏။ ဘုရားရှိခိုးကျောင်းထဲမှ လူအားလုံးထွက်သွားကြသည့်အခါ ဗင်းဆင့်သည် နောက်ဖက်တံခါးမှထွက်ကာ လန်ဒန်သို့သွားရာ လမ်းပေါ်သို့ ရောက်သွားခဲ့လေသည်။

မမျှော်လင့်ပဲ မုန်တိုင်းတစ်ခုကျလာသည်။ သူသည် ဦးထုပ်နှင့် အပေါ်ဝတ်ကုတ်အင်္ကျီများကိုယူမလာမိ။ သိမ်းမြစ်ရေသည် ဝါကျင့်ကျင့်အရောင်သို့ ကူးပြောင်းသွားပြီ။ အထူးသဖြင့် ကမ်းစပ်ဘက်ရှိရေများသည် ဝါရောင်သမ်းကာ နောက်ကျိလာကြသည်။ မိုးကုပ်စက်ဝိုင်းဆီတွင်မူ လင်းလျက်ရှိ၏။ သို့သော် လည်း ထိုအလင်းရောင်၏အပေါ်ဘက်တွင် တိမ်မည်းတိမ်ပုပ်များ အုံ့ဆိုင်း နေသည်။ နောက်တစ်ခဏအတွင်းမှာပင် မိုးသည် သည်းထန်စွာရွာသွန်း လာသည်။ သူ့တစ်ကိုယ်လုံးရွဲရွဲစိုသွားသည်။ သူသည် အနီးအနားတွင် မိုးခိုရန် စိတ်မကူး။ လမ်းအတိုင်းမြန်မြန်သွက်သွက်လျှောက်သွားသည်။

နောက်ဆုံးတွင် သူရောက်လိုသော ပန်းတိုင်သို့ အောင်မြင်စွာ ဆိုက်ရောက်သွားခဲ့သည်။ သူသည် အာဆူလာ၏ခြေရင်း၌ ဝပ်စင်းရန်လာခဲ့ခြင်း မဟုတ်ပါလော . . . . . ။

မိုးစက်များသည် လမ်းပေါ်မှ ဖုန်များပေါ်သို့ တဖွဲဖွဲကျဆင်းနေကြသည်။ ခြုံပင်နွယ်ပင်များသည် ယိမ်းနွဲ့လှုပ်ရှားနေကြ၏။ ခပ်လှမ်းလှမ်းတွင် ရှိနေသောမြို့ကို သူမြင်နေရပြီ။ သူသည် လန်ဒန်မြို့တွင်းသို့ ဝင်ရောက်လာခဲ့သည်။ သူ့မျက်နှာတွင် မိုးရေများစီးကျနေကြသည်။ ရေစိုနေသောရှူးဖိနပ်များဆီမှ တစွိစွိမြည်သံများကြားနေရ၏။ လွိုင်ယာ မိသားစုအိမ်ရှေ့သို့ သူရောက်သွားသည့်အခါ မွန်းတိမ်းနေပေပြီ။

မှုန်မှိုင်းမှိုင်းအမှောင်ရိပ်များသည် ကျဆင်းစပြုနေပြီ။ ဗင်းဆင့်သည် အိမ်နှင့် ခပ်လှမ်းလှမ်းကတည်းက ဂီတသံများကြားနေရသည်။ တယောသံများ ပေတည်း၊ သူသည် အုံ့ဩတွေဝေစိတ်ဖြင့် ဘာများလုပ်နေကြပါလိမ့်ဟု စဉ်းစားသည်။ အိမ်နှင့်မနီးမဝေးအရောက်တွင် အခန်းတိုင်း၌ မီးများထိန်ထိန်လင်းနေသည်ကို သတိပြုမိသည်။ အိမ်ရှေ့မိုးပေါက်များအောက်တွင် မြင်းရထားအတော်များများရပ်ထားသည်ကိုလည်း မြင်ရ၏။ ဗင်းဆင့်သည် ထီးတစ်လက်ဆောင်း၍ မြင်းလှည်းပေါ်၌ ထိုင်နေသော မြင်းရထားသမားထံသို့ ချဉ်းကပ်သွားသည်။

"ဒီအိမ်ထဲမှာ ဘာလုပ်နေကြတာလဲ" ဟု မေးသည်။

"မင်္ဂလာလက်ထပ်ပွဲလေ"

ဗင်းဆင့်သည် မြင်းရထားကိုမှီ၍ ရပ်နေသည်။ သူ့ဆံပင်နီနီများကြားမှ မိုးစက်များသည် သူ့မျက်နှာထက်သို့ စီးဆင်းနေကြသည်။ ခဏမျှအကြာတွင် အိမ်ရှေ့တံခါးသည် ပွင့်သွားသည်။ အိမ်ထဲမှ ထွက်လာသည့်အာဆူလာနှင့် အရပ်မြင့်မြင့် ကိုယ်ခန္ဓာခပ်သွယ်သွယ်ပိုင်ရှင်ယောကျ်ားတစ်ယောက် . . . ။ ဧည့်ခန်းထဲမှ ဧည့်ပရိသတ်အုပ်စုသည် သူတို့နောက်မှလိုက်ပါလာကြသည်။ အားလုံးရယ်ကြမောကြ၊ အော်ကြ၊ ဟစ်ကြ၊ ဆန်များကြဲကြ . . . ။

ဗင်းဆင့်သည် မြင်းရထားကိုကွေ့ပတ်ကာ မျှောင်ရိပ်တစ်ခုသို့ ဝင်ခိုလိုက်သည်။ အာဆူလာနှင့် သူ့ခင်ပွန်းသည် မြင်းရထားပေါ်သို့ တက်ထိုင်ကြသည်။ မြင်းရထားသမား၏လက်ထဲမှ ကြာပွတ်သည် မြင်းများပေါ်သို့ ကျရောက်သွားသည်။ ရထားဘီးများသည် ဖြည်းဖြည်းသာသာလိမ့်သွားသည်။

ဗင်းဆင့်သည် ရှေ့သို့ခြေနှစ်လှမ်း သုံးလှမ်းမျှတိုး၍ ရပ်လိုက်သည်။ မြင်းရထားပြတင်းမှနေ၍ အတွင်းကိုမြင်နေရ၏။ အာဆူလာသည် သူ့ယောကျ်ား၏လက်များထဲတွင် တင်းကြပ်စွာပွေ့ပိုက်ခြင်းခံနေရသည်။ ပြီးတော့ နှုတ်ခမ်းချင်းထိတွေ့နေသည့် အနမ်း . . . ။ မြင်းရထားသည် ဗင်းဆင့်နှင့် ဝေးကွာသွားသည်။

ဗင်းဆင့်၏နှလုံးသားပေါ်တွင် ထိုပုံရိပ်သည် ထင်ရှားပြတ်သားစွာ ကျန်ရစ်ခဲ့သည်။ သူသည် နှေးကွေးလေးလံသော ခြေလှမ်းများဖြင့် အဆက်မပြတ် ရွာနေဆဲဖြစ်သော မိုးရေများအောက်တွင် ဖြည်းဖြည်းချင်းလျှောက်၍ အိုက်စ်ဝေါ်သို့ပြန်သည်။ အိုက်စ်ဝေါ်သို့ ရောက်လျှင်ရောက်ချင်း သူ့ပစ္စည်းအားလုံးကိုသိမ်းဆည်းသည်၊ ထို့နောက် အင်္ဂလန်နိုင်ငံအား ရာသက်ပန်ခွဲခွာသွားခဲ့လေ၏။

■

Unity Publishing House

စာအုပ် (၁)

ဘိုရင်းနိတ်

(၁)

ရေတပ်မတော်မှ ဒုတိယဗိုလ်ချုပ်ကြီး ကျိုဟန်နက်စ်ဗင်ဂိုးသည် ရေတပ်အိမ်ယာစခန်းအတွင်းရှိ သူ့အိမ်ထဲ၌ရပ်နေသည်။ သူသည် ရေတပ်တွင် အမြင့်ဆုံးသော ရာထူးကြီးတစ်ခုပိုင်ရှင်ဖြစ်၍ နေအိမ်မှာ အခမဲ့ရထားသော အိမ်ဖြစ်သည်။ သူသည် သူ့ထံသို့ ရောက်လာသော သူ့တူ၏ဂုဏ်သိက္ခာကို အရေးတယူအလေးပေးသည့်အနေဖြင့် ရာထူး ယူနီဖောင်းဝတ်စုံကို အကျအန အပြည့်အစုံဝတ်ဆင်ထားသည်။ ပခုံးနှစ်ဖက်၌ တပ်ဆင်ထားသည့် ရွှေရောင် ပန်းပွားများသည် ဝင်းလက်နေကြလေသည်။

"မင်းအခုလို ရောက်လာတဲ့အတွက် ဦးလေးဝမ်းသာတယ် ဗင်းဆင့်" ဟု သူကပြောသည်။ "အိမ်ကတော့ သိပ်ပြီး ငြိမ်ငြိမ်ဆိတ်ဆိတ်ရှိတယ်၊ ငါ့သား သမီးတွေကလည်း သူတို့အိမ်ထောင်နဲ့သူတို့ဖြစ်ကုန်ကြပြီမဟုတ်လား"

သူတို့သည် လေ့ခါးအတိုင်းအပေါ်ထပ်သို့ တက်လာခဲ့ကြသည်။ ဦးလေးဖြစ်သူ ဂျန်သည် အခန်းတံခါးတစ်ခုကို ဖွင့်ပေးသည်။ ဗင်းဆင့်သည် အခန်းတွင်းသို့ ဝင်ရောက်သွားပြီး လက်ဆွဲအိတ်ကို အိပ်ယာခုတင်၏ အစွန်းတွင် တင်ထားလိုက်သည်။ တစ်ဘက်နံရံတွင် ပြတင်းပေါက်ကြီး တစ်ပေါက်ရှိ၍ ထိုပြတင်းပေါက်မှရပ်ကြည့်လိုက်လျှင် စခန်းဝင်း တစ်ဝင်းလုံးကို အပေါ်မှစီး၍ မြင်နေရ၏။

ဦးလေးဂျန်သည် ခုတင်စွန်းတွင် ဝင်ထိုင်ကာ သူ့တူ ဗင်းဆင့်အား စိုက်ကြည့်နေသည်။ "မင်း သင်းအုပ်ဘုန်းကြီးလုပ်ဖို့ ပညာသင်တော့မယ်လို့ ကြားရတာ ဦးလေးသိပ်ဝမ်းသာတယ်" ဟုပြောသည်။ "ငါတို့ ဗင်ဂိုးမိသားစု မျိုးနွယ်ထဲမှာ ဘုရားသခင်ရဲ့အလုပ်ကို လုပ်ပေးဖို့တာဝန်ယူတဲ့ လူတစ်ဦး တစ်လေကတော့ အမြဲတန်းပေါ်လာလေ့ရှိတယ်။ ဒါဟာတို့အတွက် အစဉ်အလာ တစ်ခုလို ဖြစ်နေပြီ"

ဗင်းဆင့်သည် ဆေးတံကိုထုတ်၍ ဆေးအိုးထဲသို့ဆေးမျှားကို ဂရုတစိုက် ထည့်သည်။ သူ့တွင်တွေးတောဆင်ခြင်စရာတစ်ခုခုရှိလာလျှင် ဆေးတံကို သောက်လေ့ရှိသည်မဟုတ်ပါလား။

"ကျွန်တော်က အီဗန်ဂျယ်လစ္စတာသာဝင်တစ်ဦးအဖြစ်နဲ့ အလုပ်ကို လုပ်ချင်တာ"

"အီဗန်ဂျယ်လစ္စတစ်ယောက်တော့ မဖြစ်ချင်ပါနဲ့ ဗင်းဆင့်ရာ၊ သူတို့ အုပ်စုတွေဟာ ပညာတတ်တွေမဟုတ်ဘူး။ သူတို့ဟောပြောနေတဲ့တရားတွေ မှားနေတယ်ဆိုတာကို ဘုရားသခင်ကသိတယ်၊ ငါတို့ ဗင်ဂိုးမိသားစုအနွယ်ဝင် သင်းအုပ်ဆရာတွေဟာ တက္ကသိုလ်ဘွဲ့ရတွေချည်းပဲ။ ကဲပါလေ ဒီကိစ္စ အသာထားလိုက်ဦး၊ မင်းအခု မင်းပစ္စည်းတွေကို ထုတ်ပြီး နေသားတကျ ဖြစ်အောင်ထားချင်ရောပေါ့၊ ညစာက ရှစ်နာရီတိတိစားရမယ်"

ဦးလေးဂျန်သည် ပြောပြောဆိုဆိုပင် အခန်းထဲမှ ထွက်သွားသည်။ ဗင်းဆင့်သည် အခန်းအခြေအနေကိုကြည့်သည်။ အခန်းမှာ ကျယ်ကျယ်ဝန်းဝန်း ရှိသည်။ အိပ်ရာကလည်း သက်သောင့်သက်သာရှိမည့်အနေအထားပင် ဖြစ်သည်။ တစ်ဘက်နံရံတွင်ကပ်၍ချထားသည့် စားပွဲသည်လည်း ထိုင်ချင့်စဖွယ် ရှိသည်။ သို့သော်လည်း ဗင်းဆင့်စိတ်ထဲတွင် သာတောင့်သာယာမရှိလှ။ ဤသည်မှာ ဗင်းဆင့်၏ ပင်ကိုယ်အကျင့်စရိုက်တစ်ခုဖြစ်၏။ သူသည်နေရာသစ် တစ်ခုသို့ ရောက်တိုင်း ယင်းကဲ့သို့ ခံစားရတတ်သည်မဟုတ်ပါလား။

သူသည် စိတ်ကူးတစ်ခုရသဖြင့် ဦးထုပ်ကို ယူဆောင်းကာ အပြင်သို့ ထွက်ခဲ့သည်။ သူလိုချင်သော ပစ္စည်းများကို ဂျူးလူမျိုးပိုင် စာအုပ်ဆိုင်တစ်ဆိုင်တွင် ဝင်မေးသည်။ ဆိုင်ရှင်က စိတ်ရှည်လက်ရှည်ပြပေးသဖြင့် သူသည် သူလိုချင်သော နံရံကပ်ရှုခင်းပုံများကို စိတ်တိုင်းကျရွေးသည်။ အားလုံးဆယ့်သုံးပုံ ရရှိခဲ့၏။ သူသည် ပုံများကို ချိုင်းတွင်ညပ်ကာအခန်းသို့ ပြန်လာခဲ့သည်။

ဝယ်လာသည့်ပုံများကို အခန်းနံရံများပေါ် ချိတ်နေခိုက်တွင် တံခါးခေါက်သံကြားရသည်။ ဝင်လာသူမှာ ဘုန်းတော်ကြီး စထရစ်ကားဖြစ်သည်။ စထရစ်ကားမှာလည်း ဗင်းဆင့်၏ဦးလေးပင်ဖြစ်၏။ သို့သော်လည်း သူသည် ဗင်ဂိုးမျိုးရိုးဘက်မှ တော်စပ်သည့်ဦးလေးမဟုတ်။ စထရစ်ကား၏ဇနီးနှင့် ဗင်းဆင့်၏ မိခင်သည် ညီအစ်မအရင်းဖြစ်သည်။ သူ့အဒေါ်နှင့်စပ်မှတော်ရသောဦးလေး ဖြစ်သည်။

စထရစ်ကားသည် အမ်စတာဒမ်မြို့ပေါ်တွင် လူသိများ၍ ထင်ရှားကျော်ကြားသော ပုဂ္ဂိုလ်တစ်ဦးဖြစ်၏။ လူအများက လိမ္မာပါးနပ်သူတစ်ဦး အဖြစ် အသိအမှတ်ပြုခြင်းခံထားရသူဖြစ်သည်။သူ့ကိုယ်ပေါ်မှ အနက်ရောင်ဝတ်စုံသည် သပ်ရပ်ခန့်ငြားလှ၏။

"ငါ မင့်အတွက် လက်တင်ဘာသာနဲ့ ဂရိဘာသာသင်ပေးဖို့ ဆရာတစ်ယောက်ရထားပြီ။ နာမည်က မင်းဒက်စ်ဒါကော့စတာလို့ခေါ်တယ်။ အဲဒီဘာသာရပ်တွေကို သင်ပြပေးတဲ့နေရာမှာ အတော်ဆုံးဆရာပဲ" ဟု စထရစ်ကားက ပြောသည်။ "သူ့အိမ်က ဂျူးရပ်ကွက်ထဲမှာရှိတယ်။ တနလ်ာနေ့ နေ့ခင်းတိုင်း သုံးနာရီထိုးရင် သူ့ဆီကို မင်းရောက်ရမယ်။ အခု ငါလာတာက မနက်ဖြန် တနင်္ဂနွေနေ့ညနေစာကို မင်း တို့အိမ်မှာစားပါ။ မင်းဒေါ်လေး ဝစ်လ်ဟဲလ်မီနာနဲ့ မင်းနှမဝမ်းကွဲကေးတို့က မင်းနဲ့သိပ်ပြီးတွေ့ချင် နေကြတယ်"

"ကျွန်တော်ကလဲ တွေ့ချင်နေပါတယ်၊ ဘယ်အချိန်လာရမလဲ"

"ညနေစာကို တို့က မွန်းကည့်ချိန်မှာ စားလေ့ရှိတယ်"

"ဒေါ်လေးနဲ့ ညီမကို ကျွန်တော်က နှုတ်ဆက်လိုက်ကြောင်း ပြောပြပေးပါ" ဟု ဦးထုပ်အနက်ကို ကောက်ယူပြီး ထွက်သွားရန် ဟန်ပြင်နေသော စထရစ်ကားအား ဗင်းဆင့်က မှာသည်။

"အေး . . . ပြောပြမယ်၊ တို့မနက်ဖြန်ကျမှ တွေ့ကြတာပေါ့" ဟု သူ့ဦးလေးက ပြန်ပြောကာ အခန်းထဲမှ ထွက်သွားသည်။

(၂)

စထရစ်ကားမိသားစု နေထိုင်ရာ ကိုင်ဇာဂရပ်ခ၌လမ်းသည် အမ်စတာဒမ် မြို့ပေါ်တွင် လူကုံထံများနေထိုင်ရာလမ်းအဖြစ် ထင်ရှားသည်။ ပင်လယ်ဆိပ်ကမ်းတည်ရာ တောင်ဘက်မှနေ၍ လမ်းကျယ်ကြီးအတိုင်း လျှောက်သွားပြီးကွေ့ဝင်သွားလျှင်ရောက်သည်။ လမ်းမကြီးတည်နေပုံမှာ မြင်းခွာ ပုံသဏ္ဌာန်ဖြစ်၍ လမ်းအတွင်းရှိ အိမ်များရှေ့မှဖြတ်ကာ မြောက်ဘက်မှပတ်ပြီး ပင်လယ်ဆိပ်ကမ်းသို့ တောက်လျှောက်ပေါက်လေသည်။

နောက်တစ်နေ့တွင် ဗင်းဆင့်သည် ဦးလေး စထရစ်ကား၏အိမ်သို့ထွက်လာခဲ့သည်။ အချိန်ကစောနေသေးသဖြင့် ခပ်ဖြည်းဖြည်းမှန်မှန်ပင် လျှောက်လာခဲ့၏။ နေသည်သာလျက်ရှိသည်။ ဒတ်ချ်နိုင်ငံ၏ ကောင်းကင်ယံတွင် တွေ့နေကျဖြစ်သော ညိုညစ်ညစ်ပြာမှိုင်းမှိုင်းတိမ်များသည် နေ၏ အလင်းရောင်ကြောင့် လွင့်စင်ကွယ်ပျောက်နေကြလေသည်။

ဖြည်းဖြည်း အေးအေး လျှောက်လာနေသော ဗင်းဆင့်သည် တူးမြောင်းထဲ၌ လှုပ်ရှားသွားလာနေကြသည့် လှေကြီးများကို မြင်တွေ့နေရ၏။ လှေများမှာ အလျားရှည်ပြီး ထိပ်နှစ်ဘက်တွင်အဖျားရှူးနေသော ကုန်တင်လှေကြီးများဖြစ်၏။ လှေ၏အလယ်တွင် ကျယ်ဝန်းသော ချိုင့်ခွက်ကြီးများရှိ၍ ယင်းနေရာများသည် ကုန်စည်များတင်ရန် လျာထားသောနေရာများပေတည်း။ လှေ၏ဦးပိုင်းနှင့်ပဲ့ပိုင်းများတွင်မူ အဝတ်များလှမ်းထားသည့် ကြိုးတန်းများရှိ၍ ယင်းကြိုးတန်းများထက်မှ အဝတ်များသည် လေတွင်တဖြတ်ဖြတ်လွင့်နေကြသည်။

ဗင်းဆင့်သည် တူးမြောင်းအထက်ဘက်သို့ ဆန်တက်ရန်အားထုတ်နေသောလှေကြီးတစ်စီးကို ဂရုပြု၍ကြည့်နေမိ၏။ လှေသမားသည် ထိုးဝါး တစ်ဘက်ကို ကမ်းစပ်ရွံ့နွံထဲသို့ထိုးစိုက်ပြီး ကျန်တစ်ဖက်ကို သူ့ပခုံးၨ၌ထောက်ကာ လှေဘေးလူလျှောက်စင်္ကြန်လမ်းအတိုင်း အားကုန်ထုတ်၍လျှောက်သွားနေသည်။ သူ့ခြေထောက်များအောက်မှ လှေကြီးသည် ဖြည်းဖြည်းချင်း ရုန်းကန်ရွေ့လျားလျက်ရှိ၏။ သူ့လှေနှင့်သူ ရုန်းကန်လှုပ်ရှားနေသော လှေ သမား၏မိန်းမသည် လှေ၏ပဲ့ပိုင်းၨ၌ အေးအေးဆေးဆေးထိုင်ကာ အဝတ်များလျှော်ဖွတ်နေသည်။ ကလေးများနှင့် ခွေးတစ်ကောင်သည် လှေပေါ်တွင် လိုက်တမ်းပြေးတမ်း ကစားနေကြ၏။ သူတို့သည် သူတို့၏ နေအိမ်ဖြစ်သော တဲငယ်အတွင်းသို့ ပြေးဝင်လိုက်၊ ပြန်ထွက်လာလိုက်နှင့် ပျော်ရွှင်မြူးတူးနေကြလေသည်။

ဘုန်းတော်ကြီး စထရစ်ကား၏အိမ်သည် အထပ်သုံးထပ်ရှိသည်။ အိမ်ရှေ့သို့ ရောက်သွားသည့် ဗင်းဆင့်အား သူ့အဒေါ် ဝစ်လ်ဟဲလ်မီနာက လှိုက်လှိုက်လဲလဲ ဆီးကြိုနှုတ်ဆက်ကာ စားသောက်ခန်းထဲသို့ ခေါ်သွားသည်။ နံရံတစ်ဖက်တွင် ပြင်သစ်ပရိုတက်စတင့်ဘာသာပြုပြင်ပြောင်းလဲရေးသမား ဂျွန်ကယ်လ်ဗင်၏ ပုံတူပန်းချီကားကြီးတစ်ချပ် ချိတ်ထားသည်။ ထိုပုံတူ၏ လက်ရာရှင်မှာ နာမည်ကျော် ပန်းချီဆရာ "အေရီချက်ဖာ" ဖြစ်သည်ကို ဗင်းဆင့်သတိထားမိ၏။

အခန်းအနေအထားသည် ခပ်မှောင်မှောင်ဖြစ်၏။ ဗင်းဆင့်၏မျက်စိများသည် အခန်းတွင်းမှ အရာအားလုံးကို ပီပီပြင်ပြင် မမြင်ရသေး၊ ဤအခိုက်မှာ ပင်အမှောင်ရိပ်များကြားမှ အရပ်မြင့်မြင့် မိန်းမပျိုတစ်ယောက် ဘွားခနဲ ထွက်လာသည်။

"ရှင်ကတော့ ကျွန်မကို သိမှာမဟုတ်ဘူး" ဟု မိန်းမပျိုက ပြောသည်။ "ရှင့်ရဲ့ ဝမ်းကွဲညီမ ကေးဆိုတာ ကျွန်မပါပဲ"

ဗင်းဆင့်က သူ့ဆီသို့ ဆန့်တန်းပေးလိုက်သော ကေး၏လက်ကို ဆွဲ၍ နှုတ်ဆက်သည်။ သိမ်မွေ့နူးညံ့ပြီး နွေးထွေးလှသည့်လက်ဖြစ်သည်။ မိန်းမပျိုတစ်ယောက်၏ လက်နှင့်မထိမတွေ့ခဲ့ရသည်မှာ လပေါင်းများစွာကြာခဲ့ပြီ၊ ယခု ကေး၏လက်ကို ကိုင်ရခြင်းသည် ပထမဆုံးအကြိမ်ဖြစ်၏။

"ကျွန်မတို့နှစ်ယောက် လူချင်းတစ်ခါမှ မမြင်ဖူးဘူးနော်" ကေးက အလွန်ရင်းနှီးဖော်ရွေသော လေသံဖြင့် ဆက်ပြောသည်။ "ပြီးတော့ ကျွန်မရဲ့စိတ်ထဲမှာ အထူးအဆန်းတစ်ခုလို့ထင်နေမိတာရှိတယ်။ အခုဆိုရင် ကျွန်မက အသက်နှစ်ဆယ့်ခြောက်နှစ်ရှိသွားပြီ၊ ရှင့်အသက်ကကော"

ဗင်းဆင့်က ရုတ်တရက် ဘာမှပြန်မပြောပဲ ငြိမ်ဆိတ်စွာဖြင့် ကေး၏မျက်နှာကိုကြည့်နေသည်။ အချိန်အတော်ကြာခါမှပင် သူ့ဘက်က အလိုက်သင့်စကားပြန်ပြောဖို့ လိုအပ်နေသည်ကို သတိရသည်။ သူ၏ ထုံထိုင်းထိုင်း အပြုအမူကြောင့် မလုံမလဲဖြစ်သွားသော ဗင်းဆင့်သည် မချေမငံ ခပ်ကြမ်းကြမ်းလေသံဖြင့် "ကျွန်တော့်အသက်က နှစ်ဆယ့်လေးပဲရှိသေးတယ်၊ ခင်ဗျားထက်ငယ်တယ်" ဟု ပြန်ပြောသည်။

"အော်ဟုတ်လား၊ ဒါပေါ့လေ ဒီလိုဆိုပြန်တော့လဲ ထူးဆန်းတယ်လို့တော့မပြောသာပါဘူး၊ ရှင်ကလဲ အမ်စတာဒမ်ကို လုံးဝအလည် မလာဘူး၊ ကျွန်မကလဲ ဘရားဘန့်ကို တစ်ခေါက်မှ မရောက်ဖူးဘူး၊ ကျွန်မက ဧည့်ဝတ် မကျေတဲ့

အိမ်ရှင်မဖြစ်သွားမှာကြောက်တယ်။ ထိုင်ပါဦးရှင်”

ဗင်းဆင့်သည် ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်သည်။ သူ၏ခွတီးခွကျနိုင်လှသော တောသားအပြုံအမူကို ပြန်၍သတိထားမိသည်။ ချက်ခြင်းပင် သူ့ကိုယ်သူပြန်ပြင်ကာ စကားကိုသိမ်မွေ့သော လေသံဖြင့် ပြန်ပြောသည်။ “အမေကတော့ ခင်ဗျားကို ကျွန်တော်တို့ဆီ အလည်လာစေချင်တယ်လို့ မကြာခဏပြောပြောနေတာပဲ၊ ဘရားဘန့်နယ်ကို ခင်ဗျားလာလည်ရင် သဘောကျသွားမှာပါ။ တောပိုင်းဒေသဘက်မှာဆိုရင် သိပ်ကိုသာယာတာပဲ”

“ကျွန်မသိပါတယ်၊ အဒေါ်အန်နာက ကျွန်မဆီစာရေးပြီး အလည်လာဖို့ခေါ်တာ အကြိမ်ပေါင်း မနည်းတော့ဘူး။ ကျွန်မ မကြာခင်လာလည်ဖို့ စိတ်ကူးထားပါတယ်”

“ဟုတ်ကဲ့ပါ” ဟု ဗင်းဆင့်က ချေငံစွာပြန်ပြောသည်။ “မကြာခင် လာလည်နိုင်အောင်ကြိုးစားပါ”

ကေး၏စကားပြောသံများနှင့် သူ၏အဖြေပေးသံများကို သူကြားနေရသည်မှာ မှန်ပါ၏။ သို့သော်လည်း သူ့အာရုံသည် ထိုအရာများပေါ်၌ စူးစိုက်၍မရ။ သူ့အာရုံသည် ကေး၏အလှတွင်သာ ဝင်စားလျက်ရှိ၏။ ကေးသည်ဒတ်ချ်အမျိုးသမီးပီသသော အလှပိုင်ရှင်ဖြစ်သည်။သို့သော်လည်း သူမ၏အလှသည် ဒတ်ချ်အမျိုးသမီးတစ်ဦး၏အလှထက်ပို၍ နူးညံ့သည်၊ ပို၍ ပျော့ပျောင်းသည်၊ ပို၍သိမ်မွေ့သည်။ သူမ၏အပြာရောင်မျက်လုံးအစုံသည် အမြဲတစေ အပြုံးပန်းပွင့်လျက်ရှိ၏။

ဗင်းဆင့်၏နှုတ်ဆိတ်လွန်းမှုကို သတိပြုမိသော ကေးက “ဘာတွေများတွေးနေတာလဲ၊ စဉ်းစားစရာ ဘာတွေများရှိနေလို့လဲ” ဟုမေးသည်။

“ခင်ဗျားကိုသာမြင်ရရင် ရမ်းဘရန့်က ခင်ဗျားရဲ့ပုံတူကို ဆွဲချင်မှာပဲလို့ ကျွန်တော်တွေးနေတာပါ”

ကေးက ရယ်သည်။ “ပန်းချီဆရာရမ်းဘရန့်က အရုပ်ဆိုးဆိုး အဖွားအို ကြီးတွေကိုသာ ပုံတူဆွဲချင်တယ်လို့ ကြားဖူးလို့လား” ဟု မေးသည်။

“မဟုတ်ပါဘူး” ဟု ဗင်းဆင့်က ပြန်ပြောသည်။ “သူက ချောချောလှလှ အဖွားအိုတွေကိုလဲ ပုံတူဆွဲတတ်တယ်၊ ဆင်းရဲတဲ့မိန်းမတွေရဲ့ ပုံတူကိုလဲဆွဲတတ်တယ်။ ပြီးတော့ အကြောင်းတစ်ခုခုကြောင့် မပျော်မရွှင် ဖြစ်နေပေမယ့် ကြေကွဲဝမ်းနည်းမှုတွေကြားကပဲ စိတ်ဓာတ်ရှင်သန်နေကြတဲ့ မိန်းမတွေရဲ့ ပုံတူကိုလဲ ဆွဲလေ့ရှိတယ်”

"မသိနားမလည်မှုအတွက် ကေးကို ခွင့်လွှတ်ပါ" ဟု သူမက နှစ်ကိုယ်ကြားလေသံဖြင့် ရေရွတ်သည်။ "ရမ်းဘရန့်နဲ့ပတ်သက်လို့ ရှင်ပြောပြတာ ကြားရတော့ ကျွန်မနားလည်သွားပါပြီ၊ သူက အလှရဲ့တကယ့်စစ်မှန်တဲ့ အနှစ်သာရကို ရအောင်ယူတာပဲ။ ဟုတ်တယ်မဟုတ်လား။ သူပုံဆွဲတဲ့ အခါမှာ အကြောတွေအပျိုင်းပျိုင်းထနေတဲ့ အဖိုးအိုအဖွားအိုပုံတွေကို ထိမိအောင် ဆွဲလေ့ရှိတာကိုကေး သတိထားမိလာတယ်။ သူ့ပုံတွေထဲက လူအိုတွေရဲ့ မျက်နှာတွေမှာ ဘဝတစ်လျှောက်လုံးခံစားခဲ့ရတဲ့ ဒုက္ခတွေနဲ့ အရှုံးပေးခဲ့ရမှု တွေကို ပီပီပြင်ပြင်မြင်နေရတတ်တယ်"

"သမီးတို့ ဘာတွေများ စကားလက်ဆုံကျနေကြတာလဲ၊ ပြောဆိုနေကြပုံကတော့တကယ့်ကိုစိတ်ဝင်တစားပါလား" ဟု တံခါးပေါက်မှဝင်လာသော ဘုန်းတော်ကြီး စထရစ်ကားက မေးသည်။

"သမီးတို့ချင်း မိတ်ဆက်ပြီး ရင်းနှီးမှုရအောင် ကြိုးစားနေကြတာပါ" ဟု ကေးက ပြောသည်။ "သမီးမှာ အလွန်ခင်ဖို့ကောင်းတဲ့ မောင်ဝမ်းကွဲတစ်ယောက်ရှိတယ်ဆိုတာကို စောစောစီးစီးက ဖေဖေတို့ကမှ အသိမပေးခဲ့ဘဲ"

ထိုအခိုက်တွင် အခန်းတွင်းသို့ ခင်မင်နှစ်လိုဖွယ်အပြုံးဖြင့် ပိန်သွယ်သွယ် အမျိုးသားတစ်ယောက် ဝင်လာသည်။ ကေးသည် ထိုင်ရာမှ ထသွားပြီး ထိုသူအား အနမ်းဖြင့်ကြိုဆိုသည်။ "မောင်လေး ဗင်းဆင့်ကို မိတ်ဆက် ပေးရဦးမယ်၊ သူက ကေးရဲ့ခင်ပွန်း မိုဂျင်ဟီးရား ဗော့စ်လေ"ဟု ဗင်းဆင့်အားလှမ်း ပြောသည်။

ကေးသည် သူ့ယောကျ်ားနောက်မှ ပါလာသော နှစ်နှစ်အရွယ် ကလေးငယ်ကို ကောက်ချီလိုက်သည်။ ကလေး၏မျက်နှာနှင့် အပြာရောင် မျက်လုံးများသည် မအေတူသားကလေးဖြစ်ကြောင်း ဖော်ပြနေကြသည်။ ဗော့စ်က ရွှင်ပြုံးသောမျက်နှာထားဖြင့် သားအမိနှစ်ယောက်အား လက်တစ်ဘက်ဖြင့်ဖက်ထားသည်။

"ဗင်းဆင့်က ဒီဘက်မှာ ဒေါ်လေးနဲ့အတူလာထိုင်နော်" ဟု ဗင်းဆင့်၏အဒေါ်က လှမ်းပြောသည်။

ဗင်းဆင့်နှင့် မျက်နှာချင်းဆိုင်တွင် ဗော့စ်နှင့်ကျန်တို့ ရှိနေကြပြီး ကျန်၏ဘေးတွင် ကေး၊ အခုကျတော့လည်း ကေးသည် ဗင်းဆင့်အား မေ့သွားဟန်တူ၏။ သူမ၏ယောကျ်ားမှတစ်ပါး အခြားဘာကိုမှ သိတော့မည့်လက္ခဏာ မပြ။ သူတို့နှစ်ဦး၏အပြောအဆိုနှင့်အပြုအမူများသည် တစ်ဦးအပေါ်တစ်ဦး အလွန်ချစ်ခင်ကြင်နာကြောင်း သိသာထင်ရှားလျက်ရှိ၏။

သူတို့နှစ်ဦး၏အချစ်လှိုင်းဂယက်များသည် ဗင်းဆင့်ထံသို့ရောက်လာပြီး သူ့တစ်ကိုယ်လုံးအား ရစ်ပတ်လွှမ်းခြုံသွားသည်။ အာဆူလာဟူသော အနာဟောင်းသည် လျှို့ဝှက်နက်ရှိုင်းစွာ ငုပ်လျှိုးပျောက်ကွယ်နေရာမှ ရုတ်တရက် ချက်ချင်းပြန်ပေါ်လာသည်။ သူ့ရှေ့မှောက်မှ သားအမိ သားအဖသုံးဦး၏ ချစ်ခင်မှု၊ ကြင်နာမှုနှင့်ယုယမှုတို့သည် မည်မျှအထိ ကြည်နူးစရာကောင်းပါသနည်း၊ မည်မျှအထိ စိတ်ချမ်းသာစရာကောင်းပါသနည်း. . . ။

သူတို့ မိသားစု၏ စည်းလုံးညီညွတ်မှုနှင့် တစ်ဦးအပေါ်တစ်ဦးထားရှိသည့် ချစ်ခြင်းမေတ္တာတရားတို့သည် ဗင်းဆင့်အား သူ၏ လိုအပ်ချက်ကို ပြန်လည် သတိရစေသည်။ တကယ်တော့ သူသည် ချစ်ခြင်းမေတ္တာကို ငတ်မွတ်နေသူမဟုတ်ပါလား. . . ။ သူ၏ဆာလောင်မွတ်သိပ်မှုသည် ပြင်းထန်လွန်းလှ၏။ ထိုဆာလောင်မွတ်သိပ်မှုသည် အလွယ်တကူနှင့်ချေမှုန်း ဖျက်ဆီး၍ ရနိုင်မည့် အရာတစ်ခုမဟုတ်ပါတကား . . . . ။

(၃)

ဗင်းဆင့်သည် နံနက်တိုင်း နေမထွက်မီ အိပ်ရာမှထကာ သမ္မာကျမ်းစာကို ဖတ်သည်။ နေထွက်စ ငါးနာရီထိုးချိန်တွင်မူ သူသည် ပြတင်းပေါက်ခွရပ်ကာ ရေတပ်ဝင်းအတွင်းကို လှမ်းမျှော်ကြည့်လေ့ရှိ၏။ ဝင်းတံခါးကိတ်ဝှေ့ တန်းစီနေကြသော အလုပ်သမားများမှာ နည်းနည်းနောနော မဟုတ်။ ဝင်း၏တစ်ဘက် ခပ်လှမ်းလှမ်းတွင် သွားလိုက်ပြန်လိုက်လုပ်နေကြသည့် သင်္ဘောကလေးများ။

နေအတော်မြင့်မြင့်သို့တက်လာ၍ မြူနှင်းများ ကွယ်ပျောက်သွားသည့် အခါတွင်မူ ဗင်းဆင့်သည် ပေါင်မုန့်တစ်လုံးနှင့် ဘီယာတစ်ဖန်ခွက်ပါသော မနက်စာကို စားသည်။ ထို့နောက်တွင်မူ သူသည် စာကြည့်စားပွဲတွင် ခုနစ်နာရီမျှ မနားတန်းထိုင်ကာ လက်တင်ဘာသာနှင့် ဂရိဘာသာများကို လေ့လာကျက်မှတ်ခြင်းပြုသည်။

အမှန်တော့ စားပွဲ၌ လေးနာရီ၊ ငါးနာရီကြာမျှထိုင်၍ စာကို ကျက်မှတ်မိသည့်အခါ သူ့ဦးခေါင်းသည် လေးလံထိုင်းမှိုင်းလာစမြဲဖြစ်၏။ အများအားဖြင့် တစ်ခေါင်းလုံးပူထူကာ နောက်ကျိရှုပ်ထွေးလာတတ်သည်။ မည်သို့ပင်ဖြစ်စေ

ထိုနှစ်ထိုအချိန်များအတွင်းက သူစာကျက်ရသည်မှာ ထိုပုံစံအတိုင်းဖြစ်သည်။ အလွယ်တကူ မေ့ပျောက်မသွားအောင် တခြားဘယ်နည်းနှင့်စာကျက်ရမည်ကို သူမသိ။

မွန်းတိမ်း၍ နေအတော်ကျသွားချိန်တွင်မူ သူသည် သူ၏လက်တင်နှင့် ဂရိဘာသာသင်ဆရာ မင်းဒတ်စ် ဒါကော့စ်တာထံသို့ သွားသည်။ သူသွားရသည့် လမ်းများမှာ ကွေ့ကွေ့ကောက်ကောက်နိုင်လှသဖြင့် ဝက်ပါလမ်းသဖွယ် ရှုပ်ထွေးလှ၏။ လမ်းတလျှောက်တွင် ပန်းပဲဖိုများ၊ စည်ပိုင်းလုပ်သော အလုပ် ဌာနများနှင့်ကျောက်ပုံနှိပ်လုပ်ငန်းဆိုင်များကို အမြဲတစေ ဖြတ်သွားဖြတ်လာ လုပ်ရလေသည်။

သူ့ဆရာ မင်းဒတ်စ်သည် သူ့အား ပန်းချီဆရာကြီး ရူပါရက်ဇ်၏ **"ယေရှုခရစ်တော်အတု"** ပန်းချီကားကို မေ့မသွားဖို့ အမြဲသတိပေးသည်။ မင်းဒတ်စ်သည် ရှေးဟောင်းစာပေ အနုပညာများကို နက်နက်ရှိုင်းရှိုင်းလေ့လာလိုက်စားခဲ့သော ဂျူးလူမျိုးတစ်ယောက်ဖြစ်သည်။ အရာရာတိုင်းကို လေးလေးနက်နက်တွေးတောဆင်ခြင်တတ်သူတစ်ဦးလည်းဖြစ်၏။ ဗင်းဆင့်အဖို့ မင်းဒတ်စ်သည် စံပြုအပ်သည့် ပုဂ္ဂိုလ်ထူးတစ်ဦးဖြစ်နေသည့်အားလျော်စွာ လေးစားကြည်ညိုမှုရှိခဲ့လေသည်။

မင်းဒတ်စ်၏မျက်နှာမှာ ပိန်သွယ်သွယ်ဖြစ်သည်။ ပါးများသည် ခွက်ဝင်နေကြသည်။ အတွင်းသို့ ချိုင့်ဝင်နေသော မျက်လုံးအစုံသည် အမြဲတစေ ကြည်လင်စူးရှကာ တောက်ပနေကြသည်။ နူးညံ့ပျော့ပျောင်းသော မုတ်ဆိတ်မွေးခွေးခွေးသည် ဂျူးတရားဟောဆရာတစ်ဦးဖြစ်ခဲ့ကြောင်းဖော်ပြလျက်ရှိ၏။

မွန်းလွဲပိုင်းဆိုလျှင် ဂျူးရပ်ကွက်သည် ပူအိုက်လှသည်။ အိမ်များမှာ ထိကပ်ကျပ်တောက်နေကြသဖြင့် အသက်ရှူ၍ မဝနိုင်လောက်အောင်ပင် မွန်းကျပ်နေသည်။ ဗင်းဆင့်သည် သူ့အခန်းထဲတွင် ခုနစ်နာရီကြာမျှ ဂရိနှင့်လက်တင်ဘာသာစကားများကို ကျက်မှတ်ခြင်း၊ ဒတ်ချ်သမိုင်းနှင့် သဒ္ဒါဘာသာများကို ဖတ်ရှုလေ့လာခြင်းစသည်များပြုလုပ်ခဲ့ရသူဖြစ်သည်။ ထို့ကြောင့်လည်း သူ့ဆရာမင်းဒတ်စ်အိမ်သို့ လမ်းလျှောက်လာရသည့်အခါ ပင်ပန်းနွမ်းနယ်လျက်ရှိလေပြီ။

တစ်ရက်တွင် သူသည် သူ့ဆရာအတွက် လက်ဆောင်အဖြစ် **"နှစ်ခြင်းမင်္ဂလာပွဲ"** ဟု အမည်ပေးထားသော ပန်းချီကားတစ်ချပ်ကို ယူလာခဲ့သည်။ ရေးဆွဲသူမှာ ပန်းချီဆရာမားရစ္စဖြစ်၏။ မင်းဒတ်စ်သည် ပန်းချီကားကို သေးသွယ်

ရှည်လျားသော လက်ချောင်းများဖြင့် ပြတင်းပေါက်မှဝင်လာသည့် နေရောင်တွင် ထောင်ကြည့်နေသည်။

"ဒီပုံဟာ အင်မတန်ကောင်းတယ်" ဟု မင်းဒတ်စ်ကပြောသည်။ "တစ်လောကလုံးနဲ့ ဆက်စပ်ပတ်သက်နေတဲ့ ဘာသာတရားရဲ့ ရှင်သန်မှုတစ်ခုကို မိအောင်ဖမ်းယူနိုင်စွမ်းရှိတဲ့လက်ရာမွန်တစ်ခုပဲ"

လမ်းလျှောက်လာခဲ့ရ၍ ပင်ပန်းမောဟိုက်လာသမျှအားလုံးသည် ဤစကားတစ်ခွန်းထဲနှင့်ပြေပျောက်သွားသည်။ ချက်ခြင်းပင် အမောပြေသွားကာ ပန်းချီပညာရှင် မားရစ္စ၏အနုပညာပါရမီထူးမှုအကြောင်းကို ဝေဖန်ပြောဆိုနေမိ၏။ မင်းဒတ်စ်သည် သူ့တပည့်၏ပြောစကားများကို နားထောင်ရင်း မသိမသာခေါင်းခါသည်။ ဘုန်းတော်ကြီးစထရစ်ကားက အခကြေးငွေအများကြီးပေးထားသည်မှာ ဗင်းဆင့်အား လက်တင်နှင့်ဂရိဘာသာများ သင်ကြားပေးရန်ဖြစ်သည်မဟုတ်ပါလား ။

"ဗင်းဆင့်၊ မားရစ္စဟာ အလွန်ထူးခြားတဲ့ ပန်းချီပညာရှင် တစ်ယောက်ဆိုတာ လက်ခံပါတယ်၊ ဒါပေမယ့် တို့မှာ အချိန်က နည်းတယ်၊ တို့သင်ရမဲ့ ဘာသာရပ်ကို သင်ကြစို့လား" ဟု မင်းဒတ်စ်ကပြောသည်။

ဗင်းဆင့်ကလည်း သူ့ဆရာ၏ စကားကို နားလည်သဘောပေါက်သည်။ နှစ်နာရီတိတိမျှ စာသင်အပြီးတွင် သူသည် အိမ်သို့ပြန်သည်။ အပြန်ခရီးတွင် သူသည် ရပ်ကွက်အတွင်းပိုင်းရှိ လူနေထူထပ်သော နေအိမ်များရှေ့၌ ရပ်သည်။ ခဏတဖြုတ်ဝင်၍ အလုပ်လုပ်နေကြသော သစ်ခုတ်သမားများ လက်သမားများနှင့် အရက်ဆိုင်များကို ကြည့်သည်။

ထိုအတောအတွင်းတွင် ဦးလေးဂျန်သည် ဟဲလ်ဗူးသို့ သီတင်းတစ်ပတ်ကြာမျှခရီးထွက်သွားရသည်။ အိမ်ကြီးတစ်လုံးထဲတွင် ဗင်းဆင့်တစ်ယောက်တည်း ကျန်ခဲ့သည်။ တစ်နေ့သော မွန်းလွဲပိုင်းတွင် ကေးနှင့်ဗော့စ်တို့ လင်မယားရောက်လာပြီး သူတို့အိမ်သို့လိုက်၍ ညစာစားရန်ခေါ်ကြသည်။

"ဦးလေးဂျန်ပြန်မရောက်မချင်း ညတိုင်းအိမ်မှာ လာပြီးညစာစားပါ" ဟု ကေးက သူ့အားပြောသည်။ "ပြီးတော့ အမေကမှာတယ်။ အပတ်စဉ် တနင်္ဂနွေ နေ့တိုင်း ဘုရားရှိခိုးကျောင်းကပြန်ရင် အိမ်မှာ ညစာစားလှည့်ပါတဲ့"

ထိုညက ညစာ စားအပြီးတွင် မိသားစုသည် အပျင်းပြေဖဲကစားကြသည်။ ဖဲမကစားတတ်သော ဗင်းဆင့်သည် ဧည့်ခန်းထောင့်တစ်ထောင့်တွင် ထိုင်ကာ သြဂတ်စ်ဂရူဆန်၏ "ဟစ္စတိုရီဒက်စ်ကရူးဆိတ်" စာအုပ်ကိုဖတ်လျက်

ရှိသည်။ သူသည်ထိုင်နေသော နေရာမှနေ၍ ကေးအားမကြာခဏ လှမ်းကြည့်နေသည်။ ခဏမျှအကြာတွင် ကေးသည် စားပွဲတွင်ထိုင်နေရာမှ ထလာပြီး သူ့ဘေးၭ်လာထိုင်သည်။

"ဘာတွေဖတ်နေတာလဲ ဗင်းဆင့်" ဟု ကေးကမေးသည်။

သူက စာအုပ်အမည်ကို ပြောသည်။ "အတော်ကလေးကောင်းတဲ့စာအုပ်တစ်အုပ်ပဲ၊ ဒီစာအုပ်ကို သိုင်းစ်မားရစ္စရဲ့ ခံစားမှုမျိုးနဲ့ ရေးခဲ့တာလို့တောင်မှ ကျွန်တော် ပြောချင်မိတယ်" ဟု ပြောသည်။

ကေးက ပြုံးသည်။ ဗင်းဆင့်သည် စာပေဝေဖန်ရေးပြုလုပ်ရာၭ်ယခုကဲ့သို့ ပန်းချီဆရာများ၏ခံစားမှုများနှင့် နှိုင်းယှဉ်တင်စားလေ့ရှိ၏။ ကေးအဖို့တော့ ယင်းသို့သော ဝေဖန်ဆန်းစစ်မှုများသည် ရယ်စရာတစ်ခုလို ဖြစ်နေသည်။ အခုလည်း သိုင်းစ်မားရစ္စ၏ပန်းချီလက်ရာကို ရည်ညွှန်းနေပြန်ပြီ၊ "ဘာ့ကြောင့် သိုင်းစ်မားရစ္စရဲ့ခံစားမှုနဲ့ နှိုင်းယှဉ်တင်စားရတာလဲ" ဟု ကေးကမေးသည်။

"ဒီစာအုပ်ကို ကေး ဖတ်ကြည့်ရင် သိုင်းစ်မားရစ္စရဲ့ ပန်းချီကားကို သတိမရဘဲ မနေနိုင်ဘူး" ဟု ပြန်ပြောသည်။ "အထူးသဖြင့် စာရေးသူက ကျောက်ဆောင်တစ်ခုပေါ်က ရဲတိုက်အိုကြီးအကြောင်းကို ရေးတဲ့အခါမှာ ရဲတိုက်ကြီးရဲ့ ပတ်ဝန်းကျင်အလှကို ရေးထားတယ်။ အချိန်က နေဝင်ဆည်းဆာအချိန်၊ နေရောင်အောက်က ဆောင်းဦးပေါက်ရာသီရဲ့ တောအုပ်တွေ၊ ရှေ့တည့်တည့်မှာတော့ မြေကွက်တွေ၊ အဲဒီ မြေကွက်ပေါ်မှာတော့ မြင်းဖြူကြီးတစ်ကောင်နဲ့ လယ်ထွန်နေတဲ့ လယ်သမားတစ်ယောက်၊ အဲဒါတွေဟာ မားရစ္စရဲ့ပန်းချီကားကို သတိရစေတဲ့ အရေးအသားတွေပေါ့"

ကေးက ဗင်းဆင့်ပြသည့်စာပိုဒ်ကို ဖတ်နေသည်။ ထို့နောက် ဗင်းဆင့်အားအထူးအဆန်းတစ်ခုသဖွယ် ငေးကြည့်နေသည်။ တစ်စုံတစ်ခုကို တွေးတောနေသည့်နှယ် ကေး၏ အပြာရောင်မျက်လုံးအစုံသည် မှုန်မှိုင်းနေကြလေသည်။

"ဟုတ်တယ်နော်" ဟု ကေးကပြောသည်။ "သူရေးထား တာက မားရစ္စရဲ့ ပန်းချီကားထဲက အတိုင်းပဲ။ စာရေးဆရာနဲ့ ပန်းချီဆရာဟာ သူတို့နည်းသူတို့ဟန်တွေနဲ့ တူညီတဲ့ အတွေးတစ်ခုကို ဖော်ပြထားကြတာပဲ"

ဗင်းဆင့်သည် ကေး၏လက်ထဲမှ စာအုပ်ကို ဆွဲယူလိုက်ပြီး စာမျက်နှာတစ်ခုကိုလှန်သည်။ "ဒီစာပိုဒ်ဆိုရင် ပန်းချီဆရာ မစ်ချယ်လက် ဒါမှမဟုတ် ကာလိုင်တို့ဆီက လာတယ်လို့ယူဆရတယ်"

"ဗင်းဆင့်ဟာ စာသင်ခန်းတွေထဲမှာ အချိန်နည်းနည်းဘဲဖြုန်းခဲ့တဲ့ လူတစ်ယောက်မဟုတ်လား၊ ဒါပေမယ့် တကယ့်ပညာတတ် တစ်ယောက်ဖြစ်နေပြီ။ ဗင်းဆင့်အနေနဲ့ အခုချိန်အထိ စာအုပ်ကောင်းတွေကို အများကြီးဖတ်နေတုန်းပဲလား"

"အဲသလောက်တော့ မဟုတ်ပါဘူး၊ ကျွန်တော့်အနေနဲ့ စာအုပ်ကောင်းတွေအများကြီးဖတ်သင့်တယ်။ ဒါပေမယ့် အချိန်ကမရတော့ မဖတ်နိုင်ဘူး၊ တစ်ခုတော့ရှိပါတယ်၊ အားလုံးကို ခရစ်တော်ရဲ့ စကားလုံး တွေထဲမှာတွေ့နေရတယ်။ တခြားစာအုပ်တွေထဲမှာ တွေ့ရတဲ့အချက်တွေထက် ပိုပြီးလည်းပြည့်စုံတယ်၊ ပိုပြီးတော့လည်းလှတယ်"

"အော် . . . . ဗင်းဆင့်ရယ်"ဟု ကေးက ထိုင်ရာမှ ထရပ်လိုက်ရင်း ရေရွတ်သည်။ "အခုလိုကျပြန်တော့လည်း ဗင်းဆင့်က ဗင်းဆင့်နဲ့ မတူတော့ပါလား"

ဗင်းဆင့်သည် ကေး၏စကားကိုနားမလည်သဖြင့် အံ့အားသင့်ပြီးကြည့်နေသည်။

"ဗင်းဆင့်အနေနဲ့ ဟစ္စတိုရီဒက်စ်ကရူးဆိတ် စာအုပ်ထဲမှာသိုင်းစ်မားရစ္စရဲ့ ခံစားမှုတွေကို မြင်တွေ့နေရတယ်လို့ ဆိုပြန်တော့လည်း ဗင်းဆင့်ကို သိပ်တော်တယ်၊ သိပ်သဘောကောင်းတယ်လို့ ကေး မထင်ပဲမနေနိုင်ဘူး။ တစ်ခါတလေ တောဘုန်းကြီးတစ်ပါးစကားပြောသလို ကြမ်းကြမ်းရိုင်းရိုင်းပြောနေတာထက် အဆင့်က ပိုပြီးမြင့်နေတယ်။ အဖေကတော့ ပြောတယ်၊ ဗင်းဆင့်အနေနဲ့ အဲသလိုဟာမျိုးတွေကို မတွေးဘဲ ကိုယ်လုပ်စရာ ရှိတာကိုသာ အာရုံစိုက်ပြီးလုပ်သင့်တယ်တဲ့၊ ဒါပေမယ့် အခုလို ကျပြန်တော့. . . "

ဤအခိုက်တွင် ဗော့စ်သည် သူတို့အနီးသို့ လျှောက်လာပြီး ကေးအားခေါ်သည်။ ကေးကတော့ ဗင်းဆင့်၏ နီရဲနေသော မျက်နှာကို တစ်ခဏမျှစိုက်ကြည့်နေသည်။ ထို့နောက် သူ့ယောကျ်ား၏လက်မောင်းကို လှမ်းကိုင်ကာဖဝိုင်းရှိရာသို့ လိုက်သွားလေသည်။

Unity Publishing House

(၄)

ဗင်းဆင့်အနေဖြင့် ဘဝနှင့်ပတ်သက်သော အခြားအကြောင်းအရာများကို မိမိနှင့်ဆွေးနွေးလိုသော စိတ်ရှိကြောင်းကို မင်းဒတ်စ်ဒါကော်စတာက ရိပ်မိသည်။ စာပေသင်ကြားမှုပြီးစီးသွားသည့်အခါတိုင်း မိမိအားသူနှင့်အတူ မြို့ထဲဘက်သို့ လိုက်ရန် အကြိမ်ပေါင်းများစွာ ခေါ်သည်နှင့်လည်း သူရင်ဆိုင်နေရ၏။

တစ်ရက်တွင်မူ သူသည် ဗင်းဆင့်အားမြို့တွင်းရှိ စိတ်ဝင်စားစရာအကောင်းဆုံးသော နေရာများသို့ခေါ်သွားသည်။ သူခေါ်သွားသည့်နေရာများမှာ ပွန်ဒဲလ်ပန်းခြံအနီးရှိ လိတ်ချီပို့ထ် ရပ်ကွက်နှင့် ဒတ်ချ်မီးရထားဘူတာရုံကြားရှိ ဆင်ခြေဖုံးရပ်ကွက်ကြီးဖြစ်သည်။ ရေမြောင်းအများအပြားက လူနေအိမ်ခြေများကို အစိတ်စိတ်အမြွှာမြွှာခွဲထားသော ရပ်ကွက်ဖြစ်၏။ သစ်စက်အများအပြားတည်ရှိသဖြင့် အလုပ်သမားအများအပြားနေထိုင်ကာ အလွန်လူနေထူထပ်သော ရပ်ကွက်ဖြစ်လေသည်။

"ဒီလိုရပ်ကွက်မျိုးမှာ သင်းအုပ်ဘုန်းကြီး လုပ်ရမယ်ဆိုရင်တော့ သိပ်ကို ကြီးကျယ်မြင့်မြတ်တဲ့ အရာတစ်ခုကို ပြုရသလို နေရမှာပဲ" ဟု ဗင်းဆင့်က ပြောသည်။

မင်းဒက်စ်သည် သူ့ဆေးတံအိုးထဲသို့ ဆေးများအပြည့်အသိပ်ထည့်အပြီးတွင် ဆေးအိတ်ကို ဗင်းဆင့်လက်သို့ လှမ်းပေးသည်။ "မင်းပြောတာမှန်တယ် ဗင်းဆင့်" ဟုပြောသည်။ "ဒီရပ်ကွက်ထဲက လူတွေဟာ မြို့တွင်းရပ်ကွက်တွေထဲက လူတွေထက်ပိုပြီး ဘုရားသခင်ကို သိဖို့နဲ့ ဘာသာရေးကို နားလည်ဖို့ လိုအပ်နေတဲ့ လူတွေပေါ့"

သူတို့သည် မြောင်းငယ်တစ်ခုပေါ်ရှိ သစ်သားတံတားလေးတစ်ခုပေါ်မှ ဖြတ်လျှောက်လာကြသည်။ ဗင်းဆင့်က တံတားပေါ်၌ ဖြတ်ခနဲရပ်ကာ "ဘာကိုဆိုလိုတာလဲ မီဂျင်ဟီရာ" ဟုမေးသည်။

"ဒီရပ်ကွက်ထဲက လူတွေက အလုပ်သမားတွေချည်းပဲ" ဟု မင်းဒက်စ်ကပြောသည်။ "သူတို့ဘဝတွေက သိပ်ပြီးကြမ်းတမ်းတယ်။ နာဖျားမကျန်းဖြစ်ပြီဆိုရင် ဆရာဝန်ပြဖို့ ငွေမရှိဘူး။ တစ်နေ့စာကို တစ်နေ့ရှာနေရတဲ့ဘဝ။ အလုပ်ကလည်းအင်မတန်ပင်ပန်းတဲ့ အလုပ်ကြမ်းတွေ၊ သူတို့နေကြရတဲ့ အိမ်တွေကို မင်းကြည့်စမ်း၊ ဘယ်လောက်ဆင်းရဲသလဲ၊ ဆင်းရဲမွဲတေမှုနဲ့ငတ်မွတ်မှုဟာ သူတို့နဲ့

ခဲတစ်ပစ်လောက်ပဲဝေးတယ်။ သူတို့ဟာ ဘဝနဲ့အရောင်းအဝယ် လုပ်နေကြရတာ။ သူတို့ရဲ့ ကိုယ်စိတ်နှစ်ပါး မချမ်မြေ့မှုတွေကို သက်သာရာရစေဖို့ အတွက် ဘုရားသခင်အကြောင်းကို သိဖို့လိုတယ်”

ဗင်းဆင့်သည် သူ့ဆေးတံကို မီးညှိပြီး မီးခြစ်ဆံကို အောက်ဘက် မြောင်းထဲသို့ ပစ်ချလိုက်သည်။ “ဒါဆိုရင် မြို့ထဲက လူတွေကျ တော့ကော” ဟု ပြန်မေးသည်။

“သူတို့မှာက စားစရာ ဝတ်စရာ အပြည့်အစုံရှိတယ်။ နေရေးထိုင်ရေး စားရေး သောက်ရေးအတွက် ဘဝအာမခံချက်တွေရှိတယ်။ ဆင်းရဲခြင်းဒုက္ခကို ရှောင်ရှားနိုင်ဖို့ သူတို့မှာ ငွေကြေးအများကြီးရှိတယ်။ သူတို့အနေနဲ့ ဘုရားသခင် အကြောင်းတွေးကြတဲ့အခါမှာ ဘုရားသခင်ကို အလွန်ချမ်းသာကြွယ်ဝပြီး အောင်မြင်ကျော်ကြားနေတဲ့ လူရည်လူမွန်ပုဂ္ဂိုလ်ကြီးတစ်ယောက်အဖြစ်ပဲ မြင်ကြတယ်။ ဘုရားသခင်ဟာ ဒီကမ္ဘာမြေကြီးပေါ်က အကောင်းဆုံးဆိုတဲ့ အရာတွေနဲ့ သူ့ကိုယ်သူကျေနပ်အားရနေတဲ့ ပုဂ္ဂိုလ်ကြီးတစ်ယောက်လို့ပဲ ထင်ကြတယ်”

“ဒါဆိုရင် ဒီလူတွေဟာ လူ့အန္တရာယ်ပဲ!” ဟု ဗင်းဆင့်ကပြောသည်။

“အမယ်လေးကွာ ငါကတော့ အဲသလို နာမည်မတပ်ပါဘူး” ဟု မင်းဒတ်စ် က ပြန်ပြောသည်။

“ကျွန်တော်ကတော့ အဲသလိုပဲခေါ်မှာပဲ”

ထိုညတွင် ဗင်းဆင့်သည် သူ့ရှေ့မှောက်၌ ဂရိစာအုပ်များကို ချထား သော်လည်းစာများကို မဖတ်နိုင်။ သူ့ရှေ့တည့်တည့်မှ နံရံကိုသာ စိုက်ကြည့်ကာ တွေဝေငေးမောလျက်ရှိ၏။ သူ့စိတ်အာရုံတွင် လန်ဒန်ဆင်းရဲသားရပ်ကွက်များကို ပြန်လည်မြင်ယောင်နေမိသည်။ အလွန်အမင်းဆင်းရဲခြင်းနှင့် ထိုဆင်းရဲမှုဒဏ်ကို အပြင်းအထန်ခံစားနေရသည့် ဒုက္ခများမှာကြီးမားများပြားလှချေသည်။ ထိုစဉ်က သူသည် ထိုဆင်းရဲသားများအား ကူညီလိုသဖြင့် အီဗန်ဂျယ်လစ္စ ခရစ်ယာန် ဘာသာဝင်တစ်ယောက်ဖြစ်လိုသောဆန္ဒ ပြင်းပြခဲ့ဖူးသည်မဟုတ်ပါလား။

သူသည် သူ့ဦးလေးစထရစ်ကား၏ဘုရားရှိခိုးကျောင်းသို့ လာရောက် လေ့ရှိသူများကို သတိရသည်။ ထိုပုဂ္ဂိုလ်များမှာ လူချမ်းသာပညာတတ်များချည်း ဖြစ်သည်။ သူတို့ဘဝသည် အကောင်းဆုံးဆိုသည့် အရာများကို လိုက်လံရှာဖွေပြီး သာယာယစ်မူး နေနိုင်ကြသူများသာဖြစ်၏။ သူတို့အားဟောသည့် ဦးလေး စထရစ်ကား၏ တရားဒေသနာများသည် အလွန်ကောင်းသည်။ လှပကြွယ်ဝ

သောစကားလုံးများဖြင့် တန်ဆာဆင်ထားသဖြင့် နာချင့်စဖွယ် ကောင်း လှ၏။ စိတ်၏သက်သာမှုနှင့် သာယာချမ်းမြေ့မှု များကိုလည်း ရနိုင်၏။ သို့သော်လည်းသူ့ဦးလေး၏တရားနာ ပရိသတ်သည် စိတ်သာယာမှုနှင့် အေးချမ်းမှုများကို ရရှိခံစားဖို့ လိုအပ်ကြပါ၏လော။

ဗင်းဆင့် အမ်စတာဒမ်၌ နေလာခဲ့သည်မှာ ခြောက်လပင်ကျော်ခဲ့ပြီ။ နောက်ဆုံးတွင်မူ သူသည် အလုပ်ကြမ်းဆိုသည်မှာ သဘာဝစွမ်းရည်အတွက် သနားစရာကောင်းသော အစားထိုးမှုတစ်ခုသာဖြစ်သည်ဟူသော အချက်ကို သိမြင်နားလည်လာသည်။ သူသည် ဘာသာရပ်ဆိုင်ရာစာအုပ်များကို ဘေးဦ့ပုံကာ သူ၏အကွာရာသန်္ဂါစာအုပ်ကို ဖွင့်သည်။

ထိုည သန်းကောင်အချိန်တွင် ဦးလေးဂျန်သည် သူ့အခန်းထဲသို့ ရောက်လာသည်။ "မင်းအိပ်ခန်းထဲက မီးရောင်မြင်လို့လာတာ ဗင်းဆင့်" ဟု ဦးလေးဂျန်ကပြောသည်။ "အစောင့်က ဦးလေးကိုပြောတယ်၊ မင်းဟာ ဒီမနက်လေးနာရီ ထိုးလောက်မှာ ခြံဝင်းထဲဆင်းပြီး လမ်းလျှောက်နေတာ သူမြင်ရတယ်တဲ့။ မင်းတစ်နေ့ကို ဘယ်နှစ်နာရီ စာကျက်သလဲ"

"အတိအကျတော့မရှိပါဘူး။ ဆယ့်ရှစ်နာရီနဲ့ နာရီနှစ်ဆယ်ကြားမှာ ရှိလိမ့်မယ်ထင်ပါတယ်"

"နာရီနှစ်ဆယ်၊ ဟုတ်လား" ဟု သူ့ဦးလေးဂျန်က တအံ့တသြ ရေရွတ်ကာ ဗင်းဆင့်အားကြည့်၍ ခေါင်းယမ်းနေသည်။ သူ့မျက်နှာတွင် စိုးရိမ်မကင်းဖြစ်သည့်အရိပ်လက္ခဏာများ ထင်ရှားစွာပေါ်လွှက်ရှိ၏။ ဗင်ဂိုးမိသားစုထဲတွင် အရှုံးနှင့်ရင်ဆိုင်ခဲ့ရသည်များရှိခဲ့ဖူးရာ ယင်းတို့မှာ ယခု ဗင်းဆင့်လို ပြင်းထန်သောလုပ်ကိုင်မှုများကြောင့်ဖြစ်သည်ကိုလည်း သူသတိရမိလေ၏။

"မင်း အဲသလောက်အထိ လုပ်ဖို့တော့ မလိုအပ်ဖူးလို့ထင်တယ် ဗင်းဆင့်"

"ကျွန်တော် လုပ်ရမယ့်အလုပ်ကို အချိန်မီပြီးအောင်လို့ လုပ်တာပါ ဦးလေးဂျန်"

ဦးလေးဂျန်၏ မျက်ခုံးများသည် မြင့်တက်သွားသည်။ "ငါက မင်းကို ဂရုတစိုက်စောင့်ရှောက်ထိန်းသိမ်းထားပါမယ်လို့ မင်းမိဘတွေကို ကတိပေးထားခဲ့တာ။ အဲဒီတော့ ဒီလောက်ကြီးတော့ မလုပ်စေချင်ဘူး။ ဒါကြောင့်မို့ ဦးလေးဂျန်ရဲ့ စကားကိုနားထောင်ပြီး အခုပဲအိပ်ရာဝင်ပါတော့။ နောင်ကိုလဲ သိပ်ပြီးညဉ့်နက်ချိန်အထိ စာတွေမဖတ်ပါနဲ့" ဟု ပြောသည်။

ဗင်းဆင့်သည် သူ၏လေ့ကျင့်ခန်းစာအုပ်များကို ဘေးတစ်ဖက်၌ ချထားလိုက်သည်။ သို့သော်လည်း သူ့စိတ်ကတော့ သူသည် အိပ်ဖို့မလိုဟု ယူဆသည်။ ပြီးတော့ သူ့အတွက် မေတ္တာ၊ ကရုဏာနှင့် သာယာမှုများကိုလည်းမလို။ သူ့အဖို့အမှန်တကယ် လိုအပ်သည်မှာ လက်တင်နှင့် ဂရိဘာသာများကို ကျက်မှတ်ရန်သာဖြစ်၏။ သူ၏အကွာရာသခ်ၤာနှင့် သဒ္ဒါများကို တတ်မြောက်ရန်သာဖြစ်၏။ သို့မှသာလျှင် သူသည် စာမေးပွဲအောင်မြင်မည်။ တက္ကသိုလ်သို့ တက်၍ ဆက်လက်ပညာသင်ယူပြီး ပညာတတ်ခရစ်ယာန်ဘုန်းကြီးတစ်ပါး ဖြစ်လာမည်။ ထိုအခါ ဘုရားသခင်၏လက်တွေ့ဆန်သော လုပ်ငန်းများကို ဤကမ္ဘာပေါ်ရှိ လူသားများအတွက် လုပ်ပေးနိုင်မည် မဟုတ်ပါလား"

(၅)

အမ်စတာဒမ်မြို့၌ ဗင်းဆင့်နေထိုင်လာခဲ့သည်မှာ တစ်နှစ်ကျော်ခဲ့ပြီ၊ ယခုအချိန်တွင်မူ သူသည် သူ့အခြေအနေကို ကောင်းစွာနားလည်နေပြီဖြစ်၏။ သူသည် အခြားလူများကဲ့သို့ သင်ရိုးသင်စဉ်ပညာများကို သင်ကြား၍ ဖြစ်လိမ့်မည်မဟုတ်ဟု သူ့ကိုယ်သူ နားလည်လာခြင်းဖြစ်သည်။ သူ့ဦးနှောက်၏ တစ်ခုသောအစိတ်အပိုင်းက သူ့အား အချိန်တိုင်းလိုလိုပင် ထိုအချက်ကို အသိပေးနေပြီဖြစ်လေသည်။

ထို့ပြင်လည်း တစ်ခုသောမေးခွန်းသည် နေ့ရောညပါ အချိန်ရှိသမျှ သူ့အား ဖိစီးနေပြီဖြစ်၏။ ထိုမေးခွန်းသည် တခြားမဟုတ်။ "သူ့တွင် သူ့ဦးလေး စထရစ်ကားလို ပညာလည်းတတ်၍ ပါးရည်နပ်ရည်လည်းရှိသော ဘုန်းကြီးတစ်ပါး ဖြစ်လိုစိတ် အမှန်တကယ်ရှိနေပါ၏လော" ဟူသော မေးခွန်းဖြစ်သည်။ သူ၏စိတ်ကူးမှာ ဆင်းရဲသားများ၊ မမာမကျန်းဖြစ်နေသူများနှင့် အောက်တန်းစားနှင်းပြားများအား ကူညီပြုစုစောင့်ရှောက်မည်ဟူသော စိတ်ကူးဖြစ်၏။ အကယ်၍ သူ့ဦးလေးဘုန်းကြီးလို လုပ်မည်ဆိုပါမူ ထိုစိတ်ကူးသည် ဘယ်လိုဖြစ်သွားမည်နည်း။

မေလ၏တစ်နေ့သော မွန်းလွဲပိုင်းတွင် ဗင်းဆင့်သည် ထုံးစံအတိုင်း စာသင်လျက်ရှိသည်။သင်တန်းပြီးသွားသည့်အခါ သူသည် သူ့ဆရာ မင်းဒတ်စ်၏ အရိပ်အကဲကိုကြည့်ပြီး "ကျွန်တော်နဲ့ ခဏတဖြုတ်လမ်းလျှောက်ဖို့ အချိန်ရ

မလား" ဟုမေးသည်။

မင်းဒတ်စ်သည် သူ့တပည့် ဗင်းဆင့်၏ရင်ထဲ၌ ကြီးထွားလာနေသည့် စိတ်ပဋိပက္ခကို မမေးပဲနှင့် ရိပ်မိနေခဲ့သည်မှာ ကြာခဲ့ပြီ။ ဤလူငယ်သည် သူ့အလိုဆန္ဒအတိုင်းဖြစ်လာရေးအတွက် ဆုံးဖြတ်ချက်တစ်ခုချတော့မည့် အနေအထားသို့ ရောက်နေပြီဟုလည်း စိတ်ထဲက အခိုင်အမာသိနေသည်။

"ရပါတယ် ငါကိုယ်တိုင်လည်း ခဏတဖြုတ်လမ်းထွက် လျှောက်ဖို့ စိတ်ကူးထားတာနဲ့ အတော်ပဲပေါ့။ မိုးရွာပြီးစဆိုတော့ အပြင်မှာ လေကသန့်စင် လတ်ဆတ်နေတယ်မဟုတ်လား၊ မင်းနဲ့အဖော်လုပ်ပြီးလျှောက် ရတော့လဲ ငါ့အတွက် ပိုကောင်းတာပေါ့"

မင်းဒတ်စ်သည် မာဖလာကိုယူ၍ လည်ပင်းတွင် ပတ်လိုက်သည်။ အနက်ရောင် ကုတ်အင်္ကျီကိုယူ၍ဝတ်သည်။ လူနှစ်ယောက်သည် လမ်းမပေါ်သို့ ရောက်လာကြသည်။ ရဟူဒီရပ်ကွက်ဘေးမှ ဖြည်းဖြည်းမှန်မှန်လျှောက်လာခဲ့ကြ၏။ ဤရပ်ကွက်သည် လွန်ခဲ့သော နှစ်ပေါင်းသုံးရာကျော်က ဒတ်ချ်ဒဿနိက ပညာရှင် "ဘာရပ်ချ် စပီနိုဆာ" အား ဝိုင်းကြဉ်ရန်ဆုံးဖြတ်ခဲ့သော ရဟူဒီဂိုဏ်း သားများ အစည်းအဝေးကျင်းပခဲ့ရာ ရပ်ကွက်ဖြစ်၏။ သုံးလမ်းလေးလမ်းမျှ ကျော်ဖြတ်မိကြသောအခါ ဇီးစထရပ်လမ်းထဲမှ ဒတ်ချ်ပန်းချီဆရာကြီး ရမ်းဘရန့်၏နေအိမ်ရှေ့သို့ ရောက်ကြသည်။ ဘရန့်သည် သစ်ထွင်းပန်းချီဆရာတစ်ဦးအဖြစ်လည်း ထင်ရှားကျော်ကြားခဲ့သူဖြစ်၏။ အခုတော့လည်း သူနေထိုင်သွားခဲ့သည့် အိမ်သည် အိမ်အိုကြီး တစ်လုံးဖြစ်နေလေပြီ။

"သူ့ခမျာ ဆင်းဆင်းရဲရဲနဲ့ ဂုဏ်သိက္ခာကင်းမဲ့ပြီး သေခဲ့ရရှာတယ်" ဟုနေအိမ်ရှေ့မှ အဖြတ်တွင် မင်းဒတ်စ်က ဗင်းဆင့်အားလှမ်းပြောသည်။

ဗင်းဆင့်က သူ့ဆရာ၏မျက်နှာကို ဖြတ်ခနဲလှမ်းကြည့်သည်။ မင်းဒတ်စ်သည် စကားပြောလျှင်ပြဿနာတစ်ခု၏အဓိက ဗဟိုချက်ကိုတစ်ဘက်လူမြင်သွားအောင် ပြောတတ်သော အလေ့အထရှိသည်။ အခုလည်း သူ့စကားသည် ပန်းချီဆရာကြီး ရမ်းဘရန့်နှင့်ပတ်သက်၍ ဆင်ခြင်တိုင်းထွာ၍ မရနိုင်လောက်အောင် နက်ရှိုင်းသော အတွေးများနှင့် ဝေဖန်သုံးသပ်စရာများကို အစဖော်ပေးထားသည်။

သူ့ဦးလေးဂျန်နှင့် ဦးလေးစထရစ်ကားတို့ကတော့ မင်းဒတ်စ်လိုမဟုတ်။ တိုတိုနှင့်လိုရင်းရောက်အောင် ဒက်ခနဲပြောတတ်ကြသည်။ တစ်ဖက်လူက "ဟုတ်တယ်" "မဟုတ်ဘူး" ဟူသော စကားနှစ်လုံးထဲမှ တစ်လုံးကိုသာ ပြန်ပေး

လျှင် လုံလောက်၏။ မင်းဒတ်စ်ကတော့ ဘာစကားကိုပဲပြောပြော တစ်ဖက်လူ၏တွေးတောဆင်ခြင်မှုကို နှိုးဆွပေးသည့်စကားများကို ပြောတတ်လေသည်။

"ဒါပေမယ့် သူသေတဲ့အခါမှာ စိတ်မချမ်းမမြေ့ မပျော်မရွှင်နဲ့ သေတာတော့မဟုတ်ပါဘူး" ဟု ဗင်းဆင့်က ပြောသည်။

"အေး မင်းပြောတာမှန်တယ်" ဟု မင်းဒတ်စ်ကဆိုသည်။ "သူ့အနေနဲ့ သူ့ရင်တွင်းခံစားချက်တွေကို အပြည့်အဝ ဖော်ပြခဲ့တယ်။ သူလုပ် ထားတဲ့အလုပ်တွေဟာ ဘယ်လောက်တန်ဖိုးရှိတယ်ဆိုတာကိုလည်းသိတယ်။ သူ့ခေတ်မှာတော့ သူ့အလုပ်မျိုးကိုလုပ်တဲ့ လူဆိုလို့ သူတစ်ဦးတည်းပဲရှိ ခဲ့တာကွယ့်"

"ဒါဆိုရင် ..... သူလုပ်နေတဲ့ အလုပ်တွေဟာ မှန်တယ်လို့ကော သူဖာသာသူ သိခဲ့ရဲ့လား။ ဆိုကြပါစို့၊ သူ့လုပ်ရပ်တွေဟာ မှားနေတယ်လို့ ပြောရင်ကော၊ တကယ်လို့ ကမ္ဘာက သူ့လုပ်ရပ်တွေကို အသိအမှတ်မပြုပဲနေတာ မှန်နေတယ်ဆိုရင်ကော"

"ကမ္ဘာပေါ်မှာရှိသမျှလူတွေက သူ့အပေါ်မှာထားတဲ့ အမြင်ဟာ အကျိုးသက်ရောက်မှု နည်းနည်းပဲရှိခဲ့တာပါ။ ရမ်းဘရန့်ရဲ့အလုပ်က ပန်းချီ ဆွဲဖို့ပဲ၊ သူဆွဲတဲ့ ပန်းချီတွေကောင်းတယ် ဆိုးတယ် ဆိုတာက သူ့အတွက် အရေးကြီးတဲ့ ပြဿနာ မဟုတ်ပါဘူး။

"ပန်းချီပညာရဲ့အဓိက တန်ဖိုးဟာ ဘာလဲ ဗင်းဆင့်၊ အဲဒီ တန်ဖိုးဟာ ပန်းချီကားကို ဖန်တီးသူရဲ့ ဖော်ပြချက်ထဲမှာ တည်ရှိနေတယ်၊ အဲဒီဖော်ပြချက်က ဖန်တီးသူပညာရှင်ကို ပေးတဲ့ရသဟာ ပန်းချီကားရဲ့ အဓိက ကျတဲ့တန်ဖိုးပဲ ။

"အမှန်တော့ ပန်းချီရေးဆွဲခြင်းဆိုတဲ့ အနုပညာက ရမ်းဘရန့်ကို လူတစ်ယောက်အဖြစ် ပေါင်းစပ်ဖွဲ့စည်းပေးထားတာပဲ။ ရမ်းဘရန့်ဟာ သူသိထားတဲ့ သူ့ဘဝရဲ့ ရည်မှန်းချက်ကို ဖြည့်ဆည်းပေးခဲ့တာပါ။ အဲဒီအချက်ကပဲ သူမှန်ကြောင်း သက်သေပြနေတယ်။ တကယ်လို့ ရမ်းဘရန့်အနေနဲ့ သူ့အလုပ်ကို တန်ဖိုးမရှိဘူးလို့ တွက်ခဲ့ရင် သူ့ရဲ့ဆန္ဒကိုဘေးဖယ်ပြီး အခုသူရေးဆွဲသွားတဲ့ ပန်းချီကားတွေထက် အဆထောင်ပေါင်းများစွာ ငွေကြေးပိုပြီးရနိုင်မယ့် ပန်းချီကားတွေကို ဆွဲသွားမှာပေါ့၊ ဒါဆိုရင် သူဟာ အမ်စတာဒမ်မြို့ပေါ်မှာ အချမ်းသာဆုံး ပန်းချီကားကုန်သည်ကြီး ဖြစ်လာမှာသေချာတယ်"

"ကျွန်တော် သဘောပေါက်ပါပြီ"

"ဒီနေ့ ခေတ်ကျတော့ ရမ်းဘရန့်ရဲ့ ပန်းချီကားတွေကို ကြည့်ပြီး တစ်ကမ္ဘာလုံးက စိတ်ရဲ့သာယာချမ်းမြေ့မှုကို ခံစားနေကြတယ်" ဟု မင်းဒတ်စ်က

ဆက်ပြောသည်။ "ဒါဟာ ရမ်းဘရန့်က အခမဲ့ပေးခဲ့တဲ့ ဆုလာဘ်တစ်ခုလို့ဆိုရင် မမှားနိုင်ဘူး၊ တကယ်တော့ သူ့ဘဝဟာ သူသေမှအောင်မြင်ခဲ့တယ်။ ပြီးပြည့်စုံခဲ့တယ်။ သူအခုရောက်နေတဲ့ သုသာန်ထဲက တွင်းထဲအထိ လိုက်ပြောလို့လည်း သူသိရှိခံစားနိုင်မယ့်အခြေအနေမရှိတော့ဘူး။

"အခုအချိန်မှာတော့ သူ့ရဲ့ဘဝစာအုပ်ဟာပိတ်သွားပြီ၊ အင်မတန်မှ လှလှပပ သေသေသပ်သပ်ချုပ်ထားတဲ့ ဘဝစာအုပ်ကလေးတစ်အုပ်ပါ။ တကယ် တော့သူ့ရဲ့ ဇွဲနဲ့ သူ့အတွေးအမြင် အယူအဆအပေါ် သစ္စာရှိမှုတွေဟာ အင်မတန်မှ အရေးကြီးတဲ့ ဂုဏ်သတ္တိပါ။ သူ့လက်ရာတွေရဲ့ ဂုဏ်သတ္တိက အဲဒါ လောက်အရေးမကြီးပါဘူး"

သူတို့သည် လမ်းတစ်နေရာတွင် တစ်ခဏမျှရပ်ကာ သဲလှည်းများဖြင့် အလုပ်ရှုပ်နေကြသော လူများကို ကြည့်နေကြသည်။ ထို့နောက် အိုင်ဗီ ပန်းနွယ်များဖြင့် ပြည့်နေသည့်ပန်းခြံကလေးများတည်ရှိနေသော ဇမ်းကြား ပေါင်းအများအပြားကို တစ်လမ်းဝင်တစ်လမ်းထွက် ဖြတ်လာခဲ့ကြလေသည်။

"ဒါပေမယ့် ကျွန်တော်တွေးမိတာတစ်ခုရှိတယ်" ဟု ဗင်းဆင့်က ပြောသည်။ "လူငယ်တစ်ယောက်အနေနဲ့ သူ့ရဲ့ရွေးချယ်မှု မှန် မမှန်ကို ဘယ်လို လုပ်ပြီးသိနိုင်မှာလဲ။ ဥပမာ သူကသူ့ဘဝနဲ့ အသင့်တော်ဆုံး အရာတစ်ခုလို့ ထင်လို့လုပ်နေပေမယ့် နောက်ပိုင်းကျတော့ သူနဲ့ အဲဒီအရာနဲ့ မသင့်ဘူးလို့ သိလာရင်ကော ၊ ဘယ်လိုလုပ်မလဲ"

မင်းဒတ်စ်သည် ကုတ်အင်္ကျီကော်လံများနှင့် ဖုံးအုပ်ထားသည့် သူ့မေးစေ့ကို အပြင်သို့ ထုတ်လိုက်သည်။ သူ၏မဲနက်သော မျက်လုံးများသည် တောက်ပလာသည်။ "မင်းစဉ်းစားကြည့်ပေါ့ ဗင်းဆင့်ရယ်" ဟုပြောသည်။ "ပြာမှိုင်းမှိုင်းတိမ်လိပ်တွေကိုနီရဲလာအောင် နေဝင်ချိန်နေရောင်တွေက ဘယ်လို ဖြန့်ချထားသလဲ"

စကားတပြောပြောနှင့် သူတို့သည် ပင်လယ်ဆိပ်ကမ်းသို့ ဆိုက်ရောက် လာကြသည်။ သင်္ဘောချက်တိုင်များနှင့် တိုက်အိုတိုက်ဟောင်းများ၊ ဆိပ်ကမ်း တလျှောက်တန်းစီ၍ ရှိနေကြသည့်သစ်ပင်ကြီးများ . . . . . ။ အားလုံးကို အဝေး မှပင်မြင်နေကြရ၏။ မင်းဒတ်စ်သည် ဆေးတံတွင် ဆေးထည့်ပြီး လက်ထဲမှ ဆေးအိတ်ကို ဗင်းဆင့်အားလှမ်းပေးသည်။

"ကျွန်တော် သောက်နေပြီ ဆရာ" ဟု ဗင်းဆင့်ကပြောသည်။

"အော် အေး ဟုတ်သားပဲ၊ ငါတို့ ရေကာတာပေါ် အတိုင်း လျှောက်ပြီး

ဇီးဘတ်ဂ်ကို သွားကြရင်ကောင်းမလား၊ အဲဒီမှာ တို့ ဂျူးသုသာန် ရှိတယ်။ ငါတို့အမျိုးသားတွေကို မြှုပ်နှံတဲ့မြေပေါ်မှာ ခဏတဖြုတ်ထိုင်ပြီးနားကြတာပေါ့"

သူတို့သည် အေးအေးဆေးဆေး ဆက်လျှောက်လာကြသည်။ လေကြောင့် ဆေးတံမှ မီးခိုးငွေ့များသည် သူတို့၏ ပခုံးများပေါ်၌ ဝဲပျံနေကြသည်။ "မင့်အနေနဲ့ ဘယ်အရာကိုမဆို ပုံသေတွက်လို့မရဘူး ဗင်းဆင့်" ဟု မင်းဒတ်စ်ကပြောသည်။ "မင့်အနေနဲ့ မင်းစိတ်ထဲက မှန်တယ်လို့ထင်တဲ့ အရာကို လုပ်နိုင်တဲ့ သတ္တိနဲ့ စိတ်ဓာတ်ခွန်အားရှိနေဖို့လိုတယ်။ မင်းလုပ်လိုက်တဲ့ အရာဟာ မှားချင်လည်း မှားသွားလိမ့်မယ်။ ဒါပေမယ့် မင်းဟာ အနည်းဆုံး တစ်ခုခုကိုတော့ လုပ်ပြီးသွားပြီ။ အဲဒီအချက်က အရေးအကြီးဆုံးပဲ။

"ငါတို့အနေနဲ့ ငါတို့ရဲ့ ကျိုးကြောင်းဆင်ခြင်တိုင်းထွာမှုက ပေးထားတဲ့ အကောင်းဆုံးစေခိုင်းချက်အတိုင်းလုပ်ကြရမှာပဲ။ အဲဒီလုပ်ရပ်ရဲ့ တန်ဘိုးကိုတော့ ဘုရားသခင်က ဆုံးဖြတ်ပေးဖို့ လွှဲအပ်ထားကြရမှာပေါ့။ မင့်အနေနဲ့ ဘုရားသခင်ကို တစ်နည်းမဟုတ် တစ်နည်းနည်းနဲ့ အလုပ်အကျွေးပြုချင်စိတ်ရှိနေပြီလို့ ကိုယ့်စိတ်ကိုယ် သေချာပြီဆိုတဲ့ အချိန်မှာ အဲဒီယုံကြည်ချက်ဟာ မင်းရဲ့ အနာဂတ်ဘဝကို ဦးဆောင်မယ့် တစ်ခုတည်းသော လမ်းညွှန်မှုဖြစ်ရမှာပဲ။ အဲဒီအပေါ်မှာ မင်းရဲ့ယုံကြည်မှုကို အပ်နှံထားဖို့ လုံးဝမကြောက်နဲ့"

"ဆိုကြပါစို့ရဲ့၊ ကျွန်တော့်မှာ အရည်အချင်းနဲ့ ပြည့်စုံနေတယ်ဆိုရင်ကော"

"ဘုရားသခင်ကို အလုပ်အကျွေးပြုဖို့ အရည်အချင်းနဲ့ ပြည့်စုံတာကိုဆိုလိုတာလား" ဟု မင်းဒတ်စ်က ဗင်းဆင့်အားကြည့်၍ ပြန်မေးသည်။

"မဟုတ်ပါဘူး၊ ကျွန်တော့်အနေနဲ့ တကယ်သိုလ်က ဘွဲ့ရပညာတတ်ဘုန်းကြီးတစ်ပါးဖြစ်လာနိုင်မယ့် အရည်အချင်းနဲ့ ပြည့်စုံမှုရှိ မရှိကို မေးနေတာပါ"

မင်းဒတ်စ်သည် ဗင်းဆင့်၏ တစ်မူထူးခြားနေသော ပြဿနာနှင့် ပတ်သက်၍ သူ၏ထင်မြင်ယူဆချက်များကို ပြောပြလိုသော ဆန္ဒမရှိ၊ ယေဘုယျသဘောဖြင့်သာ ဆွေးနွေးဝေဖန်လို၏။ ဆုံးဖြတ်မှုကို မိမိက မလုပ်ချင်၊ သူ့ဖာသာသူသာ လုပ်စေချင်သည်။

သူတို့သည် ဂျူးသုသာန်သို့ ရောက်လာခဲ့ပြီဖြစ်၏။ သုသာန်၏အပြင်အဆင်အမွမ်းအမံများသည် ရိုးရိုးစင်းစင်းရှိလှချေသည်။ ဟီဘရူးဘာသာဖြင့် ရေးထိုးထားသော အုတ်ဂူများမှာ ရှေးဟောင်းကျောက်တုံးကြီးများချည်းဖြစ်၏။ သက်တမ်းရင့်လှပြီဖြစ်သော သစ်ပင်ကြီးများသည် သုသာန်တစ်ခုလုံးကို ဖုံးလွှမ်း

ထားသည်။ မြင့်မားလှသော မြက်ပင်ရှည်ကြီးများသည် ဟိုတစ်ကွက် သည်တစ်ကွက် ပေါက်ရောက်နေကြလေသည်။

မင်းဒတ်စ်၏ ဒါကော်စတာမီသားစုပိုင် သီးသန့်သုသာန်မြေကွက်အနီး တွင် ကျောက်သားခုံတန်းလျားတစ်ခုရှိသည်။ သူတို့နှစ်ယောက်သည် ထိုခုံတန်း ပေါ်၌ ထိုင်၍ အမောဖြေကြသည်။ ဗင်းဆင့်သည် သူ့ဆေးတံကို အိတ်ထဲ ပြန်ထည့်ထားလိုက်၏။ အခုလို ညနေစောင်းအချိန်တွင် သုသာန်သည် လူသွား လူလာမရှိသဖြင့် တိတ်ဆိတ်လျက်ရှိသည်။ အသံဟူ၍လည်း ဘာသံမှမကြား ရ။

"လူတိုင်းမှာ ရိုးသားဖြောင့်မတ်မှုတစ်ခုဟာရှိတယ်။ အဲဒါဟာ လူ့အကျင့်စာရိတ္တရဲ့ဂုဏ်၊ ဒါမှမဟုတ် အရည်အသွေးတစ်ခုပဲ ဗင်းဆင့်" ဟု ဘေးချင်းယှဉ်နေသော သူ့အဖေနှင့် အမေတို့၏ အုတ်ဂူများကို ငေးကြည့် နေသော မင်းဒတ်စ်ကပြောသည်။ "တကယ်လို့ သူ့အနေနဲ့ အဲဒီဟာကို သိမြင်နားလည်ထားမယ်ဆိုရင် သူဘာပဲလုပ်လုပ် လုပ်သမျှ အလုပ်တွေရဲ့ အဆုံးသတ်ဟာ ကောင်းမှာပဲ။

"တကယ်လို့ မင်းဟာ ပန်းချီကားတွေရောင်းဝယ်သူအဖြစ်နဲ့ ရပ်တည် နေမယ်ဆိုပါတော့။ မင့်ကို အဲဒီရောင်းဝယ်သူတစ်ဦးဖြစ်လာအောင် လုပ်ပေး ထားတဲ့ ရိုးသားဖြောင့်မတ်မှုကပဲ မင့်ကို အလွန်တော်တဲ့ ပန်းချီကားကုန်သည် တစ်ယောက်ဖြစ်သွားအောင် လုပ်ပေးမှာပဲ။ မင့်ရဲ့ ပညာသင်ကြားမှုဟာလည်း ဒီသဘောတရားအတိုင်းပဲဖြစ်လာရမှာပဲ။ နောင်တစ်နေ့ကျရရင် မင်းဟာ မင့်ကိုယ်မင်း၊ ဒါမှမဟုတ် မင်းရဲ့ အတွက်ကို အပြည့်အဝဖော်ပြလာနိုင်လိမ့်မယ်၊ မင့်အနေနဲ့ ဘယ်လမ်းကိုပဲရွေးရွေး အဲဒီအတိုင်းကတော့ ဖြစ်လာမှာပါ"

"တကယ်လို့ ကျွန်တော့်အနေနဲ့ ဘုန်းကြီးတစ်ပါးဖြစ်လာဖို့အတွက် အမ်စတာဒမ်မှာ မနေတော့ဘူးဆိုရင်ကော . . . . . "

"အဲဒါက ကိစ္စမရှိပါဘူး။ မင့်အနေနဲ့ လန်ဒန်ကို ဘုန်းကြီးတစ်ပါး အဖြစ်နဲ့ ပြန်ချင်ပြန်မယ်၊ ဒါမှမဟုတ်ရင် လန်ဒန်က ဆိုင်တစ်ဆိုင်မှာ အလုပ် ဝင်လုပ်ချင်လည်းလုပ်မယ်၊ ဒါမှမဟုတ်လည်း ဘရားဘန့်နယ်မှာ လယ်သမား ယာသမားတစ်ယောက်ဖြစ်ချင်လည်းဖြစ်လာမယ်။ သဘောကတော့ မင်းဘာပဲ လုပ်လုပ် ကောင်းကောင်းလုပ်သွားလိမ့်မယ်ဆိုတာ ငါသိတယ်။

"မင်းကို လူတစ်ယောက်ဖြစ်လာအောင် လုပ်ပေးထားတဲ့ အရည် အသွေးတွေထဲက ထူးခြားတဲ့ ဂုဏ်သတ္တိကို ငါ့ရင်ထဲက သိနေတယ်။ အဲဒီ ဂုဏ်သတ္တိဟာ ကောင်းတယ်ဆိုတာလည်း ငါနားလည်နေတယ်။ မင့်ဘဝ

တစ်လျှောက်မှာ ငါတော့ဆုံးရှုံးနေပြီလို့ အကြိမ်ပေါင်းများစွာ ထင်မိတဲ့အချိန်ကာလတွေရှိခဲ့ရှိပေလိမ့်မယ်။ ဒါပေမယ့် နောက်ဆုံးမှာတော့ မင်းကိုယ်မင်းဖော်ပြလာနိုင်မှာပါ။ အဲဒီဖော်ပြချက်ကပဲ မင့်ဘဝကို မှန်ကန်ကြောင်း သက်သေပြမှာပါ"

"ကျေးဇူးတင်ပါတယ်ဆရာ၊ ဆရာပြောတာတွေဟာ ကျွန်တော့်အတွက် အကူအညီရပါတယ်"

မင်းဒတ်စ်သည်မသိမသာတုန်ယင်လာသည်။ သူ့အောက်မှကျောက်တုံးခုံတန်းလျားသည် အေးစက်လာနေသည်။ နေသည် ပင်လယ်ပြင် နောက်သို့ ငုပ်လျှိုးသွားပြီ၊ သူသည် ထိုင်ရာမှ ထရပ်လိုက်၏။ "ငါတို့သွားကြစို့လား ဗင်းဆင့်" ဟုပြောသည်။

(၆)

နောက်တစ်ရက် နေဝင်ဖြိုးဖျ အချိန်တွင် ဗင်းဆင့်သည် သူ့အခန်းပြတင်းပေါက်အနီး၌ ရပ်ကာ ခြံဝင်းထဲသို့ လှမ်းမျှော်ကြည့်နေသည်။ တန်းစီနေသော ပေါ်ပလာပင်ကိုင်းများသည် မှုန်မှိုင်းမှိုင်းကောင်းကင်ကိုနောက်ခံ ပြုကာ ယိမ်းနွဲ့လှုပ်ရှားနေကြလေသည်။

"ငါဟာ သင်ရိုးသင်စဉ်ပညာကို သင်ကြားတဲ့နေရာမှာ လူတော်တစ်ယောက်မဟုတ်ဘူး" ဟု သူ့ကိုယ်သူပြောသည်။ "ဒီလိုဆိုရင်ငါဟာ ဒီကမ္ဘာလောကကြီးထဲမှာ အသုံးဝင်တဲ့ လူတစ်ယောက်ဖြစ်နိုင်ပါ့မလား။ လူသားအချင်းချင်း မေတ္တာထားဖို့နဲ့ ကူညီစောင့်ရှောက်ဖို့အတွက် လက်တင်နဲ့ ဂရိဘာသာကိုသင်နေဖို့လိုသလား"

ဦးလေးဂျန်သည် ခြံဝင်းထဲ၌ လှည့်လည်စစ်ဆေးလျက်ရှိသည်ကို သူမြင်နေရ၏။ အလှမ်းကွာဝေးသည့် သဘော်ကျင်းများထဲမှ သဘော်ရွက်တိုင်များကိုလည်း သူမြင်နေရသည်။ အားလုံးမှုန်ဝါးဝါးချည်းဖြစ်၏။ ပတ်ဝန်းကျင်တွင် အနီရောင်နှင့်ပြာမှိုင်းမှိုင်းအရောင်များသည် လွှမ်းခြုံလျက်ရှိလေသည်။

"ငါလုပ်ချင်တာက ဘုရားသခင်ရဲ့ လက်တွေ့ကျတဲ့အလုပ်တွေကိုသာလုပ်ချင်နေတာ၊ တြိဂံပုံတွေနဲ့ စက်ဝိုင်းပုံတွေ ဆွဲနေလို့ အကြောင်းထူးလာမှာလား။ ငါ့အနေနဲ့ ဘုရားရှိခိုးကျောင်း အကြီးကြီးလဲ မလိုချင်ဘူး။ စကားလုံးအလှအပ

တွေနဲ့ တန်ဆာဆင်ထားတဲ့ တရားတွေကိုလည်း မဟောချင်ဘူး”

ထိုအခိုက်တွင် ခေါင်းလောင်း ထိုးသံကြားရသည်။ အလုပ်သမားများသည် ဂိတ်တံခါးဆီသို့ တန်းစီပြီး လျှောက်သွားနေကြ၏။ အလုပ်သမားတစ်ယောက်သည် ခြံဝင်းထဲရှိမီးအိမ်များကို လိုက်ညှိနေသည်။ ဗင်းဆင့်သည် ပြတင်းပေါက်အနီးမှ ခွာလာခဲ့လေ၏။

လွန်လေခဲ့ပြီးသော နှစ်များအတွင်းက သူ့အဖေ၊ ဦးလေးကျန်နှင့် ဦးလေး စထရစ်ကားတို့သည် သူ့အတွက်အချိန်နှင့် ငွေအများအပြားကိုအကုန်အကျခံခဲ့ကြ၏။ အကယ်၍ သူ့လက်ရှိလုပ်နေရသည့်အလုပ်ကို စွန့်ပစ် လိုက်မည်ဆိုပါက သူတို့သည် သူတို့အကုန်အကျခံခဲ့ရသည်များအတွက် များစွာယူကြုံးမရဖြစ်ကြပေတော့မည်။

မည်သို့ပင်ဖြစ်စေ သူသည် ရိုးသားစွာဖြင့် ကြိုးစားအားထုတ်ခဲ့၏။ တစ်ခုတော့ရှိသည်။ သူသည် တစ်နေ့လျှင် နာရီနှစ်ဆယ်ထက်တော့ ပို၍မလုပ်နိုင်။ သူသည် စာပေသင်ကြားမှုတွင် မသင့်တော်သည်မှာ အမှန်ပင်ဖြစ်သည်ဟု သူထင်၏။ ဤအလုပ်ကို သူစတင်ခဲ့သည်မှာ နောက်ကျလွန်းသည်ဟုလည်း ထင်၏။ အကယ်၍ သူသည် မနက်ဖြန်တွင် အီဗန်ဂျယ်လစ္စ် နယ်လှည့်တရားဟောဆရာအဖြစ် ထွက်သွားသည်ဆိုပါတော့။ လူသားများအတွက် သူ အလုပ်လုပ်နေပြီဆိုပါတော့။ ထိုလုပ်ရပ်ကို ကျဆုံးမှုဟု ခေါ်ရမှာလား။ . . . . ။ အကယ်၍ သူသည် မမာမကျန်းဖြစ်နေသူများအား ကုသပေးနေပြီး ဘုရားသခင်အား မယုံကြည်သူများကို ယုံကြည်သက်ဝင်လာအောင် လုပ်နိုင်သည်ဆိုပါ တော့။ ထိုလုပ်ငန်းကို မအောင်မြင်ဟုပင် ဆိုကြမှာလား။

မိသားစုတစ်ခုလုံးကတော့ သူ့လုပ်ရပ်ကို ဆုံးရှုံးမှုဟုပင် ပြောကြလိမ့်မည်ဖြစ်၏။ သူတို့အနေဖြင့် မိမိအားဘယ်တော့မှ အောင်မြင်မှုရရှိလိမ့်မည်မဟုတ်ဟု ဝေဖန်ပြစ်တင်ကြလိမ့်မည်သာမက အဖိုးမတန်သည့်လူ၊ ကျေးဇူးတရားမသိတတ်သည့်လူဟုပင် စွပ်စွဲကြလိမ့်မည်ဖြစ်၏။ ပြီးတော့ မိမိအားဗင်ဂိုးမိသားစုထဲတွင် သိုးမည်းတစ်ကောင်အဖြစ်သတ်မှတ်ကြလိမ့်မည်မှာ မလွဲပေ။

“မင်းဘာပဲလုပ်လုပ် ကောင်းအောင်လုပ်လိမ့်မယ်လို့ ငါယုံကြည်တယ်” ဟု မင်းဒတ်စ်ကပြောခဲ့၏။ “နောက်ဆုံးမှာ မင်းဟာ မင်းကိုယ်မင်းဖော်ပြနိုင်မှာပါ။ အဲဒီဖော်ပြချက်ကပဲ မင့်ဘဝမှန်ကြောင်းကို သက်သေပြသွားမှာပါ” ဟုလည်း ဆိုခဲ့၏။

အမှန်အတိုင်းသာဝန်ခံရမည်ဆိုပါက အမြင်ကျဉ်းသော ဘုန်းကြီးတစ်ပါးဖြစ်လာမည့်အရည်အသွေးများသည် မိမိ၌ရှိနေ၏။ ယင်းအချက်ကို အလွန်လိမ္မာပါးနပ်သော လူကဲခတ်ကောင်းသော မိမိ၏အစ်မကေးက ရိပ်မိ ခဲ့၏။ မိမိအနေဖြင့် အမ်စတာဒမ်မြို့၌ ဆက်လက်နေထိုင်သွား၍ ဖြစ်ပါတော့မည်လော။ အကယ်၍ဆက်လက်နေထိုင်သွားမည်ဆိုပါက ကေးမြင်ထားသည့် ပုံစံအတိုင်းဖြစ်လာလိမ့်မည်မှာ မလွဲပေ။

ဤကမ္ဘာလောကထဲ၌ သူ့နေရာ ဘယ်နေရာဖြစ်သည်ကို သူသိနေပြီဖြစ်၏။ မင်းဒတ်စ်ကလည်း သူ့အား ထိုနေရာသို့သွားရန် သတ္တိကို ပေးခဲ့လေပြီ။ သူ့မိသားစုကတော့ သူ့အား နှာခေါင်းရှုံ့ကြပေတော့မည်။ သို့သော်လည်း ပြစ်တင်ဝေဖန်မှုနှင့် ရှုတ်ချမှုများသည် သူ့အတွက် အရေးထားစရာအကြောင်းများမဟုတ်ဟု ယူဆထားပြီးပြီဖြစ်လေသည်။

သူသည် လျှင်မြန်စွာပင် သူ့အဝတ်အစားများကို အိတ်ထဲထည့်ကာ မည်သူ့ကိုမှ နှုတ်မဆက်တော့ပဲ အိမ်ထဲမှ အပြီးအပြတ်ထွက်လာခဲ့လေ၏။

(၇)

ဘယ်လ်ဂျီယံအမျိုးသားများ၏အိပ်ရာယ်လစွမ်မွှဆရာများ စည်းရုံးရေးကော်မီတီတွင် ဘုန်းတော်ကြီးပန်ဒင်းဘရင့်ခ်၊ ဒီဂျွန်းနှင့်ပက်တာဆင်တို့ ပါဝင်သည်။ ယင်းကော်မီတီသည် ဘရပ်ဆဲလ်မြို့တွင် ကျောင်းသစ်တစ်ကျောင်း ဖွင့်ထားသည်။ ယင်းသင်တန်းကျောင်း၌ တက်ရောက်ပညာသင်ယူလိုသော ကျောင်းသားများသည် အစားအစာနှင့် အခန်းခအတွက် ငွေကြေးအနည်းငယ်မျှသာပေးရသည်။ ဗင်းဆင့်သည် ထိုကော်မီတီရှေ့မှောက်သို့ ရောက်သွားခဲ့၏။ ကော်မီတီကလည်း သူ့အားသင်တန်းသားတစ်ဦးအဖြစ် လက်ခံခဲ့လေသည်။

"သုံးလသင်တန်းတက်ပြီးရင် တို့ကော်မီတီက မင့်ကို ဘယ်လ်ဂျီယံနိုင်ငံထဲက တစ်နေရာမှာအလုပ်ပေးမယ်" ဟု ဘုန်းတော်ကြီး ပက်တာဆင်ကပြောသည်။

"မင်းမှာ အရည်အချင်းနဲ့ပြည့်စုံမှုပေးမှာ" ဟု ဘုန်းတော်ကြီး ဒီဂျွန်းကဖြည့်စွက်၍ပြောသည်။ ဒီဂျွန်းသည် လူငယ်ဘဝက စက်မှုအလုပ်သမားတစ်ယောက်ဖြစ်၏။ ထိုစဉ်က အလုပ်ခွင်တွင် ထိခိုက်ဒဏ်ရာရကာ လက်မ

တစ်ချောင်းဆုံးရှုံးခဲ့ရသူဖြစ်၍ နောက်ပိုင်းကျကာမှ ဘာသာရေးဘက်သို့ စိတ်ဝင်စား ကူးပြောင်းလာခဲ့သူဖြစ်လေသည်။

"ငါတို့ အီဗန်ဂျယ်လစ္စဘာသာရေးဂိုဏ်းရဲ့လုပ်ငန်းမှာ အဓိကလိုအပ်ချက်က တခြားမဟုတ်ဘူး မွန်စီယာ ဗင်ဂိုး" ဟု ဘုန်းတော်ကြီး ဗန်ဒင်းဘရင့်စ်က ရှင်းပြသည်။ "မင်းမှာ လူတွေစိတ်ဝင်စားအောင် လူတွေကိုဆွဲဆောင်မှု ရှိအောင် ဟောပြောနိုင်တဲ့ အစွမ်းရှိရမယ်"

ဘုန်းတော်ကြီး ပက်တာဆင်သည် ကော်မီတီအစည်းအဝေးပြုလုပ်ခဲ့သော ဘုရားခိုရှိုးကျောင်းထဲမှ ဗင်းဆင့်နှင့်အတူ အပြင်သို့ ထွက်လာခဲ့သည်။ ဘရပ်ဆဲလ်မြို့၏နေရောင်သည် ဝင်းလက်တောက်ပလျက်ရှိ၏။ နေရောင်အောက်ရောက်သည့်အခါ ပက်တာဆင်သည် ဗင်းဆင့်၏လက်မောင်းကို တရင်းတနှီး ဆုပ်ကိုင်ထားသည်။

"မင်းကို လက်ခံရတဲ့အတွက် ငါတော့ဝမ်းသာတယ်" ဟုပြောသည်။ "ဘယ်လ်ဂျီယံနိုင်ငံထဲမှာ လုပ်စရာ အလုပ်တွေ အများကြီးရှိတယ်။ မင်းရဲ့စိတ်အားထက်သန်မှုနဲ့ဆိုရင်တော့ ဒီလုပ်ငန်းကို ထိရောက်အောင်မြင်အောင် လုပ်သွားနိုင်လိမ့်မယ်လို့ ငါမျှော်လင့်ထားတယ်"

ပူပြင်းသော နေရောင်ကြောင့်လား၊ သို့မဟုတ် ဤပုဂ္ဂိုလ်ကြီး၏ မမျှော်လင့်သော ကြင်နာမှုကိုရ၍လား တော့မသိ၊ ဗင်းဆင့်အနေဖြင့် နွေးနွေးထွေးထွေးရှိလှပေသည်။ သူတို့သည် အထပ်ခြောက်ထပ်အဆောက်အဦးများကြားရှိ လမ်းထဲသို့ဝင်လာခဲ့ကြသည်။ ဗင်းဆင့်သည် ပက်တာဆင်အား အလိုက်သင့်ပြန်ပြောရန် ကြိုးစားသော်လည်း ပြောစရာစကားကို ရှာမရ။ တစ်နေရာအရောက်တွင် ပက်တာဆင်သည် လမ်းဘေးတစ်နေရာ၌ ရပ်လိုက် သည်။

"ဒီနေရာမှာပဲ မင်းနဲ့ငါလမ်းခွဲကြရလိမ့်မယ်" ဟု ပက်တာဆင်ကပြောသည်။ "ရော့ ဟောဒီမှာ လိပ်စာကတ်၊မင်းအားလပ်တဲ့ညနေခင်းမှာ ငါ့ဆီကို အလည်လာခဲ့ဦး၊ မင်းနဲ့စကားပြောရရင် စိတ်ပျော်စရာကောင်းလိမ့် မယ်လို့ ငါထင်တယ်"

အီဗန်ဂျယ်လစ္စမဆရာသင်တန်းကျောင်းတွင် စုစုပေါင်း ဗင်းဆင့်အပါအဝင်ကျောင်းသားသုံးဦးမျှသာရှိ၏။ သူတို့အား တာဝန်ခံအုပ်ချုပ်နေသည့် ဆရာမှာ ဆရာဘော့ခ်မာဆိုသူဖြစ်သည်။ ဘော့ခ်မာသည် အရပ်ပုသော်လည်း ကျစ်လစ်တောင့်တင်းသည်။ မျက်နှာကတော့ ခွက်တက်တက်. . . ။

ဗင်းဆင့်၏အဖော်သင်တန်းသားနှစ်ယောက်မှာ အသက်ဆယ့်ကိုးနှစ်

အရွယ်တောသားလေးများဖြစ်၏။ သူတို့သည် ဗင်းဆင့်နှင့်ချက်ချင်းပင် ခင်မင်ရင်းနှီးသွားကြသည်။ သူတို့သည် ဗင်းဆင့်အား အမြဲတန်းလိုလို ပြောင်လား နောက်လား လုပ်တတ်သည်။ ဤအချက်သည် သူတို့သုံးယောက်၏ ရင်းနှီးမှုကို ပိုမိုခိုင်မြဲစေသော အချက်ပင်ဖြစ်သည်။

သူတို့ချင်းသိစက ဗင်းဆင့်သည်သူတို့နှစ်ဦးထဲမှ တစ်ဦးအား "ငါ့ရည် မှန်းချက်ကတော့ ပထမဦးဆုံးငါ့ကိုယ်ငါ မာန်မာနကင်းအောင်နဲ့ နှိမ့်ချတတ် အောင်လုပ်ဖို့ပဲကွ"ဟု ပြောခဲ့ဖူးသည်။တစ်ခါတစ်ရံတွင် လူငယ်များသည် ပြင်သစ်ဘာသာဖြင့် ရေးထားသော တရားစာကို အလွတ်ကျက်နေသည့် ဗင်းဆင့် အားတွေ့သည်အခါ "ခင်ဗျားဘာလုပ်နေတာလဲ ဗင်ဂိုး၊ ခင်ဗျားကိုယ်ခင်ဗျား သတ်နေတာလား" ဟု မေးတတ်လေသည်။

ဗင်းဆင့် ရင်ဆိုင်နေရသည့်အခက်အခဲဆုံး ပြဿနာတစ်ခုမှာ ဆရာဘော့ခ်မာနှင့်ဆက်ဆံရေးဖြစ်၏။ ဆရာဘော့ခ်မာသည် သူတို့အားစကား ပြောကောင်းသူများဖြစ်လာအောင် သင်ကြားပေးလိုသည်။ ကျောင်းသားသုံးဦး သည် ညစဉ်ညတိုင်းနောက်တစ်နေ့မနက် အတန်းထဲ၌ဟောပြောရန် အလှေ့ အကျင့် လုပ်ကြရသည်။ ဟောပြောမည့်တရားစာကိုလည်း သူတို့ဖာသာသူတို့ ကြိုတင်ပြင်ဆင်ထားကြရ၏။

အတန်းထဲရောက်၍ အလှည့်ကျတရား ထ ဟောကြသည့်အခါ လူငယ် နှစ်ယောက်သည် အာသွက်လျှာသွက်နှင့် ဟောပြောသွားနိုင်ကြသော်လည်း ဗင်းဆင့်မှာမူ သူဟောမည့်တရားကိုပြန်၍ စဉ်းစားနေရသဖြင့် နှေးကွေးလေးလံ လျက်ရှိ၏။ အမှန်တော့သူသည် သူဟောမည့်တရားနှင့်ပတ်သက်၍ စာတစ်လုံး ချင်း၊ စာတစ်ကြောင်းချင်းအပေါ်၌ မှားစွာအလေးအနက်ထား၍ ပြောဟော သွားနိုင်ရန် အားထုတ်ထားသူဖြစ်၏။ သို့သော်လည်း အမှားအားဖြင့် တရားဟော မည်ဟုထရပ်လိုက်သည့်အခါ သူ့နှုတ်မှ စကားလုံးများသည် ချောမောစွာ ထွက်လာ လေ့မရှိ။ ခက်ခဲပင်ပန်းစွာဖြင့် တစ်လုံးချင်းတစ်ပိုဒ်ချင်းသာလျှင် ထစ်တီးထစ်ငေါ့ ဖြင့်ထွက်ပေါ်လာနေတတ်လေသည်။

"မင်းအနေနဲ့ နယ်လှည့်တရားဟောဆရာကောင်း တစ်ယောက်ဖြစ်ဖို့ မျှော်လင့်ချက်ထားနိုင်ပါဦးမလား ဗင်းဆင့်ရယ်" ဟု သူ့ဆရာဘော့ခ်မာက ညည်းညည်းညူညူပြောတတ်သည်။ "မင့်ဟာစကားကိုမှ လေးလုံးကွဲအောင် မပြောနိုင်တော့ ခက်တာပေါ့။ မင်းဟောတဲ့တရားကို ဘယ်သူက နာမှာလဲ"

နောက်ဆုံးတွင် ဗင်းဆင့်က လက်တန်းတရားဟောပြောခြင်းကို

သူလုံးဝ မလုပ်နိုင်ဟု ငြင်းပယ်လိုက်သည့်အခါ ဆရာဘော့ခ်မာ၏ဒါသသည် အထွတ်အထိပ်သို့ ရောက်သွားပြီး ပေါက်ကွဲလေတော့၏။

ဗင်းဆင့်သည် ညပိုင်းတွင် အတော်ကြီးညှဉ်နက်သည်အထိ သူဟောကြားမည့်တရားကို ပြင်သစ်ဘာသာဖြင့် ထိထိမိမိဖြစ်အောင် ရေးသားသည်။ နောက်တစ်နေ့မနက်အတန်းထဲရောက်သည့်အခါ သူ့အဖော်နှစ်ယောက်သည် ခရစ်တော်၏ဘဝဇာတ်ကြောင်းနှင့်ကယ်တင်ခြင်းအကြောင်းများကို သွက်လက်ချက်ချာစွာဟောပြောသွားကြ၏။ သူတို့လက်တွင်းမှ မှတ်စုစာရွက်ကို တစ်ကြိမ်နှစ်ကြိမ်မျှသာ ကြည့်ကြသည်။ ဆရာဘော့ခ်မာသည် လူငယ်နှစ်ယောက်ဟောပြောပုံကို သဘောကျသဖြင့် ခေါင်းတငြိမ့်ငြိမ့်ဖြင့် နားထောင်လျက်ရှိလေသည်။

ထို့နောက်တော့ ဗင်းဆင့်အလှည့်ကျလာသည်။ သူသည်ညကရေးထားသည့်စာရွက်ကို ဖြန့်၍ဖတ်သည်။ ဆရာဘော့ခ်မာသည် သူဖတ်နေသည်ကို လုံးဝနားမထောင်။ "အမ်စတာဒမ်မှာ နေတုန်းက သူတို့မင်းကို သင်ပေးတာအဲသလိုပဲလား" ဟု မေးသည်။ "ငါ့အတန်းက လက်တန်းတရား မဟောပဲ ထွက်သွားတဲ့ သင်တန်းသားဆိုလို့ တစ်ယောက်မှ မရှိခဲ့သေးဘူး" ဟုလည်းပြောသည်။

ဗင်းဆင့်သည် ဆရာဘော့ခ်မာလိုချင်သည့်ပုံစံအတိုင်းဖြစ်အောင် ထပ်မံကြိုးစားသည်။ သို့သော်လည်း သူရေးထားသည်များကို အစဉ်လိုက်မမှတ်မိ။ သူ့အဖော်များက သူဖြစ်နေပုံကိုကြည့်ကာ ရယ်ကြသည်။ ဆရာဘော့ခ်မာကိုယ်တိုင်မှာလည်း မအောင့်နိုင်။ သင်တန်းသားနှစ်ယောက်နှင့်အတူ ရောရယ်မိသည်။ ဗင်းဆင့်သည် သူ့အဖြစ်အပျက်တွင် သူ့ဖာသာသူပြန်၍ စိတ်မရှည်နိုင်အောင်ဖြစ်သွားသည်။

"ဆရာဘော့ခ်မာ၊ ကျွန်တော်ဟောမယ့်တရားကို ကျွန်တော်ကောင်းမယ်ထင်တဲ့နည်းနဲ့ပဲ ဟောပါရစေ။ ကျွန်တော်လုပ်ထားတာဟာ အလွန်ကောင်းပါတယ်။ ဒါပေမယ့် ကျွန်တော် ခင်ဗျားရဲ့စော်ကားမှုတွေကို လက်မခံ နိုင်ပါဘူး"

ဘော့ခ်မာသည် ဒေါသကြီးလာသည်။ "မင်း ငါခိုင်းတဲ့အတိုင်းလုပ်ရမယ်" ဟု အော်သည်။ "ငါခိုင်းတာမလုပ်ရင် မင့်ကို ငါ့အတန်းထဲမှာ လက်မခံဘူး"

ထိုနေ့မှစ၍ ဆရာဘော့ခ်မာနှင့်ဗင်းဆင့်တို့နှစ်ယောက်ကြားတွင် တိုက်ပွဲသည် ပြင်းထန်လာသည်။ သူသည် ည ည ကျလျှင် အိပ်မပျော်၊ ယခင်ကလို စား၍သောက်၍လည်းမကောင်း၊ သူသည် တစ်နေ့တခြားပိန်ချုံး

လာသည်။ စိတ်ကလည်း ယခင်ကထက် တိုလာသည်။

နို့ဝင်ဘာလထဲရောက်သည့်အခါ အလုပ်ခန့်ထားရေးကိစ္စနှင့် ပတ်သက်၍ ကော်မီတီကသူ့အား ဘုရားရှိခိုးကျောင်းတွင်းရှိ ကော်မီတီရုံးသို့ ဆင့်ခေါ်သည်။ နောက်ဆုံးကျတော့လည်း သူ့ရှေ့၌ရှိနေသမျှ အဟန့်အတားများသည် လွင့်စင်ပျောက်ပျက်သွားပြီဟုသူထင်သည်။ ထိုအထင်ဝင်လာသည့်အခါ သူ့ရင်ထဲတွင် ကြည်နူးမှုဝင်လာခဲ့လေ၏။ သူရောက်သွားချိန်တွင် ကော်မီတီရှေ့မှောက်၌ သူ့ သင်တန်းဖော်များ ရောက်နေကြလေပြီ။ သူဝင်သွားသည့်အခါ ကော်မီတီဝင် ဘုန်းတော်ကြီး ပက်တာဆင်သည် သူ့အား မကြည့်၊ သို့သော်လည်း ဆရာဘော့ခ်မာကတော့ သူ့အားစူးစူးရဲရဲကြည့်နေသည်။

ဘုန်းတော်ကြီး ဒီဂျုန်းသည် လူငယ်နှစ်ယောက်အား သူတို့၏ အောင်မြင်မှုအတွက် ချီးကျူးစကားပြောကာ အလုပ်ခန့်အပ်လွှာများအပ်နှင်းသည်။ တစ်ဦးအား ဟူးစထရာတင်း၌ တာဝန်ပေးပြီး ကျန်တစ်ဦးအား အီတိုင်းဟု၌တာဝန်ပေးလိုက်သည်။ သူ့အဖော်နှစ်ယောက်သည် လက်ချင်းချိတ်ကာ အခန်းထဲမှ ဝမ်းသာအားရထွက်ခွာသွားကြသည်။

ဒီဂျုန်း၏မျက်နှာသည် ဗင်းဆင့်ဘက်သို့ လှည့်လာသည်။ "မွန်စီယာ ဗင်ဂိုး၊ ကော်မီတီအနေနဲ့ မင့်ကို ဘုရားသခင်ရဲ့ တရားတော်တွေကို ပြန်ဟောဖို့ အဆင်သင့်မဖြစ်သေးဘူးလို့ ယူဆတယ်။ ဒါကြောင့်မို့ တို့မှာမင့်အတွက် သင့်တော်တဲ့ အလုပ်ခန့်ထားစရာမရှိသေးကြောင်း ဝမ်းနည်းစွာနဲ့ပြောပြပါရစေ"

အချိန်အတော်ကြာမျှ ငြိမ်ဆိတ်နေသည်။ "ကျွန်တော့်အလုပ်မှာ ဘယ်လိုအမှားအယွင်းတွေရှိခဲ့လို့လဲ" ဟု ဗင်းဆင့်ကမေးသည်။

"မင်းဟာ အုပ်ချုပ်ကြီးကြပ်သူရဲ့ ဩဇာကို မနာခံခဲ့ဘူး။ တို့ဂိုဏ်းရဲ့ ပထမဆုံးအဓိကထားတဲ့ စည်းကမ်းက အကြွင်းမဲ့ နာခံမှုပဲ၊ ပြီးတော့ မင်းဟာ လက်တန်းတရား ဘယ်လိုဟောရမယ်ဆိုတာကို လုံးဝမသိနားမလည်ခဲ့ဘူး။ မင်းဆရာက မင်းကို တရားဟောနိုင်မယ့် အရည်အချင်းနဲ့ မပြည့်စုံဘူးလို့ သတ်မှတ်တယ်"

ဗင်းဆင့်သည် သူ့မိတ်ဆွေဘုန်းကြီးပက်တာဆင်အား အားကိုးတကြီး ဖြင့်လှမ်းကြည့်သည်။ သို့တစေလည်း ပက်တာဆင်က ပြတင်းပေါက်မှနေ၍ အပြင်သို့ ငေးကြည့်နေသည်။ "ဒါဆိုရင် ကျွန်တော်ဘာလုပ်ရမလဲ" ဟု အမှတ်မထင်ရေရွတ်လိုက်သည်။

"မင်းဆန္ဒရှိရင်တော့ ကျောင်းကို နောက်ထပ်ခြောက်လတက်ခွင့်ရမယ်"

ဟု ဗန်ဒင်းဘရင့်ခ်ကပြန်ပြောသည်။ "ခြောက်လသင်တန်းပြီးဆုံးတဲ့အခါမှာတော့ မင်းရဲ့အရည်အချင်းအရ . . . "

ဗင်းဆင့်သည် ခေါင်းကိုငုံ့ကာ သူ့ရှူးဖိနပ်များကိုကြည့်နေမိသည်။ ဖိနပ်ဦးများသည် ပေါက်ပြဲနေကြပြီ။ သူ့တွင် ပြောစရာစကားကောင်းဟူ၍ တစ်လုံးမျှမရှိတော့။ သူသည်ထိုင်ရာမှထကာ အခန်းထဲမှ ထွက်လာခဲ့သည်။

သူသည် မြို့တော်လမ်းများပေါ်တွင် ခြေဦးတည့်ရာသို့ လျှောက်လာခဲ့သည်။ နောက်ဆုံးတွင် လက်ကင်းရပ်ကွက်ဘက်သို့ရောက်လာခဲ့၏။ သူဘာကြောင့်အခုလို လျှောက်သွားနေမိသည်ကိုမသိ။ သူသည် တဒိုင် . . . တဝိုးဝိုး မြည်သံများထွက်ပေါ်လာနေသည့် အလုပ်ရုံများကို ကျော်ဖြတ်လာခဲ့သည်။ မကြာခင်မှာပင် သူသည် လူနေအိမ်များကို ဖြတ်သန်းကာ ကွင်းပြင်တစ်ခုအတွင်းသို့ ရောက်သွားသည်။ ပိန်ချုံးနေသော မြင်းဖြူကြီးတစ်ကောင်သည် တစ်နေရာ၌ရပ်နေသည်။ ပင်ပန်းကြီးစွာလုပ်ကိုင်ခဲ့ရပြီး အသက်ကြီးကာမှ စွန့်ပစ်ခံထားရသည့် မြင်းကြီးဖြစ်၏။

ကွင်းပြင်မှာ လူသူဟူ၍မရှိ။ အထီးကျန်နိုင်လှချေသည်။ တစ်နေရာတွင် မြင်းဦးခေါင်းခွံတစ်ခုကိုမြင်ရ၏။ ခပ်လှမ်းလှမ်းတစ်နေရာတွင်လည်း မြင်းတစ်ကောင်လုံး၏ အရိုးစုသည် မြင်းရေခွာသည့် လူတစ်ယောက်၏တဲအနီး၌ လဲလျောင်းနေသည်။

ထုံထိုင်းထိုင်းဖြစ်နေသော ဗင်းဆင့်၏ခေါင်းထဲသို့ အသိပြန်ဝင်လာသည်။ ဗင်းဆင့်သည် သူ့ဆေးတံကို ထုတ်၍ ဆေးတစ်ဆုံစာထည့်ကာ မီးညှိပြီးဖွာသည်။ ယခင်ကလို အရသာမရှိ၊ ခါးသက်သက်နှင့်သောက်၍မကောင်း၊ သူသည် ကွင်းပြင်ထဲမှ သစ်တုံးတစ်တုံးပေါ်ဝင်ထိုင်သည်။ အိုမင်းမစွမ်းဖြစ်နေရှာသော မြင်းဖြူကြီးသည် သူ့နောက်သို့ရောက်လာသည်။ နှာခေါင်းဖြင့် ဗင်းဆင့်၏ကျောကိုထိုးနေသည်။ ဗင်းဆင့်သည် နောက်သို့လှည့်ကာမြင်းအိုကြီး၏ လည်ပင်းကို အသာအယာပွတ်သပ် ပေးနေမိ၏။ တစ်ခဏမျှအကြာတွင် သူခေါင်းထဲသို့ ဘုရားသခင်ဝင်ရောက်လာသည်။ ထိုအခါကျတော့လည်း စိတ်သက်သာမှုရလာသည်။ "ယေရှုသခင်ဟာ မုန်တိုင်းထဲမှာတောင် စိတ်တည်ငြိမ်မှုရှိခဲ့တယ်" ဟု သူ့ကိုယ်သူပြောမိသည်။ "ငါဟာ တစ်ယောက်တည်း မဟုတ်ပါဘူး၊ ဘုရားသခင်ဟာ ငါ့ကိုစွန့်ခွာ မသွားသေးပါဘူး၊ တစ်နေ့နေ့တစ်ချိန်ချိန်မှာ ဘုရားသခင်ကို အလုပ်ကျွေးပြုဖို့နည်းလမ်း တွေ့ဦးမှာပါ"

သူ့အခန်းသို့ပြန်ရောက်သွားသည့်အခါ သူ့အား စောင့်မျှော်နေသည့်

ဘုန်းတော်ကြီးပက်တာဆင်နှင့်ဆုံမိသည်။ "ငါလာတာက မင့်ကို ငါ့အိမ်မှာ ညစာစားဖို့လာဖိတ်တာပဲ ဗင်းဆင့်" ဟု ပြောသည်။

သူတို့သည် ညစာစားရန် အိမ်ပြန်နေကြသည့်အလုပ်သမားများကြားမှ ဖြတ်၍ လျှောက်လာကြသည်။ ပက်တာဆင်သည် တစ်လမ်းလုံး အလွှာပ သလွှာပများပြောလာသည်။ မနက်က ဘာမှမဖြစ်ခဲ့သည့်ပုံစံအတိုင်းဖြစ်၏။ ဗင်းဆင့်သည် ပက်တာဆင်ပြောသမျှကို နားထောင်လာသည်။ ပက်တာဆင်သည် သူ့အားအိမ်ရှေ့ခန်းထဲသို့ ခေါ်သွားသည်။ အခန်း မှာ ပန်းချီရေးဆွဲသည့် စတူဒီယိုအခန်းဖြစ်၏။ နံရံများပေါ်တွင် ရေဆေးပန်းချီကားအများအပြား ချိတ်ဆွဲထားသည်ကို မြင်နေရ၏။

"အို ..... ခင်ဗျား ပန်းချီဆွဲသကိုး။ ကျွန်တော် လုံးဝမသိခဲ့ဘူး" ဟု ဗင်းဆင့်က တအံ့တသြရေရွတ်သည်။

"ငါက အပျော်တမ်း ပန်းချီဆရာပါကွာ" ဟု ပက်တာဆင်ကဖြေသည်။ "အချိန်အားလေးရတဲ့အခါမှာ စိတ်အပန်းဖြေဖို့ ပန်းချီဆွဲတာပါ။ ဆွဲတာကလည်း မဖြစ်စလောက်မို့ မပြောသင့်ဘူးထင်လို့ မပြောတာပါ"

သူတို့သည် ညစာစားပွဲ၌ ထိုင်မိကြသည်။ ပက်တာဆင်၏သမီးသည် သူတို့နှင့်အတူ ညစာလာစားသည်။ အလွန်အကြောက်ကြီးသော မိန်းကလေး ဖြစ်သဖြင့် တစ်ချိန်လုံး သူအကြည့်ကို သူ့ရှေ့မှ ပန်းကန်ပြားပေါ်၌သာ စူးစိုက်ထားသည်။ ပက်တာဆင်ကတော့ ထွေရာလေးပါးအကြောင်းများကို အဆက်မပြတ်ပြောဆိုလျက်ရှိ၏။ ဗင်းဆင့်ကတော့ ယဉ်ကျေးမှုအရ ညစာကိုစားနိုင်သမျှစားနိုင်အောင်ကြိုးစား၍ စားလျက်ရှိ၏။ ရုတ်တရက် သူ့စိတ်အာရုံသည် ပက်တာဆင်ပြောနေသည့်အကြောင်းအရာများထဲမှ တစ်ခုအပေါ်တွင် စိတ်ဝင်စားသွားမိလေသည်။

"ဘိုရင်းနိတ်နယ်ဟာ ကျောက်မီးသွေးတွင်းတွေရှိတဲ့ဒေသပေါ့။ လက်တွေ့အားဖြင့်ကြည့်ရင် အဲဒီနယ်မြေထဲက လူတိုင်းဟာ အင်မတန်နက်တဲ့ ကျောက်မီးသွေးတွင်းတွေထဲကို အမြဲဆင်းပြီး အလုပ်လုပ်နေကြရတဲ့လူတွေပဲ၊ အခုိန် ရှိသမျှ ဘေးအန္တရာယ်ပေါင်းအမြောက်အများနဲ့ အမြဲရင်ဆိုင်ပြီး အသက်မွေး နေကြရတဲ့ လူတွေပေါ့။ သူတို့ရတဲ့ လုပ်ခကျတော့လည်း ဝဝလင်လင်စားဖို့ သောက်ဖို့တောင်မဖူလုံဘူး။ သူတို့မိသားစုတွေ နေထိုင်ကြရတဲ့ အိမ်တွေကျတော့လည်း အမိုးမလုံအကာမလုံတဲ့ အိမ်စုတ်အိမ်ပျက်တွေ၊ သားမယားတွေခမျာအအေးဒဏ်၊ ရောဂါဒဏ်နဲ့ငတ်မွတ်မှုဒဏ်တွေကို အလူးအလိမ့်ခံနေကြ

ရတာ”

ဗင်းဆင့်ကတော့ ပက်တာဆင်အနေဖြင့် သူ့အားဘာ့ကြောင့် ထိုဒေသအကြောင်းကို အသေးစိတ်ပြောပြနေရတာပါလိမ့်ဟုတွေးကာ အံ့အားသင့်နေမိ၏။ “ဘိုရင်းနိတ်နယ်ဟာ ဘယ်အပိုင်းမှာရှိတာလဲ” ဟု မေးလိုက် မိသည်။

“ဘယ်လ်ဂျီယံနိုင်ငံရဲ့ တောင်ပိုင်းမှာပေါ့။ မွန်ဒေသနားမှာတည်ရှိတဲ့နယ်မြေတစ်ခုပေါ့။ မကြာသေးခင်ကပဲ ငါ အဲဒီဒေသမှာ အချိန်အတော်ကြာကြာနေခဲ့သေးတယ်။ အဲဒီနယ်သား ဘိုရိန်းတွေဟာ အသိပညာဗဟုသုတ အင်မတန်နည်းကြတယ်။ ခရစ်ယာန်တရားဟောပြောပြီး စိတ်သက်သာမှုရအောင် လုပ်ပေးဖို့အလိုအပ်ဆုံး လူတွေပဲ”

ဗင်းဆင့်သည် သူ့လက်ထဲမှ ဇွန်းနှင့်ခက်ရင်းကို ပန်းကန်ထဲသို့ ချထားလိုက်သည်။ ပက်တာဆင်သည် ထိုအကြောင်းကို ပြောပြကာ မိမိအားစိတ်ဆင်းရဲအောင် ဘာ့ကြောင့်လုပ်ချင်နေရတာလဲဟု တွေးနေမိ၏။ တကယ်တော့ မိမိအား ဓမ္မဆရာအလုပ်နှင့်မသင့်ဟု ဆုံးဖြတ်ကာ ကော်မီတီကအလုပ်မခန့်ထားနိုင်ဟု ပြောထားပြီးပြီ မဟုတ်ပါလား။

“ဒီမယ် ဗင်းဆင့်။ မင်းအနေနဲ့ ဘာကြောင့် ဘိုရင်းနိတ်နယ်ကိုမသွားတာလဲ” ဟု ပက်တာဆင်ကမေးသည်။ “မင်းရဲ့စိတ်အားထက်သန်မှုနဲ့ဆိုရင် အဲဒီဒေသထဲမှာ လုပ်စရာအလုပ်တွေအများကြီးရှိနေတယ်”

“ကျွန်တော်က ဘယ်လိုလုပ်ပြီး သွားနိုင်မှာလဲ၊ ကော်မီတီက . . . . . ”

“အေးပါ။ အဲဒါကို ငါသိပါတယ်၊ ဟိုတစ်နေ့က ငါမင်းအဖေဆီစာတစ်စောင်ရေးခဲ့တယ်။ ဒီက အခြေအနေကို သူသိသွားအောင် ရှင်းပြခဲ့တယ်၊ သူ့ဆီက အဖြေကို ဒီနေ့ နေ့ခင်းကပဲ ငါရထားတယ်။ မင်း ဘိုးရင်းနိတ်မှာသွားနေမယ်ဆိုရင် ပုံမှန်လစာမရခင်ကြားကာလအတွင်းမှာ သူကလိုအပ်တဲ့ငွေကြေးထောက်ပံ့ထားပါမယ်တဲ့၊ အဲဒီအတွင်းမှာ ငါကမင်းကို အလုပ်တစ်ခုရသွားအောင် ကြိုးစားပေးမယ်”

ဗင်းဆင့်သည် ထိုင်နေရာမှ ဖြုန်းခနဲထရပ်လိုက်သည်။ “ကျွန်တော့်အတွက် အလုပ်ရအောင်တော့ ခင်ဗျားက တာဝန်ယူပေးမယ်ဆိုပါတော့ဟုတ်လား” ဟုမေးသည်။

“အေးပေါ့။ ဒါပေမယ့် အဲဒီကိစ္စပြေလည်ဖို့အတွက် မင်းက ငါ့ကို အချိန်တော့ ပေးရမှာပေါ့၊ ဟိုမှာ မင်းလုပ်နေတဲ့လုပ်ငန်းတွေဟာ ဘယ်လောက် အထိမြင့်မြတ်တယ်ဆိုတာကို ကော်မီတီကသိအောင် လုပ်ရမယ်။ သူတို့

သိသွားတဲ့အခါမှာ မင့်ကို အလုပ်ခန့်ထားဖို့ ပြန်ပြီးမစဉ်းစားပဲမေ နပါဘူး”

“တကယ်လို့ ကော်မီတီက ပြန်ပြီးမစဉ်းစားတောင်မှ ဘုန်းတော်ကြီး ဒီဂျုန်းနဲ့ ဗန်ဒင်းဘရင့်ခ်တို့အနေနဲ့ ငါ့ဆီက အကူအညီတစ်ခု တောင်းခံစရာ ရှိနေတယ်။ အဲဒီ အကူအညီကို ငါကပေးရရင် သူတို့ဆီကလည်း ငါလိုချင်တာ ပြန်တောင်းရမှာပေါ့။ ဒါဆိုရင် မင်းကိစ္စဟာ ပြေလည်သွားမှာပါ။

(၈)

တောင်ပိုင်းဒေသဆီသို့မီးရထားနီးကပ်လာသည့်အခါ အစုလိုက်တည်ရှိနေသော တောင်စဉ်တောင်တန်းများကို အဝေးမှပင် လှမ်းမြင်နေရသည်။ ပျင်းရိငြီးငွေ့ဖွယ်ကောင်းလှသည့် ဖလန်းဒါးနယ် မြေပြန့်လွင်ပြင်ပေါ်၌ အချိန်ကုန်ခဲ့ရသော ဗင်းဆင့်သည် အခုလိုတောင်တန်းကြီးများကို မြင်တွေ့လိုက်ရသည့်အခါ ကိုယ်ရောစိတ်ပါ သာယာကြည်နူးခြင်းနှင့် လန်းဆန်းပေါ့ပါးခြင်းဖြစ်ရသည်။ မိနစ်အနည်းငယ်မျှ ကြည့်နေမိသည့်အခါ သူသည် တောင်တန်းကြီးများ၏ တည်ရှိပုံထူးခြားမှုကို သတိပြုမိသည်။ တောင်တန်းကြီးများမှာ တစ်လုံးနှင့်တစ်လုံး ဆက်စပ်တည်ရှိနေကြသည်မဟုတ်။ တစ်ခုချင်းစီ မြေပြင်မှ ထိုးထွက်ကာ တစ်သီးတစ်ခြားစီ မားမားမတ်မတ်ရပ်နေကြခြင်းဖြစ်လေသည်။

မီးရထားပြတင်းမှနေ၍ စိတ်ဝင်တစားမျှော်ကြည့်နေသော ဗင်းဆင့်၏ မျက်စိထဲတွင် တစ်လုံးချင်းစီ တန်းစီ၍ တည်ရှိနေကြသော တောင်ကြီးများသည် အံ့ဂျစ်နိုင်ငံမှ ပိရမစ်ကြီးများနှင့်တူနေသည်။ “မဟူရာအံ့ဂျစ်” ဟု အမည်ပေးရလျှင်ကောင်းလေမလားဟုပင် တွေးလိုက်မိ၏။ သူသည် သူ့ဘေးၭီထိုင်နေသူဘက်လှည့်၍ “အဲဒီမြင်နေရတဲ့ တောင်ကြီးတွေဟာ အဲဒီနေရာကို ဘယ်လိုဖြစ်ပြီးရောက်လာသလဲဆိုတာ ခင်ဗျား ကျွန်တော့်ကို ပြောပြနိုင်မလား” ဟု မေးမိသည်။

“ပြောပြနိုင်တာပေါ့” ဟုထိုလူကဖြေသည်။ “ဒီတောင်ကြီးတွေဟာ မြေကြီးထဲကနေပြီး ကျောက်မီးသွေးတွေနဲ့အတူတူ သယ်ထုတ်လာတဲ့ အလေအလွင့်ပစ္စည်းတွေကို ပုံပုံထားရာက ပေါင်းစပ်ဖွဲ့စည်းပြီး ဖြစ်ပေါ်လာတဲ့ တောင်ကြီးတွေပဲ၊ ခင်ဗျားမြင်လား၊ တောင်ကုန်းထိပ်ကို တက်သွားနေတဲ့ကားတစ်စီး။ အဲဒီကားကို စောင့်ကြည့်နေရင် ခင်ဗျားတွေ့လာမှာပါ”

ထိုလူ ရှင်းပြနေခိုက်မှာပင် မော်တော်ကားပေါ်မှ မည်းနက်နက် ပစ္စည်းများ သွန်ချလိုက်သည်ကိုမြင်ရသည်။ ထိုပစ္စည်းများသည် တောင်ကုန်းကြီး၏ ဆင်ခြေလျှောများတလျှောက် ဒလဟောထိုးလိမ့်ဆင်းသွားနေကြလေသည်။

"မြင်တယ်မဟုတ်လား" ဟု ထိုလူကပြောသည်။ "သူတို့ ဘယ်လို ဖြစ်လာတယ်ဆိုတာ အဲဒါပဲ၊ လွန်ခဲ့တဲ့ နှစ်ပေါင်းငါးဆယ်တလျှောက်လုံး ကျွဲပဟာ ဒီပုံစံမျိုးနဲ့ တစ်နေ့တစ်လက်မလောက်မြင့်တက်လာနေတဲ့ တောင်ကုန်းကြီးကို ကြည့်လာခဲ့ရတာ"

မီးရထားသည် ဝပ်စ်မက်ဘူတာတွင် ဆိုက်သည်။ ဗင်းဆင့်သည် ရထားပေါ်မှ သွက်လက်ပေါ့ပါးစွာ ခုန်ဆင်းလာခဲ့သည်။ မြို့သည် အကာအကွယ် ကင်းမဲ့သောတောင်ကြားလွင်ပြင်တစ်ခု၏ချိုင့်ဝှမ်းထဲ၌ တည်ရှိသည်။ခပ်ဖျော့ဖျော့ နေရောင်ခြည်သည် မြို့ပေါ်သို့ ခပ်စောင်းစောင်းကျဆင်းလျက်ရှိ၏။ သူ့ရှေ့တွင် ကျောက်မီးသွေး မီးခိုးငွေ့များသည် အလိပ်လိုက်တက်သွားနေကြသည်။

ဝပ်စ်မက်မြို့၏ ညစ်ပတ်ပေရေလျက်ရှိသော နီနီရဲရဲ အုတ်တိုက်တန်း လျားများသည် တောင်ကုန်းနံရံတလျှောက်တွင် ကွေ့ကွေ့ကောက်ကောက် တည်ရှိနေကြသည်။ ရှည်မျောမျောတောင်ကုန်းပေါ်သို့ ဖြည်းဖြည်းချင်း တက်လာ နေသော ဗင်းဆင့်သည် တစ်မြို့လုံး တိတ်ဆိတ်လွန်းလှသည့်အဖြစ်ကို သတိထားမိသဖြင့် အံ့သြနေမိ၏။ ယောက်ျားဟူ၍ တစ်ဦးတစ်ယောက်ကိုမှ မမြင်ရ။ တစ်ခါတရံတွင် အိမ်တံခါးဝ၌ရပ်နေသော မိန်းမတစ်ယောက်တလေကို တွေ့ရသည်။ မိန်းမ၏ မျက်နှာသည် ရွှင်ရွှင်ပျပျမရှိ။ တွေတွေဝေဝေနှင့် ထိုင်းထိုင်းမှိုင်းမှိုင်းရှိလှချေသည်။ တောင်ကုန်းထိပ်သို့ မရောက်ခင်မှာပင် အုတ်တိုက်တန်း လျားများသည် ဆုံးသွားသည်။ ထိုအခါ ပီတစ်ဝပ်စ်မက်ရွာသည် ဘွားခနဲ ပေါ်လာသည်။ ဤရွာသည် သတ္တုတွင်းတူးအလုပ်သမားများ၏ ရွာဖြစ်၏။ ရွာထဲတွင် ကြွားဝါစရာဟူ၍ အုတ်တိုက်အဆောက်အဦးတစ်လုံးမျှသာရှိသည်။ ထိုအဆောက်အဦးသည် တောင်ကုန်းထိပ်၌ တည်ဆောက်ထားသော ပေါင်မုန့်ဖိုပိုင်ရှင် ကျင်းဘတ်ပ်တစ်စတီးဒင်းနစ္စ၏ အိမ်ဖြစ်လေသည်။

ဗင်းဆင့်လာခဲ့သည်မှာ ဤအိမ်ပင်ဖြစ်၏။ ဒင်းနစ္စသည် ဘုန်းတော်ကြီး ပက်တာဆင်ထံသို့ စာရေးခဲ့သူဖြစ်သည်။ သူ့စာတွင် ပက်တာဆင်တို့ထံမှ စေလွှတ်မည့် ဓမ္မဆရာအား သူကနေရေးနှင့် စားရေးအတွက် တာဝန်ယူမည်ဟု ဆိုထားသည် မဟုတ်ပါလား။

မဒမ်ဒင်းနစ္စသည် ဗင်းဆင့်အား တရင်းတနှီးဆီးကြိုနှုတ်ဆက်ကာ

ပေါင်မုန့်ဖိုများကိုဖြတ်၍ အခြားတစ်ဘက်ရှိ အခန်းတစ်ခန်းဆီသို့ လိုက်ပို့ပေးသည်။ မုန့်ဖိုများဆီမှ မုန့်နံ့များသည်သင်းပျံ့လျက်ရှိ၏။ သူရောက်သွားသည့် အခန်းသည် အိမ်တံစက်မြိတ်များအောက်မှ အခန်းငယ်လေး တစ်ခန်းဖြစ်၍ ပြတင်းပေါက် တစ်ပေါက်သည် ပီတစ်ဝပ်စ်မက် လမ်းဘက်သို့မျက်နှာပြုထားသည်။ ထိုအခန်းသည် သူ့အတွက် လျှာထားသည့် အခန်းပေတည်း။

အခန်းတစ်ခန်းလုံးသည် မဒမ်ဒင်းနစ္စ်၏လက်ရာကြောင့် သပ်ယပ်သန့်ရှင်းလျက်ရှိသည်။ ဗင်းဆင့်သည် အခန်းကိုမြင်လျှင်မြင်ချင်း သဘောကျသွားသည်။ သူသည် စိတ်လှုပ်ရှားလျက်ရှိသဖြင့် သူ့ပစ္စည်းများကိုပင် ထုတ်၍ နေရာချထားခြင်းမပြုနိုင်။ သူသည် သစ်သားလှေခါးမှ ခပ်သုတ်သုတ်ပြေးဆင်းကာ မီးဖိုခန်းထဲသို့ဝင်၍ သူ့အပြင်သို့ ခဏသွားမည်ဟု မဒမ်ဒင်းနစ္စ်အား အသိပေးသည်။

"အချိန်မီပြန်လာပြီး ညစာစားဖို့မမေ့ပါနဲ့" ဟု မဒမ်ဒင်းနစ္စ်က ပြန်ပြောသည်။ "ငါးနာရီဆိုရင် ညစာစားကြတယ်"

ဗင်းဆင့်သည် မဒမ်ဒင်းနစ္စ်အား စိတ်ထဲမှကြိတ်၍ ခင်မင်သွားမိသည်။ "ကျွန်တော်အချိန်မီပြန်လာခဲ့ပါမယ်" ဟု ပြောသည်။ "ကျွန်တော် ဒီအနီးအနားတစ်ဝိုက်ကို ခဏတဖြုတ်လျှောက်ကြည့်ချင်လို့ပါ"

"ဒီည ကျွန်မတို့ မိတ်ဆွေတစ်ယောက်လည်း လာလိမ့်မယ်။ ရှင်တွေ့သင့်တဲ့လူတစ်ယောက်ပါ။ သူဟာ မာကပ်ဆီက ဖိုမင်တစ်ယောက်ပါ။ ရှင့်အလုပ်အတွက် ရှင်သိချင်တဲ့အချက်အလက်တွေကို သူကပြောပြနိုင်ပါလိမ့်မယ်"

အပြင်ဘက်တွင် ဆီးနှင်းများသည် ထူထပ်သိပ်သည်းစွာ ကျဆင်းလျက်ရှိ၏။ လမ်းပေါ်၌ လျှောက်လာနေသော ဗင်းဆင့်သည် ပတ်ဝန်းကျင်ဝဲယာကို သတိထား၍ကြည့်လာသည်။ ဆူးတပ်ခြံစည်းရိုးများ ကာရံထားသည့် ပန်းခြံများနှင့်စားကျက်မြေများသည် မည်းနက်နေကြသည်။ ကျောက်မီးသွေးတွင်းခေါင်းတိုင်များဆီမှ အဆက်မပြတ်ထွက်လာနေသည့် မီးခိုးငွေ့များ ဖုံးလွှမ်းထားခြင်းခံရ၍ ဖြစ်လေသည်။

ဒင်းနစ္စ်တို့အိမ်၏အရှေ့ဘက်ပိုင်းတွင် လျှိုမြောင်တစ်ခုရှိရာ ယင်းလျှိုထဲ၌ ကျောက်မီးသွေးတွင်းတူးအလုပ်သမားများ၏ တဲများတည်ရှိသည်။ ယင်းလျှို၏ အခြားတစ်ဖက်တွင်မူ ကွင်းပြင်ကျယ်ကြီးတစ်ခုရှိ၍ ယင်းအပေါ်တွင် မည်းနက်နေသော ကျောက်မီးသွေးတောင်ကြီးတစ်လုံးနှင့် မာကပ်ဆီကျောက်မီးသွေးတွင်း၏ ခေါင်းတိုင်များတည်ရှိသည်။ ယင်းကွင်းပြင်ကြီးပေါ်၌ လမ်းတစ်

လမ်းရှိရာ လမ်းပေါ်တွင် ဆူးခြုံများ၊ နွယ်ပင် များနှင့် သစ်ပင်ကြီးများဖုံးလွှမ်း လျက်ရှိလေသည်။

မာကပ်ဆီကျောက်မီးသွေးတွင်းသည် ချာဘွန်နိတ်ဘယ်လ်ကျစ် ကုမ္ပဏီပိုင် တွင်းခုနစ်တွင်းအနက် သက်တမ်းအရင့်ဆုံး အအိုမင်းဆုံးနှင့် ဘေးအန္တရာယ်အများဆုံးတွင်းဖြစ်သဖြင့် ဘိုရင်းနိတ်နယ်တွင် နာမည်အကြီးဆုံး နှင့်အကျော်ကြားဆုံးသော တွင်းတစ်တွင်း ဖြစ်၏။ ကျော်ကြားပုံမှာလည်း ဤတွင်း ထဲ၌ လူ့အသက်ပေါင်းများစွာ စတေးခံခဲ့ရသဖြင့် နာမည်ဆိုးနှင့် ကျော်ကြားနေ ခြင်းဖြစ်သည်။ အများအားဖြင့် ဤတွင်းထဲ၌ အလုပ်သမား အများအပြားသေဆုံး ခဲ့ကြရသည်မှာ အဆိပ်ဓာတ်ငွေ့များ၍မိ၍ တွင်းပေါက်ကွဲ၍ တွင်းများရေလျှံ၍ တွင်းများပြို၍ မြေအောက်ဥမင်ကမ်းများပြိုကျ၍ ဖြစ် လေသည်။

မြေပြင်ထက်၌ အုတ်ဖြင့်တည်ဆောက်ထားသော အဆောက်အဦးနှစ်ခု ရှိရာ ယင်းတို့မှာ တွင်းအောက်မှ ကျောက်မီးသွေးများကို အပေါ်သို့ တင်ခြင်း၊ ကျောက်မီးသွေးအမျိုးအစားခွဲခြင်းနှင့် ကားများပေါ်သို့တင်ပေးခြင်းစသော လုပ်ငန်းများ ဆောင်ရွက်နေသည့်စက်များ လည်ပတ်ရာဌာနများဖြစ်လေသည်။

တစ်ချိန်က အဝါရောင်အုတ်များဖြင့်တည်ဆောက်ထားခဲ့သော မီးခိုး ခေါင်းတိုင်များဆီမှမည်းနက်သော မီးခိုးများသည် တစ်နေ့လျှင် နှစ်ဆယ့်လေး နာရီတိတိမျှ ပတ်ဝန်းကျင်သို့ လွှင့်ထုတ်ပေးလျက်ရှိ၏။ မာကပ်ဆီ ကျောက်မီး သွေးတွင်း၏ ပတ်ပတ်လည်တွင်မူ အလုပ်သမားတဲ များရှိသည်။ တဲများ၏အနီး အနားတစ်ဝိုက်တွင် သစ်ပင် အနည်းငယ်မျှရှိသော်လည်း အားလုံးမှာ မီးငွေ့များ သင့်ထားသဖြင့် ခြောက်သွေ့နေကြသည်။ ဤတစ်ဝိုက်တွင် အများဆုံး မြင်တွေ့ နေရသည်များမှာ မည်းနက်သော မီးခိုးလုံးကြီးများ၊ ဆူးပင်ဆူးခြုံများ၊ နွားချေး ပုံများ၊ ပြာပုံကြီးများ၊ သုံးမရသည့် ကျောက်မီးသွေးပုံများနှင့် ပတ်ဝန်းကျင် တစ်ခွင်လုံးကို အုပ်မိုးနေသည့် မည်းနက်သော ကျောက်မီးသွေးတောင်များ သာလျှင် ဖြစ်၏။

သာယာမှုဟူ၍လုံးဝမရှိသော နေရာတစ်နေရာဖြစ်ချေသည်။ အရာရာ တိုင်းသည် စိတ်ပျက်စရာကောင်းလောက်အောင် ခြောက်သွေ့ထိုင်းမှိုင်းလျက် ရှိသည်။ ဗင်းဆင့်အဖို့တော့ ငြီးငွေ့စရာလည်းကောင်း၏။ စိတ်အားပျက်စရာ လည်းကောင်း၏။ စိတ်အားငယ်စရာလည်း ကောင်းလှချေသည်။

လူတွေက ဒီဒေသကို အမည်းရောင်နယ်မြေလို့ခေါ်ကြတာ ဘယ်ဆန်း မလဲဟု တစ်ကိုယ်တည်း ရေရွတ်မိသည်။

သူရပ်နေခိုက်မှာပင် ကျောက်မီးသွေးတွင်းတူးအလုပ်သမားများသည် အစုလိုက်အပြုံလိုက်ထွက်လာကြသည်။ ဝတ်ဆင်ထားသည့် အင်္ကျီနှင့်ဘောင်းဘီများမှာ ကြမ်းပေ့ဆိုသည့်ချည်ထည်များဖြစ်၏။ အဝတ်များမှာ အပေါက်အပြဲအစုတ်အဖာဗရပွနှင့်ဖြစ်သည်။ ဆောင်းထားသည့် ဦးထုပ်များမှာ သားရေဦးထုပ်များဖြစ်သည်။ မိန်းမများဝတ်ဆင်ထားကြသည်မှာလည်း ယောကျ်ားများကဲ့သို့ပင်ဖြစ်၏။ အားလုံးမှာ မည်းနက်နေကြသည်။ မျက်နှာများမှာလည်း ကျောက်မီးသွေးမှုန့်များကပ်ငြိကာ မည်းနက်နေကြသည်။

နံနက်အရုဏ်မတက်မီကတည်းက မြေအောက်အမှောင်ထုထဲသို့ ဆင်း၍အလုပ်လုပ်နေကြရသူများဖြစ်သဖြင့် အခုလို မွန်းလွဲပိုင်းနေရောင်အောက်သို့ပြန်ထွက်လာသည့်အခါ သူတို့မျက်လုံးများသည် နေဒဏ်ကို မခံနိုင်ကြ၊ နေရောင်ထိုးသည့်ဒဏ်ကြောင့် မျက်လုံးများသည် မခံမရပ်နိုင်လောက်အောင် ကျိန်းစပ်နေကြသည်။

အလုပ်သမားအများစုမှာ လက်ပြင်ကုန်းကုန်း၊ ပိန်ညောင်ညောင်နှင့် လူရုပ်မပေါ်ကြ။ သူတို့ချင်းပြောနေကြသည့် စကားပြောသံများသည် မြန်ဆန်လွန်းလှ၏။ စကားလုံးအသုံးအနှုန်းများမှာလည်း ကြမ်းတမ်းရိုင်းစိုင်းလွန်းလှချေသည်။

နေ့ခင်းနေ့လည်ဘက်တွင် တစ်ရွာလုံး လူသူကင်းမဲ့ကာ တိတ်ဆိတ်ခြောက်သွေ့နေရသည့်အကြောင်းရင်းကို သူအခုမှပင်နားလည်သဘောပေါက်လာရ၏။ အမှန်တော့ တစ်ရွာလုံးရှိ လူများသည် မြေအောက်ကျောက်မီးသွေးတွင်းများထဲသို့ ရောက်နေကြခြင်းပေတည်း။ ထို့ပြင်လည်း ပီတစ်ဝပ်စ်မက်ရွာသည် သူစောစောကမြင်ခဲ့ရသည့် လှိုဏ်မြောင်ထဲမှ တဲစုကလေးတစ်ခုတည်းသာမဟုတ်၊ မြေအောက်မီတာခုနစ်ရာအနက်ရှိနေရာ အနှံ့အပြားဌ်တည်ရှိနေကြသော တဲစုများလည်း ပါဝင်လျက်ရှိ၏။ ထိုတစ်ရွာလုံးရှိ လူအများစုသည် နေ့စဉ်နှင့်အမျှ အလုပ်ခွင်ဌ်သာ အချိန်ကုန်နေကြရသည်ဖြစ်ရာ တစ်ရွာလုံးလူသူကင်းမဲ့သလို ဖြစ်ပြီး ငြိမ်ဆိတ်နေခြင်းသည် ထူးဆန်းသည့်အရာတစ်ခုမဟုတ်တော့ပေ။

Unity Publishing House

(၉)

"ဂျက်ဗာနေးဟာ ကိုယ်ထူးကိုယ်ခွန်သမားတစ်ယောက်ပါ" ဟု မဒမ်ဒင်း နစ္စက ညစာစားရင်း ဗင်းဆင့်အားပြောပြသည်။ "သူ့အားသူကိုးပြီး ကြိုးစားအား ထုတ်လို့ရာထူးတိုးသွားပေမယ့် အလုပ်သမားတွေနဲ့အခုအချိန်ထိ တရင်းတနှီး ရှိနေတုန်းပဲ"

"အလုပ်သမားဘဝကနေပြီး ရာထူးတက်သွားတဲ့ လူအားလုံးဟာ အလုပ်သမားတွေနဲ့ တရင်းတနှီးမနေကြဘူးလား" ဟု ဗင်းဆင့်ကမေးသည်။

"မနေကြဘူး မွန်စီယာ ဗင်းဆင့်" ဟု မဒမ်ဒင်းနစ္စကဖြေသည်။ "ရာထူးတိုးရလို့ ပိတစ်ဝပ်စ်မက်ရှာကနေပြီး ဝပ်စ်မက်မြို့ကို ရောက်သွားတာနဲ့ တပြိုင်နက်သူတို့ဟာ အရာရာတိုင်းကို အမြင်တစ်မျိုးနဲ့ကြည့်သွားကြတာချည်းပဲ၊ ငွေများများရဖို့အရေးကိုသာ အဓိကထားပြီး ပိုင်ရှင်တွေဘက်ကပဲရပ်တည်ပြီး ကြည့်ကြတယ်။ ငါတို့ဟာ တစ်ချိန်က ကျောက်မီးသွေးတွင်းတွေထဲမှာ ကျွန်ဖြစ် ခဲ့ရဖူးပါကလား ဆိုတဲ့အသိကို လုံးဝမေ့သွားကြတာပဲ။

"ဒါပေမယ့် ဂျက်ဗာနေးကတော့ သူတို့လိုမဟုတ်ဘူး။ သစ္စာရှိတယ်။ ရိုးသားဖြောင့်မတ်တယ်။ ကျွန်မတို့ အလုပ်သမားတွေ သပိတ်မှောက်ရင်အလုပ်သမားတွေဘက်မှာ သူတစ်ယောက်ဘဲရှိတယ်။ သူကအလုပ်သမားတွေအပေါ်မှာ ဩဇာလည်းရှိတယ်။ အလုပ်သမားတွေ အနေနဲ့ သူ့စကားကလွဲပြီးတခြားဘယ်သူ့စကားကိုမှ နားမထောင်ကြဘူး။ သူ့အကြံဉာဏ်ကလွဲလို့တခြား ဘယ်သူ့အကြံဉာဏ်ကိုမှလည်း လက်မခံကြဘူး။ ဒါပေမယ့် သူ့ခမျာ သနားစရာပါ။ လူ့ဘဝမှာ ကြာကြာနေရမယ်မထင်ပါဘူး"

"သူ့မှာ ဘာဖြစ်နေလို့လဲ" ဟု ဗင်းဆင့်ကမေးသည်။

"ထုံးစံအတိုင်း အဆုတ်ရောဂါပေါ့။ ကျောက်မီးသွေးတွင်းထဲ ဆင်းပြီး အလုပ်လုပ်ရတဲ့ လူတိုင်း ဒီရောဂါကို ရကြတာပဲ၊ သူ့ခမျာ အခု ဆောင်းရာသီကုန်အောင်မှ နေရပါ့မလားမသိဘူး"

ထိုအခိုက်မှာပင် ဂျက်ဗာနေးရောက်လာသည်။ အရပ်ပုပု၊ လူလုံးလူဖန်သေးသေးနှင့် လက်ပြင်ကုန်းကုန်းဖြစ်သည်။ မျက်တွင်းခပ်နက်နက်တွင် ဘိုရင်းနိတ်နယ်သားအမျှားစု ပိုင်ဆိုင်လေ့ရှိသည့် မှုန်မှိုင်းမှိုင်းရီဝေဝေ မျက်လုံးအစုံပိုင်ရှင်ဖြစ်လေသည်။ ဗင်းဆင့်မှာ အီဗန်ဂျယ်လစ္စ ဓမ္မဆရာ တစ်ဦးဖြစ်ပြီး ယခုရောက်လာခြင်းမှာ အလုပ်သမားများ၏ ဘဝတိုးတက် သာယာရေးကို

ဆောင်ရွက်လိုသော စေတနာစိတ်ဆန္ဒဖြင့် လာခြင်းဖြစ်ကြောင်း ပြောပြသည့် အခါ ဂျက်က သက်ပြင်းတစ်ချက်ချသည်။

"လူအများအပြားဟာ ဒီကိုရောက်လာပြီး ကျွန်တော်တို့ကို ကူညီ စောင့်ရှောက်ပေးဖို့ ကြိုးစားခဲ့ကြတယ် မွန်စီယာ" ဟု ဂျက်ကပြောသည်။ "ဒါပေ မယ့် ဒီဒေသက လူတွေရဲ့ဘဝကတော့ ဟိုအရင်က ရှိနေခဲ့တဲ့ ပုံစံအတိုင်းပါပဲ၊ ပြောင်းလဲမှုမရှိခဲ့ပါဘူး"

"ဘိုရင်းနိတ်နယ်ရဲ့ အခြေအနေဟာ လုံးဝမကောင်းဘူးလို့ ခင်ဗျား ထင်သလား" ဟု ဗင်းဆင့်ကမေးသည်။

ဂျက်သည် အချိန်အတန်ကြာမျှ နှုတ်ဆိတ်လျက်ရှိသည်။ ထို့နောက် "ကျွန်တော့်အတွက်ကတော့ ဆိုးတယ်လို့ မပြောနိုင်ပါဘူး၊ အမေက ကျွန်တော့်ကို စာကလေးပေကလေး အနည်းအကျဉ်းဖတ်တတ်ရေးတတ်အောင် သင်ပေးထား တော့ လုပ်ရင်းကိုင်ရင်းနဲ့ဖိုမင်အထိဖြစ်လာခဲ့ပါတယ်" ဟုပြောသည်။ "ဝက်စ်မက် မြို့ဘက်သွားတဲ့ လမ်းမပေါ်မှာ ကျွန်တော်နေတဲ့ အုတ်တိုက်ကလေး ရှိတယ်။ နေရတာမဆိုးဘူးပေါ့၊ အစားအသောက်လည်း ပြတ်တယ်လို့မရှိပါဘူး၊ ကျွန်တော်တစ်ယောက်တည်းအနေနဲ့ တွက်ရင်တော့ ဘာမှပြောစရာမရှိဘူးပေါ့။ ဒါပေမယ့်. . ."

တဟွတ်ဟွတ်နှင့်အဆက်မပြတ်ဆိုးလာသော ချောင်းကြောင့်ဂျက်သည် စကားကိုဆက်မပြောနိုင်တော့ပဲ ရပ်သွားသည်။ ချောင်းဆိုးပုံမှာ ပြင်းထန် လွန်းလှသဖြင့် ရင်ပတ်တစ်ခုလုံးပွင့်ထွက်လာလေမလားဟုပင် ထင်ရလောက် ၏။ ဂျက်သည် ချောင်းဆိုးနေသည့်ကြားမှပင် အကြိမ်ပေါင်းများစွာထ၍ အိမ်ရှေ့တံခါးမှ အပြင်သို့ထွက်ကာတံတွေးများထွေး နေရသည်။ ထို့နောက် ချောင်းဆိုးရပ်သွားသဖြင့် သူ့နေရာတွင် အသာအယာ ဝင်ထိုင်သည်။

"ခင်ဗျားသိတဲ့အတိုင်းပဲပေါ့လေ၊ ဖိုမင်ရာထူးကိုရတဲ့အချိန်မှာ ကျွန်တော့်အသက်ဟာ နှစ်ဆယ့်ကိုးနှစ်ရှိနေပြီ၊ ဒီအချိန်မှာ ကျွန်တော့်ရဲ့ အဆုတ် တွေဟာ လုံးဝမကောင်းတော့ဘူး။ ကုန်ခဲ့တဲ့ နှစ်အနည်းငယ်အတွင်း မှာတော့ အခြေအနေက သိပ်ဆိုးမလာသေးဘူးလို့ ပြောရမှာပေါ့လေ၊ ဒါပေမယ့် အလုပ် သမားတွေမှာကတော့ . . . . ."

သူသည် စကားကိုဖြတ်ကာ မဒမ်ဒင်းနစ္စအား လှမ်းကြည့်ပြီး "ခင်ဗျား ဘယ်လိုစိတ်ကူးရသလဲ၊ ကျွန်တော်သူ့ကို ဟင်နရီ ဒီကရပ်ဆီ ခေါ်သွားပြီးတွေ့ ပေးလိုက်ရမလား"

"ဘာဖြစ်လဲ၊ ခေါ်သွားပြီး တွေ့ပေးလိုက်လို့ သူ့မှာ အန္တရာယ်မဖြစ်နိုင်ပါဘူး။ အမှန်တွေကို အပြည့်အစုံကြားရသိရတာပေါ့" ဟု မဒမ်ဒင်းနစ္စ ကဖြေသည်။

ဂျက်ဇာနေးသည် ဗင်းဆင့်အားလှည့်ကြည့်သည်။ "ဒီလိုရှိပါတယ် မွန်စီယာ" ဟု ပြောသည်။ "ကျွန်တော့်အလုပ်က ဖိုမင်ဆိုတော့ အလုပ်ရှင်တွေ အပေါ်စောင့်သိရမယ့် တာဝန်ကရှိနေပါတယ် မွန်စီယာ၊ ကျွန်တော်က ဟင်နရီနဲ့ တွေ့ပေးလိုက်ရင် သူက လိုက်ပြပေးပါလိမ့်မယ်"

ဗင်းဆင့်သည် အေးစက်နေသော ညအမှောင်ထုထဲမှဖြတ်ကာ ဂျက်၏ နောက်မှ လိုက်လာခဲ့သည်။ သူတို့သည် အလုပ်သမားများနေထိုင်ရာ လျှိုထဲသို့ ဆင်းခဲ့ကြသည်။ အလုပ်သမားအိမ်များမှာ သစ်သားအိမ်များဖြစ်၍ အခန်းတစ်ခန်းသာရှိသည်။ သွားနေရသည်မှာ တက်လိုက်ဆင်းလိုက်၊ တည့်တည့် လျှောက်လိုက်နှင့်ဝက်ပါတစ်ခုသဖွယ် ကွေ့ကွေ့ကောက်ကောက်နိုင်လွန်းလှချေသည်။ အိမ်များ၏ပတ်ပတ်လည်တွင်လည်း သန့်စင်သည့်နေရာဟူ၍ တစ်နေရာမှမတွေ့ရ။

သွားနေလာနေကျလူများသာလျှင် သွားတတ်မည့် လမ်းမျိုးဖြစ်သဖြင့် ဂျက်၏နောက်မှ လိုက်သွားနေသော ဗင်းဆင့်သည် မကြာခဏ ခလုတ်တိုက်သည်။ မကြာခဏ ချော်လဲမည်ကဲ့သို့ဖြစ်သည်။ နေရာတိုင်းတွင် ကျောက်တုံးများ၊ သစ်တုံးများနှင့် အမှိုက်ပုံများရှိနေသည်ဖြစ်ရာ ဗင်းဆင့်မှာ ယင်းတို့အပေါ်လဲကျတော့မလို မကြာမကြာ ဖြစ်ရသည်။ လျှိုထဲသို့ ခရီးတစ်ဝက်ခန့် ပေါက်သည့် အခါ ဒီကရပ်၏တဲရှေ့သို့ဆိုက်ရောက်သွားသည်။ တံခါးခေါက်သံကို ကြားလျှင် ကြားချင်းလာ၍ ဖွင့်ပေးသူမှာ မဒမ်ဒီကရပ်ဖြစ်လေသည်။

မဒမ်ဒီကရပ်သည် တံခါးဝမှရပ်ကာ ဘယ်သူတွေပါလိမ့်ဟူသော စူးစမ်းသည့်မျက်နှာထားဖြင့် ကြည့်သည်။ ပြီးတော့ တံခါးကို ချက်ခြင်းဖွင့်ကာ အထဲဝင်ကြပါဟု ပျာပျာသလဲ ဖိတ်ခေါ်သည်။ မဒမ်ဒီကရပ်မှာလည်း ဒီကရပ်နှင့် လက်မထပ်မီကတည်းက ကျောက်မီးသွေးတွင်း၌ အလုပ်လုပ်လာခဲ့သူဖြစ်သဖြင့် အလုပ်သမားဘဝဖြင့် နှစ်ပေါင်းများစွာကြာခဲ့ပြီဖြစ်၏။ သူ့ခန္ဓာကိုယ်တွင် အသားအရည်ဟူ၍ မရှိသလောက်ခြောက်ခန်းသွားခဲ့ပြီ၊ တစ်ကိုယ်လုံးတွင် အရောင်အဆင်းဟူ၍ မရှိတော့၊ ရုပ်ရည်မှာ များစွာအိုစာကျနေပြီဖြစ်သော်လည်း အသက်မှာ နှစ်ဆယ့်ခြောက်နှစ်ပင် မပြည့်သေး။

ဒီကရပ်မိသားစု၏တဲမှာလည်း ဤလျှိုထဲရှိ အခြားအလုပ်သမားများ၏

တဲများနှင့်ဘာမှ မထူးခြားပေ။ တဲမှာ မြေစိုက်တဲဖြစ်၍ အခင်းသည် မြေပြင်ဖြစ်၏။ နောက်ဖက်တွင် ထောင့်နှစ်ထောင့်ရှိရာ နှစ်ထောင့်စလုံးတွင် အိပ်ရာခုတင်တစ်လုံးစီချထားသည်။ ခုတင်တစ်လုံးပေါ်တွင် လူကလေးသုံးယောက်သည် အိပ်ပျော်နေကြပြီဖြစ်၏။

အိမ်ရှေ့ဘက်တွင် မီးဖိုတစ်လုံး သစ်သားစားပွဲတစ်လုံးနှင့် ခုံတန်းလျားများ ကုလားထိုင်တစ်လုံးနှင့် နံရံတွင် သံနှင့်ကပ်ရိုက်ထားသည့်သေတ္တာဟောင်းတစ်လုံးရှိသည်။ ယင်းသေတ္တာထဲတွင် အိုးများနှင့် ပန်းကန်ခွက်ယောက်များ စုပြုံထည့်ထားသည်။ အိမ်ထောင်ပရိဘောဂပစ္စည်းဆို၍ ဤပစ္စည်းများမှတစ်ပါး အခြားဘာတစ်ခုမှမရှိ။

ဒီကရပ်မိသားစုသည် အခြားမိသားစုများလိုပင် ဆိတ်တစ်ကောင်နှင့် ယုန်အနည်းငယ်မွေးထားသည်။ တစ်ခါတစ်ရံ အသားစားနိုင်ရေးအတွက် မွေးမြူထားခြင်းဖြစ်၏။ ဆိတ်သည် ကလေးများ၏ခုတင်အောက်၌ အိပ်နေပြီ။ ယုန်များမှာ မီးဖိုနောက်နား၌ ချခင်းထားသည့် ကောက်ရိုးများပေါ်၌ အိပ်နေကြလေသည်။

မီးဖိုဘေးရှိကုလားထိုင်၌ ထိုင်နေသော ဒီကရပ်သည် ဂျက်ကို မြင်လိုက်သည့်အခါ ခုန်၍ထလာသည်။ "ဟား . . ကိုယ့်လူ ဒီကိုမရောက်တာ ကြာပါပကောလား။ အခုလိုလာတာ သိပ်ကိုဝမ်းသာတယ်။ ခင်ဗျားမိတ်ဆွေ ကိုလဲကြိုဆိုပါတယ်၊ လာပါ၊ ထိုင်ပါ" ဟု ဝမ်းပန်းတသာပြောသည်။

ဒီကရပ်သည် ဘိုရင်းနိတ်နယ်အတွင်း၌ ကျောက်မီးသွေးတွင်းကသတ်လို့မသေနိုင်သည့်လူဆို၍ သူတစ်ဦးတည်းသာရှိသည်ဟု ကြွားလေ့ရှိသည်။ "ကျုပ်ကအသက်ကြီးလို့ အိုမင်းမစွမ်းဖြစ်ပြီး ကိုယ့်အိပ်ရာပေါ်မှာပဲ သေမယ့်ကောင်ပါဗျ။ ကျောက်မီးသွေးတွေကတော့ ကျုပ်ကိုသတ်နိုင်လိမ့်မယ် မထင်နဲ့၊ ဘာ့ကြောင့်လဲသိလား၊ ကျုပ်က သူတို့အသတ်ကို လုံးဝမခံလို့ဗျ" ဟုလည်းမကြာခဏပြောလေ့ရှိ၏။

သူ့ခေါင်း၏ညာဘက်ဘေးတွင် ဆံပင်များကွက်၍ ကျွတ်နေသည့် နီရဲရဲအမာရွတ်ကြီးတစ်ခုရှိသည်။ တွင်းတစ်တွင်းပြုကျစဉ်က ရခဲ့သောဒဏ်ရာဖြစ်၏။ ထိုစဉ်က သူ့လုပ်ဖော်ကိုင်ဖက် အလုပ်သမားနှစ်ဆယ့်ကိုးယောက်မျှသေဆုံးခဲ့ရလေသည်။

သူလမ်းလျှောက်သည့်အခါ ခြေတစ်ဖက်သည် ဒရွတ်ဆွဲလျှက်ရှိ၏။ ဥမင်လှိုဏ်ခေါင်းပြုကျပြီး ငါးရက်မျှ ပိတ်မိခံနေရစဉ်က ရခဲ့သောဒဏ်ရာ

ကြောင့်ဖြစ်သည်။ ထိုစဉ်က သူ့ခြေထောက်သည် သစ်တုံးတစ်တုံးပိကာလေးနေရာမှ အရိုးများကျိုးသွားခဲ့သည်မဟုတ်ပါလား။ တစ်ကြိမ် တွင်လည်း တွင်းပေါက်ကွဲရာမှ လွင့်စင်သွားပြီး ကျောက်မီးသွေးတင်ကားနှင့် ရိုက်မိသဖြင့် ညာဘက်နံရိုးသုံးချောင်းကျိုးသွားခဲ့ဖူးလေသည်။

ဒီကရပ်သည် တိုက်ခိုက်ရေးသမားတစ်ယောက်ဖြစ်၏။ သူသည် အနိုင်မခံ အရှုံးမပေးသည့်ဇဲသတ္တိမျိုးရှိသဖြင့် သူ့အား ဘယ်သူကမှ တားမြစ်ဟန့်တား၍မရ၊ သူသည် ကုမ္ပဏီ၏လုပ်ရပ်များအပေါ် ပြင်းထန်စွာဝေဖန်တိုက်ခိုက်လေ့ရှိသဖြင့် ကုမ္ပဏီအဖို့ လူဆိုးစာရင်းဝင်တစ်ယောက်ဖြစ်နေသည်။ သို့သော်လည်း ကျောက်မီးသွေးထုတ်ရန် အခက်ခဲဆုံးနေရာတွင် သူ၏လုပ်ရည်ကိုင်ရည်သည် အမြင့်ဆုံးနေရာ၌ရှိ၏။ ထို့ကြောင့်လည်း သူ့အား ပစ်ပယ်၍မရနိုင်သည့် အခြေအနေ၌ ရှိနေပေသည်။

"ဒီမယ် မွန်စီယာ ဗင်ဂိုး၊ ခင်ဗျားနေရာမှန်ကို ရောက်လာတယ်ဆိုတာယုံကြည်ပါ" ဟု ဒီကရပ်ကပြောသည်။ "ဘိုရင်းနိတ်နယ် ထဲမှာတော့ ကျုပ်တို့ဟာကျွန်တွေပဲ၊ တိရစ္ဆာန်တွေဆိုလည်း မမှားဘူး၊ ကျုပ်တို့ လူစုဟာ မနက်သုံးနာရီထိုးဆိုရင် မာကပ်ဆီကျောက်မီးသွေးတွင်းထဲ ဆင်းကြရပြီ၊ အစာစားဖို့ပေးထားတဲ့အချိန် ဆယ့်ငါးမိနစ်ကလေးပဲနားရတယ်။ မနက်သုံးနာရီက အလုပ်ခွင်ဝင်လိုက်ရတာ ညနေလေးနာရီထိုးမှ ရပ်ရတယ်။

"တွင်းထဲမှာဆိုရင် အားလုံးမည်းနက်နေတာပဲ မွန်စီယာ။ ပူတာကလဲတအားပူတာ။ ကျုပ်တို့အလုပ်လုပ်ရင် အင်္ကျီတုံးလုံးနဲ့ လုပ်ကြရတာ။ လေထဲမှာကလည်း ကျောက်မီးသွေးအမှုန်တွေနဲ့အမြဲပြည့်နေတာမို့ အသက်ကိုကောင်းကောင်းမရှူနိုင်ကြဘူး။ တစ်ခါတလေ တစ်ချို့နေရာက ကျောက်မီးသွေးတွေထုတ်တဲ့အခါမှာ မတ်တပ်ရပ်ပြီး လုပ်လို့ကိုင်လို့မရကြဘူး။ လေးဘက်ထောက်ပြီး ထုတ်ယူကြရတာ။

"ကျုပ်တို့ဆီမှာက ယောကျ်ားကလေးပဲဖြစ်ဖြစ် မိန်းကလေးပဲဖြစ်ဖြစ် အသက်ရှစ်နှစ်၊ ကိုးနှစ်အရွယ်ဆိုရင် ကျောက်မီးသွေးတွင်းတွေထဲ ဆင်းကြရပြီ။ အဲဒီတော့ အသက်နှစ်ဆယ်ဆိုရင် အဆုတ်ရောဂါစွဲပြီ၊ တကယ်လို့ ကျုပ်တို့အနေနဲ့တွင်းထဲမှာ အလုပ်လုပ်ရင်းမသေလဲ အသက်လေးဆယ်ရွယ်လောက်ရောက်ရင်ဒီရောဂါကြောင့် သေရမှာပဲ၊ အခုကျုပ်ပြောပြနေတာတွေဟာ လိမ်ပြောနေတာလား ကျက်ဗာနေး"

ဒီကရပ်သည် စိတ်အားထက်သန်စွာ ပြောနေခြင်းဖြစ်၏။ ပြောရင်း

ပြောရင်းနှင့် စိတ်လှုပ်ရှားလွန်းအားကြီးကာ သူ့မျက်လုံးအစုံသည် ဒေါသ၏ အခိုးအငွေ့များထပ်ဟပ်လာနေသည်။

"ခင်ဗျားပြောနေတာတွေဟာ အမှန်တွေချည်းပါပဲ ဒီကရပ်" ဟု ဂျက်က ပြောသည်။

မဒမ်ဒီကရပ်သည် အခန်းထောင့်ရှိ အိပ်ရာခုတင်ပေါ်၌ထိုင်ကာ သူ့ယောကျ်ားပြောသမျှကို နားထောင်နေသည်။ ရေနံဆီမီးအိမ်မှ မီးရောင်သည် မှုန်ဝါးဝါး။ ဤစကားများကိုကြားခဲ့ဖူးသည့် အကြိမ်ပေါင်းထောင်နှင့်ချီ၍ရှိခဲ့ပြီထင်၏။ ကုန်လွန်သွားခဲ့သော နှစ်များစွာအတွင်း သူသည် ပင်ပန်းကြီးစွာ အလုပ်လုပ်ခဲ့ရ၏။ သားသမီးသုံးယောက်မွေးဖွားခဲ့ရ၏။ ဆိုးဝါးသော ဆောင်းဥတုအများအပြားနှင့်ရင်ဆိုင်ဖြတ်သန်းခဲ့ရ၏။ ဤတိုက်ပွဲများသည် ပြင်းထန်လွန်းလှသည်ဖြစ်ရာ ယခုအချိန်တွင် သူ့ထံ၌ ရှိသမျှ အင်အားများ ကုန်ခန်းသွားခဲ့ရပြီ။

ဒီကရပ်သည် သူ့ခြေထောက်ကို ဒဏ္ဍတ်ဆွဲကာ ဂျက်၏အနီးမှ ခွာလာခဲ့ပြီး ဗင်းဆင့်ထံသို့ ပြန်လျှောက်လာသည်။

"ဒီအလုပ်တွေအတွက် ကျုပ်တို့မှာ ဘာတွေရခဲ့သလဲ၊ အခန်း တစ်ခန်း သာရှိတဲ့ တဲစုတ်တစ်လုံးနဲ့ မသေရုံကလေး စားသောက်နေရတဲ့ အစားအစာ တစ်လုပ်တစ်ဆုပ်ပဲပေါ့။ ကျုပ်တို့ဘာတွေများ စားနေကြသလဲ ဆိုတာကော မွန်စီယာသီရဲ့လား။ ပေါင်မုန့်ရယ်၊ ချဉ်စုတ်စုတ် ဒိန်ခဲရယ်၊ ပြီးတော့ ဘလက်ကော်ဖီရယ်၊ အဲဒီသုံးမျိုးပဲ၊ တစ်နှစ်မှာ အသားငါး တစ်ကြိမ် နှစ်ကြိမ်ဘဲစားရတယ်။ တကယ်လို့ သူတို့က မသဒ္ဓါရေ သဒ္ဓါရေနဲ့ ပေးထားတဲ့ တစ်နေ့စာ မဖြစ်စလောက်လုပ်ခကို ဖြတ်လိုက်ရင် ကျုပ်တို့မှာ ချက်ခြင်းထမင်း ငတ်တော့တာပဲ။

"အမှန်ကတော့ သူတို့လိုချင်နေတဲ့ ကျောက်မီးသွေးကို ကျုပ်တို့က ထုတ်မပေးနိုင်တဲ့အဖြစ်ရောက်သွားမှာစိုးလို့သာ ဒီလုပ်ခကိုပေးနေတာ၊ ဖြစ်နိုင်ရင် သူတို့က အခုပေးထားတဲ့ လုပ်ခထက် ထပ်လျှော့ပြီးပေးချင်နေတာ။ တကယ်တော့ ကျုပ်တို့ဟာ သေမင်းဆီသွားရာလမ်းမပေါ်မှာ လျှောက်နေကြရတာပါ။ ကျုပ်တို့မှာ မမာမကျန်းဖြစ်လာလို့ကတော့ လက်ထဲမှာ ငွေတစ်ဖရန့် မရှိရင် ခွေးတွေသေသလိုသေကြရတာပဲ။

"ကျုပ်တို့မရှိတော့တဲ့အခါမှာ ကျုပ်တို့ရဲ့ သားမယားတွေကို အိမ်နားနီးချင်းလုပ်ဖော်ကိုင်ဖက်တွေက ကျွေးမွေးထားကြရတယ်။ သူတို့ကမှ ကျွေးမ

ထားရင် သူတို့လည်းသေကြရုံပဲရှိတာပဲ။ အသက်ရှစ်နှစ်က နေပြီး လေးဆယ် အထိ..... နှစ်ပေါင်း သုံးဆယ့်နှစ်နှစ်တိတိ မြေအောက်က မြေမည်းတွေနဲ့ နပမ်းလုံးပြီး နေခဲ့ရတဲ့ဘဝပါ မွန်စီယာ။ ဟို...တောင်ကုန်းပေါ်က တွင်း တစ်တွင်းထဲရောက်မှပဲ ကိုယ်ခံစားနေရတဲ့ ဒုက္ခအပေါင်းကို မေ့လို့ရတာပါ"

(၁၀)

တဖြည်းဖြည်းနှင့်ဗင်းဆင့်သည် ကျောက်မီးသွေးတွင်းတူး အလုပ်သမား များ၏အကြောင်းကို ကောင်းကောင်းသိလာရသည်။ အလုပ်သမားများသည် အသိဉာဏ်ကင်းမဲ့ကြသည်။ ဗဟုသုတဟူ၍လည်း ဘာမှမရှိ။ ငယ်စဉ်က ပညာသင်ကြားခွင့်ကို မရခဲ့ကြသဖြင့် စာမဖတ်တတ်၊ မရေးတတ်၊ သို့သော်လည်း မွေးရာပါဇီဇအရ ဉာဏ်ကောင်းကြသည်။ အကင်းပါးကြသည်။ အလုပ်ခွင်တွင် ရင်ဆိုင်ရသမျှ အခက်အခဲများကို လျှင်မြန်သွက်လက်စွာ ဖြေရှင်း နိုင်ကြသည်။ ပြီးတော့ သူတို့သည် သတ္တိကောင်းကြ၏။ ပွင့်လင်းကြ၏။ စိတ်ကလည်း အလွန်ထိခိုက်လွယ်ရှားလွယ်ကြသည်။

သူတို့သည် အများအားဖြင့် ခန္ဓာကိုယ် ပိန်ပိန်လှိလှိနှင့် အသားအရေ မှာ ဖြူဖတ်ဖြူရော်ဖြစ်သည်။ အမြဲတစေ ပင်ပန်းနွမ်းနယ်ပြီး မောဟိုက်နေ သည့်ပုံမျိုးဖြစ်သည်။ အာဟာရချို့တဲ့မှုသည် သူတို့၏ခန္ဓာကိုယ်အား တစ်နေ့ တစ်ခြား ကြုံလှိုလာစေရုံမျှမက အသားအရောင်ကိုပါ ဝါတာတာ ဖျော့တော့တော့ ဖြစ်သွားအောင် ဖန်တီးပေးထားသည်။ သူတို့သည် တနင်္ဂနွေနေ့ တစ်ရက်တည်း သာလျှင် နေကိုမြင်ရပြီး နေရောင်ခြည်ကိုရရှိခံစားခွင့်ရသူများ ဖြစ်၏။ သူတို့ မျက်လုံးများသည် အဖိနှိပ်ခံရလွန်းသဖြင့် နာကျည်းနေသည့် အရိပ်အငွေ့များ ထင်ဟပ်နေသည်။ ပြန်လှန်၍တိုက်ခိုက်နိုင်စွမ်းမရှိသဖြင့် ခံပြင်းနေသည့် အရိပ် လက္ခဏာများကိုလည်း ဖော်ပြလျက်ရှိလေသည်။

ဗင်းဆင့်အဖို့ကတော့ အလုပ်သမားများသည် ဆွဲဆောင်မှုအရှိဆုံးသော လူများဖြစ်နေ၏။ သူတို့သည် ရိုးသားကြသည်။ သဘောမနောကောင်းကြသည်။ ဂွန်ဒတ်နှင့် အက်တင်၌ တွေ့ခဲ့ရသည့် ဘရားဘန်နယ်သားများနှင့် ဘာမှ ခြားနားခြင်းမရှိ။

ဗင်းဆင့်သည် ထိုအရပ်သို့ ရောက်ခဲ့ပြီးနောက် ရက်အနည်းငယ်မျှ အကြာတွင် သူ၏ပထမဆုံးသော တရားဓမ္မဟောပြောပွဲကို ဒင်းနစ္စမုန့်ဖို၏ နောက်ဖေးရှိ အဖိတဲအတွင်း၌ ပြုလုပ်သည်။ သူသည် တရားပွဲမကျင်းပမီ သူကိုယ်တိုင် တာဝန်ယူ၍ အဖိတဲ သန့်ရှင်းရေးကို လုပ်သည်။ တရားနာသူများ ထိုင်ဖို့အတွက် ခုံတန်းလျားများကို သူကိုယ်တိုင်သယ်၍ ချသည်။

ထိုနေ့တွင် အလုပ်သမားများသည် ညနေငါးနာရီထိုးချိန်ကတည်းက မိသားစုများနှင့်အတူ တရားနာရန် ဆိုက်ရောက်လာကြသည်။ သူတို့တွင် ရှိသမျှ အဝတ်အစားဟောင်းများကို သပ်ရပ်အောင်ပြုပြင်ပြီး ဝတ်စားဆင်ယင်လာကြသည်။ အအေးဒဏ်မှ ကာကွယ်နိုင်ရန်အတွက် လည်ပင်းများတွင် အဝတ်များ ပတ်ကာ သားရေဦးထုပ်များ ဆောင်းလာကြလေသည်။

အဖိတဲအတွင်း၌ ရေနံဆီမှန်အိမ်မှ အလင်းရောင်မှုန်ဝါးဝါးသာရှိ၏။ မှန်အိမ်မှာလည်း သူပိုင်မဟုတ်၊ တစ်နေရာမှ ငှားလာခဲ့ခြင်းဖြစ်၏။ အလုပ်သမားများသည် မှောင်ရိပ်များကျနေသည့်တဲအတွင်းမှ သစ်သားခုံတန်းလျားများပေါ်၌ ငြိမ်ဆိတ်စွာထိုင်ပြီး ဗင်းဆင့်အား ကြည့်နေကြသည်။ ဗင်းဆင့်သည် သမ္မာကျမ်းစာအုပ်ကို ရှေ့၌ချကာ လက်များကို ချိုင်းကြားတွင် ညှပ်၍နားစွင့်နေကြသော ပရိတ်သတ်အားတရားဟောသည်။

သူသည် အလုပ်သမားများနှင့်သင့်တော်မည့် တရားစာကို အတော်ကြီး ခက်ခက်ခဲခဲရှာဖွေနေရသည်။ နောက်ဆုံးတွင် စာပိုဒ် ၁၆း၉ ကို အသင့်တော်ဆုံးဟု သတ်မှတ်လိုက်သည်။

"ညအမှောင်ထုအတွင်းတွင် ပေါလ်သည် အမြင်အာရုံတစ်ခုကိုရသည်။ သူ့ရှေ့တွင် မက်ဆီဒိုးနီးယားမှ အမျိုးသားတစ်ယောက်ရပ်နေသည်။ ထိုလူက ပေါလ်အား တောင်းပန်သည်။ မက်ဆီဒိုးနီးယားကိုလာပြီး ကျွန်ုပ်တို့အား ကူညီစောင့်ရှောက်ပေးတော်မူပါ"

ဗင်းဆင့်သည် စာပိုဒ်ကိုဆက်မဖတ်သေးပဲ ရပ်ထားလိုက်သည်။ ထို့နောက် . . . "ကျွန်တော်တို့အနေနဲ့ ဒီစာပိုဒ်ထဲမှာပါနေတဲ့မက်ဆီဒိုးနီးယားနယ်သား ကို အလုပ်သမားတစ်ယောက်အဖြစ် တွေးကြမြင်ကြပါ" ဟု ပြောသည်။ "ဝမ်းနည်းမှုတွေ၊ ကြေကွဲမှုတွေ၊ စိတ်ဆင်းရဲမှုတွေနဲ့ ပင်ပန်းမှုတွေကို ခံစားနေရတဲ့ အလုပ်သမားတစ်ယောက်လို့ယူဆကြပါ။ သူဟာ ကြီးကျယ်မြင့်မြတ်တဲ့လူပါ။ သူဟာ ထာဝရခိုင်မာမြင့်မြတ်တဲ့ စိတ်ဓာတ်ပိုင်ရှင်တစ်ဦးပါ။ ဘုရားသခင်ကတော့ လူတစ်ယောက်ဟာ ယေရှုသခင်ကို အတုခိုးမယ်ဆိုရင် ယေရှုသခင်ရဲ့

နှူးညံ့သိမ်မွေ့တဲ့စိတ်နဲ့တည်ငြိမ်အေးဆေးတဲ့ စိတ်ကိုရရှိအောင် အတူခိုးစေ ချင်ခဲ့ပါတယ်။ အဲဒါမှလဲ သတ်မှတ်ထားတဲ့ရက်ကျလာရင် ကောင်းကင်ဘုံကို ရောက်မှာပါ။ ငြိမ်းအေးသာယာမှုကိုရမှာပါ"

ဤတရားပွဲသည် ဗင်းဆင့်နှင့် အလုပ်သမားများကြား ပေါင်းကူးတံတား ခင်းပေးခဲ့သည့်ပွဲဖြစ်သည်။ ထို့နောက်ပိုင်းတွင်မူ ဗင်းဆင့်သည် အလုပ်သမား များနှင့် ပိုမို၍ အထိအတွေ့အဆက်အဆံ များလာခဲ့လေသည်။

ရွာထဲတွင် မမာမကျန်းဖြစ်နေသူ အများအပြားရှိရာ ဗင်းဆင့်သည် နေ့စဉ်နေ့တိုင်း လူနာများရှိရာသို့ တစ်အိမ်ဝင်တစ်အိမ်ထွက်သွားရောက်လေ့ရှိ သည်။ မိမိဆေးဝါးကုသပေးနေရသည့် လူနာများအား နေ့စဉ်မှန်မှန်သွားရောက် ကြည့်ရှုကုသပေးနေသည့် ဆရာဝန်တစ်ယောက်သဖွယ် တာဝန်မပျက် ဆောင်ရွက်ခြင်းဖြစ်လေသည်။ သူသွားသည့်အခါတွင်လည်း သူ့လက်ထဲ၌ နွားနို့ တစ်ပုလင်း သို့မဟုတ် ပေါင်မုန့်တစ်လုံး သို့မဟုတ် ခြေအိတ်တစ်စုံ သို့မဟုတ် စောင်တစ်ထည် ပါသွားလေ့ရှိသည်။ လူနာအတွက် လက်ဆောင်တစ်ခုခုမပါပဲ ရောက်လာလေ့မရှိ။ အလုပ်သမားများကြားတွင် တိုက်ဖိုက်ခေါ် အူရောင် ရောဂါ နှင့်အသက်အန္တရာယ်ကို ထိခိုက်စေနိုင်လောက်သည့် အခြားရောဂါကြီးများသည် အမြဲတစေကျရောက်လျက်ရှိ၏။ အလုပ်သမားများကြားတွင် လူနာအရေအတွက် သည်လျော့သွားသည်မရှိ။ တစ်နေ့ထက်တစ်နေ့ တိုးတက်များပြား လာလျက်ပင် ရှိလေသည်။

ပီတစ်ဝပ်စ်မက်တစ်ရွာလုံးက သူ့အား "မွန်စီယာ ဗင်းဆင့်" ဟုခေါ် ကြသည်။ ချစ်ခင်လေးစားမှုလည်းရှိကြသည်။ ရွာထဲတွင် သူမရောက်သော တဲဟူ၍ တစ်တဲမျှမရှိ။ ရောက်လာလျှင်လည်း သူ့လက်ထဲ၌ လက်ဆောင်တစ်ခု ပါလာစမြဲဖြစ်၏။ နာမကျန်းဖြစ်နေသူများအား နေ့စဉ်မှန်မှန် လာရောက်ကြည့်ရှု သည့်အလုပ်ကိုလည်း မလုပ်ပဲမနေ။ လာလျှင်လည်း စိတ်အားတက်စေရန်နှင့် စိတ်ချမ်းသာမှုရှိစေရန် သင့်တော်သည့် တရားများကို ဟောပြောလေ့ရှိသည်။

ထိုနှစ် ခရစ္စမတ်ပွဲမတိုင်မီ ဗင်းဆင့်သည် အများက စွန့်ပစ်ထားသော မြင်းဇောင်းတစ်ခုကိုရသည်။ မြင်းဇောင်းမှာ မာကပ်ဆီကျောက်မီးသွေးတွင်း အနီး၌ တည်ရှိပြီး လူတစ်ရာခန့် ဆန့်အောင် ကျယ်ဝန်းသည်ကိုတွေ့ရ၏။ ထိုမြင်းဇောင်းကို အလုပ်သမားများ၏အကူအညီဖြင့် ဓမ္မာရုံတစ်ခုဖြစ်လာအောင် ပြန်လည်ပြုပြင်ခဲ့လေသည်။

အလုပ်သမားများသည် ဤဓမ္မာရုံအတွင်း၌ ထိုင်ကာ ဗင်းဆင့်

ဟောပြောသည့် ဘက်သယ်လ်ဟမ်ဇာတ်ကြောင်းကိုလည်းကောင်း ကမ္ဘာမြေကြီး ပေါ်ရှိ ငြိမ်းချမ်းသာယာမှုများအကြောင်းကို လည်းကောင်း နားထောင်ကြသည်။ သူရောက်လာခဲ့သည့် သီတင်းခြောက်ပတ်မျှ ကာလအတွင်း သူ၏ဓမ္မာရုံသည် ရေနံဆီမီးအိမ်ကလေးများ၏အလင်းရောင်ဖြင့် စိုပြည်သင့်သလောက် စိုပြည်လာခဲ့သော်လည်း အလုပ်သမားများ၏ အခြေအနေမှာမူ တိုးတက်မလာခဲ့ပေ။ တစ်နေ့တခြားပို၍ ပို၍ ဆိုးဝါးလာနေသည်ကိုသာ မြင်တွေ့နေရလေ၏။

သူ၏လက်ရှိဘဝတွင် အဆင်မပြေမှုဟူ၍ တစ်ခုတည်းသာရှိသည်။ ယင်းမှာ အခြားမဟုတ်။ ယခုအချိန်အထိ သူ့ဖခင်က သူ့အားငွေကြေးလစဉ် ထောက်ပံ့နေရသည့်ကိစ္စဖြစ်သည်။ သူသည် ညစဉ်ညတိုင်းအချိန်တစ်ချိန်ယူ၍ ဘုရားသခင်ထံ၌ ဆုတောင်းမှုတစ်ခုပြုလေ့ရှိသည်။ ဆင်းရဲဒုက္ခရောက်နေသူများအား လိုအပ်သလို ကူညီနိုင်ရေးအတွက် သူ့တွင် ကိုယ်ပိုင်ဝင်ငွေကလေး အနည်းငယ်မျှရရှိအောင် ကူညီစောင်မတော်မူပါဟု ဆုတောင်းခြင်းဖြစ်လေသည်။

ရာသီဥတုသည် ယခင်ကထက်ပို၍ ဆိုးလာသည်။ နယ်မြေတစ်ခုလုံး၏ အပေါ်ဘက်တွင် တိမ်ညိုတိမ်မည်းများသည် အမြဲတစေ ဖုံးအုပ်လျက်ရှိသည်။ မိုးသည် အဆက်မပြတ်ရွာသွန်းလျက်ရှိ၏။ ရွာထဲရှိလမ်းများပေါ်တွင် ရေအိုင်များနှင့် ရွံ့ဗွက်များသည် လမ်းသွားလမ်းလာများအား ဒုက္ခပေးလာကြသည်။ လျှိုထဲရှိ အလုပ်သမားတဲများမှာ မြေစိုက်တဲများဖြစ်သဖြင့် အမြဲတစေစိုစွတ်လျက်ရှိကြ၏။

နှစ်သစ်ကူးနေ့တွင် ဂျင်း ဘက်တစ္စတီသည် ဝပ်စ်မက်ရွာသို့ ရောက်လာသည်။ သူနှင့်အတူ ဗင်းဆင့်အတွက် စာတစ်စောင်ပါလာသည်။ စာအိတ်၏ ဘယ်ဘက်ထောင့်တွင် ဘုန်းတော်ကြီးပက်တာဆင်၏ နာမည်ရေးထားသည်။ ဗင်းဆင့်သည် သူ့အခန်းသို့ အမြန်ပြန်လာခဲ့ပြီး တုန်ရီသောလက်များဖြင့် စာကို ဖောက်ဖတ်သည်။ ခေါင်မိုးပေါ်သို့ ပြင်းထန်စွာကျရောက်နေသည့် မိုးပေါက်သံများကိုပင် သူမကြား။ သူ့အာရုံသည် စာအပေါ်၌သာ ရောက်နေ၏။

ချစ်သောဗင်းဆင့်

မင်းရဲ့မြင့်မြတ်တဲ့လုပ်ငန်းတွေကို တို့ကော်မီတီကကြားသိကြရပါတယ်။ ဒါ့ကြောင့်မို့ မင်းကို ယာယီတရားဟောဆရာအဖြစ် ခြောက်လခန့် ထားလိုက်ပါတယ်။ မင်းရဲ့ အချိန်ကာလကို နှစ်စကစပြီး ရေတွက်ရမှာပါ။

အကယ်၍ ဇွန်လကုန်အထိ မင်းရဲ့ဆောင်ရွက်ချက်တွေဟာ ဆက်လက်တိုးတက်နေတယ်လို့ဆိုရင်တော့ မင်းကိုအမြဲတမ်းဓမ္မဆရာအဖြစ်

ခန့်ထားလိမ့်မယ်။ အခု အစမ်းခန့်ခြောက်လအတွင်းမှာ တစ်လကို ဖရန့်ငွေ ငါးဆယ်ရသွားလိမ့်မယ်။ ငါ့ဆီကို စာမကြာမကြာရေးပါ။

မင်းရဲ့ခင်မင်သော
ပက်တာဆင်

သူသည် ဝမ်းသာလွန်းသဖြင့် အိပ်ရာပေါ်သို့ ပစ်လဲချလိုက်သည်။ နောက်ဆုံးကျတော့လည်း သူသည် အောင်မြင်မှုနှင့်တွေ့ရပြီ။ သူ့ဘဝတွင် သူနှင့် အသင့်တော်ဆုံးသော အလုပ်ကိုရှာဖွေတွေ့ရှိခဲ့ပြီ။ အချိန်ရှိသမျှ သူ တောင့်တနေသော အရာမှာ ဤအလုပ်ပင်မဟုတ်ပါလား။ သူသည် တစ်လလျှင် ဖရန့်ငွေ ငါးဆယ်ရမည်ဖြစ်ရာ သူ၏နေရေးနှင့် စားရေးအတွက် ကျသင့်ငွေကို ပေးနိုင်တော့မည်ဖြစ်သည်။ ထို့ပြင်လည်း သူ့လက်ထဲတွင် ငွေပို့ငွေလွှဲလည်း အတော်များများ ကျန်ဦးမည်ဖြစ်ရာ သူ့အနေဖြင့် မည်သူ့ကိုမှ မှီခိုစရာမလိုတော့ပေ။

သူသည် ချက်ချင်းပင်စားပွဲ၌ထိုင်ကာ သူ့အဖေထံသို့ စာတစ်စောင် ရေးသည်။ သူ့အဖေအနေဖြင့် သူ့အားဆက်လက်၍ ငွေကြေးထောက်ပံ့ရန် မလိုတော့ကြောင်း ရေးနေခြင်းဖြစ်သည်။ သူစာရေးပြီးသွားသည့်အချိန်တွင် နေဝင်ဆည်းဆာအချိန်သို့ရောက်ခဲ့ပြီ။ မိုးသည် သည်းထန်စွာရွာနေဆဲဖြစ်၏။ မိုးခြိမ်းသံများမှာလည်း ဆူညံလျက်ရှိ၏။ လျှပ်စီးများမှာလည်း တဝင်းဝင်း တလက်လက်ဖြစ်နေကြဆဲ။ သူသည် အောက်ထပ်သို့ ပြေးဆင်းလာခဲ့သည်။ မီးဖို ချောင်ကို ဖြတ်၍ သည်းသည်းမည်းမည်းရွာနေသော မိုးရေထဲသို့ ပြေးထွက်သွားသည်။

မဒမ်ဒင်းနစ္စသည် သူ့နောက်မှ ပြေးလိုက်လာသည်။ "မွန်စီယာ ဗင်းဆင့်၊ ရှင်ဘယ်သွားမလို့လဲ။ ရှင့်ဦးထုပ်နဲ့ကုတ်အင်္ကျီယူဖို့ မေ့သွားပြီ" ဟု လှမ်းအော်နေသည်။

ဗင်းဆင့်သည် အပြေးမရပ်။ သူ့ရှေ့တည့်တည့်ရှိ မြေကြီးပုံကြီးတစ်ခု ဆီသို့ ဆက်လက်ပြေးသွားသည်။ ထိုမြေကြီးပုံပေါ်မှ လှမ်းမျှော်၍ ကြည့်လိုက်သည့်အခါ ဘိုရင်းနိတ်နယ်မြေဒေသကိုမြင်နေရ၏။ ကျောက်မီးသွေးပုံကြီးများ၊ မီးခိုးခေါင်း တိုင်ကြီးများနှင့်အလုပ်သမားတိုက်အိမ်များ။ အခြားတစ်ဖက်တွင်မူ မည်းမှောင်နေသော ထင်းရှူးတော၊ ယင်း၏အခြားတစ်ဖက်တွင်မူ ဘုရားရှိခိုးကျောင်း တစ်ကျောင်း . . . ၊ ဝပ်စ်မက်မြို့၏ ရှုခင်းသည် သာယာလှပါဘိ၏။

သူ့စိတ်အာရုံတွင် ပန်းချီဆရာ မိုက်ကယ်နှင့် ရုစ်ဒေးလ်တို့၏ ပန်းချီကားများသည် ဝင်ရောက်လာလေသည်။

(၁၁)

ယခုအခါတွင် ဗင်းဆင့်သည် တရားဝင်ခန့်ထားသည့် ဓမ္မဆရာတစ်ဦးဖြစ်လာခဲ့ပြီ။ ထို့ကြောင့်လည်း သူသည် တရားပွဲများ စနစ်တကျ ကျင်းပပြုလုပ်သွားနိုင်ရန်အတွက် သင့်တော်သည့်နေရာတစ်ခု လိုအပ်လာပြီဖြစ်၏။ သူသည် အသင့်တော်ဆုံးနေရာတစ်နေရာ ရရှိရေးအတွက် သူကိုယ်တိုင် လိုက်လံရှာဖွေခဲ့သည်။ အလုပ်သမားတဲများ တည်ရှိရာလျှို၏ အောက်ခြေမြေပြင်ပေါ်၌ ထင်းရှူးတောတစ်တောရှိသည်။ ယင်းထင်းရှူးတောအတွင်းမှ ဖြတ်သွားသည့် လမ်းတစ်လမ်းရှိရာ ထိုလမ်းပေါ်တွင် "ဆလွန်ဒူဘီဘီ" ဟု အမည်ပေးထားသည့် အိမ်ကြီးတစ်လုံးရှိသည်။ ထိုအိမ်ကြီးမှာ တစ်ချိန်က အနီးအနားပတ်ဝန်းကျင်မှ ကလေးသူငယ်များအား အကပညာသင်ကြားပေးရာဌာန တစ်ခုဖြစ်လေသည်။

ဗင်းဆင့်သည် ဤအိမ်ကြီးကိုများစွာ သဘောကျခဲ့သဖြင့် သူ့လုပ်ငန်းအတွက် အသင့်တော်ဆုံးနေရာအဖြစ် ရွေးချယ်ခဲ့၏။ ထိုအိမ်ကြီးကို သူ၏ဓမ္မာရုံအဖြစ် ဖွင့်လှစ်ခဲ့ပြီးသည့်အချိန်မှစ၍ ဗင်းဆင့်သည် နေ့စဉ် အသက်လေးနှစ်နှင့် ရှစ်နှစ်ကြား ကလေးသူငယ်များအား လက်ခံ၍ စာသင်ပေးသည်။ သူ့ကျောင်းကို မွန်းလွဲပိုင်းတွင် ဖွင့်လှစ်ခြင်းဖြစ်၍ စာအရေးအဖတ်ကိုသာ သင်ကြားပေးသည်မဟုတ်၊ သမ္မာကျမ်းစာထဲမှ ကလေးသူငယ်လေးများသိသင့်သိထိုက်သည့် ဇာတ်လမ်းများကိုပါ ပုံပြင်များသဖွယ်ပြောပြလေ့ရှိသည်။ ကလေးများအဖို့ သူတို့တစ်သက်တာတွင် ပထမဆုံးကြားဖူးကြရသည့်ပုံပြင်များ ဖြစ်ပေသည်။

"ကျွန်တော်တို့ အခန်းကို အပူငွေ့ပေးချင်တယ်။ ကျောက်မီးသွေးကို ဘယ်လိုများရအောင်လုပ်ရမလဲ" ဟု ဗင်းဆင့်က ဤအိမ်ကြီးရရှိအောင် ကူညီပေးခဲ့သော ဂျက်ဗာနေးအားမေးသည်။ "ကလေးတွေကို နွေးနွေးထွေးထွေးဖြစ်အောင် လုပ်ပေးမှဖြစ်မှာ။ ညပိုင်းတရားပွဲကျတော့လဲ နွေးနွေးထွေးထွေးရှိနေရင် အချိန်ကြာကြာ ဟောလို့ရတာပေါ့"

ဂျက်သည် အတန်ကြာမျှ စဉ်းစားနေသည်။ "ခင်ဗျားမနက်ဖြန် မွန်းတည့်ချိန်လောက် ဒီကိုလာခဲ့၊ ကျောက်မီးသွေးဘယ်လိုရနိုင်တယ်ဆိုတာ

ပြပေးမယ်” ဟု ပြောသည်။

နောက်တစ်နေ့ ဂျက်ဗာနေးပြောသွားသည့်အချိန်တွင် ဗင်းဆင့်သည် သူ့တရားဂေဟာသို့ရောက်သွားသည်။ အလုပ်သမားများ၏ မိန်းမများနှင့်သမီးများရောက်နှင့်နေကြသည်ကိုတွေ့ရ၏။ သူတို့၏ဘလောက်စ်အကျီများ၊ စကပ်ဖားဖားကြီးများနှင့် အပြာရောင်ခေါင်းစီးများသည် မည်းနက်နေကြသည်။ ဗာနေး၏သမီးငယ်မှတစ်ပါး အခြားမိန်းမများသည် ကျောက်မီးသွေးအိတ်အလွတ်များကိုင်ထားကြသည်ကိုတွေ့ရ၏။ “မွန်စီယာဗင်ဂိုးအတွက် ကျောက်မီးသွေးတစ်အိတ်ယူလာတယ်။ မီးဖိုထဲထည့်ပေးခဲ့မယ်၊ ပြီးရင် ကျွန်မတို့နဲ့လိုက်ခဲ့၊ ကျောက်မီးသွေးကောက်နည်း ပြပေးမယ်” ဟု ဗာနေး၏သမီးကပြောသည်။

အလုပ်သမားတဲများ၏ကြားတွင် ဝက်ပါကဲ့သို့ ရှုပ်ထွေးကောက်ကွေ့သော လမ်းကျဉ်းကလေးများရှိသည်။ ထိုလမ်းကျဉ်းကလေးများမှထွက်လာပြီး တောင်ကုန်းထိပ်ရှိ ဒင်းနစ္စတို့၏မုန့်ဖိုကိုကျော်ဖြတ်မိသည့်အခါ ကွင်းပြင်ကြီးကိုတွေ့ရသည်။ မာကပ်ဆီ ကျောက်မီးသွေးတွင်းသည် ထိုကွင်းပြင်ကြီး၏အလယ်၌တည်ရှိသည်။ ကျောက်မီးသွေးတွင်း၏ ဘေးမှပတ်၍ ထွက်သွားသည့်အခါတွင်မူတွင်း၏နောက်ဖက်ရှိ မားမားမတ်မတ်ကြီးရပ်နေသော ကျောက်မီးသွေးပိရမစ်ကြီးကိုတွေ့ရသည်။

အလုပ်သမားတဲများဆီမှ မိန်းမများသည် လမ်းကြိုလမ်းကြား နေရာအသီးသီးမှ ထွက်လာကြပြီး ဤပိရမစ်ကြီးပေါ်သို့ တက်ကြသည်။ အရပ်လေးမျက်နှာရှိ ဘေးဖက်နံရံများမှ တက်သွားနေကြခြင်းဖြစ်၍ သူ့တို့တက်သွားနေပုံသည် သစ်တုံးကြီးတစ်တုံးပေါ်၌ တွားသွားနေကြသည့် ပုရွက်ဆိတ်များနှင့် တူလှချေသည်။

“ဟိုမှာ မြင်တယ်မဟုတ်လား မွန်စီယာ ဗင်းဆင့်” ဟု ဗာနေး၏သမီးငယ် မဒမ်မွိုင်ဇယ်ဗာနေးက ကျောက်မီးသွေးပိရမစ်ကြီးဆီသို့ လက်ညှိုးထိုးပြပြီးပြောသည်။ “အဲဒီပိရမစ်ကြီးရဲ့အောက်ခြေမှာရှိနေတဲ့ ကျောက်မီးသွေးကိုကျွန်မတို့ကောက်လာကြတာ နှစ်ပေါင်းမနည်းတော့ဘူး၊ အခုတော့ ကျွန်မတို့ကျောက်မီးသွေးလိုချင်ရင် ဟိုးအပေါ်ထိတက်ပြီး ရှာကြရတယ်၊ ကဲ လာ၊ ကျွန်မနောက်လိုက်ခဲ့၊ ကျွန်မပြမယ်”

မဒမ်မွိုင်ဇယ်ဗာနေးသည် စကားဆုံးသည်နှင့် တပြိုင်နက် ကျောက်မီးသွေးတောင်ကြီးပေါ်သို့ ဆိတ်မလေးတစ်ကောင်သဖွယ် အပြေးအလွှားတက်သွားသည်။ ဗင်းဆင့်သည် သူ့နောက်မှ လိုက်သွားနေသော်လည်း သူ့လို

မြန်မြန်သွက်သွက်မတက်နိုင်၊ အများအားဖြင့် သူသည် လေးဘက်ထောက်၍ တက်နေရသည်ကများသည်မဟုတ်ပါလား။

ရှေ့မှတက်သွားနေသော မဒမ်မွိုင်ဇယ်ဟာနေးသည် တစ်ခါတရံ ခဏ တဖြုတ်ထိုင်ကာ နွံများကိုလုံး၍ ဗင်းဆင့်အားလှမ်းပေါက်ကာ ကျီစယ်တတ်သည်။ သူသည် ပါးနှစ်ဖက်နီရဲရဲနှင့် မိန်းမချောလေးတစ်ယောက်ဖြစ်၏။ အလွန်သွက်လက်ဖြတ်လတ်ရုံမျှမက နွင်လန်းမြူးထူးစွာပြုမူ နေထိုင်တတ်သူလည်းဖြစ်သည်။ သူ့ဖခင်ဟာနေးတစ်ယောက် ဖိုမင်ဖြစ်လာချိန်တွင် ဤ မိန်းကလေး၏ အသက်သည် ခုနှစ်နှစ်မျှသာရှိသေးသည်။ ဤမိန်းကလေးသည် မြေအောက်ကျောက်မီးသွေးတွင်းထဲသို့ တစ်ခေါက်တစ်လေမျှပင် ရောက်ဖူးခြင်း မရှိ။

"မြန်မြန်လာပါ၊ မွန်စီယာ ဗင်းဆင့်ရဲ့" ဟု မိန်းကလေးက အော်ခေါ်သည်။

"ရှင်နောက်ကျသွားရင် ကျောက်မီးသွေး တစ်အိတ်စာတောင် မနည်းကောက်ရမယ်"

မဒမ်မွိုင်ဇယ်ဟာနေးအဖို့တော့ ကျောက်မီးသွေးတောင်ကြီးအပေါ် အပြေးအလွှားတက်နေရခြင်းသည် အပျော်ခရီးတစ်ခုထွက်သလိုဖြစ်နေသည်။ အမှန်တော့ သူသည် ဗင်းဆင့်အား ကျောက်မီးသွေး ဘယ်လိုရနိုင်သည်ကို လက်တွေ့လိုက်လံပြသနေခြင်းဖြစ်သည်။ သူတို့မိသားစုအဖို့ကတော့ အခုလို တပင်တပန်းလာ၍ ကောက်နေစရာမလို။ ကုမ္ပဏီက ဟာနေးတို့အား ကျောက်မီးသွေးကို တစ်ဝက်နှုန်းဖြင့် ရောင်းချနေသည် မဟုတ်ပါလား။

သူတို့နှစ်ယောက်သည် ကျောက်မီးသွေးပုံကြီးပေါ်ကို အတူတူတွဲ၍ မတက်နိုင်။ ကုမ္ပဏီမှ အသုံးမပြုတော့သည့် ပစ္စည်းများကို လာရောက်စွန့်ပစ်သည့်မော်တော်ကားများသည် လေးဘက်လေးတန်မှ မကြာခဏ တက်လာနေကြသဖြင့် ကားများကို ရှောင်နေကြရသည်။ ကျောက်မီးသွေးပိရမစ်ပေါ်၌ ကျောက်မီးသွေးကောက်ရသည်မှာ လွယ်သည်တော့မဟုတ်။ မဒမ်မွိုင်ဇယ်ဟာနေးပြောသည့်အတိုင်း အမှိုက်များကို လက်ဖြင့်ဖယ်ရှားပြီး ရှာဖွေရခြင်းဖြစ်၏။ မိုးရွာလိုက်၊ ဆီးနှင်းများကျလိုက်ဖြစ်နေသော ပတ်ဝန်းကျင်တွင် ဤပိရမစ်ကြီးများပေါ်ရှိ အမှိုက်သရိုက်များနှင့် မြေကြီးများသည် အမြဲတစေ စိုစွတ်ထိုင်းမှိုင်းနေကြသည် ဖြစ်ရာ သူ့လက်များတွင် နွံ့များ၊ မြေစေးများ၊ အခြားသော အညစ်အကြေးများ၏ အစွန်းအပေကိုခံရသည်။ အမှန်တော့ အမှိုက်သရိုက်များနှင့်ရောပါလာသည့် ကျောက်မီးသွေးများမှာလည်း များများစားစား

ပါလာသည်မဟုတ်။ ပါလာသမျှ မှာလည်း အဖိုးကြီးကြီးနှင့် ပြန်လည်ရောင်းချ၍ ရသည်မဟုတ်။ အိမ်တွင်း မီးဖို ချောင်သုံးရုံမျှလောက်သာရရှိခြင်းဖြစ်ပေသည်။

ကျောက်မီးသွေးတုံးများကို ရှာဖွေကောက်ယူနေသော ဗင်းဆင့်၏ လက်များသည် ကြာလာလေလေ ပေရေညစ်ပတ်လေဖြစ်လာသည်။ ကျောက်တုံး ကျောက်ခဲများနှင့်ထိမိခိုက်မိ၍ ဒဏ်ရာအနာတရလည်း ရနေသေးသည်။ ဤသို့ဖြင့် ဗင်းဆင့်သည် အခြားမိန်းမများ အိတ်အပြည့်ရသွားချိန်တွင် သူ့အိတ်ထဲ၌ တစ်ဝက်ပင်မရသေး။

မိန်းမများသည် သူတို့ရသည့် ကျောက်မီးသွေးအိတ်များကို ဓမ္မဂေဟာသို့ ကပျာကရာသွားပို့ပြီး ညစာအချိန်မီချက်ပြုတ်ရန် အိမ်ပြန်ကြသည်။ ညပိုင်းတွင် မိသားစုတစ်ခုလုံးသည် ဤနေရာသို့ လာရောက်ပြီး တရားနာကြရဦးမည်မဟုတ်ပါလား။

မဒမ်မွိုင်ဇယ်ဗာနေးသည် ဗင်းဆင့်အား ယနေ့ည ညစာကို သူတို့အိမ်သို့လိုက်၍ စားပါဟု ခေါ်သည်။ ဗင်းဆင့်ကလည်း အားရဝမ်းသာလက်ခံသည်။ ဗာနေးမိသားစုအိမ်သည် အိမ်ခန်းနှစ်ခန်းရှိသောအိမ်ဖြစ်သည်။ တစ်ခန်းကို မီးဖိုခန်းနှင့်စားသောက်ခန်းအဖြစ်သုံး၍ ကျန်တစ်ခန်းကို မိသားစုအိပ်ရာအခန်းအဖြစ် သုံးသည်။

ဂျက်ဗာနေးတို့သည် အခြားအလုပ်သမား မိသားစုများနှင့်စာလျှင် စားဝတ်နေရေးပို၍ အဆင်ပြေသည်။ အဆင့်မြင့်သည်ဟုလည်း ဆိုနိုင်သည်။ သို့သော်လည်း သူတို့အိမ်တွင် အခြားဘိုးရိုးနိတ်နယ်သားများနည်းတူ ဆပ်ပြာမရှိပေ။ ဗင်းဆင့် သိထားရသလောက်ဆိုလျှင် ဆပ်ပြာသည် ဤနယ်တွင် စျေးအလွန်ကြီးသဖြင့် ဝယ်၍မသုံးနိုင်သော ဇိမ်ခံပစ္စည်းတစ်ခုဖြစ်နေသည်။ ထို့ကြောင့်လည်း ဤမြို့ဤရွာမှ ယောကျ်ားလေး၊ မိန်းကလေးများသည် ကျောက်မီးသွေးတွင်းထဲ အလုပ်ဆင်း၍ လုပ်ချိန်မှစပြီး သေဆုံးချိန်အထိ သူတို့မျက်နှာများ၌ကပ်ငြိနေသော ကျောက်မီးသွေးမှ ခဲများသည် လုံးဝသန့်စင်သွားသည်ဟု မရှိခြင်း ဖြစ်လေသည်။

မဒမ်မွိုင်ဇယ်ဗာနေးသည် ရေတစ်ပုံးယူလာပြီး ဗင်းဆင့်အနီး၌ချပေးသည်။ ဗင်းဆင့်သည် ထိုရေဖြင့် သူ့မျက်နှာကို တတ်အားသရွေ့ ပြောင်စင်သွားအောင်သစ်သည်။ မည်မျှလောက်အထိ ပြောင်စင်သွားသည်ကိုတော့ သူမသိ။ ညစာစားပွဲ၌ထိုင်မိ၍ သူနှင့်မျက်နှာချင်းဆိုင်မှ မိန်းမပျို၏ မျက်နှာကို လှမ်းကြည့်လိုက်သည့်အခါ မျက်နှာထက်တွင် အနက်စင်း အနက်စက်များရှိနေ

သေးသည်ကိုမြင်နေရသည်။ ထိုအခါကျမှပင် မိမိမျက်နှာ မှာလည်း သူ့မျက်နှာလိုပင်ဖြစ်နေလိမ့်မည်မှာ သေချာသည်ဟု တွက်မိလေ၏။

မဒမ်မွိုင်ဇယ်ဗာနေးသည် ညစာစားပွဲတွင် စကားအပြောဆုံးနှင့် အရွှင်မြူးဆုံးဖြစ်သည်။ "ခင်ဗျားသိတဲ့အတိုင်းပဲ မွန်စီယာဗင်းဆင့်" ဟု ကျက်ဗာနေးကပြောသည်။ "အခုဆိုရင် ခင်ဗျား ပီတစ်ဝပ်စ်မက်ရွာကို ရောက်လာတာ နှစ်လနီးပါးရှိသွားပြီ၊ ဒါပေမယ့် ဘိုရင်းနိတ်နယ်အကြောင်းကို အစုံအစေ့သိမှာမဟုတ်သေးဘူး"

"မှန်ပါတယ်၊ မွန်စီယာဗာနေး" ဟု ဗင်းဆင့်က ပြန်ပြောသည်။"ဒါပေမယ့် ကျွန်တော့်အနေနဲ့ လူတွေအကြောင်းကိုတော့ တဖြည်းဖြည်းနဲ့ သိလာနေပါတယ်"

"ကျွန်တော်ဆိုလိုတဲ့ အဓိပ္ပာယ်က အဲဒါမဟုတ်ပါဘူး" ဟု ကျက်ကပြောသည်။ "ကျွန်တော်ဆိုလိုတာက ခင်ဗျားအနေနဲ့ မြေကြီးပေါ်က လူတွေကိုတော့ မြင်ဖူးနေပြီ၊ ဒါပေမယ့် အဲဒီဘဝက အရေးမကြီးပါဘူး။ ကျွန်တော်တို့တတွေ မြေကြီးပေါ်မှာ အိပ်နေကြတာပဲတွေ့ရမှာပါ။ တကယ်လို့ ကျွန်တော်တို့ရဲ့ဘဝကိုနားလည်ချင်တယ်ဆိုရင်တော့ ခင်ဗျားကိုယ်တိုင်ကျောက်မီးသွေးတွင်းတစ်တွင်းထဲကို ဆင်းရပါလိမ့်မယ်။ ကျွန်တော်တို့ အလုပ်သမားတွေ မနက်သုံးနာရီကနေပြီး ညနေလေးနာရီအထိ ဘယ်လို အလုပ် လုပ်နေကြတယ်ဆိုတာကို ကြည့်ရပါလိမ့်မယ်"

"ကျွန်တော်တွင်းထဲကို ဆင်းကြည့်ချင်ပါတယ်။ ခင်ဗျားတို့ ကုမ္ပဏီက ခွင့်ပြုချက်ပေးပါ့မလား"

"ကျွန်တော် တောင်းထားပြီးပါပြီ" ဟု ပြန်ပြောကာ သကြား လက်တစ်ဆုပ်ယူပြီး ပါးစပ်ထဲသို့ သွန်ထည့်လိုက်သည်။ ထို့နောက် ကော်ဖီ မည်းမည်းအရည်ကို ယူ၍သောက်ချလိုက်သည်။ "မနက်ဖြန်ကျရင် ကျွန်တော် လုံခြုံရေးအစီအစဉ်တွေစစ်ဆေးဖို့ မာကပ်ဆီ တွင်းထဲ ဆင်းရမယ်။ မနက်သုံးနာရီတိတိမှာ ဒင်းနစ္စတို့ အိမ်ရှေ့က စောင့်ပါ။ ကျွန်တော်လာခေါ်မယ်"

ဗာနေးမိသားစုတစ်ခုလုံးသည် ဗင်းဆင့်အား အိမ်အထိလိုက်ပို့ကြသည်။ ကျက်ဗာနေးသည် အိမ်ထဲ၌ နေခဲ့သင့်သည့်လူဖြစ်၏။ ယခုလို လိုက်ပို့သည့်အခါ အပြင်ဘက်မှ အအေးဒဏ်ကိုခံရသဖြင့် တစ်လမ်းလုံးချောင်းတစ်ဟွတ်ဟွတ်ဆိုးလာသည်။ အိမ်ပြန်ရောက်သွားသည့်အခါသူ့အားစောင့်မျှော်နေသည့် ဟင်နရီဒီကရပ်နှင့်ဆုံမိသည်။

"မင်္ဂလာညနေခင်းပါ မွန်စီယာဗင်းဆင့်" ဟု ဒီကရပ်က အော်ကြီးဟစ်ကျယ်ဆီး၍ နှုတ်ဆက်သည်။ သူသည် အလုံပိတ်မီးဖိုကြီးဆီသို့ ခြေဒရွတ်ဆွဲ၍ လျှောက်သွားပြီး ကြည့်ရှုစစ်ဆေးနေသည်။ လိုအပ်သော နေရာများကို ပြန်လည် ပြုပြင်နေသည်။

"ဒီမီးဖိုကြီးကို မီးဖိုနိုင်တဲ့သူဟာ ဒီရွာမှာ ကျုပ်တစ်ယောက်တည်း ပဲရှိတာ။ ကျုပ်က ဒါကြီးနဲ့ ရင်းနှီးလာတာကြာပြီ။ ဒီအိမ်မှာ ပါတီပွဲတွေလုပ်ရင် ကျုပ်ကသူ့ကိုလာပြီး ကြည့်ရှုပေးရစမြဲပဲ။ သူ့ရဲ့ချို့ယွင်းချက်နဲ့အားနည်းချက်တွေကို ကျုပ်က ကောင်းကောင်းသိတယ်"

ဗင်းဆင့်ကောက်ယူလာသည့် ကျောက်မီးသွေးများမှာ စိုထိုင်းထိုင်းဖြစ်နေကြသည်။ ကျောက်မီးသွေးမှာလည်း အနည်းငယ်မျှသာပါသည်။ သို့သော်လည်း ဒီကရပ်သည် မီးဖိုကို ရအောင်ဖိုသည်။ မီးဖိုထဲမှ အခိုးအငွေ့များရိုက်သဖြင့် သူ့မျက်နှာသည် မည်းနက်သွားသည်။

ထိုညတွင် ဗင်းဆင့်၏ဘုရားရှိခိုးကျောင်းအတွင်း၌ ဗင်းဆင့်၏ပထမဆုံးစနစ်တကျဟောပြောသည့် တရားကို အလုပ်သမားမိသားစု အားလုံးနီးပါးမျှလာရောက်၍ နာယူကြသည်။ ခုံတန်းများပြည့်သွားသဖြင့် ထိုင်စရာမရှိဖြစ်သွားသည်။ ကျောင်းအနီးရှိ တဲရှင်များက ကုလားထိုင်များနှင့် သေတ္တာဟောင်းများ ယူလာကြသဖြင့် လူအားလုံးထိုင်ကြရ၏။ ပရိသတ် အင်အားသည် သုံးရာကျော်မျှရှိသဖြင့် ဗင်းဆင့်အဖို့ အားတက်စရာ ကောင်းလှချေသည်။

ဗင်းဆင့်၏နှလုံးသားသည် ထိုနေ့နေ့ခင်းက အလုပ်သမားများ၏သားမယားများက ကူညီခဲ့ကြသည်ကိုမေ့၍မရ။ ယင်းကူညီမှုကြောင့် သူတို့မိသားစုအပေါ်၌ ထားရှိသော ကရုဏာစိတ်သည် ကြီးမားလျက်ရှိ၏။ ထို့ကြောင့်လည်း ယင်းဖြစ်ရပ်နှင့်တကွ သူ့စိတ်၌ဖြစ်ပေါ်နေရသည့်ခံစားမှုကိုပါ သူ့တရားထဲတွင် ထည့်သွင်းဟောပြောခဲ့သည်။ အထူးသဖြင့် ဘိုရင်းနိတ်နယ်သားတို့၏မျက်နှာများပေါ်၌ ထင်ဟပ်နေသည့် စိတ်မချမ်းမြေ့မှုများနှင့် ဝမ်းနည်းညှိုးငယ်မှုများ အကြောင်းကို မပြောပဲမနေနိုင်။

"ဟိုး . . . ရှေးဟောင်း ယုံကြည်မှုအရဆိုရင် ကျွန်တော်တို့တတွေဟာ ဒီကမ္ဘာမြေကြီးပေါ်မှာ လူစိမ်းသူစိမ်းတွေအဖြစ်ရောက်နေကြတာပါ။ ဒါပေမယ့်လို့ ကျွန်တော်တို့ဟာ အထီးကျန်တွေမဟုတ်ပါဘူး။ ကျွန်တော်တို့နဲ့ အတူ အဖဘုရားသခင်ဟာရှိနေပါတယ်။ ဒီကမ္ဘာမြေကြီးကနေပြီး ကောင်းကင် ဘုံကိုသွားရမယ့် ကျွန်တော်တို့ရဲ့ဘဝခရီးဟာ အလွန်ရှည်လျားတဲ့ ခရီးရှည်ကြီး

တစ်ခုပါ။

"အမှန်တော့ ဝမ်းနည်းကြေကွဲခြင်းဟာ သာယာပျော်ရွှင်ခြင်းထက် ပိုမိုပြီးကောင်းမွန်တဲ့အရာပါ။ ကျွန်တော်တို့ဟာ ပျော်ရွှင်မြူးတူးနေချိန်မှာတောင် နှလုံးသားက ဝမ်းနည်းနေတာပါ။ ပျော်ရွှင်မြူးတူးပြီး ပွဲလမ်းသဘင်တွေကျင်းပနေတဲ့ အိမ်ကိုသွားခြင်းထက် ဝမ်းနည်းပူဆွေးပြီး ငိုကြွေးနေတဲ့အိမ်ကို သွားခြင်းကပိုပြီးကောင်းပါတယ်။ ဘာ့ကြောင့်လည်းဆိုတော့ ဝမ်းနည်းခြင်းဟာ နှလုံးသားကိုပိုပြီး နူးညံ့သိမ်မွေ့ပြီး ကောင်းမွန်စေပါတယ်။

"ယေရှုသခင်အပေါ်မှာ ယုံကြည်နေသူတွေအဖို့ မျှော်လင့်ချက်မရှိတဲ့ ဝမ်းနည်းကြေကွဲမှုဆိုတာ မရှိပါဘူး။ အမှောင်ထဲကနေ အလင်းကိုသွားတဲ့ ပြန်လည်မွေးဖွားခြင်းဆိုတာ အမြဲတစေရှိနေပါတယ်။

"အို အဖဘုရားသခင်. . . တပည့်တော်တို့အား မကောင်းမှုဒုစရိုက်နှင့် ဝေးအောင်စောင့်ရှောက်တော်မူပါ။ တပည့်တော်တို့အား ဆင်းရဲခြင်းကိုရောကြွယ်ဝချမ်းသာကိုပါ ပေးတော်မမူပါနဲ့။ တပည့်တော်တို့အား အစားအစာလုံလောက်အောင်သာ ပေးတော်မူပါ"

"အာမင်း"

ပထမဆုံး ဗင်းဆင့်ရှေ့သို့ ရောက်လာသူမှာ မဒမ်ဒီကရပ်ဖြစ်သည်။ သူမ၏ မျက်လုံးအစုံတွင် မျက်ရည်များဝေနေသည်။ နှုတ်ခမ်းမွှားမှာလည်း တုန်ရီလှုပ်ရှားလျက်ရှိ၏။ "မွန်စီယာ ဗင်းဆင့်ကို ကျွန်မပြောပါရစေ၊ ကျွန်မရဲ့ ဘဝဟာ သိပ်ပြီး ကြမ်းတမ်းလွန်းတဲ့အတွက် ကျွန်မဟာ ဘုရားသခင်ကို ဆုံးရှုံးသွားခဲ့ရပါတယ်။ ဒါပေမယ့် အခုရှင့်ကြောင့် ဘုရားသခင်ကို ကျွန်မပြန်ရခဲ့ပါပြီ။ ဒီအတွက်ရှင့်ကို ကျွန်မသိပ်ပြီး ကျေးဇူးတင်ပါတယ်" ဟုပြောသည်။

တရားနာပရိသတ်များပြန်သွားသည့်အခါ သူသည် ဘုရားရှိခိုးကျောင်းကို ပိတ်ကာ ဒင်းနစ္စတို့ အိမ်သို့ပြန်လာခဲ့၏။ ယခုညတရားပွဲ၌ မြင်တွေ့ခဲ့ရသည့်အတိုင်းဆိုပါက အလုပ်သမားများသည် မိမိအပေါ်၌ ယုံကြည်မှုအပြည့်အဝရှိသွားပြီဟု တွက်လို့ရနေပြီ။ သူ့အား ဘုရားသခင်၏ကိုယ်စားလှယ်အဖြစ်လက်ခံသွားသည်မှာ ထင်ရှားနေပြီ။ သို့သော်လည်း အခုအချိန်ထိ သူသည် ကော်မီတီမှ တရားဝင်ခန့်ထားသည့် ဓမ္မဆရာတစ်ဦးဖြစ်နေပြီ ဟူသော စကားကိုမူ သူတို့အား ဖွင့်မပြောသေး။

သူပြန်ရောက်သွားချိန်တွင် ဒင်းနစ္စမိသားစုသည် အိပ်ရာဝင်ကုန်ကြပြီ။ မုန့်ဖိုဆီမှ မီးအရှိန်ကတော့မကျသေး။ ပေါင်မုန့်ဖိုဆီမှ လာနေသောအနံ့များသည်

သင်းပျံ့မွှေးကြိုင်လျက်ရှိ၏။ ဗင်းဆင့်သည် ရေတွင်းထဲမှ ရေတစ်ပုံးဆွဲယူကာ ဇလုံတစ်လုံးတွင် ထည့်၍ သူ့အခန်းရှိရာ အပေါ်ထပ်သို့တက်လာခဲ့သည်။ သူသည် ဆပ်ပြာကိုပါယူပြီး မှန်ရှေ့၌ရပ်ကာ သူ့မျက်နှာကို သစ်ရန်ဟန်ပြင်သည်။

မှန်ထဲမှ သူ့မျက်နှာတွင် ကျောက်မီးသွေးမှုန်များ ကပ်နေဆဲဖြစ်၏။ ဗာနေးတို့အိမ်၌ မျက်နှာသစ်ခဲ့သော်လည်း ပြောင်စင်ခြင်းမရှိသေး။ မျက်ခွံများနှင့် မေးတစ်ဖက်တစ်ချက်သည် မည်းနက်နေဆဲ . . . ။ အကယ်၍အခုလို ပေရေနသော မျက်နှာနှင့်သူ့အား သူ့အဖေနှင့်သူ့ဦးလေးစထရစ်ကားတို့သာမြင်ပါမူ ထိတ်လန့်အံ့သြကြမည်မှာ မလွဲပေ။ သူသည် သူ့အဖြစ်ကို တွေးကာ ပြုံးနေမိ၏။

သူသည် လက်နှစ်ဘက်ကို ရေဇလုံထဲ၌ နှစ်ကာ ဆပ်ပြာကိုယူသည်။ မျက်နှာကို တိုက်ရန်ဟန်ပြင်သည်။ သို့သော်လည်း သူ့ခေါင်းထဲသို့ အတွေးတစ်ခုဝင်လာသဖြင့် သူ့မျက်နှာကို မှန်ထဲပြန်ကြည့်သည်။ သူ့နဖူး၊ သူ့နားထင်၊ သူ့မျက်ခွံ၊ သူ့ပါးများနှင့် မေးစေ့တို့တွင် အမည်းစက်များကို မြင်နေရသည်။

"သူတို့ ငါ့အပေါ်မှာ ယုံကြည်မှု အပြည့်အဝထားပြီး လက်ခံကြတာဟာ . . . ဒါကြောင့်ပဲဖြစ်ရမယ်၊ ငါဟာ သူတို့ထဲက လူတစ်ယောက်လို ဖြစ်နေတာကိုး" ဟု ပါးစပ်မှ အသံထွက်ကာ သူ့ကိုယ်သူ ပြောလိုက်မိလေသည်။

သူသည် မျက်နှာကို မသစ်တော့ပဲ သူ့အိပ်ရာပေါ်သို့ တက်ခဲ့သည်။ ထိုနေ့မှစ၍ သူသည် သူ့မျက်နှာပေါ်မှ ကျောက်မီးသွေးမှုန့်များကို လုံးဝပြောင်စင်သွားသည်အထိ သန့်ရှင်းအောင်မလုပ်တော့ဟု ဆုံးဖြတ်လိုက်သည်။ သို့မှသာလျှင် သူသည် သူတို့ထဲမှ အလုပ်သမားတစ်ယောက်နှင့်တူသွားလိမ့်မည်မဟုတ်ပါလား. . . ။

(၁၂)

နောက်နေ့မနက်တွင် ဗင်းဆင့်သည် အိပ်ရာမှ နှစ်နာရီခွဲတွင်နိုးသည်။ ဒင်းနစ္စတို့မီးဖိုခန်းထဲမှ ပေါင်မုန့်အနည်းငယ်ယူစားပြီးသော် ဂျက်ရောက်အလာကို အိမ်ရှေ့မှထွက်စောင့်သည်။ ယမန်နေ့ညကတစ်ညလုံးနီးပါးမျှ ဆီးနှင်းများထူထပ်သိပ်သည်းစွာ ကျထားခဲ့သဖြင့် ပတ်ဝန်းကျင်တွင် ဆီးနှင်းများဖြင့် ဖွေးဖွေးလှုပ်နေသည်။

သူနှင့်ဂျက် ထွက်လာကြသည့်အခါ မာကပ်ဆီကျောက်မီးသွေးတွင်းသို့ သွားရာလမ်းမကြီးသည် ထုထည်ကြီးမားသော ဆီးနှင်းများကြောင့် အစရှာမတွေ့လောက်အောင် ကွယ်ပျောက်နေသည်။ အရပ်လေးမျက်နှာမှ အလုပ်သမားများသည် ဆီးနှင်းပြင်ပေါ်အတိုင်း သုတ်သီး သုတ်ပြာလျှောက်လာနေကြသည်ကို လှမ်းမြင်နေရ၏။ အပြင်ဘက်တွင်မူ အဆမတန် အေးလျက်ရှိသည်။ အလုပ်သမားများသည် ပါးလွှာသော ကုတ်အင်္ကျီကလေးများကို တင်းတင်းကြပ်ကြပ် ဆွဲပတ်ကာ လက်များကိုပိုက်ထားကြသည်။

ဂျက်က ဗင်းဆင့်အား ပထမဆုံးခေါ်သွားသည့် အခန်းထဲတွင် စင်ကြီးတစ်ခုရှိ၍ ထိုစင်ပေါ်၌ ရေနံဆီမှန်အိမ် အများအပြားတင်ထားသည်။ မှန်အိမ်များ အောက်ခြေတွင် နံပါတ်များ တပ်ထားသည်။ "တကယ်လို့ မြေအောက်မှာ မတော်တဆမှုတစ်ခုဖြစ်နေတယ်ဆိုပါတော့၊ ဘယ်သူဘယ်ဝါ ဖြစ်နေတယ်ဆိုတာ လျှော့နေတဲ့ မှန်အိမ်ကိုကြည့်ပြီး အတပ်ပြောနိုင်တယ်" ဟု ဂျက်က ရှင်းပြသည်။

အလုပ်သမားများသည် စင်ပေါ်မှ မှန်အိမ်များကို တစ်လုံးပြီး တစ်လုံး ကောက်ယူကာ အလံထူထားသည့် အုတ်တိုက် အဆောက်အဦးတစ်လုံးရှေ့သို့ သွား၍ ရပ်နေကြသည်။ ဗင်းဆင့်နှင့် ဂျက်တို့သည် သူတို့နောက်နား၌ ဝင်၍ ရပ်နေကြသည်။ မြေအောက်သို့ဆင်းသည့် ဓာတ်လှေကားတွင် အထက်အောက် အစဉ်လိုက်တည်ရှိနေသော အခန်းပေါင်းခြောက်ခန်းမျှ ပါရှိသည်။ အခန်းတစ်ခန်း၏အကျယ်အဝန်းမှာ အများဆုံးလူနှစ်ယောက် ချောင်ချောင်ချိချိ ထိုင်၍ လိုက်နိုင်သည်။ သို့သော်လည်း လက်တွေ့တွင်မူ ဓာတ်လှေကားတစ်ကြိမ် ဆင်းလျှင် အခန်းတစ်ခန်းထဲ၌ အလုပ်သမားငါးယောက် လိုက်ရသဖြင့် အားလုံး ကျပ်ကျပ် သပ်သပ်ဖြစ်ကာ မတ်တပ်ရပ်ပြီး လိုက်ကြရလေသည်။

ဂျက်မှာ ဖိုမင်လူကြီးဖြစ်သဖြင့် အများနှင့်ရော၍ မလိုက်၊ ဗင်းဆင့်နှင့် သူ့လက်ထောက်တစ်ဦးကိုခေါ်ကာ ထိပ်ဆုံးအခန်းထဲတွင် နေရာယူသည်။ သူတို့သည် ဓာတ်လှေခါးအခန်းထဲ ရောက်သည့်အခါ ထုံးစံအတိုင်း ဆောင့်ကြောင့်ထိုင်နေကြသည်။ သူတို့ခေါင်းများသည် အခန်း၏အပေါ်ဖက်ရှိ ဝိုင်ယာကြိုးများနှင့် မလွတ်။

"ခင်ဗျားလက်တွေကို ခင်ဗျားရဲ့ ရှေ့တည့်တည့်မှာ ချထားပါ မွန်စီယာဗင်းဆင့်" ဟု ဂျက်ကပြောသည်။ "ဘေးနံရံကိုသွားထိရင် ခိုက်မိမှာ စိုးရတယ်"

အချက်ပေးလိုက်သည်နှင့် တပြိုင်နက် ဓာတ်လှေကားသည် သံမဏိလမ်းကြောင်းနှစ်ခုပေါ်အတိုင်း အောက်သို့ လျှောခနဲဆင်းသွားသည်။ ဓာတ်လှေ

ကားဆင်းသွားရာ လမ်းကြောင်းသည် ဓာတ်လှေကားအခန်းတစ်ခန်းထက် အဆပေါင်းများစွာကြီးမားသော ကျောက်တုံးကြီးများကြားမှ ဖြတ်သန်းသွားရခြင်းဖြစ်၍ ဗင်းဆင့်သည် ရုတ်တရက် ကြောက်လန့်တုန်လှုပ်ခြင်းဖြစ်ရ၏။ ဓာတ်လှေကား ဆင်းသွားသည်နှင့်တပြိုင်နက် ကြီးမားသော အမှောင်ထု၏ ဝါးမျိုထားခြင်းကို ခံရသည်။ အမှောင်ထုကို ဖြတ်သန်းသွားရသည့် ခရီးအကွာအဝေး မိုင်ဝက်ခန့်မျှရှိရာ အကယ်၍ တနေရာရာ၌ချွတ်ခြော်မှားယွင်းမှုသာဖြစ်လိုက်ပါက သေပွဲ ဝင်ဖို့သာရှိသည်ကို သူသိနေသည်။ မည်မျှလောက်နက်မှန်းမသိသေး။ မြေအောက်တွင်းထဲသို့ ဆင်းရခြင်းသည် ရင်ထဲတွင် ဟာခနဲဖြစ်သွားသည်အထိ ထိတ်လန့်ခြင်းကိုဖြစ်ပေါ်စေခဲ့၏။ ထိုထိတ်လန့်မှုသည် အကျိုးနှင့်အကြောင်း ဆက်စပ်ဆင်ခြင်မှုကိုပင် မပြုနိုင်ပဲဖြစ်ပေါ်လာရသည့် ကြောက်စိတ်ဖြစ်သည်။ သူ၏ခံစားမှုကို ဂျက်အား ဖွင့်ဟ၍ ပြောပြသည့်အခါ ဂျက်က ပြုံးသည်။ "အလုပ် သမားတိုင်း အဲဒီ ကြောက်စိတ်ကို အမြဲခံစားရပါတယ် မွန်စီယာ ဗင်းဆင့်" ဟု ဂျက်က ပြန်ပြောသည်။

"သူတို့က နေ့စဉ် ဆင်းနေကြရတာပဲ၊ ရိုးသွားရောပေါ့"

"မရိုးပါဘူး၊ လုံးဝရိုးမသွားပါဘူး။ သူတို့ ထိန်းကွပ်လို့ မရနိုင်တဲ့ထိတ်လန့်တုန်လှုပ်စိတ်နဲ့ ကြောက်စိတ်ဟာ သူတို့နဲ့ အတူတူ ဒီအခန်းထဲမှာ အမြဲရှိနေတာပါ။ သူတို့သေမှသာ ပျောက်ကွယ်သွားမယ့် ကြောက်စိတ်ပါ"

"ခင်ဗျားကော မွန်စီယာ"

"ကျွန်တော့်ကြောက်စိတ်ဟာ အမြဲတန်းရင်ထဲမှာ တုန်လှုပ်နေပါတယ်။ ခင်ဗျား အခု ခံစားနေရသလိုပါပဲ။ ကျွန်တော်ဟာ အခုလို ဆင်းလာခဲ့တာ နှစ်ပေါင်း သုံးဆယ့်သုံးနှစ်တောင်ရှိခဲ့ပါပြီ။ ပျောက်မသွားသေးပါဘူး"

ဓာတ်လှေကားသည် မိတာသုံးရာ့ငါးဆယ်၊ ခရီးတစ်ဝက်အရောက်တွင် ခဏမျှရပ်သည်။ ထို့နောက် ဆက်၍ဆင်းသွားပြန်သည်။ အောက်ဖက်ရောက်သည့်အခါ တွင်းပေါက်မှ ရေများထွက်နေသည်ကိုမြင်သဖြင့် ဒုတိယအကြိမ်ကြောက်စိတ်ဝင်လာပြန်သည်။ အပေါ်သို့ မော့ကြည့်လိုက်သည့်အခါ နေ့၏အလင်းရောင်ဝင်နေသည့် အပေါက်ကိုလှမ်းမြင်သည်။ အပေါက်မှာ မိုးကောင်းကင်ထက်၌ ရှိနေသည့်ကြယ်တစ်ပွင့် အရွယ်မျှသာရှိလေသည်။

အောက်ဖက်မီတာ ခြောက်ရာ့ငါးဆယ်သို့ရောက်၍ ဓာတ်လှေကားရပ်သွားသည့်အခါ သူတို့သည် အပြင်သို့ ထွက်ခဲ့ကြသည်။ သို့သော်လည်း တွင်းတူးအလုပ်သမားများကတော့ မဆင်းရသေး။ ဓာတ်လှေကားနှင့်ဆက်၍ ပါသွား

သည်။ ဗင်းဆင့်သည့် သူရောက်နေသော နေရာကိုကြည့်သည်။ ကျယ်ဝန်းသော ဥမင်လှိုဏ်ခေါင်းလမ်းတစ်လမ်းဖြစ်၏။ ကျောက်တုံးကျောက်သားများနှင့် ရွှံ့မြေများကို တူးဖောက်ထားသော လမ်းဖြစ်သည်။ ထိုနေရာတွင် အအေးဓာတ်ရှိနေသည်ကို ဗင်းဆင့်သတိထားမိသည်။

"ဒီနေရာက သိပ်မဆိုးဘူး၊ အေးသားပဲနော် မွန်စီယာဗာနေး" ဟု သူကရေရွတ်သည်။ "ဒီနေရာမျိုးမှာ လုပ်ရကိုင်ရတာကတော့ သက်သောင့်သက်သာရှိမှာပါ"

"မဟုတ်ဘူး၊ ဒီအနက်လောက်မြေပေါ်မှာ အလုပ်လုပ်တဲ့လူတွေ မရှိတော့ဘူး။ ဒီဝန်းကျင်က ကျောက်မီးသွေးတွေကို ထုတ်ယူလို့ ကုန်ခန်းသွားတာနှစ်ပေါင်းမနည်းကြာသွားပြီ။ ဒီနေရာမှာ လေဝင်လေထွက်ကောင်းပြီး သန့်စင်နေတာဟာ တခြားကြောင့်မဟုတ်ဘူး၊ ဟိုးအပေါ်ထိပ်မှာရှိနေတဲ့အပေါက်ကြောင့်ပေါ့။ ဒါပေမယ့် ဒီနေရာကောင်းလို့ အောက်ဖက်က နေရာတွေမှာ အခြေအနေ ကောင်းနေလိမ့်မယ်လို့ တွက်လို့မရဘူး။ အောက်ဖက်မှာအခြေအနေပိုဆိုးတယ်"

သူတို့သည် ဥမင်လမ်းအတိုင်း ဆက်လျှောက်ခဲ့ကြသည်။ တစ်နေရာအရောက်တွင် ဂျက်ကလှည့်ကြည့်သည်။ "ကျွန်တော့်နောက်က ကပ်လိုက်ခဲ့ပါ။ မွန်စီယာ ဗင်းဆင့်" ဟု ပြောသည်။ "ချော်မလဲအောင် သတိထားပါ။ ခင်ဗျားချော်လဲလိုက်ရင် ကျွန်တော်တို့အားလုံးကို ခင်ဗျားက သတ်လိုက်သလို ဖြစ်သွားလိမ့်မယ်"

ဗင်းဆင့်၏ မျက်စိရှေ့မှာပင် ဂျက်သည် ဖြုတ်ခနဲ ပျောက်သွားသည်။ ရှေ့မှတွင်းထဲသို့ ဆင်းသွားခြင်းပေတည်း။ နောက်မှလိုက်နေသော ဗင်းဆင့်သည် ဂျက်ဆင်းသွားသည့်တွင်းပေါက်ကို ချက်ခြင်းရှာတွေ့သည်။ သူသည် အမှောင်ထဲမှာပင် လက်နှစ်ဘက်နှင့်စမ်း၍ရှာရာ တွင်းထဲဆင်းသည့် သံလှေကားကိုတွေ့သည်။ တွင်းပေါက်မှာ ပိန်ပါးပါးလူတစ်ယောက်ဝင်သာရုံမျှသာ ကျယ်သည်။ လှေကားမှ ဆင်းလာခဲ့ရာ၌ ပထမငါးမီတာအထိကတော့ အခက်အခဲဟူ၍မရှိ။ ခရီးတစ်ဝက်ခန့်အရောက်တွင်မူ ဘေးဘက်နှင့်အပေါ်ဘက်ရှိ ကျောက်တုံးများကြားမှ ရေများစိမ့်ထွက်နေသည်နှင့် ကြုံရလေတော့သည်။

အဆက်မပြတ်စိမ့်ထွက်နေသော ရေများကြောင့် ပတ်ပတ်လည်တွင် ရွံ့ဗွက်များရှိနေသည်။ သံလှေခါးလက်ရမ်းများနှင့် ခြေနင်းလှေကားထစ်များတွင်လည်း ရွံ့ဗွက်များ အတုံးလိုက်ကပ်တွယ်နေကြသည်။ အပေါ်ဖက်မှ

ရေစက်များကလည်း သူ့ကိုယ်ပေါ်သို့ တပေါက်ပေါက်ကျဆင်းလျက်ရှိကြလေသည်။ နောက်ဆုံးတွင် သူတို့သည် အောက်ခြေသို့ ဆိုက်ရောက်သွားကြသည်။ အားလုံးလေးဘက်ထောက်ကာ ထွက်ပေါက်နှင့်အဝေးဆုံးနေရာ၌တည်ရှိနေသည့် ကျောက်မီးသွေးတွင်းဆီသို့ တွားလျှောခဲ့ကြ၏။ ထိုနေရာတွင် အကန့်ကလေးများသဖွယ်ပြုလုပ်ထားသည့် အခန်းငယ်ကလေးပေါင်း အမြောက်အများတန်းစီနေကြသည်။ လိုဏ်ဂူကြီးတစ်ခုအတွင်း၌ အခန်းငယ်ကလေးများ ကန့်ထားသည့် ပုံစံမျိုးဖြစ်လေသည်။

အခန်းငယ်လေးတစ်ခန်းတွင် အလုပ်သမားငါးယောက်တစ်ဆိုင်းအဖွဲ့တစ်ဖွဲ့က တာဝန်ယူ၍ လုပ်ကိုင်လျက်ရှိကြ၏။ အခန်းများဖွဲ့ရာ၌ ဘေးတစ်ဖက်တစ်ချက်နှင့်အပေါ် အမိုးကိုသစ်သားတုံးကြီးများဖြင့် ကျားကန်၍ဖွဲ့ထားကြခြင်းဖြစ်သည်။ တာဝန်ကျအလုပ်သမား ငါးယောက်အနက် နှစ်ယောက်သည် ပေါက်ခွန်းများဖြင့် ကျောက်မီးသွေးတူးကြသည်။ တတိယလူသည် ရှေ့မှတူးနေကြသူ နှစ်ဦး၏ ခြေထောက်များအနီး၌ စုပုံနေသောကျောက်မီးသွေးများကို နောက်ဘက်သို့ ဆွဲယူကာ ပုံပေးရသည်။ စတုတ္ထလူသည် ထိုအပုံများကို ထရော်လီခေါ် ရထားတွဲငယ်ပေါ်သို့ တင်ပေးရ၏။ ပဉ္စမလူသည် ထရော်လီတစ်စီးတွင် မီးသွေးများပြည့်သွားတိုင်း သံလမ်းပေါ်အတိုင်းတွန်း၍ နောက်ဖက်သို့ ပို့ပေးရလေသည်။

တွင်းတူးအလုပ်သမားများသည် ကြမ်းပေ့ဆိုသည့် ဖျင်ထည်ဝတ်စုံများဝတ်ထားကြသည်။ ဝတ်စုံများမှာ ပေရည်စပ်တက်ကာ မည်းနက်နေကြသည်။ ကျောက်မီးသွေးများကို ဂေါ်ပြားနှင့်ကော်ပြီး ပုံပေးနေသူမှာ သူငယ်လေးတစ်ဦးဖြစ်၍ ခါးတွင်ဝတ်ထားသည့် လံကွတ်တီနံငယ်ပိုင်းမှတစ်ပါး အခြားဘာမှဝတ်မထား၊ ထရော်လီကိုတွန်းနေသူမှာ မိန်းကလေးတစ်ယောက်ဖြစ်၍ အခြားအလုပ်သမားများလိုပင် တစ်ကိုယ်လုံး နက်မှောင်နေသည်။ သူဝတ်ထားသည့် ဝတ်စုံမှာလည်း ယောကျ်ားလုပ်သားများနည်းတူ ဖျင်ကြမ်းထည်များဖြစ်၏။

အခန်း၏ခေါင်မိုးထက်မှ ရေများသည် စိမ့်ထွက်ကာ အောက်သို့ စီးကျနေကြသည်။ ခေါင်မိုးဆီတွင် ကျောက်ခက်ကျောက်ပန်းများသည် တွဲလဲခိုနေကြသည်။ အလင်းရောင်ဆို၍ မှုန်အိမ်တစ်လုံးဆီမှလာနေသော အလွန်အားအင်ချိနဲ့သည့်အလင်းရောင်သာလျှင်ရှိ၏။ ပတ်ဝန်းကျင်တွင် ကျောက်မီးသွေးမှုန့်များပြည့်လျှံနေသည့်လေမှတစ်ပါး လေကောင်းလေသန့်လုံးဝမရှိ။ ဤလေကို ရှူရှိုက်ရသည်မှာ အသက်ရှူကျပ်လှပါဘိခြင်း။

ပတ်ဝန်းကျင်ရှိ ပြင်းထန်လှသော အပူရှိန်ကြောင့် အလုပ်သမားများမှာ ချွေးတလုံးလုံးဖြစ်နေကြသည်။ ဗင်းဆင့်မြင်ရသည့်အတိုင်းဆိုပါက ပထမအခန်း တစ်ခန်းထဲ၌သာ အလုပ်သမားများသည် များများမတ်မတ်ရပ်၍ အလုပ်လုပ်နိုင်ကြသည်။ ဤအခန်းများမှာ တစ်ခန်းထက်တစ်ခန်း ပို၍ ပို၍ သေးသွားသဖြင့် လေးဘက်ထောက်၍ အလျားမှောက်၍ လုပ်ကိုင်နေရသည်များကိုပင် တွေ့မြင်နေရလေသည်။

"ဒီလူတွေဟာ တစ်နေ့ကို နှစ်ဖရန့်ခွဲရကြပါတယ်" ဟု ဂျက်က ဗင်းဆင့်အား ပြောပြသည်။ "ဒါပေမယ့် သူတို့အခု တူးထုတ်ထားတဲ့ ကျောက်မီးသွေးကို စစ်ဆေးရေးဌာနက အဆင့်မီတယ်လို့ သတ်မှတ်မှရထာပါ။ လွန်ခဲ့တဲ့ ငါးနှစ်တုန်းကတော့ သူတို့ဟာ တစ်ရက်ကို သုံးဖရန့်ရကြပါတယ်။ ဒါပေမယ့် အဲဒီအချိန်ကစပြီး လုပ်ခဟာ တစ်နှစ်ထက်တစ်နှစ် လျော့လျော့လာခဲ့ပါတယ်"

ဂျက်သည် ကျားကန်ထားသည့် သစ်သားထောက်တိုင်များကို အသေအချာကြည့်နေသည်။ ထို့နောက် အလုပ်သမားများဘက်လှည့်၍ "မင့်တို့တွင်းရဲ့ ထောက်တိုင်တွေက မကောင်းဘူး။ သိပ်ပြီး ပျော့လွန်းတယ်။ ခေါင်းမိုးတွေ နိမ့်ဝင်သွားမှာစိုးရတယ်" ဟု ပြောသည်။

အဖွဲ့ခေါင်းဆောင် အလုပ်သမားထဲမှ ရိုင်းစိုင်းကြမ်းတမ်းသော ဆဲဆိုသံများထွက်ပေါ်လာသည်။ ဗင်းဆင့်သည် ဆဲသံအားလုံးကို မကြားလိုက်ရ။ တစ်စွန်းတစ်စကိုသာ ကြားလိုက်ရ၏။

"ထောက်တိုင်တွေနဲ့ ကျားကန်တဲ့အလုပ်ကို ကောင်းအောင် လုပ်ပေးလို့ သူတို့က ကျုပ်တို့ကို လုပ်ခပေးသလား" ဟု ထိုလူက ဒေါသတကြီးနှင့်အော်ပြောသည်။ "တကယ်လို့ လုပ်ခပေးမယ်ဆိုရင် ကျုပ်တို့က အချိန်ကုန်ခံပြီး လုပ်မှာပေါ့ဗျ။ အခုဟာက လုပ်ခတစ်ပြားမှပေးတာမဟုတ်တော့ ကျောက်မီးသွေး တွင်းတူးတဲ့ အလုပ်ကို အပျက်မခံနိုင်ဘူးဗျာ။ တွင်းတူးအလုပ်ပျက်ရင် လုပ်ခ တစ်ပြားမှရမှာမဟုတ်ဘူး။ လုပ်ခမရလို့ အိမ်မှာအစာငတ်ပြီး သေတာနဲ့ ဒီမှာ ထောက်တိုင်တွေမခိုင်လို့ တွင်းပြုံပြီး မြေပိသေတာဟာ အတူတူပါပဲ မထူးပါဘူး"

နောက်ဆုံး အခန်းငယ်ကို လွန်သော် တွင်းတစ်တွင်းထပ်တွေ့ရသည်။ ဤတွင်းကျတော့ ဆင်းစရာလှေကားပင်မရှိ။ အတွင်း၌ချထားသည့်သစ်လုံးများကို စမ်းတဝါးဝါးနင်း၍ဆင်းကြရ၏။ ဂျက်က ဗင်းဆင့်၏လက်ထဲမှ မှန်အိမ်ကို လှမ်းယူကာ သူ့ခါးဖက်၌ချိတ်လိုက်သည်။ "သတိထားပြီး ဖြည်းဖြည်းဆင်းပါ။ မွန်စီယာ ဗင်းဆင့်" ဟု ဂျက်က သတိထပ်ပေးသည်။ "ကျွန်တော့်ခေါင်းကို

တက်နင်းမိလိုက်ရင် မသက်သာဘူး။ ကျွန်တော် ဂျမ်းပုံကျသွားမှာ သေချာတယ်"

သူတို့သည် အောက်ဖက်ရှိတွင်းထဲသို့ ငါးမီတာခန့်ဆင်းခဲ့ကြရသည်။ မှောင်မည်းမည်းထဲတွင် ခြေထောက်များနှင့် သစ်တုံးများကို စမ်းတဝါးဝါးနင်း၍ ဆင်းခဲ့ရခြင်းဖြစ်၏။ ကိုင်တွယ်စရာမရှိသဖြင့် မြေသားနံရံကို လက်များဖြင့် ကုပ်ကပ်၍ ဆင်းကြရခြင်းဖြစ်လေသည်။

ဤနေရာတွင် အလုပ်သမားများသည် အလုပ်လုပ်စရာ အခန်းပင် မရှိချေ။ မြေနံရံ၏တစ်ဖက်ရှိထောင့်ထဲမှ ကျောက်မီးသွေးများကို တူးယူနေကြခြင်းဖြစ်၏။ အလုပ်သမားများသည် လေးဘက်ထောက်၍ လုပ်ကိုင်နေကြရခြင်းဖြစ်သည်။ နေရာမှာ ကျဉ်းမြောင်းကျပ်တည်းလွန်းသဖြင့် သူတို့၏ ကျောများသည် ခေါင်မိုးဖြစ်နေသော ကျောက်တုံးများနှင့်ထိနေကြသည်ဖြစ်ရာ လုပ်ကိုင်နေကြရသည်မှာ ခက်ခဲပင်ပန်းလွန်းလှချေသည်။

ယခု သူရောက်နေသော နေရာထက် အပေါ်တွင် တွေ့ခဲ့ရသည့် နေရာက အနည်းငယ်ပို၍ အေးသည်ကို ဗင်းဆင့်သတိထားမိနေသည်။ ယခု နေရာမှာ မီးဖိုကြီးတစ်လုံးနှင့် တူသည်ဟု ပြောရလောက်အောင်ပင် ပူပြင်းလှချေသည်။ အလုပ်သမားများသည် ချွေးများဖြင့် ရွှဲနစ်နေကြသည်။ သူတို့အားလုံးသည်တိရစ္ဆာန်များနှင့်တူနေကြ၏။ မောပန်းလွန်းသဖြင့် ပါးစပ်ဟကာ အသက်ရှူနေကြရသည်။ ခြောက်သွေ့နေသော လျှာများသည် အပြင်သို့ ထွက်နေကြသည်။ ကိုယ်ခန္ဓာများမှာလည်း ချွေးများ၊ ဖုန်များနှင့်ကျောက်မီးသွေးမှုန့်များကပ်ငြိကာ ညစ်ပတ်ပေရေနေကြလေသည်။

အလုပ်သမားများ၏အလုပ်သည် ကြမ်းတမ်းလွန်းလှချေသည်။ သူတို့အနေဖြင့် ခဏာတဖြုတ်နားချင်သော်လည်း မနားရဲ၊ နားလိုက်၍ ကျောက်မီးသွေးကိုတာ အပြည့်မရပါမူ တစ်နေ့တွက်လုပ်ခဖြစ်သော ဆင့်ငါးဆယ်ကို လက်လွတ်ကြရလိမ့်မည်ဖြစ်၏။ ထိုစိုးရိမ်စိတ်၏ ဖိစီးမှုကြောင့် အလုပ်သမားများသည် အလုပ်ကိုသာ မနားမနေကြုံး၍ လုပ်နေကြလေ၏။

ဗင်းဆင့်နှင့် ဂျက်တို့သည် လေးဘက်ထောက်ကာ ရှေ့သို့တိုးလာခဲ့ကြသည်။ တစ်ခါတစ်ရံ ကျောက်မီးသွေးတင် ထရော်လီထွက်လာသည့်အခါ နံရံတွင်ကပ်မိပြီး ထိုင်နေကြရ၏။ အဝင်လမ်းမှာ အပေါ်ဖက်၌တွေ့ခဲ့ရသည့် လမ်းကျဉ်းများထက်ပိုမို၍ ကျဉ်းမြောင်းလှသဖြင့် ထရော်လီတစ်စီးသွားသာရုံမျှသာကျယ်သည်။ ဤနေရာတွင် ထရော်လီတွန်းနေကြသော မိန်းကလေးများမှာ များစွာ ငယ်ရွယ်ကြသည်ဖြစ်ရာ အသက်ဆယ်နှစ်ထက်ကြီးသူ တစ်ဦးမှ ပါဟန်

မတူပေ။ သူတို့အသက်အရွယ်နှင့်ယှဉ်လိုက်ပါက ထရော်လီများမှာ အဆမတန် လေးလံလှသည်ဖြစ်ရာ အလွန်ခက်ခဲ ပင်ပန်းစွာဖြင့် တွန်းနေကြရ လေသည်။

လမ်းကျဉ်းအဆုံးတွင် ကျောက်မီးသွေးများ လျှောချပေးရသည့် လျှောစင်တစ်ခုရှိသည်။ ထရော်လီများပေါ်မှ ကျောက်မီးသွေးများသည် ထိုလျှောစင်မှ တစ်ဆင့် အောက်သို့ ဆင်းသွားနေကြသည်။ "ဒီဘက်ကိုလာပါ မွန်စီယာ ဗင်းဆင့်" ဟု ဂျက်ကလှမ်းခေါ်သည်။ "ကျွန်တော် ခင်ဗျားကို နောက်ဆုံးအဆင့်ဆီ ခေါ်သွားပြီးပြမယ်။အနက်ကမီတာခုနှစ်ရာလောက်ရှိတယ်။ ဒီကမ္ဘာပေါ်မှာ ဘယ်နေရာမှာမှမမြင်မတွေ့နိုင်တဲ့ ဟာတစ်ခုကို ခင်ဗျားမြင်ရ လိမ့်မယ်"

သူတို့သည် ရှေ့သို့ ဆက်လျှောက်လာခဲ့ကြပြီး နောက်တစ်ဆင့် မီတာသုံးဆယ်အထိဆင်းခဲ့ကြသည်။ အောက်ဖက်တွင် လူသွားလမ်းနှစ်လမ်းရှိသော ဥမင်လိုဏ်ခေါင်းတစ်ခုကိုတွေ့ရသည်။ အတော်ကလေးကျယ်ဝန်းသော လိုဏ်ခေါင်းဖြစ်၍ မိုင်ဝက်နီးပါးခန့်လျှောက်ကြရ၏။ ထိုလိုဏ်ခေါင်းအဆုံးတွင် သူတို့သည် လေးဘက်သွား၍ သွားကြရပြန်သည်။ ထို့နောက် အသစ်တူးထား သည့် တွင်းထဲသို့ ဝင်ခဲ့ကြလေ၏။

"ဒီဟာ တွင်းသစ်ပါ" ဟု ဂျက်ကပြောသည်။ "ကမ္ဘာပေါ်ရှိသမျှ ကျောက်မီးသွေးထုတ်ရတာ အခက်ခဲဆုံးနေရာပေါ့"

ပြောပြောဆိုဆိုနှင့်ဂျက်သည် တွင်းထဲသို့ ရှေ့ဆုံးမှ လေးဘက်တွား၍ ဝင်သည်။ "ကျွန်တော့်နောက်ကသာလိုက်ခဲ့" ဟုလည်း ဗင်းဆင့်အား အော်ပြော သည်။ တွင်းဝအကျယ်သည် ဗင်းဆင့်၏ပခုံးများ ဝင်သာရုံမျှသာကျယ်၏။ သူသည် တွင်းထဲသို့ ကျပ်ကျပ်သပ်သပ်ဝင်လာခဲ့ပြီး အလျားမှောက်ကာ ဗိုက်နှင့် ရှပ်၍ မြွေတစ်ကောင်သွားသလိုသွားသည်။ သူ့လက်ချောင်းများနှင့်ခြေချောင်း များကို အသုံးပြုကာ အားယူ၍ ရွေ့လျားရသည်။

သူ့ရှေ့သုံးလက်မအကွာမှ ဂျက်၏ရှူးဖိနပ်များကိုပင် သူမမြင်ရ။ ကျောက်နံရံကို တွင်းဖောက်ထားသည့် ဥမင်လိုဏ်ခေါင်းသည် အမြင့်တစ်ပေ ခွဲခန့်ရှိ၍ အကျယ်မှာ နှစ်ပေခွဲခန့်ရှိ၏။ စတင်ဝင်ရောက်သည့်အချိန်မှစ၍ လေကောင်းလေသန့်ကို လုံးဝမရ။

အလျားမှောက်၍ လျှောက်ခဲ့ရသော ခရီးအဆုံးတွင် ပေါင်းမိုးအခုံး သဖွယ်ဖြစ်နေသည်။ တွင်းထဲသို့ ရောက်သွားသည်။ လူတစ်ယောက်ရပ်သာရုံမျှ အမြင့်ရှိသော တွင်းဖြစ်၏။ မှောင်မဲနေသဖြင့် ဗင်းဆင့်သည် ဘာကိုမှမမြင်ရ။

ထို့နောက်အတန်ကြာမှ နံရံတစ်လျှောက်ရှိ ပြာလဲ့လဲ့ မီးတောက်ကလေး လေးခုကို မြင်ရ၏။

ဗင်းဆင့်၏ တစ်ကိုယ်လုံးတွင် ချွေးများဖြင့် နစ်နေသည်။ နဖူးမှ မီးသွေး မှုန့်များနှင့်ရောနေသော ချွေးများသည် မျက်စိများထဲသို့ စီးဆင်းဝင်ရောက်နေကြသဖြင့် မခံမရပ်နိုင်လောက်အောင် ကျိန်းစပ်နေကြသည်။ ဝမ်းပိုက်နှင့်ရှပ်၍ လာခဲ့ခြင်းဖြစ်၍ အခုအချိန်ထိ အမောမပြေသေး၊ အသက်ရှူ၍လည်းမဝ။ သူသည် မတ်တပ်ရပ်မိသည်နှင့်တပြိုင်နက် အားပါးတရ အသက်ရှူလိုက်မိလေ၏။

သူ့နှာခေါင်းထဲသို့ ဝင်ရောက်လာသည်မှာ လေမဟုတ်။ မီးနှံ့များသာ ဖြစ်၏။ သူ့နှာခေါင်းတစ်ခုလုံး ပိတ်ဆို့ကာ လည်ချောင်းများ တစ်ဆို့ဆို့ ဖြစ်သွားသော်လည်း ရှူရှိုက်လိုက်ရသည့် မီးခိုးများကတော့ အဆုတ်တွင်းသို့ ဝင်ရောက်သွားသဖြင့် အသက်ရှူကြပ်သွားသည်။ ဤတွင်းသည် မာကပ်ဆီ ကျောက်မီးသွေးတစ်တွင်းလုံးတွင် အဆိုးဆုံးတွင်းဖြစ်၏။ အလယ်ခေတ်က ပေါ်ပေါက်ခဲ့သော နှိပ်စက်ခန်းကြီးတစ်ခန်းနှင့်တူလှချေသည်။

"ဗျိုး မွန်စီယာဗင်းဆင့်၊ ကျုပ်တို့လူစု တစ်နေ့ ဆင့်ငါးဆယ်ရအောင် ဘယ်လိုလုပ်ကြရသလဲဆိုတာကို မျက်မြင်ကိုယ်တွေ့ လာပြီး လေ့လာတာလား"

အော်၍မေးလိုက်သည့်အသံသည် သူကြားဖူးခဲ့သော အသံတစ်သံ ဖြစ်၏။

ဂျက်ကတော့ မှန်အိမ်များဆီသို့ လျှောင်မြန်စွာ လျှောက်သွားပြီး စစ်ဆေးနေသည်။

"ဒီလူ ဒီနေရာကို မလာသင့်ဘူးဗျ" ဟု ဒီကရပ်က ဗင်းဆင့်၏နားနားသို့ကပ်၍ နှစ်ကိုယ်ကြားလေသံဖြင့်ပြောသည်။ "ဒီလိုဇာခေါင်းထဲမှာဆိုရင် ဒီလူသွေးယိုမှာစိုးရတယ်။ အဲသလိုသာဖြစ်ရင် ကျုပ်တို့သူ့ကို စက်သီးတွေတပ်ပြီး ခက်ခက်ခဲခဲဆွဲတင်ကြရမှာ မွန်စီယာ ဗင်းဆင့်ရဲ့"

"ဒီကရပ်ရေ။ ဒီမီးအိမ်ကွေက တစ်မနက်ခင်းလုံး အခုလို မီးတောက်နေတာပဲလား" ဟု ဂျက်ကလှမ်းမေးသည်။

"ဟုတ်တယ်" ဟု ဒီကရပ်က ခပ်ပေါ့ပေါ့ လေသံဖြင့် ပြန်ပြောသည်။ "နေ့စဉ်မီးတောက်တွေက ဒီပုံအတိုင်းပဲ၊ တကယ်လို့ ပေါက်ကွဲမှုဖြစ်ပြီဆိုရင်တော့ ကျုပ်တို့ရင်ဆိုင်နေကြရတဲ့ ဒုက္ခမီးတွေငြိမ်းအေးသွားမှာပေါ့ဗျာ"

"ဒီအခန်းထဲက ဓာတ်ငွေ့တွေကို ပြီးခဲ့တဲ့ စနေနေ့ကပဲ ပိုက်တွေနဲ့ စုတ်ထုတ်ခဲ့သေးတယ် မဟုတ်လား" ဟု ဂျက်ကမေးသည်။

"ဒါပေမယ့် ပြန်ရောက်လာတာပဲဗျ" ဟု ဒီကရပ်က သူ့ခေါင်းကို ဖြစ်ဖြစ်မြည်အောင် ကုတ်ပြီးဖြေသည်။

"ဒီလိုဆိုရင်လဲ ခင်ဗျားတို့ ဒီအပတ်ထဲမှာ တစ်ရက်လောက်နားပါလား၊ ကျွန်တော်တို့ထပ်ပြီး ရှင်းကြရအောင်"

အလုပ်သမားများထံမှ ကန့်ကွက်သံများ ပေါ်လာသည်။ "ကျုပ်တို့မှာ ကလေးတွေ စားဖို့တောင် ပေါင်မုန့်အလုံအလောက်ရှိတာမဟုတ်ဘူးဗျ။ တစ်နေ့ရတဲ့လုပ်ခနဲ့ အစားကိုဝအောင်စားလို့ရတာမဟုတ်ဘူး။ ကျုပ်တို့မရှိတဲ့ အချိန်မှာ သူတို့ဖာသာသူတို့ ရှင်းကြပေါ့။ ဒါမှလဲ ကျုပ်တို့မှာ နေ့တွက်တွေ အပြည့်ရပြီး တခြားလူတွေစားသလောက်စားကြရမှာ"

"ကျုပ်အဖို့ကတော့ ကိစ္စမရှိပါဘူးဗျာ" ဟု ဒီကရပ်က ရယ်ပြီးပြောသည်။ "ကျောက်မီးသွေးတွင်းတွေက ကျုပ်ကိုသတ်လို့မသေပါဘူး။ ကျုပ်ကိုသူတို့ သတ်ဖို့ကြိုးစားခဲ့တာ အကြိမ်ပေါင်းမနည်းတော့ဘူး။ ကျုပ်က အိုပြီးအိပ်ရာပေါ်မှာ အသက်ထွက်မယ့်ကောင်ပါ။ ဟာ . . . အစားအကြောင်းပြောမှ သတိရတယ်၊ အခုဘယ်နှစ်နာရီထိုးပြီလဲ ဗာနေး"

ဂျက်က သူ့လက်ပတ်နာရီကို အပြာရောင်မီးရှေ့တွင် မြှောက်၍ကြည့်သည်။ "ကိုးနာရီထိုးပြီ"

"အတော်ပဲ၊ ကျုပ်တို့ညစာစားလို့ရပြီ"

အဖြူရောင်ဟူ၍ မျက်လုံးနှစ်လုံး၌သာရှိပြီး တစ်ကိုယ်လုံးမည်းနက်နေကြသော ပူပြင်းလွန်း၍ ချွေးတလုံးလုံးဖြစ်နေကြသော အလုပ်သမားများသည် ထိုနေရာ၌ပင် ဝိုင်းဖွဲ့ထိုင်ကာ အစာဗူးများကိုဖွင့်ကြသည်။ ထိုနေရာထက်ပို၍ အနည်းငယ်မျှ အပူသက်သာသော နေရာအထိ သွားထိုင်ပြီး မစားနိုင်။ သူတို့အတွက် အစာစားချိန်မှာ ဆယ့်ငါးမိနစ်မျှသာ ရကြသည် မဟုတ်ပါလော။

ဗူးထဲမှ ထုတ်ယူလိုက်ကြသည့်အစားအစာများတွင် ထူးထူးခြားခြားဘာမှမပါ။ ပေါင်မုန့်ကြမ်းနှစ်ချပ်နှင့် ချဉ်စုတ်စုတ် ဒိန်ခဲအနည်းငယ်မျှသာ ဖြစ်သည်။ ပေါင်မုန့်များသည် သူတို့လက်ထဲရောက်လျှင်ရောက်ချင်း မည်းနက်ကုန်ကြသည်။ သူတို့သည် အစားကို အငမ်းမရစားကြသည်။ လူတိုင်းတွင် ဘီယာတစ်ပုလင်းနှင့်ကော်ဖီတစ်ဗူးစီပါကြသည်။ ကော်ဖီ၊ ပေါင်မုန့်နှင့်ချဉ်စုတ်စုတ် ဒိန်ခဲတို့သည် တစ်နေ့လျှင် ဆယ့်သုံးနာရီမျှ အလုပ်လုပ်နေကြရသော သူတို့လူစုရရှိသည့် ဆုလာဘ်များပေတည်း။

ဗင်းဆင့်သည် မြေအောက်ကျောက်မီးသွေးတွင်းထဲ၌ ခြောက်နာရီ

ကြာမျှ နေခဲ့ရ၏။ လေက အလုံအလောက်မရှိ။ အပူရှိန်ကပြင်း၊ ဖုန်နှင့်အမှုန့်များက ထူထပ်သဖြင့် အသက်ပင် ဝဝမရှူရ။ နောက်ထပ်မိနစ်အတော်ကြာကြာ နေနိုင်ဖို့မှာ သူ့အတွက် မလွယ်တော့။ ဤအခိုက်မှာပင် ဂျက်က ပြန်တက်ကြမည်ဟု ပြောလိုက်သည်။ ဂျက်အား များစွာကျေးဇူးတင်သွားမိလေ၏။

"ဓာတ်ငွေ့ကို သတိထားပြီး ကြည့်နော် ဒီကရပ်" ဟု ဂျက်ကမှာသည်။ "တကယ်လို့ အခြေအနေမကောင်းရင် ခင်ဗျားရဲ့အဖွဲ့တစ်ဖွဲ့လုံးကို မြန်မြန်အပြင်ထွက်ခိုင်း"

ဒီကရပ်က မလိုတမာသံဖြင့် ရယ်သည်။ "ကျုပ်တို့က ကျောက်မီးသွေးထုတ်မပေးရင် သူတို့က ကျုပ်တို့ရဲ့လုပ်ခ ဆင့်ငါးဆယ်ကိုပေးမတဲ့လား"

ထိုမေးခွန်းအတွက် ဂျက်ထံမှအဖြေမရ။ မဖြေနိုင်သော မေးခွန်းတစ်ခုဖြစ်သည်ကို ဒီကရပ်ရော ဂျက်ပါ သိနေကြပြီးဖြစ်၏။ ဂျက်က ပခုံးများကိုတွန့်လိုက်ပြီး လာလမ်းအတိုင်းပြန်ရန် ဥမင်လိုဏ်ခေါင်းအတွင်းသို့ ပြန်ဝင်သွားသည်။ ဗင်းဆင့်သည် သူ့နောက်မှ လိုက်သွားသည်။ အမှုန်နှင့်ဖုန်များရောထားသည့် ခွေးများဝင်နေသဖြင့် သူ့မျက်လုံးများသည် ဘာကိုမှ သဲသဲကွဲကွဲမမြင်ရ။

နောက်နာရီဝက်ခန့်အကြာတွင် သူတို့သည် ဓာတ်လှေကားထဲသို့ ပြန်ရောက်သွားကြသည်။ ဗင်းဆင့်သည် သူ့မိတ်ဆွေဘက်သို့ လှည့်ကြည့်ပြီး "ဒီမယ် မွန်စီယာ၊ ကျွန်တော်တစ်ခုသိပါရစေ" ဟု ပြောသည်။ "ခင်ဗျားတို့လူစုတွေ ဒီကျောက်မီးသွေးတွင်းတွေထဲကို ဘာ့ကြောင့် အခုလိုကြီးဆင်းပြီး အလုပ်လုပ်နေကြတာလဲ။ တခြားအရပ်ဒေသတွေကို သွားပြီး အလုပ် လုပ်လို့မရဘူးလား"

"အင်း မွန်စီယာ ဗင်းဆင့်ရဲ့ မေးခွန်းကို ဖြေရမယ်ဆိုရင် ကျွန်တော်တို့မှာ လုပ်စရာတခြားမလုပ်မရှိပါဘူး။ ကျွန်တော်တို့မှာ ငွေကြေးကလဲ မရှိတော့ တခြားတစ်နေရာရာကိုသွားဖို့ ဆိုတာလဲ မဖြစ်နိုင်ပါဘူး။ ကျွန်တော်တို့ဘိုရင်းနိတ်နယ်ထဲက ကျောက်မီးသွေးတွင်းတူး အလုပ်သမားမိသားစုတစ်စုမှာ ဖရန့်ငွေတစ်ဆယ်လောက်စုဆောင်းမိတယ်ဆိုတာ လုံးဝမရှိသလောက်ပါ။

"ဒါပေမယ့် တကယ်လို့ သွားနိုင်တယ်ပဲဆိုဦးတော့။ ကျွန်တော် တို့သွားကြမှာမဟုတ်ပါဘူး။ သင်္ဘောသား တစ်ယောက်ဟာ သင်္ဘောပေါ်ရောက်နေတဲ့အခါမှာ သူရင်ဆိုင်ရမယ့် ဘေးအန္တရာယ်တွေကို သူသိ နေပါတယ်။ အဲသလိုသိနေတဲ့ကြားကပဲ ကမ်းပေါ်ပြန်ရောက်တဲ့အခါကျတော့ ပင်လယ်ပြင်ကို

တတမ်းတတဖြစ်ပြီး လွမ်းနေလေ့ရှိပါတယ်။

"ကျွန်တော်တို့မှာလဲ ဒီသဘောမျိုးရှိနေကြပါတယ် မွန်စီယာ။ ကျွန်တော်တို့ဟာ ကျွန်တော်တို့ရဲ့ ကျောက်မီးသွေးတွေကို အလွန်ချစ်ကြ၊ မြတ်နိုးကြပါတယ်။ ကျွန်တော်တို့အနေနဲ့ မြေပေါ်မှာနေရတာထက် မြေအောက်မှာနေရတာကိုပိုပြီးနှစ်သက်ကြပါတယ်။ ကျွန်တော်တို့ တောင်းခံနေတာက လုံလောက်တဲ့လုပ်ခ တရားမျှတတဲ့အလုပ်ချိန်နဲ့ အလုပ်ခွင်အန္တရာယ်ကင်းအောင် ကာကွယ်ပေးရေးတွေပါ"

ဓာတ်လှေကားသည် မြေပြင်ပေါ်သို့ ပြန်ရောက်သွားသည်။ ဗင်းဆင့်သည် ဆီးနှင်းများဖုံးနေသော ကွင်းပြင်ကိုဖြတ်ကာ ရေချိုးခန်းဆီသို့ လျှောက်လာသည်။ ရေချိုးခန်းမှန်ထဲ၌ ထင်ဟပ်နေသော သူ့မျက်နှာသည် လူရုပ်ပင်မပေါ်နိုင်လောက်အောင် မဲနက်နေသည်။ သူသည် မျက်နှာသစ်ရန်မစဉ်းစားတော့ပဲ ပြန်ထွက်လာခဲ့လေသည်။

ကွင်းထဲမှ အဖြတ်တွင် သူ့စိတ်သည် သန့်စင်လတ်ဆတ်သော လေအပေါ်၌သာ အာရုံဝင်စားလျက်ရှိ၏။ မြေအောက်၌ရှိနေစဉ်ကသာ တစ်စုံတစ်ခုဖြစ်ခဲ့သည်ရှိသော်ဟူသော အတွေးသည် သူ့စိတ်ကို တုန်လှုပ်စေသည်။ ဘုရားသခင်သည် သူ့ကလေးများအား ဤမျှလောက်အန္တရာယ်များသည့် အလုပ်ကို ဘာ့ကြောင့် လုပ်ခွင့်ပြုရပါလိမ့်။ သူကတော့ မလုပ်ခိုင်း သင့်ဟုပင် ယူဆမိ၏။ သူစောဲစောက ရောက်ခဲ့သော နေရာသည် အိပ်မက်ကမ္ဘာတစ်ခုလေလား။

သူသည် ဒီကရပ်၏တဲရှေ့သို့ရောက်လာသည်။ အပြင်မှနေ၍ တံခါးခေါက်သော်လည်း ရုတ်တရက်ဖွင့်ပေးသူပေါ်လာခြင်းမရှိ။ အတန်ကြာမှ ခြောက်နှစ်ရွယ် ကလေးတစ်ယောက်က တံခါးလာဖွင့်သည်။ ကလေး၏ အသားအရေသည် ဖြူဖတ်ဖြူရော်နှင့်သွေးအားနည်းနေသည့် လက္ခဏာရှိသည်။ အာဟာရဓာတ်ချို့တဲ့မှုကြောင့် အသက်အရွယ်နှင့် မလိုက်အောင် ကြုံလှိုလှ၏။ သို့သော်လည်း ဤကလေးတွင် သူ့အဖေ ဒီကရပ်၏ ဇဲသတ္တိမျိုးတော့ရှိနေပုံရသည်။ ဤကလေးသည် နောက်နှစ်နှစ်ဆိုလျှင် မနက်တိုင်း သုံးနာရီထိုးချိန်တွင် အိပ်ရာမှထကာ မာကပ်ဆီ ကျောက်မီးသွေးတွင်းထဲသို့ ဆင်းရတော့မည်ဖြစ်၏။

"အမေ ကျောက်မီးသွေးသွားကောက်တယ်" ဟု ကလေးက ပြောသည်။ "ခဏစောင့်ပါဦး မွန်စီယာ ဗင်းဆင့်၊ ကျွန်တော်က ကလေးတွေ ထိန်းနေရလို့ပါ"

ကြမ်းပေါ်၌ထိုင်၍ တုတ်ချောင်းကလေးများကို ကြိုးတစ်ချောင်းဖြင့် ချည်၍ ကစားနေသောကလေးနှစ်ယောက်သည် ဒီကရပ်၏အငယ်ဆုံးကလေးများဖြစ်၏။ ကလေးအားလုံး အဆမတန်အေးစက်နေသော ရာသီကြောင့် တစ်ကိုယ်လုံးပြာနှမ်းနေကြသည်။ အကြီးဆုံးကလေးသည် အနည်းငယ်မျှသာ ရှိနေသော ကျောက်မီးသွေးခဲများကိုယူ၍ မီးဖိုထဲထည့်ပေးလျက်ရှိ၏။ ထို့နောက် သူသည် ကလေးများအား အိပ်ရာပေါ်သို့ တင်ကာ စောင်စုတ်တစ်ထည် ခြုံပေးသည်။

ဤမျှလောက် ဆင်းရဲဒုက္ခရောက်နေသော ဤတဲဆီသို့ ဘာ့ကြောင့် သူလာမိပါလိမ့်။ ကလေးများ၏အဖြစ်ကိုကြည့်ကာ သူတစ်ခုခုတော့ လုပ်ပေးမှ ဖြစ်တော့မည်ဟု တွေးနေမိသည်။ ဒီကရပ်နှင့်ဆွေးနွေးတိုင်ပင်ပြီး တစ်နည်းနည်းဖြင့် ကူညီရလျှင် ကောင်းလေမလား။ ဘာပဲဖြစ်ဖြစ် သူတို့၏ ဒုက္ခပမာဏကို မိမိသိနားလည်ကြောင်းပြသဖို့တော့လိုမည်ဟုသူထင်မိ၏။

မဒမ်ဒီကရပ်ပြန်ရောက်လာသည်။ သူမ၏လက်များသည် ပေရေညစ်ပတ်ကာ မည်းနက်နေကြသည်။ ပထမသော် သူမသည် တစ်ကိုယ်လုံး မည်းနက်နေသော ဗင်းဆင့်အား မမှတ်မိ။ ဗင်းဆင့်မှန်းသိသွားသည့်အခါတွင်မူ မီးဖိုပေါ်သို့ ကော်ဖီအိုးအမြန်တင်ကာ ကော်ဖီတစ်ခွက်ကပျာကယာဖျော်ပြီး လာပေးသည်။ ကော်ဖီတွင် သကြားမပါ။ အရသာက တူးခါးနေသည်။ ပူဖို့မဆိုထားနှင့် နွေးနွေးထွေးထွေးပင်မရှိ၊ သောက်၍မဖြစ်နိုင်လောက်အောင်ပင် အေးစက်နေသည်။ သို့သော်လည်း ဗင်းဆင့်သည် အိမ်ရှင်မ စိတ်မကောင်း ဖြစ်သွားမည်ကို စိုးရိမ်သဖြင့် ကုန်အောင်သောက်သည်။

"ဟိုတုန်းကလို မဟုတ်တော့ဘူး မွန်စီယာ ဗင်းဆင့်ရဲ့" ဟု မဒမ် ဒီကရပ်ကပြောသည်။ "အမြိုက်ပုံထဲမှာ ကျောက်မီးသွေး အဖျင်းအဖြုံးက များများစားစား မပါတော့ဘူး။ ကောက်သူတွေကလည်းများ ကုမ္ပဏီကလည်း အမြိုက်ထဲကျောက်မီးသွေးတွေ အများကြီးပါမသွားအောင် ပိုက်စိပ်တိုက်ပြီး ယူနေကြတယ် မဟုတ်လား။ ကလေးတွေကို နွေးနွေးထွေးထွေးဖြစ်နေအောင် ကျွန်မ ဘယ်လို လုပ်ရမှန်း မသိတော့ပါဘူးရှင်။ သူတို့အတွက် အနွေးထည်ကလဲ မဝယ်နိုင်။ သူတို့ကိုယ်မှာ အခုဝတ်ထားကြတဲ့ ရှပ်အင်္ကျီအစုတ်ကလေးတွေကလွဲပြီး အင်္ကျီအပိုကလည်း မရှိဆိုတော့ ခက်တာပေါ့။ ဂျုံအိတ်ကလေး တွေအနည်း အပါးရှိလို့ ပတ်ပေးထားပေမယ့် ဒီလောက်အေးတော့လဲ ဘယ်ရမလဲ၊ ရွက်ထည် ဖျင်ကြမ်းအစုတ်တွေနဲ့ ထုပ်ပေးပြန်တော့လည်း အသားတွေကိုရှလို့ အနာတွေဖြစ်

ကုန်တယ်။ တစ်နေကုန် တစ်နေခန်း အိပ်ရာထဲထားမယ်ဆိုပြန်ရင်လည်း ဒီကလေးတွေ ဘယ်လိုလုပ်ပြီး သန်မာထွားကျိုင်းလာကြတော့မှာလဲ"

ဗင်းဆင့်၏မျက်လုံးအစုံတွင် မျက်ရည်များစို့လာသည်။ သူ့ လည်ချောင်းသည် တစ်ဆို့ဆို့ဖြစ်လျက်ရှိ၏။ သို့သော်လည်း ဘာမှပြန်မပြော။ ဤမျှလောက် ကြီးမားပြင်းထန်သည့် ဆင်းရဲဒုက္ခကို အရင်က တစ်ကြိမ်တစ်ခါမှ မတွေ့ဘူး မမြင်ဘူးခဲ့သော ဗင်းဆင့်အဖို့ စိတ်မချမ်းမသာဖြစ်ရုံမှတစ်ပါး အခြား ဘာမှလည်း လုပ်မပေးနိုင်။

သူ့စိတ်ထဲတွင် ပထမဆုံးအကြိမ် ဘဝင်မကျသော စိတ်ခံစားမှုသည် ဝင်ရောက်လာသည်။ ဤမိန်းမ၏ကလေးများသည် အအေးမိပြီး သေရတော့မည့် အခြေအနေ၌ရှိနေ၏။ သို့ဆိုလျှင် သူနေဖြင့် ဘုရားသခင်အား ရှိခိုး၍ ဆုတောင်းနေရခြင်းသည် သူမအတွက် ဘယ်လိုအကျိုးကျေးဇူးများခံစားနေရ ပါသနည်း၊ အခုပုံအတိုင်းဆိုပါက ဤကိစ္စများအတွက် ဘုရားသခင်သည် ဘယ်နေရာ ဘယ်ဌာန၌ ရောက်နေပါသနည်း။ သူသည် သူ့အိတ်ကပ်ထဲ၌ ဖရန့်ငွေအနည်းငယ်တွေ့သည်။ သူသည် ငွေအားလုံးကို မဒမ်ဒီကရပ်အား ပေးလိုက်လေသည်။

"ကလေးတွေကို အနွေးထည်ဝယ်ပေးလိုက်ပါ" ဟု သူကပြောသည်။

တကယ်တော့ သူ၏ကူညီမှုသည် သိပ်ပြီးအကျိုးသက်ရောက်မှုရှိလိမ့်မည်မဟုတ်ပေ။ ဘိုရင်းနိတ်တစ်နယ်လုံးတွင် ဒီကရပ်၏ကလေးများကဲ့သို့ အအေးဒဏ်ကို အပြင်းအထန်ခံနေကြရသည့်ကလေးပေါင်း ရာနှင့်ချီ၍ရှိနေလိမ့်မည်မှာ မလွဲပေ။ ယခုသူပေးလိုက်သောငွေဖြင့် ဒီကရပ်၏ကလေးများသည် အနွေးထည်များဝယ်၍ ဝတ်နိုင်ကြပေလိမ့်မည်။ သို့သော်လည်း ထိုအနွေးထည်များစုတ်သွားသည့်အခါတွင်မူ အအေးဒဏ်ကိုပြန်၍ ခံကြရဦးမည်မှာ သေချာနေ၏။ သူသည် တောင်ကုန်းပေါ်သို့ တက်လာခဲ့ပြီး ဒင်းနစ္စ၏အိမ်ထဲသို့ ဝင်ခဲ့ သည်။ မုန့်ဖိုပိုင်ရှင်၏ မီးဖိုခန်းသည် နွေးနွေးထွေးထွေးရှိလှသဖြင့် နေထိုင်ရ သည်မှာ သက်သောင့်သက်သာရှိလှပေသည်။ မဒမ်ဒင်းနစ္စသည် ဗင်းဆင့် အတွက် ကိုယ်လက်သန့်စင်ရန် ရေနွေးဇလုံလာချပေးသည်။ နေ့လည်စာအတွက် ယုန်သားစင်းကောကြော်နှင့် ပေါင်မုန့်များချပေးသည်။ ဗင်းဆင့်တစ်ယောက် အလွန်ပင်ပန်းနွမ်းဟိုက်သည့်အတွေ့အကြုံနှင့်ရင်ဆိုင်ခဲ့ရသည်ကို ရိပ်မိသည့် အားလျော်စွာ သူ့အတွက် ပေါင်မုန့်တွင် ထောပတ်ကောင်းကောင်းကို ထူထူထဲထဲ သုတ်ပေးထားလေသည်။

စားသောက်အပြီးဟွင် ဗင်းဆင့်သည် သူ့အိပ်ခန်းသို့တက်လာခဲ့သည်။

သူ့ဝမ်းဗိုက်မှာ အစားကောင်း အသောက်ကောင်းများနှင့် ပြည့်ဖောင်းနေပြီဖြစ်၍ ကိုယ်ရောစိတ်ပါ အားအင်သစ်ဝင်လျက်ရှိ၏။ သူ့အိပ်ရာမှာကျယ်ဝန်းလှရုံမျှမက သက်သောင့်သက်သာရှိလှပေသည်။ သန့်ရှင်းသော မွေ့ယာထက်ရှိ အိပ်ရာခင်းပေါ်တွင် ဖြူဖွေးသော ခေါင်းအုံးသည် သပ်ယပ်စွာရှိနေသည်။

နံရံများထက်တွင် ကမ္ဘာကျော်ပညာရှင်ကြီးများနှင့် နိုင်ငံရေးသုခမိန်များ၊ ပန်းချီပန်းပုအနုအညာရှင်တို့၏ လက်ရာကောင်းပုံများကို ချိတ်ဆွဲထားသည်။ သူ့ဘီရိုကိုဖွင့်ကြည့်လိုက်သည့်အခါအထဲတွင် အထပ်လိုက် အတန်းလိုက် စီထားသည့် ရှပ်အင်္ကျီများ၊ အတွင်းခံများ၊ ခြေအိတ်များ၊ အနွေးထည်များနှင့်၊ ကိုယ်ကျပ်အင်္ကျီများကို မြင်နေရသည်။

အဝတ်ဘီရိုကြီးကို ဖွင့်ကြည့်လိုက်သည့်အခါတွင်လည်း အပိုဝယ်ထားသည့်ရှူးဖိနပ်နှစ်ရံ၊ ကုတ်အင်္ကျီနှင့် ဝတ်စုံများကို မြင်ရသည်။ နောက်ဆုံးတွင် သူသည် သူ့ကိုယ်သူ လူလိမ်လူညာတစ်ယောက်ဟုလည်းကောင်း၊ သူရဲဘောကြောင်သူတစ်ယောက်ဟုလည်းကောင်း မြင်လာမိလေ၏။

သူသည် ဆင်းရဲခြင်း၏ကောင်းမြတ်သော တရားများအကြောင်းကို ကျောက်မီးသွေးတွင်းတူး အလုပ်သမားများအား ကျကျနန ဟောပြောခဲ့၏။ သို့သော်လည်း သူကိုယ်တိုင်ကတော့ ကောင်းပေ့ညွန့်ပေ့ဆိုသည့် ပစ္စည်းအသုံးအဆောင်များကြားတွင် အရသာရှိရှိ စည်းစိမ်ခံပြီး နေထိုင်လျက်ရှိသည်။ ဤလုပ်ရပ်သည် သင့်တော်ပါ၏လော ၊ တရားမျှတမှုရှိပါ၏လော၊ မှန်ကန်ပါ၏လော။

တကယ်ကော့ သူသည် စကားကိုလှပစွာ တန်ဆာဆင်၍ ဟောပြောရုံမှတစ်ပါးအခြား ဘာတစ်ခုမှအနစ်နာခံနိုင်သည့် လူစားတစ်ယောက်မဟုတ်၊ သူသည် အနှစ်မရှိသော ကြောင်သူတော်တစ်ဦးမျှသာဖြစ် ချေသည်။သူဟောပြောနေသော ဘာသာတရားသည် မည်သည့်အကျိုးတရား ကိုမှပေးနိုင်စွမ်းမရှိသည့် အတွေးအခေါ်တစ်ခုမျှသာဖြစ်နေ၏။ လူများအတွက် လက်တွေ့ဘဝတွင် အသုံးချ၍မရသော စိတ်ကူးတစ်ခုမျှသာဖြစ်နေ၏။ အလုပ်သမားများသည် သူ့အား အထင်အမြင်သေးသင့်၏။ ရွံရှာစက်ဆုပ် သင့်၏။ နောက်ဆုံး သူ့အား ဘိုရင်းနိတ်နယ်အတွင်းမှ မောင်းထုတ်သင့်သည် ဟု ပင်ထင်၏။

အမှန်တော့ သူသည် အလုပ်သမားများ၏ ဆင်းရဲဒုက္ခများကို မျှဝေခံစားနေသူ တစ်ဦးအဖြစ် ဟန်ဆောင်နေခြင်းမျှသာဖြစ်သည်။ သူကိုယ်တိုင်ကတော့ အကောင်းဆုံး အလှဆုံးအဝတ်အထည်များကို ဝတ်ဆင်ကာ သာယာ

ယစ်မူးလျက်ရှိသည်။ အနှူးညံ့ဆုံးနှင့် သက်သောင့်သက်သာအရှိဆုံးသော အိပ်စင်ပေါ်၌ အိပ်ကာစည်းစိမ်ယစ်မူးလျက်ရှိ၏။ ထို့ပြင်လည်း မိမိစားနေသည့် အစားတစ်နပ်စာသည် အလုပ်သမားမိသားစုအတွက် တစ်ပတ်စာမျှရှိနေသည် မဟုတ်ပါလား။

ဤကဲ့သို့ ဇိမ်ခံ၍ နေနိုင်ရေးအတွက် သူသည် ဘာအလုပ်ကိုလုပ်နေပါသနည်း။ သူ့အမြင်တွင် သူဘာအလုပ်မှ လက်ကျောတင်းအောင် မလုပ်ဟုပင်မြင်၏။ လောလောဆယ် သူလုပ်နေသော အလုပ်မှာ အာဘောင်အာရင်းသန်သန်ဖြင့် လိမ်ညာဝါဖြန်းနေသော အလုပ်မျှသာဖြစ်၏။ ထိုကဲ့သို့ အလိမ်အညာ စကားများကို ပြောဆိုရင်းနှင့်ပင် သူ့ကိုယ်သူ လူတော်လူကောင်းလူမြင့်မြတ်တစ်ယောက်ဟု ထင်အောင်ဟန်ဆောင်နေလိုက်သေး၏။

ဘိုရင်းနိတ်နယ်သူနယ်သားများသည် သူပြောနေသည့် စကားများကို ယုံကြည်လက်ခံဖို့မသင့်ဟု သူယူဆမိသည်။ သူဟောကြားနေသော တရားဒေသနာများကိုလည်းလာ၍ မနာသင့်။ သူ၏ခေါင်းဆောင်မှုကိုလည်း အသိအမှတ် မပြုသင့်ဟုလည်း သူယူဆမိသည်။ သက်သောင့်သက်သာနေထိုင်ခဲ့ရသော ဘဝသည် သူ့အား လိမ်တတ်ညာတတ်အောင် သင်ကြားပေးခဲ့သည်ထင်၏။ မည်သို့ပင်ဖြစ်စေ ယခုတစ်ခါ သူသည် ရှုံးရပြန်ပြီ။ အရင့်အရင်ကဆုံးရှုံးမှုများထက် ပို၍ ကိုယ်စိတ်နှစ်ပါးဆင်းရဲနေရသော ဆုံးရှုံးမှုပေတည်း။

သူ့အဖို့ ရွေးစရာ လမ်းနှစ်သွယ်သာရှိ၏။ ပထမလမ်းမှာ ညလူခြေတိတ်ချိန်တွင် မည်သူမှ မသိအောင် တိတ်တိတ်ကြိတ်၍ ဘိုရင်းနိတ်နယ်ထဲမှ အပြီးအပိုင် ထွက်ခွာသွားရန်ဖြစ်သည်။ ဤနည်းမှာ သူ့အား လူအများက လူလိမ်လူညာ လူညံ့ လူပျော့တစ်ဦးမှန်း မသိကြသေးခင် ထွက်ခွာသွားရမည့် နည်းဖြစ်သည်။ ဒုတိယလမ်းမှာမူ ယနေ့ သူမြင်တွေ့ခဲ့ရသည်များကို အခြေခံ၍ တကယ့်စေတနာမှုန် မေတ္တာမှုန်ဖြင့် အလုပ်လုပ်နေသည့် ဘုရားသခင်၏ သားကောင်းတပည့်တစ်ဦးဖြစ်လာရန် ကြိုးပမ်းအားထုတ်ဖို့ပင် ဖြစ်လေသည်။

သူသည် ဘီရိုထဲမှ အဝတ်အထည်အားလုံးကို ထုတ်ယူကာ အိတ်ထဲသို့ထည့်သည်။ သူ၏ အနွေးထည်များ၊ ဝတ်စုံအင်္ကျီဘောင်းဘီများ၊ ရှူးဖိနပ်များ၊ စာအုပ်များနှင့် ပန်းချီဓာတ်ပုံကားများကိုလည်း လက်ဆွဲသေတ္တာထဲသို့ ထည့်သည်။ သူသည် အိတ်နှင့် သေတ္တာကို ကုလားထိုင်ပေါ်တွင် တင်ထားခဲ့ပြီး အပြင်သို့ ထွက်လာခဲ့လေ၏။

အလုပ်သမားများနေထိုင်ရာ လျှို၏အောက်ခြေတွင် ချောင်းကလေး

တစ်ခုရှိသည်။ ထိုချောင်းကလေး၏ အခြားတစ်ဖက်တွင် ထင်းရှူးတော တစ်တောရှိ၍ ထိုတောစပ်အရောက်တွင် အပေါ်ဘက်သို့တက်ရသော လမ်းရှိ၏။ ဤတောအုပ် အတွင်းတွင် ဟိုတစ်စုသည်တစ်စုပြန့်ကြဲနေသော အလုပ်သမားတဲ အနည်းငယ်မျှရှိသည်။ ဗင်းဆင့်သည် ထိုတဲများကြားတွင် သွားလာလှုပ်ရှားကာ သူသိလိုသောအရာ တစ်ခုကို စုံစမ်းလေသည်။

ဗင်းဆင့်သည် သွားရင်းလာရင်းနှင့် လူမနေသော တဲတစ်လုံးကို တွေ့သည်။ တဲမှာ ကျယ်ကျယ်ဝန်းဝန်းရှိသော်လည်း တဲစုတ်တစ်လုံးဖြစ်သည်။ အလွန်မတ်စောက်သော ဆင်ခြေလျှောတစ်ခုပေါ်၌ တည်ဆောက်ထားခြင်းဖြစ်၍ ပြတင်းပေါက်တစ်ပေါက်မှ မရှိချေ။ မြေစိုက်တဲဖြစ်၍ ကြမ်းပြင်အဖြစ်အသုံးပြုနေသော မြေကိုမာနေအောင် ပြုလုပ်ထားပုံရ၏။ သို့သော်လည်း နှစ်အတန်ကြာမျှ လူနေခဲ့သဖြင့် မြေများမှာ မွမွကြွနေကြလေပြီ။

အပေါ်ဖက်ရှိ ယက်မများမှာ တောင့်တင်းခိုင်မာနေဆဲဖြစ်၏။ ဆောင်းရာသီတစ်လျှောက်လုံး လူမနေပဲ ပစ်ထားခဲ့သဖြင့် တဲ၏ခေါင်မိုးများသည် အပေါက်များဖြင့် ပြည့်နေသည်။ အပြင်မှလေသည် ထိုအပေါက်များနေ၍ တဲအတွင်းသို့ ဝင်ရောက်လာနေကြသည်။ ဆီးနှင်းငွေ့များအပြည့်ပါနေသဖြင့် ခိုက်ခိုက်တုန်အောင် အေးမည့်လေဖြစ်သည်။

"ဒီတဲပိုင်ရှင်က ဘယ်သူလဲ" ဟု ဗင်းဆင့်က သူ့အား လိုက်လံပြသပေးနေသည့် အမျိုးသမီးအား မေးသည်။

"ဝပ်စ်မက်မြို့က လုပ်ငန်းရှင်တစ်ယောက်ပိုင်တဲ့ တဲပါ"

"ဌားရင် အိမ်လခ ဘယ်လောက်တဲ့လဲ"

"တစ်လကို ငါးဖရန့်တဲ့"

"မဆိုးပါဘူး၊ ဒီတဲကို ကျွန်တော်ဌားမယ်"

"အို ဘယ်ဖြစ်မှာလဲ၊ ရှင်နေနိုင်မှာ မဟုတ်ဘူး မွန်စီယာ ဗင်းဆင့်"

"ဟာ ဘာလို့မနေနိုင်ရမှာလဲ"

"တဲက တဲပျက်ရှင့်၊ ကျွန်မနေတဲ့ တဲထက်တောင် စုတ်သေးတယ်။ ဝပ်စ်မက်ရှာမှာ အစုတ်ဆုံးတဲ့ တစ်လုံးပဲ"

"ကျွန်တော်လိုချင်နေတာကလဲ ဒီတဲမျိုးပဲ"

သူသည် တောင်ကုန်းပေါ်သို့ ပြန်တက်လာခဲ့၏။ သူ့နှလုံးသားတွင် အေးချမ်းသာယာမှုသည် ဝင်ရောက်နေပြီဖြစ်သည်။ ဗင်းဆင့်မရှိခိုက်တွင် အခန်းထဲသို့ ဝင်မိခဲ့သော မဒမ်ဒင်းနစ္စမှာ ထုပ်ပိုးပြင်ဆင်ထားသည့်အိတ်နှင့် လက်ဆွဲ

သေတ္တာများကို တွေ့ထားပြီးပြီဖြစ်၍ များစွာအံ့အားသင့်လျက်ရှိသည်။

ဗင်းဆင့်ပြန်ရောက်လာသည်ကိုမြင်လျှင်မြင်ချင်း မဒမ်ဒင်းနစ္စက ဆီး၍ "ဘယ်လိုဖြစ်တာလဲ မွန်စီယာဗင်းဆင့်ရယ်။ ရှင် ဘာပြုလို့ ချက်ခြင်းကြီး ဟော်လန်ကိုပြန်ဖို့ စီစဉ်ရတာလဲ" ဟု မေးသည်။

"ကျွန်တော်မပြန်ပါဘူး မဒမ်ဒင်းနစ္စရဲ့၊ ကျွန်တော် ဘိုရင်းနိတ်နယ်မှာပဲ နေသွားမှာပါ"

"ဟင် ဒီလိုဆိုရင်" မဒမ်ဒင်းနစ္စသည် စကားကို မဆက်နိုင်၊ သူ့မျက်နှာသည် အဖြစ်ကို နားမလည်နိုင်သည့် အရိပ်လက္ခဏာကို ဖော်ပြနေသည်။

ဗင်းဆင့်က အကြောင်းစုံရှင်းပြလိုက်သည့်အခါတွင်မူ သူမကဖြောင်းဖျသောလေသံဖြင့် "ကျွန်မပြောတာကိုယုံပါ မွန်စီယာဗင်းဆင့်၊ ရှင် အဲသလို နေနိုင်မှာ မဟုတ်ပါဘူး။ ရှင့်အနေနဲ့ အဲသလို နေထိုင်ခဲ့တဲ့ အကျင့်မှ မရှိတာ။ အချိန်ကာလတွေ ပြောင်းသွားသလို အခြေအနေတွေကလဲ ပြောင်းသွားပြီ။ ယေရှုသခင်ခေတ်နဲ့ ဒီခေတ်ဟာ အများကြီးကွာသွားပြီ။ ဒီနေ့ ခေတ်မှာ ကျွန်မတို့အားလုံး ကိုယ်တတ်နိုင်သမျှ အကောင်းဆုံးဖြစ်အောင် လုပ်ပြီး နေနေကြတာရှင့်၊ လူတွေက ရှင့်ရဲ့အလုပ်ကိုကြည့်ပြီး ရှင်ဟာ လူကောင်းတစ်ယောက်ဆိုတာ သိကြပါတယ်ရှင်" ဟု စိတ်ရှည်လက်ရှည် ပြောပြသည်။

သို့သော်လည်း ဗင်းဆင့်သည် မဒမ်ဒင်းနစ္စ၏စကားကိုလက်မခံ၊ သူသည် ဝပ်စ်မက်မြို့သို့သွားကာ တဲပိုင်ရှင်ကုန်သည်နှင့်တွေ့ပြီး တဲကို ငှား၍ ပြောင်းရွှေ့နေထိုင်သည်။ သူ၏ပထမဆုံးလစာ ဖရန့်ငွေငါးဆယ်သည် သူ တဲသို့ ရွှေ့ပြောင်းခဲ့ပြီး မကြာမီ ရောက်လာသည်။

သူသည် သစ်သားကုတင်လေးတစ်လုံးနှင့် မီးဖိုဟောင်းတစ်လုံးကို ဝယ်သည်။ ကျန်ငွေနှင့်ပေါင်မုန့်၊ ဒိန်ခဲနှင့်ကော်ဖီစသည်များကို တစ်လစာ ဝယ်ထား၍ရသဖြင့် စားရေးအတွက် ပူစရာမလိုတော့ပေ။ သူသည် ခေါင်မိုးပေါက်များကို ရေမယိုစေရန် ကျုံအိတ်ဟောင်းများဖြင့် ဖာသည်။ တဲအတွင်းသို့ ဝင်လာသည့် ရေများအပြင်သို့ရှောရှောရှူရှူထွက်သွားနိုင်စေရန် သူကိုယ်တိုင်ပင်မြေကိုဖောက်ခြင်း ဖို့ခြင်းပြုသည်။

ယခုအခါတွင် သူသည် အခြားသော ကျောက်မီးသွေးတွင်းတူးအလုပ်သမားများနေသလို နေခဲ့ပြီ။ သူ့တဲသည် သူတို့တဲနှင့်အတူတူပင်ဖြစ်၏။ သူစားနေသော အစားအစာများမှာလည်း သူတို့နေ့စဉ်စားနေကြသည့် အစားအစာများနှင့် အတူတူပင်ဖြစ်သည်။ သူ့အိပ်ရာမှာလည်း အလုပ်သမားများ၏

အိပ်ရာနှင့် တစ်ထပ်တည်းဖြစ်၏။ သူသည် အလုပ်သမားများထဲမှ အလုပ်သမား တစ်ဦးလိုဖြစ်သွားခဲ့ပြီ။ သို့ဆိုလျှင် သူသည် သူတို့အား ဘုရားသခင်၏ ဓမ္မ လောက နယ်ပယ်အတွင်းသို့ ခေါ်နှိုင်ခွင့်ရှိပြီ မဟုတ်ပါလား။

(၁၃)

ချာဘွန်နိတ်ဘယ်လ်ဂျစ် ကျောက်မီးသွေးကုမ္ပဏီ မန်နေဂျာသည် ဝပ်စ်မက်မြို့ပြင်ဘက် ဆင်ခြေဖုံး ဒေသတွင်းရှိ ကျောက်မီးသွေးတွင်း လေးတွင်းကို စီမံအုပ်ချုပ်ရသူဖြစ်သည်။ ဗင်းဆင့်သည် မန်နေဂျာဖြစ်သူအား တစ်ဖက်စီးနင်း ပြုမူတတ်သည့် လူတစ်ယောက်ဖြစ်လိမ့်မည်ဟု ခန့်မှန်းထားခဲ့၏။ သို့သော်လည်း လူချင်းဆုံမိသည့်အခါ သူထင်ထားသည့်အတိုင်း မဟုတ်ကြောင်း တွေ့နေရသည်။

မန်နေဂျာသည် ဝဝတုတ်တုတ် လူတစ်ယောက်ဖြစ်၍ လူပုံက ထယ်ဝါ ခန့်ငြားသော်လည်း လူဆိုးတစ်ယောက်မဟုတ်ပေ။ တစ်ဖက်သားအပေါ် နှိုင့်ထက်စီးနင်းပြုကာ အပေါ်စီးနှင့် ဆက်ဆံတတ်သူလည်း မဟုတ်ပေ။ သူသည် ကြင်နာတတ်သော ကိုယ်ချင်းစာတတ်သော သဘောထားရှိသည့် လူတစ်ယောက် ဖြစ်လေသည်။

"ကျွန်တော်သိပါတယ် မွန်စီယာ ဗင်ဂိုး" ဟု သူက ဗင်းဆင့်ပြောပြ သွားသည့် အလုပ်သမားများ၏ ဆင်းရဲဒုက္ခများအကြောင်းကို တလေးတစား နားထောင်အပြီးတွင် ပြန်ပြောသည်။ "အခုကြားရတာဟာ အရင်က သိဖူးကြားဖူး ခဲ့တဲ့ ဇာတ်လမ်းဟောင်းတစ်ခုပါပဲ။ လူတွေက ကျွန်တော်တို့ အမြတ်တွေများများ ရချင်လို့ အလုပ်သမားတွေကို လုပ်ခလေးနည်းနည်းပဲပေးပြီး မတရားခိုင်းစား နေကြတယ်လို့ထင်နေကြတယ်။ ဒါပေမယ့် ကျွန်တော်ပြောတာကိုယုံပါ မွန်စီယာ ဗင်ဂိုး၊ အဲဒီအထင်ဟာ မမှန်ပါဘူး။ အခု ကျွန်တော် ခင်ဗျားကို ပါရီမြို့တော်က နှိုင်ငံတကာ သတ္တုတွင်းများ ဗျူရိုအဖွဲ့မှာထားတဲ့ စာရင်းဇယားတချို့ကို ပြခွင့် ပြုပါ"

သူသည် စာရင်းဇယားကြီးတစ်ချပ်ကို စားပွဲပေါ်သို့ ချခင်းသည်။ ဇယား၏ အောက်ခြေဖက်ရှိ အပြာရောင်မျဉ်းကြောင်းတစ်ကြောင်းကို လက်နှင့် ထောက်ပြသည်။

"ဒီဟာကိုကြည့်ပါ မွန်စီယာ" ဟု သူကပြောသည်။ "ဘယ်လ်ဂျီယံသတ္တုတွင်းတွေဟာ ကမ္ဘာပေါ်မှာ အဆင်းရဲဆုံးပါ။ ကျောက်မီးသွေးဟာ ကမ္ဘာ့စျေးကွက်ထဲမှာ အမြတ်များများရအောင် ရောင်းဖို့ဆိုတာ မဖြစ်နိုင်တဲ့အခြေအနေမှာရှိနေပါတယ်။ ကျွန်တော်တို့ရဲ့ ထုတ်လုပ်မှုကုန်ကျစရိတ်ဟာ ဥရောပတစ်လွှားမှာ အမြင့်ဆုံးဖြစ်နေပါတယ်။ ဒါကြောင့်မို့လဲ အမြတ်ရတဲ့နေရာမှာ အနိမ့်ဆုံးဖြစ်နေတာပါ။ ခင်ဗျားလဲသဘောပေါက်နိုင်လိမ့်မယ်လို့ ကျွန်တော်ထင်ပါတယ်။ ထုတ်လုပ်မှုစရိတ်အကုန်အကျနည်းတဲ့ ကုမ္ပဏီတွေက ရောင်းနေတဲ့စျေးနှုန်းထက် ကျွန်တော်တို့က ပိုတင်ပြီး ရောင်းလို့ကလည်း မဖြစ်နိုင်ပါဘူး။ လက်ရှိအခြေအနေအရ ကျွန်တော်တို့ဟာ ဒေဝလီခံရမဲ့ လမ်းကြောင်းပေါ်ကို တက်ရလုနီးပါးဖြစ်. . ဖြစ်သွားနေလို့ ရင်တမမဖြစ်နေ ကြရပါတယ်။ ကျွန်တော်ပြောတာ သဘောပေါက်ပါသလား"

"ပေါက်ပါတယ်"

"အကယ်၍ ကျွန်တော်တို့က အလုပ်သမားတွေရဲ့ တစ်နေ့လုပ်ခကို တစ်ဖရန့်တိုးပေးလိုက်တယ်ဆိုပါတော့ . . . . ကျွန်တော်တို့ရဲ့ ထုတ်လုပ်မှုစရိတ်ဟာ တက်သွားမှာပါ။ ဒါဆိုရင် စျေးကွက်မှာ လက်ရှိရောင်းတဲ့ ပေါက်စျေးထက် ပိုပြီးတင် ရောင်းရတော့မှာပါ။ အဲသလိုဖြစ်သွားရင် ကျွန်တော်တို့ ကျောက်မီးသွေးကို ဘယ်သူကမှ ဝယ်မှာမဟုတ်တော့ပါဘူး။ ဝယ်သူမရှိတော့ရင် ဒီတွင်းတွေကို ပိတ်ထားလိုက်ရတော့မှာပါ။ တွင်းတွေပိတ်လိုက်ရင် သူတို့အားလုံး အလုပ်လက်မဲ့ဖြစ်ပြီး ငတ်သေကြရမှာပါပဲ"

"ပိုင်ရှင်တွေအနေနဲ့ အခုလက်ရှိရနေတဲ့ အမြတ်ထက် လျှော့ယူလိုက်မယ်ဆိုရင်ကော မဖြစ်နိုင်ဘူးလား၊ သူတို့က အဲသလို လျှော့ယူလိုက်ရင် အလုပ်သမားတွေရဲ့ လုပ်ခကို တိုးပေးနိုင်မဲ့ငွေတော့ ထွက်လာနိုင်တာပဲ"

မန်နေဂျာက ခေါင်းခါသည်။ "မဖြစ်နိုင်ပါဘူး မွန်စီယာ။ ကျောက်မီးသွေးထုတ်လုပ်မှုလုပ်ငန်းကို ဘယ်လိုလုပ်ကိုင်နေကြရတယ်ဆိုတာ မွန်စီယာ သိပါသလား။ အဓိက အရင်းအနှီးပါ။ တခြားစက်မှုလုပ်ငန်းတွေမှာလိုပဲ အရင်းအနှီးရှိရပါမယ်။ အရင်းအနှီးရှိလာရင် အဲဒီအရင်းအနှီးအတွက် အမြတ်ငွေဆိုတာ ရှိရမှာပါ။အမြတ်မရှိရင် အရင်းအနှီးဟာ အမြတ်ရှိတဲ့ နေရာကို သွားမှာပါ။

"ကျွန်တော်တို့ ချာဘွန်နိတ်ဘယ်လ်ဂျစ်ကုမ္ပဏီအနေနဲ့ စတော့အစုရှယ်ယာဝင်တွေအတွက် ဒီနေ့ပေးနေတဲ့ နှစ်တိုးအမြတ်ငွေဟာ သုံးရာခိုင်နှုန်းပဲရှိပါတယ်။ တကယ်လို့ အဲဒီသုံးရာခိုင်နှုန်းကို တစ်ဝက်ထပ်လျှော့လိုက်ရင်

အစုရှယ်ယာရှင်တွေအားလုံးက သူတို့ငွေတွေကို ပြန်ထုတ်သွားကြမှာ သေချာနေပါတယ်။

"သူတို့က အဲသလို လုပ်လိုက်ရင်လည်း ကျောက်မီးသွေးတွင်းတွေကို ပိတ်ရမှာပါပဲ။ ဘာ့ကြောင့်လည်းဆိုတော့ အရင်းအနှီးမရှိပဲ ဘာအလုပ်မှ လုပ်လို့မရလို့ပါ။ အဲသလိုဖြစ်ပြန်တော့လဲ အလုပ်သမားတွေမှာ ငတ်ကြရဦးမှာပဲ။ အဲဒီတော့ မွန်စီယာသိတဲ့အတိုင်းပါပဲ။ ဘိုရင်းနိတ်နယ်ထဲမှာ ကြောက်စရာကောင်းလောက်အောင် ဆိုးဝါးတဲ့ ဒီအခြေအနေကြီးကို ပေါ်ပေါက်လာအောင် ဖန်တီးတာဟာ ကုမ္ပဏီပိုင်ရှင်တွေလဲမဟုတ်ပါဘူး။ မန်နေဂျာတွေလဲ မဟုတ်ပါဘူး။ ကျေနပ်အားရစရာမရှိတဲ့ မကောင်းတဲ့အခြေအနေပါ။ ကျွန်တော်နားလည်သလိုပြောရမယ်ဆိုရင်တော့ ဒီအခြေအနေအတွက် ကျွန်တော်တို့ အပြစ်တင်ရမဲ့ပုဂ္ဂိုလ်ဟာ ဘုရားသခင်ပါဘဲ"

ဘုရားသခင်အား စော်ကားလိုက်သည့်စကားသည် ဗင်းဆင့်အား တုန်လှုပ်ချောက်ခြားစေနိုင်လောက်၏။ သို့သော်လည်း ဗင်းဆင့်၏ စိတ်ထဲတွင် ဘယ်လိုမှ ခံစားရခြင်းမရှိ။ သူသည် မန်နေဂျာပြောသွားသည့်စကားများကိုသာ အပြန်အလှန်ဆင်ခြင်စဉ်းစားနေသည်။

"ဒါပေမယ့် ကျွန်တော်ကတော့ ခင်ဗျားတို့ဘက်က အနည်းဆုံးတစ်ခုလောက်တော့ လုပ်ပေးနိုင်လိမ့်မယ်လို့ ထင်တာပဲ။ အထူးသဖြင့် တစ်နေ့ကို အလုပ်ချိန် ဆယ့်သုံးနာရီဆိုတာ များလွန်းပါတယ်။ အဲဒီအလုပ်ချိန်ဟာ တစ်ရွာလုံးကိုသတ်မဲ့ သဘောရှိနေပါတယ်"

"ဒါလဲပဲ မဖြစ်နိုင်ပါဘူး မွန်စီယာ။ ကျွန်တော်တို့ဖက်က အလုပ်ချိန်ကို လျှော့မပေးနိုင်ပါဘူး။ ဘာပြုလို့လည်းဆိုတော့အလုပ်ချိန်ကို လျှော့ချလိုက်ခြင်းဟာ သူတို့ရဲ့လုပ်ခကို တိုးပေးသလိုဖြစ်သွား မှာပါ။ သဘောကတော့ကျောက်မီးသွေးတစ်တန်ရဲ့ ထုတ်လုပ်မှုစရိတ်ငွေ တန်ဘိုးကို တိုးလိုက်သလိုဖြစ်သွားမှာပါ"

"ဒီလိုဆိုရင်လဲ ခင်ဗျားတို့ဘက်က သေချာပေါက်လုပ်ပေးနိုင်တာတစ်ခုကတော့ရှိနေပါသေးတယ်"

"အလုပ်ခွင်မှာ ဘေးအန္တရာယ်များနေတဲ့ ကိစ္စကိုပြောမလို့မဟုတ်လား"

"ဟုတ်ပါတယ်၊ အနည်းဆုံးမတော်တဆ ထိခိုက်ဒဏ်ရာရမှုတွေနဲ့ အသက်ဆုံးရှုံးမှုတွေ လျှော့နည်းသွားနိုင်တာပေါ့"

မန်နေဂျာသည် ခေါင်းကို ဖြည်းညှင်းစွာ ယမ်းသည်။ "အဲဒါလည်း လုပ်မပေးနိုင်ပါဘူး မွန်စီယာ" ဟုပြောသည်။ "လက်ရှိအနေအထားအရ

ကျွန်တော်တို့ရဲ့ စတော့အစုရှယ်ယာတွေကို စျေးကွက်မှာ တွင်ကျယ်အောင် မရောင်းနိုင်ပဲဖြစ်နေပါတယ်။ ကျွန်တော်တို့ပေးတဲ့ နှစ်တိုးအမြတ်ငွေက သိပ်ပြီး နည်းနေတဲ့အတွက် အဝယ်မလိုက်ပဲဖြစ်နေပါတယ်။ ပြီးတော့လည်း လုပ်ငန်းခွင်ရဲ့တိုးတက်ပြောင်းလဲမှုတွေအတွက် အရင်းအနှီးထပ်မြှုပ်ဖို့ အမြတ် ငွေထဲက ပိုငွေထွက်မလာပဲဖြစ်နေပါတယ်။

"ဟာ ပြောရမယ်ဆိုရင် အများကြီးပါပဲ။ ဂျာအေးသူ့အမေ ရိုက်ဆိုတာ မျိုးလို ဖြစ်နေတဲ့ပြဿနာဆိုတော့ ဖြေရှင်းဖို့မျှော်လင့်ချက်မရှိ သလောက်ဖြစ်နေ တာပါ။ ကျွန်တော်ဟာ ဒီပြဿနာကိုစဉ်းစားခဲ့တာရော၊ ရင်ဆိုင်ဖြေရှင်းခဲ့တာ ရောအကြိမ်ပေါင်းထောင်နဲ့ချီပြီးရှိခဲ့ပါပြီ။ ဒါ့ကြောင့်မို့လည်း တစ်ချိန်က အင်မတန်အစွဲအလန်းကြီးပြီး သစ္စာကြီးခဲ့တဲ့ ကက်သလစ်ဘာသာဝင် ကျွန်တော် ဟာဘုရားသခင်ဆိုတာ မရှိဘူးဆိုတဲ့ ဝါဒီသမားဘဝကို ရောက်သွားခဲ့ရတာပေါ့။ အခုဆိုရင် ကျွန်တော်ဟာ တိတ္ထိတစ်ယောက်ဖြစ်နေပါပြီ။

"ကောင်းကင်ဘုံမှာရှိနေတဲ့ ဘုရားသခင်ဟာ ဘာ့ကြောင့်များ ဒီလောက်ဆိုးဝါးတဲ့အခြေအနေကို ဖန်တီးထားရတာလဲ။ ဒီလိုအခြေအနေဆိုး ကြီးကို ဘယ်လိုစေတနာ ဘယ်လိုရည်ရွယ်ချက်နဲ့ ဖန်တီးထားတာလဲ။ လူတွေ အားလုံးကို ကျွန်တော့အဖြစ်နဲ့ ရာစုနှစ်ပေါင်းများစွာ ဆင်းရဲတွင်းကြီးထဲမှာ နစ်နေ အောင် ဘာ့ကြောင့်လုပ်ထားရတာလဲ။ အဲ့ဒီအတွေးတွေဟာ ကျွန်တော့်စိတ်ကို အများကြီး ဒုက္ခပေးခဲ့ပါတယ် မွန်စီယာ"

ဗင်းဆင့်သည် မန်နေဂျာအား နောက်ထပ်ဘာပြန်ပြောရမှန်းမသိ။ ပြောစရာ စကားများကို စဉ်းစားရှာဖွေပါသော်လည်းမရ။ သူသည် တွေတွေ ဝေဝေ ငေးငေးမောမောစိတ်ဖြင့် သူ့အိမ်သို့ပြန်လာခဲ့လေ၏။

နှစ်စဉ်နှစ်တိုင်းပင် ဖေဖော်ဝါရီလသည် အဆိုးဆုံးသောလဖြစ်၏။ ပြင်းထန်သော လေသည် တောင်ကြားနှင့်တောင်ထိပ်များထက်မှ ကြမ်းတမ်းစွာ ဝှေ့ယမ်းတိုက်ခတ်လျက်ရှိသဖြင့် လမ်းများပေါ်၌ လမ်းလျှောက်ရသည်မှာ ခက်ခဲ လှချေသည်။ ဤလထဲရောက်တိုင်း အလုပ်သမားတဲများသည် ကျောက်မီးသွေး များများရဖို့ လိုအပ်လာသည်။ သို့သော်လည်း အလွန်အမင်း အေးမြသော

လေသည် အမြဲမပြတ်တိုက်ခတ်လျက်ရှိသည်ဖြစ်ရာ အိမ်ရှင်မများသည် အပြင်သို့ထွက်၍ ကျောက်မီးသွေးအမှုက်ပုံတောင်ကြီးများပေါ်သို့ မတက်နိုင်ကြတော့ပေ။ အိမ်ထဲရှိ မိသားစုအတွက် အနွေးဓာတ်များများနှင့်မှန်မှန်ရရှိရေးအတွက် ကျောက်မီးသွေး အလုံအလောက်ရှိနေဖို့ လိုအပ်ချိန်ကျခါမှ ကျောက်မီးသွေးထွက်မကောက်နိုင်သည့် အဖြစ်ဆိုးနှင့် ရင်ဆိုင်ကြရခြင်းဖြစ်လေသည်။

အေးမြသော လေဒဏ်ကိုခုခံကာကွယ်နိုင်ရန်အတွက် သူတို့တွင်ရှိနေသည့် ဖျင်ကြမ်းအင်္ကျီဘောင်းဘီများ၊ စကပ်များ၊ ဘလောက်စ်အင်္ကျီများ၊ ခြေအိတ်များ၊ မာဖလာများနှင့်ခေါင်းစည်းများကိုသာ အားပြု၍နေကြရ၏။ ကလေးများသည် နေ့စဉ် နေ့ရောညပါအိပ်ရာထဲမှ မထွက်နိုင်။ ရေခဲပြီး အသက်ဆုံးရှုံးရမည်ကို စိုးရိမ်၍ဖြစ်သည်။

ဤလအတွင်း ကျောက်မီးသွေးမရှိ၍ အစားအစာချက်ပြုတ်စားသောက်ခြင်း မပြုနိုင်သည့်ရက်များနှင့်လည်း ကြုံကြရ၏။ အလုပ်သမားများသည် ကြောက်မက်ဖွယ်ကောင်းလောက်အောင် အေးစက်နေသည့် လမ်းများပေါ်လျှောက်ကာ အလုပ်ခွင်သို့ ဝင်ကြရ၏။ အပူချိန် သုညအောက်ရောက်နေသော ဤလတွင် အအေးမိသောရောဂါကြောင့် နေ့စဉ်နေ့တိုင်း လောက်နီးပါးမျှ အသေအပျောက်ရှိနေ၏။ ဤလအတွင်း ဗင်းဆင့်သည် အသုဘအခမ်းအနားများစွာကို တက်ရောက်ကာ ဆုတောင်းမေတ္တာပို့သမှုများ ပြုလုပ်ခဲ့ရလေသည်။

ဤလအတွင်းသူသည် ကလေးများအား စာသင်ပေးသည့်အလုပ်ကို ရပ်ဆိုင်းထား၏။ သူသည် သူ၏အားလပ်ချိန်များတွင် မာကပ်ဆီတောင်များပေါ်သို့တက်ကာ ကျောက်မီးသွေးများ ရှာဖွေစုဆောင်းသည်။ ရသမျှကို ဆာလာအိတ်များတွင် ထည့်ပြီး အအေးဒဏ်ကို အဆိုးဆုံးခံနေရသည့် မိသားစုများထံသွား၍ ဝေငှပေးသည်။ ယခုအခါတွင် သူသည် သူ့မျက်နှာ၌ပေရေစွန်းထင်းနေသော ကျောက်မီးသွေးအမဲစွန်း၊ အမဲကွက်များကို ပြောင်စင်အောင် ဆေးကြောသုတ်သင်ခြင်းမပြုတော့ပေ။ သူ့တွင် ကျောက်မီးသွေးတွင်းတူးအလုပ်သမား အမှတ်တံဆိပ်ရှိနေပြီဖြစ်ရာ ပီတစ်ဝပ်စ်မက်ရွာသို့ ရောက်လာသောလူစိမ်းတစ်ယောက်သည် သူ့ကိုမြင်လျှင် ကျောက်မီးသွေးအလုပ်သမားတစ်ယောက်ဟု ထင်ကြပေလိမ့်မည်။

သူ့အနေဖြင့် ပိရမစ်တောင်ကြီးများပေါ်သို့ အတက်အဆင်းလုပ်ရ

သည်မှာ မလွယ်ပေ။ ပို၍ခက်ခဲသည့်အလုပ်မှာ အမှိုက်သရိုက်များနှင့် အဖြူးများကြားမှ ကျောက်မီးသွေးများကို ရှာဖွေကောက်ယူရသည့် အလုပ်ဖြစ်၏။ ကျောက်မီးသွေးများမှာ ယခင်ကလို ပေါပေါများများ မဟုတ်သဖြင့် အိတ်တစ်လုံး ခန့်ရရှိရေးအတွက် အနည်းဆုံး သုံးလေးငါးတောင်မျှ တက်ရသည်ဖြစ်ရာ များစွာမှပင် ခက်ခဲပင်ပန်းလှချေသည်။

အအေးဒဏ်ခံထားရ၍ ပြာနှမ်းထုံကျင်နေသော လက်ချောင်းများသည် ဆီးနှင်းများဖုံးအုပ်နေသည့် ကျောက်တုံးကျောက်ခဲများနှင့် ထိုးမိထိမိသည့် အခါတိုင်း ဒဏ်ရာအနာတရရရှိကာ နာကျင်မှုဝေဒနာကို ပြင်းစွာခံရ၏။ သို့သော်လည်း ဗင်းဆင့်သည် သူလုပ်မည်ဟု အခိုင်အမာဆုံးဖြတ်ထားပြီးသော အလုပ်ကို နောက်မဆုတ်တန်းလုပ်လျက်ပင် ရှိလေသည်။

ညနေလေးနာရီထိုးတွင် သူသည် ကျောက်မီးသွေးကောက်ယူသည့် အလုပ်ကိုရပ်သည်။ သူရရှိထားသော ကျောက်မီးသွေးအိတ်ကို ထမ်းကာ ရွာထဲသို့ သွားသည်။ ဒုက္ခအရောက်ဆုံးဖြစ်နေသည့် မိသားစုများထဲ တစ်အိမ်တက်ဆင်း ဝင်ကာ ကျောက်မီးသွေးများကို ဝေငှပေးသည်။ ပင်ပန်းကြီးစွာ အလုပ်လုပ်ပြီး ပြန်လာရရှာသော လင်ယောကျ်ားအား သူပေးထားသည့် ကျောက်မီးသွေးဖြင့် ရေနွေးကပြာကရာတည်ကာ ကော်ဖီလေးတစ်ခွက်တစ်ဖလား ဖျော်၍တိုက်နိုင် စေရန် စောစောစီးစီးသွား၍ ပို့ပေးထားခြင်းဖြစ်လေသည်။

အလုပ်သိမ်းချိန်တွင်မူ သူသည် အလုပ်သမားများထွက်လာမည့် ဂိတ်တံခါးဝမှရပ်၍ ကြည့်နေလေ့ရှိသည်။ အချို့သော အလုပ်သမားများသည် သူ့ကိုချက်ခြင်းမှတ်မိကာ လှမ်း၍နှုတ်ဆက်ကြသည်။ အများစုကမူ လက်များကို အင်္ကျီအိတ်ကပ်များတွင်နှိုက်ကာ ဦးခေါင်းများကိုငုံ့၍ ခပ်သုတ်သုတ်လျှောက်သွားလေ့ရှိကြ၏။

နောက်ဆုံးမှ ထွက်လာသူမှာ အရပ်ပုပု ပိန်ချောက်ချောက် အဖိုးအို တစ်ဦးဖြစ်သည်။ အဆက်မပြတ်ဆိုးလာနေသော ချောင်းခြောက်ကြီးကြောင့် လမ်းပင်ကောင်းစွာမလျှောက်နိုင်။ တစ်ကိုယ်လုံး ကတုံကရိဖြစ်လျက်ရှိ၏။ ဒူးနှစ်ဖက်သည် တဆတ်ဆတ်တုန်လျက်ရှိ၏။ သူသည် ရေခဲပြင်ပေါ်သို့ မှောက်လျက်လဲကျတော့မည့်အနေအထား၌ရှိနေသဖြင့် သူ့ကိုယ်သူ ထိန်းကာ အတန်ကြာမျှရပ်နေသည်။

ထို့နောက် သူ့ကိုယ်သူအားတင်းကာ ဆက်လျှောက်သည်။ သူ့ကိုယ် တွင်ပတ်ထားသည့် ဖျင်ကြမ်းအစမှာ ကျုံအိတ်ဟောင်းတစ်လုံးဖြစ်သည်။

အိတ်ပေါ်၌ရိုက်နှိပ်ထားသည့်တံဆိပ်နှင့်စာတမ်းကိုပင်မြင်နေရ၏။ ဗင်းဆင့်သည် အဖိုးအို၏အဖြစ်ကိုကြည့်ကာ စိတ်မကောင်းဖြစ်နေမိလေ၏။

ဗင်းဆင့်သည် သူတဲသို့ ပြန်ရောက်သည်နှင့်တပြိုင်နက် သူပိုင် အကျီဘောင်းဘီစသည့် အဝတ်အစားများကို အိပ်ရာပေါ်သို့ ဖြန့်ချသည်။ ရှပ်အင်္ကျီငါးထည်၊ ဝတ်စုံသုံးစုံနှင့် ကုတ်အင်္ကျီတစ်ထည်ရှိ၏။ ယင်းအထဲမှ ရှပ်အင်္ကျီတစ်ထည်၊ ခြေအိတ်တစ်စုံနှင့် အတွင်းခံဝတ်စုံတစ်စုံတို့ကို ခ ျန်ကာ ကျန်ပစ္စည်း များကို လက်ဆွဲသေတ္တာထဲထည့်သည်။

ဝတ်စုံတစ်စုံကို ဂျုံအိတ်ခြုံထားရသည့် အဖိုးအိုအား မေးလိုက်သည်။ အတွင်းခံစွပ်ကျယ်နှင့် ရှပ်အင်္ကျီများကို ကလေးများအားပေးသည်။ သူတို့နှင့် တော်အောင် ပြင်ချုပ်ပေးဖို့လည်းမှာသည်။ ခြေအိတ်များကိုမူ နာဖျားမကျန်း ဖြစ်နေသူများအား ဝေငှပေးသည်။ ကုတ်အင်္ကျီကိုမူ မကြာသေးခင်က တွင်းပြို၍ သေဆုံးသွားခဲ့ရသော အလုပ်သမားတစ်ယောက်၏ဇနီး ကိုယ်ဝန်သည် မုဆိုးမ အားပေးလိုက်သည်။ ဤမိန်းမသည် သူ့ကလေးနှစ်ယောက်အား ဆက်လက် စောင့်ရှောက်ရေးအတွက် သူ့ယောကျ်ား၏နေရာ၌ လူစားဝင်ကာ အလုပ်လုပ် နေရရှာသူတစ်ဦးမဟုတ်ပါလား။

ဗင်းဆင့်သည် သူ၏ဘုရားရှိခိုးကျောင်းဖြစ်သည့် ဆလွန်ဒူဘီဘီဂေဟာ အား ရက်အကန့်အသတ်မရှိ ပိတ်ထားလိုက်သည်။ သူ့အနေဖြင့် ဤမျှလောက် ရာသီဥတု ဆိုးဝါးသော အချိန်ကာလတွင် အိမ်ရှင်မများအား အပြင်သို့ မထွက် စေချင်။ တရားနာဖို့ ကိစ္စတစ်ခုတည်းကို အကြောင်းပြု၍ အပြင်သို့ ထွက်ပါ ကလည်း အအေးမိကာ ဖျားနာကုန်ကြဖို့သာရှိ၏။

ဗင်းဆင့်သည် တရားဟောသည့်အလုပ်ကို တစ်အိမ်ဝင်တစ်အိမ်ထွက် သွား၍ လုပ်မည်ဟု ဆုံးဖြတ်လိုက်သည်။ သို့တစေတည်း သူစီစဉ်ထားသည့် အတိုင်း တစ်အိမ်ဝင်တစ်အိမ်ထွက်တော့ရောက်ပါ၏။ တရားဟောပြောနိုင်ခွင့် ကိုကား မရခဲ့ပေ။ တရားဟောပြောခြင်းထက် လူနာများအား ဆေးကုရခြင်း၊ ပြုစုရခြင်း၊ ရေပတ်တိုက်ပေးရခြင်း စသည့် ဗဟိရအလုပ်များဖြင့်သာ အချိန် ကုန်နေရ၏။ ကြာတော့လည်း သူ၏သမ္မာကျမ်းစာ စာအုပ်ကိုပင် မယူတော့ပဲ အိမ်၌ ထားခဲ့သည်။ အကယ်၍ ယူသွားပါကလည်း စာအုပ်ကို ဖတ်နိုင်ဖို့ဝေးစွ၊ ဖွင့်၍ကြည့်ဖို့ပင် အချိန်မရပေ။ ဘုရားသခင်စကားသည် ကျောက်မီးသွေး တွင်းတူးအလုပ်သမားများ မတတ်နိုင်သည့် ဇိမ်ခံပစ္စည်းတစ်ခုဖြစ်သွားခဲ့ရလေပြီ။

မတ်လထဲရောက်သည့်အခါ အအေးပေါ်လာသည်။ သို့သော်လည်း

'အအေး' နေရာတွင် 'အဖျားအနာရောဂါများ' ဝင်ရောက်နေရာယူလာပြန်၏။ ဗင်းဆင့်သည် သူ၏ဖေဖော်ဝါရီလစာထဲမှ ကျန်ခဲ့သည့် ဖရန့်ငွေလေးဆယ်ကို ဖျားနာနေသူများအတွက် အစားအသောက်နှင့်ဆေးဝါးများဝယ်ပေးခဲ့ရသဖြင့် သူ့အတွက် အစားအသောက်ဝယ်စရာပင် မကျန်တော့ပေ။ ဤသို့ဖြင့် သူကိုယ်တိုင်ပင် ငတ်မွတ်ခြင်းဒဏ်ကို ခံလာရလေ၏။ အစားမစားရသဖြင့် ဗင်းဆင့်သည် ပိန်ခဲ့ုးလာသည်။ သူ့မျက်လုံးများသည် မျက်လုံးအိမ်အတွင်းသို့ ချိုင့်ဝင်နေကြသည်။ ယခင်ကလို အအေးဒဏ်ကို ခံနိုင်ရည်မရှိဖြစ်ကာ မကြာခဏ အဖျားဝင်နေတတ်၏။ ဖျားနေသော်လည်း သူသည်အငြိမ်မနေ၊ သူကိုယ့်သူ စိတ်အားတင်းကာ သွားစရာရှိသမျှကိုသွား၍ လုပ်စရာရှိသမျှကို မနားမနေလုပ်လျက်ပင်ရှိ၏။ ပါးများသည်လည်း ခွက်ဝင်လာကြသည်။

ထိုအတောအတွင်းမှာပင် ဒီကရပ်၏အကြီးဆုံးကလေးတွင် တိုက်ဖွိုက်ရောဂါဖြစ်လာသည်။ ဤတွင် မိသားစုကြား၌ အိပ်စရာနေရာ အခက် အခဲသည် ကြီးမားလာခဲ့၏။ တဲထဲတွင် အိပ်ရာမှာ နှစ်ခုမျှသာရှိ၏။ မိဘနှစ်ပါးက တစ်ခု၊ ကလေးသုံးယောက်ကတစ်ခုဖြစ်သည်။ ယခုအချိန်တွင် ကလေး သုံးယောက်ကို အတူတူတွဲ၍ သိပ်မည်ဆိုပါက တိုက်ဖွိုက်ဖြစ်နေသော ကလေး ထံမှ ရောဂါသည် ကျန်ကလေးနှစ်ဦးအား ကူးစက်လိမ့်မည်မှာမလွဲပေ။

ရောဂါကူးမည်စိုး၍ ကလေးနှစ်ယောက်အား ကြမ်းပေါ်၌ သိပ်ပါက လည်း သူတို့တွင် နမိုးရီးယားရောဂါဖြစ်လာမည်မှာ သေချာသလောက်ဖြစ်နေ၏။ အကယ်၍ မိဘများ၏ကုတင်ပေါ်တွင် သူတို့အား သိပ်ပြီးမိဘများက အောက်၌ ဆင်း၍အိပ်ကြမည်ဆိုပါကလည်း မိဘနှစ်ပါးစလုံးနောက်တစ်ရက်တွင် အလုပ်ဆင်းနိုင်ကြလိမ့်မည်မဟုတ်။ ဗင်းဆင့်သည့် အခြေအနေကို ကြည့်ကာ သူဘာလုပ်ပေးရမည်ကို ချက်ခြင်းသိမြင်လာသည်။

ဒီကရပ်အလုပ်မှပြန်လာသည့်အခါ ဗင်းဆင့်က ဆီး၍ပြောသည်။ "ဒီမယ် ဒီကရပ်။ ခင်ဗျားညစာမစားခင် ခဏလောက် ကျွန်တော့်ကို ကူညီပါလား"

ဒီကရပ်မှာ အလွန်ပင်ပန်းနွမ်းနယ်လျက်ရှိသည်။ သူ့ခေါင်းထဲမှ ကိုက်ခဲနာကျင်နေမှုကြောင့် နေလို့ကလည်း သိပ်မကောင်း။ သို့သော်လည်း သူသည် ချက်ခြင်းပင် ဗင်းဆင့်နောက်သို့ ခြေဒရွတ်ဆွဲကာ လိုက်ပါလာခဲ့သည်။ ဗင်းဆင့်၏တဲထဲသို့ ရောက်သည့်အခါ ဗင်းဆင့်သည် သူ့ကုတင်ပေါ်မှ စောင်နှစ်ထည်ကိုယူ၍ တစ်နေရာတွင် တင်ထားလိုက်သည်။

"ကဲ ဒီကရပ်၊ ခင်ဗျားက အဲဒီဖက်က မ။ ကျွန်တော်က ဒီဖက်က မ မယ်။ ဒီကုတင်ကို ခင်ဗျားသားအတွက် ခင်ဗျား အိမ်ကိုသယ်သွားရမှာ"

ဒီကရပ်သည် သူ့နှုတ်ခမ်းကို တင်းကျပ်စွာကိုက်ထားသည်။ "ကျုပ်တို့မှာ ကလေးသုံးယောက်ရှိတယ်" ဟု ပြောသည်။ "တကယ်လို့ပေါ့ဗျာ။ ဘုရားသခင်ရဲ့ဆန္ဒက အခုလိုဖြစ်စေချင်တယ်ဆိုရင် ကျုပ်တို့အနေနဲ့တစ် ယောက်ကို အဆုံးခံနိုင်ရမှာပေါ့။ အခုဟာက တစ်ရွာလုံးကိုပြုစုစောင့်ရှောက် ဖို့အတွက်လူက မွန်စီယာဗင်းဆင့်တစ်ဦးတည်းရှိတာ။ မွန်စီယာဗင်းဆင့် တစ်ယောက် သူ့ကိုယ်သူ သတ်သေတဲ့အဖြစ်ကို ကျုပ်မလိုလားပါဘူး"

ဒီကရပ်သည် တဲထဲမှ နှေးကွေးလေးလံစွာဖြင့် ပြန်ထွက်သွားသည်။ ဗင်းဆင့်သည် တစ်ခဏမျှငိုင်နေသည်။ ထို့နောက် ခုတင်ကို မ၍ သူ့ပခုံးပေါ် တင်သည်။ သူသည် ခုတင်ကိုထမ်းကာ ဒီကရပ်တို့တဲအတွင်းသို့ ဝင်သွားပြီး တစ်နေရာတွင် ချထားပေးသည်။ ညစာစားနေကြသော ဒီကရပ်တို့ လင်မယားသည် ဗင်းဆင့်လုပ်ကိုင်နေပုံကို လှမ်းကြည့်နေကြသည်။ ဗင်းဆင့်ကတော့ ရောဂါဖြစ်နေသော ကလေးအား သူ့ခုတင်ပေါ် သို့ရွှေ့၍ နေရာချထားပေးပြီး ပြုစုပေးနေသည်။

ထိုညတွင် ဗင်းဆင့်သည် ဒင်းနစ္စတို့ အိမ်သို့သွားပြီး ကောက်ရိုးအနည်းငယ်ရနိုင် မရနိုင်မေးသည်။ ဘာလုပ်ဖို့လဲဟုမေးသည့်အခါ သူအိပ်ဖို့ဟု ပြောသည်။ မဒမ်ဒင်းနစ္စမှာမျှားစွာ အံ့အားသင့်နေသည်။ အကြောင်းစုံသိရသည့် အခါတွင်မူ ပိုပြီးစိတ်မကောင်းဖြစ်သည်။

"မဟုတ်သေးပါဘူး မွန်စီယာ ဗင်းဆင့်ရယ်" ဟုပြောသည်။ "ရှင် နေခဲ့တဲ့ အခန်းဟာ အခုထက်ထိ အားနေတုန်းပါ။ ဒီအိမ်ကို ပြန်လာပြီး အဲဒီ အခန်းမှာပဲ နေပါ"

"ကျေးဇူးတင်ပါတယ် မဒမ်ဒင်းနစ္စ၊ ခင်ဗျားဟာ သိပ်ကိုသဘော ကောင်း ပါတယ်။ ဒါပေမယ့် ကျွန်တော်နေလို့ မဖြစ်ပါဘူး"

"ကျွန်မသိပါတယ်၊ ရှင့်အနေနဲ့ ငွေကြေးအတွက် စိတ်ပူနေတာပါ။ ငွေကြေးကိစ္စက အရေးမကြီးပါဘူး။ ဂျင်း ဘက်ပ်တစ္စတီနဲ့ ကျွန်မတို့ လင်မယား ဟာ ချောင်လည်ကြပါတယ်။ ရှင့်အခန်းခမပေးပဲ နေလို့ရပါတယ်။ ကျွန်မတို့ အတွက် မောင်တစ်ယောက်လိုပေါ့။ ရှင်ပြောပြောနေတဲ့အတိုင်းဆိုရင် ဘုရား သခင်ရဲ့သားတွေ သမီးတွေ အားလုံးဟာ ညီအစ်ကိုမောင်နှမတွေ ချည်းပဲဆို"

ဗင်းဆင့်မှာ အေးလွန်းသဖြင့် တစ်ကိုယ်လုံးတုန်နေသည်။ ဆာလည်း

ဆာလှ၏။ ဖျားနေသည်မှာ ရက်ပေါင်းအတော်ကြီးကြာခဲ့ပြီ။ ဝဝလင်လင်မစားရ မသောက်ရသဖြင့် အားအင်ကလည်း နည်းနေသည်။ အိပ်ရေးကလည်း ဝဝလင်လင် မအိပ်ရသည်မှာ ကြာခဲ့ပြီ။ တစ်ရွာလုံးတွင် သူမြင်တွေ့နေရသည့် ဝမ်းနည်းစရာများ၊ ကြေကွဲစရာများနှင့် ဆင်းရဲဒုက္ခများကြောင့် သူစိတ်သည် ရူးမတတ်ခံစားနေရသည်။

ဤအိမ်အပေါ်ထပ်ရှိ အခန်းသည် နွေးထွေး၏။ သန့်ရှင်း နူးညံ့၏။ သူနေမည်ဆိုပါက မဒမ်ဒင်းနစ္စသည် သူ့အား အစားအစာကောင်းများကိုလည်း မကျွေးပဲ နေလိမ့်မည်မဟုတ်။ သူဖျားနေသည်ကိုသိလျှင် ကောင်းစွာပြုစုစောင့်ရှောက်ပေးလိမ့်မည်ဖြစ်၏။ သူ၏ရိုးတွင်းချဉ်ဆီထဲအထိ ဝင်ရောက်တွယ်ကပ်နေသော အအေးဓာတ်သည်ပူနွေးသော အစားအစာများနှင့် အရည်များကြောင့်ထွက်ပြေးလိမ့်မည်ဖြစ်သည်။ အားကလည်းနည်း၊ တစ်ကိုယ်လုံးလည်း တုန်ယင်နေသဖြင့် ကြမ်းပေါ်သို့ လဲကျသွားလေမလားဟုပင် ထင်ရ၏။ သို့သော်လည်း ဗင်းဆင့်သည် အချိန်မီ သူ့ကိုယ်သူပြန်ထိန်းသည်။

ယခုအဖြစ်သည် ဘုရားသခင်၏အပြီးသတ် စမ်းသပ်မှုတစ်ခုဖြစ်ပေလိမ့်မည်။ အကယ်၍ သူသည် စိတ်၏အလိုသို့ လိုက်ပါသွားမည်ဆိုပါက သူစောစောက ကြိုးပမ်းလုပ်ကိုင်ခဲ့သမျှ အရာအားလုံးသည် အချည်းနှီး အလဟဿ ဖြစ်ရပေတော့မည်။

အခုဆိုလျှင် တစ်ရွာလုံးသည် ကြောက်မက်ဖွယ်ကောင်းသည့် ဆင်းရဲဒုက္ခများကို ခါးစည်း၍ခံနေကြရသည်မှာ အမြင့်ဆုံးအဆင့်သို့ပင် ရောက်နေပြီ။ ဤအချိန်ကျခါမှ မိမိသည် မြင့်မြတ်သော အလုပ်ကိုလုပ်နေရာမှ နောက်သို့ ပြန်ဆုတ်ကာ အောက်ခြေသို့ ပြန်ဆင်းရမည်လော။ မိမိ၏သက်သာမှုနှင့် စည်းစိမ်ခံနိုင်မှုတို့အတွက် စက်ဆုပ်ဖွယ်ကောင်းသည့် သတ္တိနည်းသူတစ်ဦး ဘဝသို့ ပြန်လည်ရောက်ရှိသွားရမည်လော။

"ခင်ဗျားရဲ့ စေတနာမေတ္တာကို ဘုရားသခင်ကမြင်ပါတယ် မဒမ်ဒင်းနစ္စ" ဟု ဗင်းဆင့်ကပြောသည်။ "ဒီအတွက် ဘုရားသခင်က ကောင်းမြတ်တဲ့ဆုကို ချီးမြှင့်ပါလိမ့်မယ်။ ဒါပေမယ့် ကျွန်တော်တာဝန်ကျနေတဲ့ လမ်းပေါ်က ဆင်းလာအောင်တော့ သွေးဆောင်လို့မရနိုင်ပါဘူး။ တကယ်လို့ ခင်ဗျားတို့ဆီမှာ ပေးစရာ ကောက်ရိုးမရှိဘူဆိုရင်လည်း ကျွန်တော်မြေကြီးပေါ် မှာပဲ အိပ်ပါတော့မယ်။ တခြားဟာပေးဖို့တော့ မစဉ်းစားကြပါနဲ့၊ ကျွန်တော် လက်မခံနိုင်ပါဘူး ခင်ဗျာ"

ဗင်းဆင့်သည် သူရလာခဲ့သည့် ကောက်ရိုးမျှားကို သူ့တဲ၏ ထောင့်တစ်နေရာတွင် ဖြန့်၍ခင်းလိုက်သည်။ အောက်ခံမြေကြီးသည် စွတ်စိုထိုင်းမှိုင်းလျက်ရှိသော်လည်း သူဂရုမထား။ ထို့နောက် သူခင်းထားသည့် ကောက်ရိုးများပေါ်ကျောခင်းကာ စောင်တစ်ထည်ခြုံလိုက်သည်။ သူသည် တစ်ညလုံးအိပ်၍မရ။

မနက်မိုးလင်းသွားသည့်အခါ သူသည် ချောင်းတဟွတ်ဟွတ်ဆိုးနေပြီဖြစ်၏။ သူ့မျက်လုံးအစုံသည် ကျိန်းစပ်နေကြသည်။ သူ၏အဖျားရောဂါမှာ သက်သာသွားသည်ကို မတွေ့ရ။ မနေ့ကနှင့်စာလျှင် ယနေ့ပိုဆိုးလာသည်ဟုထင်၏။ သူသည် အိပ်ရာထက်မှ အားယူ၍ထကာ မီးဖိုဆီသို့သွားသည်။ ခြင်းထဲတွင် ကျောက်မီးသွေးဟူ၍ တစ်ခဲတလေမျှပင် မမြင်ရ။ နေ့စဉ်နှင့်အမျှ ကျောက်မီးသွေးတောင်များပေါ်တက်ကာ ကျောက်မီးသွေးများရှာဖွေရယူခဲ့သည်ကား မှန်ပါ၏။ သို့သော်လည်း ရသမျှကို သူ့အတွက် လက်တစ်ဆုပ်စာမျှပင်မချန်ပဲ အလုပ်သမားမိသားစုအား ခွဲဝေပေးခဲ့သည်မဟုတ်ပါလား။

အခုသူ့တွင် မီးမွှေးစရာကျောက်မီးသွေးမရှိ။ သူ၏လုပ်ရပ်အတွက် သူ့ကိုယ်သူမှားသည်ဟု မထင်။ ဘယ်သူ့ကိုမှလည်း အပြစ်တင်စရာမလိုဟု သူခံယူထားပြီးဖြစ်၏။ သူသည် ပေါင်မုန့်ခြောက်တစ်လုံးကိုယူ၍ ဖြည်းဖြည်းချင်းကိုက်ကာ မျိုချသည်။ ထို့နောက် သူ၏တစ်နေ့တာ လုပ်ငန်းများကို ဆောင်ရွက်ရန် အပြင်သို့ထွက်လာခဲ့လေ၏။

(၁၅)

မတ်လတွင်းသို့ ဝင်လာခဲ့ပြီးသည့်နောက် ဧပြီလထဲရောက်လာသည့်အခါ ရာသီဥတုအခြေအနေသည် အနည်းငယ်မျှ တိုးတက်ကောင်းမွန်လာခဲ့၏။ ပြင်းထန်စွာ တိုက်ခတ်နေသော လေသည် ပျော်ကွယ်သွားသည်။ အမြဲတစေခပ်စွေစွေ ခပ်စောင်းစောင်း ကျနေသော နေရောင်ခြည်များသည် တည့်တည့်မတ်မတ် ကျရောက်လာသည်။ နောက်ဆုံးတွင် ဆီးနှင်းများ အရည်ပျော်သည့်ရာသီသို့ ဆိုက်ရောက်လာခဲ့လေ၏။

ဆီးနှင်းများ အရည်ပျော်သွားသည့်အခါ အောက်မှ မြေကွက်များပေါ်လာသည်။ မိုးစွေငှက်များ၏ သာယာသော တွန်ကျူးသံများ ကြားလာရသည်။ တောအုပ်များအတွင်းရှိ သက်ကြီးသစ်ပင်အားလုံးသည် ရွက်သစ်များ

အဖူးအညွှန့်များနှင့် အပွင့်များ ထွက်လာကြသည်။ အဖျားအနာရောဂါများသည်လည်း တဖြည်းဖြည်းချင်း ဆုတ်ခွာသွားကြပြီဖြစ်၏။

ပူနွေးသောရာသီသို့ ဝင်လာပြီဖြစ်သဖြင့် အိမ်ရှင်မများသည် အပြင်သို့ လွတ်လပ်စွာ ထွက်လာနိုင်ကြပြီ။ သူတို့သည် မီးသွေးတောင်ကြီးများပေါ်သို့ တက်ကာ အမှိုက်သရိုက် မြေတုံးမြေခဲများကြားမှ ကျောက်မီးသွေးများ ရှာဖွေကောက်ယူခြင်းကို ပြုလုပ်နေကြပြီ။ ချက်ချင်းပင် တဲများအတွင်းရှိ မီးဖိုများမှ မီးတောက်မီးလျှံများကို မြင်တွေ့လာကြရ၏။ ကလေးသူငယ်များသည်လည်း နေ့လည်နေ့ခင်းဘက်တွင် အိပ်ရာပေါ်၌ မနေကြရတော့။ ခြေခင်းလက်ခင်း သာနေပြီဖြစ်သော အပြင်လောကသို့ ထွက်၍ ဆော့ကစားနေကြပြီ။

ဗင်းဆင့်သည် ကလေးများ ကျောင်းကို ပြန်ဖွင့်လိုက်သည်။ သူ၏ ပထမဆုံး ကျင်းပသော တရားပွဲသို့ တစ်ရွာလုံး တက်ရောက်ကြသဖြင့် ပရိသတ်စည်ကားလှ၏။ ကိုယ်စိတ်နှစ်ပါး ဆင်းရဲမှုဒဏ်ကြောင့် မှုန်မှိုင်းရီဝေနေကြသော မျက်လုံးများသည် ပြန်လည်တောက်ပလာကြရုံမျှမက မျက်နှာများတွင် အပြုံးရိပ်များလည်း သန်းလာကြပြီဖြစ်၏။ အားလုံးလိုလိုပင် ဦးခေါင်းများကို ပြန်မော့လာနိုင်ကြပြီဖြစ်ရုံမျှမက သူတို့အချင်းချင်း စကားစမြည်ပါ ပြောလာကြသည်။ ယင်းတို့အထဲမှ သူ့ကိုယ်သူ ကျောင်းစောင့်အဖြစ် မီးဖိုမီးထိုးသမားအဖြစ် သူ့ဖာသာသူ ခန့်ထားလိုက်ပြီဖြစ်သော ဒီကရပ်သည် လူအများကြားတွင် ပြက်လုံးများထုတ်ကာ ရယ်မောပျော်ရွှင်လျက်ရှိလေသည်။

"ကောင်းမွန်သာယာတဲ့ အချိန်တွေဟာ ရောက်လာနေပါပြီ" ဟု ဗင်းဆင့်က သူ၏ တရားဟောစင်မှနေ၍ ဝမ်းသာကြည်နူးစွာဖြင့် ပြောသည်။ "ဘုရားသခင်က ခင်ဗျားတို့ကို စမ်းသပ်ကြည့်ခဲ့တဲ့အခါမှာ ခင်ဗျားတို့ရဲ့ စိတ်ဓာတ်မှန်ကန်မှုကို တွေ့သွားခဲ့ပါပြီ။ ကျွန်တော်တို့အားလုံးရဲ့ အဆိုးဆုံးသော ခံစားမှုတွေဟာ ကျော်လွန်သွားခဲ့ပါပြီ။ ဂျုံတွေဟာ အခင်းထဲမှာ မကြာခင် မှည့်လာကြပါတော့မယ်။ ခင်ဗျားတို့ရဲ့ တစ်နေ့တာ လုပ်ငန်းပြီးဆုံးသွားတဲ့အခါမှာ မိသားစုနဲ့အတူ အိမ်ပြင်ထွက်ထိုင်ပြီး နွေးထွေးတဲ့အရသာကို ခံစားနိုင်ကြပါတော့မယ်။

"ခင်ဗျားတို့ရဲ့ သားကလေး သမီးကလေးတွေဟာလဲ မိုးစွေဒဏ်တွေနောက်ကို ပြေးလိုက်ကြပါတော့မယ်။ တောထဲသွားပြီး စားလို့ရတဲ့ သစ်သီးလေးတွေဘာတွေ ခူးနိုင်ကြပါတော့မယ်။ ဘုရားသခင်ကို မော့ကြည့်ကြပါတော့။ ဘဝထဲမှာ အကောင်းတွေဟာ ခင်ဗျားတို့အတွက် စုဆောင်းပြီး ဖြစ်နေပါပြီ။

"ဘုရားသခင်ဟာ ကြင်နာသနားစိတ်ရှိသူပါ။ တရားမျှတမှုလည်း ရှိသူပါ။ ဘုရားသခင်က ခင်ဗျားတို့ရဲ့ ယုံကြည်မှုနဲ့ နှိုးကြားတက်ကြွမှုတွေအတွက် ဆုမြတ်ဆုကောင်းတွေ ပေးလာမှာပါ။ ဘုရားသခင်အပေါ် ကျေးဇူးစကား ဆိုကြပါ။ အချိန်ကောင်းတွေဟာ လာနေပါပြီ"

အလုပ်သမားများသည် ဘုရားသခင်အား လှိုက်လှဲစွာ ကျေးဇူးစကား ဆိုကြသည်။ ထို့နောက် "မွန်စီယာ ဗင်းဆင့် ပြောတာ မှန်တယ်၊ ကျုပ်တို့ ဒုက္ခ တွေဟာ ကုန်လွန်သွားပြီ။ ဆောင်းဦတုကုန်သွားပြီဆိုတော့ အချိန်ကောင်းတွေ ဟာ ရောက်လာပြီ" ဟု အချင်းချင်း ဝေဖန်ပြောဆိုကြလေသည်။

နောက်ရက်အနည်းငယ်မျှအကြာ ဗင်းဆင့်နှင့် ကလေးသူငယ်များ ကျောက်မီးသွေးတောင်များပေါ် တက်ပြီး မီးသွေးများ ကောက်နေခိုက်တွင် အလံ ထူထားသည့် အဆောက်အဦးဘက်မှမည်းမည်းသဏ္ဌာန်များ အပြေးအလွှား ထွက်လာနေကြသည်ကို မြင်ကြရသည်။

"ဘာဖြစ်လို့ပါလိမ့်" ဟု ဗင်းဆင့်က ရေရွတ်သည်။ "သုံးနာရီတောင် မထိုးသေးဘူး။ ဒီအချိန်ဟာ အလုပ်ဆင်းချိန်မဟုတ်သေးပါဘူး"

"မတော်တဆတစ်ခုခု ဖြစ်နေပြီထင်တယ်" ဟု သူငယ်တစ်ယောက်က ပြောသည်။ "ထိမိခိုက်မိတာတစ်ခုခုဖြစ်ရင် အဲသလိုပဲ လူတွေ ပြေးလွှားကြတာ ကို ကျွန်တော် မြင်ဖူးခဲ့တယ်၊ မြေအောက်မှာ တစ်ခုခု ဖြစ်တာတော့ သေချာ တယ်"

သူတို့သည် မီးသွေးတောင်ပေါ်မှ ကသောကမျှော ဆင်းခဲ့ကြသည်။ မာကပ်ဆီ ကျောက်မီးသွေးတွင်း ပတ်ပတ်လည်တွင် အလုပ်သမားများ ပြေးလွှား နေကြသည်ကို မြင်နေကြရ၏။ သူတို့ အောက်သို့ ရောက်သွားချိန်တွင် ရွာဘက် မှ မိန်းမများသည် လယ်ကွင်းများကိုဖြတ်၍ ကျောက်မီးသွေးတွင်းဘက်သို့ ကလေးများကို ချိကာ လက်ဆွဲ၍ ပြေးသွားနေကြသည်ကို တွေ့ရလေသည်။

ဂိတ်တံခါးဝသို့ ဗင်းဆင့် ရောက်သွားသည့်အခါ ငိုသံနှင့် အော်ဟစ် ပြောဆိုနေသံများ ကြားရသည်။ "တွင်းသစ်ပြုတာ။ . . သူတို့အားလုံး တွင်းပြုတဲ့ အထဲမှာ ပိတ်မိနေကြတယ်"

ဆူဆူညံညံ အသံများကြားစကတည်းက အိပ်ရာထဲ၌ လဲလျောင်းနေ သော ဂျက်ဗာနေးသည် ချောင်းဆိုးလွန်း၍ နေထိုင်မကောင်း ဖြစ်နေသည့်ကြားမှ ထပြေးလာခဲ့သဖြင့် ရောက်နေပြီဖြစ်၏။ ဗင်းဆင့်ကတော့ သူနှင့် ဆုံမိသည်နှင့် တပြိုင်နက် အမောတကော လှမ်းမေးသည်။

"ဘာတဲ့လဲ. . ဘာဖြစ်တာလဲ။ ကျွန်တော့်ကို ပြောပါဦး"

ကျက်ဗာနေးကလည်း ဗင်းဆင့်၏မေးခွန်းကို ချက်ချင်း ပြန်ဖြေသည်။

"ဒီကရုပ်ရဲ့တွင်းပြုလို့တဲ့။ အပြာရောင်မီးတောက်ကလေးတွေနဲ့တွင်းပေါ့။ ခင်ဗျား မှတ်မိတယ်မဟုတ်လား။ ကျွန်တော်ပြောခဲ့သားပဲ။ အခုတော့ ထင်ထားတဲ့အငိုင်း ဖြစ်ကုန်ပြီ"

"လူ ဘယ်နှယောက် ပိတ်မိနေသတဲ့လဲ။ သူတို့ ဆက်သွယ်လို့ကော ရသတဲ့လား"

"အားလုံး တွင်းငယ်အခန်းပေါင်း ဆယ့်နှစ်ခန်းရှိတယ်။ ခင်ဗျား ရောက်ဖူးသားပဲ။ တစ်ခန်းမှာ လူငါးယောက် တာဝန်ကျတယ်"

"သူတို့ကို ကယ်ထုတ်လို့ ရပါဦးမလားဗျာ"

"မပြောတတ်ဘူး၊ ကယ်ဆယ်ရေးအဖွဲ့တစ်ဖွဲ့ ချက်ချင်း လွှတ်ပေးဖို့တော့ ကျွန်တော် စီစဉ်နေတာပဲ"

"အဖွဲ့ထဲမှာ ကျွန်တော့်ကိုပါ ထည့်လိုက်ပါ။ ကျွန်တော်လည်း ကူညီပါရစေ"

"ဟာ ဘယ်ဖြစ်မလဲ၊ ကျွန်တော်ကအတွေ့အကြုံရင့်တဲ့ လူတွေစုရတာ"

ပြောပြောဆိုဆို ကျက်သည် ခြံဝင်းထဲသို့ ပြေးဝင်သွားသည်။

မြင်းဖြူတစ်ကောင်ဆွဲလာသည့် လှည်းတစ်စီးသည် ဂိတ်တံခါးဝပေါက်သို့ ရောက်လာသည်။ လှည်းပေါ်တွင် လူသေမျှားနှင့် ဒဏ်ရာရသူများ တင်လာသည်။ လှည်းသည် အလုပ်သမားတဲမျှားရှိရာဘက်သို့ ဆက်မောင်းသွားသည်။ စောစောက လယ်ကွင်းမျှားပေါ်မှ ဖြတ်ပြေးသွားခဲ့ကြသော အလုပ်သမားများသည် သူတို့မိသားစုများနှင့်အတူ ပြန်လာနေကြသည်။

အချို့မိန်းမများမှာ ငိုယိုနေကြသည်။ အချို့ကတော့ ပြူးတူးကြောင်တောင်ဖြင့် တွေဝေငေးမောလျက်ရှိကြ၏။ ကလေးသူငယ်အချို့မှာလည်း ငိုရှိုက်နေကြပြီ။ အလုပ်ကြပ် ဖိုမင်များသည် သံကုန်ဟစ်၍ အော်ကာ လူခေါ်နေကြသည်။ ကယ်ဆယ်ရေးအဖွဲ့တစ်ဖွဲ့ အမြန်ဆုံး စေလွှတ်နိုင်ရန် လူစုနေကြခြင်းပေတည်း။

ရုတ်တရက် ဆူဆူညံညံအသံများသည် ရပ်သွားသည်။ အလံတင်ထားသည့် အဆောက်အဦးထဲမှ လူအုပ်စုတစ်စု ထွက်လာသည်။ စောင်များဖြင့် ပတ်ထားသည့်အရာများကို သယ်ဆောင်ကာ လှေခါးမှ ဆင်းလာနေကြခြင်းဖြစ်သည်။ လူအားလုံး တိတ်ဆိတ်ငြိမ်သက်ကာ လှမ်းကြည့်နေကြသည်။ ထို့နောက် အော်သံများနှင့် ငိုသံများ ပြန်လည်ထွက်ပေါ်လာပြန်လေသည်။

"အဲဒါ ဘယ်သူတွေလဲ၊ သေကုန်ကြပြီလား။ ။ တစ်ယောက်မှ အသက်မရှင်ဘူးလား။ ။ သေတာ ဘယ်သူတွေလဲ။ နာမည်တွေတော့ ပြောပါဦး။ စောင်တွေအုပ်ထားတာ ဖွင့်ပြပါဦး။ ကျွန်မယောကျ်ားက မြေတွင်းထဲမှာ ပိတ်နေတယ်ဆို။ ကျွန်မတော့ ဒုက္ခပါဘဲ။ ကလေးတွေနဲ့ ဘယ်လိုလုပ်ပြီး နေရမလဲ။ ကျွန်မသားကလေးနှစ်ယောက်လဲ တွင်းထဲမှာ ပိတ်နေသတဲ့။ လုပ်ကြပါဦးရှင်။ ကယ်ကြပါဦး"

လူတစ်အုပ်သည် မြင်းဖြူတပ်လှည်းအနီး၌ ရပ်နေကြသည်။ သူတို့ထဲမှ တစ်ဦးက "အပြင်ဘက်ထွက်ပြီး ကျောက်မီးသွေးပုံနေတဲ့ လူသုံးလေးယောက်ပဲ လွတ်တယ်။ ဒါပေမယ့် သူတို့လဲ မီးလောင်ခံရလို့ ဒဏ်ရာတွေ အကြီးအကျယ် ရကုန်တယ်" ဟု ပြောပြနေသည်။

"အဲဒါ ဘယ်သူတွေလဲ၊ ပြောပါဦး။ ကျွန်မတို့ ကြည့်ပါရစေ။ ပြပါ။ ကျွန်မကလေးတွေလဲ အဲဒီအောက်မှာ ရှိတယ်"

လူတစ်ယောက်က စောင်များကို လှစ်ပြသည်။ မျက်နှာများတွင် မီးလောင်ခံထားရသည့် ကိုးနှစ်ရွယ် မိန်းကလေးနှစ်ယောက်နှင့် ဆယ်နှစ်ရွယ် လူငယ်လေးတစ်ယောက် ဖြစ်သည်။ ကလေးများ၏ မိသားစုများသည် ဝမ်းသာအားရ ဝိုင်းအုံ၍ ကလေးများအား ကြည့်ကြသည်။ ဖွင့်ပြသူက စောင်များကို ပြန်အုပ်ကာ လှည်းကို ဆက်မောင်းခိုင်းသည်။ ဗင်းဆင့်သည် မိသားစုများနှင့် အတူ လှည်းဘေးမှ အပြေးအလွှား လိုက်သွားသည်။

နောက်ဘက်ဆီမှ အော်သံ၊ ဟစ်သံများနှင့် ငိုယိုသံများကို ဗင်းဆင့် ကြားနေရ၏။ အသံများသည် တိုး၍ တိုး၍သာ များပြားလာနေသည်။ သူသည် ပြေးသွားနေရင်းက နောက်သို့ စိုးရိမ်တကြီး လှည့်ကြည့်သည်။ မိုးကုပ်စက်ဝိုင်း ဆီအထိ တန်းစီ၍ တည်ရှိနေကြသော ကျောက်မီးသွေး ပိရမစ်ကြီးများကိုသာ မြင်တွေ့နေရ၏။

ရုတ်တရက် သူ့နှလုံးသားထဲတွင် နာကျည်းစိတ် ဝင်လာသည်။ "ဒီပြဿနာတွေရဲ့ တရားခံဟာ ဒီပိရမစ်မည်းကြီးတွေပဲ" ဟု တွေးလိုက်မိသည်။ "ဟိုး ရှေးခေတ်က အီဂျစ်နိုင်ငံမှာ ပိရမစ်ကြီးတွေ တည်ဆောက်ဖို့အတွက် လူပေါင်းအမြောက်အများကို အတင်းအဓမ္မ ဖမ်းဆီးပြီး ကျွန်ပြုစေခိုင်းခဲ့ကြတယ်။ လူပေါင်းအမြောက်အများဟာ ကျွန်အဖြစ်နဲ့ သေကြေကြေကြ ဘဝတွေ ပျက်ခဲ့ကြရတယ်။ အခုလဲ ဒီကျောက်မီးသွေးပိရမစ်တွေကြောင့် လူတွေ ကျွန်အဖြစ်နဲ့ သေကြေပျက်စီးနေကြရပြန်ပြီ။ ဘာ့ကြောင့်များ ဘုရားသခင်က

ဒီလို လူလူချင်း မတရား နှိပ်စက်တဲ့အလုပ်တွေကို ဖြစ်ပေါ်ခွင့်ပြုနေရတာလဲ။ ဒီဖြစ်ရပ်တွေကို ဘာ့ကြောင့် လျစ်လျူရှုနေတာလဲ”

ကလေးများမှာ မီးလောင်သည့်ဒဏ်ကို သေလုမျောပါးမျှခံထားကြရခြင်းဖြစ်၏။ အရေပြားနှင့် ဆံပင်များမှာ လုံးဝမရှိတော့ပေ။ ဗင်းဆင့်သည် ပထမဆုံး တဲထဲသို့ဝင်ခဲ့ပြီး ဒဏ်ရာရထားသည့်ကလေးကိုကြည့်သည်။ ကလေး၏ အဝတ်အစားများကို ခွာတ်ပစ်လိုက်ပြီးဆီတောင်းသည်။ အိမ်ရှင်မကမဖြစ်စလောက်သာ ရှိနေသည့် ဆီကိုယူလာပြီး ပေးသည်။ သူသည် မီးလောင်ထားသည့်ဒဏ်ရာများကို ဆီလိမ်းပေးသည်။

“ပတ်တီးရှိသလား၊ ပတ်တီး မြန်မြန်ယူခဲ့”

အိမ်ရှင်မသည် သူ့စကားကို နားမလည်သည့်နှယ် ပြုံးတုံးကြောင်တောင်ဖြင့် ကြည့်နေသည်။ ဗင်းဆင့်သည် စိတ်မရှည်နိုင်အောင် ဖြစ်လာသည်။ “ပတ်တီးယူခဲ့ဖို့ ပြောနေတာ မကြားဘူးလား။ ခင်ဗျားကလေးကို သေသွားစေချင်လို့လား”ဟု ဒေါသတကြီး အော်သည်။

“အိမ်မှာ ဘာမှမရှိဘူး” ဟု မိန်းမက ပြန်ပြောသည်။ “အိမ်ထဲမှာ အဝတ်စဆိုလို့ တစ်စမှ မရှိဘူး”

ကလေးထံမှ ညည်းညူသံများ ကြားနေရသည်။ ဗင်းဆင့်သည် သူ့ကုတ်အင်္ကျီကိုချွတ်၍ တစ်နေရာ၌ ချထားလိုက်သည်။ ထို့နောက် ကုတ်အင်္ကျီနှင့် အတွင်းခံအင်္ကျီများကိုချွတ်၍ အပိုင်းပိုင်း ဆွဲဖြဲသည်။ ရလာသည့် အဝတ်များဖြင့် ကလေး၏ ဒဏ်ရာများကို စည်းပေးသည်။ ဒဏ်ရာများမှာ ဦးခေါင်းမှ ခြေဖျားအထိ ရထားခြင်းဖြစ်၍ တစ်ကိုယ်လုံးနီးပါးမျှ စည်းပေးခဲ့ရခြင်းဖြစ်လေသည်။

ထို့နောက် သူသည် ဒုတိယ မိန်းကလေးထံသို့ သွားသည်။ ပထမကလေးနည်းတူပင် ဆီများလိမ်းပေးကာ ပတ်တီးများ စည်းပေးသည်။ တတိယလူနာ သူငယ်ထံ ရောက်သွားသည့်အခါ သူလက်ရှည်အင်္ကျီနှင့် အတွင်းခံအင်္ကျီတို့မှာ တစ်စမျှပင် မကျန်တော့ပေ။ ဆယ်နှစ်သားသူငယ်မှာ ပြင်းထန်သော ဒဏ်ရာများကြောင့် မိန်းမောလျက်ရှိနေလေပြီ။

ဗင်းဆင့်သည် ဘောင်းဘီရှည်ကိုချွတ်၍ ဒူးဖုံးအတွင်းခံများကို ချွတ်လိုက်သည်။ ထို့နောက် ဘောင်းဘီကို ပြန်ဝတ်ပြီး အတွင်းခံများကို ပတ်တီးစများဖြစ်အောင် တစ်စစီ ဆုတ်ဖြဲလိုက်ကာ လူနာ၏ ဒဏ်ရာများကို စည်းပေးသည်။

ကိစ္စပြီးသည်နှင့်တပြိုင်နက် သူသည် ရုပ်အကျီမရှိတော့သဖြင့် ဟောင်းလောင်းဖြစ်နေသော ရင်ပတ်ကို လုံခြုံသွားအောင် ကုတ်အကျီ ကြယ်သီးများကို တပ်လိုက်သည်။ ထို့နောက် မာကပ်ဆီ ကျောက်မီးသွေးတွင်းဆီသို့ ပြန်ပြေးသည်။ သားမယားများ၏ ငိုသံယိုသံများကို အဝေးမှပင် ကြားနေရ၏။

အလုပ်သမားများသည် ဂိတ်ဝ၌ ရုံးစု၊ ရုံးစု ဖြစ်နေကြဆဲ။ အောက်ဖက်မြေပြိုသောတွင်းထဲသို့ တစ်ခါဆင်းလျှင် လူတစ်ယောက်သာ ဆင်းနိုင်၏။ ကယ်ဆယ်ရေးအဖွဲ့သားများအဖို့ အဆင်းလမ်းက အဆမတန် ကျဉ်းနေသဖြင့် ခက်ခဲပင်ပန်းစွာ ဆင်းနေကြရ၏။ ဆင်းသူက ဆင်းနေခိုက်တွင် ကျန်လူစုက ကိုယ့်အလှည့်ရောက်ဖို့ စောင့်နေကြရသည်။ ဗင်းဆင့်သည် စောင့်နေကြသူများထဲမှ လက်ထောက် ဖိုမင် တစ်ယောက်အား လှမ်းမေးသည်။

"အခြေအနေ ဘယ်လိုရှိလဲ၊ ကယ်လို့ရပါဦးမလား"

"အခုလောက်ဆိုရင်တော့ သူတို့ အသက်သေကုန်လောက်ပါပြီ"

"အပြင်ကို သယ်လို့ကော ရပါမလား"

"ကျောက်တုံးတွေအောက်ရောက်သွားကြတာဆိုတော့ အင်း ခပ်ခက်ခက်ဘဲ"

"သူတို့ကို ထုတ်ယူနိုင်ဖို့က ရက် ဘယ်လောက်ကြာမယ် ထင်သလဲ"

"သီတင်းပတ်တွေ အများကြီး ကြာဖို့ရှိတယ်။ လတွေနဲ့ချီပြီး ကြာချင် ကြာလိမ့်မယ်"

"ဟာ. . . ဘာ့ကြောင့် ဒီလောက် ကြာရတာလဲဗျာ"

"အရင်တုန်းက အတွေ့အကြုံအရ အဲသလောက် ကြာတာဘဲ"

"ဒါဆိုရင် သူတို့ကို ပြန်မရနိုင်တော့ဘူးပေါ့"

"အင်း. . . ပေါ့။ ယောကျ်ားကြီးတွေနဲ့ သူငယ်မလေးတွေအားလုံး ငါးဆယ့်ခုနစ်ယောက်တိတိ ရှိတယ်"

"တစ်ယောက်မှ ပြန်မရနိုင်တော့ဘူးလား"

"အင်း. . . ။ သူတို့ကို ဘယ်လိုနည်းနဲ့မှ ထပ်မြင်ရတော့မှာ မဟုတ်ဘူး"

ကယ်ဆယ်ရေးအဖွဲ့ဝင်များသည် နောက်ထပ် သုံးဆယ့်ခြောက်နာရီကြာမျှ တစ်လှည့်စီဆင်း၍ ကယ်ဆယ်နိုင်ရန် ကြိုးပမ်းအားထုတ်လျက်ရှိကြ၏။ မြေပိနေသည့်ထဲ၌ လင်သည်များနှင့် သားသမီးများ ပါဝင်နေသော မိန်းမများသည် အိမ်ပြန်ရန် ဝိုင်း၍ တိုက်တွန်းကြသော်လည်း မရ။ မြေပေါ်မှ စောင့်ကြပ်ကြည့်ရှုနေရသည့် တာဝန်ရှိသူများက မကြာခင် ကယ်ဆယ်၍ ရတော့မည်ဖြစ်ပါ

သည်ဟု ပြောသော်လည်း နားမဝင်။ သူတို့အား လိမ်ပြောနေမှန်း သိနေကြလေသည်။

မြေပြိုရာ၌ ပါမသွားသူများ၏ ဇနီးများသည် ကော်ဖီနှင့် ပေါင်မုန့်များ လာပို့ကြသည်။ မိမိတို့ ခင်ပွန်းနှင့် မိမိတို့ သားသမီးများ ပါသွားကြသူများကတော့ အစားအသောက်များကို လက်ဖျားနှင့်ပင် မတို့ကြ။ ညလယ်ခန့်တွင် ဖိုမင်ဂျက်ဟာနေးအား စောင်နှင့်ထုပ်ကာ အိမ်ပြန်ပို့ပေးကြရ၏။ သွေးများ အန်လာ၍ ဖြစ်၏။ ဂျက်ဟာနေးမှာ နှောက်တစ်နေ့တွင် ကွယ်လွန်ခဲ့ရရှာလေ၏။

လေးဆယ့်ရှစ်နာရီမျှ ကျော်လွန်သွားသည့်အခါ ဗင်းဆင့်သည် မဒမ်ဒီကရပ်အား ကလေးများကိုခေါ်၍ အိမ်ပြန်ရန် ဖျောင်းဖျတိုက်တွန်းသည်။ မဒမ်ဒီကရပ်သည် ဗင်းဆင့်၏စကားကို နားထောင်ကာ အိမ်သို့ ပြန်သွားခဲ့လေသည်။

မြေပိနေသူများအား ကယ်ဆယ်ရေးလုပ်လာခဲ့ကြသည်မှာ ဆယ့်နှစ်ရက်ပင် ရှိခဲ့ပြီ။ အဆက်မပြတ် မရပ်မနား လုပ်ခဲ့ကြခြင်းဖြစ်၍ ကျောက်မီးသွေးတူးသော အလုပ်ကိုပင် မလုပ်ကြ။ ကျောက်မီးသွေးမတူးသည့် ရက်များအတွက် အလုပ်သမားများသည် လုပ်ခမရကြ။ ထိုရက်များအတွင်း လက်ကျန်ဖရန့်ငွေ အနည်းအကျဉ်းမျှ ရှိနေသော မိသားစုအနည်းငယ်မျှအဖို့ ဣန္ဒြေမပျက် နေနိုင်ကြသော်လည်း ကျန်လူများစုအတွက်ကား ဆောက်တည်ရာမရနိုင်လောက်အောင်ပင် ဆင်းရဲဒုက္ခများနှင့် ရင်ဆိုင်ခဲ့ကြရလေ၏။

မဒမ်ဒင်းနစ္စသည် ပေါင်မုန့်များကို ဆက်ဖုတ်ပြီး အလုပ်သမားမိသားစုများအား အကြွေးစနစ်ဖြင့် ရောင်းချပေးသည်။ ဤသို့ဖြင့် နောက်ဆုံးတွင် အရင်းအနှီးပြုတ်သွားသဖြင့် ဆိုင်ပိတ်လိုက်ရသည့်အဖြစ်သို့ ဆိုက်ရောက်သွားခဲ့ရလေပြီ။ အခုလိုအခြိန်မျိုးတွင် ကုမ္ပဏီသည် ဘာတစ်ခုမှ အကူအညီမပေးခဲ့ပေ။ ဆယ့်နှစ်ရက် လွန်မြောက်သွားသည့်အခါ ကုမ္ပဏီသည် အလုပ်သမားများအား ကယ်ဆယ်ရေးလုပ်ငန်းကို ရပ်ဆိုင်းရန် ပြောလာသည်။ လူအားလုံးကို အလုပ်ခွင်ပြန်ဝင်ရမည်ဟု အမိန့်ထုတ်လာသည်။

ဤတွင် အလုပ်သမားများက သပိတ်မှောက်ကြသည်။

ဗင်းဆင့်၏ ဧပြီလ လစာရောက်လာသည်။ သူသည် ဝပ်စ်မက်မြို့သို့ သွားကာ အစားအစာများကို ဖရန့်ငွေ ငါးဆယ်ဖိုး ဝယ်သည်။ ပြီးတော့ အစာများကို အလုပ်သမားမိသားစုများအား မျှမျှတတ ခွဲဝေပေးသည်။ ရွာထဲမှ မိသားစုများသည် ထိုအစားအစာအပေါ်တွင် ခြောက်ရက်ကြာမျှ အမှီပြု၍

နေနိုင်ခဲ့ကြလေသည်။

ထို့နောက်တွင်မူ သူတို့သည် အနီးပတ်ဝန်းကျင်ရှိ တောအုပ်များအတွင်းသို့ ဝင်ကာ စားသောက်၍ ရနိုင်မည့် အသီးများ၊ အရွက်များနှင့် မြက်များကို ရှာဖွေခူးယူကြသည်။ ယောကျ်ားများသည်လည်း အပြင်သို့ထွက်၍ အစားအစာများ ရှာဖွေကြသည်။ သူတို့သည် ကြွက်များ၊ ရှဉ့်များ၊ ဂေါ်ဖာကောင်များ၊ ခရုများ၊ ပက်ကျိုများ၊ ဖားပြုတ်များ၊ ဖွတ်၊ ပဒပ်များ၊ ကြောင်များနှင့် ခွေးများစသည့် စားသောက်၍ ရနိုင်မည့်အရာမှန်သမျှကို လိုက်လံရှာဖွေပြီး ရယူကြခြင်းဖြစ်၏။

အမှန်တော့ သူတို့သည် ဆာလောင်မွတ်သိပ်မှုကြောင့် ဖြစ်ပေါ်နေသည့် ဝမ်းပိုက်တွင်းမှ နာကျင်မှုဝေဒနာကို ကုစားရန်အတွက် ရသမျှကို ရှာဖွေစားသောက်နေကြရခြင်းဖြစ်သည်။ နောက်ဆုံးတွင် စားနိုင်သည့် အရာဝတ္ထုဟူ၍ ဘာတစ်ခုမှ ရှာမရတော့သည့်အဖြစ်သို့ ရောက်ရှိသွားခဲ့သည်။ ထိုအခါ ဗင်းဆင့်သည် ဘရပ်ဆဲလ်သို့ စာရေးပြီး အကူအညီတောင်းခံခဲ့၏။ ဘာအကူအညီမှ ရောက်မလာခဲ့ချေ။ အလုပ်သမားများသည် သူတို့၏ ဇနီးများနှင့် သားသမီးများသူတို့ မျက်စိများအောက်၌ ဆာလောင်မွတ်သိပ်ပြီး သေလုမျောပါး ဖြစ်နေသည်ကို ထိုင်ကြည့်နေကြရသည့်အဖြစ်သို့ ဆိုက်ရောက်လာခဲ့ရလေ၏။

အလုပ်သမားများသည် တွင်းပြို၍ သေဆုံးသွားခဲ့ကြရသည့် သူတို့၏ လုပ်ဖော်ကိုင်ဖက် ငါးဆယ့်ခုနစ်ဦးကို မမေ့နိုင်။ ထိုသူများအတွက် ဆုတောင်းပွဲတစ်ပွဲ ပြုလုပ်ပေးပါဟု ဗင်းဆင့်အား မေတ္တာရပ်ခံကြသည်။ တစ်ရက်တွင် ဗင်းဆင့်သည် သူ့တဲအတွင်း၌ ဆုတောင်းပွဲကို ကျင်းပခဲ့၏။

မိန်းမများ၊ ယောကျ်ားများနှင့် ကလေးများအပါအဝင် လူတစ်ရာခန့်သည် ဗင်းဆင့်၏ တဲငယ်အတွင်း၌ ခြေချစရာပင် မရှိလောက်အောင် ပြည့်ကျပ်နေသည်။ ဗင်းဆင့်မှာ ကော်ဖီမှုတစ်ပါး အခြားဘာကိုမှ မစား၊ရ မသောက်ရသည်မှာ ရက်ပေါင်း အတော်ကြာခဲ့ပြီဖြစ်၏။ ယင်းကဲ့သို့ ဖြစ်ခဲ့ရသည်မှာ တွင်းပြိုသောနေ့ကတည်းက အစပြုခဲ့ခြင်းဖြစ်၏။ ထို့ကြောင့်လည်း သူသည် မတ်တပ်ပင် ကောင်းကောင်း မရပ်နိုင်။ နာဖျားမကျန်းဖြစ်ခြင်းနှင့် စိတ်ဓာတ်ကျခြင်းများသည် သူ့နှလုံးသားတွင် ကိန်းအောင်းလျက်ရှိသည်။ သူ့မျက်လုံးအစုံသည် အရောင်အဆင်း ကင်းမဲ့နေကြသည်။ ပါးနှစ်ဖက် သည် ခွက်ဝင်နေကြ၏။ ပါးရိုးများသည် ငေါထွက်နေကြသည်။ နီရဲရဲ မုတ်ဆိတ် မွှေးများသည် ရှည်လျပြီ။ အတွင်းခံအင်္ကျီ မရှိတော့၍ သူ့ကိုယ်ခန္ဓာအား ဂျုံအိတ်တစ်လုံးဖြင့်ပတ်ထားပြီး အပေါ်မှ ကုတ်

အင်္ကျီ ထပ်ဝတ်ထားသည်။ တဲအတွင်း၌ မှန်အိမ်တစ်လုံးတည်းသာ ထွန်းညှိထားသဖြင့် အလင်းရောင်အားသည် နည်းလွန်းလှချေသည်။

ဗင်းဆင့်သည် တဲထောင့်ရှိ ကောက်ရိုးပုံပေါ်တွင် တတောင်တစ်ဖက် ထောက်၍ ခပ်လဲ့လဲ့ ထိုင်နေသည်။ ကိုယ်စိတ်နှစ်ပါး ဆင်းရဲမှုဒဏ်ကို ခံစားနေကြရရှာသော လူတစ်ရာသည် သူ့ရှေ့၌ မလှုပ်မယှက် ထိုင်နေကြလေသည်။

သူသည် တုန်ရီလှုပ်ရှားနေသောအသံဖြင့် သူ့တရားကို စတင်၍ ဟောသည်။ ငတ်မွတ်မှုဒဏ်ကြောင့် ဆာလောင်မွတ်သိပ်နေကြသော မျက်စွေင်းနက်နက်၊ ပါးခွက်ခွက်နှင့် ဖြူဖပ်ဖြူရော်ဖြစ်နေကြသော အရိုးပေါ်အရေတင်ဖြစ်လောက်အောင် ပိန်လှီနေကြသော လူတစ်ရာသည် သူ့အား စူးစူးစိုက်စိုက် ကြည့်ကာ တရားနာယူလျက်ရှိကြ၏။ သူတို့အဖို့တော့ သူသည်သာလျှင် အားကိုးအားထားပြုစရာရှိ၏။ ဘုရားသခင်ဆိုသည်မှာ သူတို့နှင့် လက်လှမ်းမမီနိုင်အောက်အောင်ပင် အလှမ်းဝေးလွန်းလှချေသည်။

တဲအပြင်မှ အော်ကြီးဟစ်ကျယ် စကားပြောနေကြသည့် လူသံသူသံများ ကြားရသည်။ ဘာတွေများ ဖြစ်နေကြပါလိမ့်ဟု ဗင်းဆင့် တွေးနေမိသည်။ ထိုအခိုက်မှာပင် တဲတံခါးသည် ဖြုန်းခနဲ ပွင့်သွားသည်။ "မွန်စီယာဗင်းဆင့် ဒီတဲထဲမှာ ရှိပါတယ်" ဟူသော လူငယ်တစ်ယောက်၏ ပြောသံကိုလည်း ကြားလိုက်ရ၏။ ဗင်းဆင့်သည် ဟောလက်စတရားကို ရပ်ထားလိုက်သည်။ သူ့ရှေ့ရှိ ပရိသတ်တို့၏ ဦးခေါင်းများသည် နောက်သို့ လှည့်ကုန်ကြသည်။ ထည်ဝါခဲ့ညားစွာ ဝတ်စားဆင်ယင်ထားသော လူနှစ်ယောက်သည် တဲထဲသို့ ဝင်ရောက်လာကြသည်။ လူစိမ်းနှစ်ယောက် မျက်နှာပေါ်တွင် ထိတ်လန့်အံ့သြနေသည့်အရိပ်အငွေ့များ ထင်ဟပ်နေကြလေသည်။

"ကြုံဆိုပါတယ် ဆရာတော် ဒီဂျုန်းနဲ့ ဆရာတော် ဗန်ဒင်းဘရင့်ခ်တို့ ခင်ဗျား" ဟု ဗင်းဆင့်က လှဲနေရာမှ မထပဲ လှမ်းပြောသည်။ "ကျွန်တော်တို့ မကြာသေးခင်ကမှ ကျောက်မီးသွေးတွင်း ပြိုကျလို့ သေဆုံးသွားခဲ့ရတဲ့ အလုပ်သမား ငါးဆယ့်ခုနစ်ယောက်အတွက် ဆုတောင်းပွဲတစ်ပွဲ ကျင်းပနေကြပါတယ်။ ဒီမှာ ရှိနေတဲ့ လူတွေကို စိတ်သက်သာရာရအောင် တရားလေး နည်းနည်း ပါးပါး ဟောပြောပေးပါလားခင်ဗျာ"

ဗင်းဆင့်စကားကြောင့် ဘုန်းကြီးနှစ်ပါးသည် ဘာပြန်ပြောရမှန်း မသိဖြစ်ကာ အချိန်အတန်ကြာမျှ နှုတ်ပိတ်နေကြသည်။

"ကြောက်စရာပါလား. . . တကယ့်ကို ကြောက်စရာပါပဲလား" ဟု

ဒီဂျွန်းက ရေရွတ်သည်။ သူ၏ရှေ့သို့ စူထွက်နေသော ဗိုက်ကြီးသည် ပိန်တစ်ချီ ဖောင်းတလှည့် ဖြစ်နေသည်။

"မင်းက မင်းကိုယ်မင်း အာဖရိက တောနက်ကြီးတွေထဲ ရောက်နေတယ်လို့မျှား ထင်နေသလား" ဟု ဗန်ဒင်းဘရင့်ခ်ကလည်း လှမ်းပြောသည်။

"ဒီလူတွေရဲ့ စိတ်ဓာတ်ကို သူ ဘယ်လောက်အတိုင်းအတာအထိ ဖျက်ဆီးပစ်ခဲ့တယ်ဆိုတာ ဘုရားသခင်တစ်ဦးပဲ သိမှာ"

"ဒီလူတွေကို ခရစ်ယာန်ဘာသာအပေါ် ပြန်လည်ပြီး ယုံကြည်သက်ဝင်လာအောင် လုပ်ဖို့ မလွယ်တော့ဘူး။ နှစ်ပေါင်းများစွာ အချိန်ယူမှ ဖြစ်တော့မှာ"

ဒီဂျွန်းသည် သူ၏ လက်နှစ်ဖက်ကို စူထွက်နေသော ဗိုက်ကြီးပေါ် သို့ ယှက်၍ တင်ထားလိုက်ပြီး "ဒါကြောင့်မို့ ကျုပ်ပြောခဲ့တယ်မဟုတ်လား။ သူ့ကို မခန့်ပါနဲ့လို့" ဟု ရေရွတ်သည်။

"ကျွန်တော် သိတယ်။ ဒါပေမယ့် ဒီကိစ္စမှာပက်တာဆန်က စိတ်ကူးယဉ်နေတာကိုးဗျ။ ဒီငနဲဟာ လုံးဝ အရူးပဲ"

"ကျုပ်ကိုယ်တိုင်ကလည်း သူ့ကို ရူးနေတယ်လို့ သံသယရှိနေတာ။ အစကတည်းက ကျုပ် သူ့ကို လုံးဝ အယုံအကြည်မရှိဘူး"

ဘုန်းကြီးများသည် ပြင်သစ်ဘာသာစကားဖြင့် ပြောဆိုနေကြခြင်းဖြစ်သဖြင့် အလုပ်သမားများသည် သူတို့ ဘာတွေပြောနေမှန်း မသိကြ။ ဗင်းဆင့်ကိုယ်တိုင်မှာလည်း အားနည်းခြင်းနှင့် ဖျားနာနေခြင်းတို့ကြောင့် သူတို့ပြောနေသမျှကို ရုတ်တရက် နားမလည်။

ဒီဂျွန်းသည် အလုပ်သမားများကြားမှဖြတ်ကာ ဗင်းဆင့်ရှေ့သို့ ရောက်လာသည်။ အံကိုကြိတ်ကာ နှစ်ကိုယ်ကြားလေသံဖြင့် "ဒီလောက် ညစ်ပတ်ပေရေစုတ်ပြတ်နေတဲ့ ခွေးတွေကို ပြန်လွှတ်လိုက်တော့" ဟု ပြောသည်။

"ဆုတောင်းပွဲက မပြီးသေးလို့. . . . . "

"ဆုတောင်းပွဲတွေ ဘာတွေ လာပြောမနေနဲ့၊ မင်းကောင်တွေကို အခု ချက်ချင်း မောင်းထုတ်လိုက်"

အလုပ်သမားများသည် ကြောင်တီးကြောင်တောင်ဖြင့် တဲအတွင်းမှ တန်းစီပြီး ထွက်သွားကြသည်။ ဘုန်းကြီးများသည် ဗင်းဆင့်နှင့် မျက်နှာချင်းဆိုင်၍ ရပ်လိုက်ကြသည်။

"မင်း ဘာတွေလုပ်နေတာလဲ။ မင်းကိုယ်မင်း ဘာကောင်လို့များ ထင်နေ

သလဲ၊ တွင်းတစ်တွင်းနဲ့တူတဲ့ ဒီလောက် ကျဉ်းမြောင်းစုတ်ပြတ်နေတဲ့နေရာ မှာ ဆုတောင်းပွဲလုပ်ရသလားကွ. . . ဟင်။ ဘယ်လိုအဓိပ္ပာယ်နဲ့ လုပ်တာလဲ။

"မင်းက ဘာလဲ. . . အယူသည်းတဲ့ အရိုင်းအစိုင်းအယူဝါဒသစ် တစ်ခု ထူထောင်ဖို့ လမ်းခင်းနေတာလား၊ မင်းမှာ ယဉ်ကျေးသိမ်မွေ့မှုဆို တာကော ဘယ်ရောက်သွားပြီလဲ။ မင်းရဲ့ ဒီအလုပ်မျိုးကို ခရစ်ယာန်ဘုန်းကြီး တစ်ပါးနဲ့ သင့်တော်တဲ့အလုပ်လို့ ခေါ်ရမလား။ မင်းက ငါတို့ရဲ့ဂိုဏ်းကို သိက္ခာ ကင်းမဲ့စေချင်နေသလား"

ဘုန်းကြီး ဒီဂျုန်း၏နှုတ်မှ ရင့်သီးသော စကားများသည် အဆက်မပြတ် ထွက်လာသည်။ ထို့နောက် စကားကိုဖြတ်ထားလိုက်ပြီး စုတ်ချာနေသော တဲ၊ ဗင်းဆင့်လဲလျောင်းနေသည့် ကောက်ရိုးအိပ်ရာ၊ သူ့ကိုယ်၌ ပတ်ထားသည့် ဂျုံအိတ်ဟောင်းနှင့် ချိုင့်ဝင်နေကြသည့် မျက်လုံးများကို ပိုက်စိပ်တိုက်၍ ကြည့်နေသည်။

"မင့်ကို ယာယီပဲ ခန့်ထားမိတာဟာ ငါတို့ဂိုဏ်းအတွက် ကံကောင်းတာပဲ" ဟု ဒီဂျုန်းကပြောသည်။ "တို့ပေးထားတဲ့ ယာယီခန့်အပ်လွှာကို အခုအချိန် ကစပြီး ပြန်ရုပ်သိမ်းလိုက်ပြီ။ တို့ဂိုဏ်းအတွက် ဟောပြောဖို့ မင်းကို ငါတို့ မလိုချင် ဘူး။ မင့်နေရာကို လူသစ်တစ်ယောက် အမြန်ဆုံး ပို့မယ်။ မင့်ရဲ့လစာကို ဆက်မပေးတော့ဘူး။ တကယ်လို့ ငါဟာ စိတ်နေစိတ်ဓာတ် မမြင့်မားတဲ့ လူတစ် ယောက်ဆိုရင် မင်းကို ငါ အရှုံးလို့လည်း သတ်မှတ်မယ်။ ဘယ်လ်ဂျီယံ အီဗန်ဂျီ ကယ်ဂိုဏ်းရဲ့ အဆိုးဆုံးသော ရန်သူလို့လည်း သတ်မှတ်မယ်၊ အဲဒါကို သတိထား"

အချိန်အတော်ကြီးကြာမျှ ငြိမ်သက်တိတ်ဆိတ်နေသည်။ "ကဲ. . . မွန်စီယာဗင်ဂိုး၊ မင်းအပြစ်တွေကို ကာကွယ်ဖို့အတွက် ပြောစရာစကား ဘာမှ မရှိတော့ဘူး မဟုတ်လား ကွ. . . ဟေ"

ဗင်းဆင့်သည် ဘရပ်ဆဲလ်မြို့၌ သူ့အား ဓမ္မဆရာအဖြစ် ခန့်ထားရန် ငြင်းပယ်ခဲ့သည့်နေ့ကို ပြန်လည်သတိရနေသည်။ သူ့အဖို့ ရိုးသွားပြီ။ သူ့ရင်ထဲ တွင် နည်းနည်းကလေးမှပင် ခံစားရခြင်းမရှိ။ သူထင်တာ ပြောပစေတော့ဟုပင် သဘောထားလိုက်သည်။

"ကဲ. . . . ကျွန်တော်တို့ သွားကြစို့လား. . . ဆရာတော်ဒီဂျုန်း" ဟု ဗန်ဒင်းဘရင့်ခ်က ပြောသည်။ "ဒီမှာ လုပ်စရာ ဘာမှ မရှိတော့ဘူး။ သူ့ကိစ္စက မျှော်လင့်ချက် လုံးဝမရှိတဲ့ အဖြစ်တစ်ခုပဲ။ တကယ်လို့ ဝပ်စ်မက်မြို့ထဲမှာ ဟိုတယ်ကောင်းကောင်းမရှိရင် ဒီညရထားနဲ့ မွန်ကို ပြန်ကြတာပေါ့"

(၁၆)

နောက်တစ်နေ့နံနက်တွင် သက်ကြီးအလုပ်သမားတစ်စုသည် ဗင်းဆင့်ထံ ရောက်လာကြသည်။ "အခုဆိုရင် ကျုပ်တို့မှာ အားကိုးစရာ ဂျက်ဗာနေးလဲ မရှိတော့ဘူး။ ကျုပ်တို့ ယုံကြည်အားထားနိုင်တဲ့ လူဆိုလို့ မွန်စီယာဗင်းဆင့်တစ်ယောက်ပဲ ရှိပါတော့တယ်" ဟု သူတို့က ပြောသည်။ "ကျုပ်တို့ ဘာဆက်လုပ်ရမလဲဆိုတာ ပြောပြစေချင်တယ်။ သေချိန်မကျသေးပဲနဲ့တော့ ငတ်ပြီး မသေချင်ကြသေးပါဘူး။

"ကျွန်တော်တို့ရဲ့ အလိုဆန္ဒတွေကို လိုက်လျောလာအောင် သူတို့ကို ခင်ဗျား သွားပြီး နားချရင် ရနိုင်မယ်လို့ ထင်ပါတယ်။ ခင်ဗျားနဲ့ သူတို့ တွေ့ပြီးတဲ့နောက် ခင်ဗျားက အလုပ်ပြန်ဆင်းခိုင်းရင် ကျုပ်တို့ ပြန်ဆင်းပါ့မယ်။ တကယ်လို့ ခင်ဗျားက အငတ်ခံပြီး သေကြတော့လို့ ခိုင်းရင်လည်း ကျုပ်တို့အားလုံး သေကြဖို့ အဆင်သင့်ပဲ။ ကျုပ်တို့အနေနဲ့ မွန်စီယာဗင်းဆင့်ရဲ့ စကားကလွဲပြီး တခြား ဘယ်သူစကားကိုမှ နားမထောင်ဘူးလို့ ဆုံးဖြတ်ထားကြပါတယ်"

ချာဘိုနိတ်ဘယ်လ်ဂျစ်ကုမ္ပဏီလက်အောက်ရှိ ရုံးများမှလည်း တွင်းပြုပြီး သေကျေခဲ့ကြရသည့်ကိစ္စအတွက် စိတ်မကောင်းဖြစ်နေဆဲဖြစ်၏။ မန်နေဂျာသည် ဗင်းဆင့်ရောက်လာသည့်အတွက် များစွာ ဝမ်းသာသည်။ သူပြောသမျှကို လည်း တလေးတစား နားထောင်လေသည်။ ကိုယ်ချင်းစာတရားထားကြောင်းကို လည်း ဖော်ပြခဲ့လေသည်။

"ကျွန်တော်သိပါတယ် မွန်စီယာဗင်ဂိုး" ဟု မန်နေဂျာက ပြောသည်။ "အလုပ်သမားတွေအနေနဲ့ တွင်းပြုလို့ သေဆုံးသွားကြရတဲ့ လူတွေရဲ့ အလောင်းတွေကို ရအောင် လုပ်မပေးနိုင်တဲ့အတွက် ဒေါသဖြစ်ကြမယ်ဆိုတာ နားလည်ပါတယ်။ ဒါပေမယ့် အဲဒါ လုပ်ပေးလိုက်တဲ့အတွက် အကြောင်းထူးလာစရာ ဘာရှိမှာလဲ။ ကောင်းလာစရာ ရှိဖို့လဲ မမြင်ပါဘူး။

"ဘာကြောင့်လဲဆိုတော့ ကုမ္ပဏီက အဲဒီတွင်းကို ပြန်မတူးတော့ဘူးလို့ ဆုံးဖြတ်ထားပြီးပြီ မဟုတ်လား။ အဲဒီတော့ တူးနေလို့ အကျိုးဘာရှိလာမှာလဲ။ ဆိုကြပါစို့ရဲ့။ အဲဒီတွင်းကို ပြန်ဖော်နေရတာ တစ်လကြာချင်လဲကြာမယ်။ တူးလို့ရတော့ ရလာဒ်က ဘာလဲ။ မြေတွင်းတစ်တွင်းထဲမှာ မြုပ်နေတဲ့ လူသေတွေကို တစ်ခြားတွင်းတွေထဲမှာ သွားပြီး မြှုပ်ကြရမှာပဲ မဟုတ်လား"

"ဒီလိုဆိုရင်လဲ အသက်ရှင်ပြီး ကျန်ခဲ့တဲ့ လူတွေအတွက် ဘယ်လို

စဉ်းစားကြမလဲ။ မြေအောက်လုပ်ခွင်အခြေအနေတွေကို တိုးတက်အောင် ဘာတစ်ခုမှ လုပ်မပေးနိုင်တော့ဘူးလား။ သူတို့ အသက်နဲ့ကိုယ်နဲ့ မြဲနေသမျှ ကာလပတ်လုံး သေမင်းနဲ့ ရင်ဆိုင်ပြီး အလုပ်လုပ်သွားကြရမှာပဲလား"

"အဲသလိုပဲ လုပ်ကြရမှာပဲ မွန်စီယာ၊ လုပ်ကြရတော့မှာပဲ။ ကုမ္ပဏီမှာက ဘေးအန္တရာယ် ကာကွယ်ရေးအတွက် ပစ္စည်းကိရိယာတွေတပ်ဆင်ဖို့ အရင်းအနှီးက မရှိဘူး။ အမှန်အတိုင်း ပြောရရင်တော့ အခု ပဋိပက္ခပွဲမှာ အလုပ်သမားတွေဘက်က နစ်နာဆုံးရှုံးနေတာပဲ။ ။ ။

"မွန်စီယာ စဉ်းစားကြည့်ပါ။ စီးပွားရေးသဘောတရားအရ ကြည့်ရင် သူတို့ဘက်က အနိုင်ရနိုင်မှာ မဟုတ်ပါဘူး။ အဆိုးဆုံးဖြစ်လာမယ့် အခြေအနေက တခြားမဟုတ်ပါဘူး။ နောက်တစ်ပတ်လောက်အထိ အလုပ်ခွင်ကို ပြန်မဆင်းကြရင် ကုမ္ပဏီက မာကပ်ဆီ ကျောက်မီးသွေးတွင်းကို ရာသက်ပန် ပိတ်ပစ်လိမ့်မယ်။ အဲသလိုဖြစ်သွားရင် သူတို့မှာ ဘာတွေ ဖြစ်ကုန်မလဲ ဆိုတာ ဘုရားသခင်ပဲ သိမှာပါ"

ဗင်းဆင့်သည် လက်မြှောက်အနှုံးပေးကာ ပီတစ်ဝပ်စ်မက်ရွာသို့သွားရာကွေ့ကွေ့ကောက်ကောက် လမ်းအတိုင်း စိတ်ပျက်လက်ပျက်ဖြင့် ပြန်လာသည်။ "အင်းပေါ့လေ၊ ဘုရားသခင်တော့ သိချင်သိပေမပေါ့" ဟု အလွန် နာကျည်းသောစိတ်ဖြင့် သူကိုယ်သူ ပြောလာသည်။ "အင်း. . . လေ။ သူ့အနေနဲ့ သိချင်မှလဲ သိမှာပါ"

သူသည် အလုပ်သမားများအတွက် အသုံးမကျသည့် လူတစ်ယောက်ဖြစ်သွားသည်မှာ များစွာ ထင်ရှားလျက်ရှိလေပြီ။ သူ့အနေဖြင့် တစ်နေ့လျှင် ဆယ့်သုံးနာရီမျှ မြေအောက်တွင်းထဲသို့ဆင်း၍ သေမင်းကို ရင်ဆိုင်၊ မငတ်ရုံ မသေရုံမျှသာ စားရသည့် လုပ်ခကိုယူ၍ ဘဝတစ်လျှောက်လုံး ချောင်းအကြီးအကျယ်ဆိုး၍ လုပ်ရမည့်အလုပ်ခွင်သို့ ပြန်သွားပါဟု တိုက်တွန်းရပေတော့မည်။

သူသည် အလုပ်သမားများအား ကူညီနိုင်သည့် လူတစ်ဦးမဟုတ်တော့ပေ။ အမှန်တော့ ဘုရားသခင်သည်ပင်လျှင် သူတို့အား ကူညီနိုင်တော့မည် မဟုတ်ပေ။ ဘိုရင်းနိတ်နယ်သို့ သူလာခဲ့သည်မှာ အလုပ်သမားများ၏ နှလုံးသားများထဲသို့ ဘုရားသခင်အား ထည့်သွင်းပေးရန် ဖြစ်၏။ အခုလို ဖြစ်လာပြန်တော့လည်း သူ့အနေဖြင့် ပြောရခက်လှချေသည်။

သူသည် အလုပ်သမားများအား အလုပ်ပြန်ဆင်းရန် ပြောလိုက်ရသည့် တဒင်္ဂအချိန်ကလေးတွင် ခံစားမှုတစ်ခု ဝင်လာသည်။ မိမိသည် သူတို့အတွက်

လုံးဝ တန်ဖိုးမရှိသည့် လူတစ်ယောက်ဖြစ်သွားပြီဟူသော ခံစားမှုပေတည်း။ ထို့ကြောင့်လည်း သူသည် အလုပ်သမားများအား ကော်မီတီက ခွင့်ပြုသည့်တိုင် အောင် နောက်ထပ် တရားမဟောတော့ဟု ဆုံးဖြတ်လိုက်သည်။

ယုခုအချိန်တွင် သမ္မာကျမ်းစာထဲမှ တရားဒေသနာများသည် အလုပ် သမားများအတွက် မည်သည့် ကောင်းကျိုးကို ပေးနိုင်ပါမည်နည်း။ ဘုရားသခင် သည် အလုပ်သမားများ ပြောသမျှကို မကြားတော့သည်ဘဝသို့ ရောက်နေပြီ။ ဗင်းဆင့်အနေဖြင့်လည်း ဘုရားသခင်အား ဖျောင်းဖျနိုင်စွမ်း မရှိတော့။

ထို့နောက်တော့ နှစ်ပေါင်းများစွာကတည်းက သူသိလာခဲ့ပြီးဖြစ်သော အရာတစ်ခုအပေါ်တွင် ရုတ်တရက် သဘောပေါက်နားလည်လာသည်။ အမှန် တော့ဘုရားသခင်အကြောင်း ပြောဆိုနေကြသည့် စကားအားလုံးမှာ လိမ္မာ ပါးနပ်စွာဖြင့် ရှောင်တိမ်းရန် ကြိုးစားနေခြင်းမျှသာ ဖြစ်၏။ မိမိဖာသာမိမိ အကြီး အကျယ် ထိတ်လန့်ကြောက်ရွံ့ပြီး အထီးကျန်ဖြစ်နေသူတစ်ဦးက အေးမြသော ညတစ်ည၏ အမှောင်ထုကြီးအတွင်း၌ သူဖာသာသူ ကြံရာမရ ဆောက်တည်ရာ မရဖြစ်ကာ ပြောမိပြောရာ ပြောဆိုနေသည့် လိမ်ညာမှုများသာ ဖြစ်ချေသည်

(၁၇)

ကျောက်မီးသွေးတွင်းတူး အလုပ်သမားများသည် အလုပ်ခွင်သို့ ပြန်ဝင် ခဲ့ကြပြီဖြစ်၏။ အီဗန်ဂျီကယ် ဘာသာရေးကော်မီတီမှတစ်ဆင့် သား၏သတင်း များကို ပြန်ကြားခဲ့ရသော သီအိုဒိုးရပ်စ်ဗင်ဂိုးသည် သူ့သား ဗင်းဆင့်ထံသို့ စာရေး သည်။ စာနှင့်အတူ ငွေကိုပါ တပါတည်း ထည့်ပေးလိုက်သည်။ ဤစာကိုရလျှင် ရခြင်း အက်တင်သို့ ပြန်လာခဲ့ပါဟုလည်း စာထဲတွင် ထည့်ရေးလိုက်သည်။

သို့သော်လည်း ဗင်းဆင့်သည် အက်တင်သို့မပြန်ပဲ ဒင်းနစ္စတို့၏ မုန့်ဖို သို့ ပြန်လည်ရွှေ့ပြောင်းခဲ့၏။ သူသည် မပြောင်းရွှေ့ခင် သူ၏ ဘုရားရှိခိုးကျောင်း သို့ နောက်ဆုံး နှုတ်ဆက်သည့်အနေဖြင့် တစ်ခေါက် ရောက်သွားသည်။ နံရံများ ထက်မှ ပုံအားလုံးကိုဖြုတ်ကာ တံစက်မြိတ်အောက်သို့ ပို့သည်။

သူ့လက်ထဲတွင် ငွေကြေးတစ်ပြားတစ်ချပ်မှ မရှိတော့သည့်ဘဝသို့ နောက်တစ်ကြိမ် ရောက်ခဲ့ရပြန်ပြီ။ သူ့လက်ထဲတွင် ရောင်းချစရာ ပစ္စည်းလည်း ဘာမှမရှိ။ သူ့တွင် အလုပ်အကိုင်မရှိ။ ငွေကြေးမရှိ။ ကျန်းမာရေးမရှိ။ ခွန်အား

မရှိ။ စိတ်ကူးမရှိ။ စိတ်အားထက်သန်မှုမရှိ။ လိုအင်ဆန္ဒမရှိ။ ရည်မှန်းချက် မရှိ။ အဆိုးဆုံးကား မိမိ၏ဘဝအပေါ်မှာပင် မှီခိုတွယ်တာခြင်းမရှိတော့။ အခုဆို လျှင် သူသည် နှစ်ဆယ့်ခြောက်နှစ်မျှ ရှိခဲ့ပြီ။ ငါးကြိမ်တိတိ ဆုံးရှုံးမှုများနှင့် ကြုံခဲ့ရပြီးပြီ။ နောက်ထပ် ဘဝသစ်တစ်ခု အစပြုရန်ပင် မဝံ့မရဲ ဖြစ်နေရပြီ။

သူသည် သူ့ရုပ်သူ မှန်ထဲ၌ ကြည့်မိသည်။ သူ၏ နီရဲရဲ မုတ်ဆိတ်မွှေးများသည် သူ့မျက်နှာတစ်ခုလုံးကို ဖုံးလုနီးပါး ဖြစ်နေသည်။ သူ့ဆံပင်များသည် ကျိုးတိုးကျဲတဲ ဖြစ်နေကြသည်။ သူ့မျက်လုံးများသည် ယခင်ကလို ကြည်လင် တောက်ပခြင်းမရှိ။ ရီဝေမှုန်မှိုင်းနေကြသည်။ ဗင်းဆင့်ဗင်ဂိုးဟူသော သူပိုင် သဘာဝရုပ်လွှာသည်ပင်လျှင် ပျက်စီးယိုယွင်းနေပြီ။ သူ၏ သဘာဝရုပ်လွှာသည် အတွင်းမှ လှိုက်စားကာ သေဆုံးသွားပြီဟုပင် ထင်ရ၏။

သူသည် မဒမ်ဒင်းနစ္စထံမှ ဆပ်ပြာကို ခဏယူကာ ရေချိုးသည်။ ဦးခေါင်းမှ ခြေဖျားအထိ သူ့တစ်ကိုယ်လုံးကို ဆပ်ပြာနှင့် အထပ်ထပ်တိုက်ကာ သန့်ရှင်းစင်ကြယ်သွားအောင် ရေချိုးကန်ထဲ၌ စိမ်နေလိုက်သည်။ မုတ်ဆိတ်မွှေးကိုပါ ပြောင်စင်သွားအောင် ရိတ်ပစ်လိုက်သည်။ အခုလိုကျတော့လည်း သူ့မျက်နှာသည် ကြည့်ပျော်ရွှင်ပျော် ပြန်ဖြစ်လာသည်။ လပေါင်းများစွာ မဖီးပဲ ပစ်ထားခဲ့သည့် ဆံပင်ကိုပါ ကျကျနန ဖီးလိုက်သည်။

မဒမ်ဒင်းနစ္စသည် သူ့ယောကျ်ား၏ ရုပ်အင်္ကျီတစ်ထည်နှင့် ဝတ်စုံတစ်စုံယူလာပြီး သူ့အား ပေးသည်။ သူသည် အဝတ်အစားများကို အကျအနဝတ်ကာ မုန့်ဖို၏ မီးဖိုချောင်ထဲသို့ ဆင်းခဲ့သည်။ မဒမ်ဒင်းနစ္စတို့ လင်မယားနှင့်အတူ ညစာစားသည်။ အစားကောင်းအသောက်ကောင်းများကို ပထမဆုံးအကြိမ် ပြန်၍စားခြင်းပေတည်း။

သူ့အနေဖြင့် နောက်ထပ် တရားဒေသနာများ ဟောပြောတော့မည် မဟုတ်ဟု အလုပ်သမားများအား ဖွင့်ဟ၍ မပြောခဲ့ပေ။ သူတို့ကလည်း သူ့အား တရားဟောဖို့ တိုက်တွန်းခြင်း၊ တောင်းခံခြင်း မပြုကြပေ။ သူတို့အနေဖြင့် တရားများအပေါ်တွင် ဂရုထားဟန်လည်း မဖော်ပြကြပေ။

ဗင်းဆင့်သည် အလုပ်သမားများနှင့် တွေ့သည့်အခါ စကားမပြောပဲ နေသည်က များ၏။ တွေ့လိုက်မြင်လိုက်လျှင် နှုတ်ဆက်စကားတစ်ခွန်းလောက်သာ ပြောသည်။ အလုပ်သမားများ၏ တဲများအတွင်းသို့ဝင်၍ လည်ပတ်ခြင်းလည်း မပြုတော့ပေ။ အလုပ်သမားတို့၏ နေ့စဉ်ဘဝနှင့် အတွေးအမြင်များကိုလည်း သူ့ခေါင်းထဲ မထည့်တော့ပေ။ နက်ရှိုင်းသောနားလည်မှုနှင့် နှစ်ဦးနှစ်ဖက်

ဖွင့်ဟ၍ ပြောမထားသည့် သဘောတူညီမှုများအပေါ် အခြေခံ၍ ဆက်ဆံရေးသည် ပြောင်းလဲလာခြင်းဖြစ်၏။

အလုပ်သမားများသည် ယင်းပြောင်းလဲမှုအပေါ်တွင် အပြစ်ဟု မမြင်ကြပေ။ သူတို့ကိုယ်တိုင်ကလည်း ဗင်းဆင့်နှင့် တွေ့လိုက်လျှင် နှုတ်ဆက်ရုံမှ တစ်ပါး အခြား ဘာစကားကိုမျှ မေးလားမြန်းလား ပြောလားဆိုလား မလုပ်ကြချေ။ သူတို့သည် ဗင်းဆင့်ထားသည့် သဘောထားအတိုင်း လက်ခံကျင့်သုံးကြလေသည်။

သူ့အိမ်မှ ရောက်လာသည့် စာတစ်စောင်တွင် သူ၏ ဝမ်းကွဲအစ်မကေးဗော့စ်၏ယောကျ်ား မမျှော်လင့်ပဲ ရုတ်တရက် ကွယ်လွန်သွားသည်ဟု ရေးထားသည်။ သူတွင် စိတ်ခံစားမှုနှင့်ပတ်သက်၍ အနိမ့်ဆုံးအဆင့်သို့ ရောက်နေသည်ဖြစ်ရာ နောက်ထပ် ဝမ်းနည်းကြေကွဲရန်နှင့် စိတ်ထိခိုက်ရန် စိတ်အင်အား မရှိတော့သလို ဖြစ်နေသည်။

သီတင်းပတ်များစွာ ကုန်သွားခဲ့ပြီ။ ဤသီတင်းပတ်များအတွင်း သူသည် စားလိုက် အိပ်လိုက် ထိုင်၍ ငိုင်လိုက်နှင့် အချိန်ကုန်သည်။ အလုပ်ဟူ၍ ဘာအလုပ်မှ မလုပ်။ စွဲကပ်နေသော အဖျားရောဂါအား သူ့ခန္ဓာကိုယ်ထဲမှ မောင်းထုတ်နိုင်ခဲ့ပြီဖြစ်၏။ အားအင်သစ်များ ပြန်ဝင်လာသည်။ သိသိသာသာ ပြန်ဝလာသည်။

နွေရာသီရောက်လာသည်။ ပတ်ဝန်းကျင်ရှိ မည်းနက်သော လယ်ကွင်းများနှင့် ကျောက်မီးသွေးတောင်ကြီးများသည် နေရောင်တွင် တလက်လက် တောက်ပလာကြသည်။ ဗင်းဆင့်သည် တောပိုင်းဒေသသို့ လမ်းလျှောက်ထွက်လာကာ ရှုခင်းများကိုကြည့်၍ တွေဝေငေးမောသည်။ သူ လမ်းလျှောက်ထွက်သည်မှာ လေ့ကျင့်ခန်းအတွက်လည်းမဟုတ်။ စိတ်သာယာမှုအတွက်လည်း မဟုတ်။ လမ်းလျှောက်ထွက်သည့်အခါတွင်လည်း သူ့ကိုယ်သူ ဘယ်ကို သွားနေမှန်းလည်း မသိ။ လမ်းတစ်လျှောက်တွင် သူ ဘာတွေကိုဖြတ်လာနေမှန်းလည်း မသိ။ သူလမ်းလျှောက်ထွက်သည်မှာ အိပ်ရာထက်၌ လဲနေရခြင်း၊ ထိုင်နေရခြင်းနှင့် ရပ်နေရခြင်းတို့ကို ငြီးငွေ့၍ ဖြစ်၏။ လမ်းလျှောက်ရသည်ကို ငြီးငွေ့လာသည့် အခါတွင်လည်း သူသည် ထိုင်သည်။ လဲသည်။ ရပ်သည်။

သူလက်ထဲ၌ ငွေပြတ်သွားချိန်တွင် သူညီ သီအိုထံမှ စာတစ်စောင် ရောက်လာသည်။ ပါရီမှ ရေးလိုက်သောစာဖြစ်၏။ စာထဲတွင် ဘိုရင်းနိတ်နယ်၌ ယခုကဲ့သို့ အချိန်ဖြုန်းမနေပဲ စာနှင့်အတူ ထည့်ပေးလိုက်သည့်ငွေဖြင့် ကိုယ့်ဘဝ

ကိုယ် ပြန်လည်ထူထောင်ရေးအတွက် အလုပ်တစ်ခုခု လုပ်ပါဟု တိုက်တွန်း ထားလေသည်။

ဗင်းဆင့်သည် ငွေကို မဒမ်ဒင်းနစ္စလက်သို့ ပေးလိုက်သည်။ သူသည် ဘုရားသခင်ကို ဆုံးရှုံးခဲ့ရပြီ။ သူ့ကိုယ်သူပင် ဆုံးရှုံးခဲ့ရပြီးဖြစ်၏။ ယခုတဖန် ဤကမ္ဘာမြေပေါ်၌ သူ့အတွက် အရေးကြီးဆုံးသော အရာတစ်ခုကို ဆုံးခဲ့ရပြန်ပြီ။ ဤမြေပေါ်တွင် သူ့အပေါ် နားလည်သူ၊ အမြဲတစေ ခွင့်လွှတ်သူ၊ ကိုယ်ချင်းစာ တရားထားသူဖူ၍ သူ့ညီ သီအိုတစ်ဦးတည်းသာရှိ၏။ သီအိုသည် မိမိက မိမိအပေါ် နားလည်စေချင်သလို နားလည်မှုရှိနေသူဖြစ်၏။ ယခုသော်မူ သီအိုက သူ့အား စွန့်လွှတ်သွားပြီ။

ဆောင်းတွင်းတစ်တွင်းလုံး သူသည် တစ်ပတ်လျှင် တစ်ကြိမ်နှစ်ကြိမ်မျှ သဲ့ညီ သီအိုထံ စာရှည်ကြီးတွေ ရေးခဲ့၏။ မေတ္တာအပြည့်၊ သာယာပျော်ရွှင်မှုအပြည့်၊ စိတ်ဝင်စားမှုအပြည့်နှင့် ရေးခဲ့သော စာများဖြစ်သည်။ ယခုအခါတွင်မူ သူသည် စာများကို အရေးရပ်သွားခဲ့လေပြီ။

သီအိုကိုယ်တိုင်မှာလည်း ယုံကြည်မှုကင်းမဲ့နေပြီ။ မျှော်လင့်ချက်ကို လည်း စွန့်လွှတ်လိုက်ပြီ။ ဤသို့ဖြင့် ဗင်းဆင့်သည် တစ်ယောက်တည်း အထီးကျန် ဘဝဖြင့် နေရသည်။ သူထံတွင် သူ့အား ဖန်ဆင်းခဲ့သူ ဘုရားသခင်ပင် မရှိတော့။ လူသူကင်းမဲ့ပြီး တိတ်ဆိတ်ခြောက်သွေ့နေသော ကမ္ဘာလောကတစ်ခုအတွင်း၌ လူသေတစ်ယောက်သဖွယ် လမ်းလျှောက်လျက်ရှိ၏။ သူ ဘာ့ကြောင့် အခုအချိန် အထိ ဤနေရာ၌ ရှိနေရသည်ကို သူကိုယ်သူ ပြန်၍ အံ့ဩလျက်ရှိလေသည်။

(၁၈)

နွေအကုန် ဆောင်းအကူး ရွက်ဟောင်းများကြွေချိန်သို့ ကူးပြောင်း ရောက်ရှိခဲ့လေပြီ။ မြေပြင်ထက်ရှိ ကြုံလှိုသေးကွေးသော သစ်ပင်ငယ်များသည် တစ်ပင်ပြီးတစ်ပင် သေဆုံးနေကြပြီဖြစ်၏။ ထိုအချိန်ကျခါမှပင် ရှင်သန်မှု တစ်ခုသည် ဗင်းဆင့်၏ဘဝတွင်းသို့ ဝင်ရောက်လာခဲ့လေ၏။

ယခုအချိန်ထိ သူသည်, သူ့ဘဝနှင့် မျက်နှာချင်းမဆိုင်ရဲသေး။ ထို့ကြောင့်လည်း သူသည် တခြားလူများ၏ဘဝကို တစ်စေ့တစောင်းကြည့်ရန် အားထုတ်သည်။ သူသည် သူ့စာအုပ်များအပေါ်သို့ အာရုံပြန်၍ စူးစိုက်သည်။

သူဘဝတွင် စာဖတ်ခြင်းသည် သူ အနှစ်သက်ဆုံးနှင့် စိတ်ချမ်းသာမှု အရဆုံး သော အလုပ်တစ်ခုဖြစ်ခဲ့၏။ ယခု စာဖတ်ခြင်းကို ပြန်လုပ်သည့်အခါ အခြား လူများ၏ အောင်မြင်မှုများနှင့် ဆုံးရှုံးမှုများ၊ စိတ်ဆင်းရဲမှုများနှင့် စိတ်ချမ်းသာမှု များကိုသာမက သူ၏ ပျက်စီးဆုံးရှုံးမှုများအတွက် ယူကြုံးမရှတသသ ဖြစ်နေ သော စိတ်၏ အဆုံးသတ်ကိုပါ တွေ့ခဲ့ရ၏။

ရာသီဥတု ကြည်လင်သာယာသည့် နေ့များတွင် သူသည် အပြင်သို့ ထွက်ကာ လယ်ကွင်းများဆီသို့ သွား၍ တစ်နေ့လုံး စာဖတ်သည်။ မိုးရွာသည့် နေ့များတွင် အိပ်ရာပေါ်၌လဲ၍ သို့မဟုတ် အိမ်တံစက်မြိတ်အောက်တွင် ကုလား ထိုင်တစ်လုံးနှင့် ထိုင်၍ စာဖတ်သည်။ ကုန်လွန်သွားနေသည့် သီတင်းပတ်များ အတွင်းတွင် သူလို သာမန် လူစားများ၏ ဘဝဇာတ်ကြောင်းများကိုလေ့လာ သိရှိခဲ့ရ၏။

ထိုလူစုသည်လည်း ဆုံးရှုံးမှုတွေကများပြီး အောင်မြင်မှုတွေက အနည်း ငယ်မျှသာရှိသည်။ ထိုလူများ၏ အဖြစ်အပျက်များမှတစ်ဆင့် သူဘဝအကြောင်း ကို ပြန်၍သတိရလာသည်။ သူဦးနှောက်ထဲတွင် "ငါဟာ အရှုံးသမား တစ်ယောက်၊ ငါဟာ အရှုံးသမားတစ်ယောက်" ဟု အမြဲပေါ်နေရာမှ "အခု ငါ ဘာထပ်လုပ်ရင် ကောင်းမလဲ၊ ဘာကို ထပ်ကြိုးစားရမလဲ၊ ငါနဲ့ အသင့်တော်ဆုံး ဟာ ဘာလဲ။ ဒီကမ္ဘာလောကကြီးထဲမှာ ငါနဲ့ အသင့်တော်ဆုံးနေရာဟာ ဘယ်နေ ရာလဲ" စသော မေးခွန်းများ အစားထိုးဝင်ရောက်လာသည်။ ဤသို့ဖြင့် သူသည် သူဖတ်သမျှ စာအုပ်များထဲ၌ သူဘဝလမ်းကြောင်းကို တစ်မျိုးတစ်ဖုံ ပြောင်းလဲ လို့ရမည့် "ရှာဖွေမှု" ကို ပြုသည်။

အိမ်မှ ရောက်လာနေသည့် စာများထဲတွင်လည်း သူဘဝ ရပ်တည်မှု အကြောင်းကို အမြဲတစေ ဖော်ပြနေသည်။ သူအဖေကဆိုလျှင် ဘာအလုပ်မှ မယ်မယ်ရရ မလုပ်ပဲ လူပျင်းတစ်ယောက်ဘဝဖြင့် အချိန်ဖြုန်းနေခြင်းသည် လူ့လောက၏ အစဉ်အလာအရ ဖွဲ့စည်းတည်ရှိလာသည့် လူမှုရေးဆိုင်ရာ ကျင့်ဝတ်အားလုံးကို ချိုးဖောက်နေခြင်းဘဖြစ်သည်ဟု ရေးလိုက်ပြီး ဘယ်သူကိုမှ မမှီခိုပဲ ကိုယ့်ဘဝကိုယ် တစ်သီးတခြား ရပ်တည်နိုင်ဖို့အတွက် ဘယ်တော့ကျမှ အလုပ်တစ်ခုရအောင် လုပ်မှာလဲ။ လူ့အဖွဲ့အစည်းတွင် အသုံးဝင်သော လူတစ်ယောက် ဖြစ်လာရန်နှင့် လူ့လောကအတွက် မိမိ တာဝန်ယူရမည့်အပိုင်း ကို အချိန်မီ တာဝန်ယူနိုင်ရန် ဘယ်အချိန်ရောက်ကာမှ အားထုတ်မှာလဲ စသည် ဖြင့် မေးခွန်းတွေ တစ်သီကြိုးထုတ်လိုက်လေသည်။ ထိုအဖြေကို ဗင်းဆင့်

ကိုယ်တိုင်လည်း မဖြေနိုင်။ အမှန်တော့ သူကိုယ်တိုင်က ထိုမေးခွန်းများ၏ အဖြေကို ရလိုနေသည်မှာ ကြာခဲ့ပြီ။

နောက်ဆုံးတွင် သူသည် စာဖတ်လွန်းသဖြင့် စာဖတ်သည့် အလုပ်အပေါ်၌ ဝအီလာသည်။ စာအုပ်ကို နောက်ထပ် ကောက်၍ မကိုင်ချင်လောက်အောင်ပင် ဖြစ်လာသည်။ မည်သို့ပင်ဖြစ်စေ သူ၏ စိတ်ဆင်းရဲမှုဝေဒနာ များကို ပပျောက်စေရန်အတွက် စာပေတွင် သူစိတ်ကို မြှုပ်နှံခဲ့ရာ အောင်မြင်မှု ရရှိခဲ့၏။ ယခုအခါတွင် သူသည် များစွာ တိုးတက်ကောင်းမွန်လာခဲ့ပြီ။ စိတ်ရော ကိုယ်ပါ ပြန်လည်၍ ရှင်သန်ဖွံ့ဖြိုးလာခဲ့ပြီ။

သူသည် အလုပ်တစ်ခုကို လုပ်နိုင်ကိုင်နိုင်သည့် အရည်အသွေးကောင်း သူတွင် ရှိနေမှန်း ကောင်းစွာသိသည်။ သူသည် လူဖျင်းလူညံ့တစ်ယောက် မဟုတ်၊ အရှုးအမိုက်တစ်ယောက်လည်းမဟုတ်။ တစ်ခုတော့ရှိ၏။ သူသည်သာမန် လုပ်ရိုး လုပ်စဉ်အလုပ်များနှင့် သင့်တော်မည့် လူတစ်ယောက်တော့ မဟုတ်။ သူ့အနေဖြင့် သူဝါသနာရှိလိမ့်မည်ဟု ထင်သော အလုပ်အတော်များများကို ကြိုးစား လုပ်ကိုင်ခဲ့ဖူးပြီး အမြဲတစေ အရှုံးနှင့်သာ ရင်ဆိုင်ခဲ့ရသည် မဟုတ်ပါလား။ သို့ဆိုလျှင် သူဘဝတွင် နောက်တစ်ကြိမ် ထပ်မံကြိုးစား၍မှ ရပါတော့မည်လော။

ဤသို့ဖြင့် သူသည် မဝေခွဲနိုင်သောစိတ်ဖြင့် ချီတုံချတုံ ဖြစ်လျက်ရှိသည်။ ဆောင်းရာသီဝင်ချိန်အထိ သူသည် ဘာမှ မဆုံးဖြတ်နိုင်ပဲ ဖြစ်လျက်ရှိ၏။ သူဖခင်သည် သူ့အပေါ်တွင် စိတ်ကုန်သလိုဖြစ်ကာ ငွေမပို့တော့ပဲ ရပ်သွားသည်။ သူသည် ဒင်းနစ္စတို့အိမ်၌ စားသောက်ခြင်းမပြုတော့ပဲ ကြုံရာကျရာ၌ စားကာ ဖြစ်သလို နေထိုင်ခဲ့သည်။

ထို့နောက်တော့ သူညီသီအိုထံမှ ငွေရောက်လာသည်။ သူ့အပေါ် သံယောဇဉ်ကြီးရှာသော သီအိုသည် ဗင်းဆင့်အား ပစ်မထားရက်၊ သို့သော်လည်း သူ ဖြစ်စေချင်သလို ဖြစ်မလာသည့်အခါ သီအိုသည် စိတ်ပျက်သွားပြန်သည်။ ထိုအခါ သူ့အဖေထံမှ မရှောင်သာ မလွဲသာသည့် တာဝန်အရ ပို့ပေးသည့်ငွေများ ရောက်လာပြန်၏။ ဤသို့ဖြင့် ဗင်းဆင့်သည် ဖခင်နှင့် ညီ၏ကြား၌ ရပ်ကာ တစ်လှည့်စီ အမှီပြု၍ အချိန်ကုန်ခဲ့ရလေ၏။

ရာသီဥတု ကြည်လင်သာယာလျက်ရှိသော နိုဝင်ဘာလတစ်ရက်တွင် ဗင်းဆင့်သည် မာကပ်ဆီကျောက်မီးသွေးတွင်းဘက်သို့ အမှတ်မထင် လျှောက်လာခဲ့သည်။ သူစိတ်ထဲတွင် ဘာရည်ရွယ်ချက်မှမရှိ။ လက်ထဲတွင်လည်း ဘာမှမပါ။ ထို့နောက် တစ်နေရာအရောက်တွင် နံရံတစ်ခုအနီး၌ ရှိနေသော

သံချေးအထပ်ထပ် တက်နေသည့် သံလှည်းဘီးကြီးတစ်ခုပေါ်တွင် ဝင်ထိုင်ကာ တွေဝေငေးမောလျက်ရှိသည်။

ဂိတ်တံခါးဝမှ အလုပ်သမားအဖို့အိုတစ်ယောက် ထွက်လာသည်။ ခေါင်းပေါ်၌ ဆောင်းထားသော ကက်ဦးထုပ်သည် ရွှေ့သို့ ခပ်ဦက်ဦက်ဖြစ်ကာ မျက်လုံးများကို ဖုံးလုနီးပါး ဖြစ်နေသည်။ လက်ပြင်သည် ခပ်ကုန်းကုန်း. . . ။ ခါးက ခပ်ကိုင်းကိုင်း၊ လက်နှစ်ဖက်ကို အကျီအိပ်ကပ်များအတွင်း၌ ထိုးနှိုက်ထားသည်။ ဒူးနှစ်ဖက်သည် ခပ်ဆာဆာ ဖြစ်နေသည်။

ဗင်းဆင့်အနေဖြင့် ဘာ့ကြောင့်မှန်းတော့ တိတိကျကျမသိ။ ဤအဖိုးအိုသည် သူစိတ်အာရုံကို ဆွဲဆောင်ထားသည်။ သူသည် သိပ်ပြီး စိတ်ဝင်တစားမရှိပါပဲလျက်နှင့်ပင် သူ့အိပ်ကပ်ထဲမှ ခဲတံကို ထုတ်လိုက်သည်။ ပြီးတော့ အိမ်မှ ရောက်လာသည့်စာကို ဆွဲထုတ်ကာ စာအိတ်ကျောဖက်တွင် အမည်းရောင်မြေကွက်ကိုဖြတ်၍ လျှောက်သွားနေသော အဖိုးအို၏ ပုံကို ပုံကြမ်းဆွဲနေမိလေသည်။

ဗင်းဆင့်သည် သူ့အဖေ၏ စာကို စာအိတ်ထဲမှ ထုတ်ယူကာ ဖြန့်ကြည့်လိုက်သည်။ စာမှာ တစ်ဖက်ထဲ၌ ရေးထားခြင်းဖြစ်၍ ကျောဘက်သည် လွတ်နေသည်။ နောက်ခဏမျှအကြာတွင် အလုပ်သမားတစ်ဦး ထွက်လာပြန်သည်။ အသက်ဆယ့်ခုနစ်နှစ်ခန့်မျှသာ ရှိသေးသည့် လူငယ်လေးတစ်ယောက်ဖြစ်၏။ သူသည် အရပ်မြင့်သည်။ စောစောက အဖိုးအိုလို ပျော့တီးပျော့ခွေ ချိချိနဲ့နဲ့ မဟုတ်။ တောင့်တောင့်ရောင့်ရောင့် ရှိသည်။ သူ့ပုခုံးများသည် သန်မာတောင့်တင်းလှ၏။ သူသည် မာကပ်ဆီကျောက်မီးသွေးတွင်း၏ ဝင်းထဲမှ ထွက်ကာ မီးရထားလမ်းဆီသို့ လျှောက်သွားနေခြင်းဖြစ်သည်။ ဗင်းဆင့်သည် သူ့မျက်စိအောက်မှ ထိုလူငယ် ကွယ်ပျောက်မသွားမီ ထိုလူငယ်၏ ရုပ်လွှာကို ပုံကြမ်းဆွဲယူရရှိလိုက်လေသည်။

ဒင်းနစ္စ၏ထံမှ သန့်ရှင်းစင်ကြယ်သည့် အဖြူရောင်စက္ကူ အများအပြားနှင့် ခဲသားထူထူ ခဲတံတစ်ချောင်းရသည်။ သူသည် သူ၏ ပုံကြမ်းနှစ်ပုံကို စားပွဲပေါ်၌ ထောင်ကာ ထပ်မံကူးဆွဲသည်။ သူ့လက်သည် နှေးကွေးလေးလံနေသည်။ စိတ်ကူးထဲ၌ရှိနေသော မျဉ်းသည် စက္ကူပေါ်တွင် ရေး၍မရ။

Unity Publishing House

သူသည် ခဲတံကို အသုံးပြုရသည်ထက် ခဲဖျက်ကို အသုံးပြုရသည်က များနေသည်။ သို့သော်လည်း သူသည် သူဆွဲထားသည့် ပုံကြမ်းများကို မရရအောင်၊ မမိမိအောင် ကြိုးစားအားထုတ်သည်။ သူလုပ်နေသည့် အလုပ်အပေါ်တွင် စိတ်ဝင်စားလွန်းသဖြင့် သူ့အခန်းထဲသို့ အမှောင်ရိပ်များ ဝင်ရောက်လာသည်ကိုပင် သူ သတိမထားမိ၊ မဒမ်ဒင်းနစ္စက တံခါးလာခေါက်သည့်အခါတွင်မှ သူသည် များစွာ အံ့အားသင့်လျက်ရှိ၏။

"မွန်စီယာ ဗင်းဆင့်. . ညစာ အဆင်သင့်ဖြစ်နေပြီ"

"ဟင်. . . ညစာစားချိန်တောင် ရောက်နေပြီလား" ဟု တအံ့တသြ ရေရွတ်သည်။

ညစာစားချိန်တွင် ဗင်းဆင့်သည် ခါတိုင်းနေ့များကနှင့်မတူ။ သွက်လက်တက်ကြွစွာ စကားပြောနေသည်။ သူ့မျက်လုံးများသည် အရောင်တလက်လက် ထွက်နေသည်။ ဒင်းနစ္စလင်မယားသည် တစ်ယောက်မျက်နှာ တစ်ယောက် အဓိပ္ပာယ်ရှိသော မျက်လုံးများဖြင့် ကြည့်မိကြသည်။

အနည်းငယ်မျှ စားသောက်အပြီးတွင် ဗင်းဆင့်သည် ဒင်းနစ္စလင်မယားထံမှ ခွင့်ပန်ကာ သူ့အခန်းသို့ ပြန်သည်။ မှန်အိမ်ကိုထွန်းကာ သူဆွဲထားသည့် ပုံကြမ်းနှစ်ပုံကို နံရံပေါ်၌ ပင်အပ်များဖြင့် တွယ်၍ ချိတ်လိုက်သည်။ ခပ်ဝေးဝေးသို့သွား၍ ရပ်ကာ အနီးအဝေးနှင့် အကွာအဝေးအနေအထားများကို စေ့စပ်စွာ ပြန်ကြည့်နေသည်။

"နှစ်ပုံစလုံး မကောင်းဘူး" ဟု ရေရွတ်သည်။ "အတော်ကြီးကို မကောင်းတာပဲ၊ ဒါပေမယ့် မနက်ဖြန်ကျရင်တော့ အခုထက် နည်းနည်း ပိုကောင်းလာအောင် ဆွဲနိုင်မှာပါ"

သူသည် အိပ်ရာပေါ်သို့ လှဲလိုက်သည်။ မှန်အိမ်ကို သူ့ဘေး ကြမ်းပြင်ထက်တွင် ချထားလိုက်သည်။ နံရံပေါ်မှ သူ့ပုံကြမ်းနှစ်ပုံကို စူးစူးစိုက်စိုက် ထပ်မံကြည့်ရှုနေပြန်သည်။ ထိုခဏမှာပင် သူ့အကြည့်သည် ဘုရားရှိခိုးကျောင်းနံရံများပေါ်မှ ဖြုတ်လာပြီး ဤအခန်းထဲ၌ ပြန်ချိတ်ထားသည့် ပန်းချီကားချပ်များဆီသို့ ရောက်သွားလေသည်။ ယခုတစ်ကြိမ်သည် ဤပန်းချီကားများကို ပထမဆုံးအကြိမ် စေ့စေ့စပ်စပ် ကြည့်မိခြင်းဖြစ်၏။ ဤအခန်းထဲသို့ ရွှေ့ပြောင်းလာခဲ့သည်မှာ ခုနှစ်လကျော်ခဲ့ပြီ။ အခုမှပင် ဤပန်းချီကားများအပေါ် ပြန်လည်၍ စိတ်ဝင်စားခဲ့မိ၏။ ရုတ်တရက် သူ့ရင်ထဲတွင် ပန်းချီကားများ၏လောကကို လွမ်းဆွတ်တမ်းတစိတ် ဖြစ်ပေါ်လာသည်။

သူဘဝတွင် ရမ်းဘရန့်၊ မစ်လက်၊ ဂျူလီဒူပရီး၊ ဒီလာကရော့စ်နှင့် မာရစ္စစသော ပန်းချီဆရာကြီးများအကြောင်းကို သိရှိနားလည်ခဲ့ရသည့် အချိန် တစ်ချိန်သည် တည်ရှိခဲ့ဖူးပါ၏။ ထိုစဉ်က ချစ်စရာ မြတ်နိုးစရာ ကောင်းလှသည့် ပန်းချီကားအများအပြားကို သူပိုင်ဆိုင်ခဲ့ဖူး၏။ ထိုပုံများကို သူသည် သူ့ညီ သီအို နှင့် သူ့မိဘများထံ ပြန်လည်ပေးပို့ခဲ့ဖူးသည် မဟုတ်ပါလား။

ထို့ပြင်လည်း သူသည် လန်ဒန်နှင့် အမ်စတာဒမ်မြို့များရှိ ပြတိုက်များထဲမှ နာမည်ကျော် ဆီဆေးနှင့် ရေဆေးပန်းချီကားများကိုလည်း မြင်ခဲ့ဖူး၏။ ထိုအကြောင်းများကို ပြန်ပြောင်းတွေးတောမိသည့်အခါ စိတ်ဆင်းရဲစရာအကြောင်းများကို မေ့သွားသည်။ သူသည် တခဏအတွင်းမှာပင် နှစ်နှစ်ခြိုက် ခြိုက် အိပ်မောကျသွားလေ၏။

နောက်တစ်နေ့မနက် နှစ်နာရီခွဲတွင် သူ အိပ်ရာမှ နိုးလာသည်။ အိပ်ရေးဝထားသဖြင့် ကြည်လင်လန်းဆန်းနေသည်။ သူသည် အိပ်ရာပေါ်မှ ချက်ချင်းထကာ အဝတ်လဲသည်။ သူ့ခဲတံနှင့် စာရေးစက္ကူများကိုယူသည်။ ပေါင်မုန့်ဖိုအခန်းထဲမှ ခပ်ပါးပါး ပျဉ်ပြားတစ်ချပ်ကို တွေ့သဖြင့် ဆွဲယူလာခဲ့သည်။ ထို့နောက် မာကပ်ဆီကျောက်မီးသွေးတွင်းသို့ ထွက်လာခဲ့၏။ မနေ့က သူထိုင်ခဲ့သော သံလှည်းဘီးကြီးပေါ်၌ ဝင်ထိုင်သည်။ ပတ်ဝန်းကျင်တွင် အမှောင်ထုသည် လွှမ်းခြုံနေဆဲ. . . ။ သူသည် ကျောက်မီးသွေးတွင်းဆီသို့ ရောက်လာကြမည့် အလုပ်သမားများအား မျှော်လင့်စောင့်ဆိုင်းလျက်ရှိလေသည်။

သူသည် အမှောင်ထဲမှ ကြည့်ကာ ရောက်လာသမျှ အလုပ်သမားများ၏ ရုပ်လွှာများကို ပုံကြမ်းဆွဲသည်။ နောက်တစ်နာရီခန့်အကြာ၊ အလုပ်သမားများအားလုံး မြေအောက်တွင်းများထဲသို့ ဆင်းသွားချိန်တွင် သူ့လက်ထဲ၌ မျက်နှာမပါသော လူပုံငါးပုံမျှ ရရှိထားခဲ့လေပြီ။

သူသည် ပစ္စည်းများကို သိမ်းဆည်းကာ အိမ်ပြန်သည်။ သူသည် မီးဖိုခန်းထဲဝင်၍ ကော်ဖီတစ်ခွက်ဆွဲယူကာ သူ့အခန်းသို့ တက်လာခဲ့၏။ သူရလာသော ပုံကြမ်းများတွင် မျက်နှာများကို ထည့်သည်။ သူ့စိတ် မျက်စိအာရုံထဲ၌ စွဲမြဲနေသော ဘိုရိန်းနယ်သားများ၏ ကြန်အင်လက္ခဏာများကို ပီပီပြင်ပြင် ထင်ဟပ်လာအောင် အားစိုက်၍ဆွဲသည်။ စောစောက အမှောင်လွှမ်းနေသဖြင့် မရခဲ့သော မျက်နှာများကို အမိအရ ရအောင် စိတ်ကို အစွမ်းကုန် စူးစိုက်ပြီး ဆွဲယူနေခြင်းဖြစ်၏။

သူဆွဲထားသည့် လူခန္ဓာကိုယ်အချို့အစားအားလုံးသည် လုံးဝမမှန်ချေ။

အခြုံးအစားများ ကိုးရိုးကားယားဖြစ်လျက်ရှိ၏။ ထူးဆန်းသော ပုံများဖြစ်နေသဖြင့် ရယ်စရာကောင်းနေသည်။ သို့သော်လည်း ဘိုရိန်းသားများဖြစ်သည်ကိုမူကား ပုံများကို ကြည့်ရုံမျှဖြင့် သိသာနိုင်သည်။ သူသည် သူ့ပုံကြမ်းများကို ကြည့်ကာ သဘောကျလျက်ရှိသော်လည်း ကြည့်၍ ဝသည့်အခါ အားလုံးကို တစ်ပိုင်းစီ တစ်စစီ ဆွဲဆုတ်ပစ်လိုက်လေ၏။

ထို့နောက် သူသည် အိပ်ရာပေါ်၌ ထိုင်ကာ မျက်နှာချင်းဆိုင် နံရံထက်မှ အယ်လီဘီပန်းချီကားကို ကြည့်နေသည်။ ဆီးနှင်းများဖြင့် ဝိုးတဝါးဖြစ်နေသည့် လမ်းပေါ်၌ ရေနွေးပုံးနှင့် ကျောက်မီးသွေးများသယ်လာနေသည့် အဖွားအို တစ်ယောက်၏ ပုံပေတည်း။ သူသည် ထိုပုံကို ကူးဆွဲသည်။

သူသည် သူကူးရေးနေသည့် ပုံထဲ၌ အဖွားအို၏ ရုပ်လွှာကို အံဝင်ခွင်ကျ ဖြစ်သွားအောင် ထည့်သွင်းရန် အားထုတ်သည်။ အဖွားအို၏ ရုပ်လွှာအား လမ်းနှင့် နောက်ခံအိမ်တန်းများနှင့် ဆက်စပ်ယှက်နွယ်မိအောင် အားထုတ်ပါသော်လည်း မရ။ သူသည် စာရွက်ကို လုံးခြေကာ အခန်းထောင့်သို့ လွှင့်ပစ်လိုက်သည်။

သူသည် ကုလားထိုင်ကိုယူ၍ ထိုင်ကာ ဘော့စ်ဘွန်းပန်းချီလက်ရာကို ကြည့်သည်။ တိမ်ထူထပ်သော မိုးကောင်းကင်ကို နောက်ခံထား၍ များများမတ်မတ် ရပ်နေသော အထီးကျန်သစ်တစ်ပင်၏ ပုံဖြစ်၏။ ကြည့်လိုက်လျှင် လွယ်သည်ဟု ထင်ရ၏။ သစ်ပင်တစ်ပင်တည်းသာ ပါသည်။ အရောင်မှာ မည်းနက် နက်။ နောက်ခံမိုးသားတိမ်လွှာထုမှာ ပန်းချီကား၏ ထိပ်နား၌ ကပ်၍ ဆွဲထား ခြင်းဖြစ်သည်။

သို့သော်လည်း ဘော့စ်ဘွန်း၏ ရေးဆွဲဟန်မှာ တိကျသည်။ ခိုင်မာပြတ်သားသည်။ အလွန်နုနယ်သိမ်မွေ့သည်။ အတင်းကျပ်ဆုံးသော စည်းကမ်းများဖြင့် ထပ်တလဲလဲ လေ့ကျင့်ရသော ပန်းချီအနုပညာရပ်၏ အရိုးဆုံး သို့မဟုတ် အရှင်းဆုံးသော အပိုင်းအစလေးတစ်ခုကို ထပ်တူထပ်မျှ ဖြစ်လာအောင် ကူးဆွဲရန်မှာ အခက်ခဲဆုံးသော အလုပ်တစ်ခုဖြစ်ချေသည်။

အပြင်ဘက်တွင် နံနက်ခင်းအချိန်သည် တရွေ့ရွေ့ ကုန်ဆုံးသွားနေသည်။ ဗင်းဆင့်သည် နောက်ဆုံးစာရွက်တစ်ရွက် ကူးဆွဲအပြီးတွင် ထိုင်ရာမှ ထကာ သူ့ပစ္စည်းများကို မွှေနှောက်ရှာဖွေသည်။ သူ့တွင် လက်ကျန်ငွေ မည်မျှ ရှိပါသေးသနည်း။ သူသည် ဖရန့်ငွေ နှစ်ဖရန့်ကို တွေ့သည်။ ဤငွေနှင့်ဆိုပါက ပုံဆွဲစက္ကူ အကောင်းစားနှင့် ပုံဆွဲကျောက်မီးသွေးခဲတံတစ်ချောင်းလောက်တော့

ဝယ်နိုင်လိမ့်မည်ဟု ထင်၏။

သူဝယ်ယူလိုသော ပစ္စည်းများမှာ မွန် အထိသွားပါမှ ရနိုင်မည်ဖြစ်၏။ သူသည် ဆယ့်နှစ်ကီလိုမီတာဝေးသောခရီးကို ခြေလျင်ထွက်လာခဲ့သည်။ ပီတစ်ဝပ်စ်မက်ရွာနှင့် ဝပ်စ်မက်မြို့ကြားရှိ ရှည်လျားသော တောင်ကုန်းပေါ်မှ ဆင်းလာသည့်အခါ တဲတံခါးဝများ၌ ထွက်ရပ်နေကြသော အိမ်ရှင်မများကို မြင်သည်။ အလုပ်သမားများ၏ ဇနီးများဖြစ်၍ သူ၏ မိတ်ဆွေဟောင်းများ ဖြစ်သဖြင့် တရေးတယူ နှုတ်ဆက်လာခဲ့လေသည်။ မွန်သို့ မရောက်မီ ခရီးတစ်ဝက်ခန့်၌ တည်ရှိသော ပါတူရိတ်မြို့ငယ် ကလေးအတွင်းသို့ဝင်လာသောအခါ မုန့်ဖုံတစ်ဖုံ၏ ပြတင်းပေါက်နောက်၌ ရပ်နေသော မိန်းမလှလေးတစ်ဦးကို သူ သတိထားလိုက်မိ၏။ သူသည် ထိုမိန်းမလှလေးအား အနီးကပ်မြင်လိုသဖြင့် ဆိုင်ထဲသို့ ဝင်ကာ ငါးဆင့်တန်ဘန်းမုန့်တစ်လုံးကို ဝယ်ယူခဲ့မိလေသည်။

ပါတူရိတ်မြို့နှင့် ကူးစ်မက်စ်မြို့ကြားရှိ လယ်ကွင်းများမှာ မိုးများသော အရပ်ဒေသဖြစ်သဖြင့် စိုပြည်စိမ်းလန်းလှပေသည်။ ရှုခင်းကောင်းသော နေရာတစ်ခုဖြစ်သဖြင့် ဗင်းဆင့်အဖို့ စွဲမက်စရာ တစ်ခုဖြစ်နေသည်။ ပန်းချီဆွဲသည့် အစိမ်းရောင် ဆေးတောင့် ဝယ်နိုင်သည့်တစ်နေ့တွင် ဤနေရာသို့ ပြန်လာပြီး ပန်းချီတစ်ကားလောက် ဆွဲမည်ဟု စိတ်ထဲတွင် ကြိတ်၍ ဆုံးဖြတ်လိုက်သည်။

မွန်သို့ရောက်သည့်အခါ အဝါရောင်စက္ကူအချောစား၊ ပုံဆွဲကျောက်မီးသွေးခဲတံနှင့်ပုံဆွဲခဲတံ အကောင်းစားကြီးတစ်ချောင်း ရသည်။ စတိုးဆိုင်တစ်ဆိုင်ရှေ့တွင် ပန်းချီကားများ ထည့်ထားသည့် ပုံးကြီးတစ်ပုံးကို တွေ့သည်။ ဗင်းဆင့်သည် ပန်းချီကားများကို တစ်ချပ်ပြီးတစ်ချပ် ယူကြည့်သည်။ စတိုးဆိုင် ပိုင်ရှင်သည် သူ့ထံသို့ ရောက်လာသည်။ နှစ်ဦးသား ပန်းချီကားများအကြောင်းကို ဝေဖန်ဆွေးနွေးမိကြ၏။ သူတို့နှစ်ယောက်သည် လွန်ခဲ့သော နှစ်ပေါင်းများစွာကတည်းက ခင်မင်ရင်းနှီးလာကြသူများသဖွယ် ဆက်ဆံပြောဆို နေကြခြင်းဖြစ်လေသည်။

"ခင်ဗျားရဲ့ ပန်းချီကားတွေထဲက တစ်ချပ်တောင် ဝယ်နိုင်ဖို့ ငွေကြေး မရှိတော့ ခွင့်လွှတ်ပါလို့ တောင်းပန်ရတော့မှာပဲ" ဟု ဗင်းဆင့်ကပြောသည်။

"ကိစ္စမရှိပါဘူး မွန်စီယာ" ဟု ဆိုင်ရှင်က ပြန်ပြောသည်။ "ခင်ဗျားမှာ ဝယ်ဖို့ငွေ မရှိလဲ အချိန်မရွေး လာခဲ့ပါ"

ဗင်းဆင့်သည် အိမ်အပြန် ဆယ့်နှစ်ကီလိုမီတာခရီးကို ရွှင်လန်းအားရသော စိတ်ဖြင့်ပြန်လာခဲ့၏။ နေရောင်သည် ကြည်လင်တောက်ပလျက်ရှိ၏။

ဗင်းဆင့်သည် ကူးစ်မက်စ်မြို့ရှိ ကျောက်တုံးအိမ်များ၏ အလှကို သတိမပြုမိပဲ မနေနိုင်။ သူ တောင်ကုန်းထိပ်သို့ ရောက်သွားချိန်တွင် သူ့ရှေ့၌ မြင်နေရသည့် စိမ်းလန်းစိုပြည်နေသော တောင်ကြားလွင်ပြင်၏အလှကိုလည်း အသိအမှတ် မပြုပဲမနေနိုင်။ သူစိတ်သည် ပျော်မြူးလျက်ရှိ၏။ ဘာ့ကြောင့်မှန်းတော့ အတိ အကျ သူမပြောနိုင်။

ညနေပိုင်း အိမ်ပြန်ရောက်၍ ညစာစားပြီးသည့်အခါတွင်မူ "စားပွဲက ထမသွားပါနဲ့ဦး မဒမ် ဒင်းနစ္စ၊ ကျွန်တော် လုပ်စရာလေးတစ်ခု ရှိနေလို့ပါ" ဟု မဒမ်ဒင်းနစ္စအား လှမ်းပြောသည်။

သူသည် သူ့အခန်းဆီသို့ ပြန်ပြေးကာ ပုံဆွဲသည့် စက္ကူနှင့် ခဲတံများကို ယူ၍ ပြန်ဆင်းလာသည်။ ပြီးတော့ သူမိတ်ဆွေ၏ ပုံကို ပုံကြမ်းဆွဲသည်။ သူရေးဆွဲ အပြီးတွင် မဒမ်ဒင်းနစ္စက ထလာပြီး သူ့နောက်မှ ရပ်၍ ရေးဆွဲထားသည့် ပုံကြမ်း ကို ကြည့်သည်။

"မွန်စီယာဗင်းဆင့်က ပန်းချီဆရာပါကလား" ဟု မဒမ်ဒင်းနစ္စက တအံ့ တသြ ပြောသည်။

"မဟုတ်ပါဘူး ခင်ဗျာ" ဟု သူက ပြန်ပြောသည်။ "ကျွန်တော့်စိတ် ကိုကျွန်တော် သာယာအောင် လုပ်နေတာပါ"

"ဒါပေမယ့် ဆွဲထားတဲ့ပုံက ကောင်းသားပဲ၊ ပုံက ကျွန်မနဲ့ တူသလောက် နီးပါးပဲ"

"တူသလောက်နီးပါးပဲလား။ လုံးဝတော့ မတူဘူးဆိုပါတော့၊ ဟုတ်လား" ဟု ဗင်းဆင့်က ရယ်၍ပြောသည်။

ထိုအတောအတွင်းတွင် ဗင်းဆင့်သည် သူ အခုလောလောဆယ် ဘာလုပ်နေသည်ကို စာရေးပြီး အသိမပေးခဲ့ပေ။ အကယ်၍ အသိပေးပါကလည်း သူမိသားစုက "ဒုက္ခပါပဲ. . . ။ ဗင်းဆင့်တော့ စိတ်ရူးပေါက်ပြီး ထင်မိထင်ရာတွေ လျှောက်လုပ်နေပြန်ပြီ။ ဘယ်အချိန်ကျမှ သူ့ဘဝသူ တည်ငြိမ်သွားအောင် အသုံး ကျတဲ့အလုပ်ကို လုပ်မလဲ မပြောတတ်တော့ပါဘူး" စသည်ဖြင့် ညည်းညူကြပေ လိမ့်မည်။

ထို့ပြင်လည်း သူ၏ ယခု လှုပ်ရှားမှုအသစ်တွင် ထူးဆန်းသော အရည် အသွေးတစ်ခု ရှိနေသည်။ ယင်းမှာ မိမိ၏ ကိုယ်ပိုင်အရည်အသွေးဖြစ်၍ မိမိမှ တစ်ပါး အခြားလူများတွင် မရှိနိုင်။ သူအနေဖြင့် သူရေးဆွဲထားသည့် ပုံကြမ်းများ အကြောင်းကို ပြောဖို့ သို့မဟုတ် ရေးဖို့ သူကိုယ်သူ တိုက်တွန်း၍မရ။ သူ့ရင်ထဲ

တွင် ဤပန်းချီပုံကြမ်းများနှင့် ပတ်သက်၍ ဘယ်သူ့ကိုမှ အသိမပေးဘဲ တိတ်တိတ်ကလေး ဖုံးထားလိုသောစိတ် ပေါ်နေသည်။ ယခင့်ယခင်က မထားရှိခဲ့ဖူးသော စိတ်ခံစားမှုတစ်ခု ဖြစ်၏။

အမှန်အတိုင်း ဝန်ခံရမည်ဆိုပါက သူ့ပန်းချီကားများကို လူစိမ်းသူစိမ်းများအား ပြချင်သောစိတ် လုံးဝမရှိ။ ယင်းပန်းချီကားများသည် မိမိလို မကျွမ်းကျင်သူတစ်ဦး ရေးဆွဲထားသော ကားများဖြစ်သဖြင့် အဆင့်မီကောင်းမှု မိပေလိမ့်မည်။ လက်ရာအနေဖြင့်လည်း စံချိန်မမီနိုင်လောက်အောင် ကြမ်းချင်လည်း ကြမ်းပေလိမ့်မည်။ နားမလည်နိုင်လောက်အောင် ညံ့ချင်လည်း ညံ့ပေလိမ့်မည်။ သို့တိုင်အောင် မိမိအနေနှင့်ကတော့ အထွတ်အမြတ်ဖြုံထားသည့် ကားများဖြစ်ချေသည်။

သူသည် နောက်တစ်ကြိမ် အလုပ်သမားများ၏ တဲများဆီသို့ သွားပြန်သည်။ ဤတစ်ကြိမ်တွင်မူ သူသည် သမ္မာကျမ်းစာစာအုပ်ကို ယူမသွား။ ပုံဆွဲစက္ကူနှင့် ပုံဆွဲဆေးတောင့်ကိုသာ ယူသွားသည်။ အလုပ်သမားများသည် သူရောက်လာသည့်အတွက် ဝမ်းသာကြ၏။ သူသည် တဲအတွင်း မြေကြီးပေါ်၌ ကစားနေကြသော ကလေးသူငယ်များ၊ မီးဖိုပေါ်၌ ငုံ့၍ ချက်ပြုတ်နေကြသော ဇနီးများနှင့် တစ်နေ့တာ အလုပ်ပြီး၍ မိသားစုတစ်စုတဝေးတည်း ညစာစားနေကြပုံများကို ပန်းချီပုံကြမ်းများ ဆွဲသည်။

သူသည် မီးခိုးခေါင်းတိုင်ရှည်ကြီးများနှင့် မားမားမတ်မတ်ကြီး တည်ရှိနေသော မာကပ်ဆီ ကျောက်မီးသွေးတွင်း၊ မည်းနက်နေသော လယ်ကွက်များ၊ လျှို့တစ်ဘက်ရှိ ထင်းရှူးတောနှင့် ပါတူရိတ်တဝိုက်၌ ထွန်ယက်နေကြသော လယ်သမား ယာသမားများကိုလည်း စိတ်ဝင်တစားကြည့်ပြီး ပုံများဆွဲသည်။

ရာသီဥတု ဆိုးဝါးသည့်နေ့များတွင်မူ သူသည် အပြင်သို့ မထွက်၊ အခန်းထဲ၌ ထိုင်ကာ နံရံများပေါ်၌ ချိတ်ထားသည့် ပန်းချီများကို ကူးဆွဲသည်။ တစ်ခါတရံတွင်မူ ယခင်နေ့များက ရေးဆွဲထားသည့် ပုံကြမ်းများကို အချောပြန်ကိုင်သည်။ ညပိုင်း အိပ်ရာပေါ်ရောက်သည့်အခါ ဤတစ်နေ့တာအတွင်း သူလုပ်ကိုင်ပြီးသမျှကို ပြန်၍ ဆင်ခြင်စဉ်းစားကာ "မဆိုးလှပါဘူး" ဟု မှတ်ချက်ချသည်။

သို့သော်လည်း နောက်နေ့မနက်လင်း၍ အိပ်ရာမှ နိုးလာသည့်အခါ ညက ကောင်းစွာအိပ်မပျော်ခဲ့ရသည့် အဖြစ်ကို ပြန်၍ သတိထားမိသည်။ သူ၏ ဖန်တီးမှုစွမ်းအားအပေါ်၌ သူထားရှိနေသည့် သံသယစိတ်သည် သူ၏ အတွင်း

စိတ်ထဲမှနေ၍ သူ့အား များစွာချောက်ချားအောင် အနှောင့်အယှက် ပြုခဲ့သည်များကို သတိပြန်ရသည်။ သူရေးဆွဲထားသမျှ ပုံအားလုံးကို အလွဲတွေ ရေးဆွဲထားခြင်းဖြစ်သည်ဟူသော အထင်ဝင်လာသည်။ ထိုအခါ သူသည် သူ့ပန်းချီကားအားလုံးကို ယူ၍ လွှင့်ပစ်လိုက်လေ၏။

ယခုအခါတွင် သူသည် သူ့ရင်တွင်းမှ နာကျင်မှုဟူသမျှကို ဖျောက်ဖျက်ထားသည်။ သူ့အနေဖြင့် ပျော်ပျော်ပင် နေသည်။ ယခင်က ရင်ဆိုင်ခဲ့ရသမျှ မပျော်ရွှင်မှုများကို လုံးဝ ပြန်လည်တွေးတောခြင်း မပြုတော့။ သူသည် အခုအချိန်ထိ သူ့ခြေထောက်ပေါ် သူ မရပ်နိုင်သေး။ ကိုယ်ပိုင်ဝင်ငွေနှင့် နေနိုင်အောင် ဘာအလုပ်မှလည်း မလုပ်သေး။ တကယ်တော့ သူ့အဖေနှင့် သူ့ညီတို့က ပေးပို့သမျှ ငွေများကို လက်ခံ၍ သုံးစွဲနေခြင်းအတွက် ရှက်စိတ်ဝင်သင့်ပြီဖြစ်၏။ သို့သော်လည်း သူသည် ယင်းကိစ္စကို သိပ်ပြီး အလေးအနက်ထား၍ မတွေး။ သူ စိတ်ဝင်စားနေသည့် ပုံကြမ်းရေးဆွဲသည့် အလုပ်ကိုသာ ဇောက်ချ၍ စိုက်လိုက်မတ်တပ် လုပ်လျက်ရှိလေသည်။

သီတင်းပတ် အနည်းငယ်မျှအကြာတွင် သူသည် နံရံပေါ်မှ ပန်းချီကားများကို ကူးဆွဲရာ၌ အကြိမ်ပေါင်းမရေမတွက်နိုင်လောက်အောင်ပင် ကူးဆွဲပြီးခဲ့လေပြီ။ အကယ်၍ သူ့အနေဖြင့် ပန်းချီပညာတွင် ယခုလက်ရှိ အခြေအနေထက် ပို၍ တိုးတက်လိုသည်ဆိုပါမူကား နာမည်ကြီး ပန်းချီပညာရှင်ကြီးများ၏ လက်ရာကောင်းမှန်သမျှကို မနားမနေ ကူးဆွဲနေမှသာ ဖြစ်လိမ့်မည်ဟု သူ နားလည်ထားသည်။ ယခုအခါတွင် သူ့ညီ သီအိုက သူ့ထံ စာမရေးသည်မှာ တစ်နှစ်တိတိ ရှိခဲ့ပြီ။ သို့သော်လည်း သူသည် သူ့မာနကို သူ၏ ခပ်ချာချာ ခပ်ညံ့ညံ့ ပန်းချီကားများအောက်သို့ ထိုးသွင်းထားလိုက်ပြီး သူ့ညီ သီအိုထံစာရေးသည်။

ချစ်သောသီအို

အစ်ကို အမှတ်မမှားဘူးဆိုရင် မင့်ဆီမှာ ပန်းချီဆရာ မစ်လက်ရဲ့ "လက်စ်ထရာဗော့စ်ဒက်စ်ချမ့်" ပန်းချီကား ရှိနေလိမ့်မယ်လို့ ထင်တယ်။ ရှိတယ်ဆိုရင်တော့ အစ်ကို့ကို ခဏလောက် ငှားပါ။ ပို့ရင်လည်း စာတိုက်ကပို့ပါ။

အခု အစ်ကို့အနေနဲ့ ပန်းချီဆရာ ဘော့စ်ဘွန်းနဲ့ အယ်လီဘီတို့ရဲ့ လက်ရာ ပန်းချီကားတွေကို ကူး. . . ကူးပြီး ဆွဲနေတယ်။ အစ်ကို ဆွဲထားတာတွေကို မင်းမြင်ရရင် မင်း သဘောကျလိမ့်မယ်လို့ ထင်တယ်။

မင်း ပို့နိုင်သမျှ ပန်းချီကားတွေကို ပို့ပေးပါ။ အစ်ကို့အတွက် ဘာမှ မစိုးရိမ်ပါနဲ့။ အစ်ကို့အနေနဲ့ အလုပ်တစ်ခုကို ဆက်လုပ်နေရင် တစ်နည်းမဟုတ် တစ်နည်းနဲ့ အဆင်ပြေသွားမှာပါ။

ပန်းချီဆွဲတဲ့အလုပ်တွေနဲ့ မအားမလပ် ဖြစ်နေတဲ့ကြားက မင့်ဆီကို ဒီစာရေးရတာ။ ပုံဆွဲစရာက ရှိနေလို့ ဒီလောက်ပဲ ရေးနိုင်တယ်။ မင်္ဂလာညပါ သီအို။ ပန်းချီကားတွေကို အမြန်ဆုံး ပို့ပေးပါ။

စိတ်ကူးဖြင့် မင့်လက်ကိုဆွဲ၍ နှုတ်ဆက်လျက်

ဇင်းဆင့်

တဖြည်းဖြည်းနှင့် စိတ်ဆာလောင်မွတ်သိပ်မှု အသစ်တစ်ခုသည် သူ့အား ဖိစီးလာသည်။ တခြားမဟုတ်၊ သူကူးဆွဲထား်သည့် ပန်းချီကားများ အကြောင်းကို ပန်းချီပညာရှင်တစ်ယောက်အား ပြောပြလိုခြင်းနှင့် ကားများကို ပြ၍ ဘယ်နေရာတွင် မှန်၍ ဘယ်နေရာတွင် မှား သည်ကို ထောက်ပြစေလိုသော ဆာလောင်မွတ်သိပ်မှုဖြစ်လေသည်။

သူသည် ယခု ဆွဲထားသည့် သူ့လက်ရာ ပန်းချီကားများ မကောင်းမှန်း ကို သိနေသည်။ သို့သော်လည်း ခက်နေသည်မှာ ဘာ့ကြောင့် မကောင်းမှန်းကို သူ အတိအကျ မပြောနိုင်။ သူ့တွင် လိုအပ်နေသည်မှာ တစ်စိမ်းတရံဆံ တစ်ယောက်၏ အညှာအတာ ကင်းမဲ့သော မျက်လုံးအစုံဖြင့် ကြည့်ရှုခြင်းကို ရယူလိုခြင်းဖြစ်၏။ ကြည့်ရှုမှုကို ရယူရာ၌လည်း ဖန်တီးရှင်၏ မာန်မာနကြောင့် တိမ်သလွှာ ဖုံးသလို ဖြစ်နေသော မျက်လုံးများဖြင့် ကြည့်ရှုခံရသည့် အနေ အထားမျိုးကို သူ မလိုလား။

သူ ဘယ်သူ့ဆီ သွားရလျှင် ကောင်းပါမည်နည်း။ ယခု ပေါ်လာလျက် ရှိသည့် စိတ်ဆန္ဒမှာ ဆောင်းတွင်းတစ်တွင်းလုံး နေ့စဉ်နေ့တိုင်း ပေါင်မုန့်ခြောက် ကလေး မဖြစ်စလောက် စားသောက်ပြီး အဆမတန် အပင်ပန်းခံ၍ လုပ်ကိုင် ထားရသော အလုပ်အတွက် အလွန်ကြီးမားပြင်းထန်သော ဆန္ဒဖြစ်ချေသည်။

အမှန်တော့လည်း ဤကမ္ဘာပေါ်တွင် ပန်းချီပုံညာ၏ နည်းပညာဆိုင်ရာ ပြဿနာများနှင့် ရင်ဆိုင်နေကြရသော သူလို ပန်းချီဆရာမျိုးတွေ အများအပြား ရှိနေသည်ကို သူ သိနေသည်။ ထိုသူများသည်လည်း အခု သူတွေးသလိုတွေးကာ သူတို့၏ အားထုတ်မှုများကို အကဲဖြတ်ပေးမည့် လူများ ရှာဖွေခဲ့ကြမည်မှာ မလွဲ။

ယင်းကဲ့သို့ ရှာဖွေရာ၌ ပန်းချီပညာကို လေ့လာလိုက်စားပြီး ဝါသနာကြီးသူများအား ချဉ်းကပ်၍ မေးမြန်းကြလိမ့်မည်မှာ မလွဲ။ သို့သော်လည်း ယင်းကဲ့သို့သော ဝါသနာရှင်များသည် ဘိုရင်းနိတ်လို နယ်မြေဒေသမျိုးအတွင်း၌ ရှာမှရှား ဖြစ်ပေလိမ့်မည်။ မိုးရွာနေသော နေ့တစ်နေ့တွင် ဗင်းဆင့်သည် အပြင်သို့မထွက်ပဲ သူ့အခန်းထဲ၌ ပန်းချီကားများကို ပုံတူကူးဆွဲလျက်ရှိ၏။ ထိုအခိုက်မှာပင် သူ့ဦးနှောက်တွင်းသို့ ဘရပ်ဆဲလ်မြို့နေအိမ်၏ ပန်းချီစတူဒီယိုအခန်းထဲ၌ မိမိနှင့်စကားပြောခဲ့ဖူးသော ဘုန်းကြီးပက်တာဆင်၏ရုပ်ပုံလွှာသည် ဖြတ်ခနဲ ဝင်ရောက်လာလေသည်။

နောက်ဆုံးတွင် သူလိုအပ်နေသည့် လူစားမျိုးကို တွေ့ရပြီဟုတွက်မိသည်။ သူသည် ချက်ခြင်းထ၍ သူရေးဆွဲထားသော ပန်းချီကားပုံကြမ်းများထဲမှ ကောင်းနိုးရာရာများကို ရွေးထုတ်သည်။ ကျောက်မီးသွေးတွင်းတူး အလုပ်သမားတစ်ဦး၏ပုံ၊ မီးဖိုပေါ်ငုံ့ကြည့်နေသော အလုပ်သမား၏ဇနီးပုံနှင့် ကျောက်မီးသွေးတောင်ပေါ်၌ ကျောက်မီးသွေးအဖြူန်းများရှာဖွေကောက်ယူနေသည့် အဖွားအို တစ်ဦး၏ပုံ .....၊ စုစုပေါင်း ပန်းချီကားသုံးကားကိုရသည်။ သူသည် ဘရပ်ဆဲလ်မြို့သို့သွားရန် အိမ်မှထွက်လာခဲ့လေ၏။

သူ့အကျီအိပ်ကပ်ထဲတွင် ငွေကများများစားစားမရှိ၊ အားလုံးပေါင်းပါမှ သုံးဖရန့်သာရှိ၏။ သို့ဆိုလျှင် သူ မီးရထားစီး၍ သွားနိုင်မည်မဟုတ်။ ခြေလျင်သွားလျှင် ကီလိုမီတာရှစ်ဆယ်တော့လျှောက်ရလိမ့်မည်။ ထိုခရီးသည် နီးလှသည်မဟုတ်။ သူထွက်ရမည့်အချိန်က မွန်းလွဲပိုင်း၊ သူသည် ထိုနေ့မွန်းလွဲပိုင်း နှင့်ညတစ်ညလုံး ခြေလျင်လျှောက်သည်။ နောက်တစ်ရက် တစ်နေကုန်နီးပါးမျှ လျှောက်မိသောအခါ ဘရပ်ဆဲလ်မြို့နှင့် ကီလိုမီတာသုံးဆယ်အကွာသို့ ခရီးပေါက်ခဲ့လေပြီ။

သူသည် ရုတ်တရက်ခရီးမဆက်နိုင်၊ သူ၏ရှူးဖိနပ်တစ်ဖက်ထိပ်သည် ပေါက်ပြဲနေပြီ၊ ခြေချောင်းများသည် အပေါက်မှ အပြင်သို့ တိုးထွက်ကာ ပြူတစ်ပြူတစ်ဖြစ်နေကြပြီ။ မနှစ်က တစ်နှစ်လုံးပီတစ် ဝပ်စမက်ရွာထဲ၌ နေ့စဉ်ဝတ်လာခဲ့ရသော ကုတ်အင်္ကျီမှာ ဖုန်အလိမ်းလိမ်းချေးအထပ်ထပ်ဖြစ်ကာ မြင်မကောင်းအောင် ညစ်ပတ်ပေရေလျက်ရှိ၏။ ထို့ပြင်လည်း ပန်းချီကားရေးဆွဲခြင်းအပေါ်၌သာ စိတ်ကရောက်နေသဖြင့် ကုတ်အင်္ကျီကိုလည်းမလျှော်မဖွတ်၊ မလဲမဖယ်ခဲ့.....။

သို့သော်လည်း အခုအချိန်ကျမှတော့ သူဘာမှ လုပ်နေ၍ရတော့မည်

မဟုတ်။ သူသည်အလွယ်တကူပင် သားရေပြားထူထူတစ်ပြားကို ဖိနပ်ထိပ်မှ ခံထားပြီး ဤခရီးကိုထွက်ခဲ့ခြင်းဖြစ်၏။ ယခုအခါတွင်မူ သူခံလာသည့် သားရေကပ်ထူနှင့် ထိမိ တိုက်မိလွန်း၍ ခြေချောင်းများတွင် ဒဏ်ရာများရကာ သွေးအလူးလူးဖြစ်နေပြီ။ တစ်လမ်းလုံး မကြာခဏ ရေအဝင်ခံလာရသဖြင့် သားရေပြားသည် ပွထကာစုတ်လုပြတ်လုနီးပါးဖြစ်နေခဲ့လေပြီ။ ဆာလွန်းသဖြင့် သူ့ခန္ဓာကိုယ်သည် ကတုန်ကယင်ဖြစ်နေသည်။ ရေငတ်လွန်းသဖြင့် သူ့လည်ချောင်းနှင့် ပါးစပ်တစ်ခုလုံး ခြောက်သယောင်းနေကြ၏။ ပင်ပန်းနွမ်းနယ်လွန်းသဖြင့် သူ့ခန္ဓာကိုယ်သည် မသယ်ချင်အောင်ဖြစ်နေပြီ။ သို့သော်လည်း သူသည် ဆုံးဖြတ်ထားသည့်အတိုင်း ခရီးကိုဆက်သည်။ စိတ်ပျက်ခြင်း၊ အားလျော့ခြင်းမရှိ။ သူသည် ပျော်ပျော်ရွှင်ရွှင်ပင်ဖြစ်သည်။

သူသည် ဘဝတူ ပန်းချီပညာရှင်တစ်ဦးနှင့်တွေ့ဆုံပြီး ဆွေးနွေးပြောဆိုရန် အလုပ်တစ်ခုရှိနေသည် မဟုတ်ပါလား။

ထိုနေ့မွန်းလွဲပိုင်းတွင် သူသည် ဘရပ်ဆဲလ်မြို့ဆင်ခြေဖုံးသို့ ရောက်သည်။ သူ့အိတ်ကပ်ထဲတွင် ငွေကြေးဆို၍ ဆင့်ပြားတစ်ပြားမျှသာလျှင် ကျန်တော့၏။ မည်သို့ပင်ဖြစ်စေ သူသည် ပက်တာဆင်၏အိမ်နေရာကို ကောင်းစွာမှတ်မိသည်။ လျှင်မြန်သွက်လက်သော ခြေလှမ်းများဖြင့် တစ်လမ်းဝင် တစ်လမ်းထွက် လျှောက်လာခဲ့၏။ လမ်းသွားလမ်းလာများသည် သူ၏ဝဲယာဘေးတစ်ဘက်တစ်ချက်မှ ဖြတ်သန်းသွားနေကြသည်။ သူ့အား ပြူးတူးပြဲတဲကြည့်ကြသည်။ နှာခေါင်းရှုံ့သူများကရှုံ့၍ မဲ့သူများက မဲ့ကာ ခေါင်းတယမ်းယမ်းလုပ်ကြသည်။ ဗင်းဆင့်ကတော့ လုံးဝသတိမထားမိ။ နာကျင်ကိုက်ခဲနေသည့် ခြေနှစ်ဖက်က လျှောက်နိုင်စွမ်းရှိသမျှအပေါ် အားပြုကာ မြန်နိုင်သမျှမြန်အောင် လျှောက်သွားလျက်ရှိလေသည်။

တံခါးလာဖွင့်ပေးသူသည် ဘုန်းကြီးပက်တာဆင်၏သမီးအငယ်ဖြစ်၏။ သူမသည် သူမ၏ရှေ့၌ရပ်နေသည့် ညစ်ပတ်ပေရေနေသော ချွေးများဖြင့် စိုရွဲနေသော ဗင်းဆင့်အား အလန့်တကြားကြည့်နေသည်။ ဆီမလိမ်း ခေါင်းမဖီးပဲ ပစ်ထားသည်မှာ ကြာပြီဖြစ်၍ ဆံပင်များမှာ ထိုးထိုးထောင်ထောင်နှင့် ဖို့ရိုးဖားရားဖြစ်နေကြ၏။ ဘောင်းဘီရှည်မှာလည်း ဖုန်အလူးလူး ရွှံ့အလိမ်းလိမ်းကပ်လျက်ရှိသည်။ ပြီးတော့ မည်းညစ်ပေါက်ပြဲနေသော ရှူးဖိနပ်များနှင့် သွေးစသွေးနများ . . . . . ။

မိန်းကလေးသည် ကြောက်လန့်တကြား အော်ဟစ်ကာ အိမ်ထဲသို့

ပြန်ဝင်ပြေးသည်။ သူမ၏ ဖခင်သည် တံခါးပေါက်သို့ အပြေးအလွှား ရောက်လာသည်။ ဗင်းဆင့်အား ရုတ်တရက်ချက်ခြင်း မမှတ်မိ။ ပါးစပ်အဟောင်းသားဖြင့် အံ့အားကြီးသင့်ပြီး ကြည့်နေသည်။ အချိန်အတန်ကြာကာမှပင် ဗင်းဆင့်အား မှတ်မိလာသဖြင့် အပြုံးဖြင့် ကြိုဆိုခြင်းပြုလေသည်။

"သား ဗင်းဆင့်ပါလား" ဟု ပက်တာဆင်က ရေရွတ်သည်။ "အခုလိုပြန်တွေ့ရတာသိပ်ကို ဝမ်းသာသကွယ်။ လာ . . လာ . . ၊ အိမ်ထဲကိုဝင်"

သူသည် ဗင်းဆင့်အား စာကြည့်ခန်းထဲသို့ ခေါ်သွားသည်။ ကုလားထိုင်တစ်လုံးဆွဲယူလာပြီး ထိုင်ခိုင်းသည်။ ယခုအခါတွင် ဗင်းဆင့်၏ အဓိကရည်မှန်းချက်သည် ပြည့်ဝခဲ့ပြီ။ ထိုအခါကျမှပင် ကီလိုမီတာ ရှစ်ဆယ်ခရီး၏ ဒဏ်ကိုသူခံစားရသည်။ နှစ်ရက်ကြာလာခဲ့ရသည့် ဤခရီးတွင် သူသည် မဖြစ်စလောက်ပေါင်မုန့်နှင့်ဒိန်ခဲအနည်းငယ်မျှကိုသာ စားခဲ့ရသည်မဟုတ်ပါလား၊ သို့တစေလည်း သူ့တစ်ကိုယ်လုံးရှိ အကြောများကတော့ ပျော့သွားကြပြီဖြစ်၏။ တာစူ၍မရနိုင်လောက်အောင် ပင်ပန်းမောဟိုက်လာခဲ့ရသည့်အရှိန်ကြောင့် တစ်ကိုယ်လုံးခွေပျော့ကာ အသက်ကိုပင် ဝအောင်မရှူနိုင်။

"ဒီအနားက ကိုယ့်မိတ်ဆွေတစ်ယောက် အိမ်မှာ အခန်းပိုတစ်ခန်းရှိတယ် ဗင်းဆင့်" ဟု ပက်တာဆင်ကပြောသည်။ "အဲဒီမှာသွားနေရင်းနဲ့ ရေမိုးချိုးပြီး ခဏနားဦးပေါ့။ ခရီးက သိပ်ပန်းလာတယ်မဟုတ်လား"

"ဟုတ်ပါတယ် . . . . . ၊ ကျွန်တော့်ကိုယ်ကျွန်တော် ဒီလောက်ပင်ပန်းနေမှန်း မသိဘူး"

ဘုန်းကြီးပက်တာဆင်သည် ဦးထုပ်ကိုယူဆောင်းကာ ဗင်းဆင့်အားခေါ်၍ လမ်းမအတိုင်းလျှောက်သွားသည်။ အိမ်နီးနားချင်းများသည် အထူးအဆန်းတစ်ခုကိုမြင်ရသည့်နှယ် တအံ့တသြဝိုင်းကြည့်နေကြလေသည်။

"ဒီတစ်ညတော့ မင်းအိပ်ရေးဝဝအိပ်ပြီး အနားယူဖို့လိုပေလိမ့်မယ်" ဟု ပက်တာဆင်ကပြောသည်။ "မနက်ဖြန်ကျရင်တော့ အိမ်မှာညစာလာစားပါ။ တို့နှစ်ယောက်မှာ ပြောစရာစကားတွေအများကြီးရှိပါလိမ့်မယ်"

ဗင်းဆင့်သည် သူနေရသည့်အခန်းတွင် ရေအဝချိုးပြီး အစာမစားတော့ပဲ အိပ်ရာဝင်သည်။ သူအိပ်ရာပေါ် ရောက်ချိန်တွင် ခြောက်နာရီမျှသာရှိပေသေး၏။ နောက်တစ်နေ့ မနက်ဆယ်နာရီထိုးမှပင် အိပ်မောကျနေရာမှ နိုးလာသည်။ ဗိုက်ထဲက ဆာလိုက်ပုံမှာ ပြောမပြနိုင်လောက်အောင်ပင်ဖြစ်၏။

သူ့အားအခန်းငှားသည့် လူထံမှ သင်တုန်းဓားတစ်ချောင်း ဘီးတစ်

ချောင်းနှင့် အဝတ်အထည်ဖီးသည့် ဘရပ်ရှ်တစ်ခုကိုငှားလိုက်ပြီး သူ့ကိုယ်သူ သန့်ရှင်းစင်ကြယ်သွားအောင် ပြင်ဆင်မွမ်းမံသည်။ ရှူးဖိနပ်မှတစ်ပါး အားလုံးကို ပြုပြင်လို့ရသဖြင့် တော်ပါသေးရဲ့ဟုပင် အောက်မေ့ရ၏။

ပက်တာဆင်သည် ညစာစားနေခိုက်တွင် ဘရပ်ဆဲလ်မြို့၌ မကြာသေးခင်ကမှ ဖြစ်ပွားသွားခဲ့သော ထူးခြားသည့်ဖြစ်ရပ်များ အကြောင်းကို အပျင်းပြောသဘောဖြင့် ပြောပြနေသည်။ ဗင်းဆင့်ကတော့ အစားကို အငမ်းမရစားသောက်ရင်းနားထောင်သည်။ "ငတ်မရှက်" ဟူသော ဝမ်းပိုက် အရေးကိုသာ ရှေ့တန်းတင်ကာ တဝတပြုစားသောက်နေခြင်းဖြစ်၏။စားသောက် အပြီးတွင်မူ လူနှစ်ယောက်သည် စာကြည့်ခန်းထဲသို့ ရောက်သွားကြလေ၏။

"ဟာ . . ခင်ဗျားက အလုပ်တွေ အများကြီးလုပ်ထားတာ ပါလား"ဟု ဗင်းဆင့်က ပြောသည်။ "နံရံတွေပေါ်မှာ ခင်ဗျားဆွဲထားတဲ့ ပန်းချီကားသစ်တွေ အများကြီး ချိတ်ထားနိုင်ပြီ"

"အား . . ဟုတ်တယ်" ဟု ပက်တာဆင်ကပြန်ပြောသည်။ "ငါလဲပဲ တရားဟောရတဲ့ အလုပ်ထက် ပန်းချီဆွဲရတဲ့ အလုပ်အပေါ်မှာ စိတ်ချမ်းသာမှုတွေ အများကြီးရှိနေတာကို တွေ့နေရတယ်"

ဗင်းဆင့်ကပြုံးသည်။ "ခင်ဗျားလုပ်ရမယ့်အလုပ်ကိုမလုပ်ပဲ တခြားအလုပ်ပေါ်မှာအချိန်တွေပိုပြီး အကုန်ခံနေတော့ ခင်ဗျားရဲ့ စိတ်ထဲမှာ ဘယ်လိုနေသလဲ လိပ်ပြာသန့်ရဲ့လား" ဟုမေးသည်။

ပက်တာဆင်ကရယ်သည်။ "မင်း ပန်းချီဆရာရူဘင်နဲ့ ပတ်သက်တဲ့ ဖြစ်ရပ်ကလေးတစ်ခုကြားဖူးသလား"ဟုမေးသည်။ "ရူဘင်ဟာ စပိန်နိုင်ငံဆိုင်ရာ ဟော်လန်သံအမတ်ကြီးအဖြစ်အမှုထမ်းနေတော့ နေ့ခင်းပိုင်းဆိုရင် ဘုရင့်ပန်းဥယျာဉ်တွေထဲသွားပြီး ပန်းချီဆွဲလေ့ရှိတယ်။ တစ်နေ့မှာတော့ စပိန်ဘုရင်ရဲ့ နန်းတွင်း အရာထမ်းတစ်ယောက်က သူလုပ်ကိုင်နေတာကိုကြည့်ပြီး 'သံတမန်တစ်ယောက်ဟာ တစ်ခါတလေကျရင် ပန်းချီဆွဲတဲ့အလုပ်နဲ့ အပျင်းဖြေတတ်ကြတယ်နော်' လို့ မှတ်ချက်ချသတဲ့။

"အဲဒီတော့ ရူဘင်က 'မဟုတ်ပါဘူးဗျာ။ ပန်းချီ ဆရာက တစ်ခါ တလေ သံတမန်ရေးရာ အလုပ်နဲ့ အပျင်းဖြေတတ်တာပါ' လို့ ပြန်ပြောသတဲ့"

ပက်တာဆင်နှင့် ဗင်းဆင့်သည် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကာ ရယ်မိကြသည်။ ဗင်းဆင့်က သူ့အထုပ်ကိုဖြည်သည်။ "ကျွန်တော်လဲ ပန်းချီကားလေးတွေ အနည်းအကျဉ်းဆွဲထားတယ်" ဟုပြောသည်။ "အဲဒီ

အထဲက ခင်ဗျားကိုပြဖို့ ပန်းချီသုံးကားယူလာခဲ့တယ်။ ဒီသုံးကားကိုကြည့်ပြီး ထင်မြင်ချက်ပေးစေချင်လို့ပါ"

ပက်တာဆင်၏ မျက်နှာထားသည် တည်သွားသည်။ ပန်းချီဆွဲသူ တစ်ဦး၏လက်ရာကို ဝေဖန်သုံးသပ်ပေးရခြင်းသည် ကျေးဇူးတင်မခံရသော အလုပ်တစ်ခုဖြစ်ကြောင်းကို သူသိနေသည်မဟုတ်ပါလား။ သို့သော်လည်း သူသည် ဗင်းဆင့်၏ပန်းချီကားများကို ပန်းချီကားချပ်တင်သည့် သုံးချောင်း ထောက်ပေါ်၌ တင်ကာ နောက်သို့အတော်ဝေးဝေးအထိ ဆုတ်ခွာသွားပြီး စိတ်ဝင်တစားကြည့်နေသည်။

"ငါ့ရဲ့ ပထမဆုံးထင်မြင်ချက်ကတော့" ဟု ပက်တာဆင်က စကားစသည်။ "မင်း ဒီပုံတွေကို ဆွဲတဲ့အခါတုန်းက မင်းဟာ မင်းရေးဆွဲခဲ့တဲ့ လူတွေနဲ့ အလွန်နီးနီးကပ်ကပ်နေပြီး ဆွဲခဲ့တာဖြစ်လိမ့်မယ်၊ ငါပြောတာ ဟုတ်သလား"

"ဟုတ်ပါတယ်၊ အဲသလို မဆွဲရင်လဲမဖြစ်ပါဘူး။ ကျွန်တော်အများဆုံး ဆွဲခဲ့တာက ကျောက်မီးသွေးတူးအလုပ်သမားတွေရဲ့ တဲတွေထဲမှာ ဆွဲခဲ့တာပါ"

"ဟုတ်ပြီ၊ ဒါကြောင့်မို့လဲ မင်းရဲ့ပုံတွေမှာ "ပါစပက်တစ်" လို့ ခေါ်တဲ့ အကွာအဝေးအနေအထားမှာ အားနည်းချက်တွေရှိနေတာပေါ့။ မင့်အနေနဲ့ မင်းရေးဆွဲမဲ့ အရာဝတ္ထုတွေနဲ့ ခပ်ကွာကွာ ခပ်လှမ်းလှမ်း နေရာတစ်နေရာက ရပ်ပြီးဆွဲနိုင်ဖို့လိုလိမ့်မယ်။ အဲသလိုသာဆိုရင် သူတို့ကို ပိုပြီး ပီပီပြင်ပြင် ပြတ်ပြတ်သားသားမြင်ရမှာ သေချာတယ်"

"အလုပ်သမားတဲအိမ်တွေထဲမှာ အတော်အတန်ကြီးမားတဲ့ တဲတွေတော့ရှိတယ်။ အဲသလိုတဲမျိုးတစ်လုံးကို ငှားပြီး ကျွန်တော့်ရဲ့ ပန်းချီစတူဒီယို ခန်းအဖြစ် သုံးနိုင်ရင် ကောင်းမလား"

"အကောင်းဆုံးစိတ်ကူးပဲ"

ပက်တာဆင်သည် အတန်ကြာမျှ ငြိမ်ဆိတ်နေသည်။ သူသည်ပြောရန် သင့် မသင့် ချိန်ဆနေဟန်ရှိ၏။ ထို့နောက်တော့ သူ့ကိုယ်သူအားတင်း၍ ပြောသည့် မျက်နှာထားဖြင့် စကားကိုဆက်ပြောသည်။

"မင်းပုံဆွဲပညာကို သင်ကြားခဲ့ဖူးသလား။ မင်းရဲ့ပုံဆွဲစာရွက်ပေါ်မှာ မျက်နှာတွေရေးဆွဲဖို့အတွက် မျဉ်းကြောင်းတွေနဲ့အကွက်ချထားခဲ့ရဲ့လား။ အတိုင်းအထွာတွေကိုကော စနစ်တကျသတ်မှတ်ထားခဲ့ရဲ့လား"

ဗင်းဆင့်၏မျက်နှာသည် နီရဲသွားသည်။ "အဲဒါတွေကို ဘယ်လိုလုပ်ရမယ်ဆိုတာ ကျွန်တော်သိကိုမသိခဲ့တာ" ဟု ပြန်ပြောသည်။ "ကျွန်တော်က

သင်မှမသင်ခဲ့ဘူးတာပဲ။ ကျွန်တော့်စိတ်ထဲမှာ ထင်ထားတာက မစွတာ ပက်တာဆင်လဲ ကိုယ်ဆွဲချင်တာမြင်ရင် ကောက်ဆွဲလိုက်တာပဲလို့ထင်ထားမိတယ်"

"ဟာ အဲသလိုမဟုတ်ဘူး ဗင်းဆင့်" ဟု ပက်တာဆင်က ပြောသည်။ "မင်းအနေနဲ့ အခြေခံပုံဆွဲနည်းကိုတော့ ပထမဆုံးသင်ထားရမယ်။ နောက်မှ မင်းရဲ့ပုံဆွဲမှုတွေက ဖြည်းဖြည်းချင်းလိုက်လာရမှာ။ ကဲပါလေ၊ ဟော ဒီမှာကြည့်၊ မင်းဆွဲထားတဲ့ ဒီမိန်းမပုံမှာ ဘာတွေမှားနေသလဲဆိုတာ ငါပြပေးမယ်"

ပက်တာဆင်သည် ပေတံတစ်ချောင်းကိုယူ၍ ပုံ၏ဦးခေါင်းနှင့် ခန္ဓာကိုယ်အားတိုင်းထွာပြသည်။ ကိုယ်နှင့်ခေါင်းတို့၏ကြားတွင် မည်မျှလောက် အထိအချိုးအစားမပြေမပြစ်ရှိနေသည်ကို ရှင်းပြသည်။ ထို့နောက် ဦးခေါင်းအနေအထားကို ပြန်လည်ရေးဆွဲပြသည်။ တစ်နာရီနီးပါးမျှ ပုံကိုပြုပြင်လိုက် ရှင်းပြလိုက် လုပ်ပြီးနောက်တွင်မူ နောက်သို့ ခြေနှစ်လှမ်းသုံးလှမ်းခန့်ဆုတ်၍ ရပ်ကာ ပုံကိုပြန်၍ကြည့်ရှုစစ်ဆေးသည်။

"ကဲ . . . . . မြင်လား၊ သေသေချာချာကြည့်၊ အခုဆိုရင် တို့ဆွဲထားတဲ့ပုံဟာ ရေးနည်းရေးဟန် အမှန်နဲ့ဆွဲထားတဲ့ပုံတစ်ပုံဖြစ်သွားပြီးလို့ ငါထင်တယ်"

ဗင်းဆင့်သည် ပက်တာဆင့်အနီးသို့ လျှောက်သွားပြီး အတူတူတွဲ၍ ရပ်ကာပုံကို လှမ်းကြည့်သည်။ ပက်တာဆင့်စကားအပေါ်တွင် သံသယဝင်စရာမရှိချေ။ အခုဆွဲထားသည့် မိန်းမပုံမှာ အချိုးအစား ညီညွတ်ပြေပြစ်လျက်ရှိ၏။

သို့သော်လည်း ယခုဆွဲထားသည့်မိန်းမ၏ပုံသည် ကျောက်မီးသွေးတွင်းအလုပ်သမားတစ်ဦး၏ မယားမဟုတ်တော့ပေ။ ကျောက်မီးသွေးအဖြုန်းပုံပိရမစ်တောင်ကြီးပေါ်၌ ကျောက်မီးသွေးရှာဖွေ ကောက်ယူနေသည့် ဘိုရိန်းနယ်သူတစ်ဦးလည်း မဟုတ်တော့ပေ။ ပုံထဲမှ မိန်းမသည် တွေ့နေမြင်နေကျ အခြား အခြားသော မိန်းမများနှင့် ခြားနားမှုဟူ၍ မရှိတော့ချေ။

ဗင်းဆင့်သည် စကားတစ်ခွန်းမှ ပြန်မပြောပဲ သုံးချောင်းထောက်ခုံဆီသို့ လျှောက်သွားသည်။ မီးဖိုကို ငုံ့ကြည့်နေသော မိန်းမ၏ပုံကို ပက်တာဆင် ပြုပြင်ရေးဆွဲထားသည့်ပုံနှင့် ယှဉ်၍တင်ကာ ပက်တာဆင်အနီးသို့ ပြန်သွားပြီး ပြန်၍ကြည့်နေသည်။

"အင်း ဟုတ်ပြီ" ဟု ပက်တာဆင်က ရေရွတ်သည်။ "မင်း ပြောလိုတဲ့အဓိပ္ပာယ်ကို ငါနားလည်ပြီ၊ ငါက မိန်းမရဲ့ပုံကို အချိုးအစား ကျန ပြေပြစ်အောင် လုပ်လိုက်တဲ့အတွက် သူ့ရဲ့မူပိုင်ဟန်နဲ့ သဘာဝရုပ်ဟာ လုံးဝပျောက်ကွယ်

သွားတယ်။ အဲဒါကို မင်းဆိုလိုချင်တာမဟုတ်လား”

နှစ်ယောက်သား စကားတစ်ခွန်းမှ မပြောကြတော့ပဲ ပုံကိုသာ အချိန်အတော်ကြာမျှ ကြည့်နေကြသည်။ “မီးဖိုကိုင်ကြည့်နေတဲ့ မိန်းမရဲ့ပုံဟာ မဆိုးဘူးဗင်းဆင့်” ဟုပြောသည်။ “တကယ့်တကယ်ကျတော့ ဒီပုံဟာ မဆိုးဘူးကွဲ့။ ဆွဲထားပုံကတော့ ကြောက်စရာကောင်းလောက်အောင်ကိုလွဲနေတာ အမှန်ပဲ။ အထူးသဖြင့် သူ့မျက်နှာဟာ အတော့်ကိုမှားနေတာပဲ။ အမှန်အတိုင်း ပြောရရင် သူ့မှာ မျက်နှာတစ်ခုလုံး လုံးဝမရှိသလိုကိုဖြစ်နေတာ။

“ဒါပေမယ့် ဒီပုံမှာ တစ်ခုခုကတော့ရှိနေတယ်။ ငါ့လက်တွေနဲ့ တောင်မှ ဆွဲလို့မရနိုင်တဲ့ အရာတစ်ခုကို မင်း “ဖမ်း” မိထားတာတွေ့နေရတယ်။ အဲဒီဟာဘာလဲ ဗင်းဆင့်၊ မင်းသိသလား”

“ကျွန်တော်တော့ မသိတာအမှန်ပဲ၊ ကျွန်တော်ဒီပုံကိုဆွဲတုန်းကတော့ မျက်စိထဲမှာ မြင်ရတဲ့အတိုင်း ဆွဲထားတာပါ”

ဤတစ်ကြိမ်တွင်မူ ပက်တာဆင်သည် သုံးချောင်းထောက်ဆီသို့ လျှင်မြန်စွာ လျှောက်သွားသည်။ သူပြုပြင်ရေးဆွဲထားသည့်ပုံကို ဆွဲယူကာ လုံးထွေးချေမွပြီး အမှိုက်ခြင်းထဲသို့ ပစ်ထည့်လိုက်လေသည်။

“မင်းစိတ်ထဲမှာ အနှောင့်အယှက်မဖြစ်ပါနဲ့။ အမှန်တော့ မင်းပုံကို ငါကဖျက်ဆီးပစ်တာပဲ” ဟုပြောကာ ဒုတိယမိန်းမပုံကို သုံးချောင်းထောက်ပေါ်တွင် ကျကျနနပြန်တင်သည်။ ထို့နောက်ဗင်းဆင့်နှင့်အတူ စားပွဲ၌ဝင်ထိုင်သည်။

ပက်တာဆင်သည် စကားပြောရန် အားထုတ်သည်။ သို့သော်လည်း ဘာစကားမှ ပီပီသသထွက်မလာ။ နောက်ဆုံးတွင်မူ သူသည် သူ့ကိုယ်သူ ထိန်းချုပ်ကာ စကားကို တစ်လုံးချင်းပြောသည်။

“ဒီအချက်ကို ငါဝန်ခံရမှာမုန်းတယ် ဗင်းဆင့်။ ဒါပေမယ့် ဝန်ခံရတော့မှာပဲ။ ငါဟာ အဲဒီမိန်းမရဲ့ပုံကို သိပ်သဘောကျနေပြီ။ ပထမကြည့်စတုန်းကတော့ ဒီမိန်းမပုံဟာ ကြောက်စရာကောင်းနေတယ်။ ဒါပေမယ့် သူနဲ့ဆက်စပ်နေတဲ့ အရာတစ်ခုက ငါ့ကို လွှမ်းမိုးလာတယ်”

“ဒီအချက်ဝန်ခံရမှာ ဘာ့ကြောင့်မုန်းရတာလဲ ခင်ဗျာ” ဟု ဗင်းဆင့်က မေးသည်။

“ဘာ့ကြောင့်လဲဆိုတော့ ငါဒီပုံကို သဘောမကျသင့်ဘူး။ အမှန်အတိုင်း ဝန်ခံရရင် မကြိုက်သင့်ဘူး။ ပုံတစ်ပုံလုံးမှာ ရေးဆွဲထားပုံတွေလွဲနေတယ်။ ကြောက်ခမန်းလိလိကိုလွဲနေတာ။ ပန်းချီပညာသင်ကျောင်းရဲ့ အခြေခံပန်းချီ

သင်တန်းခန်းထဲမှာသာ ဒီပုံကိုသွားပြရင် မင့်ကိုတစ်စစီဖြစ်သွားအောင်ဆွဲဆုတ်ပစ်လို့ ခိုင်းမှာပဲ၊ ပြီးရင်အစအဆုံးပြန်ဆွဲရမယ်လို့ ပြောမှာသေချာတယ်။

"ဒါပေမယ့် ခက်နေတာက မင်းရဲ့ပုံထဲမှာရှိနေတဲ့ အရာတစ်ခုက ငါ့ကို ဖမ်းဆွဲထားတာ ခံနေရတယ်။ ဒီပုံထဲက မိန်းမဟာ ငါစိတ်ကို ဖမ်းစားထားသလိုဖြစ်နေတယ်။ ငါ ဒီမိန်းမကို အရင်တုန်းက တစ်နေရာရာမှာ မြင်ဖူးခဲ့တယ်လို့ ငါစိတ်ထဲမှာ အခိုင်အမာ ယုံကြည်သလိုဖြစ်နေရတယ်"

"ခင်ဗျားအနေနဲ့ ဘိုရင်းနိတ်နယ်ကို ရောက်တုန်းက မြင်ဖူးချင်မြင်ဖူးခဲ့မှာပေါ့" ဟု ဗင်းဆင့်က သူ့စိတ်ထဲ၌ထင်လာသည့်အတိုင်း ရိုးရိုးသားသားပင် ပြန်ပြောသည်။ ပက်တာဆင်က ဗင်းဆင့်၏ မျက်နှာကို ဖြတ်ခနဲလှမ်းကြည့်ကာ တမင်သက်သက် လူလိမ္မာလုပ်၍ သူ့အားထေ့ခြင်း ငေါခြင်းများလားဟု အကဲခတ်သည်။ ထို့နောက် ရိုးရိုးစင်းစင်း ပြောမှန်းသိသွားသည့်အခါ သူ့ရင်ထဲ၌ရှိနေသမျှကို ဖွင့်ဟသည်။

"မင်းပြောတာ မှန်လိမ့်မယ်လို့ ငါထင်တာပဲ။ ဒီမိန်းမမှာ မျက်နှာမပါဘူးလို့ဆိုရမှာပဲ။ သူ့မျက်နှာက လူတစ်ဦးတည်းက ပိုင်ဆိုင်နေတဲ့ မျက်နှာမဟုတ်ဘူး ဗင်းဆင့်။ ဘိုရင်းနိတ်နယ်မြေထဲက အလုပ်သမားအားလုံးရဲ့ မယားတွေရဲ့မျက်နှာ အားလုံးကို စုစည်းပေါင်းစပ်ထားသလို ဖြစ်နေတယ်။

"အမှန်တော့ မင်းဟာ အလုပ်သမားတစ်ယောက်ရဲ့မယား ပိုင်ဆိုင်ထားတဲ့ 'အသက်' ကို မင်းဖမ်းမိထားတာပဲ။ အဲဒီအချက်တစ်ချက်ဟာ စနစ်မှန်နည်းမှန်နဲ့ ဆွဲထားတဲ့ ပန်းချီရေးဆွဲနည်းပညာထက် အဆပေါင်း ထောင်ပေါင်းများစွာ အရေးကြီးတဲ့ အချက်တစ်ချက်ပဲ ဗင်းဆင့်။ ငါ မင်းဆွဲထားတဲ့ မိန်းမပုံကို ကြိုက်တယ်။ သူဟာ ငါ့ကိုပုံထဲကနေပြီး တစ်စုံတစ်ရာ ပြောနေတယ်"

ဗင်းဆင့်သည် တစ်ကိုယ်လုံးတုန်နေသည်။ ပြောလိုသည့်စကားကိုလည်း သူမပြောဝံ့။ ပက်တာဆင်သည် အတွေ့အကြုံရင့်ကျက်သော ပန်းချီဆရာတစ်ယောက်ဖြစ်၏။ သူ ပန်းချီဆက်ဆွဲသင့်ပါသလားဟူသော မေးခွန်းကို မေးရလျှင် ကောင်းလေမလား၊ သို့မဟုတ် အခုသူပြောလိုက်သော စကားသည် သူ့မေးခွန်းအတွက် ပြည့်စုံလုံလောက်သော အဖြေဟု ယူလိုက်လျှင်ကော. . . .

"မင်း ဒီပုံကို ပေးခဲ့နိုင်မလား ဗင်းဆင့်။ ဒီမိန်းမပုံကို ငါ့အခန်းနံရံမှာ ဆွဲထားချင်တယ်။ သူနဲ့ငါဟာ အင်မတန်ခင်မင်ရင်းနှီးတဲ့ မိတ်ဆွေတွေဖြစ်နိုင်တယ်လို့ ငါထင်လို့ပါ"

(၂၀)

ဗင်းဆင့် ပီတစ်ဝပ်စ်မက်ရွာသို့ ပြန်တော့မည်ဟု ဆုံးဖြတ်သည့် နေ့တွင် ဘုန်းတော်ကြီး ပက်တာဆင်သည် သူ၏ ရှူးဖိနပ်ဟောင်းတစ်ရန်နှင့် ဘိုရင်းနိတ်သို့ အပြန်ခရီး မီးရထားခကိုပေးသည်။ ဗင်းဆင့်သည် ပက်တာဆင် ပေးသော အကူအညီကို စိတ်ရှင်းစွာဖြင့် လက်ခံသည်။ မိတ်ဆွေစစ်မိတ်ဆွေမှန် တို့၏ ကြားတွင် အခြေအနေအရ "အပေးနှင့်အယူ" ဆိုသည်မှာ ရှိစမြဲမဟုတ်ပါ လား။

မီးရထားနှင့် လိုက်ပါလာစဉ်အတွင်း ဗင်းဆင့်သည် အရေးကြီးသော အရာနှစ်ခုကို စဉ်းစားမိ၏။ မစ္စတာပက်တာဆင်သည် ဓမ္မဆရာအဖြစ်နှင့် မအောင်မမြင်ဖြစ်ခဲ့ရသည့် မိမိ၏အကြောင်းကို လုံးဝစကားစပ်၍ မပြော။ အမှုအရာဖြင့်လည်း ဖော်ပြခြင်းမပြု။ ဤသည်မှာ ထူးခြားချက်တစ်ခုဖြစ်၏။ တို့ပြင်လည်း ပက်တာဆင်သည် မိမိအား သူ၏ ဘဝတူ မိတ်ဆွေပန်းချီဆရာ တစ်ယောက်အဖြစ် တရင်းတနှီး လက်ခံဆက်ဆံခဲ့၏။ ဆက်ဆံရာ၌လည်း တန်းတူရည်တူ ဆက်ဆံခြင်းဖြစ်ရုံမျှမက မိမိရေးထားသည့် ပန်းချီကားတစ်ချပ်ကို ပင် အမြတ်တနိုး တောင်းယူခဲ့၏။ ဤသည်တို့မှာ မိမိဘဝအတွက် မှတ်ကျောက် တင်ခံနိုင်မည့်အရာများဟု သူထင်၏။

"သူ့အပြုအမူဟာ ငါ့ဘဝကို အစခိုင်းတာပဲ" ဟု ဗင်းဆင့်သည် သူ့စိတ် မှ ပြောမိသည်။ "တကယ်လို့ ငါ့ပန်းချီကားကို သူကြိုက်တယ်ဆိုရင် တခြား လူတွေကလဲ ကြိုက်ကြမှာပဲ"

သူပြန်ရောက်သွားသည့်အခါ ဒင်းနစ္စတို့အိမ်တွင် သူညီ သီအိုပို့လိုက် သည့် "လက်စ်ထရာဗော့စ်ဒက်စ်ချမ့်" ပန်းချီကားများ ရောက်နေသည်ကို တွေ့ ရသည်။ ပုံများနှင့်အတူ ပုံဆွဲစက္ကူကြီး အနည်းငယ်ပါလာသော်လည်း စာတော့ တစ်စောင်မှ ပါမလာချေ။ မည်သို့ပင်ဆိုစေ ပက်တာဆင်နှင့်တွေ့ပြီးကတည်းက အားသစ်မာန်သစ်ဝင်နေသော ဗင်းဆင့်သည် အလွန်ထက်သန်တက်ကြွသော စိတ်ဖြင့် ပန်းချီကားများကို လေ့လာပြီး ကူးဆွဲခဲ့ရာ ရက်အနည်းငယ်အတွင်း ပန်းချီကားပေါင်း ဆယ်ချပ်မျှ ရေးဆွဲပြီးသွားလေ၏။

ထို့နောက်တွင်မူ သူရင်ထဲ၌ လူခန္ဓာကိုယ်အချိုးအစား မှန်ကန်အောင် ရေးဆွဲမှုနှင့် ပတ်သက်၍ ကိုယ်လုံးတီးပန်းချီရေးဆွဲမှုကို လက်တွေ့ပြုလုပ်မှုဖြစ် မည်ဟူသော အသိဝင်လာသည်။ သို့တစေလည်း သူရေးဆွဲဖို့အတွက် ကိုယ်လုံး

တီးပြမည့် စံပြမယ်ဟူ၍ ဘိုရင်းနိတ်နယ်တွင် တစ်ဦးတစ်ယောက်မျှရှိမည် မဟုတ်။ ထို့ကြောင့် သူသည် ဟော့ဂ်မြို့ရှိ ဂေါပစ်လ်ပန်းချီပြခန်းများ မန်နေဂျာ လုပ်နေသော သူမိတ်ဆွေဟောင်း "တာစတီ" ထံသို့ စာတစ်စောင် ရေးသည်။ တာစတီထံတွင် "ဘာဂူး" ၏ "ဖူဆိန်းလေ့ကျင့်ခန်းစာအုပ်" ရှိလျှင် ခဏငှားပါဟု ရေးလိုက်ခြင်းဖြစ်လေသည်။

ဤအတောအတွင်းတွင် ဗင်းဆင့်သည် ပက်တာဆင်ပေးလိုက်သည့် အကြံဉာဏ်ကို သတိရသည်။ ထို့ကြောင့်လည်း သူသည် ပီတစ်ဝပ်စ်မက်ရှာ၏ တောင်ကုန်းထိပ်၌ရှိသော အလုပ်သမားတစ်ယောက်၏တဲကို တစ်လလျှင် ကိုးဖရန့်ဖြင့် ငှားလိုက်သည်။ ယခုတစ်ကြိမ် သူရှာဖွေ၍ရသမျှ တဲများထဲတွင် အကောင်းဆုံးတဲတစ်လုံးဖြစ်၏။ အခင်းမှာ သစ်သားကြမ်းခင်းဖြစ်သည်။ အပြင်မှ နေရောင်ကို ကောင်းစွာရနိုင်သည့် ပြတင်းပေါက်နှစ်ပေါက်ရှိ၍ အိပ်ရာခုတင် တစ်လုံး၊ စားပွဲတစ်လုံး၊ ကုလားထိုင်တစ်လုံးနှင့် မီးဖိုတစ်ခုပါသည်။

ဗင်းဆင့်အဖို့ အတော်ကလေး ကျယ်ကျယ်ဝန်းဝန်းရှိသော တဲဖြစ်သည်။ ကိုယ်ဟန်ပြမည့်လူများရှိမည်ဆိုပါက နေရာထိုင်ခင်း ကောင်းစွာပေးပြီး စနစ်တကျ ရေးဆွဲနိုင်လောက်အောင် ကျယ်သည်။ သူအဖို့ ကိုယ်ဟန်ပြမည့် လူများကိုလည်း ခက်ခဲပင်ပန်းစွာ ရှာဖွေနေရလိမ့်မည်ဟုမထင်၊ အကယ်၍ သူကသာ မေတ္တာရပ်ခံမည်ဆိုပါက အလုပ်သမားများ၏ မယားများနှင့် သားသမီးများ ကသာမက အလုပ်သမားများကိုယ်တိုင်ကပင်လျှင် လိုလိုချင်ချင် နှင့်ဝိုင်းဝန်း ကူညီကြလိမ့်မည်ဟု ယုံကြည်ထားလေသည်။

သူထင်ထားသည့်အတိုင်းပင် ဖြစ်၏။ သူကပြောလျှင် အလုပ်သမား မိသားစုများသည် ချက်ခြင်းလာ၍ သူကြိုက်သလို နေထိုင်ပေးကြသည်။ အထူးသဖြင့် တနင်္ဂနွေနေ့များတွင် အလုပ်သမားများသည် သူတဲအတွင်း၌ ဝိုင်းအုံနေကြသည်။ ဗင်းဆင့်၏ ပခုံးများပေါ်မှကျော်၍ ဗင်းဆင့်ရေးဆွဲနေသည့် ပန်းချီကားကို ရင်သပ်ရှုမော တအံ့တသြ ကြည့်နေလေ့ရှိကြ၏။

သူမှာယူထားသော "ဖူဆိန်း၏ ပန်းချီလေ့ကျင့်ခန်းစာအုပ်" သည် ဟော့ဂ်မြို့မှ ရောက်လာသည်။ ဗင်းဆင့်သည် သီတင်းနှစ်ပတ်တိတိ စာအုပ်ထဲမှ ပုံပေါင်းခြောက်ဆယ်ကို ကူးဆွဲခြင်းဖြင့် လေ့ကျင့်သည်။ မနက်မိုးလင်းမှ ညအထိ မရပ်မနား လုပ်ခြင်းဖြစ်၏။ သူမိတ်ဆွေ တာစတီထံမှ ပန်းချီဆရာ ဘာဂူး၏ "ကိုအာဒီဒက်စင်း" အမည်ရှိ ပန်းချီလေ့ကျင့်ခန်းစာအုပ်တစ်အုပ် ရောက်လာပြန်သည်။ ဗင်းဆင့်သည် ထိုစာအုပ်ထဲမှ လေ့ကျင့်ခန်းများကိုလည်း အလွန်ထက်သန်

သောစိတ်ဖြင့် မနားမနေ လေ့ကျင့်ရေးဆွဲခဲ့ပြန်သည်။

ယခင်က ငါးကြိမ်တိတိမျှ အရှုံးနှင့် ရင်ဆိုင်ခဲ့ရသည်များကို သူစိတ်ထဲမှ လုံးဝ ဖျောက်ပစ်လိုက်သည်။ သူ နောက်ဆုံးလုပ်ခဲ့သော ဘုရားသခင်အား အလုပ်အကျွေးပြုသည့် အလုပ်သည်ပင်လျှင် အခု သူလုပ်နေသည့် ပန်းချီရေးဆွဲခြင်းအလုပ်လောက် စိတ်ချမ်းမြေ့မှုနှင့် သာယာမှုကို ပေးနိုင်စွမ်းမရှိ။ ပန်းချီရေးဆွဲခြင်းသည် ဖန်တီးမှုတစ်ခုပါလျက်ရှိ၏။ ထိုဖန်တီးမှုသည် အကောင်အထည်နှင့် ချက်ချင်းလက်ငင်း တွေ့ရမြင်ရခြင်းဖြစ်၏။ ကိုယ့်ဖန်တီးမှုကို ကိုယ်ပြန်မြင်ရသည်မှာ အတိုင်းအဆမသိနိုင်လောက်အောင်ပင် ကြည်နူးလှပါဘိခြင်း။

သူ့လက်ထဲတွင် ငွေဟူ၍ တစ်ဆင့်မှပင်မရှိတော့သည်မှာ ဆယ့်တစ်ရက်ရှိခဲ့ပြီ။ ဤရက်များအတွင်း ဗင်းဆင့်သည် မဒမ်ဒင်းနစ္စထံမှ ပေါင်မုန့်များကို အကြွေးစနစ်ဖြင့် ယူစားခဲ့ရ၏။ ပေါင်မုန့်လောက် စားရုံမျှဖြင့် သူ၏ ဆာလောင်မှုသည် ပျောက်မသွားချေ။ သို့သော်လည်း သူ စိတ်ဝင်စားသည့်အလုပ်က အမြဲရှိနေသဖြင့် ဆာလောင်မှုကို သတိမရသည်က များလေသည်။

သီတင်းပတ်တိုင်း တစ်ပတ်လုံးလုံး အိပ်ရာမှ မနက်နှစ်နာရီခွဲတိတိတွင် ထသည်။ မာကက်ဆီကျောက်မီးသွေးတွင်းဆီသို့ သွားကာ ဂိတ်အနီး၌နေ၍ အလုပ် သမားများအလာကို စောင့်သည်။ အလုပ်သမား ယောကျ်ားနှင့်မိန်းမများသည် ဆူးခြုံများကြား၌ လူသွားလမ်းကလေးများအတိုင်း ဆီးနှင်းပြင်ပေါ်မှ ဖြတ်ကာ လျှောက်လာနေကြသည်။ နံနက်အရုဏ်မတက်မီ ဖြစ်၍ ပတ်ဝန်းကျင်တွင် လင်းလင်းချင်းချင်းမရှိ။ သူသည် မှုန်ဝါးဝါး မြင်တွေ့နေရသော အလုပ်သမားများကိုကြည့်၍ ပန်းချီကားများ တစ်ကားပြီးတစ်ကား ရေးဆွဲသည်။

မြင်ကွင်း၏ နောက်ဖက်မှ ကျောက်မီးသွေးတွင်း၏ ကြီးမားသော အဆောက်အဦများနှင့် ကျောက်မီးသွေးပုံကြီးများသည် သူရေးဆွဲလျက်ရှိသော အလုပ်သမားများ၏ အကောင်းဆုံးသော နောက်ခံများဖြစ်၏။ သူသည် ပုံကြမ်းရေးဆွဲပြီးသမျှကို ထပ်မံ၍ ရေးဆွဲခြင်းလည်းပြုသည်။ တစ်ကြိမ်တွင် သူသည် သူရေးဆွဲထားသော ပန်းချီတစ်ကားကို ပုံတူထပ်ကူးကာ သူ့ညီ သီအိုထံသို့ စာတစ်စောင်နှင့် ပို့ပေးလိုက်သည်။

မနက်အရုဏ်တက်မှ မိုးစုပ်စုပ်ချုပ်သည်အထိ သူသည် အပြင်သို့ထွက်၍ ပုံများဆွဲသည်။ ညပိုင်းကျတော့ ဆွဲခဲ့သမျှ ပုံကြမ်းများကို မှန်အိမ်မီးဖြင့် အချောပြန်ကိုင်သည်။ ဤပုံစံသည် သူ၏ နေ့စဉ် ပုံမှန်အလုပ်ဖြစ်၏။ ဤပုံစံ

အတိုင်း သူနေလာခဲ့သည်မှာ နှစ်လတင်းတင်း ပြည့်ခဲ့လေပြီ။

သူ့ရင်ထဲတွင် နောက်တစ်ကြိမ် ပန်းချီဆရာတစ်ယောက်နှင့် တွေ့ပြီး စကားပြောကြည့်ချင်သော ဆန္ဒသည် ကိန်းအောင်းလာခဲ့ပြန်ပြီ။ သူ့ပန်းချီကားများကိုပြ၍. သူ့လက်ရာ ဘယ်လိုအခြေအနေရှိသလဲဟူသော မေးခွန်းကို မေးလိုလှပါ၏။ သို့သော်လည်း ဤတစ်ကြိမ်တွင်မူ ဆရာတစ်ဆူပြုနိုင်လောက်သည့် ပုဂ္ဂိုလ်မျိုးကို ရချင်သည်။ သူ့အား မှီခိုခွင့်ပြုပြီး ပန်းချီပညာကို ကျကျနန သင်ကြားပေးနိုင်မည့် လူမျိုးကိုသာလိုချင်၏။ အကယ်၍ သင်ကြားပေးမည် ဆိုပါကလည်း သူ့အနေဖြင့် အခကြေးငွေကတော့ တစ်ပြားမှ ပေးနိုင်မည်မဟုတ်။ သင်ကြားပေး သူ၏ ရှုဖိနပ်ကို ဆေးသုတ်ပေးခြင်းနှင့် စတူဒီယိုထဲတွင် တစ်နေ့လျှင်ဆယ်ကြိမ်လောက် အမှိုက်လှဲပေးခြင်း စသည်များကိုတော့ လုပ်ပေး နိုင်လိမ့်မည်ဖြစ်လေသည်။

သူအသက်ခပ်ငယ်ငယ်ကတည်းက လေးစားကြည်ညိုခဲ့သော ဂျူလီဘရီတန်သည် ကူရီးယားစ်၌ နေထိုင်လျက်ရှိ၏။ သူနေထိုင်ရာရွာနှင့် ကိလိုမီတာ တစ်ရာ့ခုနစ်ဆယ်မျှ ကွာဝေးသော ဒေသဖြစ်သည်။ ဗင်းဆင့်သည် သူလက်ထဲ၌ ရှိနေသည့်ငွေဖြင့် လက်လှမ်းမှီနိုင်သည့် ခရီးအထိ မီးရထားဖြင့် သွားသည်။ ထို့နောက် ခရီးစရိတ် မတတ်နိုင်တော့သည့်နေရာမှစ၍ ငါးရက်တိတိ ခြေလျင်ခရီးဆက်ရသည်။ လမ်းဘေးကြုံရာကျရာ ကောက်ရုံးပုံများတွင်း ဝင်အိပ်သည်။ စာရေးသောက်ရေးအတွက် လမ်း၌တွေ့သမျှ ရှုခင်းမြင်ကွင်းများကို ပန်းချီကားများရေးဆွဲကာ ထိုပုံများနှင့် ပေါင်မုန့်ကို အလဲအလှယ်လုပ်သည်။

သူ ကူရီးယားစ်သို့ရောက်၍ ဘရီတန်၏ အသစ်ဆောက်လုပ်ထားသော လှပခမ်းနားလွန်းလှသည့် အုတ်တိုက်ပန်းချီစတူဒီယိုကြီးကို မြင်လိုက်ရသည့်အခါ တွင်မူ သူမွေးမြူလာခဲ့သည့် သတ္တိသည် သူ့ထံမှ ထွက်ပြေးသွားသည်။ သူသည် မြို့ပေါ်တွင် နှစ်ရက်မျှနေခဲ့သော်လည်း အေးလွန်း သော ရာသီဥတုနှင့် ဖော်ရွေမှုကင်းမဲ့သော အုတ်တိုက်ပန်းချီ စတူဒီယို၏ ထည်ဝါမှုများကြောင့် လက်မြှောက် အရှုံးပေးကာ ပြန်လာခဲ့လေသည်။

သူ့အဖို့ အပြန်ခရီးသည် အဆင်းရဲဆုံးနှင့် အပင်ပန်းဆုံးသော ခရီးတစ်ခုဖြစ်ချေသည်။ သူ့အိပ်ကပ်ထဲတွင် ငွေဆို၍ တစ်ဆင့်ပင်မရှိ။ အေးလိုက်သည်မှာလည်း အလွန်အမင်း၊ ဆာလိုက်သည်မှာလည်းအဆမတန်။ လျှောက်နေရသည့်ခရီးက ကိလိုမီတာ တစ်ရာ့ခုနစ်ဆယ်။ ပက်တာဆင်ထံမှ ရလာခဲ့သည့် ရှုဖိနပ်များမှာ ရစရာမရှိအောင် စုတ်ပြတ်ပေါက် ပြဲလျက်ရှိနေကြလေပြီ။

သူသည် ဖျားနာခြင်းနှင့် စိတ်အားငယ်ခြင်းများကို ရင်ဝယ်ပိုက်ကာ သူ့နေအိမ်သို့ ပြန်ရောက်လာသည်။ သူ့အတွက် ငွေလည်းမရောက်၊ စာလည်း မလာ။ သူသည် အိပ်ရာထက်မှ မထနိုင်။ အလုပ်သမားများ၏ ဇနီးများသည် သူ့အား လာရောက်ကြည့်ရှုကြသည်။ ပြုစုကြသည်။ သူတို့ စားသောက်နေကြ ရသည့် မလုံမလောက် အစားအစာများထဲ မှ ခွဲဝေမျှတ၍ ကျွေးကြသည်။

ဤခရီးဒဏ်ကြောင့် သူသည် ကိုယ်အလေးချိန်များစွာကျကာ ပိန်ချုံး သွားခဲ့သည်။ ပါးနှစ်ဖက်သည် ယခင်တစ်ကြိမ်ကဖြစ်သလို ပိန်ခွက်ချိုင့်ဝင်သွား ကြသည်။ အဖျားရောဂါသည် တာရှည်လျက်ရှိ၏။ နားဖျားမကျန်း ဖြစ်နေသော် လည်းစိတ်ကတော့ ကြည်လင်လန်းဆတ်လျက်ရှိ၏။ သူ့အနေဖြင့် သူ့အခြေ အနေကို ကောင်းစွာဆင်ခြင်နိုင်သည်။ သူ့အတွက် ဆုံးဖြတ်ချက် တစ်ခုကိုတော့ မလွဲမသွေ ချမှဖြစ်ပေတော့မည်။

သူ့ဘဝခရီးကို ဘယ်လို ဆက်လျှောက်ရမည်နည်း။ ကျောင်းဆရာ လုပ်ရမလား။ စာအုပ်အရောင်းသမား လုပ်ရမလား။ ပန်းချီကားရောင်းသူ လုပ်ရမလား. . ။ အရောင်းအဝယ် စီးပွားရေးလုပ်ငန်းတစ်ခုခုတွင် စာရေး ဝင်လုပ်ရလျှင် ကောင်းမလား။ ပြီးတော့ သူ ဘယ်မှာနေမည်နည်း။ သူမိဘနှစ်ပါး နှင့် အက်တင်မှာ ပြန်နေရလျှင် ကောင်းမလား။ သီအိုနှင့်အတူ ပါရီမှာ သွားနေမ လား။ အမ်စတာဒမ်မြို့ရှိ သူဦးလေးများနှင့် နေရမလား။

တစ်ရက်တွင် အားအနည်းငယ် ပြန်ပြည့်လာသဖြင့် သူသည် အိပ်ရာပေါ်၌ မှီထိုင်ကာ သီအိုဒိုရူးဆိုး၏ လက်ရာပန်းချီကား "လီဖိုးဒန်းစ်လက်စ် လန်ဒီးစ်" ကို ကူးဆွဲနေသည်။ သူ့အလုပ်အပေါ်တွင် များစွာ အာရုံစူးစိုက်လျက်ရှိ သော ဗင်းဆင့်သည် ပတ်ဝန်းကျင်ကို လုံးဝသတိမထားမိ။ ထိုအခိုက်တွင် တဲတံခါး ပွင့်သွားပြီး အတွင်းသို့ လူတစ်ယောက် ဝင်လာသည်။

ထိုသူကား သူညီ သီအိုပေတည်း။

(၂၁)

ကုန်လွန်ခဲ့သည့် နှစ်များအတွင်း သီအိုသည် များစွာ တိုးတက်လာခဲ့၏။ သူ့အသက်သည် နှစ်ဆယ့်သုံးနှစ်မျှသာ ရှိနေသေးသော်လည်း ပါရီမြို့ပေါ်တွင် အောင်မြင်ကျော်ကြားသည့် ပန်းချီအရောင်းအဝယ် ကုန်သည်တစ်ဦးအဖြစ်

ထင်ရှားကျော်ကြားနေပေပြီ။ သူ့မိတ်ဆွေအပေါင်းအသင်းများ၊ ဆွေမျိုးညာတိများနှင့် မိသားစုကြားတွင် လေးစားခံရသည့် လူတစ်ယောက် ဖြစ်နေခဲ့လေပြီ။

သူသည် လူမှုဆက်ဆံရေးနယ်ပယ်တွင် ဘယ်လို ဝတ်စားဆင်ယင်ရမည်။ ဘယ်လို ပြုမူနေထိုင်ရမည်။ ဘယ်လို ဆက်ဆံပြောဆိုရမည် စသော လူရေးလူမှုမျှားတွင် အလွန်ကျွမ်းကျင်ပါးနပ်သူတစ်ဦး ဖြစ်နေပြီ။ တဲထဲသို့ ဝင်ရောက်လာသော သီအိုသည် အနက်ရောင်ဝတ်စုံကို ဝတ်ဆင်ထားသည်။ လည်ပင်းတွင် တပ်ထားသည့် နက်တိုင်မှာ အဖြူရောင်. . . ။

သူ့တွင် ဗင်းဆင့်ဗင်ဂိုးကဲ့သို့ ကြီးမားကျယ်ဝန်းသော နဖူးရှိသည်။ သူ့ဆံပင်သည် အညိုရောင်၊ ရုပ်လက္ခဏာသည် ပျော့ပျောင်းနူးညံ့လွန်းသဖြင့် မိန်းမတစ်ယောက်နှင့် တူနေသည်။ သူ့မျက်လုံးအကြည့်သည် သိမ်မွေ့သည်။ မျက်နှာဝိုင်းဝိုင်းနှင့် လူချောတစ်ဦးဟု အသိအမှတ်ပြုရမည်ဖြစ်သည်။

သီအိုသည် တဲတံခါးကို မှီရပ်ကာ ဗင်းဆင့်အား အထိတ်တလန့် ကြည့်နေသည်။ သူ ပါရီမှ ထွက်လာခဲ့သည်မှာ လွန်ခဲ့သော နာရီအနည်းငယ်မျှကဖြစ်၏။ သူတို့က်ခန်းထဲမှ ပထမတန်းစား အိမ်ထောင်ပရိဘောဂပစ္စည်းများကို ပြန်လည်မြင်ယောင်မိသည်။ ပြီးတော့ တခမ်းတနား တပ်ဆင်ထားသည့် မျက်နှာသစ်ကြွေဇလုံများ၊ လှပသော မျက်နှာသုတ်ပဝါများ၊ ဆပ်ပြာများ၊ ပြတင်းပေါက်ခန်းဆီးများ၊ ကြမ်းပြင်ထက်၌ ခင်းထားသည့် အဖိုးတန် ကော်ဇောများ၊ စာရေးစားပွဲနှင့် စာအုပ်စင်များ၊ နံရံကပ်မှန်အိမ်များနှင့် နံရံများပေါ်မှ ပန်းချီကားများ။

အခု သူမြင်နေရသည်များနှင့်ကား နှိုင်းယှဉ်၍ မဖြစ်နိုင်လောက်အောင်ပင် ကွာခြားလွန်းလှပါဘိသည်။ သူ့အစ်ကို ဗင်းဆင့်သည် ညစ်ပတ်ပေရေနေသောမွေ့ရာအစုတ်အပြဲပေါ်၌ လဲလျောင်းနေခြင်းဖြစ်၏။ မွေ့ရာပေါ်တွင် အခင်းဟူ၍ ဘာတစ်ခုမှမရှိ။ သူ့ကိုယ်ပေါ်တွင် စောင်စုတ်တစ်ထည်သာ ခြုံထားသည်။ ကြမ်းပြင်နှင့်နံရံများမှာ သစ်သားကြမ်းများဖြင့် ခင်းထား ကာထားခြင်းဖြစ်၏။ တဲအတွင်း၌ စားပွဲဟောင်းတစ်လုံးနှင့် ခပ်စုတ်စုတ် ကုလားထိုင်တစ်လုံးသာ လျှင် ရှိ၏။ သူ့တိုယ်မှာလည်း ရေမိုးခိုးထားဟန်မရှိ။ ရှည်လျားသော နီရဲရဲမုတ်ဆိတ်မွေးနှင့် ပါးသိုင်းမွေးများသည် တစ်မျက်နှာလုံးကို ဖုံးလုနီးပါး ဖြစ်လျက်ရှိသည်။

"ဟာ. . သီအိုပါလား" ဟု ဗင်းဆင့်က နှုတ်ဆက်သည်။

သီအိုသည် ခုတင်အနီးသို့ လျှောက်သွားပြီး ငုံ့ကြည့်သည်။ "ဘယ်လိုတွေ ဖြစ်နေတာလဲ ဗင်းဆင့်ရယ်။ ကိုယ့်ကိုယ်ကို ဘာပြုလို့ ဒီလောက် ဒုက္ခပေး

နေရတာလဲ”

“ဟာ. . ကိုယ် ဘာမှ မဖြစ်ပါဘူး။ တလောကတော့ ဖျားနေတယ်၊ အခုဆိုရင် သက်သာသွားပြီ”

“မဟုတ်သေးပါဘူး ဗင်းဆင့်ရာ၊ အခုလိုနေတာ ကောင်းသလား၊ တကယ့်ကြွက်တွင်းလို နေရာပါလား။ ဒီဟာ ခင်ဗျားနေတဲ့ အိမ်လား၊ မဟုတ်ဖူး ထင်ပါရဲ့”

“ဒါ ကိုယ့်အိမ်ပဲ သီအို၊ ဘာဖြစ်လို့လဲ။ ဒီတဲကို ကိုယ့်ရဲ့ ပန်းချီစတူဒီယိုအဖြစ်လဲ သုံးနေတယ်လေ”

“အို. . . ဖြစ်မှဖြစ်ရပလေ ဗင်းဆင့်ရယ်” ဟု သီအိုက ညည်းသည်။ ပြောလိုသည့်စကားများကို ရုတ်တရက် ဆက်မပြောနိုင်။ သူ့လည်ချောင်းသည် တစ်ဆို့ဆို့ ဖြစ်လျက်ရှိ၏။

“မင်း အခုလို ရောက်လာတာ ကောင်းတယ် သီအို”

“ဘယ်လိုဖြစ်နေတာလဲ ဗင်းဆင့်၊ ဘာပြုလို့ ဖျားတာလဲ”

ဗင်းဆင့်က သူ ကူရီးယားစ်သို့ သွားခဲ့သည့်ကိစ္စကို ပြောပြသည်။

“ခင်ဗျားလုပ်ပုံက ကိုယ့်ဒုက္ခကိုယ်ရှာတာပဲ ဗင်းဆင့်။ ဒီကို ပြန်ရောက် ကတည်းက အစားဝဝလင်လင် စားရရဲ့လား။ ကိုယ့်ကိုယ်ကိုရော ဂရုစိုက်ရဲ့လား”

“အလုပ်သမားတွေရဲ့ မိန်းမတွေက ပြုစုပေးခဲ့ကြပါတယ်ကွာ”

“ထားပါတော့. . ။ ဒါပေမယ့် ဒီရက်တွေမှာ ခင်ဗျား ဘာတွေ စားနေခဲ့သလဲ” သီအိုက ပတ်ဝန်းကျင်ကို တစ်ချက်မျှ ဝေ့ကြည့်သည်။ “အစားအသောက်တွေကို ဘယ်မှာထားသလဲ၊ ဘာမှလဲ မမြင်ဘူး”

“အလုပ်သမားတွေရဲ့ မယားတွေက စားစရာ ယူလာပြီး ကျွေးကြတယ်လေ၊ သူတို့ထဲက ခွဲဝေမျှတကျွေးကြတာပေါ့။ ပေါင်မုန့်၊ ကော်ဖီနဲ့ ဒိန်ခဲနည်းနည်း ပါးပါးပေါ့။ တစ်ခါတလေ ယုန်သားလေးဘာလေးရတယ်”

“ဟာ ပေါင်မုန့်နဲ့ ကော်ဖီတင်ဆိုတော့ ဘယ်လိုလုပ်ပြီး အားဖြစ်မှာလဲ။ ကြက်ဥတို့ ဟင်းသီးဟင်းရွက်နဲ့ အသားငါးတွေ ဘာပြုလို့ ဝယ်မစားတာလဲ”

“အဲဒါတွေက တခြားနယ်တွေမှာလိုပဲ၊ ဘိုရင်းနိတ်နယ်မှာလဲ စျေးကြီးတာပဲကွ၊ ကိုယ်မတတ်နိုင်ဘူး”

သီအိုသည် အိပ်ရာပေါ်သို့ ဝင်ထိုင်သည်။ “ကျွန်တော့်ကို ခွင့်လွှတ်ပါ ဗင်းဆင့်ရယ်၊ ကျွန်တော် သဘောမပေါက်လိုက်ဘူး။ ဒီကအခြေအနေတွေကို နားမလည်လို့ အခုလိုဖြစ်ရတာ စိတ်မကောင်းပါဘူး”

"ကိစ္စမရှိပါဘူးကွာ။ မင်းတတ်နိုင်သလောက် လုပ်ကိုင်ပေးခဲ့ပြီပဲ။ ကိုယ်လဲ နေကောင်းသွားပြီပဲ။ နောက် နှစ်ရက်သုံးရက်ဆိုရင် ကိုယ် သွားနိုင်လာနိုင် ဖြစ်သွားမှာပါ"

သီအို၏ မျက်လုံးအစုံသည် ရီဝေမှုန်မှိုင်းနေသည်။ သူသည် မျက်ရည်စများကို လက်ခုံနှင့် ပွတ်လိုက်သည်။ "မဟုတ်သေးဘူး ဗင်းဆင့်၊ ကျွန်တော် လုံးဝ သဘောမပေါက်ခဲ့မိဘူး။ ကျွန်တော်ထင်တာက ခင်ဗျားဟာ.. အိုဗျာ ကျွန်တော်ဖြင့် ခင်ဗျားလုပ်ကိုင်နေပုံတွေကို နားမလည်နိုင်တော့ဘူး"

"ဟာကွာ။ ဒါတွေပြောမနေပါနဲ့။ အားလုံး အဆင်ပြေနေတာပဲ။ မင်းကော ပါရီမှာ ဘယ်လိုအခြေအနေရှိသလဲ။ အခု မင်း ဘယ်သွားဖို့ ထွက်လာတာလဲ။ အက်တင်ကိုကော ရောက်ခဲ့ပြီးပြီလား"

သီအိုသည် ထိုင်ရာမှထရပ်လိုက်သည်။ "ဒီလောက် ချောင်ကျပြီး ခေါင်တဲ့ မြို့မှာ စတိုးဆိုင်တွေကော ရှိရဲ့လား။ လိုချင်တဲ့ ပစ္စည်းတွေကော ဝယ်လို့ ရနိုင်ပါ့မလား"

"ရပါတယ်၊ တောင်ကုန်းအဆင်းက ဝပ်စ်မက်မြို့ထဲမှာ ရှိပါတယ်။ ဒါပေမယ့် နေပါဦး။ ဟို ကုလားထိုင်ကိုဆွဲပြီး ခဏာတဖြုတ် ထိုင်စမ်းပါဦး။ ကိုယ် မင်းနဲ့စကားပြောချင်တယ်။ မင်းနဲ့ကိုယ် မတွေ့တာ ဘာလိုလိုနဲ့ နှစ်နှစ်နီးပါး ရှိနေပြီကွ"

သီအိုသည် ဘာမှပြန်မပြောပဲ သူ့အစ်ကို၏မျက်နှာကို သူလက်ဖြင့် အသာအယာ စမ်းသပ်ကိုင်တွယ်ကြည့်သည်။ "ပထမဆုံးလုပ်ရမယ့်အလုပ်က အကောင်းဆုံးအစားအစာတွေ သွားဝယ်ပြီး ခင်ဗျားကို ကျွေးဖို့ပဲ။ ခင်ဗျားကို ကြည့်ရတာ အစားကောင်းမစားရတာ ကြာပြီလို့ထင်တယ်။ ပြီးရင် အဖျားရောဂါ အတွက် ဆေးဝယ်ရမယ်။ အိပ်ရာကောင်းကောင်းနဲ့ ခေါင်းအုံး ကောင်းကောင်း ဝယ်ရမယ်။ အဲဒီတော့ ကျွန်တော် ပြန်မရောက်မချင်း ခင်ဗျား ဘယ်မှ မသွားနဲ့။ အိပ်ရာပေါ်က မထနဲ့။ ပြောတာ ကြားလား"

သီအိုသည် အပြင်သို့ ထွက်သွားသည်။ ဗင်းဆင့်သည် သူ့ခဲတံကိုယူ၍ ဆွဲလက်စ ပန်းချီကားကို ဆက်ဆွဲနေသည်။ နာရီဝက်ခန့်အကြာတွင် သီအိုသည် လူငယ်တစ်ယောက်နှင့်အတူ ပြန်ရောက်လာသည်။ သူတို့နှင့်အတူ အိပ်ရာခင်း နှစ်ထည်၊ ခေါင်းအုံးတစ်လုံး၊ အိုးခွက်ပန်းကန်များနှင့် အစားအသောက်များ ပါလာသည်။ သူသည် ချက်ခြင်းပင် အိပ်ရာကို ပြင်ခင်းကာ ဗင်းဆင့်အား လှဲနေ ခိုင်းသည်။ သူသည် ကုတ်အင်္ကျီကိုချွတ်ကာ ရှပ်အင်္ကျီလက်များကို လိပ်တင်သည်။

"ကဲ. . . ဒီမီးဖိုကို ဘယ်လို မွှေးရမှာလဲ" ဟု မေးသည်။

"အဲဒီနားမှာ စက္ကူစုတ်နဲ့ သစ်သားခြောင်းလေးတွေရှိတယ်။ ကျောက်မီးသွေးထည့်ပြီး အဲဒါတွေနဲ့ မွှေးရင်ရတယ်"

သီအိုသည် ကျောက်မီးသွေးအဖြုန်းတုံးကို ယူကြည့်ပြီး "ဒါကို ကျောက်မီးသွေးလို့ ခေါ်သလား" ဟု မေးသည်။

"အေး. . . ဟုတ်တယ်၊ ဒီမှာတော့ အဲဒါကိုပဲ ကျောက်မီးသွေးဆိုပြီး သုံးနေကြတာပဲ။ မီးမွှေးပုံကို ကိုယ်ပြမယ်" ဟု ဗင်းဆင့်က ပြန်ဖြေကာ အိပ်ရာပေါ်မှထရန် ဟန်ပြင်သည်။ သီအိုက အနီးသို့ ပြေးသွားပြီး မထရန် တားသည်။

"မထနဲ့လေ. . ။ လဲနေပါလို့ ပြောထားရက်သားနဲ့။ ခင်ဗျားဟာ တော်တော်ခေါင်းမာတဲ့ အရူးပဲ" ဟု သီအိုက အော်သည်။ "နောက်တစ်ခါ အိပ်ရာပေါ်က ထထိုင်ရင် ခင်ဗျားကို ရိုက်ရလိမ့်မယ်"

ဗင်းဆင့်သည် သီအို၏ ကြိမ်းမောင်းသံကို နားထောင်ကာ ပြုံးလိုက်မိ၏။ သူ မရယ်မပြုံးပဲ နေလာခဲ့သည်မှာ လပေါင်းများစွာ ကြာခဲ့ပြီ။ ယခုတစ်ကြိမ်သည် ပထမဆုံးအကြိမ် ပြုံးမိခြင်းဖြစ်၏။ ဤအပြုံးကြောင့် သူ့စိတ်သည် များစွာပေါ့ပါးသွားသည်။ အဖျားရောဂါသည်ပင်လျှင် တစ်ဝက်မက သက်သာရာ ရသွားသည်ဟု ထင်၏။

သီအိုသည် သူဝယ်လာသည့် အိုးသစ်တစ်လုံးတွင် ကြက်ဥနှစ်လုံးကို ထည့်ပြုတ်သည်။ နောက်တစ်အိုးတွင် ပဲသီးများကိုလှီးထည့်သည်။ တတိယအိုးနှင့် နွားနို့ထည့်၍ကြိုသည်။ ပေါင်မုန့်ကင်သံဇကာကို မီးဖိုပေါ်တင်၍ ပေါင်မုန့်များကို မီးကင်သည်။ ဗင်းဆင့်သည် ရှပ်အင်္ကျီလက်များကို အကျအန လိပ်တင်ပြီး စိတ်ဝင်တစား လုပ်ကိုင်နေသည့် သီအိုအား မျက်ခြည်မပြတ် ကြည့်နေသည်။ သူ့ညီအား အခုလို နီးနီးကပ်ကပ် မြင်တွေ့နေရသည့်အတွက် အတိုင်းအဆမသိ နိုင်လောက်အောင် ကြီးမားသော စိတ်ချမ်းသာမှုသည် သူ့ရင်ထဲ၌ လှိုင်းထလျက် ရှိလေသည်။

နောက်ဆုံးတွင် အစားအစာများသည် အဆင်သင့်ဖြစ်သွားသည်။ သီအိုသည် စားပွဲကို အိပ်ရာနားသို့ ဆွဲယူလာပြီး သူ့အိတ်ထဲမှ မျက်နှာသုတ်ပုဝါ အသစ်တစ်ထည်ကို ထုတ်ယူကာ စားပွဲခင်းလုပ်၍ ခင်းပေးသည်။ ထောပတ်နည်းနည်းနှင့် ပြုတ်ကြော်ထားသည့် ပဲသီးများကို ပန်းကန်ပြားတစ်ချပ်ထဲ ထည့်လိုက်သည်။ မကျက်တကျက် ပြုတ်ထားသည့် ကြက်ဥနှစ်လုံးကိုခွဲ၍ ပဲသီးများဘေးတွင် ထည့်လိုက်သည်။ ထို့နောက် ဇွန်းတစ်ချောင်းကိုယူသည်။

"ကဲ. . . ပါးစပ်ဟ။ ခင်ဗျားအဖို့ ပထမဆုံးအကြိမ် အစားကောင်း အသောက်ကောင်း 'ဟဲ' ရမယ့် ပွဲတော်ကြီးပဲ။ ခင်ဗျား ငတ်ပြတ်နေတာ ဘယ် လောက်ကြာသွားပြီလဲဆိုတာတော့ ကောင်းကင်ဘုံက ပုဂ္ဂိုလ်တွေကလွဲပြီး တခြား ဘယ်သူမှ မသိနိုင်တော့ဘူး"

"ဟာကွာ သီအိုကလဲ၊ ကိုယ့်ဖာသာကိုယ် စားနိုင်ပါတယ်ကွ"

"ပါးစပ်ကိုသာ ဟစမ်းပါဗျာ။ တော်တော်ကြာ ဇွန်းနဲ့ မျက်လုံးထိုးမိနေ လိမ့်ဦးမယ်"

စားသောက်အပြီးတွင် ဗင်းဆင့်သည် သူ့ခေါင်းကို ခေါင်းအုံးပေါ်သို့ မှေးမှိထားလိုက်သည်။ "သိပ်ကို အရသာရှိတာပဲ" ဟု ပြောသည်။ "အစား ကောင်းကို မေ့နေတာကြာပြီ"

"နောက်ကို ထပ်မေ့သွားမှာ မဟုတ်တော့ပါဘူး ဗင်းဆင့်ရာ"

"ကဲ. . . ပြောစမ်းပါဦးကွာ။ ဟိုမှာ ဖြစ်ပျက်နေသမျှတွေကို ကိုယ်ကြား ချင်တယ်။ ဂေါပစ်လ်ပန်းချီအရောင်းဆိုင်မှာ ဘာတွေ ဆက်ဖြစ်နေကြသလဲ။ အပြင်လောကသတင်းတွေကို ငတ်နေတာလည်းကြာလှပြီကွ"

"ဒါဆိုရင်လဲ ငတ်လက်စနဲ့ ဆက်ပြီး ငတ်နေပေဦးတော့။ ဟောဒီမှာ တွေ့လား။ ခင်ဗျားကို အိပ်ရေးဝဝ အိပ်သွားအောင် လုပ်ပေးမယ့် ဆေး။ ခင်ဗျား စားထားတဲ့ အစားအစာတွေ ကျေညက်သွားဖို့အတွက် ငြိမ်ငြိမ်ကလေး အနားယူ ဖို့ လိုတယ်။

"ကိုယ် မအိပ်ချင်ဘူး သီအို။ မင်းနဲ့ထိုင်ပြီး စကားပြောချင်တယ်။ အိပ်တာက အချိန်မရွေး အိပ်လို့ရပါတယ်ကွာ"

"ဘယ်သူကမှ ခင်ဗျား ဘာလုပ်ချင်သလဲလို့ မမေးဘူး။ အခုလောလော ဆယ် ခင်ဗျားအလုပ်က အမိန့်နာခံဖို့ပဲ။ ကဲ ပါးစပ်ဟ ဆေးသောက်လိုက်။ အိပ်ရာကနိုးလာရင် အမဲသားနဲ့ အားလူးကြော် ဝါးရမယ်။ ဒါမှ ခင်ဗျား ခြေထောက်ပေါ် ခင်ဗျားရပ်နိုင်မှာ"

ဗင်းဆင့်သည် နေဝင်ချိန်ကျမှ အိပ်ရာကနိုးသည်။ တစ်ကိုယ်လုံး ပေါ့ပါးသွက်လက်ကာ ကြည်လင်လန်းဆန်းနေသည်။ သီအိုသည် ပြတင်းပေါက် အနီးဌာထိုင်ကာ ဗင်းဆင့်၏ ပန်းချီကားများကို ကြည့်နေသည်။ ဗင်းဆင့်သည် သူနိုးလာသည်ကို သိသွားမည်စိုး၍ ရုတ်တရက် အသံမပေး။ အေးချမ်းကြည်နူး သောစိတ်ဖြင့် သီအိုအား ကြည့်နေသည်။ သူနိုးနေသည်ကို မြင်သွားသည့်အခါ သီအိုသည် ထိုင်နေရာမှ ကပျာကရာထလာသည်။

"ကဲ. . ဘယ်လိုနေသေးလဲ၊ သိပ်ကောင်းသွားပြီမဟုတ်လား။ ခင်ဗျား တအားကိုအိပ်တာပဲ"

"ကိုယ်ဆွဲထားတဲ့ ပုံတွေကို မင်း ဘယ်လိုထင်သလဲ။ သဘောကျတာတွေ ရှိရဲ့လား"

"အမဲသားပြုတ်ကြော် ပြီးအောင်လုပ်ရဦးမယ်၊ ခဏစောင့်။ အာလူးတွေကို အခွံနွာထားပြီးပြီ"။ သီအိုသည် မီးဖိုနားဌ်ရပ်ကာ အလုပ်များနေသည်။ နောက်တစ်ခဏအကြာတွင် ရေနွေးငလုံတစ်လုံးယူလာသည်။ "ကဲ. . ခင်ဗျားရဲ့ မုတ်ဆိတ်ရိတ်ဓားနဲ့ ကျွန်တော့်ဓား ဘယ်ဟာကို သုံးရမလဲ" ဟု မေးသည်။

"အမဲသားကြော်ကို မုတ်ဆိတ်မရိတ်ပဲ စားလို့မရဘူးလားကွာ"

"မရပါဘူး လူကြီးမင်းခင်ဗျာ။ လည်ပင်းနဲ့ နားရွက်တွေကို မဆေးကြောပဲ ဆံပင်ကို မဖီးပဲနဲ့တော့ လုံးဝမဖြစ်နိုင်ပါဘူး။ ကဲ. . . ရော့. . . ဟောဒီ မျက်နှာသုတ်ပုဝါကို မေးအောက်မှာ ခံထားပါ"

သီအိုသည် ဗင်းဆင့်၏ မုတ်ဆိတ်မွေးများကို ရိတ်ပေးသည်။ ဆံပင်ကို ဖြီးပေးသည်။ သူ့အိတ်ထဲမှ ရုပ်အင်္ကျီတစ်ထည် ထုတ်ယူပေးပြီး ဝတ်ခိုင်းသည်။

အလုပ်ပြီးသွားသောအခါ နောက်သို့ ခြေတစ်လှမ်းနှစ်လှမ်း ဆုတ်၍ ရပ်လိုက်ပြီး ဗင်းဆင့်အား ကြည့်သည်။ "အခုမှပဲ ခင်ဗျားဟာ ဗင်ဂိုးနဲ့တူလာတယ်" ဟု ပြုံးရယ်ပြီး မှတ်ချက်ချသည်။

"မြန်မြန်လုပ် သီအို။ အမဲသားပြုတ်ကြော် တူးကုန်တော့မယ်" ဟု ဗင်းဆင့်က အော်သည်။

သီအိုသည် စားပွဲကို ချကာ စားစရာများကို တင်သည်။ အမဲသားကြော်၊ အာလူးပြုတ်၊ ထောပတ်နှင့် နွားနို့ စသည်များ။

"ဒါတွေအားလုံးကို ကုန်အောင်စားနိုင်လိမ့်မယ်လို့ မင်း မျှော်လင့်ထားသလား သီအို"

"မမျှော်လင့်ပါဘူး ငါလူရယ်။ တစ်ဝက်ကို ကျွန်တော်စားမှာပါ။ စားတဲ့အခါမှာ ကျွန်တော်တို့လုပ်ရမှာက တို့နှစ်ယောက် အင်္ကျီတင်ကအိမ်မှာ ထိုင်ပြီး စားသောက်နေကြတာလို့ စိတ်ကူးယဉ်နေရမယ် အဲဒါပဲ. . ."

စားသောက်အပြီးတွင် သီအိုသည် ဆေးတစ်ဆုံထည့်ကာ ဗင်းဆင့်အား ပေးသည်။ ပါရီမှ အကောင်းစားဆေးတံဆေးဖြစ်သဖြင့် ဗင်းဆင့်အဖို့ ထူးခြားသည့်အရသာကိုခံ၍ ဇိမ်နှင့် ဖွာသည်။ သီအိုကတော့ ဗင်းဆင့်အား ကြည့်ကာ ငယ်စဉ်တောင်ကျေး ကလေးဘဝတုန်းက ဘရားဘန့်နယ်၌ နေထိုင်ခဲ့ရသည်များ

ကို ပြန်လည်မြင်ယောင်လျက်ရှိလေသည်။

တကယ်တော့ သူဘဝတွင် ဗင်းဆင့်သည် သူအမေနှင့် သူအဖေထက်ပင် အဆပေါင်းများစွာ ပို၍ အရေးပါသော လူတစ်ယောက် ဖြစ်ခဲ့၏။ ဗင်းဆင့်သည် သူ၏ကလေးဘဝကို သာယာအောင်၊ ကြည်နူးအောင်၊ ပျော်မွေ့အောင် ပြုလုပ်ပေးခဲ့သူဖြစ်သည်။ ငယ်စဉ်က ဗင်းဆင့်နှင့် ကစားခဲ့ရသည်မှာ မေ့နိုင်စရာမရှိ။

သို့တစေလည်း လွန်ခဲ့သောနှစ် ပါရီမှာ နေထိုင်ခဲ့စဉ်တုံးကတော့ သူသည် ဗင်းဆင့်အား မေ့ခဲ့မိ၏။ ယင်းကဲ့သို့ မေ့လျော့ခြင်းမျိုးသည် နောက်တစ်ကြိမ် ဖြစ်အပ်သည့်အရာ မဟုတ်ပေ။ အမှန်တော့ သူဘဝသည် ဗင်းဆင့်မရှိလျှင် မပြည့်စုံသော ဘဝတစ်ခု ဖြစ်နေသည် မဟုတ်ပါလော. . . ။

သူစိတ်ထဲတွင် သူသည် ဗင်းဆင့်၏အစိတ်အပိုင်းတစ်ခုဟု ယူဆခဲ့၏။ ဗင်းဆင့်သည်လည်း သူ၏ အစိတ်အပိုင်းတစ်ခုသာ ဖြစ်သည်ဟု ယုံကြည်ခဲ့၏။ သူတို့နှစ်ဦး အတူတကွ တွဲမိကာမှပင် ပတ်ဝန်းကျင်ကမ္ဘာလောကအပေါ် နားလည်လာကြခြင်းဖြစ်၏။ သူတစ်ယောက်တည်းဆိုပါက အမြင်အသိများသည် စိတ်ရှုတ်စရာတွေချည်းသာ ဖြစ်ခဲ့ရသည် မဟုတ်ပါလား. . . ။

ထို့ပြင်လည်း သူတို့နှစ်ယောက် တွဲနေကြသည့်အခါ ဘဝတစ်ခု၏ ရည်မှန်းချက်နှင့် အနက်အဓိပ္ပာယ်ကို ရှာဖွေတွေ့ရှိကြရ၏။ ဘဝ၏ တန်ဖိုးကိုလည်း သိမြင်နားလည်ကာ တန်ဖိုးထားတတ်ခဲ့ကြ၏။ သူတစ်ယောက်တည်း နေရပါမူကား သူ ဘာ့ကြောင့် အလုပ်လုပ်နေရသလဲ။ သူ ဘာ့ကြောင့် အောင်မြင်နေရသလဲဟူသော မေးခွန်းများ၏ အဖြေများကို မြင်နိုင်စွမ်းမရှိ။ သူ့အလုပ်နှင့် အောင်မြင်မှုများသည် သူ့အတွက် စဉ်းစားရခက်သည့် ပဟေဠိပုစ္ဆာတစ်ပုဒ် ဖြစ်နေခဲ့ရလေသည်။

သူဘဝ ပြည့်စုံရေးအတွက် ဗင်းဆင့်သည် သူ့အဖို့ အလိုအပ်ဆုံးလူ ဖြစ်၏။ ထို့အတူပင် ဗင်းဆင့်သည်လည်း သူမရှိလျှင် မဖြစ်။ ဗင်းဆင့်အတွက် သူသည် အလိုအပ်ဆုံးသောလူဖြစ်၏။ တကယ်တော့ ဗင်းဆင့်သည် ကလေးသူငယ်တစ်ယောက်လို နေသူဖြစ်၏။ ဘယ်နည်းနှင့်မဆို ဗင်းဆင့်အား ဤနေရာမှဆွဲထုတ်သွားမှဖြစ်မည်ဟု သူ သဘောရသည်။ ဗင်းဆင့်အား သူ့ခြေ ထောက်ပေါ် သူရပ်သွားနိုင်အောင် မိမိကလုပ်ပေးမှဖြစ်မည်ဟု ယူဆ၏။ သို့ဖြစ်လျှင်သူ ဘာ့ကြောင့် အချိန်ဖြုန်းနေရမည်နည်း။

"ဒီမယ်. . . ဗင်းဆင့်။ ခင်ဗျား အားပြန်ရှိလာအောင် တစ်ရက်နှစ်ရက်

နားလိုက်ပြီးရင် ကျွန်တော်ခင်ဗျားကို အက်တင်ကို ပြန်ခေါ်သွားမယ်" ဟု သီအို က ပြောသည်။ ဗင်းဆင့်သည် ဆေးတံကို ဖွာရင်း ငြိမ်ဆိတ်နေသည်။ ဤကိစ္စမှာ သူမစဉ်းစား၍ မဖြစ်။ ပြဿနာတစ်ခုလုံးကိုအခုကတည်းကသီအိုနားလည်အောင် ပြောပြပြီး ရှင်းလင်းထားပါမှ ဖြစ်ပေလိမ့်မည်။ အကယ်၍ သီအို နားလည်သွားမည်ဆိုပါကအရာရာတိုင်းသည်အဆင်ပြေသွားဖို့သာရှိသည် မဟုတ်ပါလော။

"ကိုယ် အိမ်ကို ပြန်လိုက်လာတဲ့အတွက် ကောင်းလာစရာ ဘာရှိလို့လဲ သီအိုရာ။ ကိုယ်ဟာ မိသားစုထဲမှာ ဘာမှ မဖြစ်နိုင်တဲ့ လူတစ်ယောက်ဘဝကို အလိုအလျောက် ရောက်သွားခဲ့ရတဲ့လူ။ ပြီးတော့ သံသယဖြစ်စရာလူလို့လဲ ယူဆခံထားရတယ်။ အနည်းဆုံးတော့ သူတို့က ကိုယ့်ကို ယုံကြည်စိတ်ချအပ်တဲ့ လူတစ်ယောက်မဟုတ်ဘူးလို့ မြင်နေကြတယ်။ အဲဒါကြောင့်မို့လဲ ကိုယ့်အတွက် အကောင်းဆုံးနည်းက မိသားစုနဲ့ ဝေးဝေးခွာနေတာဟာ အကောင်းဆုံးနည်းလို့ ယုံကြည်မိတာပဲ။ သူတို့အဖို့ ကိုယ်ဟာ လူလောကကြီးထဲမှာ မရှိတော့တဲ့ လူတစ်ယောက်အဖြစ်နဲ့ နေရတာဟာ အကောင်းဆုံးပါ။

"ပြီးတော့လဲ ကိုယ်က အာရုံခံစားမှု ပြင်းထန်တဲ့ လူတစ်ယောက်ဖြစ်နေတယ်။ အများက သဘောမကျတဲ့ မိုက်မဲတဲ့အလုပ်တွေကို လုပ်တတ်တဲ့လူ။ သည်းခံပြီး စိတ်ရှည်ရှည်နဲ့ စောင့်လိုက်ရင် အခြေအနေတွေ ပိုကောင်းလာနိုင်ပါလျက်နဲ့ ကိုယ်က သည်းခံပြီး မစောင့်နိုင်ခဲ့ဘူး။ လုပ်ချင်စိတ်ရှိလာရင် ချက်ချင်းပြော ချက်ချင်းထလုပ်တတ်တဲ့ အကျင့်စရိုက်က ရှိတယ်။

"ဒီအကျင့်ရှိနေတဲ့အတွက် ကိုယ်ဟာ ဘာမှ ဖြစ်မြောက်အောင် မလုပ်နိုင်ပဲ သက်သက်မဲ့ တခြားလူတွေကို အန္တရာယ်ပြုနေမယ့် လူစားတစ်ယောက်ပါလို့ ကိုယ့်ကိုယ်ကို သတ်မှတ်ရမလား။ ကိုယ်ကတော့ ကိုယ့်ကိုယ်ကို အဲသလို မသတ်မှတ်နိုင်ဘူး။ အဲဒီတော့ ပြဿနာက ဘာလဲ။ ဒါမှ ဒါလို့ အစွဲကြီးပြီး ပြင်းထန်လွန်းလှတဲ့ ကိုယ့်စိတ်ဆန္ဒတွေကို ကောင်းတဲ့နေရာမှာ အသုံးချနိုင်အောင် ကြိုးစားပြီး လုပ်ကြည့်ရမှာပဲ။

"ဥပမာဆိုပါတော့ ကိုယ့်မှာ ပန်းချီကားတွေနဲ့ စာအုပ်တွေအပေါ်မှာ မက်မောတွယ်တာတဲ့စိတ် ရှိတယ်။ ဒီစိတ်ကို ချိုးနှိမ်ဖျောက်ဖျက်ပစ်လို့ လုံးဝ မရဘူး။ အဲဒီတော့ ကိုယ့်အနေနဲ့ ဒီအလုပ်တွေကို နေ့စဉ် ပေါင်မုန့်စားချင်စိတ် ရှိနေသလို နေ့ရှိသမျှ အဆက်မပြတ် မှန်မှန်လုပ်သွားနိုင်အောင် ကိုယ့်ကိုယ်ကို လမ်းညွှန်ပြီး အားထုတ်ရမှာပဲ။ ကိုယ်ဆိုလိုတဲ့သဘောကို မင်း နားလည်မှာပါ ကွာ"

"နားလည်ပါတယ် ဗင်းဆင့်ရယ်၊ ဒါပေမယ့် ခင်ဗျားအသက်အရွယ်မှာ ပန်းချီကားတွေ ကြည့်တာနဲ့ စာအုပ်တွေဖတ်တာဟာ စိတ်ပြေလက်ပျောက် ဖြစ်ဖို့ အတွက် အာရုံပြောင်းအလုပ်တွေပါ။ ဘဝရဲ့ အဓိကလုပ်ငန်းနဲ့ ဆက်စပ်ပတ်သက်မှု မရှိပါဘူး။ အခုဆိုရင် ခင်ဗျားဟာ အလုပ်အကိုင်မရှိဘဲ ခြေဦးတည့်ရာသွားနေခဲ့တာ ငါးနှစ်နီးပါး ရှိသွားပြီ။ အဲဒီအချိန်ကာလအတွင်းမှာ ခင်ဗျားအခြေအနေဟာ တိုးတက်မလာတဲ့အပြင် ညံ့ဖျင်းသည်ထက် ညံ့ဖျင်းပြီး ဆိုးသည်ထက် ဆိုးလာခဲ့တယ် မဟုတ်လား"

ဗင်းဆင့်သည် ဆေးမှုန့်များကို သူ့လက်ခုပ်ထဲထည့်၍ချေသည်။ ပြီးတော့ သူ့ဆေးအိုးထဲ ထည့်ကာ ပါးစပ်နှင့် ကိုက်ထားပြီး မီးညှိဖို့ သတိမရတော့ပေ။

"မင်းပြောတာ မှန်ပါတယ်" ဟု သူကပြောသည်။ "မကြာ. . မကြာကိုယ်စားဖို့အတွက် ကိုယ့်ဖာသာ ရှာလို့ရတယ်။ မကြာမကြာဆိုသလို မိတ်ဆွေတစ်ယောက်ယောက်က ဒါနပြုထားလို့ စားနေရတာလဲ ရှိတယ်။ ကိုယ့်အနေနဲ့ ကိုယ့်ကိုယ်ကို ယုံကြည်မှုပျောက်သွားတယ်ဆိုတာလဲ မှန်တာပဲ။ ကိုယ့်ရဲ့ ငွေကြေးအခြေအနေဟာ ဆိုးတဲ့အခါ အရမ်းဆိုးသွားတယ်ဆိုတာလဲ မှန်တာပဲ။ ကိုယ့်ရဲ့ နောင်ရေးဟာ တွေးဝံ့စရာမရှိလောက်အောင် ဆိုးနေတယ်ဆိုတာလဲ မမှားပါဘူး။

"ဒါပေမယ့် အဲဒါကို သိပ်ဆိုးတယ်လို့ ပြောရမလား။ ကိုယ်ကတော့ ကိုယ်ရွေးထားတဲ့လမ်းပေါ်မှာ ဆက်လျှောက်ချင်တယ် သီအို။ တကယ်လို့ ကိုယ်ဆက်ပြီး မလေ့လာဘူးဆိုရင် ဒါမှမဟုတ် ဆက်ပြီး မရှာဖွေတော့ဘူးဆိုရင် ကိုယ်ဘာဖြစ်သွားမလဲ။ ကိုယ် ဆုံးရှုံးတော့မှာပေါ့"

"ခင်ဗျား ဘာပြောချင်နေသလဲ ဗင်းဆင့်။ တစ်ခုခုပြောချင်နေပုံပဲ။ ပွင့်ပွင့်လင်းလင်း ပြောပါလား"

ဗင်းဆင့်သည် ဆေးတံကို မီးညှိသည်။ "အခုတစ်ခါမှာတော့ ကိုယ်ပြန်ပြီး သတိရလာတယ်" ဟု ပြောသည်။ "တို့နှစ်ယောက် ရိုင်းစိုင်းကြမ်းတမ်းခဲ့ကြတဲ့ စက်ရုံဟောင်းကြီးအနားက ဖြတ်ပြီး လမ်းလျှောက်သွားကြတုန်းကလေ၊ မင်းမှတ်မိသေးလား။ အဲဒီတုန်းက တို့နှစ်ယောက် သဘောတူခဲ့တာတွေ အများကြီးပဲ မဟုတ်လား"

"အေးလေ၊ ဒါပေမယ့် ဗင်းဆင့်ရယ်။ ခင်ဗျားက သိပ်ကို ပြောင်းလဲသွားတယ်"

"အတိအကျပြောရမယ်ဆိုရင် အဲဒါဟာ အတိအကျ မှန်တယ်လို့

မဆိုနိုင်ပါဘူးကွာ၊ ကိုယ့်ဘဝမှာ အခက်အခဲတွေဟာ နည်းသွားခဲ့ပါတယ်။ ဒါပေမယ့် အရာရာတိုင်းအပေါ်မှာ ကိုယ့်ရဲ့ ကြည့်ပုံမြင်ပုံနဲ့ တွေးခေါ်ပုံတွေက တော့ လုံးဝ ပြောင်းလဲမသွားပါဘူး။ ဟိုအရင်ကလိုပါပဲ”

“အေးလေ။ ခင်ဗျားအကျိုးကို ကြည့်ပြီး ကျွန်တော်ကလဲ အဲဒီအချက်အပေါ်မှာ ယုံကြည်ချင်နေပါတယ်”

“ကိုယ့်အနေနဲ့ ကိုယ့်ယုံကြည်မှုတွေအပေါ်မှာ သစ္စာမဲ့သွားပြီလို့တော့ မထင်ပါနဲ့ သီအို။ ကိုယ်ဟာ ကိုယ့်ရဲ့ သစ္စာမဲ့မှုတွေကြားကပဲ ကိုယ့်ယုံကြည်ချက်အပေါ်မှာတော့ သစ္စာရှိနေဆဲပါ။ ကိုယ့်မှာရှိနေတဲ့ တစ်ခုတည်းသော သောကကတော့ တခြားမဟုတ်ပါဘူး။ ဒီကမ္ဘာလောကကြီးထဲမှာ ငါ့ကိုယ်ငါ အသုံးဝင်လာအောင် ဘယ်လိုလုပ်ရမလဲဆိုတဲ့ မေးခွန်းပါ။ ငါဟာ ရည်မှန်းချက်ပြည့်ဝအောင် တစ်စုံတစ်ခုသော အတိုင်းအတာအထိ ကောင်းလာအောင် မလုပ်နိုင်တော့ဘူးတဲ့လား”

သီအိုသည် ရေနံဆီမီးအိမ်ဆီသို့ ထသွားပြီး မီးထွန်းသည်။ နွားနို့တစ်ဖန်ခွက် ထပ်ထည့်ပေးသည်။ “ရော့. . ဒါကို သောက်လိုက်ဦး။ ခင်ဗျား စကားပြောရတာ ပင်ပန်းနေဦးမယ်”

ဗင်းဆင့်သည် ကပျာကရာ ယူ၍ သောက်လိုက်သည်။ သူ့နှုတ်ခမ်းတွင် ပေကျံနေသည့် နို့စက်များကိုပင် သုတ်ဖို့ သတိမရပဲ စကားကို ဆက်ပြောနေသည်။

“တို့ရဲ့ စိတ်ထဲမှာ ရှိနေတဲ့ အတွေးတွေကို အမြဲတန်း အပြင်ကသိအောင် ဖော်ထုတ်နေကြသလား။ တို့စိတ်ထဲမှာ အင်မတန် ကြီးမားတဲ့ မီးဖိုကြီးတစ်ခု ရှိနေပေမယ့် ဘယ်သူကမှ အဲဒီ မီးဖိုကြီးနားလာပြီး နွေးနွေးထွေးထွေးဖြစ်သွားအောင် မီးမလှုံကြပါဘူး။ လမ်းသွားလမ်းလာတွေဟာ မီးခိုးငွေ့ကိုသာ မြင်တာပါ။ မြင်ရုံပဲမြင်ပြီး သူ့ခရီးသူ ဆက်သွားနေတာပါပဲ။

“အဲဒီတော့ တို့ ဘာလုပ်ကြရမလဲ။ လူတစ်ယောက်အနေနဲ့ အတွင်းက မီးကို ဂရုစိုက်ရမလား။ တစ်ယောက်ယောက်က အဲဒီမီးပုံကြီးဘေးနား လာထိုင်ထဲ့အထိ စိတ်ရှည်လက်ရှည်နဲ့ စောင့်နေရမလား။ တို့ စဉ်းစားရမှာက အဲဒါပဲ”

သီအိုသည် ကုလားထိုင်ပေါ်မှထလာပြီး အိပ်ရာပေါ်ဝင်ထိုင်သည်။ “ခင်ဗျားစိတ်ထဲမှာ ရောင်ပြန်ဟပ်နေတဲ့ ပန်းချီကားကိုရော ခင်ဗျား သိရဲ့လား” ဟု မေးသည်။

“ဟင့်အင်း မသိဘူး”

"ရိုင်းစ်ဝက်က စက်ရုံဟောင်းကြီးပေါ့"

"အေး ဟုတ်တယ်။ အဲဒီစက်ရုံကြီးဟာ ရှုခင်းကောင်းတစ်ခုပဲ"

"ဟုတ်တယ်"

"ပြီးတော့ တို့ရဲ့ ကလေးဘဝကလဲ ပျော်စရာတစ်ခုပဲ"

"ခင်ဗျားဟာ ကျွန်တော့်ရဲ့ ကလေးဘဝကို သာယာချမ်းမြေ့အောင် လုပ်ပေးခဲ့တယ် ဗင်းဆင့်။ ကျွန်တော့်မှတ်ဉာဏ်ထဲမှာ အမြဲတစေ ရှိနေတာ ကတော့ ခင်ဗျားပဲ"

နှစ်ဦးစလုံး အချိန်အကြာကြီး ငြိမ်ဆိတ်နေကြသည်။

"ကျွန်တော် အမှန်အတိုင်း ဝန်ခံရတော့မှာပဲ ဗင်းဆင့်။ ခင်ဗျားအပေါ်မှာ ကျွန်တော် စွပ်စွဲခဲ့တာတွေနဲ့ အပြစ်တင်ခဲ့တာတွေဟာ ကျွန်တော့်ဆီက တိုက်ရိုက်လာတာတွေ မဟုတ်ပါဘူး။ မိသားစု အသိုင်းအဝိုင်းက လာတာတွေပါ။ သူတို့က ကျွန်တော့်ကို ခင်ဗျားဆီ သွားဖို့ တိုက်တွန်းကြတယ်။ ဟော်လန်ကို ခင်ဗျား အလုပ်တစ်ခုခုနဲ့ ပြန်လာစေချင်ကြတယ်"

"မှန်တယ် သီအို၊ သူတို့စကားတွေဟာ လုံးဝ မမှားပါဘူး။ တစ်ခုပဲရှိတယ် သူတို့ဟာ ကိုယ့်ရဲ့ စေတနာနဲ့ ရည်ရွယ်ချက်တွေကို နားမလည်ကြဘူး။ ပြီးတော့ ကိုယ့်ရဲ့ စေတနာနဲ့ ရည်ရွယ်ချက်တွေဟာ ကိုယ့်ရဲ့ ဘဝတစ်ခုလုံးနဲ့ ဆက်စပ်ပတ်သက်နေမှုကိုလဲ သူတို့ နားမလည်ကြဘူး။ ဒါပေမယ့်လို့ ဒီလောကကြီးထဲမှာ ကိုယ်က အကျဘက်ရောက်နေခိုက်မှာ မင်းက အတက်ဘက်မှာ ရှိနေတယ်။ ကိုယ်က ကြင်နာမှုနဲ့ စာနာထောက်ထားမှုတွေကို လက်လွတ်ဆုံးရှုံးနေရခိုက်မှာ မင်းက အဲဒါတွေကို ရရှိပိုင်ဆိုင်နေတယ်။

"အဲသလိုဖြစ်နေတဲ့အတွက် ကိုယ်ကတော့ မင့်အတွက် ပျော်လည်းပျော်တယ်၊ ဝမ်းလည်းသာတယ်၊ ကိုယ် ဒီစကားကို ရိုးသားဖြူစင်တဲ့ စိတ်စေတနာနဲ့ပြောတာပါ။ အဲဒီစိတ်စေတနာဟာ အမြဲတန်း အဲသလိုပဲ ရှိသွားလိမ့်မယ်ဆိုတာ ယုံပါ။ တကယ်လို့မှားပေါ့လေ။ မင်းအနေနဲ့ကိုယ့်အပေါ်မှာ အလုပ်အကိုင် မလုပ်ပဲ အလကားသက်သက် အချိန်ဖြုန်းနေတဲ့ အဆိုးဆုံးလူစားတစ်ယောက်လို့ မမြင်ပဲ ကိုယ့်ဆီမှာ အခြားအရာတစ်ခု ရှိနေသေးတယ်လို့ မြင်မယ်ဆိုရင်တော့ ကိုယ် ဝမ်းသာသင့်တာ အမှန်ပဲ"

"အခုပြောနေတဲ့ စကားတွေကို ကျွန်တော်တို့ မေ့လိုက်ကြစို့ ဗင်းဆင့်ရယ်။ ပြီးခဲ့တဲ့နှစ်က တစ်နှစ်ပတ်လုံးနီးပါးလောက် ခင်ဗျားဆီ စာမရေးခဲ့တာဟာ အမှုမဲ့အမှတ်မဲ့ နေတတ်တဲ့ အကျင့်ကြောင့်ပါ။ ခင်ဗျား လုပ်ကိုင်နေတာတွေကို

သဘောမကျလို့ မဟုတ်ပါဘူး။ ကျွန်တော်ဟာ ခင်ဗျားအပေါ်မှာ ယုံကြည်မှု ရှိနေဆဲပါ။

"ခင်ဗျား မှတ်မိဦးမှာပါ။ ဇွန်ဒတ်မှာနေတုန်းကလေ။ ကျွန်တော်က ခင်ဗျားရဲ့လက်ကိုဆွဲပြီး မြက်ခင်းတွေပေါ်က မြက်ပင်ရှည်ကြီးတွေကြားမှာ ဖြတ်လျှောက်ခဲ့ကြတယ်မဟုတ်လား။ အဲဒီတုန်းကတည်းက ခင်ဗျားအပေါ်မှာ ရှိခဲ့တဲ့ ကျွန်တော့်ယုံကြည်မှုဟာ ဒီနေ့ဒီအချိန်ထိ ပျက်မသွားသေးပါဘူး။ နည်းနည်းလေး တောင်မှ လျော့မသွားသေးတာ အမှန်ပါ။ ကျွန်တော့်ဖက်က တစ်ခုတော့ လုပ်ပေးဖို့ လိုအပ်တယ်လို့ ထင်တယ်။ ခင်ဗျား လုပ်ကိုင်နေသမျှအလုပ်တွေ မှန်မမှန် စောင့်ကြည့်ပေးဖို့အတွက် ကျွန်တော်ဟာ ခင်ဗျားနဲ့ နီးနီးနားနားမှာ ရှိနေမှ ဖြစ်မှာ"

ဗင်းဆင့်က ပြုံးသည်။ "မင်းဟာ ကိုယ့်အပေါ်မှာ ကောင်းပါတယ် သီအိုရယ်" ဟု ပြောသည်။

လက်တွေ့သမားဖြစ်သော သီအိုသည် ချက်ချင်းပင် လုပ်ရမည့်ကိစ္စများကို ပြောသည်။

"ဒီမှာ ဗင်းဆင့်။ ပြဿနာကို အခုတစ်ခါတည်း ပြီးပြတ်သွားအောင် ရှင်းလိုက်တာ အကောင်းဆုံးဖြစ်လိမ့်မယ်လို့ ထင်တယ်။ အခုလောလောဆယ် ခင်ဗျားရဲ့ မရေမရာဖြစ်နေတဲ့ စိတ်ကူးတွေထဲမှာ ရှိနေတဲ့ အချက်တစ်ချက်ကို ကျွန်တော် မြင်ထားတယ်။ အဲဒါဟာ တခြားမဟုတ်ဘူး။ ခင်ဗျားစိတ်ထဲမှာ လုပ်ချင်စိတ်ပေါ်နေတဲ့ အလုပ်တစ်ခုပဲ။

"အဲဒီအလုပ်နဲ့ပတ်သက်လို့ ခင်ဗျားရင်ထဲမှာ ရှိနေတာတွေက အဲဒီအလုပ်ဟာ ခင်ဗျားနဲ့ အသင့်တော်ဆုံးလို့ ယူဆနေတယ်။ အဲဒီအလုပ်ကို လုပ်ရင် ခင်ဗျားမှာ သာယာပျော်ရွှင်မှုလဲရမယ်။ အောင်မြင်မှုလဲရမယ်လို့ ခင်ဗျား ယုံကြည်နေတယ်။ အဲဒါပဲ။ ဒီတော့ကာ အဲဒီအလုပ်ဟာ ဘာလဲ။ ပွင့်ပွင့်လင်း လင်းသာ ထုတ်ပြော။

"ကျွန်တော်ကလဲ ပွင့်ပွင့်လင်းလင်းပဲ ခင်ဗျားကို အသိပေးမယ်။ အခုဆို ရင် ဂေါပစ်လ်ကုမ္ပဏီက လွန်ခဲ့တဲ့တစ်နှစ်ခွဲလောက်ကတည်းက ကျွန်တော့်လစာ ကိုနှစ်ဆတိုးပေးထားတယ်။ လက်ရှိအခြေအနေအရ ကျွန်တော့်ဝင်ငွေဟာ လိုအပ်တာထက် ပိုနေတယ်လို့ ဆိုရမှာပဲ။ ပိုနေတဲ့ငွေကို ဘယ်လိုသုံးရမှန်းတောင် မှ မသိတော့သလို ဖြစ်နေတယ်။

"အဲဒီတော့ ခင်ဗျား ဘာလုပ်ချင်နေသလဲဆိုတာ စဉ်းစား၊ ခင်ဗျား

လုပ်ချင်တဲ့အလုပ် ရှိလာရင် အဲဒီအလုပ်အတွက် အကူအညီကတော့ လိုမှာပဲ။ ဒါနဲ့ပတ်သက်လို့ကတော့ ကျွန်တော်တို့နှစ်ယောက် ပေါင်းပြီးလုပ်တဲ့ သဘောနဲ့ လုပ်သွားကြမယ်။ ခင်ဗျားက အလုပ်ကိုလုပ်၊ ကျွန်တော်က လိုအပ်တဲ့ ငွေကြေး ထုတ်ပေးမယ်။ ခင်ဗျားရဲ့ လုပ်ငန်းအောင်မြင်လာတဲ့အခါကျတော့မှ ကျွန်တော် ထုတ်ပေးထားခဲ့တဲ့ ငွေကြေးအရင်းအနှီးကို နှစ်စဉ် ရလာမဲ့ အမြတ်ငွေထဲက ခွဲပြီး ဆပ်သွား။

"က. . . အဲဒီတော့ ပထမဆုံး ခင်ဗျား ဘာလုပ်ချင်နေသလဲဆိုတာ ပြော။ ခင်ဗျားစိတ်ထဲမှာ ရှိနေတဲ့အတိုင်းသာပြောပါ။ ခင်ဗျားရဲ့ ဘဝတစ်လျှောက် လုံးအတွက် လုပ်သွားချင်နေတဲ့ အလုပ်ဟာ ခင်ဗျားစိတ်ထဲမှာ ရှိနေမှာပဲ။ ပိုင်ပိုင် နိုင်နိုင် မဆုံးဖြတ်ရသေးလို့ သာဖြစ်မှာပါ။ အခုဆိုရင် ဆုံးဖြတ်လို့ရရောပေါ့"

ဗင်းဆင့်သည် သူရေးဆွဲထားခဲ့သည့် ပန်းချီကားချပ်များကို တစ်ချက် လှမ်းကြည့်သည်။ စောစောက သိအိုကြည့်ပြီး ချထားခဲ့သော ပန်းချီကားချပ်များ ဖြစ်၏။ ပြတင်းပေါက်အောက်နားတွင် တစ်ချပ်ပေါ် တစ်ချပ်ထပ်၍ စုပုံထားခြင်း ဖြစ်သည်။

သူသည် တစ်ချက်မျှ ပြုံးလိုက်သည်။ "ကိုယ့်အတွက် အခွင့်ကောင်း တစ်ခု ရလာပြီလို့ ဆိုရတော့မှာပေါ့" ဟုပြောသည်။ "ဖွင့်ပြောဖို့ ကြိုးစားခဲ့တာလဲ ကြာပြီ"

သိအိုကလည်း ဗင်းဆင့်ကြည့်နေသော ပန်းချီကားချပ်များဆီသို့ လှမ်းကြည့်သည်။ "အင်း ကျွန်တော်ကလဲ အဲဒါပဲ ထင်ထားပါတယ်" ဟု ပြော သည်။

ဗင်းဆင့်သည် များစွာ စိတ်လှုပ်ရှားလျက်ရှိ၏။ ပျော်ရွှင်ကြည်နူးနေ သည့် အရိပ်လက္ခဏာများကိုပင် ဖုံးကွယ်မထားနိုင်။ သူသည် နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေရာမှ ရုတ်တရက် လန့်နိုးလာသူနှင့် တူနေသည်။

"ဒီကိစ္စကို ကိုယ် ဖွင့်မပြောခင်ကတည်းက မင်းသိပြီးသားပါ။ ကိုယ့်စိတ်ထဲမှာ ရှိနေတဲ့ စိုးရိမ်စိတ်ကြောင့်သာ ဖွင့်ပြောဖို့ ဝန်လေးနေခဲ့ရတာပါ။ မှန်ပါတယ်၊ ကိုယ် လုပ်ရမယ့်အလုပ်တစ်ခုဟာ ရှိနေတယ်။ အဲဒီအလုပ်ဟာ ကိုယ့်ဘဝကို ရာသက်ပန် အကျိုးပြုသွားနိုင်မယ့် အလုပ်ပါ။ နည်းနည်းကလေးမှ သံသယဖြစ်စရာ မရှိပါဘူး။

"ကိုယ်ဟာ အမ်စတာဒမ်နဲ့ ဘရပ်ဆဲလ်မြို့တွေမှာ ပညာသင်နေစဉ် ကတည်းက ပန်းချီကားတွေကို မြင်ရင် ပန်းချီဆွဲချင်တဲ့ဆန္ဒဟာ သိပ်ကို ကြီးမားခဲ့

ပါတယ်။ ဒါပေမယ့် ကိုယ် မဆွဲခဲ့ဘူး။ ကိုယ်လုပ်နေတဲ့ အလုပ်ကို အနှောင့်အယှက်ဖြစ်မှာစိုးလို့ မဆွဲခဲ့တာပါ။ ကိုယ့်အနေနဲ့ အဲဒီအချိန်တုန်းက လုပ်နေတဲ့ အလုပ်တွေကို **"ငါဘဝအတွက် အသင့်တော်ဆုံးအလုပ်တွေ"** လို့ ယူဆထားခဲ့တယ် မဟုတ်လား"

တကယ်တော့ ကိုယ်ဟာ မျက်မမြင်တစ်ယောက် အဖြစ်မျိုးနဲ့ ကြုံတွေ့ခဲ့ရတာပါ။ ကိုယ်နဲ့ အသင့်တော်ဆုံးအလုပ်ကို ကိုယ် မမြင်ခဲ့ဘူး။ ဒီအလုပ်ကို လုပ်ချင်တဲ့ဆန္ဒ ပေါ်လာရင်တောင်မှ ကိုယ့်ဆန္ဒကို မောင်းထုတ်ပစ်ခဲ့တယ်။ အခုဆိုရင် ကိုယ့်အသက်ဟာ နှစ်ဆယ့်ခုနှစ်နှစ် ရှိသွားပြီ။ ကိုယ်လုပ်သင့်တဲ့ အလုပ်ကို လုံးဝ မလုပ်ရသေးဘူး။ ကိုယ်ဟာ အရူး၊ အကန်းနဲ့ အတူတူပဲ။ ဘာမှ မသိနားမလည်တဲ့ လူမိုက်တစ်ယောက်နဲ့လဲ တူတယ်"

"ကိစ္စမရှိပါဘူး ဗင်းဆင့်ရယ်။ ခင်ဗျားမှာ အားရှိတယ်။ ထက်သန်တဲ့ စိတ်လဲရှိတယ်။ ဒါဆိုရင် ဒီအလုပ်ကို အောင်မြင်အောင် လုပ်သွားနိုင်မှာပါ။ ခင်ဗျားမှာ အသက်ရှင်ပြီး နေသွားရမဲ့နှစ်တွေ အများကြီး ရှိနေပါသေးတယ်"

"ဘာပဲဖြစ်ဖြစ် ဆယ်နှစ်နီးပါးတော့ အလဟသ ဖြစ်သွားရတာ အမှန်ပဲ၊ ဒီဆယ်နှစ်ကာလအတွင်းမှာ ကိုယ်ဟာ အများကြီး လုပ်နိုင်တဲ့ အခြေအနေ ရှိခဲ့တယ်"

"အခုလဲ လုပ်သွားနိုင်မှာပါ ဗင်းဆင့်ရာ။ ခင်ဗျားအနေနဲ့ ခင်ဗျားကြိုက်တဲ့နေရာမှာ နေပါ။ ပါရီ၊ ဘရပ်ဆဲလ်၊ အမ်စတာဒမ်နဲ့ ဟော့ဂ်မြို့တွေထဲက ခင်ဗျားနှစ်သက်တဲ့ မြို့မှာ နေပါ။ ကျွန်တော်က လစဉ် ငွေပို့ပေးပါမယ်။ နှစ်တွေ ဘယ်လောက်ပဲကြာကြာ ကြာပါစေ။ ခင်ဗျားလုပ်ချင်တဲ့အလုပ်ကိုသာ ဖြစ်မြောက်အောင်လုပ်ပါ။ ခင်ဗျားက မျှော်လင့်ချက်ကို မစွန့်လွှတ်သမျှ ကာလပတ်လုံး ကျွန်တော့်ဘက်က မျှော်လင့်ချက်ကို မစွန့်လွှတ်ပါဘူး"

"ကိုယ်မှားတယ် သီအို။ ကုန်လွန်သွားခဲ့တဲ့ နှစ်တွေအတွင်းမှာ ကိုယ်ဟာ ဒီအလုပ်ကို ဇောက်ချပြီး လုပ်သင့်တယ်။ ကိုယ့်ဘဝရဲ့ အဓိပ္ပာယ်နဲ့ ရည်မှန်းချက်ကို မသိသိအောင် ကြိုးစားသင့်ခဲ့တယ်။ အဲဒါကို ကိုယ် မသိခဲ့နားမလည်ခဲ့တဲ့အတွက် အချိန်တွေ အများကြီး အလဟဿဖြစ်ခဲ့ရတယ်။

"ဒါပေမယ့် အခုကျတော့ ကိုယ်သိလာပြီ။ နောက်တစ်ကြိမ် စိတ်အားပျက်ပြီး အရှုံးပေးလို့ကတော့ မဖြစ်တော့ဘူး။ ကိုယ်ဆိုလိုချင်တဲ့ အဓိပ္ပာယ်ကဘာလဲ၊ နှစ်ပေါင်းများစွာ အချည်းနှီး အလဟဿဖြစ်ခဲ့ရပြီးတဲ့နောက်မှာ **ကိုယ်ဟာ ကိုယ့်ကိုယ်ကို ပြန်လည်ရှာဖွေတွေ့ရှိခဲ့ရတာပဲ။**

"ကိုယ်ဟာ ပန်းချီဆရာတစ်ယောက်ဖြစ်တော့မယ်။ တကယ့်ကို ဖြစ်လာတော့မှာပါ ဖြစ်လဲဖြစ်ရမယ်။ ပန်းချီဆရာတစ်ယောက် ဖြစ်လာဖို့အတွက် ကိုယ်ဟာ တခြားအလုပ်တွေမှာ အရှုံးတွေနဲ့ ရင်ဆိုင်ခဲ့ရတာပဲ။ ကိုယ်ဟာ အဲဒီအလုပ်တွေအတွက် လူဖြစ်လာတာမှ မဟုတ်ပဲ။ သီအိုရယ်။ တကယ်တော့ နောက်ဆုံးမှာ ကိုယ်ကျနေတဲ့ အကျဉ်းထောင်တံခါးဟာ ပွင့်သွားခဲ့ပြီ။ ဒီတံခါးကို ဖွင့်ပေးတဲ့လူဟာ မင်းပါပဲ"

"ဘယ်အရာကမှ ကျွန်တော်တို့ညီအစ်ကိုကို စိတ်ဝမ်းကွဲအောင်၊ သွေးကွဲသွားအောင် မလုပ်နိုင်ပါဘူး ဗင်းဆင့်။ ကျွန်တော်တို့ဟာ အတူတူပြန်ပြီး ပေါင်းစည်းမိကြပြီ မဟုတ်လား။

"ကဲ. . . ဗင်းဆင့်။ နေကောင်းလာဖို့က အရေးကြီးတယ်။ ခင်ဗျားနားပါ။ နှစ်ရက်သုံးရက်ဆိုရင် ခင်ဗျား ကောင်းသွားမှာပဲ။ ခင်ဗျားအခြေအနေ ကောင်းသွားတာနဲ့ တပြိုင်နက် ကျွန်တော် ခင်ဗျားကို ဟော်လန်ပြန်ခေါ်သွားမယ်။ ဒါမှမဟုတ်လဲ ပါရီပေါ့။ ဒါမှမဟုတ်လဲ ခင်ဗျားသွားချင်တဲ့နေရာကိုပေါ့"

ဗင်းဆင့်သည် အိပ်ရာပေါ်မှ ခုန်ထလာသည်။ "ဘာ့ကြောင့် နှစ်ရက်သုံးရက် စောင့်နေတော့မှာလဲ သီအိုရာ" ဟု အော်ပြောသည်။ "ကိုယ်တို့ အခုပဲ သွားကြမယ်။ ဒီည ကိုးနာရီမှာ ဘရပ်ဆဲလ်ကို ထွက်မယ့် မီးရထားရှိတယ်"

ဗင်းဆင့်သည် အလွန် လျင်မြန်သွက်လက်စွာဖြင့် သူ့အဝတ်အစားများကို သိမ်းသည်။

"ခင်ဗျား ဒီည သွားလို့မဖြစ်ဖူးထင်တယ် ဗင်းဆင့်။ ခင်ဗျား ဖျားနေတုန်းပဲ"

"ဖျားနေတယ်. . ဟုတ်လား။ အဲဒါ ရှေးဟောင်းသမိုင်းထဲက အဖြစ်ပါကွာ။ ပြီးသွားခဲ့ပါပြီ။ ကိုယ့်ဘဝမှာ အခုလောလောဆယ် အချိန်လောက် နေထိုင်ကောင်းတာ တစ်ခါဘူးမှ မကြုံခဲ့ဖူးဘူး။ ကဲ လာ ထ သီအို။ တို့ သွားကြစို့။ ဘူတာရောက်ဖို့ ဆယ်မိနစ်လောက် လျှောက်ရမယ်။ အဲဒီအိပ်ရာခင်းသစ်တွေကို မင့်အိတ်ထဲ ထည့်လိုက်တော့။ ကဲ. . . သွားမယ်"

■

စာအုပ် (၂)

အက်တင်

(၁)

သီအိုနှင့် ဗင်းဆင့်တို့သည် ဘရပ်ဆဲလ်မြို့တွင် တစ်ရက်မျှ အတူတူ နေကြသည်။ ထို့နောက် သီအိုသည် ပါရီသို့ ပြန်သည်။ နွေဦးပေါက်ရာသီသည် ဝင်ရောက်စပြုနေပြီ။ ဗင်းဆင့်သည် သူ့အတွက် အနက်ရောင်ကတ္တီပါစဖြင့် ချုပ်ထားသည့် အလုပ်သမားဝတ်စုံတစ်စုံ ဝယ်သည်။ ပန်းချီပုံကြမ်းများ ရေးဆွဲရန်အတွက် ပုံဆွဲစက္ကူများဝယ်သည်။ ထို့နောက် အက်တင်ရှိ မိဘများ၏နေအိမ်သို့ မီးရထားဖြင့် ခရီးဆက်ခဲ့လေ၏။

ဗင်းဆင့်၏ မိခင် အင်နာကော်နီလီယာသည် ဗင်းဆင့်၏ နေပုံထိုင်ပုံကို လုံးဝသဘောမကျချေ။ ဗင်းဆင့်တစ်ယောက် အခုလို ပေါ့ပေါ့တန်တန် နေထိုင်ခြင်းသည် ဗင်းဆင့်အဖို့ သာယာပျော်ရွှင်မှုကင်းမဲ့ကာ စိတ်မချမ်းမြေ့မှုများနှင့်သာ အမြဲတစေ ရင်ဆိုင်နေရလိမ့်မည်ဟု ယူဆထားသည်။

Unity Publishing House

ဗင်းဆင့်၏ ဖခင် သီအိုဒိုးရပ်စ်ကလည်း ဗင်းဆင့်၏ နေပုံထိုင်ပုံကို မနှစ်သက်ပေ။ သို့သော်လည်း သူ မနှစ်သက်ခြင်းမှာ သူသား၏ ရှေ့ရေးအတွက် အမြော်အမြင်ကြီးစွာထားနေသဖြင့် မနှစ်သက်ခြင်းဖြစ်၏။ အကယ်၍ ဗင်းဆင့်သည် အခြားလူတစ်ဦး၏ သားဖြစ်ပါက သူ့အဖို့ ပူပင်ကြောင့်ကျစရာ အကြောင်းမရှိပေ။ ယခုသော်မူ သူသားဖြစ်နေသဖြင့် တွေးတောပူပန်ရခြင်းဖြစ်၏။ အမှန်အတိုင်း ပြောရမည်ဆိုပါက ဘုရားသခင်သည်ပင်လျှင် ဗင်းဆင့်၏ နေပုံထိုင်ပုံများကို နှစ်သက်လက်ခံလိမ့်မည်မဟုတ်ဟု သူထင်သည်။

ဗင်းဆင့်သည် အိမ်ပြန်ရောက်လျှင်ရောက်ချင်း သူ့အဖေ၏ ဆံပင်များ အဆမတန် ဖြူနေသည်ကို သတိထားမိသည်။ အသက်ကကြီးလာသဖြင့် သူ့အဖေ၏ ရုပ်လက္ခဏာများသည် သိသိသာသာကြီး အိုစာကျသွားခဲ့လေပြီ။ အထူးသဖြင့် သူ့ဖခင်၏ မျက်နှာအသွင်အပြင်သည် အိုမင်းရင့်ရော်လျက် ရှိနေလေပြီ။

သူ့အမေမှာမူ အားအင်ပြည့်ဖြိုးသန်စွမ်းဆဲဖြစ်ရုံမျှမက အရင်ကထက်ပင် ပို၍ ခင်မင်နှစ်လိုဖွယ်ရာ ကောင်းလျက်ရှိသည်။ အသက်ကြီးလာမှုသည် သူ့အမေ၏ အရွယ်အား အိုစာကျသွားအောင် လုပ်နိုင်စွမ်းမရှိခဲ့ပေ။ သူ့အမေ၏ မျက်နှာသည် ယခင်ကလိုပင် တင်းရင်းပြည့်ဖြိုးကာ ကြည်လင်သန့်စင်လျက်ပင် ရှိနေပေသည်။ မိသားစုသည် ဗင်းဆင့်အား အစားကောင်းအသောက်ကောင်းများဖြင့် တယုတယ ကျွေးမွေးပြုစုကြသည်။ အလုပ်အကိုင်မရှိ၊ ငွေကြေးမရှိ၊ အနာဂတ် အတွက် ဘဝအာမခံချက်မရှိသော ဗင်းဆင့်၏ ချို့ယွင်းချက်များနှင့် အားနည်းချက်များကို အားလုံးက မေ့ထားကြသည်။

ဗင်းဆင့်အဖို့လည်း ကောင်းကောင်းစား၊ ကောင်းကောင်းအိပ်ကာ ကောင်းကောင်းနားနေခွင့်ရခဲ့သည်။ သူသည် တစ်ထပ်တိုက်ငယ်များကြား၌ လူသွားလမ်းအတိုင်း လျှောက်ကာ ထင်းရှူးပင်များ ခုတ်လှဲနေကြသည့် သစ်ခုတ်သမားများကို ကြည့်ခြင်း၊ ရှုဇင်ဒါလ်သို့သွားရာ လမ်းမကြီးပေါ်တွင် အညောင်းပြေ လမ်းလျှောက်ခြင်း၊ စက်ရုံနှင့် မျက်နှာချင်းဆိုင်ရှိ မြက်ခင်းပြင်ပေါ်နှင့် သုသာန်တွင်းရှိ ထင်းရှူးပင်များကြား၌ လမ်းလျှောက်ခြင်းစသည့် အလုပ်များဖြင့် တစ်ခုတစ်ခု ကျွမ်းကျင်ခဲ့ကြ၏။ ဘိုရင်းနိတ်နယ်မြေအတွင်း၌ ကိုယ်စိတ်နှစ်ပါး ပန်းပန်းခဲ့သမျှ အခုမှပင် အတိုးချ၍ နားလိုက်ရသဖြင့် မကြာမီမှာပင် အားသစ်အင်သစ်များ ပြန်လည်ရရှိခဲ့သည်ဖြစ်ရာ သူ့အနေဖြင့် သူ့အလုပ်ကိုပင် စတင်ရန် တာစူလျက်ရှိလေပြီ။

မိုးရွာသောနေ့တစ်နေ့၏ နံနက်တွင် အင်နာကော်နီလီယာသည် စောစောစီးစီး အိပ်ရာမှ နိုးလာသဖြင့် အောက်ထပ် မီးဖိုခန်းဆီသို့ ဆင်းခဲ့သည်။ မီးဖိုရှေ့၌ ထိုင်နေသော သူမ၏သား ဗင်းဆင့်အား မြင်လိုက်ရသည့်အခါ မျှားစွာ အံ့အားသင့်နေသည်။ ဗင်းဆင့်သည် ခြေထောက်များကို မီးဖိုဘက်သို့ ဆန့်တန်းထားကာ "လက်စ်ဟူးရက်စ်ဒီလာကျားနိုး" ပန်းချီကားကို ကူးဆွဲလျက်ရှိလေသည်။

"ဟင်. . . ငါသား။ ဘာပြုလို့ စောစောစီးစီး နိုးနေရတာလဲ"

"ကျွန်တော် အလုပ်လုပ်ချင်လို့ပါ မေမေ"

"အလုပ်"

အင်နာကော်နီလီယာသည် ဗင်းဆင့်၏ ရင်ခွင်ထက်မှ ပန်းချီကားကို ငုံ့ကြည့်သည်။ ထို့နောက် မီးဖိုကို လှမ်းကြည့်သည်။ "အော် စောစောစီးစီး မီးမွှေးချင်လို့ ထလာတာလား။ ဒီအတွက်တော့ မထပါနဲ့သားရယ်" ဟု ပြောသည်။

"မဟုတ်ဘူး အမေ၊ ကျွန်တော် ပုံဆွဲဖို့ ထလာတာ"

အင်နာကော်နီလီယာသည် နောက်တစ်ကြိမ် သူ့သား ဗင်းဆင့်၏ ရင်ခွင်ထက်မှ ပန်းချီကားကို ငုံ့ကြည့်ပြန်သည်။ သူမ၏ မျက်စိထဲတွင် ဗင်းဆင့် ကူးဆွဲထားသော ပုံသည် ပီပြင်ပြတ်သားခြင်းမရှိ။ ကိုးရိုကားရား ဖြစ်လျက်ရှိ၏။ ကလေးတစ်ယောက်က မဂ္ဂဇင်းစာစောင်ထဲမှ ပန်းချီတစ်ကားကို ကူးယူ၍ ပန်းချီဆွဲတမ်း ကစားထားသည့် ပုံတစ်ပုံနှင့် တူနေသည်။

"မင်းက ပန်းချီဆွဲတဲ့အလုပ်ကို လုပ်တော့မယ်ဆိုပါတော့။ ဟုတ်လား ဗင်းဆင့်"

"ဟုတ်ပါတယ် အမေ"

ဗင်းဆင့်က သူ၏ဆုံးဖြတ်ချက်ကို ပြောပြသည်။ သီအိုက သူ့အား ကူညီသွားရန် စီစဉ်ထားကြောင်းကိုပါ အသိပေးသည်။ သူ့အမေထံမှ ရလာသည့် တုံ့ပြန်ချက်သည် သူမျှော်လင့်ထားသလိုမဟုတ်။ သူ့အမေသည် သူ့ထံမှ ကြားသိရသည့်သတင်းအပေါ်တွင် မျှားစွာ သဘောကျသည့် လက္ခဏာကို ဖော်ပြသည်။ သူ့အမေသည် ဖြတ်ခနဲ ညည့်ခန်းထဲသို့ ဝင်သွားပြီး စာတစ်စောင်နှင့်အတူ ပြန်ရောက်လာသည်။

"တို့မောင်ဝမ်းကွဲ အင်တန်မောဗီးဟာလဲ ပန်းချီဆရာပဲ ဗင်းဆင့်ရဲ့" ဟု သူ့အမေကပြောသည်။ "သူ ပုံတွေဆွဲတာ ငွေတွေ အများကြီး ရတယ်။ ဒီစာကို ဟိုတစ်နေ့က ငါညီမဆီကရတာ။ အင်တန်မောဗီးက ငါညီမရဲ့သမီး ကျက်နဲ့ လက်ထပ်တယ်လေ။ ညီမက ရေးတယ်။ ဂေါပစ်လ်ပန်းချီအရောင်းဆိုင်က

အင်တန်မောဗီး ဆွဲထားတဲ့ ပန်းချီကားတွေကိုရောင်းတာ ဂစ်လ်ဒါ ငါးရာနဲ့ ခြောက်ရာ ကြားလောက် ရတယ်တဲ့"

"ဟုတ်တယ်အမေ၊ မောဗီးဟာ ဒီခေတ် ပန်းချီဆရာတွေထဲမှာ ထင်ရှားတဲ့ ပန်းချီဆရာတစ်ယောက် ဖြစ်လာနေတယ်"

"ပန်းချီကားတစ်ကားကို ဘယ်လောက်ကြာကြာ ဆွဲရသလဲ ဗင်းဆင့်"

"ဒါက ဆွဲတဲ့ကားအပေါ်မှာ တည်တယ်အမေ။ တချို့ကားတွေက သိပ်မကြာဘူး။ ရက်နည်းနည်းနဲ့ ပြီးတယ်။ တချို့ကားတွေကတော့ နှစ်နဲ့ချီပြီး ကြာတတ်တယ်"

"နှစ်နဲ့ချီကြာတယ်။ ဟုတ်လား၊ ဘုရား။ . . ဘုရား"

အင်နာကော်နီလီယာသည် အတန်ကြာမျှ စဉ်းစားနေသည်။ ထို့နောက် "မင်း လူပုံတွေကိုရော တူအောင် ဆွဲနိုင်သလား" ဟု မေးသည်။

"ဒါကတော့ အင်း. . . ကျွန်တော် အသေအချာတော့ မသိသေးဘူး အမေ။ ကျွန်တော်ဆွဲထားတဲ့ပုံတွေ အပေါ်ထပ်မှာရှိတယ်။ အမေ့ကို ကျွန်တော် ပြမယ်"

အိမ်အပေါ်ထပ်မှ ဗင်းဆင့် ပြန်ဆင်းလာသည့်အခါ သူ့အမေသည် မီးဖိုဘေးတွင် ရေနွေးအိုးတည်လျက်ရှိသည်။

"ငါ့သားကြိုက်တဲ့ ဒိန်ခဲပေါင်မုန့် ဖုတ်ထားတယ်။ ငါ့သား မှတ်မိသေး ရဲ့လား"

"သား မမေ့ပါဘူး အမေရယ်"

အမေ့မေးခွန်းသည် ဗင်းဆင့်၏စိတ်ကို ထိခိုက်စေသည်။ သူသည် ပြောပြောဆိုဆိုနှင့်ပင် အမေ့ပခုံးများကို ခပ်ကြမ်းကြမ်း ဖက်ထားမိ၏။ အမေကတော့ သူ့အား ပြုံး၍ကြည့်နေသည်။ တကယ်တော့ ဗင်းဆင့်သည် သူ့သားအကြီးဆုံးဖြစ်၍ သူ့အချစ်ဆုံးဖြစ်၏။ သူ့သားကြီး၏ မသာယာမှုများ၊ မပျော်ရွှင်မှုများနှင့် စိတ်မချမ်းမြေ့မှုများသည် သူ့အား ဝမ်းနည်းကြေကွဲခြင်းကို ဖြစ်စေခဲ့သည် မဟုတ်ပါလား။

"အမေ့ဆီ မင်းပြန်ရောက်လာတာဟာ ကောင်းတယ်မဟုတ်လား" ဟု အမေက မေးသည်။

ဗင်းဆင့်က သူ့အမေပါးကို တစ်ချက်နမ်းလိုက်ပြီး "ကောင်းတာပေါ့ အမေရယ်" ဟု ပြန်ပြောသည်။

အမေသည် ဗင်းဆင့်လက်ထဲမှ ဘိုရိန်းနယ်သူနယ်သားများ၏ ပုံများကို

ယူပြီး အသေအချာကြည့်နေသည်။

"ဘယ်လိုလဲ ဗင်းဆင့်။ သူတို့မျက်နှာတွေက ဘာဖြစ်ကုန်တာလဲ"

"ဘာမှမဖြစ်ပါဘူး။ ဘာကြောင့် မေးတာလဲ"

"သူတို့မှာ မျက်နှာတွေ မရှိသလိုဖြစ်နေလို့"

"ကျွန်တော်သိတယ် အမေ၊ ကျွန်တော်က ကိုယ်လုံးကိုယ်ထည်တွေကိုသာ စိတ်ဝင်စားပြီး ဆွဲထားတာ"

"လူ မျက်နှာတွေကို မင်းဆွဲနိုင်တယ်မဟုတ်လား။ ။ သားရယ်။ အမေတို့ အက်တင်က အမျိုးသမီးတွေဟာ သူတို့ပုံတူတွေ ရေးဆွဲပေးဖို့ ပန်းချီဆရာတွေဆီမှာအပ်ကြတယ်ကွယ့်။ အဲဒီအလုပ်က ငွေတော်တော်ရတော့ အသက်မွေးလို့ရတယ်"

"ဟုတ်တယ် အမေ၊ ကျွန်တော်လဲ အဲသလိုပဲ သိထားပါတယ်။ ဒါပေမယ့် ကျွန်တော်က ပုံဆွဲနည်းမှန်လာသည်အထိ စောင့်ရဦးမယ် အမေ"

သူ့အမေသည် ကြက်ဥများကို တစ်လုံးပြီးတစ်လုံးခွဲကာ ဒိန်ခဲပန်းကန်ထဲသို့ ထည့်နေသည်။

"သား ဆိုလိုတာက သားရဲ့ ပုံတွေကို မှန်လာအောင် အရင်လုပ်ရမယ်။ အဲဒီတော့မှပုံတူကားတွေဟာ ရောင်းလို့ရအောင် ကောင်းလာမယ်ပေါ့ဟုတ်လား"

"အဲသလို မဟုတ်ဘူး အမေ" ဟု ဗင်းဆင့်က လက်ထဲမှ ခဲတံဖြင့် ဆွဲလက်စ ပန်းချီကားကို ခပ်သွက်သွက် ဆွဲနေရာမှ ပြန်ပြောသည်။ "ပထမဆုံး သားက သားရဲ့ ပန်းချီဆွဲပုံဆွဲနည်းတွေ မှန်မှန်ကန်ကန် ဆွဲတတ်အောင် လုပ်ရမယ်။ အဲဒီတော့မှ သားဆွဲတဲ့ ပုံတွေဟာ မှန်ကန်လာမယ်"

အင်နာကော်နီလီယာသည် ကြက်ဥအနှစ်ကို သမသွားအောင် မွှေနေရာမှ ပြန်ပြောသည်။"အေး။ ။ ကွယ်။ အဲဒါတွေကျတော့ အမေ နားမလည်တော့ဘူး သားရဲ့"

"တကယ်ကျတော့ သားလဲ နားမလည်သေးပါဘူး အမေရယ်" ဟု ဗင်းဆင့်က ပြောသည်။ "ဒါပေမယ့် ဖြစ်နေတာကတော့ အဲဒီအတိုင်းပဲ"

ရွှေရောင်သမ်းနေသည့် ဒိန်ခဲပေါင်မုန့်ဖြင့် စားသောက်ကြရသည့် နံနက်စာ စားပွဲတွင် အင်နာကော်နီလီယာက ဗင်းဆင့်နှင့်ပတ်သက်သော သတင်းကို သူ့ခင်ပွန်းအား ပြောပြသည်။ ဗင်းဆင့်ရောက်လာကတည်းက သူတို့လင်မယားသည် ဗင်းဆင့်၏ ရှေ့ရေးအတွက် ဗင်းဆင့်၏မျက်ကွယ်တွင် အကြိမ်ပေါင်းများစွာ ဆွေးနွေးပြောဆိုခဲ့ကြသည်သာမက ဗင်းဆင့်အတွက် ဆွေးနွေး

လိုက်တိုင်း စိတ်မအေးစရာများနှင့်သာ ရင်ဆိုင်ခဲ့ကြရသည်မဟုတ်ပါလား။

"အဲဒီအလုပ်ထဲမှာ မင်းရဲ့အနာဂတ်ကို တည်ဆောက်နိုင်မလား ဗင်းဆင့်" ဟု သူ့အဖေက မေးသည်။ "မင့်ဖာသာမင်း ရပ်တည်သွားနိုင်မလား"

"အလုပ်စချိန်မှာတော့ ကျွန်တော့်ဖာသာ ကျွန်တော် ရပ်တည်လို့ရမှာ မဟုတ်သေးဘူးအဖေ။ သီအိုက ကျွန်တော့်ခြေထောက်ပေါ် ကျွန်တော် ရပ်တည်သွားနိုင်ချိန်အထိ ကူညီသွားမှာပါ။ ကျွန်တော့်ပုံတွေ လက်ရာမှန်လာပြီဆိုရင် ဝင်ငွေရလာမှာပါ။ လန်ဒန်နဲ့ ပါရီက ပုံဆွဲသမားတွေဟာ တစ်ရက်ကို ဆယ်ဖရန့်က ဆယ့်ငါးဖရန့်အထိ ရကြတယ်။ မဂ္ဂဇင်းတွေမှာ သရုပ်ဖော်ပုံဆွဲနေကြတဲ့ လူတွေဆိုရင် ဝင်ငွေသိပ်ကောင်းကြတာပဲ"

သီအိုဒိုးရပ်စ်သည် စိတ်လက်ပေါ့ပါးသွားသည်။ ဗင်းဆင့်၏စိတ်ထဲတွင် သူ့ဘဝသူ တည်ဆောက်ရေးအတွက် စိတ်ကူးတစ်ခု ရှိနေပြီ။ ဘယ်လိုပဲဖြစ်ဖြစ် လုပ်စရာအလုပ်တစ်ခုကတော့ ရှိနေပြီ။ ယခင်ကလို ဘာအလုပ်မှ မလုပ်ပဲ စိတ်ရောလူပါ လေလွင့်နေတော့မည်မဟုတ်။

"မင်း အဲဒီအလုပ်ကို စလုပ်ရင် တစ်ခါတည်း ဇောက်ချပြီး စွဲစွဲမြဲမြဲ လုပ်စေချင်တယ် ဗင်းဆင့်။ အရင်ကလို ဒီတစ်ခုကနေ ဟိုတစ်ခုပြောင်းလိုက် လုပ်နေလို့ မဖြစ်ဘူး"

"ဒါဟာ နောက်ဆုံးပါပဲ အဖေ။ ကျွန်တော် နောက်ထပ် အပြောင်းအလဲ မလုပ်တော့ပါဘူး"

(၂)

အချိန်အနည်းငယ်မျှ ကြာသောအခါ မိုးတိတ်သွားသည်။ နွေးထွေးသော အနေအထားသည် ချက်ချင်းဖြစ်ပေါ်လာသည်။ ဗင်းဆင့်သည် သူ၏ပုံဆွဲကိရိယာတန်ဆာပလာပစ္စည်းများကို ယူ၍ အပြင်သို့ ထွက်လာသည်။ တောပိုင်းဒေသတစ်ဝိုက်တွင် ပန်းချီဆွဲလို့ကောင်းမည့်နေရာကို လိုက်လံရှာဖွေသည်။

သူသည် ဆက်ပီအနီးရှိ ကုန်းတန်းပေါ်၌ ပန်းချီဆွဲနေရခြင်းကို များစွာသဘောကျသည်။ ဤကြားထဲမှပင် ပက်ဆီဗတ်ရေအိုင်ဘက်သို့ မကြာခဏသွားကာ ကြာပန်း၊ ကြာပွင့်များကို ရေးဆွဲလေ့ရှိ၏။ အက်တင်မြို့သည် စုစုစည်းစည်း နီးနီးကပ်ကပ်နေထိုင်ကြသော မြို့သိမ်မြို့ငယ်လေးတစ်မြို့ဖြစ်သည့်အား

လျော်စွာ မြို့ထဲမှ လူများသည် သူ့အား တစ်စေ့တစောင်း ကြည့်၍ အကဲခတ်ကြသည်။ ဗင်းဆင့်ဝတ်ထားသော အနက်ရောင်ကတ္တီပါဝတ်စုံသည် ဤမြို့ထဲမှ လူများအဖို့ ပထမဦးဆုံးအကြိမ် မြင်ဖူးတွေ့ဖူးကြသည့် ဝတ်စုံဖြစ်သဖြင့် အထူးအဆန်းတစ်ခုဖြစ်လျက်ရှိ၏။ အရွယ်ရောက်နေပြီဖြစ်သော လူကြီးလူရွယ်တစ်ဦးသည် လယ်ကွင်းများပေါ် ထွက်၍ တခြားဘာအလုပ်မှမလုပ်ပဲ ခဲတံတစ်ချောင်းနှင့် ပုံများ ရေးဆွဲနေခြင်းမှာလည်း ယခင် ယခင်က သူတို့ မမြင်ဖူး မတွေ့ဖူးခဲ့သည့် အရာတစ်ခုပင် ဖြစ်သဖြင့် အထူးအဆန်းတစ်ခုပင် ဖြစ်လျက်ရှိလေသည်။

ဗင်းဆင့်သည် သူ့အဖေ သင်းအုပ်ကြီးပိုင် နယ်မြေထဲမှ လူများအား ယဉ်ကျေးသိမ်မွေ့စွာ ဆက်ဆံပြောဆိုခြင်းပြုသည်။ သို့သော်လည်း သူ၏ အမူအကျင့်နှင့် ပြောဟန်ဆိုဟန်များမှာ ပင်ကိုယ်စရိုက်အရ ခပ်ကြမ်းကြမ်း ဖြစ်သဖြင့် တစ်စိမ်းတရံဆံများအဖို့ မနှစ်မြို့ဖွယ်ရာဖြစ်နေသည်။ မည်သို့ပင် ဖြစ်စေ မြို့ပေါ်မှ လူများသည် သူနှင့် တရင်းတနှီး ဆက်ဆံလိုစိတ် မရှိကြချေ။

အိမ်ခြေနှင့် လူဦးရေနည်းပါးသော ဤမြို့သိမ်မြို့ငယ်အတွင်းရှိ လူများအမြင်တွင် ဗင်းဆင့်သည် အလွန် အူကြောင်ကြောင်နိုင်သော ဂွတီးဂွကျ လူစားတစ်ယောက်ဖြစ်နေသည်။ သူ၏ ဝတ်စားဆင်ယင်မှု၊ သူ၏ အပြုအမူ ၊ သူ၏ နီရဲရဲ မုတ်ဆိတ်မွှေး၊ သူ၏အကြောင်း စသည်များမှာ သူတို့အတွက် အထူးအဆန်းများချည်းဖြစ်နေသည်။ ဤကြားထဲ သူသည် ဘာအလုပ်ကိုမှ ဟုတ်တိပတ်တိ မလုပ်ဟူသော သတင်းနှင့် နေ့ရှိသမျှ လယ်ကွင်းများထဲ၌ထိုင်ကာ အရာဝတ္ထုများကို ကြည့်နေခြင်းတို့သည်လည်း ထူးဆန်းသော အရာများပင် ဖြစ်နေသည်။

- သူတို့သည် ဗင်းဆင့်အပေါ်တွင် ယုံကြည်မှု ကင်းမဲ့ကြသည်။ မသက်စရာ သံသယဖြစ်ဖွယ်ရာ လူတစ်ယောက်အဖြစ်သာ မြင်ကြ၏။ ဗင်းဆင့်သည် သူတို့နှင့် များစွာ ခြားနားသူဖြစ်၏။ ဗင်းဆင့်က သူတို့အား အန္တရာယ်မပြုသည့် တိုင်အောင် ကြောက်စရာလူအဖြစ် သတ်မှတ်ကာ ကြောက်ရွံ့နေကြသည်။ ဗင်းဆင့်ကတော့ သူတို့အား ဘာမှမလုပ်။ "ကျွန်တော် လုပ်စရာရှိတာ အေးအေးဆေးဆေး လုပ်ပါရစေ။ ကျွန်တော့်ကို မနှောင့်ယှက်ကြပါနဲ့" ဟူသော စကားမျိုးမှ တစ်ပါးအခြားဘာစကားမှလည်း ထွေထွေထူးထူးပြောသည်မဟုတ်။သို့ပါလျက်နှင့် လူတွေက သူ့အား ဘာ့ကြောင့် မခင်ကြပါလိမ့်။ သူသည် ဘာ့ကြောင့် ဆိုသည်ကို အကြောင်းရှာမရပေ။ သူသည် ခုတ်လှဲခြင်းခံနေရသော ထင်းရှူးတောပုံကို စည်းစနစ်ကျကျ လေ့လာသုံးသပ်ကာ အထူးအာရုံစိုက်၍ ရေးဆွဲနေသည်။ ချောင်းကလေးတစ်ခု၏အစပ်မှ အထီးကျန်ဖြစ်နေသောအပင်ကို အထူးလေ့လာ

ကာရေးဆွဲနေခြင်းဖြစ်၏။ ထင်းရှူးတောကိုခုတ်ထွင်ရှင်းလင်းနေသော အလုပ်သမားများထဲမှ တစ်ဦးသည် သူ့အနီးသို့လာပြီး နောက်မှရပ်၍ သူ့ပုံကိုကြည့်သည်။ ပြီးတော့ ခပ်ဖြည်းဖြည်းလုပ်ကာ မပွင့်တပွင့် ရယ်သည်။

ထိုပုံကို ဆွဲရာ၌ ရက်အတန်ကြာမျှ ဆွဲနေရသည်ဖြစ်ရာ ထိုလယ်ယာလုပ်သား၏ရယ်သံသည် တစ်နေ့ထက်တစ်နေ့ ပို၍ကျယ်ကျယ်လာသည်။ "ဘယ်ဟာကိုကြည့်ပြီး ရယ်စရာကောင်းနေတာပါလိမ့်" ဟု ဗင်းဆင့်တွေးသည်။တစ်ရက်တွင်မူထိုမေးခွန်း၏အဖြေကိုသူရှာမည် ဟု ဗင်းဆင့်ကဆုံးဖြတ်လိုက်သည်။

"ကျွန်တော် သစ်ပင်တစ်ပင်ပုံကို ဆွဲနေတာဟာ ခင်ဗျားအတွက် ရယ်စရာ ဖြစ်နေသလား" ဟု တစ်ရက်တွင် ဗင်းဆင့်ကမေးသည်။

ထိုလူက တဟားဟား အော်ရယ်သည်။ "ဟုတ်တယ်ဗျ၊ သိပ်ကို ရယ်စရာကောင်းတာပဲ၊ ခင်ဗျားဟာ အရူးဖြစ်ရမယ်" ဟု ပြန်ပြောသည်။

ဗင်းဆင့်သည် တမင်သက်သက် အခြိန်အတန်ကြာမျှ ငြိမ်နေသည်။ ထို့နောက် "ကျွန်တော် သစ်ပင်တစ်ပင် စိုက်ရင်ကော အရူးဖြစ်သွားမှာပဲလား" ဟု ပြန်မေးသည်။ လယ်သမားသည် ငြိမ်သွားသည်။ အတန်ကြာမှ "ဟာ. . . အဲဒါကျတော့ အရူးဘယ်ဖြစ်မလဲ" ဟု ပြောသည်။

"တကယ်လို့ ကျွန်တော်က အဲဒီသစ်ပင်ကို ဂရုတစိုက်နဲ့ ပြုစုပျိုးထောင်ပေးမယ်ဆိုရင်ကော အရူးလို့ ခေါ်မှာပဲလား"

"ဟာ. . . ဘယ်ခေါ်မလဲဗျာ"

"တကယ်လို့ ကျွန်တော်က သစ်ပင်က အသီးတွေကို ဆွတ်တယ်ဆိုရင်ကော အရူးပဲလား"

"ဟာ. . . ဘယ်ဟုတ်ပါ့မလဲ"

"ဒါဆိုရင် ကျွန်တော်က ဒီမြို့ကလူတွေ လုပ်နေသလို သစ်ပင်ကို ခုတ်လဲရင်ကော အရူးဖြစ်မှာပဲလား"

"ဟာ. . ဘယ်ဖြစ်မလဲ။ သစ်ပင်တွေဆိုတာ ခုတ်ရမယ့်ဟာတွေပဲဗျ"

"ဒီလိုဆိုရင် ကျွန်တော်ဟာ သစ်ပင်ကို စိုက်တယ်။ ပြုစုတယ်။ အသီးခူးတယ်။ အပင်ကို ခုတ်တယ်၊ အရူးဖြစ်မသွားဘူးပေါ့။ ဒါဆိုရင် ကျွန်တော် သစ်ပင်တစ်ပင်ကို ပန်းချီဆွဲတာနဲ့ အရူးဖြစ်ရမလား။ အဲဒီစကားဟာ မှန်ပါ့မလား"

လယ်သမားသည် စပ်ဖြဲဖြဲ လုပ်နေသည်။ "ဟုတ်တယ်လေဗျာ၊ အခုလို ဒီနေရာမှာထိုင်ပြီး ပုံဆွဲနေတာဟာ အရူးမို့ပေါ့။ တစ်မြို့လုံးက အဲသလို ပြောနေကြတာပဲ"

ညဘက်တွင် ဗင်းဆင့်သည် မိသားစုနှင့်အတူ ဧည့်ခန်းထဲ၌ ထိုင်သည်။ သစ်သားစားပွဲရှည်ကြီးတွင် မိသားစုတစ်စုလုံး ဝိုင်းထိုင်ကာ အဝတ်ချုပ်သူကချုပ် စာဖတ်သူကဖတ်၊ စာရေးသူကရေး။ ဗင်းဆင့်၏ ညီအငယ်ဆုံး "ကော်" သည် စကားအလွန်နည်းသည်။ သူ့နှမများထဲမှ အင်နာမှာ အိမ်ထောင်ကျကာ အိုးခွဲသွားပြီ။

သူ့နှမ အယ်လီဇာဘက်ကတော့ သူ့ကို သဘောကျသူမဟုတ်။ ဗင်းဆင့် အိမ်ပြန်လာမည်ကို မနှစ်သက်သူဖြစ်၏။ ဒုတိယနှမငယ် ဝီလီပီယင်ကျတော့ ကိုယ်ချင်းစာတရားရှိသည်။ ဗင်းဆင့်က လူပုံဆွဲလိုသည့်အခါ ထိုင်၍ ကိုယ်ဟန်ပြပေးသည်။ သူ့အပေါ်တွင်လည်း တရင်းတနှီး တလေးတစား ဆက်ဆံသည်။

မိသားစုများကြားတွင် ဗင်းဆင့်သည် စားပွဲတစ်နေရာ၌ မှန်အိမ်မီးရောင်ဖြင့် ပုံဆွဲလျက်ရှိသည်။ နေ့ခင်းက လယ်ကွင်းများထဲမှ ဆွဲလာသမျှ ပုံကြမ်းများကို ပြန်၍ အချောကိုင်ခြင်း သို့မဟုတ် ပြန်၍ ကူးဆွဲခြင်း လုပ်လေ့ရှိသည်။ သူ့ဖခင် သီအိုဒိုးရပ်စ်သည် ဗင်းဆင့်လုပ်သမျှကို မျက်ခြည်မပြတ် ထိုင်ကြည့်နေလေ့ရှိ၏။ ဗင်းဆင့်သည် ပုံတစ်ပုံတည်းကိုအကြိမ်ပေါင်းတစ်ဒါဇင်ခန့်ထပ်တလဲလဲ ကူးဆွဲနေတတ်သည်။ တစ်ခါတလေကျတော့ ရေးဆွဲပြီးသွားသည့်ပုံကို ဆုတ်ဖြဲလုံးချေပြီး လွှင့်ပစ်တတ်သည်။ နောက်ဆုံးတွင် သီအိုဒိုးရပ်စ်သည် စိတ်မရှည်နိုင်သည့်အဖြစ်သို့ ရောက်သွားသည်။

"ဘယ်လိုလဲ. . ဗင်းဆင့်ရယ်။ မင့်ဟာက ပုံတွေကို မှန်အောင် မဆွဲနိုင်တော့ဘူးလား" ဟု မေးသည်။

"မဟုတ်ပါဘူး အဖေ" ဟု ဗင်းဆင့်က ပြန်ပြောသည်။

"ဒီလိုဆိုရင် မင်းဆွဲနေတာ အမှားမရှိဘူးပေါ့"

"အဲသလိုလဲ မဟုတ်ဘူး အဖေ၊ ကျွန်တော်ဆွဲတာတွေထဲမှာ အမှားတွေ အများကြီး ပါတာပေါ့။ အခု အဖေပြောနေတာက ဘယ်ပုံကို အဓိကထားပြီး ပြောနေတာလဲ"

"ငါပြောနေတာက ပုံတစ်ပုံထဲကို အဓိကထားပြီး ပြောနေတာ မဟုတ်ဘူး ဗင်းဆင့်၊ ငါ့အယူအဆကတော့ တကယ်လို့မင်းမှာ ပန်းချီဆရာတစ်ယောက်ဖြစ်လာဖို့အတွက် စွမ်းရည်ရှိမယ်၊ ဒါမှမဟုတ် အရည်အသွေးရှိမယ်ဆိုရင် ဟိုပုံတွေအားလုံးဟာ ပထမတစ်ကြိမ် စဆွဲကတည်းက မှန်ကန်တဲ့ ပုံတွေ ဖြစ်နေရမှာပေါ့ကွာ"

ဗင်းဆင့်သည် သူဆွဲထားသည့် ပုံတစ်ပုံကို ငုံ့ကြည့်သည်။ ပုံမှာ အိတ်

တစ်လုံးရှေ့၌ ဒူးထောက်ကာ အိတ်ထဲသို့ အာလူးများ ထည့်နေသော လယ်သမား တစ်ဦး၏ ပုံဖြစ်၏။ ဤပုံတွင် သူသည် လယ်သမား၏ လက်ကိုဆွဲရာ၌ မျဉ်းများကို မိအောင် မဆွဲနိုင်ဟု ထင်မိသည်။

"ဒါပေါ့လေ၊ အဖေယူဆသလိုပဲ ဖြစ်ကောင်းဖြစ်နိုင်တာပဲ"

"ငါဆိုလိုတာက . . ဒီလိုပါ။ ဒီပုံတွေကို အမှန်မဖြစ်လာတဲ့အတွက် အကြိမ်ပေါင်းများစွာ ဆွဲနေရတာမျိုးကတော့ မဖြစ်သင့်ဘူး။ တကယ်လို့ မင်းမှာ ပင်ကိုယ် သဘာဝစွမ်းရည်ရှိနေမယ်ဆိုရင် အကြိမ်ပေါင်းအများကြီး မဆွဲရပဲနဲ့ မှန်ကန်တဲ့ပုံတွေ ဖြစ်လာရမှာပေါ့"

"သဘာဝဟာ ပန်းချီပညာရှင်ကို အမြဲတစေ အာခံမှုနဲ့ အစပြုတတ်ပါတယ် အဖေ" ဟု ဗင်းဆင့်က သူ့ခဲတံကို လက်ကမချပဲ ပြောသည်။ "ဒါပေမယ့် တကယ်လို့သာ ကျွန်တော်က ကိုယ်လုပ်နေတဲ့အလုပ်ကို အလေးအနက်ထားပြီး ပြင်းပြင်းထန်ထန်နဲ့ အားစိုက်ပြီး လုပ်လိုက်ရင် ကျွန်တော်ဟာ သဘာဝရဲ့ အာခံမှုကြောင့် လမ်းလွဲပြီး တလည်လည် ဖြစ်မသွားတော့ဘူးပေါ့။ အဲဒီအခါမှာတော့ သဘာဝဟာ အောင်မြင်မှုကို တိုက်ခိုက်ရယူဖို့အတွက် တွန်းအားတစ်ခု ဖြစ်သွားပါတယ်"

"ငါတော့ သဘောမပေါက်ဘူး" ဟု သီအိုဒိုးရပ်စ်က ပြောသည်။ "ကုသိုလ်ဟာ အကုသိုလ်ထဲက ဘယ်တော့မှ ပေါက်ဖွားမလာနိုင်ဘူး။ အဲဒီတော့ ကောင်းတဲ့အလုပ်ဟာ မကောင်းတာထဲက ပေါက်ဖွားလာနိုင်မှာတဲ့လား"

"အဖေပြောတာဟာ ဘာသာရေးအရမှာတော့ မဖြစ်နိုင်ဘူးပေါ့။ ဒါပေမယ့် ပန်းချီအနုပညာမှာတော့ အဲဒါမျိုးဟာ ဖြစ်နိုင်တယ်။ တကယ်တော့လဲ ဖြစ်ကိုဖြစ်ရမယ်"

"အဲသလိုဆိုရင်တော့ မင်းမှားနေပြီ ငါ့သား၊ ပန်းချီပညာရှင်တစ်ဦးရဲ့ လက်ရာဟာ ကောင်းလဲကောင်းနိုင်တယ်၊ ဆိုးလဲဆိုးနိုင်တယ်၊ တကယ်လို့ သူ့လက် ရာဟာ ဆိုးနေရင် သူဟာ ပန်းချီပညာရှင်မဟုတ်တော့ဘူး။ အဲဒီတော့ ပန်းချီပညာရှင်ဟာ ပန်းချီကိုစပြီးဆွဲချိန်ကတည်းက သူ့ကိုယ်သူ သိထားသင့်တယ်။ အဲသလို သိအောင်မလုပ်ပဲနဲ့ အချိန်တွေနဲ့ စွမ်းအားတွေကို အလဟဿ ဖြုန်းတီးမပစ်သင့်ဘူး"

"ဒါပေမယ့် သာယာပျော်ရွှင်မှုအပြည့်ရှိနေဟိလျက်နဲ့ မကောင်းတဲ့ လက်ရာတစ်ခု ထွက်လာရင်ကော။ အဲဒါကျတော့ ဘယ်လိုပြောမလဲ"

သီအိုဒိုးရပ်စ်သည် သူသင်ကြားလေ့လာခဲ့ရသော ဘာသာရေးဆိုင်ရာ

အကြောင်းချင်းရာများထဲတွင်ရှာဖွေကြည့်သည်။ထိုမေးခွန်းအတွက် အဖြေရှာ၍မရ။

ဗင်းဆင့်သည် သူ့ပန်းချီကားထဲမှ အာလူးအိတ်ကို ခဲဖျက်နှင့် ဖျက်ပစ်လိုက်သည်။ ပုံထဲမှ လူ၏ ဘယ်ဘက်လက်ကိုမူ ဖျက်မပစ်ပဲ ချန်ထားသည်။ ထို့နောက် သူ့အဖေအား လှမ်းကြည့်သည်။

"အခြေခံအားဖြင့်တော့ သဘာဝတရားနဲ့ စစ်မှန်တဲ့ ပန်းချီအနုပညာရှင်တို့ဟာ သဘောတူညီမှု ရှိပြီးသားပါ။ ပန်းချီပညာရှင်အနေနဲ့ သဘာဝတရားက သူ့အတတ်ပညာရဲ့ စကားကို နာခံလာရေးနဲ့ လက်မြောက်အညံ့ခံလာရေးအတွက် ရုန်းကန်လှုပ်ရှားရတာနဲ့ နပမ်းလုံးနေရတာတွေကတော့ နှစ်ပေါင်းအများကြီးကြာချင်ကြာမှာပေါ့။ ဒါပေမယ့် အဆုံးမှာတော့ အလွန်ဆိုးပါတယ်လို့ ပြောရတဲ့လက်ရာဟာ အကောင်းဆုံးလက်ရာအဖြစ်ကို အသွင်ပြောင်းသွားပြီး အကောင်းဆုံးလက်ရာတစ်ခုဖြစ်ကြောင်း သူ့အလိုအလျောက် သက်သေပြသွားတာပါပဲ"

"တကယ်လို့ နောက်ဆုံးအချိန်အထိ လက်ရာက ညံ့ဖျင်းနေတုန်းပဲဆိုရင်ကော ဘာဖြစ်လာမလဲ။ မင်းအခု အဲဒီကားထဲက ဒူးထောက်နေတဲ့ လူရဲ့ပုံကို ရက်တွေအများကြီး အကုန်ခံပြီး ဆွဲနေပေမယ့် အခုချိန်ထိ မှားနေတုန်းပဲ။ ဆိုကြပါစို့ရဲ့ မင့်အနေနဲ့ သူ့ပုံကို နောက်ထပ် နှစ်တွေ အများကြီး အကုန်ခံပြီး ဆက်ဆွဲနေတော့လဲ မှားနေတုန်းပဲဆိုရင်ကော ဘာဖြစ်လာမလဲ"

ဗင်းဆင့်က ပခုံးများကို တွန့်လိုက်သည်။ "အဲဒါကျတော့လဲအနုပညာရှင်အနေနဲ့ လောင်းကစားမှုတစ်ခု ပြုနေသလိုပဲ သဘောထားရမှာပဲ"

"ရလာမယ့်ဆုတွေက အလောင်းအစားနဲ့ တန်ဖိုးချင်း ညီမျှရဲ့လား"

"ဆုတွေ၊ ဘာဆုတွေလဲ"

"ကိုယ်လုပ်ထားတဲ့အလုပ်အတွက် ရလာမယ့်ငွေတွေ ပြီးတော့ လူအဖွဲ့အစည်းအတွင်းမှာ ရရှိလာမယ့် အဆင့်အတန်းတွေပေါ့"

ဗင်းဆင့်သည် သူ့ပုံကိုဆွဲနေရာမှ ပထမဆုံးအကြိမ် မော့ကြည့်သည်။ သူ့အဖေ၏ မျက်နှာကို စေ့စေ့စပ်စပ်ကြည့်၍ အကဲခတ်သည်။ စူးစူးရဲရဲ ကြည့်နေခြင်းဖြစ်၍ သူကြည့်နေပုံမှာ အထူးအဆန်း သတ္တဝါတစ်ခုကို ကြည့်နေသည့်နှယ် ရှိသည်။

"ကျွန်တော်တို့ ဆွေးနွေးနေကြတာဟာ ကောင်းတဲ့ ပန်းချီနဲ့ မကောင်းတဲ့ ပန်းချီအကြောင်းလို့ ကျွန်တော်ထင်ပါတယ် အဖေ" ဟု ပြောသည်။

(၃)

ဗင်းဆင့်သည် သူ့အတတ်ပညာ တိုးတက်လာရေးအတွက် နေ့ရော ညပါ အလုပ်လုပ်သည်။ သူ၏ အနာဂတ်ရေးအတွက် စဉ်းစားရာ၌လည်း သူ့ညီ သီအို့ အပေါ်၌ မှီခိုနေရသည့်ဘဝမှ လွတ်မြောက်ရေးကိုသာ အဓိကထား၍ စဉ်းစားသည်။ သူသည် သီအိုအတွက် ကြီးလေးသော ဝန်ထုပ်ဝန်ပိုးကြီးတစ်ခု ဖြစ်နေမည်ကို များစွာ စိုးရိမ်လျက်ရှိ၏။ သူ၏ ရေးဆွဲထားပြီးသော ပန်းချီကား များသည် မည်သည့်အချိန်ကျမှ မြီးပြည့်စုံသော လက်ရာများ ဖြစ်လာပါမည် နည်း. . . ။

ဤအတောအတွင်း သူသည် ပန်းချီရေးဆွဲသည့် အလုပ်အပေါ် ငြီးငွေ့ လာသည့်အခါ စာဖတ်သည်။ နှစ်ခုစလုံးအပေါ် ငြီးငွေ့လာသည့်အခါတွင်မူ အိပ်သည်။ သီအိုသည် ပုံဆွဲစက္ကူအကောင်းစားများ၊ တိရစ္ဆာန်ဆေးကုပညာသင် ကျောင်းတစ်ကျောင်းမှ ထုတ်ဝေထားသည့် မြင်း၊ နွားမနှင့် သိုးတစ်ကောင်ချင်းစီ၏ ခန္ဓာကိုယ်အစိတ်အပိုင်းပုံ စာအုပ်များ။ "ပန်းချီဆရာများ၏ ကိုယ်ဟန်ပြမယ် များ" ဟု အမည်ပေးထားသည့် ဟိုးလ်ဘိန်းစ်၏ စာအုပ်၊ ပုံဆွဲခဲတံများ၊ ငှက်တောင်မင်တံများ၊ လူဦးခေါင်းခွံပုံတူများ၊ အညိုရောင်စီပီယာရေဆေးများနှင့် သူတတ်နိုင်သ၍ ဖရန့်ငွေများကို ပို့ပေးသည်။

ပစ္စည်းများနှင့် အတူပါလာသည့် စာတွင် အလုပ်ကို ကြိုးစား၍ လုပ်စေလိုကြောင်းနှင့် သူလိုငါလို သာမန်ပန်းချီဆရာတစ်ယောက်ဖြစ်ရုံမျှတော့ ရည်မှန်းချက်ထားရန် မသင့်ကြောင်း စသည်ဖြင့် အကြံပြုထားသည်။ ယင်းအကြံ ပြုချက်နှင့်ပတ်သက်၍ ဗင်းဆင့်က "ကိုယ် တတ်နိုင်သလောက်တော့ အစွမ်းကုန် ကြိုးစားသွားမယ်လို့ ဆုံးဖြတ်ထားတယ်။ သူလိုငါလို ရွက်ကြမ်းရေကျိုဆိုတာနဲ့ ပတ်သက်လို့ကတော့ ကိုယ့်အနေနဲ့ ဒီစကားရဲ့ အနက်အဓိပ္ပာယ်အပေါ်မှာ သိပ်ပြီး အထင်သေးအမြင်သေး မလုပ်ချင်ဘူး။ ရွက်ကြမ်းရေကျိုဆိုတာ ဘာလဲလို့ မသိပဲ အထင်သေးအမြင်သေးဖြစ်နေရင် လူတစ်ယောက်ဟာ ရွက်ကြမ်းရေကျိုသမားတွေရဲ့ အထက်ကို ဘယ်လိုလုပ်ပြီး ရောက်နိုင်တော့မှာလဲ။ ဒါပေမယ့် မင်းပြောတဲ့ ပြင်းပြင်းထန်ထန် ကြိုးစားဖို့ဆိုတဲ့ စကားကတော့ မှန်ပါတယ်။ **"မျဉ်းတစ်ကြောင်း မဆွဲတဲ့ရက် တစ်ရက်မှ မရှိစေနဲ့"** ဆိုတဲ့ ဂါဗာနီရဲ့ စကား တစ်ခွန်း ရှိခဲ့တယ် မဟုတ်လား" ဟု စာပြန်ရေးခဲ့၏။

ခန္ဓာကိုယ်ပုံများနှင့် ခန္ဓာကိုယ်အစိတ်အပိုင်းပုံများကို လေ့ကျင့်ရေးဆွဲ

ရသော အလုပ်သည် လေ့ကျင့်ရဖန်များလာသည့်အခါ အလုပ်ကောင်းတစ်ခု ဖြစ်သည်ကို ဗင်းဆင့် သိလာသည်။ ယင်းလေ့ကျင့်မှုသည် တောတောင်ရေမြေရှုခင်းများကို ရေးဆွဲရာ၌လည်း များစွာ အထောက်အကူပြုသည်ကို သူတွေ့နေရလေသည်။

အကယ်၍ သူသည် မိုးမခပင်တစ်ပင်အား သက်ရှိသတ္တဝါတစ်ခုသဖွယ် သဘောထားပြီး ရေးဆွဲနေမည်ဆိုပါက ပတ်ဝန်းကျင်ရှိ အရာဝတ္ထုများသည် ဆက်စပ်ယှက်နွယ်ကာ လိုက်ပါလာတတ်ကြ၏။ အကယ်၍သာ သူအနေဖြင့် ထိုသစ်ပင်တစ်ပင်တည်းအပေါ်၌ အာရုံစူးစိုက်ပြီး ထိုအပင်တွင် အသက်မဝင်မချင်း လက်မြှောက်အရှုံးမပေးပဲ ဇွဲခပ်၍ ဆက်လက်ရေးဆွဲသွားမည်ဆိုပါမူကား ထိုသစ်ပင်နှင့် ဆက်စပ်ပတ်သက်နေသော၊ ယှက်နွယ်နေသော ပတ်ဝန်းကျင်မှ အရာများသည် သူ့အလိုအလျောက် လိုက်ပါလာကြကာ ထိုသစ်ပင်အား အသက်ဝင်သွားအောင် ဖန်တီးပေးနိုင်စွမ်းရှိသည်ကိုပါ သူ သတိပြုမိလာခဲ့လေ၏။

သူသည် သဘာဝရေမြေတောတောင် ရှုခင်းရှုကွက်များကို အလွန့်အလွန် ချစ်မြတ်နိုးသည်။ သို့သော်လည်း ထို့ထက် ဆယ်ဆနီးပါး ပို၍ ချစ်မြတ်နိုးသည်မှာ ဘဝသရုပ်ဖော်ပန်းချီကားများဖြစ်၏။ အထူးသဖြင့် ဂါဗာနီ၊ ဒေါပီးယား၊ ဒိုရီး၊ ဒီဂရောက်စ်နှင့် ဖီလီစီယင်ရော့ပ်တို့ ရေးဆွဲထားသော ဘဝသရုပ်ဖော်ပန်းချီကားများသည် သူ အနှစ်သက်ဆုံးသော ကားများဖြစ်သည်။ အလုပ်သမားများ၏ပုံများကို ရေးဆွဲနေသော ဗင်းဆင့်သည် နောင်တစ်ချိန်တွင် မဂ္ဂဇင်းများနှင့် သတင်းစာများ၌ သရုပ်ဖော်ပုံများ ရေးဆွဲလာနိုင်လိမ့်မည်ဟု မျှော်လင့်မိသည်။ သူ့အနေဖြင့် သူ၏ ပန်းချီရေးနည်း ရေးဟန် မှန်ကန်လာရေးအတွက် အပြင်းအထန် ကြိုးစားနေရသည့် နှစ်များအတွင်းမှာပင် သူ့ကိုယ်သူ အားကိုးရပ်တည်နိုင်သည့် အနေအထားကို ရချင်သောဆန္ဒ ပြင်းပြလျက်ရှိလေသည်။

ဗင်းဆင့်၏ အရိပ်အခြည်ကို အမြဲတစေ အကဲခတ်နေသော သီအိုဒိုးရပ်စ်သည် သူ့သားအား အပျော်ဖတ်စာအုပ်များ ဖတ်ခြင်းဖြင့်အချိန်ဖြုန်းနေသည်ဟုထင်သည်။ ထို့ကြောင့်လည်း သူသည် သူ့ရင်ထဲ၌ ရှိနေသည့် သံသယအတိုင်း ဗင်းဆင့်အား ထုတ်ဖော်၍ မေးသည်။

"မင့်အနေနဲ့ ပန်းချီကောင်းကောင်း ဆွဲနိုင်ဖို့အတွက် အလုပ်တွေကို ကြိုးစားပြီး လုပ်ရလိမ့်မယ်လို့ ပါးစပ်က အမြဲ ပြောနေတာ ကြားရတယ်။ ဒီလိုဆိုရင် တစ်ခါတလေ ပန်းချီမဆွဲပဲ မဟုတ်ကဟုတ်က ပြင်သစ်စာအုပ်တွေဖတ်ပြီး

အချိန်ကုန်နေတာက ဘယ်လိုကြောင့်လဲ”

“လီပယ်ရီ ဂေါရီယော့” ပန်းချီကားဖြင့် အလုပ်ရှုတ်နေသော ဗင်းဆင့်သည် သူ့အဖေအား မော့ကြည့်သည်။ သူ့အနေဖြင့် လေးနက်သော အကြောင်းအရာများကို ပြောသည့်အခါတိုင်း သူ့အဖေက သူ့အပေါ် နားလည်မှုရှိလို့မ်မည်ဟု စိတ်ထဲက ကြိတ်၍ မျှော်လင့်မိသည်။

“အဖေလဲ သိမှာပါ” ဟု သူက စကားစသည် “ပန်းချီဆွဲတဲ့ အတတ်ပညာကို တတ်ဖို့ဆိုတာက လူပုံတွေနဲ့ ရှုမျှော်ခင်းပုံတွေကို ထပ်တလဲလဲ ဆွဲနေရုံနဲ့မပြည့်စုံဘူး အဖေ။ စာပေကိုလဲ နက်နက်ရှိုင်းရှိုင်း လေ့လာသိရှိထားဖို့လိုတယ်”

“အင်း. . မင်းစကားကို ငါနားမလည်ဘူးလို့ပဲ ပြောရတော့မှာပဲ ဗင်းဆင့်၊ တကယ်လို့ ငါ့နေနဲ့ အင်မတန်ကောင်းတဲ့ တရားဒေသနာတစ်ခုကို ဟောပြော ချင်တယ်ဆိုရင် ငါကတော့ မီးဖိုချောင်ထဲသွားပြီး မင့်အမေ ချဉ်ဖတ်ထည့်တာကို ကြည့်ရင်း အချိန်မဖြုန်းဘူး”

“ချဉ်ဖတ်အကြောင်းပြောမှပဲ သတိရတော့တယ်” ဟု အင်နာကော်နီလီယာက ကြားဖြတ်ပြောသည်။ “ကျွန်မ အသစ်ထည့်ထားတဲ့ ချဉ်ဖတ်တွေ မနက်ဖြန် မနက်စာစားရင် စားလို့ရပြီ”

ဗင်းဆင့်သည် အဆင်ပြေနေသည့်အခြေအနေကို အပြောင်းအလဲ မဖြစ်စေချင်။ သို့သော်လည်း သူ မတတ်နိုင်။

“ကျွန်တော့်အနေနဲ့ ခန္ဓာကိုယ်ထဲက အရိုးတွေ၊ အကြောတွေနဲ့ ကြွက်သားတွေအကြောင်းကို မသိပဲနဲ့ ခန္ဓာကိုယ်တစ်ခုကို ရေးဆွဲဖို့ဆိုတာ လုံးဝမဖြစ်နိုင်ပါဘူး အဖေ။ လူတစ်ယောက်ရဲ့ခေါင်းထဲက ဦးနှောက်အကြောင်းမသိပဲနဲ့ အဲဒီလူရဲ့ ခေါင်းပုံကို ဆွဲဖို့ဆိုတာလဲ လုံးဝ မဖြစ်နိုင်ပါဘူး။

“လူတစ်ယောက်ရဲ့ဘဝကို ရေးဆွဲနိုင်ဖို့အတွက် ပန်းချီဆရာတစ်ယောက်ဟာ ခန္ဓာဗေဒကို ကောင်းကောင်း နားလည်ရပါလိမ့်မယ်။ ဒါတင်မကသေးပါဘူး။ လူတွေအနေနဲ့ သူဘို့နေထိုင်ရာ ကမ္ဘာလောကကြီးနဲ့ ပတ်သက်ပြီးဘယ်လိုခံစားနေရတယ်။ ဘယ်လို တွေးခေါ်မြော်မြင်နေကြတယ် ဆိုတာတွေကိုပါနားလည်ရပါလိမ့်မယ်။ ကိုယ့်အတတ်ပညာကလွဲပြီး တခြား ဘာကိုမှမသိနားမလည်တဲ့ ပန်းချီပညာရှင်တစ်ယောက်ဟာ အနှစ်သာရ ပြည့်ဝတဲ့ ပန်းချီပညာရှင်တစ်ယောက် ဖြစ်မလာနိုင်ပါဘူး။ အပေါ်ယံကြောလောက်သာ သိတဲ့သာမန် ပန်းချီဆရာတစ်ယောက်ပဲ ဖြစ်လာမှာပါ”

“မင်းဟာ မဟုတ်သေးမါဘူး ဗင်းဆင့်ရယ်” ဟု သူ့အဖေက သက်ပြင်း

တစ်ချက်ချ၍ ပြောသည်။ "မင်းက မင်းကိုယ်မင်း သဘောတရားရေးရာ ဆရာတစ်ယောက်ဖြစ်သွားအောင် လုပ်နေတာပါလား"

ဗင်းဆင့်သည် သူ့ရှေ့မှ "လီပဲရီဂေရီယော့" ပန်းချီကားပေါ်သို့ ပြန်၍ အာရုံစိုက်ထားသည်။ သူသည် သူ့အဖေနှင့် နောက်ထပ် အငြင်းမပွားချင်။

တစ်ရက်တွင် ကက်ဆာနေး၏ စာအုပ်အချို့ ရောက်လာသည်။ ဗင်းဆင့်သည် ပန်းချီဆွဲရာ၌ ပါစပက်တစ်ခေါ် မြင်ကွင်းအကွာအဝေးနှင့် ပတ်သက်၍ အခက်အခဲဖြစ်လျက်ရှိသည်။ ယင်းပြဿနာပြေလည်စေရန် သီအိုကို ကက်ဆာနေး၏ စာအုပ်များကို ပို့ပေးလိုက်ခြင်းဖြစ်လေသည်။

ထိုစာအုပ်များ ရောက်လာသည့်အတွက် ဗင်းဆင့်သည် အတိုင်းအဆ မသိနိုင်လောက်အောင် ဝမ်းသာလျက်ရှိ၏။ သူသည် စာအုပ်များကို တမြတ်တနိုး လှန်လှောကာ ကြည့်လျက်ရှိသည်။ ထို့နောက် သူ့နှမ ဝီလီမီယင်အား ပြသည်။

"ကိုယ့်မှာ ဖြစ်နေတဲ့ ရောဂါကို ဒီစာအုပ်တွေက ကုစားမှရမှာ" ဟု သူက ပြောသည်။ "တကယ်လို့ ရောဂါပျောက်သွားရင် သိပ်ပြီး ကျေးဇူးတင်ရမှာ ကဒီစာအုပ်တွေပဲ"

ဝီလီမီယင်က ပြုံးသည်။ သူ့နှမ၏ မျက်လုံးအစုံသည် အမေ့မျက်လုံးများနှင့် တစ်ပုံတည်းဖြစ်သဖြင့် သူမ၏ အပြုံးသည် အမေ့အပြုံးနှင့် တူလှချေသည်။

"ဒီစကားက ငါ့ကိုပြောတာမဟုတ်လား ဗင်းဆင့်" ဟု သူ့အဖေက ကြားဖြတ်၍ မေးသည်။ သီအိုဒိုးရပ်စ်သည် ပါရီမှလာသည့် စာအုပ်များအပေါ်တွင် အကောင်းမြင်သူမဟုတ်ပေ။ သူသည် ထိုစာအုပ်များအပေါ် ယုံကြည်မှုကင်းမဲ့သူဖြစ်၏။ "ဒါဆိုရင် ငါ တစ်ခုမေးမယ်၊ ပန်းချီကို မှန်မှန်ကန်ကန် ဆွဲတတ်ဖို့အတွက် ပန်းချီအကြောင်း စိတ်ကူးယဉ်ပြီး ရေးထားတဲ့ စာအုပ်တွေကို ဖတ်မှ ဖြစ်မယ်လို့ မင်း ထင်နေသလား"

"ကျွန်တော်ကတော့ ထင်တယ်"

"တော်တော်ထူးဆန်းပြီး ကြောင်လွန်းတဲ့ အယူအဆပါလားကွ"

"ကျွန်တော်ဆိုလိုတာက ဒီလိုပါ။ ဒီစာအုပ်တွေထဲမှာပါတဲ့ အခြေခံသဘောတရားတွေကို ကျွန်တော်က လက်တွေ့ လေ့ကျင့်ရမယ်။ လေ့ကျင့်မှုဆိုတာကတော့ စာအုပ်တွေနဲ့အတူ တပြိုင်တည်း ဝယ်လို့ရတဲ့အရာမျိုးတော့ မဟုတ်ဘူး။ လေ့ကျင့်မှုဆိုတာက ကိုယ်ဖာသာကိုယ် လုပ်ယူရမယ့်အရာပါ။ တကယ်လို့ လေ့ကျင့်မှုဟာ ဝယ်ပြီး သုံးလို့ရတဲ့ ပစ္စည်းတစ်ခုသာဆိုရင် ဒီလောကမှာ

အရောင်းရအကောင်းဆုံးပစ္စည်းဖြစ်မှာ သေချာတာပေါ့ အဖေရယ်”

ရက်များသည် တစ်ရက်ပြီးတစ်ရက် ကုန်လွန်သွားကာ နွေရာသီသို့ ကူးပြောင်းဝင်ရောက်လာခဲ့ပြီ။ ဤအချိန်ကာလတစ်လျှောက်လုံး ဗင်းဆင့်သည် အလုပ်များကို မရပ်မနားလုပ်ရင်း ပျော်ရွှင်စွာ အချိန်ကုန်ခဲ့သည်။ နွေရာသီဆို တော့ခါတိုင်းလို ကုန်းစောင်းပေါ်တက်၍ ပန်းချီမဆွဲနိုင်။

သူသည် သူ့နှမ ဝီလီမီယင်ကို အပ်ချုပ်စက်ရှေ့၌ထား၍ ပုံကြမ်းဆွဲခြင်း၊ ဘာဂူး၏ ပန်းချီလေ့ကျင့်ခန်းစာအုပ်ထဲမှ လေ့ကျင့်ခန်းများကို တတိယအကြိမ်မြောက် ကူးဆွဲလေ့ကျင့်ခြင်း၊ ပေါက်ပြားတစ်ချောင်းနှင့် လူ၏ပုံကို အနေအထားအမျိုးမျိုးပြောင်း၍ ငါးကြိမ်တိတိ ကူးဆွဲခြင်း၊ ပျိုးကြဲသူပုံကို နှစ်ကြိမ်ကူးဆွဲခြင်း၊ တံမြက်စည်းလှဲနေသည့် မိန်းကလေးပုံကို နှစ်ကြိမ်ကူးဆွဲခြင်းစသည့် အလုပ်များဖြင့် အလုပ်များလျက်ရှိ၏။

ထို့နောက် သူသည် ကက်ဦးထုပ်အဖြူကိုဆောင်း၍ အာလူးသင်နေသော မိန်းမတစ်ယောက်၊ တုတ်ချောင်းကြီးကိုထောက်ကာ အားပြု၍ ရပ်နေသော သိုးကျောင်းသားတစ်ဦး၊ ဖျားနေ၍ မီးဖိုအနီး၌ ကုလားထိုင်နှင့် ထိုင်နေသော ယာသမားတစ်ဦးတို့၏ ပုံများအပေါ် အာရုံစူးစိုက်နေပြန်သည်။ သူ့အနေဖြင့် ယောကျ်ား၊ မိန်းမ မရွေး မြေပေါက်နေသူများ၊ ပျိုးကြဲနေသူများနှင့် ထွန်ယက်နေသူများ၏ ပုံမှန်သမျှသည် အဆက်မပြတ် ရေးဆွဲနေရမည့် ပုံများဟု ယူဆလာခဲ့သည်။ သူ့အနေဖြင့် တောပိုင်းဒေသမှ အရာရာတိုင်းကို လေ့လာရှုမြင်ပြီး ရေးဆွဲနေရမည်ဟူသော ယုံကြည်ချက်က ခိုင်မာလာသည်။ ထိုအချိန်မှစ၍ သူသည် သဘာဝတောတောင်ရေမြေရှုခင်းများရှေ့၌ ရပ်ကာ ကြံရာမရဖြစ်နေသည့် ဒုက္ခကို မခံတော့ပေ။ ဤ လွတ်လပ်မှုအံတွက် သူစိတ်သည် များစွာလွတ်လပ်ကာ သာယာပျော်ရွှင်လျက်ရှိလေသည်။

မြို့ပေါ်မှ လူများသည် ယခုအချိန်ထိ သူ့အား အုံကြောင်ကြောင် လူစားတစ်ယောက်ဟု မြင်ကာ ရှောင်ကွင်းနေကြဆဲဖြစ်၏။ သူ့အမေနှင့် သူ့နှမငယ် ဝီလီမီယင်တို့ကသာမက သူ့အဖေကပါ သူ့နည်းသူ့ဟန်ဖြင့် သူ့အပေါ် ကြင်နာမှုနှင့် ချစ်ခင်ယုယမှုများကို ပေးလျက်ရှိကြသော်လည်း အိမ်၏အပြင်လောကတွင်မူ သူ့အား ခင်မင်ရင်းနှီးစွာ ဆက်ဆံမည့်သူ တစ်ဦးမျှပင် မရှိပေ။ ဤသို့ဖြင့် သူ့ဘဝသည် ကြောက်မက်ဖွယ် ကောင်းလောက်အောင်ပင် အထီးကျန်ဖြစ်လျက်ရှိရလေ၏။

သို့သော်လည်း ဤအချိန်ကာလအတွင်းမှာပင် လယ်သမားများသည်

သူ့အပေါ် ခင်မင်လာကြသည်။ ယုံကြည်စိတ်ချမှုလည်း ရှိလာကြသည်။ သူကလည်း သူတို့၏ ရိုးသားဖြူစင်မှုနှင့် ဖြောင့်မတ်မှုများသည် သူတို့တတွေ ထွန်ယက်စိုက်ပျိုးနေကြသည့် မြေကြီးကဲ့သို့ပင် မြတ်နိုးတွယ်တာစရာ ကောင်းသည်ကို သိနားလည်လာသည်။ သူသည် ထိုအသိထိုအမြင်ကို သူရေးဆွဲနေသည့် ပုံများထဲတွင် ထည့်သွင်းနိုင်ရန် ကြိုးစားသည်။

သူ့မိသားစုအနေဖြင့် သူ့ပုံများကိုကြည့်၍ မကြာခဏ နားမလည်ခြင်းများနှင့် ကြုံရသည်။ အထူးသဖြင့် သူ့ပုံထဲမှ လယ်သမားသည် ဘယ်နေရာ၌ အဆုံးသတ်ပြီး မြေကြီးသည် ဘယ်နေရာမှ အစပြုသည်ကို အတိအကျ မသိနိုင်ဖြစ်ကြရ၏။ ဗင်းဆင့်ကိုယ်တိုင်ကလည်း သူ့ပုံများ ဘာ့ကြောင့် ထိုကဲ့သို့ ဖြစ်သွားရသည်ကို မသိ။ သို့သော်လည်း သူ့ပုံများ မှန်သည်ဟုတော့ ရင်ထဲက ခံစားရသည်။

တစ်ညတွင် သူ့အမေက ယင်းအချက်နှင့်ပတ်သက်၍ သူ့အားမေးသည်။ "အဲဒီနှစ်ခုကြားမှာ မျဉ်းကြောင်းတိတိကျကျမရှိဘူး အမေ" ဟု သူကဖြေသည်။ "သူတို့ဟာ မြေနှစ်မျိုးနှစ်စား အမေရဲ့၊ ဒါပေမယ့် တစ်မျိုးနဲ့တစ်မျိုးရောစပ်ပေါင်းစည်းနေကြတယ်။ ပြီးတော့ တစ်မျိုးကိုတစ်မျိုး အပြန်အလှန်ပိုင်ဆိုင်ကြတယ်။ တူညီတဲ့ တစ်ခုတည်းသော ရုပ်ဝတ္ထုက ပေါက်ဖွားလာတဲ့ ပုံသဏ္ဌာန်နှစ်မျိုးပေါ့။ အနှစ်သာရကျတော့ ခွဲခြားလို့ မရဘူး။ အတူတူဘဲ"

သူ့အမေသည် ဗင်းဆင့်အား အိမ်ထောင်ချပေးချင်သည်။ မယားမရှိလျှင် ဗင်းဆင့်၏ဘဝသည် သာယာဖွယ်မရှိ။ သူ့သားဘဝကို သူ့မယားလက်ထဲ အပ်လိုက်လျှင် သာယာရုံမျှမက အောင်မြင်မှုပါ ရနိုင်မည်ဟု ထင်သည်။

တစ်နေ့သော နံနက်တွင် သူ့အမေက "ဒီနေ့တော့ နေ့ခင်းနှစ်နာရီလောက် အိမ်ကိုပြန်လာခဲ့ပါလား။ အမေ့အတွက် ကိစ္စတစ်ခု ရှိနေလို့ပါ" ဟုပြောသည်။

"ဟုတ်ကဲ့ အမေ၊ အမေက ဘာလုပ်ချင်လို့လဲ"

"ဥည့်ခံပွဲတစ်ပွဲကို သွားမလို့၊ ငါ့သားက အမေနဲ့ လိုက်ခဲ့ဖို့ပါ။ ဥည့်ခံပွဲက လက်ဖက်ရည်ပွဲပါ"

ဗင်းဆင့်သည် အံ့အားသင့်နေသည်။ "ဒါပေမယ့် အမေရယ်၊ ကျွန်တော်က အဲသလိုနည်းတွေနဲ့ အချိန်မဖြုန်းချင်ဘူး"

"အော်. . . ကွယ်၊ ဥည့်ခံပွဲတက်တာ အချိန်ဖြုန်းတာမှ မဟုတ်ပဲ၊ ဘာ့ကြောင့် မင်းက အချိန်ဖြုန်းတယ်လို့ ပြောရတာလဲ"

"လက်ဖက်ရည်ပွဲမှာ ပုံဆွဲနိုင်တဲ့ အကြောင်းအရာ ဘာမှမရှိပဲ အမေရာ"

"အေး မင်းလွဲနေတာ အဲဒါပဲ၊ ဒီပွဲမှာ အက်တင်မြို့ပေါ်က ထင်ရှားတဲ့ မိန်းမတွေ လာကြဲမှာကွယ့်"

ဗင်းဆင့်သည် အတန်ကြာမျှ နှုတ်ဆိတ်နေသည်။ ထို့နောက် သူကိုယ်သူ ထိန်းချုပ်ကာ အေးအေးဆေးဆေး ပြန်ပြောသည်။

"ကျွန်တော်နားလည်တာကတော့ ပါတီပွဲတက်တဲ့ မိန်းမတွေဟာ အကျင့်စာရိတ္တ မကောင်းကြဘူး"

"ဟယ်မဟုတ်က ဟုတ်ကတွေ၊ အခုလာမဲ့ မိန်းမတွေအားလုံးဟာ အကျင့်စာရိတ္တ သိပ်ကောင်းတယ်၊ သူတို့မှာ ပြောစရာအပြစ်ဆိုလို့ ဘာမှမရှိဘူး"

"မဟုတ်ဘူး. . အမေ" ဟု သူက ပြန်ပြောသည်။ "အမေထင်သလို မဟုတ်ပါဘူး။ ကျွန်တော်ပြောချင်တဲ့ အဓိပ္ပာယ်က သူတို့အားလုံးဟာ အတူတူ ချည်းပဲလို့ ပြောချင်တာပါ"

"ဘယ်လို ပြောတာလဲကွယ်။ သူတို့လဲ စိတ်ဝင်စားစရာတွေပါပဲ"

"ဟုတ်တော့ ဟုတ်တယ် အမေ။ ဒါပေမယ့် သူတို့အားလုံးဟာ သက်သောင့်သက်သာ နေကြတာဆိုတော့ သူတို့မျက်နှာတွေမှာ ဘာတစ်ခုမှ စိတ်ဝင်စားစရာ ရှာမတွေ့ပါဘူး"

"အမေတော့ မင်းကို နားမလည်တော့ဘူး သားရယ်။ မင်းဟာ လယ်ကွင်းတွေထဲမှာ တွေ့သမျှ အလုပ်သမားနဲ့ လယ်သမားတိုင်းကိုကြည့်ပြီး ပုံဆွဲတယ်နော်"

"ဟုတ်တယ်အမေ"

"သူတို့က မင်းအတွက် ကောင်းလာအောင် ဘာလုပ်ပေးကြမှာလဲ။ သူတို့အားလုံးဟာ ဆင်းရဲသားတွေချည်းပဲ။ မင်းဆီကလဲ ဘာမှ ဝယ်နိုင်မယ့် လူစားတွေ မဟုတ်ဘူး။ မြို့ထဲက မိန်းမတွေကျတော့ သူတို့နဲ့ သိသွား ခင်သွားရင် သူတို့ ပုံတူတွေအပ်မယ်။ ငွေပေးမယ်"

ဗင်းဆင့်က သူ့အမေ၏ ပခုံးနှစ်ဖက်ကိုကိုင်ကာ သူ့အမေမျက်နှာကို ချစ်ခင်လေးစားသော မျက်လုံးများဖြင့် ကြည့်သည်။ အမေ၏ အပြာရောင်မျက်လုံးများသည် ကြည်လင်တောက်ပသည်။ နက်ရှိုင်းသည်။ ကရုဏာရိပ်များ အပြည့် ရှိသည်။ ချစ်စရာကောင်းလှသည့် မျက်လုံးများဖြစ်ပါ၏။ သို့သော်လည်း ဤမျက်လုံးများသည် ဘာ့ကြောင့် သူ့အပေါ် နားမလည်ကြတာပါလိမ့်။

"အမေရယ်. . ၊ ကျွန်တော့်အပေါ်မှာ ယုံကြည်မှု နည်းနည်းလေး ထားစမ်းပါ။ ဒီအလုပ်ကို ဘယ်လိုလုပ်ရမယ်ဆိုတာ ကျွန်တော် သိထားပါတယ်။ အမေ ကျွန်တော့်ကို အခြိန်နည်းနည်းသာပေး ကျွန်တော် အောင်မြင်လာတာကို အမေမြင်ရမှာပါ။ အခုအခြိန်မှာ အမေ့အဖို့ လုံးဝ အသုံးမကျဘူးလို့ ထင်ရတဲ့ ဟာတွေကို ကျွန်တော်က တန်ဖိုးထားပြီး ကူးဆွဲနေတယ်နော်။ နောက်ဆုံးကျရင် ဒီပန်းချီကားတွေ ကျွန်တော် ရောင်းနိုင်လာမှာပါ။ အဲဒီအခါကျတော့ ကောင်း ကောင်းနေထိုင်သွားနိုင်တဲ့ဘဝကို ရပြီပေါ့ အမေရယ်"

အင်နာကော်နယ်လီယာသည် ဗင်းဆင့်အပေါ် နားလည်ချင်လှပါ၏။ ဗင်းဆင့်၏ ဆန္ဒအတိုင်း ဗင်းဆင့်အပေါ် နားလည်သွားလျှင် သူ့သား ဗင်းဆင့် တစ်ယောက် စိတ်ချမ်းသာမှု ရသွားလိမ့်မည်မဟုတ်ပါလား။ အင်နာသည် ဗင်းဆင့်၏ပါးကို တစ်ချက်မျှ နမ်းလိုက်သည်။

ဟိုး လွန်ခဲ့သော နှစ်ပေါင်းများစွာက သူပွေ့ထားသည့် ကလေးငယ်ကို သူ့လက်ထဲမှ ဆွဲယူသွားခဲ့ကြ၏။ ထိုစဉ်က သူသည် ဇွန်ဒတ်သင်းအုပ်နယ်မြေ၌ နေထိုင်လျက်ရှိသည်။ သူ၏ သားဦးကလေးသည် မွေးကတည်းက အသေကလေး ဖြစ်၏။ ဗင်းဆင့်ကို မွေးလာတော့မှ ငိုသံယိုသံကို ကြားရခြင်းဖြစ်၍ သူသည် အတိုင်းအဆမသိနိုင်လောက်အောင်ပင် ဝမ်းသာကြည်နူး၏။ သို့သော်လည်း ထိုစဉ်ကတည်းက ဗင်းဆင့်အပေါ် ချစ်ခဲ့ရသော အချစ်သည် လွတ်လွတ်ကျွတ် ကျွတ် မရှိခဲ့။ မွေးလာကတည်းက မျက်လုံးများကို ဖွင့်မသွားနိုင်ခဲ့ရှာသော သားဦး လေးအတွက် ဝမ်းနည်းစိတ်က ရောနေသည်။

"အေးပါလေ၊ ငါ့သားဟာ လိမ္မာတဲ့သားပါ" ဟု အင်နာက ပြောသည်။ "သားရဲ့ ပုံစံနဲ့ပဲ သားသွားပါ၊ ဘယ်ဒင်းဟာ အကောင်းဆုံးဆိုတာကို သား သိနေတာပဲ၊ အမေကတော့ ငါ့သားကို ကူညီချင်တာပဲ ရှိတာပါ"

ထိုနေ့က ဗင်းဆင့်သည် လယ်ကွင်းများဖက်သို့ မထွက်ဖြစ်။ သူသည် ဥယျာဉ်မှူး ပီယက်ကပ်ဖ်မင်းအား ကိုယ်ဟန်ပြခိုင်းပြီး ရေးဆွဲသည်။ ပထမတော့ ပီယက်က ငြင်းနေသေးသည်။ သို့သော်လည်း နောက်ဆုံးကျတော့ လက်ခံသည်။

"ညနေစာစားပြီးရင် ဥယျာဉ်ထဲကို ကျွန်တော်လာခဲ့မယ်" ဟု ပီယက်က ပြောသည်။

ညနေစာစားပြီး၍ ဗင်းဆင့် ဥယျာဉ်ထဲ ရောက်သွားသည့်အခါ တနင်္ဂနွေနေ့ ဘုရားကျောင်းသွားဝတ်စုံကို ဝတ်၍ သူ့အား စောင့်နေသော ပီယက်အား တွေ့ရသည်။ "ခဏနေပါဦးဗျာ၊ ကျွန်တော်ထိုင်ဖို့ ခွေးခြေတစ်လုံး

သွားယူလိုက်ဦးမယ်” ဟု ပြောသည်။

ပီယက်သည် ခွေးခြေယူလာပြီး အကျအနထိုင်သည်။ ဝါးလုံးကြီးတစ်လုံးကို စိုက်ထူထားသည့်နှယ် တောင့်တောင့်မတ်မတ်ကြီး ထိုင်နေခြင်းဖြစ်၏။ ဗင်းဆင့်သည် ပီယက်ထိုင်နေပုံကို ကြည့်ကာ ရယ်မိသည်။ “အဲဒီအဝတ်အတွေနဲ့ ကျွန်တော် ပုံဆွဲလို့မရဘူး” ဟုလည်း ပြောသည်။

ပီယက်သည် သူ့အဝတ်များကို ငုံ့ကြည့်ပြီး တအံ့တသြ ဖြစ်နေသည်။ “ဒီအဝတ်တွေက ဘာဖြစ်နေလို့လဲဗျ” ဟု မေးသည်။ “ဒါတွေက အသစ်တွေပဲ။ တနင်္ဂနွေနေ့ ဘုရားရှိခိုးကျောင်းကိုသွားမှ ဝတ်တာမို့ အသစ်တွေပဲ ရှိသေးတာ”

“ကျွန်တော်သိပါတယ်” ဟု ဗင်းဆင့်က ပြောသည်။ “အဲဒါကြောင့် ကျွန်တော်က မဆွဲနိုင်တာ။ ကျွန်တော် ခင်ဗျားပုံကို ဆွဲချင်တာက အလုပ်လုပ်တဲ့ အဝတ်တွေနဲ့ ဆွဲချင်တာ။ ထွန်ခြစ်ပေါ်ကို ခင်ဗျား ငုံ့နေတဲ့ပုံပေါ့။ ဒါမှလဲ ခင်ဗျားရဲ့လက်တွေ၊ တံတောင်တွေနဲ့ ဒူးတွေရဲ့အနေအထားကို ပီပီပြင်ပြင် ဆွဲလို့ရမှာ။ အခုဟာကတော့ ခင်ဗျားရဲ့ ဝတ်စုံကလဲပြီး တခြား ဘာကိုမှ ကျွန်တော် မမြင်ရတော့ ဘယ်လိုလုပ်ပြီး ဆွဲရမလဲ”

“ဟာ. . . ကျွန်တော့် အဝတ်ဟောင်းတွေက ပေရေစည်ပတ်ပြီး အပေါက်အပြဲတွေ ဗလပွဖြစ်နေတာ။ အဲဒါကြီးနဲ့တော့ မဖြစ်ဘူး၊ ခင်ဗျားဆွဲချင်ရင် အခုပုံအတိုင်းပဲဆွဲ”

ဤသို့ဖြင့် ဗင်းဆင့်သည် လယ်ကွင်းများဘက်သို့ ထွက်ကာ မြေတူးဆွနေသူများအား ကြည့်၍ ဆွဲရသည်။

နွေဥတုသည် ကုန်လွန်သွားခဲ့ပြီ။ သူနည်းသူဟန်ဖြင့် သူဖာသာသူ လေ့လာပြီး ရေးဆွဲနေရသည့်အလုပ်အပေါ် စိတ်ကုန်သလို ဖြစ်လာသည်။ သူစိတ်တွင် ပန်းချီဆရာတစ်ယောက်နှင့် တွေ့ဆုံပြီး ဆွေးနွေးလိုသော ဆန္ဒ ဝင်လာပြန်သည်။ အကယ်၍များ ဖြစ်နိုင်မည်ဆိုပါက သူသည် ပန်းချီဆွဲသည့် အလုပ်ကို သီးသန့် စတူဒီယိုလေးတစ်ခုအတွင်း၌ ရေးဆွဲချင်လှပါဘိသည်။ ထို့ပြင်လည်း သူ့အနေဖြင့် ပန်းချီဆရာတစ်ယောက်နှင့်ဆုံကာ သူ၏ အားနည်းချက်များကို ပြောပြချင်သည်။ ပြီးတော့ ပိုကောင်းအောင် ဘယ်လိုလုပ်ရမည်ကို မေးလိုသည်။

သီအိုက သူ့အား ပါရီသို့ လာခဲ့ပါလား ဟု စာရေး၍ ဖိတ်ခေါ်သည်။ သို့သော်လည်း သူသည် ဤမျှလောက်အထိ စွန့်စား၍ မဖြစ်သေးဟု ထင်သည်။ သူ့အနေအထားသည် ဤမျှလောက်အထိ စွန့်စားရဲအောင် မရင့်ကျက်သေး၊

ယခုအခါမှာ သူ၏ပန်းချီလက်ရာများသည် မမှန်သေး။ ကြမ်းတမ်းဆဲ၊ ကိုးရိုးကားရားနှိုင်ဆဲ။ အပျော်သဘော ရေးဆွဲထားသည့် ပုံအမျိုးအစားထဲမှာပင် ရှိနေဆဲဟု သူယူဆသည်။

ဟော့်မြို့သည် အက်တင်မြို့နှင့် မဝေးလှ။ နာရီအနည်းငယ်မျှနှင့် ရောက်နိုင်သော နေရာဖြစ်၏။ ဟော့်မြို့မှာဆိုလျှင် သူသည် မစ်ဂျ်ဟီယာတာစတိထဲမှ အကူအညီ ရနိုင်စရာရှိ၏။ တာစတိသည် သူ့မိတ်ဆွေဖြစ်၍ ဂေါပစ်လ် ပန်းချီရောင်းဝယ်ရေးကုမ္ပဏီမှ မန်နေဂျာတစ်ဦးဖြစ်သည် မဟုတ်ပါလော။ ထို့ပြင်လည်း ဟော့်မြို့၌ သူတို့နှင့် ဆွေမျိုးနီးစပ်တော်သူ ပန်းချီဆရာ အင်တန်မောဗီး တစ်ယောက် ရှိနေသေး၏။ မောဗီးထံမှလည်း အကူအညီများရနိုင်ဖို့ရှိသည် မဟုတ်ပါလား။

သူသည် ဟော့်မြို့၌ သွားရောက်နေထိုင်ကာ အလုပ်သင်ပန်းချီဆရာ ဘဝဖြင့် ပညာဆည်းပူးရလျှင် ကောင်းလေမလား။ သူသည် သီအိုထံ စာရေးပြီး အကြံဉာဏ်တောင်းသည်။ သူညီထံမှ သူ့အယူအဆကို လက်ခံရုံမျှမက မိုးရထားခစရိတ်ငွေကိုပါ စာနှင့်အတူ ပို့ပေးလိုက်လေသည်။

ဗင်းဆင့်သည် ဟော့်မြို့သို့ အပြီးအပြတ် အခြေမချမီ တာစတိနှင့် မောဗီးတို့၏ စိတ်နေသဘောထားနှင့် အခြားအခြေအနေအရပ်ရပ်ကို လေ့လာလို သည်။ သူ့အပေါ် တွင်ခင်ခင်မင်မင်မှ ရှိကြပါ့မလား။ ပြီးတော့သူ့အား ကူညီကြ ပါ့မလား။ ဤအချက်များသည် သူ့အတွက်အရေးကြီးသော အချက်များဖြစ်၏။

အကယ်၍ သူတို့ဘက်မှ အခြေအနေများသည် သူ့အတွက် အလားအလာ မကောင်းပါမူ သူသည် တခြားတစ်နေရာသို့ သွားရလိမ့်မည်ဖြစ်သည်။ ဤတစ်ကြိမ်တွင် သူသည် သူရေးဆွဲထားသည့် ပန်းချီကားများကို အဝတ်ဖြင့် စနစ်တကျ ထုပ်သည်။ ထို့နောက် သူသည် ခေတ်အဆက်ဆက်က သူတို့နိုင်ငံတွင်း၌ လိုက်နာကျင့်သုံးခဲ့ကြသည့် အစဉ်အလာအတိုင်း ပြည်နယ် ဒေသ အသီးသီးမှ ပန်းချီပညာရှင် လူငယ်များ ရောက်ရှိစုဝေးရာ နိုင်ငံ၏မြို့တော် ဟော့်မြို့သို့ ထွက်ခွာလာခဲ့လေ၏။

(၄)

မစ်ဂျ်ဟီယာဟာမင်းဂစ်ဂျ်ဘတ် တာစတိသည် "ဟော့်ပန်းချီပညာသင်ကျောင်း" ကို စတင်တည်ထောင်ခဲ့သူ ဖြစ်ရုံမျှမက ဟော်လန်နိုင်ငံတွင် အရေးပါ

အရာရောက်ဆုံးသော ပန်းချီကားအရောင်းအဝယ်လုပ်ငန်းရှင်တစ်ဦးလည်းဖြစ်သည်။ တစ်နိုင်ငံလုံးမှ လူများသည် ဘယ်လို ပန်းချီကားမျိုး ဝယ်ယူသင့်သည်ကို သူထံလာ၍ အကြံဉာဏ်တောင်းခံလေ့ရှိကြ၏။ အကယ်၍ မစ်ဂျ်ဟီယာတာစတိကသာ ပန်းချီကားတစ်ခုကို ကောင်းသည်ဟု ဆိုပါက ထိုအဆိုသည် ခိုင်မာသော ဆုံးဖြတ်ချက်ပင်ဖြစ်သည်။

ဂေါပစ်လ်အင်ကုမွက်ဇီ၏ မန်နေဂျာအဖြစ် ဆောင်ရွက်နေသော ဦးလေး ဗင်းဆင့်ဗင်ဂိုး၏နေရာကို မစ်ဂျ်ဟီယာဟာမင်းတာစတိ ဆက်ခံချိန်တွင် နာမည်တက်စ ဒတ်ချ် လူငယ်ပန်းချီဆရာများသည် နိုင်ငံအနှံ့အပြားတွင်ရှိနေကြသည်။ အင်တန်မောဗီးနှင့် ကျိုးဆက်တို့သည် အမ်စတာဒမ်မြို့၌နေကြ၍ ဂျက်ကော့ဘ်နှင့် ဝီလျံမာရစ္စတို့သည် တောပိုင်းဒေသများအတွင်း၌ နေထိုင်လျက်ရှိကြ၏။ ကျိုးဆက်အစ္စရေး၊ ကျိုဟန်နက်စ်ဘော့စ်ဘွမ်နှင့် ဘလွန်းမားတို့ လူစုမှာမူ နေရာအတည်တကျမရှိပဲ တစ်မြို့ဝင်တစ်မြို့ထွက် ပြောင်းရွှေ့နေထိုင်လျက်ရှိ ကြသည်။ မန်နေဂျာရာထူးကို ဆက်ခံလိုက်သော တာစတိသည် နာမည်ကျော်ကြားစပြုနေသော ပန်းချီပညာရှင် လူငယ်တစ်ဦးချင်းစီထံ စာရေးခဲ့၏။

"တို့မျှား ပန်းချီပညာရှင်တွေအားလုံးဟာ ဟော့ဂ်မြို့မှာစုပြီး နေကြရင် ကောင်းမယ်လို့ ထင်တယ်။ ပြီးတော့ ဟော့ဂ်မြို့ကို ဒတ်ချ်ပန်းချီပညာရှင်တွေရဲ့ ပန်းချီမြို့တော်ဖြစ်လာအောင် ဝိုင်းဝန်းကြိုးပမ်းကြရင် မကောင်းပေဘူးလား။ အဲသလို စုနေကြမယ်ဆိုရင် အချင်းချင်း ကူညီနိုင်မယ်။ ပညာဖလှယ်နိုင်မယ်။ ဒတ်ချ်နိုင်ငံကို ဖရန့်စ်ဟောလ်နဲ့ ရမ်းဘရန့် အစရှိတဲ့ ပန်းချီပညာရှင်ကြီးတွေ ခေတ်ကလို ကမ္ဘာ့အလယ်မှာ ထိပ်ဆုံးနေရာ ပြန်ရောက်လာအောင် လုပ်နိုင်မယ့် အခွင့်အလမ်းတွေ ရလာမယ်လို့ ထင်တယ်"

လူငယ်ပန်းချီဆရာများဘက်မှ တာစတိ၏စာအပေါ် တုံ့ပြန်မှုသည် နှေးကွေးလှ၏။ သို့သော်လည်း နှစ်အနည်းငယ်အတွင်း အစွမ်းအစရှိသည်ဟု ယူဆရသော လူငယ်ပန်းချီဆရာတိုင်းလိုလိုသည် တာစတိ၏ အားပေးတိုက်တွန်းမှုဖြင့်ဟော့ဂ်မြို့တွင် လာရောက်အခြေစိုက်ကြသည်။ ထိုအချိန်က ယင်းလူငယ်များ၏ပန်းချီကားများအား ဝယ်ယူလိုသူရှိဖို့မဆိုထားနှင့်၊ စိတ်ဝင်စားသူပင် မရှိပေ။

သို့သော်လည်း တာစတိအနေဖြင့် ဤလူငယ်များအား ရွေးချယ်ခဲ့ခြင်းမှာ သူတို့၏ လက်ရာ ပန်းချီကားများကို ရောင်းနေရခြင်းကြောင့်မဟုတ်။ ယင်းလူငယ်များ ရေးဆွဲထားကြသည့် ပန်းချီကားများထဲတွင် အနာဂတ် အောင်မြင်မှုနှင့် ကြီးကျယ်ထယ်ဝါမှုများကို မြင်တွေ့နေရခြင်းကြောင့် ဖြစ်သည်။ သူသည်

အစ္စရေး၊ မောဇီးနှင့် ဂျက်ကော့ဘ်၊ မာရစ္စတို့၏ ပန်းချီကားများကို စောစောပိုင်းကတည်းက ဝယ်ယူပြီး လူအများနှင့် အထိအတွေ့ရှိလာအောင် ခင်းကျင်းပြသထားခဲ့လေသည်။

သူသည် တစ်နှစ်ပြီးတစ်နှစ် စိတ်ရှည်သည်းခံကာ ဘော့စ်တွမ်၊ မာရစ္စနှင့် နူဟူးစ်တို့၏ ပန်းချီကားများကို ဝယ်ယူပြီး သူ့ဆိုင်၏ နောက်ဖက်အခန်းတစ်ခန်းထဲတွင် စနစ်တကျ ဆွဲချိတ်ပြသထားသည်။ သူ့အနေဖြင့် ဤ လူငယ် ပန်းချီပညာရှင်များအား မကူညီ၍ မဖြစ်ဟု အခိုင်အမာ ခံယူထားသည်။ ဤလူငယ်များသည် အလားအလာရှိသော ပညာရှင်များဖြစ်၏။ သူတို့ မရင့်ကျက်သေးမီ ရုန်းကန်လှုပ်ရှားနေကြရသည့် ကာလအတွင်း ထောက်ပံ့ကူညီမှု ပြုထားမှ ဖြစ်မည်ဟု သူ နားလည်ထားသည်။

ဒတ်ချ်ပြည်သူလူထုသည် ကိုယ့်နိုင်ငံအတွင်းမှ ပန်းချီပညာရှင်များ၏ လက်ရာများကို မသိ၍မဖြစ်။ အကယ်၍ ပြည်သူလူထုကသာ မသိခဲ့သည်ရှိသော် သို့မဟုတ် အသိအမှတ်မပြုခဲ့သည်ရှိသော် ဤ လူငယ်များသည် ဆင်းရဲခြင်းနှင့်အတူ အပယ်ခံဘဝ၊ အစွန့်ပစ်ခံဘဝသို့ ရောက်ကာ ပျက်စီးဆုံးရှုံးသွားမည်ကို စိုးရိမ်ရ၏။ သို့ဆိုလျှင် မိမိတို့နိုင်ငံသာမက ကမ္ဘာတဝှမ်းလုံးကပါ ပန်းချီကောင်းများကို လက်လွှတ်ဆုံးရှုံးကြရပေတော့မည်။ ဤသည်မှာ တာစတိ၏ ခံယူချက်ဖြစ်လေသည်။

ထို့ကြောင့်လည်း သူသည် လူငယ်ပန်းချီပညာရှင်တို့၏ လက်ရာပန်းချီကားများကို ဝယ်ယူသည်။ သူကိုယ်တိုင်က ဝေဖန်သုံးသပ်ပြသည်။ ပန်းချီပညာရှင်အချင်းချင်း တွေ့ဆုံပြီး အတွေးအမြင်အယူအဆ ဖလှယ်ခြင်းများကိုလည်း ပြုလုပ်စေခဲ့သည်။ ဤနှစ်ကာလများအတွင်းတွင် သူသည် နေ့စဉ်နေ့တိုင်း ဆိုသလို ဒတ်ချ်ပြည်သူလူထုက သူ့လူများ၏ ပန်းချီကားများ၌ ထင်ဟပ်နေသည့် အလှနှင့် ခံစားချက်များကို အရသာခံတတ်လာအောင် ပညာပေးခဲ့၏။

ဟော်မြို့ပေါ်ရှိ တာစတိထံသို့ ဗင်းဆင့်ရောက်သွားချိန်တွင် တာစတိသည် အောင်မြင်မှုရရှိနေချိန်ဖြစ်သည်။ မောဇီး၊ နူဟူးစ်၊ အစ္စရေး၊ ဂျက်ကော့၊ မာရစ္စနှင့် ဘော့စ်ဘွမ်တို့၏ ရေးဆွဲထားသမျှ ပန်းချီကားများသည် သူ့လက်ထဲ၌ ရောက်နေရုံမျှမက ယင်းကားများကို စျေးနှုန်းမြင့်မြင့်နှင့် ရောင်းချနေရပြီဖြစ်သည်။ ယင်းပန်းချီကားများသည် ဂေါပစ်လ်အင်ကုမ္ပဏီ၏ စျေးကောင်းရသော ပန်းချီကားများဟု အများက အသိအမှတ်ပြုခြင်းခံယူရရှိနေကြပြီဖြစ်၏။ ထို့ပြင်လည်း ယင်းတို့အထဲမှ အချို့မှာ ဂန္ဓဝင်လက်ရာများဆင့်သို့ တက်လှမ်းနိုင်ရန်

သတ်မှတ်ခြင်းကိုပါ ခံယူနေကြရလေပြီ။

မစ်ဂျဟီယာတာစတိသည် ဒတ်ချ်လူမျိုးတို့၏ ရိုးရာအစဉ်အလာအရ လူချောလူလှတစ်ဦးဖြစ်သည်။ တောင့်တင်းကြံ့ခိုင်ပြီး ထွားကြိုင်းသော ကိုယ်ခန္ဓာပိုင်ရှင်ဖြစ်၏။ နဖူးကျယ်ကျယ်တွင် အညိုရောင်ဆံပင်ကို နောက်ပြန်ဖီးထားသည်။ မျက်နှာဝိုင်းဝိုင်းတွင် သန့်ရှင်းသပ်ယပ်သော မုတ်ဆိတ်မွှေးရှိသည်။ အပြာနုရောင် မျက်လုံးအစုံသည် ကြည်လင်တောက်ပနေကြသည်။ အနက်ရောင်ဝတ်စုံကို သပ်ယပ်လှပစွာ ဝတ်ဆင်ထားသည်။ ဘောင်းဘီရှည်က အနားစမျှားသည် ရှူးဖိနပ်များအပေါ်တွင် အိတွဲကျနေကြသည်။ မနက် အလုပ်သွားတိုင်း သူဇနီးကိုယ်တိုင် တပ်ဆင်ပေးလိုက်သော နက်တိုင်သည် သူ့တစ်ကိုယ်လုံးအားကျော့ရှင်း သပ်ယပ်နေအောင် ဖန်တီးပေးထားပေသည်။

တာစတိသည် ဗင်းဆင့်အား အမြဲတစေ ခင်မင်ခဲ့သူဖြစ်၏။ ဗင်းဆင့်အား အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တော်ရှိ ဂေါပစ်လ်အင်ကုမ္ပဏီပိုင် ပန်းချီအရောင်းအဝယ်ဌာနခွဲသို့ ပြောင်းရွှေ့ခဲ့စဉ်က အင်္ဂလိပ်အမျိုးသားဌာနခွဲ မန်နေဂျာထံ ထောက်ခံစာတစ်စောင် ကောင်းကောင်း ရေးပေးခဲ့ဖူးသူဖြစ်သည်။ ထိုစဉ်က ဟော့ဂ်မြို့ရှိ ဂေါပစ်လ်အင်ကုမ္ပဏီပိုင် ပန်းချီအရောင်းဌာနကို ပိုင်ဆိုင်သူမှာ ဗင်းဆင့်၏ဦးလေး ဗင်းဆင့်ဗင်ဂိုးဖြစ်၏။ ထို့ကြောင့်လည်း တာစတိက သူ့ကို ခင်မင်နေခြင်းသည် တာစတိဖက်မှ ကိုယ်ကျိုးဖက်၍ ခင်မင်နေခြင်းသာဖြစ်သည်ဟု ဗင်းဆင့်က ယူဆခဲ့သည်။ ယင်းအယူအဆကြောင့် တာစတိသည် မေါင်းသင်းထိုက်သည့် လူတစ်ယောက်မဟုတ်ဟုပင် မြင်ခဲ့ဖူး၏။

ဂေါပစ်လ်အင်ကုမ္ပဏီသည် အမှတ် ၂၀၊ ပလက်စ်လမ်းမကြီးပေါ်၌ တည်ရှိသည်။ ထိုနေရာသည် ဟော့ဂ်မြို့၏ အကြီးကျယ် အထည်ဝါဆုံးနှင့် လူအစည်ကားဆုံးသော နေရာဖြစ်၏။ ဆိုင်နှင့် ခဲတပစ်အကွာခန့်၌ ရှိနေသော အက်စ်ဂရာဗင် ဟက်ဂ်ဟီး ရဲတိုက်ကြီးမှာ အလယ်ခေတ်က တည်ဆောက်ခဲ့ခြင်းဖြစ်၍ ဟော့ဂ်မြို့တော်၏ အစကနဦး အဆောက်အဦးကြီးဖြစ်၏။ ရဲတိုက်ကြီး၏ ခြံဝင်းကျယ်ကြီးမှာ ယခုအခါတွင် အလွန်လှပသော ရေကန်ကြီးတစ်ကန် ဖြစ်နေပေပြီ။ ရဲတိုက်ကြီး၏ တစ်ဖက်သောအစွန်းရှိ ပြခန်းထဲတွင်မူ ဒတ်ချ် ပန်းချီဆရာ အကျော်အမော်များဖြစ်သည့် ရွာဘင်း၊ ဟောလ်၊ ရမ်းဘရန့်တို့၏ လက်ရာ ပန်းချီကားများ ချိတ်ဆွဲပြသထားလေသည်။

ဗင်းဆင့်သည် ကျဉ်းမြောင်းကွေ့ကောက်ပြီး လူသွားလူလာ များပြားလှသည့် ဝေဂျင်စထရက်လမ်းအတိုင်း လျှောက်လာခဲ့သည်။ မကြာမီမှာပင်

ပလက်စ်လမ်းထဲသို့ ရောက်သွားသည်။ သူ ဂေါပစ်လ်ကုမ္ပဏီမှ အလုပ်ထွက်လာသည်မှာ ရှစ်နှစ်ပင် ကြာခဲ့ပြီ။ ဤကာလအတွင်း ယခုအကြိမ်သည် ပထမဆုံးအကြိမ် ဤလမ်းထဲသို့ ပြန်လည်ရောက်ရှိခဲ့ခြင်းဖြစ်၏။ ယခုကျတော့လည်း တစ်ချိန်က သူ အလုပ်လုပ်ခဲ့ဖူးသည့် အတွေ့အကြုံများကို ပြန်လည်သတိရကာ လွမ်းမောတသမိသည်။

လွန်ခဲ့သော ရှစ်နှစ်ကဖြစ်၏။ ဆိုင်ရှိ လူတိုင်းက သူ့အား ခင်မင်လေးစားခဲ့ကြသည်။ သူနှင့် ရင်းနှီးခင်မင်ရသည့်အတွက် ဂုဏ်လည်း ယူကြသည်။ သူသည် ဆိုင်ရှင် ဦးလေးဗင်းဆင့်၏ အချစ်ဆုံး တူ ဖြစ်သည်ဟု သိနေကြသည် မဟုတ်ပါလား။ ဆိုင်ရှိ လူအားလုံးကတော့ သူ့အား သူဦးလေး ဗင်းဆင့်၏ အမွေအားလုံးကို ဆက်ခံမည့်လူဟု နားလည်နေကြသည်။ အကယ်၍သာ သူသည် အလုပ်ကို ဆက်လက်လုပ်ကိုင်နေမည်ဆိုပါက အခုလောက်ဆိုလျှင် အရှိန်အဝါသြဇာကြီးသော လူချမ်းသာတစ်ယောက် ဖြစ်နေပေရော့မည်။ လူတိုင်း၏ လေးစားမှု ရှိသေမှုနှင့် အံ့သြအားကျမှုများကိုလည်း ခံယူနေရပေလိမ့်မည်။ ထို့ပြင်လည်း သူသည် ဥရောပတိုက်အတွင်းရှိ ပန်းချီအရောင်းဌာနများထဲမှ လူသိအများဆုံးနှင့် နာမည်အကြီးဆုံးသော အရောင်းဌာနကြီးတစ်ခုကိုပင် ပိုင်ဆိုင်နေလောက်ပြီ။

သို့ဆိုလျှင် သူ ဘယ်လိုဖြစ်နေလိမ့်မည်နည်း။

ထိုမေးခွန်းကို ဖြေရန် အချိန်မရှိတော့ပြီ။ သူသည် ပလက်စ်လမ်းမကြီးကို ဖြတ်ကာ အခြားတစ်ဖက်ရှိ ဂေါပစ်အင်ကုမ္ပဏီ၏ ဆိုင်ထဲသို့ ဝင်လာခဲ့သည်။ တစ်ဆိုင်လုံး၏ အပြင်အဆင် အခင်းအကျဉ်းကို အလွန်လှပစွာ မွမ်းမံခြယ်လှယ်ထားသည်ကို တွေ့ရ၏။ သူယခင်က လုပ်ခဲ့ဖူးသည့် အလုပ်ဌာနမှ ဟုတ်ပါလေစဟု သံသယဖြစ်မိသည်။ သူဝတ်ဆင်လာသည့် ကတ္တီပါစ အလုပ်သမားဝတ်စုံသည် ဆိုင်အပြင်အဆင်နှင့် လိုက်ဖက်မညီသလို ဖြစ်နေ၏။ သူ့စိတ်ထဲတွင် သိမ်ငယ်စိတ်ပင် ဝင်လာသည်။

ဆိုင်သည် ရှေ့လမ်းနှင့် တစ်ပြေးတစ်ညီထဲဖြစ်ပြီး အလျားရှည်သည်။ အဝင်ခန်းမကြီးသည် အကောင်းစားခန်းဆီးများ ကာရံထားသည်။ ယင်းခန်းမကြီး၏ အထက်ဖက် လေခါးသုံးထစ်ကို တက်လိုက်လျှင် မှန်အမိုးတပ် ခန်းမငယ်တစ်ခန်းရှိ၍ ထိုအခန်း၏နောက်ဖက်ရှိ လေခါးမှတက်သွားလျှင်ပန်းချီကားအနည်းအကျဉ်း ချိတ်ဆွဲပြသထားသည့် အခန်းငယ်တစ်ခန်း ရှိသည်။ ယင်းအခန်းမှ ထွက်လျှင် ကျယ်ဝန်းသော လှေကားကြီးတစ်ခုရှိ၏။ ယင်းလှေကားသည် ဒုတိယ

ထပ်ရှိတာစတိ၏ ရုံးခန်းသို့သွားရာ လှေကားဖြစ်သည်။ လှေကား၏တစ်ဖက် တစ်ချက် နံရံများပေါ်တွင်လည်း ပန်းချီကားမျိုးစုံကို လှပစွာ ချိတ်ဆွဲထားလေသည်။

ပန်းချီကားအရောင်းပြခန်းများသည် ထည်ဝါခန့်ညားလှ၏။ သန့်ရှင်းသပ်ယပ်စွာ ဝတ်စားဆင်ယင်ထားသည့် အရောင်းစာရေးများသည် ယဉ်ကျေးသိမ်မွေ့လှ၏။ ချိတ်ဆွဲထားသည့် ပန်းချီကားဘောင်များသည် စျေးအလွန်ကြီးသော ဘောင်များဖြစ်၏။ ဗင်းဆင့်၏ ခြေထောက်များအောက်မှ ကော်ဇောကြီးများသည် ထူထဲသည်၊ နူးညံ့သည်၊ ပျော့ပြောင်းသည်။ ထောင့်အသီးသီး၌ ချခင်းထားသည့် ကုလားထိုင်များမှာလည်း အရောင်တဖိတ်ဖိတ် တောက်နေကြသည်။

ဗင်းဆင့်သည် သူရေးဆွဲထားပြီးသမျှ ပန်းချီကားများအကြောင်းကို မတွေးပဲ မနေနိုင်။ သူ့ပန်းချီကားများသည် ကျောက်မီးသွေးတွင်းထဲမှ ထွက်လာနေကြသည့် ပေရေစည်ပတ်နေကြသော စုတ်စုတ်ပြတ်ပြတ် အဝတ်များ ဝတ်ဆင်ထားကြသော ကျောက်မီးသွေးတွင်းအလုပ်သမားများဖြစ်သည်။ ကျောက်မီးသွေးအဖြူးပုံကြီးများပေါ်တက်၍ လောင်စာကျောက်မီးသွေးတုံးများ ရှာဖွေကောက်ယူနေကြသည့် သားမယားများဖြစ်သည်။ ပြီးတော့ ဘရားဘန့်ဒေသမှ ယာသမားလယ်သမားများဖြစ်သည်။ သူ့ပုံအားလုံးသည် ဆင်းရဲသား နှင်းပြားများချည်းဖြစ်၏။ ရိုးသားမှုကို အပိအပြင် ဖော်ပြနေကြသည့် အောက်တန်းစားများသာဖြစ်၏။ သို့ဆိုပါက သူ့ပန်းချီကားများသည် အဆမတန် ထည်ဝါခန့်ငြားလှသော ဤဆိုင်၏ အရောင်းပြခန်းများတွင် တင်၍ ဖြစ်ပါမည်လော။ ရောင်း၍ကော ရပါမည်လော။

သူ့စိတ်ထဲတွင် ဘဝမကျဖြစ်နေမိသည်။

သူသည် အူကြောင်ကြောင် ပုံစံမျိုးဖြင့် မောဗီး၏ လက်ရာ သိုးတစ်ကောင်ပုံကို စိုက်ကြည့်နေမိသည်။ အရောင်းစာရေးများသည် သူ့အဝတ်အစားများနှင့်အပြုအမူများကို တစ်ချက်မျှကြည့်၍ အကဲခတ်သည်။ "ဘာအလိုရှိပါသလဲခင်ဗျာ" ဟူသော စကားကိုပင် မေးဖော်မရ။ နောက်ဖက် အရောင်းပြခန်းအတွင်း၌ ပန်းချီကားများကို ပြင်ဆင်ချိတ်ဆွဲခိုင်းပြီး၍ အောက်ထပ်သို့ ဆင်းလာသောတာစတိသည် မျက်နှာစာခန်းမကြီးအတွင်းသို့ ဝင်ရောက်လာသည်။ ဗင်းဆင့်ကတော့ တာစတိကို မမြင်။

တာစတိသည် တစ်ခဏမျှ ရပ်၍ သူ၏ အရောင်းစာရေး လူဟောင်းကို ငေးကြည့်နေသည်။ ဆံပင်ကို တိုတိုပါးပါး ညှပ်ထားသည်။ နီရဲရဲ မုတ်ဆိတ်

မွေးငုပ်တိုများသည် ထိုးထိုးထောင်ထောင်၊ စီးထားသည့် ယာသမား ရှူးဖိနပ်၊ ဝတ်စားထားသည့် အလုပ်ကြမ်းသမားဝတ်စုံ၊ လည်ပင်းတွင် နက္ကတိုင်မပါ။ ခြိုင်းကြားတွင် ညှပ်ထားသည့် အထုပ်တစ်ထုပ်၊ သူမြင်နေရသောလူသည် လှပခမ်းနားသော အရောင်းပြခန်းနှင့် အံမဝင်ခွင်မကျ။

"ဘယ်လိုလဲ ဗင်းဆင့်" ဟု တာစတိက လှမ်းနှုတ်ဆက်သည်။ နှုးညံ့သော ကော်ဇောပေါ်မှ ဖြတ်လျှောက်ကာ ဗင်းဆင့်အနီးသို့ ရောက်လာသည်။ "တို့ ပန်းချီကားတွေကို ကြည့်ပြီး အံ့သြအားကျနေတယ်ထင်ပါရဲ့"

ဗင်းဆင့်က လှည့်ကြည့်သည်။ "ဟုတ်တယ်၊ ပန်းချီကားတွေက တကယ့် လက်ရာကောင်းတွေပဲ" ဟု အလိုက်သင့် ပြန်ပြောသည်။ "နေကောင်း ရဲ့လား မစ်ဂျ်ဟီယာ တာစတိ၊ ကျွန်တော့်အမေနဲ့အဖေက ခင်ဗျားကို သတိရကြောင်း ပြောပြဖို့ မှာလိုက်တယ်"

ရှစ်နှစ်ကြာမျှ ကွဲကွာနေခဲ့ကြသော လူနှစ်ယောက်သည် အားပါးတရ လက်ဆွဲနှုတ်ဆက်ကြသည်။

"ခင်ဗျားကြည့်ရတာ သိပ်ကို ကျန်းမာရေးကောင်းပုံပဲ၊ ကျွန်တော်နဲ့ နောက်ဆုံး ခွဲခွာသွားရတဲ့ အချိန်တုန်းကထက်တောင် ပိုကောင်းလာသလိုပဲ တာစတိ"

"အေးဟုတ်တယ်၊ နေရထိုင်ရတာ အတော်ကြီးကို အဆင်ပြေ တယ် ဗင်းဆင့်ရ။ ကိုယ့်ကိုယ်ကို အသက်ပိုငယ်လာတယ်လို့တောင် ထင်မိတယ်။ ကဲလာ။ ငါ့ရုံးခန်းထဲ သွားကြရအောင်။"

ဗင်းဆင့်သည် ရှေ့မှနေ၍ ကျယ်ဝန်းသော လှေခါးကြီးအတိုင်း တက်သွားနေသည့် တာစတိ၏ နောက်မှ လိုက်သွားသည်။ နံရံများပေါ်မှ ပန်းချီကားများကို စိတ်ဝင်စားနေမိသော ဗင်းဆင့်သည် မကြာခဏ ခလုတ်တိုက်လျက် ရှိ၏။ အခုလို ပန်းချီကား လက်ရာကောင်းများကို ပထမဆုံးအကြိမ် မြင်ဖူးခဲ့သည် မှာ ဘရပ်ဆဲလ်မြို့သို့ သူညီ သီအိုနှင့် ရောက်ခဲ့စဉ်ကဖြစ်၏။ ထို့နောက်တော့ လက်ရာကောင်းများကို မြင်တွေ့ခွင့်မရခဲ့တော့။ အခုမှပင် တွေ့ရမြင်ရခြင်း ဖြစ်သည်။ တာစတိသည် သူ့ရုံးခန်းတံခါးကို ဖွင့်ကာ ဗင်းဆင့်ဖက်လှည့်၍ ဦးခေါင်းကို ညွှတ်သည်။

"ထိုင်ပါ ဗင်းဆင့်"

ဗင်းဆင့်သည် ဝေဆင်ဘရုခ်၏ ပန်းချီကားတစ်ခုကို ကြည့်ကာ ရင်သပ်ရှုမော ဖြစ်နေသည်။ သူသည် ဤပန်းချီဆရာ၏ လက်ရာကို တစ်ကြိမ်

တစ်ခါမှပင် မမြင်ဖူးခဲ့။ သူသည် တာစတိ၏ ဖိတ်ခေါ်သံကြောင့် ကပျာကယာ ဝင်ထိုင်ကာ ချိုင်းကြားမှ အထုပ်ကို ချလိုက်သည်။ ထို့နောက် ယောင်တီးယောင်ကန်းဖြင့် အထုပ်ကို ပြန်ကောက်သည်။

"ခင်ဗျား ကျွန်တော့်ကို ငှားလိုက်တဲ့ စာအုပ်တွေ ပြန်ယူလာတယ် မစ်ဂျ်ဟီယာတာစတိ"

ပြောပြောဆိုဆို သူသည် လက်ထဲမှ အထုပ်ကိုဖြည်သည်။ အထဲမှ ထွက်လာသည့် ရှပ်အင်္ကျီတစ်ထည်နှင့် ခြေအိတ်တစ်စုံကို စားပွဲတစ်ဖက်သို့ တွန်းပို့လိုက်ပြီး "ဖူဆင်း၏ ပန်းချီလေ့ကျင့်ခန်းများ" စာအုပ်အတွဲများကို တာစတိ၏ ရှေ့၌ ချပေးသည်။

"ကျွန်တော် ပုံတွေ အများကြီး ဆွဲခဲ့တယ်။ ခင်ဗျားငှားလိုက်တဲ့ ဒီစာအုပ်တွေဟာ ကျွန်တော့်အတွက် အများကြီး အထောက်အကူ ဖြစ်ခဲ့ပါတယ်"

"မင်းဆွဲထားတဲ့ပုံတွေကို ပြစမ်းပါဦး" ဟု တာစတိက လိုရင်းကို ပြောသည်။

ဗင်းဆင့်သည် ဘိုရင်းနိတ်၌ နေထိုင်စဉ်က ရေးဆွဲထားခဲ့သည့် ပန်းချီကားပုံကြမ်းများကို ပြသည်။ တာစတိသည် ပုံဆွဲစက္ကူများကို တစ်ရွက်ချင်းစီ ယူ၍ ကြည့်နေသည်။ ဗင်းဆင့်က သူ အက်တင်၌ နေခဲ့စဉ်က ရေးဆွဲထားခဲ့သည့် ပုံများကို ကပျာကယာ ဆွဲထုတ်ပေးသည်။ ထိုပုံများထဲမှ အချို့သည် တာစတိအား စိတ်ဝင်စားစေခဲ့သည်။ ဗင်းဆင့်သည် သူ ဤခရီးကို ထွက်မလာမီက ရေးဆွဲခဲ့သော ပုံများကို ထုတ်ပြပြန်၏။ ဤတစ်ကြိမ်တွင်မူ တာစတိသည် စောစောကထက် ပို၍ စိတ်ဝင်စားလာပုံရလေသည်။

"အရောင်ယူထားပုံကို ကြိုက်တယ်။ မင်း အမိအရ ဖမ်းမိထားတဲ့ သဘောရှိတယ်" ဟု တာစတိက ပုံတစ်ပုံကို ကြည့်၍ မှတ်ချက်ချသည်။

"ကျွန်တော့်ဖာသာ ကျွန်တော်ကြည့်တော့ မမိဘူးလို့ ထင်တယ်" ဟု ဗင်းဆင့်က ပြန်ပြောသည်။

ပုံအားလုံးကို ကြည့်အပြီးတွင် ဗင်းဆင့်သည် တာစတိ၏ ထင်မြင်ချက်ကို စောင့်မျှော်သည်။

တာစတိသည် သူ့လက်များကို စားပွဲပေါ်သို့ ချလိုက်သည်။ "မင့် အနေနဲ့ တိုးတက်မှု အနည်းအပါးတော့ ရှိပါတယ်" ဟု ပြောသည်။ "များများစားစားတော့ မဟုတ်ဘူး၊ တကယ့် နည်းနည်းပါးပါးပဲ။ ပထမဆုံးဆွဲထားတဲ့ ပုံတွေကို ကြည့်တုန်းကဆိုရင် ငါ တော်တော် လန့်သွားမိတယ်။ အဲဒီလက်ရာတွေကို ကြည့်လိုက်တော့

မင်းဟာ ပုံဆွဲတတ်ဖို့အတွက် အတော်ကြီးကို ရုန်းကန်လှုပ်ရှားနေရတဲ့သဘောကို ပြနေတယ်"

"ဒီလောက်ပဲလား။ အဲဒီပုံတွေထဲမှာ အားထုတ်လှုပ်ရှားနေရတဲ့ သဘောပဲ ပါသလား. . . ။ အစွမ်းအစကော မပါဘူးလား"

ဤမေးခွန်းသည် မမေးသင့်သော မေးခွန်းမှန်း သူသိသည်။ သို့သော် လည်းသူ့ရင်ထဲ၌ ရှိနေသည့် သိချင်စိတ်ကို မျိုသိပ်မထားနိုင်။

"အဲဒါကျတော့ အဖြေပေးဖို့ စောလွန်းမနေဘူးလား ဗင်းဆင့်"

"စောချင်လဲ စောနေမှာပေါ့။ ကျွန်တော်ဆွဲထားတဲ့ ပုံကြမ်းတွေကိုလဲ ယူလာခဲ့တယ်။ ခင်ဗျား ကြည့်ချင်စိတ်ရှိမလား"

"ကြည့်ချင်ပါတယ်။ ကြည့်ပေးဖို့ ဝန်မလေးပါဘူး"

ဗင်းဆင့်သည် သူရေးဆွဲထားသည့် ကျောက်မီးသွေးတွင်း အလုပ်သမားများနှင့် လယ်သမား၊ ယာသမားများ၏ ပုံတူ၊ ပုံကြမ်းများကို စားပွဲပေါ်သို့ ချပြသည်။ ရုတ်တရက် အခန်းထဲတွင် ကြောက်မက်ဖွယ်ကောင်း လောက်အောင် တိတ်ဆိတ်သွားသည်။ ထိုတိတ်ဆိတ်မှုသည် ဟော်လန်တစ်နိုင်ငံလုံးတွင် ကျော်ကြားသွားခဲ့သည့် တိတ်ဆိတ်မှုဖြစ်၏။ ရာပေါင်းများစွာသော လူငယ်ပန်းချီဆရာများအား သူတို့၏ လက်ရာများကို ညှဲ့ဖျင်းသည်ဟု ပြောလိုက်သော သို့မဟုတ် ငြင်းပယ်၍ မရနိုင်အောင် ထူးခြားသည့်အချက်ကို ပြောပြလိုက်သော သတင်းထူးတစ်ခုကို ဖော်ပြလိုက်သည့် တိတ်ဆိတ်မှုလည်း ဖြစ်ချေသည်။

တာစတီသည် ပုံကြမ်းအားလုံးကို ရေငုံနှုတ်ပိတ်လုပ်၍ ကြည့်နေသည်။ သူ့ထံမှ ဘာသံမှမကြားရ။ ဗင်းဆင့်သည် စိတ်မကောင်းဖြစ်ရ၏။ တာစတီသည် ကုလားထိုင်ကို ကျောနှင့်မှီ၍ ထိုင်ကာ ပြတင်းပေါက်မှ မြင်တွေ့နေရသော ရေကန်တစ်ကန်ထဲမှ ငန်းများကို ကြည့်နေသည်။ အတွေ့အကြုံများအရ သူကသာ စတင်၍ စကားမပြောလျှင် တိတ်ဆိတ်မှုသည် ရာသက်ပန်တည်ရှိသွားလိမ့်မည်ဟု ဗင်းဆင့် နားလည်သည်။

"တိုးတက်မှု အနည်းအကျဉ်းလောက် မတွေ့မိဘူးလား မစ်ဂျ်ဟီယာ တာစတီ" ဟု သူကမေးသည်။ "ဘရားဘန့်မှာ ဆွဲခဲ့တဲ့ ပုံကြမ်းတွေက ဘိုရင်းနိတ်မှာ ဆွဲခဲ့တဲ့ ပုံကြမ်းတွေထက် ပိုကောင်းလာတယ်လို့ကော မထင်မိဘူးလား"

တာစတီသည် သူ့အကြည့်ကို ဗင်းဆင့်ဖက်သို့ လှည့်လိုက်သည်။ "အင်း ပိုပြီး ကောင်းလာပါတယ်။ ဒါပေမယ့် အဆင့်မမီဘူး။ အခြေခံရေးဆွဲ မှုတွေ မှားနေတယ်။ ငါ အခုမြင်တာတော့ ဒါပဲရှိသေးတယ်။ ချက်ခြင်းလက်ငင်း

ကတော့ အတိအကျ မပြောနိုင်သေးဘူး။ လောလောဆယ် ပုံတူကူးဆွဲတဲ့အလုပ်ကိုတော့ ဆက်လုပ်နေရင် ကောင်းမယ်လို့ ထင်တာပဲ။ မင့်အနေနဲ့ မူရင်း သဘာဝပုံတွေကို ဆွဲဖို့ကတော့ အဆင်သင့် မဖြစ်သေးဘူး။ ဘဝသရုပ်ဖော်ပန်းချီတွေကို မဆွဲခင် သဘာဝရဲ့ အခြေခံသဘောတရားတွေကို မိမိရရ သိနားလည်ထားအောင်တော့ လုပ်မှ ဖြစ်မယ်ဟု ပြောသည်။

"ကျွန်တော် ဟော်မြို့ကို လာပြီး ပညာယူချင်တယ်။ ကျွန်တော့်စိတ်ကူးကောင်းပါ့မလား"

တာစတိသည် ဗင်းဆင့်နှင့်ပတ်သက်၍ သူ့တွင်တာဝန်မရှိစေချင်၊သူယခုရင်ဆိုင်နေရသော အခြေအနေသည် ထူးခြားမှုရှိနေသည်ဟု ထင်လျက်ရှိ၏။

"ဟော်မြို့ဟာ နေရာကောင်းတစ်ခုပါ" ဟု သူက မယုတ်မလွန်ပြောသည်။ "ဟော်မှာ ပန်းချီပြခန်းတွေနဲ့ လူငယ်ပန်းချီဆရာတွေ အတော်များများရှိနေတာပဲ။ ဒါပေမယ့် အန့်တ်ဝပ်တို့ ပါရီတို့ ဘရပ်ဆဲလ်တို့ထက်ပိုပြီး ကောင်းတယ် မကောင်းဘူးဆိုတာကျတော့ ငါလဲ မသိဘူး"

ဗင်းဆင့်သည် တာစတိထံမှ ပြန်လာခဲ့သည်။ စိတ်အားပျက်ခြင်းတော့ မဖြစ်၊ တာစတိသည် သူရေးဆွဲထားသည့် ကားများထဲတွင် "တိုးတက်မှုအချို့ကို မြင်တွေ့ခဲ့သည်မှာ ထင်ရှား၏။ တကယ်တော့ တာစတိ၏ မျက်လုံးအစုံသည် ပန်းချီကားများကို ကြည့်ရှုရာ၌ အလွန် အစွမ်းထက်မြက်သည်ဟု ဟော်လန်တစ်နိုင်ငံလုံးက အသိအမှတ်ပြုထားကြသည် မဟုတ်ပါလား။ မည်သို့ပင်ဖြစ်စေသူ၏ ပုံကြမ်းများသည် လက်တွေ့ဘဝကို ရေးဆွဲထားသော ပုံများဖြစ်၏။ ထိုပုံကြမ်းအားလုံးသည် ညံ့ဖျင်းကြသည်မဟုတ်။ ရှိသင့်ရှိအပ်သော အင်္ဂါရုပ်များလုံးဝမပါဟုလည်း ပြော၍မရ။ အကယ်၍သာ သူ ဆက်လက်ပြီး ကြိုးစားအားထုတ်၍ လုပ်ကိုင်သွားမည်ဆိုပါက သူ့လက်ရာအားလုံးသည် မှန်ကန်သော အဆင့်မီသော ပန်းချီကားများ ဖြစ်လာကြမည်မှာ မလွဲ။

(၅)

ဟော်မြို့သည် ဥရောပတလွှားတွင် အသန့်ရှင်းဆုံးနှင့် အဖွံ့ဖြိုးဆုံးမြို့တစ်မြို့ဟု ဆိုရမည်ဖြစ်၏။ အမှန်တော့လည်း ဟော်မြို့သည် ဟော်လန်နိုင်ငံ၏ ဟန်ကို အပိအပြင် မြင်နိုင်သော မြို့ဖြစ်သည်။ တည်ဆောက်ပုံ ရိုးရိုးစင်းစင်း

ရှိသည်။ မြို့တော်သန့်ရှင်းရေးနှင့်ပတ်သက်၍ စည်းကမ်းတင်းကြပ်သည်။ အလွန်သာယာလှပသော မြို့အဖြစ် ထင်ရှားသည်။

အမှိုက်သရိုက်နှင့် အညစ်အကြေးဟူ၍ လုံးဝမရှိသော လမ်းများ၏ ဘေးတစ်ဖက်တစ်ချက်တွင် အပွင့်အဖူးများဖြင့် ဝေဆာနေသော သစ်ပင်ကြီးများ တန်းစီနေကြသည်။ လမ်းဘေးဝဲယာရှိ အုတ်တိုက်နေအိမ်များသည် အိမ်ရှေ့မျက်နှာစာတွင် နှင်းဆီပန်းများနှင့် ရေမွှေးပန်းများကို လှပသပ်ယပ်စွာ စိုက်ပျိုးထားသည့် ပန်းခြံကလေးများ ကိုယ်စီ ပိုင်ဆိုင်ထားကြ၏။

မြို့ပေါ်တွင် စုတ်စုတ်ချာချာ နေအိမ်များမရှိ။ ဆင်းရဲသားရပ်ကွက်ဟူ၍လည်း မတွေ့ရ။ မျက်စိနောက်စရာဟူ၍ ဘာတစ်ခုမှမရှိ။ ဒတ်ချ်လူမျိုးတို့၏ သဘာဝရိုးရာဓလေ့အတိုင်း အလွန် အေးဆေးတည်ငြိမ်သော နေထိုင်မှုမျှကိုသာ မြင်ရသည်။ လွန်ခဲ့သော နှစ်ပေါင်းများစွာကတည်းက ဟော်မြို့သည် ငှက်ကျားပုံကို မြို့တော်၏ အထိမ်းအမှတ်တံဆိပ်အဖြစ် တရားဝင် အသိအမှတ်ပြုခဲ့သည်။ မြို့လူဦးရေမှာလည်း ထိုအချိန်မှစ၍ လျင်မြန်စွာ တိုးတက်များပြားလာခဲ့လေသည်။

ဗင်းဆင့်သည်နောက်တစ်နေ့တွင် မောဗီး၏ အမှတ် ၁၉၈၊ ယူလီဘူးမင်းလမ်း နေအိမ်သို့ သွားသည်။ မောဗီးကသူ့အား လှိုက်လဲစွာဆီးကြိုသည်။

မောဗီးသည် ကိုယ်လုံးကိုယ်ထည် တုတ်ခိုင်ကြီးမားသည်။ သန်မာတောင့်တင်းသည်။ လက်ပြင်ကုန်းကုန်း၊ ရင်အုပ်ကျယ်ကျယ်ဖြစ်၍ သူဦးခေါင်းသည် တာစတိ၏ ဦးခေါင်းကဲ့သို့ပင် ကြီးမားသည်။ မျက်လုံးအစုံသည် ကြည်လင်တောက်ပသည်။ စိတ်ခံစားမှု လွယ်ကူပြင်းထန်တတ်ခြင်းကို ပီပြင်စွာ ဖော်ပြနေကြသည်။ နှာတံပေါ်ပေါ်၊ နဖူးကျယ်ကျယ်၊ နားရွက်ကားကား ဖြစ်၏။ ဆံပင်ကို ညာဘက်သို့ မျှားမျှားထား၍ ခွဲထားသည်။

မောဗီးသည် အလွန် အလုပ်လုပ်နိုင်သူဖြစ်၏။ သူသည် ပန်းချီဆွဲနေရင်းနှင့် ပင်ပန်းနွမ်းနယ်လာသည့်အခါ အလုပ်ကို ရပ်၍ နားခြင်းမပြုပဲ ဆက်၍ဆွဲလေ့ရှိသည်။ ပို၍ ပင်ပန်းလာသည့်အခါ တိုး၍ ရေးဆွဲသည်။ ဤသို့ဖြင့် သူ့ပန်းချီကားပေါ်တွင် စွာန်ဝင်ကာ အားအင်သစ် ပြန်ဝင်လာသဖြင့် ပန်းချီကားကို မရပ်မနား ဆက်၍ဆွဲလေ့ရှိ၏။

မောဗီး၏ ယောကျ်ားမှာ အင်နာကော်နယ်လီယာနှင့် ညီအစ်မတော်သဖြင့် မောဗီးနှင့် ဗင်းဆင့်တို့သည် ဆွေရိပ်မျိုးရိပ်မကင်းပေ။ သူတို့ ဆွေမျိုးသားချင်းများသည် အချင်းချင်း သံယောဇဉ်ကြီးသော အကျင့်ရှိကြသည်။

ဤစိတ်ကြောင့်လည်း ဗင်းဆင့်နှင့် မောဗီးတို့သည် တစ်ဦးနှင့်တစ်ဦး တရင်းတနှီး ရှိကြသည်။

"ဂျက်တ်တော့ အိမ်မှာမရှိဘူး ဗင်းဆင့်" ဟု မောဗီးက ပြောသည်။ "တို့များ စတူဒီယိုခန်းထဲ သွားကြရအောင်။ အဲဒီမှာဆိုရင် တို့အတွက် ပိုပြီး အဆင် ပြေလိမ့်မယ်လို့ ထင်တယ်"

"ကောင်းသားပဲ၊ သွားကြစို့လား" ဟု ဗင်းဆင့်က ပြန်ပြောသည်။ သူ့အနေဖြင့် မောဗီး၏ပန်းချီစတူဒီယိုကို အလွန်ကြည့်ချင်နေသည် မဟုတ်ပါလား။

မောဗီးသည် ဗင်းဆင့်အား ပန်းခြံထဲရှိ သစ်သားစတူဒီယိုကြီးဆီသို့ ခေါ်သွားသည်။ စတူဒီယိုမှာ အတော်ကြီးမားပြီး ကျယ်ဝန်းသည်။ အဝင်တံခါး ပေါက်သည် အိမ်ဘေးၭ တည်ရှိသည်။ စတူဒီယိုသည် အိမ်နှင့် အတော်ကလေး ကွာသည်။ ပန်းခြံ၏ လေးဖက်လေးတန်ကို ခြံစည်းရိုးများ အပြည့်ကာရံထားသဖြင့် မောဗီး၏ စတူဒီယိုခန်းမသည် တစ်သီးတသန့် ဖြစ်နေသည်။ သူ့အဖို့ အလွန် အလုပ်လုပ်၍ကောင်းသော အထီးကျန်နေရာတစ်ခု ဖြစ်ပေသည်။

ခန်းမထဲ ခြေချလိုက်မိသည်နှင့်တပြိုင်နက် ဆေးတံဆေးအနံ့နှင့် ဟားနစ်ဆေးနံ့များသည် ဗင်းဆင့်၏ နှာခေါင်းဆီသို့ ရောက်လာကြသည်။ အတော်ပင် ကြီးမားကျယ်ပြန့်သော စတူဒီယိုဖြစ်၏။ ကော်ဇောပေါ်ၭ ဟိုတစ်ခု သည်တစ်ခု ဖြန့်ချထားသော ပန်းချီကားတင်ခုံများပေါ်တွင် ပန်းချီကားများ တင်ထားသည်ကို တွေ့မြင်နေရသည်။ ထောင့်တစ်ထောင့်တွင် ရှေးဟောင်းစားပွဲတစ်လုံး ချထားသည်။

စာအုပ်များသည် အခန်းထဲတွင် ဟိုတစ်ပုံ သည်တစ်စု ပြန့်ကြဲနေကြ၏။ နေရာတိုင်းလိုလိုတွင် ပန်းချီစုတ်တံများနှင့် ဆေးတောင့်များသည် အသင့် ရှိနေကြသည်။ ပန်းချီကားတစ်ချပ် ရေးဆွဲလိုစိတ် ပေါ်လာလျှင် ချက်ခြင်း လှုံ့ယူပြီး ရေးဆွဲနိုင်ရန် စီမံထားခြင်းဖြစ်၏။ ပန်းချီစတူဒီယိုခန်းတစ်ခန်းထဲမှ ဘဝတစ်ခုနှင့် ထိုဘဝ၏ ပြည့်စုံလုံလောက်မှုအနေအထားကို ရယူခံစားလိုစိတ် သည် ဗင်းဆင့်၏ရင်ထဲၭ လှိုက်လှိုက်လဲလဲ ဖြစ်ပေါ်လာနေသည်။

သူတို့သည် မိသားစုအကြောင်းကို စကြန့်အနည်းငယ်မျှသာ မေးဖြစ်ကြ ပြောဖြစ်ကြသည်။ ထို့နောက်တော့ သူတို့ စိတ်အဝင်စားဆုံးဖြစ်သည့် ပန်းချီ အကြောင်းကိုသာ ပြောကြသည်။ တကယ်တော့ မောဗီးသည် အခြားသော ပန်းချီဆရာများနှင့် မဆုံမိအောင် ရှောင်လွှဲရှိသူဖြစ်သည်။ သူ အမြဲတစေ ပြောလွှဲရှိသည့် စကားတစ်ခုမှာ လူတစ်ယောက်သည် ပန်းချီဆွဲလျှင်ဆွဲ ပန်းချီ

မဆွဲလျှင် ပန်းချီအကြောင်းကို ပြောနေနိုင်ရမည်ဟု ဖြစ်၏။ သို့သော်လည်း လက်တွေ့ကျတော့ သူကိုယ်တိုင်ပင် ထိုနှစ်မျိုးစလုံးကို လုပ်သူမဟုတ်ချေ။

ယခုလောလောဆယ်တွင် သူသည် စိတ်ကူးသစ်တစ်ခုဖြင့် အလုပ်ရှုပ်လျက်ရှိ၏။ ညနေ နေဝင်ဆည်းဆာအချိန်တွင် မြူဆိုင်းသော ရှုခင်းကို ဘယ်လို အသက်ဝင်လာအောင် ဆွဲယူရမည်နည်း။ ဤစိတ်ကူးသည် သူ့အတွက် အလွန် အရေးကြီးသော အရာတစ်ခုဖြစ်နေသည်။ သူသည် ထိုစိတ်ကူးနှင့် ပတ်သက်၍ ဗင်းဆင့်နှင့် ဆွေးနွေးဝေဖန်ခြင်း မပြုပဲ သူတွေ့ရှိထားသမျှကိုသာ အားပါးတရ ဖော်သည်ချလျက်ရှိလေသည်။

မဒမ်မောဗီး ပြန်ရောက်လာသည့်အခါ ဗင်းဆင့်အား ညစာစားပြီးမှ ပြန်ရမည်ဟု ဇွတ်အတင်း တားသည်။ အရသာထူးလှသည့် အစားအသောက်များကို မြိန်ရည်ရှက်ရည် စားသောက်အပြီးတွင်မူ ဗင်းဆင့်သည် ဆောင်းမီးဖို ရှေ့၌ ထိုင်ကာ မောဗီးတို့၏ ကလေးများနှင့် စကားစမြည်ပြောသည်။ အကယ်၍များ သူတွင် အခုလို အိမ်ထောင်စုတစ်စု ကိုယ်ပိုင်ရှိလျှင် မည်မျှ ကောင်းပါမည်နည်း ဟူသောအတွေးကို မတွေးဘဲ မနေနိုင်။ သူ့ကို ချစ်မြတ်နိုးသော သူ့အပေါ် ယုံကြည်ကိုးစားသော မယားတစ်ယောက်နှင့် သူ့အား မိသားစု၏ အကြီးအကဲ ဖခင်အဖြစ်အသိအမှတ်ပြုနေကြသည့် သားသမီးများသာရှိလျှင် မည်မျှကောင်းပါမည်နည်း။ ပျော်စရာ အလွန်ကောင်းမည့် ထိုနေ့ရက်သည် သူထံသို့ ရောက်မှ ရောက်လာပါဦးမည်လော။

မကြာခင်မှာပင် သူတို့နှစ်ယောက်သည် စတူဒီယိုထဲသို့ ပြန် ရောက်သွားကြသည်။ နှစ်ဦးစလုံး ဆေးတံကိုယ်စီဖွာ၍ အရသာခံနေကြသည်။ ဗင်းဆင့်သည် သူဆွဲထားသော ပန်းချီကားများကို ထုတ်ပြသည်။ မောဗီးက တစ်ကားချင်းစီကို ဂရုတစိုက်ကြည့်သည်။

"ဆွဲထားတာတွေက လေ့ကျင့်မှုအနေနဲ့ တွက်ရင်တော့ မဆိုးပါဘူး" ဟု မောဗီးက ပြောသည်။ "ဒါပေမယ့် သူတို့ရဲ့ အရေးပါအရာရောက်မှုက ဘာလဲ ရှိကောရှိရဲ့လား ဆိုတာ စဉ်းစားရမယ်"

"အရေးပါအရာရောက်မှု ဟုတ်လား၊ ကျွန်တော်ကတော့ နားမလည်"

"ဒီလိုလေကွာ၊ မင့်ကားတွေက မိတ္တူကူးဆွဲထားတဲ့ ကားတွေပဲ၊ ကျောင်းသားလေးတစ်ယောက်က ပုံတူကူးဆွဲထားတာမျိုးတွေကွ။ မူလဖန်တီးမှုကို ပြုခဲ့သူတွေက တခြားလူတွေပဲ။ မင့်ရဲ့ ဖန်တီးမှုက ရှိမှုမရှိတာ"

"ကျွန်တော်ကတော့ ဒီပုံတွေဆွဲတဲ့အတွက် ခံစားမှုတစ်ခုခုကို ရလိမ့်

မယ်လို့ ထင်မိတယ်"

"ဟာ အဓိပ္ပာယ်မရှိလိုက်တာ။ တကယ်လို့ မင့်အနေနဲ့ ကိုယ်ပိုင်ဖန်တီးမှုပြုချင်တယ်ဆိုရင် တကယ့်လက်တွေ့ဘဝထဲကို သွားရမယ်။ ပုံတူမကူးနဲ့ အတုမခိုးနဲ့။ မင့်ရဲ့ ကိုယ်ပိုင်စိတ်ကူးနဲ့ ရေးဆွဲထားတဲ့ ပုံကြမ်းတွေကောပါမလာဘူးလား"

ဗင်းဆင့်သည် သူ၏ ကိုယ်ပိုင်ပန်းချီကားများနှင့်ပတ်သက်၍ တာစတီ၏ဝေဖန်သုံးသပ်ချက်ကို သတိရမိ၏။ ထိုပန်းချီကားများကို မောဗီးအားပြသင့်မပြသင့် စဉ်းစားရခက်လျက်ရှိသည်။ ရုတ်တရက်ချက်ချင်း မဆုံးဖြတ်နိုင်။ တကယ်တော့ သူ ဟော်မြို့သို့လာခဲ့သည်မှာ မောဗီးထံ တပည့်ခံ၍ ပန်းချီပညာသင်ယူရန်ဖြစ်၏။ အကယ်၍ သူပြသမှု ပန်းချီကားအားလုံးသည် အညံ့စားတွေချည်း ဖြစ်နေပါမူ . . .။

"ရှိပါတယ်" ဟု ဗင်းဆင့်က ပြန်ပြောသည်။ "ကျွန်တော့်အနေ နဲ့ စရိုက်သရုပ်ဖော်ကားတွေကို ဆွဲခဲ့တယ်"

"အေး . . ကောင်းတယ်"

"ကျွန်တော့်ဆီမှာ ဘိုရင်းသတ္တုတွင်းအလုပ်သမားတွေနဲ့ ဘရားဘန့်နယ်က လယ်သမား၊ ယာသမားတွေရဲ့ ပုံတူ ပုံကြမ်းတွေ ပါလာခဲ့ပါတယ်။ ပုံတွေက သိပ်တော့ မကောင်းပါဘူး။ ဒါပေမယ့် . . ."

"ကိစ္စမရှိပါဘူးကွာ" ဟု မောဗီးကပြောသည်။ "အဲဒီပုံကြမ်းတွေကို ငါကြည့်ချင်တယ်။ အဲဒီပုံတွေထဲမှာ မင်းဖမ်းမိထားတဲ့ 'အသက်' ကို တွေ့ချင် တွေ့ရမှာပေါ့"

ဗင်းဆင့်သည် ပုံကြမ်းများကိုထုတ်၍ မောဗီးရှေ့၌ ချပြသည်။ သူ့ရင်သည် တထိတ်ထိတ်၊ မောဗီးက ဘယ်လိုများ ထင်မြင်ချက်ပေးလိမ့်မည်နည်း။ မောဗီးသည် စားပွဲ၌ထိုင်ကာ ပုံများကို တစ်ခုပြီးတစ်ခု ယူကြည့်သည်။ တစ်ချက်တစ်ချက်တွင် ဝဲပျံကျနေသော ဆံပင်များကို သပ်၍ ခေါင်းပေါ်သို့ ပြန်တင်သည်။ တစ်ချီတစ်ချီတွင်မူ ပါးစပ်မှ စုတ်သပ်သံ ထွက်ပေါ်လာတတ်သည်။ တစ်ကြိမ်တွင်မူ သူ့လက်ထဲမှ ပုံကြမ်းပန်းချီကားကို စိတ်ဝင်တစားကြည့်နေရာမှ အလွန်မကျေမနပ်ဖြစ်သည့် မျက်နှာထားဖြင့် ဗင်းဆင့်အားလှမ်းကြည့်သည်။ ခဏမျှအကြာတွင်အလုပ်သမားတစ်ယောက်၏ ပုံကို ဆွဲယူကာ ထိုင်ရာမှထ၍ သူရေးဆွဲထားသည့် ပုံကြမ်းပန်းချီတစ်ကားနှင့် အသေအချာယှဉ်ကြည့်နေသည်။

"အင်း အခုမှပဲ ငါ ဘယ်နေရာမှာ မှားနေတယ်ဆိုတာကို မြင်ရတော့တယ်" ဟု ရေရွတ်သည်။

သူသည် ပုံဆွဲခဲတံကို ကောက်ယူပြီး အလင်းပေးထားသည့်နေရာကို ပြန်လည်ပြင်ဆင်ပြီး ရေးဆွဲသည်။ ခဲကြောင်းများကို ခပ်ကြမ်းကြမ်း ဆွဲယူသည်။ ဆွဲနေရင်းမှလည်း ဗင်းဆင့်၏ ပုံကို တစ်ချိန်လုံး မျက်ခြေမပြတ် ကြည့်သွားသည်။

"အခုမှပဲ ပုံက ပိုကောင်းသွားတယ်" ဟု နောက်သို့ ခြေတစ်လှမ်းမျှ ခွာရပ်ပြီး သူ့ပုံကို ကြည့်၍ ရေရွတ်သည်။ "အခုကျတော့မှပဲ ဒီမြေပေါ်မှာ မွေးဖွားလာတဲ့ သူတောင်းစားတစ်ယောက်နဲ့ တူလာတယ်"

သူသည် ဗင်းဆင့်၏ ဘေးသို့ လျှောက်လာသည်။ ဘေးချင်းယှဉ်ရပ်ကာ သူ့ဝမ်းကွဲညီတော်မောင်၏ ပုခုံးကို တရင်းတနှီး ဖက်ထားသည်။

"မင်းဆွဲထားတာ မှန်တယ်ကွ" ဟု သူကပြောသည်။ "မင်း ပန်းချီလမ်းမပေါ် ခြေချမိပြီ။ မင့်ပုံကြမ်းတွေက သပ်သပ်ယပ်ယပ်တော့ မရှိသေးဘူး။ ဒါပေမယ့် စစ်မှန်တဲ့ သဘာဝကို မြင်နေရပြီ။ ဒီပုံတွေထဲမှာ အားမာန်နဲ့ ဟန်ချက်ညီမှုတွေ အပြည့်အဝ ရှိနေတာကို နေရာအတော်များများမှာ မကြာခဏာ တွေ့ရတယ်။ အခုအချိန်ကစပြီး ကော်ပီကူးတဲ့ စာအုပ်တွေကို လွှင့်ပစ်တော့။ ပန်းချီဆေးတွေ ဝယ်ပေတော့။ ဆေးရောင်စုံနဲ့ ပန်းချီဆွဲတဲ့အလုပ်ကို မြန်မြန်လုပ်နိုင်လေလေ မင့်အတွက် ပိုကောင်းလေပဲလို့သာ မှတ်တော့။ မင်းဆွဲထားတဲ့ ပုံတွေထဲမှာ တစ်ဝက်လောက်သာ မကောင်းတာ၊ အဲဒီတော့ ဆက်သာဆွဲ၊ ဆွဲရင်းဆွဲရင်းနဲ့ပဲ မင့်လက်ဟာ တက်လာမှာပဲ"

မင်္ဂလာရှိလှသော စကားကြားရသည့်အတွက် ဗင်းဆင့်သည် အခိုက်အတန့်မျှ တွေတွေငေးငေး ဖြစ်သွားသည်။

"ကျွန်တော် အခုလာတာဟာ ဟော့ဂ်မြို့ကို ပြောင်းပြီး နေဖို့ပါ" ဟု ဗင်းဆင့်က ပြောသည်။ "ကျွန်တော့်အလုပ်ကို ဒီမှာပဲ ဆက်လုပ်မယ်။ တစ်ခါတလေ လိုအပ်တဲ့အခါ အစ်ကိုက အကူအညီပေးနိုင်မယ် မဟုတ်လား။ ကျွန်တော့်မှာ အစ်ကို့လို လူတစ်ယောက်ဆီက အကူအညီရဖို့ လိုနေတယ်။ ကြီးကြီးမားမား မဟုတ်ပါဘူး။ ဒီနေ့ နေ့ခင်းက ကျွန်တော့်ကို အစ်ကို့ပန်းချီကားတွေပြပြီး ရှင်းပြတာမျိုးလောက်ဆိုရင် လုံလောက်ပါတယ်။ လူငယ်လက်သင် ပန်းချီဆရာတိုင်းမှာ ဆရာတစ်ယောက်ရှိဖို့ကတော့ လိုအပ်တယ်လို့ ထင်တယ် အစ်ကို။ ကျွန်တော့်ကို အစ်ကို့လက်အောက်မှာ အလုပ်လုပ်ခွင့် ပေးမယ်ဆိုရင် ကျေးဇူးကြီးလှပါပြီ"

မောဗီးသည် သူစတူဒီယိုခန်းထဲမှ ပန်းချီကားအားလုံးကို တစ်ခုချင်းစီ လျှောက်ကြည့်နေသည်။ သူ့အနေဖြင့် အလုပ်မှ နားနေသည့်အချိန်ကလေးတွင် သူ့မိသားစုနှင့် အချိန်ဖြုန်းလို၏။ စောစောက ဗင်းဆင့်အပေါ် ထွေးထွေးနွေးနွေး ဆက်ဆံလိုသောဆန္ဒသည် အခိုးအငွေ့ဖြစ်ကာ ပျောက်ကွယ်သွားသည်။ သူ၏ ဆက်ဆံမှုသည် တွန့်ဆုတ်ဆုတ်အနေအထားသို့ ရောက်သွားသည်။ လူတို့၏ စိတ်သဘောထား ပြောင်းလဲမှုများအပေါ် သိလွယ်မြင်လွယ် နားလည်လွယ်လွန်းလှသော ဗင်းဆင့်သည် မောဗီး၏ အပြောင်းအလဲကို ချက်ခြင်းသိသည်။

"ကိုယ်က သိပ်အလုပ်များတဲ့လူကွ" ဟု မောဗီးက ပြောသည်။ "တခြားလူတွေကို ကူညီဖို့အတွက် အချိန်က မရှိသလောက်ကို နည်းတာ၊ ပန်းချီဆရာတစ်ယောက်ဟာ တစ်ကိုယ်ကောင်းဆန်ရမှာပဲ ဗင်းဆင့်၊ သူ့အလုပ်ချိန်နဲ့ ပတ်သက်လာရင် စက္ကန့်တိုင်းကို သတိနဲ့ သုံးရမယ်။ ငါ မင့်ကို အချိန်များများယူပြီး သင်ပြပေးနိုင်မယ် မထင်ဘူး"

"ကျွန်တော်ကလဲ အချိန်အများကြီး ပေးရမယ်လို့ မပြောပါဘူး" ဟု ဗင်းဆင့်က ပြန်ပြောသည်။ "တစ်ခါတလေ ကျွန်တော့်ကို ဒီမှာလာပြီး အလုပ်လုပ်ခွင့်ပေးရုံပါပဲ။ အလုပ်လုပ်တယ်ဆိုတာကလဲ အစ်ကို ပန်းချီဆွဲပုံဆွဲနည်းကို ဘေးက ကြည့်ရှုလေ့လာဖို့ပါ။ ဒီနေ့နေ့ခင်းက ခင်ဗျား ကျွန်တော့်ကို ပန်းချီကားတွေပြရင်းနဲ့ ရှင်းပြသွားသလို ရှင်းပြသွားရုံလောက်ပါ။ တစ်ခါတလေ ခင်ဗျား နားတဲ့အခါမှာ ကျွန်တော်ဆွဲထားတဲ့ ပန်းချီကားတွေကိုကြည့်ပြီး အမှားတွေတွေ့ရင် ထောက်ပြသွားဖို့ပါ။ ဒါလောက်ပဲ လုပ်ပေးဖို့ ပြောတာပါ"

"မင်းကတော့ မင်းတောင်းနေတဲ့အခွင့်အရေးဟာ မဖြစ်စလောက်လေးလို့ ထင်မှာပဲ။ ဒါပေမယ့် ငါပြောတဲ့စကားကို ယုံပါ။ ပညာသင် လက်ထောက်တစ်ယောက်အဖြစ် လက်ခံဖို့ဆိုတာ အတော်ကြီးကို အလေးအနက်ထားရတဲ့ ကိစ္စတစ်ခုကွ"

"ခင်ဗျားအတွက် ဝန်ထုပ်ဝန်ပိုးတစ်ခု မဖြစ်စေရပါဘူး အစ်ကိုရယ်။ ကျွန်တော် ကတိပေးပါတယ်"

မောဗီးသည် အချိန်များစွာယူ၍ စဉ်းစားလျက်ရှိ၏။ သူသည် လက်ထောက်ပညာသင်ထားရန် ဆန္ဒရှိသူမဟုတ်ပေ။ သူ ပန်းချီဆွဲနေခိုက်တွင် အနီးအနားပတ်ဝန်းကျင်၌ လူသူရှိနေသည်ကိုလည်း ကြိုက်သူမဟုတ်ပေ။ သူ၏ ကိုယ်ပိုင် ဖန်တီးမှုများသည် မကြာခဏဆိုသလို သူ့စိတ်နှင့် အဆက်အသွယ်ပြတ်ပြတ်သွားတတ်သည်ဖြစ်ရာ အနီးအနား၌ လူစိမ်းသာရှိနေပါက ပိုဆိုးလိမ့်

မည်ဟုထင်၏။ ထို့ပြင်လည်း ပန်းချီပညာသင်တို့အား သင်ကြားပြသရသည်မှာ အများအားဖြင့် မျက်နှာမရ ခြေထောက်ရ ဖြစ်တတ်၏။ သို့တစေလည်း ဗင်းဆင့်သည် သူနှင့် ညီအစ်ကိုဝမ်းကွဲတော်စပ်နေသည်။ ဦးလေးဗင်းဆင့်ဗင်ဂိုးနှင့် ဂေါပစ်အင် ကုမ္ပဏီသည် သူ့ထံမှ သူ့ပန်းချီကားများကို အမြဲတစေ ဝယ်ယူနေသူများဖြစ်၏။ ဤအချက်များသည် သူ့အတွက် ထောက်ထားစရာများ ဖြစ်နေသည်။ ယင်းအခြေအနေတွင် သူစိတ်ကလည်းဗင်းဆင့်အပေါ် သံယောဇဉ်ကရှိနေသည်။ အထူးသဖြင့် ဗင်းဆင့် ရေးဆွဲထားသည့် ပုံကြမ်းများထဲတွင် သူစိတ်ကို ဆွဲဆောင်နေသော စွမ်းရည်သတ္တိများနှင့်ဟန်များ ပါနေသည်ကို သူ သတိမထားပဲမနေနိုင်။

"ကောင်းပြီလေ၊ တို့နှစ်ယောက် လုပ်ကြည့်ကြသေးတာပေါ့" ဟု မောဗီးက ပြောသည်။

"ကျေးဇူးပါပဲ အစ်ကိုရာ"

"တစ်ခုတော့ ပြောထားချင်တယ် ဗင်းဆင့်။ ငါ့ဘက်က ဘာမှ ကြိုပြီး ကတိပေးမထားနိုင်ဘူး။ အခြေအနေက ကောင်းချင်မှလဲ ကောင်းမှာနော်။ မင်း ဟော့ဂ်မှာ နေရေးထိုင်ရေး အခြေကျသွားပြီဆိုရင်တော့ ဒီကိုလာခဲ့ပေါ့။ တို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ဘယ်လောက်အထိ ကူညီနိုင်မလဲဆိုတာ ကြည့်ကြတာပေါ့။ ဆောင်းဦးပေါက်မှာ ငါ ဒရင်သီကို သွားစရာရှိတယ်။ ဆောင်းဝင်ချိန်ကျမှ လာပေါ့"

"ကျွန်တော် လာဖို့စိတ်ကူးထားတာကလဲ အဲဒီအချိန်လောက်ပဲ အစ်ကို၊ ကျွန်တော့်မှာလဲ ဘရားဘန့်မှာ လုပ်စရာလေးတွေက ကျန်နေသေးတယ်။ လပိုင်းလောက်တော့ အဲဒီမှာ နေရဦးမှာ"

"ဒါဆိုရင် တို့ကိစ္စ ပြီးသွားပြီပေါ့"

အိမ်အပြန် မီးရထားပေါ်တွင် ဗင်းဆင့်သည် သီချင်းညည်းလိုက် လေချွန် လိုက်နှင့် လိုက်ပါလာသည်။ "ငါ့မှာ ဆရာတစ်ယောက် ရှိလာပြီ။ နောက်လနည်းနည်းလောက်အတွင်းမှာ ငါဟာ နာမည်ကြီး ပန်းချီဆရာတစ်ယောက် ဆီက ပညာရတော့မယ်။ သူနဲ့တွဲပြီး အလုပ်လုပ်ရတော့မယ်။ ငါကိုယ်တိုင်လဲ ပန်းချီကားတွေဆွဲရမယ်။ ငါ ဘယ်လိုဆွဲတယ်။ ငါ ဘယ်လို တိုးတက်လာတယ် ဆိုတာကို သူ မြင်ရတော့မယ်" စသည်ဖြင့်လည်း တွေးတောလာသည်။

သူ အိမ်ပြန်ရောက်သည့်အခါတွင်မူ ကေးတော့စ်တစ်ယောက် အိမ်၌ ရောက်နေသည်ကို တွေ့ရလေ၏။

(၆)

ကေး၏ ကြီးမားလွန်းလှသော ပရိဒေဝမီးသည် သူမ၏ စိတ်ဓာတ်ကို ခိုင်ခဲ့တင်းမာသွားအောင် လုပ်ပေးလိုက်သလို ဖြစ်သွားခဲ့ရ၏။ သူမသည် သူမ၏ ခင်ပွန်းသည်အား အလွန်ချစ်ခင်မြတ်နိုးတွယ်တာသူဖြစ်သည့်အား လျော်စွာ သူမ၏ လင်သည် သေဆုံးသွားခြင်းသည် သူမ၏အသက်ကိုပါ နှုတ်ယူသွားသည့်နှယ် ခံစားခဲ့ရ၏။ မိန်းမသားတစ်ဦးတွင် ရှိစမြဲဖြစ်သော ခံနိုင်ရည်စွမ်းအား မြင့်မားသည့်စိတ်ဓာတ်၊ ထက်သန်ပြင်းပြသည့် ဆန္ဒ စသည်တို့သည် လုံးဝမရှိ တော့သလို ဖြစ်သွားခဲ့သည်။

သူမ၏ လှပသော ဆံပင်များသည် အရောင်အဆင်းကင်းမဲ့နေကြ သည်။ သူမ၏ မျက်နှာသည် အမြဲတစေ ညှိုးငယ်နွမ်းလျလျက်ရှိသည်။ အပြာ ရောင်မျက်လုံးအစုံသည် ကြည်လင်တောက်ပမှု ကင်းမဲ့ကာ အမြဲတစေ ရီဝေ မှုန်မှိုင်းနေကြသည်။ တစ်ချိန်က လင်းလက်နေသော အသားရောင်သည် မှေး မှိန်ဖျော့တော့ကာ ဖြူပတ်ဖြူယော်ဖြစ်နေသည်။ ကေး၏ စိတ်ဓာတ်အင်အား သည် အမ်စတာဒမ်မြို့တွင် ဗင်းဆင့်နှင့် ဆုံမိခဲ့စဉ်ကလို ရှင်သန်တက်ကြွခြင်းမရှိ။ သူမ၏အလှသည် ဟိုတုန်းကလို နုပျိုစိုပြည်သော အလှမဟုတ်။ ရင့်ကျက်တည် ငြိမ်ပြီး သိမ်မွေ့သော အလှဖြစ်၏။

"အခုလို ပြန်ရောက်လာတာဟာ ကောင်းပါတယ် ကေးရယ်" ဟု ဗင်းဆင့်က ပြောသည်။

"ကျေးဇူးတင်ပါတယ် ဗင်းဆင့်"

သူတို့အဖို့ ပထမဆုံးအကြိမ် တစ်ယောက်ကိုတစ်ယောက် တရင်းတနှီး ခေါ်ဝေါ်ပြောဆိုဆက်ဆံကြခြင်းဖြစ်၏။ ဘယ်လိုကြောင့် အခုလို ရင်းရင်းနှီးနှီး ပြောမိဆိုမိကြသည်ကိုမူ သူတို့မသိကြ။

"ဂျန်ကိုလဲ ခေါ်လာခဲ့တယ် မဟုတ်လား"

"ခေါ်လာတယ်၊ သူ အခု ပန်းခြံထဲမှာ"

"ဘရားဘန့်ကို ကေး အလည်လာတာ ဒါ ပထမဆုံးအကြိမ်ပဲနော်။ ဗင်းဆင့်ကတော့ ဘရားဘန့်ရှခင်းတွေကို လိုက်ပြီး ပြသခွင့်ရတော့မှာမို့ ဝမ်းသာတယ်။ ဗင်းဆင့်နဲ့အတူတူ တောင်ကုန်းတွေဘက် လမ်းလျှောက်ကြ တာပေါ့"

"ကောင်းသားပဲ ဗင်းဆင့်"

ကေးက အလိုက်သင့် ပြန်ပြောသော်လည်း စိတ်အားထက်ထက်သန်သန်တော့ မရှိ။ သူ ကဇာဂရပ်ခ်ျရှိ ကေးတို့အိမ်ကို ရောက်ခဲ့စဉ်က သူ့အပေါ် ကေးက ကြင်နာစွာ ဆက်ဆံခဲ့သည်များကို ပြန်လည် သတိရမိသည်။ သူ့အနေဖြင့် ကေး၏ ယောကျ်ား သေဆုံးသွားသည့် ကိစ္စကို မေးရလျှင် သင့်ပါမည်လော။ သူ စိတ်မကောင်းဖြစ်ရပါသည်ဟု ပြောလျှင်ကော ကောင်းပါမည်လား။ ဘာပဲဖြစ်ဖြစ် ယင်းကိစ္စနှင့်ပတ်သက်၍ တစ်ခုခုတော့ ပြောမှ ဖြစ်မည်ထင်၏။ သို့သော်လည်း သူ့စကားကြောင့် ကေး၏မျက်နှာတွင် ဆွေးရိပ်များ ပြန်လည်ထင်ဟပ်လာမည်ကို သူ မမြင်လို။

ကေးသည်ဗင်းဆင့်၏အရိပ်အခြည်ကိုကြည့်ကာဗင်းဆင့်၏သဘောကို နားလည်သည်။ သူမ၏ ယောကျ်ား အကြောင်းကို ဘယ်သူနှင့်မှ စကားစပ်၍ မပြောချင်၊ ဆောင်းရာသီ၏ ညများတွင် သူမသည် သူမယောကျ်ား ဗော့စ်၊ သူမ၏မိဘများနှင့် မီးဖိုဘေး၌ထိုင်၍ အပျင်းပြေ ဖဲကစားခဲ့ကြသည်များကို ပြန်၍သတိရမိသည်။ ထိုစဉ်က ဗင်းဆင့်သည် အခန်းထောင့်တစ်နေရာရှိ မှန်အိမ်အနီး၌ထိုင်ကာ မိမိတို့အားကြည့်နေခဲ့၏။

နာကျင်သော ဝေဒနာသည် သူမရင်တွင်း၌ ဖြစ်ပေါ်လာသည်။ မျက်လုံးအစုံတွင် မျက်ရည်များစို့လာသည်။ ဗင်းဆင့်သည် သူ့လက်ဖြင့် ကေး၏လက်ကိုအုပ်ကိုင်ထားသည်။ ဗင်းဆင့်အား မော့ကြည့်လိုက်သည့် ကေး၏မျက်လုံးများသည် ကျွးဇူးတင်ကြောင်း ဖော်ပြနေကြသည်။ ကေး မည်မျှလောက် အထိခံစားနေရသည်ကို ဗင်းဆင့်နားလည်ပါ၏။

"ဒီမှာနေရင် ကေး ပျော်လာမှာပါ" ဟုသူကပြောသည်။ "ဗင်းဆင့်က လယ်ကွင်းတွေထဲသွားပြီး တစ်နေကုန် ပန်းချီပုံကြမ်းတွေဆွဲနေတာ။ ကေး လိုက်လာရင်ရတယ်၊ ဂျန်ကိုလည်း ခေါ်ခဲ့ပေါ့"

"ဗင်းဆင့်မှာ အနှောင့်အယှက်မဖြစ်ဘူးလား"

"အို. . . မဖြစ်ပါဘူး၊ ဗင်းဆင့်မှာလဲအဖော်ရတာပေါ့။ အတူတူသွားကြတဲ့အခါမှာ စိတ်ဝင်စားစရာကောင်းတဲ့ နေရာတွေကိုလဲ ပြသွားနိုင်တာ ပေါ့"

"ဒီလိုဆိုရင် ကေး လိုက်မယ်လေ"

"ဂျန်အတွက်လဲ ကောင်းမယ်။ လေကောင်းလေသန့်ရှူရတဲ့အတွက် ကျန်းမာရေးကောင်းနိုင်တာပေါ့"

ကေးက ဗင်းဆင့်၏လက်ကို ဆုပ်ကိုင်ဖြစ်ညှစ်ထားသည်။

"ကေးနဲ့ ဗင်းဆင့်တို့လဲ ရင်းနှီးတဲ့ မိတ်ဆွေတွေ ဖြစ်လာနိုင်တာပေါ့။

ဟုတ်လား”

“ဒါပေါ့ ကေးရယ်”

ကေးသည် ဗင်းဆင့်၏လက်ကို လွှတ်လိုက်ပြီး လမ်းတစ်ဖက်ရှိ ပရိုတက်စတင့် ဘုရားရှိခိုးကျောင်းသို့ ငေးမောနေသည်။

ဗင်းဆင့်သည် ကေးနှင့်အတူ အိမ်ထဲမှ ထွက်လာခဲ့သည်။ ပန်းခြံထဲ ရောက်သည့်အခါ ကေး ထိုင်ဖို့ ခုံတန်းလျားတစ်လုံး ချပေးသည်။ သူကတော့ ဂျန်နှင့်အတွက် သဲများနှင့် အိမ်တစ်လုံး ဆောက်ပေးနေသည်။ လောလောဆယ်မှာတော့ သူ ဟော့ဂ်မြို့မှရလာသည့် သတင်းကောင်းကိုပင် ပြောပြရန် မေ့နေသည်။

ထိုည ညစာစားကြသည့်အခါကျမှပင် ဗင်းဆင့်သည် သူ့အား မောဗီးက ပန်းချီပညာသင် တပည့်အဖြစ် လက်ခံလိုက်ပြီဟူသော သတင်းကို သူမိသားစုအား ပြောပြသည်။ သာမန်အားဖြင့် ဆိုပါကသူသည် သူရေးဆွဲထားသော ပန်းချီ ကားများအပေါ်တွင် တာစတိနှင့် မောဗီးတို့က ဘယ်လို ဝေဖန်ကြသည်၊ ချီးကျူး ကြသည်ကို ပြန်လည်ဖောက်သည်ချရန် ဝန်လေးသူ ဖြစ်၏။ ယခုသော်မူ ညစာစားပွဲတွင် ကေးရှိနေသဖြင့် သူ့အား ချီးကျူးပြောဆို ခဲ့ကြသည့် စကားများကို ပြောမပြပဲ မနေနိုင်။ သူ့အမေကတော့ သူ့စကားများကို ကြားသည့်အခါ များစွာ ဝမ်းသာသည်။

“အေး . . . ငါ့သားကလဲ မင့်အစ်ကိုဝမ်းကွဲ မောဗီးပြောတဲ့အတိုင်း လုပ်ရမယ်။ ဒါမှဖြစ်မှာ။ မောဗီးဟာ အောင်မြင်နေတဲ့ လူတစ်ယောက် မဟုတ်လားကွယ်” ဟု သူ့အမေက ပြောသည်။

နောက်နေ့မနက်တွင် ကေး၊ ဂျန်နှင့် ဗင်းဆင့်တို့သည် စောစောစီးစီး လိုင်းစ်ဘော့ချ်ဘက်သို့ ခရီးထွက်ကြသည်။ ဗင်းဆင့်အနေဖြင့် ထိုနေရာတွင် ပုံကြမ်းများ ကူးဆွဲရန် ရှိနေသည်မဟုတ်ပါလား။ ဗင်းဆင့်သည် သူသွားလေရာသို့ နေ့လည်စာ ယူသွားသော အလေ့အထမရှိ။ သို့သော်လည်း အခုတစ်ကြိမ်တွင် သူ့အမေက သူတို့ထုံးယောက်စာ နေ့လည်စာ ထည့်ပေးလိုက်သည်။ သူ့အမေကတော့ ဤခရီးကို ပျော်ပွဲစားထွက်သည့် ခရီးတစ်ခုလို သဘောထားသည်။

လမ်းတွင် သစ်ပင်မြင့်မြင့်တစ်ပင်ပေါ်၌ သပိတ်လွယ်ငှက်အသိုက် တစ်ခု တွေ့သည်။ ဗင်းဆင့်က ဂျန်အား ငှက်ဥတစ်လုံးရအောင် လုပ်ပေးမည်ဟု အာမခံသည်။ သူတို့သည် ထင်းရှူးတောကိုဖြတ်၍ ဝါဖြူညို့ သဲများဖုံးလွှမ်းနေသည့် တောင်ကုန်းထက်သို့ တက်ရောက်ခဲ့ကြသည်။ တစ်နေရာအရောက်တွင် ဗင်းဆင့်သည် လယ်ကွက်တစ်ကွက်ပေါ်၌ စွန့်ပစ်ထားသည့် ထွန်တုံးတစ်တုံးနှင့်

လှည်းကြီးတစ်စီးကို မြင်သည်။ သူသည် ပန်းချီဆွဲသည့် သုံးချောင်းထောက်ခုံကလေးကို လှည်းပေါ်သို့ တင်လိုက်သည်။ ဂျန်ကိုလည်း ပွေ့ချီပြီး လှည်းပေါ်သို့ တင်ပေးသည်။ ထို့နောက် သူ့ရှေ့မှ မြင်ကွင်းကို ကြည့်၍ ကဗျာကယာ ပုံကြမ်းတစ်ပုံ ရေးဆွဲသည်။

ကေးသည် လှည်းဘေးမှရပ်ကာ သူ့သားငယ်ဂျန်အား လှမ်းကြည့်နေသည်။ ကေးသည် နှုတ်ဆိတ်လျက်ရှိ၏။ ဗင်းဆင့်သည် ကေး၏ တိတ်ဆိတ်ငြိမ်သက်မှုကို သတိထားမိသော်လည်း စကားစမြီ လှမ်းပြောပြီး အနှောင့်အယှက်ပေးလိုသော ဆန္ဒမရှိ။ ကေးက သူ့ဘေးမှ အဖော်အဖြစ် လိုက်လာရုံမျှဖြင့် လုံလောက်နေပြီဖြစ်၏။ သူ ပန်းချီဆွဲနေခိုက် သူ့ဘေးဌ အမျိုးသမီးတစ်ယောက် ရှိနေခြင်းသည် သူ့အတွက် စိတ်ချမ်းသာစရာတစ်ခုဖြစ်နေသည်ကိုမူ သူ သတိပြုမိ၏။

သူတို့သည် သက်ငယ်မိုး တစ်ထပ်အိမ်ကလေး အတော်များများကို ကျော်ဖြတ်လာခဲ့ကြသည်။ ထို့နောက်တော့ ရှူဇင်ဒယ်လမ်းဆီသို့ သွားရာ လမ်းပေါ်သို့ ရောက်လာကြသည်။ နောက်ဆုံးတွင် ကေးသည် စကားစပြောသည်။

“အခုလို ဗင်းဆင့် ပန်းချီဆွဲနေတာမြင်တော့ အမ်စတာဒမ်မှာ ဆုံခဲ့ကြတုန်းက ရှင်နဲ့ပတ်သက်လို့ ကေး တွေးခဲ့မိတာတစ်ခုကို သတိရမိတယ်’

“ဘာတွေတွေးမိခဲ့တာလဲ ကေး”

“ကေး ပြောလိုက်ရင် ရှင် စိတ်ထိခိုက်သွားမလား”

“မထိခိုက်ပါဘူး၊ ပြောသာပြောပါ”

“ဒီလိုဆိုရင်တော့ ပြောရမှာပဲ၊ ရှင် ကျမ်းစာသင်ကျောင်း လာတက်နေတုန်းက ရှင့်ကိုကြည့်ပြီး ဘုန်းကြီးတစ်ပါး ဖြစ်လာမှာ မဟုတ်ဘူးလို့ ထင်ခဲ့မိတယ်။ သက်သက်မဲ့ အချိန်တွေ လာဖြုန်းနေတာလို့ပဲ တွေးမိခဲ့တယ်”

“သည်လိုဆိုရင် အဲဒီတုန်းက ဘာပြုလို့ ဖွင့်မပြောတာလဲ”

“ကေးမှာ ပြောပိုင်ခွင့်မှမရှိတာပဲ . . ဗင်းဆင့်ရယ်”

ကေးသည် သူမ၏ ရွှေရောင်ဆံပင်များကို အသာအယာသပ်၍ တင်လိုက်သည်။ ရုတ်တရက် ခြေတစ်ဖက်သည် မညီမညာသော လမ်းပေါ်မှ ခဲကျင့်တစ်ခုပေါ် နင်းမိသဖြင့် ဗင်းဆင့်၏ဖက်သို့ ယိမ်းယိုင်သွားသည်။ ဗင်းဆင့်က သူမ၏ လက်မောင်းကို ဆုပ်ကိုင်ကာ သူမကို လဲကျမသွားအောင် ထိန်းပေးထားသည်။

“ရှင်က ရှင့်အလုပ်ကို ရှင့်ဖာသာရှင် ဆုံးဖြတ်ပြီးလုပ်မှ ဖြစ်မယ့် လူစားဆိုတာ ကေးသိတယ်” ဟု ပြောသည်။ “ဘေးက ဘယ်လောက်ပဲပြောပြော

အကောင်း ဖြစ်ချင်မှ ဖြစ်လာမယ့် လူစားမျိုးဆိုတာလည်း ကေး နားလည်ထား တယ်လေ"

"အင်း. . အခုမှပဲ သတိရတယ်" ဟု ဗင်းဆင့်က ပြောသည်။ "အမြင်ကျဉ်းမြောင်းတဲ့ ဘုန်းကြီးတစ်ပါးဖြစ်မလာအောင် လုပ်ပါလို့ ကေးက သတိပေးခဲ့ဖူးတယ်. . ။ သင်းအုပ်ဘုန်းကြီးတစ်ပါးရဲ့သမီးက အဲဒီစကားမျိုး ပြောတယ်ဆိုတော့ တော်တော် ထူးဆန်းတာပဲ"

ဗင်းဆင့်က ကေးကို ကြည့်၍ ပြုံးသည်။ ကေး၏ မျက်လုံးများသည် ဝမ်းနည်းကြေကွဲသည့် အရိပ်အငွေ့များကို ဖော်ပြလာနေကြသည်။

"ကေး သိပါတယ်။ ဗော့စ်က ကေးကို အစစအရာရာ သိမြင်နားလည် နေအောင် သင်ပေးထားတာ။ သူကသာ ဘာမှ သင်မထားရင် ကေးဟာ ဘာမှ နားလည်မှာမဟုတ်ဘူး"

ဗင်းဆင့်သည် ကေး၏ လက်မောင်းကို ဆုပ်ကိုင်ထားသော သူ့လက် အား ပြန်၍ ရုတ်လိုက်သည်။ ဗော့စ်၏ နာမည်သည် သူတို့နှစ်ဦးကြားတွင် ခြားထားသည့် တံတိုင်းတစ်ခုနှင့် တူနေပေသည်။

နောက်ထပ် တစ်နာရီခန့် လျှောက်မိသောအခါ သူတို့သည် လိုင်းစ် ဘော့ချ်သို့ ဆိုက်ရောက်ကြသည်။ ဗင်းဆင့်သည် သုံးချောင်းထောက် စင်ကလေး ကိုချ၍ ရွှံ့အိုင်တစ်ခုကို ပုံကြမ်းထုတ်ယူနေပြန်သည်။ ဂျန်သည် သဲပြင်ထက်တွင် ကစားလျက်ရှိ၏။ ကေးကတော့ တစ်လမ်းလုံး သူမအတွက် ဗင်းဆင့် သယ်ဆောင်လာသည့် ခွေးခြေတစ်လုံးကို ဗင်းဆင့်၏ နောက်နား၌ချ၍ ထိုင်နေသည်။ လက်ထဲတွင် စာအုပ်တစ်အုပ်ပါလာသော်လည်း စာအုပ်ကို မဖတ်။

ဗင်းဆင့်သည် ပုံကြမ်းကို လျှင်မြန်သွက်လက်စွာ ရေးဆွဲလျက်ရှိသည်။ သူ့လက်သည် ယခင်ကလို နှေးကွေးလေးလံခြင်းမရှိ။ ယခင်ကထက်ပို၍ ကြီးမားသော အားအင်တစ်ခုကို ရရှိထားသည့်နှယ် ခံစားနေရသည်။ ဘာကြောင့် ထိုကဲ့ သို့ ဖြစ်ရသနည်း. . ။ မောဗီး၏ အားပေးမှုကြောင့်လား သို့မဟုတ် သူ့အနီးတွင် ကေးရှိနေ၍လား။ သူ့လက်ထဲမှ ခဲချက်များသည် ခိုင်မာတိကျပြတ်သားလွန်းလှ ချေသည်။ သူသည် ကေးကိုပင် လှည့်မကြည့်နိုင်။ ပုံကြမ်းလောင်းနေသည့် ခဲကြောင်းများစွာသည် လျှင်မြန်စွာ ဖြစ်ပေါ်လျက်ရှိ၏။ တကယ်တော့ သူ့အနားဌ် ကေးရှိနေခြင်းသည် သူ့အတွက် အားသစ်တစ်ခု လောင်းပေးထားသည်နှင့် တူ၏။ သူ ယခုရေးဆွဲနေသည့် ပုံကြမ်းများကို ကေးမြင်လျှင် တအံ့တသြ ဖြစ်သွားစေချင် သည့်ဆန္ဒက ပြင်းပြနေသည် မဟုတ်ပါလော. . . ။

နေ့လည်စာစားချိန်တွင် သူတို့သည် မလှမ်းမကမ်းရှိ ဝက်သစ်ချတော အုပ်ဆီသို့ လျှောက်လာခဲ့ကြသည်။ ကေးသည် သစ်ပင်ကြီးတစ်ပင်၏ အေးမြသော အရိပ်အာဝါသကို ခိုလှုံကာ ခြင်းထဲမှ နေ့လည်စာကို ထုတ်၍ ခင်းသည်။ လေသည် ငြိမ်လျက်ရှိနေသော်လည်း နွေအိုင်များဆီမှ ကြာပန်းရနံ့ များနှင့် ဝက်သစ်ချရွက်များ၏ ရနံ့များသည် ပတ်ဝန်းကျင်တွင် သင်းပျံ့လျက် ရှိလေသည်။

ကေးနှင့် ဂျန်သည် ခြင်း၏တစ်ဖက်တွင် ထိုင်၍ ဗင်းဆင့်က သူတို့နှင့် မျက်နှာချင်းဆိုင်၌ ထိုင်သည်။ ကေးသည် နေ့လယ်စာကို ဗင်းဆင့်အတွက် အဆင်သင့်ဖြစ်အောင် ပြင်ဆင်ပေးသည်။ ကေး၏ လှုပ်ရှားမှုများကို ကြည့်နေသော ဗင်းဆင့်၏ စိတ်အာရုံတွင် ညစာစားပွဲ၌ ဝိုင်းထိုင်နေကြသည့် မောဗီး မိသားစုကို မြင်ယောင် ထင်ယောင် ဖြစ်လျက်ရှိလေသည်။

ကေးအား စိတ်ဝင်တစား ကြည့်နေမိသော ဗင်းဆင့်သည် ကေးလောက် လှပသည့် မိန်းမတစ်ယောက်ကို သူတစ်သက်တာတွင် တစ်ကြိမ် တစ်ခါမှ မမြင်ခဲ့စဖူးဟု တွေးနေမိ၏။ အမေထည့်ပေးလိုက်သော ပေါင်မုန့်နုနုနှင့် ထောပတ်သည် အရသာအလွန် ထူးလှပါဘိသည်။ သို့တစေလည်း သူမစားနိုင်။ သူ့ရင်ထဲ တွင် ဆာလောင်မွတ်သိပ်မှု အသစ်တစ်ခု သည်ရှင်သန်နှိုးကြွလာ လျက်ရှိ၏။ သူသည် သူ့အကြည့်ကို ကေး၏ ကိုယ်ခန္ဓာဆီမှ ဖယ်ခွာ၍မရ။ အခုလောလောဆယ်တွင် ကေး၏အလှသည် မှေးမှိန်နေသယောင် ရှိသော်လည်း မကြာခင် ပြန်လည်ပွင့်လန်းလာလိမ့်မည်ကို သူသိနေ၏။

နွေလယ်စာ စားအပြီးတွင် ဂျန်သည် သူ့အမေ၏ရင်ခွင်တွင် ခေါင်းအုံးကာ အိပ်မောကျသွားသည်။ ကေးသည် သူ့သားငယ်၏ ဆံစကလေးများကို အသာ အယာ ထိုးဖွနေသည်။ ပြီးတော့ အပြစ်ကင်းစင်သော မျက်နှာကို ငုံ့ကြည့်နေ သည်။ ကေးသည် ကလေးငယ်၏မျက်နှာတွင် ထင်ဟပ်နေသည့် ဗော့စ်၏ ရုပ်လွှာကို ကြည့်နေခြင်းဖြစ်လိမ့်မည်ဟု ဗင်းဆင့်က နားလည်ထားသည်။ ကေးသည် ကေဇာဂရပ်ချရှိ သူမ၏နေအိမ်၌ သူမ ချစ်မြတ်နိုးခဲ့သော လင်ယောကျ်ားနှင့်အတူ ရှိနေပုံရ၏။ သူမ၏ ဝမ်းကွဲမောင် ဗင်းဆင့်နှင့်အတူ ဘရားဘန့်နယ် တောင်ကုန်းပေါ်၌ ရောက်နေခြင်းကို သတိပြုမိဟန်မတူ။

ဗင်းဆင့်သည် မွန်းလွဲပိုင်းတစ်ပိုင်းလုံး ပုံကြမ်းများ ရေးဆွဲခြင်းဖြင့် အချိန်ကုန်သည်။ တစ်ခါတရံတွင် ဂျန်သည် သူ့ရင်ခွင်၌ ထိုင်နေတတ်၏။ ဂျန်သည် ဗင်းဆင့်အား ခင်မင်စပြုနေပြီ၊ တစ်ခါတရံတွင် ဗင်းဆင့်က ဂျန်အား

ပုံဆွဲစက္ကူများနှင့် မင်တံအနက်ကို ပေးထားပြီ ကြိုက်ရာပုံများ ရေးဆွဲစေသည်။ ဂျန်သည် ရယ်လိုက်မောလိုက်၊ အော်လိုက်ဟစ်လိုက်၊ ပြေးလိုက်လွှားလိုက်နှင့် မြူးတူးလျက်ရှိ၏။ သူတွေ့မြင်လာသမျှ အရာများထဲမှ သူသိလိုသမျှကိုလည်း ဗင်းဆင့်ထံလာ၍ မေးမြန်းတတ်သည်။ ဗင်းဆင့်သည် ချစ်စရာကောင်းသော ကလေးတစ်ယောက်အား စိတ်ရှည်သည်းခံကာ ဆက်ဆံသည်။

နေသည် အနောက်ဖက်မိုးကုပ်စက်ဝိုင်းဆီသို့ လျှင်မြန်စွာ ဆင်းသွားနေသည်။ ဆီးနှင်းများသည်လည်း တဖွဲဖွဲ ကျစပြုလာပြီ။ အပြန်လမ်းခရီးတွင် သူတို့သည် ရေကန်များတွေ့တိုင်း ကန်ဘောင်ပေါ်၌ ခဏတဖြုတ်ရပ်ကာ နေဝင်ချိန်တိမ်တောက်သည့် အလှရှုခင်းကို ကြည့်ကြသည်။ ရောင်စုံဖြာနေသည့် ကောင်းကင်၊ လိပ်ပြာများ၏ တောင်ပံများအောက်မှ လှုပ်ရှားနေသောရေပြင်။ အမှောင်ရိပ်များသည် တဖြည်းဖြည်းချင်း ကျလာနေကြပြီ။

ဗင်းဆင့်က သူရေးဆွဲထားသည့် ပုံကြမ်းများကို ကေးအားပြသည်။ ကေးသည် ပုံများကို အနည်းငယ်မျှသာ "မြင်" သည်။ သူမအနေဖြင့် မျက်စိထဲတွင် ခပ်ကြမ်းကြမ်းနှင့် ကိုးယို့ကားယားနိုင်လွန်းလှသော ပုံများသာ ဖြစ်နေသည်။ သို့သော်လည်း ဗင်းဆင့်၏စိတ်ကို မထိခိုက်စေချင်။

"ကေး ကြိုက်တယ် . . ဗင်းဆင့်"

"ဟုတ်လား. . ကေး"

သူမ၏ စကားသည် ဗင်းဆင့်၏ရင်ထဲတွင် ပီတိလှိုင်းထစေခဲ့၏။ သူ အမ်စတာဒမ်သို့ သွားရောက်နေထိုင်ခဲ့စဉ်က သူ့အပေါ် နားလည်ခဲ့သည့် ကေး ကိုယ်ချင်းစာခဲ့သည့်ကေး၊ သူပြောသမျှ လုပ်သမျှ အရာအားလုံးအပေါ်တွင် နားလည်ခွင့်လွှတ်ခဲ့သည့်ကေး၊ သူ့အပေါ် နားလည်ခွင့်လွှတ်နိုင်သူဟူ၍ ဤကမ္ဘာပေါ်တွင် သူမတစ်ဦးတည်းသာ ရှိသည်ဟုလည်း သူယူဆမိလေသည်။

ထို့ကြောင့်လည်း ဗင်းဆင့်သည် သူ၏ စီမံကိန်းများကို ကေးအား ကရားရေလွှတ် တတွတ်တွတ် ပြောသည်။ ဤစကားများကို သူသည် သူမိသားစု ကိုပင်ဖွင့်ပြောခဲ့သည်မဟုတ်။ အကယ်၍ ပြောပြပါကလည်း သူမိသားစုများက နားလည်ကြလိမ့်မည်မထင်။ တကယ်တော့ သူသည် မောဗီးနှင့် တာစတိတို့ ကြောင့်ပန်းချီဆရာ လက်သင်တစ်ယောက်ဘဝကို ရခဲ့ခြင်းဖြစ်၏။

သူသည် သူ့နှလုံးသားထဲ၌ ရှိနေသမျှကို ရင်ဖွင့်သည်။ ရင်ဖွင့်နေရင်းမှပင် စိတ်အားထက်သန်မှုသည် တိုးတက်ပြင်းထန်လာသည်။ ထိုအခါ ကိုယ်နှုတ် အမူအရာများသည် ပြောင်းသွားသည်။ လမ်းလျှောက်ရာမှာပင် စိတ်နှင့်မာန်နှင့်

လျှောက်နေသဖြင့် ကေးခမြာ သူ့ကို အမှီလိုက်နိုင်ရန် တပင်တပန်း အားထုတ်နေရ၏။ ခံစားမှု ပြင်းထန်နက်ရှိုင်းလာသည့်အခါတွင် ဗင်းဆင့်၏ တည်ငြိမ်အေးဆေးမှုမျှားသည် လွင့်စင်ပျောက်ပျက်သွားတတ်သည်။ ယင်းနေရာတွင် ကြမ်းတမ်းရိုင်းစိုင်းသောပြုမူပြောဆိုမှုမျှားသည် အစားထိုးဝင်ရောက်လာတတ်၏။

နေ့ခင်းက တွေ့မြင်ခဲ့ရသော လူကြီးလူကောင်းအပြုအမူနှင့် အပြောအဆိုမျှားကို မမြင်ရ၊ မကြားရတော့ပြီ။ တောသားအရိုင်းအစိုင်းတစ်ယောက် သဖွယ် ပြောဆိုနေမှုမျှားကြောင့် ကေးမှာ အံ့အားလည်း သင့်ရ၏။ ထိတ်လန့်ကြောက်ရွံ့ခြင်းလည်း ဖြစ်ရ၏။ သူ၏ ပေါက်ကွဲမှုမျှားကိုကြည့်ကာ ကေး၏စိတ်ထဲတွင် အောက်တန်းကျသည်ဟုလည်းကောင်း၊ စိတ်နေစိတ်ဓာတ် တည်ငြိမ်ရင့်ကျက်မှု မရှိဟုလည်းကောင်း ခံစားလာရသည်။ အမှန်တော့ ဗင်းဆင့်သည် သူမအား ယောကျ်ားတစ်ယောက်က မိန်းမတစ်ယောက်အား ပေးနိုင်သည့် အရှားပါးဆုံးနှင့် တန်ဖိုးအကြီးဆုံးသော မေတ္တာစကားများကို ဆိုနေခြင်းဖြစ်ပါ၏။ သို့သော်လည်း ကေးသည် ထိုသဘောကို သိလည်းမသိ။ နားလည်းမလည်ချေ။

သီအိုတစ်ယောက် သူ့အား ထားခဲ့ပြီး ပါရီမြို့သို့ ထွက်ခွာသွားခဲ့သည့် အချိန်မှစ၍ သူ့ရင်ထဲတွင် မျိုသိပ်ထားခဲ့သမျှကို ဖွင့်ဟနေခြင်းဖြစ်၏။ သူသည် သူ့ရည်ရွယ်ချက်များနှင့် သူ့ဆန္ဒများကို အရှိအတိုင်း ပြောပြနေခြင်းဖြစ်၏။ မည်သို့ပင်ဖြစ်စေ ဗင်းဆင့်သည် ဤစကားများကို ပြောရာ၌ ဘာကြောင့် ဤမျှလောက် စိတ်လှုပ်ရှားနေရပါသနည်း။ ကေးသည် ဤအချက်ကိုတော့ အံ့သြနေမိ၏။ ကေးသည် ဗင်းဆင့်အား စကားဖြတ်၍လည်း မပြော။ ဂရုတစိုက် နားထောင်ခြင်းလည်းမပြု။ သူမ၏စိတ်သည် အတိတ်ဘဝထဲ၌သာ ရှိနေသည်။ သူမသည် ထိုအတိတ်ဘဝထဲ၌သာ အမြဲတစေ နေထိုင်လျက်ရှိသူဖြစ်သဖြင့် အနာဂတ်ဘဝထဲ၌ နေထိုင်ရေးများကိုတွေး၍ ပျော်ရွှင်ကြည်နူးနေခြင်းအပေါ် သာယာခြင်းမရှိပေ။ ဗင်းဆင့်ကလည်း သူ့စကားများအပေါ် စိတ်ဝင်စားမှုမရှိသည့် ကေး၏အပြုအမူကို သိသည်။ ထိုအခိုက်မှာပင် သူပါးစပ်မှ ထွက်သွားသော အမည်တစ်ခုသည် ကေး၏ စိတ်ဝင်စားမှုကို ဆွဲဆောင်ခဲ့သည်။

"နူဟူးစ် . . လား" ဟု ကေးက ကြားဖြတ်မေးသည်။ "ရှင်ပြောတဲ့ ပန်းချီဆရာက အမ်စတာဒမ်မှာ နေတယ်မဟုတ်လား"

"ဟုတ်တယ်၊ ဒါပေမယ့် အခုတော့ သူ ဟော့ဂ်မှာနေတယ်"

"ဟုတ်ပါတယ်၊ ဗော့စ်ရဲ့ မိတ်ဆွေပေါ့။ ဗော့စ်က သူ့ကို ခဏခဏ အိမ်ကို ခေါ်လာဖူးတယ်"

ဗော့စ်. . . ။ တစ်ခါလာလဲ ဗော့စ်။ ဘာပြုလို့ ဒီလောက်အထိ ဗော့စ် နေရတာပါလိမ့်. . . ။ ဗော့စ်က သေပြီပဲ။ အခုဆိုရင် သူသေတာ တစ်နှစ်တောင် ကျော်သွားပြီ။ အခုလောက်ဆိုရင် မေ့လောက်ပါပြီ။ ဗော့စ်ဟာ အတိတ်ဘဝက ပိုင်ဆိုင်ထားတဲ့လူပဲ။ ဘာကြောင့်အခုချိန်ထိ ဗော့စ်ရဲ့နာမည်ကို ဒီစကားဝိုင်းထဲ ဆွဲသွင်း လာနေရတာလဲ။

ဗင်းဆင့်သည် မကျေနပ်သောစိတ်ဖြင့် ဗော့စ်၏အကြောင်းကို တွေးနေ မိသည်။ အမှန်အတိုင်း ဝန်ခံရမည်ဆိုပါက သူသည် အမ်စတာဒမ်၌ နေခဲ့သည့် ကာလတစ်လျှောက်လုံး ကေး၏ယောကျ်ား ဗော့စ်အား ခင်မင်နှစ်သက်ခြင်းမဖြစ် ခဲ့။ တရင်းတနှီးလည်း မရှိခဲ့။

ဆောင်းဝင်ခဲ့ပြီ။ တောအုပ်များအတွင်းရှိ မြေပြင်ထက်၌ ကျနေကြ သော ထင်းရူးဆူးများသည် ဆီးနှင်းထဲ၌ နစ်ကာ အညိုရောင်သန်းကုန်ကြပြီ။ ကေးနှင့်ဂျန်တို့ကတော့ နေ့စဉ်နေ့တိုင်း ဗင်းဆင့်နှင့်အတူ အဖော်လိုက်နေဆဲ. . ။ နေ့စဉ်နှင့်အမျှ လမ်းလျှောက်ရဖန်များလာသည့်အခါ ကေး၏ပါးများသည် နှင်းဆီ နီရောင် သန်းလာသည်။ လမ်းလျှောက်ရာ၌လည်း ယခင်ကထက် ပို၍ ယုံကြည် စိတ်ချစွာ လျှောက်ရဲ လှမ်းရဲလာသည်။

ယခုအခါတွင် ကေးသည် သိုးမွေးချည်များကို ခြင်းထောင်းထဲထည့်ကာ ယူလာလေ့ရှိ၏။ ဗင်းဆင့် ပန်းချီဆွဲနေခိုက်တွင် ကေးသည် မနီးမဝေးမှ ထိုင်ကာ သိုးမွေးထိုးနေတတ်သည်။ ယခင်ကနှင့်စာလျှင် ဗင်းဆင့်အပေါ် ခင်မင်ရင်းနှီး လာပြီဖြစ်၍ သူမ၏ ကလေးဘဝကအကြောင်းများကို ပွင့်လင်းလွတ်လပ်စွာ ပြောဆိုလေ့ရှိသည်။ သူမငယ်စဉ်က ဖတ်ဖူးခဲ့သော စာအုပ်များနှင့် အမ်စတာဒမ် တွင် နေစဉ်က သိကျွမ်းခင်မင်ခဲ့သူများအကြောင်းကိုလည်း ပြောပြလေ့ရှိ၏။

ဗင်းဆင့်၏ မိဘများကတော့ ဗင်းဆင့်နှင့်ကေးတို့ အခုလို တရင်းတနှီး သွားလာနေထိုင်လျက်ရှိကြသည်ကို များစွာ သဘောကျကြသဖြင့် မလိုတမာ မဖြစ်ကြ။ ကေးအဖို့မှာလည်း ဗင်းဆင့်နှင့် ခင်မင်နေရသည့်အတွက် အတိတ်က ဖြစ်ခဲ့သမျှကို မေ့မေ့ပျောက်ပျောက် ဖြစ်ကာ သူမ၏ဘဝအပေါ် ပြန်လည်စိတ်ဝင် စားလာခဲ့၏။ ဗင်းဆင့်အဖို့မှာလည်း သူတို့အိမ်ထဲ၌ ကေးရှိနေခြင်းသည် သူ့ အတွက် ပျော်ရွှင်ကြည်နူးစရာတစ်ခု ဖြစ်နေသည်။ ဗင်းဆင့်၏မိခင် အင်နာ ကော်နယ်လီယာနှင့် ဖခင် သီအိုဒိုရပ်စ်တို့ကလည်း မမျှော်လင့်ပဲ ကေးနှင့် ဗင်းဆင့်တို့ တပူးတွဲတွဲ နေခွင့်ရလာခြင်းကို နှစ်သက်လက်ခံခဲ့ကြသည်။ ထို့ကြောင့်လည်း လူရွယ်နှစ်ယောက်အား ပို၍ ခင်မင်လာအောင် တတ်နိုင်သမျှ

အားပေးသမှုပြုခဲ့ကြလေသည်။

ဗင်းဆင့်အဖို့ ကေးနှင့် ဆက်စပ်ပတ်သက်နေသမျှ အရာတိုင်းသည် ချစ်စရာ မြတ်နိုးစရာတွေချည်းဖြစ်နေသည်။ အနက်ရောင်ဝတ်စုံထဲမှ သေးသွယ်လှပသော ကိုယ်လုံးကိုယ်ထည်၊ နူးညံ့ပျော့ပြောင်းသော လှုပ်ရှားမှုများ။ သူနှင့် အတူ လိုက်လာတိုင်း ဆောင်းလာလေ့ရှိသော ဘိုးနက်ဦးထုပ်အောက်မှ ရွှေရောင်ဆံပင်၊ သူနှင့် နီးနီးကပ်ကပ် ရပ်လာတိုင်း တသင်းသင်းပျံ့နေသည့် ကိုယ်နံ့။ စကားကို ခပ်သွက်သွက်ပြောနေသည့်အခါ မြင်နေရသည့်ပါးစပ်အလှ။ . . . ။ အပြာရောင်မျက်လုံးအစုံ၏ အေးမြတည်ငြိမ်ပြီး လေးနက် နက်ရှိုင်းသောအကြည့်။ သူထံမှ ဂျန်ကို လှမ်းယူပွေ့ချီသည့် အခါတိုင်း သူလက်၊ သူပုခုံး၊ သူလက်မောင်းများနှင့် ဆုံမိသည့် ကေး၏ အထိအတွေ့။ . . ။ ပြီးတော့ သာယာချိုအေးပြီး ကြည်လင်လှသည့် အသံ။ ဤအရာအားလုံးသည် ဗင်းဆင့်အတွက် ချစ်စရာ၊ မြတ်နိုးစရာ၊ တွယ်တာစရာနှင့် ရင်မောစရာတွေချည်း ဖြစ်နေသည်။

ကုန်လွန်သွားခဲ့ပြီဖြစ်သော နှစ်ပေါင်းများစွာအတွင်းတွင် သူသည် လူတစ်ယောက်အဖြစ် အသက်ရှင်၍ နေထိုင်ခဲ့ရသော်လည်း သာယာပျော်ရွှင်မှုကတော့ ကင်းမဲ့ခဲ့ရ၏။ ချစ်ခြင်းမေတ္တာနှင့် ကရုဏာတရားတို့မှာလည်း သူရင်ထဲ၌ မရှိသလောက်ပင် ပါးရှားနေခဲ့ရ၏။ တကယ်တော့ သူ၏ ချစ်တတ်ခင်တတ်သော စိတ်သည် ခြောက်သွေ့ညှိုးလျော့သွားခဲ့ရ၏။

မည်သို့ပင်ဖြစ်စေ အခုကျတော့လည်း သူသည် ပျော်ရွှင်ကြည်နူးမှုကို ရရှိခံစားနေရ၏။ သူ့အနီး၌ ကေးရှိနေလျှင် သူပျော်သည်။ ကေး၏ မျက်နှာကို ကြည့်၍ ကေး၏အသံကို နားထောင်နေရလျှင် စိတ်ချမ်းသာသည်။ ယာကွင်းများဆီသို့ ထွက်သည့်အခါ ကေးပါလာလျှင် အလုပ်ကို တွင်ကျယ်အောင်၊ ထိရောက်အောင် လုပ်နိုင်သည်။ အိမ်၌ နေသည့်အခါများတွင်လည်း သူသည် ညစဉ်ညတိုင်း ဧည့်ခန်းထဲရှိ သစ်သားစားပွဲကြီးတွင် ကေးနှင့် မျက်နှာချင်းဆိုင်ထိုင်ကာ နေ့ခင်းက ဆွဲထားခဲ့သမျှ ပုံကြမ်းများကို ပြန်၍ အသေးစိတ်လေ့ရှိသည်။ ထိုအချိန်တွင်လည်း သူ့အာရုံသည် ကေးထံ၌သာ ရောက်နေသည်က များလေသည်။

သူ အာဆူလာကို လက်လွတ်ဆုံးရှုံးခဲ့ရပြီးနောက် အထီးကျန်ဘဝဖြင့် နေထိုင်လာခဲ့ရသည်မှာ ခုနစ်နှစ်တိတိ ရှိခဲ့ပြီ။ သူ့ဘဝတလျောက်လုံး ဘယ်မိန်းမထံကမှ ကြင်နာယုယသော စကားများကို မကြားခဲ့စဖူး။ သူ့အား ချစ်ခင်သော မျက်လုံးများဖြင့် ကြည့်ခြင်းကိုလည်း မခံခဲ့ရစဖူး။

သူ့ကိုချစ်သည့် မိန်းမဟူ၍ တစ်ဦးတစ်ယောက်ပင် မရှိခဲ့။ ထိုအဖြစ်သည် "ဘဝ" မဟုတ်။ "သေခြင်း" ဖြစ်သည်။ သူ အာဆူလာအား ချစ်ခဲ့စဉ်က သူ့အခြေအနေသည် မဆိုး။ အမှန်တော့ သူသည် သူ၏ ချစ်မေတ္တာကို ပေးလိုသော ဆန္ဒပြင်းပြသဖြင့် ပေးခဲ့ခြင်းဖြစ်၏။ သို့သော်လည်း သူ၏ပေးအပ်မှုသည် ခါးခါးသီးသီး အငြင်းပယ်ခံခဲ့ရသည်။ ဤအဖြစ်သည် သူ့အဖို့ ဝမ်းနည်းစရာ၊ ကြေကွဲစရာ၊ နာကျည်းစရာ ဖြစ်ခဲ့ရ၏။

မည်သို့ပင်ဖြစ်စေ ထိုစဉ်ကတော့ သူသည် လူငယ်တစ်ယောက်ဖြစ်သည်။ လူငယ်တစ်ယောက်ပီပီ အချစ်ဟူသော အရာအပေါ်တွင် အရူးအမူးဖြစ်ခဲ့သည်။ အခုကျတော့ သူသည် ရင့်ကျက်တည်ငြိမ်နေပြီဖြစ်ရာ အချစ်နှင့်ပတ်သက်၍ "အပေးနှင့်အယူ" ကို အညီအမျှ ဖြစ်စေချင်သည်။ တစ်ခုတော့ ရှိပါ၏။ သူ၏ ဆာလောင်မွတ်သိပ်မှုအသစ်ကို ကေးကသာ မကျေးမွေးခဲ့ပါမူ သူ့ဘဝသည် တည်ငြိမ်ခိုင်မြဲနိုင်တော့မည်မထင်။

တစ်ညတွင် သူသည် မစ်ချီလက်၏စာအုပ်ကို ဖတ်နေသည်။ စာအုပ်ထဲမှ စာတစ်ပိုဒ်သည် သူ့ဘဝကို မဆန်းစစ်ပဲ မနေနိုင်အောင် ဖန်တီးလာသည်။ တကယ်တော့ သူသည် လူဖြစ်မလာသေး။ အသက်အားဖြင့် နှစ်ဆယ့်ရှစ်နှစ်မျှ ရှိခဲ့ပြီဖြစ်သော်လည်း အခုအချိန်ထိ လူတစ်ယောက်အဖြစ် ဖွားမြင်မလာသေး။ ကေး၏ သိမ်မွေ့နူးညံ့သော အလှနှင့် အချစ်တည်းဟူသော လေကို ရှူရှိုက်ရသည့် အခုအချိန်ကျမှပင် သူသည် လူတစ်ယောက်အဖြစ်သို့ ရောက်လာခဲ့ရခြင်းဖြစ်၏။

လူတစ်ယောက်အနေဖြင့် သူသည် ကေးကိုရချင်သည်။ သူ့ဆန္ဒသည် ကြီးမားပြင်းထန်လှ၏။ အရူးအမူး ရယူလိုခြင်းဖြစ်သည်။ လှိုက်လှိုက်လှဲလှဲ ရယူလိုခြင်းဖြစ်သည်။ ကေးအပေါ် ချစ်သည့်စိတ်ကလည်း ကြီးမားပြင်းထန်လှ၏။ သူ့အနေဖြင့် သူအလွန်ချစ်သော မိန်းမ၏ ဘဝတစ်စိတ်တစ်ပိုင်းဖြစ်နေသည့် ဂျန်အပေါ်တွင်လည်း အလွန်ချစ်သည်။

သို့သော်လည်း ဗော့စ်ကျတော့ သူမုန်းသည်။ အကြီးအကျယ် အပြင်းအထန် စက်ဆုပ်ရွံမုန်းခြင်းဖြစ်၏။ ဘာကြောင့် ဤမျှလောက် ပြင်းပြင်းထန်ထန် မုန်းတီးနေရပါသနည်း။ အကြောင်းကတော့ ရှင်းသည်။ ကေး၏စိတ်ထဲမှ ဗော့စ်အား မောင်းထုတ်ပစ်နိုင်ရန် သူ မည်မျှပင် ကြိုးစားအားထုတ်ပါသော်လည်း ရနိုင်တော့မည့် အရိပ်လက္ခဏာ မရှိတော့ဟု ထင်၍ ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ အတိတ်ဘဝက ပိုင်ဆိုင်ခဲ့သော ဤအမျိုးသားအား မေ့သွားအောင်တော့ သူ မလုပ်ပဲနေ၍ မဖြစ်။ လုပ်ရလိမ့်မည်သာ ဖြစ်သည်။

သူလုပ်မည်ဆိုပါက လုပ်၍ရနိုင်စရာရှိ၏။ ကေးအပေါ်၌ ထားရှိနေသော သူ၏ ပြင်းထန်ကြီးမားသည့် အချစ်သည် ကေး၏ အတိတ်ဘဝတစ်ခုလုံးကို သုတ်သင်ရှင်းလင်းပစ်နိုင်ဖွယ်ရာရှိသည်ဟု သူ ယုံကြည်၏။

သူသည် မကြာခင်မှာပင် ဟော်မြို့သို့သွားရောက်ကာ မောဗီးထံ၌ ပညာသင်ယူရတော့မည်ဖြစ်သည်။ ထိုအခါတွင် ကေးအား သူနှင့်တစ်ပါတည်း ခေါ်သွားပြီး ဘဝသစ်တစ်ခု ထူထောင်ရလျှင် ဘာ့ကြောင့် မဖြစ်နိုင်ရမည်နည်း။ သူသည် ကေးအား သူ၏ ဇနီးမယားအဖြစ်ထားကာ သူ့အနားမှ တစ်ဖဝါးမှ မခွာစေချင်။ ပြီးတော့ အိုးနှင့်အိမ်နှင့် သားသမီးတွေနှင့် သာယာချမ်းမြေ့သည့် မိသားစုတစ်ခု၏ဘဝကို တည်ဆောက်ချင်သည်။ ဟိုတစ်ချိန်ကလို စိတ်ရောကိုယ်ပါ လေလွင့်နေ၍ မဖြစ်။

သူ့ဘဝတွင် အချစ်သည် မရှိမဖြစ်သော အရာတစ်ခုဖြစ်၏။ သူ့ဘဝထဲမှ ကြမ်းတမ်းသောအရာများကို ဆွဲထုတ်သွားနိုင်မည့် အရာမှာ အချစ်သာဖြစ်၏။ အချစ်မရှိသောဘဝသည် ဘဝမဟုတ်။ ကုန်လွန်ခဲ့ပြီးသော နှစ်များအတွင်းက အချစ်မရှိ၍ သေနေခဲ့ရသော သူ့ဘဝကို ပြန်၍ သတိတရဖြစ်မိ၏။ တကယ်တော့ အချစ်ဆိုသည်မှာ ဘဝ၏ ဆားဖြစ်သည်။ လောကကြီး၏ ဘဝအရသာကို ရယူခံစားနိုင်ဖို့အတွက် ဆားမရှိ၍ မဖြစ်။

အခုကျတော့လည်း အာဆူလာက သူ့အား ပြန်မချစ်ခဲ့သည့်အတွက် ဝမ်းသာမိသည်။ ထိုစဉ်က အာဆူလာနှင့်သာ သူ လက်ထပ်ခဲ့ပါက အချစ်စစ် အချစ်မှန်၏ သဘောသဘာဝကို သူနားလည်လိမ့်မည်မဟုတ်။ ပြီးတော့ အခုလို ကေးနှင့် တွေ့ဆုံကာ ကေးအား ချစ်နိုင်ခွင့်ကိုလည်း ရလိမ့်မည်မဟုတ်။

တကယ်တော့ အာဆူလာနှင့် တွေ့ခဲ့ရပြီးနောက် သူလျှောက်လှမ်းခဲ့ရသည့် လမ်းခရီးမှာ ကြမ်းတမ်းပင်ပန်းလှ၏။ သို့တစေလည်း ထိုလမ်းအတိုင်း လျှောက်လာခဲ့ရသည့်အတွက် သူသည် နောက်ဆုံးတွင် ကေးနှင့် တွေ့ဆုံခဲ့ရသည်။ သို့ဆိုပြန်တော့လည်း သူလျှောက်ခဲ့ရသော ခရီးလမ်းသည် မှန်ကန်သည်ဟု ဆိုရမလို ဖြစ်နေသည်။ ဘယ်လိုပဲဖြစ်ဖြစ် အခုအချိန်ကစပြီး သူ့ဘဝသည် ကောင်းလာရမည်။ သူသည် အလုပ်ကိုလုပ်မည်။ ကေးကိုချစ်မည်။ သူ့ပန်းချီကားတွေကို ရောင်းမည်။ သူတို့နှစ်ဦး၏ ဘဝသည် ပျော်စရာ ရွှင်စရာ ကြည်နူးစရာများနှင့် ပြည့်လျှံနေလိမ့်မည်။

ဗင်းဆင့်သည် ဆန္ဒရှိလာလျှင် ဘာကိုမှ စဉ်းစားဆင်ခြင်မနေတော့ပဲ တရှူးထိုး လုပ်တတ်သူဖြစ်သည်။ စိတ်နှင့်မာန်နှင့် ဂမူးရှူးထိုး တစောက်ကန်း

လုပ်တတ်သူလည်း၏။ သို့သော်လည်း သူသည် သူ့ကိုယ်သူ သတိနှင့် ထိန်းချုပ်သည်။ ယာခင်းများဘက်ရောက်၍ ကေးနှင့်သူ နှစ်ဦးထဲ စကားပြောခွင့်ရသည့် အခါတိုင်း သူ့ရင်ထဲ၌ ရှိသမျှကို ဖွင့်ဟချင်စိတ်သည် ပြင်းထန်လှချေသည်။

"ကိုယ်တို့နှစ်ယောက်ကြားမှာ ရှိနေတဲ့ ဟန်ဆောင်မှုတွေကို ဖယ်ပစ်ကြရအောင်ပါ။ အမှန်အတိုင်းပြောရရင် ကိုယ်မင့်ကို ပွေ့ထားချင်တယ်။ မင့်နှုတ်ခမ်းတွေကို နမ်းချင်တယ်။ မင့်ကို ကိုယ့်ဇနီးအဖြစ်နဲ့ ကိုယ့်အနားမှာ ရာသက်ပန်နေသွားစေချင်တယ်။ ကိုယ်တို့နှစ်ယောက်စလုံးဟာ အထီးကျန်တွေပါ။ တစ်ယောက်ရဲ့ဘဝကို တစ်ယောက်က လိုအပ်နေတဲ့ လူတွေပါ။"

ဤစကားများသည် သူပြောချင်နေသည့် စကားများဖြစ်သည်။ သို့သော်လည်း သူမပြောခဲ့။ သူစိတ်သူ ထိန်းချုပ်ထားသည်။ ယင်းကဲ့သို့ ထိန်းချုပ်နိုင်စွမ်းရှိခဲ့သည့်အတွက် သူ့ကိုယ်သူ အံ့သြခြင်းလည်း ဖြစ်မိခဲ့၏။ ကေးကလည်း ဗင်းဆင့်ပြောလိုသည့် စကားများကို ပြောခွင့်ရလာအောင် လမ်းဖွင့်မပေးခဲ့။ သူမသည် အချစ်နှင့် အိမ်ထောင်ရေးကိစ္စများ ပြောလာလျှင် စကားလမ်းကြောင်းကို လွှဲပြောင်းပစ်တတ်သည်။ ဒါဆိုလျှင် သူ့အနေဖြင့် ဘယ်အချိန်အခါတွင် ဘယ်လိုပြောရပါမည်နည်း။ ဘာပဲဖြစ်ဖြစ်၊ ပြောလိုသည့် စကားကိုတော့ အမြန်ဆုံးပြောမှ ဖြစ်မည်။ ဆောင်းရာသီဝင်တော့မည်။ ဆောင်းဝင်လာလျှင် သူသည် ဟော်မြို့သို့ သွားရတော့မည်မဟုတ်ပါလား။

နောက်ဆုံးတွင် ဗင်းဆင့်သည် သူ့စိတ်သူ ထိန်းချုပ်နေရသည့်အလုပ်ကို သည်းမခံနိုင် ဖြစ်လာသည်။ တစ်နေ့တွင် သူတို့သည် ဘရက်ဒါးသို့ ထွက်လာခဲ့ကြ၏။ ဗင်းဆင့်သည် တစ်မနက်ခင်းလုံး ပုံကြမ်းများဆွဲခြင်းဖြင့် အချိန်ကုန်သည်။ နေ့လည်စာကို စမ်းချောင်းကလေးတစ်ခုဘေးရှိ သစ်ပင်ကြီးတစ်ပင်၏ အောက်၌ စားကြသည်။ ကျန်သည် မြက်ခင်းပေါ်၌ အိပ်ပျော်နေသည်။ ကေးသည် ခြင်းတောင်းဘေး၌ထိုင်လျက်၊ ဗင်းဆင့်ကတော့ ကေးအနီး၌ ဒူးထောက်၍ ထိုင်ကာ သူဆွဲထားသည့် ပုံကြမ်းများကို ပြလျက်ရှိသည်။

ဗင်းဆင့်သည် စကားပြောနေသော်လည်း သူ ဘာတွေပြောနေမှန်းမသိ။ သူလက်မောင်းတစ်ဖက်သည် ကေး၏လက်မောင်းနှင့် ထိနေသည်ကိုသာ သိသည်။ ထိုအတွေ့သည် သူ့ရင်ကို မီးတောက်စေခဲ့၏။ ထိုမီးတောက်သည် သူ့စိတ်ကို ထိန်းချုပ်၍မရနိုင်တော့သည့်အဖြစ်သို့ ဆိုက်ရောက်သွားစေခဲ့သည်။ သူလက်ထဲမှ ပန်းချီကားချပ်များသည် လွတ်ကျသွားသည်။ သူလက်များသည် ကေး၏ပုခုံးများကို ဆုပ်ကိုင်ကာသူ့ ရင်ခွင်ဆီသို့ ခပ်ကြမ်းကြမ်း ဆွဲယူမိသည်။

ပြီးတော့ သူပါးစပ်မှ မလှမပထွက်လာသည့် စကားလုံးများ။

"ကေး. . ရယ်။ ကိုယ့်စိတ်ကိုယ် မထိန်းနိုင်တော့ဘူး။ ကိုယ်ပြောချင်တဲ့ စကားတွေကို ကေးသိမှ ဖြစ်တော့မယ်။ ကိုယ် ကေးကို သိပ်ချစ်တယ်။ အခုမှ ချစ်တာ မဟုတ်ပါဘူး။ အမ်စတာဒမ်မှာ တွေ့စဉ်တုန်းကတည်းက ချစ်မိခဲ့တာပါ။ ကေးဟာ ကိုယ့်အနားမှာ အမြဲရှိနေမှ ဖြစ်တော့မှာ။ ကေးအနေနဲ့ ကိုယ့်ကို နည်းနည်း လောက်ပဲဖြစ်ဖြစ် ပြန်ချစ်စေချင်တယ်။ ပြီးတော့ ကိုယ်တို့နှစ်ယောက် ဟော့ဂ်မှာ သွားနေကြမယ်။ ကိုယ်ပိုင်အိမ်ကလေးနဲ့ အတူတူ နေကြရမယ်ဆိုရင် ကိုယ်တို့ ဘယ်လောက်များ ပျော်ကြမလဲ။ ကေး ကိုယ့်ကို ချစ်တယ်မဟုတ်လား ဟင်၊ ပြောပါ ကေးရယ်။ ကိုယ့်ကို လက်ထပ်မယ်မဟုတ်လား ဟင်"

ပထမတော့ ကေးသည် ဗင်းဆင့်၏လက်ထဲမှ ရုန်းထွက်ဖို့ မကြိုးစား။ အံ့သြခြင်း၊ ထိတ်လန့်ခြင်းစသည်တို့ကြောင့် ကြောင်တက်တက်ဖြစ်လျက်ရှိသည်။ သူမ၏မျက်လုံးများသည် ပြူးတူးပြဲတဲဖြစ်ကာ ဗင်းဆင့်၏မျက်နှာကို ကြည့်နေသည်။

"မထပ်ဘူး၊ ဘယ်တော့မှ မထပ်ဘူး" ဟု အော်သည်။

သူမသည် ဗင်းဆင့်၏လက်ထဲမှ အတင်းရုန်းကန်တွန်းထိုးပြီးထွက်သည်။ အိပ်ပျော်နေသော သားငယ်ကို ဖြတ်ကနဲ ပွေ့ယူကာ လယ်ကွင်းထဲမှ ပြေးထွက်သွားသည်။ ဗင်းဆင့်က နောက်မှ ပြေးလိုက်သော်လည်း မီအောင် မလိုက်နိုင်။ ကြောက်စိတ်သည် ကေး၏ခြေထောက်များကို ခြေကုန်သုတ်သွားအောင် အားအပြည့် ဖြည့်ပေးထားသည်။ ဗင်းဆင့်သည် သူကြုံလိုက်ရသည့် အဖြစ်အတွက် အကြီးအကျယ် အံ့အားသင့်နေသည်။

"ကေး . . ကေး. . . " ဟု သံကုန်ဟစ်၍ ခေါ်သည်။ "မပြေးနဲ့လေ. မပြေးပါနဲ့"

ကေးကတော့ ဗင်းဆင့်၏အသံကိုကြားလေ အရှိန်ကိုမြှင့်၍ပြေးလေ၊ ဗင်းဆင့်သည် လက်နှစ်ဖက်ကိုမြှောက်၍ ဝှေ့ယမ်း၍ အော်ဟစ်၍ လိုက်နေဆဲ။ တစ်နေရာအရောက်တွင် ကေးသည် ခလုတ်တိုက်မိကာ မှောက်လျက်လဲသည်။ ဂျန်၏ အော်သံကို ကြားလိုက်ရ၏။ ဗင်းဆင့်သည် အပြေးအလွှား ဒူးထောက်ထိုင်ချကာ ကေးအား ဆွဲထူပေးသည်။

"ကေး. . ကေး. . ကိုယ်က ချစ်လွန်းလို့ ချစ်တယ်လို့ ပြောရုံကလေးနဲ့ ဘာပြုလို့ ထွက်ပြေးရတာလဲ။ ကေးကလဲ ကိုယ့်ကို ချစ်တယ်မဟုတ်လား. . ။ မကြောက်ပါနဲ့ ကေးရယ်၊ ကြောက်စရာ မဟုတ်ပါဘူး။ ကိုယ်က မင့်ကို

ချစ်တယ်လို့ ပြောရုံပဲ ရှိပါသေးတယ်။ အတိတ်ဘဝကို မေ့လိုက်ပါတော့လား ကေးရယ်။ မင်းနဲ့ကိုယ်နဲ့လက်တွဲပြီး ဘဝသစ်တစ်ခုကို စကြပါစို့လား"

ကေး၏ မျက်လုံးများထဲရှိ ကြောက်စိတ်အရိပ်အငွေ့များသည် ချက်ခြင်း ပျောက်ကွယ်သွားသည်။ ထိုနေရာတွင် မုန်းတီးစက်ဆုတ်သည့် အရိပ်လက္ခဏာများ ထင်ဟပ်လာသည်။ ယခုအချိန်တွင် ဂျန်သည် အိပ်ပျော်နေရာမှ နိုးလာပြီ။ ဂျန်သည် တင်းမာခက်ထန်လျက်ရှိသော ဗင်းဆင့်၏မျက်နှာထားကို ကြည့်ကာ ထိတ်လန့်လာသည်။ ဗင်းဆင့်၏ နှုတ်ခမ်းများမှ ထွက်လာနေသည့် စကားလုံးများကို ကြားရသည့်အခါ ပို၍ကြောက်လန့်လာသည်။ သူသည် သူ့အမေ၏လည်ပင်းကို ဖက်ကာငိုပါလေတော့၏။

"ကေး. . ရယ်၊ ကိုယ့်ကို နည်းနည်းလေးမှ ပြန်မချစ်နိုင်ဘူးလား ကွယ်"

"မချစ်ဘူး. . . လုံးဝမချစ်ဘူး"

ကေးသည် လဲနေရာမှ ကြုံးထကာ လမ်းမကြီးဘက်သို့ တအားကုန် ပြေးထွက်သွားပြန်သည်။ ဗင်းဆင့်ကတော့ သဲပေါ်တွင်ထိုင်နေရာမှ ရုတ်တရက် မထနိုင်။ ကြက်သေသေကာ ကျန်ရစ်ခဲ့သည်။ ကေးသည် လမ်းမကြီးပေါ်သို့ တက်ကာ ဆက်ပြေးသည်။ ထို့နောက် မျက်စိအောက်မှ ပျောက်သွားသည်။

ဗင်းဆင့်သည် ထိုင်နေရာမှ ဖြုန်းကနဲထကာ ကေး၏နာမည်ကို တကြော်ကြော်ခေါ်ပြီး နောက်မှ ပြေးလိုက်သည်။ သူ လမ်းမပေါ်သို့ ရောက်သည့်အခါ လမ်းတစ်ဖက်ရှိ တောင်ကုန်းဆင်ခြေလျှောအတိုင်း ဆင်းပြေးနေသော ကေးကို လှမ်းမြင်သည်။ သူမ၏လက်များသည် သူမ၏ သား ဂျန်အား ပွေ့ပိုက်ထားသည်။

ဗင်းဆင့်သည် လမ်းမပေါ်၌ရပ်ကာ ကေးအား လှမ်းမျှော်ကြည့်နေသည်။ ကေးတို့သားအမိသည် လမ်းခုံးအကွေ့ထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားလေပြီ။ သူသည် ထိုနေရာ၌ ငြိမ်ဆိတ်စွာ ရပ်နေသည်။ မည်မျှကြာကြာ ရပ်နေမိသည်ကို သူမသိ။ ထို့နောက် လာလမ်းအတိုင်း ပြန်လှည့်ကာ လယ်ကွင်းများဆီသို့ လျှောက်လာခဲ့၏။ သူသည် မြေပေါ်၌ ကျနေသည့် ပန်းချီကားများကို ကောက်ယူသည်။ ကားများသည် ပေရေစည်ပတ်ကုန်ကြပြီ။ သူသည် နေ့လည်စာထည့်သည့် ပစ္စည်းများကို ခြင်းထောင်းထဲသို့ ပြန်ကောက်ထည့်သည်။ သူ၏ပန်းချီကားတင်ခုံကို ကျောတွင်ပိုး၍ ကြိုးများကို ရင်ပတ်၌ သိုင်းချည်ကာ နှေးကွေး လေးလံသော ခြေလှမ်းများဖြင့် အိမ်ဖက်သို့ ပြန်လာခဲ့လေ၏။

အိမ်ထဲတွင် တင်းမာသော အခြေအနေတစ်ရပ်ကို မြင်တွေ့နေရသည်။

ဗင်းဆင့်သည် အိမ်ထဲရောက်လျှင်ရောက်ခြင်း အရိပ်အခြည်ကို အကဲခတ်မိသည်။ ကေးကတော့ သူမ၏အခန်းကို အတွင်းမှ သော့ပိတ်ကာ အခန်းအောင်းနေသည်။ သူ့အမေနှင့်အဖေတို့သည် စကားပြောနေကြသည်။ သူဝင်သွားသည့် အခါ နှစ်ဦးသား စကားကို ဆက်မပြောကြတော့ချေ။ သူသည် တံခါးကို ပြန်ပိတ်ကာ ဝင်လာခဲ့၏။ သူ့အဖေ၏ မျက်နှာထားသည် ဒေါသအရှိန်ဖြင့် တင်းမာလျက်ရှိသည်။

"ဗင်းဆင့်ရယ်. . . မင်း ဘယ်လိုလုပ်လိုက်တာလဲ သားရယ်" ဟု သူ့အမေက စိတ်ပျက်သံဖြင့် လှမ်းမေးသည်။

"ကျွန်တော် ဘာလုပ်လို့လဲ. . . " ဟု ဗင်းဆင့်က ပြန်မေးသည်။

"မင့်နှမ ကေးကို ဒီလိုလုပ်တာဟာ စော်ကားတာပဲကွယ့်"

ဗင်းဆင့်အဖို့ အဖြေရခက်သည့်ကိစ္စ ဖြစ်နေသည်။ သူသည် ရင်ပတ်သိုင်းကြိုးများကို ဖြည်၍ ကျောပိုးထားသည့် ပန်းချီတင်ခုံကိုဖြုတ်ကာ အခန်းထောင့်သို့သွား၍ ချထားလိုက်သည်။ သူ့အဖေကတော့ အခုအချိန်ထိ စကားမပြောနိုင်သေး။

"ဘယ်လိုဖြစ်တယ်ဆိုတာကို ကေးက အတိအကျ ပြောသလား" ဟု ဗင်းဆင့်က မေးသည်။

သူ့အဖေသည် လည်ပင်းကော်လာကြယ်သီးများကိုဖြုတ်လိုက်သည်။ သူ့အဖေ၏ လက်တစ်ဖက်သည် စားပွဲအစွန်းကို တအားဆုတ်ကိုင်ထားသည်။

"မင်းက အရှုးတစ်ယောက်လုပ်သလို သူ့ကို အတင်းဖက်ပြီး ပေါက်ကရ စကားတွေ ပြောတယ်တဲ့"

"အဲသလို မဟုတ်ဘူး။ ကျွန်တော် သူ့ကိုချစ်တယ်လို့ ပြောတာ၊ ချစ်လို့ ချစ်တယ်လို့ ပြောတာဟာ စော်ကားတာလို့ ကျွန်တော်ကတော့ မမြင်ဘူး"

"မင်းပြောခဲ့တာဟာ အဲဒီစကားပဲလား"

သူ့ဖခင်၏အသံသည် အေးစက်မာကြောလှ၏။

"မကဘူး၊ ကျွန်တော့်ကို လက်ထပ်ပြီး ဇနီးအဖြစ် အတူတူနေဖို့ပါ ပြောခဲ့တယ်"

"မင့်ဇနီးအဖြစ်. . ဟုတ်လား"

"ဟုတ်တယ်. . ဒီစကားကကော သိပ်ပြီး အံ့သြစရာကောင်းတဲ့ စကား ဖြစ်နေသလား"

"အို. . . ဗင်းဆင့်ရယ်" ဟု သူ့အမေက ညည်းသံဖြင့် ပြောသည်။

"ဒီလိုအနေအထားမျိုးအထိတောင် ဘာပြုလို့ တွေးရတာလဲကွယ်"

"အဲသလိုဖြစ်လာလိမ့်မယ်ဆိုတာကို အမေ စောစောစီးစီး မတွေးမိဘူးလား"

"အမေက ဘယ်လိုလုပ်ပြီး တွေးမိမှာလဲ ဗင်းဆင့်ရယ်၊ မင်းက သူ့ကို ချစ်လာလိမ့်မယ်လို့တောင် တွေးမိခဲ့တာမှ မဟုတ်တာ"

"ဒီမယ် . . ဗင်းဆင့်" ဟု သူ့အဖေက ကြားဖြတ်ပြောသည်။ "ကေးဟာ မင်းနဲ့ မောင်နှမတစ်ဝမ်းကွဲ တော်တယ်ဆိုတာ မင်း သတိထားမိရဲ့လား"

"သတိထားမိတယ်၊ အဲဒါ ဘာဖြစ်လဲ"

"မင့်အနေနဲ့ တစ်ဝမ်းကွဲနှမကို လက်ထပ်လို့ မရဘူး။ လက်ထပ်ရင် လက်ထပ်ရင်. . ."

ဗင်းဆင့်၏ဖခင်သည် ထိုစကားကို နှုတ်မှပင် ပြောမထွက်။ သူသည် ထစ်ထစ်ငေါ့ငေါ့ဖြစ်ကာ စကားကို ရပ်ပစ်လိုက်သည်။ ဗင်းဆင့်သည် ပြတင်းပေါက်ဆီသို့ သွားရပ်ကာ ပန်းခြံဆီသို့ ငေးကြည့်နေသည်။

"လက်ထပ်ရင် ဘာဖြစ်မှာမို့လဲ"

"သွေးသားချင်း သံဝါသပြုတယ်လို့ အပြောခံရလိမ့်မယ်"

ဗင်းဆင့်သည် သူ့စိတ်သူ အတော်ကြီး ကြိုးစား၍ ထိန်းထားသည်။ သူ့ချစ်မေတ္တာကို ဘာကြောင့် အောက်တန်းကျသော ယုတ်ညံ့သော စကားလုံးနှင့် တင်စားရပါသနည်း။ ကင်ပွန်းတပ်ရပါသနည်း။ သူ့စိတ်သည် မခံမရပ်နိုင် လောက်အောင်ပင် နာကျည်းလျက်ရှိသည်။

"ဒါဟာ အဓိပ္ပာယ်မရှိတဲ့စကားပဲ အဖေ။ အဖေ့ပါးစပ်က တန်ဘိုးလုံးဝမရှိတဲ့စကားမျိုး ထွက်မလာသင့်ဘူးလို့ ကျွန်တော်ထင်တယ်"

"ဒီမယ်. . ဟေ့ ဗင်းဆင့် ငါထပ်ပြောမယ်။ ဒီကိစ္စဟာ သွေးသားချင်း ကာမမှုပြုတာပဲ ဟေ့၊ နားလည်လား" ဟု သူ့အဖေ သီအိုဒိုးရပ်စ်က အော်ပြောသည်။ "ငါတို့ ဗင်ဂိုးမိသားစု မျိုးရိုးထဲမှာ ဒီလို ဒုစရိုက်မျိုး ကို လုံးဝ ငါခွင့်မပြုဘူး၊ သိလား"

"အဖေ အခုပြောနေတာဟာ သမ္မာကျမ်းစာကို ကိုးကားပြီး ပြောနေတာမဟုတ်ဖူးလို့ ကျွန်တော်ထင်တယ်"

"ဒီလိုမပြောပါနဲ့ ဗင်းဆင့်ရယ်" ဟု သူ့အမေက တားသည်။ "မင်းကေးကို ချစ်တယ်ဆိုရင် ဘာ့ကြောင့် ခဏတဖြုတ် မစောင့်နိုင်ရတာလဲကွယ်။ သူ့ခမြာ ယောကျ်ားသေတာ တစ်နှစ်ပဲရှိပါသေးတယ်။ သူ့အနေနဲ့ သူ့ယောကျ်ားကို

အတော်ကြီး ချစ်ရှာတာ။ ပြီးတော့ မင့်မှာ မယားတစ်ယောက်ကို ကျွေးမွေးထားနိုင်လောက်အောင် ငွေကြေးရှာနိုင်သေးတာမှ မဟုတ်တာ”

“မင်းလုပ်ခဲ့တာကို ငါ စဉ်းစားပြီးပြီ” ဟု သူ့အဖေက ဝင်ပြောသည်။ “မင်းလုပ်ပုံဟာ စိတ်နေစိတ်ဓာတ် မရင့်ကျက် မတည်ငြိမ်တဲ့သဘောကို ပြနေတယ်။ အင်မတန်မှ ရိုင်းစိုင်းပြီး မယဉ်ကျေး မဖွယ်ရာမှုတစ်ခုကို ပြုတယ်လို့လဲ ယူဆတယ်”

ဇင်းဆင့်သည် တုန်တုန်ယင်ယင်ဖြစ်လျက်ရှိ၏။ သူသည် အိတ်ကပ်များကို နှိုက်၍ စမ်း၍ ဆေးတံကို ရှာသည်။ ပြီးတော့ ဆေးတံကို အချိန်အတန်ကြာမှ ကိုင်ကာ ငိုင်နေသည်။ ထို့နောက် ဆေးတံကို အိတ်ကပ်ထဲ ပြန်ထည့်သည်။

“အဖေ့ကို ကျွန်တော် တစ်ခုတော့ ပြောရလိမ့်မယ်။ ဒီစကားဟာ ကျွန်တော့်ဘက်က အခိုင်အမာ ပြတ်ပြတ်သားသား ဆုံးဖြတ်ပြီးမှ ပြောတဲ့စကားလို့ အဖေယူဆပါ။ ကျွန်တော့်အချစ်နဲ့ ပတ်သက်လို့ အခုလို အောက်တန်းကျတဲ့စကားတွေကို နောက်ထပ် လုံးဝမသုံးပါနဲ့။ ကျွန်တော် ကေးကို ချစ်တာဟာ တကယ့် အချစ်စစ် အချစ်မှန်နဲ့ ချစ်ခဲ့တာပါ။ အင်မတန် မွန်မြတ်တဲ့အချစ်လို့ ကျွန်တော် ယုံကြည်ပါတယ်။ အဲဒါကို မရင့်ကျက်ဘူး။ မတည်ငြိမ်ဘူး။ မဖွယ်ရာဘူး။ မယဉ်ကျေးဘူးဆိုတဲ့ စကားလုံးတွေနဲ့ အမည်မပေးချင်ပါနဲ့”

ဇင်းဆင့်သည် သူ၏ပန်းချီတင်ခုံကို ဆွဲယူကာ သူ့အခန်းထဲသို့ ဝင်သွားသည်။ သူသည် အိပ်ယာပေါ်သို့ ခြေပစ်လက်ပစ် ထိုင်ချလိုက်ပြီး သူ့ကိုယ်သူ မေးခွန်းပေါင်းများစွာ မေးသည်။ “ဘာဖြစ်တာလဲ။ ငါ ဘာလုပ်မိလို့လဲ။ ငါက ကေးကို ချစ်တယ်လို့ပြောတယ်။ သူက ထွက်ပြေးတယ်။ ဘာကြောင့် ထွက်ပြေးရတာလဲ။ သူ ငါ့ကို မချစ်ဘူးလား”

“မချစ်ဘူး။ လုံးဝမချစ်ဘူး။ ဘယ်တော့မှမချစ်ဘူး”

သူနားထဲတွင် ကေး၏နှုတ်မှ ထွက်ခဲ့သော ထိုစကားများကို ပြန်လည် ကြားယောင်နေမိသည်။ သူသည် တစ်ညလုံး အိပ်၍မရ။ နေ့ခင်းက ကြုံခဲ့ရသည့် အဖြစ်ကို ပြန်တွေးလိုက်၊ ပြန်၍မြင်ယောင်လိုက်ဖြင့် အချိန်ကုန်လျက် ရှိသည်။ ဘယ်လိုပဲ စဉ်းစားစဉ်းစား အဆုံးသတ်တွင် “မချစ်ဘူး၊ လုံးဝမချစ်ဘူး။ ဘယ်တော့မှ မချစ်ဘူး” ဟူသော စကားများဖြင့်သာ အဆုံးသတ်သည်။ ထိုစကားများသည် သူ့အတွက် သေမိန့်ဟုပင် ထင်၏။

နောက်နေ့မနက်တွင် သူသည် အချိန်များစွာ နောက်ကျပြီးမှ အိပ်ယာမှ

နိုးလာသည်။ သူ အောက်ထပ်သို့ ဆင်းလာသည့်အခါ မနေ့ကရှိနေသော တင်းမာမှုသည် လွင့်စင်ပျောက်ကွယ်သွားလေပြီ။ သူ့အမေသည် မီးဖိုခန်းထဲ၌ အလုပ်များလျက်ရှိ၏။ သူဝင်သွားသည့်အခါ အမေက သူ့ပါးတစ်ဖက်ကိုနမ်း၍ နှုတ်ဆက်သည်။ ပြီးတော့ သနားကြင်နာသော မျက်နှာထားဖြင့် ဗင်းဆင့်၏မျက်နှာကို ကြည့်ကာ ပါးတစ်ဖက်ကို အသာအယာ ပုတ်သည်။

“ငါ့သား အိပ်လို့ ပျော်ရဲ့လား” ဟု မေးသည်။

“ကေးကော ဘယ်မှာလဲ”

“မင်းအဖေက မြင်းရထားနဲ့ ဘရက်ဒါးကို လိုက်ပို့တယ်”

“ဘာကြောင့်လဲ”

“ရထားမှီအောင်လို့ပေါ့။ သူ အိမ်ပြန်တော့မယ်လေ”

“အမ်စတာဒမ်ကို ပြန်မှာလား”

“အေး . . . ဟုတ်တယ်”

“သြော်. . . .”

“သူ အိမ်ကိုပြန်တာ အကောင်းဆုံးပဲလို့ ကေးကထင်တယ်”

“သူ ကျွန်တော့်ကို ဘာများ မှာသွားသေးလဲ”

“ဘာမှ မှာမသွားဘူး သားရဲ့။ ကဲ သား လာ ထိုင်တော့၊ အမေတို့ မနက်စာ စားကြစို့”

“စကားလေးတစ်ခွန်းတောင် မှာမသွားဘူးလား အမေ။ မနေ့က အကြောင်းကိုရော ပြောမသွားဘူးလား။ သူကျွန်တော့်ကို စိတ်ဆိုးနေတုန်းပဲလား”

“မဆိုးပါဘူး. . . . သူ့အနေနဲ့ မိဘတွေဆီ ပြန်တဲ့သဘောပဲ သားရဲ့”

သူ့အမေသည် ကေးပြောသွားသည့်စကားများကို ထပ်၍ မပြောခြင်းသည် အကောင်းဆုံးဖြစ်လိမ့်မည်ဟု ဆုံးဖြတ်ထားသည်။ သူမသည် နောက်ထပ် ဘာစကားမှ မပြောတော့ပဲ ကြက်ဥတစ်လုံးကို ပြုတ်နေသည်။

“ဘရက်ဒါးကိုသွားမယ့် မီးရထားက ဘယ်အချိန် ထွက်သလဲ အမေ”

“ဆယ်နာရီ မိနစ်နှစ်ဆယ် ကွယ့်”

ဗင်းဆင့်သည် မီးဖိုခန်းထဲမှ နာရီကို လှမ်းကြည့်သည်။

“ဟင် . . အခုအချိန်ပဲ ထွက်တော့မှာပါလား” ဟု ရေရွတ်သည်။

“ဟုတ်တယ်. . ကွယ့်”

“ဒါဆိုရင် ဒီကိစ္စမှာ ကျွန်တော် ဘာမှ လုပ်လို့မရတော့ဘူးပေါ့”

“လာပါ သားရယ်။ စားပွဲမှာ ထိုင်ပါ။ ဒီမနက် မနက်စာကို သားကြိုက်

တတ်တဲ့ လျှာချက်ထားတယ်”

အမေသည် စားပွဲပေါ်မှ ပစ္စည်းများကို ရှင်းလင်းသုတ်သင်ကာ မနက်စာကို ပြင်သည်။ အမေသည် သူ့အနားမှ ခွာမသွားပဲ တရစ်ဝဲဝဲ လှည့်နေသည်။ မနက်စာကို စားဖို့သာ တစ်တွတ်တွတ် တိုက်တွန်းလျက်ရှိ၏။ အမေသည် သူ့သား ဗိုက်ပြည့်သွားပါက အတွေးအခေါ်အယူအဆအားလုံး တည်ငြိမ်မှန်ကန်သွားလိမ့်မည်ဟု မျှော်လင့်နေသည် မဟုတ်ပါလား။

ဗင်းဆင့်သည် သူ့အမေ၏ ဆန္ဒကို ရိပ်မိသည်။ စားပွဲပေါ်သို့ အမေချပေးသမျှ အစားအစာအားလုံးကို ယူ၍ မျိုချသည်။ သို့သော်လည်း အရသာနှင့် ပတ်သက်၍တော့ “အရသာမရှိဘူး။ လုံးဝ အရသာမရှိဘူး” ဟူသော စကားလုံးများသည် အစားတစ်ခုကို ကိုက်ဝါးလိုက်တိုင်း သူ့ပါးစပ်ထဲ၌ ရှိနေ၏။

(၇)

တကယ်တော့ ဗင်းဆင့်သည် သူ့စိတ်သူ ကောင်းစွာ နားလည်သည်။ သူ့စိတ်သည် ကေးအပေါ် ချစ်မြတ်နိုးသည်ထက် သူ့အလုပ်အပေါ်၌ အဆများစွာပို၍ ချစ်မြတ်နိုးသူဖြစ်၏။ အကယ်၍ ဤနှစ်ခုတွင် တစ်ခုကိုသာ ရွေးချယ်ရမည်ဆိုပါက သူ့အနေဖြင့် အလုပ်ကိုသာ ရွေးချယ်မည်ဖြစ်သည်။ ယင်းကိစ္စနှင့် ပတ်သက်၍ သူ့စိတ်အပေါ်တွင် သံသယဖြစ်စရာ အကြောင်းဟူ၍ ဘာတစ်ခုမှ မရှိပေ။

သို့တစေလည်း သူဆွဲနေသော ပုံများသည် ရုတ်တရက် ချက်ခြင်းပင် ညံ့ဖျင်းလာသည်။ သူသည် သူ့အလုပ်အပေါ်တွင် ယခင်ကလောက် စိတ်ဝင်စား၍ မရခဲ့ပေ။ ထို့ကြောင့်လည်း သူ့လက်ရာများ ခို့ယွင်းလာခြင်းဖြစ်ပေလိမ့်မည်။ သူ ယခင်က ရေးဆွဲထားခဲ့သည့် နံရံပေါ်မှ ပုံများကို ပြန်ကြည့်မိသည်။ ကေးအပေါ်၌ ချစ်စိတ်ဝင်လာစဉ်က ရေးဆွဲခဲ့သမျှ လက်ရာများသည် သိသာစွာ တိုးတက်နေသည်ကို သူ သတိထားမိလေသည်။

သူ့အနေဖြင့် သူ့လက်ရာများတွင် ကြမ်းတမ်းမှုများ ရှိနေသည်ကို သတိထားခဲ့မိသည်။ အထူးသဖြင့် မညီမျှမှုများနှင့် မသပ်ယပ်မှုများသည် ရှိနေ၏။ သို့သော်လည်း ထို့ခို့ယွင်းမှုအားလုံးကို ကေး၏အချစ်က ပျော့ပြောင်းနူးညံ့သွားအောင် မှုန်ကန်သွားအောင် သပ်ယပ်သွားအောင် စွမ်းဆောင်နိုင်လိမ့်မည်ဟု

ထင်သည်။ သူ့အချစ်သည် အလွန်နက်ရှိုင်း၏။ ကြီးမားပြင်းထန်၏။ သူ့အချစ်ကို အေးသွားအောင် ဘယ်အရာကမှ လုပ်နိုင်စွမ်းရှိလိမ့်မည်မဟုတ်။ သူ့အနေဖြင့် ကေး၏ ငြင်းပယ်မှုကို သူ့နှလုံးသားနှင့် ထိတွေ့လျှင် ပျော်ဝင်သွားမည့် ရေခဲတုံးတစ်တုံးဟု သဘောထားသည်။

မည်သို့ပင်ဖြစ်စေ၊ သူ့စိတ်တွင် သံသယလေး မဆိုစလောက်ကတော့ ရှိနေသည်။ ထိုသံသယကြောင့်လည်း သူသည် အလုပ်အပေါ် စိတ်ဝင်တစား မရှိခြင်းဖြစ်၏။ ဆိုကြပါစို့ - ကေး၏ ဆုံးဖြတ်ချက်ကို ပြောင်းသွားအောင် သူ မစွမ်းဆောင်နိုင်ခဲ့ပါမူ ဘယ်လိုအဖြစ်နှင့် ရင်ဆိုင်ရပါလိမ့်မည်နည်း။ ကေးသည် အလားအလာရှိသော အချစ်သစ်ကို ရှာဖို့မဆိုထားနှင့် စိတ်ကူးဖို့ကိုပင် စိတ်က မလုံမလဲဖြစ်နေဟန်တူ၏။

သူကတော့ အတိတ်၌သာ ဘဝကို မြုပ်နှံထားလိုသည့်စိတ်သည် ရောဂါတစ်မျိုးဟု ယူဆသည်။ ကေးတွင် စွဲကပ်နေသည့် ထိုရောဂါမှာ အသက်ကိုပင် အန္တရာယ်ပြုနိုင်သည်ဟု သူထင်၏။ ထို့ကြောင့်လည်း ကေး၌ စွဲကပ်နေသော ထိုရောဂါကို ပျောက်ကင်းသွားသည့်အထိ အချိန်မီ ကုသပေးချင်သည်။ သူ၏ ပန်းချီဆွဲနေသောလက်နှင့် ကေး၏လက်တို့သာ လက်ချင်းတွဲမိပါက သာယာသော ဘဝတစ်ခုကို တည်ဆောက်သွားနိုင်လိမ့်မည်ဟု သူယုံကြည်နေမိ၏။

သူသည် အခန်းအောင်းကာ သူ့ရင်ထဲ၌ ရှိသမျှ ခံစားမှုများကို ဖော်ပြသည့်စာများကို ကေးထံ ပို့မည်ဟူသော စိတ်ကူးဖြင့် မရပ်မနား ရေးလျက်ရှိသည်။ ထို့နောက် စာများကို ကေးထံသို့ ပို့သည်။ သီတင်းပတ်ပေါင်းများစွာကြာမှ သူ့စာများကို ကေးမဖတ်သည်ကို သိခဲ့ရ၏။ သူသည် သူ့ညီ သီအိုထံသို့ စာ နေ့တိုင်းရေးသည်။ သူယုံကြည်စိတ်ချရသူဖြစ်သဖြင့် သူ့ခံစားချက်မှန်သမျှကို မချွင်းမချန်ထည့်ရေးသည်။ သူ့နှလုံးသားထဲ၌ ကိန်းအောင်းနေသည့် သံသယ၊ သူ့မိဘနှစ်ပါးနှင့် ဘုန်းတော်ကြီး စထရစ်ကားတို့က သူ့အပေါ် ပြစ်တင်ဝေဖန်မှု စသည် စသည်များကို မဖုံးမကွယ် ဖော်ပြသည်။

ဗင်းဆင့်သည် ခံစားမှုပြင်းထန်သူဖြစ်၏။ လောလောဆယ်တွင် သူသည် ချစ်ရေးချစ်ရာမပြေလည်မှုကို ခါးသီးစွာ ခံနေရ၏။ သူသည် ခံစားမှု ရှိလာလျှင် မျိုသိပ်ခြင်း၊ ဖုံးကွယ်ခြင်း ပြုနိုင်သူမဟုတ်။ သူ့အမေသည် သူ့သားအကြောင်းကို ကောင်းစွာသိသည်။ ကြင်နာသနားသောမျက်နှာဖြင့် သူ့သားကို ကြည့်ကာ တတ်အားသရွေ့ ဖြောင့်ဖျသည်။

"ဗင်းဆင့်ရယ် မင်းလုပ်နေပုံက ကျောက်တုံးရေကာတာကြီးတစ်ခုကို

ခေါင်းနဲ့ ပြေးတိုက်သလို ဖြစ်နေပြီ" ဟု သူ့အမေက ပြောသည်။ "မင့်ဦးကြီးက တဆင့် သူ လက်မခံနိုင်ပါဘူးလို့ အဖြေပေးထားပြီးပြီပဲ၊ ဒီကိစ္စဟာ လမ်းဆုံးပြီပေါ့"

"ကျွန်တော်ကတော့ ဦးကြီးစထရစ်ကားရဲ့ စကားကို အတည်မယူနိုင်ဘူး အမေ"

"ဒါပေမယ့် ဒီစကားကို ကေးက ပြောတာပဲ၊ သူက ကြားက တစ်ဆင့် ပြန်ပြောတာပဲ"

"ကေးက ကျွန်တော့်ကို မချစ်နိုင်ဘူးလို့ ပြောတယ်ပေါ့။ ဟုတ်လား"

"ဟုတ်တယ်လေ၊ ကေးက သူ့စိတ် ဘယ်တော့မှ မပြောင်းလဲပါဘူးလို့လဲ ပြောထားတယ် မဟုတ်လား"

"အင်းပေါ့. . လေ၊ ကျွန်တော်တို့ စောင့်ကြည့်ကြသေးတာပေါ့"

"စောင့်ကြည့်ဖို့ လိုဦးမလား. . ဗင်းဆင့်ရယ်၊ မျှော်လင့်ချက် လုံးဝမရှိတော့တဲ့ကိစ္စပါ။ မင့်ဦးကြီးစထရစ်ကားကလဲ သူ့သဘောထားကို အပြတ်ပြောထားပြီးပြီမဟုတ်လား။ မင်းရဲ့ဝင်ငွေဟာ တစ်နှစ်ကို အနည်းဆုံး ဖရန့်တစ်ထောင်ရမှ သူ့သမီးနဲ့ လက်ထပ်ခွင့်ပြုနိုင်မယ်တဲ့။ မင့်အနေနဲ့ အဲသလောက် ဝင်ငွေရဖို့ဆိုတာ သိပ်ကို ဝေးပါတယ်ကွယ်"

"မဟုတ်သေးပါဘူး အမေရယ်၊ ဘဝကို ချစ်မြတ်နိုးတဲ့လူတွေ၊ အလုပ်ကို ကြိုးစားပြီးလုပ်တဲ့လူတွေအဖို့ စားစရာဟာ ရှိနေမှာပါ"

"အဲသလို တွက်လို့မရဘူး. . ဗင်းဆင့်၊ ကေးဟာ စည်းစိမ်ခံပြီး ကြီးပြင်းလာရတဲ့ မိန်းကလေး၊ သူ့ဘဝမှာ အမြဲတမ်း အကောင်းစားတွေနဲ့ နေလာရတာ"

"သူနေလာခဲ့ရတဲ့ အကောင်းစားတွေက သူ့ကို ပျော်အောင်မှ မလုပ်နိုင်ခဲ့တာ"

"အေးလေ၊ တကယ်လို့ မင်းတို့နှစ်ယောက်အနေနဲ့ စိတ်အလိုကို လိုက်ပြီး လက်ထပ်ကြမယ်ဆိုရင် စိတ်ဆင်းရဲစရာကောင်းတဲ့ ဒုက္ခတွေဟာ ဖြစ်လာမှာပဲ။ ဆင်းရဲမယ်၊ ငတ်ကြပြတ်ကြမယ်၊ မကျန်းမာမှုတွေ ဖြစ်မယ်။ မင်းလဲ သိမှာပါ။ အိမ်ထောင်တစ်ခုဆိုတာ ဖရန့်ငွေ တစ်ပြားနဲ့ နေလို့ရတာ မဟုတ်ဘူး"

"အဲဒီ ဆင်းရဲဒုက္ခမျိုးတွေနဲ့ ကျွန်တော် ကြုံခဲ့ရပြီးပါပြီ အမေရာ၊ ကျွန်တော် မကြောက်တော့ပါဘူး။ ကျွန်တော်နဲ့ကေးဟာ ကွဲကွာပြီးနေရတာထက် အတူတူနေရတာက နှစ်ဦးစလုံးအတွက် ပျော်ရွှင်သာယာလာဖို့ ရှိပါတယ်။"

"ကဲပါ သားရယ်၊ အမေ တစ်ခုမေးမယ်။ **တကယ်လို့ ကေးက မင့်ကို**

မချစ်ပါဘူးလို့ ဆိုရင်ကော"

"ကျွန်တော် အမ်စတာဒမ်ကို သွားမယ်။ သူက "ဟင့်အင်း" လို့ ငြင်းထားတာကို "ဟုတ်ကဲ့ပါ" လို့ ပြောင်းသွားအောင် ကျွန်တော်လုပ်နိုင်တယ်"

သို့သော်လည်း သူချစ်နေသော အမျိုးသမီးထံသွားဖို့ သူ့တွင် မီးရထားခ မရှိပေ။ အမ်စတာဒမ်သို့ အသွားလက်မှတ်ခ တစ်ဖရန့်ကိုပင် သူရအောင် မရှာနိုင်ချေ။ သူသည် သူ့ကိုယ်သူ ဒေါသဖြစ်၍မဆုံး။ အခုဆိုလျှင် သူ့အသက်သည် နှစ်ဆယ့်ရှစ်နှစ် ရှိနေပြီ။ ဆယ့်နှစ်နှစ်တာ ကာလပတ်လုံး သူသည် ကိုယ်ကျိုးဟူသမျှကို စွန့်လွှတ်ကာ အလုပ်ကို ပင်ပန်းကြီးစွာ လုပ်ခဲ့၏။ သို့ပါလျက်နှင့် အမ်စတာဒမ်သို့ သွားရေးအတွက် မဖြစ်စလောက် လက်မှတ်ဖိုးပင် သူ့လက်ထဲ၌ မရှိ။

သူသည် ကီလိုမီတာ တစ်ရာခရီးကို ခြေလျှင်လျှောက်မည်ဟု စိတ်ကူးသည်။ သို့သော်လည်း ကေးတို့ထံသို့ ဆာလောင်မွတ်သိပ်ခြင်း၊ ညစ်ပတ်ပေရေခြင်း စသည့် မဖွယ်မရာအဖြစ်များနှင့် ဆိုက်ရောက်သွားလိမ့်မည် ဖြစ်၏။ သူကတော့ ဘယ်လိုပုံမျိုးနှင့်ပဲရောက်ရောက် အကြောင်းမဟုတ်။ သို့သော်လည်း သူသွားရမည့် ဘုန်းတော်ကြီးစထရစ်ကားသည် ဘုန်းတော်ကြီး ပက်တာဆင်လို့ ခွင့်လွှတ်မည့်ပုဂ္ဂိုလ်မဟုတ်။

သူသည် တစ်မနက်ခင်းလုံး သီအိုထံ စာရှည်ကြီးတစ်စောင် ရေးခြင်းဖြင့် အချိန်ကုန်သည်။ ညပိုင်းကျပြန်တော့လည်း စိတ်ကူးရလာပြန်သဖြင့် စားပွဲ၌ ထိုင်ကာ နောက်ထပ် စာတစ်စောင် ရေးပြန်သည်။

ချစ်သောသီအို

ငါ့မှာ အမ်စတာဒမ်ကိုသွားဖို့ ခရီးစရိတ်မရှိလို့ အရေးတကြီး ငွေလိုနေတယ်။ တကယ်လို့ လက်ထဲမှာ ခရီးစရိတ် အလုံအလောက်သာရှိရင် ငါသွားချင်တယ်။

ငါ မင့်ဆီကို ငါဆွဲထားတဲ့ ပန်းချီကားတစ်ချို့ ပို့ထားခဲ့ဖူးတယ်။ သူတို့ကို ဘာ့ကြောင့် မရောင်းရသေးတာလဲ။ ရောင်းလို့ရအောင် ငါက ဘယ်လိုပုံမျိုးတွေဆွဲပေးရမလဲ။ ငါ့အနေနဲ့ လတ်တလော ငွေရမှဖြစ်မယ်။ မီးရထားလက်မှတ်ခကတော့ မရလို့ မဖြစ်ဘူး။

✧✧✧✧

နေ့များသည် တစ်နေ့ပြီးတစ်နေ့ ကုန်လွန်လာသည်။ ဗင်းဆင့်သည် တစ်နေ့ထက်တစ်နေ့ အားသစ်အင်သစ်ဝင်လာသည့်နှယ် ခံစားနေရ၏။ သူ့အချစ်သည် ယခင်ကထက်တိုး၍ ခိုင်မာလာသည်။ သူ့စိတ်ထဲမှ သံသယများကို သူ မောင်းထုတ်နိုင်ခဲ့ပြီဖြစ်၏။ ကေးသည် သူနှင့်တွေ့၍ သူ ဘယ်လိုလူစား ဖြစ်သည်ကို အတိအကျ သိသွားပါက သူပြောခဲ့သည့် "မချစ်ဘူး၊ လုံးဝမချစ်ဘူး ဘယ်တော့မှမချစ်ဘူး" ဟူသော စကားသည် "ချစ်ပါတယ်၊ သိပ်ကိုချစ်တယ်၊ ရာသက်ပန်ချစ်သွားပါမယ်" ဟု ပြောင်းလဲသွားလိမ့်မည်ထင်သည်။ သူသည် သူ့စိတ်ကူးနှင့်သူ အားမာန်သစ်ဝင်ကာ ပန်းချီကားများကို ပြန်ဆွဲသည်။

နောက်တစ်နေ့ညနေတွင် သူသည် ဘုန်းတော်ကြီး စထရစ်ကားထံသို့ စာရေးသည်။ စာထဲတွင် သူ့ကိစ္စကို အသေအချာ နားလည်သဘောပေါက်သွားအောင် ရှင်းလင်းပြသည်။ အမှန်တော့ စထရစ်ကားထံ စာမရေးဖို့ သူ့အဖေကတားမြစ်ပိတ်ပင်ထားသည်။ သူ့အဖေ သီအိုဒိုးရပ်စ်သည် စည်းကမ်းကြီးသူဖြစ်၏။ သူချပေးထားသော စည်းကမ်းကို လိုက်နာပါမှ ကျေနပ်သူဖြစ်သည်။ သူသည် ဘဝကို တင်းကျပ်သော စည်းကမ်းနှင့် အကြွင်းမရှိ လိုက်နာမှုတစ်ခုဟု မြင်သူလည်း ဖြစ်၏။ သူ့အနေဖြင့် လူသားများ၏ ပြောင်းလဲဖြစ်ပေါ်တတ်သော စိတ်နေသဘောထားများကို လုံးဝ နားလည်သူမဟုတ်ပေ။ အကယ်၍ သူချမှတ်ပေးထားသော ပုံစံနှင့် သူ့သား အံဝင်ခွင်ကျ မဖြစ်ပါက ပုံစံ၏ အပြစ်မဟုတ်။ သူ့သား၏ အပြစ်သာဖြစ်သည်ဟု တရားသေ ယူတတ်သူဖြစ်လေသည်။

သူက စာမရေးရဟု တားမြစ်ထားပါလျက်နှင့် သူ့သားဗင်းဆင့်က စာရေးခြင်းသည် သူ့အမိန့်ကို မနာခံခြင်းဖြစ်၍ သူ့အမြင်တွင် ကြီးလေးသော အပြစ်တစ်ခုဖြစ်၏။ ဤကိစ္စသည် သားနှင့်အဖကြား၌ ပြင်းထန်သော စစ်ပွဲတစ်ပွဲဖြစ်လာရန် တာစူလျက်ရှိလေပြီ။

တစ်ညခင်းတွင် ဖြစ်သည်။

"အပြစ်က တခြားမှာမရှိဘူး။ မင်းဖတ်နေတဲ့ ပြင်သစ်စာအုပ်တွေမှာ ရှိတယ်" ဟု သီအိုဒိုးရပ်စ်က စားပွဲတစ်ဖက်၌ထိုင်၍ စာအုပ်တစ်အုပ်ကို ဖတ်နေသော ဗင်းဆင့်အား လှမ်းပြောသည်။ "အဲဒီတော့ မင်းဟာ အဲဒီ သူခိုးတွေ၊ လူသတ်သမားတွေနဲ့ အမြဲလက်တွဲနေရင် လူကြီးလူကောင်း ဖခင်တစ်ယောက်ရဲ့ စကားကို နာခံလိုက်နာတတ်တဲ့ သားကောင်းတစ်ယောက် ဖြစ်လာနိုင်မတဲ့လား"

ဗင်းဆင့်သည် မစ်ချီလက်၏ စာအုပ်ကို ဖတ်နေရာမှ သူ့အဖေအား မော့ကြည့်သည်။ "သူခိုးတွေနဲ့ လူသတ်သမားတွေ. . ဟုတ်လား. . . ။ အဖေက

ဗစ်တာဟူးဂိုးနဲ့ မစ်ချီလက်တို့ကို သူခိုးတွေလို့ ခေါ်သလား"

"မခေါ်ပါဘူး။ ဒါပေမယ့် သူတို့ရေးနေတာတွေဟာ သူခိုးတွေနဲ့ လူသတ်သမားတွေအကြောင်းပဲ မဟုတ်လား။ သူတို့ စာအုပ်တွေထဲမှာ ယုတ်မာဆိုးဝါးတဲ့ ဒုစရိုက်မှုတွေနဲ့ ပြည့်နေတာပဲကွ"

"အဓိပ္ပာယ်မရှိတဲ့စကားပဲ။ မစ်ချီလက်ရဲ့စာအုပ်ဟာ သမ္မာကျမ်းစာစာအုပ်လိုပဲ အလွန် သန့်ရှင်းစင်ကြယ်တယ်"

"ငါ့အိမ်ထဲမှာ ဘုရားတရားကို စော်ကားနေတဲ့ စာအုပ်မျိုးတွေ လုံးဝမလိုချင်ဘူးဟေ့" ဟု သီအိုဒိုးရပ်စ်က ဒေါသတကြီး အော်သည်။ "အဲဒီစာအုပ်တွေဟာ ဟီရိသြတ္တပ္ပကင်းမဲ့တဲ့ စာအုပ်တွေ၊ ကိုယ်ကျင့်တရားကောင်းဖို့ ဘာအထောက်အကူမှ မပြုနိုင်တဲ့စာအုပ်တွေကွ၊ မင့်ကို ဖျက်ဆီးနေတာဟာ အဲဒီပြင်သစ်စိတ်ကူးတွေပဲ နားလည်လား"

ဗင်းဆင့်သည် ထိုင်ရာမှထကာ စားပွဲကို ပတ်၍ လျှောက်လာပြီး သူ့အဖေရှေ့တွင် စာအုပ်ကို ချပေးသည်။

"အဖေ နားလည်သဘောပေါက်လာအောင် လုပ်နိုင်တဲ့နည်းက တစ်နည်းပဲရှိတော့တယ်" ဟု ဗင်းဆင့်က ပြောသည်။ "စာမျက်နှာ အများကြီး ဖတ်ဖို့ မလိုပါဘူး။ နည်းနည်းပဲ ဖတ်ကြည့်စမ်းပါ။ အဖေ ချက်ခြင်း ကြိုက်သွားစေရမယ်။ မစ်ချီလက်က ကျွန်တော်တို့ရဲ့ ပြဿနာတွေနဲ့ ဒုက္ခတွေကို ပြေလည်အောင် ဖြေရှင်းနိုင်ဖို့ ကူညီချင်တဲ့ ဆန္ဒနဲ့ ရေးထားတာ"

သီအိုဒိုရပ်စ်သည် စာအုပ်ကိုယူ၍ ကြမ်းပေါ်သို့ ပစ်ချလိုက်သည်။ "ဒီစာအုပ်ကို ငါဖတ်ဖို့မလိုဘူး၊ ငါတို့အမျိုးထဲမှာ ဦးကြီးတစ်ယောက်ရှိခဲ့ဖူးတယ်။ ပြင်သစ်တွေရဲ့ စိတ်ကူးယဉ်မှုတွေကြောင့် အရက်သမားဘဝနဲ့ အသက်ဆုံးသွားခဲ့ရပြီးပြီ"

"ခွင့်လွှတ်တော်မူပါ အဖ မစ်ချီလက်" ဟု ဗင်းဆင့်က ရေရွတ်ကာ ကြမ်းပေါ်မှ စာအုပ်ကို ကောက်ယူလိုက်သည်။

"ငါမင်းကို တစ်ခု မေးပါရစေ" ဟု သီအိုဒိုးရပ်စ်က အေးစက်တင်းမာသောလေသံဖြင့် ပြောသည်။ "အဖမစ်ချီလက်လို့ ခေါ်လိုက်တာ ဘာသဘောလဲ၊ မင်း ငါ့ကို စော်ကားနေတာလား"

"စော်ကားဖို့ စိတ်ကူးတောင် မရှိပါဘူး" ဟု ဗင်းဆင့်က ပြန်ဖြေသည်။ "ဒါပေမယ့် ကျွန်တော့်အနေနဲ့ တစ်ခုတော့ ပွင့်ပွင့်လင်းလင်း ပြောချင်တယ်။ တကယ်လို့သာ ကျွန်တော့်ပြဿနာအတွက် အကြံဉာဏ်တောင်းစရာရှိရင်

အဖေ့ဆီ လာတာထက် မစ်ချီလက်ဆီ သွားတာက အများကြီး ပိုကောင်းမယ်လို့ ထင်တယ်”

“အော်. . ဗင်းဆင့်ရယ်၊ ဘာပြုလို့ ဒီစကားမျိုး ပြောရတာလဲ” ဟု သူ အမေကဝင်ဟန့်သည်။ “ဘာပြုလို့မိသားစုကို ပြိုကွဲအောင်လုပ်ချင်ရတာလဲကွယ်”

“အင်း . . မင်းလုပ်နေတဲ့ အပေါက်က အဲသလိုအဖြစ်မျိုး ရောက်အောင် လုပ်နေတာပဲ” ဟု သီအိုဒိုးရပ်စ်က ရေရွတ်သည်။ “မင်းဟာ မိသားစုကို ပြိုကွဲအောင် လုပ်နေတဲ့ကောင်၊ မင့်ရဲ့ ပြုမူပြောဆိုပုံတွေဟာ လုံးဝ ခွင့်လွှတ်နိုင်စရာမရှိဘူး။ အဲဒီတော့ မင်း ဒီအိမ်က ထွက်သွားပြီး တခြားမှာနေတာဟာ အားလုံးအတွက် ကောင်းလိမ့်မယ်”

ဗင်းဆင့်သည် သူ့စတူဒီယိုခန်းဆီသို့ လျှောက်လာသည်။ အိပ်ယာကုတင်ပေါ်သို့ ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။ သူသည် နာကျည်းစရာတစ်ခု ခုန့်ှင့် တွေ့လိုက်တိုင်း၊ ကုလားထိုင်ပေါ်မထိုင်ပဲ အိပ်ယာပေါ်၌ ထိုင်လေ့ရှိသည်။ ဘာကြောင့်ပါလိမ့်။ သူသည် သူ့အကျင့်အပေါ် ပြန်၍ အံ့သြနေမိသည်။ သူသည် နံရံများပေါ်မှ သူ့လက်ရာ ပန်းချီကားများကို ကြည့်နေမိသည်။ တွင်းတူးလုပ်သားများ၊ လယ်သမား ယာသမားများ၊ အပ်ချုပ်သည်များနှင့် သစ်ခုတ်သမားများ။ ပြီးတော့ ဟော့်၌ ဆွဲလာခဲ့သည့် ပန်းချီကားများ. . . ။ အားလုံးကို ခြုံကြည့်လိုက်ပါက သူ့လက်ရာများတွင် တိုးတက်မှုရှိနေပြီ။

သူသည် ရှေ့သို့ တစ်ဆင့်တိုး၍ ကြိုးပမ်းအားထုတ်မှ ဖြစ်တော့မည်။ သို့သော်လည်း အခုချက်ခြင်း မောပီးထံ သွား၍တော့ မဖြစ်နိုင်သေး။ အက်တင်၌ လုပ်စ်ရာအလုပ်များသည် အခုအချိန်ထိ မပြီးပြတ်သေး။ ပြီးတော့ မောပီးကလည်း ဒရင်သီတွင် နောက်ထပ် တစ်လမျှ နေလိမ့်ဦးမည်။ သို့ဆိုလျှင် --

သူသည် အက်တင်မှထွက်ခွာသွားလိုသော ဆန္ဒကတော့မရှိ၊အက်တင်၌နေထိုင်ရသည်မှာ သူ့အတွက် အစစအရာရာ သက်သောင့်သက်သာ ရှိနေ၏။ တစ်ခြားတစ်နေရာ သွားနေမည်ဆိုပါမူ စရိတ်စကတွေကလည်း ကြီးသည်။ သူ့အဖေကတော့ သူ့အား အိမ်မှ ထွက်သွားတော့ဟု နှင်ချနေပြီ။ ဤစကားသည် သူ့စိတ်ကို ထိခိုက်နာကျည်းစေခဲ့သည်။ သို့သော်လည်း ဒေါသအရှိန်ကြောင့် ပြောခြင်းဖြစ်လိမ့်မည်ဟု ထင်မိသည်။ တကယ်တန်း ထွက်သွားစေချင်သော ဆန္ဒနှင့် မောင်းချခြင်းလား။ သူသည် အိမ်မှ မောင်းထုတ်ပစ်ချင်လောက်အောင်ကော ဆိုးပါသလား။

နောက်တစ်နေ့နံနက်တွင် စာတိုက်မှ စာနှစ်စောင်ရသည်။ ပထမစာမှာ

ကေး၏ ဖခင် ဘုန်းတော်ကြီး စထရစ်ကားထံမှ ဖြစ်၏။ ဗင်းဆင့်ထည့်လိုက်သည့် မှတ်ပုံတင်စာကို အဖြေပေးသည့် စာဖြစ်သည်။ ထိုစာနှင့်အတူ စထရစ်ကား၏ ဇနီးက ရေးလိုက်သည့် စာတိုကလေးတစ်စောင်ပါ ပါလာသည်။ ဗင်းဆင့်၏ အလုပ်အကိုင်သည် ဝင်ငွေပုံမှန်ရမည့် အလုပ်မဟုတ်ဟု ယူဆကြောင်း၊ သူတို့၏ သမီး ကေးမှာလည်း သူကိုယ်တိုင်က ချစ်ခင်စုံမက်နေသူတစ်ဦး ရှိနေပြီဖြစ်ကြောင်း ထိုသူမှာ ချမ်းသာကြွယ်ဝသူတစ်ဦး ဖြစ်သဖြင့် ထိုသူနှင့်ပင် နေရာချထားရန် စီစဉ်ထားပြီးဖြစ်ကြောင်း၊ သို့ဖြစ်၍ ကေးအား နောက်ထပ် မနှောင့်ယှက်ရန် အသိပေးလိုကြောင်း စသည်ဖြင့် စာများတွင် ရေးထားသည်။

ဗင်းဆင့်သည် အမ်စတာဒမ်မှ ရောက်လာသည့် စာကို လုံးချေကာ တအားကုန် ဆုတ်ကိုင်ထားသည်။ "မယုံနိုင်စရာပါလား။ လောကကြီးမှာ ဘုန်းကြီး လုပ်နေတဲ့လူက သာမန်လူတွေထက် ပိုပြီး ကရုဏာတရား ကင်းမဲ့ပါကလား" ဟု တွေးမိသည်။

ဒုတိယစာမှာ သီအို့ထံမှ ဖြစ်လေသည်။

"ခင်ဗျားရဲ့ ပန်းချီကားတွေ အားလုံးကောင်းတယ်။ စျေးကောင်းကောင်းနဲ့ရောင်းနိုင်အောင် ကျွန်တော်စီစဉ်နေတယ်။ အခုလောလောဆယ်စာနဲ့အတူ အမ်စတာဒမ်ကိုသွားဖို့ ဖရန့်ငွေ နှစ်ဆယ် ထည့်ပေးလိုက်တယ်။ ကံကောင်းပါစေဗျာ"

(၈)

ဗဟိုဘူတာကြီးထဲမှ ဗင်းဆင့် ထွက်လာချိန်တွင် မှောင်စပျိုးနေပြီ။ သူသည် စာတိုက်ရှေ့မှဖြတ်ကာ ကေဇာဂရပ်ချ်လမ်းဆီသို့ လျှောက်လာခဲ့သည်။ စတိုးဆိုင်များနှင့် ရုံးများထဲတွင် လူသူကင်းမဲ့ကာ တိတ်ဆိတ်ခြောက်သွေ့နေကြပြီဖြစ်၏။

သူသည် ဆင်ဂယ်လမ်းကိုဖြတ်ကာ ဟာရင်းဂရပ်ချ်တံတားပေါ်သို့ ရောက်လာသည်။ တံတားပေါ်တွင် အတန်ကြာမျှ ရပ်၍ ဖောင်သမားများ ညနေစာ စားနေကြသည်ကို စိတ်ဝင်တစား ကြည့်နေမိသည်။ ဖောင်သမားများ၏ အစာသည် ပေါင်မုန့်နှင့် ပင်လယ်ငါးသာလျှင်ဖြစ်၏။ သူသည် ကေဇာဂရပ်ချ်လမ်းမှ ဘယ်ဖက်သို့ ချိုးကွေ့ကာ ဖလင်းမစ်ရှ်ရပ်ကွက်တွင်းမှ ဖြတ်လာခဲ့

သည်။ မကြာခင်မှာပင် ဘုန်းတော်ကြီး စထရစ်ကား၏ အိမ်ရှေ့သို့ ဆိုက်ရောက်သွားသည်။ သူ ပထမဆုံးတစ်ခေါက် ဤအိမ်ရှေ့၌ ရပ်နေခဲ့ဖူးသည့် အဖြစ်ကို ပြန်၍ သတိရလာသည်။ အချို့သော မြို့ကြီးများသည် အမြဲတစေ လူများအား အကျိုးမပေးတတ်သည့်အဖြစ်ကို ဆင်ခြင်စဉ်းစားနေမိသည်။

သူသည် ဤအိမ်ကို ရောက်လိုဇောဖြင့် အပြေးအလွှား လာခဲ့၏။ အခု အိမ်ရှေ့သို့ရောက်တော့လည်း ကြောက်စိတ်က ဝင်လာနေသဖြင့် ရုတ်တရက် မဝင်ဝံ့သည့်အဖြစ်နှင့် ရင်ဆိုင်နေရသည်။ သူသည် အိမ်ပေါ်သို့ တစ်ချက်မျှ မော့ကြည့်မိသည်။ ပြတင်းပေါက်မှ ထိုးထွက်နေသော သံချိတ်ကြိုးကို သတိထားလိုက်မိသည်။ လူတစ်ယောက်အတွက် ကြိုးဆွဲချ၍ အလွန်ကောင်းသော နေရာတစ်နေရာဟု တွေးလိုက်မိ၏။

သူသည် နောက်သို့ ပြန်လှည့်ကာ ပလက်ဖောင်းအတိုင်း လျှောက်လာခဲ့သည်။ တစ်နေရာ၌ရပ်ကာ တူးမြောင်းထဲသို့ ငုံ့ကြည့်သည်။ နောက် နာရီပိုင်းအတွင်းတွင် သူသည် သူ့ဘဝလမ်းကြောင်းကို ပြောင်းလဲပစ်မည့် အဖြစ်တစ်ခုနှင့် ရင်ဆိုင်ရပေတော့မည်။ အကယ်၍သာ သူသည် ကေးနှင့် နှစ်ယောက်တည်း တွေ့ခွင့်ရပါမူ မည်မျှ ကောင်းပါမည်နည်း။ ကေး နားလည်သဘောပေါက်သွားအောင် သူကြိုးစား၍ ရှင်းပြမည်။ သို့ဆိုလျှင် အားလုံး အဆင်ပြေသွားဖို့ရှိ၏။ သို့သော်လည်း အိမ်ရှေ့တံခါးသော့ကို ပိုင်ဆိုင်သူမှာ ကေး၏ဖခင်ဖြစ်သည် ဆိုကြပါစို့။ ကေး၏ဖခင်က သူ့အား အိမ်ထဲ ဝင်ခွင့်မပြုခဲ့ပါမူ. . .။

သဲလွန်ကြီးတစ်စီးသည် မြစ်ညာသို့ ဆန်တက်လာသည်။ ဗင်းဆင့်သည် လှေကြီး၏ လှုပ်ရှားမှုကို စိတ်ဝင်တစား ကြည့်နေမိ၏။ ပိန်ပါးပါး ယောကျ်ားတစ်ယောက်သည် ထိုးဝါးလုံးတစ်လုံးကို ပခုံးတွင်ထောက်၍ လှေကို ရွှေ့လျားအောင် အားထုတ်လျက်ရှိသည်။ ညစ်ပတ်ပေရေနေသော ခါးစည်းအဝတ်ပတ်ထားသည့် မိန်းမတစ်ယောက်သည် ပဲ့ပိုင်းတစ်နေရာ၌ ထိုင်နေသည်။ ယောကျ်ားလေးတစ်ယောက်၊ မိန်းကလေးတစ်ယောက်နှင့် ခွေးဖြူတစ်ကောင်သည် လှေပေါ်တွင်ရပ်ကာ ကေဇာဂရပ်ချ်လမ်းပေါ်မှ အိမ်များကို ငေးကြည့်နေကြသည်။

ဗင်းဆင့်သည် လှေခါးငါးထစ်ကိုတက်ကာ ခေါင်းလောင်းကြိုးကို ဆွဲသည်။ ခဏမျှအကြာတွင် အိမ်ဖော်မိန်းမ ထွက်လာသည်။ အိမ်ဖော်သည် ဗင်းဆင့်အား ချက်ခြင်းမှတ်မိသည်။ တံခါးဝမှရပ်ကာ ဗင်းဆင့်အား မဝင်နှိုင်အောင် ပိတ်ထားသည်။

"ဘုန်းတော်ကြီး စထရစ်ကား ရှိနေသလား" ဟု ဗင်းဆင့်က မေးသည်။

"မရှိဘူး။ အပြင်သွားတယ်"

အိမ်ထဲမှ စကားပြောသံများကို ဗင်းဆင့် ကြားနေရသည်။ သူသည် အိမ်ဖော်မအား ခပ်ကြမ်းကြမ်း တွန်းဖယ်လိုက်ပြီး အိမ်ထဲသို့ ဝင်ခဲ့သည်။ အိမ်ဖော်မသည် သူ့အား ရှေ့မှ ပိတ်ထားနိုင်ရန် အားထုတ်လျက်ရှိ၏။

"အိမ်သားတွေ ညစာစားနေကြတယ်ရှင့်" ဟု အိမ်ဖော်က ပြောသည်။ "ရှင် အိမ်ထဲဝင်လို့ မတော်ပါဘူး"

ဗင်းဆင့်သည် အိမ်ရှေ့ခန်းမကြီးအတွင်းမှဖြတ်ကာ ထမင်းစားခန်းထဲသို့ ဝင်ခဲ့၏။ ဝတ်စုံအနက် ဝတ်ဆင်ထားသည့် အမျိုးသမီးတစ်ယောက်သည် ထမင်းစားခန်းတစ်ဖက်ရှိ တံခါးမှနေ၍ ထွက်သွားသည်ကို မြင်လိုက်ရသည်။ ဗင်းဆင့်ကတော့ ဘယ်သူဘယ်ဝါဖြစ်သည်ကို ရိပ်ကနဲ မြင်ရုံမျှဖြင့် သိနေပြီဖြစ်သည်။

စားပွဲ၌ ထိုင်နေကြသူများမှာ ဘုန်းတော်ကြီး စထရစ်ကား၊ သူ့အဒေါ် ဝစ်လ်ဟဲမီနာနှင့် ကလေးနှစ်ယောက်။ ညစာစားဖို့ ပြင်ထားသည်မှာ လူငါးယောက်စာ။ လူလွတ်နေသော ကုလားထိုင်သည် ဘေးတစ်ဖက်သို့ စောင်းနေသည်။ စားပွဲပေါ်မှ ပန်းကန်ပြားထဲတွင်မူ စားလက်စာအစားအစာများ။

"ကျွန်မ သူ့ကို အတင်းတားပါတယ်" ဟု အိမ်ဖော်က ပြောသည်။ "သူက ပြောလို့မရဘူး ရှင့်၊ ကျွန်မကို တွန်းပြီး ဇတ်ဝင်လာတယ်"

စားပွဲပေါ်၌ တင်ထားသည့် ဖယောင်းတိုင်စင်ပေါ်မှ အလင်းရောင်သည် စားပွဲပေါ်သို့ ဖြာကျလျက်ရှိသည်။ သူဦးကြီး စထရစ်ကားသည် ဗင်းဆင့်အား လှမ်းကြည့်သည်။ "ဘယ်လိုလဲ ဗင်းဆင့်။ မင်းဟာ နေ့စဉ်နေ့တိုင်းလိုလို ယဉ်ကျေးသိမ်မွေ့မှု နည်းပါးလာနေပါကလား" ဟု ပြောသည်။

"ကျွန်တော် ကေးနဲ့ စကားပြောချင်လို့ လာခဲ့တာ"

"ကေး အိမ်မှာမရှိဘူး။ သူ့သူငယ်ချင်းတွေနဲ့ အလည်သွားကြတယ်"

"ကျွန်တော် ခေါင်းလောင်းကြိုးကို ဆွဲလိုက်တဲ့အချိန်က သူ ဒီကုလားထိုင်မှာ ထိုင်နေတယ်။ ညစာတောင် စားနေပြီ"

စထရစ်ကားသည် သူဇနီးအား လှမ်းကြည့်သည်။ "ကလေးတွေကို တစ်နေရာ ခေါ်သွားစမ်း" ဟု ခိုင်းသည်။

"ကဲ. . ဗင်းဆင့်၊ မင်းဟာ တော်တော်ဒုက္ခပေးတဲ့ ကောင်ပါလား" ဟု ပြောသည်။ "မင်း အခုလုပ်နေပုံက ငါတစ်ယောက်တည်းသာမကဘူး၊ တို့မိသားစု

တွေထဲက လူတိုင်းလိုလို စိတ်ဆင်းရဲနေကြရပြီ။ မင့်အပေါ်မှာ သည်းခံခွင့်လွှတ်နိုင်တဲ့ အခြေအနေ မရှိတော့ဘူး။ မင်းဟာ လူပေ၊ လူတေ၊ ကလေကလွင့် စိတ်ရှိတဲ့ လူတစ်ယောက်ပဲ။ ငါသိရသလောက်ဆိုရင် ကျေးဇူးတရားလဲမသိ၊ ရိုင်းစိုင်းယုတ်မာမှုကလဲ များတယ်၊ ငါ့သမီးကို ချစ်သလေးဘာလေးနဲ့ မင်းမို့ ပြောရဲတယ်။ ဒါဟာ ငါ့ကို စော်ကားတာပဲ"

"ကျွန်တော် ကေးနဲ့ တွေ့ပါရစေ ဦးကြီး ဗင်းဆင့်၊ ကျွန်တော် သူနဲ့ စကားပြောချင်လို့ပါ"

"ကေးက မင်းနဲ့ စကားပြောချင်တဲ့ဆန္ဒ မရှိဘူး။ သူက မင့်မျက်နှာကို တောင် လုံးဝ မကြည့်ချင်ဘူးလို့ ပြောထားပြီးပြီ"

"အဲဒီစကားကို ကေးက တကယ်ပဲ ပြောသလား"

"ပြောတယ်"

"ကျွန်တော်မယုံဘူး"

စထရစ်ကားသည် များစွာ အံ့အားသင့်လျက်ရှိ၏။ သူ ဘုန်းကြီးဘဝ ရောက်ကတည်းက ယခုအကြိမ်သည် ပထမဆုံးအကြိမ် သူ့အား လိမ်ညာသည်ဟု အစွပ်စွဲခံရခြင်းဖြစ်၏။

"မင့်ကို ငါက လိမ်ပြောနေတယ်လို့ မင်းက စွပ်စွဲတယ်ပေါ့။ ဟုတ်လား"

"ကျွန်တော် အဲဒီစကားကို ကေးပါးစပ်ကပြောတာ ကိုယ်တိုင်ကြားရမှပဲ ယုံနိုင်မယ်။ ကိုယ်တိုင်မကြားရရင် လုံးဝမယုံဘူး"

"ငါ မင့်ကို အမ်စတာဒမ်မှာ ခေါ်ထားပြီး အချိန်တွေ ငွေတွေ သုံးခဲ့ဖြုန်းခဲ့ရတဲ့ ကျေးဇူးကိုတောင် မင်းမထောက်ပါလား"

ဗင်းဆင့်သည် ကေးထိုင်သွားသည့် ကုလားထိုင်ပေါ်သို့ ခြေပစ်လက်ပစ် ထိုင်ချလိုက်ပြီး သူ့လက်နှစ်ဖက်ကို စားပွဲပေါ် တင်လိုက်သည်။

"ကျွန်တော်ပြောတဲ့စကားကို ခဏလောက် သည်းခံပြီး နားထောင်စေချင်ပါတယ် ဦးကြီးရယ်၊ ဘုန်းကြီးလုပ်နေတဲ့ ပုဂ္ဂိုလ်တစ်ယောက်မှာလဲ လူသားတစ်ဦးရဲ့ နှလုံးသားမျိုး ရှိနေတယ်ဆိုတာ ကျွန်တော့်ကို ပြစေချင်ပါတယ်။ ကျွန်တော်ဟာ ဦးကြီးရဲ့သမီးကို သိပ်ချစ်နေပါတယ်။ ချစ်သမှ သိပ်ကိုချစ်တာပါ။ အသက်တမျှ ချစ်တာပါ။ ကျွန်တော့်အနေနဲ့ အချိန်ရှိသမျှ သူ့ကိုပဲ တွေ့ချင် မြင်ချင်နေပါတယ်။

"ဦးကြီးဟာ ဘုရားသခင်အတွက် အလုပ်လုပ်နေသူပါ။ ဘုရားသခင်ရဲ့ မျက်နှာကိုထောက်ထားပြီး ကျွန်တော့်အပေါ်မှာ သနားကြင်နာစိတ်ကလေးတော့

ထားစေချင်ပါတယ်။ ကျွန်တော့်အပေါ်မှာ သိပ်ပြီး မရက်စက်စေချင်ပါဘူး။ ကျွန်တော်ဟာ အလုပ်အကိုင်နဲ့ ပတ်သက်လို့ အခုအချိန်ထိ အောင်မြင်မှုမရသေးတာ မှန်ပါတယ်။ ဒါပေမယ့် ကျွန်တော့်ကို အချိန်နည်းနည်းလောက်တော့ ပေးပါ။ ကျွန်တော် အောင်မြင်လာအောင် ကြိုးစားပါ့မယ်။

"ကျွန်တော် သူ့ကို ဘယ်လောက်ချစ်တယ်ဆိုတာ ကေးသိအောင်၊ နားလည်အောင် ပြောခွင့်တော့ ပြုစေချင်ပါတယ်။ သူ့အနေနဲ့ ကျွန်တော့်ကို ဘာကြောင့် ပြန်ပြီး ချစ်သင့်တယ်ဆိုတာကိုလဲ သူ သဘောပေါက်အောင် ရှင်းပြခွင့်ပေးစေချင်ပါတယ်။

"ဦးလေးကိုယ်တိုင်ကလဲ တစ်ချိန်တစ်ခါတုန်းက ချစ်စိတ်ဆိုတာ ရှိခဲ့ဖူးမှာပါ။ ချစ်စိတ်ဝင်လာရင် လူတစ်ယောက်မှာ ဘယ်လောက်အထိ ခံစားရတတ်တယ်ဆိုတာ ဦးကြီးသိမှာပါ။ ကျွန်တော့်မှာ သိပ်ကို အပြင်းအထန် ခံစားနေရပါပြီ စိတ်ချမ်းသာမှုကလေး နည်းနည်းလောက်ရအောင်တော့ ကြိုးစားပါရစေ"

စထရစ်ကားသည် ဗင်းဆင့်၏မျက်နှာကို စိုက်ကြည့်နေသည်။ "မင်းဟာ တော်တော့်ကို သတ္တိနည်းတဲ့ကောင်ပဲ၊ မဖြစ်စလောက် စိတ်ဆင်းရဲမှုကိုတောင် မခံနိုင်တဲ့ကောင်ပဲ။ ချစ်တာလေးတစ်ခုအတွက် တစ်သက်လုံး ငိုနေညည်းနေတော့မှာလား။ တော်တော် အသုံးမကျတဲ့ကောင်ပဲ" ဟု ပြောသည်။

ဗင်းဆင့်သည် ထိုင်နေရာမှ ဝုန်းကနဲ ခုန်ထလိုက်သည်။ စောစောက ရှိနေသော နူးညံ့သိမ်မွေ့မှုများသည် လုံးဝပျောက်ကွယ်သွားပြီ။ သူတို့နှစ်ယောက်သည် မျက်နှာချင်းဆိုင်၍ ရပ်ကာ တစ်ယောက်ကိုတစ်ယောက် စူးစူးရဲရဲ ကြည့်နေကြသည်။ သူတို့အား ခြားထားသလိုဖြစ်နေသည့် ငွေဖယောင်းတိုင်စင်သည် ဗင်းဆင့်အား ခြေလွန်လက်လွန်မဖြစ်အောင် ဟန့်တားထားသည့်နှယ်ရှိသည်။

အချိန်တွေ မည်မျှ ကုန်သွားသည်ကို ဗင်းဆင့် သတိမထားမိ။ သူသည် လက်တစ်ဖက်ကို မြှောက်ကာ ဖယောင်းတိုင်နှင့် မနီးမဝေး၌ ဆန့်တန်းထားသည်။

"ကျွန်တော့်ကို ကေးနဲ့ စကားပြောခွင့်ပေးပါ" ဟု ပြောသည်။

"ကျွန်တော့်လက်ဖဝါးက ဒီဖယောင်းတိုင်မီးရဲ့ အပူဒဏ်ကို ခံနိုင်တဲ့အချိန်လောက်အထိပဲ ပြောခွင့်ပြုပါ"

သူသည် လက်ဖဝါးကိုဖြန့်၍ ဖယောင်းတိုင်မီးတောက်ပေါ်မှာ အုပ်မိုးထားသည်။ အခန်းထဲ၌ ရှိနေသော အလင်းရောင်သည် မှုန်ဝါးသွားသည်။ ပြင်းထန်သော အပူရှိန်ကြောင့် ဗင်းဆင့်၏ လက်ဖဝါးသည် စက္ကန့်အနည်းငယ်မျှအတွင်း နီရဲလာသည်။ ဗင်းဆင့်၏ လက်သည် တွန့်ဆုတ်ခြင်းမဖြစ်။ သူ့မျက်လုံး

များသည် သူဦးကြီး၏ မျက်နှာပေါ်မှမခွာ၊ ပထမငါးစက္ကန့်လွန်သွားပြီ။ ထို့နောက် ဆယ်စက္ကန့်။ လက်ဖဝါးပေါ်တွင် အရည်ကြည်ဖုကြီးများ ထွက်လာသည်။

စထရစ်ကား၏ မျက်လုံးများသည် ထိတ်လန့်ခြင်းကို ဖော်ပြနေကြသည်။ သူသည်လေဖြတ်ခြင်းခံထားရသည့် လူတစ်ယောက်သဖွယ် မလှုပ်မယှက်။ သူသည် စကားပြောဖို့ အကြိမ်ပေါင်းများစွာ အားထုတ်သည်။ သို့သော်လည်း သူ့နှုတ်ခမ်းများသည် လှုပ်ရှားလာခြင်းမရှိ။ ဆယ့်ငါးစက္ကန့် ကျော်သွားခဲ့ပြီ။ လက်ဖဝါးပေါ်မှ အရည်ကြည်ဖုများသည် ပေါက်ကွဲသွားသည်။ အထဲမှ နီရဲရဲ အသားများပင် ပေါ်လာသည်။ ဗင်းဆင့်၏ လက်သည် တုန်ယင်လှုပ်ရှားခြင်း မဖြစ်။

"မင်းဟာ အရူးပဲ" ဟု စထရစ်ကားက ဒေါသတကြီး အော်ပြောသည်။ "မင်းဟာ တကယ့် သောက်ရူး။ တော်တော့်ကို ရူးတဲ့ မိုက်တဲ့ကောင်"

စထရစ်ကားသည် ပြောပြောဆိုဆို စားပွဲတစ်ဖက်သို့ လျှောက်လာပြီး ဗင်းဆင့်၏ လက်ဖဝါးအောက်မှ ဖယောင်းတိုင်စင်ကို ဆွဲယူလိုက်သည်။ ထို့နောက် ဖယောင်းတိုင်မီးကို ဖူးကနဲ မြည်သည်အထိ တအားကုန်မှုတ်၍ ငြိမ်းပစ်သည်။

အခန်းတစ်ခန်းလုံး မှောင်မဲသွားသည်။ လူနှစ်ယောက်သည် စားပွဲပေါ်၌ လက်ထောက်၍ ရပ်ကာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်နေကြသည်။ အမှန်တော့ တစ်ဦးနှင့်တစ်ဦး ပြက်ပြက်ထင်ထင် မြင်ကြသည်မဟုတ်။

"မင်းရူးနေပြီ" ဟု စထရစ်ကားက အော်သည်။ "ကေးက မင့်ကို သိပ်မုန်းတယ်၊ သိပ်ရွံတယ်၊ သိပ်ပြီး စက်ဆုပ်တယ်၊ မင်း ငါ့အိမ်ထဲက အခုချက်ခြင်း ထွက်သွား။ နောက်ကို ဘယ်တော့မှ မလာခဲ့နဲ့"

ဗင်းဆင့်သည် မှောင်မိုက်နေသည့် လမ်းအတိုင်း ဖြည်းညင်းစွာ လျှောက်လာသည်။ တူးမြောင်းဆီမှ ရေနံ့သည် သူ့နှာခေါင်းဆီသို့ ရောက်လာလျက်ရှိ၏။ သူသည် တဖြည်းဖြည်းနှင့် မြို့၏ ဆင်ခြေဖုံးဖက်သို့ ရောက်လာသည်။ လမ်းဘေးမီးတိုင်မှ မီးရောင်သည် သူ့ဘယ်ဖက်လက်ဖဝါးပေါ်သို့ ထိုးကျလာသည်။ အသားကို ဖောက်ဝင်သွားသည့် အပေါက်တစ်ပေါက်။

သူသည် တစ်လမ်းဝင်တစ်လမ်းထွက် ဆက်လျှောက်လာခဲ့သည်။ နောက်ဆုံးတွင် သူသည် မင်းဒက်စ်ဒါကော့စ်တာ၏ အိမ်နားသို့ ရောက်နေသည်ကို သတိထားမိသည်။ သူသည် တူးမြောင်းကမ်းပါးပေါ်၌ ထိုင်ချလိုက်၏။ သူသည် ကျောက်စရစ်ခဲတစ်လုံးကို အောက်သို့ ပစ်ချလိုက်သည်။ အောက်ခြေတွင်

ရေတစ်စက်မှမရှိ။

ကေးသည် သူဘဝထဲမှ အပြီးအပိုင် ထွက်ခွာသွားခဲ့လေပြီ။ "မချစ်ဘူး လုံးဝမချစ်ဘူး၊ ဘယ်တော့မှမချစ်ဘူး" ဟူသော စကားကို ပြန်လည်ကြားယောင်မိသည်။ သူခေါင်းထဲတွင် အတွေးများသည် တစ်ခုပြီးတစ်ခုပေါ်လာနေသည်။ "ကေးကို သူ နောက်ထပ် ဘယ်တော့မှ မြင်ရတွေ့ရတော့မည်မဟုတ်။ ကေး၏ အသံကိုလည်း သူ ကြားခွင့်ရတော့မည်မဟုတ်။ ကေး၏အပြုံးကိုလည်း သူ မြင်ရတော့မည်မဟုတ်။ ပြီးတော့ ကေး၏ အပြာရောင်မျက်လုံးအစုံ၊ နွေးထွေးသော အတွေ့အထိ။

အတိုင်းအဆမသိနိုင်လောက်အောင် ကြီးမားသော ဝမ်းနည်းကြေကွဲမှုသည် သူ့ရင်တွင်း၌ ဖြစ်ပေါ်လာသည်။ သူသည် လက်တစ်ဖက်ဖြင့် သူပါးစပ်ကို ပိတ်ထားသည်။ သူငိုရှိုက်သံကို ပတ်ဝန်းကျင်မှ မကြားစေချင်။ သူ့အား တန်ဖိုးမရှိသူတစ်ဦးအဖြစ် အသတ်မှတ်ခံရသည်ကို မည်သူကမှ သိကြလိမ့်မည်မဟုတ်။ တုံ့ပြန်မှု မရရှိသော အချစ်ဒဏ်ကို ခံစားရသည်မှာ ပြင်းထန်လွန်းလှချေသည်။

Unity Publishing House

စာအုပ် (၃)

ဟော်မြို့တော်

(၁)

မောဗီးတစ်ယောက် ဒရင်သီမှ ပြန်ရောက်မလာသေး။ ဗင်းဆင့် သည် သူ့အတွက် နေစရာကို ယူလီဗူးမင်းရပ်ကွက်တွင်း၌ လိုက်လံရှာဖွေသည်။ ရိုင်းဘူတာရုံနောက်ဖက်၌ တစ်လလျှင် ဆယ့်လေးဖရန့်နှင့် အခန်းလေးတစ်ခန်း ရသည်။ အမှန်တော့ စတူဒီယိုခန်းဖြစ်သည်။ ဗင်းဆင့်ငှားပြီးမှသာ အိမ်ခန်းဟု အသိအမှတ်ပြုလာခဲ့ခြင်းဖြစ်၏။ အခန်းသည် အသင့်အတင့်တော့ ကျယ်ဝန်း သည်။ အတွင်းဖက်၌ဖြစ်ကတတ်ဆန်းကာရံထားသော အခန်းငယ်တစ်ခန်းရှိရာ ထိုအခန်းကို ချက်ပြုတ်ခန်းအဖြစ် အသုံးပြုသည်။ အခန်းတစ်ဖက်တွင် တောင် ဖက်ကို မျက်နှာပြုထားသော ပြတင်းပေါက်တစ်ပေါက်ရှိ၍ အခန်းထောင့်တွင် မီးဖိုရှိသည်။

ပြတင်းပေါက်မှကြည့်လိုက်လျှင် အိမ်ရှင်ပိုင် ဂိုဒေါင်၊ မြက်ခင်းစိမ်းစိမ်းနှင့် သဲပုံများကို မြင်နေရ၏။ အိမ်သည် ချင်ဝက်ဂ်လမ်းပေါ်၌ တည်ရှိခြင်းဖြစ်သည်။ ထိုလမ်းသည် ဟော့ဂ်မြို့တော်နှင့် စားကျက်မြက်ခင်းပြင်ကြီးများကို ခြားထားသော လမ်းဖြစ်သည်။ ရိုင်းဘူတာနှင့် နီးကပ်လွန်းသဖြင့် မီးရထား ခေါင်းတွဲများဆီမှ မီးခိုးလုံးများနှင့် ကျောက်မီးသွေးအမှုန်များသည် အိမ်ဘက်သို့ အမြဲလိုလို ကျရောက်လေ့ရှိ၏။

ဗင်းဆင့်သည် မီးဖိုချောင်သုံး စားပွဲတစ်လုံး၊ ကုလားထိုင်နှစ်လုံးနှင့် သူအိပ်သည့်အခါ ကြမ်းပြင်ပေါ်၌ခင်းရန် စောင်တစ်ထည်တို့ကို ဝယ်သည်။ မဖြစ်စလောက်မျှသာ ထည့်ထားသည့် ငွေထုပ်ကလေးသည် သိသိသာသာ လျော့ကျသွားခဲ့၏။ သို့သော်လည်း ပူပန်စရာတော့ သိပ်မရှိ။ နောက်တစ်လ ဆန်းဖို့ နီးကပ်နေပြီ။ သီအိုက လစဉ်ထောက်ပံ့ကြေးအဖြစ် ပို့ပေးမည့် ဖရန့်ငွေ တစ်ရာသည် မကြာခင် ရောက်လာစရာရှိသည်။ အေးမြသော ဇန္နဝါရီလသည် ဗင်းဆင့်အား အပြင်ထွက်၍ ပန်းခြံဆွဲခွင့်မပေး။ သူ့လက်ထဲတွင် စံပြမယ်ဌားဖို့ ငွေကြေးကမရှိ။ မောဗီးရောက်အလာကို ထိုင်စောင့်ရုံမှတစ်ပါး အံ့ခြားလုပ်စရာ နည်းလမ်း မရှိတော့။

မောဗီးပြန်ရောက်လာသည်နှင့် တပြိုင်နက် ဗင်းဆင့်သည် မောဗီးထံသို့ ရောက်သွားသည်။ မောဗီးသည် ဤနှစ်အတွက် စီမံကိန်းကြီးတစ်ခု ချထားသည်ဖြစ်ရာ သူ့ပန်းခြံကားများ ပြခန်းတင်ရေးကိစ္စနှင့် အလုပ်များလျက်ရှိ၏။ မောဗီးနှင့် သူ့ဇနီး ဂျက်ထ်တို့သည် ဟော့ဂ်မြို့သို့ ဗင်းဆင့်လာမည်ဟူသော စကားအပေါ်တွင် များစွာ သံသယရှိခဲ့ကြသည်။ ရောက်လာချင်မှ ရောက်လာလိမ့်မည်ဟုပင် တွေးထားခဲ့ကြသည်။ ထို့ကြောင့်လည်း သူတို့သည် ဗင်းဆင့်ကို မြင်လိုက်သည့်အခါ အံ့အားလည်း သင့်ကြသည်။ ဝမ်းလည်း သာကြသည်။

"အား . . . မင်း ဟော့ဂ်ကို ရောက်လာပြီပေါ့ . ။ အေးလေ။ တို့ကတော့ မင်းကို ပန်းခြံဆရာတစ်ယောက်ဖြစ်လာအောင် လုပ်ပေးရတော့မှာပေါ့။ မင့်အတွက် နေစရာကော ရပြီလား"

"ရပြီအမှတ်(၁၃၈)၊ ချင်ဝက်ဂ်မှာရတယ်။ရိုင်းဘူတာရဲ့နောက်ဖက်မှာ"

"ဒါဆိုရင် ဒီနဲ့မဝေးလှပါဘူး။ ငွေရေးကြေးရေးကိစ္စကော အဆင်ပြေရဲ့လား"

"ငွေကတော့ များများစားစား မရှိဘူး. . ။ အခုလောလောဆယ် စားပွဲတစ်လုံးနဲ့ ကုလားထိုင်နှစ်လုံးပဲ ဝယ်ထားတယ်"

"အိပ်ရာကုတင်ကော မဝယ်ဘူးလား"ဟုကျက်ထ်ကကြားဖြတ်မေးသည်။

"မဝယ်တော့ဘူး၊ ကျွန်တော် ကြမ်းပေါ်မှာပဲ အိပ်တယ်"

မောဗီးသည် ကျက်ထ်အား နှစ်ကိုယ်ကြား လေသံဖြင့် စကားပြောနေသည်။ ကျက်ထ်သည် ချက်ခြင်းပင် အိမ်ထဲသို့ ဝင်သွားပြီး ပိုက်ဆံအိတ်ကိုင်၍ ပြန်ထွက်လာသည်။ မောဗီးက ပိုက်ဆံအိတ်ထဲမှ ဂစ်လ်ဒါတစ်ရာတန် ငွေစက္ကူ တစ်ရွက်ကို ထုတ်ယူပြီး ဗင်းဆင့်အား လှမ်းပေးသည်။ "ဒီငွေကို ချေးငွေအဖြစ်နဲ့ လက်ခံစေချင်တယ် ဗင်းဆင့်" ဟု ပြောသည်။ "အိပ်ရာကုတင်တစ်လုံးဝယ်ပါ။ ညပိုင်းမှာ ကောင်းကောင်းနားဖို့ လိုတယ်။ အခန်းခကော ပေးပြီးပြီလား"

"မပေးရသေးဘူး"

"ဒါကိုတော့ မေ့ထားလိုက်ဦး။ အလင်းရောင်အခြေအနေ ဘယ်လိုရှိသလဲ"

"အလင်းရောင်ကတော့ အများကြီးပဲ၊ ဒါပေမယ့် ပြတင်းပေါက်ကတောင်ဖက်မှာ တစ်ပေါက်ပဲ ရှိတယ်"

"အေး အဲဒါကတော့ သိပ်မနိပ်လှဘူး။ အဆင်ပြေသွားအောင် လုပ်ဦးမှ ဖြစ်မယ်၊ နေရောင်က ဆယ်မိနစ်တစ်ခါ ပြောင်းပြောင်းသွားတတ်တယ်။ ခန်းဆီးနည်းနည်းပါးပါးတော့ ဝယ်ထားဖို့လိုမယ်"

"ကျွန်တော် ခင်ဗျားဆီက ငွေချေးမထားချင်ဘူး အစ်ကို၊ ကျွန်တော့်ကို ပန်းချီပညာသင်ပေးရင် လုံလောက်ပါတယ်"

"ဟာ. . အဓိပ္ပာယ်မရှိတာ၊ ယောကျ်ားတိုင်းရဲ့ ဘဝမှာ တစ်ကြိမ် တစ်ခါတော့ အိမ်ထောင်ထိန်းသိမ်းမှုတာဝန်ကို ယူရတတ်တယ်ကွ"

"ကျွန်တော့်အနေနဲ့ ပန်းချီကားတစ်ချို့ကို ရောင်းရလိမ့်မယ်လို့ ထင်ပါတယ်၊ အဲဒီအခါကျရင် ဒီငွေကို ပြန်ပေးပါ့မယ်"

"ဒီကိစ္စမှာတော့ တာစတိက မင့်ကို ကူညီမှာပါ။ ငါငယ်ငယ်တုန်းကလဲ ငါ့ပန်းချီကားတွေကို သူပဲ ဝယ်ခဲ့တာ။ အဲဒီတုန်းက ငါက ပညာယူနေတုန်းပေါ့။ ဒါပေမယ့် တစ်ခုတော့ရှိတယ်။ မင်းပန်းချီစဆွဲတဲ့အခါမှာ ရေဆေးနဲ့ ဆီဆေးကို သုံးဖို့လိုတယ်။ ရိုးရိုး ခဲပန်းချီကားတွေက စျေးကွက်မရှိဘူးကွ"

လူလုံး လူဖန် ကြီးမားထွားကြိုင်းသော်လည်း မောဗီးသည် လုပ်စရာရှိလာလျှင် အလွန်သွက်လက်ပေါ့ပါးသူဖြစ်သည်။ သူ့မျက်လုံးများသည် ချက်ခြင်းပင် တဲစ်စုံတစ်ခုကို ရှာသည်။ မြင်လိုက်သည်နှင့် တပြိုင်နက် ထိုနေရာသို့ လျှင်မြန်စွာ ရောက်သွားသည်။

"ဟောဒီမှာ . . တွေ့ပြီ" ဟု မောဗီးက ပြောသည်။ "ဒီပူးကြီးထဲမှာ ရေဆေးတွေ၊ စုတ်တံတွေ၊ ဆေးစပ်ပြားကလေးတွေ ဆေးခြစ်ခားတွေ၊ ဆီဆေးတွေနဲ့ တာပင်တိုင်ဆီတွေ ရှိတယ်။ ကဲ လာ ပန်းချီတင်ခုံရှေ့မှာ ရပ်ပြီး ပန်းချီဆွဲတဲ့ အခါ ဆေးစပ်ပျဉ်ပြား ဘယ်လိုကိုင်ရမယ်ဆိုတာ ငါပြပေးမယ်"

မောဗီးသည် ဆေးစပ်ပျဉ်ပြားကိုင်၍ ရပ်သည့် နည်းအမျိုးမျိုးကို စနစ်တကျ ပြပေးနေသည်။ ဗင်းဆင့်ကလည်း ချက်ချင်းလိုလိုပင် မောဗီးပြပေး သည့် နည်းများအတိုင်း လုပ်နိုင်ကိုင်နိုင်သည်။

"မင်းတော်သားပဲ" ဟု မောဗီးက ရေရွတ်သည်။ "ငါက မင့်ကို ငထိုင်းလို့ ထင်ထားတာ၊ အခုတော့ ငါထင်သလို မဟုတ်ဘူး၊ မင်း မနက်ခင်းတိုင်း ဒီကို လာပြီး ရေဆေးနဲ့ ကားတွေဆွဲရမယ်။ ပန်းချီအသင်းမှာ အထူးအဖွဲ့ဝင် အဖြစ် မင့်နာမည်ကို ငါ စာရင်းသွင်းပေးထားမယ်။ မင်း ညနေတိုင်း အဲဒီမှာ သွားပြီး စံပြမယ်တွေကို ကြည့်ပြီးဆွဲ. . ။ အဲဒီမှာ ပန်းချီဆွဲရင်းက တခြားပန်းချီ ဆရာတွေနဲ့လဲ ခင်မင်ရင်းနှီးခွင့်ရလာလိမ့်မယ်။ မင်းရဲ့ ပန်းချီကားတွေကို ရောင်း ရတဲ့အချိန်ကျရင်တော့ မင်းဟာ အသင်းမှာ အမြဲတန်းအဖွဲ့ဝင်ဖြစ်လာမှာပဲ"

"ကျွန်တော်ကတော့ လူတစ်ယောက် စံပြထားပြီး ဆွဲတဲ့အလုပ်ကို သိပ်လုပ်ချင်နေတယ်။ ဖြစ်နိုင်ရင် နေ့စဉ် ဆွဲနိုင်ဖို့အတွက် လူတစ်ယောက် ငှားထားနိုင်အောင် ကြိုးစားရတော့မှာပဲ။ လူပုံကို ကျကျနန ဆွဲနိုင်ပြီဆိုရင် ကျန် တာတွေဟာ အလိုအလျောက် ဖြစ်လာမယ်လို့ ထင်တယ်"

"မင်းထင်တာ မှန်တယ်၊ အဲဒီအတိုင်း ဖြစ်လာမှာပဲ" ဟု မောဗီးက ထောက်ခံသည်။ "လူပုံကို ပီပီပြင်ပြင်နဲ့ နိုင်နိုင်နင်းနင်း ဆွဲနိုင်ဖို့ကိစ္စဟာ အခက်ဆုံး အလုပ်တစ်ခုပဲကွ၊ ဒါပေမယ့် လူပုံကို ဆွဲနိုင်တာနဲ့ တပြိုင်နက် သစ်ပင်တွေ၊ နွားမတွေ၊ နေဝင်ချိန်တွေဆိုတာဟာ အင်မတန် လွယ်သွားတာပဲ၊ လူပုံကို ဆွဲဖို့ အရေးမထားတဲ့ လူတွေဟာ တခြားကြောင့်မဟုတ်ဘူး၊ ဆွဲရခက် လွန်းလို့"

ဗင်းဆင့်သည် မောဗီးမှာလိုက်သည့်အတိုင်း အိပ်ရာကုတင်တစ်လုံး ဝယ်သည်။ ပြတင်းပေါက်အတွက်ခန်းဆီးဝယ်သည်။ အခန်းလခကို ပေးသည်။ သူရေးဆွဲထားသည့် ဘရားဘန့်ပန်းချီကားများကို နံရံပေါ်တွင် စနစ်တကျ ချိတ် သည်။ ဤပုံများသည် ရောင်းတန်းမဝင်သောပုံများဖြစ်သည်ကို သူ ကောင်းစွာ သိသည်။ ဤကားများတွင် ချို့ယွင်းချက်များ ရှိနေသည်ကိုလည်း သူမြင်သည်။ သို့တစေလည်း ဤပုံများတွင် သဘာဝနှင့် ဆက်စပ်ယှက်နွယ်နေသော အရာ

အခို့ ရှိနေသည်။ တကယ်တော့ ဤပုံများသည် ခံစားမှုအပြည့်ဖြင့် ရေးဆွဲထား သည့် ပုံများမဟုတ်ပါလား။ သူ့အနေဖြင့် သူမြင်တွေ့နေရသည့် ခံစားမှု ဘယ်နေရာ၌ ရှိနေသည် ကိုတော့ လက်ညှိုးနှင့် ထောက်မပြနိုင်။ ယင်းခံစားမှု သည် ထိုနေရာ၌ ဘာကြောင့် ရှိနေသည်ကိုလည်း သူ ရှင်းမပြတတ်။ ဒီဘော့နှင့် မတွေ့ခင် ဒီဘော့နှင့် မရင်းနှီး သေးခင်အချိန်ထိ ထိုခံစားမှုတန်ဘိုးကို သူ သိလည်း မသိ၊ နားလည်းမလည်ခဲ့။ တစ်ရက်တွင်မူ သူသည် ဒီဘော့နှင့် ဆုံမိခဲ့၏။

ဒီဘော့သည် ခင်မင်စရာအလွန်ကောင်းသော လူတစ်ယောက်ဖြစ် သည်။ ယဉ်ကျေးသိမ်မွေ့သည်။ ပုံမှန်ဝင်ငွေလည်း ရှိသည်။ သူသည် အင်္ဂလန် နိုင်ငံ၌ ပညာသင်ကြားခဲ့သူဖြစ်၏။ ဗင်းဆင့်နှင့် ဒီဘော့တို့ ဆုံမိခဲ့ကြသည်မှာ ဂေါပစ်လ်အရောင်းဆိုင်တွင် အလုပ်လုပ်စဉ်က ဖြစ်သည်။ ဒီဘော့သည် နေရာ တိုင်းတွင် ဗင်းဆင့်နှင့်မတူသူဖြစ်၏။ ဒီဘော့အဖို့ ဘဝသည် အလွန်အမင်း အလေးအနက်ပြုရမည့်အရာမဟုတ်။ ဘဝသည် စိတ်ရှုတ် စိတ်ညစ်စရာအရာ လည်းမဟုတ်။ စိတ်လှုပ်ရှားရမည့် အရာလည်းမဟုတ်။

"ကိုယ်နဲ့လိုက်ပြီး လက်ဖက်ရည်သောက်လှည့်ပါလား" ဟု ဒီဘော့က ခေါ်သည်။ "မကြာသေးခင်က ဆွဲထားတဲ့ ကိုယ့်ပန်းချီကားတွေ မင့်ကို ပြချင်လို့ ပါ။ ကိုယ့်ကားတွေထဲမှာ ထူးခြားမှုကလေးတွေ ပါတယ်လို့ ကိုယ်ကတော့ ထင်ထားတယ်"

ဒီဘော့၏ စတူဒီယိုသည် ဟော့ဂ်မြို့တော်၏ လူကုံတံရပ်ကွက်ဟု အသိအမှတ်ပြုထားသော ဝစ်လင်စပတ်လမ်းထဲ၌ တည်ရှိသည်။ ပြတင်းပေါက် များတွင် ကတ္တီပါခန်းဆီးများ တပ်ထားသည်။ စတူဒီယိုခန်းထဲရှိ ထောင့်တိုင်းတွင် နှစ်ယောက်ထိုင် ဆိုဖာကြီးများ ချထားသည်။ ပြီးတော့ ဆေးလိပ်သောက်သည့် စားပွဲများနှင့် စာအုပ်စင်များကို သူနေရာနှင့်သူ တင့်တယ်လှပအောင် တည်ခင်း ထားသည်။ ကြမ်းပေါ်မှ ကော်ဇောကြီးများမှာ အရှေ့တိုင်းဖြစ် ကောဇောများ ဖြစ်၏။ သူပန်းချီစတူဒီယိုခန်းမနှင့် နှိုင်းယှဉ်လိုက်သည့်အခါ ကွာခြားလွန်းလှပါ ဘိသည်။ ဒီဘော့သည် ဓာတ်ငွေ့မီးဖိုပေါ်တွင် ရေနွေးတစ်လုံးတည်လိုက်ပြီး သူ့အိမ်ဖော်အား ခေါ်၍ ကိတ်မုန့်များ ယူခိုင်းသည်။ ထို့နောက် ဘီရိုတစ်လုံးထဲမှ ကင်းဗတ်စ်တစ်ချပ်ကိုယူ၍ ပန်းချီကားခုံပေါ်တွင် တင်သည်။ "ဒါဟာ ကိုယ် နောက်ဆုံးဆွဲထားတဲ့ ပန်းချီကားပဲ" ဟု ပြောသည်။ "ပန်းချီကားကို ကြည့်နေ တုန်းမှာ ဆေးလိပ်ဖွာမလား၊ ဆေးလိပ်ကို ဖွာရင်းနဲ့ ကြည့်ရင် ပန်းချီကားရဲ့ အရသာဟာ ပိုပြီး ပေါ်လာတတ်တယ်"

ဒီဘော့်၏ လေသံသည် ခင်မင်နှစ်လိုဖွယ်ကောင်းသည်၊ တာစတိက သူ့ပန်းချီကားများအပေါ် တန်ဖိုးထားလာသည့်အချိန်မှစ၍ ဒီဘော့်၏ သူ့ကိုယ်သူ ယုံကြည်မှုသည် မြင့်မားနေခဲ့သည်ဖြစ်ရာ သူ့ပန်းချီကားကို ဗင်းဆင့် မကြိုက်ပဲ နေလိမ့်မည်မဟုတ်ဟု တွက်ထားပြီး ဖြစ်သည်။ သူသည် အလွန်စေ့းကြီးပေးရသော ရုရှားဆေးပြင်းလိပ်ကိုထုတ်၍ ဗင်းဆင့်အား လှမ်းပေးသည်။ သူသည် ဤဆေးပြင်းလိပ်ကို အမြဲစွဲ၍ သောက်သူဖြစ်သဖြင့် ဟော့ဂ်မြို့ပေါ်တွင် နာမည်တစ်လုံးရထားသူဖြစ်၏။ သူသည် ဗင်းဆင့်၏မျက်နှာတွင် ထင်ဟပ်လာမည့် အဆုံးအဖြတ်ကို အကဲခတ်လျက်ရှိသည်။

ဗင်းဆင့်သည် သူ့မျက်နှာရှေ့မှ တလိပ်လိပ်တက်သွားနေသည့် ပြာလဲ့လဲ့ မီးခိုးများကြားမှနေ၍ ဒီဘော့်၏ ပန်းချီကားကို စေ့စပ်သေချာစွာ ကြည့်နေသည်။ ဒီဘော့အဖို့တော့ ဤတဒင်္ဂအချိန်ကလေးသည် သည်းထိတ်ရင်ဖိုဖြစ်စရာအချိန်တစ်ခုဖြစ်လိမ့်မည်ဟု သူမတွေးမိပဲ မနေနိုင်၊ ဘယ်ပန်းချီဆရာမဆို သူ၏ဖန်တီးမှုများကို အခြားလူတစ်ဦးတစ်ယောက်က ပထမဆုံးအကြိမ် လာရောက်ကြည့်ရှုအကဲဖြတ်သည့်အခါ ပြင်းထန်စွာ စိတ်လှုပ်ရှားရတတ်သည်မှာ သဘာဝတစ်ခုဖြစ်သည် မဟုတ်ပါလော။

သူ ဘယ်လိုထင်မြင်ချက်ပေးရပါမည်နည်း။ ရှုခင်းဆွဲထားပုံကတော့ သိပ်မဆိုးလှဟုထင်၏။ သို့သော်လည်း ကောင်းပါသည်ဟုပြော၍တော့မရ။ ဆွဲထားသည့်ပုံသည် ရေးဆွဲခဲ့သူ ဒီဘော့်၏ အကျင့်စရိုက်နှင့် အလွန်တူသည်ဟုတွေးနေမိသည်။ ဒီဘော့သည် ခပ်ပေါ့ပေါ့သမားဖြစ်သည့်အားလျော်စွာ ပုံ၏ လက်ရာမှာလည်း ပေါ့တန်တန် ဖြစ်နေသည်ဟု ယူဆသည်။

မည်သို့ပင်ဖြစ်စေ အခုမှ ပန်းချီပညာကို စတင်သင်ကြားရန် တာစူနေသူ လူငယ်တစ်ဦးက သူ့လက်ရာကို မကောင်းဟု ပြောလျှင် သူ မည်မျှအထိ ဒေါပွလိုက်မည်နည်း။ ဒီဘော့၏ လက်ရာကို တစ်ချက်ကြည့်ရုံမျှဖြင့် ခပ်ညံ့ညံ့ကားတစ်ခုဟု သိနေသော်လည်း သူ့နှုတ်မှ မထွက်ရဲ၊ သူသည် ဟန်ဆောင်ပြီး ပန်းချီကားကို ဆက်လက်ကြည့်ရှုနေသည်။

"ခင်ဗျားက ရှုမျှော်ခင်းတွေအပေါ်မှာ ထူးထူးခြားခြား ခံစားမှုရှိပုံရတယ်" ဟု ဗင်းဆင့်က ပြောသည်။ "ခင်ဗျား မြင်တွေ့ခံစားထားရတဲ့ ရှုခင်းရဲ့ စွဲမက်စရာအလှကို ဘယ်လို ဆွဲယူပြီး ထည့်သွင်းပေးရမယ်ဆိုတာကိုလဲ ခင်ဗျား သိနေတယ်"

"ကျေးဇူးပဲ ဗင်းဆင့်" ဟု ဒီဘော့က ရွှင်လန်းဝမ်းသာသည့် မျက်နှာ

ထားဖြင့် ပြန်ပြောသည်။ "မင်း လက်ဖက်ရည်သောက်မယ်မဟုတ်လား"

ဗင်းဆင့်သည် လက်ဖက်ရည်ခွက်ကို လက်နှစ်ဖက်ဖြင့် မ ကိုင်ထားသည်။ ကြမ်းပေါ်မှ အဖိုးတန်ကော်ဇောများအပေါ် ဖိတ်ကျမည်ကို စိုးရိမ်နေခြင်းကြောင့်ဖြစ်၏။ ဒီဘော့သည် မီးဖိုပေါ်ရှိ ရေနွေးကရားထဲမှ လက်ဖက်ရည်တစ်ခွက် ငဲ့ထည့်ကာ ဗင်းဆင့်ထံ ပြန်ရောက်လာသည်။

ဗင်းဆင့်သည် ဒီဘော့ မကြိုက်သည့်စကားများကို ပြောလိုသော ဆန္ဒမရှိ။ သူသည် ဒီဘော့အား ခင်သည်။ သူနှင့် ရင်းနှီးသော မိတ်ဆွေအဖြစ် ရယူလိုသည်။ သို့သော်လည်း အနုပညာရှင်တစ်ဦး၏ ဓမ္မမိဌာန်ကျကျ ရှုမြင်သုံးသပ်မှုကို မလိမ်မညာ မကွယ်မဝှက်ပဲ အသိပေးလိုက်ချင်သော ဆန္ဒက ပြင်းပြလျက်ရှိသည်။ သူ့နှလုံးသားက ခံစားရရှိလိုက်သည့် အကဲဖြတ်မှုကို သူ ထုတ်မပြောပဲ မနေနိုင်။

"ဒီကားနဲ့ပတ်သက်လို့ ကျွန်တော့်စိတ်ထဲမှာ ဘဝင်မကျဖြစ်နေမိတာ တစ်ခုပဲရှိတယ်" ဟု သူ့နှုတ်မှ စကားတစ်ခွန်း ထွက်သွားသည်။

ဒီဘော့သည် သူ့အိမ်ဖော်ထံမှ လင်ပန်းကို ယူ၍ စားပွဲပေါ် ချပေးသည်။

"မုန့်စားဦး ဗင်းဆင့်"

ဗင်းဆင့်က မစား။ လက်ဖက်ရည်ပန်းကန်ကိုကိုင်လျက်တန်းလန်းက မုန့်ကို ဘယ်လိုယူ၍ စားရမှန်းမသိဖြစ်နေသည်။

"ဘဝင်မကျဖြစ်နေတာ ဘာများပါလိမ့်" ဟု ဒီဘော့က စကားစသည်။

"ခင်ဗျားရဲ့ လူပုံတွေပါပဲ။ ဆွဲထားတာ မမှန်သလိုပဲ"

ဒီဘော့သည် သူ့ခြေထောက်များကို ကော်ဇောပေါ် ဆန့်ထုတ်လိုက်သည်။ "ဒါက ဒီလိုရှိတယ်လေ" ဟု ပြောသည်။ "ကိုယ့်ရဲ့အာရုံက လူရုပ်လွှာတွေအပေါ်မှာ သိပ်ပြီး မစူးစိုက်မိတာ အမှန်ပဲ။ ကိုယ့်အနေနဲ့ ကိုယ်ဟန်ပြတစ်ယောက်ဌားပြီး ရက်နည်းနည်းပါးပါး အချိန်ကုန်ခံပြီး ဆွဲခဲ့ဖူးတယ်။ အဲဒီနောက် မကြာခင်မှာပဲ ကိုယ့် စိတ်ဝင်စားမှုက ရှုမျှော်ခင်းတွေအပေါ် ရောက်သွားတယ်။ ရှုမျှော်ခင်းတွေဟာ ကိုယ့်ရဲ့ အာရုံစူးစိုက်ရာဖြစ်လာတယ်။ ဒါ့ကြောင့်မို့ လူရုပ်တွေဟာ ကိုယ့်အတွက် အဓိကျတဲ့ အရာတွေမဟုတ်တော့ဘူး။ အဓိကထားဖို့လဲ မလိုတော့ဘူးလို့ ထင်တယ်လေ"

"ကျွန်တော်ကတော့ ရှုမျှော်ခင်းတွေအပေါ် အားသန်သည့်တိုင်အောင် အဲဒီရှုခင်းတွေထဲမှာ လူပုံတွေကို သင့်တော်လိုအပ်သလို ထည့်သွားမိလိမ့်မယ်လို့ ထင်တာပဲ" ဟု ဗင်းဆင့်က ပြောသည်။ "ခင်ဗျားဟာ ကျွန်တော့်အရင် နှစ်ပေါင်း

များစွာကတည်းက ပန်းချီဆွဲနေခဲ့တဲ့လူပါ။ ပြီးတော့ ခင်ဗျားဟာ အများက လက်ခံထားတဲ့ ပန်းချီပညာရှင်တစ်ယောက် ဖြစ်နေပါပြီ။ ဒါပေမယ့် ကျွန်တော့် အနေနဲ့ အင်မတန် ရင်းနှီးခင်မင်တဲ့ ဝေဖန်ချက်တစ်ခုကိုတော့ ပေးချင်တယ်။ ခင်ဗျား ခွင့်ပြုနိုင်မလား"

"ရပါတယ်။ ကိုယ်က ဝမ်းသာစွာနဲ့ လက်ခံရမှာပေါ့"

"ဒါဆိုရင်တော့ ပြောချင်တယ်၊ ခင်ဗျားရဲ့ ပန်းချီကားတွေမှာ စိတ်ခံစားမှုအား နည်းနေတယ်။ တစ်နည်းအားဖြင့် စိတ်အားထက်သန်မှုအားက သိပ်နည်းနေတယ်"

"စိတ်ခံစားမှုအားနည်းနေတယ်လို့ မင်းကပြောတယ်။ စိတ်ခံစားမှုတွေက အများကြီးပဲ။ ချစ်တယ်၊ မုန်းတယ်၊ ဝမ်းနည်းတယ်၊ ဝမ်းသာတယ်၊ အဲဒီခံစားမှုတွေထဲက ဘယ်ဟာကို ရည်ညွှန်းပြီး ပြောတာလဲ" ဟု ဒီဘော့်က ပြန်မေးသည်။

"ဒါကျတော့ ရှင်းပြဖို့ သိပ်ကို ခက်တယ်။ ဒါပေမယ့် ကျွန်တော့်အမြင်ကတော့ ခင်ဗျားရဲ့ စိတ်ခံစားမှုဟာ နည်းနည်းလေး ပေါ့နေသလိုပဲ။ အခုထက် ပိုပြီး နည်းနည်းလောက် နက်ရှိုင်းလာမယ်။ ဒါမှမဟုတ် လေးနက်လာမယ်ဆိုရင် ပိုကောင်းလာမယ်လို့ ထင်တယ်"

ဒီဘော့်သည် ထိုင်ရာမှထကာ သူ့ပန်းချီကားတစ်ချပ်ရှေ့၌ သွားရပ်ကြည့်သည်။ "ဘေးလူတွေက ခံစားမှုပါအောင် ဆွဲပါလို့ ပြောတာနဲ့ ကိုယ်က ခံစားမှုတွေအားလုံးကို ပန်းချီကားတွေထဲမှာ ရေပန်းနဲ့ ဖျန်းသလို ဖျန်းပေးနိုင်မတဲ့လား" ဟု ပြောသည်။ "ကိုယ့်အနေနဲ့ ကိုယ်မြင်တဲ့အတိုင်း ခံစားရတဲ့အတိုင်း ဆွဲတာပဲ။ တကယ်လို့ ခံစားမှုဆိုတာ လုံးဝမရှိရင် ကိုယ့်အနေနဲ့ ကိုယ့်ရဲ့ စုတ်တံကို ဘယ်လိုလုပ်ပြီး ဆွဲလို့ရမှာတဲ့လဲ. . . ၊ ခံစားမှု မပါလို့ အဆင့်မမီတဲ့ ကားဆိုရင် ဘယ်သူက ဝယ်မလဲ. . . စဉ်းစားကြည့်ပေါ့"

ဗင်းဆင့်ကတော့ ဘာမှ ပြန်မပြော။ ပြန်လှန်ချေပခြင်းလည်း မပြု။ သူသည် ရေငုံန္ဒုတ်ပိတ် လုပ်ကာ ငြိမ်ဆိတ်နေသည်။

ဗင်းဆင့်၏ ပန်းချီစတူဒီယိုသည် ဒီဘော့်၏ စတူဒီယိုနှင့် နှိုင်းယှဉ်လိုက်သည့်အခါ မိုးနှင့်မြေကြီးတမျှ ကွာခြားလျက်ရှိသည်။ သူ၏ စတူဒီယိုသည် စုတ်စုတ်ချာချာ နိုင်လွန်းလှ၏။ သို့သော်လည်း ယင်းစုတ်ချာမှုများကြားမှပင် ကောင်းကွက်များ ရှိနေသည်ကို သူ သတိထားမိလေသည်။

သူသည် အိပ်ရာခုတင်ကို အခန်းထောင့်တစ်ထောင့်တွင်

နေရာချလိုက်သည်။ မီးဖိုချောင်သုံးပစ္စည်းများကို ခုတင်နောက်သို့ ပို့ကာ လူမမြင်အောင် ဝှက်ထားလိုက်၏။ သူ့အခန်းကို အများမျက်စိထဲတွင် ပန်းချီစတူဒီယိုခန်းအဖြစ်သာ မြင်စေချင်သည်။ လူနေခန်းတစ်ခန်းအဖြစ် မမြင်စေချင်သီအို့ထံမှငွေသည် ယခုအထိ ရောက်မလာသေး။ သို့သော်လည်း မောဗီးက ချေးလိုက်သည့်ငွေထဲမှ လက်ကျန်အနည်းငယ် ရှိနေသေးသဖြင့် အခက်အခဲကတော့ မရှိ။ သူသည် မောဗီး၏ငွေထဲမှ လက်ကျန်ကို ကိုယ်ဟန်ပြတစ်ယောက် ငှားရာ၌ သုံးလိုက်သည်။ ထိုနေ့က သူ့စတူဒီယိုခန်းသို့ မောဗီး အလည်ရောက်လာချိန်တွင် သူသည် အလုပ်ကိုစတင်၍လုပ်ရန် တာစူနေခိုက်ဖြစ်၏။ "ဒီကို အရောက် ဆယ်မိနစ်ပဲ ကြာတယ်ကွ" ဟုပြောကာ အခန်းတစ်ခုလုံးကို လျှောက်ကြည့်နေသည်။

"အေး . . ကောင်းတယ်၊ ဒီအပြင်အဆင်အတိုင်းဆိုရင် အဆင်ပြေတယ်" ဟု ပြောသည်။ "မြောက်ဖက်က အလင်းရောင်ရဖို့တော့ လိုမယ်။ အဲဒါဆိုရင် ပိုကောင်းသွားမယ်။ ဘာပဲဖြစ်ဖြစ်ပေါ့ကွာ။ မင့်ကို ဘာအလုပ်မှ မလုပ်ဘူးလို့ ထင်နေတဲ့ လူတွေနဲ့ မင်းပန်းချီဆွဲတာဟာ အပျော်တမ်းပါလို့ သံသယဝင်နေတဲ့ လူတွေအဖို့တော့ အမြင်ကောင်းသွားမှာ သေချာနေပြီ။ မင်း ဒီနေ့ ကိုယ်ဟန်ပြထားပြီး စ ဆွဲတယ်မဟုတ်လား"

"ဟုတ်တယ်၊ နေ့စဉ်ဆွဲသွားမယ်လို့ စီစဉ်ထားတယ်။ ငွေအကုန်အကျတော့ သိပ်များတယ်"

"နောက်ကျတော့လဲ အပေါစားရလာမှာပေါ့ကွာ။ မင့်မှာ ငွေပြတ်သွားပြီလား ဗင်းဆင့်"

"ကျေးဇူးပဲ အစ်ကို နည်းနည်းပါးပါး ကျန်ပါသေးတယ်"

ဗင်းဆင့်ကတော့ သူ၏ ငွေကြေးခက်ခဲမှုနှင့်ပတ်သက်၍ မောဗီးအား ဒုက္ခမပေးသင့်ဟု ယူဆသည်။ အမှန်တော့ သူ့အိတ်ကပ်ထဲတွင် တစ်ဖရန့်တန် ငွေစက္ကူတစ်ရွက်သာလျှင် ကျန်တော့၏။ ထိုငွေသည် အစာစားဖို့ တစ်ရက် အတွက်သာလျှင် လုံလောက်သည်။ မည်သို့ပင်ဆိုစေ သူ့အဖို့ကတော့ အခကြေးငွေ မပေးရပဲနှင့် မောဗီးထံမှ ပန်းချီပညာ သင်ယူနိုင်ရေးသည်သာလျှင် အဓိကကျသည် မဟုတ်ပါလော။

မောဗီးသည် ဗင်းဆင့်နှင့်အတူ တစ်နာရီခန့် အချိန်ကုန်ခံသည်။ ရေဆေးနှင့် ပုံဆွဲနည်းကို လည်းကောင်း၊ ရေဆေးနှင့် ဆွဲပြီးသားပုံအား ဖျက်ပုံဖျက်နည်းကိုလည်းကောင်း သင်ကြားပြသပေးသည်။ "ပထမဆုံး စုတ်တံကို ကောင်း

ကောင်း ကိုင်တတ်အောင်လုပ်ဖို့ လိုတယ်။ စုတ်တံကို နှိုင်နှိုင်နင်းနင်း ကိုင်နှိုင်ဖို့အတွက် အနည်းဆုံး ပန်းချီကား ဆယ်ကားလောက်တော့ အပျက်ခံရလိမ့်မယ်။ မင်း နောက်ဆုံးဆွဲခဲ့တဲ့ ပုံတွေပြစမ်း။ ကြည့်ရအောင်”

ဗင်းဆင့်က ပုံများ ထုတ်ယူလာပြီး ပြသည်။ မောဗီးသည် ကားအား လုံးကို အသေအချာကြည့်သည်။ စကားကို ရှည်ရှည်ဝေးဝေး မပြော။ ချို့ယွင်းချက်ကိုမြင်လာလျှင် တိုတိုပြတ်ပြတ်ပင် ပြောသည်။ “ဒီဟာ မှားတယ်ကွ” ဟု ဘယ်တော့မှ မပြော။ “ဒီပုံကို ဒီနည်းနဲ့သုံးပြီး ထပ်ဆွဲကြည့်” ဟုသာ ပြောပြလေ့ရှိ၏။

ဗင်းဆင့်သည် မောဗီးပြောသည်ကို အထူးဂရုစိုက်၍ နားထောင်သည်။ ပန်းချီကားကိုကြည့်ပြီး ပြောနေသည့် မောဗီး၏ ပြောပုံဆိုပုံသည် မိမိအား လှမ်းပြောနေပုံနှင့်မတူ၊ သူ့ကိုယ်သူ ပြန်ပြောနေသည်နှင့် တူနေသည်။ သူ၏ ကိုယ်ပိုင်ပန်းချီကားများကို ကြည့်ပြီး အမှားရှာပြနေသည့်လူနှင့် တူလှချေသည်။

“မင့်မှာ ပန်းချီကောင်းကောင်းဆွဲနိုင်တဲ့ အစွမ်းအစ ရှိနေပြီ ဗင်းဆင့်” ဟု မောဗီးက ပြောသည်။ “မင်း နှစ်နဲ့ချီပြီး ခဲတံနဲ့ ပုံတွေ ဆွဲလာခဲ့တာဟာ မင့်အတွက် အလွန့်အလွန် တန်ဖိုးရှိတဲ့ အထောက်အကူကြီးတစ်ခုပဲ။ အချိန်ကာလ မကြာခင်အတွင်းမှာ မင့်ရဲ့ ရေဆေးပန်းချီကားတွေကို တာစတိက ဝယ်ပြီဆိုရင် ငါ့အနေနဲ့ အံ့သြမိမှာ မဟုတ်တော့ဘူး”

မောဗီး၏စကားသည် ဗင်းဆင့်ကို အနည်းငယ်မျှ အားတက်စေခဲ့သော်လည်း နောက်နှစ်ရက်မျှအကြာတွင် လက်ထဲ၌ ဆင့်တစ်ပြားပင် မရှိတော့သဖြင့် စိတ်ဓာတ်ကျခဲ့ရပြန်သည်။ လဆန်းပြီး၍ ရက်ပေါင်းများစွာ ကုန်လွန်သွားပြီဖြစ်သော်လည်း သီအိုထံမှ ဖရန့်ငွေ တစ်ရာက ရောက်မလာသေး။ ဘာများဖြစ်လို့ပါလိမ့်။ သီအိုက သူ့အား စိတ်ဆိုးသွားလေသလား။ သူ့ဘဝအတွက် ပွင့်လာတော့မည့် တံခါးဝသို့ ခြေချမိချိန်ကျခါမှ သီအိုက နောက်ဆုတ်သွားလေပြီလား။

သူ့အိတ်ကပ်ထဲတွင် တံဆိပ်ခေါင်းတစ်လုံး တွေ့သည်။ သူသည် သူ့ညီ သီအိုထံ စာတစ်စောင် ရေးသည်။ သူ့လက်ထဲတွင် ငွေတစ်ပြားမှ မရှိတော့၍ ဒုက္ခရောက်နေကြောင်း၊ ပြောထားသည့်အတိုင်း မပို့နိုင်၍ တစ်ဝက်လောက် ပို့ပေးမည်ဆိုပါက သူ့အနေဖြင့် အစားကို မှန်မှန်စားပြီး ကိုယ်ဟန်ပြတစ်ယောက်ကို ရံဖန်ရံခါ ငှားနိုင်ဖွယ်ရှိကြောင်း စသည်မျှားကို စာထဲတွင် ရေးလိုက်သည်။

အစာမစားရသည်မှာ သုံးရက်ရှိခဲ့ပြီ။ ဤသုံးရက်အတွင်း သူသည်

မနက်တိုင်း မောဗီးထံသွား၍ ရေဆေးဆွဲနည်း သင်ယူရသည်။ နေ့ခင်းပိုင်းများတွင် မီးဖိုချောင်များထဲ၌ ပုံကြမ်းများဆွဲ၍ ညပိုင်းများတွင် တစ်ခါတရံ ပန်းချီပညာရှင်များအသင်းသို့သွား၍ သို့မဟုတ် မောဗီးထံသွား၍ ပုံများ ရေးဆွဲရသည်။ ဗင်းဆင့်သည် သူ့အခြေအနေကို မောဗီးမသိစေချင်။ သိသွားလျှင် သူ့အပေါ် များစွာ စိတ်ပျက်သွားမည်ကို စိုးရိမ်နေမိ၏။

မောဗီးသည် သူ့ကို ခင်မင်နေပြီဖြစ်၏။ အခုလို ခင်မင်နေချိန်ကျခါမှ သူ့ဒုက္ခများကို သိရပြီး သူ့အတွက် စိတ်ဆင်းရဲနေရလျှင် မောဗီးသည် ပန်းချီကိုပင် ဆွဲနိုင်တော့မည်မဟုတ်။ သူ့ကြောင့် မောဗီးမှာ ဤအဖြစ်မျိုးနှင့် ကြုံတွေ့ရပါမူ ဘယ်နည်းနှင့်မှ အဆင်ပြေတော့မည်မဟုတ်။ ဤအတောအတွင်းမှာပင် မောဗီး၏ ဇနီး ဂျက်ထ်က သူ့အား ညစာစားဖို့ ဖိတ်သည်။ သူက လက်မခံဘဲ လိမ္မာပါးနပ်စွာဖြင့် ငြင်းခဲ့သည်။

သူ့ဗိုက်တွင်းမှ ဆာလောင်မှုသည် ကြာလာသည့်အခါ နာကျင်မှုဝေဒနာသို့ ကူးပြောင်းသွားသည်။ သူသည် ဘိုရင်းနိတ်၌ နေခဲ့ရစဉ်က ငတ်မွတ်ခဲ့ရသည့်အဖြစ်များကို သတိရမိ၏။ သူသည် ဘဝတစ်လျှောက်လုံး အခုလိုပဲ ငတ်မွတ်ခြင်းနှင့် ရင်ဆိုင်နေရတော့မှာလား၊ စိတ်အေးချမ်းစွာ နေသွားနိုင်မည့် နေရာကိုရော ရှာ၍ တွေ့ပါတော့မလား။

နောက်တစ်နေ့တွင် သူသည် သူ့မာနနှင့်သိက္ခာတို့ကို မျိုချကာ တာစတိထံသို့ သွားသည်။ ဟော့ဂ်မြို့ပေါ်ရှိ ပန်းချီဆရာတစ်ဝက်ခန့်ကို ကူညီထောက်ပံ့နေသော ပုဂ္ဂိုလ်ထံမှ ဖရန့်ငွေ တစ်ဆယ်ချေးရန် သွားခြင်းဖြစ်လေသည်။

တာစတိတစ်ယောက် အလုပ်ကိစ္စဖြင့် ပါရီ၌ ရောက်နေသည်။

ဗင်းဆင့်တွင် အဖျားဝင်လာပြီဖြစ်၍ ခဲတံကိုပင် ကောင်းစွာ မကိုင်နိုင်တော့။ သူသည် အိပ်ရာပေါ်တွင် လှဲနေရ၏။ နောက်တစ်နေ့တွင် သူသည် တာစတိထံသို့ သွားပြန်သည်။ ဤတစ်ကြိမ်တွင်မူ တာစတိနှင့် တွေ့သည်။ တာစတိသည် ဗင်းဆင့်အား တတ်နိုင်သမျှ ကူညီစောင့်ရှောက် သွားပါမည်ဟု သိအိုထံ ကတိပေးထားခဲ့၏။ သူသည် ဗင်းဆင့်အား ဖရန့်ငွေ နှစ်ဆယ့်ငါးဖရန့် ချေးလိုက်သည်။

"ကိုယ်. . မင့် စတူဒီယိုကို လာကြည့်ဖို့ စိတ်ကူးထားတာ ကြာပြီ ဗင်းဆင့်" ဟု တာစတိက ဆိုသည်။ "မကြာခင် ကိုယ်လာခဲ့မယ် စိတ်ချ"

သူသည် ယဉ်ကျေးသိမ်မွေ့စွာဖြင့် အလိုက်သင့် ပြန်ပြောပြီး ပြန်လာခဲ့

သည်။ အပြန်လမ်းတွင် သူသည် ဂေါပစ်ကုမ္ပဏီ၌ အလုပ်လုပ်ခဲ့စဉ်က အခြေအနေကို ပြန်၍ သတိရမိသည်။ "တကယ်လို့ ငါမှာ ဝင်ငွေသာ မှန်မှန်ရှိနေရင် ငါဘဝဟာ အဆင်ပြေမှာ" ဟုလည်း မတွေးမိပဲ မနေနိုင်၊ သို့သော်လည်း ယခုလောလောဆယ် လက်ထဲ၌ ငွေရှိလာပြီ။ ငွေရှိလာခါမှပင် စိတ်ဆင်းရဲမှုသည် ပို၍ကြီးလာရ၏။ သူ့ရင်ထဲတွင် အထီးကျန်ဖြစ်လွန်းသောစိတ်သည် ဝင်ရောက်လာသည်။

"ညစာ စားလိုက်ရင် အားလုံးအေးသွားမှာပါ" ဟု သူ့ကိုယ်သူ ပြောမိသည်။

အစာစားလိုက်ရသဖြင့် ဗိုက်ထဲမှ နာကျင်သော ဝေဒနာသည် ပျောက်ကင်းသွားသည်။ သို့သော်လည်း အထီးကျန်ဖြစ်ခြင်းဟူသော ဝေဒနာကတော့ တိုးသည်ထက် တိုးလာသည်။ သူသည် အပေါစားဆေးတံဆေးဝယ်ပြီး အိမ်ပြန်ခဲ့သည်။ အိပ်ယာပေါ်၌ ခြေပစ်လက်ပစ်လှဲကာ ဆေးတံကိုဖွာရင်း ခံစားနေရသော ဝေဒနာကို သက်သာအောင် အားထုတ်သည်။

ကေးအား လွမ်းဆွတ်တမ်းတသောစိတ်သည် ကြောက်စဖွယ် ကောင်းလောက်အောင် ကြီးမားပြင်းထန်လာသည်။ ခံစားမှုအရှိန်က ပြင်းလွန်းသဖြင့် သူသည် အိပ်ရာထက်မှ ပြန်ထသည်။ ပြတင်းပေါက်ကိုဖွင့်၍ အပြင်သို့ ခေါင်းပြူကြည့်သည်။ အေးမြသော ဇန်နဝါရီလ၏ ညဖြစ်သဖြင့် အပြင်တွင် ဆီးနှင်းမျှား ဖုံးလွှမ်းနေသည်ကို မြင်ရသည်။ ဘုန်းတော်ကြီး စထရစ်ကားကို သတိရလိုက်သည့်အခါ ဒေါသစိတ်ကြောင့် တစ်ကိုယ်လုံး အေးစက်တောင့်တင်းသွားသည်။ သူသည် ပြတင်းပေါက်တံခါးကို ဆောင့်ဆွဲပြီး ပိတ်လိုက်သည်။ နံရံတွင် ချိတ်ထားသည့် ဦးထုပ်နှင့် ကုတ်အင်္ကျီကို ဆွဲယူကာ ရိုင်းဘူတာရုံရှေ့တွင် သူမြင်တွေ့ခဲ့ဖူးသည့် အရက်ဆိုင်ဆီသို့ အပြေးအလွှား ထွက်လာခဲ့လေ၏။

အရက်ဆိုင်အဝင်အဝတွင် ရေနံဆီမီးအိမ်တစ်လုံး ချိတ်ဆွဲထားသည်။ တစ်လုံးမှာမူ အရက်ရောင်းကောင်တာပေါ်၌ ချထားသည်။ ဆိုင်၏ အလယ်ပိုင်းသည် အမှောင်ရိပ်များအောက်၌ ရှိနေသည်။ နံရံတစ်ဖက်ကိုမှီ၍ ချထားသော ခုံတန်းလျားများ၏ရှေ့တွင် ကျောက်စားပွဲကြီးများရှိသည်။ အလုပ်သမား

လက်လုပ်လက်စားများ ဝင်ထွက်ရာဆိုင်ဖြစ်၍ နံရံများမှာလည်း သန့်ရှင်းစင်ကြယ်ခြင်းမရှိ။ သမံတလင်းကြမ်းပြင်မှာလည်း ပေရေညစ်ပတ်လျက်ရှိ၏။ ပျော်ရွှင်စရာကောင်းသည့်နေရာနှင့်မတူ၊ ခေတ္တခဏမျှ ခိုနားရာ ဒုက္ခသည်စခန်းတစ်ခုနှင့် တူလှလေသည်။

ဗင်းဆင့်သည် စားပွဲတစ်လုံး၌ ဝင်ထိုင်ပြီး သူ့ကျောကို နံရံတွင်မှီ၍ အမောဖြေသည်။ သူ့အနေဖြင့် အလုပ်လုပ်နေခိုက်တွင် ဘာပြဿနာမှမရှိ။ လက်ထဲတွင် ကိုယ်ဟန်ပြဌာန်းဖို့နှင့် အစာစားဖို့အတွက် ငွေကြေးအလုံအလောက်ရှိနေပါက အစစအရာရာ ပို၍ အဆင်ပြေသည်။ သို့သော်လည်း အလုပ်မှာနားချိန်နှင့် အားလပ်ချိန်များတွင် အပျင်းပြေစကားပြောစရာ အဖော်ကလေးတစ်ယောက်တလေမှ မရှိခြင်းမှာမူ သူ့အတွက် စိတ်ပျက်စရာ ကောင်းနေသည်။

မောဗီးမှာ သူ့ဆရာဖြစ်နေသဖြင့် တရင်းတနှီး စကားပြော၍မဖြစ်။ တာစတီမှာမူ အလုပ်အလွန်များသူဖြစ်သဖြင့် လူချင်းတွေ့ဖို့ပင်မလွယ်။ ဒီဘော့ကျတော့ လူချမ်းသာတစ်ဦးဖြစ်နေသဖြင့် တရောတနှောနေ၍မဖြစ်။ သူသည် နေ့စဉ်နှင့်အမျှ အထီးကျန်နိုင်မှုဒဏ်ကို ခါးစည်း၍ ခံနေရ၏။ တစ်ခါတရံ အရက်ကလေးတစ်ခွက်တစ်ဖလားလောက် မော့လိုက်ရလျှင် ပြေပျောက်သွားမည် ထင်၏။ ဘယ်လိုပဲဖြစ်ဖြစ် မနက်ဖြန်မနက်ကျလျှင်တော့ အားလုံးအဆင်ပြေသွားဖို့သာရှိ၍ သူသည် သူ့အလုပ်သူ ကောင်းစွာ လုပ်သွားနိုင်မည်ဟုယူဆသည်။

သူသည် အနီရောင်ချဉ်စုတ်စုတ် ဝိုင်အရက်ကို တစ်ငုံချင်း သောက်နေသည်။ ဆိုင်ထဲတွင် လူများများစားစားမရှိ။ သူနှင့် မျက်နှာချင်းဆိုင်တွင် အလုပ်သမားတစ်ယောက် ထိုင်နေသည်။ ကောင်တာနှင့်ကပ်နေသော ထောင့်ထဲတွင် စုံတွဲတစ်တွဲ. . ။ အမျိုးသမီး၏ အဝတ်အစားမှာ တောက်တောက်ပြောင်ပြောင်နိုင်လွန်းလှ၏။ ထိုစုံတွဲနှင့် ကပ်လျက်စားပွဲတွင်မူ မိန်းမတစ်ယောက် ထိုင်နေသည်။

စားပွဲထိုးတစ်ယောက်သည် ထိုမိန်းမထံသို့ ရောက်လာသည်။ “ဘယ်လိုလဲ၊ ဝိုင်ထပ်ယူဦးမှာလား” ဟု လေသံမာမာဖြင့် ခပ်ငေါက်ငေါက် မေးသည်။

“ပိုက်ဆံတစ်ပြားမှ မရှိတော့ဘူး” ဟု မိန်းမက ပြန်ပြောသည်။

ဗင်းဆင့်က လှည့်ကြည့်သည်။ “မင်း ငါနဲ့လာသောက်မလား” ဟု လှမ်းမေးသည်။ အမျိုးသမီးက သူ့မျက်နှာကို တစ်ခဏမျှ စိုက်ကြည့်နေသည်။ “အင်း ကောင်းသားပဲ” ဟု ပြောသည်။

စားပွဲထိုးသည် ဝိုင်တစ်ခွက်သွားယူပြီး လာချပေးသည်။ ဗင်းဆင့်

ချပေးထားသည့် ဆင့်နှစ်ဆယ်ကို ကောက်ယူကာ ပြန်ထွက်သွားသည်။

"ကျေးဇူးပဲ" ဟု အမျိုးသမီးက ရေရွတ်သည်။

ဗင်းဆင့်သည် အမျိုးသမီးအား စေ့စေ့စပ်စပ် ကြည့်၍ အကဲခတ်သည်။ အသက်ငယ်ရွယ်သူတော့မဟုတ်။ ရုပ်ရည်ကလည်း မလှ၊ ကြမ်းတမ်းသောဘဝဒဏ်ကို ခံထားရပုံပေါက်သည်။ ကိုယ်လုံးကိုယ်ထည် သေးသွယ်သော်လည်း အချိုးအစား ပြေပြစ်သည်။ ဝိုင်ဖန်ခွက်ကို ဆုတ်ကိုင်ထားသည့် လက်ချောင်းများသည် ကေး၏ လက်ချောင်းများလို သေးသွယ်ဖျော့ပြောင်းခြင်းမရှိ။ အလုပ်ကြမ်း လုပ်ကိုင်နေရသည့် လက်များဖြစ်သည်ကို အထင်အရှား ဖော်ပြနေကြ၏။

အမျိုးသမီး၏ရုပ်လွှာကို ကြည့်နေသော ဗင်းဆင့်သည် ချာဒင်နှင့် ဂျန်စတင်းတို့၏ ပန်းချီကားများထဲမှ မိန်းမပုံများကို ပြေး၍ သတိရမိသည်။ အမျိုးသမီး၏ နှာခေါင်းသည် အလယ်ကျော၌ မို့မောက်နေသည်။ အပေါ်နှုတ်ခမ်းအထက်နားတွင် ကပ်နေသည့် နှုတ်ခမ်းမွေးရေးတေးတေးကိုပင် မြင်နေရသည်။ မျက်လုံးအစုံသည် မှုန်မှိုင်းတွေဝေနေသော်လည်း စိတ်ဓာတ်ရှင်သန်မှု ရှိနေခြင်းကိုတော့ ဖော်ပြနေကြ၏။

"ကိစ္စမရှိပါဘူး၊ ရပါတယ်" ဟု ဗင်းဆင့်က ပြန်ပြောသည်။ "အင်းကိုယ့်မှာ စကားပြောမယ့်အဖော် တစ်ယောက်ရှိလာလို့ ကိုယ်ကတောင် ပြန်ပြီးကျေးဇူးတင်ရဦးမှာ"

"ကျွန်မနာမည်က ခရစ္စတင်း။ ရှင့်နာမည်က..."

"ဗင်းဆင့်"

"ရှင်က ဟော့ဂ်မှာ အလုပ်လာလုပ်နေတာလား"

"ဟုတ်တယ်"

"ဘာလုပ်တာလဲ"

"ကိုယ် ပန်းချီဆရာပါ"

"အို... ရှင့်အလုပ်က ငရဲသားတစ်ယောက်ရဲ့ဘဝနဲ့တူတဲ့ အလုပ်မျိုးပါကလား"

"တစ်ခါတလေတော့ တူတူသွားတတ်တယ်"

"ကျွန်မကတော့ အဝတ်လျှော်တယ်။ လုပ်နိုင်တဲ့ခွန်အားရှိနေတဲ့အခါမှာလုပ်တာပါ။ ခွန်အားက အမြဲမပြတ်တော့ မရှိဘူးပေါ့လေ"

"အဲဒီအခါကျတော့ ဘာအလုပ်လုပ်သလဲ"

"လမ်းပေါ်လျှောက်သွားနေတာပေါ့။ ကျွန်မ လမ်းပေါ်ရောက်နေတာ ကြာလှပြီ။ အလုပ်လုပ်ရတာကို သိပ်စိတ်ပျက်လာရင် လမ်းပေါ် ပြန်သွားတာပဲ"

"အဝတ်လျှော်ရတာ ပင်ပန်းလို့လား"

"ပင်ပန်းတယ်။ သူတို့က ကျွန်မတို့ကို ဆယ့်နှစ်နာရီ အလုပ်လုပ်ခိုင်းကြတာ။ ပြီးတော့ ဘာမှလဲ မပေးဘူး။ တစ်ခါတလေ တစ်နေကုန် အဝတ်လျှော်ရတာ။ ကလေးတွေကို အစားကျွေးဖို့ လူတစ်ယောက်ရှာပြီး ခိုင်းရတယ်"

"ကလေး ဘယ်နှစ်ယောက်ရှိသလဲ"

"ငါးယောက်၊ အခု တစ်ယောက်က ဗိုက်ထဲမှာ"

"ယောကျ်ားက ဘယ်ရောက်သွားလဲ၊ သေပြီလား"

"ကလေးအားလုံးဟာ ဟိုလူဒီလူနဲ့ရပြီး မွေးတာတွေချည်းပဲ"

"ဒါဆိုတော့လဲ ခက်တာပေါ့"

ခရစ္စတင်းက ပခုံးမျှားကို တွန့်သည် "ဘုရားသခင်အလိုတော်အတိုင်းပဲ၊ ကျောက်မီးသွေးတွင်းတူးလုပ်သားတစ်ယောက်ဟာ သေမှာကြောက်လို့ဆိုပြီး တွင်းထဲမဆင်းချင်ဘူးလို့ ငြင်းနိုင်သလား. . ."

"အင်း. . . မငြင်းနိုင်ဘူး။ ကလေးအဖေတွေရဲ့ နာမည်ကိုရောသိသလား"

"ပထမဆုံး ခွေးမသားကောင်ကိုပဲ သိတယ်။ ကျန်တဲ့ကောင်တွေကတော့ မသိဘူး"

"အခု ဗိုက်ထဲမှာရှိနေတဲ့ ကလေးရဲ့ အခြေအနေကကော ဘယ်လိုလဲ"

"မသိဘူး၊ အလုပ်လုပ်ရတာ သိပ်ပင်ပန်းလွန်းလို့ မလုပ်ချင်တဲ့အခါတိုင်း ကျွန်မ လမ်းပေါ်ရောက်တယ်။ ရောက်ရင် ဒါတွေ ဖြစ်လာတာပဲ။ ဒါပေမယ့် ဘာတတ်နိုင်မှာလဲ။ ကိစ္စမရှိပါဘူး"

"ဝိုင် ထပ်ယူဦးမလား"

"ဒီတစ်ခါ ကျင်သောက်ချင်တယ်"

ပြောပြောဆိုဆို ခရစ္စတင်းသည် သူ့ပိုက်ဆံအိတ်ကိုဖွင့်ကာ ဆေးပြင်းလိပ်တိုတစ်တိုကို ထုတ်ယူပြီး မီးညှိသည်။ "ရှင့်ကြည့်ရတာ သိပ်ချမ်းသာပုံမပေါ်ဘူး၊" ဟု ပြောသည်။ "ရှင့်ပန်းချီကားတွေ မရောင်းရဘူးလား"

"မရောင်းရသေးဘူး၊ ကိုယ်က အခုမှ ပန်းချီစဆွဲတာ"

"ရှင့်ကြည့်ရာတ အသက်ကြီးနေပြီ၊ အခုမှပဲ ပန်းချီစဆွဲရသလား"

"ကိုယ် အသက်သုံးဆယ်ရှိပြီ"

"ရှင့်ကိုကြည့်ရတာ အသက်လေးဆယ်လောက် ရှိပြီလို့ ထင်ရတယ်၊ အခု ဘယ်လိုနေသလဲ"

"ကိုယ့်ညီက ငွေနည်းနည်းပါးပါး ထောက်ပံ့တယ်"

"အဝတ်လျှော်နေရတဲ့မိန်းမလောက်တော့ အခြေအနေမဆိုးဘူးပေါ့လေ"

"အခု မင်းနေတော့ ဘယ်သူနဲ့ နေသလဲ"

"ကျွန်မတို့အားလုံး အမေ့ဆီမှာပဲ နေကြတယ်"

"မင်း လမ်းပေါ်ရောက်နေတာကို မင့်အမေ သိသလား"

ခရစ္စတင်းက ရယ်သည်။ သူ့ရယ်သံသည် ခြောက်ကပ်ကပ်နိုင်လှ၏။ "သိပ်သိတာပေါ့။ ကျွန်မအမေကပဲ ကျွန်မကို လမ်းပေါ်လွှတ်တာပဲ၊ သူဘဝကလဲ လမ်းပေါ်မှာပဲ နေလာခဲ့ရတာ။ ကျွန်မနဲ့ ကျွန်မရဲ့မောင်ကို သူမွေးလာတာဟာ လမ်းပေါ်ကရပြီး မွေးလာတာပဲ"

"မင့်မောင်ကကော ဘာလုပ်သလဲ"

"အိမ်မှာမိန်းမတစ်ယောက်ရှိတယ်။ သူက အဲဒီမိန်းမကို ခိုင်းစား တယ်"

"အိမ်မှာ အဲသလိုလုပ်နေရင် မင့်ကလေးတွေအတွက် ဘယ်ကောင်း ပါ့မလဲ"

"ပြဿနာမဟုတ်ပါဘူး။ သူတို့ကြီးလာတော့လဲ ဒီလိုပဲ လုပ်သွားကြရ မှာပဲဟာ"

"မင်းတို့အဖြစ်က တော်တော်ဆိုးတာပဲ။ . . နော်"

"ဘာတတ်နိုင်မှာလဲ၊ ငိုနေလို့ကော ထူးလာမတဲ့လား၊ ကျွန်မ ဂျင်တစ်ခွက်လောက် ထပ်သောက်ချင်တယ်။ အော် ရှင့်လက်က ဘာဖြစ်လို့လဲ ဒဏ်ရာက အကြီးကြီးပဲ။ ညိုမဲပြီး ယောင်ကိုင်းနေပါလား"

"ကိုယ် မီးနဲ့ရှို့ထားတာ"

"အို. . သိပ်ကိုနာမှာပဲ". . ပြောပြောဆိုဆို ခရစ္စတင်းသည် ဗင်းဆင့်၏ လက်ကို ဆွဲ၍ လက်ဖဝါးမှ အနာကို တယုတယ ကိုင်ကြည့်နေသည်။

"ကိစ္စမရှိပါဘူး ခရစ္စတင်း၊ ဘာမှ မဖြစ်ဘူး"

ခရစ္စတင်းက သူ့လက်ကို လွှတ်ပေးလိုက်သည်။ "ဘာပြုလို့ ရှင်တစ် ယောက်ထဲ လာနေရတာလဲ. . . ။ သူငယ်ချင်းတွေဘာတွေ မရှိဘူးလား"

"မရှိဘူး၊ ကိုယ့်ညီတော့ ရှိတယ်။ ဒါပေမယ့် သူက ပါရီမှာနေတယ်"

"ရှင် နေရတာ တစ်ယောက်တည်းဆိုတော့ ပျင်းစရာကြီးပဲ၊ မပျင်း

ဘူးလား"

"ပျင်းတာပေါ့။ . . ခရစ္စတင်း။ အသက်ထွက်တော့မတတ်ကို ပျင်းတာ"

"ကျွန်မလဲ အဲသလိုဖြစ်ခဲ့ဖူးတယ်။ အိမ်မှာဆိုရင် ကလေးတွေလဲ ရှိတယ်။ အမေနဲ့မောင်လဲရှိတယ်။ လမ်းပေါ်မှာ ဆုံမိတဲ့ ယောကျ်ားတွေလဲ ရှိတယ်။ ဒါပေမယ့် နေရတာ တစ်ယောက်ထဲ ထီးထီးကြီး နေရသလိုပဲ။ ရှင်ကော အဲသလို ဖြစ်ဖူးသလား။ လူတွေ ဘယ်လောက်ပဲများများ အဲဒါက အရေးမကြီးဘူး စိတ်ထဲမှာ ဖြစ်နေတာပဲ။ အရေးကြီးတာ ကိုယ့်စိတ်ထဲက တကယ်ခင်မင်တဲ့ လူနဲ့ကျမှ အဆင်ပြေတာ"

"မင့်မှာမင်းတကယ်ခင်တဲ့လူ တစ်ယောက်မှမရှိခဲ့ဖူးဘူးလားခရစ္စတင်း"

"ပထမဆုံးတွေ့ခဲ့တဲ့ကောင်ပေါ့။ ကျွန်မအသက်က ဆယ့်ခြောက်နှစ်ပဲ ရှိသေးတယ်။ သူက ချမ်းသာတယ်။ သူမိဘတွေက သဘောမတူလို့တဲ့။ ကျွန်မကို လက်မထပ်ဘူး။ ဒါပေမယ့် သူနဲ့ရတဲ့ကလေးအတွက်တော့ ငွေပေးတယ်။ နောက်ကျတော့ သူသေသွားတယ်။ ကျွန်မလက်ထဲမှာ ဆင့်ပြားတစ်ပြားတောင် မကျန်ခဲ့ဘူး"

"မင်း အသက်ဘယ်လောက်ရှိပြီလဲ"

"သုံးဆယ့်နှစ်နှစ်။ ကလေးမွေးဖို့ အရွယ်မဟုတ်တော့ဘူး။ အခမဲ့ ဆေးရုံဆရာဝန်ကပြောတယ်။ အခု ဗိုက်ထဲက ကလေးဟာ မင့်ကို သတ်လိမ့်မယ်တဲ့"

"ဆေးဝါးကောင်းကောင်းနဲ့ ဂရုတစိုက်နေသွားရင် ဘာမှ မဖြစ်နိုင်ပါဘူး"

"ကျွန်မလိုကောင်မအနေနဲ့ ဆေးဝါးကောင်းကောင်းကို ဘယ်ကရမှာလဲ။ ကျွန်မမှာ ငွေလဲ တစ်ပြားမှမရှိ။ အခမဲ့ ဆေးရုံက ဆရာဝန်တွေဆိုတာကလဲ ကျွန်မလိုဟာမျိုးတွေ အများကြီးကို ကြည့်ပေးနေရတော့ ကျွန်မကို ဘယ်ဂရုစိုက်မှာလဲ"

"မင့်မှာ ငွေနည်းနည်းပါးပါး ရအောင်ရှာနိုင်တဲ့နည်းလမ်း မရှိဘူးလား"

"ရှိတာပေါ့။ နှစ်လလောက် လမ်းပေါ်မှာ ညလုံးပေါက် အလုပ်လုပ်သွားနိုင်ရင် ရနိုင်တာပေါ့။ ဒါပေမယ့် ဗိုက်ထဲက ကလေးက မသတ်ခင် ကျွန်မ အသက်ထွက်မှာ"

နှစ်ဦးစလုံး အချိန်အတော်ကြာမျှ ငြိမ်ဆိတ်နေကြသည်။ "မင်း ဒီဆိုင်ကပြန်ရင်ဘယ်သွားမယ်လို့စိတ်ကူးထားသလဲ ခရစ္စတင်း" ဟု ဇင်းဆင့်က မေးသည်။

"တစ်နေ့လုံး အရက်ဆိုင်တွေလှည့်ပြီး သောက်နေတာ။ ဒီအနားရောက်

တော့ ကျွန်မမှာရှိနေတဲ့ အရက်သက် ကုန်သွားလို့ ဒီဆိုင်ထဲဝင်သောက်တာ။ သူတို့က ကျွန်မကို လုပ်ခငွေ တစ်ဖရန့်ခွဲပေးစရာရှိတာ မပေးပဲ စနေနေ့မှ ရမယ်လို့ ချိန်းလိုက်လို့။ ကျွန်မမှာ စာရေးသောက်ရေးအတွက် နှစ်ဖရန့်မရရင် မဖြစ်ဘူး။ ငွေပေးမယ့် လူတစ်ယောက် ရှာမရခင် ဒီဆိုင်မှာ ခဏဝင်နားတာပဲ"

"ကိုယ် မင်းနဲ့လိုက်လာရင် ရမလား ခရစ္စတင်း။ ကိုယ့်မှာ သိပ်ကို အထီးကျန်ဖြစ်လွန်းလို့ပါ။ ဖြစ်မယ်ဆိုရင် လိုက်ချင်တယ်"

"ဟာ. . ရတာပေါ့။ ကျွန်မကြုံနေရတဲ့ ဒုက္ခထဲက ကယ်တင်သလိုပဲ။ ပြီးတော့ ရှင်က သဘောလဲကောင်းတယ်မဟုတ်လား။ ဒါ့ကြောင့် ကျွန်မက ရှင့်ကို သဘောကျတယ်"

"ကိုယ်ကလဲ မင့်ကို ခင်ပါတယ်။ မီးလောင်ထားတဲ့လက်ကို မင်းကိုင်ကြည့်ခဲ့တယ် မဟုတ်လား။ ပြီးတော့ မင်းပြောခဲ့တဲ့ စကားလေ. . . ။ ကိုယ့်အနေနဲ့ မိန်းမတစ်ယောက်ရဲ့ပါးစပ်က သနားကြင်နာတဲ့စကားကို ပထမဆုံးကြားရခြင်းပဲ။ အဲသလိုစကားမျိုး မကြားခဲ့တာ ဘယ်လောက်ကြာမှန်းတောင် မသိတော့ဘူး"

"ရှင့်စကားက ရယ်စရာကြီးပါလား။ ရှင့်ရုပ်ရည်ကလဲ သိပ်မဆိုးပါဘူး။ ပြီးတော့ သဘောလဲ ကောင်းသားနဲ့"

"ကိုယ်က ချစ်ရေးချစ်ရာမှာ ကံမကောင်းဘူး ခရစ္စတင်း"

"အင်းပေါ့လေ။ ဒီလိုပဲ ဖြစ်ရမှာပေါ့။ ကျွန်မ ဂျင်တစ်ခွက်လောက် ထပ်သောက်ချင်တယ်"

"ကိုယ်ပြောတာ နားထောင်ပါ။ ကိုယ်တို့ အရက်တွေ သိပ်သောက်နေလို့ မဖြစ်ဘူး။ ကိုယ်နိုင်သရွေ့ ပေးတဲ့ငွေကို မင့်အိတ်ထဲမှာ ထည့်ထား။ များများမပေးနိုင်တဲ့အတွက်တော့ ကိုယ် စိတ်မကောင်းပါဘူး။ ကိုယ်ပေးနိုင်သလောက် ပေးတာပါ။ ကိုယ့်မိတ်ဆွေဆီက နှစ်ဆယ့်ငါးဖရန့် ချေးထားလို့ ငွေရှိပါသေးတယ်"

"ကောင်းပြီလေ၊ ကျွန်မတို့ သွားကြစို့"

အိမ်အပြန်တွင် သူတို့နှစ်ယောက်သည် မှောင်နှင့်မဲမဲ လမ်းများအတိုင်း ခပ်ဖြည်းဖြည်း လျှောက်လာကြသည်။ ငယ်ငယ်ကတည်းက သိကျွမ်းခင်မင်လာသည့် ပေါင်းဟောင်းသင်းဟောင်းများသဖွယ် တရင်းတနှီး စကားပြောလာကြသည်။ ခရစ္စတင်းသည် ပရိယာယ်မပါ မာယာမနှောပဲ သူ့ဘဝဇာတ်ကြောင်းကို ရိုးရိုးသားသား ပြောပြသည်။ သူ့ကိုယ်သူ သနားနေသည့် လက္ခဏာလည်းမပြ။ သူ့ဘဝသူ စိတ်ပျက်သည့်အမူအရာလည်းမပြ။

"မင်း ကိုယ်ဟန်ပြမယ် လုပ်ခဲ့ဖူးသေးသလား" ဟု ဗင်းဆင့်က မေးသည်။

"ကျွန်မ ငယ်ငယ်တုန်းကတော့ လုပ်ခဲ့ဖူးတယ်"

"ဒါဆိုရင် မင်း ကိုယ့်အတွက် ကိုယ်ဟန်ပြမယ် လုပ်ပေးမလား။ ကိုယ့် အနေနဲ့ ငွေတော့ များများမပေးနိုင်ဘူး။ တစ်ရက်ကို တစ်ဖရန့်တောင် မပေးနိုင်ဘူး။ ဒါပေမယ့် ကိုယ့်ပန်းချီကားတွေကို ရောင်းရပြီဆိုရင်တော့ တစ်ရက်ကို နှစ်ဖရန့်ပေးမယ်။ အဝတ်လျှော်နေရတဲ့အလုပ်နဲ့စာရင် အများကြီး ပိုကောင်းမှာ သေချာတယ်"

"ကျွန်မကတော့ လုပ်ချင်တယ်။ ကျွန်မသားလေးလဲ ခေါ်ခဲ့မယ်။ သူကျ တော့ ရှင်ကြိုက်သလိုဆွဲ။ တစ်ပြားမှ ပေးစရာမလိုဘူး။ ကျွန်မပုံကို ဆွဲရတာ ငြီးငွေ့လာရင် ကျွန်မအမေပုံကိုဆွဲပေါ့။ အမေ့ကို ကျွန်မ ခေါ်ပေးမယ်။ အမေက အခု သန့်ရှင်းရေးလုပ်တယ်။ သူက အပိုဝင်ငွေ တစ်ဖရန့်လောက် ရအောင် ကြံရာကျရာအလုပ်တွေ လုပ်လေ့ရှိတယ်"

နောက်ဆုံးတွင် သူတို့သည် ခရစ္စတင်း၏အိမ်သို့ ရောက်သွားကြသည်။ အိမ်မှာ ကျောက်တုံးကြီးများဖြင့် ဆောက်လုပ်ထားသည့် တစ်ထပ်အိမ်ဖြစ်၏။ "ရှင့်ကို ဘယ်သူကမှ မြင်စရာအကြောင်းမရှိဘူး" ဟု ခရစ္စတင်းက ပြောသည်။ "ကျွန်မအခန်းက အိမ်ရှေ့မှာ"

အခန်းမှာ ခပ်ကျဉ်းကျဉ်းဖြစ်သော်လည်း သပ်ယပ်သည်။ နံရံသည် မှုန်မှိုင်းမှိုင်းအဆင်းကို ဆောင်နေသည်။ ချာဒင်၏လက်ရာ ပန်းချီကားများထဲ၌ အများဆုံးတွေ့ရတတ်သော အရောင်အဆင်းဖြစ်၏။ သစ်သားကြမ်းခင်းပေါ်တွင်မူ ဖျာတစ်ချပ်နှင့် ကြက်သွေးရောင်ကော်ဇောအဟောင်းတစ်ချပ် ခင်းထားသည်။ အခန်းထောင့်တွင် မီးဖိုတစ်လုံး ချထားပြီး အခြားတစ်ထောင့်တွင် ဘီရို တစ်လုံး ရှိသည်။ အခန်းအလယ်ခေါင်တွင်မူ အိပ်ယာကုတင်ကြီးတစ်လုံး ခင်းထား လေသည်။

နောက်တစ်နေ့မနက် အိပ်ယာမှ နိုးလာသောဗင်းဆင့်သည် သူတစ် ယောက်တည်း မဟုတ်သည်ကို တွေ့ရ၏။ မှုန်ဝါးဝါးအလင်းရောင်ဖြင့် သူဘေးၭ အိပ်ပျော်နေသော ခရစ္စတင်းကို မြင်သည်။ အခုလိုကျပြန်တော့လည်း လောကကြီး သည် သူ့အပေါ်တွင် တရင်းတနှီးရှိသည့်အသွင်ကို ဆောင်နေသည်။ သူ့ထံတွင် နာကျည်းမှုနှင့် အထီးကျန်နိုင်မှုများ မရှိတော့ပြီ။ ယင်းခံစားမှုများနေရာတွင် နက်ရှိုင်းလှသော စိတ်၏အေးချမ်းသာယာမှုသည် နေရာယူထားပြီဖြစ်၏။

(၃)

နောက်တစ်နေ့နံက်တွင် သီအို့ထံမှ စာတစ်စောင်နှင့်အတူ ဖရန့်ငွေတစ်ရာ ရောက်လာသည်။ သီအိုသည် ပထမငွေပို့ပြီးနောက် ရက်ပေါင်းများစွာကြာမှ ယခုငွေကို ပို့ပေးနိုင်ခဲ့ခြင်းဖြစ်၏။ ဗင်းဆင့်သည် အပြင်သို့ ကပျာကယာထွက်လာခဲ့သည်။ အနီးရှိ အိမ်တစ်အိမ်၏ရှေ့မျက်နှာစာ ပန်းခြံထဲတွင် မြေတူးနေသည့် အဖွားအိုတစ်ယောက်ကို မြင်သည်။ သူသည် အဖွားအိုအား သူ ပန်းခြံဆွဲဖို့အတွက် ကိုယ်ဟန်ပြပေးပါက ဆင့်ငါးဆယ်ပေးမည်ဟု ပြောကြည့်သည်။ အဖွားအိုက ဝမ်းသာအားရ လက်ခံသည်။

သူသည် အဖွားအိုအား သူ့စတူဒီယို၏ မှန်မှိုင်းမှိုင်းနံရံကို ကျောပေး၍ ထိုင်ခိုင်းသည်။ မီးဖို့နှင့် မီးဖိုခေါင်းတိုင်တို့ဘေးၭ ထိုင်ခိုင်းထားခြင်း ဖြစ်၏။ သူသည် လိုက်ဖက်ညီမည့် အရောင်များကို ရှာဖွေသည်။ အဖွားအို၏ ဦးခေါင်းၭ အလင်းရောင်နှင့် အသက်ရှိနေသည်ကို သူ သတိထားမိသည်။ သူသည် အဖွားအိုထိုင်နေသောထောင့်ကို ရေးဆွဲရာၭ ဆေးရောင်နုနုပျော့ပျော့ကို သိမ်မွေ့စွာစုတ်ချက်ပေးသည်။ အထူးသဖြင့် ထိုနေရာကို ရေးဆွဲရာၭ သူသည် ခံစားမှုကို အလေးအနက်ထားပြီး အရောင်အသွေးများကို ပေးသည်။

တစ်ခါတရံတွင် သူသည် အလုပ်လုပ်ရာၭ ဖြောင့်ဖြူးခြင်းမရှိ။ လုပ်ချင်ကိုင်ချင်စိတ် ကင်းမဲ့သည့်အခါ ပို၍ခက်ခဲသည်။ ယနေ့ကျတော့လည်း စိတ်ပါလက်ပါရှိသဖြင့် အဆင်ပြေသည်။ သူသည် မြင်တွေ့နေရသည့် ပုံကို စက္ကူပေါ်တွင် ပုံကြမ်းလောင်းယူသည်။ တစ်ဆက်တည်းပင် သူ့ခံစားမှုနှင့် အတွေးအမြင်များကို သူ့နေရာနှင့်သူ အံဝင်ခွင်ကျဖြစ်အောင် ထည့်သွင်းပေးသွားသည်။

သူသည် ခရစ္စတင်းအား ကျေးဇူးတင်နေမိ၏။ ခရစ္စတင်းထံမှ လက်ခံရရှိခဲ့သော ကူညီမှုသည် ကြီးမားလှပါပေသည်။ သူဘဝတစ်သက်တာတွင် သူသည် အချစ်ငတ်ခဲ့သူဖြစ်သည်။ အချစ်ကင်းမဲ့မှုကြောင့် သူသည် အတိုင်းအဆမသိနိုင်လောက်အောင် ကြီးမားသော ဝေဒနာကို ခံစားခဲ့ရ၏။ တကယ်တော့ ဖိုမဆက်ဆံမှု ကင်းမဲ့နေရခြင်းသည်လည်း သူ့စိတ်နှင့် သူ့အနုပညာကို ရှင်သန်မှု ကင်းမဲ့စေရုံမျှမက သူ့ကိုပါ သတ်တော့မည့်အနေအထားၭ ရှိနေသည်ထင်၏။

အပြင်မှ တံခါးခေါက်သံကို ကြားလိုက်ရသည်။ သူသည် တံခါးကို ဆွဲဖွင့်လိုက်သည်။ ဝင်လာသူမှာ တာစတီပေတည်း။ တာစတီသည် သပ်ယပ်ခန့်

ငြားစွာ ဝတ်စားထားသည်။ သူ့ရှူးဖိနပ်များသည် အရောင်တလက်လက် ထွက်နေကြသည်။ သပ်ယပ်သန့်ရှင်းစွာ ညှပ်ထားသော မုတ်ဆိတ်သည် သူ့မျက်နှာနှင့် လိုက်လျောညီထွေ ရှိလှပေသည်။

တာစတိသည် ကိုယ်ပိုင်စတူဒီယိုခန်းနှင့် အလုပ်လုပ်နေနိုင်သော ဗင်းဆင့်ကိုကြည့်ကာ များစွာ သဘောကျလျက်ရှိသည်။ သူသည် လူငယ်ပန်းချီဆရာများ အောင်မြင်နေသည်ကို မြင်ရလျှင် အလွန် မုဒိတာပွားတတ်သူဖြစ်၏။ ပြီးတော့ ဤလုပ်ငန်းသည် သူ၏ အသက်မွေးမှုလုပ်ငန်းနှင့် ဆက်စပ်ပတ်သက်နေသည် မဟုတ်ပါလား။

ထို့ပြင်လည်း တာစတိသည် ပန်းချီဆရာများ၏ အောင်မြင်မှုကို စနစ်တကျ ဝေဖန်သုံးသပ်လေ့ရှိသူဖြစ်သည်။ ပန်းချီဆရာတစ်ယောက်အနေဖြင့် အောင်မြင်မှုကို ရယူရာ၌ စနစ်တကျ ကြိုးပမ်းအားထုတ်ပြီးမှ ရယူသည်ကိုသာ မြင်လိုသူ အားပေးလိုသူဖြစ်သည်။ သူ့အနေဖြင့် စည်းနှင့်ကမ်းနှင့် နေထိုင်လုပ်ကိုင်တတ်ခြင်းသည် အောင်မြင်မှုထက်ပို၍ အရေးကြီးသည်ဟု ခံစားသူလည်ဖြစ်သည်။ တကယ်တော့ တာစတိသည် သဘောကောင်းသူဖြစ်သည်။ ရိုးသားဖြောင့်မတ်သူလည်းဖြစ်သည်။ သူသည် လူတိုင်းကို သူ့လိုပင် သဘောကောင်းပြီး သူ့လိုပင် ရိုးသားဖြောင့်မတ်လိမ့်မည်ဟု မျှော်လင့်ချက် ထားတတ်သူဖြစ်သည်။ သဘောမနောဆိုးယုတ်ခြင်းမှ သဘောမနော ကောင်းခြင်းသို့ သို့မဟုတ် ဒုစရိုက်မှ သုစရိုက်သို့ ကူးပြောင်းသွားနိုင်သော အခြေအနေမျိုးသည် မရှိဟု ယူဆသူလည်းဖြစ်သည်။ ဂေါပစ်လ်ကုမ္ပဏီသို့ ပန်းချီကားရောင်းကြသည့် ပန်းချီဆရာများသည် တာစတိ၏ အယူအဆနှင့် သဘောထားများကိုတော့ အခြေခံကြရသည်။ အကယ်၍ ပန်းချီဆရာများသည် ယဉ်ကျေးသိမ်မွေ့ခြင်းလည်းမရှိ လူကြီးလူကောင်းလည်းမဆန်ပါက သူလက်ရာသည် အထူးခြားအပြောင်မြောက်ဆုံးသောလက်ရာပင်ဖြစ်စေကာမူ တာစတိက လှည့်မကြည့်တော့ချေ။

အခုလည်း ကိုယ်ပိုင်စတူဒီယိုနှင့် အလုပ်ကို ကြိုးစားပမ်းစား လုပ်ကိုင်နေသော ဗင်းဆင့်အား မြင်ရသည့်အခါ တာစတိက သဘောကျသည်။

"မင်း အလုပ်လုပ်နေတုန်း ရောက်လာရတာ ငါကတော့ ဝမ်းသာတယ်။ ကိုယ့်မိတ်ဆွေ ပန်းချီဆရာတွေဆီ ရောက်သွားတဲ့အခါ အလုပ်လုပ်နေတာတွေ့ရင် ကိုယ်က သိပ်သဘောကျတယ်" ဟု တာစတိက ပြောသည်။

"ကျွန်တော်ကတော့ မစ္စတာတာစတိ အခုလို လာကြည့်တဲ့အတွက် ဝမ်းလဲသာတယ်။ ကျေးဇူးလဲတင်တယ်"

"ရုပါတယ်ကွာ၊ ကိုယ်က မင်းရဲ့ စတူဒီယိုနဲ့ မင်းအလုပ်လုပ်နေတာကို လာကြည့်ချင်နေတာကြာပြီ"

ဗင်းဆင့်က သူ့အိပ်ရာကုတင်၊ စားပွဲ၊ ကုလားထိုင်၊ မီးဖိုနှင့် ပန်းချီကားတင်ခုံများကို တစ်ခုချင်းစီ လိုက်ကြည့်နေသည်။

"စတူဒီယိုခန်းထဲမှာ ကြည့်စရာက များများတော့ မရှိပါဘူး"

"ကိစ္စမရှိပါဘူးကွာ၊ မင့်အလုပ်ကိုသာ ကြိုးစားလုပ်။ မကြာခင်မှာ ဒီထက်ပိုပြီး ကောင်းအောင် ပြင်ဆင်ထားနိုင်မှာပေါ့။ မောဗီးက ပြောလိုက်တယ်။ မင်းရေဆေးကားတွေ စကိုင်နေပြီတဲ့။ ရေဆေးကားတွေအတွက် စျေးကွက်အခြေအနေကောင်းနေတယ်။ မင့်ရဲ့ တစ်ချို့ကားတွေကို ကိုယ်ရောင်းပေးပါ့မယ်။ စိတ်မပူပါနဲ့"

"ကျွန်တော်လဲ အဲသလို ဖြစ်လာအောင် လုပ်နေတာပါ"

"မင်းကိုကြည့်ရတာ မနေ့ကနဲ့စာရင် ကနေ့ ပိုပြီး ကောင်းလာသလိုပဲ"

"ဟုတ်တယ်၊ ဖျားနေတာ၊ မနေ့ညကမှသက်သာသွားတာ"

ဗင်းဆင့်သည် မနေ့ညက ဆုံစည်းခဲ့ရသည့် ဝိုင်၊ ဂျင်နှင့် ခရစ္စတင်းတို့ကို သတိရမိသည်။ ထိုကိစ္စကိုသာ တာစတီ သိသွားပါက ဘယ်လိုများပြောလေမည်နည်း။

"ကျွန်တော့်ပုံတစ်ချို့ကို ကြည့်နိုင်မလား။ မစ္စတာ တာစတီရဲ့ ထင်မြင်ယူဆချက်ဟာ ကျွန်တော့်အတွက် သိပ်ကို အဖိုးတန်မှာပါ"

တာစတီသည် ကိုယ်ဟန်ပြ အဖွားအို၏ရှေ့တည့်တည့်၌ ရပ်နေသည်။ အဖွားအိုကလည်း အဖြူရောင်ခါးစည်းနှင့် နံရံကို ကျောပေးပြီး ရပ်နေသည်။ တာစတီသည် ငြိမ်ဆိတ်လျက်ရှိ၏။ သူနှင့် အချိန်ကြာကြာနေခဲ့ဖူးသော ဗင်းဆင့်သည် တာစတီနှုတ်ဆိတ်နေလျှင် လေးနက်သောအဓိပ္ပာယ်တစ်ခု ရှိနေပြီဟု နားလည်လိုက်သည်။ တာစတီသည် လမ်းလျှောက်တုတ်ကို အားပြု၍ ရပ်နေရာမှ နေရာပြောင်းရပ်လိုက်ပြီး တုတ်ကို သူ့လက်မောင်းတွင် ချိတ်လိုက်သည်။

"မင့်အခြေအနေဟာ မဆိုးပါဘူး" ဟု ပြောသည်။ "မောဗီးက မင့်ကို ရေဆေးသမားကောင်းတစ်ယောက်ဖြစ်လာအောင် လုပ်ပေးမှာပါ။ အချိန်တော့နည်းနည်းယူရမှာပေါ့။ မင့်ဖက်က သွက်သွက်လက်လက် ကြိုးစားသွားဖို့တော့ လိုလိမ့်မယ်။ အဲဒါမှလဲ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်မှာ။ သီအိုအနေနဲ့ မင့်ဆီကို တစ်လငွေတစ်ရာပို့ပေးဖို့ဆိုတာ သိပ်တော့ လွယ်တာမဟုတ်ဘူး။ အတော်ကလေး ကြိုးစားရတယ်။ ကိုယ် ပါရီရောက်လို့ အကြောင်းစုံသိခဲ့ရတာ။

မင့်ဖာသာမင်း ကိုယ့်ဝင်ငွေနဲ့ကိုယ် နေသွားနိုင်အောင် အမြန်ဆုံး ကြိုးစားဖို့တော့ လိုတယ်။ ကိုယ်ကလဲ မင့်ပန်းချီကားတစ်ချို့ကို အမြန်ဆုံး ဝယ်နိုင်အောင် စီစဉ်ပေးရအုံးမယ်”

“ကျေးဇူးပါပဲ မစ္စတာ တာစတိ။ ကျွန်တော့်ကိစ္စမှာ စိတ်ဝင်တစားနဲ့ တရေးတယူ လုပ်ပေးမယ်ဆိုလို့ ဝမ်းသာလှပါတယ်”

“ကိုယ်ကတော့ မင်းအောင်မြင်တာကို မြင်ချင်တယ်။ အောင်မြင်မှု ရသွားအောင်လဲ လုပ်ပေးချင်တယ်။ မင်းအောင်မြင်ရင် ဂေါပစ်လ်ကုမ္ပဏီ အတွက်လဲ လုပ်ငန်းအောင်မြင်တာပေါ့။ မင့်ပန်းချီကားတွေကို ရောင်းရပြီဆိုရင် မင့်အခြေအနေဟာ တက်လာမှာပဲ။ စတူဒီယိုကောင်းကောင်းရမယ်။ အဝတ် အစားကောင်းကောင်းရမယ်။ တခြားလူတွေနဲ့ ဝင်ဆန့်လာအောင် ပေါင်းသင်း ရမယ်။ နောက်ပိုင်းမှာတော့ ဆီဆေးကားတွေ ဆွဲလာမယ်။ ရောင်းရမယ်ဆိုရင် ဘာပြဿနာမှ မရှိနိုင်တော့ဘူးပေါ့။ ကဲ ကိုယ်သွားမယ်။ အပြန်မှာ မောဗီးဆီ ဝင်ရဦးမယ်”

“နောက်ကိုလဲ မကြာခဏ လာလည်စေချင်ပါတယ်”

“စိတ်ချ ကိုယ်လာမယ်။ တစ်ပတ် တစ်ခေါက်လောက်တော့ ရောက်မှာ ပါ။ မင်းကလဲ အလုပ်ကို အားထုတ်ပြီးလုပ်ပေါ့။ မင့်ရဲ့ တိုးတက်မှုကို ပြပေါ့”

တာစတိသည် ဗင်းဆင့်၏ လက်ကို တရင်းတနှီးဆွဲ၍ နှုတ်ဆက်ကာ ပြန်သွားသည်။ ဗင်းဆင့်သည် စောစောက လုပ်လက်စအလုပ်ကို ဆက်လုပ် သည်။ သူ့အဖို့ ဤလုပ်ငန်းကို အမှီပြု၍ သူ့ဘဝသူ ရပ်တည်သွားနိုင်အောင် ကြိုးစားမှ ဖြစ်ပေတော့မည်။ ဘဝတစ်လျှောက်လုံး မှီခိုသူအဖြစ်နှင့် နေထိုင်သွား ဖို့ဆိုသည်မှာ ဖြစ်နိုင်သည့်ကိစ္စမဟုတ်။

ထိုနေ့ မွန်းလွဲပိုင်းတွင် စာတိုက်မှ စာတစ်စောင်ရောက်လာသည်။ ပန်းရောင်စာရေးစက္ကူကလေးနှင့် ဖြစ်သည်။ ဒီဘော့ထံမှ စာဖြစ်၏။

ချစ်သော “ဗင်ဂိုး”

မနက်ဖြန်မနက်ကျရင် ကိုယ်ဟန်ပြမယ် အတ်ဇ်ကိုခေါ်ပြီး ကိုယ်လာခဲ့ မယ်။ ကိုယ်တို့နှစ်ယောက် သူ့ပုံကို အတူတူ ဆွဲကြတာပေါ့။

ဒီဘော့

✧✧✧✧

ကိုယ်ဟန်ပြမယ်အတ်ဇ်သည် အလွန်ချောသည့် မိန်းမလှလေးတစ်

ယောက် ဖြစ်သည်။ တစ်ကြိမ် ကိုယ်ဟန်ပြပေးရလျှင် တစ်ဖရန့်ခွဲပေးရသူဖြစ်၏။ ဗင်းဆင့်ကတော့ များစွာ ဝမ်းသာလျက်ရှိသည်။ သူ့အနေဖြင့် အတ်ဇ်လို မိန်းမချောတစ်ယောက်ကို ငှားနိုင်သည်မဟုတ်။ သူ့အတွက် ကြုံတောင့်ကြုံခဲ အခွင့်အရေးတစ်ရပ်ဖြစ်ချေသည်။

မီးဖိုထဲမှ မီးများသည် အရှိန်ပြင်းစွာ တောက်လောင်လျက်ရှိ၏။ အတ်ဇ်သည် မီးဖိုဘေးဌ ရပ်၍ အဝတ်များကိုချွတ်နေသည်။ ဟော့ဂ်မြို့၏ ပန်းချီပညာရှင်များ လောကတွင် အစဉ်အလာတစ်ခုရှိသည်။ ကိုယ်ဟန်ပြအလုပ်ဖြင့် အသက်မွေးသော အမျိုးသမီးများသာလျှင် ကိုယ်လုံးတီး ကိုယ်ဟန်ပြကြသည်။

မည်သို့ပင်ဖြစ်စေ အတ်ဇ်၏ ကိုယ်လုံးတီးပုံကို ရေးဆွဲရမည့် ဗင်းဆင့်သည် ဘဝင်မကျဖြစ်လျက်ရှိသည်။ တကယ်တော့ သူသည် အသက်ကြီးကြီး ယောကျ်ားများနှင့် မိန်းမများ၏ ခန္ဓာကိုယ်များကိုသာလျှင် ရေးဆွဲလိုစိတ် ပြင်းပြသူဖြစ်၏။ သူသည် အသက်ကြီးသူများ၏ ကိုယ်ခန္ဓာများဌ်သာလျှင် အရောင်အသွေးနှင့် စရိုက်လက္ခဏာများ ပီပြင်ပေါ်လွင်သည်ဟု ယုံကြည်နေသူဖြစ်လေသည်။

"ကိုယ် ဆေးတံသောက်ဆေးလဲ ယူလာတယ်" ဟု ဒီဘော့က ပြောသည်။ "ပြီးတော့ နေ့လယ်စာလဲ အိမ်ဖော်က ထည့်ပေးလို့ ယူလာတယ်။ အပြင်ထွက်စားနေရရင် အချိန်ကုန်မှာစိုးလို့"

"ကျွန်တော်ကတော့ မနက်ခင်းဆိုရင် ကျွန်တော့်ဆေးတံကို မသောက်ရဲဘူး၊ သိပ်ပြင်းတယ်။ ခင်ဗျားဆေးကိုပဲ မြည်းရတော့မှာပဲ"

"ကျွန်မ အသင့်ဖြစ်နေပြီ" ဟု ကိုယ်ဟန်ပြမယ်က ကြားဖြတ်ပြောသည်။ "ဘယ်လိုနေပေးရမလဲ"

"ဘယ်လိုလဲ ဒီဘော့။ ထိုင်ခိုင်းရမလား။ ရပ်ခိုင်းရမလား" ဟု ဗင်းဆင့်က မေးသည်။

"ပထမဆုံး အရပ်ခိုင်းပြီး ဆွဲကြတာပေါ့၊ ကိုယ်အခုဆွဲနေတဲ့ ရှုခင်းပုံထဲမှာ ရပ်နေတဲ့လူပုံထည့်ဖို့ ရှိနေတယ်"

သူတို့သည် တစ်နာရီခွဲခန့် အချိန်ယူ၍ ရေးဆွဲကြသည်။ ဤမျှလောက်ကြာလာတော့လည်း ကိုယ်ဟန်ပြမယ်သည် ပင်ပန်းနွမ်းနယ်လာပြီဖြစ်၏။

"ကျွန်တော်တို့ သူ့ကို ထိုင်ခိုင်းရင် မကောင်းဘူးလား" ဟု ဗင်းဆင့်က ပြောသည်။ "အဲဒါဆိုရင် သူ့ကိုယ်လုံးကိုယ်ထည်ဟာ ပိုပြီး ပျော့ပြောင်းပြေပြစ်သွားလိမ့်မယ်"

သူတို့သည် မွန်းတည့်ချိန်အထိ မရပ်မနား ရေးဆွဲကြသည်။ ဆေးတံမီးညှိသည့်အချိန်လောက်သာလျှင် လက်ကို အနားပေးကြသည်။ ထို့နောက် ဒီဘော့သည် သူ့နေ့လည်စာဗူးကို ဖွင့်၍ သုံးယောက်သား မီးဖိုဘေးဌ ဝိုင်းဖွဲ့ထိုင်ကာ စားကြသောက်ကြသည်။ စားသောက်ရင်းနှင့်ပင် မနက်ပိုင်းက သူတို့ရေးဆွဲထားသည့် ပုံကြမ်းများကို ပြန်လည်စစ်ဆေးကြသည်။

"အစားတစ်ခု ဗိုက်ထဲဝင်သွားတာနဲ့တပြိုင်နက် ကိုယ်ဆွဲထားတဲ့ ပန်းချီကားအပေါ်မှာ မှန်မှန်ကန်ကန် မြင်လာတတ်တယ်။ မထူးဆန်းဘူးလား" ဟု ဒီဘော့က ပြောသည်။

"ခင်ဗျားဆွဲထားတာကို ကြည့်ခွင့်ရမလား" ဟု ဗင်းဆင့်က မေးသည်။

"ဟာ. . . ရတာပေါ့"

ဒီဘော့သည် အတ်ဇ်၏ မျက်နှာကို တစ်ထေရာထဲ တူအောင် ဆွဲထားသော်လည်း သူ့ကိုယ်ခန္ဓာ၏ ကိုယ်ပိုင်သဘာဝဟန်ကိုမူ လုံးဝမတွေ့ရချေ။ ဒီဘော့ဆွဲထားသည့် ကိုယ်ခန္ဓာသည် အတ်ဇ်၌ရှိနေသည့် ခန္ဓာကိုယ်အတိုင်း တစ်သဝေမတိမ်း တူညီလျက်ရှိ၏။

ဗင်းဆင့်ဆွဲထားသည့် ပုံကို ကြည့်နေသော ဒီဘော့က "အတ်ဇ်ရဲ့မျက်နှာကို သူ့မျက်နှာအတိုင်း မဆွဲပဲ မင်း ဘာကို ထည့်ဆွဲထားတာလဲ" ဟု တအံ့တသြရေရွတ်သည်။ "မင်းပြောခဲ့ဖူးတဲ့ စိတ်ခံစားမှုကို ထည့်ဆွဲထားတာလား"

"ကျွန်တော်တို့ဆွဲနေတာက ပုံတူဆွဲနေရတာမှမဟုတ်တာ။ လူ့အသွင်သဏ္ဌာန်တစ်ခုကို ဆွဲနေကြတာ မဟုတ်လား"

"လူ့ကိုယ်ခန္ဓာတစ်ခုက မပိုင်ဆိုင်တဲ့ မျက်နှာတစ်ခုကို ထည့်ဆွဲတယ်ဆိုတဲ့ စကားဟာ အဆန်းပဲ၊ ကိုယ့်အဖို့တော့ အခုဟာ ပထမဆုံးအကြိမ် ကြားဖူးခြင်းပဲ"

"ခင်ဗျားဆွဲထားတဲ့ ပုံကို ပြန်ကြည့်ပါဦး" ဟု ဗင်းဆင့်ကပြောသည်။

"ပုံက ဘာဖြစ်နေလို့လဲ"

"ပုံက်ကိုကြည့်ရတာ အထဲမှာ လေတွေနဲ့ ပြည့်နေသလိုပဲ။ အူမကြီးကျတော့ တစ်လက်မတောင် မမြင်ရဘူး"

"ဘာ့ကြောင့် မြင်ရမှာလဲ၊ ကိုယ့်အနေနဲ့ ကောင်မလေးရဲ့ အူတွေအသည်းတွေ ထွက်ကျနေတာကိုမှ မမြင်ရတာ"

ကိုယ်ဟန်ပြမယ်သည် သူတို့စကားများကို ကြားနေရသော်လည်းပြုံးခြင်းရယ်ခြင်းမရှိ။ "ပန်းချီဆရာအားလုံးဟာ အရူးတွေချည်းပါလား" ဟု သူ

တွေးနေသည်။ ဗင်းဆင့်သည်သူ့ပုံကို ဒီဘော့၏ပုံနှင့်ကပ်၍ ထောင်ထားလိုက်၏။

"တကယ်လို့ ခင်ဗျား သတိပြုမိမယ်ဆိုရင် ကျွန်တော်ဆွဲထားတဲ့ပိုက်က အူတွေနဲ့ ပြည့်နေတဲ့ သဘောရှိတယ်။ ပုံကိုမြင်ရုံနဲ့ ဗိုက်ထဲမှာ အစာတွေ ဝက်ပါလို့ သွားနေတယ်လို့ ပြောနိုင်တယ်"

"ဟာ . . ပန်းချီနဲ့ အဲဒီကိစ္စက ဘာဆိုင်လို့လဲ။ ကိုယ်တို့က လူ့ကိုယ်တွင်းအင်္ဂါအစိတ်အပိုင်းတွေကို လေ့လာလိုက်စားနေကြတဲ့ ပါရဂူတွေမှမဟုတ်တာ။ လူတွေက ကိုယ့်ပန်းချီကားတွေကို ကြည့်တဲ့အခါမှာ ကိုယ်ကတော့ ကိုယ်ပြချင်တဲ့ သစ်ပင်တွေထဲက မြူတွေကို မြင်စေချင်တယ်။ တိမ်တွေရဲ့ နောက်မှာ ငုပ်လျှိုးကျရောက်သွားတဲ့နေကို မြင်စေချင်တယ်။ အဲဒါပဲ။ ကိုယ့်အနေနဲ့ အူစုံအသည်းစုံကို မမြင်စေချင်ဘူး"

✧✧✧✧

နံနက်တိုင်း ဗင်းဆင့်သည် ရွှင်လန်းတက်ကြွသောစိတ်ဖြင့် စောစောစီးစီး ထွက်ကာ တစ်နေ့စာ ကိုယ်ဟန်ပြမည့်လူကို ရှာဖွေသည်။ တစ်ကြိမ်တွင် သူသည် ပန်းပဲဆရာတစ်ယောက်၏သားငယ်ကို ရခဲ့သည်။ နောက်တစ်ကြိမ် တွင် အရူးထောင်မှ အဖွားအိုတစ်ယောက်ကို ရခဲ့၏။ နောက်တစ်ကြိမ်တွင်မူ ထင်းစျေးမှ အဖိုးအိုတစ်ယောက်။ နောက်တစ်ကြိမ်တွင် ဂျူးရပ်ကွက်မှ အဖွားအို နှင့် မြေးငယ်တို့ကို ရရှိခဲ့သည်။

ကိုယ်ဟန်ပြများသည် ဗင်းဆင့်အတွက် ငွေကုန်ကြေးကျများလှချေသည်။ လကုန်သည်အထိ ကွန်ဒြေမပျက် စားသောက်နိုင်ရေးအတွက် ဘေးဖယ်ထားသည့် ငွေထဲမှပင်ထုတ်၍ သုံးစွဲရသည့်အခြေအနေသို့ မကြာခဏ ဆိုက်ရောက်နေရ၏။ သို့သော်လည်း သူ့အတွက် အကောင်းဆုံးဖြစ်နေသည်မှာ တခြားမဟုတ်။ ဟော်သို့လာ၍ မောဗီး၏ တပည့်အဖြစ် ပညာသင်ယူခွင့်ရရှိနေခြင်းဖြစ်သည်။ ယင်းအခွင့်အရေးကို ရခိုက်တွင် သူသည် အပင်ပန်းခံပြီး မကြိုးစား၍ မဖြစ်။ အစားဆိုသည်မှာ နောက်ပိုင်း သူ့ဘဝ အဆင်ပြေသည့်အခါ အတိုးချ၍ စားနိုင်မည်ဖြစ်သဖြင့် အခုလောလောဆယ် အငတ်ခံရခြင်းကို သူသည်းမခံ၍မဖြစ်။

မောဗီးကတော့ သူ့အား စိတ်ရှည်လက်ရှည် သင်ကြားပေးလျက်ရှိသည်။ ညတိုင်း သူသည် မောဗီး၏ စတူဒီယိုသို့သွားကာ လက်တွေ့သင်ယူ

လျက်ရှိ၏။ တစ်ခါတရံတွင် သူ၏ ရေဆေးများ ထူလပျစ် ဖြစ်နေခြင်း၊ ရွံ့ရောင်ပေါက်ကာ နောက်ကျိမှုန်မှိုင်းနေခြင်းနှင့် အရောင်များ ထိုင်းမှိုင်းနေ ခြင်းတို့ကြောင့်အကြီး အကျယ် စိတ်ဓာတ်ကျရသည်။ မောဗီးကတော့ သူ့ရေဆေးကားများကိုကြည့်၍ ရယ်မောနေလေ့ရှိ၏။

"မင်းက ရေဆေးကို အခုမှ စဆွဲတာဆိုတော့ ဘယ်လိုလုပ်ပြီး မှန်နိုင်ဦးမှာလဲကွာ" ဟု မောဗီးက ပြောသည်။ "အခုလောလောဆယ် ဒီလိုဖြစ်နေပေမယ့် နောက်ပိုင်း မင်းကြိုးစားရင် ကြိုးစားသလောက် ဖြစ်လာရမှာပေါ့"

"အစ်ကိုပြောတာ မှန်တော့မှန်ပါတယ်။ ဒါပေမယ့် လူတစ်ယောက်ဟာ သူရေးဆွဲတဲ့ ပန်းချီကားတွေကို ရောင်းလို့ရမှ ငွေရမယ်မဟုတ်လား။ အဲဒီတော့ အခုလိုဖြစ်နေရင် ဘယ်လိုလုပ်ကြမလဲ"

"ငါပြောတာ ယုံပါ ဗင်းဆင့်ရယ်၊ မင့်အနေနဲ့ မြန်မြန်ဖြစ်လာအောင် သိပ်ပြီး အားထုတ်မယ်ဆိုရင် မင်းကိုယ်မင်း သတ်သေသလို ဖြစ်သွားမှာပေါ့။ ပန်းချီဆရာတစ်ယောက်အနေနဲ့ အဲသလိုအဖြစ်မျိုးကို ကြုံရတတ်တယ်။ ပန်းချီအနုပညာနဲ့ပတ်သက်လို့ ရှေးက ပြောခဲ့တဲ့ စကားတစ်ခွန်း ရှိတယ်။ "ရိုးသားဖြောင့်မတ်ခြင်းသည် အကောင်းဆုံးသော မူဝါဒဖြစ်၏" တဲ့။ အဲဒီစကားဟာ မှန်တယ်ကွ၊ အလေးအနက်ထားပြီး လေ့လာသင်ကြားနေတဲ့အချိန်မှာ ဒုက္ခခံရခြင်းဟာ ပရိသတ်ကို သဘောကျလာစေမယ့် လက်ရာညံ့ညံ့ကားတွေကို ဆွဲတာထက် ပိုကောင်းပါတယ်"

"ကျွန်တော့်အနေနဲ့ ကိုယ့်ကိုယ်ကို သစ္စာရှိချင်တယ် အစ်ကို။ လေးနက်တဲ့အရာတွေ၊ ပြင်းထန်တဲ့အရာတွေ၊ နက်ရှိုင်းတဲ့အရာတွေ၊ စစ်မှန်တဲ့အရာတွေကို ဖော်ပြတဲ့အခါမှာ အရှိကိုအရှိအတိုင်း ကျွန်တော့်ရင်ထဲမှာ ခံစားရသလို ခပ်ကြမ်းကြမ်း ရေးဆွဲတဲ့ နည်းနဲ့ပဲ ဖော်ပြချင်တယ်။ ဒါပေမယ့် ပန်းချီဆရာတစ်ယောက်အနေနဲ့ သူ့ဘဝရှင်သန်ရေးအတွက် လိုအပ်တာတွေက ရှိလာနေပြန်တော့ ကိုယ်လုပ်ချင်သလို ဖြစ်လာဖို့ ခက်ပြန်ရော၊ တာစတိ ကြိုက်ချင်ကြိုက်မယ့် ကားကလေး အနည်းအကျဉ်းတော့ ကျွန်တော် လုပ်ထားပါတယ်။ အဲဒါတွေကျတော့လဲ ကျွန်တော် နားလည်နေတာက။ ။ ။"

"ငါ့ကိုပြစမ်းပါဦး အဲဒီပုံတွေကို ကြည့်ရအောင်" ဟု မောဗီးက ပြောသည်။ သူသည် ရေဆေးကားများကို တစ်ချက်မျှကြည့်ပြီးသော် အားလုံးကို အစိတ်စိတ်အမွှာမွှာဖြစ်အောင် ဆွဲဆုတ်ပစ်သည်။ "မင်းရဲ့ ခပ်ကြမ်းကြမ်းနည်းကိုပဲ ဆက်သုံးပေတော့ ဗင်းဆင့်။ အပျော့တမ်းနည်းနဲ့ ရောင်းတန်းနည်းတွေ

နောက်ကို လိုက်မနေနဲ့တော့၊ မင့်ပုံတွေကို ကြိုက်တဲ့လူက မင်းဆီကို လာလိမ့်မယ်။ အခြိန်ကျလာရင် ဖြစ်ထွန်းလာရမှာပေါ့" ဟု ထပ်ပြောသည်။

ဗင်းဆင့်သည် တစစီဖြစ်နေသော စက္ကူစုတ်များကို ငုံ့ကြည့်နေသည်။ "ကျေးဇူးပါပဲအစ်ကိုရာ၊ ကျွန်တော့်မှာ လိုနေတာက အဲဒီတွန်းအားပဲ" ဟု ပြောသည်။

✧✧✧✧

ထိုညတွင် မောဗီးသည် ပါတီပွဲလေးတစ်ပွဲ လုပ်သည်။ သူနှင့် ရင်းနှီးသော ပန်းချီဆရာအတော်များများသည် သူဖိတ်ထားသည့်အတိုင်း ပါတီပွဲသို့ ရောက်လာကြသည်။ ဝေဆင်ဘရုခ်၊ ဘရိတ်ထ်နား၊ ဒီဘော့၊ ဂျူးလ်စ်ဘာဟူဇင်းနှင့်နူဟူးစ်တို့ လူစုဖြစ်၏။ ဤလူစုထဲတွင် ဝေဆင်ဘရုခ်သည် "သနားညှာတာမှုကင်းမဲ့သော ဓား" ဟု အများက အမည်ပေးထားခြင်း ခံရသူဖြစ်သည်။ သူသည် အခြားပန်းချီဆရာများ၏ လက်ရာများကို ဝေဖန်ရာ၌ အညှာအတာ ကင်းမဲ့စွာ ပိုးစိုးပက်စက် ဝေဖန်တတ်သူ ဖြစ်သဖြင့် ထိုနာမည်ကို ပေးထားခြင်း ဖြစ်လေသည်။

ဝေဆင်ဘရု.ခ်သည် အရပ်ပုပု၊ ပိန်သေးသေးဖြစ်သော်လည်း စိတ်ဓာတ်ကတော့ အလွန်တင်းမာပြင်းထန်သည်။ သူ့အား အပေါ်စီးရဖို့မှာ မလွယ်။ သူမကြိုက်လျှင် မကြိုက်သလို ပစ်ပစ်ခါခါ ပြောတတ်သူဖြစ်၏။ သူကြိုက်နှစ်သက်သော အရာဟူ၍လည်း မရှိသလောက် ရှားပါးလှ၏။ သူမကြိုက်သောအရာတစ်ခုသည် သူ့လျှာတစ်ချက်လှုပ်ရုံမျှဖြင့် သုံး၍မရတော့လောက်အောင် ပျက်စီးသွားတတ်သည်။

သူသည် သူကြိုက်နှစ်သက်သောအရာကိုသာ ပန်းချီဆွဲသည်။ ဆွဲသည့်အခါတွင်လည်း သူကြိုက်သည့်နည်းဖြင့်သာ ဆွဲသည်။ သူသည် ပရိသတ်အကြိုက်ကိုလိုက်၍ ပန်းချီဆွဲသော ပန်းချီဆရာမဟုတ်။ သူ့ပန်းချီကားများကို သူဆွဲထားသည့်အတိုင်း ပရိသတ်က ကြိုက်လာအောင် လုပ်နေသူဖြစ်သည်။ တစ်ကြိမ်သော် တာစတိကသူ့ပန်းချီကားများထဲမှ ကားတစ်ကားကို ဝေဖန်သည်။ ထိုကားထဲမှ ဆွဲထားသော အရာတစ်ခုကို ပြုပြင်ပေးရန် ပြောသည်။ ထိုအခြိန်မှစ၍ ဝေဆင်ဘရု.ခ်သည် သူ့ပန်းချီကားများကို တာစတိအား မရောင်းတော့ချေ။ သူ့ကားများကို ဂေါပစ်ကုမ္ပဏီမှတစ်ဆင့် ရောင်းဝယ်ခြင်း မပြုဟု တင်းတင်း

မာမာ ငြင်းပယ်ခဲ့သည်။

မည်သို့ပင်ဖြစ်စေ သူပန်းချီကားများကို ရောင်းနေရဆဲဖြစ်၏။ ဘယ်လို ရောင်းနေရသည်၊ ဘယ်သူတွေက ဝယ်နေသည်ကိုမူ မည်သူမှမသိပေ။ သူလျှာသွက်သလို သူမျက်နှာသည်လည်း သွက်လက်ဖျတ်လတ်ခြင်းနှင့် အကင်းပါးခြင်းများကို ပြတ်သားစွာ ဖော်ပြနေသည်။ လူတိုင်းက သူ့ကို ကြောက်ရွံ့ကြသည်။ သူနေထိုင်လုပ်ကိုင်ပုံများကိုလည်း အားကျကြသည်။

ပါတီပွဲတွင် ဗင်းဆင့်သည် အခန်းထောင့်ရှိ မီးဖိုဘေး ချောင်ထဲ၌ ဝေဆင်ဘရူချိန့်နှင့် ထိပ်တိုက် ဆုံမိနေသည်။ သူသည် ဝေဆင်ဘရူချိ၏ ပိတ်ဖမ်းခြင်းကို ခံနေရသည်နှင့် တူလျက်ရှိ၏။ ဝေဆင်ဘရူချိသည် မီးဖိုထဲသို့ တံတွေးကို တပစ်ပစ် လှမ်းထွေးကာ သူထင်ရာမြင်ရာများကို ပြောလျက်ရှိသည်။

"ငါ သတင်းကြားတယ် ဗင်းဆင့်ဗင်ဂိုးဆိုတာ မင်းမဟုတ်လားကွ" ဟု သူကပြောသည်။ "မင့်ဦးကြီး ဦးလေးတွေကတော့ ပန်းချီကားတွေ ရောင်းတာ သိပ်ကို အောင်မြင်နေကြတာပဲ။ မင်းကကော သူတို့လို အောင်မြင်အောင် ပန်းချီဆွဲနိုင်နေပြီလား"

"ဟင့်အင်း ကျွန်တော် ဘာမှ အောင်မြင်အောင် မဆွဲနိုင်သေးပါဘူး"

"ဒါဆိုရင်တော့ ကောင်းတယ်။ ပန်းချီဆရာတိုင်းဟာ အသက်ခြောက်ဆယ်အထိ ထမင်းငတ်သင့်တယ်။ အဲဒီအချိန်ကျတော့မှ ကောင်းပေ့ဆိုတဲ့ ပန်းချီကား နည်းနည်းပါးပါး ထွက်ချင်ထွက်လာမယ်"

"တောက်တီးတောက်တဲ့ အခုမှ ခင်ဗျားအသက် ဘယ်လောက် ရှိသေးလို့လဲ။ လေးဆယ်တောင် မကျော်လောက်သေးဘူး။ ခင်ဗျားလက်ရာ ပန်းချီကားကောင်းတွေ ထွက်နေတယ် မဟုတ်လား"

ဝေဆင်ဘရူချိသည် ဗင်းဆင့်၏နှုတ်မှ ထွက်လာသည့် "တောက်တီးတောက်တဲ့" ဟူသော စကားကို သဘောတွေ့သည်။ သူ့အား ဤစကားလုံးမျိုးသုံး၍ ပြောသူ မတွေ့ခဲ့သည်မှာ နှစ်ပေါင်းအတော်ကြာခဲ့ပြီ။ သူသည် ကြည်လင်ရွှင်ပြုံးသော မျက်နှာထားဖြင့် ဗင်းဆင့်အား ကြည့်သည်။

"တကယ်လို့ မင့်အနေနဲ့ ငါ့ပန်းချီကားတွေကို ကောင်းတယ်လို့ ထင်နေရင် မင်း ပန်းချီဆက်မဆွဲနဲ့တော့။ ငါ့ဆီမှာလာပြီး တံခါးစောင့်ပဲ လာလုပ်တော့။ ငါ့ပန်းချီကားတွေကို အရူးတွေဆီမှာ ရောင်းနေရတယ်လို့ မင်းက ဘာ့ကြောင့် ထင်နေရတာလဲကွာ။ အခု ငါရောင်းနေတာတွေဟာ ကားကောင်းတွေ့ မဟုတ်ဘူး ငါလူရ။ သောက်ဖိုးမတန်တဲ့ ကားတွေ။

"တကယ်လို့ ငါ့ပန်းချီကားဟာ တကယ်တန်းကောင်းနေရင် ငါ ဘယ်ရောင်းမလဲ။ ငါ့ဖာသာငါပဲ သိမ်းထားတော့မပေါ့။ မဟုတ်သေးပါဘူး သူငယ်ရယ်။ ငါက အခုမှ လေ့ကျင့်နေတုန်းပဲ ရှိပါသေးတယ်။ ငါ အသက် ခြောက်ဆယ် ပြည့်ရင်တော့ ပန်းချီကို ကောင်းကောင်းဆွဲလာနိုင်လိမ့်မယ်လို့ ထင်တယ်။ အဲဒီအချိန်ကျမှ ဆွဲထားတဲ့ ပန်းချီကားမှန်သမျှကိုလဲ ငါ မရောင်းဘူး။ ငါ့ဘေးမှာပဲထားမယ်။ ငါသေတဲ့အခါကျမှ ငါ့အလောင်းနဲ့အတူတူ အဲဒီကားတွေကို မြေမြှုပ်ပစ်မယ်။ သူစိတ်ထဲက ကောင်းတယ်လို့ သတ်မှတ်ထားတဲ့ ပန်းချီကားကို သူလက်ထဲက ထွက်သွားအောင်လုပ်တဲ့ ပန်းချီဆရာဆိုတာ လောကမှာ မရှိဘူး ဗင်းဆင့်။ သူ လူအများကို ရောင်းနေတာက သူ့ရဲ့လက်ရာ အစုတ်အပြတ်တွေကို ရောင်းနေတာ"

အခန်း၏ အခြားတစ်ဖက်နံရံအနီး၌ ထိုင်နေသော ဒီဘော့က ဗင်းဆင့်အား လှမ်းကြည့်ပြီး မျက်စိတစ်ဖက် မှိတ်ပြသည်။ ဗင်းဆင့်က ဝေဆင်ဘရုခ်အား တစ်ချက် လှမ်းကြည့်ပြီး ပြောသည်။ "ခင်ဗျား အလုပ်လွဲနေတယ်။ ခင်ဗျား အနေနဲ့ ပန်းချီဝေဖန်ရေးဆရာ လုပ်သင့်တာ"

ဝေဆင်ဘရုခ်က အားပါးတရ အော်ရယ်သည်။ "ဟော့. . မောဗီး၊ ခင်ဗျားရဲ့ ညီတစ်ဝမ်းကွဲက လူပုံသာ ဆိုးတာ၊ ဉာဏ်ကတော့ ဘယ်ဆိုးလို့လဲ၊ ဒီကောင် သူ့ခေါင်းထဲမှာ လျှာရှိတယ်ဗျ" ဟု မောဗီးအား လှမ်းအော်ပြောသည်။ ထို့နောက် ဗင်းဆင့်ဖက်ပြန်လှည့်ကာ "မင်း ဘာပြုလို့ ဒီအဝတ်အစားအစုတ်အပြတ်တွေနဲ့ နေရတာလဲကွ၊ နည်းနည်းပါးပါး ကောင်းတဲ့အဝတ်အစား ကလေးဘာလေး ဝယ်ဝတ်ဦးမှပေါ့" ဟု ပြောသည်။

ဗင်းဆင့်ဝတ်ထားသည့် ဝတ်စုံသည် သီအို၏ ဝတ်စုံဟောင်းဖြစ်သည်။ အဟောင်းကိုပြင်ချုပ်ပြီး ဝတ်ထားခြင်းဖြစ်၏။ ဤဝတ်စုံကို သူသည် နေ့စဉ်လိုလို ဝတ်ဆင်ထားခြင်းဖြစ်၍ ပေရေညစ်ပတ်လျက်ရှိလေပြီ။

"မင့် ဦးကြီးတွေဟာ ဟော်လန်တစ်နိုင်ငံလုံးမှာရှိတဲ့ လူတွေအားလုံး အဝတ်တစ်စုံစီ ဝယ်ပေးနိုင်လောက်အောင် ချမ်းသာကြတာပဲ။ သူတို့က မင့်ကို ဝယ်မပေးကြဘူးလား"

"ဘာ့ကြောင့် သူတို့က ဝယ်ပေးရမှာလဲ။ ခင်ဗျားပြောခဲ့တဲ့ ပန်းချီဆရာတွေဟာ ငတ်သင့်တယ်ဆိုတဲ့ စကားကို သူတို့ကလဲ ထောက်ခံတယ်။ ဒီနေရာမှာ သူတို့က ခင်ဗျားနဲ့ တစ်သဘောတည်းပဲ. . ."

"အေး. . လေ၊ သူတို့က မင့်အပေါ်မှာ မယုံကြည်ကြဘူးဆိုရင်တော့

လဲ သူတို့ မှန်တာပေါ့။ ဗင်ဂိုးမိသားစုမျိုးနွယ်တွေဟာ ပန်းချီဆရာတစ်ယောက်ကို ကီလိုမီတာတစ်ရာအကွာလောက်ကနေပြီး အနှံ့ခံနိုင်တဲ့ လူတွေပဲ။ မင်းလဲပဲ အတော်ကြီး ပုပ်သိုးနံဟောင်နေပြီထင်ပါရဲ့"

"ဒီလိုဆိုရင်လဲ ခင်ဗျား ငရဲပြည်ကို သွားနေလိုက်ပေါ့ဗျာ"

ဗင်းဆင့်က ဒေါသတကြီး တုံ့ပြန်ကာ တစ်ဖက်သို့ လှည့်ထွက်ရန် ဟန်ပြင်သည်။ ဝေဆင်ဘရုခ်ျက သူ့လက်မောင်းကို လှမ်းဆွဲထားသည်။ "အေးပေါ့ စိတ်မာတ်ဆိုတာ အဲဒါပေါ့။ သတ္တိကို မွေးသာမွေး ငါလူရေ"

မောဗီးသည် သူ့ဇည့်သည်များနှင့်အတူ ရွှင်မြူးလျက်ရှိသည်။ ဘုန်းတော်ကြီးတစ်ပါးမှ မွေးဖွားလာသော သားဖြစ်သော်လည်း သူသည် "ပန်းချီ" ဟူသော ဘာသာတစ်ခုတည်းကိုသာ ကိုးကွယ်နေသူဖြစ်၏။ သူဇနီးဂျက်ထ်က လက်ဖက်ရည်နှင့်မုန့်များ လိုက်လံချနေခိုက်တွင် မောဗီးသည် ရယ်စရာပုံပြင်များကို ပြောပြနေသည်။ ကျန်လူစုက တဝါးဝါးတဟားဟားနှင့် ပွဲကျနေကြသည်။

✧✧✧✧

"မောဗီးတစ်ယောက် အယူအဆပြောင်းသွားပြီ" ဟု ဗင်းဆင့်က တွေးသည်။ တကယ်တော့ မောဗီးသည် ဖန်တီးတီထွင်မှုကို အားပြုသော ပန်းချီပညာရှင်တစ်ယောက်အဖြစ်သို့ မသိမသာ ကူးပြောင်းသွားနေခြင်းဖြစ်၏။ ဤအဖြစ် ဤသဘောကို ဗင်းဆင့် မသိခဲ့ပေ။ ဗင်းဆင့်သည် ပန်းချီကားတစ်ကားကို စိတ်မပါလက်မပါနှင့် စတင်ရေးဆွဲခဲ့သည်။ ဆွဲရင်း ဆွဲရင်းကပင် တဖြည်းဖြည်းနှင့် စိတ်အားထက်သန်မှုသည် ဝင်လာသည်။ ဤသို့ဖြင့် သူသည် မိသားစုများကိုလည်း မေ့သွားသည်။ မိတ်ဆွေအပေါင်းအသင်းများကိုလည်း မေ့သွားသည်။ အခြားအခြားသော စိတ်ဝင်စားစရာများကိုလည်း မေ့သွားသည်။ သူ့အာရုံသည် သူရေးဆွဲနေသည့် ပန်းချီကားမှတစ်ပါး အခြားနေရာများဆီသို့ ပျံ့လွင့် သွားခြင်းမရှိ။

သူသည် စားရေးသောက်ရေးကိစ္စများကိုလည်း သတိမရ။ ညပိုင်းကျတော့လည်း မအိပ်။ သူဆွဲနေသည့် ပန်းချီကားနှင့်ပတ်သက်၍ ဘယ်လိုဆက်ဆွဲရလျှင် ကောင်းမလဲဟူသော အတွေးများဖြင့်သာ အချိန်ကုန်လျက်ရှိ၏။ ဤသို့ဖြင့် သူသည် အစားမှန်မှန်မစား၊ အအိပ်မှန်မှန်မအိပ်ပဲ အလုပ်ကိုသာ ပြင်းထန်စွာ လုပ်နေသဖြင့် လူရုပ်ပင်မပေါ်အောင် ပိန်ချုံးလာသည်။ မျက်တွင်းဟောက်

ပက်ဖြစ်နေသည့် ဗင်းဆင့်သည် အချိန်ရှိသမျှ ပန်းချီကားနှင့်သာ အချိန်ကုန်လျက်ရှိ၏။

သူ့အနေဖြင့် သူဆွဲနေသော ပန်းချီကားသည် ဘယ်အချိန် ဘယ်ကာလကျမှ ပြီးစီးမည်ကိုမသိ။ သို့သော်လည်း ပြီးအောင်ဆွဲမည်ဟူသော ဆန္ဒကတော့ ကြီးမားသည်။ ဆန္ဒကြီးမားမှုကြောင့်လည်း သူ့ပန်းချီကားသည် ပြီးစီးသွားခဲ့၏။ ပြီးစီးသွားသည်နှင့်တပြိုင်နက် သူသည် သတိလစ်ကာ လဲကျသွားခဲ့လေ၏။

မောဗီး၏ဇနီး ဂျက်ထ်သည် ဗင်းဆင့်အား နဂိုအနေအထားသို့ ပြန်ရောက်လာအောင် ရက်ပေါင်းများစွာ အချိန်ယူ၍ ပြုစုခဲ့ရသည်။ ဗင်းဆင့်၏ အားအင်ကုန်ခန်းမှုသည် အဆမတန် ကြီးမားလှသည်ဖြစ်ရာ သူသည် ပန်းချီကားကို မြင်လျှင် သို့မဟုတ် ပန်းချီကားမှ ဆေးနံ့ကို ရလျှင်ပင် အော့လားအံ့လား ဖြစ်တတ်၏။ မည်သို့ပင်ဖြစ်စေ သူ့ခွန်အားသည် ဖြည်းဖြည်းချင်း ပြန်ပြည့်လာဖို့သာ ရှိ၏။ ထိုအခါကျမှသာ သူသည် စတူဒီယိုကို ပြန်လည်ပြင်ဆင်နိုင်မည်။ အပြင်ထွက်၍ လယ်ကွင်းများထဲ လမ်းလျှောက်နိုင်မည်။ ပထမတော့ သူစိတ်အာရုံကို ထိထိခိုက်ခိုက် ရှိစေနိုင်မည့် အရာဆို၍ ဘာကိုမှ မြင်ဦးမည်မဟုတ်။ နောက်ဆုံးတွင်တော့ သူစိတ်အာရုံကို ထိခိုက်နှိုးကြွစေမည့် မြင်ကွင်းတစ်ခုကို သူ မြင်တွေ့ရလိမ့်မည်။ ထိုအခါ ပန်းချီဆရာတစ်ယောက်၏ဘဝသည် အစမှနေ၍ လည်ပတ်လာချေဦးတော့မည်။

ဗင်းဆင့်တစ်ယောက် ဟော်မြို့သို့ ရောက်လာစက မောဗီးသည် ချီဗီနင်ဂျင်းပန်းချီကားကို စတင်ဖန်တီးစအချိန်ဖြစ်သည်။ ယခု ဗင်းဆင့်တစ်ယောက် လူမမာဘဝမှ ဖြည်းဖြည်းချင်း နာလန်ပြန်ထလာနေချိန်တွင်မူ ပန်းချီအနုပညာ၏ ထူးခြားပြောင်မြောက်သော ဖန်တီးမှုတစ်ခုဖြစ်သည့် ထိုပန်းချီကားသည် ပြီးစီးသွားခဲ့လေပြီ။

ရက်ပေါင်းအနည်းငယ်မျှအကြာ တစ်ညတွင် ခရစ္စတင်းသည် ဗင်းဆင့်၏ စတူဒီယိုတံခါးကို အပြင်မှ ခေါက်လျက်ရှိ၏။ ဝတ်ထားသည့် အင်္ကျီကလည်း အနက်၊ စကပ်နှင့် ဦးထုပ်ကလည်း အနက်၊ ခရစ္စတင်းသည် တစ်နေ့လုံး အဝတ် လျှော်လာခဲ့ရသဖြင့် များစွာ ပင်ပန်းနွမ်းနယ်လျက်ရှိသည်။

"ဟယ်လို ဗင်းဆင့်" ဟု ခရစ္စတင်းက နှုတ်ဆက်သည်။ "ကျွန်မ လာလည်မယ်လုပ်နေတာ ကြာပြီ"

"ကိုယ့်ဆီကို ပထမဆုံး အလည်ရောက်လာတဲ့ အမျိုးသမီးဟာ မင်းပဲ ခရစ္စတင်း၊ မင့်ကို ကိုယ် လှိုက်လှိုက်လဲလဲ ကြိုဆိုပါတယ်"

ခရစ္စတင်းသည် မီးဖိုခေါးၭ ထိုင်ကာ မီးလုံးလျက်ရှိသည်။ သူသည် တစ်ခန်းလုံးကို မျက်စိကစားလျက်ရှိ၏။

"အခန်းက သိပ်မဆိုးပါဘူး" ဟု ခရစ္စတင်းက မှတ်ချက်ချသည်။ "အိမ်ထောင်ပရိဘောဂပစ္စည်းမရှိတာတစ်ခုကလွဲရင် အားလုံး ကောင်းပါတယ်"

"ကိုယ်သိတယ်၊ ပရိဘောဂဝယ်ဖို့ ကိုယ့်မှာ ငွေကြေး အလုံအလောက် မရှိဘူး"

"ဒါပေါ့လေ၊ ကျွန်မလဲ သိပါတယ်။ ရှင့်မှာ ဒါတစ်ခုပဲ လိုနေတာပါ"

"ကိုယ် အခုပဲ ညစာစားတော့မလို့ စိတ်ကူးနေတာ၊ မင်း ကိုယ်နဲ့အတူတူ စားပါလား ခရစ္စတင်း"

"ရှင် ကျွန်မကို စီအင်လို့ ခေါ်ပါလား၊ လူတိုင်းက အဲဒီနာမည်ကိုပဲ ခေါ်ကြတယ်"

"အော် ဟုတ်လား စီအင်"

"ရှင် ညစာအတွက် ဘာတွေရှိသလဲ"

"အာလူးနဲ့ လက်ဖက်ရည်"

"ကျွန်မ ဒီနေ့ ငွေနှစ်ဖရန့်ရလာတယ်၊ ကျွန်မထွက်ပြီး အမဲသားနည်း နည်း ဝယ်လိုက်မယ်"

"ရော့ပါ၊ ကိုယ့်မှာလဲ ငွေရှိနေပါတယ်။ ကိုယ့်ညီက ငွေနည်းနည်း ပို့ထားတယ်။ ကိုယ် ဘယ်လောက်ပေးလိုက်ရမလဲ"

"ဆင့်ငါးဆယ်ဆိုရင် ကျွန်မတို့နှစ်ယောက်စာ လုံလောက်တယ်"

နောက်ခဏမျှအကြာတွင် ခရစ္စတင်းသည် အထုပ်တစ်ထုပ်ကိုဆွဲ၍ ပြန်ရောက်လာသည်။ ဗင်းဆင့်က အထုပ်ကို ဆီးယူပြီး ညစာချက်ရန် ပြင်ဆင်သည်။

"ကဲပါ ဗင်းဆင့်ရယ်၊ ရှင် ဒီမှာလာထိုင်ပါ၊ ချက်ရေးပြုတ်ရေးကို ရှင် နားမလည်ပါဘူး။ ကျွန်မက မိန်းမဆိုတော့ ကျွန်မတာဝန်ပေါ့"

ခရစ္စတင်းသည် မီးဖိုအနီးၭ ရပ်ကာ အလုပ်များလျက်ရှိ၏။ မီးဖိုမှ အပူငွေ့သည် ခရစ္စတင်း၏ ပါးနှစ်ဖက်ကို နွေးထွေးစေလျက်ရှိသည်။ ခရစ္စတင်း

သည် မိန်းမချောတစ်ယောက် ဖြစ်နေသည်။ အာလူးများကို အခွံနွာ၍ လှီး၍ အိုးတစ်လုံးထဲ ထည့်နေသည်မှာ သဘာဝအလွန်ကျသော အိမ်ထောင်ရှင်မ တစ်ယောက်၏ ရှုခင်းဖြစ်ချေသည်။

ဗင်းဆင့်သည် နံရံအနီး၌ ချထားသည့် ကုလားထိုင်ပေါ်၌ထိုင်ကာ ခရစ္စတင်း၏ လှုပ်ရှားမှုများကို စိတ်ဝင်တစား ကြည့်နေသည်။ သူ့ရင်ထဲတွင် ကြည်နူးသောစိတ်သည် ပုံ့နှဲ့လျက်ရှိ၏။ ဤအိမ်သည် သူ့အိမ်၊ သူညစာစားဖို့ အတွက် ပြင်ဆင်ချက်ပြုတ်နေသည့် အမျိုးသမီးတစ်ယောက်... ။ သူသည် ကေးအား သူ့အဖော်မွန်အဖြစ် မကြာခဏ စိတ်ကူးယဉ်အိပ်မက် မက်ခဲ့ဖူးပါ၏။

ခရစ္စတင်းက သူ့အား လှည့်ကြည့်သည်။ ဗင်းဆင့်ထိုင်နေသည့် ကုလားထိုင်အနေအထားသည် ခပ်စောင်းစောင်း။

"ရှင် ထိုင်နေပုံမဟုတ်ဘူး" ဟု ခရစ္စတင်းက လှမ်းပြောသည်။ "တည့်တည့်မတ်မတ် ထိုင်မှပေါ့၊ ရှင် လည်ပင်းကျိုးချင်နေသလား"

ဗင်းဆင့်က ရယ်သည်။ သူနှင့် တစ်အိမ်တည်း အတူတူနေခဲ့ဖူးသော အမျိုးသမီးများ ရှိခဲ့ဖူးသည်။ သူ့အမေ၊ သူ့အစ်မများ၊ အဒေါ်များနှင့် ဝမ်းကွဲ ညီမများ၊ အားလုံးလိုလိုက "ဗင်းဆင့်... ဘယ်လိုလုပ်ပြီး ထိုင်နေတာလဲ၊ ကုလားထိုင်ပေါ် တည့်တည့်ထိုင်မှပေါ့၊ နင် လည်ပင်းကျိုးချင်လို့လား" ထိုစကား သည် သူကြားနေကျစကား ဖြစ်ပေသည်။

"ရတယ် စိအင်၊ ကိုယ် နေရာပြင်ထိုင်မယ်"

သို့သော်လည်း ခရစ္စတင်း ကျောပေးလိုက်သည်နှင့်တပြိုင်နက် ဗင်းဆင့်သည် ကုလားထိုင်ကို ကျောနှင့်တွန်း၍ နံရံကို မှီထိုင်လိုက်သည်။ ခရစ္စတင်းသည် စားသောက်စရာများကို စားပွဲပေါ်၌ ချသည်။ ထို့နောက် နှစ်ယောက်သား ညစာကို လက်ဆုံစားကြသည်။ အမဲသားနှင့် အာလူးဖြစ်သည်။ ပေါင်မုန့်ကို ဟင်းရည်နှင့် တို့စားကြသည်။ စားသောက်ပြီး၍ လက်ဖက်ရည် သောက်ကြသည့်အခါ ခရစ္စတင်းသည် ဆေးပြင်းလိပ်တစ်လိပ်ကို မီးညှိ၍ ဖွာနေ သည်။

သူတို့သည် အကြောင်းအရာမျိုးစုံကို တရင်းတနှီး ပြောမိဆိုမိကြသည်။ ဗင်းဆင့်အဖို့တော့ မောဗီးတို့၊ ဒီဘော့တို့နှင့် စကားပြောရသလို မဟုတ်၊ တစ်ဦးနှင့်တစ်ဦးကြားတွင် ဟန်ဆောင်မှုဟူ၍ မရှိ။ အပြိုင်အဆိုင် စကားနိုင်လုရသည့် အခြေအနေလည်း မရှိ။ ဗင်းဆင့်က ပြောသည့်အခါ ခရစ္စတင်းက တလေးတစား နားထောင်သည်။ ခရစ္စတင်းက ပြောသည့်အခါ ဗင်းဆင့်က စိတ်ပါလက်ပါ

နားထောင်သည်။ တစ်ယောက်ကိုတစ်ယောက် အထင်အမြင်ကြီးအောင် ဟန်ဆောင်၍ ပြောသည့်စကားများလည်း မပါ။ ခရစ္စတင်းသည် သူ့ဘဝ အကြောင်းကို ပြောပြရာ၌ အခက်အခဲများ၊ ဆင်းရဲဒုက္ခများနှင့် ရုန်းကန်လှုပ်ရှား ရမှုများကို ရိုးရိုးရှင်းရှင်းကလေးဖြောသည်။ တစ်ခါတရံတွင် ဗင်းဆင့်က စကား အသုံးအနှုန်းများ မှန်ကန်အောင် ပြင်ပေးရသည်။

ဗင်းဆင့်သည် ထိုင်ရာမှထရပ်သည်။ "ရှင် ဘယ်သွားမလို့လဲ" ဟု ခရစ္စတင်းက မေးသည်။

"ပန်းကန်တွေဆေးမလို့"

"ပြန်ထိုင်ပါ။ ရှင်က ပန်းကန်ဆေးတတ်လို့လား။ ဒါဟာ ရှင့်အလုပ် မဟုတ်ပါဘူး"

ဗင်းဆင့်သည် မီးဖိုဘေးရှိ ကုလားထိုင်၌ ဝင်ထိုင်သည်။ ဆေးတံကို အရသာခံ၍ ဖွာကာ ပန်းကန်ဆေးနေသည့် ခရစ္စတင်းအား ကြည့်နေသည်။ ခရစ္စတင်း၏ လျင်မြန်သွက်လက်စွာ လှုပ်ရှားနေသည့် လက်များကို စိတ်ဝင် တစား ကြည့်နေသည်။ သူသည် ကပျာကယာ ထသွားပြီး ခဲတံနှင့် စက္ကူကို ယူသည်။ ထို့နောက် ပန်းကန်ဆေးနေသော ခရစ္စတင်း၏ ရုပ်လွှာကို စက္ကူပေါ်တွင် ဆွဲယူသည်။

"ဒီမှာနေရတာ ကောင်းတယ်" ဟု ခရစ္စတင်းကပြောသည်။

သူတို့သည် ကျင်တစ်ယောက်တစ်ခွက်သောက်ရင်း အချိန်ဖြုန်းကြသည်။ ဗင်းဆင့်ကတော့ သူ စိတ်ဝင်စားလာသည့်အခါ ခရစ္စတင်း၏ပုံကို ခဲတံနှင့် ပုံကြမ်း လောင်းသည်။ ခရစ္စတင်းသည် မီးဖိုဘေးရှိ ကုလားထိုင်တစ်လုံးပေါ်၌ နားနေရ ခြင်းအပေါ် အလွန်သာယာဟန်ရှိ၏။

"မင်း အဝတ်လျှော်တဲ့အလုပ်က ဘယ်တော့ ပြီးမလဲ" ဟု ဗင်းဆင့်က မေးသည်။

"မနက်ဖြန်ပြီးမယ်၊ ဒီအလုပ်က စိတ်ပျက်စရာပါ။ လုပ်လဲ မလုပ်နိုင်ဘူး"

"မင်း နေလို့ကော ကောင်းရဲ့လား"

"သိပ်မကောင်းဘူး၊ ဗိုက်ထဲက ကလေးကလဲ မကြာမကြာ ဒုက္ခပေး တယ်"

"ဒီလိုဆိုရင်လဲ လာမယ့်အပတ်ထဲမှာ ကိုယ့်ဆီလာပြီး ကိုယ်ဟန်ပြပေး ပါလား"

"ရှင့်ရွေ့မှာ ထိုင်ပေးရုံပဲလား"

"ဟုတ်တယ်၊ တစ်ခါတလေကျရင်တော့ မတ်တပ်ရပ်နေရမယ်"

"ဘာပဲဖြစ်ဖြစ်ပေါ့လေ၊ ကျွန်မအတွက် အဲဒီအလုပ်က အများကြီး သက်သာမှာပါ၊ ရှင်က တစ်ခြိန်လုံး ကျွန်မကို ကြည့်ပြီး ပုံဆွဲနေရမယ်၊ ကျွန်မက ထိုင်နေရုံနဲ့ လုပ်ခရမယ်"

ခရစ္စတင်းသည် ပြတင်းပေါက်မှနေ၍ အပြင်သို့ မျှော်ကြည့်သည်။ အပြင်ဘက်တွင် ဆီးနှင်းများ ထူထပ်စွာ ကျလျက်ရှိသည်။

"အိမ်ပြန်ချင်တယ်၊ ဒါပေမယ့် အပြင်မှာက တော်တော်အေးနေပြီ။ ကျွန်မမှာ ခြုံပုဝါကလွဲပြီး အနွေးထည်လဲ မပါဘူး။ ပြန်ရမှာကလည်း ဝေးတယ်"

"မင်း ဒီမှာဘဲ နေချင်တယ်ဆိုရင်တော့ နေလို့ရပါတယ်၊ ကိုယ့်မှာလဲ အဖော်ရတာပေါ့"

"ရှင့်မှာ အနှောင့်အယှက် မဖြစ်ဘူးလား"

"မဖြစ်ပါဘူး၊ ခုတင်က အကျယ်ကြီးပဲ"

"နှစ်ယောက်အိပ်လို့ရသလား"

"ရပါတယ်"

"ဒါဆိုရင်တော့ ကျွန်မ အိမ်မပြန်တော့ဘူး"

"မပြန်နဲ့ပေါ့"

"ရှင်က အလိုက်သိစွာ ပြောဖော်ရလို့ ကျေးဇူးတင်ပါတယ်"

"ကိုယ်ကလဲ အဖော်ရလို့ မင့်ကို ကျေးဇူးတင်တာပါပဲ"

နောက်တစ်နေ့မနက်တွင် ခရစ္စတင်းသည် ဗင်းဆင့်အတွက် ကော်ဖီဖျော်ပေးသည်။ အိပ်ယာကို သန့်သန့်စင်စင်ဖြစ်အောင် သိမ်းပေးသည်။ စတူဒီယိုတွင်းမှ အမှိုက်သရိုက်များကို ရှင်းလင်းပေးသည်။ ထို့နောက် သူ့အလုပ်ခွင်သို့ ထွက်သွားသည်။ သူထွက်သွားသည့်အခါတွင် စတူဒီယိုသည် ခါတိုင်းထက် ပို၍ တိတ်ဆိတ်ခြောက်သွေ့သွားသည်ဟု ထင်ရလေသည်။

(၅)

ထိုနေ့ မွန်းလွဲပိုင်းတွင် တာစတီသည် ဗင်းဆင့်၏ စတူဒီယိုသို့ ဒုတိယအခေါက် ရောက်လာပြန်သည်။ အေးမြသော ရာသီဥတုကြားတွင် လမ်းသွက်သွက်လျှောက်လာခဲ့ရသော အရှိန်ကြောင့် သူ့ပါးများသည် နီမြန်းနေကြပြီး

မျက်လုံးများသည် အရောင်တလက်လက် တောက်ပနေကြသည်။

"အခြေအနေ ဘယ်လိုလဲ ဗင်းဆင့်" ဟု မေးသည်။

"ကောင်းပါတယ်၊ အခုလို ထပ်ပြီး လာတဲ့အတွက် ဝမ်းလဲသာ ကျေးဇူးလဲတင်ပါတယ်"

"မင့်ဆီမှာ ကိုယ် စိတ်ဝင်စားနိုင်မယ့် ပြစရာတွေများ ရှိနေမလားလို့ လာခဲ့တာ"

"ဟုတ်ကဲ့၊ ကျွန်တော့်ဆီမှာ ပြစရာ အသစ်ကလေးတွေ ရှိနေပါတယ်။ ထိုင်ပါဦး ခင်ဗျာ"

တာစတိသည် သူထိုင်ရမည့် ကုလားထိုင်ကို လှမ်းကြည့်သည်။ အထပ်ထပ်တက်နေသည့် ဖုန်များကို ခါရန်အတွက် အိတ်ထဲမှ လက်ကိုင်ပုဝါကို ထုတ်မည်ပြုသည်။ ထို့နောက် ထိုအပြုအမူသည် ရိုင်းသွားဖွယ်ရာရှိသည်ဟု ဆုံးဖြတ်ကာ လက်ကိုင်ပုဝါနှင့် မခါတော့ပဲ ဝင်ထိုင်သည်။ ဗင်းဆင့်သည် သူဆွဲထားသည့် ရေဆေးပန်းချီကား သုံးလေးချပ်ကို ယူလာပြီး ပြသည်။

တာစတိသည် ပန်းချီကားများကို တစ်ချပ်ပြီးတစ်ချပ် ကပြာကသီ ကြည့်သည်။ ထို့နောက် ပထမဆုံးကားကို အပေါ်ဆုံးမှ ထပ်တင်ပြီး စေ့စေ့စပ်စပ် ကြည့်သည်။ "လက်ရာကတော့ တက်လာနေတယ်" ဟု ရေရွတ်သည်။ "ဆွဲပုံဆွဲနည်းတွေက သိပ်တော့ မမှန်သေးဘူး။ လက်ရာက ကြမ်းသေးတယ်။ ဒါပေမယ့် တိုးတက်လာနေပြီဆိုတာကတော့ ကောင်းကောင်း မြင်သာတယ်။ ကိုယ် မင်းဆီက အမြန်ဆုံးဝယ်နိုင်မယ့် ကားမျိုးတွေ ရှိသင့်ပြီ ဗင်းဆင့်"

"ဟုတ်ကဲ့ပါ ခင်ဗျာ"

"မင့်ရဲ့ စားဝတ်နေရေးပြေလည်ဖို့အတွက် ကိုယ့်ဖာသာကိုယ် ဝင်ငွေရအောင် လုပ်သင့်ပြီ။ တခြားလူတစ်ဦးရဲ့ ဝင်ငွေအပေါ်မှာ မှီခိုပြီး နေတယ်ဆိုတာ မှန်ကန်တဲ့ နေထိုင်မှုမျိုးမဟုတ်ဘူး ဗင်းဆင့်"

ဗင်းဆင့်သည် ရေဆေးကားများကိုယူ၍ ကြည့်နေသည်။ သူလက်ရာကြမ်းသည်ကို သူမသိမဟုတ်။ သိပါ၏။ သို့သော်လည်း အခြား အခြားသော ပန်းချီဆရာများနည်းတူ သူလက်ရာများထဲတွင် မပြည့်စုံခြင်းတည်းဟူသော ချို့ယွင်းချက်များကို သူ ရှာမတွေ့။

"ကျွန်တော်လဲ ကိုယ့်ဖာသာကိုယ် ရပ်တည်နိုင်တဲ့ဘဝကိုပဲ လိုချင်ပါတယ်"

"ဒါဆိုရင် မင်းအလုပ်ကို အပင်ပန်းခံပြီး လုပ်ပေါ့။ ကိုယ့်အနေနဲ့ မင့်

လက်ထဲမှာ ကိုယ်ဝယ်နိုင်မယ့် ပန်းချီကားမျိုးတွေ ရှိစေချင်တယ်”

“ဟုတ်ကဲ့ပါ။ . မစ္စတာ တာစတိ”

“ဘာပဲဖြစ်ဖြစ်ပေါ့လေ၊ မင်း အခုလို ပျော်ပျော်ရွှင်ရွှင်နဲ့ အလုပ်လုပ်နေနိုင်တာကို တွေ့ရလို့ ကိုယ်ဝမ်းသာတယ်။ သီအိုက မင့်ကို စောင့်ရှောက်လိုက်ပါလို့ ငါ့ကိုမှာလိုက်တယ်။ မင်းဖြစ်ထွန်းအောင် ကြိုးစားပြီးလုပ်ပါ။ ငါ မင့်ကို အဆင်ပြေသွားအောင် ကူညီချင်တယ်”

“ကျွန်တော်ကလဲ ကောင်းတဲ့ကားတွေ ရလာအောင် လုပ်ချင်ပါတယ်။ ဒါပေမယ့် ကျွန်တော့်လက်က ကျွန်တော့်ရဲ့ဆန္ဒကို အမြဲနာခံနေတာ မဟုတ်ပါဘူး။ ဘယ်လိုပဲဖြစ်ဖြစ်ပေါ့လေ။ မောဗီးကတော့ ကျွန်တော့်ကို ကျေးဇူးပြုပေးနေပါတယ်”

“သူက ဘာပြောလဲ”

“သူကပြောတယ်။ ကျွန်တော်ဆွဲတာတွေဟာ ရေဆေးနဲ့တော့ တူစပြုလာပြီ” တဲ့။

တာစတိက ရယ်သည်။ “ဆက်သာ ကြိုးစားပါကွာ” ဟု ပြောသည်။ “မရပ်မနား ဆက်ကြိုးစားသွားရင်းနဲ့ပဲ ထူးခြားကြီးကျယ်တဲ့ ပန်းချီကားတွေ ထွက်ပေါ်လာခဲ့တာဟာ အစဉ်အလာပဲကွ”။ သူသည် စကားကို အဆုံးသတ်ပြီးသော်စတူ ဒီယိုခန်းမထဲမှ ထွက်ခွာသွားလေသည်။

✧✧✧✧

ဗင်းဆင့်သည် သူဦးကြီးတစ်ယောက်ဖြစ်သော ဦးလေး ကော် ထံသို့ စာရေးခဲ့သည်။ သူ ဟော်မြို့တွင် အခြေတကျရှိနေပြီဖြစ်၍ တစ်ခေါက်လောက် အလည်လာစေလိုကြောင်း အသိပေးထားခြင်းဖြစ်၏။ သူဦးလေး ကော် သည် သူ၏ ပန်းချီကားအရောင်းဆိုင်အတွက် လိုအပ်သည့် ပစ္စည်းများနှင့် ပန်းချီကားများ ဝယ်ရန် ဟော်မြို့သို့ မကြာမကြာ လာတတ်သူ ဖြစ်သည်။ သူဦးလေး ကော် ၏ ပန်းချီအရောင်းဆိုင်သည် အမ်စတာဒမ်မြို့တွင်အရေးပါအရာရောက်သော လူသိများသည့် ဆိုင်တစ်ဆိုင်ဖြစ်ပေသည်။

တစ်ခုသော တနင်္ဂနွေနေ့တွင် ဗင်းဆင့်သည် သူနှင့် ခင်မင်ရင်းနှီးနေသော ကလေးများအားခေါ်၍ သူ့အခန်းတွင် ပါတီပွဲကလေး လုပ်ပေးသည်။ သူ ပန်းချီဆွဲနေခိုက်တွင် ကလေးများ ငြိမ်နေစေရန်အတွက် ချိုချဉ်ထုပ်ကြီးတစ်ထုပ်

ဝယ်ယူပြီး ဝေပေးထားရုံမျှမက ပုံပြင်များကိုပါ ပြောပြသည်။ ထိုအခိုက်တွင် အပြင်မှ တံခါးခေါက်သံကြားရသည်။ တံခါးခေါက်သံကို ကြားရုံမျှဖြင့် သူဦးလေး ရောက်လာပြီဟု ဗင်းဆင့်က သိလိုက်သည်။

ကော်နီလီးယပ်စ် မာရီနပ်စ်ဗင်ဂိုးသည် အောင်မြင်သော လုပ်ငန်းရှင် လူချမ်းသာတစ်ဦးဖြစ်သည်။ သူမျက်လုံးသည် အနက်ရောင်ဖြစ်သည်။ ဗင်ဂိုး မျိုးနွယ်ဝင်ပီပီ သူမျက်လုံးအစုံသည် ပြူးကျယ်သည်။ ပါးစပ်ကတော့ အခြားသော ဗင်ဂိုးအနွယ်ဝင်တွေကဲ့သို့ ကြီးမားခြင်းမရှိ။ သူတစ်ကိုယ်လုံးတွင် ဗင်ဂိုးအနွယ်ဝင် အပီသဆုံးမှာ ဦးခေါင်းဖြစ်၏။ သူဦးခေါင်းသည် အခြားသော ဗင်ဂိုးများကဲ့သို့ပင် အကြီးကြီးဖြစ်သည်။

ကော်နီလီးယပ်စ်မာရီနပ်စ်သည် စတူဒီယိုတစ်ခုလုံးကို စေ့စေ့စပ်စပ် ကြည့်သည်။ သူသည် ဟော်လန်နိုင်ငံရှိ ပန်းချီဆရာအတော်များများ၏ စတူဒီယိုများကို ရောက်ဖူးသူဖြစ်သည်။ ဗင်းဆင့်သည် လက်ကျန်ချို့ချဉ်အားလုံးကို ကလေးများအား ဝေပေးပြီး အိမ်ပြန်ခိုင်းလိုက်သည်။

"ဦးလေးကော် လက်ဖက်ရည်သောက်မလား"

"ကျေးဇူးတင်တယ် ဗင်းဆင့်"

ဗင်းဆင့်သည် သူဦးလေးအား လက်ဖက်ရည်ဖျော်တိုက်သည်။ ဦးလေး ကော်သည် လက်ဖက်ရည်ခွက်ကို ကိုင်ထားပြီး အလွှာပ သလွှာပ စကားပြော သည်။

"မင်း ပန်းချီဆရာဖြစ်အောင် ကြိုးစားနေတာ သိရလို့ ဝမ်းသာတယ် ဗင်းဆင့်" ဟု သူဦးလေးကပြောသည်။ "နောင်တစ်ချိန်ကျရင်တော့ ငါတို့ ဗင်ဂိုး မိသားစုအနွယ်ထဲမှာ ပန်းချီဆရာတစ်ယောက် ရှိလာတော့မှာပေါ့။ ဟိန်းနဲ့ငါတို့ လူစုဟာ လွန်ခဲ့တဲ့ နှစ်ပေါင်းဆုံးဆယ်အတွင်းမှာ ပန်းချီကားတွေကို သူများဆီက ချည်း ဝယ်လာခဲ့ရတာ။ နောင်အခါကျတော့ တို့အနွယ်ဝင်တွေထဲကငွေဟာ အပြင်ကို သိပ်ပြီး ထွက်စရာမလိုတော့ဘူးပေါ့"

ဗင်းဆင့်က ပြုံးသည်။ "ကျွန်တော့်အတွက် အားငယ်စရာတော့ မရှိ ဘူး" ဟု ပြောသည်။ "ပန်းချီကားအရောင်းအဝယ်လုပ်ငန်းနယ်ထဲမှာ ဦးလေးသုံး ယောက်နဲ့ ညီတစ်ယောက် ရှိနေတယ် အော်... ဒါနဲ့ ဦးလေး ပေါင်မုန့်နဲ့ ထောပတ်ယူဦးမလား၊ အခုလောက်ဆို ဦးလေးဆာနေရောပေါ့"

ဆင်းရဲနွမ်းပါးသော ပန်းချီဆရာတစ်ယောက်က ကျွေးလာသော အစားအစာကို ငြင်းပယ်ခြင်းသည် ထိုပန်းချီဆရာအား စော်ကားခြင်းပင်ဖြစ်

သည်ဟူသော သဘောကို နားလည်နေသော ဦးလေး ကော် သည် ဗင်းဆင့်၏ စကားကိုလက်ခံသည်။

"အေး. . . ကွယ်၊ စားတာပေါ့။ ဦးလေးလဲ ဒီနေ့မနက်စာကို အစောကြီး စားလာမိတယ်" ဟု အလိုက်သင့် ပြန်ပြောသည်။

ဗင်းဆင့်သည် ပေါင်မုန့်ချပ်များကို ထောပတ်သုတ်၍ အပေါစားဒိန်ခဲ တချို့နှင့်အတူ ချပေးသည်။ ဦးလေးကော်သည် သူ့တူ စိတ်ချမ်းသာစေရန် အသင့် အတင့် ယူ၍စားသည်။

"တာစတိက ဦးလေးကို ပြောလိုက်တယ်။ သီအိုက မင့်ဆီကို လစဉ် ဖရန့်ငွေ တစ်ရာ ပို့ပေးနေတယ်တဲ့"

"ဟုတ်တယ်. . . ဦးလေး"

"သီအိုက ငယ်သေးတယ်။ သူရှာလို့ရတဲ့ငွေကို သူ စုဆောင်းထားသင့်တယ်။ မင်းကလဲ ကိုယ်စားဖို့အတွက် ကိုယ့်ဖာသာကိုယ် ရအောင်ရှာသင့်ပြီ"

ဗင်းဆင့်အဖို့ ဤစကားမျိုးကို မနေ့က တာစတိထံမှ ကြားခဲ့ရပြီးပြီ။ ယခုတဖန် သူဦးလေးထံမှကြားရပြန်သည့်အခါ သူစိတ်ထဲတွင်နာလိုခံခက်ဖြစ်ရ၏။

"ကိုယ့်ဖာသာကိုယ် ရှာစားသင့်ပြီဆိုတဲ့ စကားကို ကျွန်တော် ကြားခဲ့ရ ပေါင်းများပါပြီ။ နားလဲလည်ပါတယ်။ တခြားတစ်ယောက် ရှာထားတဲ့အစားကို မစားသင့်ဘူးလို့ ပြောလိုက်တဲ့စကားဟာ စားနေတဲ့လူကို အစားအစာနဲ့ မထိုက်တန်ဘူးလို့ ပြောနေသလို ဖြစ်နေတယ်။ စားနေတဲ့လူကို ပြစ်မှုတစ်ခု ကျူးလွန်တယ်လို့ စွပ်စွဲနေသလိုပဲ။ အမှန်တော့ ရိုးသားဖြောင့်မတ်မှုရှိတဲ့ လူတိုင်းဟာ အစားနဲ့တော့ ထိုက်တန်ပါတယ်။ ဒါပေမယ့် ကံမကောင်းအကြောင်းမသင့်လို့ ရုတ်တရက် သူ့ဖာသာသူ ရှာမစားနိုင်တာဟာ ကံဆိုးခြင်းတစ်မျိုးပဲလို့ ကျွန်တော် ထင်မိတယ်"

ဗင်းဆင့်သည် လက်ထဲမှ ပေါင်မုန့်ကို မစားသေးပဲ ကိုင်ထားသည်။ သူသည် အတန်ကြာမျှ ငြိမ်နေသည်။

"အဲဒီတော့ကာ ဦးလေးကော်က ကျွန်တော့်ကို 'မင့်အစားအစာနဲ့ မထိုက်တန်ဘူး' ဆိုတဲ့ စကားမျိုး ပြောလာရင် ကျွန်တော့်ကို စော်ကားတာနဲ့ အတူတူပဲလို့ ထင်မိတယ်။ 'မင်းဖာသာမင်း ရှာမစားသေးဘူးလား' လို့ ပြောရင်လဲ ဒါဟာ ကျွန်တော်ပြောခဲ့တဲ့ အဓိပ္ပာယ်မျိုးကို သက်ရောက်နေတာပဲ၊ ဒီစကားမျိုးကို ဘာကြောင့်ပြောပြောနေကြတာလဲ။ အဲသလို ပြောခြင်းအားဖြင့် ဘယ်လိုများအကျိုးသက်ရောက်မှုရှိသလဲ။ ဒီစကားကြားရင် ကျွန်တော့်အတွက်တော့

အားမတက်တာအမှန်ပဲ”

ကော်နီလီးယပ်စ်သည် ကိုယ့်အစာ ကိုယ်ရှာစားရေးကိစ္စကို နောက်ထပ် မပြောတော့ချေ။ သူတို့ တူဝရီးသည် အခြားအကြောင်းအရာများကိုသာ စိတ်လက်ကြည်ရွှင်စွာဖြင့် ဆွေးနွေးပြောဆိုနေကြသည်။ ဤကြားထဲမှပင် ဗင်းဆင့်သည်။ “ဒီ ဂရောက်စ်” ၏ နာမည်ကို အမှတ်မထင် ပြောလိုက်မိလေ၏။

“ဒါပေမယ့်ကွာ။ ဒီဂရောက်စ်ရဲ့ ဘဝမှတ်တမ်းကတော့ မကောင်းဘူး။ နာမည်ဆိုးတွေ များတယ်” ဟု ဦးလေးကော်က ပြောသည်။ ဗင်းဆင့် သည် ရဲရင့်ပြတ်သားလှသော ဘုန်းတော်ကြီး ဒီဂရောက်စ်အား ယင်းကဲ့သို့ ပြောခြင်းကို မကြားချင်။ သူ့အနေဖြင့် “ဟုတ်တယ်” ဟု လုံးဝပြန်ပြောလိုစိတ်မရှိ။ တကယ်တော့လည်း သူသည် ဗင်ဂိုးမျိုးနွယ်ဝင်များနှင့် စကားပြောသည့်အခါတိုင်း “ဟုတ်ပါတယ်” ဟု ပြန်ပြောရန် အလွန်ဝန်လေးသူ ဖြစ်၏။

“အမှန်အတိုင်းပြောရရင် ပန်းချီဆရာတစ်ယောက်ဟာ သူ့လက်ရာကို လူအများရှေ့မှာ ပြပေမယ့် သူ့ရဲ့ ကိုယ်ရေးကိုယ်တာဘဝထဲက အတွင်းစိတ် ခံစားမှုတွေနဲ့ တွန်းလှန်ရုန်းကန်နေရမှုတွေကျတော့ သူဖာသာသူ လျှို့ဝှက်ထား ပိုင်ခွင့်ရှိတယ်လို့ ကျွန်တော်ကတော့ ထင်တယ်။ သူ့ကိုယ်ရေးကိုယ်တာကိစ္စတွေကို သူ့လက်ရာတွေနဲ့ ရောပြီး မကြည့်သင့်ဘူးလို့လည်း ထင်တယ်။ သူ့ကိုယ်ရေးကိုယ်တာတွေက ပန်းချီကားကောင်းတစ်ကား ဖြစ်မြောက်ရေးနဲ့ ဆက်စပ်ပတ်သက်တဲ့အခက်အခဲတွေ ဖြစ်ချင်ဖြစ်နိုင်တယ်”

ကော်နီလီးယပ်စ်သည် လက်ဖက်ရည်ကို တစ်ငုံမျှလောက် သောက်လိုက်ပြီး ခေါင်းယမ်းသည်။ “လူတစ်ယောက်အနေနဲ့ ထွန်တုံးကို ကိုင်မယ့်အစား စုတ်တံကို ကိုင်ရုံမျှနဲ့ သူ ထင်ရာမြင်ရာတွေ လျှောက်လုပ်ခွင့် မပေးနိုင် ဘူး ဗင်းဆင့်။ အမှုအကျင့်မကောင်းတဲ့ ပန်းချီဆရာတွေဆီက ပန်းချီကားတွေကို တို့က မဝယ်သင့်ဘူးလို့ ယူဆတယ်” ဟု ပြောသည်။

“ကျွန်တော်ကတော့ အဲသလို မယူဆဘူး ဦးလေးကော်။ ပြီးတော့ နောက်တစ်ချက် ရှိသေးတယ်။ ပန်းချီဝေဖန်ရေးဆရာတွေဟာ ပန်းချီဆရာရဲ့ ကိုယ်ရေးကိုယ်တာတွေကို မရရအောင် ရှာပြီး ထည့်ရေးနေတဲ့ကိစ္စပဲ။ အဲဒီလုပ်ရပ်ဟာ မသင့်တော်ဆုံးလုပ်ရပ်တစ်ခုလို့ ကျွန်တော်ကတော့ ထင်တယ်။ အထူးသဖြင့် ပညာရှင်ရဲ့ လက်ရာက အပြစ်မရှိလောက်အောင် ကောင်းနေရင် အဲဒီ အလုပ်မျိုးကို ပိုပြီး မလုပ်သင့်ဘူး။

“အမှန်တော့ ဦးလေးရယ်၊ ပန်းချီဆရာတစ်ယောက်ရဲ့ လက်ရာနဲ့ သူ့

ကိုယ်ရေးကိုယ်တာဘဝဟာ ကလေးမီးဖွားထားတဲ့ မိန်းမတစ်ယောက်နဲ့ အတူတူပါပဲ။ ဦးလေးအနေနဲ့ သူ့ရဲ့ မွေးကင်းစကလေးကို ကြည့်ချင်ရင်ကြည့်ပေါ့။ မိန်းမမှာ သွေးဆင်းနေတုန်းပဲလား လို့ သိချင်တဲ့စိတ်နဲ့ မိန်းမရဲ့ ဂါဝန်ကို လှန်ကြည့်ဖို့တော့ မသင့်တာအမှန်ပဲ။ အဲသလို သွားလုပ်ရင် သိပ်ကို ရိုင်းစိုင်းတယ်လို့ ကျွန်တော်ကတော့ ထင်တယ်"

ကော်နီလီးယပ်စ်သည် ပေါင်မုန့်တစ်ခြမ်းနှင့် ဒိန်ခဲတစ်ခဲ ကပျာကယာ ပါးစပ်ထဲသို့ ထိုးသွင်းလိုက်သည်။ သို့သော်လည်း ပေါင်မုန့်သည် သူ့လက်ထဲမှ လက်ဖက်ရည်ခွက်ထဲသို့ ပြန်အံကျလာသည်။ သူသည် ထိုင်ရာမှထကာ မီးဖိုဆီသို့ ပြေးသွားသည်။

"အေးပေါ့လေ၊ ဒါပေါ့. . ဒါပေါ့"ဟု ကော်နီလီးယပ်စ်က ရေရွတ်သည်။

ဗင်းဆင့်သည် သူ့စကားအပေါ် သူဦးလေး ဒေါပွလိမ့်မည်ဟုထင်ကာ လန့်နေသည်။ သို့သော်လည်း သူထင်သလို ဖြစ်မလာ။ သူသည် သူ့လက်ရာ ပန်းချီကားတစ်ချို့ကို သူဦးလေးအားပြသည်။ ပထမတော့ ကော်နီလီးယပ်စ်သည် ဘာထင်မြင်ချက်မှမပေး။ ကားများကို တစ်ကားပြီးတစ်ကားသာ ကြည့်နေသည်။ သို့သော်လည်း ထင်းပုံစျေးမှနေ၍ လှမ်းမြင်နေရသော ပက်ဒီမိုးစ်ပုံကို မြင်သည့် အခါ အလွန်စိတ်ဝင်စားလာဟန်ပြသည်။ ထိုပုံမှာ ညရှုခင်းဖြစ်၍ တစ်ညခင်း ဆယ့်နှစ်နာရီခန့်တွင် ဗင်းဆင့်ဆွဲယူထားသော ကားဖြစ်သည်။ ပန်းချီကားအရွယ်မှာ ခပ်သေးသေးဖြစ်လေသည်။

"ဒီပုံ တော်တော်ကောင်းတာပဲ" ဟု ကော်နီလီးယပ်စ်က ရေရွတ်သည်။ "မြို့တော်ရဲ့ အခုလိုရှုခင်းမျိုးတွေ နောက်ထပ် ဆွဲပေးနိုင်ဦးမလား"

"ရပါတယ်၊ တစ်ခါတလေ ကိုယ်ဟန်ပြတွေကိုကြည့်ပြီး ဆွဲနေရတာ ငြီးငွေ့လာရင် အပြောင်းအလဲတစ်ခုအနေနဲ့ ဆွဲ ဆွဲထားတာ။ ကျွန်တော့်ဆီမှာ ပုံတစ်ချို့ ရှိသေးတယ်။ အဲဒီပုံတွေကိုကော ကြည့်ဦးမလား"

ဗင်းဆင့်သည် မသပ်မယပ်တင်ထားသည့် စက္ကူပုံတစ်ပုံကို လှန်လှောရှာဖွေနေသည်။ ထို့နောက် "ဒါက ဗီလီးယာစတီး၊ ဒါက ဂျက်စ်၊ ဟောဒီ ကားက ငါးစျေး. . . "

သူ့စကားမဆုံးမီ ကော်နီလီးယပ်စ်က ကြားဖြတ်ပြောသည်။ "မင်းဦးလေးအတွက် ပန်းချီကား ဆယ့်နှစ်ကားလောက်ဆွဲပေးမလား"

"ဆွဲပေးမယ်လေ၊ ဒါပေမယ့် အခုကိစ္စက လုပ်ငန်းတစ်ခုသဘောဝင်လာပြီ။ နှစ်ဦးနှစ်ဖက် စျေးညှိဖို့ လိုလာပြီ"

"အေး ဟုတ်တာပေါ့။ မင်းက ဘယ်လောက်ယူမယ်လို့ စိတ်ကူးထားသလဲ"

"ဒီအရွယ် ကားမျိုးက ခပ်သေးသေးပဲ၊ ပြီးတော့ ခဲတံနဲ့မှင်တံနဲ့ ဆွဲလို့ရတယ်။ အဲဒီတော့ တစ်ကားကို နှစ်ဖရန့်ခွဲရရင် မဆိုးပါဘူး။ ဦးလေးအနေနဲ့ ဘယ်လိုသဘောရလဲ"

ကော်နီလီးယပ်စ်သည် စိတ်ထဲမှ ကြိတ်၍ပြုံးမိသည်။ တောင်းထားသည့် စျေးမှာ အတော်ကလေး သက်သာနေသည် မဟုတ်ပါလား။ . . ။

"စျေးကို အဲသလို မထားနဲ့ဦး။ တကယ်လို့ ဒီကားတွေကို ရောင်းရရင် အမ်စတာဒမ်မြို့ရှုခင်းပုံ ဆယ့်နှစ်ပုံ ထပ်မှာဦးမယ်။ အဲဒီကျမှ စျေးကို ဦးလေးကိုယ်တိုင် သတ်မှတ်ပေးမယ်။ အဲသလိုဆိုရင် မင့်မှာလဲ စျေးပိုရမယ်"

"ကျွန်တော် ဘယ်လောက် ဝမ်းသာသွားတယ်ဆိုတာ ပြောမပြနိုင်တော့ပါဘူး ဦးလေးရယ်။ အခုဟာ ပထမဆုံးအကြိမ် ကျွန်တော့်ဆီက ပန်းချီကားတွေကို ဝယ်တာပဲ"

"ကိစ္စမရှိပါဘူးကွယ်။ တို့အားလုံးက မင့်ကို ကူညီနေချင်ကြတာပါ။ မင့်ဖက်ကသာ အဆင့်မီတဲ့ ပန်းချီကားတွေ ဆွဲနိုင်အောင် ကြိုးစားပါ။ တို့ကတော့ အဆင့်မီရင် မင်းဆွဲထားသမျှကို ဝယ်သွားဖို့ တာဝန်ယူပါတယ်"

ကော်နီလီးယပ်စ်သည် သူဦးထုပ်နှင့် လက်အိတ်များကို ကောက်ယူလိုက်သည်။ "မင်း စာရေးတဲ့အခါ သီအိုကို ဦးလေးက သတိရကြောင်း ထည့်ရေးလိုက်ပါကွာ" ဟု ပြောသည်။

မိမိ၏ အောင်မြင်မှုအပေါ်တွင် များစွာ ယစ်မူးလျက်ရှိသော ဗင်းဆင့်သည် သူ၏ ရေဆေးပန်းချီကားသစ် တစ်ကားကို ဆွဲယူကာ ယူလီဗူးမင်းရပ်ဖက်သို့ အပြေးအလွှား လာခဲ့သည်။ သူ့အား တံခါးဖွင့်ပေးသူမှာ ဂျက်ထ်ဖြစ်သည်။ ဂျက်ထ်သည် တစ်စုံတစ်ခုသော ကိစ္စအတွက် စိတ်ညစ် စိတ်ရှုတ်နေပုံရ၏။

"ကျွန်မသာဆိုရင်တော့ အခုအချိန်မှာ စတူဒီယိုထဲကို မသွားဘူး ဗင်းဆင့်။ မောဗီးရဲ့ အခြေအနေက ဆိုးတယ်"

"ဘာဖြစ်လို့လဲ သူဖျားနေသလား"

ဂျက်ထ်က သက်ပြင်းချသည်။ "ခါတိုင်းဖြစ်နေကျအတိုင်းပဲပေါ့"

"ဒါဆိုရင်တော့ သူ ကျွန်တော့်ကို တွေ့ချင်စိတ် ရှိလိမ့်မယ်ထင်တယ်"

"မဟုတ်သေးဘူး။ နောက်တစ်ခါမှတွေ့ပါ။ ရှင်လာတယ်လို့ သူ့ကို အသိပေးလိုက်ပါ့မယ်။ သူ့ရဲ့စိတ် ပြန်ပြီး တည်ငြိမ်သွားရင် သူ ရှင့်ဆီကို မလာပဲ

မနေပါဘူး လာမှာပါ”

“ဒီလိုဆိုရင်လဲ ကျွန်တော်လာတာကို ပြောဖို့မမေ့ပါနဲ့”

“ကျွန်မ မမေ့ပါဘူး”

ဗင်းဆင့်သည် ထိုနေ့မှစ၍ ရက်ပေါင်းများစွာကြာသည်အထိ မောဗီးကို မျှော်သည်။ သို့သော်လည်း ပေါ်မလာပေ။ သူရောက်မလာပဲ တာစတိသာလျှင် နှစ်ခေါက်တိတိ ရောက်လာသည်။ နှစ်ခေါက်စလုံး သူ့ထံမှ ကြားရသည့် ဓကားများမှာ ယခင်ကအတိုင်းပင်ဖြစ်သည်။

“မင့်လက်ရာ တက်လာတာတော့ အမှန်ပဲ။ ဒါပေမယ့် အခုထက်ထိ မမှန်သေးဘူး။ ကိုယ့်အနေနဲ့ ဆိုင်ပေါ်တင်ပြီး ရောင်းလို့ မဖြစ်နိုင်သေးဘူး”

“ကျွန်တော်ဟာ မနက်ငါးနာရီမှာ အိပ်ရာထတယ်။ ညဆယ့်တစ်နာရီ ဆယ့်နှစ်နာရီအထိ အလုပ်လုပ်ပါတယ်။ နားတာဆိုလို့ အစားအစာစားတဲ့အချိန်လေးပါပဲ”

တာစတိသည် ခေါင်းတခါခါ လုပ်နေသည်။ သူသည် ဗင်းဆင့်၏ ရေဆေးပန်းချီကားများကို ထပ်မံပြီး ကြည့်သည်။ “ကိုယ်လဲ နားမလည်နိုင်အောင် ဖြစ်နေပြီ။ မင်း ဒီကိုရောက်စတုန်းက ဆွဲထားတဲ့ပုံတွေထဲမှာ တွေ့ခဲ့ရတဲ့ ကြမ်းတမ်းမှုနဲ့ မသပ်ယပ်မှုတွေကို အခုထက်ထိ တွေ့နေရတုန်းပဲ။ အဲဒီဟာတွေကို ပျောက်သွားအောင် ကြိုးစားဖို့ကတော့ လိုနေပြီ။ အစွမ်းအစရှိနေတဲ့ လူတစ်ယောက်အဖို့ အပင်ပန်းခံပြီး လုပ်လိုက်ရင် ဖြစ်ရမှာပေါ့”

“အပင်ပန်းခံပြီး လုပ်လိုက်ရင် ဟုတ်လား”

“ဟုတ်တယ်။ ။ ငါ မင့်ပန်းချီကားတွေကို ဝယ်ချင်တာ အမှန်ပဲ။ ဘုရားသိပါတယ်ကွာ။ မင်းခြေထောက်ပေါ် မင်းရပ်နေတာကို ငါသိပ်မြင်ချင်တယ်။ သီအိုဆီက အခုလို ထောက်ပံ့နေရတာဟာ ကောင်းတာမှမဟုတ်တာ။ ဒါပေမယ့် ခက်တာက မင့်ပန်းချီကားတွေကို ဝယ်ဖို့ကလဲ မဖြစ်နိုင်ဘူး။ လက်ရာမှန်လာမှသာ ဝယ်လို့ဖြစ်မှာ။ သူတစ်ပါးက သနားလို့ ဝယ်တာမျိုးကို တော့မင်းလဲ လိုလားမယ့် မထင်ပါဘူး”

“မလိုလားဘူး”

“ဒါဆိုရင် မြန်မြန်ဖြစ်အောင် မြန်မြန်ကြိုးစားလုပ်ပေါ့။ မြန်မြန်ရောင်းရအောင်လုပ်ပြီး ကိုယ့်ဖာသာကိုယ် ရပ်တည်သွားနိုင်အောင် ကြိုးစားပေါ့ကွာ”

✧✧✧✧

တစ်နေ့တွင် ဗင်းဆင့်သည် မောဗီးနှင့် လမ်းပေါ်၌ ဆုံမိသည်။ မောဗီးသည် ဦးခေါင်းကိုငုံ့ကာ ခပ်သုတ်သုတ် လျှောက်လာနေခြင်းဖြစ်၏။ သူသည် ဗင်းဆင့်အား ရုတ်တရက် မမှတ်မိ။

"ကျွန်တော် အစ်ကိုနဲ့ မတွေ့ရတာ တော်တော်ကြာပြီ"

"ငါ အလုပ်များနေတယ်"

မောဗီး၏အသံမှာ အေးစက်စက်နှင့် လိုလိုချင်ချင် ရှိပုံမရ။

"အစ်ကို အလုပ်များနေတာ သိပါတယ်။ ကားသစ်တစ်ကား ဆွဲနေတယ်လို့ ကြားတယ်။ အခု တော်တော်ပြီးပြီလား။"

"အော်. . . အင်း" မောဗီး၏ အမူအရာသည် ဗင်းဆင့်၏မေးခွန်းကို နားမလည်သည့်ပုံစံ ဖြစ်သည်။

"ကျွန်တော် အစ်ကို့စတူဒီယိုကို ခဏလောက် လာချင်တယ်။ ခဏတဖြုတ် ဝင်လာလို့ရမလား။ ကျွန်တော်ဆွဲနေတဲ့ ရေဆေးကားတွေက သိပ်ပြီးတိုးတက်မှုမရှိသလို ဖြစ်နေလို့"

"အခုတော့ မလာနဲ့ဦး။ ငါ သိပ်အလုပ်များနေတယ်၊ ငါ့မှာ အချိန်ပို မရှိဘူး"

"ဒီလိုဆိုရင်လဲ အစ်ကို အခုလို လမ်းလျှောက်ထွက်တဲ့အခါမှာ ကျွန်တော့်ဆီ ဝင်ပါလား။ ပုံတွေကိုကြည့်ပြီး နည်းနည်းပါးပါးလောက် ပြောပြပေးရင် လုံလောက်ပါတယ်"

"အေး. . ပေါ့၊ အချိန်ရရင် ဝင်ခဲ့မယ်။ ကဲ . . . သွားမယ်"

ပြောပြောဆိုဆိုနှင့်ပင် မောဗီးသည် ဗင်းဆင့်အား ရှောင်ကွင်းပြီး သုတ်သီးသုတ်ပြာထွက်သွားသည်။ ဗင်းဆင့်မှာအံ့အားသင့်ပြီး ကျန်ရစ်ခဲ့ရလေ၏။

"ဘယ်လိုဖြစ်တာပါလိမ့်။ သူမကြိုက်တာ ငါ ဘာလုပ်မိလို့လဲ။ ဒါမှ မဟုတ်လဲ ငါ့ဖက်က အခင်အမင်ပျက်သွားအောင် တမင်လုပ်နေတာများလား"

မောဗီးနှင့် ဆုံမိခဲ့ပြီးနောက် ရက်အနည်းငယ်မျှအကြာတွင် ဗင်းဆင့်သည် ပို၍ အံ့အားသင့်စရာအဖြစ်တစ်ခုနှင့် ကြုံရပြန်သည်။ အခြားတော့မဟုတ်။ ဝေဆင်ဘရုခ်္ခတစ်ယောက် သူ့ထံသို့ ရောက်လာခြင်း ဖြစ်၏။ ဝေဆင်ဘရုခ်္ခသည် လူငယ်ပန်းချီဆရာများနှင့် ဘယ်တော့မှ တရောတဝင် နေလေ့ရှိသူမဟုတ်။ အကယ်၍ ရှိပါကလည်း လူငယ်ပန်းချီဆရာများ၏ လက်ရာများကို စုတ်ပြတ်သွားအောင် ဝေဖန်ဖို့သာ ဖြစ်လေသည်။

သူသည် စတူဒီယိုထဲရောက်သည်နှင့်တပြိုင်နက် တစ်ချက်မျှ မျက်စိ

ကစားလိုက်သည်။ "အင်း ကောင်းပါတယ်။ စတူဒီယိုကတော့ နန်းတော်တစ်ခုလို့ ပါပဲ။ မကြာခင်မှာ မင်းဟာ ဒီစတူဒီယိုထဲမှာ ဘုရင့်နဲ့ဘုရင်မကို ပုံတူပန်းချီဆွဲရမှာ သေချာပါတယ်"

"ဒီစတူဒီယိုကို ခင်ဗျားသဘောမကျရင် အခုချက်ခြင်း ခင်ဗျားပြန်ထွက်သွားနိုင်တယ်" ဟု ဗင်းဆင့်က ဒေါသတကြီး ဟောက်သည်။

"မင်း ဘာပြုလို့ ပန်းချီဆွဲတဲ့အလုပ်ကို မစွန့်ပစ်သေးတာလဲ ဗင်းဆင့်။ ပန်းချီဆရာတစ်ယောက်ရဲ့ဘဝဟာ ခွေးတစ်ကောင်ရဲ့ဘဝပဲကွ သိလား"

"ခင်ဗျားကတော့ ဒီအလုပ်နဲ့ တော်တော် ဟန်ကျနေပုံ ပေါ်သားပဲ"

"ငါက အောင်မြင်နေတယ်လကွာ။ မင်းကတော့ ဘယ်တော့မှ အောင်မြင်မှာမှ မဟုတ်တာ"

"ထားပါတော့ ခင်ဗျားပြောသလိုပဲ၊ ကျုပ်အနေနဲ့ အောင်မြင်ချင်မှ အောင်မြင်ပေမပေါ့။ ဒါပေမယ့် ကျုပ်က ခင်ဗျားဆွဲထားတဲ့ ကားတွေထက် အဆပေါင်းများစွာ သာလွန်ကောင်းမွန်တဲ့ ပန်းချီကားတွေကို ဆွဲသွားမယ်ဆိုတာတော့ ပြောရဲတယ် သိလား"

ဝေဆင်ဘရုခ်ျ ဟက်ဟက်ပက်ပက် ရယ်သည်။ "မင်းမဆွဲနိုင်ပါဘူး ငါလူရာ။ ။ မင့်အနေနဲ့ ဟော့ဂ်မှာရှိနေတဲ့ တခြားပန်းချီဆရာပေါက်စတွေလောက်နီးပါးတော့ ဖြစ်ချင်ဖြစ်မှာပေါ့။ တစ်ခုတော့ရှိတယ်။ မင့်ကားတွေကို မင်းရဲ့ ကိုယ်ပိုင်စရိုက်လက္ခဏာအတိုင်း ဆွဲသွားနိုင်ရင်တော့ အလားအလာကောင်းတယ်ကွ"

"ဒီလိုဆိုရင် စောစောက ဒီစကားကို ဘာ့ကြောင့် မပြောတာလဲ" ဟု ဗင်းဆင့်က ပြောသည်။ သူသည် သူ၏ ပန်းချီကားတချို့ကို ဆွဲထုတ်လိုက် သည်။ "ဘာလို့ မတ်တပ်ကြီးရပ်နေရတာလဲဗျာ၊ မထိုင်တော့ဘူးလား"

"ထိုင်လိုက်ရင် ငါ ဘာကိုမှ မမြင်ရတော့ဘူးကွ"

ဝေဆင်ဘရုခ်ျသည် ရေဆေးပန်းချီကားများကို ဘေးသို့ တွန်းဖယ်လိုက် သည်။ "ဒါတွေဟာ မင့်ကို အထောက်အကူပြုနိုင်မယ့် ပစ္စည်းတွေ မဟုတ်ဘူး။ ရေဆေးက မင်းပြောချင် ပြချင်နေတဲ့ အရာတွေအတွက် အင်မတန်မှ ပေါ့တယ်" ဟု ပြောသည်။ သူသည် ဘိုရိန်းနှင့် ဘရာဘင်တိုင်းနယ်များမှ ဗင်းဆင့်ရေးဆွဲလာခဲ့သော ပန်းချီကားများကိုလည်းကောင်း၊ ဟော့ဂ်သို့ ရောက်ပြီးခါမှ ဗင်းဆင့်ရေးဆွဲထားခဲ့သည့် အဖိုးအို အဖွားအိုများ၏ ပုံများကိုလည်းကောင်း စိတ်ဝင်တစား ကြည့်နေသည်။ ပုံအားလုံးသည် ခဲပန်းချီများချည်းဖြစ်၏။ ဝေဆင်ဘရုခ်ျ

သည် ပုံအားလုံးကို တစ်ကားပြီးတစ်ကား စေ့စပ်သေချာစွာ ကြည့်နေခြင်း ဖြစ်သည်။ ကြည့်နေရင်းမှလည်း တစ်ချက်တစ်ချက်တွင် သူ့နှုတ်မှအသံ ထွက်ထွက်လာနေသည်။ ဗင်းဆင့်ကတော့ ဝေဆင်ဘရုခ်ထံမှ ကဲ့ရဲ့ပြစ်တင်သံ များထွက်အလာကို မျှော်လင့်စောင့်စားလျက်ရှိ၏။

"မင်းဆွဲထားတဲ့ပုံတွေဟာ အတော် အံ့သြစရာကောင်းတာပဲ ဗင်းဆင့်" ဟု ဝေဆင်ဘရုခ်ကပြောသည်။ သူမျက်လုံးအစုံသည် တလက်လက် တောက်ပနေသည်။ "ဒီပုံကြမ်းတွေကိုကြည့်ပြီး ငါကိုယ်တိုင်ဆွဲလိုက်ရင်တောင်မှ အများကြီး အလုပ်ဖြစ်နိုင်တယ်"

ဗင်းဆင့်၏ တစ်ကိုယ်လုံးသည် နုံးခိုသွားသည်။ ဝေဆင်ဘရုခ်၏ စကားများသည် သူ့အဖို့ အလွန် အံ့သြစရာကောင်းနေသည်။ သူသည် ကုထားထိုင်ပေါ်သို့ ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။

"ခင်ဗျားကိုအညှာအတာကင်းမဲ့တဲ့ ဓားလို့ နာမည်ပေးထားကြတယ်ဆို။ ကျွန်တော်ကြားခဲ့ဖူးတဲ့ စကားနဲ့ တခြားစီ ဖြစ်နေပါလား"

"အေး ဟုတ်တယ်၊ သူတို့က ပေးထားတဲ့နာမည်ပဲ။ တကယ်လို့ မင့် ပန်းချီကားတွေထဲမှာ မကောင်းတာတွေ တွေ့နေရင် ငါ့ပါးစပ်က ပစ်ပစ်ခါခါ ပြောမှာပဲ. . ."

"တာစတိကတော့ ဒီပုံတွေကိုကြည့်ပြီး ကျွန်တော့်ကို အပြစ်ဆိုတယ်။ ဒီပုံတွေဟာ ကြမ်းတမ်းလွန်းတယ်တဲ့"

"လုံးဝ အဓိပ္ပာယ်မရှိတဲ့စကားပဲ။ ဒီပုံတွေရဲ့ အသက်နဲ့ အားတွေက အဲဒီကြမ်းတမ်းမှုထဲမှာ ရှိနေတာ"

"ကျွန်တော်က ဒီပုံတွေကို မင်တံနဲ့ ပုံကြမ်းထပ်လောင်းချင်တယ်။ ဒါပေမယ့် တာစတိက ပုံတွေကို ရေဆေးရှုထောင့်ကကြည့်ပြီး ရေဆေးနဲ့ပဲ ဆွဲဖို့ ပြောနေတယ်"

"အော် တယ်ကောင်းတဲ့စကားပါလား။ ဒါမှသူတို့ ရောင်းလို့ရနိုင်မှာ ကိုးကွ၊ ဒီမယ်. . ချာတိတ်ရေ။ သူပြောတဲ့အတိုင်း သွားမလုပ်နဲ့။ မင့်အမြင်ထဲမှာ မင်တံနဲ့ဆွဲမှ ကောင်းမယ်လို့ ထင်ရင် အဲဒီဟာတွေကို မင်တံနဲ့သာဆွဲ။ အရေးကြီး ဆုံးအချက်က ဘယ်သူ့စကားကိုမှ နားမထောင်နဲ့၊ ကုန်ကုန်ပြောလိုက်မယ် ငါ့စကားတောင် မင်း နားထောင်ဖို့ မလိုဘူး။ မင့်စိတ်ကူးနဲ့ မင့်ကိုယ်ပိုင်နည်း အတိုင်းသာသွား"

"ခင်ဗျားပြောတဲ့စကားဟာ ကျွန်တော်လုပ်ရမယ့်နည်းပဲလို့ ထင်တယ်"

"အေးလေ. . ။ ဒါဟာ မင်းစဉ်းစားရမယ့်ကိစ္စပဲ။ မောဗီးက မင့်ကို မွေးကတည်းက ပန်းချီဆရာဖြစ်ဖို့ ဇာတာပါလာတဲ့ လူတစ်ယောက်လို့ပြောတယ်။ တာစတိက မဟုတ်ဘူးလို့ဆိုတယ်။ မောဗီးက မင့်ဖက်ကရပ်ပြီးခုခံကာကွယ်ခဲ့တယ်။ အဲဒီအချိန်က ငါကိုယ်တိုင် သူတို့နဲ့ အတူတူရှိနေတယ်။ တကယ်လို့ အဲဒီကိစ္စကို သူတို့နှစ်ယောက် ထပ်ပြီး ငြင်းကြမယ်ဆိုရင် ငါကိုယ်တိုင်လဲ မင့်ဘက်က ရပ်ပြီး ပြောမှာပဲ။ အခု မင့်လက်ရာတွေကို ငါမြင်ခဲ့ရပြီးပြီဆိုတော့ ငါ့ဘက်က ရဲရဲဝံ့ဝံ့ ပြောလို့ဆိုလို့ ရလာပြီ"

"မောဗီးက ကျွန်တော့်ကို မွေးရာပါ ပန်းချီဆရာလို့ ပြောတာ တကယ်ပဲလား"

"တကယ်ပေါ့။ သူစကားကြောင့် မင်း ဘဝင်တော့ မြင့်မသွားနဲ့ ငါ့လူ"

"ဒီလိုပြောထားတဲ့ လူက ကျွန်တော့်အပေါ် ဆက်ဆံတာ အေးတိအေးစက် သိပ်နိုင်တယ်။ အဲဒါ ဘာဖြစ်လို့လဲ"

"ဒီလူက လူတိုင်းကို အေးတိအေးစက် ဆက်ဆံတတ်တယ်။ ဒါဟာ သူ့ဝသီပဲကွ။ အထူးသဖြင့် သူ စိတ်ကူးထားတဲ့ ပန်းချီကားကို လက်စသပ်နေချိန်မှာ ပိုဆိုးတယ်။ ဒီလို ဆက်ဆံတဲ့အတွက် မင်း စိတ်ပူစရာ ဘာမှ မရှိပါဘူး။ သူ အခုဆွဲနေတဲ့ ချီဗင်နင်ဂျင်း ပန်းချီကားပြီးသွားရင်တော့ သူ မင့်ဆီကို ရောက်လာမှာပါ။ အခုလောလောဆယ်မှာ မင်း အကူအညီလိုလာရင် ငါ့ စတူဒီယိုကို လာခဲ့ပေါ့ကွာ"

"ကျွန်တော် ခင်ဗျားကို တစ်ခုလောက် မေးပါရစေ"

"မေးလကွာ"

"ခင်ဗျား အခု ဒီကိုလာတာဟာ မောဗီးကခိုင်းလို့လာတာ မဟုတ်လား"

"အေး ဟုတ်တယ်"

"မောဗီးက ဘာကြောင့် လွှတ်ရတာလဲ"

"မင့်လက်ရာတွေအပေါ်မှာ ငါ့ရဲ့ ထင်မြင်ချက်ကို ကြားချင်လို့ပေါ့"

"ဘာပြုလို့ ကြားချင်ရတာလဲ။ ကျွန်တော့်ကို သူက မွေးရာပါ ပန်းချီဆရာလို့ ထင်ထားတယ်ဆို။ အဲဒါ ဆိုရင်. . . ."

"ဒါတော့ ငါမသိဘူး။ မင့်အပေါ်မှာ တာစတိရဲ့စကားတွေကြောင့် သံသယဝင်လို့ ဖြစ်ချင်ဖြစ်မှာပေါ့"

(၆)

တာစတိသည် သူ့အပေါ် တစ်နေ့တခြား ယုံကြည်မှု ကင်းမဲ့လာနေသည်။ မောဗီးက သူ့အပေါ် ဆက်ဆံပုံမှာလည်း တစ်နေ့ထက်တစ်နေ့ အေးတိအေးစက် ဖြစ်လာနေသည်။ အဖော်မဲ့နေသော ထိုအချိန်ထိုကာလတွင် ခရစ္စတင်းသည် သူ့ဘဝထဲသို့ ရောက်ရှိလာပြီး သူတောင့်တနေသည့် အဖော်တစ်ယောက် ဖြစ်လာနေသည်။

နေ့စဉ် နံနက်တိုင်း ခရစ္စတင်းသည် စတူဒီယိုသို့ ရောက်လာသည်။ သူနှင့်အတူ အချုပ်အလုပ်ပစ္စည်းများ ထည့်ထားသည့် ခြင်းကလေးတစ်လုံး ပါလာတတ်သည်။ ဗင်းဆင့် ပန်းချီဆွဲနေချိန်တွင် ခရစ္စတင်းသည် အဝတ် အထည်များချုပ်ရင်း အဖော်လုပ်နေလေ့ရှိ၏။ ခရစ္စတင်း၏အသံသည် ကြမ်းတမ်းသည်။ အသုံးအနှုန်းများသည် ယဉ်ကျေးခြင်းမရှိ၊ သို့သော်လည်း စကားပြောသည့်အခါ အေးအေးသာသာ ပြောတတ်သဖြင့် နားထောင်၍ရသည်။ သို့သော်လည်း အလုပ်အပေါ် စျာန်ဝင်နေချိန်တွင်မူ သူသည် ခရစ္စတင်း၏ အသံကို ကြားရသည်မှာ နားမခံနိုင်အောင် ဖြစ်ရလေသည်။

အများအားဖြင့်တော့ ခရစ္စတင်းသည် မီးဖိုဘေးၭ ငြိမ်ဆိတ်စွာ ထိုင်ပြီး မွေးဖွားလာတော့မည့် ကလေးငယ်အတွက် အနွေးထည်ထိုးရင်း ပြတင်းပေါက်မှ အပြင်သို့ ကြည့်နေတတ်သည်။ ကိုယ်ဟန်ပြသူအနေဖြင့် တွက်လျှင် ခရစ္စတင်းသည် သပ်ယပ်ကျော့ရှင်းခြင်းမရှိ။ သင်ပြပေးမှုကို ရယူရာၭ်လည်း နှေးကွေးလေးလံလှ၏။ သို့သော်လည်း စိတ်ကျတော့ အလွန်ရှည်သည်။ ဗင်းဆင့် ခိုင်းသည့် ပုံစံကို မရမနေ ထိုင်ပေးသည်။ ပြီးတော့ သူ အိမ်မပြန်ခင် ဗင်းဆင့် အတွက် ညစာကို ချက်ပြုတ်ပေးသွားလေ့ရှိသည်။

"ကိုယ့်ညစာအတွက် ဒုက္ခမခံပါနဲ့" ဟု ဗင်းဆင့်က ပြောသည်။

"ဒုက္ခခံတာမဟုတ်ပါဘူး။ ကျွန်မက ရှင့်ထက်ပိုပြီး ချက်တတ် ပြုတ်တတ်လို့ လုပ်ကိုင်ပေးတာပါ"

"ဒီလိုဆိုရင် မင်းပါစားသွား"

"ရပါတယ်၊ ကလေးတွေကို အမေက ကြည့်ပေးနေတာပဲ၊ ကျွန်မကလဲ ဒီမှာနေရတာ သဘောကျနေတာပဲ"

ဗင်းဆင့်က ခရစ္စတင်းအား ကိုယ်ဟန်ပြခအဖြစ် တစ်နေ့လျှင် တစ်ဖရန့်ပေးသည်။ သူပေးနိုင်သည်ထက် ပိုပေးနေခြင်းဖြစ်၏။ သူ့အတွက်

အဖော်ရနေသည့်အတွက် ဤမျှလောက် ပေးထားခြင်းဖြစ်သည်။ ဤမျှလောက် ပေးထားခြင်းကြောင့်လည်း ခရစ္စတင်းသည် သူမလုပ်လိုသည့် အဝတ်လျှော် အလုပ်ကိုလည်း မလုပ်ရ။

တစ်ခါတရံတွင် ဗင်းဆင့်သည် မွန်းလွဲပိုင်းတွင် အပြင်သို့ ထွက်သွားတတ်သည်။ သူပြန်ရောက်လာမှ ခရစ္စတင်းအား ကိုယ်ဟန်ပြခိုင်းပြီး ပုံဆွဲသည်။ ညပိုင်း အချိန်အတော်နောက်ကျသည်အထိ ရေးဆွဲရခြင်းဖြစ်၍ ခရစ္စတင်း အိမ်ပြန်၍ မဖြစ်တော့ချေ။ ထိုညမျိုးတွင် ခရစ္စတင်းသည် ဗင်းဆင့်ထံ၌ အိပ်သည်။ ဗင်းဆင့်အဖို့တော့ မနက်အိပ်ယာမှနိုးလာချိန်တွင် ကော်ဖီနှံ့ ရှူရှုခြင်းနှင့် မီးဖိုအနီး၌ရပ်၍ အလုပ်လုပ်နေသော ခရစ္စတင်းအား မြင်ရခြင်းတို့ အပေါ်တွင် များစွာ စိတ်သာယာလျက်ရှိလေသည်။

တစ်ခါတရံတွင်မူ ခရစ္စတင်းသည် ဘာအကြောင်းပြစရာမှ မယ်မယ်ရရမရှိပဲ ညအိပ်တတ်သည်။ "ကျွန်မ ဒီညတော့ ဒီမှာပဲ အိပ်လိုက်ရင် ကောင်းမယ်ထင်တယ် ဗင်းဆင့်" ဟု ပြောကာ "အိပ်ရမလား" ဟု မေးတတ်သည်။

"အိပ်ပေါ့ ခရစ္စတင်းရယ်၊ မင်းအိပ်ချင်တဲ့ည အိပ်၊ မင်းအိပ်ရင် ကိုယ်ဝမ်းသာတယ်ဆိုတာ မင်းလဲ သိနေတာပဲ"

ဗင်းဆင့်က မခိုင်းပါပဲလျက်နှင့် ခရစ္စတင်းသည်ဗင်းဆင့်၏အဝတ် များကိုလျှော်ဖွတ်ပေးသည်။ အစုတ်အပြဲများကို ဖာထေးပေးသည်။ စျေးဝယ်ပေးသည်။

"ယောကျ်ားတွေဆိုတာက ကိုယ့်ဖာသာကိုယ် ဘယ်လိုနေရထိုင်ရမယ် ဆိုတာကို သိကြတာမဟုတ်ဘူး" ဟု ခရစ္စတင်းကပြောသည်။ "ရှင့်မှာ မိန်းမ တစ်ယောက်ရှိဖို့ကတော့ လိုတယ်။ ရှင် စျေးသွားဝယ်ရင် စျေးသည်တွေက ရှင့်ကို ဝိုင်းလိမ်ကြမှာပဲ"

အမှန်တော့ ခရစ္စတင်းသည် အိမ်ရှင်မကောင်းတစ်ယောက် ဖြစ်လာနိုင်သည့် အခြေအနေမျိုး ရှိခဲ့သူမဟုတ်ပေ။ နှစ်ပေါင်းများစွာ မိခင်နှင့် နေခဲ့ရသူဖြစ်သဖြင့် အိမ်ထောင်မှုအလုပ်တွင် စိတ်ဝင်စားခြင်းမရှိခဲ့ချေ။ အခုကျ တော့လည်း သူသည် အိမ်ထောင်ထိန်းသိမ်းမှုအလုပ်များအပေါ်တွင် များစွာ သဘောကျလျက်ရှိ၏။ အိမ်ထဲတွင် ရှိရှိသမျှ အလုပ်များကို မနားမနေ လုပ်ကိုင် နေတတ်လေသည်။

အနေကြာလာသည့်အခါ ခရစ္စတင်း၏ စကားပြောဆိုသံသည် ကြမ်း တမ်းမှုများ လျော့နည်းလာသည်။ စကားအသုံးအနှုန်းများမှာလည်း မှန်ကန် သိမ်မွေ့လာသည်။ သူမကျေနပ်လျှင် ဒေါသူပုန်ထတတ်သည့် အကျင့်ကတော့

ရုတ်တရက်ချက်ခြင်း ပျောက်မသွား။ သူ ဒေါသဖြစ်ပါကလည်း သူ့ပါးစပ်မှ ဗင်းဆင့် လုံးဝမကြားဖူးခဲ့သော အလွန်ယုတ်မာညစ်ညမ်းသည့် အဆဲပေါင်းမျိုးစုံသည် ထွက်လာတတ်၏။

ထိုအချိန်မျိုးတွင် ဗင်းဆင့်သည် တစ်နေရာ၌ ငြိမ်ကုပ်၍ ထိုင်ကာ ခရစ္စတင်း ဒေါသပြေသွားသည်အထိ စိတ်ရှည်လက်ရှည် စောင့်နေတတ်၏။ ခရစ္စတင်းကလည်း ဗင်းဆင့်ကဲ့သို့ပင် သည်းခံတတ်သည်။ သူဆွဲနေသည့်ပုံလွဲမှားနေ၍ ဗင်းဆင့် ဒေါသကြီးလာသည့်အခါ ခရစ္စတင်းသည် ရေငုံနှုတ်ပိတ်လုပ်ကာ ဗင်းဆင့် စိတ်ပြေသည်အထိ စောင့်နေတတ်သည်။ နှစ်ဦးနှစ်ဖက် ပြိုင်တူ ဒေါသဖြစ်သည့် အချိန်ကာလဟူ၍ လုံးဝမရှိပေ။

ဗင်းဆင့်သည် ခရစ္စတင်း၏ ကိုယ်ခန္ဓာအား ပုံစံအမျိုးမျိုးဖြင့် ရေးဆွဲလာသည်မှာ ကြာခဲ့ပြီ။ ခန္ဓာကိုယ်၏ အချိုးအဆက် မျဉ်းကြောင်းများကို သူကောင်းစွာ မှတ်မိလာပြီဖြစ်၏။ သူ့အနေဖြင့် စစ်မှန်သော လေ့လာမှုကို ပြုတော့မည်ဟု ဆုံးဖြတ်သည်။ သူသည် ခရစ္စတင်းအား သဘာဝအနေအထားဖြင့် မီးဖိုအနီးရှိ သစ်တုံးတစ်တုံးပေါ်၌ အထိုင်ခိုင်းကာ စတင်ရေးဆွဲသည်။

သူသည် သစ်တုံးကို သစ်ငုတ်အဖြစ် အသွင်ပြောင်းကာ စိမ်းလန်းသော အရွက်အနည်းငယ် ထည့်ဆွဲသည်။ နောက်ခံကို အပြင်ရှုခင်းအဖြစ် ပြောင်းယူလိုက်သည်။ ထို့နောက် ဒူးနှစ်လုံးပေါ်၌ တင်ထားသည့် ခရစ္စတင်း၏ အကြောပြိုင်းပြိုင်းထနေသည့် လက်များကို ပီပြင်အောင် ဆွဲသည်။ မျက်နှာကို ပိန်လှီလှီ လက်မောင်းများကြား၌ ငုံ့ထားခိုင်းသည်။ ပါးလျားသော ဆံပင်များကို နောက်ကျောပေါ်သို့ ဖားလျားချခိုင်းထားသည်။ ရင်သားများကို ခြေသလုံးထက်သို့ အိတွဲကျနေအောင် ထိုင်ခိုင်းသည်။ ခြေထောက်ကိုမူ မြေပြင် ထက်သို့ မထိတထိ မမြဲမမြံ ချခိုင်းထားသည်။ ဤပုံကို ဗင်းဆင့်က "ကြေကွဲခြင်း" ဟု အမည်ပေးလိုက်သည်။

ယင်းရေးဆွဲလေ့လာမှုသည် သီတင်းတစ်ပတ်မျှ ကြာခဲ့သည်ဖြစ်ရာ သူ့တွင် လက်ကျန်ငွေ မရှိတော့သည့်အခြေအနေသို့ ဆိုက်ရောက်သွားခဲ့၏။ မတ်လ တစ်ရက်နေ့ရောက်ရန် ဆယ်ရက်တိတိလိုသေး၏။ အိမ်ထဲတွင်ကျန်နေသည့် ပေါင်မုန့်မှာ နှစ်ရက်သုံးရက်စာမျှသာရှိတော့သည်။ ကိုယ်ဟန်ပြန့်ရေးဆွဲသည့်အလုပ်ကို သူရပ်မထား၍ မဖြစ်တော့. . ။

"လဆန်းတစ်ရက်နေ့အထိတော့ ကိုယ်မင့်ကို ဆက်ပြီး ငှားနိုင်ဦးမှာ မဟုတ်ဘူး" ဟု ဗင်းဆင့်ကပြောသည်။

"ဘာဖြစ်လို့လဲ"

"ကိုယ့်မှာ ငွေမရှိတော့ဘူး"

"ကျွန်မကို ပေးစရာ မရှိတော့ဘူးလို့ ဆိုချင်တာလား"

"ဟုတ်တယ်"

"ကိစ္စမရှိပါဘူး၊ ကျွန်မမှာ တခြားလုပ်စရာအလုပ်လဲ ဘာမှမရှိဘူး။ ဒီကိုပဲ လာရမှာပဲ"

"ဒါပေမယ့် မင့်မှာ လုပ်အားခငွေတော့ မရလို့ ဘယ်ဖြစ်မလဲ"

"ကိစ္စမရှိဘူး။ နည်းနည်းပါးပါးတော့ ရနိုင်ပါတယ်"

"မင်း ဒီမှာလာပြီး တစ်နေကုန်နေရင် အဝတ်မလျှော်နိုင်တော့ဘူး။ အဲဒီတော့ ဝင်ငွေ ဘယ်ရှိတော့မလဲ"

"အင်း. . . ပါ။ မပူပါနဲ့. . ။ ရတာကတော့ ရမှာပါ"

ဗင်းဆင့်သည် သူထံ၌ ရှိနေသည့် ပေါင်မုန့်များ ကုန်သွားသောနေ့အထိ သုံးရက်တိတိ ခရစ္စတင်းအား လာခွင့်ပြုထားသည်။ ကျန်ရက်များတွင်မူ လာခွင့်မပြုတော့ပေ။ လဆန်းတစ်ရက်နေ့ရောက်ဖို့မှာ တစ်ပတ်တိတိမျှ လိုနေသေးသည် မဟုတ်ပါလော. . ။

သူသည် ခရစ္စတင်းအား အမ်စတာဒမ်မြို့ရှိ သူဋ္ဌေးလေးထံ အလည်သွား ဦးမည်ဖြစ်ကြောင်း သူဋ္ဌေးလေးထံမှ ပြန်ရောက်လျှင်ရောက်ချင်း ခရစ္စတင်း၏ အိမ်သို့ လာခဲ့မည်ဖြစ်ကြောင်း ပြောပြသည်။ ထို့နောက် သုံးရက်တိတိ စတူဒီယို ထဲ၌ ပုံတချို့ကို ကော်ပီကူးဆွဲရင်း အချိန်ကုန်သည်။ စားစရာ ဘာမှမရှိသဖြင့် ရေကိုသာ တဝတပြဲ သောက်၍ ပုံများကို ဆွဲသည်။ တတိယနေ့တွင်မူ သူသည် အလုပ်ကို ခေတ္တမျှရပ်၍ ဒီဘော့ထံသွားသည်။ လက်ဖက်ရည်နှင့် မုန့်လောက်တော့ စားရလိမ့်မည်ဟူသော မျှော်လင့်ချက်နှင့်သွားခြင်း။

"ဟာယ်လို"

ပန်းချီကားတစ်ကားရပ်၍ ဆွဲနေသော ဒီဘော့က သူ့အား ဆီးကြိုနှုတ်ဆက်သည်။ "ထိုင်ကွာ. . ၊ ကိုယ်တော့ ညစာစားချိန်အထိ အလုပ်လုပ်လိုက်ဦးမယ်၊ စားပွဲပေါ်မှာ မဂ္ဂဇင်းတွေရှိတယ်။ အပျင်းပြေ ဖတ်နေပေါ့"

ဒီဘော့ထံမှ လက်ဖက်ရည်အကြောင်း ဘာမှ ပြောသံမကြားရပေ။

သူ မောဗီးထံသွားလျှင် မောဗီးက အတွေ့ခံလိမ့်မည်မဟုတ်။ ဂျက်ထံမှတောင်းရ၍ စားရသောက်ရမည်ကိုလည်း သူရွက်နေသည်။ တာစတိထံသွား၍လက်ဖြန့်ခံဖို့မှာလည်း လုံးဝမဖြစ်နိုင်။ တာစတိထံ အကူအညီတောင်း

ခြင်းထက် အငတ်ခံ၍ သေရခြင်းက ပိုကောင်းလိမ့်မည်ဟု သူယူဆသည်။ တာစတိသည် မောဇီးထံသွား၍ မိမိအား အထင်အမြင်သေးသည့်စကားများ ပြောထားခဲ့သည် မဟုတ်ပါလား။ ။

သူသည် ငတ်မွတ်ခြင်းဒဏ်ကြောင့် အိပ်ရာထဲမှ မထွက်။ အချိန်ရှိသမျှ အိပ်ရာပေါ်၌ လဲကာ ရောက်တတ်ရာရာများကို တွေးသည်။ စိတ်ထဲက မဖြစ်နိုင်မှန်းသိနေပါလျက်နှင့် လမကုန်မီ သီအိုထံမှ ငွေ ရောက်လာလိမ့်မည်ဟု မျှော်လင့်နေမိ၏။ အမှန်တော့ သီအိုသည် သူ့လစာကို လဆန်းတစ်ရက်နေ့ မရောက်မချင်း ရလိမ့်မည်မဟုတ်။

ငါးရက်မြောက်နေ့ မွန်းလွဲပိုင်းတွင် ခရစ္စတင်းသည် တံခါးကိုပင် မခေါက်တော့ပဲ ဝင်လာသည်။ ဗင်းဆင့်သည် အိပ်ပျော်လျက်ရှိ၏။ ခရစ္စတင်းသည် အိပ်ရာဘေးမှရပ်ကာ ဗင်းဆင့်အား ငုံ့ကြည့်နေသည်။ နဖူးထက်မှ တွန့်နေသည့် အရေးအကြောင်းများ၊ ဖြူရော်ရော် ဖျော့တော့တော့ ဖြစ်နေသည့် အသားအရည်။ ခြောက်သွေ့နေသော နှုတ်ခမ်းများ။ သူသည် ဗင်းဆင့်၏ နဖူးထက်သို့ လက်တစ်ဖက် အသာအယာတင်၍ စမ်းကြည့်သည်။ ကိုယ်တွေ ပူနေပါပကောလား။ သူသည် စင်ရှိရာသို့သွား၍ ရှာဖွေသည်။ ပေါင်မုန့်မရှိ။ ဘီစကွတ်မရှိ။ ကော်ဖီမရှိ။ စားသောက်စရာဟူ၍ ဘာတစ်ခုမှမရှိ။ သူသည် အပြင်သို့ ထွက်ခဲ့လေ၏။

နောက်တစ်နာရီခန့်အကြာတွင် အက်တင်ရှိ အမွေမီးဖိုခန်းထဲ၌ ပဲပြုတ်များ စားနေသည်ဟု အိပ်မက် မက်နေသော ဗင်းဆင့်သည် အိပ်မောကျနေရာမှ လန့်နိုးလာသည်။ မီးဖိုအနီး၌ အိုးခွက်များဖြင့် အလုပ်ရှုတ်နေသော ခရစ္စတင်းကို မြင်သည်။

"ခရစ္စတင်း"

သူ့ခေါ်သံကြောင့် ခရစ္စတင်းသည် သူ့အနီးသို့ ရောက်လာသည်။ သူ၏ အေးစက်နေသော လက်ဖဝါးသည် ဗင်းဆင့်၏ ပါးတစ်ဖက်ကို လာရောက်ထိတွေ့သည်။ မီးတမျှ ပူလောင်နေပြီဖြစ်၏။

"မာနမကြီးပါနဲ့တော့" ဟု ခရစ္စတင်းကပြောသည်။ "နောက်ထပ်လဲလိမ်ညာပြီး မပြောပါနဲ့တော့။ ကျွန်မတို့ ဆင်းရဲတာဟာ ကျွန်မတို့ရဲ့အပြစ်မဟုတ်ပါဘူး။ ဆင်းရဲတော့လဲ ကျွန်မတို့အချင်းချင်း ကူညီကြရမှာပေါ့။ ရှင်မှတ် မိတယ်မဟုတ်လား။ ရှင်နဲ့ကျွန်မ အရက်ဆိုင်ထဲမှာ စတွေ့ကြတုန်းက ရှင် ကျွန်မကို ကူညီခဲ့တာလေ"

"ခရစ္စတင်းရယ်"

"ရှင် မထနဲ့။ အိပ်ရာပေါ်မှာပဲ လဲနေ။ ကျွန်မ အိမ်ပြန်ပြီး အာလူးနဲ့ပဲ နည်းနည်း သွားယူလိုက်ဦးမယ်"

ပြန်ရောက်လာသည့်အခါ ခရစ္စတင်းသည် အာလူးပြုတ်များကို ပန်းကန်ပြားတစ်ချပ်တွင်ထည့်၍ ချေသည်။ ပဲစိမ်းပြုတ်များကိုဘေးနားမှ ပုံသည်။ ထို့နောက်ဗင်းဆင့်၏ ကုတင်ပေါ်ဝင်ထိုင်ကာဗင်းဆင့်အား ဇွန်းဖြင့်ခွံ့ကျွေးသည်။

"ရှင့်လက်ထဲမှာ ငွေများများစားစားမရှိပဲနဲ့ ဘာပြုလို့ ကျွန်မကို နေ့တိုင်း ငွေပေးခဲ့တာလဲ။ အခုလို ရှင့်မှာ စားစရာမရှိဖြစ်တဲ့အခါကျတော့ စိတ်မကောင်းဖြစ်ရတာပေါ့"

ဗင်းဆင့်သည် သီအိုထံမှ ငွေမရောက်မချင်း ကြိတ်မှတ်ပြီး နေနိုင်စွမ်းရှိသည်။ နောက်ထပ် ကြာချင်သလောက် ကြာပါစေ။ သူ အောင့်အီးသည်းခံ၍ နေနိုင်ပါ၏။ သို့သော်လည်း မမျှော်လင့်သော သနားစရာတစ်ခုခုနှင့် ကြုံလာရသည့်အခါတွင်မူကား သူစိတ်ကိုသူ ချုပ်တီးနိုင်စွမ်းမရှိတော့ချေ။

သူသည် တာစတီနှင့် သွားတွေ့မည်ဟု ဆုံးဖြတ်လိုက်သည်။ ခရစ္စတင်းက သူ့ရှပ်အင်္ကျီကို လျှော်ဖွတ်ပေးသည်။ မီးပူမရှိ၍ မီးပူတိုက်မပေးနိုင်သဖြင့် သူ့ရှပ်အင်္ကျီသည် လူမြင်၍မကောင်းအောင်ပင် တွန့်လိပ်ကျမွလျက်ရှိသည်။

နောက်နေ့မနက်တွင် စောစောစီးစီး အိပ်ရာမှ ထကာ ခရစ္စတင်း စီမံပေးသော ဖြစ်ကတတ်ဆန်း မနက်စာကိုစားပြီး ဂေါပစ်လ်ပန်းချီအရောင်းဆိုင်ရှိရာ မြို့ထဲဘက်သို့ ထွက်လာခဲ့သည်။ ရှူးဖိနပ်တစ်ဖက်မှ သံခွာသည် ပြုတ်ထွက်နေပြီဖြစ်၍ လမ်းလျှောက်ရသည်မှာ အဆင်မပြေလှ။ သူ့ဘောင်းဘီရှည်မှာ အပေါက်အပြဲတွေ့ ဗလပွနှင့် ပေရေညစ်ပတ်နေသည်။ သီအိုပေးထားသည့် ကုတ်အင်္ကျီမှာလည်း အရောင်အဆင်းမရှိတော့အောင်ပင် ဟောင်းနွမ်းလျက်ရှိပြီ။ သူ့လည်ပင်းၭီ တပ်ဆင်ထားသည့် နက်တိုင် မွဲချောက်ချောက်မှာလည်း ပုံပျက်ပန်းပျက်။

သူသည် ရိုင်းမီးရထားသံလမ်းဘေးအတိုင်း တောအုပ်အစပ်နှင့် ဘူတာရုံဘက်ကပ်၍ လျှောက်လာခဲ့သည်။ မြို့ထဲသို့ သွားသော မီးရထားများသည် ဤဘူတာရုံမှ ထွက်ခွာကြသည် မဟုတ်ပါလား။ သူသည် ချိနဲ့နှေးကွေးသော ခြေလှမ်းများဖြင့် မြို့ဆီသို့ ဦးတည်ကာ ခပ်ဖြည်းဖြည်း လျှောက်လာခဲ့၏။ ဖျားနာပြီးစ အားအင်ချိနဲ့နေချိန်ဖြစ်သဖြင့် ခပ်ဖျော့ဖျော့ နေရောင်ခြည်ဒဏ်ကိုပင် သူ မခံနိုင်။

ပလိန်းလမ်းဘက်မှ အဖြတ်တွင် သူသည် လမ်းဘေးဆိုင်တစ်ဆိုင်၏ မှန်ပြတင်းပေါက်၌ ထင်ဟပ်နေသည့် သူ့ရုပ်လွှာကို ပြန်ကြည့်မိသည်။ သူသည် ညစ်ပတ်ပေရေနေသော မသပ်မယပ် နှိုင်လွန်းလှသော ကလေကချေ လူလေလူလွင့်တစ်ယောက်နှင့် တူလှချေသည်။

ဂေါပစ်လ်ပန်းချီအရောင်းဆိုင်သည် မြို့လယ်ခေါင် လူအလွန်စည်ကားသော လမ်းကျယ်ကြီးသုံးလမ်းဆုံရာ တြိဂံလမ်းဆုံနယ်မြေအတွင်း၌ တည်ရှိခြင်းဖြစ်၍ ငွေကြေးအချမ်းသာဆုံးသော ကုမ္ပဏီများသာလျှင် ဆိုင်ဖွင့်နိုင်သောနေရာဖြစ်သည်။ စုတ်စုတ်ပြတ်ပြတ်ရှိလွန်းလှသော ဗင်းဆင့်သည် ထိုနေရာအတွင်းသို့ ဝင်ရန်ပင် မဝံ့မရဲ ဖြစ်လျက်ရှိသည်။

သူဝင်ရောက်သွားချိန်တွင် ဂေါပစ်လ်ဆိုင်မှ အရောင်းစာရေးများသည် ဖုန်များ သုတ်နေကြဆဲ။ သူတို့သည် ဗင်းဆင့်အား လူထူးလူဆန်းတစ်ယောက် သဖွယ် ဝိုင်းအုံပြီး ကြည့်နေကြသည်။ ဤလူ၏ ဘိုးဘွားနွယ်ဝင် မျိုးရိုးစဉ်ဆက်များသည် ဥရောပတိုက်တစ်လွှားရှိ ပန်းချီရောင်းဝယ်ရေး လုပ်ငန်းလောကကို လွှမ်းမိုး ခြယ်လှယ်နေကြသူများဖြစ်၏။ သို့ပါလျက်နှင့် ဤလူသည် ဘာ့ကြောင့် ဤမျှ လောက် အစုတ်စုတ်အပြတ်ပြတ် ဖြစ်နေရပါသနည်း။

တာစတိသည် အပေါ်ထပ်ရုံးခန်းထဲရှိ စားပွဲ၌ ရောက်နေပြီ။ သူသည် စာအိတ်ဖွင့်သည့် ဓားလေးတစ်ချောင်းဖြင့် စာအိတ်များကိုဖွင့်၍ စာများကို ဖတ်ရှုနေသည်။ သူသည် အခန်းထဲသို့ ဝင်လာသော ဗင်းဆင့်ကို ချက်ခြင်း သတိပြုမိသည်။ ဗင်းဆင့်၏ မျက်နှာနှင့် ခေါင်းသည် အရုပ်ဆိုးသလား၊ လှသလား။ သူခဲခြား၍မရသည့်အဖြစ်ကို တွေးနေမိသည်။

"ဒီနေ့မနက် ဒီဆိုင်ထဲကို ပထမဆုံးရောက်လာတဲ့ ဖောက်သည်ကတော့ မင်းပဲ ဗင်းဆင့်" ဟု တာစတိက ပြောသည်။ "မင့်အတွက် ငါ ဘာလုပ်ပေးရမလဲ"

ဗင်းဆင့်က သူ၏ ဆိုးဝါးသော အခြေအနေကို ရှင်းပြသည်။

"မင်းရဲ့ လစဉ်ထောက်ပံ့ငွေကို ဘာလုပ်ပစ်သလဲ"

"ကျွန်တော်သုံးတာပဲ"

"မင့်ရဲ့ အမြော်အမြင်မရှိမှုကြောင့် ပြဿနာဖြစ်လာတိုင်း ငါက ကူညီသမှု ပြုလိမ့်မယ်လို့တော့ မျှော်လင့်လို့မဖြစ်ဘူး။ လတိုင်း လတိုင်း တစ်လမှာ ရက်ပေါင်းသုံးဆယ်ရှိတယ်။ တစ်နေ့ ဘယ်လောက် သုံးမယ်ဆိုတာ သတ်မှတ်ပြီး သုံးပေါ့။ သတ်မှတ်ထားတာထက် ပိုမသုံးနဲ့ပေါ့"

"ကျွန်တော် အမြော်အမြင်နည်းတာမဟုတ်ဘူး။ ရတဲ့ငွေကို ကိုယ်ဟန်

ပြအတွက် အများဆုံး သုံးနေတာပါ”

“ဒီလိုဆို မဌားနဲ့ပေါ့။ စျေးပေါပေါရတာ ရှာကြံပြီး လုပ်ပေါ့”

“ကိုယ်ဟန်ပြမရှိပဲ ပန်းချီဆွဲတာဟာ လူပုံဆွဲတဲ့နေရာမှာ ပန်းချီဆရာရဲ့ လက်ကို ပျက်စေနိုင်တယ်လို့ ဆိုကြတယ်”

“ဒါဆိုရင် လူပုံတွေ မဆွဲနဲ့ပေါ့၊ နွားမတွေနဲ့ သိုးတွေ အများကြီး ရှိနေတာပဲ”

“နွားမတွေနဲ့ သိုးတွေကို ဆွဲချင်စိတ်မှမရှိပဲ ကျွန်တော် မဆွဲနိုင်ဘူး”

“မင့်အနေနဲ့ လူပုံတွေ မဆွဲသင့်ဘူးလို့ ငါကတော့ ထင်တယ်။ လူပုံပန်းချီကားတွေကို ရောင်းလို့မှမရတာ။ မင့်အနေနဲ့ ရေဆေးပန်းချီပုံတွေကလွဲပြီး တခြားပုံတွေ မဆွဲသင့်ပါဘူးကွာ”

“ရေဆေးက ကျွန်တော့်လိုင်း မဟုတ်ပါဘူး”

“မင်းဆွဲနေတဲ့ ပုံတွေက မူးယစ်ထုံထိုင်းစေတဲ့ အမျိုးအစားတွေချည်းပဲ။ မင်းကတော့ ကြည့်တဲ့လူတွေ ဝေဒနာမခံစားရအောင် ဆွဲထားတာပဲ။ ဒါပေမယ့် အဲဒီဝေဒနာကပဲ မင့်ကို ရေဆေးမဆွဲနိုင်အောင် လုပ်ထားတာ”

အခန်းထဲတွင် တိတ်ဆိတ်ငြိမ်သက်သွားသည်။ ဗင်းဆင့်သည် တာစတီ ပြောလိုက်သည့် စကားအတွက် အဖြေရှာသည်။ ပြေလည်သွားစေနိုင်မည့် အဖြေကိုရှာမရချေ။

“ဒီဘော့ဟာ ကိုယ်ဟန်ပြမသုံးဘူး။ အခု သူ ချမ်းသာနေတာပဲ။ သူ့ပန်းချီကားတွေဟာ သိပ်ကို ထူးခြားပြောင်မြောက်ပါတယ်လို့ပြောရင် မင်း လက်ခံမှာပါ။ သူ့ကားတွေရဲ့ စျေးကလဲ တဖြည်းဖြည်းချင်း တက်နေတာ မင်းအသိပဲ။ သူ့ကို အတုယူပြီး ဆွဲထားတဲ့ ပန်းချီကားမျိုးတွေ မင်းဆီက ထွက်လာလိမ့်မယ်လို့ ငါကမျှော်လင့်ထားတာ။ ဒါပေမယ့် လုံးဝထွက်မလာဘူး။ ငါ အတော့် ကိုစိတ်မကောင်းဖြစ်ရတယ်။ မင့်လက်ရာတွေက အခုထက်ထိ မဟန်သေးဘူး။ အပျော်တမ်းရေးဆွဲထားတဲ့အဆင့်ကကို တက်မလာသေးဘူး။ ငါ့စိတ်ထဲမှာ သေချာနေတာ တစ်ခုရှိတယ်။ မင်းဟာ ပန်းချီဆရာ မဖြစ်နိုင်ဘူး”

ငါးရက်ကြာမျှ အစားအစာ ဝဝလင်လင် မစားခဲ့ရခြင်းကြောင့် အားအင်ကုန်ခန်းနေသော ဗင်းဆင့်သည် တာစတီ၏ စကားကြားရသည့်အခါ အားပြတ်သလို ဖြစ်သွားသည်။ နီးရာကုလားထိုင်ပေါ် သို့ အရုပ်ကြိုးပြတ် ထိုင်ချလိုက်သည်။ သူသည် ရုတ်တရက် စကားမပြောနိုင်။ ပြောစရာစကားလည်း ရှာမရ။

"ကျွန်တော့်ကို ဘာ့ကြောင့် ဒီစကားမျိုး ပြောရတာလဲ" ဟု ဗင်းဆင့်က မေးသည်။

တာစတီသည် လက်ကိုင်ပဝါထုတ်ကာ မျက်နှာကို သုတ်နေသည်။ "ဘာ့ကြောင့် ပြောရသလဲဆိုတော့ ငါဟာ မင်းနဲ့ရော မင့်ဆွေမျိုးသားချင်း မိသားစုတွေနဲ့ပါ ဆက်စပ်ပတ်သက်နေတဲ့အတွက်ပဲ။ မင့်အနေနဲ့ အမှန်ကို သိသင့်တယ်လို့ ငါထင်တယ်။ အခုထိတော့ မင့်ကိုယ်မင်း ကယ်တင်ဖို့ အချိန် ရှိနေသေးတယ်လို့ ငါယူဆတယ် ဗင်းဆင့်။ မင့်အနေနဲ့ လက်မြန်ခြေမြန်လုပ်ဖို့ တော့ လိုလိမ့်မယ်။ မင်းဟာ ပန်းချီဆရာမဖြစ်နိုင်ပါဘူး။ မင့်ဘဝအတွက် အသင့် တော်ဆုံးအလုပ်တစ်ခုကို အချိန်မီ ရှာသင့်တယ်။ ပန်းချီဆရာတွေအပေါ်မှာ ငါပေးတဲ့ ထင်မြင်ချက်ဟာ အလွန်လွဲခဲပါတယ်"

"ကျွန်တော်သိပါတယ်"

"ငါယူဆတာကတော့ မင်း ပန်းချီဆွဲတာ သိပ်နောက်ကျတယ်။ သူငယ် ဘဝလောက်က စဆွဲခဲ့တယ်ဆိုရင်တော့ အခုလောက်ဆို မင့်လက်ရာတချို့ဟာ တိုးတက်နေပြီပေါ့။ ဒါပေမယ့် မင့်အသက်က သုံးဆယ်ရှိနေပြီ။ ဒီအချိန်မှာ အောင်မြင်နေသင့်ပြီ။ မင့်မှာ အစွမ်းအစမရှိပဲနဲ့ အောင်မြင်ဖို့ဆိုတာ မျှော်လင့်လို့ ရပါ့မလား။ ပြီးတော့ ပိုဆိုးတာက အခုချိန်ထိ မင်း သီအိုဆီက လက်ဖြန့်နေတဲ့ ကိစ္စပဲ"

"တစ်ခါတုန်းက ကျွန်တော့်ကို မောဗီးက ပြောဖူးတယ်။ 'မင်း ပုံဆွဲရင် ပန်းချီဆရာဖြစ်လာမှာပဲ' တဲ့"

"မောဗီးက မင်းနဲ့ ညီအစ်ကိုဝမ်းကွဲတော်တယ်။ မင့်ကို သနားတော့ ဒီစကားပြောမှာပေါ့။ ငါကတော့ မင့်မိတ်ဆွေမဟုတ်လား။ ငါပြောတာ ယုံပါ။ ငါ့ရဲ့ ကရုဏာက ပိုပြီးကောင်းတဲ့ကရုဏာပါ။ မင့်ဘဝတစ်ခုလုံး ပြုပျက်မသွားခင် အချိန်မီ ပြင်စေချင်တယ်။ မင်းနဲ့ အသင့်တော်ဆုံးအလုပ်တွေ့လို့ အောင်မြင် မှုရသွားတဲ့အခါမှာ မင်း ငါ့ဆီကိုပြန်လာပြီး ကျေးဇူးတင်စကားပြောမှာ သေချာပါ တယ်"

"မစ္စတာ တာစတီ၊ ကျွန်တော့်အိတ်ထဲမှာ ဆင့်ပြားတစ်ပြားတောင်မှ မရှိတော့လို့ အစားမစားရတာ ငါးရက်တောင် ရှိသွားပါပြီ။ ကျွန်တော့်အနေနဲ့ ကျွန်တော့်အတွက်သာဆိုရင်တော့ ခင်ဗျားဆီလာပြီး ငွေကြေးအကူအညီ တောင်းဖို့ စိတ်မကူးပါဘူး။ ကျွန်တော့်ဆီမှာ ကိုယ်ဟန်ပြမယ်တစ်ယောက် ရှိပါတယ်။ အင်မတန်မှ ဆင်းရဲတဲ့ မိန်းမတစ်ယောက်ပါ။ ကျွန်တော် သူ့ကို ပေးစရာရှိတဲ့

ငွေ မပေးနိုင်ပဲ ဖြစ်နေပါတယ်။ သူမှာက လောလောဆယ် ငွေလိုနေပါတယ်။ ဒါကြောင့်မို့ ကျွန်တော့်ကို ဖရန့်စ် တစ်ဆယ်တော့ ချေးပါ။ သီအိုဆီက ငွေရောက်လာရင် ပြန်ပေးပါမယ်”

တာစတီသည် ထိုင်ရာမှထကာ ပြတင်းပေါက်ဆီသို့ လျှောက်သွားပြီး အပြင်ဘက် ရေကန်ထဲမှ ငန်းများကို ကြည့်နေသည်။ တကယ်တော့ ဗင်းဆင့်၏ ဦးလေး ဦးကြီးများသည် အမ်စတာဒမ်၊ ရော့တာဒမ်၊ ဘရပ်ဆဲလ်နှင့် ပါရီမြို့များရှိ ပန်းချီကား အရောင်းဆိုင်ကြီးများကို ပိုင်ဆိုင်နေကြသူများဖြစ်၏။ ဗင်းဆင့်သည် ဘာ့ကြောင့် ထိုမြို့များသို့ မသွားပဲ ဟော်မြို့သို့လာ၍ အခြေချရန် အားထုတ်ရပါသနည်း။ သူသည် ဗင်းဆင့်၏ စိတ်ကူးအပေါ်တွင် အံ့သြမဆုံး ဖြစ်နေမိလေသည်။

“တကယ်လို့ ငါက အခု မင့်ကို ဖရန့်စ် တစ်ဆယ် ချေးလိုက်ရင် ကျေးဇူးပြုတာလို့ မင်း ယူဆမယ်ဆိုပါတော့။ ဟုတ်လား”ဟု တာစတီက နောက်လှည့်မကြည့်ပဲ မေးသည်။ “ဒါပေမယ့် မင်းချေးတဲ့ငွေကို မပေးနိုင်ဘူးလို့ ငြင်းပယ်တာဟာလဲ ကျေးဇူးမပြုတဲ့ အရာတစ်ခုလို့ ငါကတော့ မယူဆဘူး၊ အဲသလိုဆိုရင်ကော မင်း ဘယ်လိုပြောမလဲ”

ဗင်းဆင့်သည် ခရစ္စတင်း ယူလာသည့် အာလူးနှင့် ပဲပြုတ်ကိုသတိရသည်။ ခရစ္စတင်းသည် ယင်းအစားအစာများဝယ်ဖို့အတွက် ငွေ ဘယ်လိုရှာဖွေခဲ့သနည်း။ သူ ငတ်ပြတ်နေသည်ကို မကြည့်ရက်သဖြင့် သူ့အား ဆက်လက် ထောက်ပံ့နေခြင်းကို ဆက်လက်ခွင့်ပြုထားသင့်ပါသလား။

“ခင်ဗျားပြောတာ မှန်ပါတယ်၊ မစ္စတာ တာစတီ။ ကျွန်တော့်မှာ ပန်းချီဆရာဖြစ်နိုင်မယ့် အစွမ်းအစ လုံးဝမရှိပါဘူး။ ကျွန်တော့်ကို ပန်းချီဆရာဖြစ်လာအောင် ငွေကြေးကူညီတဲ့သဘောဆိုရင် မစ္စတာ တာစတီအနေနဲ့ မလိမ္မာရာကျမှာပေါ့။ ဒါကို ကျွန်တော် နားလည်ပါတယ်။ လောလောဆယ်တော့ ကျွန်တော်တို့ ခင်မင်ရင်းနှီးမှုကို ထောက်ထားပြီး ဆယ်ဖရန့်စ်တော့ ချေးပါဦးလို့ မေတ္တာရပ်ခံပါတယ်”

တာစတီသည် အင်္ကျီအိတ်ထဲမှ ပိုက်ဆံအိတ်ကို ထုတ်သည်။ အိတ်ထဲမှ ဖရန့်စ်တစ်ဆယ်တန်တစ်ရွက်ကို ယူ၍ ဗင်းဆင့်အား လှမ်းပေးသည်။

“ကျေးဇူးတင်ပါတယ်” ဟု ဗင်းဆင့်က ရေရွတ်သည်။

အိမ်အပြန်လမ်းတွင် အုတ်တိုက်ပုပုကလေးများကြားရှိ သပ်ယပ်သန့်ရှင်းသော လမ်းများအတိုင်း လျှောက်လာနေသော ဗင်းဆင့်သည် သူ့ကိုယ်သူ

စိတ်ထဲမှ ကြိတ်၍ စကားပြောလာနေသည်။ "လူတစ်ယောက်အဖို့ အမြဲတန်း မိတ်ဆွေဆိုတာ မရှိနိုင်ဘူး။ တစ်ခါတလေ မိတ်ဆွေချင်းလဲ ရန်ဖြစ်ကြမှာပဲ။ ဘာပဲဖြစ်ဖြစ် နောက်ခြောက်လတိတိတော့ ငါ တာစတိကို သွားမတွေ့တော့ဘူး။ စကားလဲ မပြောတော့ဘူး။ ငါ့ ပန်းချီကားတွေကိုလဲ မပြတော့ဘူး"

သူသည် လမ်းတွင် ဒီဘော့ထံဝင်သည်။ ရောင်းတန်းပန်းချီကားများကို ကြည့်ရှုစူးစမ်းလို၍ ဝင်ခြင်းဖြစ်၏။ သို့သော်လည်း ဒီဘော့ထံတွင် လက်စသပ်ပြီးကား တစ်ကားမှမရှိ။ သူရောက်သွားချိန်တွင် ဒီဘော့သည် ခြေနှစ်ဖက်ကို ကုလားထိုင်တစ်လုံးပေါ် လှမ်းတင်ကာ အင်္ဂလိပ်ဝတ္ထုတစ်ပုဒ်ကို ဖတ်နေသည်။

"ဟယ်လို. . ဗင်းဆင့်" ဟု ဆီးကြိုနှုတ်ဆက်သည်။ "ကိုယ်လဲစိတ်မာတ်ကျနေတယ်။ ဘာပုံမှ မဆွဲနိုင်ဘူး။ ကုလားထိုင်တစ်လုံး သွားဆွဲပြီး ဒီမှာ လာထိုင်။ ကိုယ့်ကို စိတ်မာတ်ပြန်တက်လာအောင် လုပ်ပေးစမ်းပါဦး"

"ကျွန်တော်လာတာက ခင်ဗျားရဲ့ ကားတချို့ကို ကြည့်ချင်လို့ လာတာ။ ခင်ဗျားရဲ့ကားတွေကျတော့ ရောင်းရပြီး ကျွန်တော့်ကားတွေကျတော့ မရောင်းရဘူး။ အဲဒါ ဘာဖြစ်လို့လဲဆိုတာ လေ့လာကြည့်ချင်လို့"

"ဒီကိစ္စက ရှင်းပါတယ်။ သူငယ်ချင်းရယ်။ အစွမ်းအစပေါ့" ဟု ပြောကာ ဒီဘော့သည် ပျင်းရိလေးကန်စွာဖြင့် မတ်တပ်ထရပ်သည်။ "ဒါကျတော့ ပါရမီပဲ ငါ့လူရ။ မင့်မှာ ပါရမီ ပါလာသလား၊ မပါလာဘူးလား၊ အဲဒီအပေါ်မှာပဲ ကွာခြားမှုပြလာတာ။ ကိုယ့်ကိုယ်ကို ဘယ်နေရာမှာ ဘယ်လိုတော်နေသလဲ ဆိုတာတော့ ပြောမပြတတ်ဘူး။ ကိုယ့်စိတ်ထဲရှိသလို ဆွဲလိုက်တာပဲ"

ပြောပြောဆိုဆို ဒီဘော့က သူ့လက်ရာ ပန်းချီကားတချို့ကို ဆွဲယူလာပြီး ပြသည်။ သူ့ပန်းချီကားများအကြောင်းကို အမွှမ်းတင်၍ ပြောနေသည်။ ဗင်းဆင့်သည် ပန်းချီကားအားလုံးကို စေ့စပ်စွာ ကြည့်သည်။ ဆေးရောင်ယူထားပုံနှင့် ဆွဲထားပုံများကလည်း ခပ်ပါးပါး. . . ။ ခံစားမှုဟူ၍လည်းမပါ။

"ငါ့ပုံတွေ ပိုကောင်းတာပဲ" ဟု ဗင်းဆင့်က သူ့ကိုယ်သူ စိတ်ထဲမှ ပြောသည်။ "ငါ့ကားတွေက ပိုပြီး စစ်မှန်တယ်။ ပိုပြီး လေးနက်တယ်။ ငါက လက်သမားသုံး ခဲတံတစ်ချောင်းထဲနဲ့ ပြတာ၊ သူက ရေဆေးတွေ အများကြီး သုံးပြီး ပြောထားတာ။ ဒါတောင်မှ ငါပြတာက သူပြတာထက် ပိုပြီး ထိရောက်မှု ရှိတယ်။ ပိုပြီး အားသာတယ်။ ပိုပြီး နက်ရှိုင်းတယ်။ သူဖော်ပြချင်တာကို ထင်းကနဲ မြင်အောင်တော့ ပြနိုင်ပါရဲ့။ ဒါပေမယ့် အားလုံး စေ့စေ့စပ်စပ် ကြည့်လိုက်တော့ သူကားထဲမှာ သူဘာမှပြောထားတာ မတွေ့ရဘူး။ အဲသလို ဖြစ်ပါ လျက်နဲ့ဘာပြု

လို့ သူတို့က သူကားတွေ ချိုးကျူးပြီး ငွေပေးနေကြတာလဲ။ ငါကား တွေကျတော့ အညံ့စားပေါင်မုန့်နဲ့ ကော်ဖီဝယ်ဖို့လောက်တောင် စျေးမပေးကြဘူး"

ဒီဘော့ထံမှ ပြန်လည်ထွက်ခွာလာခဲ့သော ဗင်းဆင့်သည် ဘဝင်မကျ ဖြစ်လာသည်။ "ဒီဘော့နဲ့ပတ်သက်လို့ကတော့ စိတ်ပျက်စရာပဲ။ မဖြောင့်မမှန်တဲ့ ဘဘောတွေလဲ ရှိနေတယ်" ဟု တွေးမိသည်။ ထို့နောက် "ဒါပေါ့လေသူလဲ သူညို့ကွက်နဲ့သူ ငွေရအောင် လုပ်နိုင်တာပေါ့။ ငါကတော့ စစ်မှန်မှုနဲ့ ခက်ခဲမှုဆိုတဲ့ ဘဝလမ်းခရီးကိုပဲ လျှောက်ရမှာပဲ။ ဒီလမ်းဟာလဲ လူတစ်ယောက်ကို အသက်ဆုံးသည်အထိ ပျက်သုဉ်းသွားစေမယ့်လမ်းတော့ မဟုတ်ပါဘူး" ဟုလည်းရေရွတ်မိလေသည်။

အိမ်ပြန်ရောက်သည့်အခါ ခရစ္စတင်းသည် စတူဒီယိုခန်း ကြမ်းပြင်အားရေစိုအဝတ်ဖြင့် ကြမ်းတိုက်နေသည်ကိုတွေ့ရ၏။ ခရစ္စတင်းသည်ဆံပင်ကို စုစည်းပြီး အနက်ရောင်ပုဝါဖြင့် စည်းထားသည်။ သူမျက်နှာထက်မှ ချွေးသီးချွေးပေါက်များသည် အရောင်တလက်လက် ထွက်နေကြသည်။

"ရှင် ငွေရလာပြီလား" ဟု ခရစ္စတင်းက မေးသည်။

"ရလာတယ်၊ ဆယ်ဖရန့်"

"ရှင့်မှာ လူချမ်းသာ မိတ်ဆွေတွေလဲ ရှိသကိုး"

"ရှိတာပေါ့။ ရော့ . . ငါ မင့်ကို ပေးစရာရှိတဲ့ ခြောက်ဖရန့်"

ခရစ္စတင်းသည် ထိုင်ရာမှ ထရပ်ကာ ခါးစည်းအဝတ်ဖြင့် မျက်နှာမှ ချွေးများကို သုတ်လိုက်သည်။ "ရှင် အခု ကျွန်မကို တစ်ပြားမှ မပေးနဲ့ဦး" ဟု ပြောသည်။ "ရှင့်ညီဆီက ငွေရမှ ပေးပါ။ ရှင့်လက်ထဲမှာ လေးဖရန့်ပဲ ကျန်ရင် ဘယ်လိုလုပ်ပြီး သုံးမှာလဲ"

"ကိစ္စမရှိပါဘူး၊ ကိုယ်က နေလို့ရပါတယ်၊ မင့်မှာသာ ငွေက လိုမှာပါ"

"ရှင့်မှာလဲ လိုမှာပဲပေါ့။ ကျွန်မတို့နှစ်ဦးစလုံး အဆင်ပြေသွားအောင် ဒီလိုလုပ်ကြရင် မကောင်းဘူးလား။ ရှင့်ညီဆီက စာရောက်လာချိန်အထိ ကျွန်မ ဒီမှာနေမယ်။ အခုရလာတဲ့ ဆယ်ဖရန့်ကို နှစ်ယောက်ပိုင်အဖြစ် သတ်မှတ်ပြီး စားရေးမှာ သုံးကြမယ်။ ကျွန်မက ချွေတာပြီး သုံးသွားပေးမယ်"

"ကိုယ်ဟန်ပြဖို့အလုပ်ကကော။ အဲဒီအတွက် ကိုယ်က ငွေပေးနိုင်ဦးမှာ မဟုတ်ဘူး"

"ရှင်က ကျွန်မ အိပ်ဖို့နဲ့ စားဖို့ပေးပေါ့။ ဒါဆိုရင် လုံလောက်နေပြီပဲ။ ကျွန်မအဖို့ကတော့ နွေးနွေးထွေးထွေးရှိတဲ့ ဒီနေရာမှာ နေရရင် သိပ်ကို

အဆင်ပြေနေတာပဲ”

ဗင်းဆင့်သည် ခရစ္စတင်းအား သူ့လက်နှစ်ဖက်ဖြင့် တယုတယ ဖက်ပွေ့ထားမိသည်။ ခရစ္စတင်း၏ နဖူးထက်မှ ဝဲကျနေသော ဆံပင်များကိုလည်း အသာအယာ သပ်ပေးနေမိသည်။

“ခရစ္စတင်းရယ် တစ်ခါတလေ မင်းဟာ သိပ်ကို အံ့သြဖို့ကောင်းတဲ့ အလုပ်ကို လုပ်တတ်ပါလား။ မင်းလုပ်လိုက်တဲ့အတွက် ဘုရားသခင်ရှိတယ်ဆိုတဲ့ စကားကို ကိုယ် ယုံကြည်ရတော့မလို ဖြစ်သွားပြီ”

(၇)

နောက်တစ်ပတ်ခန့်အကြာတွင် ဗင်းဆင့်သည် မောဗီးထံသို့ အလည် ရောက်သွားသည်။ ဤတစ်ကြိမ်တွင် မောဗီးသည် သူ့အား ဝင်ခွင့်ပြုသော်လည်း သူ၏ ခြိမိနင်ဂျင်းပန်းခြံကားကို ဗင်းဆင့်မမြင်အောင် အဝတ်စတစ်စဖြင့် ကပျာ ကယာ ဖုံးအုပ်လိုက်သည်။

“ဘာကိစ္စရှိလို့လဲ” ဟု မောဗီးက မေးသည်။ သူတို့ချင်း နားလည်ထား သမျှကို မသိတော့သည့်အနေဖြင့် မေးလိုက်ခြင်းဖြစ်၏။

“ကျွန်တော် ရေဆေးပန်းခြံကားတခို့ ယူလာခဲ့ပါတယ်။ အခြံန်နည်း နည်းလောက်ပေးပြီး ကြည့်ပေးနိုင်မလားလို့ပါ”

မောဗီးသည် စုတ်တံများကို ဆေးကြောနေခိုက်ဖြစ်၏။ သူ မအိပ်သည် မှာ သုံးရက်မျှ ရှိခဲ့ပြီ။ စတူဒီယိုထဲရှိ နှစ်ယောက်ထိုင် ဆိုဖာပေါ်၌ ခဏတဖြုတ် မှေးခြင်းသည် သူ့စိတ်ကို ပေါ့ပါးအောင် စွမ်းဆောင်နိုင်သည်မဟုတ်။

“ကိုယ့်စိတ်က အမြဲတန်း ကြည်လင်ရွှင်လန်းနေတာ မဟုတ်ဘူး ဗင်းဆင့်၊ တစ်ခါတလေမှာ ငါဟာ သိပ်ကို ပင်ပန်းပြီး ဘာမှ မလုပ်ချင်ဘူး။ အဲဒီတော့ မင်းဖက်က စိတ်ရှည်လက်ရှည် စောင့်မှပေါ့”

“ကျွန်တော် တောင်းပန်ပါတယ် အစ်ကိုရယ်” ဟု ဗင်းဆင့်က တံခါး ဆီသို့ ပြန်လျှောက်သွားရင်း ပြန်ပြောသည်။ “ကျွန်တော် အစ်ကို့ကို စိတ် အနှောင့် အယှက်ဖြစ်အောင်လုပ်ဖို့ လာတာမဟုတ်ပါဘူး။ ကျွန်တော် မနက်ဖြန်ညနေခင်း လောက်ကျမှ ထပ်လာခဲ့မယ်”

မောဗီးသည် သူ့ပန်းခြံကားပေါ်မှအဝတ်ကို ဖယ်ချနေသဖြင့် ဗင်းဆင့်

ပြောနေသည့် စကားများကို မကြား. . . ။

နောက်တစ်နေ့ ညနေပိုင်း ဗင်းဆင့် ထပ်မံရောက်ရှိသွားသည့်အခါ မောဗီးထံ၌ ဝေဆင်ဘရုချ် ရောက်နေသည်ကို တွေ့ရ၏။ မောဗီးမှာ အဆမတန် အလုပ်လုပ်ထားသဖြင့် ပင်ပန်းနွမ်းနယ်လျက်ရှိသော်လည်း ဗင်းဆင့်ဝင်လာသည့် အခါ ဝမ်းပန်းတသာ ဆီးကြိုနှုတ်ဆက်သည်။

"ဒီမယ်. . . ဝေဆင်ဘရုချ်. . ။ ဟောဒီမှာ သူပုံ. . . " ဟု မောဗီးက ပြောသည်။ သူသည် ဗင်းဆင့်အားကြည့်ကာ ချက်ခြင်းပင် ကယ်ရီကေချာတစ်ပုံကို ဆွဲချလိုက်သည်။ အလွန် လက်ရာပြောင်မြောက်သည့် ကယ်ရီကေချာပုံဖြစ်၏။ သူသည် ဆွဲထားသည့်ပုံကို ဝေဆင်ဘရုချ်အား ပြရင်း "သူ စကားပြောတော့ ဒီလိုပြောတယ်" ဟု ဆိုကာ ဗင်းဆင့်၏အသံနှင့်တူအောင်လုပ်၍ စကားပြောသည်။ ဝေဆင်ဘရုချ်က တဟား. . . ဟား အော်ရယ်သည်။

"သိပ်ကို ကောင်းတဲ့ပုံပဲ" ဟု ဝေဆင်ဘရုချ်ကပြောသည်။ "ဟေ့ ဗင်းဆင့်၊ မင့်ရုပ်ကို တခြားလူတွေက မြင်တဲ့အတိုင်း ဆွဲထားတာကွ။ သိလား. . ။ မင်းဟာ အတော့်ကို လှတဲ့ ချောတဲ့ သတ္တဝါတစ်ကောင်ပါလား"

ဗင်းဆင့်သည် အံ့အားသင့်လျက်ရှိသည်။ သူသည် အခန်းထောင့်တစ်ထောင့်၌ ရပ်ကာ မောဗီးတို့အား လှမ်းကြည့်နေသည်။ "မိုးရွာနေတဲ့ ညတွေမှာ ခင်ဗျားတို့ကိုယ်တိုင် လန်ဒန်မြို့တွင်းက လမ်းတွေပေါ်မှာ လျှောက်သွားကြည့်ပေါ့။ ဒါမှမဟုတ်လဲ သိပ်အေးတဲ့ ညတွေမှာဆိုရင် ဘိုးရင်းနိတ်ကလမ်းတွေပေါ်မှာလျှောက်သွားကြည့်လေ။ အစာလဲ ငတ်နေမယ်။ နေစရာနေရာလဲ မရှိဘူး။ ဖျားလဲဖျားနေမယ်ဆိုရင် ခင်ဗျားတို့မျက်နှာမှာလဲ ကျုပ်မျက်နှာက အရေးအကြောင်းမျိုးတွေဟာ ထင်နေမှာပဲဗျ။ ဒါ မဆန်းပါဘူး" ဟု ဒေါသတကြီးပြောလိုက်မိသည်။

နောက် တစ်ခဏမျှအကြာတွင် ဝေဆင်ဘရုချ် ပြန်သွားသည်။ သူပြန်သွားလျှင်သွားချင်း မောဗီးသည် ကုလားထိုင်တစ်လုံးပေါ်သို့ စိတ်မော လူမောဖြစ်သွားဟန်ဖြင့် ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။ ဗင်းဆင့်ကတော့ မတုန်မလှုပ် ရပ်နေဆဲ. . . ။ နောက်ဆုံးတွင် မောဗီးက သူ့အား မြင်သွားသည်။

"အို. . . မင်း မပြန်သေးပဲကိုး" ဟု မောဗီးက ရေရွတ်သည်။

"ကျွန်တော်တို့နှစ်ယောက်ကြားမှာ ဘာတွေ ဖြစ်ကုန်တာလဲ" ဟု ဗင်းဆင့်က ပြောသည်။ "ကျွန်တော့်ဖက်က အစ်ကိုမကြိုက်တာ ဘာလုပ်မိသလဲ။ ကျွန်တော့်အပေါ် အစ်ကိုဆက်ဆံပုံဟာ တစ်မျိုးဖြစ်နေတယ်"

မောဗီးသည် ထိုင်နေရာမှထရပ်လိုက်သည်။ "မင့်အပေါ် မကျေနပ်စရာရယ်လို့ မရှိပါဘူး။" ဟု ပြောသည်။ "ငွေကြေးနဲ့ပတ်သက်လို့ မင့်ဖာသာမင်းရပ်တည်နိုင်အောင်တော့ ကြိုးစားသင့်တယ်။ တခြားလူတွေဆီက ငွေလိုက်တောင်းနေရင် မင့်ကြောင့် ဗင်ဂိုးတစ်မျိုးလုံး ဂုဏ်သိက္ခာကျကုန်လိမ့်မယ်"

ဗင်းဆင့်သည် အတန်ကြာမှ ငြိမ်ဆိတ်ကာ စဉ်းစားလျက်ရှိသည်။

"အစ်ကို့ဆီကို တာစတိ လာသေးသလား"

"မလာဘူး"

"နောက်ထပ် ကျွန်တော့်ကို ဆုံးမစကား ပြောစရာရှိသေးသလား"

"ဟင့်အင်း. . . မရှိတော့ဘူး"

"ဒီလိုဆိုရင် ကျွန်တော်တို့ကြားမှာ ဘာပြဿနာမှ မရှိတော့ဘူး. . နော်၊ ကျွန်တော့်ဖက်ကတော့ အစ်ကို့အပေါ်မှာ လုံးဝ သဘောထားမပြောင်းပါဘူး"

မောဗီးသည် အချိန်များစွာ ကြာသည်အထိ နှုတ်ဆိတ်နေသည်။ ထို့နောက် ဗင်းဆင့်အား ကြည့်ပြီး သက်ပြင်းချသည်။ "သိပ်ပြီး အလေးအနက်မထားပါနဲ့ ဗင်းဆင့်ရာ" ဟု ပြောသည်။ "ကိုယ် အခုတလော သိပ်ပင်ပန်းပြီး နေမကောင်းဖြစ်နေတယ်။ ကိုယ် တတ်နိုင်သမျှတော့ ကူညီသွားမှာပါ။ အခုကော မင်းဆွဲပြီးသားပုံတွေ ယူလာသေးသလား"

"ယူလာတယ်. . ဒါပေမယ့်. . ."

"အဲဒီပုံတွေ ပြစမ်းပါဦး"

မောဗီးသည် နီရဲသော မျက်လုံးအစုံဖြင့် ပုံများကို ကြည့်နေရာမှ "မင်းဆွဲထားတာတွေက အလွဲတွေချည်းပဲ။ သိပ်ကိုလွဲတယ်။ ဒီလောက်လွဲတဲ့ပုံတွေ ငါတစ်သက်မှာ တစ်ခါမှ မတွေ့ဖူးခဲ့ဘူး" ဟု မှတ်ချက်ချသည်။

"တစ်ခါတုန်းက အစ်ကိုပြောခဲ့ဖူးတယ်။ ကျွန်တော်ဟာ ပန်းချီဆရာကောင်းတစ်ယောက်ဆို"

"ဒါက ငါ မင့်ကို အားပေးတဲ့သဘောနဲ့ ပြောခဲ့တာ. . ။ မင်းတကယ်တမ်း ပန်းချီဆရာဖြစ်ချင်ရင် အစက ပြန်ဆွဲမှရမယ်။ အဲဟို ကျောက်မီးသွေးပုံးကြီးဘေးက ထောင့်ထဲမှာပလတ်စတာရုပ်တွေ ရှိတယ်။ အဲဒါတွေကို ကြည့်ပြီး ပုံတူဆွဲတဲ့အလုပ် ပြန်လုပ်မှဖြစ်မှာ။ အခု မင်းလေ့ကျင့်ချင်တယ်ဆိုရင် လေ့ကျင့်လို့ရတယ်"

ဗင်းဆင့်သည် စိတ်ညစ်စိတ်ရှုပ်စွာဖြင့် မောဗီးညွှန်ပြသည့် ထောင့်ထဲသို့ ရောက်သွားသည်။ သူသည် ပလတ်စတာခြေထောက်တစ်ချောင်းအနီး၌

ထိုင်ကာ တွေဝေငေးမောလျက်ရှိ၏။ သူသည် အိတ်ထဲမှ ပုံဆွဲစက္ကူများကို ထုတ်ယူလိုက်သော်လည်း ပုံများကိုမူ မဆွဲဖြစ်ချေ။ သူသည် ပန်းချီတင်ခုံရှေ့၌ ရပ်နေသော မောဗီးအား လှမ်းကြည့်သည်။

"ဘယ်လိုဖြစ်တာလဲ. . . အစ်ကိုရာ"

မောဗီးသည် နှစ်ယောက်ထိုင်ဆိုဖာပေါ် လှဲအိပ်လိုက်သည်။ "တာစတိက ဒီနေ့ပဲ ပြောသွားတာ။ အကောင်းဆုံးဖြစ်သွားအောင် အဲသလိုပဲ လုပ်ပါတဲ့"

ဗင်းဆင့်သည် အတန်ကြာမျှ ငြိမ်တိတ်နေသည်။ ထို့နောက် "ဒါဆိုရင် တာစတိဟာ တရားခံပေါ့" ဟု အော်ပြောသည်။ မောဗီးကတော့ သူ့စကားကို မကြားတော့ပေ။ သူ့ထံမှ ဟောက်သံကိုပင် ကြားနေရပြီဖြစ်၏။

ဗင်းဆင့်သည် ပလတ်စတာခြေထောက်ကိုကြည့်ကာ ပုံတူဆွဲလျက်ရှိသည်။ နောက် နာရီအနည်းငယ်မျှ ကြာ၍ သူ့အစ်ကို နိုးလာချိန်တွင် ဗင်းဆင့်သည် ပုံတူနှစ်ပုံဆွဲပြီးနေလေပြီ။ မောဗီးသည် အိပ်နေရာမှ ခုန်ထလာပြီး ဗင်းဆင့်ဘေးသို့ သွက်လက်ပေါ့ပါးသော ခြေလှမ်းများဖြင့် လျှောက်လာသည်။

"မင်းဆွဲထားတာတွေ ကြည့်ရအောင် ပြစမ်း"

သူသည် ဗင်းဆင့်ဆွဲထားသည့် ပုံကြမ်းခုနှစ်ပုံကိုကြည့်၍ "မဟုတ်သေးဘူးကွာ။ လွဲနေတုန်းပဲ" ဟု ရေရွတ်သည်။ သူသည် ပုံအားလုံးကို အစိတ်စိတ် အမွှာမွှာဖြစ်အောင် ဆွဲဆုတ်ပစ်ပြီး ကြမ်းပေါ်သို့ ပစ်ပေါက်လိုက်သည်။

"မင့်လက်ရာထဲမှာ ပါနေကျ ကြမ်းတမ်းမှုကြီးက အမြဲပါလာနေတာပဲ။ မင့်လက်က လုံးဝကို ကျွမ်းကျင်မှုမရှိဘူး။ အဲဒီ ပလတ်စတာပုံကို အခုရှိနေတဲ့အတိုင်း တူအောင်မှ မဆွဲနိုင်ဘူးလား. . ။ မင်းလက်က လိုင်းကိုမှ မှန်အောင်မဆွဲနိုင်တာပဲ"

"အစ်ကို့အသံက ပန်းချီပညာသင်ကျောင်းက ဆရာတစ်ယောက်ရဲ့လေသံနဲ့ တစ်ထေရာတည်းပဲ"

"အေး. . မင့်အနေနဲ့ ပန်းချီပညာသင်ကျောင်းတွေကိုသာ တက်ခဲ့ရင် အခုလောက်ဆို ပုံတူတွေကို ဘယ်လိုဆွဲရမလဲဆိုတာ သိနေလောက်ပြီပေါ့။ မင်း ဘာမှ ထပ်ပြောမနေနဲ့။ စောစောက ပလတ်စတာခြေထောက်ပုံကိုပဲ ထပ်တလဲလဲဆွဲ"

မောဗီးသည် မီးဖိုခန်းဘက်သို့သွား၍ သူ့အတွက် စားစရာများ ယူလာပြီး စားသည်။ စားရင်းနှင့်ပင် မှန်အိမ်မီးရောင်ဖြင့် ဆွဲလက်စပုံကို

ဆက်ဆွဲသည်။ ည၏ အချိန်နာရီများသည် တဖြည်းဖြည်း ကုန်ခန်းသွားနေသည်။ ဗင်းဆင့်သည် ခြေထောက်ပုံကို တစ်ပုံပြီးတစ်ပုံ ဆွဲနေဆဲ။ ဆွဲနေသည့်အကြိမ်ပေါင်းလည်း ရေတွက်၍မရနိုင်အောင်ပင် များပြားလာနေသည်။

အရုဏ်ဦး လင်းရောင်ခြည်သည် စတူဒီယိုတွင်းသို့ ချဉ်းနင်းဝင်ရောက်လာပြီ။ ဗင်းဆင့်၏ရှေ့တွင် ခြေထောက်ပုံဆွဲထားသည့် ပုံဆွဲစက္ကူများသည် တောင်ပုံရာပုံ ဖြစ်နေသည်။ သူသည် ထိုင်ရာမှ ထရပ်သည်။ မားမားမတ်မတ် မရပ်နိုင်။ မောဗီးက သူ့ပုံများကို လာကြည့်သည်။

"တစ်ပုံမှ မကောင်းဘူး" ဟု မောဗီးထံမှ ဝေဖန်သံ ထွက်လာသည်။ "လုံးဝမကောင်းတဲ့ ပုံတွေပဲ။ မင့်ဟာ ပုံဆွဲနည်း အခြေခံစည်းမျဉ်းတွေကို လုံးဝမလိုက်နာပဲ ဆွဲထားတာ။ ကဲ ကွာ ရော့။ ဟောဒီ ပလတ်စတာခြေထောက်ကို အိမ်ယူသွား။ အဲဒီပုံကို မရပ်မနားဆွဲ။ မမှန်မချင်းဆွဲနေ။ မှန်ပြီဆိုမှ ငါ့ဆီကို ပြန်လာခဲ့"

"ဒါကြီးကို မှန်အောင်ဆွဲနေမယ်ဆိုရင် ကျုပ်ဟာ သောက်သုံး လုံးဝမကျတဲ့ကောင် ဖြစ်သွားလိမ့်မယ်" ဟု ဗင်းဆင့်က ဒေါသတကြီး အော်သည်။

သူသည် လက်ထဲမှ ပလတ်စတာခြေထောက်ကို ကြမ်းပေါ်သို့ တအား ကုန် ကိုင်ပေါက်ပစ်သည်။ ပလတ်စတာခြေထောက်သည် အပိုင်းအစများဖြစ်ကာ ကျွမ်းကုန်သည်။

"ခင်ဗျား ကျွန်တော့်ကို ပလတ်စတာပုံအကြောင်း ထပ်မပြောနဲ့တော့။ ကျွန်တော် လုံးဝ သည်းမခံနိုင်တော့ဘူး၊ အသက်ရှင်နေတဲ့ လူတွေရဲ့ လက်တွေနဲ့ ခြေထောက်တွေ လုံးဝမရှိတော့ဘူးဆိုတဲ့အချိန်ကျမှ ခင်ဗျားရဲ့ ပလတ်စတာပုံတွေကို ဆွဲမယ်"

"သဘောပဲ၊ မင်းကြိုက်သလိုလုပ်" ဟု မောဗီးက အေးစက်စက်လေသံဖြင့် ပြန်ပြောသည်။

"ဒီမယ်. . အစ်ကို. . ကျွန်တော်ကတော့ ကျွန်တော့်ကိုယ်ကျွန်တော် သူများပုံတွေကို လိုက်ကူးဆွဲနေတဲ့ လူအဖြစ် အရောက်မခံနိုင်ဘူး။ တခြားလူတွေရဲ့ အရှိန်အဝါနဲ့ ဩဇာသက်ရောက်မှုတွေကိုလဲ မခံနိုင်ဘူး။ ကျွန်တော့်အနေနဲ့ ကိုယ်ပိုင်ခံစားချက်ပေါ် အခြေခံပြီး ကိုယ်ပြောချင် ပြချင်တာကို သိအောင်မြင်အောင်ပဲ ဆွဲမယ်။ ဘာပုံတွေကိုပဲဆွဲဆွဲ ကိုယ်မြင်ရတဲ့အတိုင်းပဲ ဆွဲမယ်။ ခင်ဗျားတို့ မြင်သလို ခင်ဗျားတို့နည်းအတိုင်း လိုက်မဆွဲနိုင်ဘူး"

"ငါကလဲ မင်းနဲ့ နောက်ထပ် ဘာမှ အဆက်အဆံလုပ်စရာ မရှိတော့

ဘူး" ဟု မောဗီးက ပြောသည်။ သူ့လေသံမှာ ဆရာဝန်တစ်ယောက်က လူသေ အလောင်းတစ်လောင်းကို ပြောလိုက်သည့်လေသံမျိုးဖြစ်လေသည်။

✧✧✧✧

ထိုနေ့ မွန်းတည့်ချိန်တွင် စိတ်ပန်းလူပန်းဖြစ်ကာ အိပ်မောကျလျက်ရှိသော ဗင်းဆင့်သည် ဖြတ်ကနဲ နိုးလာသည်။ စတူဒီယိုထဲတွင် ခရစ္စတင်းသည် သူ၏ သားအကြီးဆုံး ဆယ်နှစ်အရွယ် ဟာမင်းနှင့်အတူ ရောက်နေကြသည်ကို မြင်ရသည်။ ဟာမင်းသည် အသားအရောင် ဖြူပတ်ဖြူယော်. . ထိတ်လန့် ကြောက်ရွံ့နေသော မျက်လုံးအစုံနှင့် ကလေးတစ်ယောက်ဖြစ်၏။

ခရစ္စတင်းသည် သူ့သားအားစက္ကူတစ်ရွက်နှင့် ခဲတံတစ်ချောင်း ပေးကာ မဆူအောင် မဆော့အောင် လုပ်ထားသည်။ သို့သော်လည်း ကလေး သည် စာဖတ်တတ်၊ ရေးတတ်သူမဟုတ်ချေ။ ဟာမင်းသည် ရှက်ရွံ့ရွံ့မျက်နှာ ထားဖြင့် ဗင်းဆင့်ထံ လျှောက်လာသည်။ ဗင်းဆင့်က ခဲတံကိုင်ပုံကိုင်နည်းကို သာမက နွားမတစ်ကောင်ပုံကိုပါ ဆွဲတတ်အောင် သင်ပေးနေသည်။ သူသည် ချက်ခြင်းပင် ဗင်းဆင့်အား ခင်သွားသည်။ သူတို့သုံးယောက်သည် နေ့လည်စာကို အတူတူ ထိုင်၍ စားကြသောက်ကြသည်။

ဗင်းဆင့်သည် သူ ချစ်မြတ်နိုးခဲ့မိသော ကေးနှင့် ကေး၏သားငယ် ဂျန်ကို သတိရမိ၏။ ထိုအခါကျတော့လည်း သူ့ရင်ထဲတွင် လှိုင်းထလာရပြန်၏။

"ကျွန်မ ဒီနေ့ သိပ်နေမကောင်းဘူး။ ကျွန်မအစား ဟာမင်းကို ကြည့်ပြီးဆွဲပါ"

"မင်း ဘာဖြစ်လို့လဲ"

"မသိဘူး။ ကျွန်မဗိုက်ထဲမှာ တွန့်လိမ်ခွေခါက်နေသလို ဖြစ်နေတယ်"

"အရင်ကလေးတွေတုန်းကကော အဲသလို ဖြစ်ဖူးသလား"

"နေမကောင်းတော့ဖြစ်တယ်၊ အခုလိုတော့ မဖြစ်ခဲ့ဖူးဘူး။ အခုဟာက ခံစားရတာ အဆိုးဆုံးပဲ"

"မင်း ဆရာဝန်နဲ့ ပြမှဖြစ်မယ်"

"ကျွန်မကတော့ ကုသိုလ်ဖြစ်ဆေးရုံက ဆရာဝန်ကို ပြလေ့မရှိဘူး။ သွားပြလဲ ကျွန်မကို သောက်ဆေးပေးမှာပဲ။ သောက်ဆေးကပျော်လဲ မပျော်ဘူး။ အလကားပဲ"

"မင်း လေဒင်းက ပြည်နယ်ဆေးရုံကြီးကို သွားပြသင့်တယ်။

"ကျွန်မလဲ သွားပြသင့်တယ်လို့ ထင်နေတယ်"

"မီးရထားနဲ့သွားရင် ခဏပဲ။ မကြာလိုက်ပါဘူး။ မနက်ဖြန်မနက်ကျ ရင်ကိုယ်မင့်ကို လိုက်ပို့ပေးမယ်။ ဟော်လန်နိုင်ငံအနှံ့အပြားက လူတွေဟာ အဲဒီဆေးရုံကြီးကိုပဲ လာကြရတာပဲ"

"လူတွေကတော့ ပြောကြတယ်။ သိပ်ကောင်းတဲ့ ဆေးရုံကြီးတဲ့"

ထို့နေ့တစ်နေ့လုံး ခရစ္စတင်းသည် အိပ်ရာထက်၌ လဲလျောင်းနေသည်။ ဗင်းဆင့်ကတော့ ဟာမင်းအား ကြည့်၍ ပုံအမျိုးမျိုး ဆွဲနေသည်။ ညစာစားချိန်နီးလာသည့်အခါ ဗင်းဆင့်သည် ဟာမင်းအား ခရစ္စတင်း၏အမေထံ သွားပို့သည်။ နောက်နေ့မနက်တွင်မူ သူတို့သည် စောစောစီးစီးထကာ မီးရထားဖြင့် လေဒင်းသို့ ထွက်ခဲ့ကြလေသည်။

"မင်းမှာ ဖျားသလိုလို ခံစားနေရတာ မဆန်းပါဘူး" ဟု ခရစ္စတင်းအား မေးခွန်းမျိုးစုံမေးပြီး စနစ်တကျ စမ်းသပ်စစ်ဆေးခဲ့သော ဆရာဝန်က ပြောသည်။

"မင့်ဗိုက်ထဲက ကလေးရဲ့အနေအထားဟာ မမှန်ဘူး"

"အနေမှန်သွားအောင် လုပ်လို့ရနိုင်မလား. . . ဒေါက်တာ" ဟု ဗင်းဆင့်က မေးသည်။

"ဟာ. . ရတာပေါ့။ ခွဲစိတ်ကုသပေးရင် ဖြစ်တာပဲ"

"အခြေအနေက သိပ်ဆိုးသလား ဒေါက်တာ"

"အခုတော့ မဆိုးသေးဘူးပေါ့။ ကလေးကို ညှပ်နဲ့ဆွဲပြီး ပြန်လှည့်ပေးရုံပဲ။ ဒါပေမယ့် အဲသလောက်လုပ်ဖို့အတွက် ငွေကြေး အထိုက်အလျောက် အကုန်ခံရလိမ့်မယ်။ ခွဲစိတ်ခမဟုတ်ပါဘူး။ ဆေးရုံအသုံးစရိတ်အဖြစ် ယူမှာပါ"

ဆရာဝန်က ဗင်းဆင့်အား ရှင်းပြနေရာမှ ခရစ္စတင်းအား လှည့်ကြည့်သည်။ "မင့်မှာ စုဆောင်းထားတဲ့ ငွေ အနည်းအကျဉ်းမရှိဘူးလား" ဟု မေးသည်။

"တစ်ပြားမှမရှိဘူး"

ဆရာဝန်က သက်ပြင်းချသည်။ "လာလိုက်ရင် ဒီပုံစံတွေချည်းပါပဲ" ဟု ညည်းသည်။

"ကုန်ကျစရိတ်က ဘယ်လောက်ရှိမလဲ ဒေါက်တာ" ဟု ဗင်းဆင့်က မေးသည်။

"ဖရန့်ငွေ ငါးဆယ်ထက် မပိုပါဘူး"

"တကယ်လို့ သူ့ကို ခွဲစိတ်ပြီး ပြုပြင်မပေးဘူးဆိုရင်ကော ဘယ်လို

ဖြစ်လာနိုင်မလဲ”

“ဒါဆိုရင်တော့ သူ့အသက်ကို ကယ်ဆယ်ဖို့ အခွင့်အလမ်းဟာ ပိတ်သွားဖို့ပဲရှိတယ်”

ဗင်းဆင့်သည် တစ်ခဏမျှ ငိုင်၍ စဉ်းစားနေသည်။ သူ့ဦးကြီး ကော်နီလီးယပ်စ်မှာကြားထားသည့် ရေဆေးပန်းချီကား ဆယ့်နှစ်ကားသည် ပြီးစီးသလောက် ဖြစ်နေပြီ။ ထိုပန်းချီကားများအတွက် ဖရန့်ငွေသုံးဆယ်ရဖို့ ရှိ၏။ လိုငွေ နှစ်ဆယ်ကို သီအိုး၏ ဧပြီလ ထောက်ပံ့ငွေထဲမှ ယူနိုင်မည်ဖြစ်သည်။

“ကုန်ကျစရိတ်အတွက် ကျွန်တော် တာဝန်ယူပါ့မယ်ဒေါက်တာ” ဟု ဗင်းဆင့်က ပြောသည်။

“ဟာ ကောင်းတာပေါ့။ သူ့ကို စနေနေ့ မနက်ကျရင် ဒီကို ခေါ်ခဲ့ ပါ။ ကျွန်တော်ကိုယ်တိုင်ပဲ ခွဲမှာပါ။ နောက်တစ်ခု ပြောစရာရှိသေးတယ်။ ခင်ဗျားတို့နှစ်ယောက်ရဲ့ ဆက်ဆံရေးကို ကျွန်တော်ဘာမှမသိဘူး။ ပြောပြဖို့လဲ မလိုဘူး။ ဒီကိစ္စက ဆရာဝန်ရဲ့အလုပ်နဲ့ မပတ်သက်ဘူး။ ဒါပေမယ့် ဆရာဝန်တစ်ယောက်အနေနဲ့ ခင်ဗျားကို အသိပေးထားသင့်တယ်လို့ ထင်တာက တခြားမဟုတ်ဘူး။ ဒီအမျိုးသမီးကို နောက်ထပ် လမ်းပေါ်မှာ လွှတ်ထားရင် အသက်ရှည်ဖို့ မလွယ်ဘူး။ ခြောက်လအတွင်း သေမှာပဲ”

“သူ့ကို အဲဒီဘဝ ပြန်မရောက်စေရပါဘူး ဒေါက်တာ. . ။ ကျွန်တော် ကတိပေးပါတယ်။”

“သိပ်ကောင်းတယ်။ ကဲ. . စနေနေ့ မနက်ကျမှ တွေ့ကြတာပေါ့”

✧✧✧✧

နောက်ရက်အနည်းငယ်မျှ အကြာတွင် တာစတိသည် ဗင်းဆင့်ထံသို့ ရောက်လာပြန်သည်။ ရောက်လျှင်ရောက်ချင်း “ဟား. . မင်းက ပန်းချီဆွဲတုန်းပဲကိုး” ဟု ပြောသည်။ “ဟုတ်တယ်. . . ကျွန်တော် အလုပ်လုပ်နေတုန်းပဲ”

“မင်း စာတိုက်ကပို့လိုက်တဲ့ ဖရန့်ငွေ တစ်ဆယ်ကို ငါ ရတယ်။ ချေးသွားတဲ့ငွေအတွက် မင်းကိုယ်တိုင် လာပြီး ကျေးဇူးတင်စကားပြောဖို့တော့ သင့်တယ်လို့ ထင်တယ်”

“လာရမယ့်ခရီးက သိပ်ဝေးတယ်။ ပြီးတော့ ရာသီဥတုကလည်း ဆိုးနေလို့ မလာတာပါ”

“မင်း ငွေချေးချင်တော့ ခရီးက မဝေးဘူးပေါ့လေ”

ဗင်းဆင့်သည် ဘာမျှ ပြန်မပြောဘဲ ငြိမ်နေသည်။

"ဒီအပြုအမူမျိုးဟာ လူကြီးလူကောင်းမဆန်ဘူး။ ဒါ့ကြောင့်မို့လည်း ငါ မင်းကို မကြိုက်တာ။ ငါ မင်းအပေါ်မှာ အယုံအကြည်ကင်းမဲ့တာလည်း အဲဒါကြောင့်ပဲ။ ပြီးတော့ ငါ မင့်ပန်းချီကားတွေကို မဝယ်တာလည်း အဲဒါကြောင့်ပဲ"

ဗင်းဆင့်သည် စားပွဲအစွန်းတွင် တင်ပါးလွဲထိုင်နေရာမှ မည်ကဲ့သို့ တုံ့ပြန်ရမည်ကို စဉ်းစားချိန်ဆလျက်ရှိသည်။ "ခင်ဗျားရဲ့ ပန်းချီကားဝယ်တဲ့ကိစ္စဟာ လူလူချင်း အမြင်မတူတာနဲ့ ဆက်ဆံရေးအဆင်မပြေတာတွေကို ထည့်စဉ်းစားနေဖို့ သင့်သလား" ဟု ပြောသည်။ "ပန်းချီကားဝယ်တာဟာ ကျွန်တော့်ကို ကြည့်ပြီး ဝယ်တာထက် ကျွန်တော့်အလုပ်ကို ကြည့်ပြီး ဝယ်တာက ပိုပြီး သင့်တော်လိမ့်မယ်လို့ ကျွန်တော်ကတော့ တွေးတယ်။ ပန်းချီကားတစ်ကားရဲ့ အကောင်းအဆိုးကို ဆုံးဖြတ်တဲ့နေရာမှာ ပုဂ္ဂိုလ်ရေး မုန်းတီးရွံရှာမှုကို အခြေခံလိုက်ရင် မှန်ကန်နိုင်ပါ့မလား"

"မမှန်ကန်နိုင်ဘူးပေါ့လေ။ ဒါပေမယ့် မင့်အနေနဲ့ ရောင်းလို့ရနိုင်တဲ့ ပန်းချီကားတွေကို ဆွဲပေးမယ်ဆိုရင်တော့ ငါက ဝမ်းမြောက်ဝမ်းသာနဲ့ ပလတ်စ်ဆိုင်မှာတင်ပြီး ရောင်းပေးဖို့ အဆင်သင့်ပဲ"

"ပန်းချီဆရာတစ်ယောက်အနေနဲ့ အပြင်းအထန် အားထုတ်ပြီးတော့ လည်း ဆွဲထားတယ်။ အဲဒီကားထဲမှာ ပီပြင်တဲ့ စရိုက်လက္ခဏာနဲ့ ခံစားမှုမျိုးကိုလည်း ထည့်ထားတယ်။ ဒါပေမယ့် အဲဒီပန်းချီကားမျိုးတွေဟာ လူအများအတွက် ဆွဲဆောင်မှုမရှိဘူး။ ရောင်းလည်း မရောင်းရဘူး။ ကျွန်တော်ကတော့ လူတိုင်းရဲ့ အကြိုက်ကို မလိုက်နိုင်ဘူး။ ကိုယ့်အလုပ်ကိုပဲ တန်ဖိုးထားချင်တယ်။ အဲဒါက ပိုပြီး ကောင်းမယ်လို့ ထင်တယ်"

တာစတိသည် ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်သည်။ သူလက်နှစ်ဖက်ဖြင့် လမ်းလျှောက်တုတ်၏ လက်ကိုင်ထိပ်ဖူးကို အုပ်ကိုင်ထားသည်။ "တစ်ခါတရံ ငါ မင်းအပေါ်မှာ သံသယဝင်တယ်။ မင်းက မင်းဆွဲထားတဲ့ ပန်းချီကားတွေကို ရောင်းချင်ပုံမပေါ်ဘူး။ ကိုယ့်ပန်းချီကားတွေကို ကိုယ်ရောင်းပြီးနေမယ့်အစား တခြားလူတစ်ယောက်ရဲ့ လုပ်အားနဲ့ ဝင်ငွေအပေါ်မှာ မှီခိုပြီး နေချင်ပုံပေါ်တယ်"

"ကျွန်တော့်အနေနဲ့ ပန်းချီတစ်ကားရောင်းရတယ်ဆိုရင် အလွန်ပျော်တာပေါ့။ ဒါပေမယ့် တကယ်စစ်မှန်တဲ့ ဝေဆင်ဘရုခ်္ခလို ပန်းချီပညာရှင်တစ်ဦးက ခင်ဗျား ရောင်းလို့မရဘူးလို့ပြောထားတဲ့ ပန်းချီကားတစ်ကားကို အလွန်ကောင်းတဲ့လက်ရာလို့ အဝေဖန်ခံရရင် ပိုပြီး ပျော်လည်းပျော်တယ်။ စိတ်လည်း ချမ်းသာတယ်။ ဒါဟာ လူသဘာဝပေါ့။ ကျွန်တော့်အဖို့ ငွေဟာ သိပ်အရေးကြီး

ပါတယ်။ အထူးသဖြင့် လောလောဆယ် ရင်ဆိုင်နေရတဲ့ ပြဿနာတစ်ခုကြောင့် ငွေဟာ ကျွန်တော့်အတွက် တန်ဖိုးသိပ်ကြီးနေပါတယ်”

“ငွေတန်ဖိုးကြီးတယ်ဆိုတဲ့ စကားက ပန်းချီဆရာဒီဘော့လို လူချမ်းသာတစ်ယောက်အတွက်သာ ဆက်စပ်ပတ်သက်နေတာပါ။ မင့်လို လူစားနဲ့ မဆိုင်ပါဘူး”

“ကျွန်တော့်ရဲ့ ချစ်လှစွာသော မစ္စတာ တာစတိခင်ဗျား၊ ပန်းချီပညာရဲ့ အခြေခံယူဆချက်တွေထဲမှာ လူတစ်ယောက်ရဲ့ ဝင်ငွေဟာ အဓိကမဟုတ်ပါဘူး”

တာစတိသည် သူ၏ လမ်းလျှောက်တုတ်ကို ဒူးနှစ်ဖက်ပေါ် တင်လိုက်ပြီး ကုလားထိုင်ကို ကျောနှင့် မှီလိုက်သည်။ “မင်းမိဘတွေက ငါ့ဆီကို စာလှမ်းရေးတယ်။ တတ်နိုင်သရွေ့ မင်းကို ကူညီပါလို့ ငါ့ကို မေတ္တာရပ်ခံကြတယ်။ ကောင်းပါတယ်။ ဒါပေမယ့် တကယ်လို့ ငါ့အနေနဲ့ မင့်ရဲ့ ပန်းချီကားတွေကို ဝယ်လိုစိတ် မရှိသည့်တိုင်အောင် အနည်းဆုံး အကြံကောင်းလေးတစ်ခုတော့ ပေးချင်တယ်။

“မင်းဟာ အဝတ်အစား စုတ်စုတ်ပြတ်ပြတ်တွေဝတ်ပြီး သွားလာလှုပ်ရှားနေတယ်။ အဲဒီအလုပ်ဟာ မသင့်တော်ဘူးလို့ ငါထင်တယ်။ “ငါဟာ ဗင်ဂိုးမျိုးနွယ်ဝင်တစ်ယောက်ပါလား” ဆိုတဲ့ အချက်ကို မင်း မေ့နေပုံရတယ်။ အဲဒီတော့ အဝတ်အစားကောင်းလေးဘာလေး ဝယ်ဝတ်ဖို့ အကြံပေးချင်တယ်။ ပြီးတော့ ဟော့ဂ်မြို့ပေါ်က လူဂုဏ်တန်တွေနဲ့ ပေါင်းသင်းဆက်ဆံဖို့လဲ အကြံပေးချင်တယ်။ အမြဲတန်း အောက်တန်းစားအလုပ်သမားတွေ၊ အနိမ့်ဆုံး လူတန်းစားတွေနဲ့ချည်း ပေါင်းသင်းနေတာဟာလဲ မတော်လွန်းဘူးလို့ ထင်တယ်။ နောက်တစ်ခုကတော့ မင့်ကို ဒုစရိုက်မှုမျှားတဲ့နေရာမျိုးတွေမှာ အများဆုံး တွေ့နေရတာရယ်၊ အကျင့်စရိုက်ပျက်ပြားနေတဲ့ လူတွေကို အပေါင်းအသင်းလုပ်နေတာရယ်. . . ။ အဲဒါတွေဟာလဲ မကောင်းဘူး။ မင်း အဲသလိုလုပ်နေရင် အောင်မြင်မှုကို မျှော်လင့်လို့ ရနိုင်မတဲ့လား”

ဗင်းဆင့်သည် စားပွဲပေါ်မှဆင်းကာတာစတိ၏ရှေ့၌ရပ်လိုက်သည်။ သူသည်အသံကို တတ်နိုင်သမျှ အေးဆေးပျော့ပြောင်းနေအောင် သတိပြု၍ ထိန်းချုပ်ထားသည်။ လူတစ်ယောက်နှင့်မိတ်ပျက်ရတော့မည့်အချိန်သည် နီးကပ်နေပြီ မဟုတ်ပါလော။

“မစ္စတာ တာစတိအနေနဲ့ အခုလို ကူညီစောင့်ရှောက်ဖို့ ကြိုးစားတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ကျွန်တော်ကလဲ ရိုးသားဖြောင့်မတ်စွာနဲ့ အမှန်ကို အမှန်အတိုင်း ဖြေရပါလိမ့်မယ်။ ဝင်ငွေရနိုင်တဲ့ လမ်းလဲမရှိ၊ လက်ထဲမှာလဲ

ငွေကြေး အတော်အသင့်တောင်မှမရှိတဲ့ ကျွန်တော့်လို လူက အဝတ်အစား ကောင်းတွေကို ဘယ်လိုနည်းနဲ့ ဝယ်ဝတ်နိုင်မလဲ ခင်ဗျာ။

"ဆိပ်ခံတံတားတွေ၊ လမ်းကြိုလမ်းကြားတွေနဲ့ စျေးတွေဆီ လျှောက်သွားနေရတဲ့အလုပ်ဟာ ပန်းချီဆရာတစ်ယောက်အဖို့ စိတ်ချမ်းသာစရာ ကောင်းပေမယ့် တခြားလူတွေအတွက်ကတော့ ကောင်းတဲ့အလုပ် ဟုတ်ချင်မှဟုတ်မှာပါ။ ပန်းချီဆရာတစ်ယောက်အဖို့ ပါတီပွဲတစ်ခုမှာ စွဲမက်စရာကောင်းတဲ့ အမျိုးသမီးတွေနဲ့ တွဲထိုင်နေရတာထက် ပန်းချီဆွဲစရာ အကြောင်းအရာတွေ အများကြီးတွေ့နိုင်တဲ့ အညစ်ပတ်ဆုံးနေရာမှာ သွားနေရတာကို ပိုပြီး မွေ့လျော်တတ်ပါတယ်။ အလုပ်သမားတွေကြားမှာ ဒါမှမဟုတ် သဘာဝကြားမှာ ပန်းချီရေးဆွဲစရာ အကြောင်းတွေ လိုက်လံရှာဖွေရခြင်းဟာ အရေးပါအရာရောက်တဲ့ ကိစ္စပါ။ အဲဒီလိုအခြိန်မျိုးမှာ ဝတ်ကောင်းစားလှတွေဝတ်ပြီး သွားနေတာဟာ ကျွန်တော့်အဖို့ မသင့်လျော်တဲ့အလုပ်တစ်ခုလို့ ထင်ပါတယ်။

"အဲသလို အောက်တန်းစားတွေ နေထိုင်ကြတဲ့ နေရာမျိုးတွေကို သွားရင် ကျွန်တော့်ရဲ့ အကျည်းတန်အရုပ်ဆိုးတဲ့မျက်နှာနဲ့ စုတ်စုတ်ပြတ်ပြတ် အင်္ကျီဘောင်းဘီတွေဟာ ပတ်ဝန်းကျင်နဲ့ အံဝင်ခွင်ကျ ဖြစ်နေပါတယ်။ တကယ်လို့ ကောင်းပေ့ဆိုတဲ့ အဝတ်အစားတွေကို ဝတ်ထားရင် အလုပ်သမားတွေက ကျွန်တော့်ကို ကြောက်ကြမယ်။ မယုံသင်္ကာ ဖြစ်ကြမယ်။ ကျွန်တော်ကိုယ်တိုင်လဲ သူတို့နဲ့ ရောနှောပြီး အလုပ်လုပ်ဖို့ မလွယ်တော့ဘူး။

"ကျွန်တော် ပန်းချီဆွဲနေတဲ့ ရည်ရွယ်ချက်က လူတိုင်းက မသိပဲ မမြင်ပဲ ဖြစ်နေတဲ့အရာတွေကို သိလာ မြင်လာစေချင်တာပါ။ ဒါ့ကြောင့်မို့ တစ်ခါတရံမှာ ကိုယ့်အလုပ်ပြီးစီးဖို့အတွက် ယဉ်ကျေးဖွယ်ရာမှုတွေကို စွန့်ပစ်ထားတာဟာ မှန်တယ်လို့ပဲ ကျွန်တော်ထင်ပါတယ်။

"ကျွန်တော် ပန်းချီဆွဲနေတဲ့ လူတွေနဲ့ တရောတနှောနေတဲ့အတွက် ကျွန်တော်ဟာ နိမ့်ကျသွားပါသလား။ အလုပ်သမားတွေနဲ့ ဆင်းရဲသားတွေရဲ့ အိမ်ထဲဝင်မိတာနဲ့ ကျွန်တော်ဟာ နိမ့်ကျသွားပါသလား။ သူတို့တတွေကို ကျွန်တော့် စတူဒီယိုထဲ ဝင်ခွင့်ပြုတာနဲ့ပဲ ကျွန်တော်ဟာ နိမ့်ကျသွားရမှာလား။ အမှန်တော့ ဒါတွေဟာ ကျွန်တော့်အလုပ်ရဲ့ လိုအပ်ချက်တွေပါ။ အဲဒီ လိုအပ်ချက်တွေကို လုပ်နေတာနဲ့ပဲ ခင်ဗျားက ကျွန်တော့်ကို ကိုယ့်ဘဝကိုယ် ပျက်စီးအောင် လုပ်နေတဲ့လူလို့ ခေါ်နေတာမဟုတ်လား"

"မင်းဟာ အလွန်ဖခါင်းမာတဲ့ အကောင်ပဲ ဗင်းဆင့်၊ မင်းကို ကူညီနိုင်

တဲ့ လူကြီးတွေရဲ့ စကားကိုလဲ လုံးဝနားမထောင်ဘူး။ အရင်ကလဲ တစ်ကြိမ် ဒုက္ခရောက်ခဲ့ပြီးပြီ။ အခုတစ်ခါလဲ မင်း အရှုံးနဲ့ ရင်ဆိုင်ရဦးမှာပဲ။ မင်းဇာတ်လမ်းကတော့ ဘယ်မှာဘဲနေနေ၊ ဘယ်နေရာကိုပဲရောက်ရောက် တစ်မျိုးတည်း ဖြစ်နေမှာပဲ"

"ကျွန်တော့်မှာ ပုံဆွဲနိုင်တဲ့ လက်ရှိတယ်။ ပုံဆွဲရမယ့် လက်ရှိတယ်။ ခင်ဗျား ဘယ်လောက်ပဲ အကြံတွေပေးပေး ကျွန်တော်ကတော့ ပန်းချီဆွဲတဲ့ အလုပ်ကို ရပ်မပစ်နိုင်ဘူး။ ကျွန်တော် ပန်းချီကို စဆွဲတဲ့နေ့ကစပြီး ချီတုံချတုံလဲ မဖြစ်ခဲ့ဘူး။ သံသယလဲ မဝင်ခဲ့ဘူး။ အဲဒီတော့ ကျွန်တော် ပန်းချီကို ဆက်ဆွဲမှာပဲ။ ဒီစစ်ပွဲမှာ ကျွန်တော့်ဘက်က ဖြေးဖြေးချင်း အားရှိလာလိမ့်မယ်လို့ ယုံကြည်ထားတယ်"

"ဒါပေမယ့် မင်းတိုက်နေတဲ့ စစ်ပွဲက စတိုက်ကတည်းက အရှုံးနဲ့ တိုက်နေရတာပါ"

ပြောပြောဆိုဆို တာစတီ ထိုင်ရာမှ ထရပ်သည်။ ဦးထုပ်ကိုယူ၍ ဆောင်းသည်။ "ငါနဲ့ မောဗီးကတော့ သီအိုဆီက ငွေ တစ်ပြားမှမရအောင်လုပ်ရလိမ့်မယ်။ မင်းမှာ အသိဉာဏ် ပြန်ဝင်လာအောင် လုပ်နိုင်မယ့် နည်းက တော့ ဒီတစ်နည်းပဲ ရှိတော့တယ်"

ဗင်းဆင့်၏ရင်ထဲတွင် တုန်လှုပ်ခြင်းဖြစ်ရ၏။ အကယ်၍ သူတို့နှစ်ယောက်အနေဖြင့် သီအိုး၏ အားပေးကူညီမှုကိုသာ ဟန့်တားပိတ်ပင်နိုင်မည်ဆိုပါက ဤတိုက်ပွဲတွင် မိမိ အရှုံးပေးရပေတော့မည်။

"ဘာပြုလို့ ခင်ဗျားတို့ ကျွန်တော့်အပေါ်မှာ ရက်ရက်စက်စက် လုပ်ချင်ကြတာလဲ။ ကျွန်တော်က ခင်ဗျားတို့ကို ဘယ်လိုနစ်နာအောင်လုပ်ခဲ့လို့ ကျွန်တော့်ကိုပျက်စီးအောင် ကြံစည်နေကြတာလဲ။ ခင်ဗျားနဲ့ အမြင်ချင်းမတူ သဘောထားချင်း မတိုက်ဆိုင်ရုံနဲ့ လူတစ်ယောက်ကို သေအောင်သတ်မယ် ဆိုတဲ့ကိစ္စဟာ ရိုးသားဖြောင့်မတ်တဲ့ အလုပ်လား။ ကျွန်တော့်ဖာသာကျွန်တော် အေးအေးဆေးဆေး ကြိုးစားအားထုတ်ခွင့်ကို မပြုနိုင်ဘူးလား။ ကျွန်တော် ခင်ဗျားကို နောက်ထပ်ဘာအန္တရာယ်အယှက်မှ မပေးဖူးလို့ ကတိပြုပါတယ်။ ကျွန်တော့်ညီဟာ ကျွန်တော့်အတွက် တစ်ဦးတည်းသော အတွယ်တာရဆုံး လူတစ်ယောက်ပါ။ ဒီလူကို ကျွန်တော်နဲ့ ဘာကြောင့် ခွဲပစ်ချင်ရတာလဲ"

"မင်းရဲ့ ကောင်းစားရေးအတွက် လုပ်ရတာပဲ ဗင်းဆင့်" ဟု တာစတိက ပြောသည်။ ထို့နောက် ချာကနဲ လှည့်ကာ စတူဒီယိုထဲမှ ထွက်ခွာသွားသည်။

ဗင်းဆင့်သည် သူ့ပိုက်ဆံအိတ်ကို ကောက်၍ ပလတ်စတာခြေထောက် တစ်ခုဝယ်ရန် မြို့ထဲဘက်သို့ အပြေးအလွှား ထွက်လာခဲ့သည်။ သူသည် မောဗီး၏ အိမ်သို့ အပြေးအလွှားပင် ဆက်သွားသည်။ သူ့အား တံခါးဆီး၍ ဖွင့်ပေးသူမှာ မောဗီး၏ ဇနီး ဂျက်ထ်ဖြစ်သည်။ ဗင်းဆင့်ကို မြင်သောအခါ မျှားစွာ အံ့အား သင့်လျက်ရှိ၏။

"မောဗီး အိမ်မှာမရှိဘူး။ သူ ရှင့်ကို အကြီးအကျယ် ဒေါပွနေတယ်။ ရှင့် မျက်နှာကိုတောင် မကြည့်ချင်ဘူးလို့ ပြောနေတယ်။ ဘယ်လို ဖြစ်ကြတာလဲ ဗင်းဆင့်ရယ်။ ကျွန်မ စိတ်မချမ်းသာလိုက်တာ"

ဗင်းဆင့်သည် သူ့လက်ထဲမှ ပလတ်စတာခြေထောက်ကို ဂျက်ထ်၏ လက်ထဲသို့ ထည့်ပေးသည်။ "သူ့ကို ဒီပစ္စည်း ပေးလိုက်ပါ။ ကျွန်တော်လုပ်ခဲ့တဲ့ ကိစ္စအတွက် တောင်းပန်ပါတယ်လို့လဲ ပြောပြပါ"

သူသည် နောက်သို့ လှည့်ကာ လှေခါးမှဆင်းရန် ဟန်ပြင်သည်။ ဂျက်ထ်က သူ့ပခုံးအား လှမ်းဆွဲထားသည်။ "ခ်ီဗီနင်ဂျင်းပန်းခ်ီကား ဆွဲပြီးသွားပြီ။ ရှင်ကြည့်ချင်သလား"

ခဏာမျှအကြာတွင် ဗင်းဆင့်သည် မောဗီး၏ ပန်းခ်ီကားရှေ့တွင် ငြိမ်ဆိတ်စွာ ရပ်လျက်ရှိ၏။ ပန်းခ်ီကားမှာ ကားကြီးတစ်ချပ်ဖြစ်သည်။ ငါးဖမ်းလှေကြီးတစ်စင်းကို ပင်လယ်ဆိပ်ကမ်းဘေးတွင် မြင်းများဖြင့် ဆွဲယူနေသော ပုံဖြစ်၏။ သူသည် အထူးခြားဆုံးနှင့် အပြောင်မြောက်ဆုံးသော ပန်းခ်ီကားကြီးတစ်ချပ်ကို ကြည့်နေရခြင်းဖြစ်ကြောင်း သိနေသည်။

မြင်းများမှာ မြင်းပုကလေးများဖြစ်သည်။ အစာရေစာ ဝလင်အောင် ကျွေးမထားသည့် မြင်းအိုမြင်းပုများ ဖြစ်၏။ အနက်ရောင် အဖြူရောင်နှင့် အညိုရောင်များဖြစ်သည်။ မြင်းသုံးကောင်စလုံးသည် အလွန်ငြိမ်သက်တိတ်ဆိတ်စွာ ရပ်နေကြသည်။ သူတို့ဆွဲရမည့် တံငါလှေကြီးမှာ ကြီးမားလေးလံလှ၏။ စောစောကတည်းက ပင်ပန်းကြီးစွာ ဆွဲလာခဲ့ရသော အရှိန်ကြောင့် သူတို့ကိုယ် များပေါ်တွင် ချွေးများ စိုရွှဲလျက်ရှိသည်။ သို့သော်လည်း သူတို့၏ ဟန်ပန်အမူအရာများသည် စိတ်ပျက်သည့်လက္ခဏာမရှိ။ ဤအလုပ်မျိုးကိုသူတို့ လုပ်လာခဲ့ကြသည်မှာ နှစ်ပေါင်းများစွာ ကြာခဲ့ပြီဖြစ်၍ အရေးမထားတော့သည့် အသွင်ကို ဆောင်နေကြသည်။ သူတို့သည် အသက်ရှင်ဖို့နှင့် အလုပ်လုပ်ဖို့အတွက် သူတို့ကိုယ်သူတို့ စွန့်လွှတ်ထားသည့် အရိပ်လက္ခဏာ ကိုလည်း အပီအပြင်ဖော်ပြနေကြလေသည်။

ဗင်းဆင့်၏ရင်ထဲတွင် သာယာကြည်နူးမှုဖြင့် ပြည့်လျက်ရှိသည်။ ပန်းချီကားထဲမှ အလွန်လေးနက်သော၊ နက်ရှိုင်းသော ဘဝလက်တွေ့ ဒဿနိကအမြင်တစ်ခုကို သူ ရှာဖွေတွေ့ရှိလျက်ရှိသည်။

သူသည် အိမ်ထဲမှ ပြန်ထွက်လာခဲ့သည်။ သူစိတ်သည် ကြည်လင်ပေါ့ပါးနေသည်။ သာယာမှုနှင့် ကြည်နူးမှုများကိုလည်း ရရှိခံစားနေရ၏။ သူ့အားပြင်းထန်စွာ ဒိုက်ပုတ်လျက်ရှိသော လူ၏ အဆိုးဝါးဆုံးနှင့် အပြင်းထန်ဆုံးသောရိုက်ချက်များကို ပြန်လည်၍ ခုခံတိုက်ခိုက်ခြင်းမပြုပဲ အနိုင်မခံ အရှုံးမပေးသောစိတ်၊ သည်းခံသောစိတ်ဖြင့် ကြံ့ကြံ့ခံသွားရမည်ဟူသော အမြင်သစ်တစ်ခုကို သူရရှိခဲ့လေပြီ။

(၈)

ခရစ္စတင်း၏ ခွဲစိတ်ကုသမှုသည် အောင်မြင်ခဲ့သော်လည်း ကုန်ကျစားရိတ်ကတော့ ပေးရမည်ဖြစ်၏။ ဗင်းဆင့်သည် ရေဆေးပန်းချီကားဆယ့်နှစ်ကားကို သူဦးကြီး ကော်နီလီးယပ်စ်ထံသို့ ပို့ခဲ့ပြီးနောက် သူဦးကြီးကပေးမည့်ဖရန့်ငွေ သုံးဆယ်ကို စောင့်ရသည်။ ထိုငွေရဖို့အရေးကို ရက်ပေါင်းများစွာစောင့်ခဲ့ရ၏။ ဦးကြီးကော်သည် ဘာလုပ်လုပ် အေးအေးဆေးဆေး လုပ်တတ်သူဖြစ်သဖြင့် ဗင်းဆင့်ထံ ငွေပို့ရာ၌လည်း အချိန်များစွာယူ၍ ပို့ခဲ့သည်။

လေဒင်းဆေးရုံမှ ဆရာဝန်သည် ခရစ္စတင်း မီးဖွားရေးကိုလည်း တာဝန် ယူလိမ့်မည်ဖြစ်ရာ ငွေပေးရာ၌ အရေးတကြီးပေးစရာမလိုချေ။ ဤသို့ဖြင့် ဗင်းဆင့်သည် ကျန်ငွေဖရန့်နှစ်ဆယ်ကို ပထမအရစ်ပေးပြီး နောက်ရက်ပေါင်းအတော်ကြာမှ ပေးပို့ခဲ့ရ၏။ ထိုငွေပေးပြီးသည့်နောက်ပိုင်းတွင် ဗင်းဆင့်သည် ယခင်က ပုံစံအတိုင်းပင် ပြန်ဖြစ်လာခဲ့ရပြန်လေ၏။

ပထမတွင် သူသည် ကော်ဖီနှင့် ပေါင်မုန့်ကြမ်းကို စားနိုင်ခဲ့သော်လည်း မကြာခင် ကော်ဖီမဝယ်နိုင်တော့သဖြင့် ပေါင်မုန့်တစ်မျိုးတည်းကိုသာစားရသည်။ ထို့နောက်တော့ ထုံးစံအတိုင်း ရေသောက်ပြီး ဗိုက်မှောက်နေရသည့်အဖြစ်သို့ ရောက်လာသည်။ ခရစ္စတင်းကတော့ သူ့အိမ်သူ ပြန်စားသော်လည်း သူ့အိမ်တွင်စားသောက်စရာဟူ၍ ဘာမှအပိုအလျှံမရှိသဖြင့် ဗင်းဆင့်အတွက် ဘာတစ်ခုမှယူမလာနိုင်ချေ။ နောက်ဆုံး သည်းမခံနိုင်တော့သည့်အဆုံးတွင် ဗင်းဆင့်သည်

အိပ်ရာပေါ်မှ အားယူဆင်းကာ တဖွဖွကျဆင်းနေသော ဆီးနှင်း များအောက်တွင် နှေးကွေးလေးလံစွာ လျှောက်၍ ဝေဆင်ဘရုချ်၏ စတူဒီယိုသို့ ထွက်လာခဲ့သည်။

ဝေဆင်ဘရုချ်သည် လက်ထဲတွင် ငွေအမြောက်အများရှိသော်လည်း သူကိုယ်သူ တင်းကျပ်သော စည်းကမ်းများဖြင့် ပင်ပန်းခက်ခဲစွာ နေထိုင်ရခြင်း အပေါ်၌ ယုံကြည်သာယာသူ ဖြစ်၏။ သူ့စတူဒီယိုအမိုးတွင် အပြင်မှ အလင်း ရောင်ရရန် မှန်များ တပ်ဆင်ထားသည်။ သူ့စတူဒီယိုထဲတွင် စာအုပ်စာတမ်းဟူ၍ ဘာမျှမရှိ။ သက်သောင့်သက်သာ ထိုင်နိုင်မည့် ဆိုဖာနှင့် ကုလားထိုင် ဟူ၍ တစ်လုံးမှ ချမထား။ နံရံပေါ်၌ ချိတ်ထားသည့် ပန်းချီကားဟူ၍လည်း တစ်ချပ်မျှ မမြင်ရ။ အပြင်သို့ အပျင်းပြေ မျှော်ကြည့်နိုင်မည့် ပြတင်းပေါက် ဟူ၍လည်း တစ်ပေါက်မှဖောက်မထား။ ဧည့်သည်လာလျှင် ထိုင်ဖို့ ခွေးခြေတစ်ခုံ ပင် မထား။ ဤပုံစံဖြင့် နေထိုင်သည့်အတွက် ဝေဆင်ဘရုချ်ထံသို့ လာသူဟူ၍ လုံးဝမရှိ။

"ဟာ. . . ဗင်းဆင့်ပါလား"

ဗင်းဆင့်ဝင်သွားသည့်အခါ ဝေဆင်ဘရုချ်သည် လက်ထဲမှ စုတ်တံကို မချပဲ တအံ့တသြ ရေရွတ်သည်။ သူသည် အခြားပန်းချီဆရာများ၏ စတူဒီယို တွင်းသို့ အချိန်မရွေး တံခါးမရှိ ဓားမရှိ ဝင်ရောက်တတ်သူဖြစ်သော်လည်း သူ့ စတူဒီယိုထဲသို့ အခြားပန်းချီဆရာတစ်ဦးတစ်ယောက် ဝင်ရောက်လာသည့်အခါ ထောင်ချောက်ထဲမှ ခြင်္သေ့တစ်ကောင်သဖွယ် ဆီးကြိုးည့်ခံတတ်သူဖြစ်လေ သည်။

ဗင်းဆင့်က သူ ဘာကိစ္စနှင့် လာရခြင်းဖြစ်သည်ကို ရှင်းပြသည်။

"အိုး. . ဟိုး. . ဟိုး. . မင်း လူမှားပြီး ရောက်လာပြီ" ဟု ဝေဆင်ဘရုချ် ကကျယ်လောင်စွာ ရေရွတ်သည်။ "ငါ မင့်ကို ဆင့်ပြားတစ်ပြား တောင်မချေး နိုင်ဘူး ငါလူရေ"

"နည်းနည်းပါးပါးလောက်မှ မချေးနိုင်ဘူးလား ဗျာ"

"မချေးနိုင်ဘူး. . ဆရာရေ၊ မင်းက ငါ့ကို ဝါသနာပါလို့ အပျော်တမ်း ထဆွဲနေတဲ့ ပန်းချီဆရာလို့ ထင်နေသလား။ ငါက မင့်လိုလူစားမျိုးမဟုတ်ဘူး။ ငါ့မှာ ငွေအများကြီးရှိတာတော့ အမှန်ပဲ၊ ဘဏ်ထဲမှာ အားလုံးအပ်ထားတယ်"

"ဒါဆိုရင်လဲ နှစ်ဆယ့်ငါးဖရန့်လောက်တော့ ချေးပါလားဗျာ၊ အခြေ အနေ သိပ်ဆိုးလွန်းလို့ပါ။ အိမ်မှာ စားစရာဆိုလို့ ပေါင်မုန့်အစတစ်စတောင် မရှိတော့လို့ပါ"

ဝေဆင်ဘရုချ်သည် ပြက်လုံးကောင်းတစ်ခုကို ကြားလိုက်ရသည့်နှယ်

တဟီးဟီး အော်ရယ်ကာ ရွှင်မြူးလျက်ရှိသည်။ "ကောင်းတယ်. . . ကောင်းတယ် သိပ်ကောင်းတယ်" ဟု ပြောသည်။ "မင့်အတွက် တကယ်လိုအပ်နေတဲ့အတိုင်း ဖြစ်လာတာပဲဟေ့။ မင့်အတွက် ကြုံတောင့်ကြုံခဲရလာတဲ့ အခွင့်အရေးမို့ အံ့သြဖို့ တောင်ကောင်းတယ်ကွ၊ သိလား. . . ။ အင်း. . . ဒါတောင်မှ မင်းပန်းချီဆရာ မဖြစ်သေးပဲကိုး. . . ။ ငါဖြင့် အံ့ရောပဲ"

ဗင်းဆင့်သည် အနီးရှိ နံရံကိုမှီထားလိုက်သည်။ အမှီတစ်ခုမရှိပဲနှင့် တောင့်တောင့်မတ်မတ် ရပ်နိုင်စွမ်းမရှိ။ "လူတစ်ယောက်ငတ်နေတာဟာ အံ့သြစရာလားဗျာ" ဟု ပြောသည်။

"ဟ. . . ဒီကမ္ဘာလောကမှာ မင့်အတွက် အကောင်းဆုံး အဖြစ်တစ်ခုကွ၊ ဒီအခက်အခဲကြောင့် မင်းဟာ ဆင်းရဲဒုက္ခကို အကြီးအကျယ် ခံစားရမှာ. . "

"ကျွန်တော် ဆင်းရဲဒုက္ခရောက်နေတာကို ခင်ဗျား ဘာကြောင့် ဒီလောက် စိတ်ဝင်စားနေရတာလဲ"

ဝေဆင်ဘရူခ်သည် တစ်လုံးတည်းသော ခုံပေါ်တွင် တင်ပလ္လင်ခွေထိုင်ကာ လက်ထဲမှ စုတ်တံဖြင့် ဗင်းဆင့်မျက်နှာရှေ့သို့ ထိုးလိုက်သည်။

"ဘာကြောင့်လဲဆိုတော့ အဲဒီ ဆင်းရဲဒုက္ခက မင့်ကို စစ်မှန်တဲ့ ပန်းချီဆရာတစ်ယောက်ဖြစ်အောင် လုပ်ပေးလိမ့်မယ်။ မင့်မှာ များများစားစား ခံစားရလေလေ အကျိုးဖြစ်ထွန်းလေပဲ ဗင်းဆင့်ရ။ အဲသလို ဆင်းရဲဒုက္ခတွေကြားကမှ ပထမတန်းစား ပန်းချီဆရာတွေ ထွက်ပေါ်လာတာ။ အူဟောင်းလောင်းနဲ့ ဗိုက်ဟာ အစားပြည့်နေတဲ့ဗိုက်ထက် အဆများစွာ သာလွန်တယ်။ ကြေကွဲနေတဲ့ နှလုံးသားဟာ သာယာရွှင်လန်းနေတဲ့ နှလုံးသားထက် ပိုကောင်းတယ်။ အဲဒီစကားကို လုံးဝမေ့မပစ်နဲ့ကွ"

"လုံးဝ အဓိပ္ပာယ်မရှိတဲ့စကားတွေပဲ ဝေဆင်ဘရူခ်ရာ၊ ခင်ဗျားသိလျက်နဲ့ ပြောနေတာပဲ"

"ဘယ်ဟုတ်မလဲ ငါ့လူရာ၊ ဆင်းရဲဒုက္ခမရောက်ဘူးတဲ့လူဟာ ပန်းချီဆွဲစရာ အကြောင်းအရာ ဘာတစ်ခုမှ မရှိပဲ ဖြစ်တတ်တယ်။ သာယာပျော်ရွှင်မှုဆိုတာဟာ ကျွဲတွေ နွားတွေနဲ့ပဲဆိုင်တယ်။ အဲဒီဟာမျိုးက နွားမတွေနဲ့ ကုန်သည်တွေအတွက်ပဲ။ ပန်းချီဆရာတွေဟာ ဝေဒနာကိုပွားများလာအောင် လုပ်ပေးရမယ်။ တကယ်လို့မင်းဟာ ငတ်ပြတ်နေမယ်။ အားပျက်နေမယ်။ စိတ်ကုန်စရာကောင်းလောက်အောင် ဆင်းရဲဒုက္ခရောက်နေမယ်ဆိုရင် ကျေးဇူးသာတင်ပေတော့။ ဘုရားသခင်က မင့်အပေါ် ကောင်းနေပြီလို့သာ မှတ်တော့"

"ဆင်းရဲခြင်းဟာ ပျက်စီးသွားအောင် ဖျက်ဆီးပစ်တာပဲ"

"ဟုတ်တယ်၊ ဖျက်ဆီးတယ်။ အားနည်းသူကိုသာ ဖျက်ဆီးတာ။ အားကြီးသူကို မဖျက်ဆီးဘူး။ တကယ်လို့ ဆင်းရဲခြင်းက မင့်ကို ဖျက်ဆီးနိုင်တယ်ဆိုရင် မင်းဟာ လူပျော့လူညံ့ပေါ့။ မြေကြီးကိုသာယက်ပြီး ဆင်းသွားပေတော့"

"ဒါဆိုရင် ခင်ဗျား ကျွန်တော့်ကို လုံးဝ မကူညီနိုင်ဘူးပေါ့။ ဟုတ်လား"

"ငါ့စိတ်ထဲက မင့်ကို အလွန်ကြီးကျယ်ထင်ရှားတဲ့ ပန်းချီဆရာတစ်ယောက်လို့ ထင်မှတ်နေသည့်တိုင်အောင် ကူညီတာကတော့ မကူညီနိုင်ဘူးကိုယ့်လူ။ တကယ်လို့ ငတ်ပြတ်မှုနဲ့ ဆင်းရဲဒုက္ခရောက်မှုက သတ်လို့သေမယ်ဆိုရင် အဲဒီလူစားမျိုးဟာ ကယ်တင်ထိုက်တဲ့ လူမဟုတ်ဘူး။ ဒီကမ္ဘာကြီးထဲမှာ ဘုရားသခင်ကပဲဖြစ်ဖြစ်၊ မာရ်နတ်ကပဲဖြစ်ဖြစ် မသတ်နိုင်တဲ့ လူဟာ သူပြောချင်ပြချင်တဲ့ အရာရာတိုင်းကို ရေးဆွဲပြနိုင်တဲ့ ပန်းချီဆရာ ဖြစ်လာနိုင်တယ်လို့သာမှတ်"

"ကျွန်တော်ဟာ ငတ်ပြတ်နေတာလဲ ကြာခဲ့ပြီ။ ကျွန်တော့်ခေါင်းပေါ်မှာ အမိုးရယ်အကာရယ်လို့ မရှိပဲ နေခဲ့ရတာလဲ ကြာခဲ့ပြီ။ လုံလုံခြုံခြုံ ဝတ်ဆင်မထားပဲနဲ့ မိုးရေထဲ ဆီးနှင်းထဲမှာ လျှောက်သွားနေခဲ့ရတဲ့ အချိန်ကာလတွေလဲ မနည်းတော့ဘူး။ ဒါပေမယ့် အခုချိန်ထိ. . ."

"ဟ. . . မင်းက အခုမှ အစပဲ ရှိသေးတာကိုးကွ။ မင့်အနေနဲ့ဆင်းရဲဒုက္ခခံစားမှုရဲ့ မျက်နှာပြင်ကိုတောင်မှ ရှာလို့မတွေ့သေးဘူးလကွာ။ အဲဒီတော့. . . အခု မင်း အိမ်ကို အမြန်ဆုံးပြန်သွားပြီး ပုံတွေ ဆွဲပေတော့။ ပိုပြီးငတ်လေ ပိုပြီးဆင်းရဲလေ အလုပ်ကို ပိုပြီး လုပ်နိုင်လေပဲ။ ကဲ ကြွတော့"

"အလုပ်ကို ပိုပြီးလုပ်လေလေ ကျွန်တော်ဆွဲထားသမျှ ပန်းချီကားတွေ အပယ်ခံရလေ ဖြစ်နေမှာပဲ"

ဝေဆင်ဘရှ့ခ်ျက တဟားဟား အော်ရယ်သည်။ "ဒါပေါ့ကွ၊ အားလုံး အပယ်ခံရမှာပေါ့. . ။ အပယ်ခံဘဝလဲ ရောက်သင့်တယ်လေ။ ဒါမှ မင့်အတွက် ကောင်းမှာပေါ့။ မင်း အခုဆွဲထားတဲ့ ပန်းချီကားကို အပယ်ခံရလို့ စိတ်ဆင်းရဲမှုကြီးလာရင် မင့်အနေနဲ့ အရင်တစ်ကြိမ်ဆွဲထားတဲ့ ပန်းချီကားထက်ပိုပြီးကောင်းတဲ့ ပန်းချီကားကို ဆွဲလာနိုင်မှာ သေချာတယ်။ အဲဒါမှတ်ထား မင်းငတ်တာပြတ်တာ ဆင်းရဲဒဏ်ခံရတာတွေဟာ ဒီလောက်နဲ့ မလုံလောက်သေးလို့ အခုလိုဆက်ပြီး ဖြစ်နေသေးတာလို့ မှတ်. . ။ ဒဏ်ခံရတာတွေ လုံလောက်ပြီဆိုတဲ့အချိန်ကြရင် မင့်ပန်းချီကားတွေဟာ ကျန်စတင်းရဲ့ ပန်းချီကားတွေနဲ့

တစ်တန်းတည်းတွဲပြီး အချိတ်ခံရမှာ သေချာတယ်။ ဒါမှမဟုတ်လဲ တခြား ပန်းချီဆရာ အကျော်အမော်ကြီး. . .”

“. . . . ပန်းချီဆရာအကျော်အမော်ကြီး ဝေဆင်ဘရူချိရဲ့ ပန်းချီကား တွေနဲ့ ယှဉ်ပြီး အချိတ်ခံရမယ်ဆိုပါတော့”

“အေးပေါ့. . . အေးပေါ့။ ဝေဆင်ဘရူချိရဲ့ ပန်းချီကားတွေနဲ့ပေါ့။ အဲဒါကြောင့် ငါ စဉ်းစားတာက တကယ်လို့ ငါက အခုမင်းချေးတဲ့ငွေကို ပေးလိုက်ရင် ထာဝရ တည်မြဲသွားမယ့် ပန်းချီကားတွေ ဆွဲနိုင်ဖို့ပေါ်ပေါက်နေတဲ့ မင်းရဲ့အခွင့်အလမ်းကောင်းတွေကို ငါက ဓားပြတိုက်ပြီး လုယူလိုက်သလို ဖြစ်သွားမှာပေါ့ကွာ”

“သွားစမ်းပါ။ ခင်ဗျားရဲ့ ထာဝရပန်းချီ. . . လောလောဆယ် ကျွန်တော် ပန်းချီဆွဲချင်တယ်။ ဒါပေမယ့် ပိုက်ဟောင်းလောင်းနဲ့ မဆွဲနိုင်ဘူး။ ဒါ့ကြောင့် ခင်ဗျားဆီလာပြီး အကူအညီတောင်းတာ”

“တန်ဖိုးရှိတဲ့ ပန်းချီကားတိုင်းဟာ ပိုက်ဟောင်းလောင်းနဲ့ ဆွဲသွားတာ ချည်းပဲ ကိုယ့်လူ။ မင့်အူတွေထဲမှာ အစားတွေပြည့်နေလို့ကတော့ မင့်အနေနဲ့ အလွဲအမှားတွေချည်းပဲ ဖန်တီးနေမှာ သေချာတယ်”

“ခင်ဗျားက ကျွန်တော့်ကိုသာ ဒီစကားမျိုးတွေပြောနေတာ။ ခင်ဗျား ကိုယ်တိုင်ကျတော့ ဆင်းရဲဒုက္ခ အကြီးအကျယ် ခံရဖူးခဲ့တယ်လို့ မကြားဖူးပါဘူး”

“ငါ့မှာက ဖန်တီးရှင်စွမ်းရည်နဲ့အတွေးအခေါ်တွေရှိနေတယ်လေ၊ ဆင်းရဲဒုက္ခရဲ့ သဘောသဘာဝကို ကိုယ်တိုင်မခံစားရပဲ နားလည်နေတဲ့လူ မဟုတ်လားကွ”

“ခင်ဗျားဟာ တကယ့် လူလိမ်၊ လူညာ၊ လူညစ်ကြီး တစ်ယောက်ပါ လား”

“ကိစ္စမရှိပါဘူး၊ ရပါတယ်။ တကယ်လို့ ငါ့ပန်းချီကားတွေဟာ ဒီဘော့ရဲ့ ကားတွေလို ဘာခံစားမှုမှမပါတဲ့ ပေါ့ပျက်ပျက်ကားတွေဆိုရင် ငါရထားတဲ့ငွေကို ထင်သလို သုံးဖြုန်းပြီး သူတောင်းစားတစ်ကောင်လို နေမှာပေါ့. . ကွာ။ အခုဟာ ကငါ့အနေနဲ့ ခံစားမှုတွေကို အပြည့်အဝဖော်ပြနိုင်စွမ်း ရှိနေလေတော့ ငါဟာ အကျော်အမော် ပန်းချီဆရာကြီးတစ်ယောက်ဘဝကို ရနေတယ်မဟုတ်လား”

“အင်းပေါ့လေ။ အဲဒါကြောင့်လဲ ခင်ဗျားဟာ မဟာလူလိမ် လူကောက် ကြီးဖြစ်နေတာပေါ့၊ ကဲပါ ဝေဆင်ဘရူချိရာ၊ စိတ်ကောင်းလေးထားပြီး ကျွန်တော့် ကိုနှစ်ဆယ့်ငါးဖရန့်လောက် ချေးစမ်းပါ”

"နှစ်ဆယ့်ငါးဆင့်တောင် မခြေးနိုင်ဘူး ငါ့လူရေ။ ငါကတော့ ပြောင်ပြောင်ရှင်းရှင်းပဲ ပြောမယ်။ ငါက မင့်ကို ငွေချေးလိုက်ခြင်းအားဖြင့် မင့်စိတ်ဓာတ်ကို ပျော့ညံ့သွားအောင် မလုပ်ချင်ဘူး။ မင်းဟာ တစ်နေ့ကျရင် မင့်ရဲ့ ဘဝကြမ္မာကိုအဆုံးအဖြတ်ပေးနိုင်တဲ့ ပန်းချီလက်ရာကောင်းတွေကို ဆွဲချင်ဆွဲလာနိုင်မှာ"

ဗင်းဆင့်သည် ဝေဆင်ဘရု့ခ်၏မျက်နှာကို အတန်ကြာမျှ စိုက်ကြည့်နေသည်။ ထို့နောက် ချာကနဲလှည့်ကာ တံခါးကိုဖွင့်သည်။

"ခဏနေဦးလေ"

"ဘာလဲ. . . ခင်ဗျားက ကျုပ်ကို လူကြောက်၊ လူညံ့၊ သူရဲဘောကြောင်တဲ့ကောင်လို့ ထပ်ပြောဦးမလို့လား" ဟု ဗင်းဆင့်ကမေးသည်။

"ဒီမယ်ဗင်းဆင့်၊ ငါဟာကပ်စေးနဲကော်တရာကောင် မဟုတ်ပါဘူးကွာ။ အခု ငါလုပ်တာဟာ မူအရ လုပ်တာပါ။ တကယ်လို့ ငါ့စိတ်ထဲက မင့်ကို အရူးတစ်ကောင်လို့ ထင်ခဲ့ရင်တော့ မင်း စတူဒီယိုထဲက အမြန်ဆုံးထွက်သွားအောင် နှစ်ဆယ့်ငါးဖရန့်ပေးလိုက်မှာပါ။ ငါ့အနေနဲ့ မင့်အပေါ်မှာ ဘဝတူပန်းချီဆရာတစ်ယောက်အဖြစ် လေးစားမှုရှိပါတယ်။ ဒါ့ကြောင့်မို့လဲ ဒီကမ္ဘာပေါ်မှာ ငွေတွေ ဘယ်လောက်ပဲပေးပေး ဝယ်လို့မရနိုင်တဲ့ အရာတစ်ခု မင့်ကို ပေးလိုက်ပါ့မယ်။ ဒီအရာကို ဒီ ဟော့ဂ်မြို့ပေါ်မှာ မောဗီးကလွဲပြီး တခြား ဘယ်သူ့ကိုမှ ငါမပေးခဲ့ပါဘူး"

"ဒီဖက်ကို လျှောက်ခဲ့ပါ။ အဲဟိုခန်းဆီးကို ဖယ်လိုက်ပါ။ ဟုတ်ပြီ ဒါမှ အပေါ်မှာတပ်ထားတဲ့ မှန်ကအလင်းရောင်ဝင်မှာ. . ။ အေးဟုတ်တယ်. . ။ အဲသလိုဆိုတော့ ပိုပြီးကောင်းတာပေါ့ကွာ။ ငါ ပန်းချီဆွဲတဲ့အခန်း ပြင်ထားပုံကို မင်းကြည့်ပါ။ မြင်တယ်မဟုတ်လား။ ဒီနေရာဟာ ဒီဇိုင်းကိုငါဘယ်လိုဆွဲတယ်။ ဘယ်လိုအဆင်ပြေအောင် မျှတအောင်လုပ်ယူတယ်ဆိုတာ မင်းခန့်မှန်းလို့ရမှာပါ"

နောက်တစ်နာရီအကြာတွင် ဗင်းဆင့်သည် ရွှင်လန်းတက်ကြွသောစိတ်ဖြင့် ဝေဆင်ဘရု့ခ်၏ စတူဒီယိုထဲမှ ထွက်ခွာလာခဲ့သည်။ သူသည် အလွန်တိုတောင်းသည့် အချိန်ကာလအတွင်း ပန်းချီပညာသင်ကျောင်း၌ တစ်နှစ်နေမှ ရနိုင်မည့် ပညာများကို ရရှိခဲ့ပြီဖြစ်၏။ သူသည် သူ၏ ငတ်မွတ်နေခြင်း၊ ဖျားနာနေခြင်းနှင့် လက်ထဲ၌ ဆင့်ပြားတစ်ပြားမျှပင် မရှိခြင်း စသည်များကို သတိမေ့ကာ သွက်လက်ပေါ့ပါးသော ခြေလှမ်းများဖြင့် လျှောက်သွားလျက်ရှိလေသည်။

(၉)

နောက် ရက်အနည်းငယ်မျှအကြာတွင် ဗင်းဆင့်သည် သဲတောင်ကုန်းများကြား၌ ပန်းခြံဆွဲနေသော မောဗီးနှင့် အမှတ်မထင် ဆုံမိသည်။ မောဗီးနှင့် ပြန်လည်သင့်မြတ်ရန် မျှော်လင့်လျက်ရှိသော ဗင်းဆင့်သည် သူတို့ချင်း အေးအေးဆေးဆေးနှင့် အဆင်ပြေသွားလိမ့်မည်ဟု ထင်မိ၏။

"အစ်ကို မောဗီး၊ ကျွန်တော် အစ်ကို့ကို တောင်းပန်ချင်လို့ပါ။ အစ်ကို့စတူဒီယိုထဲမှာ ကျွန်တော်ဟာ ပြောမှားဆိုမှား လုပ်မှားကိုင်မှား ဖြစ်ခဲ့ပါတယ်။ ကျွန်တော့်ကို ခွင့်လွှတ်ပါ။ ကျွန်တော့်ဆီ တစ်ခေါက်လောက် အလည်လာပြီး ကျွန်တော်ဆွဲထားတဲ့ ကားကလေးတွေကို ဝေဖန်ပေးစေချင်ပါတယ်"

မောဗီးက ဗင်းဆင့်၏ တောင်းပန်မှုကို လက်မခံပေ။ "ငါ မင့်ဆီ မံလာနိုင်ဘူး။ အဲဒါပဲ" ဟု ပြောင်ပြောင်တင်းတင်း ပြန်ပြောသည်။

"ကျွန်တော့်အပေါ်မှာ ဒီလောက်တောင် ဖြစ်သွားပြီလား"

"အေး. . ဟုတ်တယ်၊ မင်းဟာအကျင့်စာရိတ္တကောင်းတဲ့လူ မဟုတ်ဘူး"

"ကျွန်တော် မကောင်းတာကို ထောက်ပြပါအစ်ကို၊ ကျွန်တော် ပြင်ဖို့အသင့်ပါ"

"ငါ မင့်အပေါ်မှာ စိတ်ဝင်စားမှု မရှိတော့ဘူး"

"ကျွန်တော့်အနေနဲ့ စားတယ်၊ အိပ်တယ်၊ ပန်းချီဆရာတစ်ယောက် အနေနဲ့ ပန်းချီဆွဲတယ်၊ အဲဒါကိုပဲ အကျင့်ပျက်တယ်လို့ ဆိုနေတာလား"

"မင်းက မင့်ကိုယ်မင်း ပန်းချီဆရာလို့ ခေါ်နေသလား"

"ဟုတ်တယ်"

"အတော်ရယ်စရာကောင်းတဲ့စကားပဲ။ ပန်းချီကားတစ်ချပ်တောင် မရောင်းရတဲ့လူက ဒီစကားပြောတာဟာ ရှုးမိုက်တာပဲ"

"ပန်းချီကားရောင်းရမှ ပန်းချီဆရာတစ်ယောက် ဖြစ်ရမှာလား. . ။ ပန်းချီဆရာဆိုတဲ့ စကားရဲ့အဓိပ္ပာယ်ဟာ ရှာဖွေမတွေ့ရှိသေးတဲ့အရာကို ပုံဆွဲရင်း အစဉ်အမြဲ လိုက်လံရှာဖွေနေတဲ့ လူတစ်ယောက်ကို ဆိုလိုတာလို့ ကျွန်တော်က တော့ ထင်မိတာပဲ။ ဒီစကားလုံးရဲ့အဓိပ္ပာယ်ဟာ "ငါ ဒါကိုသိပြီ၊ ငါဒါကိုတွေ့ပြီ" ဆိုတဲ့ စကားနဲ့ ဆန့်ကျင်ဘက်အနက်ထွက်တယ်လို့ ယူဆတာပဲ၊ တကယ်လို့ ကျွန်တော်က "ငါဟာ ပန်းချီဆရာတစ်ယောက်ကွ" လို့ ပြောလိုက်ခြင်းဟာ "ကျွန်တော်ရှာဖွေနေတယ်။ ကျွန်တော်ကြိုးပမ်းအားထုတ်နေတယ်။ ကျွန်တော်

ဒီလောကထဲမှာ နှလုံးသားကို မြူပ်နှံပြီး အလုပ်လုပ်နေပါတယ်” လို့ ပြောလိုက်ခြင်းနဲ့ အတူတူပဲလို့ ထင်မိတယ်”

“ဘာပဲဖြစ်ဖြစ်ကွာ၊ မင်းဟာ အကျင့်စာရိတ္တ ကောင်းတဲ့ကောင်မဟုတ်ဘူး”

“အေးလေ၊ ခင်ဗျား ကျွန်တော့်အပေါ်မှာ သံသယရှိနေတာအမှန်ပဲ။ ကျွန်တော် မဟုတ်တာတစ်ခုခု လုပ်ထားတယ်လို့ ခင်ဗျားထင်နေတာကတော့ သေချာတယ်။ “ဗင်းဆင့်ဆိုတဲ့ကောင်ဟာ အလင်းရောင်ထဲထွက်ပြီးမရပ်ဝံ့လောက်အောင် ဆိုးယုတ်တဲ့အရာတစ်ခုကို လုပ်ထားတယ်။ အဲဒီဟာကို ဒီအကောင် ဖုံးကွယ်ထားတယ်” လို့ ထင်နေတယ်မဟုတ်လား။ အဲဒါ ဘာလဲ မောဗီး၊ ကျွန်တော့်ကို ပွင့်ပွင့်လင်းလင်း ဖွင့်ပြောပါ”

မောဗီးသည် ဗင်းဆင့်၏အမေးကို မဖြေပဲ သူ့ပန်းချီကားတင်ခုံဘက် ပြန်လှည့်ကာ ဆွဲလက်စ ပန်ချီးကားကို ဆက်ဆွဲနေသည်။ ဗင်းဆင့်သည် အသာအယာပင် ပြန်လှည့်ပြီး မောဗီး၏အနားမှ ထွက်ခွာလာခဲ့လေ၏။

သူ့အပေါ် သံသယရှိနေပြီဟူသော ဗင်းဆင့်၏အထင်သည် မမှားချေ။ ဟော်မြို့ပေါ်ရှိ ပန်းချီဆရာများလောကတွင် ဗင်းဆင့်နှင့် ခရစ္စတင်းတို့၏ သတင်းသည် ပျံ့နှံ့လျက်ရှိသည်။ ဤကိစ္စကို သူ့အား ပြောပြခဲ့သူမှာ ဒီဘော့ဖြစ်၏။ တစ်ရက်တွင် ဒီဘော့သည် ဗင်းဆင့်ထံသို့ ရောက်လာသည်။ စတူဒီယို ထဲ၌ ထိုင်၍ ကိုယ်ဟန်ပြနေသော ခရစ္စတင်းအား မြင်သည့်အခါ လှောင်ပြုံးပြုံးသည်။ ခရစ္စတင်း နားလည်မည်ကို စိုးရိမ်သဖြင့် ဗင်းဆင့်အား သူကြားထားသည့် သတင်းကို အင်္ဂလိပ်ဘာသာဖြင့် ပြောပြသည်။

“မင့်မှာ အပျော်မယားတစ်ယောက် ရှိနေတယ်လို့ တစ်မြို့လုံးကသိနေကြတယ်၊ ကိုယ်လဲ ဝေဆင်ဘရုံ၌၊ မောဗီးနဲ့ တာစတိတို့က ပြောမှသိတာ”

“အော်. . . ဟုတ်လား” ဟု ဗင်းဆင့်က ရေရွတ်သည်။ “သူတို့က ဘာတွေကို ဘယ်လိုပြောနေကြတာလဲ”

“မင့်အနေနဲ့ ဆင်ခြင်မှု ရှိသင့်တယ်လို့ ထင်တယ် သူငယ်ချင်း။ ဒီမြို့ပေါ်မှာသူဟာ ကိုယ်ဟန်ပြမယ်အလုပ်လုပ်တဲ့ အမျိုးသမီးဟုတ်ရဲ့လား။ ကိုယ်က ကိုယ်ဟန်ပြမယ်အားလုံးလောက်သိတဲ့လူဆိုတော့ မင့်ကိစ္စမှာ ပြောရခက်တယ်”

ဗင်းဆင့်သည် မီးဖိုဘေးဌ၌ ထိုင်၍ဇာထိုးနေသော ခရစ္စတင်းအား တစ်ချက်လှမ်းကြည့်သည်။ သူ အခုလိုထိုင်နေသည့်အခါ အိမ်ရှင်မတစ်ယောက်နှင့်တူလှသဖြင့် ဆွဲဆောင်မှု အပြည့်ရှိနေသည်။ ခရစ္စတင်း၏ အကြည့်သည်

သူလက်ထဲမှ ဇာထိုးအပ်အပေါ်၌သာ ရှိနေသည်။ ဒီဘော့သည် လက်ထဲမှ စီးကရက်ကို ကြမ်းပေါ်သို့ပစ်ချပြီး ခြေထောက်နှင့် နင်းချေပစ်လိုက်သည်။

"ဘုရား. . ဘုရား။ ကိုယ့်လူရဲ့ အပျော်မယားဟာ သူပဲလား" ဟု ရေရွတ်သည်။

"ကျွန်တော့်မှာ အပျော်မယား မရှိဘူး. . ဒီဘော့၊ သူတို့လူစု ပြောနေကြတဲ့ အမျိုးသမီးဟာ သူကိုပဲ ဖြစ်လိမ့်မယ်လို့ ကျွန်တော်ထင်တယ်"

ဒီဘော့သည် သူနဖူးမှ ချွေးများကိုသုတ်ရင်းနှင့် ခရစ္စတင်းအား အသေအချာ ထပ်ကြည့်နေသည်။ "မင်းကွာ ဒီဟာကြီးနဲ့မှ အိပ်ရသလား" ဟု ပြောသည်။

"ခင်ဗျား ဘာ့ကြောင့် အဲဒီလို ပြောရတာလဲ"

"သူငယ်ချင်းရယ်။ ဒီမိန်းမဟာ အတော့်ကို အကျည်းတန်အရုပ်ဆိုးတဲ့ ဟာကြီးပဲ။ လမ်းပေါ်က အမျိုးအစားကြီးပါကွာ။ ဘာပြုလို့ ဒါမျိုးကြီးကို စဉ်းစားရတာလဲ။ တာစတိတစ်ယောက် အထိတ်ထိတ်အလန့်လန့် ဖြစ်နေတာ ဘယ်ဆန်းမလဲ။ မင့်အနေနဲ့ အပျော်မယားထားချင်ရင် စိတ်တိုင်းကျ ရွေးစရာတွေအများကြီး ရှိပါတယ်။ မြို့ထဲမှာ အသက်ငယ်ငယ်နဲ့ ချောချောလှလှ ကိုယ်ဟန်ပြမယ့် တွေအများကြီး ရှိပါတယ်။ အဲဒီထဲက ခေါင်းခေါက်ပြီး ရွေးယူလို့ ရပါတယ်ကွာ"

"ကျွန်တော် တစ်ခါန်က ခင်ဗျားကို ပြောခဲ့ဖူးပါတယ်။ ဒီအမျိုးသမီးဟာ ကျွန်တော့် အပျော်မယားမဟုတ်ပါဘူး"

"ဒါဆိုရင် သူက ဘာလဲ"

"သူက ကျွန်တော့်ဇနီးပါ"

"မင့်ဇနီး. . . ဟုတ်လား"

"ဟုတ်တယ်၊ ကျွန်တော် သူ့ကို လက်ထပ်ဖို့ ရည်ရွယ်ထားတယ်"

"ဘုရား. . . . ဘုရား"

ဒီဘော့သည် ကြောက်ရွံ့ထိတ်လန့်သည့် မျက်နှာထားဖြင့် ခရစ္စတင်းအား ကြည့်နေသည်။ ထို့နောက် သူ့ကုတ်အင်္ကျီကိုပင် မဝတ်တော့ပဲ စတူဒီယိုထဲမှအပြေးအလွှား ထွက်သွားသည်။

"ရှင်တို့ ကျွန်မအကြောင်း ဘာတွေပြောနေတာလဲ" ဟု ခရစ္စတင်းက မေးသည်။

ဗင်းဆင့်သည် ခရစ္စတင်းထံ လျှောက်သွားပြီး အတန်ကြာမျှ ငုံ့ကြည့်နေသည်။ "ကိုယ် ဒီဘော့ကို ပြောလိုက်ပြီ။ မင်းကို ကိုယ်လက်ထပ်မယ်. . လို့"

ခရစ္စတင်းသည် ငြိမ်ဆိတ်နေသည်။ သူ့လက်များက တုန်ယင်လှုပ်ရှားနေကြသည်။ သူပါးစပ်သည်ဟလာပြီး ခြောက်သွေ့သော နှုတ်ခမ်းများကိုလျှာဖြင့် မကြာခဏ လျက်ပေးနေသည်။

"ရှင်. . . ကျွန်မကို တကယ် လက်ထပ်မှာလား. . . ဘာပြုလို့ လက်ထပ်မှာလဲ"

"ကိုယ့်အနေနဲ့ အိမ်ထောင်သည်ဘဝရဲ့ သာယာပျော်ရွှင်မှုတွေနဲ့ ဝမ်းနည်းကြေကွဲစရာတွေကို ရင်ဆိုင်ဖြတ်သန်းရင်း ကိုယ့်အတွေ့အကြုံကရလာသမျှကို ပန်းချီဆွဲဖို့ပဲ။ တစ်ချိန်က ကိုယ်ဟာ မိန်းမတစ်ယောက်ကို ချစ်မိခဲ့ဖူးတယ် ခရစ္စတင်း၊ ကိုယ် သူ့အိမ်ကို ရောက်သွားတော့ သူတို့ကပြောတယ် သူတို့ရဲ့သမီးက ကိုယ့်ကို ရွံရှာစက်ဆုတ်နေတယ်တဲ့။ ကိုယ့်အချစ်က စစ်မှန်တယ်။ ဖြူစင်တယ်။ ပြင်းထန်တယ်။ ကြီးမားတယ်။ ကိုယ် သူတို့ဆီက ပြန်လာတော့ ကိုယ့်အချစ်ဟာ သေသွားပြီလို့နားလည်ခဲ့ရတယ်။ ဒါပေမယ့် သေပြီးတဲ့နောက်မှာ ပြန်လည်ရှင်သန်ခြင်းဆိုတာ ရှိရမယ်။ မင်းဟာ ပြန်လည်ရှင်သန်ခြင်းပါပဲ"

"ဒါပေမယ့် ရှင် ကျွန်မကို လက်ထပ်လို့ မဖြစ်ပါဘူး။ ကလေးတွေကရှိသေးတယ်။ ပြီးတော့ ရှင့်ညီက ငွေမပို့ပဲ နေမှာလဲ စိုးရတယ်"

"ကိုယ်ဟာ မိခင်တစ်ယောက်ဖြစ်နေတဲ့ မိန်းမတစ်ယောက်အပေါ် လေးစားတတ်ပါတယ်။ ကိုယ်တို့အနေနဲ့ မကြာခင်မွေးလာမယ့်ကလေးနဲ့ ဟာမင်းကို ကိုယ်တို့နဲ့ အတူတူထားမယ်။ ကျန်တဲ့ကလေးတွေက မင့်အမေနဲ့ နေပေါ့။ အင်း ကိုယ့်ညီ သီအိုကိစ္စကတော့. . . ဟုတ်တယ်. . . သူ ထောက်ပံ့နေတဲ့ ငွေကို ဆက်ပြီးပေးချင်မှပေးမယ်။ ဒါပေမယ့် ကိုယ်က အကြောင်းစုံကို အမှန်အတိုင်းရေးလိုက်ရင် သူ ကိုယ့်ကို ပစ်ထားမယ်လို့ မထင်ဘူး"

သူသည် ခရစ္စတင်း၏ ခြေရင်းဌ ဒူးထောက်၍ ထိုင်ချလိုက်သည်။ ခရစ္စတင်းသည် သူနှင့်တွေ့စတုန်းကလိုမဟုတ်။ သူမျက်နှာသည်များစွာ ကြည့်လို့ကောင်းနေသည်။ သူ၏ ကိုယ်စိတ်နှစ်ပါးဆင်းရဲမှုဒဏ်ကို အမြဲတစေ ဖော်ပြနေသော မျက်လုံးအစုံတွင် စိတ်ပျော်ရွှင်မှုအရိပ်အငွေ့ကလေးများယှက်သန်းနေသည်။ ဘဝသစ်ရှင်သန်မှုတစ်ခုရှိလာနေသည့် အရိပ်လက္ခဏာကို သူတစ်ကိုယ်လုံးတွင် မြင်နေရလေသည်။

သူနှင့် စတင်တွေ့ဆုံခဲ့ချိန်ကတော့ ခရစ္စတင်းသည် နေထိုင်ပုံနှင့် ပြောဆိုပြုမူဆက်ဆံပုံများသည် ရိုင်းစိုင်းကြမ်းတမ်းလွန်းလှ၏။ နောက်ပိုင်းတွင်မူ

သူ့အပြုအမူများသည် ယဉ်ကျေးသိမ်မွေ့သည့်ဘက်သို့ ပြောင်းလာခဲ့သည်။ အေးဆေးတည်ငြိမ်စွာ နေထိုင်လာသည်ကိုလည်း တွေ့လာခဲ့ရသည်။ အခုအချိန်တွင်မူ ခရစ္စတင်း၏ မျက်နှာတွင် ချို့သာသောအသွင် ထင်ဟပ်လျက်ရှိသည်။

"ခရစ္စတင်းကို ကိုယ် တစ်ခုပြောထားရဦးမယ်၊ ကိုယ်တို့အနေနဲ့ တတ်နိုင်သမျှ ချွေတာပြီး သုံးစွဲသွားမှ ဖြစ်မယ်။ ကိုယ့်မှာ ဝင်ငွေ တစ်ပြားမှမရနိုင်တဲ့ အချိန်ဆိုတာ ရှိချင်ရှိလာမယ်။ အဲဒီလိုအခါကျရင် စုဆောင်းထားတာလေးတွေကို သုံးနိုင်တာပေါ့။ မင်း လေဒင်းဆေးရုံမှာ သွားပြီး သားဖွားတဲ့အခါမှာတော့ ကိုယ် ကူညီနိုင်မှာပါ။ မီးဖွားပြီးလို့ ပြန်လာတဲ့အချိန်ကျရင်တော့ ကိုယ့်အခြေအနေဟာ ဘယ်လိုရှိနေမလဲဆိုတာ မသိနိုင်သေးဘူး။ စားစရာ ပေါင်မုန့်ရှိမလား၊ မရှိဘူးလားဆိုတာတောင် မသေချာဘူး။ တစ်ခုတော့ရှိတယ်။ ကိုယ့်မှာ ဘာပဲရှိရှိ ရှိတာကိုတော့ မင်းနဲ့ကလေးတွေကိုမျှပြီး ကျွေးသွားမှာပါ။"

ခရစ္စတင်းသည် ကုလားထိုင်ပေါ်မှ လျှောဆင်းကာ ဗင်းဆင့်၏ဘေးၭိ ဝင်ထိုင်သည်။ သူလက်နှစ်ဖက်ဖြင့် ဗင်းဆင့်၏လည်ပင်းကို သိုင်းဖက်ကာ သူ့ခေါင်းကို ဗင်းဆင့်၏ ပခုံးထက်တွင် မှေးတင်ထားသည်။

"ကျွန်မကို ရှင်နဲ့ အတူတူနေခွင့်သာပေးပါ။ ကျွန်မ ရှင့်ဆီက ဘာတွေမှ မလိုချင်ပါဘူး။ ပေါင်မုန့်နဲ့ကော်ဖီလောက် စားရသောက်ရရင် လုံလောက်ပါတယ်။ ကျွန်မရှင့်ကို သိပ်ချစ်တယ် ဗင်းဆင့်။ ကျွန်မအပေါ် ကြင်ကြင်နာနာဆက်ဆံတဲ့ ပထမဆုံးသောယောကျ်ားဟာ ရှင်ပဲ ရှိပါတယ်။ ရှင် ကျွန်မကို လက်မထပ်ချင်ရင် လက်မထပ်ပါနဲ့။ ရှင်နဲ့ နေခွင့်ပြုရင် ကျွန်မအဖို့ ပြည့်စုံပါတယ်။ ရှင် ကျွန်မကို ခိုင်းစရာရှိတာ အကုန်ခိုင်းပါ။ ကျွန်မ လုပ်ပေးပါ့မယ်။ ကျွန်မဘဝမှာ အခုမှပဲ ပထမဆုံးအကြိမ် ပျော်ရပါတယ်။ ကျွန်မ ဘာမှ မလိုချင်တာ အမှန်ပါ"

ခရစ္စတင်း၏ ဗိုက်ထဲမှ ကလေးသည် ဗင်းဆင့်အား တိုးဝှေ့လျက်ရှိသည်။ ဗင်းဆင့်သည် ခရစ္စတင်း၏ နဖူး၊ ပါး၊ ဆံစ စသည်များကို တယုတယနမ်း၏။ သာယာကြည်နူးခြင်းအရှိန်ဖြင့် ခရစ္စတင်း၏မျက်နှာသည် နီမြန်းလျက်ရှိလေသည်။

"ကိုယ့်ကို ချစ်ရဲ့လား ခရစ္စတင်း"

"ချစ်ပါတယ် ဗင်းဆင့်ရယ်၊ သိပ်ကို ချစ်ပါတယ်"

"အချစ်ခံရတာဟာ အလွန်ကောင်းမြတ်တဲ့ အရာတစ်ခုပါ ခရစ္စတင်းရယ်။ ကိုယ်ဟာ အလုပ်သမားတစ်ယောက်လို နေခဲ့တဲ့လူပါ။ ကိုယ်ဟာ

အဲဒီဘဝနဲ့ပဲ သင့်တော်ထိုက်တန်တဲ့လူပါ။ ကိုယ်တို့နှစ်ယောက်ဟာ ဒါကြောင့်မို့ လဲ တစ်ယောက်ကိုတစ်ယောက် နားလည်ကြတယ်။ ဘယ်သူတွေ ဘာပြောပြော ဂရုစိုက်စရာလဲ မလိုပါဘူး။ အဆင့်အတန်းဆိုတဲ့ စကားတွေပြောပြီး တစ်ယောက် အပေါ် တစ်ယောက် ဟန်ဆောင်မှုတွေနဲ့ ဆက်ဆံနေစရာလဲ မလိုပါဘူး"

သူတို့သည် တစ်ယောက်ကိုတစ်ယောက် ဖက်ကာ ကြမ်းပေါ်၌ ထိုင်နေကြသည်။ သူတို့၏ သာယာနေသော လောကကို ဖြိုဖျက်လိုက်သူမှာ စာပို့လုလင်ဖြစ်၏။ သူသည် အမ်စတာဒမ်မြို့မှလာသော စာတစ်စောင်ကို ဗင်းဆင့်အား လှမ်းပေးသွားသည်။ စာမှာ -

ဗင်းဆင့်

တစ်ဆွေလုံး တစ်မျိုးလုံးအား ဂုဏ်သိက္ခာကင်းမဲ့စေသည့်အလုပ်ကို မင်းလုပ်နေကြောင်း ငါကြားသိရသည်။ ပန်းချီကားခြောက်ကား မှာထားသည့် ကိစ္စကို ပြန်လည်ဖျက်သိမ်းလိုက်သည်။ ယခုအချိန်မှစ၍ မင်း၏ ပန်းချီကားများအပေါ် စိတ်ဝင်စားခြင်း မရှိတော့ကြောင်း သိစေလိုက်သည်။

ကော်နီလီးယပ်စ်ဗင်ဂိုး

ဗင်းဆင့်၏ကံကြမ္မာသည် သီအို့လက်ထဲ၌သာ ရှိတော့၏။ သူနှင့် ခရစ္စတင်းတို့၏ ဆက်ဆံရေးအခြေအနေကို သီအို နားလည်အောင် ရှင်းမပြနိုင်ပါမူ သီအိုကလည်း လစဉ်ထောက်ပံ့နေသည့် ဖရန့်ငွေ တစ်ရာကို ပို့တော့မည်မဟုတ်။ ယခုအချိန်တွင် သူသည် သူ့ဆရာ မောဇီးမရှိပဲနှင့် အလုပ်လုပ်နိုင်နေပြီ။ သူ့ပန်းချီကားများကို ဝယ်မည့် တာစတိလိုလူစား မရှိပဲနှင့်လည်း အလုပ် လုပ်လို့ရပြီ။ သူ့အနီး၌ ခရစ္စတင်းရှိနေသမျှ ကာလပတ်လုံး သူ့မိဘ၊ သူ့ဆွေမျိုး၊ သူ့မိတ်ဆွေနှင့် လုပ်ဖော်ကိုင်ဖက်အပေါင်းအသင်းများ မရှိပဲနှင့်လည်း အလုပ်လုပ်လို့ရ၏။ သို့တစေလည်း တစ်လလျှင် ထောက်ပံ့ငွေ ဖရန့်တစ်ရာမရပဲနှင့်တော့ အလုပ်လုပ်လို့ရမည်မဟုတ်။

သူသည် သူ့ညီထံသို့ စာရှည်ကြီးတစ်စောင်ရေးသည်။ သူ့ရင်ထဲ၌ ခံစားနေရသမျှ အရာရာတိုင်းကို ရှင်းပြသည်။ သူ့အပေါ် နားလည်ဖို့ ခွင့်လွှတ်ဖို့နှင့် စွန့်ပစ်မထားဖို့ တောင်းပန်သည်။ သူသည် စာထည့်ပြီးနောက် အချိန်ရှိသမျှ အဆိုးဆုံးကို မျှော်လင့်ကာ ကြောက်စိတ်ဖြင့် တကြောင့်ကျကျ ဖြစ်နေရ၏။ ပန်းချီပစ္စည်းကိရိယာများကိုလည်း များများစားစား မမှာရဲ။ မှာပြီးကာမှ ငွေမပေး

နှိုင်လျှင် သူသာ ဒုက္ခရောက်ဖို့ ရှိနေသည် မဟုတ်ပါလား။ . . ။

သီအိုက ဗင်းဆင့်၏ လုပ်ရပ်များကို သူမကြိုက်ကြောင်းတော့ ပွင့်လင်းစွာ ပြောသည်။ သို့သော်လည်း ယင်းလုပ်ရပ်များအတွက် အပြစ်ဆိုခြင်း ရှုတ်ချခြင်းတော့မပြု။ သူ့အနေဖြင့် သင့်တော်မည်ဟုယူဆသော အကြံကိုလည်း ပေးသည်။ သို့သော်လည်း သူ့အကြံကို လက်မခံလျှင် သို့မဟုတ် မလိုက်နာလျှင် ငွေမပို့တော့ဆိုသည့် ခြိမ်းခြောက်မှုမျိုးကိုမူ မဖော်ပြ။ စာအဆုံးတွင် သူ့အနေဖြင့် ဗင်းဆင့်၏ လုပ်ရပ်များအပေါ် သဘောမတူနိုင်သော်လည်း လစဉ် ငွေပို့သည့် ကိစ္စကိုမူ မပျက်မကွက် ဆက်၍ လုပ်ပေးသွားမည်ဟု အာမခံချက် ပေးသည်။

✧✧✧✧

မေလတွင်းသို့ ဝင်ခဲ့ပြီ။ လေဒင်းဆေးရုံမှ ဆရာဝန်က ခရစ္စတင်းအား ဇွန်လထဲတွင် မီးဖွားလိမ့်မည်ဟု ပြောထားပြီဖြစ်၏။ ဗင်းဆင့်သည် ခရစ္စတင်း မီးဖွားပြီးမှ သူ့ထံသို့ အပြီးအပိုင် ပြောင်းရွှေ့လာသင့်သည်ဟု ဆုံးဖြတ်သည်။ ထိုအချိန်လောက်ဆိုလျှင် သူသည် ချင်ဝက်ဂ်ဘက်ရှိ လူဌားမရှိတော့သည့် အိမ်တစ်လုံးကို ငှားနိုင်လိမ့်မည်ဟု မျှော်လင့်ထားသည်။ လောလောဆယ်တွင် ခရစ္စတင်းသည် သူစတူဒီယိုထဲ၌သာ အချိန်ကုန်လေ့ရှိ၏။ သူပိုင်ပစ္စည်းများကို သူ့အမေအိမ်မှနေ၍ သယ်မလာသေး။ သူတို့နှစ်ဦး တရားဝင် လက်ထပ်ရေးကိုမူ ခရစ္စတင်း မီးဖွားပြီးမှ ပြုလုပ်ရန် စီစဉ်ထားပြီးဖြစ်၏။

ဗင်းဆင့်သည် ခရစ္စတင်း မီးဖွားရေးအတွက် လေဒင်းဆေးရုံသို့ ရောက်သွားသည်။ ည ကိုးနာရီကတည်းက စ၍ ဗိုက်နာနေခဲ့သော်လည်း တစ်နာရီခွဲအချိန်ထိ မီးမဖွားနိုင်သေး။ ညှပ်ဆွဲရမည့်အခြေအနေသို့ပင် ရောက်နေခဲ့ပြီ။ ခရစ္စတင်းသည် ဗိုက်နာသည့်ဝေဒနာကိုအပြင်းအထန် ခံစားနေရသော်လည်း ဗင်းဆင့်၏ မျက်နှာကို မြင်လိုက်သည့်အခါ နာကျင်မှုဟူသမျှကို မေ့သွားလေသည်။

"ကျွန်မတို့ မကြာခင် ပုံတွေ ပြန်ဆွဲနိုင်တော့မှာပါ" ဟု ခရစ္စတင်းက ပြောသည်။

ဗင်းဆင့်သည် ကုတင်နှဘေးမှ ရပ်ကာ မျက်လုံးအစုံတွင် မျက်ရည်အပြည့်ဖြင့် ခရစ္စတင်းအား ကြည့်နေသည်။ ခရစ္စတင်း၏ ဗိုက်ထဲမှ ကလေးသည်

တခြားယောကျ်ားတစ်ယောက်၏ ကလေးဖြစ်၏။ ဤအချက်ကို သူ အရေးမထား။ ခရစ္စတင်းသည် သူ့မယား၊ ဗိုက်ထဲက ကလေးသည် သူ့ကလေး။

သူ ဆေးရုံမှ ပြန်သွားသည့်အခါ အိမ်ရှင်နှင့်တွေ့သည်။ "ဘယ်လိုလဲ မစ္စတာ ဗင်းဆင့်ဗင်ဂိုး ဟိုအိမ်ကို ယူမှာလား" ဟု မေးသည်။ "အိမ်လခက တစ်ပတ်မှ ရှစ်ဖရန့်ပဲ ပေးရမှာပါ။ မစ္စတာဗင်းဆင့် ယူမယ်ဆိုရင် ဆေးပြန်သုတ် ပေးမယ်။ နံရံတွေကို ပလတ်စတာ အသစ်ကပ်ပေးမယ်"

"သိပ်တော့ အလျင်မလိုပါနဲ့ဦး" ဟု ဗင်းဆင့်က ပြန်ပြောသည်။ "အဲဒီအိမ်ကို ကျွန်တော့်မိန်းမ ဆေးရုံကဆင်းလာတဲ့အခါ ယူဖို့ရှိနေပါတယ်။ ပြီးတော့ ကျွန်တော့်ညီဆီကိုလဲ စာရေးပြီး အသိပေးချင်သေးလို့ပါ"

"ကောင်းပြီလေ၊ လုပ်စရာရှိတာတွေကိုတော့ လုပ်ထားလိုက်မယ်၊ တကယ်လို့ မယူဖြစ်ရင်လဲ ကိစ္စတော့ မရှိပါဘူး"

ဤအိမ်သစ်ဌားရေးကိစ္စကို သီအို သိနေသည်မှာ လပေါင်းများစွာ ကြာခဲ့ပြီ။ လက်ရှိအိမ်ထက် ပိုကြီးသည်။ စတူဒီယိုခန်း၊ ဧည့်ခန်း၊ မီးဖိုခန်း၊ အခန်းငယ်လေးတစ်ခန်းနှင့် အိပ်ခန်းတစ်ခန်းပါသည်။ ယခင်အိမ်ထက် လေးဖရန့် ပိုပေးရမည်။ သို့သော်လည်း ခရစ္စတင်း၊ ဟာမင်းနှင့် နို့စို့ကလေးပါ နေကြရမည် ဖြစ်၍ အိမ်ကျယ်ဖို့ကတော့ လိုနေ၏။

သီအို့ထံမှ စာပြန်လာသည်။ သူ့လစာမှာ ထပ်၍ တိုးလာပြန်သဖြင့် ဗင်းဆင့်ထံသို့ လောလောဆယ် တစ်လလျှင် ဖရန့်ငွေ တစ်ရာငါးဆယ် ပို့ပေးမည်ဟု ရေးထားသည်။ ဗင်းဆင့်သည် ချက်ခြင်းပင် အိမ်သစ်ကို ငှားလိုက်သည်။ ခရစ္စတင်းသည် ဆေးရုံမှ တစ်ပတ်အတွင်း ဆင်းလာတော့မည်။ သူပြန်ရောက်လာလျှင် ကျယ်ဝန်းနွေးထွေးသော နေရာသစ်တစ်ခုတော့ ရှိထားပါမှ။ အိမ်ရှင်သည် သူ့တပည့်နှစ်ဦးအား စေလွှတ်ပြီး ဗင်းဆင့်၏ ပရိဘောဂပစ္စည်းများကို သယ်ခိုင်းပေးသည်။ ခရစ္စတင်း၏ မိခင်က အိမ်သစ်တွင် အိမ်ထောင်ပရိဘောဂ ပစ္စည်းများကို စနစ်တကျ နေရာချထားပေးသည်။

(၁၀)

စတူဒီယိုအသစ်သည် တခမ်းတနားနှင့် တင့်တယ်လျက်ရှိသည်။ နံရံများတွင် အညိုရောင်စက္ကူများ အပြည့်ကပ်ထားသည်။ ထိုပေါ်မှ ထပ်မံ၍

ပန်းချီကားများ ချိတ်ဆွဲထားသည်။ အခန်း၏ သစ်သားကြမ်းပြင်မှာ တိုက်ခွက်ထားသဖြင့် ပြောင်လက်တောက်ပနေသည်။ အခန်း၏ တစ်ဖက်တစ်ချက်တွင်မူ ပန်းချီကားတင်သည့် သုံးချောင်းထောက် ခုံတစ်ခုစီ ချထားသည်။ ပြီးတော့ အဖြူရောင်သစ်သားစားပွဲကြီးတစ်လုံး. . . ။

ခရစ္စတင်း၏မိခင်သည် ပြတင်းပေါက်အားလုံးတွင် အဖြူရောင်ခန်းဆီး များတပ်သည်။ စတူဒီယိုနှင့် ကပ်လျက်ရှိသော အခန်းငယ်ကလေးထဲတွင် ဗင်းဆင့်၏ ပန်းချီဆွဲမည့် ကပ်ပြားများကိုထားသည်။ အခန်းထောင့်တစ်ထောင့်၌ ချထားသည့် ဘီရိုထဲတွင်မူ ပန်းချီဆေးပုလင်းများ၊ အိုးများ၊ ခွက်များနှင့် စာအုပ်စာတမ်းများ ထည့်ထားသည်။ ဧည့်ခန်းထဲတွင် စားပွဲတစ်လုံးနှင့် ကုလားထိုင်များရှိ၏။ မီးဖိုခန်းထဲတွင် ရေနံဆီမီးဖိုကြီးတစ်လုံး ရှိသည်။

မီးဖိုခန်း ပြတင်းပေါက်နားတွင် ခရစ္စတင်းအတွက် ကြိမ်ကုလားထိုင်တစ်လုံး ချပေးထားသည်။ ယင်း၏ဘေးနားတွင် ကလေးငယ်အတွက် သံပုခက်။ ယင်းတို့၏အထက် အပေါ်ဖက်နံရံပေါ်တွင် ရမ်းဘရန့်၏ သစ်ထွင်းပန်းချီကားတစ်ချပ်။ ယင်းကားထဲတွင် ပုခက်ဘေးနား၌ ထိုင်နေကြသည့် မိန်းမနှစ်ယောက်။ တစ်ယောက်သည် ဖယောင်းတိုင်မီးဖြင့် သမ္မာကျမ်းစာကိုဖတ်လျက်။

ဗင်းဆင့်သည် မီးဖိုချောင်အတွက် လိုအပ်မည်ဟု ယူဆရသော ပစ္စည်းမှန်သမျှ ဝယ်ထားနှင့်သည်။ ခရစ္စတင်း ပြန်ရောက်လာချိန်တွင် ညစာကို ဆယ်မိနစ်နှင့် အပြီးချက်ပြုတ်ပြင်ဆင်နိုင်ရန် စီမံထားသည်။ ဓား၊ ခက်ရင်း၊ ဇွန်းနှင့် ပန်းကန်အပိုများကိုပါ ဝယ်ထားည်။ သူ့အိမ်သို့ သီအို အလည်ရောက်လာလျှင် မည်မျှကောင်းပါမည်နည်းဟု သူမတွေးပဲမနေနိုင်။ အပေါ်ထပ်အထပ်ခိုးအခန်း ထဲတွင် သူတို့ဇနီးမောင်နှံအတွက် အိပ်ရာကုတင်ကို ပြင်ဆင်ထားသည်။ ယခင် ကုတင်ဟောင်းကို ခရစ္စတင်း၏သား ဟာမင်း အတွက် လျာထားလိုက်သည်။

ခရစ္စတင်း ဆေးရုံမှ ဆင်းလာသည့်အခါ သူ့အား မီးဖွားပေးခဲ့သည့် ဆရာဝန်၊ လူနာဆောင်တာဝန်ကျ သူနာပြုဆရာမနှင့် သူနာပြုဆရာမကြီးတို့က တရင်းတနှီး လာ၍ နှုတ်ဆက်ကြသည်။ ဘဝကို အလေးအနက်ထားတတ်သူများက ပြသသော ကိုယ်ချင်းစာတရားနှင့် ကရုဏာတရားတို့ကို မြင်တွေ့ရခြင်းပေတည်း။ "အော်. . . ခရစ္စတင်းဟာ သူ့ဘဝတစ်လျှောက်လုံး အကောင်းဆိုတာကို မြင်ဖူးခဲ့တာမှ မဟုတ်ပဲ။ သူ ဘယ်လိုလုပ်ပြီး လူကောင်း ဖြစ်လာနိုင်မှာလဲ" ဟု ဗင်းဆင့်၏စိတ်ထဲမှ ကြိတ်၍တွေးမိသည်။

ခရစ္စတင်းအား သူ့အမေနှင့် သူ့သား ဟာမင်းတို့က ဆီးကြိုနေကြသည်။ ကြည်နူးစရာကောင်းသည့် အိမ်ပြန်ခရီးတစ်ခုပေတည်း။ ဗင်းဆင့်သည် ခရစ္စတင်းအား အိမ်သစ်အကြောင်းကို အသိမပေးခဲ့။ ထို့ကြောင့်လည်း ခရစ္စတင်းသည် တအံ့တသြဖြစ်ကာ ဝမ်းသာလုံးဆို့လျက်ရှိ၏။ သူသည် အိမ်ထဲတွင် ဟိုပြေးသည်လွှားဖြစ်ကာ ပုခက်၊ ပက်လက်ကုလားထိုင်၊ ပန်းအိုး စသည်များကို ကိုင်လိုက်ထိလိုက်နှင့် ကြည်နူး၍မဆုံး ဖြစ်လျက်ရှိလေသည်။

ဗင်းဆင့်သည် ညတိုင်း ကလေးပုခက်ကို အထပ်ခိုးအိပ်ခန်းဆီသို့ သယ်ယူရသည်။ မနက်ကျလျှင် ဧည့်ခန်းထဲသို့ ပြန်ပို့ရ၏။ ခရစ္စတင်းအစား အိမ်မှုကိစ္စအဝဝကို သူကိုယ်တိုင်လုပ်သည်။ အိပ်ရာခင်းသည်။ သိမ်းသည်။ မီးမွှေးသည်။ ချက်ပြုတ်သည်။ တစ်အိမ်လုံး သန့်ရှင်းရေးကို လုပ်သည်။ သူစိတ်ထဲတွင် ခရစ္စတင်းမိသားစုနှင့် သူသည် အချိန်ကာလကြာမြင့်စွာ အတူတူနေလာခဲ့သည်ဟု သဘောထားသည်။ ခရစ္စတင်းမှာလည်း ဖြည်းဖြည်းချင်း အားအင်ပြည့်ဖြိုးလာလျက်ရှိ၏။

ဗင်းဆင့်သည် စိတ်နှလုံး အေးချမ်းစွာဖြင့် သူ့အလုပ်ကို ပြန်လည်လုပ်ကိုင်နေပြီဖြစ်သည်။ ခရစ္စတင်းနှင့် အတူတကွ နေထိုင်ရခြင်းကြောင့် သူတွင် ခွန်အားရော သတ္တိပါ တိုးတက်လာခဲ့ပြီဖြစ်ရာ သူသည် အလုပ်ကို ယခင်ကထက်ပို၍ အာရုံစူးစိုက်လာနိုင်ခဲ့၏။ အကယ်၍ သီအိုကသာ သူ့ကို ပစ်ပယ်မထားလျှင် သူသည် ပန်းချီဆရာကောင်းတစ်ယောက် ဖြစ်လာလိမ့်မည်ဟု အခိုင်အမာ ယုံကြည်လျက်ရှိလေသည်။

ဘိုရင်းနိတ်၌ နေထိုင်ခဲ့စဉ်က သူသည် ဘုရားသခင်အတွက် ကျွန်တစ်ယောက်သဖွယ် အလုပ်အကျွေးပြုခဲ့၏။ အခု ဟော့ဂ်တွင်မူ သူသည် ထိုစဉ်ကထက်ပို၍ အကျိုးသက်ရောက်မှုရှိသော လုပ်ငန်းများကို လုပ်နေရသည်။ အလုပ်သမားတစ်ယောက်၏ ရုပ်လွှာ၊ လယ်ကွင်းထဲမှ ထွန်ရေးထွန်ကြောင်းများ၊ သဲသောင်ကုန်းတစ်ခု၊ ပင်လယ်ပြာနှင့် ကောင်းကင်. . . ၊ ထိုအရာအားလုံးသည် လေးနက်သောအကြောင်းအရာတွေချည်းဖြစ်၏။ ခက်ခဲနက်နဲသည်နှင့်အမျှ အလွန်လည်းလှပ၏။ သူတို့ထဲ၌ ပုန်းအောင်းနေသော ကဗျာများကို သူက ပေါ်လွင်အောင် ဖော်ပြပေးနေရခြင်းဖြစ်၍ သူ့ဘဝသည် တန်ဖိုးရှိလှပါပေသည်။

တစ်ရက်သော မွန်းလွဲပိုင်းတွင် သူ အပြင်မှပြန်လာသည့်အခါ သူ့အိမ်ရှေ့၌ရပ်နေသော တာစဝီနှင့် ဆုံမိသည်။

"မင့်ကိုတွေ့ရတာ ဝမ်းသာတယ်။ မင်း ဘယ်လိုနေသလဲဆိုတာ သိချင်

လို့ ငါလာမယ်လုပ်နေတာ ကြာပြီ။ ဒီနေ့မှပဲ လာဖြစ်တယ်” ဟု ပြောသည်။

တာစတိ အိမ်ထဲရောက်လျှင် မုန်တိုင်းကျတော့မည်ကို သိနေသော ဗင်းဆင့်သည် အကြံရခက်လျက်ရှိ၏။ လမ်းပေါ်၌ ရပ်၍ စကားပြောနေရသော်လည်း စိတ်ကမငြိမ်၊ ရင်ကမအေး၊ ဖြစ်ပေါ်လာသမျှကို ရင်ဆိုင်ရန်အတွက် သူ့ကိုယ်သူ အားတင်းနေရသည်။ တာစတိကတော့ အလွန်ရင်းနှီးဖော်ရွေကာ ချို့သာစွာ ဆက်ဆံလျက်ရှိ၏။ ဗင်းဆင့်ကတော့ တာစတိ နှုတ်ချို့လေ ရင်တုန်လေ။

သူတို့ အထဲဝင်သွားသည့်အခါ ခရစ္စတင်းသည် ကြိမ်ကုလားထိုင်ပေါ်၌ ထိုင်၍ ကလေးအား နို့တိုက်နေသည်ကို တွေ့ရသည်။ ဟာမင်းမှာ မီးဖိုဘေး၌ ကစားနေသည်။ တာစတိသည် သားအမိသုံးယောက်အား ပါးစပ်အဟောင်းသားဖြင့် ငေးကြည့်နေသည်။ အချိန်အတော်ကြီးကြာကာမှပင် သူ့နှုတ်မှ အင်္ဂလိပ်ဘာသာဖြင့် စကားပြောသံကြားရသည်။

“အဲဒီမိန်းမနဲ့ကလေးက ဘာအဓိပ္ပာယ်လဲ”

“ခရစ္စတင်းက ကျွန်တော့်ဇနီးပါ၊ ကလေးက ကျွန်တော်တို့ကလေးပါ”

“မင်း သူနဲ့ တကယ်ပဲ လက်ထပ်ပြီးပြီလား”

“လက်ထပ်ပွဲတော့ မလုပ်ရသေးပါဘူး”

“မင်း ဒီမိန်းမရယ်။ . . ကိုယ့်သားသမီးမဟုတ်တဲ့ ကလေးတွေရယ်။ . အဲဒါတွေနဲ့ နေဖို့ စဉ်းစားထားသလား”

“ယောကျ်ားတွေဟာ ထုံးစံအတိုင်း လက်ထပ်ကြတာပဲ မဟုတ်လား”

“မင့်မှာ ငွေမှမရှိတာ၊ မင့်ကို မင့်ညီက ထောက်ပံ့လို့သာ မင်း အခုလို နေနိုင်တာပဲ”

“သီအိုက လစာအဖြစ် ကျွန်တော့်ကို ပေးနေတာပါ။ ကျွန်တော် လုပ်ထားသမျှ အရာအားလုံးကို သူပိုင်ဆိုင်မှာပါ။ တစ်နေ့ကျရရင် ဒီငွေတွေကို သူပြန်ရမှာပါ”

“မင်း ရူးနေပြီလား ဗင်းဆင့်၊ ဒီအတွေးမျိုးတွေဟာ စိတ်မမှန်တဲ့ လူစားတွေဆီက လာတာကွ”

“လူသားအပြုအမူဟာ ပုံဆွဲတာနဲ့ သိပ်ကိုတူပါတယ် မစ္စတာ တာစတိ။ မြင်ကွင်းတစ်ခုလုံးဟာ မျက်စိရဲ့ အနေအထားကိုလိုက်ပြီး ပြောင်းလဲနေတာပါ။ အကြောင်းအရာပေါ်မှာ မတည်ပါဘူး။ ကြည့်တဲ့လူအပေါ်မှာပဲ လုံးဝတည်နေပါတယ်”

"ငါတော့ မင့်အဖေဆီ စာရေးရလိမ့်မယ် ဗင်းဆင့်။ သူ့ဆီ စာရေးပြီး မင့်အဖြစ်တွေကို ပြောရလိမ့်မယ်။"

"ခင်ဗျားဆီက ဒေါသတကြီးနဲ့ ရေးလိုက်တဲ့စာကို သူတို့ရရင် ရယ်စရာကောင်းနေလိမ့်မယ်လို့ကော ခင်ဗျား မတွေးမိဖူးလား၊ ခင်ဗျားဆီက စာရောက်သွားပြီးတဲ့နောက် မကြာခင်မှာပဲ ကျွန်တော့်ဆီက ဒီကို အလည်လာဖို့ ဖိတ်ခေါ်တဲ့ စာတစ်စောင် သူတို့ဆီ ရောက်သွားရင်ကော ဘယ်လိုဖြစ်မယ်ထင်သလဲ"

"မင်းကိုယ်တိုင်က စာရေးမယ်လို့ စိတ်ကူးထားသလား"

"ဟာ. . . ရေးမှာပေါ့၊ ဘာ့ကြောင့် မရေးပဲနေရမှာလဲ. . ။ ဒါပေမယ့် စာရေးဖို့ အချိန်ကောင်းမဟုတ်သေးဘူးဆိုတာကိုတော့ ခင်ဗျားဝန်ခံရမှာပဲ။ အဖေက နှူနင်သင်းအုပ်နယ်မြေကို လောလောဆယ်ပြောင်းရမယ်။ ကျွန်တော့် မိန်းမလဲ မီးဖွားပြီးစဆိုတော့ အခုအချိန်မှာ သောကရောက်အောင် စိတ်ထိခိုက်အောင် လုပ်လိုက်ရင် လူသတ်မှု ကျူးလွန်သလို ဖြစ်တော့မှာ သေချာတယ်"

"ဒါဆိုရင်တော့ ငါ စာမရေးတော့ဘူး။ မင်းဟာ ကိုယ့်ကိုယ်ကို ရေနှစ်သတ်သေတဲ့ကောင်လို လူမိုက်မျိုးပဲ။ ငါက မင့်ကို ရေနစ်မသွားအောင် ကယ်တင်ချင်လို့ပါ"

"ခင်ဗျားရဲ့ စေတနာအပေါ်မှာ ကျွန်တော် သံသယမရှိပါဘူး။ ဒါ့ကြောင့်မို့လဲ ခင်ဗျားပြောနေတဲ့ စကားတွေ အပေါ်မှာ ကျွန်တော် စိတ်မဆိုးတာပေါ့"

တာစတိသည် မဝေခွဲနိုင်သောစိတ်၊ အလွန်စိတ်ညစ် စိတ်ရှုတ်သောမျက်နှာထားဖြင့် အိမ်ထဲမှ ပြန်ထွက်သွားသည်။ ထို့နောက် ပထမဆုံး ဗင်းဆင့်ထံသို့ ရောက်လာသူမှာ ဝေဆင်ဘရုခ်၍။ သူသည် ဗင်းဆင့်တစ်ယောက် အသက်ရှင်လျက်မှ ရှိသေးရဲ့လားဟု အတွေးဝင်ကာ လာရောက်ကြည့်ရှုခြင်းဖြစ်၏။

"ဟယ်လို. . . . " ဟု ဝေဆင်ဘရုခ်၍က ဗင်းဆင့်အား လှမ်းအော်ပြီး နှုတ်ဆက်သည်။ "နှစ်ဆယ့်ငါးဖရန့်မရှိပဲ မင်း အဆင်ပြေအောင် နေလို့ထိုင်လို့ ရနေတာကို ငါ သတိထားမိတယ်. . . ဝမ်းသာသကွာ"

"ဒါပေါ့ဗျာ"

"ငါ မင့်အပေါ်မှာ အလိုမလိုက်ပဲ တင်းတင်းပြတ်ပြတ် ဆက်ဆံခဲ့တာကို ဝမ်းမသာမိဘူးလား"

"ခင်ဗျားနဲ့ကျွန်တော် မောဗီးရဲ့အိမ်မှာ ပထမဆုံး ဆုံခဲ့ကြတဲ့ညကို ခင်ဗျား သတိရသေးလား။ အဲဒီညက ကျွန်တော် ခင်ဗျားကို စကားတစ်ခွန်း

ပြောခဲ့တယ်. . . ။ "ငရဲပြည်ကိုကြွပေတော့" လို့။ အခုလဲ ကျွန်တော် ခင်ဗျားကို ထပ်ပြောပါရစေ။ "ငရဲပြည်ကိုသာ ကြွပါတော့"

"ဟား. . . . ဟား. . . . ဟား. . . မင်း ဒီလေသံမျိုးနဲ့ ဒီအခိုးမျိုးသာ ဆက်ပြီး ကျင့်သုံးသွားရင် ဒုတိယဝေဆင်ဘရုံခ်ျ ဖြစ်တော့မှာပဲ။ အဲဒါဆိုရင်တော့ မင်းဟာ ယောကျ်ားပီသသွားပြီကွ၊ သိလား။ အော် ဒါနဲ့. . မင့် အပျော်မယား အိမ်ရှင်မနဲ့ ငါ့ကို မိတ်ဆက်ပေးစမ်းပါဦး၊ ငါ့ကို ဂုဏ်ယူခွင့်လေးတော့ ပေးဦးမှပေါ့"

"ခင်ဗျား ကျွန်တော့်ကို ကြိုက်သလို ပြောနိုင်တယ် ဝေဆင်ဘရုံခ်ျ၊ ဒါပေမယ့် သူ့ကိုတော့ မထိခိုက်ပါစေနဲ့"

ခရစ္စတင်းသည် ကလေးပုခက်ကို လွှဲနေရာမှ မော့ကြည့်သည်။ သူ့အား ဝေဆင်ဘရုံခ်ျက လှောင်ပြောင်နေမှန်း သူသိသည်။ သူသည် ဗင်းဆင့်၏ မျက်နှာကို စိတ်ထိခိုက်နေသော မျက်နှာထားဖြင့် စိုက်ကြည့်နေသည်။ ဗင်းဆင့်သည် ခရစ္စတင်းထံ လျှောက်သွားပြီး ဘေးနားမှကပ်၍ မားမားမတ်မတ် ရပ်နေသည်။ ဝေဆင်ဘရုံခ်ျသည် ဗင်းဆင့်တို့ အုပ်စုအား ကြည့်နေသည်။ ထို့နောက် နံရံပေါ်မှ ရမ်းဘရန့်၏ ပန်းချီကားဆီသို့ တစ်ချက် လှမ်းကြည့်သည်။

"မြတ်သောမိသားစုပါလား ကွယ်တို့" ဟု ရေရွတ်သည်။

ဗင်းဆင့်သည် ဒေါသတကြီးဖြင့် တစ်ခွန်းမျှ ကျိန်ဆဲကာ ဝေဆင်ဘရုံခ်ျထံသို့ ပြေးသွားသည်။ သို့သော်လည်း ဝေဆင်ဘရုံခ်ျသည် သူ့အနားသို့ ဗင်းဆင့် ရောက်မလာမီ တံခါးကို ကသောကမြောဖွင့်ကာ အပြင်သို့ ထွက်သွားခဲ့လေပြီ။

"သူက ကျွန်မတို့ကို ဘယ်လို ခေါ်လိုက်တာလဲ" ဟု ခရစ္စတင်းက မေးသည်။

"မြတ်သော မိသားစုတဲ့"

"အဓိပ္ပာယ်က ဘာလဲ"

"မေရီ၊ ယေရှုနဲ့ ကျိုးဆက်ဘို့ရဲ့ ပုံတစ်ပုံလို့ပြောတာ"

ခရစ္စတင်း၏ ပါးနှစ်ဖက်တွင် မျက်ရည်များ စီးကျလာသည်။ သူသည် သူ့မျက်နှာကို ပုခက်ထဲမှ ကလေးအပေါ် ၌အပ်ကာ ငိုရှိုက်လျက်ရှိသည်။ ဗင်းဆင့်သည် ခရစ္စတင်းအား ချော့မော့အားပေးရန် ဘေးနား၌ ဒူးထောက်၍ ထိုင်ချလိုက်သည်။ အမှောင်ရိပ်များသည် မြောက်ဖက်ပြတင်းပေါက်မှတစ်ဆင့် အခန်းတွင်းသို့ ထိုးဖောက်ဝင်ရောက်နေကြပြီ။ သူသည် ခရစ္စတင်း၊ ပုခက်တွင်းမှ ကလေးငယ်နှင့် သူ့ကိုယ်သူ ပြန်ကြည့်နေမိသည်။ ဤတစ်ကြိမ်ကြည့်ခြင်းသည် သူ၏ နှလုံး

သားမျက်စိနှင့် ကြည့်နေမိခြင်းဖြစ်၏။

"မငိုပါနဲ့. . . ခရစ္စတင်းရယ်" ဟု ဗင်းဆင့်ကပြောသည်။ "ခေါင်းကို ပြန်မော့လိုက်ပါ။ ပြီးရင် မျက်ရည်တွေကို သုတ်ပစ်လိုက်စမ်းပါ။ **ဝေဆင်ဘရူ့ခ်ျ ပြောသွားတဲ့စကားဟာ မှန်ပါတယ် အချစ်ရယ်"**

(၁၁)

ဗင်းဆင့်သည် ချီဗီနင်ဂျင်းနှင့် ဆီဆေးပန်းချီကား၏ သဘောသဘာဝကို တစ်ချိန်တည်း တပြိုင်တည်း ရှာဖွေတွေ့ရှိခဲ့သည်။ ချီဗီနင်ဂျင်းသည် မြောက်ပင်လယ်ကမ်းခြေ သဲတောင်ကုန်းကြီးနှစ်လုံးကြားရှိ လွင်ပြင်ပေါ်၌ တည်ရှိနေသော တံငါရွာတစ်ရွာဖြစ်၏။ ရွာသိမ်ရွာငယ်ကလေးတစ်ရွာဖြစ်သည်။ ကမ်းခြေတွင် ရွက်တိုင်တစ်တိုင်တည်းသာရှိသော တံငါလှေများသည် တန်းစီနေကြသည်။ ရာသီဥတုဒဏ်ကို ခံထားရသည်မှာ နှစ်ကာလ ကြာခဲ့ပြီဖြစ်၍ ရွက်တိုင်ရွက်ကြိုးများသည် အရောင်အဆင်းပင် မပေါ်တော့။

လှေများ၏ နောက်ဖက်တွင် ပဲ့များ၊ တက်မများ ရှိနေကြသည်။ ပင်လယ်ပြင်သို့ ထွက်ရန် ပိုက်များကို ဖြန့်၍ အသင့်ပြင်ထားကြသည်။ ရွက်တိုင်များထိပ်တွင် အနီရောင်နှင့် အပြာရောင်အလံငယ်များသည် တဖြတ်ဖြတ် လွင့်နေကြသည်။ အနီရောင်ဘီးများနှင့် အပြာရောင်ကိုယ်ထည်ရှိသော ငါးတင်လှည်းကြီးများသည် တစ်နေရာ၌ ဆိုက်ထားသည်။ အဖြူရောင်မိုးကာဦးထုပ်များ ဆောင်းထားသော သားမယားများသည် ကမ်းစပ်ဒီလှိုင်းများကြားမှ ရုပ်ကာ လှေများရောက်အလာကို မျှော်နေကြသည်။

ပင်လယ်ပြင်၏အရောင်သည် မှုန်မှိုင်းမှိုင်း။ ကမ်းခြေရှိ ရေအရောင်သည် အဖြူရောင်လိုလို မီးခိုးရောင်လိုလို ဖြစ်သည်။ ကမ်းခြေရေစပ်နှင့် အလှမ်းကွာသွားသည့်နေရာများမှ ရေပြင်အရောင်သည် အစိမ်းရောင်မှသည် ဖြည်းဖြည်းချင်း ပြာမှိုင်းမှိုင်းအရောင်သို့ ပြောင်းသွားသည်။ မိုးကောင်းကင်သည် မှုန်မှိုင်းနေသော်လည်း ကြည်လင်မှုကတော့ ရှိသည်။ တိမ်များသည် ဟိုတစ်စုသည်တစ်ကွက် လွင့်မျောနေကြ၏။ ထိုတိမ်များကြားမှ ကြိုကြား၊ ကြိုကြား တည်ရှိနေသော အပြာရောင်အကွက်များသည် တံငါသည်များအား ဟော်လန်နိုင်ငံပေါ်

၌ နေရောင်၏ လင်းလက်မှုသည် ရှိနေဆဲဟု ပြောနေသယောင်ရှိ၏။ တကယ်တော့ ချီဗီနင်ဂျင်းသည် အလုပ်လုပ်နေသော လူမျှားနေထိုင်ရာ နေရာတစ်ခုဖြစ်၏။ မြေပြင်၊ ရေပြင်တို့နှင့်ခွဲခြား၍ မရသည့်လူမျှား နေထိုင်ရာ နေရာတစ်နေရာလည်း ဖြစ်ချေသည်။

ဗင်းဆင့်သည် လမ်းမျှားပေါ်မှ ရွှေခင်းအမျှားအပြားကို ရေဆေးဖြင့် ရေးဆွဲခဲ့ဖူးသည်။ အမြင်အာရုံကို စွဲမက်စေလောက်အောင် ထိရောက်မှုမရှိဟု ထင်သည်။ ရေဆေးသည် နက်ရှိုင်းမှုမရှိ။ ထူထဲမှုမရှိ၊ သူပြောလိုသည့်အရာကို ထိရောက်စွာ ဖော်ပြနိုင်စွမ်းမရှိဟု ယူဆသည်။ သူသည် ဆီဆေးကို တမ်းတမ်းတတ ဖြစ်မိသည်။ သို့သော်လည်း ဆီဆေး "ကိုင်" ရမည်ကို သူ လန့်နေသည်။ ပုံကောင်းကောင်း မဆွဲတတ်သေးမီ ဆီဆေးကို သွားကိုင်မိသဖြင့် ပန်းချီဆရာအမျှားအပြား လက်ပျက်ကုန်သည်ဟု သူကြားဖူးထားသည် မဟုတ်ပါလား။ ထိုအချိန်မှာပင် သီအိုသည် ဟော်သို့ အလည်ရောက်လာခဲ့လေ၏။

ယခုအခါတွင် သီအိုသည် အသက်နှစ်ဆယ့်ခြောက်နှစ်မျှ ရှိနေပြီ ဖြစ်ရုံမျှမက အောင်မြင်သော ပန်းချီအရောင်းအဝယ်သမားတစ်ဦး ဖြစ်နေခဲ့လေပြီ။ သူသည် ခရီးအနှံ့ ခြေဆန့်နေသူဖြစ်ရာ နေရာတိုင်းလိုလိုတွင် အောင်မြင်နေသော စီးပွားရေးလုပ်ငန်းရှင် လူငယ်တစ်ဦးအဖြစ် ထင်ရှားကျော်ကြားလျက်ရှိ၏။ ဂေါပစ်လ်အင်ကုမ္ပဏီသည် ပါရီမြို့ရှိ ယင်းတို့၏ အရောင်းဆိုင်ကို ဘောက်ဆော့တို့လက်သို့ ရောင်းချလိုက်ပြီဖြစ်သော်လည်း နောက်လူမျှားက သီအိုအား ယင်းဆိုင်တွင် ယခင်ရာထူးကိုပင် ပေးထားသည်။

ပန်းချီရောင်းဝယ်မှုလုပ်ငန်းမှာ ဂေါပစ်လ်နှင့် ဦးကြီးဗင်းဆင့်တို့လက်အောက်၌ ရှိစဉ်ကလို မဟုတ်တော့ပေ။ ယခုအချိန်တွင် ပန်းချီကားမျှားကို အမြင့်ဆုံးစျေးနှင့် ရောင်းချလျက်ရှိ၏။ ဆိုင်တွင် တင်ရာ၌လည်း အောင်မြင်နေသော ပန်းချီဆရာမျှား၏ ကားမျှားကိုသာတင်၍ ရောင်းချသည်။ ဦးကြီးဗင်းဆင့်၊ တာစတီနှင့် ဂေါပစ်လ်တို့သည် ပန်းချီကားအရောင်းအဝယ်သမားတစ်ဦး အနေဖြင့် မျိုးဆက်သစ်လူငယ်ပန်းချီဆရာမျှားအား ရှာဖွေခြင်းနှင့် အားပေးခြင်း ပြုရမည်ဟု ယုံကြည်လက်ခံခဲ့သူမျှား ဖြစ်၏။ ယခုလူမျှားကမူ ယင်းအယူအဆကို လက်မခံပဲ နာမည်ရှိပြီးသား ကျော်ကြားသော ပန်းချီဆရာမျှား၏ ကားမျှားကိုသာ တင်ရမည်ဟု သတ်မှတ်ထားသူမျှားဖြစ်သည်။

လောလောဆယ် ပန်းချီလောကတွင် "မာနက်၊ မိုနက်၊ ပစ်ဆာရို၊ စစ္စလေ၊ ရီနိုယာ၊ ဘာသီမိုရီဆော့၊ စေဇန်း၊ ဒီဂက်စ်၊ ဂူလာမင် စသော လူသစ်

များဝင်ရောက်ခြေချနေခြိန်ဖြစ်သည်။ ထို့ပြင်လည်း လူငယ်လူသစ်ပန်း ခြိုဆရာတူလော့ဆီလော့ထ်ရက်၊ ဂေါဂင်၊ ဆူးရက်နှင့် ဆစ်ဂ်နက် စသူတို့ ကလည်း ပန်းချိပညာရှင်ဆိုသူများနှင့် မတူညီသောအမြင်များကို ထိုးဖောက် တင်ပြနေခြိန်ဖြစ်၏။

သို့တစေလည်း လူငယ်များ၏ အမြင် တင်ပြသံများကို မည်သူကမျှ အရေးတယူလုပ်၍ နားထောင်ခြင်းမရှိခဲ့ပေ။ ယင်းတော်လှန်ရေးသမား ပန်းချိဆရာများ၏ကားများကို ပိုင်ရှင်သစ်များဦးစီးနေသော "လက်စ်မက်ဆာ့ဇ်" အရောင်းဆိုင် ကလည်း တစ်ကားတလေမှပင် မတင်ခဲ့ကြပေ။

ဘောင်ဂူရီးနှင့် ပန်းချိပန်းပုအနုပညာ အကယ်ဒမီအဖွဲ့ဝင်ပညာရှင်များက တစ်ဖက်၊ တော်လှန်သော အမြင်ရှိနေသည့် လူငယ်ပန်းချိဆရာများက တစ်ဖက်ဟူ၍ အုပ်စုနှစ်စု ကွဲနေကြသည်ဖြစ်ရာ သီအိုသည် လူငယ်အုပ်စုဖက်မှရပ်တည်လိုသူ ဖြစ်သည်။ သူသည် ဘောင်ဂူရီးတို့အုပ်စု၏ အယူအဆများကို နှစ်သက်လက်ခံလိုစိတ်မရှိပေ။ သူသည် အသစ် အသစ် တီထွင်လိုသော လူငယ် ပန်းချိဆရာများကိုသာ အားပေးလိုစိတ်ရှိသူဖြစ်လေသည်။

သီအိုသည် နေ့စဉ်နှင့်အမျှ လက်စ်မက်ဆာ့ဇ် ဆိုင်ပိုင်ရှင်များအား လူငယ်ပန်းချိဆရာများ၏ ကားများကိုပါ တင်၍ရောင်းရန် အမြဲတစေ နားချလျက်ရှိသည်။ ထိုကားများကို ဆိုင်တွင် တင်ထားပြီး အများပြည်သူတို့က လက်ခံလာအောင်၊ ဝယ်ယူအားပေးလာအောင် လုပ်ဆောင်ပေးဖို့ အမြဲတိုက်တွန်းလျက်ရှိ၏။ လက်စ်မက်ဆာ့ဇ်ပိုင်ရှင်တို့ကလည်း တီထွင်ဆန်းသစ်လိုသော လူငယ်ပန်းချိဆရာများအား အရူးများ၊ ကလေးကလားဆန်သူများ၊ နည်းပညာမဲ့ ပန်းချိဆရာများဟု ထင်ထားကြသည်။ သီအိုကတော့ လူငယ်အုပ်စုဝင်များအား "အနာဂတ်ကို စိုးမိုးမည့်သူများ" ဟု ယူဆထားလေသည်။

ညီအစ်ကိုနှစ်ယောက် စတူဒီယိုထဲတွင် စကားလက်ဆုံကျနေစဉ် အတွင်း ခရစ္စတင်းသည် အထပ်ခိုးအခန်းထဲမှ မထွက်။ သီအိုသည် ဗင်းဆင့်အား ဖက်လဲတကင်းနှုတ်ဆက်ပြီးသည်နှင့်တပြိုင်နက် သူပြောလိုသည့်စကားကို ပြောသည်။

"ကျွန်တော်လာတာဟာ အလုပ်ကိစ္စနဲ့လာတာပါ။ ဒါပေမယ့်အမှန်အတိုင်းဝန်ခံရရင် အဓိကရည်ရွယ်ချက်ကတော့ အစ်ကိုနဲ့ ဒီအမျိုးသမီးရာသက်ပန်ဆက်ဆံမသွားအောင် တားမြစ်ဖို့ပဲ။ ကျွန်တော် ပထမဆုံးသိချင်တာက သူဟာ ဘယ်လိုအမျိုးအစားလဲ"

"တို့ ဇွန်ဒတ်မှာနေတုန်းက လင်းဗားမင်းလို့ခေါ်တဲ့ ကလေးထိန်းဆရာမကို မင်း မှတ်မိသေးလား"

"မှတ်မိတယ်"

"ခရစ္စတင်းဟာ အဲဒီအမျိုးအစား မိန်းမတစ်ယောက်ပဲ။ တခြားလူတွေအဖို့တော့ သူဟာ အောက်တန်းကျကျ သာမန်မိန်းမတစ်ယောက်ပေါ့။ ငါစိတ်ထဲမှာတော့ ထူးခြားတဲ့ မြင့်မြတ်မှုတွေ ရှိနေတယ်လို့ ထင်နေတယ်။ ဘယ်သူပဲဖြစ်ဖြစ် ခရစ္စတင်းလို သာမန်အောက်တန်းစား လူတစ်ယောက်ကို ချစ်တဲ့လူဟာ သူကလဲ ပြန်ချစ်မယ်ဆိုရင် သာယာပျော်ရွှင်မှုဆိုတာ ရှိတာပါပဲ။ သူချစ်တဲ့လူရဲ့ ဘဝအမှောင်ပိုင်းကိုတော့ ထည့်ပြီး စဉ်းစားနေဖို့ မလိုတော့ဘူးပေါ့။

"ဒီကိစ္စဟာ ငါ့ဘဝကို ပြန်လည်ရှင်သန်လာအောင် လုပ်ပေးတဲ့အရာတစ်ခုပါ။ ငါက လိုက်ရှာလို့ တွေ့ရတာမဟုတ်ပါဘူး။ အဲဒီအရာက ငါ့ကို ရှာဖွေတွေ့ရှိခဲ့တာပါ။ ခရစ္စတင်းဟာ ပန်းချီဆရာတစ်ယောက် ရင်ဆိုင်နေရတဲ့ သောကတွေနဲ့ ဒုက္ခတွေကို ပျောက်ပျက်သွားအောင် ဝင်ရောက်ကူညီခဲ့တဲ့ လူပါ။ တကယ်လို့ငါဟာ ကေးနဲ့သာ လက်ထပ်နိုင်ခဲ့ရင် ငါ ပန်းချီဆရာတစ်ယောက် ဖြစ်လာဖို့ အတွက်ဘာအကူအညီမှရမှာ မဟုတ်ပါဘူး။ ခရစ္စတင်းကတော့ ငါ ပန်းချီဆရာဖြစ်ဖို့အတွက် ဘာပဲလုပ်ပေးရ ပေးရ လုပ်ပေးနေတဲ့လူပါ။

သီအိုသည် စတူဒီယိုထဲ၌ လမ်းသလားရင်း ဗင်းဆင့်ပြောသမျှကို နားထောင်သည်။ နောက်ဆုံးတွင် တစ်နေရာ၌ ဖြတ်ကနဲရပ်ကာ သူ့ရှေ့မှ ရေဆေး ပန်းချီကားကို စိတ်ဝင်တစားကြည့်နေသည်။ ထို့နောက်သူသိလိုသည့် အချက်ကို မေးသည်။

"ကျွန်တော် နားမလည်နိုင်တာ တစ်ခုတော့ရှိတယ်။ အစ်ကို့အနေနဲ့ ကေးကို ချစ်နေတဲ့အချိန်မှာပဲ ဒီမိန်းမနဲ့ ချစ်တယ်ဆိုတော့ ဘယ်လိုဖြစ်ပြီး ချစ်နိုင်ခဲ့ရတာလဲ"

"ငါ သူ့ကို ချက်ချင်းကြီး ချစ်ခဲ့တာ မဟုတ်ပါဘူး။ . . . သီအို။ ကေးက ငါ့အချစ်ကို ခါးခါးသီးသီး ပယ်ချလိုက်တဲ့အတွက် ငါ့ရဲ့ လူဆန်ဆန်ခံစားမှုအားလုံးဟာချုပ်ငြိမ်းသွားရဖို့ ရှိပါတယ်။ ဒါပေမယ့် အခု မင်းမြင်တဲ့အတိုင်းပဲ ငါ့စိတ်ဟာ ရှင်သန်တက်ကြွနေတယ်။ စတူဒီယိုဆိုရင်လဲ တကယ့်ကို အသက်ဝင်နေတယ်။ စတူဒီယိုထဲမှာ ကလေးနဲ့ ကလေးပုခက်နဲ့၊ စစ်မှန်တဲ့ မိသားစုဘဝလေးတစ်ခုဟာ စတူဒီယိုထဲမှာကို ရှင်သန်တည်ရှိနေတာ မင်းမြင်နေရတာပဲ"

"အစ်ကိုလဲ သိနေသားပဲ။ ကျွန်တော်ဟာ လူအချင်းချင်း အတန်းအစား

ခဲ့တတ်တဲ့လူ မဟုတ်ပါဘူး။ ဒါပေမယ့် အခုကိစ္စမှာ အစ်ကိုလုပ်တာ မှန်တယ်လို့. . . ”

“ငါကတော့ ငါ့ကိုယ်ငါ နိမ့်ကျသွားအောင်၊ ဂုဏ်သိက္ခာကင်းမဲ့သွားအောင် လုပ်တယ်လို့ မထင်မိဘူး” ဟု ဗင်းဆင့်က ကြားဖြတ်ပြောသည်။ “ဘာကြောင့်လဲဆိုတော့ ငါ့ရင်ထဲမှာ ငါ့အလုပ်ဟာ လူတွေရဲ့ နှလုံးသားထဲမှာ ရှိနေတယ်လို့ ခံစားနေရတယ်။ ငါဟာ မြေကြီးနဲ့ အနီးစပ်ဆုံးဖြစ်အောင် နေရမယ်လို့လဲ ထင်တယ်။ အဲဒီတော့. . . . . ”

“အဲဒါတွေနဲ့ ပတ်သက်လို့ ကျွန်တော် အငြင်းအခုံ မလုပ်ပါဘူး။ ဒါပေမယ့် သူနဲ့အစ်ကို လက်ထပ်ဖို့အထိ လိုပါသလား၊ လိုအပ်တယ်ဆိုရင် ဘာကြောင့်လိုအပ်တာလဲ”

“ဘာကြောင့်လဲဆိုတော့ ငါက သူ့ကို ကတိပေးထားလို့ပဲ။ ငါ့အနေနဲ့ မင်းက သူ့ကို ငါ့ရဲ့ အပျော်မယားလို့ မတွေးစေချင်ဘူး။ လက်ထပ်မယ်လို့ ပေးထားတဲ့အပိုင်းနဲ့ ပတ်သက်လို့ နှစ်ပိုင်းရှိနေတယ်။ ပထမပိုင်းက အခြေအနေပေးတာနဲ့ တပြိုင်နက် တို့နှစ်ယောက် တရားဝင် ရုံးမှာ လက်ထပ်ဖို့ပဲ၊ ဒုတိယပိုင်းကတော့ ပထမပိုင်းမလုပ်ခင်မှာ တစ်ဦးနဲ့တစ်ဦး လက်ထပ်ပြီးသား လင်မယားလို ဆိုးတူကောင်းဖက် မျှဝေခံစားပြီး နေသွားကြဖို့ပဲ”

“ဒါဆိုရင် တရားဝင် လက်ထပ်ဖို့ကိစ္စမှာ အစ်ကို့အနေနဲ့ အချိန်ယူပြီး စောင့်ဦးမယ်မဟုတ်လား”

“ဒါပေါ့ သီအို၊ စောင့်ရဦးမှာပေါ့၊ တို့အနေနဲ့ ငါ့လက်ရာကို ဖရန့် ငွေတစ်ရာ့ငါးဆယ်လောက်ရအောင် ရောင်းနိုင်တဲ့အချိန်ထိပေါ့။ မင့်ဆီက အကူအညီကို မလိုအပ်တဲ့အချိန်အထိတော့ လက်မထပ်သေးပဲ စောင့်နေကြဦးမယ်လို့ ဆုံးဖြတ်ထားတယ်။ ကိုယ့်ဘဝကိုယ်၊ ကိုယ့်ဖာသာကိုယ် လွတ်လွတ်လပ်လပ် တည်ဆောက်သွားနိုင်တဲ့အချိန်ကျမှ လက်ထပ်ပါမယ်ဆိုတဲ့ ကတိတော့ ငါမင့်ကို ပေးပါတယ်။ လုပ်သွားမယ့်သဘောကတော့ တစ်ဆင့်ပြီးတစ်ဆင့်ပေါ့။ ငါ့မှာလဲ ဝင်ငွေ အသင့်အတင့်ရလာပြီဆိုရင် မင်းက လစဉ် ထောက်ပံ့ငွေကို လျှော့ပြီး ဖို့သွားလို့ရတယ်။ နောက်ဆုံး မင့်ဆီက ငွေပို့ဖို့ လုံးဝမလိုတော့ဘူးဆိုတဲ့ အချိန် အထိပေါ့။ အဲဒီအချိန်ကျရင်တော့ တို့ တရားဥပဒေအရ လက်ထပ်ဖို့ စီစဉ်ကြရမှာပေါ့”

“အကောင်းဆုံးအစီအစဉ်တစ်ခုပါပဲ”

“ဟာ. . ခရစ္စတင်းလာနေပြီသီအို။ ငါ့မျက်နှာကို ထောက်ထားပြီး

သူ့ကို ဇနီးတစ်ယောက်နဲ့ မိခင်တစ်ယောက်အဖြစ် မြင်ပါ။ အမှန်တကယ်လဲ သူဟာ အဲဒီဘဝမှာ ရှိနေတာပါ"

ခရစ္စတင်းသည် အထပ်ခိုးပေါ်မှ ဆင်းလာနေခြင်းဖြစ်၏။ သူသည် အနက်ရောင်ဝတ်စုံကို သပ်ယပ်စွာ ဝတ်ထားသည်။ ဆံပင်ကိုလည်း သေသပ်စွာ ဖီးထားသည်။ အိမ်ရှင်မကောင်းတစ်ယောက်၏ ပုံစံမျိုးနှင့် ရောက်လာခြင်းဖြစ်၍ သူ့ကိုကြည့်ရသည်မှာ တင့်တယ်လှပနေသည်။ သူသည် သီအိုဂ်၏လက်ကို ဆွဲ၍ နှုတ်ဆက်သည်။ လက်ဖက်ရည်မသောက်တော့ဘူးလား ဟု မေးသည်။ ညစာစားပြီးမှ ပြန်ဖို့ ဇတ်အတင်းတားသည်။ ထို့နောက် ပြတင်းပေါက်အနီးမှ ပက်လက်ကုလားထိုင်၌ထိုင်ကာ ဇာထိုးရင်း ကလေးပုခက်ကို လွှဲနေသည်။

ဗင်းဆင့်သည် စတူဒီယိုထဲ၌ ခေါက်တုံ့ခေါက်ပြန် လမ်းသလားကာ သူဆွဲထားသည့် ပန်းချီကားအများအပြားကို သီအိုအား ပြသည်။ လူရုပ်ပုံများ၊ လမ်းပေါ်မှ ရှုခင်းများ၊ အစုအဖွဲ့ပုံများ စသည်ဖြင့် လက်ရာမျိုးစုံဖြစ်သည်။ ဗင်းဆင့်အနေဖြင့် သူ၏ တိုးတက်မှုများကို သီအိုအား မြင်စေချင်သည်။

သီအိုအနေဖြင့် သူ့အစ်ကို ဗင်းဆင့်သည် တစ်နေ့နေ့ တစ်ချိန်ချိန်တွင် မလွဲမသွေ ထင်ရှားကျော်ကြားသည့် ပန်းချီဆရာတစ်ယောက် ဖြစ်လာလိမ့်မည်ဟု အခိုင်အမာ ယုံကြည်သည်။ သို့သော်လည်း အခုမြင်တွေ့နေရသည့် ဗင်းဆင့်၏လက်ရာများကို ကြိုက်လှပါသည်ဟုတော့ မပြောနိုင်သေး။ သီအိုသည် ပန်းချီကားများ၏ အကောင်းအဆိုးကို ကောင်းစွာ ဝေဖန်ပိုင်းခြား သိမြင်တတ်သူဖြစ်၏။ ပန်းချီကားများအား အကဲဖြတ်ရာ၌ စနစ်တကျ လေ့ကျင့်ထားသူဖြစ်သည်။ သို့သော်လည်း သူ့အစ်ကို၏ လက်ရာများကို အကဲဖြတ်ရာ၌မူ သူစိတ်သူ အခိုင်အမာဆုံးဖြတ်၍မရချေ။ မည်သို့ပင်ဖြစ်စေ သူ့အစ်ကိုသည် ပန်းချီဆရာကောင်းတစ်ယောက် ဖြစ်လာနိုင်သည့် အခြေအနေ ရှိနေသည်ဟုတော့ ယုံကြည်သည်။

ဗင်းဆင့်ပြနေသော ပန်းချီကားအားလုံးကို ကြည့်အပြီးတွင် သီအိုက "အစ်ကို ဆီဆေးကို စချင်ပြီလို့ ပြောတယ်။ ဘာပြုလို့ အခုချိန်ထိ စပြီး မဆွဲသေးတာလဲ" ဟု မေးသည်။

"ပုံတွေကို မှန်အောင် ဆွဲတတ်ဖို့ လိုနေသေးတယ် ထင်လို့ပါ။ မောဗီးနဲ့ တာစတိက အစ်ကို့ကို လူပုံတွေ မှန်အောင် ဆွဲတတ်ဖို့ လိုသေး.."

"ဝေဆင်ဘရုချ်ကတော့ အစ်ကိုဆွဲတာတွေ မှန်နေပြီလို့ ပြောတာပဲ။ နောက်ဆုံး အဆုံးအဖြတ်ကို ပေးရမယ့်လူက အစ်ကိုပဲ မဟုတ်လား၊ အစ်ကို့အနေနဲ့ ကိုယ်ဖော်ပြချင်တာကို ထိရောက်နက်ရှိုင်းတဲ့ အရောင်တွေနဲ့ ပြောချင်

ပြချင်စိတ် ရှိနေပြီဆိုရင်တော့ ဆီဆေးစဖို့ အချိန်တော်ပြီလို့ ထင်တာပဲ”

“ဒါပေမယ့် သီအိုရာ ကုန်ကျစရိတ်က သိပ်များမယ်။ ဆီဆေးတွေ ဝယ်ရမှာက ရွှေနဲ့စက်ပြီး ဝယ်ရမလို ဖြစ်နေတယ်”

“မနက်ဖြန်မနက် ဆယ်နာရီကျရင် ကျွန်တော့်ဟိုတယ်ကို လာခဲ့လေ။ အစ်ကိုက ဆီဆေးပန်းချီကားတွေ မြန်မြန်ပို့နိုင်ရင် ကျွန်တော် ကုန်ကျခံထားရ တဲ့ငွေက မြန်မြန်ပြန်ပေါ်နိုင်တာပဲ ဟာ။ လုပ်စရာရှိတာ လုပ်ရမှာပေါ့”

ညစာစားကြသည့်အခါ သီအိုနှင့် ခရစ္စတင်းတို့သည် တရင်းတနှီး စကားလက်ဆုံကျနေကြသည်။ ပြန်တော့မည်ဟု နှုတ်ဆက်အပြီး လှေကားမှ အဆင်းတွင် သီအိုက ခရစ္စတင်း နားမလည်စေရန် ပြင်သစ်ဘာသာဖြင့် စကား တစ်ခွန်းပြောသွားသည်။

“ခရစ္စတင်းဟာ သဘောကောင်းတာအမှန်ပဲ။ ဘာ့ကြောင့် အဲသလို ဖြစ်နေတာလဲဆိုတာတော့ ကျွန်တော် မစဉ်းစားတတ်ဘူး”

✧✧✧✧

နောက်တစ်နေ့နံနက်တွင် ဗင်းဆင့်တို့ ညီအစ်ကိုသည် ဝေဂျင်စထရတ် လမ်းထဲ၌ အတူတူတွဲ၍ လျှောက်သွားနေကြသည်။ ညီအစ်ကိုဟုဆိုသော်လည်း တစ်ဦးနှင့်တစ်ဦးသည် နှိုင်းယှဉ်၍ မရနိုင်လောက်အောင် ကွာခြားလျက်ရှိ၏။ ညီဖြစ်သူသည် ကောင်းပေ့ဆိုသည့် ဝတ်စုံကို ဝတ်ထားသည်။ ရှူးဖိနပ်များသည် အရောင်တစ်လက်လက် ထွက်နေကြသည်။ ရုပ်အင်္ကျီနှင့် ဘောင်းဘီတို့မှာ ကော်တင်ထားသဖြင့် သပ်ယပ်လှ၏။ လည်ပင်းမှ နက်တိုင်သည် ကျော့ကျော့ မော့မော့ ရှိလှပေသည်။ ခြုံ၍ကြည့်လိုက်ပါက သီအို၏ ဟန်ပန်အမူအရာသည် ထယ်ဝါခန့်ငြားလှပါပေ၏။

အစ်ကိုဖြစ်သူ ဗင်းဆင့်၏ ရှူးဖိနပ်သည် အပေါက်အဖာတွေ ဗလပွ နှင့် ဖြစ်သည်။ ဘောင်းဘီမှာလည်း အဖာအထေးများဖြင့် ပြည့်နေသည်။ သူဆောင်းထားသည့်ဦးထုပ်မှာ သူ့ညီ၏ခေါင်းပေါ်မှ ဘိုးလားဦးထုပ်မျိုးမဟုတ်၊ လယ်သမားဆောင်း ကက်ဦးထုပ်အဟောင်းဖြစ်၏။ မုတ်ဆိတ်မွေးမှာလည်း သူ့ညီလို သန့်စင်သပ်ယပ်စွာ ညှပ်ထားသည်မဟုတ်။ ရှည်လျားစွာ တွဲကျလျက်ရှိ သဖြင့် အရုပ်ဆိုးလျက်ရှိသည်။ ဝတ်ထားသည့် ကုတ်အင်္ကျီမှာလည်း သူ့ကိုယ်ခန္ဓာ

နှင့် မတော်.. ။ ကျဉ်းကျဉ်းကြပ်ကြပ် ရှိလွန်းသဖြင့် အမြင်မလှ၊ လည်ပင်းတွင်လည်း နက္ကတိုင်မပါ။ သူညီ သီအို ထယ်ထယ်ဝါဝါရှိသလောက် သူက စုတ်စုတ်ချာချာ နိုင်လွန်းလှလေသည်။

သီအိုသည် ဗင်းဆင့်အား ဂေါပစ်လ်ပန်းချီကားအရောင်းဆိုင်သို့ ခေါ်သွားပြီး ဆီဆေးများ၊ စုတ်တံများနှင့် ကင်းဗတ်များ ဝယ်ပေးသည်။ တာစတိသည် သီအိုအား တလေးတစား ဆက်ဆံရုံမျှမက အံ့သြချီးမွမ်းသည့် အမူအရာကိုပါ ဖော်ပြနေသည်။ သူသည် ဗင်းဆင့်အပေါ် တွင်လည်း နားလည်မှုဖြင့် ကြိုးစား၍ ဆက်ဆံသည်။ သူတို့ ဘာ့ကြောင့် ရောက်လာကြသည်ကို သိသောအခါ တာစတိက လိုချင်သည့် ပစ္စည်းများကို သူဖာသာသူ စိတ်တိုင်းကျ ရှာဖွေရွေးယူရန် ဗင်းဆင့်အား အကြံပေးသည်။

ထို့နောက်တော့ ဗင်းဆင့်သည် သီအိုအား ခြောက်ကီလိုမီတာအကွာရှိ ချီဗီနင်ကျင်း တံငါရွာသို့ ခေါ်သွားသည်။ သူတို့ရောက်သွားချိန်တွင် ပင်လယ်ပြင်ဆီမှ တံငါမော်တော်သည် ကမ်းဘက်သို့ ဦးတည်ကာ နှင်လာနေပြီဖြစ်၏။ ကမ်းစပ်တစ်နေရာရှိ သစ်သားတဲထဲမှ လူတစ်ယောက်သည် ပင်လယ်ဘက်သို့ မျှော်ကြည့်လျက်ရှိသည်။ သူမြင်ကွင်းထဲသို့ မော်တော်ဝင်လာသည်နှင့် တပြိုင်နက် သူသည် အလံကြီးတစ်ခုကို သွားယူသည်။ ကလေးတစ်အုပ်သည် သူ့နောက်မှ ပြေးလိုက်သွားကြလေသည်။

နောက် မိနစ်အနည်းငယ်မျှ အကြာတွင် ထိုလူသည် လက်ထဲမှအလံကို ဝှေ့ယမ်းပြနေသည်။ မကြာမီ မြင်းအိုတစ်ကောင်စီးလာသော လူတစ်ယောက်သည် မော်တော်မှ ကျောက်ဆူးကိုဆွဲယူရန် ပင်လယ်ပြင်ဆီသို့ ဆင်းသွားသည်။ ထိုအချိန်တွင် ရွာထဲမှ ယောကျ်ားများနှင့် မိန်းမများသည် တံငါမော်တော်အားဆီးကြိုရန် အပြေးအလွှား ထွက်လာနေကြလေပြီ။

ကမ်းခြေဆီသို့ တံငါမော်တော် နီးကပ်လာသည့်အခါ မြင်းပေါ်မှ လူသည် ကျောက်ဆူးကိုဆွဲယူကာ ကမ်းခြေဘက်သို့ ပြန်လာသည်။ ထို့နောက် တံငါလုပ်သားများအား ကမ်းပေါ်မှလူများက တစ်ဦးချင်းကို ကျောပိုးပြီး သယ်ဆောင်ကြသည်။ ကမ်းပေါ်သို့ လူတစ်ယောက် ခြေချမိတိုင်း စောင့်ကြိုနေသူများထံမှ လက်ခုပ်သြဘာသံများ ထွက်ပေါ်လေ့ရှိ၏။ တံငါလုပ်သားအားလုံး ကမ်းပေါ်ရောက်အပြီးတွင် မြင်းများ ရောက်လာပြီး တံငါမော်တော်ကို ကမ်းပေါ်ရောက်သည်အထိ ဆွဲတင်ကြသည်။ ထို့နောက်တွင်မူ တံငါလုပ်သားများသည် တစ်စုတဝေးကြီး ရွာဘက်သို့ လျှောက်သွားကြလေသည်။

"အစ်ကို ဆီဆေးနဲ့ သိပ်ပြီး ဆွဲချင်နေတာဟာ အခုလို ရှုခင်းမျိုးတွေပဲ" ဟု ဗင်းဆင့်က ပြောသည်။

"အစ်ကိုဆွဲပြီးလို့ စိတ်တိုင်းကျဖြစ်တဲ့ ပန်းချီကားမှန်သမျှကို ကျွန်တော့် ဆီ အမြန်လာပို့ပေးပါ။ ပါရီမှာ အစ်ကို့ပန်းချီကားတွေကို ဝယ်မယ့်လူတွေ ရှိလာအောင် ကျွန်တော်ကြိုးစားပေးပါ့မယ်"

"အေးကွာ အစ်ကို့ ပန်းချီကားတွေကို စုံအောင် မင်း ကြိုးစားပေးစမ်းပါ သီအိုရယ်"

(၁၂)

သီအို ပြန်သွားသည့်အခါ ဗင်းဆင့်သည် သူရထားသည့် ဆီဆေးများကို လက်တွေ့စမ်းသပ်ခြင်းပြုသည်။ သူသည် ဆီဆေးဖြင့် ပန်းချီကားသုံးကား ဆွဲသည်။ ပထမကားမှာ ကျိစ်တံတားနောက်မှ အကိုင်းအခက်အရွက်အလက်များ မရှိသည့် မိုးမခပင်တန်းတစ်တန်းဖြစ်သည်။ ဒုတိယကားမှာ ပြာဖုံးနေသည့် လူသွားလမ်းကလေးတစ်လမ်း ပုံဖြစ်၍ တတိယကားမှာ မိယာဒါဗူးမှ သီးနှံစိုက်ခင်းတစ်ခုဖြစ်သည်။ စိုက်ခင်းထဲတွင် အပြာရောင်စမော့စ် အပေါ်ဝတ်အင်္ကျီရှည်ဖြင့် အာလူးကောက်နေသော လူတစ်ယောက်ပုံ ဖြစ်ပါသည်။

စိုက်ခင်းတည်ရာ လယ်ကွင်းပြင်ထဲတွင် သဲဖြူများ ဖုံးနေသည်။ လယ်ကွင်းတစ်ခြမ်းပေါ်မှ မြေများကို တူးဆွထားသည်။ အပေါ်ယံတွင် ခြောက်သယောင်းနေသော ရိုးတံများရှိ၍ ယင်းတို့၏ကြားမှ စိမ်းရောင်သန်းနေသော ပေါင်းမြက်ပင်များ ထိုးထွက်နေကြ၏။ စိုက်ခင်းနှင့် အလှမ်းခပ်ဝေးဝေးတစ်နေရာတွင် အစိမ်းပုပ်ရောင် သစ်ပင်များနှင့် ယင်းအပင်များကြားမှ ထိုးထွက်နေသည့် အိမ်ခေါင်မိုးအနည်းငယ်ကို မြင်နေရ၏။

သူလက်ရာများကို စတူဒီယိုခန်းထဲ၌ ပြန်၍ ကြည့်ရှုလေ့လာသည့်အခါ ဗင်းဆင့်သည် ဝမ်းသာအားတက်ခြင်းဖြစ်ရသည်။ ဤလက်ရာများသည် သူ ပထမဆုံးဆွဲသည့် လက်ရာများဟု မည်သူကမှ ခန့်မှန်းနိုင်ကြလိမ့်မည်မဟုတ်ဟု သူ အခိုင်အမာ ယုံကြည်မိသည်။ ရေးဆွဲထားပုံ၊ ဆေးရောင်ယူထားပုံနှင့် တစ်ကားလုံး အထောက်အကူအဖြစ် ပို့ပေးထားသည့် ပုံများသည် တိကျမှန်ကန်ပြတ်သားလွန်းသဖြင့် ဘဝနှင့် အနီးကပ်ဆုံးပုံများဖြစ်နေပေသည်။ သူသည်

အနည်းငယ်မျှ အံ့အားသင့်နေမိသည်။ အဘယ်ကြောင့်ဆိုသော် သူ ပထမဆုံးရေးဆွဲသော ပန်းချီကားများသည် ဘယ်နည်းနှင့်မျှ မကောင်းနိုင်ဟု တွေးထင်ထားခဲ့မိ၍ဖြစ်၏။

သူသည် တောအုပ်ကြီးအတွင်းမှ ဆင်ခြေလျှောကုန်းတစ်ကုန်းပုံကို ရေးဆွဲခြင်းဖြင့် အလုပ်များလျက်ရှိသည်။ ကုန်းပေါ်တွင် ဘိချိအပင်မှ ခြောက်သွေ့နေသော အရွက်များ ဖုံးလွှမ်းလျက်ရှိ၏။ မြေကြီးအရောင်မှာ နီပုပ်ပုပ်နှင့် အညိုရောင်များ ရောစွက်နေသည်။ မြေပြင်တစ်ပြင်လုံးကို သစ်ပင်ရိပ်များက လွှမ်းခြုံနေသည်။ သစ်ပင်များကြားမှ တိုးဝင်နေသည့် ပျော်တိပျော်ကြား နေရောင်ခြည်ကွက်များသည် နေရာအနှံ့တွင် ပြန့်ကြဲလျက်ရှိသည်။

အဓိကပြဿနာမှာ အရောင်၏ နက်နဲမှုကို ရယူပြီး မြေ၏ ကြီးမားသောအားနှင့် မာကြောမှုများကို ဖော်ပြနိုင်ရန်ဖြစ်၏။ သူသည် ပန်းချီကို ရေးဆွဲနေစဉ်အတွင်းမှာပင် အမှောင်ထုအတွင်း၌ အလင်းရောင်ပမာဏ မည်မျှအထိ ရှိနေသည်ကို ပထမဆုံးအကြိမ် သိမြင်နားလည်ခဲ့ရသည်။ သူ့အနေဖြင့် ထိုအလင်းရောင်ကို ရယူထိန်းသိမ်းထားရမည်ဖြစ်သည်။ တစ်ချိန်တည်းမှာပင် တောက်ပသော အရောင်၏ နက်နဲမှုကိုပါ အရအမိ ထိန်းသိမ်းထားရန် လိုအပ်ကြောင်း နားလည်သဘောပေါက်လာခဲ့၏။

မြေပြင်သည် ဆောင်းဦးပေါက်ကာလ၏ ညနေစောင်းနေရောင် အောက်တွင် အနီရင့်နှင့် အညိုရောင်ရောစပ်နေသော ကော်ဇောတစ်ချပ်ခင်းထားသည့်နှယ်ရှိသည်။ ထိုအရောင်ကိုပင် သစ်ပင်ကြီးများ၏အရိပ်က ပေါ့သွားအောင် ဖန်တီးပေးထားသည်။ ဘိချိအပင်များသည် တစ်ဖက်တွင် အလင်းရောင်ကို ဖမ်းယူထားသည်ဖြစ်ရာ ထိုဖက်ပိုင်းတွင် အစိမ်းရောင်သည် တောက်ပလျက်ရှိ၏။ အရိပ်အောက်ရောက်နေသော ပင်စည်နှင့်ရိုးတံရွက်တံများမှာမူ အနက်ရောင်နှင့် အစိမ်းရောင်များ ရောစွက်နေသည်။

သစ်ပင် ပင်ပျိုများ၏ နောက်ဖက်၊ နီညိုရောင်မြေပြင်၏ နောက်ဖက်တွင် ပြာမှိုင်းမှိုင်း ကောင်းကင်ပြင် တည်ရှိနေသည်။ အပြာရောင် ပီပီပြင်ပြင် မဟုတ်။ အားလုံးသည် ရှင်သန်တောက်ပမှုကို ဖော်ပြနေသည်။ ယင်းကောင်းကင်ပြင်အား ဆန့်ကျင်နေသည့် အစိမ်းရောင်မှုန်ဝါးဝါး၊ ပင်စည်ရိုးတံ ရွက်တံများနှင့် အဝါရောင် သစ်ရွက်များသည် ကောင်းကင်နှင့် မြေပြင်ကြားတွင် နယ်နိမိတ်သတ်ထားသည်။

ယင်းပတ်ဝန်းကျင်တွင် ထင်းခွေနေကြသော လူအနည်းငယ်သည်

မဲမဲအရိပ်များ လူပ်ရှားနေသည့်နှယ်ရှိ၏။ သစ်ကိုင်းခြောက်တစ်ခုကို လှမ်းဆွဲနေသော မိန်းမတစ်ယောက်သည် ရှေ့သို့ကုန်းလျက်ရှိလေရာ သူ့ခေါင်းပေါ်မှ အဖြူရောင် ကက်ဦးထုပ်သည် နီညှိရောင်မြေပြင်နှင့် ပြတ်သားစွာ ကွဲပြားခြားနားလျက်ရှိသည်။ ခြံနှွယ်ပိတ်ပေါင်းတစ်ခု၏ အထက်ဖက်၌ ပေါ်နေသော ယောကျ်ား တစ်ယောက်၏ အရိပ်မဲမဲသဏ္ဌာန်သည် ကောင်းကင်ပြင်ကို နောက်ခံပြုထားသဖြင့် ပီပြင်ပြတ်သားစွာ ပေါ်လွင်နေသည်။ ထိုရုပ်လွှာသည် ကြီးမားပြီး ကဗျာဆန်လွန်းလှပါပေ၏။

"ဒီရွာခင်းထဲမှာ ဆောင်းဦးပေါက်ညနေခင်းရဲ့ အရသာဟာ အပြည့်ရှိနေတယ်။ လှိုင့်ဝှက်နက်နဲပြီး အလွန်လေးနက်တဲ့အရသာမျိုးပဲ။ ဒီဟာလေးကို မမိမချင်း ငါ ဒီနေရာက ခွာလို့မဖြစ်သေးဘူး"

ပန်းချီဆွဲနေရင်း ဗင်းဆင့်သည် သူ့ကိုယ်သူ စကားပြောနေမိ၏။ သို့သော်လည်း အလင်းရောင်ကတော့ ဖြည်းဖြည်းချင်း ပျက်ပြယ်စပြုနေပြီ။ သူ့အနေဖြင့် ပန်းချီကားကို လျှင်မြန်စွာ ဆွဲမှဖြစ်ပေတော့မည်။ လူရုပ်ပုံသဏ္ဌာန်များသည် စုတ်ချက်ပြင်းပြင်း အနည်းငယ်မျှဖြင့် ချက်ခြင်းပြီးမြောက်သွားသည်။ အပင်ငယ်များ၏ ပင်စည်များသည် မြေကြီးအတွင်း၌ ဘယ်လို အခိုင်အမာ အမြစ်တွယ်နေကြပါလိမ့်။ ဤတစ်ချက်သည် သူ့စိတ်အား ရိုက်ခတ်လျက်ရှိလေသည်။

သူသည် အပင်များ၏ ခိုင်မြဲစွာ အမြစ်တွယ်မှုကို သူ့ကားထဲ၌ မိမိရရဖြစ်လာအောင် ကြိုးစားပြီး စုတ်ချက်သွင်းသည်။ သို့သော်လည်း မြေကြီးမှာ အလွန်စေးကပ်သော သဘောရှိနေသဖြင့် စုတ်ချက်မမိနိုင်ပဲ ဖြစ်နေသည်။ သူသည် ထပ်တလဲလဲ မရပ်မနား ကြိုးစား၍ ဆွဲသည်။ အမှောင်ရိပ်များကျလာနေသဖြင့် သူလိုချင်သော စုတ်ချက်ကို အမြန်ဆုံးရရှိအောင် တပင်တပန်း အားထုတ်နေခြင်းဖြစ်၏။

နောက်ဆုံးတွင် သူသည် အရှုံးပေးရတော့မည်ဟု မြင်လာသည်။ စုတ်တံသည် မြေသြဇာကြွယ်ဝလှသော အညိုရောင်မြေကို ပန်းချီကားထဲ၌ ထိရောက်ပေါ်လွင်အောင် မဆွဲနိုင်ချေ။ သူသည် လက်ထဲမှ စုတ်တံကို ပစ်ပေါက်လိုက်သည်။ စိတ်ထဲမှ အလိုလိုဖြစ်ပေါ်လာသည့် အသိအရ သူသည် ဆေးဗူးထဲမှ ဆေးများကို ပန်းချီကားကင်းဗတ်ပေါ်ရှိ သစ်မြစ်များနှင့် ပင်စည်များပေါ် ညှစ်ချသည်။ ထို့နောက် စုတ်တံတစ်ချောင်းကို ကပြာကရာ လှမ်းယူပြီး လက်ကိုင်ရိုးဖြင့် စုပုံနေသော ဆေးများကို ဆွဲချပေးသည်။

"ဟုတ်တယ်၊ အခုမှ ဟုတ်တာ" ဟု ရေရွတ်သည်။ "အခုကျမှပဲ မြေကြီးထဲဝင်ပြီး အားအင်အပြည့်နဲ့ အမြစ်တွယ်နေကြတဲ့ သစ်ပင်တွေဟာ မြေကြီးထဲက အပေါ်ကို ထိုးထွက်ပြီး ရပ်နေကြပြီ။ ငါပြောချင်တာကို ငါပြောလို့ ပြီးသွားပြီ"

✧✧✧✧

ထိုညတွင် ဗင်းဆင့်ထံသို့ ဝေဆင်ဘရုံချ်တစ်ယောက် ပေါက်လာသည်။ "ကဲ. . ကိုယ့်လူ. . ကိုယ်နဲ့လိုက်ခဲ့၊ အပြင်သွားကြရအောင်၊စကားလေးပြော ရှုခင်းလေးတွေ ကြည့်ရအောင်" ဟု ခေါ်သည်။

ဗင်းဆင့်သည် နောက်ဆုံးတစ်ခေါက်လာစဉ်က ဝေဆင်ဘရုံချ်လုပ်သွား ပြောသွားသည်များကို မမေ့သေး။ "ကျေးဇူးတင်တယ်၊ မလိုက်ချင်ဘူး၊ ကျွန်တော့်မိန်းမကို ကျွန်တော် ထားမပစ်ခဲ့နိုင်ဘူး" ဟု ပြောသည်။

ဝေဆင်ဘရုံချ်သည် ခရစ္စတင်းထံ လျှောက်သွားပြီး လက်တစ်ဖက်ကို ဆွဲ၍ နမ်းသည်။ နေကောင်းပါရဲ့လားဟုမေးသည်။ နို့စို့ကလေးအား စိတ်ပါလက်ပါ ချော့မြူသည်။ သူ နောက်ဆုံးတစ်ခေါက်လာစဉ်က ပြောသွားခဲ့သည့် စကားကို သူ ပြန်ပြီးသတိရဟန်မတူ။

"မင့်လက်ရာ ပန်းချီကားတစ်ချို့ကို ငါ ကြည့်ပါရစေလား ဗင်းဆင့်"

ဗင်းဆင့်သည် ဝမ်းသာလှိုက်လဲစွာဖြင့် သူ့ကားအချို့ကို ထုတ်ပြသည်။ ဝေဆင်ဘရုံချ်သည် ပန်းချီတင်ခုံပေါ်မှ "တနလ်ာနေ့စျေး" အမည်ရှိ ကားကို အရင်ဆုံး ယူကြည့်သည်။ နောက်တစ်ကားမှာ ဟင်းချိုရည် မီးဖိုရှေ့၌ တန်းစီ၍ စောင့်နေသော လူအုပ်ပုံဖြစ်သည်။ နောက်တစ်ကားမှာ စိတ္တဇဆေးရုံတွင်းမှ အဖိုးအိုသုံးဦး၏ ပုံဖြစ်၏။ နောက်တစ်ကားမှာ ချီဗီနင်ဂျင်းရွာမှ တံငါမော်တော်ဖြစ်သည်။ ကျောက်ဆူးကို ဆွဲတင်နေသော ပုံဖြစ်သည်။ ပဉ္စမမြောက်ကားမှာ သဲတောင်ကြီးများကြားရှိ ရွှံ့ထဲ၌ ဗင်းဆင့်ကိုယ်တိုင် ဒူးထောက်ထိုင်ပြီး ရေးဆွဲခဲ့ရသော မိုးသက်မုန်တိုင်းကျနေပုံဖြစ်လေသည်။

"ဒီကားတွေကို ရောင်းမှာလား. . ၊ ငါဝယ်ချင်လို့မေးတာ"

"အခုစကားဟာ ခင်ဗျားရဲ့ အောက်တန်းကျလှတဲ့ ပြက်လုံးသစ်တစ်ခုလား ဝေဆင်ဘရုံချ်"

"ငါပန်းချီနဲ့ပတ်သက်လို့ ဘယ်တော့မှ ပြက်လုံးမထုတ်ဘူး။ ဒီကားတွေဟာ တကယ်ကို ထူးခြားပြောင်မြောက်တဲ့ လက်ရာတွေပဲ။ ငါ ဘယ်လောက်ပေးရမလဲ"

"ခင်ဗျားပေးနိုင်တဲ့စျေးကို အရင်ပြောကြည့်ပေါ့" ဟု ဗင်းဆင့်က ပြန်ပြောသည်။ သူသည် စျေးပြောလိုက်ကာမှ အလှောင်အပြောင်ခံရမည်ကို လန့်နေသည်။

"ကောင်းပြီလေ။ တစ်ကားကို ငါးဖရန့်ပေးမယ်။ ငါးကားစလုံး အတွက် နှစ်ဆယ့်ငါးဖရန့်ပေါ့၊ မင်း ဘယ်လိုသဘောရသလဲ"

ဗင်းဆင့်၏မျက်လုံးအစုံသည် ပြူးပြဲသွားသည်။ "ပေးထားတာ သိပ်ကို များလွန်းနေပြီ၊ ကျွန်တော့်ဦးလေး ကော်နီလီးယပ်စ်ကဆိုရင် တစ်ကားမှ နှစ်ဖရန့် ခွဲပဲပေးတာ"

"မင့်ဦးလေးက မင့်ကို နှပ်ချသွားတာကိုယ့်လူ၊ ပန်းချီကုန်သည်တွေဟာ မင့်ကို လိမ်မဲ့ကောင်တွေချည်းပဲ။ နောင်တစ်ချိန်ကျရင် မင့်ကားကို ဖရန့် ငါးထောင်နဲ့ ရောင်းမှာပဲ။ အဲဒီတော့ အခု ငါပေးတဲ့ စျေးအပေါ် မင်း ဘယ်လို သဘောထားသလဲ၊ အရောင်းအဝယ်ဖြစ်မလား"

"ဝေဆင်ဘရှ့ခ်ျရယ်၊ ခင်ဗျားဟာ တစ်ခါတရံမှာ ကောင်းကင်ဘုံက နတ်တစ်ပါးပဲ၊ တစ်ခါတလေကျတော့လဲ ခင်ဗျားဟာ တကယ့် သူရဲကြီးနဲ့ တူတယ်"

"ဒါကတော့ အသွင်အမျိုးမျိုး ပြောင်းပေးရတာပေါ့ကွာ၊ ဒါမှလဲ ကိုယ့် အပေါင်းအသင်းတွေက ကိုယ့်အပေါ် မငြီးငွေ့ကြမှာပေါ့"

ဝေဆင်ဘရှ့ခ်ျသည် သူ့ပိုက်ဆံအိတ်ထဲမှ ငွေနှစ်ဆယ့်ငါးဖရန့်ကို ထုတ်ယူကာ ဗင်းဆင့်အား လှမ်းပေးသည်။ "ကဲပါကွာ၊ ငါနဲ့လိုက်ခဲ့ပါ။ "ပါလ်ချရီ" ကို သွားကြရအောင်၊ မင့်အတွက် ဖြေဖျော်ရေးတစ်ခုတော့ လိုနေတယ်။ တိုနီ အော်ဖားမင်းစ်ရဲ့ ဟာသပြဇာတ်တစ်ခုကြည့်လိုက်ရရင် မင်း အတော်ကြီးကိုစိတ် ပေါ့သွားလိမ့်မယ်။ သူ့ဇာတ်ကိုကြည့်ရင် မင်း ရယ်ရမှာသေချာတယ်" ဟု ပြောသည်။

ဤသို့ဖြင့် ဗင်းဆင့်သည် ဝေဆင်ဘရှ့ခ်ျနှင့် ပါသွားသည်။ "ပါလ်ချရီ" ကလပ်ထဲတွင် ယောကျ်ားတွေချည်းသာရှိ၏။ မီးခိုးငွေ့များသည် အခန်းထဲတွင် ထောင်းထောင်းထလျက်ရှိသည်။ တစ်ချိန်လုံး အပေါစားဆေးပြင်းလိပ်နှံ့များကို သာ ရှူရှိုက်နေရသည်ဖြစ်ရာ ကြာလာတော့လည်း ဗင်းဆင့်သည် မခံမရပ်နိုင်

ဖြစ်လာသည်။ တစ်ခေါင်းလုံး အုံခဲလာသဖြင့် တိုနီအော်ဖားမင်းစ်၏ ပြဇာတ် မစမီ အိမ်သို့ ပြန်လာခဲ့၏။ သူသည် တစ်လမ်းလုံး စိတ်ကူးဖြင့် စာတစ်စောင် ရေးလာလျက်ရှိလေသည်။ သူသည် သူ့အဖေထံရေးသည့် စာထဲတွင် ခရစ္စတင်း၏အကြောင်းကို စုံစုံစေ့စေ့ ဖော်ပြလိုက်သည်။ အခုအချိန်သည် ခရစ္စတင်းအကြောင်းကို ပြောပြ ရန် အချိန်ကောင်းဖြစ်သည်ဟု သူ ယူဆသည်။ သူသည် ဝေဆင်ဘရူ့ခ်ျထံမှရသည့် ငွေနှစ်ဆယ့်ငါးဖရန့်ကို စာနှင့်အတူ ထည့်ပေးလိုက်သည်။ သူ့ဖခင် သီအို ဒိုးရပ်စ်အား ဟော့ဂ်သို့ သူ့ည့်သည်အဖြစ် အလည်လာရန်ပါ ဖိတ်ခေါ်လိုက် လေသည်။

သီတင်းတစ်ပတ်အလွန်တွင် သူ့အဖေသည် ဟော့ဂ်သို့ ရောက်လာသည်။ အဖေ၏ အပြာရောင်မျက်လုံးအစုံသည် အရင်တုန်းကလို ကြည်လင်တောက်ပခြင်းမရှိတော့။ ခြေလှမ်း လှမ်းပုံမှာမှာလည်း နှေးကွေးလေးလံလျက်ရှိ၏။ သူတို့သားအဖ နောက်ဆုံးအကြိမ် အတူတူနေခဲ့ကြစဉ်က အဖေသည် အကြီးဆုံးသားဖြစ်သူ သူ့အား အိမ်မှ မောင်းချခဲ့သည်။

ထို့နောက် လူချင်းမဆုံမိကြသော်လည်း စာချင်းတော့ အမြဲလိုလို ဆုံမိနေခဲ့ကြ၏။ သီအိုဒိုးရပ်စ်နှင့် အင်နာကော်နီလီယာတို့သည် သူ့ထံသို့ အဝတ်များ၊ ဆေးပြင်းလိပ်များနှင့် မုန့်များကို ပို့ခဲ့သည်သာမက ရံဖန်ရံခါ တစ်ဆယ်တန် ဖရန့်ငွေတစ်ရွက်ကိုပါ ပို့ပေးတတ်သည်။

သူ့အဖေသည် ခရစ္စတင်းအပေါ် ဘယ်လိုသဘောထားမည်နည်း။ ဗင်းဆင့်သည် မှန်းဆ၍မရနိုင်ပဲ ဖြစ်နေသည်။ တစ်ခါတရံတွင် ယောကျ်ားများသည် နားလည်မှုရှိကာ သဘောထားပြည့်ဝတတ်ကြသော်လည်း တစ်ခါတရံတွင် မူ စူးစမ်းဆင်ခြင်မှုကင်းမဲ့ကာ ဆိုးညစ်ယုတ်မာတတ်ကြသည် မဟုတ်ပါလား။

မည်သို့ပင်ဖြစ်စေ သူ့အဖေသည် ဤကိစ္စတွင် ရေငုံနှုတ်ပိတ်လုပ်ကာ ဥပေက္ခာပြုလိမ့်မည်ဟု သူမထင်။ ကလေးပုခက်ကို မြင်ရုံမျှဖြင့် နှုတ်ဆိတ်နေမည့် လူစားမဟုတ်။ ပုခက်တစ်လုံးသည် အခြားပစ္စည်းများနှင့် မတူသည်မှာ မှန်သော်လည်း ဤပုခက်ကိုပြ၍ ပြဿနာကို ရှောင်ဖို့ ကြိုးစားနိုင်ဖွယ်ရာမရှိ၊ သူ့အဖေသည် ခရစ္စတင်း၏ အတိတ်ဘဝကိုတော့ ခွင့်လွှတ်တန်ကောင်းပါရဲ့ဟု သူတွေးမိသည်။

သီအိုဒိုးရပ်စ် ရောက်လာသည့်အခါ သူ့ချိုင်းကြားတွင် အထုပ်တစ်ထုပ် ပါလာသည်။ ဗင်းဆင့်သည် အထုပ်ကို ချက်ခြင်းပင် ဖွင့်ကြည့်သည်။ အထုပ်ထဲမှပစ္စည်းသည် ခရစ္စတင်းအတွက် အနွေးထည်အင်္ကျီဖြစ်နေသည်ကို တွေ့ရသည့်

အခါ အားလုံး အဆင်ပြေသွားလိမ့်မည်ဟု သူ သိလိုက်၏။ ခရစ္စတင်းတစ်ယောက် အပေါ်ထပ် အိပ်ခန်းဆီသို့ တက်သွားသည့်အခါတွင်မူ သားအဖနှစ်ယောက်သည် လွတ်လွတ်လပ်လပ် စကားပြောဆိုခွင့်ရလာသည်။ "မင်းစာထဲမှာ မရေးတာ တစ်ချက်ရှိတယ်.. ဗင်းဆင့်" ဟု သူ့အဖေက စကားစသည်။

"အခုရတဲ့ကလေးဟာ မင့်ကလေးလား"

"မဟုတ်ဘူး.. အဖေ၊ ကျွန်တော်နဲ့တွေ့တော့ သူ့မှာ ကိုယ်ဝန်နဲ့"

"ကလေးအဖေက ဘယ်ရောက်သွားသလဲ"

"သူ့ကိုထားပြီး ထွက်သွားတာပဲ၊ ဘယ်ရောက်သွားမှန်း မသိဘူးတဲ့"

"မင်း.. သူ့ကို လက်ထပ်မှာ မဟုတ်လားဗင်းဆင့်၊ အခုလို နေသွားမယ်ဆိုရင်တော့ နည်းလမ်းမကျဘူး"

"ကျွန်တော် အဖေနဲ့ တစ်သဘောထဲပါပဲ၊ တရားဝင်လက်ထပ်ဖို့ အစီအစဉ်ကို မြန်နိုင်သမျှ မြန်အောင်လုပ်ဖို့ စိတ်ကူးထားတာပါ။ ဒါပေမယ့် သီအိုနဲ့ ကျွန်တော်တို့ သဘောတူခဲ့ကြတာက ကျွန်တော့်မှာ တစ်လကို ဝင်ငွေ ဖရန့် တစ်ရာ့ငါးဆယ်လောက် ပုံမှန်ရသွားတဲ့အချိန်ထိတော့ စောင့်ဦးမှဖြစ်မယ်လို့ ယူဆကြပါတယ်"

သီအိုဒိုးရပ်စ်က သက်ပြင်းချသည်။ "အေးပေါ့လေ။ အဲဒီအစီအစဉ်ဟာ အကောင်းဆုံးဖြစ်ချင်လဲ ဖြစ်ပေမပေါ့။ မင့်အမေက မှာတယ်။ အိမ်ကို တစ်ခေါက်လာလည်ပါဦးတဲ့။ ငါကလဲ မင့်ကို လာစေချင်တယ်။ မင်းလာရင်လဲ နှုနှင်မှာနေရတာ ပျော်မှာပါ သားရယ်။ နှုနှင်ဟာ ဘရားဘန့်နယ်မှာတော့ ချစ်စရာအကောင်းဆုံး ရွာကလေးတစ်ရွာပါ။ ဘုရားရှိခိုးကျောင်းလေးကတော့ တကယ့်သေးသေးလေးပဲ။ အက်စကီးမိုးလူမျိုးတွေနေတဲ့ ရေခဲအိမ်ကလေးနဲ့ သိပ်ကိုတူတာပဲ။ ကျောင်းထဲမှာ လူတစ်ရာတောင် မဆန့်ဘူး။ သင်းအုပ်အိမ်ပတ်ပတ်လည်မှာ နှင်းဆီရိုင်းပင်တွေနဲ့ ခြံကာထားတယ်။ ဘုရားရှိခိုးကျောင်းရဲ့နောက်ဖက်က ကွင်းထဲမှာတော့ ပန်းမျိုးစုံရှိတယ်။ ပြီးတော့ သဲမြေပုံကလေးနဲ့ သစ်သားလက်ဝါးကပ်တိုင်တွေ ရှိတယ်"

"သစ်သားလက်ဝါးကပ်တိုင်တွေက အဖြူရောင်တွေလား"

"ဟုတ်တယ်၊ နာမည်တွေကျတော့ အနက်ရောင်ဆေးနဲ့ ရေးထားတာ၊ ဒါပေမယ့် မိုးရွာတော့ ဆေးတွေက ပျက်ကုန်တာပေါ့"

"ဘုရားရှိခိုးကျောင်းမှာ ပြဿဒ်ကော ရှိရဲ့လား အဖေ"

"ရှိတယ်၊ ခပ်သေးသေးလေးပဲ၊ ဒါပေမယ့် သိပ်ကို မြင့်တယ်။ မိုးကို

တောင် ထိမလားလို့ ထင်ရတယ်။ တစ်ခါတလေ အဖေ့စိတ်ထဲမှာ ဒီပြဿဒ်မျှော်စင်ဟာ ဘုရားသခင်ဆီအထိ ရောက်လုနီးပါး မြင့်တယ်လို့ တွေးမိတယ်"

"ဒါဆိုရင်တော့ သူ့အရိပ်သေးသေးလေးဟာ သခ္ဗျိုင်းမြေပေါ်ကို ထိုးကျနေမှာပဲ" ဟု ဗင်းဆင့်က ရေရွတ်သည်။ သူ့မျက်လုံးများသည် အရောင်တလက်လက်ထွက်လာသည်။ "ကျွန်တော် အဲဒီပုံကို ပန်းချီဆွဲချင်တယ်"

"အနားမှာ ကုန်းတန်းကလေးလဲ ရှိတယ်။ ထင်းရှူးတောတွေလဲ ရှိတယ်။ မြေပေါ်မှာ တူးဆွနေကြတဲ့ လယ်သမား၊ ယာသမားတွေလဲ ရှိတယ်။ မင်း တစ်ခေါက်လောက်ဖြစ်ဖြစ် ရောက်အောင်လာခဲ့ပါ သားရယ်"

"လာမယ်အဖေ၊ ကျွန်တော် နှုန်းရွာကို မြင်ချင်တယ်။ လက်ဝါးကပ်တိုင်ကလေးရယ်၊ ပြဿဒ်ရယ်၊ လယ်သမားတွေရယ်၊ ဘရားဘန့်နယ်မြေထဲမှာ ကျွန်တော့်အတွက် တစ်ခုခုကတော့ အမြဲတန်း ရှိနေသလိုပဲ. . "

✧✧✧✧

အိမ်ပြန်ရောက်သွားသည့်အခါ သီအိုဒိုးရပ်စ်သည် သူတို့၏သား ဗင်းဆင့်၏အခြေအနေမှာ သူတို့ တွေးထင်ထားသလောက် မဆိုးကြောင်း သူ့ဇနီးအား ပြောပြနိုင်ခဲ့၏။ ဖအေပြန်သွားပြီးနောက်ပိုင်းတွင် ဗင်းဆင့်သည် သူ့အလုပ်ကို ယခင်ကထက် အဆပေါင်းများစွာ တိုး၍ အာရုံစူးစိုက်ခဲ့သည်။ ယခုအခါတွင် သူ့အနေအထားသည် ပို၍ကောင်းလာသည်ဟု ယူဆသည်။ သီအိုကလည်း သူ့အပေါ် ယုံကြည်မှု ကင်းမဲ့ခြင်းမရှိ။ သူ့အမေနှင့် အဖေတို့ကလည်း ခရစ္စတင်းအပေါ် မနှစ်သက်သည့် လက္ခဏာမပြ။ ဟော်မြို့မှ လူများကလည်း သူ့အားအနှောက်အယှက်မပြုကြတော့။ သူသည် ယခင်ကထက်ပို၍ စိတ်အေးနားအေးထားကာ အလုပ်ကို လုပ်နိုင်နေပြီ။

သစ်ဆိုင်ပိုင်ရှင်သည် သူ့ထံသို့ အလုပ်လုပ်ရန် လာကြသည့် အလုပ်သမားများအား ဗင်းဆင့်ထံသို့ ကိုယ်ဟန်ပြများအဖြစ် အသုံးပြုရန် စေလွှတ်ပေးလေ့ရှိ၏။ သူသည် ရောက်လာသမျှ လူများအား အလွတ်မပေးပဲ ရေးဆွဲလေ့ရှိသည်။ ယခုအချိန်တွင် သူသည် သူစိတ်ဝင်စားသော အရာမှန်သမျှကို အထူးဂရုထား၍ ရေးဆွဲလေ့ရှိသည်။ မီးဖိုဘေးဌ်ရှိနေသော ပုခက်နှင့် ကလေးပုံကို ရေးဆွဲခဲ့သည့်အကြိမ်ပေါင်းမှာလည်း မရေမတွက်နိုင်။ ဤကြားထဲတွင်ပင် အပြင်သို့

ထွက်၍ ဆွဲသောအလုပ်ကိုလည်း ပုံမှန်ထား၍ လုပ်သည်။ အထူးသဖြင့် သူသည် ဆီဆေး၏ သဘောသဘာဝကို ပိုင်နိုင်အောင် လေ့လာလျက်ရှိသည်။ အရောင်ကို အသုံးပြုခြင်း၌ ကျွမ်းကျင်သော ပန်းချီဆရာဆိုသည်မှာ အရောင်ကို သဘာဝကျကျ မြင်တတ်ဖို့လို၏။ အရောင်ကို ခွဲခြမ်းစိတ်ဖြာတတ်ဖို့ လို၏။ အရောင်ကဲ့မြင်ရုံမျှဖြင့် "ထိုအစိမ်းပုပ်ရောင်သည် အဝါရောင်တွင် အနက်ရောထားခြင်းဖြစ်သည်" ကို ချက်ခြင်း ခွဲခြားသိဖို့လိုသည်ဟု သူထင်၏။

သူသည် လူပုံကို ဆွဲသည်ဖြစ်စေ ရှုခင်းကိုဆွဲသည်ဖြစ်စေ ပန်းချီဆွဲပြီဆိုပါက စိတ်ပိုင်းဆိုင်ရာထိခိုက်မှု၊ လှုပ်ရှားမှု၊ မကြည်မလင်ဖြစ်မှုများကိုသာမက နက်ရှိုင်းသော ဝမ်းနည်းကြေကွဲမှု၊ ပူဆွေးသောကရောက်မှုများကိုပါ ဖော်ပြလိုသော ဆန္ဒ ပြင်းပြသူဖြစ်၏။ သူ၏ခံစားမှုကို လူအများက သိရှိနားလည်ကာ ခံစားနိုင်လာသည်အထိ ပေးလိုသော ဆန္ဒရှိသူဖြစ်သည်။ ထို့ကြောင့်လည်း သူသည် သူ့လက်ရာကို မြင်တွေ့သူများက "သူဟာ လေးလေးနက်နက်နဲ့ သိမ်သိမ်မွေ့မွေ့ ခံစားပြီး ဆွဲထားတာပါကလား" ဟု မှတ်ချက်မချပဲ မနေရဟု တွက်ထားသူဖြစ်လေသည်။

လူအများ၏အမြင်မှာတော့ သူသည် ဘာမှ အသုံးမကျ အရာမဝင်သည့် လူတစ်ယောက်ဖြစ်နေမည်မှာ သေချာသည်။ သူ့အား ရှူးပေါပေါ ကြောင်တောင်တောင်အကောင်ဟုလည်းကောင်း၊ မနှစ်မြို့ဖွယ်ရာကောင်းသည့် လူတစ်ယောက်ဟုလည်းကောင်း၊ ဘဝထဲတွင် ဘာအဆင့်အတန်းမှမရှိသူတစ်ဦးဟုလည်းကောင်း ထင်ကြလိမ့်မည်မှာ မလွဲပေ။

သူ့အနေဖြင့် ရှူးပေါပေါ ကြောင်တောင်တောင် လူတစ်ယောက်၏ နှလုံးသားထဲ၌ ဘာရှိနေသည်ကို သူ့လက်ရာ ပန်းချီကားများထဲ၌ ထည့်သွင်းဖော်ပြလို၏။ သူ့အဖို့ကတော့ အဆင်းရဲဆုံးသော တဲအိမ်များနှင့် အညစ်ပတ်ဆုံးသော နေရာများထဲတွင် ပန်းချီဆွဲစရာပုံတွေ အများအပြားရှိနေသည်ဟု ယုံကြည်သည်။ ပန်းချီပညာဆိုသည်မှာ ဇဲကောင်းကောင်းနှင့် ထပ်တလဲလဲ လုပ်နေရမည့် အလုပ်ဖြစ်၏။ ပြီးတော့ အဆက်မပြတ် ကြည့်ရှု လေ့လာခြင်း၊ သိမြင်နားလည်ခြင်း၊ မှတ်သားခြင်းစသည်များကိုလည်း လုပ်နေဖို့လို၏။ သို့ပါမှလည်း ထက်မြက်ထူးခြားသည့် လက်ရာကောင်းများ ထွက်ပေါ်လာနိုင်လိမ့်မည်မဟုတ်ပါလား။ ။

သူ့အဖို့ အခက်အခဲဟူ၍ တစ်ခုတည်းသာရှိ၏။ ယင်းမှာ ဆီဆေးများ စျေးကြီးခြင်းဖြစ်သည်။ စျေးကြီးသည်မှာ တော်ရုံသင့်ရုံမဟုတ်။ ကြောက်မက်ဖွယ်

ကောင်းလောက်အောင် စေ့ကြိုးခြင်းဖြစ်၏။ သူသည် ဆီဆေးကိုသုံးရာ၌ ထူထူထဲထဲ သုံးတတ်သူဖြစ်ရာ ဆေးဗူးထဲမှ ဆေးကို ကင်းပတ်ပေါ် ညှစ်ချနေခြင်းသည် ဇိုက်ဒါဇီးရပ်ကွက်ထဲသို့ ဖရန့်ငွေ အမြောက်အများ သွန်ချနေခြင်းနှင့် အတူတူပင် ဖြစ်လေသည်။

သူ ပန်းချီဆွဲသည်မှာ အလွန်မြန်ဆန်ပြီး အလွန်များပြားလှသည်ဖြစ်ရာ ကင်းပတ်များအတွက် ကုန်ကျစရိတ်သည် ကြီးမားလှ၏။ သူ တစ်ထိုင်တည်း သုံးသည့် ဆီဆေးသည် မောဗီးအတွက် နှစ်လကြာမျှ သုံးစွဲနိုင်၏။ သူသည် ဆီဆေးကို ပါးပါးလျားလျားသုံး၍ မဆွဲတတ်။ အလုပ်ကိုလည်း ဖြည်းဖြည်းမှန်မှန် မလုပ်တတ်။ သူရသမျှငွေများသည် အငွေ့ဖြစ်ကာ လေထဲ၌ ပျောက်သွားသလို ဖြစ်နေသည်။ သူစတူဒီယိုခန်းထဲတွင်လည်း ပန်းချီကားတွေနှင့် ပြည့်လာသည်။

သီအိုထံမှ ထောက်ပံ့ငွေသည် တစ်လလျှင် သုံးကြိမ်ခွဲ၍ ရောက်သည်။ လဆန်းတစ်ရက်၊ ဆယ်ရက်နှင့် နှစ်ဆယ်ရက်တို့တွင် ပို့ခြင်းဖြစ်၍ တစ်ကြိမ် ပို့လျှင် ဖရန့်ငွေ ငါးဆယ်ဖြစ်သည်။ ငွေရောက်သည်နှင့်တပြိုင်နက် ဗင်းဆင့်သည် ပန်းချီပစ္စည်းအရောင်းဆိုင်သို့ အပြေးအလွှားသွားကာ ဆီဆေးဗူးများ ဝယ်သည်။ ထို့နောက် သူ့အလုပ်ကို ပျော်ရွှင်မြူးတူးစွာ လုပ်သည်။ အများအားဖြင့် ပါရီမှ ငွေရောက်ပြီးနောက် ငါးရက်ခြောက်ရက်ခန့် အလုပ်ကို လုပ်နိုင်သည်။ ထို့နောက်တော့ ဆီဆေးရော ငွေပါ ကုန်သွားပြီး ဆင်းရဲဒုက္ခများနှင့် နပမ်းလုံးရပြန်လေ၏။

သူသည် နို့စို့ကလေးအတွက် ပစ္စည်းအများအပြား ဝယ်နေရသည်ကို တွေ့ရသည့်အခါ များစွာ အံ့အားသင့်လျက်ရှိသည်။ ခရစ္စတင်းအတွက်လည်း ဆေးများ ဝယ်နေရဆဲဖြစ်၏။ နလံထ လူမမာများအဖြစ် သတ်မှတ်ကာ အနွေးထည်များနှင့် အကောင်းစား အစားအစာများကိုလည်း ဝယ်နေရဆဲဖြစ်သည်။ ဟာမင်းမှာလည်း ကျောင်းတက်နေရပြီဖြစ်၍ သူ့အတွက် ကျောင်းစရိတ်အကုန် အကျ ရှိလာနေပြီဖြစ်၏။ အိမ်ထောင်အတွက် ကုန်ကျနေရသည့် စရိတ်သည် အတိုင်းအဆမသိနိုင်အောင်ပင်ဖြစ်သည်။ တစ်ခါတရံကျတော့လည်း သူသည် အစောက်အနက် အဆုံးမရှိသော တွင်းကြီးတစ်တွင်းထဲသို့ မီးအိမ်များ၊ အိုးများ၊ ခွက်များ၊ စောင်များ၊ ကျောက်မီးသွေးများ၊ ထင်းများ၊ ပန်းကန်များနှင့် အစားအစာများကို အဆက်မပြတ် ပစ်ထည့်နေရသည်နှင့် တူလှသည်ဟုပင် တွေးမိလေသည်။

တစ်ကြိမ်တွင်မူ သီအိုထံမှ ရောက်လာသည့် စာအိတ်ထဲမှ ဖရန့်ငွေ ငါးဆယ်ကို ဝမ်းသာအားရ ထုတ်ယူနေသော ဗင်းဆင့်အားကြည့်၍ ခရစ္စတင်းက

"ရှင့်အဖြစ်က ငွေရတာနဲ့တပြိုင်နက် အရက်ဆိုင်ကို ဒလကြမ်းပြေးသွားနေတဲ့ အလုပ်သမားတစ်ယောက်နဲ့ တူနေပြီ" ဟု ပြောခဲ့ဖူးလေသည်။

သူသည် ရှုခင်းအကွာအဝေးကို ခြုံ၍ကြည့်နိုင်သော ပစ္စည်းတစ်ခုကို ပြုလုပ်ခဲ့သည်။ ယင်းပစ္စည်းမှာ ခြေထောက်နှစ်ချောင်းနှင့်ဖြစ်၍ သဲတောင်ကုန်းကြီးများပေါ်တွင် စိုက်ထူထားနိုင်သည်။ ပန်းပဲဆရာတစ်ယောက်အကူအညီဖြင့် ဘောင်တပ်ထားနိုင်ရန် ထောင့်လေးထောင့်တွင် သံမှိုများစွဲထားသည့် ဤပစ္စည်းသည် သူ့အတွက် များစွာအထောက်အကူပြုခဲ့၏။

ဗင်းဆင့်အဖို့တော့ ခြံဗီနင်ဂျင်းရွာသည် စွဲမက်စရာဖြစ်နေသည်။ ထိုရွာတွင် ပင်လယ်ရှိသည်။ သဲတောင်ကုန်းကြီးများရှိသည်။ တံငါလုပ်သားများရှိသည်။ တံငါလှေများရှိသည်။ လှေဆွဲသည့်မြင်းများရှိသည်။ ပြီးတော့ ပိုက်များလည်းရှိသည်။ ဤအရာအားလုံးသည် သူ့အား ပြင်းထန်စွာ ဆွဲဆောင်လျက်ရှိ၏။

သူသည် နေ့စဉ်နေ့တိုင်း သဲတောင်ကုန်းကြီးများကို ဖြတ်၍ ရွာဘက်သို့ သွားလေ့ရှိသည်။ ပခုံးထက်တွင်လည်း ပန်းချီတင်ခုံနှင့် သူတီထွင်ထားသည့် အကွာအဝေးချိန်ကိုက်ပစ္စည်းများကို ထမ်းထားသည်။ သူ့အနေဖြင့် ပြောင်းလဲနေတတ်သော ပင်လယ်ပြင်နှင့် မိုးကောင်းကင်၏ သဘာဝကို သိနေသဖြင့် သူလို ချင်သော ရှုခင်းကိုရရန် အချိန်မီ အပြေးအလွှား သွားရသည်။ သူ၏ နေ့စဉ်အလုပ်သည် တပင်တပန်းရှိလှချေသည်။

ဆောင်းရာသီတွင်း ဝင်ခဲ့ပြီဖြစ်၍ အခြားသော ပန်းချီဆရာများသည် သူတို့ စတူဒီယိုတွင်းမှ မထွက်ကြတော့ပေ။ ဗင်းဆင့်ကတော့ ထိုပန်းချီဆရာများကဲ့သို့ မီးဖိုနားခြံ ရပ်၍ ပန်းချီဆွဲခြင်းကို မလုပ်သေးပဲ အပြင်သို့ ထွက်မြဲတိုင်း ထွက်သွားလျက်ပင်ရှိ၏။ သူသည် လေထဲ၊ မိုးထဲ၊ မြူနှင်းထဲ၊ မုန်တိုင်းထဲ၌ နေကာ သူနှစ်သက်စရာများကို မရမနေ ဆွဲယူလျက်ပင်ရှိသည်။

အပြင်ဘက်ရှိ ကြမ်းတမ်းဆိုးဝါးသော ရာသီဥတုသည် ဗင်းဆင့်အား မကြာခဏ ထိုးနှက်နှိပ်စက်လျက်ရှိသည်။ ပြင်းထန်သော လေနှင့်အတူ သဲများနှင့် ဆားငန်ရေများသည် သူ့ပန်းချီကားများကို ဒုက္ခပေးတတ်သကဲ့သို့ မိုး၊ မြူနှင့် လေတို့ကလည်း သူ့အား ခိုက်ခိုက်တုန်အောင် အေးမြစေခဲ့သည်။ သူမျက်လုံးများနှင့် နှာခေါင်းထဲသို့ သဲများ ဝင်ခြင်းမှာမူ သူ့အတွက် အဆန်းမဟုတ်တော့ပေ။ မည်သို့ပင်ဖြစ်စေ သူ့အဖို့ကတော့ ပန်းချီဆွဲနေရလျှင် သူ့ဘဝသူ ကျေနပ်လျက်ရှိသည်။ တစ်ညတွင် သူသည် ခရစ္စတင်းအား ပန်းချီကားတစ်ကားကို ပြသည်။ "အသက်ဝင်နေအောင် ရှင် ဘယ်လိုဆွဲသလဲ ဗင်းဆင့်" ဟု ခရစ္စတင်းက

ရေရွတ်သည်။ ဗင်းဆင့်သည် စာမတတ်သော မိန်းမတစ်ယောက်နှင့် စကား ပြောနေခြင်းကိုမေ့သွားသည်။ သူ့စိတ်ထဲတွင် သူသည် ဝေဆင်ဘရု့ခ်ျနှင့် သို့မဟုတ် မောဗီးနှင့် စကားပြောနေသည် ဟု ထင်သွားသည်။

"ဘယ်လိုဆွဲမိတယ်ဆိုတာ ကိုယ့်ဖာသာကိုယ်လဲ မသိပါဘူး" ဟု ပြော သည်။ "ကိုယ့်စိတ်ကို ထိထိခိုက်ခိုက်ဖြစ်အောင် ဆွဲဆောင်နေတဲ့ အရာတစ်ခု ရှေ့မှာ ထိုင်တယ်။ ကင်းဗတ်ကို ရှေ့မှာ ချထားတယ်။ ပြီးတော့ "အဲဒီ အဖြူရောင် ကင်းဗတ်ဟာ ထူးခြားတဲ့ အရာတစ်ခုဖြစ်လာရမယ်" လို့ ပါးစပ်က ပြောပြီး ဆွဲတာပဲ။ အချိန်တွေ အကြာကြီးအကုန်ခံပြီး ဆွဲတာ။ အိမ်ပြန်လာတော့လဲ အဲဒီ ပုံနဲ့ပတ်သက်လို့ စိတ်ထဲမှာ မကျေမနပ်နဲ့ပဲ ဘီရိုထဲ ထည့်ထားလိုက်တယ်"

"ခဏတဖြုတ်လောက် နားပြီးတဲ့နောက် စိတ်ထဲက ကြောက်ကြောက် လန့်လန့်နဲ့ပဲ ပန်းချီကားကို သွားကြည့်တယ်။ အဲဒီအချိန်ထိ ကိုယ်ဆွဲထားတဲ့ ကားအပေါ်မှ ကျေနပ်မှုမရှိသေးဘူး။ ဘာကြောင့်လဲဆိုတော့ ကိုယ်လုပ်ထားတဲ့ အလုပ်က သိပ်ကို ခမ်းနားကြီးကျယ်လှတဲ့ မူရင်းအနေအထားကို ပီပြင်ပေါ်လွင် အောင် ဖော်ပြနိုင်စွမ်းရှိမှ ရှိပါ့မလားဆိုတဲ့ သံသယစိတ်ကြောင့်ပေါ့"

"ဒါပေမယ့် အားလုံးကို ခြုံကြည့်လိုက်ရင် ကိုယ့်စိတ်ကို ထိထိခိုက်ခိုက် ရှိစေခဲ့တဲ့ အရာရဲ့ ပဲ့တင်သံကိုတော့ ကိုယ့်လက်ရာထဲမှာ တွေ့နေရတယ်။ သဘာဝဟာ ကိုယ့်ကို တစ်ခုခု ပြောလိုက်တာလဲ မြင်နေရတယ်။ ပြောလိုက်တာ ကတော့ သေချာတယ်။ အဲဒီသဘာဝက ပြောလိုက်တဲ့စကားကို ကိုယ်က လက်ရေးတိုနဲ့ ရယူထားလိုက်တာပဲ။ ကိုယ့်ရဲ့ လက်ရေးတိုထဲမှာ အဓိပ္ပာယ်ဖော် လို့မရတဲ့ စကားလုံးတွေ ရှိချင်လဲ ရှိနေပေလိမ့်မယ်။ အမှားတွေနဲ့ ကွာဟချက်တွေ လဲ ရှိချင်ရှိနေပေလိမ့်မယ်။ ဒါပေမယ့် သစ်တောတွေ၊ ကမ်းခြေတွေ၊ လူပုံတွေက ကိုယ့်ကိုပြောလိုက်တာတဲ့ဟာ တစ်ခုခုကတော့ ရှိနေတယ်။ မင်း ကိုယ်ပြောတာ နားလည်လား"

"ဟင့်အင်း. . နားမလည်ဘူး"

(၁၃)

ခရစ္စတင်းသည် ဗင်းဆင့်လုပ်နေသည့်အလုပ်ပေါ်တွင် မဖြစ်စလောက် မျှသာ နားလည်သည်။ မြင်မြင်သမျှအရာဝတ္ထုများကို ပန်းချီဆွဲလိုစိတ် ထက်သန်

ပြင်းပြနေခြင်းသည် ငွေကြေးအကုန်အကျ အလွန်များသော အစွဲအလန်းကြီးမှု တစ်ခုသာ ဖြစ်သည်ဟု ခရစ္စတင်းကထင်သည်။ ဗင်းဆင့်သည် သူဘဝကို ပန်းချီဆွဲလိုစိတ် ကြီးမားခြင်းတည်းဟူသော ကျောက်တုံးကြီးပေါ်၌ တည်ဆောက်ထားသည်ဟုလည်း ခရစ္စတင်းကထင်သည်။ ထို့ကြောင့်လည်း သူသည် ပန်းချီဆွဲမှုနှင့် ပတ်သက်နေသမျှ အရာအားလုံးတွင် ဗင်းဆင့်အား ဆန့်ကျင်ခြင်း မပြုခဲ့ပေ။

ခရစ္စတင်းသည် ဗင်းဆင့်၏ ပန်းချီနှင့် ပတ်သက်သော ရည်မှန်းချက်ကို လုံးဝမသိပေ။ ဗင်းဆင့်၏ပန်းချီကားများ တိုးတက်မှု နှေးကွေးရခြင်းအပေါ်၌လည်း နားမလည်ချေ။ ဗင်းဆင့်၏ ခံစားမှု အပြည့်ပါနေသော ပန်းချီကားများအကြောင်းကိုလည်း ဝေဖန်သုံးသပ်နိုင်စွမ်းရှိသူ မဟုတ်ပေ။ ခရစ္စတင်းသည် သာမန်အိမ်ထောင်သည် ဘဝတစ်ခုအတွက်တော့ အလွန်သင့်တော်သည့် အဖော်မွန်တစ်ဦး ဖြစ်ပါ၏။ သို့သော်လည်း ဗင်းဆင့်၏ သာမန်အိမ်ထောင်သည် ဘဝမှာတစ်ဝက် ခန့်မျှသာရှိ၏။ ထို့ကြောင့်လည်း သူ့အလုပ်နှင့် ဖြစ်စေ၊ သူဘဝနှင့်ဖြစ်စေ၊ သူရင် တွင်း၌ ခံစားနေရသမျှကို ခရစ္စတင်းအား ဖွင့်ဟ၍မရ၊ ခရစ္စတင်းဘက်မှ နား လည်နိုင်သည့်အနေအထားမရှိ။

ဤသို့ဖြင့် ဗင်းဆင့်သည် သူရင်ထဲ၌ခံစားမှုများပြည့်ကျပ်လာသည့်အခါ သီအိုထံစာမရေးပဲမနေနိုင်၊ ညတိုင်းလိုလိုခံစားမှုတွေအပြည့်ပါသည့် စာများကို သီအိုထံရေးသည်။ သူနေ့စဉ်မြင်တွေ့ခဲ့ရသမျှအရာဝတ္ထုများအကြောင်းနှင့် သူဆွဲနေသည့် ပန်းချီများအကြောင်းကို အသေးစိတ်ပြောပြသည်။ သူ၏ထင်မြင်ချက်များကိုလည်းရင်ဖွင့်သည်။ အခြားလူများ၏ ခံစားမှုများနှင့် သဘောထားအမြင်များတွင် ပါဝင်ခံစားလိုစိတ်ရှိလာသည့်အခါ သူသည် ပြင်သစ်၊ အင်္ဂလိပ်၊ ဂျာမန်နှင့် ဒတ်ချ်ဝတ္ထုကြီးများကို ဖတ်သည်။

ခရစ္စတင်းသည် ဗင်းဆင့်၏ဘဝထဲတွင် တစ်စိတ်တစ်ပိုင်းမျှသာ ပါဝင်နေသူဖြစ်၏။ သို့သော်လည်း ဗင်းဆင့်သည် ခရစ္စတင်းထံမှ ဤမျှလောက်သာ ရရှိနေသည့်အတွက် မကျေမနပ်မဖြစ်။ ခရစ္စတင်းအား မယားအဖြစ်ယူမည်ဟု ဆုံးဖြတ်ခဲ့မိသည့်အတွက်လည်း ဝမ်းနည်းကြေကွဲခြင်းမရှိ။ မူလကတည်းကအသိဉာဏ်ပညာဗဟုသုတကင်းမဲ့ခဲ့သော ခရစ္စတင်းအား သူလိုအသိဉာဏ်ပညာဗဟုသုတွေ ရှိလာအောင် ဇွတ်အတင်းအဓမ္မ သင်ကြားပြုပြင်ရန်လည်းအားမထုတ်။

သူတို့နှစ်ဦး အတူတူနေလာခဲ့ကြသည်မှာ လပေါင်းများစွာ ကုန်လွန်ခဲ့ပြီ၊

ဤကာလအတွင်း သူတို့နှစ်ဦးကြားတွင် ဘာပြဿနာမှမရှိခဲ့။ မနက်ဆိုလျှင် ဗင်းဆင့်သည် ငါးနာရီ ခြောက်နာရီခန့်တွင် အိမ်မှထွက်သည်။ တစ်နေကုန်တစ်နေခန်း ပန်းချီဆွဲသည်။ အလင်းရောင်ပျောက်လုနီးခါမှပင် ပစ္စည်းများကိုသိမ်း၍ အိမ်ပြန်သည်။ သူသည် အေးမြသော ရာသီဥတုဇာတ်ကိုခံကာ သဲတောင်ကုန်းကြီးများကြားမှ ဖြတ်၍ ပြန်ရခြင်းဖြစ်၏။ ဤသည်မှာ သူ၏နေ့စဉ်ပုံမှန်အလုပ်တစ်ခုဖြစ်လေသည်။

တစ်ရက်တွင် နှင်းမုန်တိုင်းတစ်ခုကျရောက်လာသည်။ ပီပီပြင်ပြင် ဆောင်းဝင်သည့်နေ့ဖြစ်၏။ ထိုနေ့သည် မှတ်မှတ်ရရ သူနှင့်ခရစ္စတင်းတို့ ရိုင်းဘူတာနှင့် မျက်နှာချင်းဆိုင်ရှိ အရက်ဆိုင်၌ နှစ်ဦးဆုံမိသောနှစ်ပတ်လည်နေ့ဖြစ်သည်။ ထိုနေ့မှစ၍ ခရစ္စတင်းနှင့် သူ၏ဆက်ဆံရေးသည် ယခင်ကထက်များစွာ ပို၍ခက်ခဲလာသည်ကိုတွေ့နေရလေ၏။

သူ့အနေဖြင့် ရင်ဆိုင်နေရသည့် အခက်အခဲတစ်ခုမှာ ကိုယ်ဟန်ပြကိစ္စဖြစ်သည်။ ကိုယ်ဟန်ပြများသည် အခကြေးငွေတိုး၍တောင်းလာနေကြသည်။ အထူးသဖြင့် အလုပ်ကြမ်းသမားများသည် သူ့ရှေ့၌ နာရီပိုင်းမျှ ထိုင်ပေးရဖို့အတွက် ငွေအများကြီး တောင်းလေ့ရှိ၏။ သူသည် စိတ္တဇဆေးရုံသို့သွား၍ လူနာများ၏ပုံကို ရေးဆွဲနိုင်ရန် စီစဉ်ခဲ့ဖူးသည်။ သို့သော်လည်း ဆေးရုံမှ တာဝန်ခံများက အစဉ် အလာမရှိခဲ့ဖူးသော အလုပ်ဖြစ်၍ခွင့်မပြုနိုင်ဟု ငြင်းဆန်ခဲ့ကြ၏။

ဗင်းဆင့်အဖို့လူပုံဆွဲရေးအတွက် မျှော်လင့်ချက်ထားစရာဆို၍ ခရစ္စတင်းတစ်ဦးသာလျှင် ရှိတော့၏။ ထိုအချိန်ကျခါမှပင် ခရစ္စတင်းကလည်း အမြင်တစ်မျိုးဝင်လျက်ရှိသည်။ ပထမတော့ " ကျွန်မသိပ်နေမကောင်းသေးဘူး၊ ခဏတော့စောင့်ပါဦး " ဟုဆိုသည်။ လုံးဝနေကောင်းလာသည့်အခါတွင်မူ သူ့ကိုယ်သူ အလုပ်များသည်ဟု ထင်လာသည်။

" ကျွန်မအရင်ကနဲ့ မတူတော့ဘူးဗင်းဆင့် " ဟုခရစ္စတင်းကပြောသည်။ " ကျွန်မမှာကလေးကိုပြုစုရတာတစ်ဖက်၊ တစ်အိမ်လုံးကိုရှင်းလင်းသုတ်သင်ပေးရတာတစ်ဖက်၊ ပြီးတော့ လူလေးယောက်စာ အတွက်ချက်ရပြုတ်ရသေးတယ် "

ထို့ကြောင့် ဗင်းဆင့်သည် မနက်ငါးနာရီထိုးတွင်ထ၍ အိမ်မှုကိစ္စများကိုလုပ်ပေးသည်။ နေ့ခင်းပိုင်းကျတော့ ခရစ္စတင်းအား သူပုံဆွဲရန်အတွက်ထိုင်ပေးဖို့ပြောသည်။ " ကျွန်မက ကိုယ်ဟန်ပြမယ် မဟုတ်တော့ဘူး " ဟု ခရစ္စတင်းကပြောသည်။ " ကျွန်မက ရှင့်မယားဖြစ်နေပြီ"

" မဟုတ်သေးဘူး. . . ခရစ္စတင်း၊ မင်းကိုယ့်အတွက် တစ်ချိန်လောက်တော့ ထိုင်ပေးမှဖြစ်မှာ၊ ကိုယ့်မှာကိုယ်ဟန်ပြဌားစရာ ငွေမရှိဘူး၊ မင်းအစတုန်းက ဒီကိုရောက်လာတာဟာလဲ ဒီအခြောင်းကြောင့်ပဲမဟုတ်လား "

ထိုအခါ ခရစ္စတင်းသည် ဒေါသကြီးလာသည်။ ဗင်းဆင့်နှင့် စတင်ဆုံမိကြစဉ်က ကြုံခဲ့ရဖူးသော ဒေါသမျိုးဖြစ်၏။ " ရှင်. . . ကျွန်မကိုလက်ခံခဲ့တာဟာ ဒီအလုပ် လုပ်ခိုင်းဖို့ကိုး၊ ကျွန်မကိုခိုင်းတော့ ရှင့်မှာ စရိတ်သက်သာတာပေါ့လေ၊ ကျွန်မဟာ ရှင့်အတွက် အစေခံမတစ်ယောက်ဖြစ်နေတာပဲ၊ ကျွန်မက ကိုယ်ဟန်ပြမပေးနိုင်ဘူးလို့ ငြင်းရင် ရှင်ကျွန်မကိုကန်ထုတ်မှာပဲ မဟုတ်လား" စသည်ဖြင့် ကက်ကက်လန်ရန်တွေ့သည်။

ဗင်းဆင့်သည် အတန်ကြာမျှ နှုတ်ဆိတ်ကာ စဉ်းစားလျက်ရှိသည်။ ပြောသင့်မပြောသင့် ချိန်ဆနေခြင်းဖြစ်၏။

"မင်း ဒီစကားမျိုးတွေကို မင့်အမေဆီကကြားလာခဲ့တာ မဟုတ်လား၊ မင်းဖာသာမင်းစဉ်းစားပြီးပြောတဲ့ စကားတွေမဟုတ်နိုင်ဘူး " ဟု ဗင်းဆင့်က ပြောသည်။

" ရှင်ပြောသလို ဖြစ်တော့ကော ဘာဖြစ်လဲ၊ ကျွန်မစကားတွေဟာ အမှန်တွေပဲ မဟုတ်လား "

" မင်းအမေအိမ်ကို မင်းမသွားသင့်တော့ဘူး ခရစ္စတင်း "

" ဘာကြောင့်မသွားရမှာလဲ၊ ကျွန်မအမေကို ကျွန်မချစ်တာပဲဟာ. . . သွားရမှာပေါ့ "

" ဒါပေမယ့် သူတို့စကားတွေက တို့နှစ်ယောက်ကို အဆင်မပြေအောင်လုပ်နေတယ်၊ မင်းကို သူတို့လိုတွေးအောင်လုပ်နေကြတာ၊ ဒီလိုဆိုရင် ငါတို့ဘယ်လိုလုပ်ပြီးလက်ထပ်ကြမှာလဲ "

" ရှင်ပဲစဉ်းစားကြည့်ပေါ့၊ ဒီအိမ်မှာစားစရာမရှိတော့တဲ့အခါ ရှင်ပဲကျွန်မကိုအမွေအိမ်ကိုသွားဖို့ လွှတ်ခဲ့တာမဟုတ်လား၊ ရှင်ကျွန်မကိုမသွားစေချင်ရင်ငွေများများရအောင် ရှာပေါ့ "

မည်သို့ပင်ဖြစ်စေ နောက်ဆုံးတွင် ခရစ္စတင်းသည် ကိုယ်ဟန်ပြပေးဖို့သဘောတူသည်။ သို့သော်လည်း သူလိုချင်သည့် ပုံစံအတိုင်းမနေ၊ ခိုင်းတော့လည်း ခဏမျှသာပြင်သည်။ ပြီးတော့ သူထိုင်ချင်သလိုထိုင်သည်။ တမင်သက်သက်လုပ်နေခြင်းဖြစ်၍ ဗင်းဆင့်ဆွဲနေသည့် ပုံသည် အဆင်ပြေသည်ဟုမရှိ၊ ဗင်းဆင့်အဖို့ စိတ်ညစ်စိတ်ရှုပ်ရသည်များနှင့်သာ ရင်ဆိုင်နေ၏။ နောက်ဆုံးတွင်

သူသည် ခရစ်တင်းအား လက်မြောက်အရှုံးပေးလိုက်ရလေ၏။

ဤသို့ဖြင့် ဗင်းဆင့်သည် အပြင်ကိုယ်ဟန်ပြမယ်များအပေါ် လုံးဝအမှီပြုလာရသည်။ ကိုယ်ဟန်ပြများအားပေးရသည့် စရိတ်စကသည် များစွာတက်လာခဲ့သည်ဖြစ်ရာ စားရေးသောက်ရေးအတွက် ငွေကြေးမရှိသည့်ရက်များသည် တိုးတက်များပြားလာခဲ့ရ၏။ ထိုအခါခရစ်တင်းသည် သူ့အမေအိမ်သို့မသွားလျှင်မဖြစ်တော့သည့် အခြေအနေနှင့် ရင်ဆိုင်ရသည်။

သူ့အမေအိမ်မှ တစ်ခေါက်ပြန်လာတိုင်း ခရစ်တင်း၏အပြုအမူနှင့် သဘောထားသည် မသိမသာပြောင်းလဲသွားတတ်သည်ကို ဗင်းဆင့်သတိပြုမိ၏။ သူသည် အဆိုးသံသရာထဲ၌ ပိတ်မိနေလေပြီ။ အကယ်၍ သူသည်ရသမျှငွေအား လုံးကိုစားရေးအတွက်သာ သုံးစွဲမည်ဆိုပါက ခရစ်တင်းသည် သူ့အမေထံပြန်ရတော့မည်မဟုတ်။ သို့ဆိုလျှင် သူ့အမေ၏ ဩဇာသည် ခရစ်တင်းအပေါ်၌သက်ရောက်စရာမရှိ။ နှစ်ဦးနှစ်ဖက်ဆက်ဆံရေးသည်လည်း ယခင်ကလိုပင်ပြန်လည်၍အေးဆေးတည်ငြိမ်လာမည်ဖြစ်၏။ သို့သော်လည်း ထိုနည်းကို သူလက်ခံလိုက်ပါက သူ့အလုပ်ကို သူစွန့်လွှတ်ရပေတော့မည်။ ခရစ်တင်းအားကယ်တင်ရေး အတွက် သူကိုယ်သူသတ်ရမည်လော... သူဘယ်လိုလုပ်ရလျှင်ကောင်းမည်နည်း။

ကိုယ်ဝန်သည် ဘဝဖြင့် နာဖျားမကျန်းဖြစ်နေသည့် ခရစ်တင်း၊ ဆေးရုံတွင် ကုသမှုခံယူနေခဲ့သည့် ခရစ်တင်း... ကလေးမွေးဖွားပြီးနောက် ပြန်လည်ကျန်းမာလာသည့် ခရစ်တင်း၊ ထိုခရစ်တင်းသည် အပယ်ခံမိန်းမတစ်ယောက်ဖြစ်၏။ ထိုစဉ်ကတော့ သေတွင်း၏ နှုတ်ခမ်းဝ၌ လျှောက်သွားနေရသောမိန်းမတစ်ယောက်ဖြစ်၏။ ထိုအချိန်တုန်းကတော့ ကမ္ဘာလောကအတွင်းရှိဆင်းရဲပေါင်းစုံ၊ ဒုက္ခပေါင်းစုံကို သိနေသော မိန်းမဖြစ်၏။ ဘဝတွင် တစ်ခဏမျှရှင်သန်ရေးအတွက် သူ့ကိုယ်သူကိုရော ဘဝကိုပါ ထက်သန်ပြင်းပြသောကတိပေါင်းစုံကို ပေးနေသော မိန်းမတစ်ယောက်ဖြစ်လေသည်။

ထို့နောက်ခရစ်တင်းသည် ပြန်၍နေကောင်းလာသည်။ အစားကောင်းများစားရခြင်း၊ ဆေးဝါးကောင်းများမှီဝဲရခြင်းနှင့် ဂရုတစိုက်ပြုစုယုယခံရခြင်းစသည်တို့ကြောင့် ကိုယ်ခန္ဓာရောမျက်နှာပါ ဝဖြိုးကျန်းမာလာခဲ့သည်။ ထိုအခါယခင်ကနှင့်မတူတော့သည့် မိန်းမတစ်ယောက်ဖြစ်လာသည်။ ဆင်းရဲဒုက္ခများကိုသတိရမှုသည် လျော့နည်းလာသည်။ အိမ်ရှင်မကောင်းတစ်ယောက်ဖြစ်ရေးဟူသော ဆုံးဖြတ်ချက်ကိုလည်း မေ့သွားပြီ။

ယခင်ဘဝဟောင်းက အတွေးအခေါ်များနှင့် အလေ့အထအမူအကျင့်များသည် သူ့ထံသို့ဖြည်းဖြည်းချင်းပြန်လည် ရောက်ရှိလာနေသည်။ တကယ်တော့ ခရစ္စတင်းသည် လမ်းများပေါ်နှင့်၊ အရက်ဆိုင်များကြား၌ ပစ္စလက္ခနေထိုင်ခဲ့သူဖြစ်၏။ အပေါစား ဆေးပြင်းလိပ်များကိုသောက်၍ ပါးစပ်မှ ယုတ်မာညစ်ညမ်းသော ဆဲရေးတိုင်းထွာမှုများကိုပြု၍ နေထိုင်လာခဲ့သည်မှာ ဆယ့်လေးနှစ်မျှကြာခဲ့၏။ ယခုတစ်ဖန် အားအင်ပြည့်ဖြိုးလာသည့်အခါ ဆယ့်လေးနှစ် အလေ့အထသည် တစ်နှစ်မျှသာသက်တမ်းရှိနေသေးသည့် အမူအကျင့်ကို ပြန်လည်လွှမ်းမိုးလာခဲ့လေပြီ။ ပထမတော့ ဗင်းဆင့်သည် ဘာ့ကြောင့် ထိုကဲ့သို့ဖြစ်ရသည်ကို နားမလည်ခဲ့ချေ၊ ထို့နောက်မှာတော့ အခြေအနေအရပ်ရပ်ကို သူစိတ်ကသိမြင်နားလည်လာခဲ့လေသည်။

နှစ်သစ်ကူးစ ဤအချိန်ခန့်မှာပင် သီအိုထံမှ ထူးဆန်းသော စာတစ်စောင်ကိုရရှိခဲ့သည်။ သူညီသည် ပါရီမြို့တွင်းရှိလမ်းများပေါ်တွင် မိန်းမတစ်ယောက်ကိုတွေ့ခဲ့ရသည်။ မိန်းမမှာ အထီးကျန်တစ်ယောက်ဖြစ်ရုံမျှမက နာဖျားမကျန်းဖြစ်နေသည်။ ခြေတစ်ဖက်မကောင်း၍ အလုပ်မလုပ်နိုင်။ သီအိုနှင့်တွေ့ချိန်တွင် ထိုမိန်းမသည် သူ့ကိုယ်သူသတ်သေရန် ကြံစီနေခိုက်ဖြစ်၏။

ဗင်းဆင့်သည် သီအိုအား နည်းလမ်းတစ်ခုသင်ကြားပေးခဲ့၏။ ထိုနည်းအတိုင်းပင် သီအိုကလိုက်လာခဲ့လေပြီ။ သီအိုသည် ထိုမိန်းမအား မိတ်ဆွေတစ်ဦးအိမ်သို့ ပို့ထားလိုက်ပြီး ဆရာဝန်တစ်ယောက်နှင့် ပြ၍ဆေးကုသပေးခဲ့သည်။ မိန်းမ၏အသက်ကို ကယ်ဆယ်ရေးအတွက် ကုန်ကျစရိတ်အားလုံးကို သူကပေးခဲ့သည်။ သီအို၏စာထဲတွင် ထိုမိန်းမအား " သူလူနာ " ဟုသုံးထားသည်ကိုတွေ့ရလေသည်။

"ကျွန်တော့်အနေနဲ့ ကျွန်တော့်လူနာကို လက်ထပ်ရင် သင့်ပါ့မလား ဗင်းဆင့်၊ အဲဒီနည်းလမ်းဟာ သူ့ကိုကူညီဖို့ အကောင်းဆုံးနည်းလမ်း ဟုတ်ပါ့မလား။ သူ့ကို ကျွန်တော် တရားဝင်လက်ထပ်သင့်သလား၊ သူ့ခမြာကတော့ ဆင်းရဲဒုက္ခပေါင်းစုံကို ခံစားခဲ့ရသူပါ၊ သူမှာ ပျော်စရာဆိုလို့ နတ္ထိပါ၊ သူဟာ သူအင်မတန် ချစ်ခဲ့တဲ့လူရဲ့ အစွန့်ပစ်ကို ခံခဲ့ရသူပါ။ သူ့ဘဝကို ကယ်တင်ဖို့ အတွက် ကျွန်တော် ဘာလုပ်ရင်ကောင်းမလဲ "

သီအို၏ စာကိုဖတ်ကာ ဗင်းဆင့်သည် စိတ်ထိခိုက်ခဲ့ရ၏။ သူသည် ကိုယ်ချင်းစာတရားထား၍ စာပြန်ရေးခဲ့သည်။ သို့သော်လည်း သူမှာကတော့ ခရစ္စတင်းနှင့် နေ့စဉ် ဆက်ဆံရေးမှာ ယခင်ကထက်ဆိုးလာနေသည်။ အိမ်တွင်

ပေါင်မုန့်နှင့် ကော်ဖီနှစ်မျိုးထဲသာရှိနေလျှင် တပူပူတဆူဆူလုပ်သည်။ ငွေကို ကိုယ်ဟန်ပြဌားရာ၌ မသုံးပဲ အိမ်မှုကိစ္စအတွက်သာသုံးရန် နားပူနားဆာ လုပ်သည်။

အဝတ်အသစ် ဝယ်မပေးပါကလည်း ခရစ္စတင်းသည် ဆူဆူညံညံလုပ် တတ်သည်။ အဝတ်ဟောင်းကို ပေရေညစ်ပတ်ကုန်အောင် လုပ်ပစ်သည်။ ဗင်း ဆင့်၏ အဝတ်အထည်များအား ဖာထေးသည့် အလုပ်ကိုလည်း မလုပ်တော့ ပေ။ ခရစ္စတင်းသည် သူ့အမေ၏ ဩဇာခံဖြစ်သွားခဲ့ပြီဖြစ်ရာ သူ့အား ဗင်းဆင့်က စွန့်ပစ်သွားအောင် သို့မဟုတ် ကန်ထုတ်အောင် နည်းအမျိုးမျိုးသုံး၍ အားထုတ် လျက်ရှိသည်။ ရာသက်ပန်ဆက်ဆံရေးသည် မျှော်လင့်၍မရတော့သည့်အဖြစ်သို့ ရောက်သွားခဲ့ပြီ၊ သို့ဆိုလျှင် ယာယီဆက်ဆံရေးကို လက်ခံထား၍ အကျိုးဖြစ် ထွန်းနိုင်ပါတော့မည်လော။

မိမိအနေဖြင့် သီအိုအား သူ့လူနာနှင့် လက်ထပ်ရန်အကြံပေးနိုင်ပါ့ မလား။ တရားဝင်လက်ထပ်ခြင်းသည် ဤအမျိုးအစားမိန်းမများအား ကယ်တင် ရာ၌အကောင်းဆုံးနည်းလမ်းဖြစ်နိုင်ပါ့မလား၊ သူတို့အား နေစရာပေးခြင်း၊ အစား ကောင်းကျွေးခြင်းနှင့် သနားကြင်နာခြင်းတို့သည် သူတို့ဘဝကိုပြန်လည်၍ ချစ်မြတ်နိုးလာအောင်လုပ်ရာ၌ အရေးပါအရာရောက်နိုင်ပါ့မလား။

"စောင့်ပါဦး" ဟုဗင်းဆင့်က သူ့ညီအား သတိပေးသည်။ "သူ့အတွက် မင်းတတ်နိုင်တာမှန်သမျှလုပ်ပေးပါ။ ဒါဟာ မြင့်မြတ်တဲ့အလုပ်ပါ။ ဒါပေမယ့် တရားဝင်လက်ထပ်တာကတော့ မင်းအတွက် အထောက်အကူ ဖြစ်လာလိမ့် မယ်လို့မထင်ဘူး၊ တကယ်လို့ မင်းနဲ့သူကြားမှာ အချစ်စိတ်ဝင်လာရင်တော့ လက်ထပ်ဖို့ကိစ္စဟာလဲ ရှင်သန်လာမှာပါ။ ဒါပေမယ့် မင်းသူ့ကို ကယ်ဆယ်လို့ ရနိုင်မရနိုင် အရင်ဆုံးလေ့လာပါ"

သီအိုသည် တစ်လလျှင် ငွေသုံးကြိမ်ပို့ပေးသည်။ တစ်ကြိမ်ပို့လျှင် ဖရန့် ငွေငါးဆယ်နှုန်းဖြင့် ပို့ပေးခြင်းဖြစ်၏။ ယခုအခါတွင် ခရစ္စတင်းသည် အိမ်ထောင် ထိန်းကိစ္စများတွင် ယခင်ကလို ဂရုမစိုက်၊ ပေါ့တိပေါ့တန်သဘောထားကာ စည်း လွတ်ဝါးလွတ် လုပ်လျက်ရှိသည်။ ထို့ကြောင့်လည်း သီအိုထံမှရလာသောငွေသည် ယခင်ကလို ရက်ကြာကြာမခံ၊ ရသမျှငွေမှာလည်း သူ့ပန်းချီအတွက် များများ စားစားသုံးရသည်မရှိ၊ အိမ်သုံးစရိတ်ထဲချည်း ဝင်နေသဖြင့် များစွာ စိတ်ဆင်းရဲနေ ရလေ၏။

ဗင်းဆင့်အဖို့တော့ ကြီးမားခက်ခဲသော ရုန်းကန်မှုကြီးတစ်ခု ဖြစ်ချေ

သည်။ လစဉ်ရနေသည့် ဖရန့်ငွေတစ်ရာ့ငါးဆယ်သည် အစားအစာဝယ်ဖို့ပင် လုံလောက်သည်မဟုတ်၊ ဤငွေဖြင့် လူလေးယောက်အား အခြေမပျက် ကျွေးမွေးထားနိုင်ဖို့ဆိုသည်မှာ ဖြစ်နိုင်သည်မဟုတ်။ ဤသို့ဖြင့် ဗင်းဆင့်တွင် ကြွေးပတ်လည်ဝိုင်းလာသည်။ အိမ်လခအကြွေး၊ ရှူးဖိနပ်ဆိုင်အကြွေး၊ ကုန်စုံဆိုင်အကြွေး ပေါင်မုန့်ဆိုင်အကြွေး၊ ဆီဆေးကြွေး စသည်ဖြင့် ကြွေးပေါင်းစုံတင်လာသည်။ ယင်းအခြေအနေတွင် သီအိုထံမှ ငွေမှန်မှန်မပို့နိုင်သည့် အဖြစ်ပေါ်လာသည့် အခါပို၍ဆိုးလာလေတော့၏။

ဗင်းဆင့်သည် သီအိုထံသို့ အသနားခံသည့် စာတစ်စောင်ရေးသည်။ "တကယ်လို့ မင်းအစ်ကိုဆီ ငွေပို့မယ်ဆိုရင် အနည်းဆုံးနှစ်ဆယ်ရက်မတိုင်ခင် ပို့စေချင်တယ်၊ အခုဆိုရင် အစ်ကိုဆီမှာ ကင်းဗတ်နဲ့ ဆီဆေးပြတ်နေပြန်ပြီ၊ ကိုယ်ဟန်ပြဌာန်းဖို့နဲ့ အစားအစာအတွက် လက်ထဲမှာ ငွေတပြားမှမရှိဘူး" စသည်ဖြင့် အဖြစ်မှန်ကိုဖော်ပြလိုက်သည်။ ယင်းစာမျိုးကို တစ်လအတွင်း သုံးစောင်မျှရေးခဲ့ရာ နောက်ဆုံးတွင် ဖရန့်ငွေငါးဆယ် ရောက်လာသည်။ ထိုအချိန်တွင် ဆိုင်ကြွေးမှာ များနေပြီဖြစ်သဖြင့် ရသမျှငွေအားလုံးကို ထိုးဆပ်လိုက်ရလေရာ နောက်ဆယ်ရက်အတွက် လက်ထဲတွင် သုံးစရာငွေ တစ်ပြားမှမရှိတော့ချေ။

ထိုအချိန်တွင် သီအိုသည် သူ့လူနာအား ကောင်းပေ့ဆိုသည့် ဆေးရုံသို့ ပို့၍ခြေထောက်မှအကျိတ်ကို ခွဲစိတ်ကုသပေးခဲ့ရသဖြင့် ငွေအကုန်အကျများလျက်ရှိ၏။ တကယ်တော့ သီအိုကိုယ်တိုင်မှာလည်း ငွေကြေးကျပ်တည်းမှုနှင့် ရင်ဆိုင်ရနေလေပြီ၊ ထိုစဉ်က သူသည် နှုန်းရွာရှိ သူ့ဖခင်ထံသို့လည်း ငွေကြေးထောက်ပံ့နေရသည်။ သူ့ဖခင်မှာလည်း တာဝန်ကျနေသည့် နယ်သစ်ကကျဉ်းလွန်းသဖြင့် မိသားစုအတွက် လုံလောက်သော ဝင်ငွေကိုမရပဲဖြစ်နေ၏။ သို့ဖြစ်ရာ သီအိုသည် သူနှင့်သူ့လူနာအတွက်သာမက ဗင်းဆင့်၊ ခရစ္စတင်း၊ ဟာမင်၊ အင်တွန်နှင့်နှုန်းမှ မိဘနှစ်ပါးအတွက်ပါ တာဝန်ယူနေရ၏။ ထို့ကြောင့်လည်း သူသည် ဗင်းဆင့်ထံသို့တစ်ပြားတစ်ချပ်မှ အပိုမပို့နိုင်ပဲ ဖြစ်နေရလေသည်။

နောက်ဆုံး မတ်လဆန်းတွင် ဗင်းဆင့်၏လက်ထဲ၌ ဖရန့်ငွေတစ်ဖရန့်မျှ သာကျန်တော့၏။ ထိုငွေမှာလည်း စုတ်နေသဖြင့် ကုန်စုံဆိုင်ရှင်က လက်မခံ၍ ကျန်နေသောငွေဖြစ်သည်။ အိမ်တွင်လည်း အစားအစာလက်ကျန်မရှိတော့ပေ။ သီအိုထံမှ နောက်ငွေရောက်ဖို့မှာလည်း ကိုးရက်တိတိလိုနေသေး၏။ ခရစ္စတင်းအား ကိုးရက်တိတိ သူ့အမေအိမ်သို့လွှတ်ထားရန်မှာလည်း သူမလုပ်ချင်ဆုံးသောကိစ္စဖြစ်သည်။ သို့သော်လည်း သူမတတ်နိုင်တော့ပေ။

“ကလေးတွေကို အငတ်ထားလို့ကတော့ မသင့်ဘူး ခရစ္စတင်း၊ မင်းသူတို့ကို မင်းအမေအိမ်ခေါ်သွားအုံး၊ သီအို့ဆီက ငွေရောက်လာချိန်အထိတော့ နေရဦးမှာပဲ “

သူတို့သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ခိုန်ဆလျက် ရှိသည်။ သို့သော်လည်း ပြောလိုသည့် စကားကိုပြောထွက်နိုင်လောက်သည့် သတ္တိ ကမရှိ။

“ အင်းပေါ့ ” ဟု ခရစ္စတင်းကပြောသည်။ “ ကျွန်မလဲ သွားမလို့စိတ်ကူး နေတာပဲ ”

စျေးဆိုင်ရှင်သည် ဗင်းဆင့်ထံမှ ငွေစက္ကူအစုတ်ကိုလက်ခံကာ ပေါင်မုန့်အညှံ့စားတစ်လုံးနှင့် ကော်ဖီအနည်းငယ်ပေးသည်။ သူ့အတွက်တစ်ရက်စာ တော့ဖူလုံသည်။ နောက်ပိုင်းတွင်မူ အငတ်ခံနေရသည့်အဖြစ်သို့ ဆိုက်ရောက် သွားသည်။ ငွေကြေးခက်ခဲမှုအတွက် ရောက်နေရသည့် သောကသည်ကြီးမား လှချေသည်။ သူ့အနေဖြင့် စားစရာဘာမှမရှိသော်လည်း အလုပ်မလုပ်ပဲကျတော့ မနေနိုင်။

ကိုးရက်လွန်သွားသည့်အခါ သီအို့ထံမှစာနှင့် ဖရန့်ငွေငါးဆယ်ရောက် လာသည်။ သူ့ ‘လူနာ’ သည်ခွဲစိတ်ဒဏ်ရာပျောက်ကင်းသွားပြီဖြစ်၍ အခန်းတစ် ခန်းငှား၍ နေရာချပေးထားကြောင်း၊ သူ့တွင်လံုလောက်သည်းငွေကြေးအခက်အခဲများနှင့် ရင်ဆိုင်နေရ၍ များစွာစိတ်ဆင်းရဲနေရကြောင်း စသည်ဖြင့် ဖော်ပြထားသည်။ “ နောင်ကိုတော့ ကျွန်တော့်အနေနဲ့ အစ်ကို့အတွက် ဘာအာမခံချက်မှ ပေးနိုင်မှာမဟုတ်ဘူး ” ဟုလည်း စာအဆုံးသတ်တွင်ရေးထားသည်။

ထိုဝါကျသည် ဗင်းဆင့်၏စိတ်ကို ဆောက်တည်ရာမရဖြစ်သွားစေခဲ့၏။ ထိုစာကြောင်း၏ အနက်အဓိပ္ပာယ်သည်ဘာလဲ၊ သီအို့က သူ့ထံသို့နောက်ထပ်ငွေ တစ်ပြားမှမပို့နိုင်တော့ဟုပြောလိုက်ခြင်းလား။ ဤမျှလောက်ဆိုလျှင်တော့ သိပ် အဆိုးကြီးမဟုတ်သေး။ သူသည်သူဆွဲပြီးခဲ့သမျှ ပန်းချီကားများကို သီအို့ထံသို့ မှန်မှန်ပို့ပေးခဲ့သည်။ သူ၏တိုးတက်မှုများကို သိစေမြင်စေလို၍ဖြစ်၏။ ယင်းပုံ များကိုကြည့်၍ သူညီက သူတွင်ပန်းချီဆရာတစ်ယောက်ဖြစ်နိုင်သည့် အစွမ်းအစ မရှိဟု ယူဆနေပြီလား။ . . ယင်းအယူအဆကြောင့် “ ဘာအာမခံချက်မှ မပေး နိုင်ဘူး ” ဟု ရေးလိုက်လေသလား။

သူသည် ထိုညက တစ်ညလုံးအိပ်၍မရ၊ ဘာကြောင့်ထိုကဲ့သို့ရေးရ သည်ကိုသူနားလည်အောင်ရှင်းပြဖို့ သီအို့ထံစာရေးသည်။ သူဖာသာသူ ဘဝရပ်

တည်သွားနိုင်အောင် ဘယ်လိုအသက်မွေးဝမ်းကျောင်းအလုပ်ကို လုပ်ရပါမည်နည်း။ သူသည် အရူးအမူးစဉ်စားကြံဆသည်။ သို့သော်လည်း သူလုပ်စရာအလုပ်ဟူ၍ ဘာအလုပ်မှမရှိခဲ့။

(၁၄)

ဗင်းဆင့်သည် ခရစ္စတင်းအား ပြန်ခေါ်ရန် ခရစ္စတင်း၏ အမေအိမ်သို့ ရောက်သွားသည်။ အိမ်တွင် ခရစ္စတင်းနှင့်အတူ သူ့အမေ၊ သူ့အစ်ကို၊ သူ့အစ်ကို၏ အပျော်မယားနှင့် လူစိမ်းယောကျ်ားတစ်ယောက်တို့ ရှိနေသည်ကို တွေ့ရ၏။ ခရစ္စတင်းသည် ဆေးပြင်းလိပ်ကိုခဲကာ ဂျင်သောက်လျက်ရှိသည်။ သူသည် ဗင်းဆင့်နှင့် အတူပြန်လိုက်လိုသည့် အရိပ်လက္ခဏာမရှိ၊ ကိုးရက်တိတိ မိခင်နှင့် အတူတူနေခွင့်ရလိုက်သဖြင့် ယခင်ကအမှုအကျင့်ဟောင်းများသည် ပြန်ပေါ်လျက်ရှိလေသည်။

" ဒီမှာနေတော့ ဆေးလိပ်လဲသောက်ချင်သလောက် သောက်လို့ရတယ် " ဟု ခရစ္စတင်းက မလိုတမာလေသံဖြင့်ပြောသည်။ " ဘယ်အကောင်ကမှ မတားဘူး၊ ဆေးရုံက ဆရာဝန်ကတောင်မှ မတားဘူး၊ အရက်လဲ ကြိုက်သလောက် သောက်နိုင်တယ်လို့ ပြောလိုက်တယ် "

"အရက်ကိုဆေးအဖြစ်နဲ့ ထမင်းစားကောင်းရုံလောက် သောက်ဖို့ပြောလိုက်တာပါ"

ဗင်းဆင့်စကားကြားသည့်အခါ ခရစ္စတင်းက အော်ရယ်သည်။ ဗင်းဆင့်နှင့်တွေ့ဆုံပြီးကတည်းက မသုံးတော့သည့် ယုတ်မာရိုင်းစိုင်းသော စကားလုံးဖြင့် ဆဲရေးတိုင်းထွာခြင်းပြုသည်။ ဗင်းဆင့်ကတော့တတ်နိုင်သမျှ သည်းခံခွင့်လွှတ်ကာ ပြန်ခေါ်လာခဲ့သည်။

ယခုအချိန်တွင် ဗင်းဆင့်သည် ထစ်ကနဲဆိုလျှင် ဒေါသကြီးတတ်သည်။ အဆင်မပြေမှုတစ်ခုဖြစ်လာပါက သူ့ကိုယ်သူ မထိန်းနိုင်၊ ခရစ္စတင်းကလည်း သူလိုပင်ဖြစ်သည်။ ကက်ကက်လန်အောင် ရန်တွေ့တတ်သည်။ " ရှင်ကကျွန်မကိုဝအောင် ကျွေးထားနိုင်လို့လား " ဟု သံကုန်ဟစ်၍ အော်တတ်သည်။ "ရှင်ဘာပြုလို့ ငွေများများရအောင် မရှာသလဲ . . . ရှင်ဟာ ဘယ်လိုအကောင်စားလဲ "

ဤရန်ပွဲမျိုးသည် မကြာခဏဖြစ်လေ့ရှိသည့် ရန်ပွဲဖြစ်၏။ ဗင်းဆင့်၏ အခြေအနေသည်အဆိုးမှ အဆိုးဆုံးအဆင့်သို့ရောက်သွားခဲ့ပြီ။ သူ့ကြွေးများမှာ လည်း လည်ပင်းခိုက်လာခဲ့ပြီ။ ခရစ္စတင်း၏ အမေသည် မကြာခဏအလည်လာတတ်သည်။ ရောက်လာပါကလည်း သူ့သမီးနှင့်အတူအရက် သောက်လိုက်ဆေးလိပ်သောက်လိုက်နှင့် ထင်သလိုနေသည်။ သူ့သမီး လက်ထပ်ရလျှင် ကံကောင်းလိမ့်မည်ဟူသော အယူအဆသည် ပျက်ပြယ်သွားခဲ့ပြီ။

တစ်ခါသော် အိမ်ထဲတွင် ခရစ္စတင်း၏ အစ်ကိုပါရောက်နေသည်ကို တွေ့ရ၏။ ဗင်းဆင့်ရောက်လာလျှင်လာချင်း ခရစ္စတင်း၏ အစ်ကိုသည် ချက်ခြင်း ထပြန်သွားသည်။

"သူကဘာကိစ္စလာတာလဲ" ဟု ဗင်းဆင့်ကမေးသည်။ "သူကမင်း ဆီကဘာလိုချင်လို့လဲ "

"သူတို့ကပြောတယ်၊ ရှင်ကျွန်မကို ကန်ထုတ်လိမ့်မယ်တဲ့"

"ကိုယ်အဲဒီအလုပ်မျိုးဘယ်တော့မှ မလုပ်ဘူးဆိုတာ မင်းသိနေတာပဲ၊ မင်းနေချင်သလောက်သာနေလို့ ငါအစကတည်းကပြောထားပြီးပြီပဲ "

"အမေကတော့ ဒီမှာမနေနဲ့တော့လို့ ပြောနေတယ်၊ စားစရာဘာမှမရှိတဲ့အိမ်မှာနေလို့ နင့်ဘဝကောင်းလာမှာလားတဲ့"

" ဒီလိုဆို မင်းဘယ်သွားမှာလဲ "

" အမေ့အိမ်ပြန်မှာပေါ့ "

" ကလေးတွေကိုရော အဲဒီအိမ်မှာပဲထားမှာလား "

"ဒီမှာ ငတ်နေတာနဲ့စာရင် ဟိုမှာနေတာက ပိုကောင်းတာပေါ့၊ ကျွန်မအလုပ်လုပ်စားနိုင်တာပဲ "

" မင်းဘာလုပ်မှာလဲ "

" တစ်ခုခုပေါ့ "

" သန့်ရှင်းရေးအလုပ်လား အဝတ်လျှော်မှာလား "

" အင်း. . . ဒါပဲပေါ့ "

ခရစ္စတင်း၏ မျက်နှာထားသည် မလုံမလဲဖြစ်လျက်ရှိ၏။ သူလိမ်ပြောနေမှန်းဗင်းဆင့်က ရိပ်မိသည်။

" သူတို့က မင်းကိုအဲဒီအလုပ် ပြန်လုပ်ဖို့ တိုက်တွန်းနေကြတယ် ဆိုပါတော့ "

" အင်း. . . အဲဒီအလုပ်လဲမဆိုးပါဘူး၊ စားဝတ်နေရေးတော့ အဆင်

ပြေတာပဲ ”

“ ကိုယ်ပြောတာနားထောင်ပါ ခရစ္စတင်း၊ မင်းအဲဒီအိမ်ကိုပြန်သွားလို့ ကတော့ မင်းဘဝပျက်ပြီလို့သာမှတ်၊ မင်းအမေကမင့်ကို လမ်းပေါ်ရောက် အောင်ပြန်ပို့မှာပဲ၊ လေဒင်းဆေးရုံက ဆရာဝန်ပြောလိုက်တာ မင်းမှတ်မိသေးလား၊ မင်းလမ်းပေါ်ပြန်သွားရင် မင်းအလုပ်က မင်းကိုသတ်မှာပဲ ”

“ မသတ်ပါဘူး၊ အခုဆို ကျွန်မကကျန်းမာနေတာပဲ ”

“ မင်းအခုမာနေတာက ကိုယ့်ကိုယ်ကို ဂရုစိုက်ပြီးနေလို့၊ မင်းလမ်းပေါ် ပြန်ရောက်သွားလို့ကတော့ . . . ”

“ ဘုရားရေ၊ ဘယ်သူကပြန်သွားမယ်လို့ ပြောနေလို့လဲ၊ ရှင်က မောင်းမထုတ်မချင်း ဘယ်မှမသွားဘူး ”

ဗင်းဆင့်သည် ခရစ္စတင်း၏ ကြိမ်ကုလားထိုင်လက်ရမ်းပေါ်၌ တင်ပါး လွှဲဝင်ထိုင်ကာ ပုခုံးကိုဖက်ထားလိုက်သည်။ “ဒါဆိုရင်တော့ ကိုယ်ပြောမယ်၊ ကိုယ် မင်းကိုဘယ်တော့မှ မစွန့်ပစ်ဘူးဆိုတာယုံ၊ ကိုယ်နဲ့ ဆိုးတူကောင်းဖက် နေသမျှ ကာလပတ်လုံး ကိုယ်မင်းကို မခွဲမခွာထားမှာပဲ၊ ဒါပေမယ့် မင်းအမေတို့၊ မင်း အစ်ကိုတို့နဲ့တော့ဝေးဝေးနေ . . . သူတို့ကမင်းကိုဖျက်ဆီးကြမှာ၊ သူတို့နဲ့ နောက်ထပ် မတွေ့တော့ပါဘူးဆိုတဲ့ ကတိပေးပါ ”

“ ကျွန်မကတိပေးတယ် ”

နောက်နှစ်ရက်အကြာတွင် အပြင်ထွက်၍ ပန်းချီဆွဲပြီးပြန်လာသော ဗင်းဆင့်သည် စတူဒီယိုခန်းထဲ၌ လူသူကင်းမဲ့နေသည်ကိုတွေ့ရ၏။ ညစာချက် ပြုတ်နေသည်ကိုလည်း မမြင်ရ။ သူချက်ခြင်းလိုက်သွားသည့်အခါ သူ့အမေအိမ် ၌အရက်သောက်နေသော ခရစ္စတင်းနှင့်ဆုံမိသည်။

အိမ်ပြန်ရောက်သည့်အခါ ခရစ္စတင်းက “ ကျွန်မကအမေကိုချစ်တဲ့ သမီးလို့ ရှင့်ကိုပြောထားသားပဲ ” ဟုပြောသည်။ “ ကျွန်မ အမေ့ကိုတွေ့ချင်ရင် သွားမှာပဲ။ ရှင်ကျွန်မကို မပိုင်ဘူး၊ ကျွန်မကြိုက်တာကို လုပ်ပိုင်ခွင့်ရှိတယ်”

ခရစ္စတင်းသည် ဘဝဟောင်းထဲသို့ ပြန်လည်ရောက်ရှိကာ တဝဲ လည်လည် ဖြစ်နေခဲ့လေပြီ၊ ဗင်းဆင့်က သတိပေးသည့်အခါတွင်လည်း နား မဝင်ချေ၊ “ကျွန်မသိတယ်၊ ကျွန်မကိုမနေစေချင်လို့ သက်သက်မဲ့အပြစ်ရှာ နေတာ” ဟု ပြန်ပြောလေ့ရှိသည်။ အိမ်တွင် ညစ်ပတ်ပေရေ နေသည်များကိုပြ၍ ပြောပြန်တော့လည်း စပ်စပ်ထိမခံ။ “ ကျွန်မဟာအလကားကောင်မ၊ ကျွန်မက တော့အဲသလိုပဲ နေတတ်တယ်၊ မတတ်နိုင်ဘူး” ဟုပြန်ပြောလေ့ရှိ၏။ တစ်ခါတရံ

တွင်လည်း "ကျွန်မဟာ လူရာဝင်တဲ့ကောင်မ မဟုတ်ဘူး၊ အဲဒါ အမှန်အတိုင်း ပြောတာ၊ တစ်နေ့ကျရင် ကျွန်မဘဝကို မြစ်ထဲခုန်ဆင်းပြီးအဆုံးသတ်မှာ" ဟုဆိုလေ့ရှိ၏။ ဗင်းဆင့်၏အိမ်သည် စိတ်ချမ်းသာစရာဟူ၍ မရှိလောက်အောင် ပင် ကသောင်းကနင်း ဖြစ်လျက်ရှိလေသည်။

နွေရာသီဝင်ခဲ့ပြီ၊ ဗင်းဆင့်သည် အပြင်ထွက်ကာ ပန်းချီဆွဲနေပြီဖြစ်၏။ သူပန်းချီဆွဲသည်နှင့် တပြိုက်နက် ဆီဆေး၊ ကင်းဗတ်၊ ဘောင် စသည်... စသည်များသည် လိုအပ်လာပြီဖြစ်သည်။ သီအိုထံမှ သူ 'လူနာ 'နေကောင်းသွားပြီဖြစ်သော်လည်း သူနှင့်ဆက်ဆံရေးတွင်ပြဿနာများရှိနေသည်ဟု သူထံစာရောက်သည်။ ထို့ပြင်လည်း ယင်းမိန်းမကိစ္စတွင် သူဘယ်လိုလုပ်ရမည်နည်းဟုလည်း မေးထားသည်။

ဗင်းဆင့်သည် သူ၏ကိုယ်ရေးကိုယ်တာဘဝနှင့် ဆက်စပ်ပတ်သက်နေသမျှ အရာရာတိုင်းကို ခေါင်းထဲမထည့်တော့ပဲ မျက်စိများကို ပိတ်ထားလိုက်၏။ သူသည်ပန်းချီဆွဲသည့်အလုပ်မှတပါး အခြားဘာကိုမှ မစဉ်းစား။ သူသည် သူ့စိတ်ကို အလုပ်ထဲ၌သာ မြှုပ်နှံထားသည်။ မနက်တိုင်း အိမ်မှ ထွက်ပြီဆိုလျှင် သူယနေ့ဆွဲမည့် ပန်းချီကားသည် အလှဆုံးနှင့် အပြည့်စုံဆုံး ဖြစ်လိမ့်မည်ဟု မျှော်လင့်ခဲ့၏။ ဤ ပန်းချီကားသည် ချက်ခြင်းရောင်းရပြီး သူနာမည်ကို တည်ဆောက်ပေးသွားနိုင်မည်ဟုလည်း ယုံကြည်ထားခဲ့၏။ သို့သော်လည်း ညမိုးချုပ်၍ အိမ်ပြန်လာသည့်အခါတွင်မူ သူသည် ဝမ်းနည်းကြေကွဲလျက်ရှိသည်။ သူသည် သူတမ်းတနေသောအဆင့်သို့ ရောက်ရန် နှစ်ပေါင်းများစွာကြိုးစားရပေလိမ့်ဦးမည်ဟူသော အတွေးဖြင့် စိတ်မချမ်းမမြေ့ ဖြစ်လျက်ရှိလေသည်။

သူ့အတွက် စိတ်ဖြေစရာဟူ၍ ကလေးငယ်အင်တွန်တစ်ယောက်တည်းသာလျှင် ရှိ၏။ သူ့အဖို့တော့ ဤကလေးသည် အံ့သြစရာတစ်ခုဖြစ်နေသည်။ စား၍ရသမျှအစားများကို ပါးစပ်ထဲထည့်လိုက်လျှင် ဝါးပစ်သည်ချည်းဖြစ်၏။ ကလေးငယ်သည် ဗင်းဆင့်နှင့် အတူ စတူဒီယိုထဲ၌နေကာ ကစားနေတတ်၍ တစ်ခါတရံတွင် နံရံပေါ်မှ ပန်းချီကားများကိုကြည့်ကာ ဝူးဝူးဝါးဝါး အော်နေလေ့ရှိ၏။ ခရစ္စတင်းက ဤကလေးအား ပစ်ထားလေလေ... ဗင်းဆင့်က ချစ်လေ ဖြစ်လျက်ရှိသည်။

ထိုအတောအတွင်း ဝေဆင်ဘရုချ်သည် ဗင်းဆင့်ထံ တစ်ခေါက်ရောက်လာသည်။ ဗင်းဆင့်က သူ ယမန်နှစ်က ဆွဲထားသည့် ပန်းချီကားများကိုပြသည်။

ဝေဆင်ဘရုခ်ျသည် ပန်းချီကားအားလုံးကို စေ့စေ့စပ်စပ်ကြည့်ကာ အလွန်အမင်း မကျေမနပ်ဖြစ်သည်။

"အဲဒီပုံစံမျိုး မခံစားနဲ့ကွ" ဟု ဝေဆင်ဘရုခ်ျကပြောသည်။ "နှစ်ပေါင်း အတော်ကြာကြာ လုပ်လာခဲ့ပြီးတဲ့နောက်ပိုင်းမှာ စောစောပိုင်းက လုပ်ထားခဲ့တဲ့ လက်ရာတွေကိုပြန်ကြည့်ပြီး ရိုးသားဖြူစင်မှုနဲ့ ထက်မြက်မှုရှိနေပါကလားလို့ နားလည်သဘောပေါက်ရမယ်၊ မင်းဆက်ပြီးတော့သာကြိုးစား. . . ဘယ်အရာကမှ မင်းအလုပ်ကို ရပ်မသွားစေနဲ့ "

မည်သို့ပင်ဖြစ်စေ နောက်ဆုံးသူ့အလုပ်ကို ရပ်သွားစေခဲ့သည့်အရာမှာ သူမျက်ခွက်ကို လက်သီးနှင့် တစ်ချက်အထိုးခံရခြင်းဖြစ်သည်။ နွေဦးပေါက်တစ်ရက်တွင် သူသည် မှန်အိမ်အပျက်သွားပြင်သည်။ ဤတွင်စတိုးဆိုင်ပိုင်ရှင်က ဗင်းဆင့်အား ပန်းကန်အသစ်တချို့ကိုဝယ်သွားရန် ဇွတ်တိုက်တွန်းနေသည်။

" ဝယ်စရာငွေမရှိဘူး "

" ကိစ္စမရှိပါဘူး. . . အရေးတကြီးပေးဖို့မလိုပါဘူး၊ ယူသာသွားပါ။ ငွေကို ခင်ဗျားငွေရတဲ့အခါကျမှ ပေးပေါ့ "

နောက်နှစ်လခန့်အကြာတွင် ဆိုင်ရှင်သည် ဗင်းဆင့်၏ စတူဒီယိုတံခါးကိုအပြင်မှနေ၍ တဒုံးဒုံးထုနေသည်။ ဆိုင်ရှင်သည် ကိုယ်လုံးတုတ်ခိုင်ခိုင်နှင့် လူလုံးလူဖန်သန်မာကြီးထွားသူဖြစ်သည်။

"ခင်ဗျား ကျုပ်ကိုဘာပြုလို့လိမ်သွားတာလဲ" ဟု သူကမေးသည်။ "ပစ္စည်းတွေယူသွားပြီး ငွေကျတော့ ရလျက်သားနဲ့ လာမပေးဘူး "

"ကျွန်တော်ငွေရရခြင်းလာပေးပါမယ်"

"ဒါလိမ်တာပဲ၊ ကျုပ်ဘေးကဖိနပ်ဆိုင်ကျတော့ လာပေးသွားပြီးပြီ"

"ကျွန်တော် အလုပ်လုပ်နေတယ်၊ မနှောင့်ယှက်ပါနဲ့၊ ကျွန်တော်ငွေရတာနဲ့ တပြိုင်နက် ခင်ဗျားငွေကိုလာပေးမယ်၊ ကျေးဇူးပြုပြီး စတူဒီယိုထဲကထွက်သွားပါ"

" ကျုပ်ရစရာရှိတဲ့ငွေပေးရင် ထွက်သွားမယ် "

ဗင်းဆင့်က ဆိုင်ရှင်အား တံခါးဆီသို့ တွန်းပို့သည်။ "ခင်ဗျားကျွန်တော့် အိမ်ထဲက အခုချက်ခြင်းထွက်သွားဗျာ" ဟု ခပ်ငေါက်ငေါက် လေသံဖြင့် ပြောသည်။

အမှန်တော့ ဆိုင်ရှင်သည် ဤအခွင့်ကောင်းကို စောင့်မျှော်နေခြင်းဖြစ်၏။ ဗင်းဆင့်က သူ့အားထိလိုက်သည်နှင့်တပြိုက်နက် သူ၏ညာလက်သီးဖြင့်

ဗင်းဆင့်၏မျက်ခွက်ကို တအားပိတ်ထိုးလိုက်သည်။ ဗင်းဆင့်သည် နံရံဘက်သို့ ယိုင်ကျသွားသည်။ ဆိုင်ရှင်သည် နောက်တစ်ကြိမ် လက်သီးဖြင့် ထပ်ထိုးပြန်သည်။ ဤတစ်ကြိမ်တွင် ဗင်းဆင့်သည် ကြမ်းပေါ် သို့ ခြေပစ်လက်ပစ်လဲကျသွားသည်။ ထိုအခါကျမှပင် ဆိုင်ရှင်သည် စတူဒီယိုထဲမှ ထွက်သွားလေ၏။

ထိုအချိန်က ခရစ္စတင်းသည် သူ့အမေအိမ်၌ ရောက်နေသည်။ အင်တွန်သည် လေးဘက်တွားသွားကာ ဗင်းဆင့်၏မျက်နှာကို လက်ဝါးဖြင့် ပုတ်ပြီး အော်ဟစ်ငိုယိုလျက်ရှိ၏။ မိနစ်အနည်းငယ်မျှအကြာတွင် ဗင်းဆင့်သည် သတိပြန်ရလာသည်။ သူသည် ခြေဒရွတ်ဆွဲကာ အပေါ်ထပ် အထပ်ခိုးပေါ်သို့ တက်သွားပြီး အိပ်ရာပေါ်၌ လဲနေသည်။

လက်သီးချက်များကြောင့် သူ့မျက်နှာတွင် ဒဏ်ရာအနာတရမဖြစ်ခဲ့။ ခြေပစ်လက်ပစ်လဲကျခဲ့ခြင်းကြောင့်လည်း ဘယ်လိုဒဏ်ရာမျိုးမှ မရခဲ့၊ သို့သော် လည်းယင်းလက်သီးချက်နှစ်ချက်သည် သူ့စိတ်ကိုတော့ အကြီးအကျယ်ဒဏ်ရာရစေခဲ့၏။ ဤလက်သီးချက်များသည် သူ့အားအနိုင်ယူသွားပြီဟုလည်း သိနေသည်။

ခရစ္စတင်းပြန်ရောက်လာသည့်အခါ ဗင်းဆင့်အား စတူဒီယိုထဲ၌ မတွေ့သဖြင့် အထပ်ခိုးအိပ်ခန်းထဲအထိ လိုက်လာသည်။ အိမ်တွင် ပိုက်ဆံလည်း မရှိ စားစရာလည်းမရှိ၊ ဘာမှမစားရပဲနှင့် သူ့ကိုယ်သူ အသက်ရှင်နေအောင် နေနိုင်သော ဗင်းဆင့်အား ခရစ္စတင်းသည် မကြာခဏ အံ့သြခဲ့ရဖူး၏။ ယခုတစ်ကြိမ်တွင် သူ အိပ်ရာပေါ်၌လဲနေပုံသည် တစ်မျိုးဖြစ်လျက်ရှိသည်ဟု ထင်သည်။

" ဘာဖြစ်နေတာလဲ " ဟု ခရစ္စတင်းကမေးသည်။

ဗင်းဆင့်က ချက်ခြင်းအဖြေမပေး။ အချိန်အတော်ကြီးကြာမှ " ကိုယ် ဟော့်ကထွက်သွားမှဖြစ်တော့မယ်. . . ဟုတ်တယ်. . . ခရစ္စတင်း၊ ကိုယ် ဆက်နေလို့ မဖြစ်တော့ဘူး " ဟု ပြောသည်။ " ကိုယ် တောပိုင်းတစ်နေရာကို သွားရင်ကောင်းမလား. . . ကိုယ်တို့ ဈေးပေါပေါနဲ့ နေလို့ရတဲ့နေရာ ဘယ်မှာ ရှိမလဲ၊ ဒရင်သီကိုသွားကြရင် အဆင်ပြေမလား မသိဘူး "

"ရှင်က ကျွန်မကိုပါ လိုက်စေချင်နေသလား၊ ဒရင်သီက ကြောက်စရာ ကောင်းလောက်အောင်ကို ဆိုးတဲ့နေရာ၊ ရှင့်မှာ ငွေကြေးမရှိပဲနဲ့ ကျွန်မတို့ဘယ်လို စားသောက်ပြီးနေကြမှာလဲ"

"ဒါတော့ ကိုယ်လဲမသိဘူး"

"လစဉ်ရတဲ့ ဖရန့်ငွေတစ်ရာ့ငါးဆယ်ကို စားရေးနေရေးအတွက်ပဲ သုံးမယ်လို့ ရှင် ကတိပေးမလား၊ ကိုယ်ဟန်ပြဌားတာတို့ ဆီဆေးဝယ်တာတို့ မသုံးရဘူးလေ"

"အဲဒီကတိတော့ မပေးနိုင်ဘူး ခရစ္စတင်း၊ အဲဒါတွေကကိုယ်ဦးစားပေးရမယ့်ဟာတွေပဲ"

"ဒါက ရှင်တစ်ယောက်တည်း အတွက်ပါ၊ ကျွန်မအတွက်မဟုတ်ဘူး၊ ကျွန်မ အနေနဲ့အစားမစားပဲ မနေနိုင်ဘူး"

"ကိုယ်ကလဲ ပန်းချီမဆွဲပဲမနေနိုင်ဘူး. . . ခရစ္စတင်း"

"ဒီလိုဆိုတော့ . . . ရှင့်ငွေကို ရှင့်အတွက်ပဲ ဦးစားပေးသုံးတာပဲ၊ ကျွန်မနားလည်ပါတယ်၊ ကဲပါလေ. . . အခု ရှင့်ဆီမှာ လက်ကျန်နည်းနည်းပါးပါး ရှိသေးလား. . . ရိုင်းဘူတာရှေ့က အရက်ဆိုင်ကိုသွားကြရအောင်"

ဆိုင်ထဲတွင် အရက်နံ့များ ထောင်းထောင်းထလျက်ရှိ၏။ အချိန်မှာ မိုးချုပ် လုနီးနေပြီ၊ သို့သော်လည်း ဆိုင်ထဲတွင် မှန်အိမ်မထွန်းသေး၊ သူတို့နှစ်ဦး ပထမ ဆုံးဆုံမိခဲ့ကြစဉ်က စားပွဲတွင်လူမရှိ။ သူတို့သည် ဝိုင်တစ်ခွက်စီမှာကာ အေးအေးဆေးဆေးထိုင်၍သောက်နေကြသည်။

"သူတို့ကပြောကြတယ်၊ ရှင် ကျွန်မကို ထားခဲ့မှာပါတဲ့. . . ကျွန်မလဲ သိထားပါတယ်"

" မဟုတ်ဘူး. . ခရစ္စတင်း၊ ကိုယ်မင်းကို စွန့်ပစ်သွားချင်စိတ် မရှိတာ အမှန်ပါ"

"ကျွန်မကလဲ ရှင့်ကို ပစ်မသွားချင်ပါဘူး၊ ရှင်က ကျွန်မပေါ်ကောင်းတဲ့လူပဲ"

"တကယ်လို့ ကိုယ်နဲ့ ဆိုးတူကောင်းဖက်နေသွားချင်စိတ်ရှိမယ်ဆိုရင် ကိုယ်မင်းကို ဒရင်သီအထိ ခေါ်သွားချင်တယ်"

ခရစ္စတင်းကခေါင်းခါသည်။ "မလိုက်နိုင်ဘူး၊ ရှင်ရတာက လူနှစ်ယောက်စာမလောက်ဘူး"

" ကိုယ့်မှာ-ငွေပိုရလာရင် မင်းကိုမပေးပဲမနေပါဘူး၊ ဒါပေမယ့် ခက်တာကကိုယ့်အနေနဲ့ မင်းကိုကျွေးမလား၊ ကိုယ့်အလုပ်ကိုကျွေးမလား၊ အဲဒီနှစ်လမ်းထဲက တစ်လမ်းရွေးရမလိုဖြစ်နေတော့. . ."

ခရစ္စတင်းက သူလက်ဖြင့် ဗင်းဆင့်လက်ကို အုပ်ကိုင်လိုက်သည်။ "ကိစ္စမရှိပါဘူး ဗင်းဆင့်ရယ်၊ ဒါအတွက်စိတ်မကောင်းမဖြစ်ပါနဲ့၊ ရှင်တတ်နိုင်

သလောက် ကျွန်မကို ကူညီခဲ့ပြီးပြီးပဲ၊ ရှင်နဲ့ကျွန်မ ခွဲခွာရမယ့်အချိန်ကျလာလို့ ခွဲခွာရတာလို့ပဲ သဘောထားလိုက်ပါတော့"

"တကယ်လို့ ကိုယ်နဲ့အတူတူနေရမှ ပျော်မယ်ဆိုရင် ကိုယ်မင်းကို လက်ထပ်ပြီးခေါ်သွားမယ်လေ. . ."

"မဖြစ်ပါဘူး. . . ကျွန်မကို အမေကပိုင်တာ၊ ကျွန်မတို့အနေနဲ့ ကိုယ့်ဘဝပေးတဲ့အတိုင်း နေသွားကြရမှာပဲ၊ အားလုံးအဆင်ပြေသွားမှာပါ၊ ကျွန်မအစ်ကိုက သူ့ကောင်မလေးနဲ့ ကျွန်မအတွက် အိမ်သစ်တစ်လုံးရှာမယ်လို့ ပြောထားပြီးပြီ"

"ကိုယ်မင်းကို ကူညီဖို့ကြိုးစားခဲ့ပါတယ် ခရစ္စတင်းရယ်၊ ကိုယ်မင်းကို ချစ်တဲ့အတွက် ကိုယ့်မှာရှိနေတဲ့ ကြင်နာမှုအားလုံးကိုပေးခဲ့ပါတယ်၊ အဲဒါကို ကျေးဇူးတုံ့ပြန်တဲ့အနေနဲ့ မင်းဖက်က ကိုယ့်အတွက် တစ်ခုတော့လုပ်ပေးပါ"

"ဘာလဲ"

"လမ်းပေါ်ပြန်မသွားပါနဲ့တော့၊ လမ်းပေါ်ပြန်သွားရင် မင်းသေဖို့ပဲရှိတော့တယ်၊ မင်း သားငယ်လေး အင်တွန်ကို သနားသောအားဖြင့် အရင်ဘဝကိုပြန်မသွားပါနဲ့"

"ဝိုင်တစ်ခွက်စီထပ်သောက်ဖို့ ပိုက်ဆံရှိသေးလား"

"ရှိတယ်"

ခရစ္စတင်းသည် သူ့ဖန်ခွက်ထဲမှ လက်ကျန်ကိုအကုန်မော့ပစ်လိုက်သည်။ "ကျွန်မမှာ လုံလောက်အောင် ဝင်ငွေရမှာ မဟုတ်ဘူး၊ ကလေးတွေအားလုံးအတွက်ဆိုရင် ရတဲ့ငွေကလောက်မှာ မဟုတ်ဘူး၊ အဲဒီတော့ ကျွန်မလမ်းပေါ်ပြန်သွားတာဟာ မပြန်ရင်မဖြစ်လို့ပြန်တာပဲ၊ ကျွန်မပြန်ချင်လို့ ပြန်တာမဟုတ်ပါဘူး"

"တကယ်လို့ အလုပ်ကရတဲ့ငွေနဲ့လုံလောက်ရင် ပြန်မသွားပါဘူးလို့ ကတိပေးပါ"

"ပေးပါတယ်"

" ကိုယ် လစဉ်ငွေပို့ပေးမယ်၊ ကလေးအတွက် ငွေအမြဲပို့ပေးမယ်၊ ကလေးကိုတော့ ကောင်းကောင်းမွေးသွားစေချင်တယ်"

"စိတ်ချပါ. . . သူဘာမှမဖြစ်ပါဘူး၊ ကျန်တဲ့ကလေးတွေလိုပဲ အဆင်ပြေသွားမှာပါ"

ဗင်းဆင့်သည် သူ တောပိုင်းသို့ သွားမည်ဟု စိတ်ကူးထားကြောင်း

သီအို့ထံသို့ စာရေးသည်။ ခရစ္စတင်းနှင့် လမ်းခွဲတော့မည့်အကြောင်းကိုပါ အသိပေးလိုက်သည်။ သီအို့ထံမှ စာပြန်လာသည့်အခါ ဗင်းဆင့်အကြွေးဆပ်ဖို့အတွက် ဖရန့်ငွေတစ်ရာတန်တစ်ရွက်အပိုထည့်ပေးလိုက်သည်။ ခရစ္စတင်းနှင့် လမ်းခွဲတော့မည့်ကိစ္စကို သူသဘောတူကြောင်းလည်း အကြောင်းပြန်သည်။

"ကျွန်တော့်ရဲ့ 'လူနာ' လဲ ဟိုတစ်ညက ပျောက်သွားတယ်" ဟု သူစာတွင်ရေးထားသည်။ "သူနေကောင်းသွားပြီ၊ ဒါပေမယ့် ကျွန်တော်တို့ရဲ့ ဆက်ဆံရေးကတော့ မပြေလည်ဘူး၊ ပစ္စည်းတွေ အကုန်ယူသွားတယ်၊ လိပ်စာတောင် မထားခဲ့ဘူး၊ အခုလိုဖြစ်သွားတာဟာ အကောင်းဆုံးပဲလို့ထင်တယ်၊ ကျွန်တော်တို့ နှစ်ယောက်စလုံးကံတူအကျိုးပေးလို့ပဲ ပြောရတော့မှာပဲ"

ဗင်းဆင့်သည် သူ၏ အိမ်ထောင်ပရိဘောဂများကို သူ့အိမ်မှာပင် ဆက်ထားခဲ့သည်။ တစ်ခြိန်ခြိန်တွင် ဟော်သို့ ပြန်လာချင်သောစိတ်က ရှိနေသေးသည် မဟုတ်ပါလော။ သူ ဟော်မှမထွက်မီ တစ်ရက်အလိုတွင် နှုန်းမှ စာတစ်စောင်နှင့် အထုပ်တစ်ထုပ်ရောက်လာသည်။ အထုပ်ထဲတွင် ဆေးရွက်ကြီးတစ်ထုပ်နှင့် အမေကိုယ်တိုင်ဖုတ်ထားသည့် ကိတ်မုန့်များပါသည်။

"ငါ့သား အိမ်ကိုဘယ်တော့လောက်မှာ ပြန်လာပြီး သုဿန်ထဲက လက်ဝါးကပ်တိုင်တွေကို ပန်းချီဆွဲမှာလဲ" ဟု သူ့အဖေက စာထဲတွင်ရေးထား သည်။

ဗင်းဆင့်သည် ချက်ခြင်းအိမ်ပြန်ချင်စိတ်ပေါ်သည်။ သူသည် အခုလောလောဆယ် နာဖျားမကျန်းဖြစ်နေသည်။ အစာငတ်နေသည်။ စိတ်ဆင်းရဲနေသည်။ အလုပ်ပင်ပန်းနေသည်။ စိတ်ဓာတ်ကျနေသည်။ သီတင်းပတ်အနည်းငယ်မျှအိမ်ပြန်နေပြီး အမေ့ရင်ခွင်၌ ခိုလှုံလိုက်ရလျှင် သူ့ကျန်းမာရေးရော စိတ်ဓာတ်အင်အားပါ တက်လာနိုင်ဖို့ရှိသည်။ လပေါင်းများစွာ နေထိုင်ခဲ့ဖူးသည့် ဘရားဘန့်တောပိုင်းဒေသကို သတိရလိုက်သည့်အခါ စိတ်ထဲတွင် ငြိမ်းအေးချမ်းသာခြင်း ဝင်ရောက်လာသည်။ ခြံစည်းရိုးများ၊ သဲတောင်ကုန်းများနှင့် ယာသမားများ... ထိုအရာအားလုံးသည် သူ့အား စိတ်ချမ်းသာမှုကိုပေးနေသည်။

သူပြန်သည့်နေ့တွင် ခရစ္စတင်းသည် ကလေးနှစ်ယောက်နှင့်အတူ သူ့အား ဘူတာသို့ လိုက်ပို့သည်။ သူတို့သည် စကားမပြောနိုင်ကြ။ ဘူတာစင်္ကြန်ဖလက်ဖောင်းပေါ်၌ ရပ်ကာ သူ့အားကြည့်နေကြသည်။ ရထားဝင်လာသည့်အခါ ဗင်းဆင့်သည် ရထားပေါ်သို့ တက်ထိုင်သည်။ ခရစ္စတင်းသည် ကလေးငယ်ကို ရင်ခွင်၌ပွေ့ကာ ရပ်မြဲတိုင်းရပ်နေသည်။ သူ့လက်တစ်ဖက်သည် သူ့သားဟာမင်း၏ လက်ကိုဆွဲလျက်။

ဗင်းဆင့်ကိုယ်တိုင်မှာလည်း စကားမပြောနိုင်၊ ပလက်ဖောင်းပေါ်မှ သားအမိသုံးယောက်ကို မျက်ခြည်မပြတ် ငေးကြည့်နေသည်။ မီးရထားသည် ဘူတာတွင်းမှ ဖြည်းဖြည်းချင်းထွက်ခွာကာတောက်ပသော နေရောင်ခြည်အောက် သို့တိုးဝင်လာသည်။ မှုန်ဝါးဝါးဖြစ်နေသော ဘူတာတွင်းမှ အမျိုးသမီးသည် သူ့အမြင်အာရုံထဲမှ ရာသက်ပန်ပျောက်ကွယ်သွားလေသည်။

Unity Publishing House

စာအုပ် (၄)

နှုန်း

(၁)

နှုန်းရှိသင်းအုပ်ဆရာ၏ နေအိမ်မှာ နှစ်ထပ်ဖြစ်၍ ထုံးဖြူသုတ်ထားသည့်ကျောက်တုံးများဖြင့် ဆောက်ထားသော အဆောက်အဦးဖြစ်၍ အိမ်နောက်ဖက်တွင် ကျယ်ဝန်းလှပသော ဥယျာဉ်ရှိသည်။ အထဲတွင် သစ်ပင် မျိုးစုံပန်းပင်မျိုးစုံရှိသည်။ ဝက်သစ်ချပင်သုံးပင်ရှိသည်။ တစ်မြို့လုံး၏ လူဦးရေမှာ နှစ်သောင်းခြောက်ထောင်ရှိသော်လည်း ပရိုတက်စတင့် ဘာသာဝင်ဦးရေမှာ တစ်ရာမျှသာရှိ၏။ သီအိုဒိုးရပ်စ်၏ ဘုရားရှိခိုးကျောင်းသည် ခပ်ငယ်ငယ်ကလေးဖြစ်သည်။ နှုန်းမြို့သည် ဖွံ့ဖြိုးတိုးတက်နေပြီဖြစ်သော စျေးမြို့ဖြစ်သည့် အက်တင်မြို့နှင့် မဝေးလှပေ။

နှုန်းသည် မြို့ဟုဆိုရသော်လည်း အမှန်စင်စစ် ခရိုင်မြို့ကြီးဖြစ်သော အင်ဒ်ဟိုဗင်မြို့မှလာသော လမ်းမကြီး၏တစ်ဖက်တစ်ချက်တွင် တန်းစီနေသော

အိမ်စုအနည်းငယ်မျှသာဖြစ်သည်။ လူများစုမှာ ရက်ကန်းလုပ်သားများနှင့် လယ်သမားယာသမားများဖြစ်၍ သူတို့အိမ်စုများသည် ကုန်းတန်းတစ်လျှောက်တည်ရှိနေကြခြင်း ဖြစ်၏။ သူတို့သည် ဘုရားသခင်အား ကြောက်ရွံ့ကြသည်။ အလုပ်ကို တပင်တပန်းလုပ်ကြသည်။ သူတို့နေထိုင်မှုများနှင့် ဓလေ့ထုံးစံများသည် သူတို့၏ဘိုးဘွားဘီဘင်များခေတ်ကအတိုင်းပင် ရှိနေသေးသည်။

သင်းအုပ်နေအိမ်တံခါးပေါက်တွင် အေ ၁၇၆၄ ဟူသော ဂဏန်းများရေးထိုးထားသည်။ အိမ်ရှေ့တံခါးမှဝင်သွားလျှင် အိမ်ကိုနှစ်ပိုင်းခွဲထားသည့် ခန်းမကြီးထဲသို့ရောက်သည်။ ဘယ်ဖက်တွင် စားသောက်ခန်းနှင့် မီးဖိုခန်းရှိ၍ အပေါ်ထပ် အိပ်ခန်းများဆီသို့ တက်ရာလှေကားလည်းရှိသည်။ ဗင်းဆင့်သည် ည့ဉ်ခန်းအပေါ်ဖက်ရှိ အိပ်ခန်းထဲ၌ သူ့ညီကော်နှင့် အတူအိပ်ရသည်။

မနက်ခင်းအိပ်ရာမှနိုးလာသည့်အခါ ဗင်းဆင့်သည် သူ့အဖေ၏ဘုရားရှိခိုးကျောင်း ပြဿဒ်နောက်မှ ဖြည်းဖြည်းချင်းမြင့်တက်လာနေသော နေကိုမြင်ရသည်။ ပြဿဒ်အရိပ်သည် နောက်ဖေးဥယျာဉ်တွင်းမှ ရေကန်ထဲသို့ ထိုးကျလျက်ရှိ၏။ နေဝင်ချိန်တွင်မူ နေရောင်သည် အရုဏ်တက်ချိန်ထက်ပို၍ ရင့်ကာပို၍ နက်ရှိုင်းလာသည်။ ဤအချိန်တွင် ဗင်းဆင့်သည် ပြတင်းပေါက်နားတွင် ကုလားထိုင်ချ၍ထိုင်ကာ ရေကန်ပေါ်သို့ ဖြာကျနေသည့် အရောင်များကို ဂရုတစိုက်စောင့်ကြည့်သည်။ အရောင်များသည် ကန်ရေပြင်အား ရောင်စုံစောင်တစ်ထည်နှင့် လွှမ်းခြုံပေးနေသည့်နှယ်ရှိ၏။ ထို့နောက်အရောင်များသည် တဖြည်းဖြည်းနှင့် အမှောင်ထုထဲ၌ နစ်ဝင်ပျောက်ကွယ်သွားလေသည်။

ဗင်းဆင့်သည် မိဘများကိုချစ်သည်။ မိဘများကလည်း သူ့ကိုချစ်ကြ၏။ သူတို့သုံးဦးစလုံးတစ်ယောက်အပေါ်တစ်ယောက် နားလည်မှုအပြည့်ထားကာ တရင်းတနှီးနေထိုင်ပြောဆိုကြသည်။ ဗင်းဆင့်သည် အစားကို အများကြီးစားသည်။ အိပ်တော့လည်းအများကြီးအိပ်သည်။ တစ်ခါတရံ အနီးရှိ တောင်ကုန်းပေါ်သို့ လမ်းလျှောက်သည်။ သူသည် စကားပြောသည်။ ပန်းချီဆွဲသည်။ ပြီးတော့ စာဖတ်သည်။ အိမ်ရှိလူအားလုံးက သူ့အပေါ် တယဉ်တကျေး ဆက်ဆံကြသည့်နည်းတူ သူက လည်းထိုအတိုင်းပင် တုံ့ပြန်ဆက်ဆံသည်။ သူတို့အားလုံးသည် အချင်းချင်းဆက် ဆံရာ၌ သတိထား၍ဆက်ဆံကြသည်။ မိသားစုကြား၌ ရှိနေသော စည်းလုံးညီ ညွတ်မှုကို မပျက်ပြားအောင်အထူးသတိထားကြသည်။ "စကားပြောရင် သတိထားပြောမှ၊ တစ်ယောက်နဲ့တစ်ယောက် နားလည်မှုလွဲသွားလို့ မဖြစ်ဘူး" ဟု အမြဲတွေးကြသည်။

သို့တစေလည်း ဆက်ဆံရေးအဆင်ပြေမှုသည် တာရှည်မြဲဖို့ခက်ခဲလှ၏။ ဗင်းဆင့်အနေဖြင့် သူတွေးသလိုမတွေးသော လူများနှင့် တစ်အိမ်ထဲတစ်ခန်းထဲနေရသည်မှာ စိတ်သက်သာခြင်းမရှိလှချေ။ သူ့အဖေက " ငါတော့ . . ဂိုထည်ရဲ့ဖော့စ်စာအုပ်ကို ဖတ်လိုက်ဦးမယ်၊ ဆရာတော် တင်းကိတ်ဘာသာပြန်ထားတဲ့စာအုပ်ဆိုတော့ ကိုယ်ကျင့်တရားဟျက်စရာ အကြောင်းတော့ မရှိပါဘူး" ဟု ပြောလိုက်သည့်စကားကြားရသည့်အခါ ဗင်းဆင့်စိတ်ထဲတွင် မခံချိမခံသာဖြစ်လာတတ်သည်။

သူသည် သီတင်းနှစ်ပတ်နေမည်ဟု စိတ်ကူးလာခဲ့ခြင်းဖြစ်၏။ သို့သော်လည်း သူသည် ဘရားဘန့်ဒေသကိုချစ်မြတ်နိုးသူဖြစ်သည့်အားလျော်စွာ နောက်ထပ်ဆက်၍ နေချင်စိတ်ဖြစ်ပေါ်နေသည်။ သူ့အနေဖြင့် ဘာစကားမှမပြောပဲ သူမြင်နေရသည့် သဘာဝရှုခင်းများကို စိတ်အေးနားအေးထိုင်၍ ပန်းချီဆွဲလို၏။ သူသည် သူ၏နှလုံးသားကို တောပိုင်းဒေသ၏ သဘာဝထဲတွင် နှစ်မြှုပ်ထားပြီး ကျေးလက်ဘဝများကို အလေးအနက်ပြု၍ ပန်းချီဆွဲလိုသည်။ ယင်းဆန္ဒမှတစ်ပါး အခြား ဘာအလိုဆန္ဒမှမရှိချေ။

သူသည် ဖာသာမစ်လက်ကဲ့သို့ လယ်သမားယာသမားများနှင့် အတူနေကာသူတို့ဘဝကိုနားလည်လို၏။ သူတို့ဘဝကို ပန်းချီဆွဲလို၏။ သူသည် တစ်နေ့နေ့တစ်ချိန်ချိန်တွင် ဘရားဘန့်သို့ပြန်လာပြီး ရာသက်ပန်နေသွားရလိမ့်မည်ဟု စိတ်ထဲကသိနေပါ၏။ သို့သော်လည်း သူ့မိဘများက သူ့အားနေစေချင်သောဆန္ဒမရှိပါပဲလျက်နှင့်တော့ သူ ဏ္ဍုနင်၌ နေလိုစိတ်မရှိ။

"တံခါးတစ်ခုဟာ ပိတ်လဲပိတ်ရမယ်၊ ဖွင့်လဲဖွင့်ရမယ်" ဟုဗင်းဆင့်ကသူ့အဖေအားပြောသည်။ " ကျွန်တော်တို့သားအဖ တစ်ယောက်ပေါ်တစ်ယောက် နားလည်အောင် ကြိုးစားကြပါစို့လား အဖေရယ်"

"ဟုတ်တာပေါ့. . . ဗင်းဆင့်ရယ်၊ အဖေကလဲ အဲဒါကိုသိပ်လိုချင်တယ်၊ အဖေ့အနေနဲ့ မင်းပန်းချီတွေဟာ တစ်စုံတစ်ခုသော အတိုင်းအတာအထိဖြစ်ထွန်းလာလိမ့်မယ်လို့ မြင်ထားပါတယ်၊ ဒါကြောင့် အဖေဝမ်းလဲသာတယ်၊ ကျေနပ်လဲကျေနပ်တယ်"

" ကောင်းပါတယ် အဖေရယ်၊ ကျွန်တော့်ကို တစ်ခုတော့ ပွင့်ပွင့်လင်းလင်း ပြောစေချင်ပါတယ်၊ ကျွန်တော်တို့သားအဖ ငြိမ်းချမ်းစွာ အတူတူနေလို့ဖြစ်ပါ့မလား. . . အဖေ ကျွန်တော့်ကို ဒီမှာနေစေချင်ရဲ့လား "

"နေစေချင်ပါတယ်"

"ဘယ်လောက်ကြာကြာလဲအဖေ"

"မင်းနေချင်သလောက်ပေါ့ကွာ၊ ဒါဟာ မင်းအိမ်ပဲ"

"ဒါဆိုရင်. . . တကယ်လို့ကျွန်တော်တို့ကြားမှာ သဘောထားချင်း မတိုက်ဆိုင်ရင်ကော. . . "

"ဒါကတော့ အခြေအနေကို ပြောင်းပြန်ဇောက်ထိုးဖြစ်သွားအောင် မလုပ်မိဖို့တို့က သတိထားရမှာပေါ့ကွာ၊ အေးအေးဆေးဆေး နေသွားနိုင် အောင် ကြိုးစားကြရမှာပေါ့"

" ဒါပေမယ့် ကျွန်တော့်အတွက် စတူဒီယိုခန်းကိုဘယ်လိုလုပ်မလဲ၊ အဖေက ကျွန်တော့်ကို အိမ်ထဲမှာပန်းချီဆွဲတဲ့အလုပ်ကို မလုပ်စေချင်ဘူး မဟုတ်လား "

"အဲဒီကိစ္စကို အဖေလဲစဉ်းစားနေတယ်၊ ဥယျာဉ်ဘက် ထိုးထွက်နေတဲ့ အခန်းကို မင်းဘာပြုလို့ မသုံးနိုင်ရမှာလဲ၊ မင်းတစ်ယောက်တည်း ကြိုက်သလို သုံးလို့ရတယ်၊ ဘယ်သူမှ နှောင့်ယှက်မှာ မဟုတ်ဘူး "

သူ့အဖေပြောသည့်အခန်းမှာ မီးဖိုခန်း၏ တစ်ဖက်၌ တည်ရှိသည်။ အိမ်မကြီးနှင့် ဝင်ထွက်နိုင်သော တံခါးမရှိ၊ ပြတင်းပေါက် တစ်ပေါက်တည်းသာ ရှိသော အိပ်ခန်းငယ်ဖြစ်သည်။ ပြတင်းပေါက်မှလှမ်းကြည့်လျှင် ဥယျာဉ်တွင်းကို ကောင်းစွာမြင်နေရ၏။ ကြမ်းပြင်မှာ မြေကြီးဖြစ်သဖြင့် ဆောင်းဥတုဆိုလျှင် အမြဲတစေ စိုစွတ်ထိုင်းမှိုင်းနေသည်။

"အဲဒီအခန်းထဲမှာ မီးဖိုကြီးကြီးတစ်လုံး ဖိုလိုက်ရင် နေရာထိုင်ခင်းဟာ ခြောက်သွေ့သွားမှာပဲ၊ ကြမ်းခင်းပေးလိုက်ရင် ပိုတောင်ကောင်းသွားမယ်၊ အဲသလောက်ဆိုရင် မင်းအတွက် အဆင်ပြေမှာပါ။ မင်းဘယ်လိုသဘောရသလဲ" ဗင်းဆင့်သည် အခန်းကို လေ့လာကြည့်သည်။ သပ်သပ်ယပ်ယပ်ရှိသည်။ တောင်ကုန်းပေါ်မှ လယ်သမားတို့၏တဲများနှင့် ဆင်သလိုလိုရှိ၏။ ဤအခန်းကို ပြုပြင်လိုက်မည်ဆိုပါက တောဆန်ဆန် စတူဒီယိုခန်းကလေးတစ်ခန်းတော့ ဖြစ်လာဖွယ်ရာရှိ၏။

"တကယ်လို့ ပြတင်းပေါက်သေးနေရင် ထပ်ချဲ့လိုက်ကြတာပေါ့၊ အဖေ့ လက်ထဲမှာ စုဆောင်းထားတဲ့ ငွေနည်းနည်းပါးပါးရှိသေးတယ်"

"မလိုပါဘူးအဖေ၊ ဒီအတိုင်းပဲထားပါ၊ တကယ်လို့ လယ်သမား တစ်ယောက်ရဲ့ ပုံတူကို သူတဲထဲမှာသွားဆွဲရင်လဲ ဒီအလင်းရောင်လောက် ကတော့ ရမှာပါ "

သားအဖနှစ်ယောက်သည် သံစည်ပိုင်းတစ်လုံးကို အပေါက်ဖောက်ကာ မီးမွှေးလိုက်သည်။ မီးအရှိန်ကြောင့် နံရံများနှင့် ခေါင်းမိုးဆီ၌ တွယ်ကပ်နေကြသော စိုစွတ်ထိုင်းမှိုင်းမှုမျှားသည် လွင့်စင်ပျောက်ပျက်ကုန်သည်။ အောက်ခံမြေကြီးသည်လည်း တင်းမာလာသည်။ ထိုအခါ သစ်သားပြားများကို ခင်းလိုက်သည်။ ဗင်းဆင့်သည် သူ၏တစ်ယောက်အိပ်ကုတင်၊ စားပွဲတစ်လုံး၊ ကုလားထိုင်တစ်လုံးနှင့် ပန်းချီကားတင်ခုံများကို ထိုအခန်းထဲသို့ရွှေ့သည်။ သူပန်းချီကားများကိုလည်း နံရံတွင် ချိတ်လိုက်သည်။ ပန်းချီပစ္စည်းကိရိယာများကိုလည်း အခန်းထဲတွင် နေရာချထားပေးလိုက်သည်။ ဤသို့ဖြင့် သူသည် အဆင်ပြေပြေနှင့်နေထိုင်လုပ်ကိုင်သွားနိုင်သည့် အခြေအနေသို့ဆိုက်ရောက်သွားခဲ့လေ၏။

(၂)

ရွာနှင်ပတ်ပတ်လည်တွင် နေထိုင်လျက်ရှိကြသည့် လူများအနက်စိတ်ဝင်စားစရာအကောင်းဆုံးလူများမှာ ရက္ကန်းသမားများဖြစ်၏။ သူတို့တဲများသည် မြေစိုက်တဲများဖြစ်သည်။ ရွံ့စေးနှင့် ကောက်ရိုးတဲများဖြစ်၍ အမိုးမှာသက်ငယ်များဖြစ်သည်။ အိမ်တိုင်းတွင် အခန်းနှစ်ခန်းသာရှိ၏။ တစ်ခန်းတွင် ပြတင်းပေါက်ကလေးတစ်ပေါက်ရှိ၍ တစ်ခန်းသည် မိသားစုအိပ်ခန်းဖြစ်သည်။ ယင်းနှင့်ကပ်လျက်နေရာသည် မီးဖိုတစ်ခုဖြစ်၍ စားပွဲတစ်လုံး၊ ကုလားထိုင်သုံးလေးလုံး၊ မီးဖိုတစ်လုံးနှင့် အိုးခွက်ပန်းကန်များတင်သည့် ကြောင်အိမ်တစ်လုံးရှိသည်။

မြေကြမ်းပြင်ထက်၌ ခင်းထားသည့် ရွံ့စေးများသည် မညီမညာမသပ်မယပ်ရှိလှချေသည်။ အိပ်ခန်း၏ တစ်ဖက်ရှိ အခန်းမှာ ဒုတိယအခန်းဖြစ်၍ယင်း၏သုံးပုံတစ်ပုံအကျယ်ကို ဧည့်ခန်းအဖြစ်ထား၍ ကျန်နေရာတွင် ရက္ကန်းစင်ကို ချထားသည်။

ရက္ကန်းသမားတစ်ယောက်သည် တစ်ပတ်လျှင် အထည်ကိုက်ခြောက်ဆယ်ကျအောင် ရက်နိုင်စွမ်းရှိသည်။ ယောကျ်ားဖြစ်သူ ရက္ကန်းရက်နေချိန်တွင် မိန်းမဖြစ်သူသည် ချည်ငင်သည့်အလုပ်ကိုလုပ်သည်။ ရက္ကန်းသမားတစ်ယောက်သည် သူရက်ထားသည့် အထည်စအတွက် တစ်ပတ်လျှင် အမြတ်ငွေလေးဖရန့်ခွဲရသည်။ ရက်ပြီးသည့်အထည်ကို ကုန်သည်ထံသွားပို့သည့်အခါ နောက်တထည်စာရက်လုပ်ရမည့် အလုပ်ကို ရခဲ့စမြဲဖြစ်၏။

ရက္ကန်းသမားများသည် ဘိုရင်းနိတ်မှ အလုပ်သမားများနှင့် စိတ်နေစိတ်ထားကွာခြားကြသည်။ သူတို့သည် အေးအေးဆေးဆေး နေတတ်သူများဖြစ်၏။ တော်လှန်သော အတွေးအမြင်အယူအဆများကို ကြားရမည့်အခွင့်အလမ်းဟူ၍ လုံးဝမရှိပေ။ သူတို့သည် ပျော်ပျော်ရွှင်ရွှင်နေတတ်သည့် သဘာဝရှိလေသည်။

ဗင်းဆင့်သည် ရက္ကန်းလုပ်သားများနှင့် ချက်ခြင်းလိုလိုပင် ခင်မင်ရင်းနှီးခဲ့သည်။ ဤလူစုသည် ရိုးသားဖြောင့်မတ်ကြသည်။ သူတို့အတွက် မရှိမဖြစ်သည့် အာလူး၊ ကော်ဖီနှင့် တစ်ပတ်စာ ဝက်ပေါင်ခြောက်အနည်းငယ်ကို မှန်မှန်ရနေလျှင်ကျေနပ်နေကြသူများဖြစ်၏။ သူတို့အလုပ်လုပ်နေခိုက်တွင် ဗင်းဆင့်ပန်းချီဆွဲနေပါကလည်း သူတို့ဖက်က ကန့်ကွက်စရာမရှိ။ ဗင်းဆင့်ကလည်း သူတို့ထံသွားတိုင်း ကလေးများအတွက် ချိုချဉ်များနှင့် အဖိုးအိုများအတွက် ဆေးရွက်ကြီးများကို မပျက်မကွက်ယူသွားလေ့ရှိသည်။

တစ်ကြိမ်တွင် သူသည် စိမ်းညိုရောင်ဝက်သစ်ချသား ရက္ကန်းစင်တစ်ခုကိုကူးဆွဲခဲ့သည်။ ရက္ကန်းစင်နှင့် မလှမ်းမကမ်း ပြတင်းပေါက်ရှေ့တွင် ကလေးထိုင်ကုလားထိုင်လေးတစ်လုံးချထားသည်။ ကုလားထိုင်ပေါ်မှ ကလေးငယ်သည် ရက္ကန်းစင်မှ ခေါက်တုံ့ခေါက်ပြန်ပြေးသွားနေသည့်လွန်းကို ငေးကြည့်နေသည်။ မြေခင်းကြမ်းပြင်နှင့် ကျဉ်းမြောင်းလှသော အခန်းငယ်ထဲ၌ နေရသည်မှာ စိတ်ဆင်းရဲစရာကောင်းလှချေသည်။ သို့သော်လည်း ဗင်းဆင့်အဖို့တော့ . . . ထိုရှုခင်းကလေးကို သူ့ကင်းဗတ်ပေါ်၌ ဆေးစက်တင်နေရသည့်အတွက် ကြည်နူးသာယာလျက်ရှိလေသည်။

သူသည် မနက်စောစောအိပ်ရာမှထကာ တစ်နေကုန်တစ်နေခန်း လယ်ခင်းယာခင်းများထဲ၌ ဖြစ်စေ၊ လယ်သမားများ၏ တဲများအတွင်း၌ဖြစ်စေ ရက္ကန်းသမားများ၏ တဲများအတွင်း၌ဖြစ်စေ ပန်းချီဆွဲရင်းအချိန်ဖြုန်းလျက်ရှိ၏။ တစ်ချိန်က သူသည် ကျောက်မီးသွေးတွင်းတူး လုပ်သားများနှင့်အတူ ညခင်းပိုင်းအထိ နေခဲ့ဖူးသည်။ အခုလည်း သူသည် လယ်သမားများနှင့် မီးလှုံရင်း စကားစမြည်ပြောလေ့ရှိရာ သူတို့၏ဘဝအကြောင်းများကို တစ်စေ့တစ်စောင်း လေ့လာသိရှိခွင့်ရနေခဲ့လေ၏။

ယခင်က သူသည် လူရုပ်လွှာများဆွဲရခြင်းကို မြတ်နိုးခဲ့၏။ အခုကျတော့ သူသည်အရောင်အပေါ်တွင် ချစ်မြတ်နိုးခဲ့ရပြန်ပြီ၊ တစ်ဝက်တစ်ပျက် မှည့်နေပြီဖြစ်သော ကျဲခင်း၏အရောင်သည် ရွှေရောင်ရင့်ရင့်ဖြစ်၏။ အနီရောင်နှင့် ကြေး

နီရောင်တို့ရောစွက်နေသည့် အရောင်မျိုးဖြစ်သည်။ ကိုးဘော့ခေါ်သတ္တုတစ်မျိုး၏အရောင်ဖြစ်သည့် အပြာနုရောင်ကောင်းကင်နှင့်ယှဉ်လိုက်သည့်အခါ လှပသော ခြားနားမှုကလေးကို မြင်တွေ့နေရ၏။

ကျုံခင်း၏ နောက်ဖက်တွင် လှုပ်ရှားနေကြသည့် အမျိုးသမီးများ။ အလွန် ကြမ်းတမ်းသည်။ အလွန်အားကောင်းမောင်းသန်များဖြစ်သည်။ နေလောင်ထားသဖြင့် မျက်နှာများသည် ကြေးနီရောင်ထနေသည်။ အဝတ်များမှာမဲပြာရောင် ချည်ကြမ်းထည်ကြီးများဖြစ်၍ ဖုန်အလိမ်းလိမ်းကပ်ကာ ပေရေညစ်ပတ်နေကြသည်။ မည်သို့ပင်ဖြစ်စေ မနက်စောစောစီးစီးထ၍ ကျောပေါ်တွင် ပန်းခြံကားတင်ခုံကိုပိုးကာ ကင်းဗတ်ကိုချိုင်းတွင်ညှပ်၍ လမ်းမကြီးအတိုင်း လျှောက်သွားနေသော ဗင်းဆင့်သည် အိမ်တိုင်းရှိ အမျိုးသမီးများအဖို့ စိတ်ဝင်စားစရာဖြစ်နေသည်။ သူထွက်လာပြီဆိုပါက အိမ်တိုင်းမှခန်းဆီးများသည် မဟတဟ ပွင့်လာကြသည်။ ပြီးတော့ ခန်းဆီးနောက်မှ ပုန်းလျှိုးကွယ်လျှိုး ကြည့်နေကြသည့် မျက်လုံးများ။ ။ တကယ်တော့ ထိုမျက်လုံးများသည် အထူးအဆန်းတစ်ခုကို ကြည့်နေရသည့်ပုံမျိုးဖြစ်၏။ ထိတ်လန့်ကြောက်ရွံ့ ခြင်းနှင့် မသက်ာခြင်းများကိုလည်း ဖော်ပြနေကြသည်။

အိမ်မှာကျတော့လည်း " တံခါးတစ်ခုဟာ ဖွင့်တဲ့အခါဖွင့်ပြီး ပိတ်တဲ့အခါပိတ်ရမယ် " ဟူသောစကားသည် မမှန်မကန်ဖြစ်နေသည်။ မိသားစုဝင်ချင်းဆက်ဆံရေးသည် အဆင်ပြေသွားသည်ဟုမရှိချေ။ သူ့နှမအယ်လီဇာဘက်သည် သူ့အားမုန်းတီးစက်ဆုတ်သူဖြစ်၏။ သူမအနေဖြင့် ဗင်းဆင့်၏ရူးကြောင်ကြောင် အပြောအဆိုနှင့် အပြုအမူများကြောင့် ဒေါသနှင်၍ အိမ်ထောင်ကျနိုင်မည့် အခွင့်အရေးကို လက်လွတ်ရလိမ့်မည်ဟုထင်ကာ စိုးရိမ်ပူပန်လျက်ရှိသည်။

ဗင်းဆင့်သည် ညစာစားသည့်အခါတိုင်း မိသားစုနှင့် တစ်စားပွဲထဲထိုင်၍စားလေ့မရှိ။ အခန်းထောင့်တစ်နေရာ၌ တစ်ယောက်တည်းထိုင်ကာ စားစရာပန်းကန်ကိုပေါင်ပေါ်တင်၍ စားလေ့ရှိသည်။ တစ်နေ့လုံးဆွဲလာခဲ့သော ပန်းချီကားများကို သူ့ရှေ့ရှိ ကုလားထိုင်ပေါ်၌တင်ကာ ဟာကွက်လိုကွက်များကို လေ့လာရှာဖွေနေတတ်သည်။

သူသည် မိသားစုနှင့် စကားပြောလေ့မရှိ၊ ကျန်လူစုကလည်း သူ့အားအရေးတယူပြု၍ စကားပြောဆိုခြင်းမပြု။ စားပြန်တော့လည်း ဗင်းဆင့်သည် အပေါစားပေါင်မုန့်ကြမ်းကိုသာစားသည်။ သူ့ကိုယ်သူအလိုလိုက်၍ အစားကောင်းတွင် မွေ့လျော်သာယာသွားမည်ကို သူမလိုလား၊ တစ်ခါတရံ မိသားစု

ဝိုင်းထဲမှ တစ်ဦးတစ်ယောက်က သူကြိုက်သော စာရေးဆရာအကြောင်း ပြောသံကြားလျှင် သူ့အာရုံသည် စားပွဲဆီသို့ရောက်လာသည်။ အချိန်အတန်ကြာမျှ ပါဝင်ဆွေးနွေးနေတတ်သည်။ သို့သော်လည်း သူ့မိသားစုကြားတွင် စကားများများပြောလျှင် ပဋိပက္ခဝင်လာတတ်သဖြင့် စကားကို နည်းနိုင်သမျှ နည်းနည်းပြောမှဖြစ်မည်ကို သူနားလည်ထားလေသည်။

(၃)

ဗင်းဆင့်အနေဖြင့် ကွင်းပြင်များအတွင်းသို့ဆင်း၍ သူနှစ်သက်သော ရှုခင်းများကို ပန်းချီဆွဲလာခဲ့သည်မှာ တစ်လနီးပါးခန့် ရှိပြီ။ ထိုအချိန် ရောက်ကာမှပင် သူ့ရင်ထဲ၌ ထူးဆန်းသော ခံစားမှု တစ်ခု ဝင်လာနေသည်။ တခြားတော့မဟုတ်၊ သူပန်းချီဆွဲနေသည်ကို စောင့်ကြည့်ခြင်းခံနေရသည်ဟူသော ခံစားချက်ဖြစ်၏။ သူ့အား နှုန်းမှ လူများက ပြူးတူးပြဲတဲဝိုင်းကြည့်လေ့ရှိသည်ကိုမူ အစကတည်းက သူသိခဲ့ပြီးပြီဖြစ်သည်။ လယ်ကွင်းများထဲ၌ ပေါက်ပြားများဖြင့် အလုပ်လုပ်နေကြသော လယ်သမားများကလည်း သူပန်းချီဆွဲနေသည်ကို တအံ့တသြငေးကြည့်နေတတ်သည်ကိုသူမြင်တွေ့ခဲ့ရဖူး၏။

သို့သော်လည်း အခုသူရင်ထဲ၌ ခံစားနေရသည့်အသိမှာ လက်တွေ့သိထားပြီးဖြစ်သော အသိများနှင့် များစွာခြားနားနေသည်။ သူခံစားနေရသည့် အတိုင်းဆိုပါက သူ့အားတစ်စုံတစ်ယောက်က စောင့်ကြည့်နေရုံသာမက သူသွားလေရာသို့နောက်မှ တကောက်ကောက်လိုက်နေခြင်းဖြစ်၏။ ပထမရက် အနည်းငယ်အတွင်းကတော့ သူသည် လိုက်နေသူနှင့် ကင်းကွာသွားအောင် ကြိုးစားသည်။ သို့သော်လည်း မရချေ၊ သူစိတ်ထဲတွင် သူနောက်မှနေ၍ မျက်လုံးတစ်စုံသည် အမြဲတစေကြည့်နေသည်ဟုပင် ထင်နေမိလေသည်။

သူသည် ထိုသူအား အလစ်ချောင်းဖမ်းမည်ဟူသော စိတ်ကူးဖြင့် ကြည့်ရှုခဲ့သည်အကြိမ်ပေါင်း မနည်းလှတော့ပေ။ သို့သော်လည်း ထိုသူ၏အစအနကိုပင်မမြင်တွေ့ရ။ တစ်ကြိမ်တွင်မူ အမျိုးသမီးတစ်ဦး၏ အဖြူရောင်စကပ်ကို ရိပ်ကနဲ မြင်လိုက်ရသည်ဟုထင်သဖြင့် ဖြတ်ကနဲလှည့်ကြည့်လိုက်သည်။ လူစလူနသည် သစ်ပင်ကြီးတစ်ပင်နောက်သို့ ဝင်ရောက်ပျောက်ကွယ်သွားလေသည်။

နောက်တစ်ကြိမ်တွင် ရက္ကန်းအလုပ်သမားတစ်ဦး၏ တဲမှ သူထွက်လာခိုက် အမျိုးသမီးတစ်ယောက်၏ ပုံသဏ္ဌာန်သည် လမ်းမကြီးအတိုင်း အပြေးအလွှားလျှောက်သွားသည်ကို မြင်လိုက်ရ၏။ ထို့နောက် တတိယအကြိမ်တွင် သဲလွန်စတစ်ခုကို တွေ့ခဲ့ပြန်သည်။ သူသည် တောအုပ်အတွင်း၌ ပန်းချီတစ်ကား ဆွဲနေခိုက် ရေငတ်သဖြင့် ရေကန်တစ်ကန်ဆီသို့သွားသည်။ သူရေသောက်ပြီးပြန်လာသည့်အခါ သူ၏ ဆွဲလက်စပန်းချီကားပေါ်ရှိ စိုစွတ်နေသော ဆီဆေးများပေါ်တွင် လက်ရာများထင်နေသည်ကို တွေ့ရလေ၏။

ဗင်းဆင့်သည် ထိုအမျိုးသမီးအား ဖမ်းမိရန်အတွက် သီတင်းနှစ်ပတ်ကြာမျှ ကြိုးစားခဲ့ရသည်။ တစ်နေ့တွင် သူသည် တောင်ကုန်းထက်၌ မြေတူးနေသူများအား ပန်းချီဆွဲနေသည်။ သူနှင့်မနီးမဝေးတွင် စွန့်ပစ်ထားသည့် လှည်းအိုကြီးတစ်စီးရှိသည်။ အမျိုးသမီးသည် ဗင်းဆင့်အလုပ်လုပ်နေစဉ်အတွင်း ထိုလှည်းကြီး၏နောက်၌ရပ်နေသည်။

ဗင်းဆင့်သည် ဆွဲလက်စပန်းချီကားနှင့် ကားချပ် တင်ခုံကို ရုတ်တရက် သိမ်းဆည်းကာ အိမ်ပြန်တော့မည့်ဟန်ပြုသည်။ အမျိုးသမီး သည်လှည်းနောက်မှ ကသုတ်ကရက်ထွက်ကာ သူ့ရှေ့မှ ပြေးသွားသည်။ ဗင်းဆင့်သည် သူ့အပေါ် သံသယမဝင်စေရန် ကွန်ဒြေမပျက် အိမ်ဘက်သို့ ပြန်လာခဲ့သည်။ သူ့ရှေ့မှ အမျိုးသမီးသည် သူတို့အိမ်ဘေးမှ အိမ်ထဲသို့ ဝင်သွားသည်ကို မြင်လိုက်ရလေ၏။

ထိုည ညစာစားပွဲ၌ မိသားစုဆုံမိကြသည့်အခါ ဗင်းဆင့်က " ဟိုဖက်အိမ်မှာနေတာ ဘယ်သူတွေလဲ အမေ " ဟု မေးသည်။

"ဘီဂျီမင်းမိသားစုကွယ့်"

"သူတို့က ဘယ်လိုလဲ"

"အမေတို့လဲ သူတို့အကြောင်း သိပ်ပြီးမသိပါဘူး ဗင်းဆင့်ရယ်၊ သမီးငါးယောက်နဲ့ မအေကြီး နေကြတာပဲ၊ အဖေက မကြာသေးခင်က ဆုံးသွားတယ်ထင်တယ် "

"သူတို့အနေအထိုင်ကကော"

"ပြောရခက်တယ်၊ နေပုံထိုင်ပုံတွေက သိပ်ပြီး လျှို့ဝှက်တယ်"

"သူတို့က ကက်သလစ်ဘာသာဝင်တွေပဲလား"

"မဟုတ်ဘူးကွယ့်၊ ပရိုတက်စတင့်တွေ"

"မိန်းကလေးတွေအားလုံး အိမ်ထောင်မရှိကြဘူးထင်တယ်"

"ဟုတ်တယ်၊ အားလုံးအပျိုတွေချည်းပဲ၊ မင်းဘာပြုလို့ မေးတာလဲ"

"ကျွန်တော်တစ်ခုစဉ်းစားမိလို့ပါ၊ သူတို့မိသားစုကို ဘယ်သူက ထောက်ပံ့သလဲ"

"တစ်ယောက်မှ မရှိဘူးကွယ့်၊ သူတို့ကိုကြည့်ရတာ ချမ်းသာကြပုံပေါ်တယ်"

" မိန်းကလေးတွေနာမည်ကို အမေသိပုံမပေါ်ဘူး. . . ဟုတ်လား"

သူ့အမေက ဗင်းဆင့်အား အံ့အားသင့်ပြီး ကြည့်နေသည်။ "အေး ဟုတ်တယ်၊ အမေတော့ တစ်ယောက်ကိုမှ မသိဘူး"

✧✧✧✧

နောက်နေ့မနက်တွင် ဗင်းဆင့်သည် ယမန်နေ့က သူပန်းချီဆွဲခဲ့သည့် လယ်ကွင်းထဲမှ နေရာကိုပင် ပြန်သွားခဲ့သည်။ ခြောက်သယောင်းပြီး ကြွေကျနေကြသော သစ်ရွက်များရှိရာ ခြံစည်းရိုးတစ်ခုကို နောက်ခံပြုနေသည့် မှည့်ဝင်းနေသော ကျုံးခင်းများကြားတွင် အပြာရောင်ဝတ်စုံနှင့် ယာသမားများသည် လှုပ်ရှားလျက်ရှိကြ၏။ တကယ်တော့ ယာသမားများသည် သူတို့ဖာသာ သူတို့ရက်လုပ်ထားသည့် ချည်ကြမ်းကြီးများကို ကိုယ့်ဖာသာကိုယ်ချုပ်လုပ်၍ ဝတ်ဆင်ထားကြခြင်း ဖြစ်၏။

အမှန်တော့ သူတို့၏ဝတ်စုံများသည် အပြာရောင်သက်သက်မဟုတ်ချေ၊ အနက်တွင် အပြာစင်းများ ဖောက်ထားခြင်းဖြစ်သည်။ နှစ်နှင့်ချီ၍လေဒဏ် မိုးဒဏ်၊ နေဒဏ်နှင့် ဆောင်းဒဏ်များကို ခံထားရသဖြင့် အရောင်များသည် ခပ်ဖျော့ဖျော့ ဖြစ်နေကြပြီ။ ဗင်းဆင့်အဖို့ကတော့ ထိုရှုမြင်ကွင်းသည် မက်မောစရာဖြစ်သဖြင့် ထိုပုံကို အမိအရဆွဲယူလိုသည်။ ထို့ကြောင့်လည်း ဤနေရာသို့ ပြန်လာခဲ့ခြင်းဖြစ်၏။

နေထန်းတစ်ဖျားခန့်ရှိလာသည့်အခါ ဗင်းဆင့်သည် သူ့နောက်ဖက်တစ်နေရာ၌ အမျိုးသမီးရောက်နေပြီဟု စိတ်ထဲကခံစားလာရသည်။ သူသည် မသိမသာ အလစ်တွင် ချောင်းကြည့်သည်။ အမျိုးသမီး၏ စကပ်စသည်လှည်းကြီး၏နောက်နား၌ ရှိနေသည်ကို သူသတိထားမိသည်။

"ငါ သူ့ကို ဒီနေ့တော့ မိအောင်ဖမ်းမယ်" ဟု ဗင်းဆင့်က တိုးတိုးရေရွတ်သည်။ "တကယ်လို့ အလုပ်ပျက်ချင်လဲပျက်ပစေတော့"

သူသည် သူမြင်နေရသည့်ရှုခင်းကို တအားကုန် အာရုံစူးစိုက်ကာ အားသွန်ခွန်စိုက် ဒလကြမ်းရေးဆွဲသည်။ သူမြင်နေရသည့်ရှုခင်း၏ အသွင်မပြောင်းမီ အမိအရဖမ်းမိထားရန် လိုအပ်သည်မဟုတ်ပါလား။ ရှေးခေတ်က ဒတ်ချ်ပန်းချီဆရာကြီးများ၏ ပန်းချီကားများကို သူမြင်ယောင်မိသည်။ ထိုဆရာကြီးများ၏ လက်ရာကိုကြည့်လျှင် သူတို့မြင်တွေ့နေရသည့် ရှုခင်းကို မိမိရရ ဖမ်းယူရေးအတွက် စုတ်ချက်များအမြန်တင်လေ့ရှိကြသည်မှာ ထင်ရှားသည်။ ထိုဆရာကြီးများသည် စုတ်ချက်တစ်ချက်တင်ပြီးပါက ထိုစုတ်ချက်ကို ထပ်မံပြုပြင်ရန် ဂရုမပြုတော့၊ ထိုစုတ်ချက်မှတဆင့် နောက်စုတ်ချက်များကိုသာ လျှင်မြန်စွာ ရေးဆွဲသွားလေ့ရှိ၏။ ထို့ကြောင့်လည်း သူတို့၏စိတ်ထဲ၌ ပထမဆုံး စွဲထင်နေသည့် မြင်ကွင်းကို သူ့သဘာဝအတိုင်း ရရှိခဲ့ကြခြင်းဖြစ်၏။ တကယ်တော့ ထိုအချက်သည် ပန်းချီဆရာ၏ ပြောင်မြောက်သော အနုပညာ၏ အဓိကရည်မှန်းချက်တစ်ခု မဟုတ်ပါလော။

ဗင်းဆင့်သည် သူ့ပန်းချီကားကို အရူးအမူး စိတ်ဝင်စားပြီး ဆွဲနေမိသဖြင့် အမျိုးသမီးကို မေ့သွားသည်။ နောက်တစ်နာရီခန့်အကြာ သတိရ၍ လှည့်ကြည့်လိုက်သည့်အခါ လှည်းနောက်၌ မတ်တပ်ရပ်နေသော အမျိုးသမီးကို လှမ်းမြင်နေရသည်။ သူသည် ဖြတ်ကနဲ ပြေးသွားပြီး သူမအား ဖမ်းချုပ်ထားလိုစိတ် ဖြစ်ပေါ်လာသည်။ ဘာ့ကြောင့် တစ်နေ့လုံး တစ်ချိန်လုံး သူ့နောက်မှ တကောက်ကောက် လိုက်နေရသလဲဟူ မေးချင်စိတ်လည်း ဖြစ်ပေါ်နေသည်။ သို့သော်လည်း ဆွဲလက်စ ပန်းချီကို ရပ်ထား၍မဖြစ်။ နောက် ခဏမျှအကြာတွင် သူသည် နောက်သို့ တစ်ကြိမ် လှည့်ကြည့်မိပြန်၏။ ဤတစ်ကြိမ်တွင်မူ အမျိုးသမီးသည် လှည်းရှေ့၌ ရပ်နေသည်ကို တွေ့ရသည်။ သူ့အား စိုက်ကြည့်နေသည်ကို မြင်ရသည့်အခါ ဗင်းဆင့်သည် မျှားစွာ အံ့အားသင့်မိသည်။ ပထမဆုံးအကြိမ် လူမြင်ကွင်းထဲသို့ ထွက်၍ ရပ်နေခြင်းပေတည်း။

ဗင်းဆင့်သည် သူ့ပန်းချီကားပေါ်၌သာ အာရုံစူးစိုက်ထားသည်။ သူ့ရင်တွင်းမှ ပြင်းထန်သော ခံစားချက်များကို ကင်းဗတ်ပေါ်၌ စုတ်ချက်များ တစ်ချက်ပြီးတစ်ချက် ချနေခိုက်တွင် အမျိုးသမီးသည် သူ့ဆီသို့ လျှောက်လာနေသည်ဟု စိတ်ထဲက သိနေသည်။ သူသည် နောက်တစ်ကြိမ် ဖြတ်ကနဲ လှည့်ကြည့်ပြန်သည်။ အမျိုးသမီးသည် ကယောင်ကတန်း လမ်းလျှောက်နေသူ

တစ်ဦးနှင့် တူလှချေသည်။ သူမသည် လျှောက်လာလိုက်၊ ရပ်နေလိုက်နှင့်ပင် သူ့အနီးသို့ ဖြည်းဖြည်းချင်း ကပ်လာနေသည်။ ကြည့်ရသည်မှာ တစ်စုံတစ်ခု သော တန်ခိုးတစ်ခုက သူမအား တွန်းပို့ပေးနေသည့် ပုံစံမျိုးဖြစ်၏။

ဗင်းဆင့်သည် နောက်ထပ်လှည့်မကြည့်တော့ပေ။ စိတ်ထဲကတော့ အမျိုးသမီးသည် သူ့အနားရောက်လာပြီဟု သိနေသည်။ သူသည် ဖြတ်ကနဲ လှည့်ကာ အမျိုးသမီးနှင့် မျက်နှာချင်းဆိုင်လိုက်သည်။ အမျိုးသမီး၏ မျက်လုံး အစုံကို စူးစူးရဲရဲ စိုက်ကြည့်သည်။ အမျိုးသမီး၏မျက်နှာသည် ထိတ်လန့် ကြောက်ရွံ့ခြင်းကို ဖော်ပြနေသည်။ သူမသည် သူမ၏ ရင်တွင်းခံစားချက်ကို ဖုံးဖိ၍ ရဟန်မတူ။

အမျိုးသမီးသည် ဗင်းဆင့်၏မျက်နှာကိုမကြည့်၊ ဆွဲလက်စ ပန်းချီကား ကိုသာ စိုက်ကြည့်နေသည်။ ဗင်းဆင့်က သူမထံမှ စကားစအပြောကို စောင့်နေ သည်။ သူမကတော့ ငြိမ်ဆိတ်နေသည်။ ဗင်းဆင့်သည် မျက်နှာကို သူ့ပန်းချီကား ဘက်သို့ ပြန်လှည့်လိုက်သည်။ သူသည် ပန်းချီကားကို အပြီးသတ် သွားသည် အထိ ဆက်ဆွဲနေသည်။ အမျိုးသမီးထံမှ လှုပ်ရှားသံမကြား။ သူမ၏အင်္ကျီသည် သူ့ကုတ်အင်္ကျီနှင့် ထိနေသည်ကို ဗင်းဆင့်သိနေသည်။

နေအတော်စောင်းသွားပြီ။ အမျိုးသမီးသည် လယ်ကွက်ထဲ၌ နာရီ ပေါင်းများစွာ အကုန်ခံ၍ ရပ်နေသည်။ ဗင်းဆင့်သည် အဆမတန် ပင်ပန်း နွမ်းနယ် လာသည်။ ဖန်တီးမှုတစ်ခုအတွက် သူ့တွင်ရှိသမျှ ခွန်အားများသည် ကုန်ခန်း လုနီးပါး ဖြစ်သွားခဲ့ပြီ။ သူသည် ထိုင်ရာမှထကာ နောက်သို့ လှည့်လိုက်သည်။

အမျိုးသမီး၏ ပါးစပ်သည် ခြောက်သွေ့နေသည်။ သူမသည် အောက် နှုတ်ခမ်းကိုရော အထက်နှုတ်ခမ်းကိုပါ လျှာဖြင့်လျက်ကာ သက်သာအောင် လုပ်လျက်ရှိသည်။ အသက်ရှူကျပ်နေဟန်လည်းရှိ၏။ သူမ၏လက်တစ်ဖက်ဖြင့် လည်ပင်းကို ဆုပ်ကိုင်ထားသည်။ စကားပြောဖို့လည်း ကြိုးစားနေသည်။ သို့သော်လည်း သူမထံမှ စကားတစ်ခွန်းမှ ထွက်မလာ။

"ကိုယ့်နာမည်က ဗင်းဆင့်ဗင်ဂိုးလို့ခေါ်တယ်။ မင်းတို့ အိမ်ဘေးက အိမ်မှာနေတယ်" ဟု ဗင်းဆင့်က ပြောသည်။ "မင်းသိမယ်လို့ ထင်တယ်"

"ဟုတ်ကဲ့"

အသံမှာ တိုးတိုးကလေးဖြစ်သည်။ တိုးလွန်းသဖြင့် ကောင်းကောင်း မကြား၏။

"ဘီဂျိမင်း ညီအစ်မတွေထဲမှာ မင်းက နံပါတ်ဘယ်လောက်လဲ"

အမျိုးသမီးသည် ယိမ်းယိုင်လှုပ်ရှားလျက်ရှိသည်။ လက်တစ်ဖက်ဖြင့် ဗင်းဆင့်၏ အင်္ကျီလက်ကို လှမ်းဆွဲထားသည်။ သူမသည် နောက်ထပ် စကားပြောရန် အားထုတ်လျက်ရှိသည်။

"မာဂျို"

"ဒီလိုဆိုရင် ကိုယ် တစ်ခုမေးမယ်။ မင်း ကိုယ့်နောက်က ဘာပြုလို့ လိုက်နေတာလဲ. . မာဂျိုဘိကျိမင်း၊ မင်းလိုက်နေတာ ကြာပြီ၊ ကိုယ်သိ နေတာလဲကြာပြီ"

သူမ၏လက်သည် ဗင်းဆင့်၏ လက်မောင်းကို ပြောင်း၍ ဆုပ်ကိုင်ကာ အားပြုထားသည်။ ထို့နောက် မြေပေါ်သို့ လဲကျကာ သတိလစ်သွားသည်။

ဗင်းဆင့်သည် ကပြာကယာ ဒူးထောက်ထိုင်ပြီး လက်တစ်ဖက်ဖြင့် သူမ၏ခေါင်းကို ထူသည်။ နဖူးပေါ်ကျနေသည့် ဆံပင်များကို သပ်၍ တင်ပေး သည်။ နေဝင်လုဆဲဆဲအချိန်ဖြစ်သဖြင့် လယ်ကွင်းများပေါ်သို့ အနီရောင် ကွက်များဖြင့် ပက်ဖြန်းပေးထားသည်။ ယာသမားများသည် နွေးကွေးလေးလံ သော ခြေလှမ်းများဖြင့် အိမ်ဘက်သို့ ဦးတည်ကာ ပြန်သွားနေကြလေပြီ။

လယ်ကွင်းထဲတွင် ဗင်းဆင့်နှင့် မာဂျို နှစ်ယောက်တည်း ကျန်ရစ် ခဲ့သည်။ ဗင်းဆင့်သည် မာဂျို၏မျက်နှာကို အသေအချာ ငုံ့ကြည့်မိသည်။ မာဂျိုသည် မိန်းမချောတစ်ယောက်တော့ မဟုတ်။ အသက်မှာ သုံးဆယ်တွင်းဟု ခန့်မှန်းရ၏။

ဗင်းဆင့်၏ ရေပူးထဲတွင် ရေအနည်းငယ် ကျန်သေးသည်။ သူသည် ပန်းချီဆေးသုတ်သည့် အဝတ်ဖြင့် ရေဆွတ်ကာ မာဂျို၏ မျက်နှာကို သုတ်ပေးသည်။ ရုတ်တရက် မာဂျို၏ မျက်လုံးများသည် ပွင့်လာကြသည်။ လှပသော အညိုရောင်မျက်လုံးများဖြစ်၏။ သူသည် ရေအနည်းငယ်ကို လက်ဖြင့် ဆွတ်ကာ မာဂျို၏ မျက်နှာကို ပွတ်ပေးသည်။ သူမ၏တစ်ကိုယ်လုံး တုန်ယင်နေ သည်ကို သူသတိ ပြုမိ၏။

"မင်း ဘယ်လိုနေသေးလဲမာဂျို၊ သက်သာသွားပြီလား" ဟု သူက မေးသည်။ မာဂျိုသည် တစ်ခဏမျှမှိန်းနေသည်။ ပြီးတော့ ဗင်းဆင့်၏စိမ်းပြာပြာ မျက်လုံးများကို စိုက်ကြည့်နေသည်။ စူးရှသော၊ နားလည်မှုရှိသော၊ သဘော မနောကောင်းသော မျက်လုံးများဖြစ်၏။ ထို့နောက် မာဂျိုသည် ရှိုက်ကြီးတငင် ငိုချလိုက်ကာ သူမ၏လက်များဖြင့် ဗင်းဆင့်၏ လည်ပင်းကို တအားသိမ်းဖက် ထားသည်။

(၄)

နောက်တစ်နေ့တွင် သူတို့သည် ရွာနှင့် အတော်အလှမ်းဝေးသောနေရာ၌ ခြိန်းထားသည့်အတိုင်း ဆုံကြသည်။ မာဂေါသည် ကြော့မော့လှပနေအောင် ပြင်ဆင်ဝတ်စားလာသည်။ သူမသည် မနေ့ကလိုတော့မဟုတ်။ သူ့ကိုယ်သူ ထိန်းထိန်းသိမ်းသိမ်း ရှိနေသည်။ သူမကိုမြင်သည့်အခါ ဗင်းဆင့်သည် လက်ထဲမှ ပန်းခြံဆေးစပ်သည့် ပျဉ်ပြားကို ချထားလိုက်သည်။ မာဂေါတွင် ကေးလို နူးညံ့သိမ်မွေ့သောအလှမျိုးမရှိ။ ခရစ္စတင်းနှင့် ယှဉ်လိုက်သည့်အခါတွင်မူ မာဂေါသည် အလွန် ဆွဲဆောင်မှုရှိသည့် အမျိုးသမီးတစ်ယောက် ဖြစ်နေသည်။

သူသည် ထိုင်ရာမှ ထရပ်ကာ ခရီးဦးကြိုပြုသည်။ သို့သော်လည်း ဘယ်လိုပုံစံမျိုးဖြင့် ပြုမူပြောဆိုရမည်ကို မသိပဲဖြစ်ကာ ယောင်လည်လည် ဖြစ်နေသည်။ ဗင်းဆင့်သည် အခုလို အထက်တန်းကျကျ ဝတ်စားဆင်ယင်ထားသည့် အမျိုးသမီးများနှင့် အထိအတွေ့အဆက်အဆံ နည်းသူဖြစ်၏။ အထက်တန်းစားဆိုသည့် ဒတ်ချ်အမျိုးသမီးများသည် သူ့အတွက် စွဲမက်စရာမဟုတ်။ သူတို့နှင့်စာလျှင် အိမ်စေမိန်းကလေးများကို ပို၍ ခင်မင်နှစ်သက်သူဖြစ်၏။

မာဂေါကတော့ သူ့ကိုဖက်၍ သူ့နှုတ်ခမ်းကို အသာအယာ နမ်းသည်။ နှစ်ကာလကြာလာပြီဖြစ်သော ချစ်သူချင်း နှုတ်ဆက်သည့်ပုံမျိုး ရိုးရိုးရှင်းရှင်း ကလေး နှုတ်ဆက်ခြင်းဖြစ်၏။ သူ့နှုတ်ခမ်းကို နမ်းချိန်တွင် မာဂေါ၏ ကိုယ်သည် တုန်ယင်နေသည်။ ဗင်းဆင့်က သူ့ကုတ်အင်္ကျီကို ဖြန့်ခင်းပေးပြီး မာဂေါအား ထိုင်ခိုင်းသည်။ သူကတော့ သူ့ခွေးခြေခုံပေါ် ပြန်ထိုင်သည်။ မာဂေါသည် ဗင်းဆင့်၏ဒူးကို မှီထိုင်ပြီး ဗင်းဆင့်၏မျက်နှာကို အလွန်ချစ်ခင်လေးစားသည့် မျက်နှာထားဖြင့် ကြည့်နေသည်။

"ဗင်းဆင့်"

"ဘာလဲ. . . မာဂေါ"

"မနေ့ညက မာဂေါနဲ့ ပတ်သက်ပြီး မကောင်းတာတွေ မတွေးမိဘူးလား"

"မတွေးမိပါဘူး၊ ဘာ့ကြောင့် တွေးရမှာလဲ"

"ဗင်းဆင့်အနေနဲ့ မယုံကြည်နိုင်အောင်ကော ဖြစ်မနေဘူးလား။ မာဂေါ မနေ့က ရှင့်ကိုနမ်းမိခဲ့တယ် မဟုတ်လား။ မာဂေါအဖို့တော့ ယောကျ်ားတစ်ယောက်ကို ပထမဆုံးအကြိမ် နမ်းခဲ့မိခြင်းပါ"

"မင့်မှာ ချစ်သူမရှိခဲ့ဖူးလား"

"ဟင့်အင်း. . . တစ်ယောက်မှ မရှိခဲ့ဖူးဘူး"

"ဖြစ်မှဖြစ်ရပလေ"

မာဂေါသည် အတန်ကြာမျှ ငြိမ်နေသည်၊ "ရှင်ကတော့ မိန်းမတွေကို ချစ်ခဲ့ဖူးမှာပေါ့နော်"

"အင်း. . ချစ်ခဲ့ဖူးတယ်"

"အများကြီးလား"

"ဟင့်အင်း. . . မများပါဘူး သုံးယောက်တည်းပါ"

"သူတို့ကလဲ ရှင့်ကို ချစ်ကြမှာပေါ့နော်"

"ဟင့်အင်း. . . မချစ်ဘူး"

"ဟင်. . . . . ဘယ်လိုဖြစ်တာလဲ။ သူတို့ကလဲ ချစ်ရမှာပေါ့"

"ကိုယ်က အချစ်ရေးမှာ အမြဲတန်း ကံခေတယ်"

မာဂေါသည် ဗင်းဆင့်အနားသို့တိုး၍ ထိုင်သည်။ သူမ၏ လက်တစ်ဖက်ဖြင့် ဗင်းဆင့်၏မျက်နှာကို တယုတယ ကိုင်တွယ်စမ်းသပ်ကြည့်သည်။ နဖူး၊ နှာခေါင်း၊ ပါး၊ ပါးစပ်နှင့် မေးစေ့. . အားလုံးကို စမ်းသပ်ကြည့်နေခြင်းဖြစ်၏။

"ရှင်ဟာ အတော့်ကို သန်မာထွားကြိုင်းတဲ့ လူတစ်ယောက်ပဲ။ ရှင့်လို ယောကျ်ားမျိုးကို ကျွန်မ အရင်က တစ်ယောက်မှ မမြင်ခဲ့ဖူးဘူး"

ဗင်းဆင့်က မာဂေါ၏ မျက်နှာကို သူ့လက်နှစ်ဖက်ဖြင့် ညှပ်ကိုင်ကာ သူ့ဘက်သို့ ခပ်ကြမ်းကြမ်း ဆွဲယူလိုက်သည်။

"ရှင်. . . မာဂေါကို နည်းနည်းပါးပါးတော့ သဘောကျတယ်မဟုတ်လား" ဟု စိုးရိမ်မကင်းသော လေသံဖြင့် မေးသည်။

"သဘောကျပါတယ်"

"ရှင် မာဂေါကို မနမ်းတော့ဘူးလား"

ဗင်းဆင့်က မာဂေါ၏နှုတ်ခမ်းကိုနမ်းသည်။

"မာဂေါကို အထင်အမြင်မသေးပါနဲ့ ဗင်းဆင့်ရယ်။ မာဂေါလေ၊ ကိုယ့်စိတ်ကိုယ် မထိန်းနိုင်လို့ပါ။ မာဂေါလေ. . ရှင့်ကို ချစ်တယ်"

"မင်းက ကိုယ့်ကို ချစ်တယ်။ ဟုတ်လား၊ တကယ်ပြောတာလား။ ဘာပြုလို့ ချစ်တာလဲ"

မာဂေါက ဗင်းဆင့်အား တစ်ချက်ပြန်နမ်းသည်။ "အဲဒါကြောင့်ပဲ" ဟု ပြောသည်။

နှစ်ယောက်သား ငြိမ်ဆိတ်စွာ ထိုင်နေကြသည်။ သူတို့နှင့် မနီးမဝေး တွင် သုဿန်ရှိသည်။ လယ်သမားများ ခေါင်းချရာ နေရာဖြစ်၏။ ဗင်းဆင့်သည် ထိုသုဿန်ကိုကြည့်ကာ သေခြင်း၏အနက်အဓိပ္ပာယ်ကို ကင်းဗတ်ပေါ်၌ ပုံဖော်ရန် အားထုတ်လျက်ရှိသည်။ သူဖော်လိုသည့်ပုံမှာ ဆောင်းဦးပေါက်တွင် အပင်မှ ကြွေကျလာသည့် သစ်ရွက်ကလေးတစ်ရွက်ကဲ့သို့ ရိုးရိုးရှင်းရှင်းကလေး ပြနိုင်ရန် ရည်ရွယ်သည်။ သုဿန်၏ ပတ်ပတ်လည်တွင် မြက်ခင်းပြင်ရှိသည်။ မြက်ပင်များသည် သုဿန်အုတ်တံတိုင်းအစပ်တွင် ဆုံးသည်။ အုတ်တံတိုင်း၏တစ်ဖက်ကို မျှော်ကြည့်လိုက်လျှင် တမျှော်တခေါ်ဖြစ်နေသော မြက်ခင်းပြင်သည် ပင်လယ်အစပ်မှ မိုးကုပ်စက်ဝိုင်းနှင့် တူလှချေသည်။

"ရှင် မာဂျေါအကြောင်းကို ဘယ်လောက်အထိ သိထားသလဲ ဗင်းဆင့်" ဟု မာဂျေါက တိုးတိုးညှင်းညှင်း မေးသည်။

"နည်းနည်းလေးပဲ သိတယ်"

"သူတို့ကပြောပြတာလား၊ အခြားလူတွေကကော ပြောမပြကြဘူးလား၊ ကျွန်မအသက်. . . "

"ဟင်အင်း"

"မာဂျေါအသက်ဟာ သုံးဆယ့်ကိုးနှစ်တောင် ရှိနေပြီ။ နောက်လေးငါးလဆိုရင် အသက်လေးဆယ် ပြည့်တော့မယ်။ လွန်ခဲ့တဲ့ ငါးနှစ်လောက်ကဆိုရင် ငါ ဒီအရွယ်အထိ တစ်ယောက်ယောက်ကိုမှ မချစ်သေးရင် ငှက်ကိုယ်ငါသတ်သေဖို့ပဲ ကောင်းတော့တယ်လို့တောင် တွေးမိခဲ့တယ်"

"လူတစ်ယောက်ကို ချစ်ဖို့ဆိုတာ လွယ်ပါတယ်. . မာဂျေါရယ်"

"အော်. . . ရှင် အဲသလိုပဲ ထင်သလား"

"ဟုတ်တယ်၊ ပြန်ပြီး အချစ်ခံရဖို့ကသာ ခက်ခဲတာ"

"မာဂျေါကတော့ အဲသလို မထင်ဘူး။ နှုန်းမှာဆိုရင်တော့ ဒါမျိုးဖြစ်ဖို့ သိပ်ခက်တယ်၊ မာဂျေါအနေနဲ့ တစ်ယောက်ယောက်ကို ချစ်ဖို့ ကြိုးစားခဲ့တာ နှစ်ပေါင်းနှစ်ဆယ်ကျော်ခဲ့ပြီ။ ချစ်လို့ကို မရခဲ့ဘူး"

"တစ်ခါမှကို ချစ်လို့မရခဲ့ဘူးလား"

မာဂျေါသည် မျက်နှာကို တစ်ဖက်သို့လွှဲကာ အဝေးသို့ မျှော်ကြည့်နေသည်။ "တစ်ခါတုန်းကတော့. . . မာဂျေါ အသက်ငယ်ငယ်ပဲ ရှိပါသေးတယ်။ ကောင်လေးတစ်ယောက်ကို မာဂျေါ သဘောကျခဲ့ဖူးတယ်"

"အော်. . . ဟုတ်လား"

"သူက ကက်သလစ်ဘာသာဝင်တစ်ယောက်ပေါ့၊ သူတို့က သူ့ကို မောင်းထုတ်လိုက်ကြတယ်"

"သူတို့က. . . ဟုတ်လား. . . သူတို့ဆိုတာ ဘယ်သူတွေလဲ"

"မာဂျေါအမေနဲ့ ညီအစ်မတွေပေါ့"

မာဂျေါသည် မြေပေါ်တွင် ဒူးနှစ်ဖက်ထောက်၍ ထိုင်လိုက်သည်။ သူမ၏ လှပသော အဖြူရောင် စကပ်အနားများသည် မြေမှုန့်များဖြင့် ပေရေစပတ်ကုန်သည်။ သူမသည် သူမ၏ တံတောင်များကို သူ့ပေါင်ပေါ်တွင် ထောက်ထားလိုက်သည်။

"မိန်းမတစ်ယောက်ရဲ့ ဘဝမှာ အချစ်မရှိရင် အချည်းနှီးပဲလို့ မာဂျေါကတော့ ထင်တယ်"

"ကိုယ်သိပါတယ်"

"မနက်တိုင်း အိပ်ရာကနိုးလာရင် ကျွန်မကိုယ်ကျွန်မ ပြောမိတယ်။ ဒီနေ့တော့ဖြင့် ငါ ချစ်သူတစ်ယောက် တွေ့မှာသေချာတယ် လို့။ တခြားမိန်းမတွေလဲ ချစ်သူတွေ ရှာလို့တွေ့နေကြတာပဲ။ ငါက ဘာ့ကြောင့်မတွေ့ရတာလဲလို့၊ အဲဒီနောက် ညရောက်လာလို့ အိပ်ရာဝင်တော့ စိတ်ဆင်း ရဲရတယ်။ ဟင်းလင်းပြင်တစ်ခုလို ဖြစ်နေတဲ့ ဘဝထဲမှာ ရက်ပေါင်း အမြောက်အများ အကုန် ခံပြီးနေခဲ့ရတာဟာ ဘယ်လောက်ဆိုးသလဲ။ ဗင်းဆင့် စဉ်းစား ကြည့်ပေါ့. . ။

"အိမ်မှာဆိုရင် မာဂျေါမှာ လုပ်စရာအလုပ် ဘာမှမရှိဘူး၊ မာဂျေါတို့မှာ အိမ်စေတွေက အများကြီး။ အခြံန်ရှိသမျှ အချစ်ကိုသာ တမ်းတပြီးနေရတာ ညတိုင်းပဲ၊ တစ်နေ့ကျရင်တော့ ငါချစ်နိုင်တဲ့ ယောကျ်ားတစ်ယောက်ကို မတွေ့ပဲ မနေပါဘူး၊ တွေ့မှာပေါ့ လို့ ကျွန်မကိုယ်ကျွန်မ အားပေးရတယ်။ အဲသလိုနဲ့ပဲ ကျွန်မရဲ့ မွေးနေ့တွေကို ဖြတ်သန်းလာခဲ့ရတယ်။ သုံးဆယ့်ခုနှစ်၊ သုံးဆယ့်ရှစ်နှစ်၊ ပြီးတော့. . . ၊ အခု သုံးဆယ့်ကိုးနှစ်. . ၊ အသက်လေးဆယ်ပြည့်တဲ့အထိ ချစ်သူမရှိပဲ နေရတော့မှာလား. . . . ၊ အဲဒီအခြံန်မှာ မာဂျေါ ချစ်နိုင်တဲ့ ဗင်းဆင့်ဟာ ရောက်လာတာပဲ။ အခုဆိုရင် မာဂျေါမှာ ချစ်တဲ့သူ ရှိနေပြီ"

မာဂျေါသည် အောင်ပွဲကြီးတစ်ခုကို ရရှိလိုက်သည့် လူတစ်ယောက်နှင့် တူနေသည်။ သူမ၏ ခံစားမှုများကို လှိုက်လှိုက်လှဲလှဲ ဖော်ပြနေခြင်းဖြစ်၏။ ဗင်းဆင့်ကိုယ်တိုင်ပင်လျှင် မာဂျေါကိုကြည့်ကာ ထိထိခိုက်ခိုက် ဖြစ်နေရသည်။ သူသည် မာဂျေါအား တယုတယ နမ်းမိသည်။ မာဂျေါကလည်း သူ့လည်ပင်းကို သိုင်းဖက်ကာ တုံ့ပြန်သည်။ ဗင်းဆင့်အဖို့ သူ့ဘဝတစ်သက်တာတွင် ပထမဆုံး

အကြိမ် မိန်းမတစ်ယောက်၏ အရူးအမူးချစ်ခြင်းကို ခံယူရရှိခြင်းဖြစ်သဖြင့် တစ်ကိုယ်လုံး တုန်ယင်လျက်ရှိလေသည်။

"ဗင်းဆင့်အနေနဲ့ မာဂျေါကို မချစ်ဘူးဆိုတာ မာဂျေါ သိပါတယ်" ဟု မာဂျေါက တိုးတိုးသာသာ ပြောသည်။ "မာဂျေါကို ပြန်ချစ်ပါလို့ ပြောရင် မာဂျေါ ဖက်က အလွန်အကျွံတောင်းခံရာ ရောက်သွားတော့မှာပေါ့။ မပေးနိုင်တာတစ်ခု ကို ဇွတ်အတင်း တောင်းခံနေလို့ ဘယ်ဖြစ်ပါ့မလဲ. . . ။ တကယ်တော့ ဘုရား သခင်ဆီမှာ မာဂျေါ ဆုတောင်းခဲ့တာက မာဂျေါချစ်တဲ့လူကို ရှာတွေ့ဖို့ပါ။ မာဂျေါ အနေနဲ့ မာဂျေါကို ချစ်တဲ့လူ ရှာတွေ့ဖို့ အိပ်မက်တောင်မှ မမက်ခဲ့ပါဘူး။ အမှန်တော့ ကိုယ်ကချစ်ဖို့သာ အရေးကြီးတာပါ။ ကိုယ်က အချစ်ခံရဖို့ဆိုတာက အဓိကမဟုတ်ပါဘူး။ မာဂျေါပြောတာ မှန်တယ်မဟုတ်လား ဗင်းဆင့်"

ဗင်းဆင့်သည် အာဆူလာနှင့် ကေးတို့ကို သတိရသည်။ "ဟုတ်တာပေါ့" ဟုလည်း ရေရွတ်သည်။ မာဂျေါသည် သူ့ခေါင်းကို ဗင်းဆင့်၏ဒူးတစ်ဖက် ပေါ်တွင် မှေးတင်ထားသည်။ ပြီးတော့ ပြာသော မိုးကောင်းကင်ဆီသို့ တွေဝေငေးမောနေသည်။ "မာဂျေါ တစ်ခုပြောထားချင်တယ်၊ မာဂျေါကို ဗင်းဆင့်နဲ့ လိုက်ခွင့်ပြုမယ် မဟုတ်လား။ တကယ်လို့ ဗင်းဆင့်က စကားမပြောချင်ဘူးဆိုရင် လဲမပြောပါနဲ့။ မာဂျေါက စကားတစ်လုံးမှ မပြောပဲ ဘေးနားက ထိုင်နေပါ့မယ်။ မာဂျေါကို ဗင်းဆင့်အနားမှာ နေခွင့်ပြုရင် လုံလောက်ပါတယ်။ ဗင်းဆင့်ရဲ့ အလုပ်ပျက်အောင် မာဂျေါ မနှောင့်ယှက်ပါဘူးလို့ ကတိပေးပါမယ်"

"မင်းလာချင်ရင် လာနိုင်ပါတယ်၊ ဒါပေမယ့် နှုန်းမှာ မင်းချစ်နိုင်တဲ့ ယောကျ်ားတစ်ယောက်မှမရှိရင် တခြားဒေသကို သွားပါလား. . ။ အနည်းဆုံး အလည်အပတ် ခရီးဖြစ်ဖြစ်ပေါ့။ မင့်မှာ ငွေမရှိဘူးလား"

"ငွေကတော့ အများကြီးရှိတယ်။ မာဂျေါရဲ့ အဖိုးက မာဂျေါအတွက် ဝင်ငွေကောင်းကောင်း ထားခဲ့တာ"

"ဒီလိုဆိုရင် မင်း အမ်စတာဒမ်ကိုဖြစ်ဖြစ် ဟော့ဂ်ကိုဖြစ်ဖြစ် ဘာပြုလို့ မသွားတာလဲ၊ အဲဒီမှာဆိုရင် မင်းအတွက် စိတ်ဝင်စားစရာ ယောကျ်ားတွေ တွေ့နိုင်မှာ"

"သူတို့က မာဂျေါကို သဘောကျကြမယ်မထင်ဘူး"

"မင့်ညီမတွေအားလုံး အိမ်ထောင်မကျကြသေးဘူးလား"

"မာဂျေါတို့ ငါးယောက်စလုံး အပျိုတွေချည်းပဲ အချစ်ရဲ့"

မိန်းမတစ်ယောက်က သူ့အား "အချစ်" ဟု ခေါ်သံကို သူတစ်သက်

တွင် ပထမဆုံးအကြိမ် ကြားရခြင်းပေတည်း။ သူ့ရင်ထဲတွင် စူးစူးရှရှ နာကျင်သောဝေဒနာကို ခံစားရသည်။ လူတစ်ယောက်အား ချစ်နေပါလျက်နှင့် ပြန်၍ အချစ်မခံရခြင်းသည် အလွန်စိတ်ဆင်းရဲရသော ကိစ္စဖြစ်၏။ အရင်က ဤအဖြစ်မျိုးနှင့် ရင်ဆိုင်ခဲ့ရသော ဗင်းဆင့်သည် မာဂျေါအပေါ်တွင် များစွာ ကိုယ်ချင်းစာမိသည်။

သူ့အပေါ်၌ မာဂျေါကထားရှိသော အချစ်သည် ထူးထူးဆန်းဆန်း မတော်တဆ ပေါက်ဖွားလာခဲ့သည့် အချစ် အမျိုးအစားတစ်ရပ်ဟု သူထင်မိ၏။ မည်သို့ပင်ဖြစ်စေ "ချစ်သည်" ဟူသော ရိုးရိုးစင်းစင်း စကားကို မာဂျေါ၏ပါးစပ်မှ လေးလေးနက်နက်နှင့် လှိုက်လှိုက်လဲ့လဲ့ ထွက်လာခြင်းဖြစ်သဖြင့် ဗင်းဆင့်အဖို့ စိတ်လှုပ်ရှားစရာ ဖြစ်ခဲ့ရ၏။ သူသည် မာဂျေါအား တယုတယ ပွေ့ဖက်ထားခဲ့မိလေသည်။

"ဗင်းဆင့်ရယ်. . ။ ဗင်းဆင့်ကို မာဂျေါ သိပ်ချစ်တယ်"

"မင့်က ကိုယ့်ကို သိပ်ချစ်တယ်လို့ ပြောလိုက်တဲ့ အသံကြားရတာ ကိုယ့်ရင်ထဲမှာ တစ်မျိုးခံစားရတယ် မာဂျေါရယ်"

"အခုဆိုရင် မာဂျေါရဲ့ဘဝဟာ မကျေနပ်စရာ မရှိတော့ပါဘူး. . ။ အချစ်မရှိပဲနဲ့ နှစ်ပေါင်းများစွာ အခြိန်တွေ ကုန်လာရပေမယ့် ဝမ်းနည်းစရာ မရှိတော့ပါဘူး။ မာဂျေါချစ်တဲ့လူကို တွေ့နေရပြီမဟုတ်လား"

"ကိုယ်ကလဲ မင့်ကို ချစ်ပါတယ် မာဂျေါရယ်"

မာဂျေါသည် ဗင်းဆင့်၏ ရင်ခွင်တွင် အပ်ထားရာမှ နောက်သို့ အနည်းငယ် ခွာလိုက်သည်။ "အဲဒီစကားကို ပြောဖို့မလိုပါဘူး. . ဗင်းဆင့်ရယ်။ အခုလို အတူတူတွေ့နေကြပြီးတဲ့နောက်ပိုင်း တစ်ခြိန်ခြိန်ကျရင် ဗင်းဆင့်အနေနဲ့ မာဂျေါအပေါ် နည်းနည်းလေးဖြစ်ဖြစ် ချစ်လာမှာပါ။ အဲဒီအခါကျမှပဲ ဒီစကားမျိုးကို ပြောချင်ပြောပါ။ အခုလောလောဆယ်တော့ မာဂျေါက ဗင်းဆင့်အပေါ် ချစ်နေတာကို ချစ်ခွင့်ပေးဖို့ပဲ တောင်းခံပါရစေ"

မာဂျေါသည် ဗင်းဆင့်၏လက်တွင်းမှ အသာအယာ ရုန်းထွက်သွားသည်။ မြေပေါ် ချခင်းထားသည့် ဗင်းဆင့်၏ ကုတ်အင်္ကျီကို ဘေးတစ်ဖက်သို့ တွန်းပို့လိုက်သည်။

"ကိုယ့်အလုပ် ကိုယ်လုပ်တော့လေ. . ။ မာဂျေါကြောင့် အလုပ်မပျက်စေချင်ဘူး၊ ပြီးတော့လဲ မာဂျေါက မောင် ပန်းချီဆွဲတာကို ကြည့်နေရတာ မြတ်နိုးတဲ့လူပါ. . မောင်ရယ်"

(၅)

ထိုရက်မှစ၍ မာဂေါသည် နေ့စဉ်လိုလို ဗင်းဆင့် ပန်းချီဆွဲထွက်သည့် အခါတိုင်းလိုက်လေ့ရှိ၏။ မကြာခဏဆိုသလို ဗင်းဆင့်သည် သူပန်းချီဆွဲလိုသည့် နေရာကို အရောက်သွားလေ့ရှိရာ တစ်ခါတစ်ရံတွင် ဆယ်ကီလိုမီတာအကွာအထိ လမ်းလျှောက်ရသည်။ ခရီးလမ်းမှာ တောင်ကုန်းအတက်လမ်းဖြစ်သဖြင့် နှစ်ဦး စလုံးတပင်တပန်း တမောတကောရှိလှချေသည်။

သို့သော်လည်း မာဂေါသည် ညည်းညူခြင်းမပြုချေ၊ ထို့ပြင်လည်း မာဂေါ၏ရုပ်လက္ခဏာအသွင်အပြင်သည် ယခင်ကနှင့် လုံးဝမတူ။ သိသိသာသာကြီး ပြောင်းလဲချက်ရှိသဖြင့် အံ့ဩဖွယ်ကောင်းနေသည်။ ယခင်က အညိုရောင်မွဲ ခြောက်ခြောက်ဆံပင်သည် ရွှေရောင်သန်းလျက်ရှိ၏။ ခပ်ပါးပါးနှုတ်ခမ်းသည် သွေးရောင်လျှမ်းကာ နီမြန်းလျက်ရှိ၏။ ယခင်က ခြောက်သွေ့သွေ့အသားသည် ယခုအခါတွင် စိုပြည်လာရုံမျှမက နူးညံ့ချောမွေ့ကာ နွေးထွေးလာသည်။

သူမ၏ မျက်လုံးအစုံသည် ယခင်ကလို မှုန်မှိုင်းမှိုင်း မဟုတ်တော့။ ကြည်လင်တောက်ပကာ ဝင်းလဲ့နေသည်။ သူမ၏အသံမှာလည်း သာယာရွှင်မြူးကာတက်ကြွနေသည်။ သူမ၏ ခြေလှမ်းမျှားမှာလည်း ယခင်ကလို တွန့်ဆုတ်နှေးကွေးခြင်းမရှိ၊ သွက်လက်မြန်ဆန်လာရုံမျှမက၊ အားနှင့်မာန်နှင့် အပြည့်ဖြစ်လာသည်။ " အချစ် " သည်မာဂေါ၏ ခန္ဓာကိုယ်နှင့် စိတ်ကို နွေဦးပေါက်ရာသီကဲ့သို့သော ရှင်သန်မှုအသစ်ကို ပေးထားခဲ့လေပြီ။

မာဂေါသည် တစ်ခါတစ်ရံတွင် နေ့လည်စာများ ယူလာ၏။ ဗင်းဆင့်က အလွန်ကောင်းသည်ဟု ပြောလေ့ရှိသော ပုံနှိပ်ပန်းချီကားတချို့ကို ပါရီမှ မှာပေးတတ်၏။ ပြီးတော့ ဗင်းဆင့်အလုပ်လုပ်နေသည်ကို ဘယ်သောအခါမှ နှောင့်ယှက်ခြင်းမပြု။ ဗင်းဆင့်ပန်းချီဆွဲနေချိန်တွင် သူမသည် သူ့ဘေး၌ ငြိမ်သက်စွာထိုင်ကာ စိတ်ဝင်တစားကြည့်နေတတ်လေသည်။

မာဂေါသည် ပန်းချီရေးဆွဲသည့် အတတ်ပညာနှင့် ပတ်သက်၍ ဘာမှနားလည်သူ မဟုတ်ချေ။ သို့သော်လည်း သူမသည် ဉာဏ်ရည်ဉာဏ်သွေး အလွန်ထက်မြက်သူဖြစ်သဖြင့် ပန်းချီနှင့် ပတ်သက်၍ ပြောလာသမျှကို ချက်ခြင်းနားလည်သည်။ သဘောပေါက်သည်။ ဝေဖန်သုံးသပ်နိုင်သည်။ ထို့ကြောင့်လည်း ဗင်းဆင့်သည်လည်း " လွန်ခဲ့တဲ့ ဆယ်နှစ်လောက်ကဟာ သူနဲ့တွေ့ခဲ့မယ်ဆိုရင် သိပ်ကောင်းမှာပဲ " ဟု သူ့ကိုယ်သူ ပြောမိခဲ့ခြင်းဖြစ်၏။

တစ်ရက်တွင် မာဂေါက သူ့အား မေးခွန်းတစ်ခုမေးသည်။ ထိုစဉ်က သူသည် သူ့ရှေ့ရှိ ကင်းဗတ်ပေါ်၌ ဆေးစက်ချရန် တာစူနေခိုက်ဖြစ်၏။ " ရှင် ရွေးထားတဲ့ ရှုခင်းဟာ ရှင့်ရဲ့ ကင်းဗတ်ပေါ်မှာ ထိထိရောက်ရောက်ပုံပေါ်လာလိမ့်မယ်လို့ ရှင်ဘယ်လိုနည်းနဲ့ သေချာပေါက်သိသလဲ " ဟူသောမေးခွန်းဖြစ်သည်။

ဗင်းဆင့်သည် သူမ၏ မေးခွန်းကို ဖြေဖို့အတွက် အတန်ကြာမျှအချိန် ယူစဉ်းစားနေခဲ့ရ၏။ " တကယ်လို့ ကိုယ့်အနေနဲ့ တက်ကြွတဲ့ စိတ်ရှိနေမယ် ဆိုရင် ဆုံးရှုံးသွားမှာကို ကြောက်နေဖို့ မလိုပါဘူး . . . ကွက်လပ်ကြီးဖြစ်နေတဲ့ ကင်းဗတ်က ကိုယ့်ကို ကြည့်နေတဲ့အခိုက်မှာ သူ့အပေါ်ကို တစ်ခုခုအမြန်ဆုံးဆွဲချလိုက်တာပဲ " ဟု ပြန်ဖြေခဲ့သည်။

"ဒီလိုဆိုရင်ကင်းဗတ်ကရှင့်ကိုစိမ်ခေါ်နေတယ်လို့သဘောထားသလား"

" ဟုတ်တယ်၊ အဲသလိုပဲ သဘောထားတယ်၊ ဗလာဖြစ်နေတဲ့ ကင်းဗတ်ကကိုယ့်ကို ကြည့်နေခိုက်မှာ ရဲရင့်ပြီးဆန္ဒပြင်းပြတဲ့ ပန်းချီဆရာဟာ ကွက်လပ်ပေါ်မှာ သူဆွဲလိုတဲ့အရာကို ရဲရဲဝံ့ဝံ့ ပြတ်ပြတ်သားသား ဆွဲချရမယ်၊ သူ့အနေနဲ့ ကွက်လပ်ကိုကြောက်နေဖို့မလိုဘူး၊ ရဲဝံ့ပြတ်သားစွာ တည်ဆောက်ပေးရမယ်၊ ဖန်တီးပေးရမယ်၊ နောက်ဆုံးမှာ ကင်းဗတ်ဟာ ကွက်လပ်ကြီး ဖြစ်မနေတော့ပဲ ရှင်သန်မှုဘဝတစ်ခု ထင်ဟပ်နေတဲ့အရာတစ်ခုဖြစ်လာမှာပဲ "

မည်သို့ပင်ဖြစ်စေ ဗင်းဆင့်သည် သူ့အား မာဂေါက ချစ်စိတ်ဝင်လာခြင်းအပေါ်၌မျှားစွာ သာယာကြည်နူးခဲ့၏။ မာဂေါသည် သူ့အား ဝေဖန်လိုသောမျက်စိဖြင့် ကြည့်ခြင်းမရှိ။ သူမအဖို့ ဗင်းဆင့်လုပ်သမျှ အရာရာတိုင်းကို မှန်ကန်သည်ဟု ယူဆသူဖြစ်သည်။ သူ၏အပြုအမူများကို ရိုင်းစိုင်းကြမ်းတမ်းသည်ဟုလည်းမပြော။ သူစကားပြောသည့် လေသံသည် ကြမ်းတမ်းလွန်းသည်ဟုလည်း မဆို၊ သူ့မျက်နှာထားသည် တင်းမာခက်ထန်လွန်းသည်ဟုလည်း မဝေဖန်။

ဝင်ငွေမရှိသည့်အတွက် သူ့အားအပြစ်တင်ခြင်းလည်း မပြု။ ပန်းချီဆွဲခြင်းအပြင် အခြားအလုပ်တစ်ခုကို လုပ်သင့်ပါသည်ဟူ၍လည်း အကြံမပေး၊ ညနေ နေဝင်ချိန် အိမ်ပြန်ကြသည့်အခါ နှစ်ယောက်သား တစ်ယောက်ခါးကို တစ်ယောက်ဖက်၍ ပြန်လေ့ရှိသည်။ ထိုအချိန်တွင် ဗင်းဆင့်သည် သူလုပ်ခဲ့သမျှ အလုပ်များကို အစမှအဆုံးပြန်ပြောလေ့ရှိ၏။ သူမျက်စိထဲတွင် ပေရေစည်ပတ်နေသောအဝတ်အစားများကို ဝတ်ထားသည့် တောသူမိန်းကလေးတစ်ယောက်က အထက်တန်းစား အမျိုးသမီးတစ်ယောက်ထက်ပို၍လှသည်ဟု သူထင်ကြောင်းစသည်များကိုလည်း ပြောပြလေ့ရှိသည်။ ဗင်းဆင့် ဘာတွေပဲပြောပြော မာဂေါ

ကတော့လက်ခံသည်။ ဗင်းဆင့်သည် အမ်စတာဒမ်နှင့် ဘိုရင်းနိတ်တွင် နေခဲ့စဉ်က သူရင်ဆိုင်ခဲ့ရသည့် အရှုံးမျာ်းကို ပြောပြသည်။ "အဲဒါတွေဟာ ကိုယ့်ရဲ့ အရှုံးတွေပဲ" ဟုဗင်းဆင့်ကပြောသည်။ " အဲဒီနေရာတွေမှာ ကိုယ်လုပ်ခဲ့သမျှတွေဟာ အားလုံးအမှားတွေချည်းပဲ "

မာဂျေါက သူ့ကိုကြည့်၍ပြုံးသည်။ ဗင်းဆင့်က မာဂျေါအား တယုတယနမ်းသည်။

တစ်ရက်တွင် မာဂျေါက " ဗင်းဆင့်ကို ယုတ်မာတယ်လို့ အမေကပြောတယ်၊ ဟော့ဂ်မှာနေတုန်းက အကျင့်ပျက်တဲ့မိန်းမတွေနဲ့နေခဲ့ဖူးတယ်လို့ သူသတင်းကြားရတယ်တဲ့၊ ဒါတွေဟာ မဟုတ်ကဟုတ်က လုပ်ကြံပြောကြတာပါလို့ မာဂျေါကပြန်ပြောလိုက်တယ် " ဟုပြောသည်။ ဗင်းဆင့်က ခရစ္စတင်းနှင့် ဖြစ်ခဲ့ရသည့် ဇာတ်လမ်းကို ပြောပြသည်။ မာဂျေါသည် စိတ်မကောင်းဖြစ်သည့် မျက်လုံးမျာ်းဖြင့် ဗင်းဆင့်အား ကြည့်နေသည်။

" ဗင်းဆင့်မှာ ခရစ်တော်နဲ့တူတဲ့ ဟာတွေရှိတယ်၊ မာဂျေါရဲ့ အဖေဟာလဲအဲသလိုပဲတွေးတတ် လုပ်တတ်တယ် "

" ကိုယ် နှစ်နှစ်တိတိပြည့်တန်ဆာတစ်ယောက်နဲ့ နေခဲ့တဲ့အကြောင်းကြားရတဲ့အတွက် မင်းမှာ ပြောစရာ စကားဟာ ဒါပဲရှိသလား "

" သူဟာ ပြည့်တန်ဆာ မဟုတ်ပါဘူး၊ ဗင်းဆင့်ရဲ့ ဇနီးပါ၊ သူ့ကို ကယ်တင်ဖို့ကြိုးစားရာမှာ မအောင်မြင်တာဟာလဲ ဗင်းဆင့်ရဲ့ အပြစ် မဟုတ်ပါဘူး၊ ဘိုရိန်းနယ်သားတွေကို ကယ်တင်ရာမှာ အရှုံးနဲ့ ရင်ဆိုင်ခဲ့ရတာနဲ့ သဘောအတူတူပါပဲ၊ လူတစ်ယောက်အနေနဲ့ လူ့ယဉ်ကျေးမှု တစ်ရပ်လုံးကို ယှဉ်ပြိုင်ပြီးလုပ်တဲ့အခါ မှာ အနည်းအကျဉ်းပဲ လုပ်နိုင်မှာပေါ့ "

" မင်းပြောတာ မှန်ပါတယ်၊ ခရစ္စတင်းဟာ ကိုယ့်ဇနီးပါ၊ ကိုယ်အသက်ငယ်ငယ်တုန်းက ကိုယ့်ရဲ့ညီ သီအိုကို ပြောခဲ့ဖူးတယ်၊ " ငါအနေနဲ့ မယားကောင်းတစ်ယောက် မရနိုင်ရင် မယားဆိုးကိုပဲ ယူရမှာပဲ၊ လုံးဝမယားမရှိတာ နဲ့စာရင် မယားဆိုးတစ်ယောက်ရှိထားတာက တော်သေးတာပေါ့ကွာ " လို့။

နှစ်ဦးစလုံး အတန်ကြာမျှ နှုတ်ဆိတ်နေကြသည်။ သူတို့ကြားတွင် လက်ထပ်ရေးကိစ္စကို မဆွေးနွေးဖြစ်ကြ။ " ခရစ္စတင်းရဲ့ ကိစ္စနဲ့ ပတ်သက်လို့ မာဂျေါမ်းနည်းတာ တစ်ခုတော့ရှိတယ်" ဟု မာဂျေါကပြောသည်။ "အဲဒီနှစ်ကာလမှာ ခရစ္စတင်းနဲ့ မဟုတ်ပဲ မာဂျေါနဲ့သာဆိုရင် သိပ်ကောင်းမှာပဲ၊ အဲသလိုမဖြစ်ခဲ့ရတဲ့အတွက် မာဂျေါစိတ်မကောင်း ဖြစ်ရတယ် "

သူတို့သည် ရက္ကန်းလုပ်သားတစ်ဦး၏ အိမ်ရှေ့တံခါးဝသို့ ရောက်လာကြသည်။ သူတို့သည် တဲထဲသို့ ဝင်ခဲ့ကြသည်။ နွေဥတုသည် ဆောင်းဦးပေါက် ရာသီအတွင်းသို့ ဝင်စပြုနေပြီ။ နေ့တာတိုလာပြီဖြစ်၍ အမှောင်ထုသည် စောစောစီးစီးကျရောက်လာလေ့ရှိ၏။ ရက္ကန်းစင်အပေါ် ဘက်၌ ချိတ်ထားသော မှုန်အိမ်မီးရောင်သည် ရက္ကန်းစင်တစ်စင်လုံးကို လွှမ်းခြုံထားသည်။

လတ်တလောရက်နေသည့် အထည်မှာ အနီရောင်အထည်စဖြစ်သည်။ ရက္ကန်းသမားနှင့် သူဇနီးတို့သည် ချည်မျှင်များကို ရှင်းနေကြသည်။ အလင်းရောင်ကိုမျက်နှာပြု၍ ရပ်နေကြသော အရိပ်မည်းမည်းနှစ်ခုသည် ရက္ကန်းစင်ဘက်ရှိ အနီရောင်ဖျင်စပေါ်သို့ ထိုးကျနေသည်။ မာဂေါနှင့်ဗင်းဆင့်တို့သည် တစ်ယောက်ကို တစ်ယောက်ကြည့်ကာ အပြုံးချင်းဖလှယ်မိကြ၏။ သူတို့ချင်းနားလည်မှုရှိနေသော အပြုံးများဖြစ်သည်။ အကျည်းတန်သော နေရာများတွင် အခြေခံအလှသည် ရှိစမြဲဖြစ်၏။ ထိုအလှကို မြင်အောင်ကြည့်တတ်ရန် သူကိုယ်တိုင် မာဂေါအားသင်ကြားပေးထားသည် မဟုတ်ပါလား။

✧✧✧✧

နိုဝင်ဘာလအတွင်းသို့ ရောက်ခဲ့ပြီ။ ရက်အနည်းငယ်မျှအတွင်း သစ်ပင်ကြီးများထက်မှ သစ်ရွက်အားလုံးကြွေကျကုန်သည်။ နှုန်းနှင်ရွာတစ်ရွာလုံး သည်ဗင်းဆင့်နှင့် မာဂေါတို့အကြောင်းကို ပြောလာနေကြပြီဖြစ်၏။ ရွာမှလူများသည် မာဂေါကိုခင်မင်ကြသော်လည်း ဗင်းဆင့်ကျတော့ အယုံအကြည်လည်းမရှိ၊ ကြောက်လည်း ကြောက်ကြသည်။ မာဂေါ၏ မိခင်နှင့် ညီမများသည် သူတို့နှစ်ဦးကိုခွဲပစ်ရန် အားထုတ်ကြသည်။ သို့သော်လည်း မာဂေါက သူတို့နှစ်ဦး၏ ခင်မင်မှုသည် မိတ်ဆွေအဖြစ်မျှသာဖြစ်သည်ဟု ခုခံကာကွယ်ကာ တင်းခံလျက်ရှိသည်။ သူတို့နှစ်ယောက်အတူတူတွဲ၍ လယ်ကွင်းများပေါ် လမ်းလျှောက်ခြင်းသည် ဘာအန္တရာယ်မှ ဖြစ်မလာနိုင်ဟုလည်း မာမာတင်းတင်းပြောဆိုလျက်ရှိလေသည်။

သူမ၏ မိသားစုသည် ဗင်းဆင့်အား ခြေသလုံးအိမ်တိုင်ပြုကာ လေလွင့်နေသူတစ်ဦးဟု ယူဆကြသည်။ တစ်နေ့နေ့တွင် နှုန်းရွာမှ ထွက်ခွာသွားလိမ့်မည်ဟု မျှော်လင့်ကြသည်။ ထို့ကြောင့်လည်း သူတို့သည် မာဂေါအတွက် သော

ကမကြီးကြ။ သို့သော်လည်း ရွာရှိလူအများကတော့ မာဂေါ့အတွက် စိတ်ပူကြသည်။ လူထူးလူဆန်း ဗင်းဆင့် ဗင်ဂိုး၏ လက်တွင်းမှ အချိန်မီ ဖယ်မထုတ်နိုင်လျှင် မာဂေါ့တစ်ယောက် ဒုက္ခရောက်လိမ့်မည်ဟု ပြောကြသည်။

ဗင်းဆင့်ကတော့ သူ့အားရွာထဲရှိလူအများက ဘာကြောင့် မနှစ်သက်ကြသည်ကို နားမလည်နိုင်အောင် ဖြစ်နေသည်။ သူ့အနေဖြင့် ဘယ်သူ့ကိုမှ အနှောင့်အယှက် မပေး၊ ဘယ်သူ့ကိုမှ ရန်မပြု။ သို့ပါလျက်နှင့် ဘာကြောင့် သူ့အားမုန်းတီးနေကြပါသနည်း။ တကယ်တော့ ဓမ္မနှင်သည် ရှေးရိုးအစဉ်အလာအတိုင်းကျင့်သုံးနေထိုင်လျက်ရှိသော ရွာဖြစ်၏။ အပြောင်းအလဲဟူ၍ ဘာတစ်ခုမှ မရှိသောရွာဖြစ်၏။

ပထမတွင် ဗင်းဆင့်သည် ရွာမှ လူများနှင့် ခင်မင်ရင်းနှီးစွာ နေနိုင်ဖို့ ကြိုးစားခဲ့သေးသည်။ သို့သော်လည်း သူ့အား လူအများက ဘာအလုပ်မှ မလုပ်သည့် လူပျင်းတစ်ယောက်ဟု သတ်မှတ်ထားမှန်းသိလာသည့်အခါ သူသည် မိတ်ဆွေဖွဲ့ဖို့ အားမထုတ်တော့ချေ။ တစ်ရက်တွင် သူသည် စတိုးဆိုင်ကလေး တစ်ဆိုင်ရှေ့မှ ဖြတ်သွားခဲ့သည်။ သူ့အားလှမ်းမြင်လိုက်သော ဆိုင်ရှင် ဒီအင်ဗန်ဒင်းဘိခ်က "ဆောင်းဝင်လာပြီ။ ရာသီဥတုက မကောင်းတော့ဘူးနော်" ဟုပြောသည်။

" ဟုတ်တယ် " ဟုဗင်းဆင့်က အလိုက်သင့်ပြန်ပြောသည်။

" ခင်ဗျားကော မကြာခင် အလုပ်သွားတော့မယ်မဟုတ်လား "

ဗင်းဆင့်သည် သူ့ကျောပေါ်မှ ပန်းချီကားတင်ခုံကို နေရာပြင်လိုက်သည်။ " ဟုတ်တယ်၊ အခုပဲ ကျွန်တော်တောင်ကုန်းပေါ်သွားပြီး အလုပ်လုပ်ဖို့ ထွက်လာတာ "

"မဟုတ်ဘူးလေ၊ ကျုပ်ပြောတာက အလုပ်လုပ်ဖို့ပြောတာ" ဟု ဒီအင်ကပြောသည်။ " တစ်နှစ်ပတ်လုံးလုပ်ရမယ့် တကယ့်အလုပ်ကိုပြောနေတာ "

" ပန်းချီဆွဲတာဟာ ကျွန်တော့်အလုပ်ပဲ "

" မဟုတ်ဘူးလေ၊ လုပ်ခငွေရတဲ့ အလုပ်ကိုပြောတာ "

" ကျွန်တော် အခုလယ်ကွင်းတွေထဲသွားပြီးအလုပ်လုပ်မှာပဲ၊ ခင်ဗျားရဲ့ဆိုင်မှာ ခင်ဗျားကုန်ပစ္စည်းတွေရောင်းသလိုမျိုးပဲပေါ့ "

" ဟုတ်တယ်လေ၊ ကျုပ်ကကုန်ပစ္စည်းတွေရောင်းနေတယ်၊ ခင်ဗျားက ခင်ဗျားလုပ်ထားတဲ့ ပစ္စည်းတွေကို ရောင်းသလား "

ရွာထဲမှ တခြားသူများကလည်း ဤမေးခွန်းမျိုးကို မေးခဲ့ဖူးပေါင်းများလှ

ပြီ၊ ဗင်းဆင့်အနေဖြင့် ထိုမေးခွန်းကို စက်ဆုပ်လှပြီ။

" ကျွန်တော်လဲ တစ်ခါတစ်လေရောင်းတာပဲ၊ ကျွန်တော့်ညီက ပန်းချီကား ရောင်းဝယ်နေတဲ့ လုပ်ငန်းရှင်ဆိုတော့ သူကဝယ်တယ် "

" မဟုတ်သေးဘူးလေ၊ ခင်ဗျားအလုပ်လုပ်သင့်ပြီဗျ၊ အခုလို လေလွင့်နေဖို့မကောင်းဘူး၊ လူတစ်ယောက်ဟာ အသက်ကြီးလာလို့ လက်ထဲမှာ ဘာမှ မရှိရင် ဒုက္ခရောက်မှာ "

" လေလွင့်နေတယ်။ . . ဟုတ်လား၊ ကျွန်တော်က ခင်ဗျားရဲ့ဆိုင်ထဲမှာ အလုပ်လုပ်နေတာထက် အချိန်ရော အလုပ်ရော နှစ်ဆလောက် ပိုလုပ်နေတာ ခင်ဗျားသိရဲ့လား "

" ခင်ဗျားက အဲဒါကိုအလုပ်လို့ခေါ်သလား၊ တစ်နေရာမှာထိုင်ပြီး ဆေးတွေနဲ့ ရှောက်ဆွဲနေတာဟာ အလုပ်လားဗျ၊ စတိုးဆိုင်ဖွင့်တယ်၊ လယ်ထွန်တယ်၊ အဲဒါတွေကမှ တကယ့်ယောကျ်ား တစ်ယောက်ရဲ့ အလုပ်ဗျ၊ အခုဆို ခင်ဗျားဟာ အသက်လဲကြီးလှပြီ၊ အချိန်တွေကို အလဟဿဖြစ်အောင် ဖြုန်းတီးပစ်နေတုန်းပဲ "

အမှန်တော့ ဒီအင်ဗန်ဒင်းဘိခ်သည် တစ်ရွာလုံးက မိမိအပေါ် ထားရှိသည့် ထင်မြင်ယူဆချက်များကို ပြန်လည်အသံပေးနေခြင်းဖြစ်၏။ ဤသဘောကို ဗင်းဆင့်ကကောင်းစွာ နားလည်နေသည်။ ဤရွာထဲမှ လူများအဖို့ ပန်းချီဆရာနှင့်အလုပ်သမားသည် လုံးဝတူသည်မဟုတ်။ ထို့ကြောင့်လည်း ဗင်းဆင့်သည် လူတွေက သူ့အပေါ်ဘယ်လိုပဲထင်ထင်၊ ဘယ်လိုပဲပြောပြော ဂရုမစိုက်တော့။ လမ်းပေါ်၌ ဆုံမိပါကလည်း ဘယ်သူ့ကိုမှ မကြည့်တော့။ လူအများက သူ့အပေါ် မယုံကြည်မှုများသည် အမြင့်ဆုံးသို့ ရောက်လာသည်။ ထိုအချိန်ကျခါမှပင် သူ့အပေါ်အမြင် ပြောင်းသွားစေမည့် အဖြစ်တစ်ခုသည် မမျှော်လင့်ပဲနှင့် ပေါ်ပေါက်လာခဲ့လေ၏။

ဗင်းဆင့်၏ မိခင် အင်နာကော်နယ်လီယာသည် ဟယ်လ်မွန်ဘူတာ၌ ရထားပေါ်ကအဆင်း ချော်ကျရာမှ ခြေတစ်ဖက်ကျိုးသွားခဲ့၏။ အင်နာအား ချက်ခြင်းပင် အိမ်သို့ သယ်ယူခဲ့ကြသည်။ ဆရာဝန်သည်အင်နာ၏အခြေအနေကို မိသားစုအား အမှန်အတိုင်းဖွင့်မပြောသော်လည်း သူစိတ်ထဲကမူ အသက်ဆုံးရှုံးသည်အထိ ဖြစ်သွားမည်ကို စိုရိမ်ပူပန်လျက်ရှိ၏။

ဗင်းဆင့်သည် ချက်ခြင်းပင်သူ့အလုပ်ကိုဘေးချကာ သူ့အမေအား ပြုစုသည်။ ဘိုရင်းနိတ်၌နေခဲ့စဉ်က ရရှိထားခဲ့သည့် အတွေ့အကြုံသည် သူ့အား

အလွန်တော်သည့် သူနာပြုဆရာမတစ်ယောက်သဖွယ် ဖြစ်လာစေခဲ့သည်။ ဆရာဝန်သည်ဗင်းဆင့် လုပ်ကိုင်ပုံကို နာရီဝက်တိတိထိုင်ကြည့်နေသည်။ ထို့နောက် " ခင်ဗျားဟာ မိန်းမတစ်ယောက်ထက် အံ့များကြီးကိုသာပါတယ်၊ ခင်ဗျားရဲ့ အမေဟာ အတော်ဆုံးလက်တွေရဲ့ပြုစုယုယမှုကိုခံရမှာပါ " ဟု ပြောသည်။

နှုန်းမှလူများသည် ကြင်နာသနားစရာ အဖြစ်မျိုးနှင့်ကြုံလျှင် အလွန်သနားကရုဏာကြီးတတ်ပြီး ရက်စက်စရာရှိလျှင်လည်း အတိုင်းအဆမရှိ ရက်စက်တတ်သူများဖြစ်၏။ ယခုလည်း အင်နှဲ့အကြောင်း ကြားသူများသည် အိမ်သို့ရောက်လာပြီး လူနာမေးကြသည်။ အမေအား တယုတယပြုစုနေသည့် ဗင်းဆင့်ကိုမြင်သည့်အခါ တအံ့တသြဖြစ်နေကြသည်။ ဗင်းဆင့်သည် သူ့အမေအားသူကိုယ်တိုင် ရေချိုးပေးသည်။ သူကိုယ်တိုင် အစာကျွေးသည်။ ခြေထောက်မှဒဏ်ရာကို သူကိုယ်တိုင် ပြုစုသည်။

သီတင်းနှစ်ပတ်အကြာတွင် တစ်ရွာလုံးမှ ဗင်းဆင့်အပေါ်၌ ထားရှိနေသောသဘောထား အမြင်ပြောင်းသွားသည်။ သူတို့လူစုအိမ်ရောက်လျှင် ဗင်းဆင့်က တရင်းတနှီး ဧည့်ခံစကားပြောသည်။ သူတို့ကလည်း လူမမာအား ဘယ်လို အစားအစာမျိုးကျွေးသင့်သည်။ နွေးထွေးနေအောင် ဘယ်လိုအခန်းမျိုး၌ ထားရမည် စသည်များကို ဆွေးနွေးပြောဆို အကြံပေးလေ့ရှိကြ၏။

ရွာမှလူများသည် ဗင်းဆင့်နှင့် စကားစမြည်ပြောခွင့်ရသည့် အချိန်မှစ၍ သူ့အား လူတစ်ယောက်အဖြစ် မြင်လာကြသည်။ သူ့အမေသက်သာလာသည့် အခါ ဗင်းဆင့်သည် အချိန်ပိုင်းနှင့် အပြင်ထွက်၍ ပန်းချီဆွဲသည်။ ထိုအခါ လမ်းပေါ်၌ တွေ့သူများက ပြုံး၍နှုတ်ဆက်ကြသည်။ သူနာမည်ကို ခေါ်၍ စကားလှမ်းပြောကြသည်။ ခန်းဆီးများကို မသိမသာလှစ်၍ ချောင်းကြည့်သူများလည်း မရှိတော့ပေ။ ယင်းကဲ့သို့သော အခြေအနေပြောင်းလဲမှုများသည် ဗင်းဆင့်၏ စိတ်ကို ပေါ့ပါးသက်သာစေခဲ့၏။

ဘယ်လိုပဲဖြစ်ဖြစ် မာဂေါကတော့ အချိန်ရှိသမျှ ဗင်းဆင့်၏ဘေးၭရှိနေသည်။ ဗင်းဆင့်၏သိမ်မွေ့နူးညံ့မှုနှင့်ပတ်သက်၍ အံ့သြခြင်းမဖြစ်သည့် လူဟူ၍သူမတစ်ဦးထဲသာရှိ၏။ တစ်ရက်တွင် ဗင်းဆင့်နှင့် မာဂေါသည် လူနာခန်းထဲၭနှစ်ကိုယ်ကြားလေသံဖြင့် စကားလက်ဆုံကျလျက်ရှိသည်။

" အရာဝတ္ထုပေါင်းများစွာရဲ့သော့ချက်ကတော့ လူခန္ဓာကိုယ်ရဲ့ ဖွဲ့စည်းမှုကိုနားလည်ခြင်းပဲ။ ဒါပေမယ့် ခက်တာက အဲဒါကိုနားလည်ဖို့အတွက်ငွေကြေးအကုန်အကျကများမယ်၊ အင်မတန်မှကောင်းတဲ့ စာအုပ်တစ်အုပ်ရှိတယ်၊

"ပန်းချီပညာရှင်များအတွက် ခန္ဓာဗေဒ" တဲ့၊ ဒီစာအုပ်ကိုရေးသူက ဂျွန်မာရှယ် တဲ့၊ ဒါပေမယ့် စေ့းကသိပ်ကြီးတယ် "

" ဗင်းဆင့်မှာ ငွေပိုငွေလျှံမရှိဘူးမဟုတ်လား "

" မရှိဘူး၊ ကိုယ့်အနေနဲ့ တစ်ခုခုမရောင်းရင် ရှိမှာမဟုတ်ဘူး "

" တကယ်လို့များ ဗင်းဆင့်က မာဂျိုကို ခွင့်ပြုမယ်ဆိုရင် ငွေနည်းနည်း ပါးပါးချေးထားချင်တယ်၊ မာဂျိုမှာပုံမှန်ဝင်ငွေ ရှိနေတယ်၊ ဘာမှလဲသုံးစရာမရှိဘူး"

"မင်းပြောတာကောင်းပါတယ်၊ ဒါပေမယ့် ကိုယ်လက်မခံနိုင်တာက ခက်တယ်"

မာဂျိုသည် ထိုကိစ္စကိုနောက်ထက် ဇွတ်မပြောတော့ပေ၊ သို့သော်လည်း နောက်သီတင်းနှစ်ပတ်မျှအကြာတွင် သူမကိုယ်တိုင် အထုပ်တစ်ထုပ်ကိုယူလာပြီး ဗင့်ဆင့်အားပေးသည်။ အထုပ်မှာ ဟော်မှလာသည့် အထုပ်ဖြစ်၏။ "ဒါဘာလဲ" ဟုဗင်းဆင့်ကမေးသည်။

"ဖွင့်ကြည့်လေ"

အထုပ်ထဲမှ မာရှယ်၏ စာအုပ်ထွက်လာသည်။ စာအုပ်ပေါ်တွင်မူ "အားလုံး၏အပျော်ရွှင်ဆုံး မွေးနေ့အတွက် " ဟူသော စာတမ်းကလေးကိုတွေ့သည်။

"ကိုယ့်မွေးနေ့မှ မဟုတ်တာ " ဟု ဗင်းဆင့်က ရေရွတ်သည်။

"မဟုတ်ဘူးလေ "ဟု မာဂျိုကရယ်ပြီးပြောသည်။ "မာဂျိုရဲ့မွေးနေ့ကိုဆိုလိုတာ။ မာဂျိုရဲ့ အသက်လေးဆယ်ပြည့်တဲ့ မွေးနေ့လေ။ ဗင်းဆင့်က မာဂျိုကို ဘဝလက်ဆောင်တစ်ခု ပေးထားတယ်လေ။ ဒါကြောင့်မို့ ဒီလက်ဆောင်ကို ယူပါအချစ်ရယ်၊ ဒီနေ့ဟာ မာဂျိုအပျော်ဆုံးနေ့ပါ၊ ဗင်းဆင့်ကိုလဲ ပျော်စေချင်တယ်"

သူတို့သည် စတူဒီယိုထဲ၌ နှစ်ယောက်ထဲရှိနေကြခြင်းဖြစ်၏။ ဗင်းဆင့်၏ နှမဝီလီမီယင်သည် အိမ်ထဲတွင် သူ့အမေ၏အခန်းထဲ၌ရှိနေသည်။ ဗင်းဆင့်နှင့်မာဂျိုတို့အဖို့ ပထမဆုံးအကြိမ် လွတ်လပ်စွာတွေ့ဆုံခွင့် ရခဲ့ကြခြင်းပေတည်း။ လွန်ခဲ့သော လအနည်းငယ်အတွင်းက သူတို့သည် လယ်ကွင်းများထဲ၌ အတူတကွနေခဲ့ကြသော်လည်း ပတ်ဝန်းကျင်မှလူများ မြင်သွားမည်ကိုစိုးရိမ်သဖြင့် အနေအထိုင်ကိုဆင်ခြင်ခဲ့ကြ၏၊ ယခုသော်မူ . . .

နေသည် အနောက်ဖက်သို့ ဆင်းသက်သွားခဲ့လေပြီ။ အခန်းထဲတွင်

အမှောင်ရိပ်များ ကျဆင်းလာနေသည်။

"ကိုယ် မင့်ကိုချစ်တယ် မာဂျေ" ဟု ဗင်းဆင့်ကပြောတယ်၊ "အရင်တုန်းကကိုယ့်စိတ်ကို မသိခဲ့ဘူး၊ အခုမှပဲ သိရတော့တယ်"

"ဗင်းဆင့်ဆီက ဒီစကားကြားရတာ မာဂျေသိပ်ဝမ်းသာတယ်" ဟု မာဂျေက ပြန်ပြောတယ်။ သူမအသံသည် သိမ်မွေ့ချိုသာလှ၏။ "တစ်နေ့ကျရင် မာဂျေအပေါ် နည်းနည်းတော့ သဘောကျလာလိမ့်မယ်လို့ မာဂျေ ထင်ထားခဲ့ပါတယ်၊ မာဂျေကတော့ ဗင်းဆင့်ကို သိပ်ချစ်ပါတယ်၊ ဘာပဲဖြစ်ဖြစ် အခုလောက်ဆိုရင် မာဂျေ ကျေနပ်ပါတယ် အချစ်ရယ်"

ဗင်းဆင့်သည် သူက အာဆူလာနှင့် ကေးတို့အပေါ်၌ ချစ်ခဲ့သလို သူ့အား အချစ်စစ်အချစ်မှန်နှင့် စွဲစွဲမြဲမြဲချစ်နေရှာသော မာဂျေအပေါ် နားလည်မှုအပြည့်ရှိလာသည်။

"မာဂျေရယ်. . မောင့်ဘဝဟာ နုံချာလှပါတယ်. . ဒါပေမယ့် မင်းကကိုယ်နဲ့အတူတူ ဆိုးတူကောင်းဖက်နေသွားမယ်ဆိုရင် မောင်စိတ်ချမ်းသာရမှာပါ" ဟု လှိုက်လှိုက်လဲလဲပြောမိသည်။ မာဂျေက . . "မာဂျေကလဲ မောင့်ဘဝထဲဝင်ပြီး ဆိုးတူကောင်းဖက်နေသွားချင်ပါတယ်" ဟု ဆိုသည်။

"မောင်တို့လက်ထပ်ပြီးရင်. . နှုန်းမှာလဲ နေနိုင်တာပဲ၊ ဒါမှမဟုတ်ရင် တခြားတစ်နေရာရာမှာ သွားနေမယ်ဆိုရင်ကော ရမလား"

"ရုသ်က ဘာပြောခဲ့သလဲဆိုတာ ဗင်းဆင့်မမှတ်မိတော့ဘူးလား. . . မောင်ဘယ်ကိုသွားသွား. . မောင့်အနားက တစ်ဖဝါးမခွာ လိုက်မှာပါပဲလေ လို့ပြောသွားတဲ့ စကားလေ"

(၆)

နောက်တစ်နေ့နံနက်တွင် သူတို့သည် သူတို့၏အစီအစဉ်ကို သူတို့မိသားစုများအား အသိပေးကြသည်။ ဤတွင် နှစ်ဦးစလုံးပြင်းထန်သော မုန်တိုင်းနှင့်ရင်ဆိုင်ကြရလေ၏။ ဗင်ဂိုးမိသားစုအဖို့ကတော့ ထုံးစံအတိုင်း ငွေကြေးပြဿနာဖြစ်သည်။ ညီဖြစ်သူသီအို၏ပေးကမ်းထောက်ပံ့မှုကို ခံယူနေရသော ဗင်းဆင့်သည် ဘယ်လိုလုပ်ပြီး မယားယူ၍ရနိုင်ပါမည်နည်း။

"ပထမဆုံး မင့်မှာပုံမှန်ဝင်ငွေရှိရမယ်၊ မင်းဘဝကိုဖြောင့်ဖြူးသာယာအောင်လုပ်ရမယ်။ ပြီးရင် မင်းလက်ထပ်နိုင်တယ်" ဟု သူ့အဖေက ပြောသည်။

"ကျွန်တော့်အနေနဲ့ ပန်းခြံဆွဲတဲ့အလုပ်ကို အားကြိုးမာန်တက်လုပ်သွားမယ်ဆိုရင် အခြိန်ကျလာတဲ့အခါမှာ ဝင်ငွေရလာမှာပေါ့" ဟု ဗင်းဆင့်ကဆင်ခြေပေးသည်။

"အေးပေါ့ကွာ ၊ အဲဒီအခါကျတော့ လက်ထပ်လို့ရပြီပေါ့။ ဒါပေမယ့် အခုလောလောဆယ်ကတော့ ဝင်ငွေမှမရှိသေးတာ၊ လက်ထပ်လို့ဘယ်ဖြစ်အုံးမလဲ"

သင်းအုပ်၏ နေအိမ်၌ဖြစ်ခဲ့သော ပဋိပက္ခသည် မိန်းမတွေချည်းနေသော အိမ်ထောင်စုအတွင်း၌ ပေါ်ပေါက်ခဲ့သော ပဋိပက္ခနှင့် ယှဉ်လိုက်လျှင် မဖြစ်စလောက်မျှသာဖြစ်သည်ဟု ဆိုနိုင်၏။ မာဂျေါတို့အိမ်တွင် ညီအစ်မငါးယောက်မျှရှိရာ အားလုံးအပျိုတွေချည်းဖြစ်သည်။ မာဂျေါလက်ထပ်ခဲ့ပါက အရှုံးနှင့်သာရင်ဆိုင်ရလိမ့်မည်ဟု တွက်ထားကြသဖြင့် ဗင်းဆင့်နှင့်လက်ထပ်ရေးကိစ္စကို အပြင်းအထန်ကန့်ကွက်ကြသည်။ မိခင် မဒမ်ဘီဂျိမင်းကိုယ်တိုင်ကလည်း သမီးတစ်ယောက်စိတ်ချမ်းသာရေးအတွက် ကျန်သမီးလေးယောက်က စိတ်မချမ်းမြေဖြစ်ခြင်းကို မလိုလားပေ။

ထိုနေ့မနက်တွင် မာဂျေါသည်ဗင်းဆင့်နှင့်မလိုက်နိုင်ခဲ့ပေ။ ညနေမိုးချုပ်ကာမှပင်မာဂျေါသည် စတူဒီယိုခန်းသို့ ရောက်လာသည်။ သူမ၏မျက်လုံးအစုံသည် မို့ဖောင်းနေကြသည်။ မျက်နှာမှာသိသိသာသာ အိုစာကျလျက်ရှိ၏။ သူမသည် ဗင်းဆင့်အားတွေ့လျှင် တွေ့ချင်း အငမ်းမရဖက်တွယ်ထားလေသည်။

"သူတို့က ဗင်းဆင့်ကိုတစ်နေ့လုံး ဆဲနေကြတယ်" ဟုမာဂျေါကပြောသည်။ "ဆဲတာမှ ပက်ပက်စက်စက် ယုတ်ယုတ်မာမာတွေ ဆဲကြတာ၊ တကယ့်မကြားဝံ့မနာသာပဲ"

"ဒါမျိုးကို အစောကတည်းက မင်းမျှော်လင့်ထားရမှာပဲ"

"မာဂျေါကလဲ မျှော်လင့်ထားတာပါပဲ၊ ဒါပေမယ့်. . မောင့်အပေါ်မှာ ဒီလောက်ပြင်းပြင်းထန်ထန်ကြီး တိုက်ခိုက်ကြလိမ့်မယ်လို့တော့ မထင်ခဲ့မိဘူး" ဗင်းဆင့်က မာဂျေါအား တယုတယပွေ့ဖက်ထားပြီးပါးတစ်ဖက်ကိုနမ်းသည်။ "ဒီကိစ္စကို မောင့်တာဝန်ထားလိုက်ပါ" ဟုပြောသည်။ "ဒီည ညစာစားပြီးရင် မောင်မင်းတို့အိမ်ကို လာခဲ့မယ်၊ မောင်ဟာ သူတို့ထင်ထားသလောက် ကြောက်စရာ ရွံစရာကောင်းတဲ့ လူတစ်ယောက် မဟုတ်ဘူးဆိုတာ သူတို့သိသွားအောင် မောင်ကြိုးစားကြည့်မယ်"

✧✧✧✧

ဘီဂျီမင်း မိသားစု၏နေအိမ်တွင်းသို့ ခြေချမိသည်နှင့် တပြိုင်နက်သူသည် အလွန်ထူးဆန်းသော မျိုးခြားဒေသတစ်ခုတွင်းသို့ ရောက်သွားသည့်နှယ် ခံစားရသည်။ မိန်းမခြောက်ဦး ဖန်တီးတည်ဆောက်ထားသော ပတ်ဝန်းကျင်သည် တစ်မျိုးတစ်ဘာသာ ဖြစ်နေသည်။ ဤအိမ်ပတ်ဝန်းကျင်တွင် ယောကျ်ားလေသံနှင့် ခြေသံဟူ၍ ကြားခဲ့ရဖူးသည့် အရိပ်လက္ခဏာလုံးဝမရှိ။

သူတို့သည် ဗင်းဆင့်အားဧည့်ခန်းထဲသို့ ခေါ်သွားပြီး နေရာချပေးထားသည်။ ဗင်းဆင့်သည် ညီအစ်မလေးယောက်၏ အမည်များကို စောစောကတည်းကသိထားသော်လည်း နာမည်နှင့် မျက်နှာကိုတွဲ၍ မမှတ်မိပေ။ သူတို့အားလုံးသည် မာဂျေါ့ကိုယ်ပွားရုပ်ပြောင်များနှင့်တူသယောင်ရှိ၏။ တစ်အိမ်လုံးကို စီမံအုပ်ချုပ်နေသော အစ်မအကြီးဆုံးသည် မာဂျေါ့၏ကိစ္စကို ကိုင်တွယ်ဖြေရှင်းရာ၌ ဦးဆောင်ဦးရွက်ပြုသည်။

"မာဂျေါ့ကပြောတယ်၊ မင်းကသူ့ကို လက်ထပ်ချင်နေတယ်တဲ့။ အဲဒီတော့... ဟော့်မှာနေတုန်းက မင်းယူထားခဲ့တဲ့မိန်းမ ဘာဖြစ်သွားသလဲဆိုတာ... ပထမဆုံးသိချင်တယ်"

ဗင်းဆင့်က ခရစ္စတင်းအကြောင်းကိုရှင်းလင်းပြောပြသည်။ ဧည့်ခန်းထဲတွင်တိတ်ဆိတ်ငြိမ်သက်လျှက်ရှိ၏။

"မင့်အသက် ဘယ်လောက်ရှိသွားပြီလဲ"

"သုံးဆယ့်တစ်"

"သူ့အသက်ဘယ်လောက်ရှိပြီဆိုတာရော မာဂျေါ့ကပြောရဲ့လား"

"ကျွန်တော် မာဂျေါ့အသက်ကိုသိပါတယ်"

"မင်းရတဲ့ဝင်ငွေက ဘယ်လောက်ရှိသလဲ"

"တစ်လကို ဖရန့်ငွေ တစ်ရာ့ငါးဆယ်ရှိပါတယ်"

"ဘာအလုပ်လုပ်လို့ရတဲ့ ဝင်ငွေလဲ"

"ကျွန်တော့်ညီက ပို့ပေးနေတဲ့ငွေပါ"

"မင့်ညီက မင့်ကိုထောက်ပံ့နေတယ်လို့ဆိုလိုသလား"

"မဟုတ်ပါဘူး။ သူကလစာအဖြစ်ပို့ပေးနေတာပါ။ အဲဒီငွေပို့ပေးရတဲ့အတွက် ကျွန်တော်ဆွဲပြီးသမျှ ပန်းချီကားတွေကို သူ့ဆီပို့ပေးရပါတယ်"

"မင့်ပို့ထားခဲ့တဲ့ ပန်းချီကားတွေထဲက သူဘယ်နှစ်ကား ရောင်းရသတဲ့လဲ"

"အဲဒါတော့ အတိအကျ မပြောနိုင်ပါဘူး"

"အေး. . . ဒါဆိုရင် ငါပြောနိုင်တယ်။ မင့်အဖေကပြောတယ်၊ အခု ချိန်အထိ မင်းပို့ထားတဲ့ ပန်းချီကားတွေထဲက တစ်ကားမှ မရောင်းရသေးဘူးတဲ့"

"ဒါကတော့ သူတစ်နေ့မှာ ရောင်းရမှာပေါ့၊ အဲဒီအချိန်ကျရင် ပန်းချီကား အားလုံးဟာ အခုစျေးထက်တောင် အများကြီးမြင့်နေမှာ"

"ဒါက အမှန်းအဆနဲ့ပြောတာပဲ။ တို့က တိကျမှန်ကန်နေတဲ့ အချက် အလက်ကိုသာ အဓိကထားပြောတာ"

ဗင်းဆင့်သည် တင်းမာလွန်းလှသော မလှမပ မျက်နှာပိုင်ရှင် အစ်မကြီး အားအကဲခတ်နေသည်။ ဤမိန်းမကြီးထံမှ ကိုယ်ချင်းစာတရားရဖို့ မျှော်လင့်ချက် မရှိဟု ဆုံးဖြတ်လိုက်သည်။

"မင့်မှာ ပုံမှန်ကိုယ်ပိုင် ဝင်ငွေမရှိရင် မယားတစ်ယောက်ကို ဘယ်လို ကျွေးထားမှာလဲ"

"ကျွန်တော့်ညီက ကျွန်တော့်ကို လစဉ်ဖရန့်ငွေ တစ်ရာ့ငါးဆယ်ပေး ပြီး ကံစမ်းထားတာပဲ၊ ဒါက သူ့ကိစ္စ၊ ခင်ဗျားကိစ္စမဟုတ်ဘူး၊ ကျွန်တော့်အတွက် ကတော့ သူပေးနေတာဟာ ကျွန်တော့်ရဲ့ လစာပဲ၊ အဲဒီငွေရဖို့အတွက် ကျွန်တော် ပင်ပင်ပန်းပန်းအလုပ်လုပ်နေတယ်။ မာဂရက်နဲ့ ကျွန်တော်ဟာ စနစ်တကျချွေတာ သုံးစွဲပြီး နေသွားမယ်ဆိုရင် အဲဒီငွေဟာ လုံလောက်နိုင်ပါတယ်"

"ချွေတာဖို့မလိုပါဘူး" ဟုမာဂရက်ကဝင်ပြောသည်။ "ကျွန်မမှာ ဝင်ငွေအလုံအလောက်ရှိနေတာပဲ"

"ပါးစပ်ပိတ်ထားစမ်း၊ မာဂရက်" ဟု သူမ၏အမကြီးက ငေါက်သည်။

"နင်သတိထားမာဂရက်" ဟု အမေလုပ်သူကပါ ဝင်ဟန့်သည်။ "နင် မိသားစုကို နာမည်ပျက်အောင် ဂုဏ်သိက္ခာကင်းမဲ့အောင်လုပ်ရင် အဲဒီ ဝင်ငွေ ကိုနင်မခံစားနိုင်အောင် ငါလုပ်လို့ရတယ်၊ သိလား"

ဗင်းဆင့်ကပြုံးသည်။ "ကျွန်တော့်ကို လက်ထပ်တာဟာ ဂုဏ်သိက္ခာ ပျက်အောင် လုပ်တယ်လို့ယူဆသလား" ဟုမေးသည်။

"တို့က မင့်အကြောင်းကို နည်းနည်းပဲသိတာ၊ အဲဒီသိသလောက်ကလဲ မကောင်းလှဘူး၊ မင်းပန်းချီဆရာဖြစ်လာတာ ဘယ်လောက် ကြာပြီလဲ"

"သုံးနှစ်"

"အခုထက်ထိ မအောင်မြင်သေးဘူးပေါ့။ ဟုတ်စ. . အောင်မြင်သည် အထိ နောက်ထပ်ဘယ်လောက်ကြာကြာ လုပ်နေရဦးမှာလဲ"

"အဲဒါတော့ မပြောတတ်ဘူး"

"ပန်းချီမဆွဲခင်တုန်းက ဘာအလုပ်တွေ လုပ်ခဲ့သေးသလဲ"

"ပန်းချီကားရောင်းတယ်၊ ဆရာလုပ်တယ်၊ စာအုပ်ရောင်းတယ်၊ သမ္မာကျမ်းစာသင် ကျောင်းသားလဲ ဖြစ်ခဲ့သေးတယ်၊ ပြီးတော့ . . ခရစ်ယာန်တရားဟောဆရာလုပ်တယ်။"

"ဘယ်အလုပ်မှ မအောင်မြင်ခဲ့ဘူး မဟုတ်လား"

"ကျွန်တော်က စွန့်လွှတ်ခဲ့တာ "

"ဘာကြောင့်လဲ"

"ကျွန်တော်နဲ့ သင့်တော်တဲ့အလုပ်တွေမဟုတ်လို့"

"ပန်းချီဆွဲတာကို စွန့်လွှတ်ဖို့ကော၊ ဘယ်လောက် ကြာဦးမှာလဲ"

"သူဒီအလုပ်ကို ဘယ်တော့မှ မစွန့်ဘူး" ဟုမာဂျေါက ဝင်ပြောသည်။

"ငါကတော့ မင့်လိုကိုယ်ပိုင်ဝင်ငွေ တစ်ပြားတစ်ချပ်မှမရှိတဲ့ လူတစ်ယောက်က မာဂျေါကို လက်ထပ်ချင်တယ်လို့ ပြောတာဟာ အတော်ကြီးကို အတင့်ရဲတာပဲလို့ထင်တယ်၊ တကယ်တော့ မင်းဟာ အလုပ်မရှိအကိုင်မရှိ ကလေကချေ နေချင်တဲ့ လူစားပါ၊ ဘာအလုပ်ကိုမှ လက်ကြောတင်းအောင် လုပ်ကိုင်မစားချင်တဲ့ လူပေါ်ကြော့တစ်ယောက်ကို တို့ညီမနဲ့ လက်ထပ်ခွင့်ပြုဖို့ဆိုတာ လုံးဝမဖြစ်နိုင်တဲ့ကိစ္စပဲ "

ဗင်းဆင့်သည် ဆေးတံကိုထုတ်ယူလိုက်သည်၊ ထို့နောက်ချက်ခြင်း ပြန်ထည့်ထားလိုက်၏။ "မာဂျေါက ကျွန်တော့်ကိုချစ်တယ်၊ ကျွန်တော်ကလဲ မာဂျေါကိုချစ်တယ်၊ ကျွန်တော်သူ့ကို ပျော်အောင်ထားနိုင်မှာပါ။ ကျွန်တော်တို့ ဒီမှာ တစ်နှစ်လောက်နေပြီးရင် နိုင်ငံခြားသွားနေမှာပါ။ သူ့အနေနဲ့ကျွန်တော့် ဆီကကြင်နာမှုနဲ့ ချစ်ခင်မှုကို ရပါစေမယ့်"

"ရှင်သူ့ကိုပစ်ပြေးမဲ့လူပါ" ဟုညီမတစ်ဦးကအော်သည်။ သူ့အသံမှာ စူးစူးရှရှနိုင်လှ၏။ "ရှင်ငြီးငွေ့လာတဲ့ အချိန်မှာ သူ့ကိုထားပစ်ခဲ့မှာပဲ၊ ဟော်မှာ နေတုန်းက ဟိုမိန်းမကိုထားခဲ့လို ထားခဲ့မှာ သေချာတယ်"

"မင်းသူ့ကို လက်ထပ်ချင်တာဟာ သူရမယ့်ငွေကို မက်မောလို့ မဟုတ်လား" ဟုမာဂျေါ အမေက ကြားဖြတ်မေးသည်။

"ဒါပေမယ့် သူ့ငွေကိုရှင်ဘယ်တော့မှမရဘူး သိလား " ဟုတတိယညီမကပြောသည်။ "အဲဒီငွေကို အမေကသူထုတ်မရအောင်လုပ်လိုက်မှာပဲ"

မာဂျေါ၏ မျက်လုံးအစုံတွင် မျက်ရည်များဖြင့် ပြည့်လာသည်။ ဗင်းဆင့်သည် ထိုင်ရာမှထလိုက်သည်။ ဤမိန်းမဆိုး မိန်းမကြမ်းများနှင့်

အခြိန်ဖြုန်းနေ၍ အကျိုးဖြစ်ထွန်းစရာ မရှိဟူသူနားလည်သွားပြီဖြစ်၏။ သူ့အနေဖြင့် မာဂေါ့အား လက်ထပ်ပြီး ပါရီသို့ ချက်ခြင်းထွက်ခွာသွားခြင်းသည် အကောင်းဆုံးဖြစ်လိမ့်မည်ဟု ယူဆသည်။ အမှန်ပြောရလျှင် ဘရားဘန့်မှထွက်ခွာသွားလိုစိတ်ကတော့မရှိသေး။ ဤအရပ်၌ လုပ်ရန်ရည်ရွယ်ထားသည့်အလုပ်များက အပြီးမသတ်သေး။ သို့သော်လည်း မာဂေါ့အား အသိဉာဏ်ပညာကင်းမဲ့လွန်းလှသော မိန်းမများနေထိုင်ရာ ဤအိမ်ထဲ၌ ထားခဲ့၍မဖြစ်။

နောက်ရက်မှစ၍ မာဂေါ့သည် ကိုယ်စိတ်ဆင်းရဲခြင်းဒဏ်ကို ခါးစည်း၍ ခံနေရလေပြီ။ ဆီးနှင်းများသည် ကျစပြုလာပြီ။ ဗင်းဆင့်သည် စတူဒီယိုခန်းထဲ၌သာ အလုပ်ကိုလုပ်နေရပြီဖြစ်၏။ ဘီဂျီမင်း မိသားစုသည် မာဂေါ့အား အိမ်ထဲမှ ထွက်ခွင့်မပေး။ မနက်မိုးလင်းမှ ညနေမိုးချုပ်အိပ်ရာဝင်ချိန်အထိ ဗင်းဆင့်အား မတော်မတရားပြောနေသည့် စကားများကိုသာကြားနေရ၏။

မာဂေါ့သည် မိသားစုနှင့်နေထိုင်လာခဲ့သည်မှာ အနှစ်လေးဆယ်တိတိရှိခဲ့ပြီ။ ဗင်းဆင့်နှင့်ဆုံတွေ့ခဲ့သည်မှာမူ ရက်အနည်းငယ်မျှသာရှိသေး၏။ သို့တစေလည်း သူမ၏ဘဝကို ဝိုင်းဝန်းဖျက်ဆီးနေကြသည့် ညီအစ်မများကိုသာ ရွံ့ရှာမုန်းတီးစိတ်ဖြစ်မိသည်။ မည်သို့ပင်ဖြစ်စေ မုန်းတီးခြင်းသည် ပုံသဏ္ဌာန်အားဖြင့် အကောင်အထည်မရှိသော ချစ်မေတ္တာတစ်မျိုးဖြစ်၍ တစ်ခါတစ်ရံတွင် ယင်းချစ်မေတ္တာသည် ပြင်းထန်သော တာဝန်သိစိတ်ကိုဖြစ်ပေါ်စေနိုင်သည်။

"မင်းဘာကြောင့် မောင်နဲ့လိုက်မလာနိုင်တာလဲ၊ မောင်တော့ဖြင့် မင့်စိတ်ကိုနားမလည်နိုင်တော့ဘူး" ဟုဗင်းဆင့်ကပြောသည်။ "အနည်းဆုံး မောင်နဲ့ မလိုက်နိုင်တောင်မှ သူတို့ရဲ့ သဘောတူညီချက်ကိုယူမနေပဲ မောင့်ကို လက်ထပ်ထားဖို့သင့်တယ်"

"သူတို့က ခွင့်ပြုမှာမဟုတ်ဘူး"

"မင့် အမေကလား"

"ညီအစ်မတွေကပါ။ အမေကတော့ ဘာမှဝင်ပြောမှာမဟုတ်ဘူး၊ ဘေးကထိုင်ပြီးသူတို့ပြောသမျှကို ခေါင်းညိတ်နေမှာပဲ"

"မင်း ညီအစ်မတွေပြောတဲ့စကားက မင့်အတွက်အရေးကြီးသလား"

"မောင့်ကို မာဂေါ့ပြောခဲ့ဖူးတာမေ့သွားပြီလား။ မာဂေါ့ငယ်ငယ်က ကောင်လေးတစ်ယောက်ကိုချစ်ခဲ့ဖူးတဲ့ ကိစ္စလေ"

"မှတ်မိပါတယ်"

"အဲဒီတုန်းက မပျက် ပျက်အောင်ဖျက်ခဲ့တာသူတို့ပဲ၊ ဘာဖြစ်လို့မှန်း တော့မသိဘူး။ မာဂေါ်ရဲ့ဘဝမှာ မာဂေါ်လုပ်ချင်တာမှန်သမျှကို ဝိုင်းဖျက်နေကြ တာ သူတို့ပဲ။ မြို့ပေါ်က ဆွေမျိုးတွေဆီသွားလည်ချင်တယ်ဆိုရင် မာဂေါ်ကို မသွားဖြစ်အောင်ဝိုင်းလုပ်ကြတယ်၊ စာဖတ်ချင်တယ်ဆိုရင်လဲ အိမ်ထဲမှာ စာအုပ် ကောင်းတွေ မထားနိုင်အောင် ဝိုင်းဖျက်ကြတယ်။ အိမ်ကိုမိတ်ဆွေယောကျ်ား တစ်ယောက်ဖိတ်လာရင် အဲဒီလူပြန်သွားတာနဲ့ တပြိုင်နက် အဲဒီလူကို စုတ်ပြတ် သွားအောင်ပြောကြတယ်။ အဲဒီလူကို နောက်ထပ်မကြည့်ရဲလောက်အောင် အထိ ပိုးစိုးပက်စက်ပြောကြတာ။ မာဂေါ်အနေနဲ့ သူနာပြုဆရာမ လုပ်ချင်တယ်၊ ဂီတပညာသင်ချင်တယ်၊ မရဘူး ။ သူတို့က မာဂေါ်ကို သူတို့တွေးသလို တွေး ပြီး သူတို့နေသလို နေစေချင်ကြတာ"

"သူတို့အတွက် သိပ်ပူမနေပါနဲ့ မာဂေါ်ရယ်။ မောင်တို့လက်ထပ် လိုက်ရင် ဒီပြဿနာဟာပြတ်သွားမှာပါ။ မောင့်ညီကလဲ ပါရီကိုလာပါလို့ခေါ် နေတယ်၊ မောင်တို့ ပါရီမှာနေလို့ရမှာပါ"

မာဂေါ်သည် ဘာတစ်ခွန်းမှပြန်မပြော၊ အိမ်ရာကုတင်အစွန်းၭိုထိုင် ကာကြမ်းပြင်ကိုငုံ့ကြည့်နေသည်။ ဗင်းဆင့်က သူမဘေးၭိုဝင်ထိုင်ကာ မာဂေါ်၏ လက်ကို အသာအယာကိုင်ထားသည်။

"သူတို့သဘောမတူပဲ မောင့်ကိုလက်ထပ်ရမှာကြောက်နေသလား"

"မကြောက်ပါဘူး" ဟုပြောသော်လည်း သူမ၏အသံသည်အားမရှိ သလိုဖြစ်နေသည်။ "မာဂေါ်ကတော့ သူတို့က မောင်နဲ့ဝေးအောင်လုပ်ရင် ကိုယ့်ကိုယ်ကို သတ်သေလိုက်မှာပဲ"

"မောင်တို့ လက်ထပ်တာကို သူတို့သိဖို့မလိုပါဘူး၊ ပထမဆုံး တိတ်တိတ်လက်ထပ်မယ်။ ပြီးမှသူတို့ကို ဖွင့်ပြောပေါ့"

"သူတို့ကို မာဂေါ်မဆန့်ကျင်နိုင်သလိုဖြစ်နေတယ်.. သူတို့က အမျှားစုဆိုတော့ သူတို့ကိုမခုခံမတွန်းလှန်နိုင်ဘူး"

"သူတို့ကို ပြန်ခုခံဖို့ မစဉ်းစားပါနဲ့ မာဂေါ်ရယ်၊ မောင့်ကိုလက်ထပ် လိုက်ရင်ပြဿနာဟာ အဆုံးသတ်သွားမှာပါ"

"မဆုံးဘူးမောင်ရဲ့၊ အဲဒါဟာ ပြဿနာရဲ့အစပဲ၊ မောင်က သူတို့ အကြောင်းမသိပါဘူး"

"ဒါဆိုရင်လဲ ဒီညသူတို့နဲ့တွေ့ပြီး မောင် ထပ်ကြိုးစားကြည့်ချင်သေး တယ်"

ဧည့်ခန်းတွင်းသို့ ရောက်သွားသည်နှင့်တပြိုင်နက်ဗင်းဆင့်သည် မိမိလာရကျိုးနပ်လိမ့်မည်မဟုတ်ဟုတွေးမိသည်။ သူသည် ဤအိမ် ဤအခန်း၏ အေးစက်စက်နှိုင်မှုကို မေ့ထားခဲ့မိ၏။

"ဒီစကားတွေကို အရင်တစ်ခေါက်လာတုန်းကလဲ ကြားခဲ့ပြီးပါပြီ မစွတာဗင်းဆင့်ရယ်" ဟု အစ်မကြီးက ရေရွတ်သည်။ "တို့များအပေါ်မှာ သြဇာညောင်းလာလိမ့်မယ်လို့ မထင်ပါနဲ့၊ ဒီကိစ္စနဲ့ပတ်သက်လို့ တို့ဘက်က ဆုံးဖြတ်ပြီးနေပြီ၊ တို့အနေနဲ့ မာဂျိစိတ်ချမ်းသာတာကို မြင်ချင်ပေမယ့် ဘဝ ပျက်သွားတာကို တော့မလိုလားဘူး ။ နောက်ထပ်နှစ်နှစ်အကြာမှာ မင်းအနေနဲ့ သူ့ကို လက်ထပ်ချင်စိတ်ရှိနေသေးတယ်ဆိုရင်တော့ တို့ရဲ့ကန့်ကွက်ချက်ကို ရုပ်သိမ်းပေးမယ်လို့ ဆုံးဖြတ်ထားတယ် "

"နှစ်နှစ်. . . ဟုတ်လား" ဟု ဗင်းဆင့်ကရေရွတ်သည်။

"နှစ်နှစ်ဆိုရင် မာဂျိဒီမှာမရှိတော့ဘူး"

"ညည်းက ဘယ်သွားမှာမို့လဲ"

"ကျွန်မသေနေပြီပေါ့၊ သူ့ကိုလက်ထပ်ခွင့်မပေးရင် ကျွန်မကိုယ်ကျွန်မ သတ်သေမှာ မဟုတ်လား"

မိန်းမတစ်စုထဲမှ "အမယ်. . . နင်က ဒီစကားမျိုးကိုတောင်ပြောရဲနေပြီလား၊ သူကနှင့်အပေါ် ဒီလောက်အထိသြဇာညောင်းနေပြီပေါ့လေ" ဟူသောစကားသံများသည် အလုအယက်ထွက်ပေါ်လာကြသည်။ ဗင်းဆင့်သည်အိမ်ထဲမှ ပြန်ထွက်လာခဲ့၏။ သူ့အနေဖြင့်ယခုထက်ပို၍ လုပ်နိုင်စွမ်းမရှိတော့ပြီ။

✧✧✧✧

ဘဝအဆင်မပြေမှုနှင့်ရင်ဆိုင်နေရသော မာဂျိသည် ရက်အနည်းငယ်မျှအတွင်း ကိုယ်ရောစိတ်ပါ ကျန်းမာရေးချို့တဲ့လာခဲ့သည်။ခေါင်းမာလွန်းလှသော မိန်းမငါးယောက်၏အလျော့မပေးမှုကြောင့် မာဂျိ၏စိတ်ဓာတ်သည် တစ်နေ့ တခြား ကျဆင်းလာခဲ့သည်။ အကယ်၍ မာဂျိသည်အသက်နှစ်ဆယ်အရွယ် မိန်းကလေးဖြစ်ပါမူ ရင်ဆိုင်နေရသည့်အဟန့်အတားများကို မရမနေဖြတ်သန်း ကျော်လွှားလိမ့်မည်ဖြစ်၏။ ယခုသော်မူ သူ့အသက်မှာ လေးဆယ်တွင်း

ဝင်နေပြီဖြစ်ရာ ခုခံတိုက်ခိုက်နိုင်ရေးအတွက်ပင် တာမစူနိုင်အောင်ဖြစ်လျက်ရှိသည်။ ဤသို့ဖြင့် မာဂျေ၏ ရုပ်ဆင်းအင်္ဂါသည် တစ်နေ့တခြား ယိုယွင်းပျက်စီးလာခဲ့လေ၏။

မူလကတည်းက မာဂျေအပေါ် ၌ချစ်ခင်တွယ်တာမှုမရှိခဲ့သော ဗင်းဆင့်သည် ယခုအခါနှိမ်တွင် အလှပျက်လာသော မာဂျေကိုကြည့်ကာ တွယ်တာမှုနည်းပါးလာခဲ့ရ၏။ သံယောဇဉ်အမျှင်တန်းမှုသည်လည်း လျော့နည်းလာခဲ့ရ၏။ ဤစိတ်ဖြစ်ပေါ်မှုအတွက် သူ့ရင်ထဲတွင် ရှက်စိတ်ဝင်မိ၏။ မာဂျေအပေါ် ၌ကရုဏာတရားကင်းမဲ့ရာ ကျလွန်းသည်ဟုလည်းသူကိုယ်သူအပြစ်တင်မိ၏။ တစ်ရက်တွင်မူ ညီအစ်မများအလစ်တွင် အိမ်မှထွက်လာသော မာဂျေသည် သူ့စတူဒီယိုခန်းထဲသို့ ရောက်လာသည်။

"မင်းကြည့်ရတာ မောင့်ထက်သူတို့ကို အချစ်ပိုနေပုံရတယ်" ဟု ဗင်းဆင့်၏နှုတ်မှစကားတစ်ခွန်းထွက်လာသည်။ မာဂျေသည် သူ့မေးခွန်းကြောင့် အံ့အားလည်းသင့်သွားသည်။ စိတ်လည်းထိခိုက်သွားခဲ့၏။ "မဟုတ်ပါဘူး၊ ဗင်းဆင့်ရယ်" ဟုအဖြေပေးသည်။

"ဒီလိုဆိုရင်လဲ ဘာပြုလို့မောင့်ကိုစွန့်ပစ်ဖို့စဉ်စားနေရတာလဲ"

မာဂျေသည် ရုတ်တရက်အဖြေမပေး၊ ကလေးငယ်တစ်ယောက်သဖွယ် ဗင်းဆင့်အားဖက်၍ငိုသည်။ "မဟုတ်ပါဘူး မောင်ရယ်၊ တကယ်လို့မောင်ကသာ မာဂျေချစ်သလိုပြန်ချစ်နိုင်မယ်ဆိုရင် လောကကြီးတစ်ခုလုံးကိုမာဂျေဆန့်ကျင်ရဲပါတယ်။ အခုဟာကမာဂျေချစ်သလောက် မောင်က ပြန်ချစ်နိုင်ဖို့ဆိုတာကမဖြစ်နိုင်မှန်းသိနေတော့. . . "

"မင်းအထင်မှားနေပြီ မာဂျေ၊ မောင် မင့်ကိုချစ်တယ်. . "

မာဂျေက သူ့လက်ညိုးဖြင့် ဗင်းဆင့်၏နှုတ်ခမ်းကို အသာအယာဖိထားသည်။ "မဟုတ်သေးဘူးမောင်၊ မောင့်အနေနဲ့ စိတ်ထဲကအဲသလိုဖြစ်ချင်နေပေမယ့် လက်တွေ့ကျတော့ မရပါဘူး၊ ဒါကိုမာဂျေသိပြီးသားမို့ ဘယ်လိုမှသဘောမထားပါဘူး ၊ မာဂျေအနေနဲ့ မောင့်ကို မာဂျေအချစ်ဆုံးလူတစ်ယောက်ဖြစ်နေရင် လုံလောက်ပါတယ်"

"ဘာပြုလို့ သူတို့ရဲ့ချုပ်ချယ်မှုအောက်က ထွက်သွားပြီး ကိုယ့်လမ်းကိုယ်မလျှောက်ရတာလဲ မာဂျေရယ်"

"မောင့်အဖို့ကတော့ ဒီစကားမျိုးပြောဖို့ လွယ်တာပေါ့၊ မောင့်မှာကခွန်အားအပြည့်ရှိနေပြီးသားဆိုတော့ဘယ်သူ့ကိုမဆိုရင်ဆိုင်တိုက်ဖို့လွယ်တာပေါ့၊

မာဂျေါမှာကတော့ မလွယ်တာအမှန်ပါ။ အခုဆိုရင်မာဂျေါရဲ့ အသက်က လေးဆယ်ရှိနေပြီ၊ မာဂျေါဟာ နှုန်းမှာမွေးပြီး ကြီးပြင်းလာခဲ့ရတဲ့လူပါ၊ အင်ဒ်ဟိုဗင်မြို့ရဲ့ ဟိုတစ်ဖက်ကို ခြေတစ်လှမ်းတောင်ချခဲ့ဖူးတဲ့လူ မဟုတ်ဘူး။ မာဂျေါရဲ့ ဘဝမှာဒီမိသားစုနဲ့ကင်းကွာပြီးနေရတဲ့ သတ္တိဟာ မရှိသလောက်ပါ။ဒါကို မောင် နားလည်မှာပါ"

"မောင် နားလည်ပါတယ်"

"တကယ်လို့ အခုကိစ္စမှာ မောင်လိုလားတဲ့ အရာတစ်ခုဖြစ်နေရင် မာဂျေါက မောင့်အတွက်ရှိသမျှ ခွန်အားနဲ့ ခုခံတိုက်ခိုက်မှာပါ၊ ဒါပေမယ့် အခုဟာက မာဂျေါလိုလားတဲ့အရာဖြစ်နေပါတယ်၊ ပြီးတော့လဲ မာဂျေါလိုလားတဲ့ အရာကို တွေ့တာက သိပ်ကိုနောက်ကျနေပါပြီ၊ မာဂျေါဘဝက အခုဆိုရင်ပြီးဆုံးသလောက်ဖြစ်နေပြီ"

မာဂျေါ၏အသံသည် တိမ်ဝင်သွားသည်။ ဗင်းဆင့်က မာဂျေါ၏မေးကို ကိုင်၍ မျက်နှာကိုမော့လိုက်သည်။ မာဂျေါ၏ မျက်လုံးအစုံတွင်မျက်ရည်များ အပြည့်. . . ။

"မောင်ချစ်တဲ့မာဂျေါရယ်. . . မောင်တို့နှစ်ယောက်ရာသက်ပန်နေသွားနိုင်မှာပါ။ ဒီညအဝတ်အစားတွေထုပ်ပြီး အိမ်ကစောင့်နေပါ၊ မောင်လာတဲ့အခါ ပြတင်းပေါက်ကနေ လှမ်းပေးပေါ့၊ မောင်တို့ အင်ဟိုဗင်မြို့အထိ လမ်းလျှောက်သွားပြီး မနက်အစောဆုံးထွက်တဲ့မီးရထားနဲ့ ပါရီကိုသွားကြမယ်"

"မဖြစ်နိုင်ပါဘူး. . မောင်ရယ်၊ မာဂျေါဟာ သူတို့ရဲ့ တစ်စိတ်တစ်ပိုင်းပါ၊ သူတို့ဟာလဲမာဂျေါရဲ့ အစိတ်အပိုင်းတွေဖြစ်နေပါတယ်၊ ဒါပေမယ့်လေ. . နောက်ဆုံးမှာတော့ မာဂျေါရဲ့ လမ်းကိုပဲရမှာပါ"

"အခုလို စိတ်မချမ်းမမြေဖြစ်နေရတာကို မမြင်ရက်ပါဘူး မာဂျေါရယ်"

မာဂျေါက မျက်နှာကို ဗင်းဆင့်ဘက် လှည့်လိုက်သည်။ မျက်ရည်များကို မမြင်ရတော့။ သူမ၏အပြုံးကိုသာ မြင်နေရ၏။ "မာဂျေါ ပျော်ပါတယ် မောင်ရယ်၊ မာဂျေါလိုချင်တာကိုရထားတာပဲ၊ မောင့်ကိုချစ်ရတာဟာ ပျော်စရာပါ"

ဗင်းဆင့်က မာဂျေါ၏နှုတ်ခမ်းကို နမ်းသည်။ မျက်ရည်များသည် ပါးနှစ်ဖက်တွင် စီးဆင်းလာနေကြသည်။

"နှင်းကျတာ ရပ်သွားပြီးနော်" ဟု မာဂျေါရေရွတ်သည်။ "မနက်ဖြန်ကျရင် မောင်လယ်ကွင်းတွေဘက်ထွက်ပြီး ပန်းချီဆွဲဦးမှာလား" ဟုမေးသည်။

"ထွက်ဖြစ်မယ်လို့ ထင်တာပဲ"

"မောင် ဘယ်နေရာမှာရှိမလဲ၊ မွန်းလွဲပိုင်းကျရင် မောင့်ဆီကို မာဂျိ လာခဲ့မယ်"

✧✧✧✧

နောက်နေ့တွင် ဗင်းဆင့်သည်အပြင်သို့ထွက်ကာ တစ်နေကုန်အလုပ် လုပ်နေသည်။ အအေးဓာတ်ရှိနေသဖြင့် အနွေးဦးထုပ်ကိုဆောင်းထားသည်။ လည်ပင်းတွင် မာဖလာကိုတင်းကျပ်စွာ ပတ်ထားသည်။ ညနေစောင်းသည့်အခါ ပတ်ဝန်းကျင်တွင် အရောင်အမျိုးမျိုးပြောင်းလဲလာသည်။ ကောင်းကင်သည် ရွှေရောင်သန်းလာသည်။ အရိပ်များသည် မဲနက်လာကြသည်။

မာဂျိသည် လယ်ကွင်းများကို ဖြတ်ကာ သုတ်သီးသုတ်ပြာ လျှောက်လာနေသည်။ ဝတ်ဆင်လာသည့် အဝတ်အစားမှာ ဗင်းဆင့်နှင့်ပထမအကြိမ် ဆုံခဲ့သည့် နေ့ကလို အဖြူရောင်များဖြစ်၏။ ချစ်စိတ်ဝင်နေစဉ်က အလှသွေး ကြွသလို ကြွနေသည်ကို ဗင်းဆင့်သတိထားမိသည်။ သူမ၏လက်ထဲတွင် ခြင်း ကလေးတစ်လုံးဆွဲလာသည်။

ဗင်းဆင့်အနီးသို့ရောက်လျှင်ရောက်ခြင်း မာဂျိသည် လက်နှစ်ဖက် ဖြင့်လည်ပင်းကို တအားဖက်ထားသည်။ ဗင်းဆင့်သည် မာဂျိ၏အခြေအနေကို အကဲခတ်သည်။ ကြည့်ရသည်မှာ ခါတိုင်းနှင့်မတူ၊ ကြည်လင်ရွှင်လန်းနေသည်။

"ဘာများဖြစ်လာသလဲ၊ ထူးခြားတာရှိသလား" ဟုဗင်းဆင့်ကမေးသည်။

"ဟင့်အင်း. . . ဘာမှမဖြစ်ပါဘူး" ဟုဖြေသည်။ "မာဂျိ. . လေ. . ဟို. . ဟို ပျော်လို့ပါ. ,၊ ဗင်းဆင့်ဆီကိုလာပြီး အတူနေရတော့လဲ. . . "

"ဘာဖြစ်လို့ ဒီအဝတ်တွေကိုဝတ်လာရတာလဲ"ဟု သံသယမကင်းသော လေသံဖြင့်မေးသည်။ မာဂျိသည်အတန်ကြာမျှငြိမ်ဆိတ်နေသည်။ ထို့နောက်. .

"ဗင်းဆင့်ရယ်. . မောင့်အနေနဲ့မာဂျိနဲ့ ဘယ်လောက်ပဲဝေးသွားသွား မာဂျိနဲ့ ပတ်သက်လို့ တစ်ခုတော့ဖြင့် အမြဲသတိရစေချင်တယ် " ဟုပြောသည်။

" ဘာလဲမာဂျိ "

" မာဂျိဟာ မောင့်ကို သိပ်ချစ်တယ်ဆိုတဲ့အချက်ကို မေ့မပစ်ပါနဲ့၊ ဗင်းဆင့်ရဲ့ ဘဝတစ်လျှောက်လုံးမှာ မာဂျိဟာ တခြားမိန်းမတွေထက်ပိုပြီးချစ် တယ်ဆိုတာ အမြဲသတိရနေစေချင်ပါတယ် "

" ဘာပြုလို့မင်း ဒီလောက်တုန်တုန်ယင်ယင် ဖြစ်နေရတာလဲ မာဂျေရယ် "

" ဘာမှမဖြစ်ပါဘူး. . မောင်ရယ်၊ မာဂျေကို သူတို့ကဝိုင်းပြီး စောင့်ကြည့်နေကြလို့ နောက်ကျခဲ့တာပါ။ မောင်ပန်းချီဆွဲနေတာ ပြီးလုပြီလား"

" ခဏလောက်ဆိုရင် ပြီးသွားမှာပါ "

" ဒါဆိုရင် ဗင်းဆင့်အလုပ်လုပ်နေတုန်း အရင်ကလိုပဲ ဗင်းဆင့်ရဲ့ နောက်မှာ ထိုင်နေမယ်နော်၊ မောင်အလုပ်ပျက်မှာကို မာဂျေစိုးရိမ်လို့ပါ "

" ထိုင်နေပေါ့ မာဂျေရယ် "

" ဒီလိုဆိုရင် သွားတော့လေ. . ၊ ကိုယ့်အလုပ်ကိုပဲ ဆက်လုပ်တော့ပေါ့။ ပြီးသွားရင် အတူတူအိမ်ကိုပြန်ကြမယ်. . ၊ အော်. . အလုပ်ပြန်မလုပ်ခင် မာဂျေကိုတစ်ခါလောက် နမ်းပါဦးမောင်ရယ် . . "

ဗင်းဆင့်က မာဂျေအား တယုတယနမ်းသည်။ မာဂျေသည် ထုံးစံအတိုင်း ဗင်းဆင့်နောက်၌ ထိုင်၍ကျန်ခဲ့သည်။ နေရောင်သည် တဖြည်းဖြည်းနှင့် ကွယ်ပျောက်သွားပြီ၊ အမှောင်သည် ပတ်ဝန်းကျင်ကိုလွှမ်းခြုံစပြုနေပြီ။

ဗင်းဆင့်သည် သူ့နောက်မှ ပုလင်းဖွင့်သံကိုကြားလိုက်ရ၏။ ထို့နောက် မာဂျေ၏အော်သံနှင့် ထရပ်သံ. . . ၊ ပြီးတော့လဲကျသွားသည့်အသံ။ ဗင်းဆင့်သည် ခုန်ထလိုက်ပြီး မာဂျေထံသို့ ပြေးသွားသည်။ သူမ၏မျက်လုံးများသည် ပိတ်နေကြပြီ။ မျက်နှာပေါ်တွင် အပြုံးရိပ်ကတော့ ထင်ဟပ်နေသည်။ သူမ၏ တစ်ကိုယ်လုံးသည် အကြောဆွဲလျက်ရှိ၏။ တစ်ကိုယ်လုံးတောင့်တင်းကာ နောက်သို့လန်ကျသွားသည်။ ဗင်းဆင့်သည် ဆီးနှင်းပြင်ပေါ်၌ လဲကျနေသည့် ပုလင်းတစ်လုံးကို သတိထားလိုက်မိ၏။ ပုလင်းထဲမှ လက်ကျန်အရည်အနည်းငယ်မှာ အဖြူရောင်ဖြစ်၍ အနံ့ဟူ၍လုံးဝမရှိ။

သူသည် မာဂျေအားပွေ့ကာ အရူးတစ်ယောက်တစ်ဖွယ် လယ်ကွင်းများကိုဖြတ်၍ တအားကုန်ပြေးသည်။ သူရောက်နေသည့် နေရာမှာ ရှေ့နှင်ရွာနှင့် တစ်ကီလိုမီတာခန့်ဝေးသည်ဖြစ်ရာ သူသည် ရွာသို့မရောက်မီလမ်းခုလတ်၌ မာဂျေအသက်သေသွားမည်ကို များစွာပူပန်လျက်ရှိ၏။

အချိန်မှာ ညစာမားခါနီး အချိန်ဖြစ်သည်။ လူအများစုသည် အိမ်ရှေ့၌ ထွက်ထိုင်နေကြသည်။ ဗင်းဆင့်သည် မာဂျေကိုပွေ့ကာရွာ၏ တစ်ဖက်မှ အခြားတစ်ဖက်သို့ အမောတကော ပြေးသွားနေခြင်းဖြစ်၏။ သူသည် ဘီဂျီမင်း မိသားစုအိမ်ရှေ့ရောက်သည်နှင့် တပြိုင်နက် တံခါးကို ခြေထောက်နှင့် ကန်ဖွင့်ပြီးအိမ်

ထဲသို့ဝင်သည်။ သူပွေ့လာသည့် မာဂေါ်အား ဧည့်ခန်းထဲမှ ဆိုဖာပေါ်သို့ ချထားလိုက်သည်။ မာဂေါ်၏ အမေနှင့် သမီးများသည် အပြေးအလွှားရောက်လာကြသည်။

" မာဂေါ် အဆိပ်သောက်လို့ " ဟုဗင်းဆင့်က ထိတ်လန့်တကြားအော်ပြောသည်။ " ကျွန်တော် ဆရာဝန်သွားခေါ်ဦးမယ် "

ဗင်းဆင့်သည် ညစာ စားပွဲ၌ ထိုင်နေသော ရွာဆရာဝန်အား ဇွတ်အတင်းဆွဲခေါ်လာခဲ့သည်။ " စထရက်ချ်နင်း အဆိပ်ဆိုတာ သေချာရဲ့လား "ဟု ဆရာဝန်ကမေးသည်။

" ကျွန်တော်ကတော့ သေချာတယ်လို့ထင်တယ် "

" မင်းသူ့ကိုပွေ့ခေါ်လာတုန်းက အသက်ရှိသေးတာ သေချာရဲ့လား"

" သေချာပါတယ် "

ဆရာဝန်နှင့် ဗင်းဆင့်တို့ အိမ်ထဲရောက်သွားချိန်တွင် မာဂေါ်သည် အိပ်ရာပေါ်၌ လူးလှိမ့်နေသည်။ ဆရာဝန်က လူနာ၏အခြေအနေကိုကြည့်သည်။

" အေးဟုတ်တယ်. . စထရက်ချ်နင်းအဆိပ်ပဲ " ဟုပြောသည်။ "ဒါပေမယ့် အဲဒီအဆိပ်နဲ့အတူ အခြားတစ်မျိုးလဲတွဲသောက်ထားပုံရတယ်၊ အဆိပ်ရဲ့ ဝေဒနာကို မခံစားရအောင် လုပ်ထားတဲ့သဘောပဲ။ လောဒါနမ်စိတ်ငြိမ်ဆေးဖြစ်လိမ့်မယ်လို့ထင်ရတာပဲ၊ အဲဒီဆေးက အဆိပ်ကို ပြေသွားစေနိုင်တဲ့ သတ္တိရှိတယ်ဆိုတာကို သူသိပုံမရဘူး "

"ဒါဆိုရင်သူ အသက်ရှင်နိုင်သေးတာပေါ့"ဟု မိခင်ဖြစ်သူကပြောသည်။

" ရှိပါသေးတယ်၊ သူ့ကိုအခုချက်ခြင်း ယူထရက်ချ်ကိုပို့ပေးရမယ်၊ သူ့ကို အထူးဂရုစိုက်ပြီးကုပါမှဖြစ်မှာ "

" ယူထရက်ချ်ရောက်ရင် ဆေးရုံတင်မှာလား "

" ဆေးရုံတင်လို့မဖြစ်ဘူး၊ သူ့ကိုအပြင်ဆေးခန်းကောင်းကောင်းကိုပို့ပေးမှဖြစ်မယ်၊ မြည်းလှည်းမြန်မြန်ခေါ်၊ အင်ဟိုဗင်မှာ နောက်ဆုံးထွက်မဲ့ မီးရထားကိုမှီနိုင်သေးတယ် "

ဗင်းဆင့်သည် အခန်းထောင့်မှောင်ရိပ်ထဲ၌ ငြိမ်ဆိတ်စွာရပ်နေသည်။ မြည်းလှည်းသည် အိမ်ရှေ့တည့်တည့်၌ လာ၍ရပ်သည်။ ဆရာဝန်ကမာဂေါ်အား စောင်တစ်ထည်နှင့် ပတ်ကာ အိမ်ပြင်သို့သယ်သွားသည်။ အမေနှင့်သမီးများသည် နောက်မှလိုက်ပါသွားကြသည်။ ဗင်းဆင့်သည် သူတို့နောက်မှ ကပ်လိုက်သွားသည်။ ဗင်းဆင့်၏မိသားစုသည် သူတို့အိမ်ရှေ့မှ ရပ်ကာမျှော်ကြည့်နေကြ

သည်။ တစ်ရွာလုံးမှ လူများသည် ဘီကျီမင်းတို့အိမ်ရှေ့၌ စုရုံးရောက်ရှိနေကြလေသည်။

မာဂျေါအားပွေ့၍ ထွက်လာသောဆရာဝန်ကို မြင်သည့်အခါ လူအားလုံးတိတ်ဆိတ်သွားသည်။ ဆရာဝန်သည် မာဂျေါအား မြင်းလှည်းပေါ်တင်သည်။ ထို့နောက်အမေနှင့် သမီးများသည် မြင်းလှည်းပေါ်တက်ထိုင်ကြသည်။ ဗင်းဆင့်ကတော့ မြင်းလှည်းဘေးဌ၌ ရပ်လျက်. . . ၊ ဆရာဝန်သည် မြင်း ဇက်ကြိုးကို ကိုင်သည်။ မာဂျေါ၏မိခင်သည် ဗင်းဆင့်အားလှမ်းကြည့်ပြီး သံကုန်ဟစ်၍ အော်သည်။

" နင့်ကြောင့် ဖြစ်တာ၊ ငါ့သမီးကို နင်သတ်တာ "

လူအများက ဗင်းဆင့်အားဝိုင်းကြည့်နေကြသည်။ ဆရာဝန်သည် မြင်းဇက်ကြိုးကိုဖြတ်ကနဲဆောင့်ဆွဲကာ မြင်းအားကြာပွတ်သံပေးသည်။ မြင်းလှည်းသည်လမ်းမပေါ်တွင် တဖြည်းဖြည်းဝေးကာ ပျောက်ကွယ်သွားလေ၏။

(၇)

သူအမေ ခြေထောက်မကျိုးခင်က ဗင်းဆင့်အပေါ် ခင်မင်မှုမရှိခဲ့သော်ရွာသူရွာသားများသည် တခြားကြောင့်မဟုတ်၊ သူအလုပ်ကို နားမလည်ခြင်းနှင့် သူအပေါ် ယုံကြည်မှုမရှိခြင်း စသည်တို့ကြောင့်ဖြစ်၏။ သို့သော်လည်း သူတို့အနေဖြင့် သူအားလုံးဝမနှစ်သက်၍တော့မဟုတ်၊ အထိုက်အလျောက် အသိအမှတ်တော့ပြုကြ၏။

ယခုကိစ္စတွင်မူကား သူတို့အားလုံးသည် သူအားပြင်းထန်စွာ ဆန့်ကျင်လာကြသည်။ သူပတ်ဝန်းကျင်တွင် သူအားမုန်းတီးရွံရှာမှုများဖြင့်သာ ဝိုင်းရံလျက်ရှိ၏။ သူ့ကိုမြင်လိုက်လျှင် အားလုံးကကျောခိုင်းသွားကြသည်။ သူအားနှုတ်ဆက်ဖို့စကားပြောဖို့မဆိုထားနှင့်၊ လှည့်၍ပင် မကြည့်ကြပေ။ ဤသို့ဖြင့်သူသည် လူအများက ဝိုင်းပယ်ခြင်းခံထားရသူအဖြစ်သို့ ဆိုက်ရောက်လာခဲ့ရလေ၏။

သူအနေဖြင့် သူတစ်ဦးတည်းသာဆိုပါက ဘယ်သူကပဲဝိုင်းပယ်ပယ်၊ ဂရု စိုက်စရာ အကြောင်းမရှိချေ၊ ရက်ကန်းသမားများနှင့် လယ်သမားများက သူအား သူတို့၏ ရင်းနှီးသော မိတ်ဆွေအဖြစ်လက်ခံ နေကြဆဲဖြစ်၏။ သို့သော်လည်း ရွာမှလူအများက သူမိဘများ၏ အိမ်ကိုပင် မလာပဲနေကြသည့်

အခါတွင်မူ သူ့ဤဒေသမှ ခွာမှဖြစ်တော့မည်ဟု နားလည်လာခဲ့သည်။

သူ့အနေဖြင့် အကောင်းဆုံးလုပ်ရမည့် နည်းလမ်းမှာ ဘရားဘန့်မှအပြီး အပိုင်ထွက်ခွာသွားခြင်းအားဖြင့် သူ့မိဘများအား စိတ်အေးနားအေး နေထိုင်ခွင့်ပေးရန်ဖြစ်သည်ဟု သူယူဆသည်။ သို့ဆိုလျှင် သူဘယ်ကိုသွားရမည်နည်း။ အမှန်တော့ ဘရားဘန့်သည် သူ့အိမ်ဖြစ်၏။ ဘရားဘန့်၌သာ အမြဲတစေ နေသွားလို၏။ ရက်ကန်းသမားများနှင့် လယ်သမားများ၏ ပုံတူပန်းချီကားများကိုဆွဲ၍အားမရသေး။

ဆောင်းရာသီရောက်လျှင် ဆီးနှင်းပြင်များကြား၌ရပ်၍၊ဆောင်းဦးပေါက်ရောက်လျှင် အဝါရောင်သစ်ရွက်များပေါ်၌ရပ်၍၊ နွေရာသီရောက်လျှင် မှည့်ဝင်းနေသော ကုံပြင်များကြား၌ရပ်၍၊ နွေဦးပေါက်ရောက်လျှင် ကောင်းကင်ပြာပြာအောက်၌ရပ်၍ ပန်းချီရေးဆွဲနေရခြင်းသည် သူ့အဖို့အလွန်ကြည်နူးစရာကောင်းသော အလုပ်တစ်ခု ဖြစ်ချေသည်။ သူ့အဖို့တော့ လယ်သမားများ၊ ယာသမားများနှင့် လယ်တောသူ များကြား၌ သွားလာနေထိုင်ရခြင်းသည်လည်း သာယာကြည်နူးစရာကောင်းသည့် အလုပ်တစ်ခုပင်ဖြစ်ချေသည်။

ထို့ပြင်လည်း ရိုင်းစိုင်းကြမ်းတမ်းပါသည်ဟု ဆိုနေကြသော လယ်သမားတို့၏ဘဝထဲတွင် မှန်ကန်မှုနှင့် စစ်မှန်မှုများကို သူတွေ့နေရ၏။ ဤအတွက်ကြောင့်လည်း သူသည်အပြင်သို့ထွက်ကာလယ်သမားတို့၏ ရိုးသားစစ်မှန်သော ဘဝကိုဆေးစက်တင်လိုခြင်းဖြစ်သည်။ သူအပြင်ဘက်ရောက်လျှင် ယင်ကောင်တွေရာပေါင်းများစွာနှင့် ရင်ဆိုင်ရ၏။ သဲများ၊ ဖုံများနှင့် နပမ်းလုံးရ၏။ ခြုံကြိုခြုံကြားမှ ဖြတ်သွားရသဖြင့် သူသယ်လာသည့် ကင်းဗတ်တွေ စုတ်ရပြဲရ၏။

မည်သို့ပင်ဖြစ်စေ အပြန်ခရီးတွင်မူသူ့လက်ထဲ၌ အလွန်သဘာဝကျပြီး စစ်မှန်သော ပန်းချီကားချပ်များသည် ပါလာစမြဲဖြစ်သည်။ အကယ်၍သူ၏လယ်သမားနှင့် ပတ်သက်ယှက်နွယ်နေသော ပန်းချီကားများသည် ဝက်ပေါင်ခြောက်နံ့၊ မီးခိုးနံ့နှင့် အာလူးပြုတ်နံ့များကို ရရှိပါမူ ထိုပုံများသည် အောင်မြင်သည်ဟုဆိုရမည်ဖြစ်သည်။ အကယ်၍ မြင်းဇောင်းပုံတစ်ပုံသည် မြင်းချေးနံ့သင်းနေမည်ဆိုပါက ထိုပုံသည် တကယ့်မြင်းဇောင်းနှင့် ဘာမှခြားနားမည် မဟုတ်ပေ။ အကယ်၍ လယ်ခင်းယာခင်းများသည် ဝင်းမှည့်နေသော ကုံခင်းအနံ့အသက်များကိုရနေပါမူ ထိုပုံသည် တကယ်စစ်မှန်ပြီးသဘာဝကျသော ပုံတစ်ပုံဖြစ်ရပေမည်။ အထူးသဖြင့် ထိုပုံများသည် မြို့နေလူတန်းစားများအတွက် စစ်မှန်သော သဘာဝ၏အရသာကို ပေးနိုင်စွမ်းရှိလိမ့်မည်ဟု သူယူဆမိလေသည်။

ဗင်းဆင့်သည် လယ်သမားတို့၏ပုံများကို လယ်သမားများနှင့် အမြဲတစေအနီးကပ်နေထိုင်ပြီး အဆက်မပြတ်ပန်းချီဆွဲနေလိုသော ဆန္ဒရှိသည်။ သူ့ဆန္ဒကိုသူ့နည်းသူဟန်နှင့် ဖြေရှင်းခဲ့၏။ လမ်းမကြီးနှင့် အတော်ကွာလှမ်းသော နေရာတစ်နေရာ၌ ကက်သလစ်ဘုရားရှိခိုးကျောင်းတစ်ကျောင်းရှိသည်။ ကျောင်းနှင့်ကပ်လျက်အခြားတစ်ဖက်တွင် ကျောင်းစောင့်၏ နေအိမ်ရှိသည်။

ကျောင်းစောင့် ဂိုဟန်နပ်စ်ချာဖရတ်သည် ကျောင်းစောင့်မလုပ်မီက စက်ချုပ်သမားလုပ်ခဲ့ဖူးသည်။ သူဇနီးအက်ဒရီယာနာမှာ သဘောကောင်းသူဖြစ်ရာ သူမကဗင်းဆင့်အား အခန်းနှစ်ခန်းငှားခဲ့သည်။ တစ်ရွာလုံးက ဝိုင်းဝန်းဆန့်ကျင်ခြင်းကိုခံနေရသော လူတစ်ယောက်အား ယင်းကဲ့သို့အခန်းငှားခြင်းသည် အလွန်ရဲဝံ့စွန့်စားရသော အလုပ်တစ်ခုဖြစ်ချေသည်။

ကျောင်းစောင့်၏ အိမ်ကို အလယ်မှနေ၍ နှစ်ပိုင်းခွဲထားသည်။ ညာဖက်ပိုင်းတွင် မိသားစုနေထိုင်ရာ အခန်းများရှိသည်။ ဘယ်ဖက်တွင်မူ လမ်းမကြီးကိုလှမ်း မြင်နေရသည့် ဧည့်ခန်းရှိ၍ ယင်း၏နောက်ဖက်တွင် အခန်းငယ်ကလေးတစ်ခန်း ရှိ၏။ ဧည့်ခန်းသည် ဗင်းဆင့်၏ပန်းချီစတူဒီယိုခန်းဖြစ်လာပြီး နောက်ဖက်မှ အခန်းငယ်သည် စတိုခန်းဖြစ်လာသည်။ အပေါ်ဖက်ရှိအထပ်ခိုးသည် သူ၏ အိပ်ခန်းဖြစ်လာခဲ့လေသည်။

သူ့စတူဒီယိုထဲတွင် ရေဆေးနှင့် ဆီဆေးပန်းချီကား အများအပြားကို ချိတ်ဆွဲထားသည်။ ပန်းချီကားများမှာ အကြောင်းအရာမျိုးစုံဖြစ်သည်။ ယောကျ်ားနှင့် မိန်းမဦးခေါင်းပုံများ၊ ရက်ကန်းသည်များနှင့် အာလူးစိုက်နေကြသည့် လယ်သမားပုံများလည်း ပါဝင်သည်။ ဗင်းဆင့်သည် ထိုအခန်းကိုရောက်သည့် အချိန်မှစ၍ သူ့ညီကော်မှတဆင့် ပတ်ဝန်းကျင်မှလူများနှင့် ခင်မင်ရင်းနှီးလာအောင်အားထုတ်ခဲ့ပြီး ထိုလူစု၏ အကူအညီဖြင့် ရက်ကန်းသမားအသုံးအဆောင်ပစ္စည်းများ၊ လယ်ယာသုံးပစ္စည်း ကိရိယာတန်ဆာပလာများနှင့် တောပိုင်းဒေသရှိလူများ ဝတ်စားဆင်ယင်သည့် ပစ္စည်းများကို စုဆောင်းထားလေသည်။

✧✧✧✧

မတ်လအတွင်းတွင် ဗင်းဆင့်၏ဖခင်သည် သူ့နယ်မြေထဲမှ ဘာသာရေးအဖွဲ့ဝင်တစ်ဦး နာမကျန်းဖြစ်သဖြင့် သွားရောက်မေးမြန်းခဲ့သည်။ လူမမာ၏နေအိမ်မှာ ခရီးအတော်ဝေးရုံမျှမက တောင်ကုန်းအတက်အဆင်းများပြားသောလမ်း

ဖြစ်သဖြင့် တပင်တပန်းရှိလှ၏။ အပြန်တွင် ခရီးပန်းလာသော သင်းအုပ်ဘုန်းကြီးသည် အိမ်နောက်ဖေးလှေကားထက်၌ လဲကျကာ သတိလစ်သွားခဲ့သည်။ သူဇနီးအင်နာကော်နီလီယာ ပြေးသွားချိန်တွင် သူ့ခင်ပွန်းမှာ အသက်မရှိတော့ပေ။

သူတို့သည် အလောင်းကို ဘုရားရှိခိုးကျောင်းဟောင်းအနီးရှိ ဥယျာဉ်ထဲ၌ မြေမြှုပ်သင်္ဂြိုဟ်ခဲ့ကြသည်။ သီအိုသည် ဖခင်၏စျာပနအတွက် အိမ်သို့ပြန်ရောက်လာခဲ့၏။ ထိုညတွင် သီအိုသည် ဗင်းဆင့်၏ စတူဒီယိုခန်းထဲ၌ လာထိုင်ကာစကားစမြည်ပြောသည်။ ပထမတွင် သူတို့မိသားစုအရေးကိစ္စများကို ပြောကြပြီး ထို့နောက်သူတို့၏ လုပ်ငန်းအကြောင်းကို ပြောဖြစ်ကြ၏။

" ကျွန်တော့်ကို အခုမှဖွင့်မယ့် ပန်းချီရောင်းဝယ်ရေးဆိုင်သစ်က တစ်လကိုဖရန့်ငွေ တစ်ထောင်ပေးပြီး ခေါ်နေတယ်၊ သူတို့ဆီသွားလုပ်မယ်ဆိုရင်တော့ ဂေါပစ်လ် ကုမ္ပဏီက ထွက်ရလိမ့်မယ် " ဟုသီအိုကပြောသည်။

" မင်း လက်ခံမယ်စိတ်ကူးသလား "

" စိတ်မကူးပါဘူး၊ သူတို့ဆိုင်ရဲ့မူဝါဒက ကုန်သည်သိပ်ဆန်လွန်းတယ်လို့ထင်တယ် "

" ဒါပေမယ့် မင်းရေးတဲ့စာထဲမှာ ဂေါပစ်လ်ကလဲ . . . "

" ဟုတ်တယ်၊ သူတို့လဲကုန်သည်တော့ဆန်တာပဲ၊ အကျိုးအမြတ်တွေများများရဖို့လောက်သာ အဓိကထားတာပဲ၊ ဒါပေမယ့် ကျွန်တော်သူတို့နဲ့လုပ်လာတာက ဆယ့်နှစ်နှစ်ရှိခဲ့ပြီ မဟုတ်လား၊ ဒီအချိန်ကျမှ ဖရန့်ငွေလေး အနည်းအကျင်းပိုရရုံနဲ့ မပြောင်းသင့်တော့ဘူးလို့ထင်တယ်၊ တစ်ချိန်ချိန်မှာ ဂေါပစ်လ်ကုမ္ပဏီကလဲ ကျွန်တော့်ကို သူတို့ဆိုင်တစ်ဆိုင်မှာ တာဝန်ခံအဖြစ်ရာထူးတိုးပေးချင်ပေးမှာ၊ တကယ်လို့ သူတို့က အဲသလိုတာဝန်မျိုးပေးလာရင် ကျွန်တော်က " **အင်ပရက်ရှင်းနစ္စ** " တွေရဲ့ ပန်းချီကားတွေကို ရောင်းပေးမယ်လို့ စိတ်ကူးထားတယ် "

" အင်ပရက်ရှင်းနစ္စတွေ ဟုတ်လား၊ အင်း. . . အဲဒီစကားလုံးကိုငါတွေ့ဖူးတယ်၊ တစ်နေရာရာမှာပဲ. . . သူတို့က ဘယ်သူတွေလဲ "

" ပါရီတစ်ဝိုက်မှာရှိနေတဲ့ လူငယ်ပန်းချီဆရာတွေပေါ့၊ အက်ဒွပ်မာနက်၊ ဒီဂတ်စ်၊ ရီနိုယာ၊ ကလော်ဒီမိုနက်၊ စစ္စလေ၊ ကူးဘက်၊ လော့ထ်ရက်၊ ဂေါဂင်၊ စေဇန်း၊ ဆူးရက် စတဲ့လူငယ်အုပ်စုတွေကိုခေါ်တာ "

" ဒီနာမည်ကို သူတို့ဘယ်ကရကြတာလဲ "

" ၁၈၇၄ ခုနှစ်က နာဒါမှာ လုပ်ခဲ့တဲ့ပန်းချီပြပွဲက ရလာခဲ့တာ၊ အဲဒီပြပွဲမှာ ကလော်ဒီမိုနက်က "**အင်ပရက်ရှင်း ဆိုလေလီဗန်** " လို့အမည်ပေး ထားတဲ့သူ့ပန်းချီကားကို တင်ပြခဲ့တယ်။ သတင်းစာတစ်စောင်က ဝေဖန်ရေးဆောင်းပါးရှင် လူဝီလီရိုင်းက အင်ပရက်ရှင်းနစ္စ ပန်းချီပြပွဲလို့ ခေါ်လိုက်ရာကစပြီး အဲဒီနာမည် တွင်လာတာပဲ "

" သူတို့ကအရောင်ဖျော့ဖျော့နဲ့ အရောင်ရင့်ရင့်မှာဘယ်ဟာကိုအဓိကထားပြီးသုံးကြသလဲ "

" အရောင်ဖျော့ဖျော့ကို သုံးတယ်၊ အရောင်ရင့်ရင့်တွေကိုပယ်တယ်"

" ဒါဆိုရင်တော့ သူတို့နဲ့ငါတွဲပြီးအလုပ်လုပ်နိုင်မယ်မထင်ဘူး၊ ငါလဲအရောင်သုံးစွဲပုံကိုပြောင်းဖို့ စိတ်ကူးထားတယ်၊ ဒါပေမယ့် ငါစိတ်ကူးထားတာကအရောင်နုအစား အရောင်ရင့်တွေသုံးမှာ "

"အစ်ကိုပါရီကိုရောက်လာရင်တော့အမြင်ပြောင်းချင်ပြောင်းသွားမှာပါ"

" အေးပေါ့ ဖြစ်နိုင်တာပဲ၊ သူတို့ကားတွေထဲကကော ရောင်းရရဲ့လား"

" ဒူရန့်ရူအယ်ဆိုင်မှာတော့ မာနက်ရဲ့ကားတချို့ကို မကြာမကြာရောင်းရတယ် "

" ဒီလိုဆိုရင် သူတို့လူစု ဘယ်လိုနေထိုင်ပြီး ဘယ်လိုမျှားစားသောက်နေကြပါလိမ့် "

" ဒါကတော့ ဘုရားမှတစ်ပါး တခြားဘယ်သူမှ သိနိုင်မှာ မဟုတ်ဘူး၊ အများအားဖြင့်တော့ စိတ်ဓာတ်အင်အားပေါ်မှာပဲ တည်မှီပြီးနေကြတယ်လို့ထင်ရတာပဲ၊ ရှူဆိုးကတော့ ကလေးတွေကို တယောသင်ပေးပြီး စားစရာရှာရတယ်၊ ဂေါဂင်ကတော့ သူနဲ့အရင်ကတွဲဖူးခဲ့တဲ့ စတော့ရှယ်ယာသမားတစ်ယောက်ဆီကငွေချေးပြီးစားရတယ်၊ ဆူးရက်ကတော့ သူ့အမေက ထောက်ပံ့တယ်၊ စေဇန်းကျတော့ အဖေကထောက်ပံ့တယ်၊ တခြားလူတွေကျတော့ ဘယ်လိုဝင်ငွေရကြသလဲဆိုတာ ကျွန်တော်လဲ မသိဘူး "

" မင်းသူတို့အားလုံးကို သိသလား သီအို "

" သိတယ်၊ ကျွန်တော် သူတို့နဲ့ ဖြည်းဖြည်းချင်းခင်လာနေတာယ်၊ ဂေါပစ်လ်ဆိုင်မှာ သူတို့ရဲ့လက်ရာ ပန်းချီကားကလေးတွေကို နေရာတစ်နေရာပေးပြီးတင်ထားဖို့ ကျွန်တော် နားချကြည့်နေတယ်၊ ဒါပေမယ့် သူတို့က အင်ပရက်ရှင်းနစ္စပန်းချီတွေကို ဆယ်ပေရှည်တဲ့ ဝါးလုံးနဲ့တောင် မထိမတို့ချင်ကြဘူး "

" မင်းပြောသလိုဆိုရင်တော့ ဒီဂနဲတွေဟာ ငါတွေ့သင့်တဲ့လူတွေလို့

ထင်ထာပဲ၊ မင်းမြင်တဲ့အတိုင်းပဲ သီအို၊ ဒီမှာက ငါ့အနေနဲ့ တခြားပန်းချီဆရာတွေနဲ့တွေ့ဖို့ အခွင့်အရေးက ရှိမှမရှိတာ ”

သီအိုသည် စတူဒီယို၏ ရှေ့မျက်နှာစာ ပြတင်းပေါက်၌ရပ်ကာ ကျောင်းစောင့်၏အိမ်နှင့် လမ်းမကိုခြားထားသည့် မြက်ခင်းပြင်ကို လှမ်းမျှော်ကြည့်နေသည်။

“ ဒီလိုဆိုရင်တော့ ပါရီကိုလာပြီး ကျွန်ုပ်နဲ့ နေပါလား ” ဟုသီအိုကပြောသည်။

“ အစ်ကို့အနေနဲ့ လမ်းဆုံးကိုတော့ တွေ့လာဖို့ရှိပါတယ် ”

“ ငါ့မှာလဲ အဆင်သင့် မဖြစ်သေးဘူး၊ ပထမဆုံးဒီမှာ လုပ်စရာတွေရှိတာကို လုပ်ရဦးမှာ ”

“ အခုလို နယ်မြေတစ်ခုထဲမှာ အခြေချပြီးနေလို့ကတော့ တခြားပန်းချီဆရာတွေနဲ့ တွေ့ဖို့ဆိုတာ မလွယ်ဘူးလို့ ထင်တာပဲ ”

“ အေး. . . မင်းပြောတာမှန်တယ်၊ ဒါပေမယ့် ငါနားမလည်တာ တစ်ခုရှိနေတယ်၊ ငါ့ပန်းချီကားတွေထဲက တစ်ကားမှ မရောင်းရတဲ့ ကိစ္စပဲ၊ ရောင်းလို့ရအောင် မင်းမကြိုးစားခဲ့ဘူးလား ”

“ မကြိုးစားခဲ့ဘူး ”

“ ဘာကြောင့်လဲ . . . ”

“ ကျွန်တော့်အနေနဲ့ အစ်ကို့ရဲ့ပန်းချီကားတွေကို အကောင်းဆုံးတွေကို သာရွေးချယ်တတ်တဲ့ ကောနဆားတွေကို ပြကြည့်ခဲ့တယ်. . သူတို့က . . ”

“ ဖာင်. . . မင်းက ကောနဆားတွေကိုပြခဲ့သလား ” ဟုဗင်းဆင့်ကရေရွတ်ကာပခုံးများကိုတွန့်သည်။ “ အဲဒီအဖွဲ့က သိပ်ပြီးထူးခြားမှုမရှိတဲ့ ပန်းချီကားတွေကိုသာ အသိအမှတ်ပြုနေကြတယ်ဆိုတာ ငါကိုယ်တိုင်သိနေရတာပဲ၊ အဲဒီတော့ သူတို့ရဲ့ ထင်မြင်ယူဆချက်တွေဟာ ငါ့လက်ရာတွေအပေါ်မှာ ဘယ်လောက်အထိအကျိုးသက်ရောက်မှုရှိနိုင်မှာလဲ ”

“ အင်း အမှန်တော့ ကျွန်တော်အဲဒီအချက်ကို မပြောသင့်ဘူး၊ ဘာပဲဖြစ်ဖြစ်လေ၊ အစ်ကို့ရဲ့လက်ရာ ပန်းချီကားတွေဟာ ရောင်းလို့ရနိုင်ပါတယ်၊ ဒါပေမယ့်. . . ”

“ သီအိုရယ်. . . အခုမင်းပြောလိုက်တဲ့စကားတွေဟာ အက်တင်ကနေပြီး ငါပန်းချီကားတွေပို့တုန်းက မင်းရေးခဲ့တဲ့ စာတွေနဲ့ တစ်ထပ်ထည်းပါပဲ”

“ အဲဒါအမှန်ပဲဗင်းဆင့် . . အစ်ကို့ရဲ့လက်ရာတွေဟာ ဖြည်းဖြည်း

ချင်းမြင့်တက်ပြီးရင့်ကျက်လာနေတာ အမှန်ပါ။ ဘာပဲဖြစ်ဖြစ်ပေါ့လေ၊ အစ်ကို ပါရီကိုမြန်မြန်လာခဲ့ပါ။ ပါရီကိုမြန်မြန်ရောက်လာလေ အစ်ကို့အတွက်ကောင်းလေပဲလို့ ကျွန်တော်ထင်တယ်၊ ဒါပေမယ့် တကယ်လို့ အစ်ကို့ရဲ့ ကားတွေကို ရောင်းပေးစေချင်တယ်ဆိုရင်တော့ ကျွန်တော့်ဆီကို ပန်းချီကားတွေကိုသာပို့ပေးပါ။ လေ့လာရေးဆွဲထားတဲ့ ကားတွေကို မပို့ပါနဲ့၊ လေ့လာမှုပန်းချီကားတွေကျ ဘာ့ ဘယ်သူကမှ မလိုချင်ဘူး ”

“ ဒါကျတော့လဲ လေ့လာမှုပန်းချီကားနဲ့ တကယ့်ပန်းချီကားတစ်ကားရဲ့ ခြားနားမှုကို ပြောရခက်တယ်လို့ထင်တယ်၊ တို့မျှားအနေနဲ့ ပန်းချီကားတွေကို တတ်နိုင်သမျှ များများဆွဲသွားဖို့ပဲလိုတယ်၊ တို့ရဲ့အားနည်းချက်တွေနဲ့ တို့ရဲ့ အရည်အသွေးတွေကို တို့ဖာသာတို့ပဲ တည်ဆောက်ယူရမှာပဲ၊ ဒီနေရာမှာ ‘ ငါတို့ ’ ဆိုတဲ့စကားကို ငါသုံးတာဘာ့ကြောင့်လဲ၊ ငါ့ကိုငွေထောက်ပံ့တာက မင်းပဲမဟုတ်လား။ ငါ့ကိုငွေကြေးထောက်ပံ့နေရတဲ့အတွက် မင်းမှာ ဘယ်လောက်အထိ ဒုက္ခရောက်နေတယ်ဆိုတာ ငါသိနေတယ်၊ အဲဒီတော့ ငါဆွဲ ထားသမျှ ပန်းချီကားတွေနဲ့ ပတ်သက်လို့ ဖန်တီးမှုတစ်ဝက်ဟာ မင်းရဲ့ကိုယ်ပိုင် ဖန်တီးမှုတစ်ခုလို့ သဘောထားခွင့်ရှိနေတယ် မဟုတ်လား ”

“ အို. . . အဲဒါနဲ့ ပတ်သက်လို့ကတော့ . . . ”

သီအိုသည် စကားကို ဆက်မပြောတော့ပဲ အခန်းနောက်ဖက်၌ ချိတ်ထားသည့် သူဦးထုပ်ကိုသွား၍ယူသည်။

(၈)

သူအဖေမကွယ်လွန်မီကတော့ ဗင်းဆင့်သည် အိမ်သို့ တစ်ခါတစ်ရံသွားလည်ကာ ညစာစားသည်။ မိသားစုနှင့် တစ်နာရီခန့်စကားစမြည်ပြောသည်။ သူအဖေမြေချပြီးသည့် နောက်ပိုင်းတွင်မူ အခြေအနေသည် တစ်မျိုးဖြစ်လာသည်။ သူနှမ အက်လီဇာဘက်က သူအား မလိုလားသည့် အမူအရာကို ပြရုံမျှမက နှုတ်ကပါထုတ်ဖော်ပြောဆိုလာသည်။ သူကြောင့် မိသားစု ဂုဏ်သိက္ခာကျဆင်းမည်ကို စိုးရိမ်သည်ဟူသော သဘောကိုပါ ဖွင့်ဟလာသည်။ သူအမေကလည်း ဗင်းဆင့် အနေဖြင့် သူဘဝသူထိန်းကျောင်းသွားသင့်ပြီဟုယူဆသဖြင့် သူသမီးမျှားနှင့် တစ်သဘောတည်း ဖြစ်လာခဲ့လေ၏။

ဒျူနှင်၌နေထိုင်ရသည့်ဘဝသည် ဗင်းဆင့်အဖို့အထီးကျန်နိုင်လွန်းလှ ချေသည်။ အခြိန်ရှိသမျှ သူသည် ပတ်ဝန်းကျင် သဘာဝလေ့လာရေးအလုပ်ကို သာလုပ်နေရ၏။ လူအများနှင့်ဆက်ဆံရေးမှာ မရှိသလောက်ပင် နည်းပါးခဲ့ရ၏၊ အထီးကျန်နိုင်မှုကြောင့် ကိုယ်စိတ်နှစ်ပါး ဆင်းရဲလာရသည့်အခါ သူသည် ဝေဆင်ဘရူခြ၏ ပန်းချီစတူဒီယိုကို သတိရသည်။ စကားပြောလျှင်ပြတ်သားကြမ်းတမ်းလှသည့် ဝေဆင်ဘရူခြ၏ဝေဖန်မှုများကို တမ်းတသည်။

တစ်ခါတွင် ဝေဆင်ဘရူခြ်က သူ၏ဒဿနိက အမြင်တစ်ခုကို သူ့အားပြောပြခဲ့ဘူးသည်။ " ငါကတော့ခံစားမှုတစ်ခုဝင်လာရင် အဲဒီခံစားမှုကို ဖိနှိပ်ဖျောက်ဖျက်ပစ်ချင်တဲ့ ဆန္ဒမရှိဘူး။ ဘာကြောင့်လဲဆိုတော့ အဲဒီခံစားမှုဟာ ပန်းချီဆရာတွေအတွက် သူတို့ရဲ့ဘဝကို ထိထိရောက်ရောက် ဖော်ပြနိုင်အောင် တွန်းအားပေးလိမ့်မယ်လို့ငါထင်ထားတယ်" ဟူ၍ဖြစ်၏။ ထိုအမြင်သည် ယုံကြည်စွာ လက်ခံနိုင်လောက်သည့် အမြင်တစ်ခု ဟု သူထင်မိ၏။

ဤအတွင်းမှာပင် သူသည် ဒီဂရူအမည်ရှိ လယ်သမားမိသားစုနှင့်ခင်မင်ရင်းနှီးလာခဲ့သည်။ သူတို့မိသားစုတွင် အမေ၊ အဖေ၊ သားနှင့် သမီးနှစ်ယောက်ရှိ၍ အားလုံးပင် လယ်ကွက်များထဲ၌ အလုပ်လုပ်ကြရသည်။ ဒီဂရူမိသားစုသည် ဘရားဘန့်နယ်အတွင်းရှိ အခြားသော လယ်သမားမိသားစုအများစုကဲ့သို့ပင် ဆင်းရဲပင်ပန်းကြလေသည်။

သူတို့သည် အခန်းတစ်ခန်းတည်းသာရှိသော တဲအတွင်း၌ နေကြသည်။ သူတို့၏ အိပ်ရာများကို နံရံများတွင်ကပ်၍ ချထားသည်။ အခန်း၏အလယ်ဗဟိုတွင် စားပွဲတစ်လုံး၊ ကုလားထိုင်နှစ်လုံးနှင့် ထင်းရှူးသေတ္တာလွတ်များရှိသည်။ အပေါ်ဘက်မျက်နှာကြက် ထုပ်တန်းတွင် မှန်အိမ်တစ်လုံးခြိတ်ဆွဲထားသည်။ ဒီဂရူ မိသားစုသည် အာလူးစားသူများဖြစ်၏။ ညစာစားသည့်အခါ ဘလက်ကော်ဖီတစ်ခွက်စီသာရပြီး တစ်ပတ်လျှင် တစ်ကြိမ်မျှသာ ဝက်ပေါင်ခြောက်ကိုစားကြရသည်။ သူတို့သည် အာလူးစိုက်ကာ အာလူးကိုတူး၍ အာလူးစားသူများဖြစ်သဖြင့် သူတို့ဘဝသည် အာလူးနှင့် သံသရာလည်နေသော ဘဝဖြစ်လေသည်။ ဤမိသားစုတွင် အသက်ဆယ့်ခုနှစ်နှစ်အရွယ်သမီးငယ်စတိန်းဒီဂရူသည် ချစ်စရာကောင်းသော သူငယ်မဖြစ်သည်။ အလုပ်ခွင်ဝင်လျှင် ဘိုးနက်ဦးထုပ်အဖြူကိုဆောင်း၍ ကော်လာအဖြူတပ် အနက်ရောင်ဂျက်ကက် အင်္ကျီကိုဝတ်လေ့ရှိ၏။ ဗင်းဆင့်သည် သူတို့မိသားစုထဲညတိုင်းအလည်သွားလေ့ရှိသည်။ သူနှင့် စတိန်းသည် အခင်မင်ဆုံးဖြစ်၍ နှစ်ဦးသားဆုံမိလျှင် တဝါးဝါး

တဟားဟား ပွဲကျနေတတ်လေသည်။

" တွေ့လား။ . . ကျွန်မပုံကိုဆွဲတော့မယ်၊ ကျွန်မလူကုံတန်အမျိုး သမီးတစ်ယောက်ဖြစ်သွားပြီ။ . . ကျွန်မ ဦးထုပ်အသစ် ဆောင်းပေးရမလား မစ္စတာ ဗင်းဆင့် "

" မဆောင်းနဲ့ စတိန်း။ . မလိုပါဘူး၊ အခုလိုပုံအတိုင်းလဲ မင်းဟာလှနေ သားပဲ

" ကျွန်မလှတယ်၊ ဟုတ်လား "

စတိန်းကပြောပြောဆိုဆို တအားအော်ရယ်သည်။ စတိန်းသည် လှပ ရွှင်မြူးနေသော မျက်လုံးများကို ပိုင်ဆိုင်သူဖြစ်၏။ သူမ၏ မျက်နှာသည် အသက်ဝင်ရှင်သန်မှုကို အမြဲတစေ ဖော်ဆောင်လျက်ရှိသည်။ ယာခင်းထဲ၌ခါး ကုန်းပြီးအာလူးတူးနေခိုက်တွင် တွေ့မြင်နေရသော စတိန်း၏ကိုယ်လုံးကိုယ် ပေါက်သည် တကယ့်စစ်မှန်သော သဘာဝအလှကို ပီပြင်စွာဖော်ပြနေသည်။ ကေးပိုင်ဆိုင်သောအလှထက် အဆပေါင်းများစွာသာသည့် အလှဟု အသိအမှတ် မပြုပဲ မနေနိုင်။ အမှန်တော့ စတိန်း၏အလှသည် အလွန်ကျက်သရေရှိသော အလှဖြစ်ချေသည်။

သူသင်ကြားမှတ်သားခဲ့ရဖူးသည်မှာ လူပုံကိုဆွဲရာ၌ အလိုအပ်ဆုံးအရာ မှာ လှုပ်ရှားမှုဖြစ်သည်။ ရှေးခေတ်ပန်းချီဆရာကြီးများသည် လူပုံများကိုဆွဲသည့် အခါလှုပ်ရှားမှုကို ရှေ့တန်းမတင်ကြပေ။ ထိုအချက်သည် ကြီးမားသောအားနည်း ချက်တစ်ခုဖြစ်၏။ ထို့ကြောင့်လည်း သူသည် ဒီဂရို့မိသားစု၏ ပုံများကို ပန်းချီ ဆွဲရာ၌ အာလူးတူးဖော်နေခိုက်တွင်ဆွဲသည်။ မိသားစုစားပွဲ၌ထိုင်၍အာလူးပြုတ် များစားနေခိုက်ဆွဲသည်။ ထိုအခါမျိုးတွင် စတိန်းသည် သူဆွဲနေသောပုံကိုကြည့် ကာနောက်ပြောင်နေတတ်သည်။ တစ်ခါတစ်ရံ တနင်္ဂနွေနေ့ အားလပ်ရက်တွင် စတိန်းသည် အဝတ်သစ်ဝတ်၍ ဘိုးနက်ဦးထုပ်သစ်ကို ဆောင်းကာ ဗင်းဆင့်နှင့် အတူ တောင်ကုန်းဘက်သို့ လမ်းလျှောက်ထွက်တတ်သည်။ ထိုအလုပ်သည် လယ်သမား၊ ယာသမား မိသားစုအတွက် တစ်ခုတည်းသော စိတ်အပန်းဖြေမှု ဖြစ်၏။

တစ်ခါသော်သူတို့နှစ်ယောက်လမ်းလျှောက်ထွက်လာခိုက်တွင်စတိန်းက " ရှင့်ကို ဘီကျီမင်းက ကြိုက်တယ်မဟုတ်လား " ဟု သူ့အားမေးသည်။

" အင်း။ . . ကြိုက်တယ် "

" ဒါဆိုရင် သူ့ကိုယ်သူ ဘာပြုလို့ သတ်ရတာလဲ "

" သူ့မိသားစုက ငါ့ကိုလက်ထပ်ခွင့်မပြုကြလို့ "

" ဒါဆိုရင် သူမိုက်တာပေါ့။ ကျွန်မသာသူ့နေရာမှာဆိုရင် အဲသလိုဘယ်တော့မှမလုပ်ဘူး၊ ကျွန်မရှင့်ကိုပဲ ချစ်မှာပေါ့ "

စတိန်းသည် စကားအဆုံးတွင် သူမျက်နှာကို ဗင်းဆင့်မျက်နှာအနီးသို့ကပ်ကာတဟားဟားအော်ရယ်နေသည်။ ထို့နောက် သူရှေ့မှ ပြေးထွက်သွားပြီး ထင်းရှူးတောအုပ်ထဲသို့ ဝင်ရောက်သွားသည်။ ထိုနေ့တစ်နေ့လုံးသူတို့သည် ထင်းရှူးပင်များကြားခိုး ပြေးကြလွှားကြ၊ ကစားကြနှင့် အချိန်ကုန်ခဲ့ကြသည်။ တော်အုပ် အနီးအနားမှ ဖြတ်သွားကြသူ တချို့က သူတို့၏နေထိုင်မှုကို မြင်တွေ့ခဲ့ကြ၏။

စတိန်းသည် အရယ်သန်သူဖြစ်သည်။ ဗင်းဆင့်ဘာပဲပြောပြော သူမအတွက် ရယ်စရာချည်းဖြစ်နေသည်။ ရယ်ပြန်တော့လည်း တိုးတိုးသာသာမဟုတ်၊ အော်ကြီးဟစ်ကျယ်ရယ်တတ်သည်။ တစ်ခါတစ်ရံတွင် စတိန်းသည် ဗင်းဆင့်အား နပမ်းဝင်လုံးကာ မြေပေါ်သို့ကိုင်ပေါက်တတ်သည်။ အိမ်တွင် သူသဘောမကျသောအရာများကို ပန်းချီရေးဆွဲနေပါက ဆွဲလက်စပန်းချီကားပေါ်သို့ ကော်ဖီလောင်းချခြင်း၊ ကားချပ်ကိုယူ၍ မီးဖိုထဲထည့်ပစ်ခြင်းစသည်များကို လုပ်လေ့ရှိ၏။ သူသည်ဗင်းဆင့်၏ စတူဒီယိုသို့လာ၍ ကိုယ်ဟန်ပြပေးခြင်းကိုလည်း မကြာခဏလုပ်တတ်သည်။ သူပြန်သွားသည့်အခါတွင်မူ စတူဒီယိုတစ်ခုလုံးတိတ်ဆိတ် ခြောက်သွေ့ကာ ငြိမ်ဆိတ်နေတတ်လေသည်။

ဤသို့ဖြင့် နွေဥတုသည် ကုန်ဆုံးကာနောက်တစ်ကြော့ ဆောင်းရာသီသို့ဝင်ရောက်ခဲ့သည်။ ဆီးနှင်းများထူထပ်စွာ ကျနေပြီဖြစ်၍ ဗင်းဆင့်သည် အပြင်သို့မထွက်နိုင်၊ အလုပ်ကိုစတူဒီယိုခန်းထဲ၌သာ လုပ်နေရ၏။ အမှန်တော့ ကက်သလစ်ဘုန်းတော်ကြီးသည် ကျောင်းစောင့်ကအခန်းငှားသည့် ကိစ္စကိုသိပ်ပြီး သဘောမကျခဲ့၊ အထူးသဖြင့် သူတို့ ကက်သလစ်များက ဒိဋ္ဌိ အယူယူသူဟုသတ်မှတ်ထားသော ပရိုတက်စတင့် ဘာသာဝင်လည်းဖြစ်၊ ပန်းချီဆရာတစ်ဦးလည်းဖြစ်သော လူတစ်ယောက်အား ငှားထားခြင်းကို မလိုလား။ သို့သော်လည်း ဗင်းဆင့်မှာ အေးအေးဆေးဆေး သမားဖြစ်ခြင်းနှင့်ယဉ်ကျေးသိမ်မွေ့ခြင်းစသည်တို့ကြောင့် ကန့်ကွက်ခြင်းတော့ မပြုခဲ့ပေ။ တစ်နေ့တွင်မူ ကျောင်းစောင့်ဖြစ်သူ အက်ဒရီယာနာ ချာဖရတ်သည် အလွန်စိတ်လှုပ်ရှားစွာဖြင့် စတူဒီယိုခန်းထဲသို့ သုတ်သီးသုတ်ပြာ ဝင်ရောက်လာပြီး " ဖာသာပေါဝဲလ်က ခင်ဗျားကို အခုချက်ခြင်းတွေ့ချင်တယ်လို့ ပြောနေတယ် " ဟု ပြောသည်။

ဖါသာ အန်ဒရီးယားစ် ပေါဝဲလ်သည် လူလုံးလူထည်တုတ်ခိုင်ခိုင်၊ မျက်နှာနီနီနှင့်ဖြစ်သည်။ သူသည် စတူဒီယိုခန်းကိုတစ်ချက်မျှဝေ့ကြည့်သည်။ ဤမျှလောက် ရှုပ်ပွနေသောအခန်းမျိုးကို သူတစ်သက်တွင် ယခုတစ်ကြိမ်သည် ပထမဆုံးမြင်ဖူးခြင်းဖြစ်သည်ဟု တွေးမိသည်။

" ဖာသာအတွက် ကျွန်တော်ဘာများ လုပ်ပေးနိုင်ပါမလဲခင်ဗျာ "

ဟု ဗင်းဆင့်က တရိုတသေမေးသည်။

" ငါ့အတွက် မင်းလုပ်ပေးစရာဘာမှ မရှိပါဘူး။ ဒါပေမယ့် ငါကတော့ မင်းအတွက် လုပ်ပေးနိုင်စရာရှိနေတယ်၊ ဒီကိစ္စမှာ မင်းဟာ ငါခိုင်းတဲ့အတိုင်း လိုက်နာပြီး လုပ်ကိုင်ပေးဖို့တော့လိုလိမ့်မယ် "

" ဖာသာပြောနေတာ ဘာကိစ္စပါလဲ ခင်ဗျာ "

" သူက ကက်သလစ်၊ မင်းက ပရိုတက်စတင့်. . . ဘာသာမတူကြဘူး၊ ဒါပေမယ့် ငါကိုယ်တိုင် ဂိုဏ်းအုပ်ကြီးဆီက အထူးခွင့်ပြုချက်ကိုရအောင်တောင်းပေးမယ်၊ အခုရက်အနည်းငယ်အတွင်းမှာ လက်ထပ်ဖို့ အဆင်သင့်လုပ်ထားပါ "

ဗင်းဆင့်သည် ရှေ့သို့တိုးလာပြီး ဖာသာ၏မျက်နှာကို နားမလည်နိုင်သောမျက်နှာထားဖြင့် ကြည့်နေသည်။ " ဖာသာပြောနေတာကို ကျွန်တော်လုံးဝ နားမလည်ပါဘူး ခင်ဗျာ " ဟုပြောသည်။

" ဟာကွာ၊ မင်းဟန်ဆောင်ပြီးဖုံးကွယ်ဖို့ မကြိုးစားပါနဲ့တော့၊ မင်းသိထားတဲ့ ကိစ္စပါကွ၊ စတိန်းမှာ အခုကလေးရှိနေပြီ၊ မင်းဘာပြောမလဲ၊ သူ့မိသားစုရဲ့ ဂုဏ်သိက္ခာကို မထိန်းလို့မဖြစ်ဘူးကွ၊ သိလား "

" တကယ့်မကောင်းဆိုးဝါးလေးပါလား " ဟုဗင်းဆင့်က ရေရွတ်သည်။

" သူ့ကို မကောင်းဆိုးဝါးမလို့ ခေါ်ချင်လဲခေါ်ပေါ့။ တကယ်တန်းကျတော့ အခုလုပ်ရပ်ကိုသာ မကောင်းဆိုးဝါးလုပ်ရပ်လို့ ခေါ်ရမှာ "

"သေချာရဲ့လား ဖာသာရယ်. . . ခင်ဗျားနားကြားမှားမှားလာသလား"

" ငါ့မှာ ခိုင်လုံတဲ့သက်သေအထောက်အထား မရှိပဲနဲ့ လူတစ်ယောက်ကိုဘယ်တော့မှ မစွပ်စွဲဘူး "

" စတိန်းကိုယ်တိုင်က ဖာသာကိုပြောတာလား၊ သူက ဒီကလေးကိစ္စဟာ ကျွန်တော်ပါလို့ ပြောသလား "

" မပြောဘူး၊ သူကတော့ နာမည်ကို လုံးဝမပြောဘူး "

" ဒီလိုဆိုရင် ဘာပြုလို့ ကျွန်တော့်ကို စွပ်စွဲရတာလဲ "

" သူနဲ့ အတွဲဆုံးဟာ မင်းတစ်ယောက်ပဲရှိတယ်၊ ဒီစတူဒီယိုကိုလဲ သူ မကြာခဏလာတယ် မဟုတ်လား "

" လာတာတော့ လာတယ် "

" တနက်နွေနေ့တွေမှာလဲ သူနဲ့မင်းလမ်းလျှောက်ထွက်ကြတယ် မဟုတ်လား "

" ထွက်တယ် "

" ဒါဆိုရင် ငါ့အနေနဲ့ နောက်ထပ်သက်သေ ရှာစရာလိုသေးလား "

ဗင်းဆင့်သည် အတန်ကြာမှ ငြိမ်ဆိတ်နေသည်။ ထို့နောက် အေးအေးဆေးဆေးလေသံဖြင့် " ဒီသတင်းကြားရတာ ကျွန်တော် စိတ်မကောင်းပါဘူးဖာသာ၊ အထူးသဖြင့် ကျွန်တော်နဲ့ သိပ်ပြီး ခင်မင်နေတဲ့ စတိန်းမှာ အခုလိုဖြစ်တယ်ဆိုတာ စိတ်ထိခိုက်စရာတစ်ခုပါ၊ ဒါပေမယ့် သူနဲ့ ကျွန်တော်ရဲ့ ဆက်ဆံရေးဟာ သာမန်ခင်မင်မှုထက် မပိုတာအမှန်ပါ "

" မင်းပြောသမျှကို ငါကယုံကြည်လိမ့်မယ်လို့ မင်းထင်နေသလား "

" မထင်ပါဘူး၊ ဒါပေမယ့် ကျွန်တော်တော့ မဟုတ်ဘူး "

✧✧✧✧

ထိုညတွင် ဗင်းဆင့်သည် စတိန်းတို့တဲ့ လှေကားခုံထက်မှာ ထိုင်၍လယ်တောမှ ပြန်ရောက်လာမည့် စတိန်းအား စောင့်နေသည်။ ကျန်မိသားစုများသည် တဲအတွင်း၌ ညစာစားနေကြသည်။ စတိန်းသည် ရောက်လျှင်ရောက်ချင်း ဗင်းဆင့်၏ ဘေးနား၌ ခြေပစ်လက်ပစ်ထိုင်ချလိုက်လေသည်။

" ရှင်ပန်းခြံဆွဲစရာ လူငှစ်ယောက်ကို ကျွန်မရလာတော့မယ် " ဟု စတိန်းကပြောသည်။

" ဒါဆိုရင် ငါကြားထားတာအမှန်ပဲပေါ့. . ဟုတ်လား "

" အမှန်ပဲ၊ ရှင်စမ်းကြည့်ချင်သလား "

ပြောပြောဆိုဆို စတိန်းသည် ဗင်းဆင့်၏လက်ကို ဆွဲယူကာ သူမ၏ဗိုက်ပေါ်တင်ထားပေးသည်။ အတွင်းမှ ကလေး၏လှုပ်ရှားမှုကို ထိတွေ့နေရ၏။

" ဖာသာပေါ်ဝဲလ်က ကလေးအဖေဟာ ငါပဲလို့ လာပြောနေတယ် "

စတိန်းက ရယ်သည်၊ " ကျွန်မကလဲ ရှင်ပဲဖြစ်စေချင်တယ်၊ ဒါပေမယ့် ရှင်ကဘယ်ဖြစ်ချင်မလဲ. . . ကျွန်မပြောတာ မှန်တယ်မဟုတ်လား "

ဗင်းဆင့်က စတိန်းအားကြည့်သည်။ စတိန်း၏တစ်ကိုယ်လုံးတွင် ချွေးများဖြင့်စိုရွှဲလျက်ရှိသည်။ သူမ၏ တောင့်တင်းသော ခန္ဓာကိုယ်၊ ကြမ်းတမ်းသော အသွင်အပြင်၊ ပေါ်လွင်သောနှာတံနှင့် ထူထဲသောနူတ်ခမ်းများသည် ပီပြင်ပေါ်လွင် လျက်ရှိ၏။ စတိန်းကတော့ သူ့ကိုပြန်ကြည့်ပြီးပြုံးသည်။

" ငါကလဲ ကလေးအဖေဖြစ်ချင်တဲ့ ဆန္ဒရှိခဲ့ပါတယ် စတိန်းရယ် "

" ဒါကြောင့်မို့လဲ ဖာသာပေါဝဲလ်က ရှင့်ကိုလာစွဲတာထင်ပါရဲ့၊ ရယ်စရာတော့ အကောင်းသားပဲနော် "

" ရယ်စရာအကြောင်းရှိလို့လား "

" ကျွန်မရဲ့ ကိုယ်ရေးကိုယ်တာ လျှို့ဝှက်ချက်ကို ရှင်ဖုံးထားပေးမလား"

" ငါကတိပေးပါတယ် "

" ကလေးအဖေဟာ ဖာသာပေါဝဲလ်ရဲ့ ဘုရားရှိခိုးကျောင်းက. . . ပဲ"

ဗင်းဆင့်သည် အံ့အားသင့်လျက်ရှိ၏။ " မင်းမိသားစုကကော ဒါကိုသိသလား "

" ဟင့်အင်း. . . မသိကြဘူး၊ ကျွန်မသူတို့ကို ပြောမှ မပြောတာ၊ ဒါပေမယ့် ရှင်မဟုတ်ဘူးဆိုတာကိုတော့ သူတို့သိကြတယ် "

ဗင်းဆင့်သည် တဲ ထဲသို့ ဝင်ခဲ့သည်။ ဘာအပြောင်းအလဲမှ မရှိသည်ကို တွေ့ရ၏။ ဒီဂရုမိသားစုသည် စတိန်း၏ကိုယ်ဝန်အားသူတို့လယ်ကွက်ထဲမှ နွားမတစ်ကောင် ဇီးရှိသလိုပင် သဘောထားကြသည်။ သူကိုလည်း ယခင်ကပုံစံအတိုင်းပင် တရင်းတနှီးဆက်ဆံကြသည်။

သို့သော်လည်း နှုန်ရွာကတော့ ထိုကဲ့သို့ သဘောမထားချေ။ ဖာသာပေါဝဲလ်လာသောနေ့က တံခါးဝမှ ချောင်း၍နားထောင်သွားသော အက်ဒရီယာနာချာဖရတ်သည် သူကြားခဲ့ရသည့် သတင်းကိုသူ့အိမ်နီးနားချင်းများအားဖောက်သည်ချသည်။ နောက်တစ်နာရီခန့်အတွင်း ထိုသတင်းသည် လူပေါင်းနှစ်ထောင့်ခြောက်ရာထံရောက်သွားသည်။ စတိန်းဒီဂရုသည်ဗင်းဆင့်နှင့် ကိုယ်ဝန်ရှိနေပြီဖြစ်၍ ဖာသာပေါဝဲလ်က သူတို့နှစ်ဦးအား အတင်းအဓမ္မလက်ထပ်ပေးရန် စီစဉ်နေပြီဟူသော သတင်းသည် တောမီးလောင်သည့်နှယ် ပျံ့နှံ့သွားခဲ့လေ၏။

✧✧✧✧

နို့ဝင်ဘာလသို့ရောက်ခဲ့ပြီ၊ ဆောင်းဥတုသည် ပီပီပြင်ပြင်ဝင်လာခဲ့ပြီဖြစ်၏။ ဗင်းဆင့်ကတော့ ဤအရပ်မှ ထွက်ခွာရမည့် အချိန်ကာလဟု ယူဆသည်။

နှုန်ဌ ဆက်နေပါကလည်း သူ့အတွက် အကျိုးရှိစရာမမြင်။ နှုန်တွင်သူရေး ဆွဲလိုသည့် ပန်းချီကားအားလုံးကို သူရေးဆွဲခဲ့ပြီးပြီ။ လယ်သမား၊ ယာသမားတို့၏ ဘဝကို သူကောင်းစွာသိရှိခဲ့ပြီးပြီ။ သူ့အနေဖြင့် နောက်တစ်ကြိမ် ထပ်မံပေါက်ဖွားလာခဲ့သည့် မုန်းတီးစက်ဆုပ်မှုများကို ရင်မဆိုင်လိုတော့။ ဤဒေသမှ ထွက်ခွာရန် အချိန်ကျပြီဟု စိတ်ထဲမှသိနေသော်လည်း ဘယ်အရပ်ဒေသသို့ သွားရမည်ကို မူကား မသိသေးပေ။

တစ်ရက်တွင် အက်ဒရီယာနာသည် ဗင်းဆင့်ထံရောက်လာသည်။ "ဖာသာ ပေါဝဲလ်က ရှင့်ကိုပြောခိုင်းလိုက်လို့၊ အခုချက်ခြင်းဒီအိမ်ပေါ်ကဆင်းပြီး တခြားနေရာမှာ သွားနေပါတဲ့ " ဟုပြောသည်။

" ရတယ်လေ. . သူ့ဆန္ဒအတိုင်း ဖြစ်ရမှာပေါ့ "

သူသည် စတူဒီယိုထဲမှ ပန်းချီကားများကို လျှောက်ကြည့်သည်။ နှစ်နှစ်တာမျှအပင်ပန်းအဆင်းရဲခံ၍ ရေးဆွဲထားခဲ့သော ပန်းချီကားများသည် တောင်ပုံရာပုံ ဖြစ်နေပြီ။ ရက်ကန်းသည်များနှင့် သူတို့၏ဇနီး သားသမီးများ၊ ရက်ကန်းစင်များ၊ လယ်သမား တို့၏ ဘဝလှုပ်ရှားမှုများ၊ လယ်ယာများ၊ သစ်ပင်ကြီးများ၊ ဥယျာဉ်များ၊ ဘုရား ရှိခိုးကျောင်းမျှော်စင် စသည်ဖြင့်ဆွဲယူထားခဲ့သည့် အကြောင်းအရာများမှာ အမျိုးစုံဖြစ်၏။ သူအမြဲတစေကျက်စားခဲ့ရာ တောင်ကုန်းများ၊ ခြုံနွယ်ပိတ်ပေါင်း များ၊ နေရောင်အောက်မှ မြင်ကွင်းများ၊ ပြီးတော့ ဆောင်းဥတု၏ နေဝင်ဆည်းဆာ ရှုခင်းများ. . . . ။

သူစိတ်ထဲတွင် လေးလံထိုင်းမှိုင်းလာသည်။ သူပန်းချီကားများသည် ဟိုတစ်ပိုင်း သည်တစ်စရေးဆွဲထားသည့် ကားများသာဖြစ်၏။ ဘရားဘန့်ဒေသမှ လယ်သမားတို့၏ဘဝ အစိတ်အပိုင်းများကိုသာ ရရှိထားခြင်းဖြစ်၏။ ပြီးပြည့်စုံသွားပြီဟု ယူဆရန်မှာ မဖြစ်နိုင်သေးဟုထင်၏။ အသက်ဝင်နေသောတဲနှင့် အင်္ဂေတထောင်းထောင်းထနေသော အာလူးပြုတ်များသည် ဘယ်ရောက်နေကြသနည်း။ တကယ်တော့ ထိုမြင်ကွင်းကိုရပါမှသာလျှင် သူ့အလုပ်ကိုပြည့်စုံပြီဟုယူဆရမည်ထင်၏။ ထိုပုံကို မရပဲနှင့် သူထွက်ခွာသွားမည်ဆိုပါက ဖြစ်နိုင်ပါမည်လော . . . ။

သူသည်ပြက္ခဒိန်ကို လှမ်းကြည့်သည်။ လဆန်းဖို့ ဆယ့်နှစ်ရက်မျှလိုပေသေးသည်။ လဆန်းတစ်ရက် မတိုင်မီ ဤအရပ်မှခွာ၍မဖြစ်သေး။ သူသည် အင်ဒရီယာနာအား ခေါ်၍ပြောသည်။ " ဖာသာပေါဝဲလ်ကို ပြောလိုက်ပါ၊ ကျွန်တော် လဆန်းတစ်ရက်နေ့အထိ အခန်းခပေးထားပြီးပြီ၊ တစ်ရက်နေ့

မတိုင်ခင်တော့ ဖယ်မပေးနိုင်ဘူး ”

ထို့နောက်သူသည် ပန်းချီကားတင်ခုံ၊ ဆီဆေးများ၊ ကင်းဗတ်များနှင့် စုတ်တံများကို ယူကာ ဒီဂရု့တို့၏ တဲသို့သွားသည်။ တဲထဲတွင် အိမ်သူအိမ်သားများ တစ်ယောက်မှမရှိ။ သူသည် အိမ်ခန်းကိုခဲဖြင့် ပန်းချီကူးဆွဲသည်။ လယ်တောမှ အိမ်သားများ ပြန်ရောက်လာသည့်အခါတွင်မူ ဆွဲပြီးသား ပန်းချီကားကို ဆုတ်ဖြဲပစ်သည်။

ဒီဂရု့မိသားစုသည် အာလူးပြုတ်၊ ဝက်ပေါင်ခြောက်နှင့် ဘလက်ကော်ဖီများထင်ထားသည့်စားပွဲ၌ ဝိုင်းထိုင်ကာ ညစာစားကြသည်။ ဗင်းဆင့်သည် ပန်းချီတင်ခုံပေါ်သို့ ကင်းဗတ်တစ်ခုတင်ကာ ပန်းချီပုံကြမ်းစဆွဲသည်။ မိသားစုအားလုံး အိပ်ရာဝင်ချိန်အထိ သူပန်းချီကားကို လက်စမသပ်သေး၊ ထိုညတစ်ညလုံးသူ စတူဒီယိုခန်းထဲတွင် ထိုကားကိုဆက်ဆွဲသည်။ ထို့နောက် တစ်ညလုံးအိပ်ရေးပျက်ထားသဖြင့် တစ်နေ့လုံးအိပ်သည်။ အိပ်ရာမှ နိုးလာသည့်အခါ သူလက်ရာကိုပြန်ကြည့်သည်။ သူစိတ်ထဲတွင် ဘာလိုနေမှန်းမသိ၊ ပန်းချီကားကိုယူပြီး တစ်ပိုင်းစီတစ်စစီ ဆွဲဆုတ်ပစ်သည်။ ချက်ခြင်းပင် ကိရိယာတန်ဆာပလာများကို ယူကာ ဒီဂရု့တို့ တဲဖက်သို့ ထွက်လာခဲ့ပြန်သည်။

ဒီဂရု့မိသားစုသည် ညစာစားပွဲတွင် တစ်သက်တာပတ်လုံးထိုင်ခဲ့သည့် ပုံစံအတိုင်း ညစာစားရန်ထိုင်ကြသည်။ ဗင်းဆင့်အနေဖြင့် မှန်အိမ်မီးရောင်အောက်၌ ဤလူစု အာလူးပြုတ်များကို ဘယ်လိုစားကြသလဲ. . . ၊ မြေပေါ်၌သူတို့ ကိုယ်တိုင်စိုက်ခဲ့ပြီး မြေထဲမှ သူတို့ကိုယ်တိုင် တူးယူထားခဲ့သော အာလူးများကို စိုက်ခဲ့ တူးခဲ့သောလက်များနှင့် ဘယ်လိုများစားကြပါလိမ့်. . ။ သူသည် လက်လုပ်လက်စား အလုပ်ကြမ်းသမား၏ ဘဝကိုပေါ်လွင်အောင်ပြောချင်ပြချင်သော ဆန္ဒကကြီးမားလျက်ရှိသည်။ ပြီးတော့ သူတို့၏အစားအစာကို ဘယ်လိုရိုးသားစွာ ရယူနေကြသည်ကိုလည်း သိသာအောင်ပြောချင် ပြချင်သည်။

အလုပ်တစ်ခုကို လုပ်ပြီဟော့ဆိုလျှင် ပြင်းပြင်းထန်ထန် ဇွဲနဲဘဲကြီးစွာဖြင့်လုပ်လေ့ရှိသည်မှာ ဗင်းဆင့်အကျင့်စရိုက်ဖြစ်၏။ အခုလည်း သူသည် အလွန်ကြီးမားပြီးပြင်းထန်လွန်းလှသော အရှိန်အဟုန်ဖြင့် ပန်းချီကားကို ဒလကြမ်းဆွဲလျက်ရှိ၏။ သူ့ကိုယ်သူဘယ်လောက်အထိ ပြင်းထန်စွာ လုပ်ကိုင်နေမိသည်ကိုပင် သတိမထားမိ။ သူသည် ဤပုံစံမျိုးဖြင့်လယ်သမားများ၊ တဲအိမ်များနှင့်ညစာစားနေကြသော မိသားစုများကို ရာနှင့်ချီ၍ ရေးဆွဲခဲ့ဖူးပြီ။ ယင်းတို့အနက်ယနေ့ရေးဆွဲနေခြင်းသည် အပြင်းထန်ဆုံးဟု ထင်၏။

" ဒီနေ့ ဖာသာပေါဝဲလ် ဒီကိုရောက်လာတယ် " ဟု စတိန်းအမေက ပြောသည်။

" သူကဘာပြောသွားသလဲ " ဟု ဗင်းဆင့်ကမေးသည်။

" မင်းပန်းချီဆွဲတာကို မခံကြရင် ငွေပေးမယ်လို့ ပြောတယ် "

" အမေက ဘာပြန်ပြောလိုက်သလဲ "

" တို့က မင်းဟာ တို့နဲ့ သိပ်ခင်နေတဲ့ မိတ်ဆွေဖြစ်နေပြီ... လို့ ပြန်ပြောလိုက်တယ် "

" ဖာသာဟာ ဒီအနားတဝိုက်က အိမ်တွေကိုလဲလာသွားတယ် " ဟု စတိန်းကဝင်ပြောသည်။ " ဒါပေမယ့် သူတို့ကလဲ သူပေးတဲ့ငွေကို မယူကြဘူး၊ သူပေးတဲ့ငွေထက် ကိုယ်ဟန်ပြပေးလို့ ရှင့်ဆီကရတဲ့ငွေ မဖြစ်စလောက်ကို ပိုပြီး လိုချင်ကြတယ်လို့ ပြောလိုက်ကြသတဲ့ "

✧✧✧✧

နောက်နေ့ မနက်တွင် ဗင်းဆင့်သည် ညကဆွဲထားခဲ့သည့် ပန်းချီကားကိုကြည့်ကာ စိတ်တိုင်းမကျ ဖြစ်ရပြန်သည်။ သူသည် ပန်းချီကားကို ဒေါသတကြီး ယူ၍ဆွဲဆုတ်ပစ်ပြန်၏။ သူ့တွင် အလုပ်လုပ်ရက်ဆယ်ရက်မျှသာ ကျန်တော့၏။ သူ့နှုန်း၌ ဆက်နေလို့ကလည်း မဖြစ်... သူဆန္ဒရှိနေသည့် ပန်းချီကားကို စိတ်တိုင်းကျ ဆွဲမပြီးပဲနှင့်လည်း ဤဒေသမှ မခွာချင်။

သူသည် ညတိုင်းပင် ဒီဂရုတို့မိသားစုထံသွားသည်။ သူတို့အားလုံးစား ပွဲတွင် ဆက်၍မထိုင်နိုင်လောက်အောင် အိပ်ငိုက်လာခါမှပင် ပန်းချီအဆွဲကိုရပ်သည်။ ရှေးခေတ်ဒတ်ချ်ပန်းချီဆရာကြီးများက ပုံဆွဲခြင်းနှင့် ဆေးခြယ်ခြင်းသည် တစ်ခုတည်းဖြစ်သည် ဟု ဆိုထားခဲ့၏။ သူသည် ညစဉ်ညတိုင်း ဆေးရောင်အသစ်စပ်ခြင်း ကိုပြုသည်။ ခြားနားသော တန်ဘိုးများနှင့် အချိုးအစားများကို ညတိုင်းစမ်းသပ်ပြီး စပ်ဟပ်၍ဆွဲသည်။ နေ့စဉ်နှင့်အမျှ သူလိုချင်နေသော အရာကိုမဖမ်းမိ ဟု ထင်သည်။

လကုန်တော့မည့် နောက်ဆုံးရက်သို့ ရောက်လာပြီ။ ဗင်းဆင့်သည် သူလိုချင်သော ပုံကိုသွေးရူးသွေးတန်းဖြစ်နေသည့် လူတစ်ယောက်သဖွယ် အပြင်းအထန်ရေးဆွဲသည်။ အစာလည်းမစား၊ အိပ်လည်းမအိပ်၊ သူလိုချင်သော အရာကိုမရလေ စိတ်ဓာတ်ပြင်းထန်မှုက မြင့်မားလေဖြစ်လျက်ရှိ၏။ ယနေ့သည် သည်သူ့အတွက်နောက်ဆုံးအခွင့်အရေးဖြစ်သည်။ မနက်ဖြန်မနက်ဆိုလျှင်သူ သည်ဘရားဘန့်မှ ရာသက်ပန်ထွက်ခွာသွားရပေတော့မည်။

သူသည် နာရီပေါင်းများစွာ မရပ်မနားအလုပ်လုပ်သည်။ ထက်သန်ပြင်းပြသောစိတ်ဖြင့် အားကျိုးမာန်တက်လုပ်နေခြင်းဖြစ်၏။ ဒီဂရုမိသားစုတို့ကလည်း နားလည်ကြသည်။ ညစာစားပြီးသည့်နောက်တွင်လည်း စားပွဲ၌ဆက်၍ထိုင်ပေးကြသည်။ သူတို့ချင်း တီးတိုးလေသံဖြင့် လယ်ယာလုပ်ငန်းကိစ္စများကိုပြောဆိုနေကြသည်။

ဗင်းဆင့်သည် ဘာသံကိုမှ မကြား၊ သူ့လက်က ဘာတွေဆွဲနေမှန်းပင် သိဟန်မတူ၊ သူ့လက်နှင့် ကင်းဗတ်တို့ကြားတွင် အသိနှင့် အတွေးလည်းမရှိ။ ညဆယ်နာရီထိုးသည့်အခါ ဒီဂရုမိသားစု အားလုံးအိပ်ပျော်ကုန်သည်။ ဗင်းဆင့်မှာလည်း မလှုပ်ရှားနိုင်အောင် ပင်ပန်းနွမ်းနယ်နေပြီဖြစ်၏။ သူသည် သူ့တွင်ရှိသမျှအစွမ်းသတ္တိနှင့် အင်အားများကိုအသုံးပြုကာ ကင်းဗတ်ပေါ်တွင် ဆေးစက်များတင်ပြီးခဲ့ပြီ။ သူသည် ပန်းချီပစ္စည်းများကို သိမ်းဆည်းကာ စတိန်းအားတယုတယနမ်းသည်။ အားလုံးကို အပြီးအပြတ် နှုတ်ဆက်သည်။ ထို့နောက်ညအမှောင်ထုကြီးကိုဖြတ်၍ အိမ်ပြန်သည်။ သူ့ကိုယ်သူ လမ်းလျှောက်နေပါလျက်နှင့် လမ်းလျှောက်နေမှန်းမသိ။

စတူဒီယိုခန်းထဲတွင် သူသည် ပန်းချီကားကို ကုလားထိုင်တစ်လုံးပေါ်၌တင်သည်။ ဆေးတံကို မီးညှိ၍ဖွာရင်း သူ့ပန်းချီကား လက်ရာကို ပြန်လည်စစ်ဆေးသည်။ အားလုံးမှားနေပြန်ပြီဟု သူမြင်သည်။ ပန်းချီကားထဲတွင် သူလိုချင်သည့် အသက်ကိုမမြင်ရသေး။ သူရှုံးရပြန်ပြီ။ နှစ်နှစ်တိတိ ဘရားဘန့်၌နေထိုင်ပြီး တပင်တပန်းလုပ်ခဲ့သမျှ အလဟဿဖြစ်ရပြန်ပြီ။

သူသည် ဆေးတံကို တစ်အိုးစာကုန်သည်အထိ ဖွာသည်။ သူ့အိတ်ထဲသို့ပစ္စည်းများထည့်သည်။ နံရံနှင့် ဘီရိုထဲမှ ပန်းချီကားများကို ထုတ်ကာသေတ္တာကြီးတစ်လုံးတွင် ထည့်သည်။ ထို့နောက် အိပ်ရာပေါ်သို့ ခြေပစ်လက်ပစ်လှဲချလိုက်သည်။

အချိန်တွေမည်မျှ ကုန်သွားသည်ကိုမသိ။ သူသည် အိပ်ရာပေါ်မှထကာ

ပန်းချီဘောင်တွင် တပ်ထားသည့် ကင်းဗတ်ကိုဆွဲဖြုတ်ပြီး ထောင့်တစ်ထောင့်သို့ လွှင့်ပစ်လိုက်သည်။ ကင်းဗတ်အသစ်တစ်ခုကိုယူ၍ ပြန်တပ်ပြီး ဆေးမျှားကို စပ်သည်။ ပြီးတော့ ကုလားထိုင်၌ ထိုင်ကာ အလုပ်ကိုလုပ်သည်။

ပန်းချီဆရာတစ်ယောက်ဟာ မျှော်လင့်ချက်ကင်းမဲ့နေတဲ့ ရုန်းကန်လှုပ်ရှားမှုနဲ့ သဘာဝနောက်ကို လိုက်နေရင် အရာရာတိုင်းဟာ အမှားချည်းဖြစ်နေတတ်တယ်၊ ပန်းချီဆရာတစ်ယောက်ဟာ တည်ငြိမ်အေးဆေးစွာနဲ့ ပန်းချီဆေးစပ်ပျဉ်ပြားဆီက ရယူပြီးဖန်တီးမှုကို ပြုသွားရင် သဘာဝနဲ့ တစ်သဘောတည်းဖြစ်ပြီး ကိုယ်လိုချင်တာကို အဆုံးသတ်သွားနိုင်မှာပဲ။

ဘရပ်ဆဲလ်မြို့၌ နေခဲ့စဉ်က ပက်တာဆင်က သူ့အားပြောဖူးခဲ့သည့် စကားဖြစ်၏။ အခုကျတော့လည်း သူသည် ထိုစကားအတိုင်းဖြစ်လာနေသည်ကို တွေ့ရသည်။ တကယ်တော့ သူသည် ကိုယ်ဟန်ပြမျှားအပေါ်၌မျှားစွာ အဓိကထားပြီး အာရုံစူးစိုက်ခဲ့မိသည်။ သူ့အနေဖြင့် ရှုခင်းတစ်ခုလုံးကို ခြုံငုံပြီး မြင်နိုင်စွမ်းမရှိခဲ့၊ အမှန်တော့ သူသည် သူ့ကိုယ်သူ သဘာဝပုံစံခွက်ထဲသို့ လောင်းထည့်နေခြင်းဖြစ်၏။ အခုမှပင် သူသည် သဘာဝကို သူလုပ်ထားသည့် ပုံစံခွက်ထဲသို့ လောင်းထည့်နိုင်ခြင်း ဖြစ်လေသည်။

သူသည် မြေမှုန်များကပ်နေသည့် အခွံမန္တာရသေးသော အာလူးတစ်လုံးကိုဆွဲသည်။ ညစ်ပတ်ပေရေနေသော စားပွဲခင်း၊ မီးခိုးငွေ့များကပ်ညိနေသော နံရံ၊ ထုတ်တန်း၌ တွဲလောင်းကျနေသော မီးအိမ် စသည်တို့ကိုဆွဲသည်။ စတိန်းသည် သူ့အဖေပန်းကန်ထဲသို့ အာလူးပြုတ်များထည့်ပေးနေသည်။ အမေသည်ဘလက်ကော်ဖီငွဲ့ ထည့်ပေးနေသည်။ အစ်ကိုဖြစ်သူသည် ကော်ဖီခွက်ကို နှုတ်ခမ်းဆီသို့ မ ယူနေသည်။ အားလုံး၏ မျက်နှာများသည် တည်ငြိမ်အေးဆေးခြင်းကိုဖော်ပြနေကြသည်။

နေမြင့်လာပြီ။ အလင်းရောင်သည် စတိုခန်းပြတင်းပေါက်မှဝင်ရောက်လာသည်။ ဗင်းဆင့်သည် ခုံပေါ်တွင် ထိုင်နေရာမှ ထရပ်လိုက်သည်။ သူ့စိတ်သည် တည်ငြိမ်နေသည်၊ အေးဆေးနေသည်၊ ငြိမ်းချမ်းနေသည်။ ဆယ်နှစ်တိတိ စိတ်လှုပ်ရှားခဲ့ရသမျှသည် ပြီးဆုံးသွားခဲ့ပေပြီ။ သူသည် သူ့လက်ရာကို ကြည့်သည်။ ဝက်ပေါင်ခြောက်၊ မီးခိုးနှင့် အာလူးပြုတ်တို့မှ အခိုးအငွေ့များထွက်နေသည်။ သူသည် တစ်ချက်မျှနှစ်ခြိုက်စွာ ပြုံးလိုက်သည်။ သူ မိမိရရ ဖမ်းယူထားနိုင်ခဲ့ပြီ၊ ဘရားဘန့်လယ်သမားသည် ဘယ်တော့မှ သေတော့မည်မဟုတ်။

သူသည် ပန်းချီကားကို ကြက်ဥအကာဖြင့် ပွတ်ပေးသည်။ ထို့နောက်

ပန်းချီကားများထည့်ထားသည့် သေတ္တာကို သူအမေထံပို့သည်။ ပြီးတော့သူအမေအား ဖက်လဲတကင်း နှုတ်ဆက်ကာ စတူဒီယိုခန်းသို့ ပြန်လာခဲ့၏။ သူဆွဲထားသည့် ပန်းချီကားအောက်တွင် **"အာလူးစားသူများ"** ဟု ရေးလိုက်သည်။ ထို ပန်းချီကားကို အရေအတွက်အားဖြင့် အနည်းငယ်မျှသာရှိသော အကောင်းဆုံး ပန်းချီကားများနှင့် ရောထည့်ကာ ပါရီမြို့သို့ ထွက်ခွာလာခဲ့လေသည်။

Unity Publishing House

စာအုပ် (၅)

ပါရီ

(၁)

" ဒီလိုဆိုရင် ကျွန်တော့်ဆီက နောက်ဆုံးစာကို အစ်ကိုမရဘူးပေါ့ ဟုတ်လား " ဟု သီအိုက မေးသည်။ ယမန်နေ့က ပါရီသို့ ဆိုက်ရောက်ခဲ့သော ဗင်းဆင့်သည် ယနေ့နံနက်တွင် သူညီနှင့် အတူထိုင်၍ မနက်စာစားလျက်ရှိသည်။

" မရဘူးကွ " ဟု ဗင်းဆင့်က ပြန်ပြောသည်။ " စာထဲမှာ အထွေအထူး ဘာများရေးထားလို့လဲ "

" ကျွန်တော့်ကို ဂေါပစ်လ်ကုမ္ပဏီက ရာထူးတိုးပေးလိုက်ပြီဆိုတဲ့ သတင်း ထည့်ရေးလိုက်တယ် "

"ဟုတ်လား. . . ဒါနဲ့များကွာ. . . မနေ့ကဘာပြုလို့မပြောတာလဲ"

"မနေ့ကပြောလိုက်ရင် အစ်ကိုစိတ်တွေ သိပ်ပြီးလှုပ်ရှားသွားမှာ စိုးလို့ပါ။ ကျွန်တော့်ကို သူတို့က မွန်မာထရီလမ်းမကြီးပေါ်က ပန်းချီပြခန်းအရောင်းဆိုင် တာဝန်ခံရာထူး တိုးပေးလိုက်တယ် "

" ဟန်ကျတာပေါ့။ မင်းရဲ့ ကိုယ်ပိုင်ပန်းချီကားအရောင်းဆိုင် တစ်ခုဖြစ်သွားတာပဲ "

"ကိုယ်လုပ်ချင်သလို လုပ်ရမယ့် ကိုယ်ပိုင် ဆိုင်တော့လဲ မဟုတ်ဘူး ဗင်းဆင့်ရဲ့။ ဂေါပစ်လ်ကုမ္ပဏီကချမှတ်ထားတဲ့မူဝါဒနဲ့ စည်းကမ်းတွေအတိုင်း လိုက်နာပြီး လုပ်ရမှာ။ ဒါပေမဲ့ သူတို့ကကျွန်တော်တင်ချင်တဲ့ အင်ပရက်ရှင်းနစ္စတွေရဲ့ ပန်းချီကားတွေကိုတော့ တင်ခွင့်ပေးထားတယ် "

" မင်းအခုဘယ်သူကားတွေကို တင်ထားသလဲ "

" မိုနက်၊ ဒီဂက်စ်၊ ပစ်ဆာရိုနဲ့ မာနက်တို့ ကားတွေတင်ထားတယ်"

" ငါတော့ တစ်ယောက်မှ မကြားဖူးဘူး "

" ဒါဆိုရင် အရောင်းပြခန်းကိုလာပြီး သူတို့ကားတွေကို စိမ်ပြေနပြေသာကြည့်ပေတော့ "

" မင်းပြုံးနေတာ ဘာအဓိပ္ပာယ်လဲ သီအို "

" အို. . . ဘာမှ မဟုတ်ပါဘူး၊ ကော်ဖီထပ်ယူအုံးမလား၊ ခဏနေရင် သွားကြမယ်၊ ကျွန်တော်ကတော့ဆိုင်ကို မနက်တိုင်း လမ်းလျှောက်သွားတာပဲ"

" တော်ပြီ၊ တော်ပြီ၊ တစ်ဝက်ပဲထည့်၊ မင်းနဲ့ အခုလို မျက်နှာချင်းဆိုင်ထိုင်ပြီး မနက်စာ ပြန်စားရတာစိတ်ချမ်းသာတယ် "

" အစ်ကိုပါရီရောက်လာဖို့ မျှော်တလင့်လင့်ဖြစ်နေရတာကြာပြီ၊ နောက်ဆုံးကျတော့လဲ ဒီကိုရောက်လာရတာပဲ မဟုတ်လား၊ ဒါပေမယ့်. . . ဇွန်လထဲကျမှနေရတာပိုပြီးအဆင်ပြေမယ်၊ အဲဒီအခါကျရင် ကျွန်တော်လီပစ်လမ်းကိုပြောင်းမယ်၊ အခန်းကျယ်ကြီးသုံးခန်းတောင်ရှိမှာ၊ အဲဒီကျရင်အစ်ကို အလုပ်လုပ်ရတာပိုပြီးအဆင်ပြေမှာ သေချာတယ် "

ဗင်းဆင့်က အခန်းကို တစ်ချက်ကြည့်သည်။ အိပ်ခန်း တစ်ခန်းနှင့် မီးဖိုခန်းကျဉ်းကျဉ်းကလေးတစ်ခုသာပါသည်။ ပြင်ဆင်ခင်းကျင်းထားပုံကတော့ သပ်ယပ်သန့်ရှင်းသည်။ သို့သော်လည်း ကျဉ်းလွန်းသဖြင့် မလှုပ်သာမလှည့်သာ ရှိလွန်းလှချေသည်။

" တကယ်လို့ ကိုယ့်ရဲ့ပန်းချီတင်ခုံကို ချလိုက်မယ်ဆိုရင် မင်းရဲ့ ဧည့်ခန်းစားပွဲ ကုလားထိုင်တွေကို ဝရံတာဘက်ရွှေ့ထားရတော့မှာပဲ " ဟု ဗင်းဆင့်က ပြောသည်။

" ကိစ္စမရှိဘူးလေ၊ ရပါတယ်၊ ဒီပစ္စည်းတွေက နောက်ပြောင်းမယ့် တိုက်ခန်းအတွက်ရည်ရွယ်ပြီးဝယ်ထားတာ၊ လှလဲလှ၊ စျေးလဲချိုလို့။ ကဲလာ. . ဗင်းဆင့်။

ကျွန်တော်နဲ့အတူဆိုင်ကို လှမ်းလျှောက်ကြမယ်၊ တောင်ကုန်းအဆင်းလျှောက်ရတာသိပ်ကောင်းတယ်၊ မနက်စောစောစီးစီး ပါရီမြို့တော်ရဲ့ အနံ့ကိုမရှူရရင် ပါရီကို ခင်ဗျားသိပြီလို့ မပြောနိုင်သေးဘူး ”

သီအိုသည် အနက်ရောင်ကုတ်အင်္ကျီကိုယူဝတ်သည်။ ဆံပင်နှင့်မုတ်ဆိတ်ကို သပ်ယပ်သွားအောင် ဖြီးသည်။ အနက်ရောင် ဘိုးလားဦးထုပ်ရှည်ကြီးကိုဆောင်းကာ လက်အိတ်များနှင့် လမ်းလျှောက်တုတ်ကိုယူ၍ အခန်းတံခါးဆီသို့လျှောက်သွားသည်။

“ မပြီးသေးဘူးလားဗင်းဆင့် ဟာ. . . လူတွေဝိုင်းကြည့်တာ ခံရတော့မယ်၊ အဲဒီအင်္ကျီမျိုးကို တခြားမှာ ဝတ်လို့ရပေမယ့် ပါရီမှာ ဝတ်လို့မရဘူး အဖမ်းခံရလိမ့်မယ် ”

“ ဘာဖြစ်လို့လဲကွ ” ဟုဗင်းဆင့်ကသူ့အဝတ်ကိုငုံ့ကြည့်ပြီး ပြောသည်။

“ ကိုယ်ဝတ်လာတာ နှစ်နှစ်တောင်ရှိပြီ၊ ဘယ်သူကမှ မပြောပါဘူး ”

သီအိုကရယ်သည်။ “ ထားပါတော့ ကိစ္စမရှိပါဘူး၊ ပါရီသူပါရီသားတွေအနေနဲ့ အစ်ကို့လို လူစားတွေကို မြင်ဖူးတွေ့ဖူးနေကျမို့ ရိုးနေပါပြီ၊ ဒီညဆိုင်ပိတ်ချိန်ကျရင်တော့ အစ်ကို့အတွက် အဝတ်အစားဝယ်ပေးဦးမှ ဖြစ်မယ် ”

သူတို့သည် ကွေ့ကောက်နေသော လှေကားမှ ဆင်းခဲ့ကြပြီး လာဗယ်လ်လမ်းပေါ် သို့ရောက်လာကြသည်။ အထိုက်အလျောက် ကျယ်ဝန်းပြန့်ပျူးသော လမ်းဖြစ်၏။ လမ်းဘေးဝဲယာတွင် စတိုးဆိုင်များ၊ ဆေးဆိုင်များ၊ ဓာတ်ပုံမှန်ဘောင်ဆိုင်များနှင့် ရှေးဟောင်းပစ္စည်း အရောင်းဆိုင်များရှိနေသဖြင့် လူစည်ကားသော လမ်းတစ်လမ်းဖြစ်လေသည်။

“ ကျွန်တော်တို့ အဆောက်အဦးကြီးရဲ့ အပေါ်ဖက်တတိယထပ်က မိန်းမချော သုံးယောက်ကို အစ်ကိုသတိထားပြီးကြည့်စမ်းပါ ” ဟုသီအိုကပြောသည်။

ဗင်းဆင့်ကမော့ကြည့်သည်။ ပလတ်စတာဖြင့် ထုလုပ်ထားသော အမျိုးသမီးသုံးယောက်၏ ကိုယ်တစ်ပိုင်းရုပ်တုများကိုမြင်ရသည်။ ပထမရုပ်တုအောက်တွင် ‘ ပန်းပု ’ ဟုရေးထိုးထားသည်။ အလယ်ရုပ်တုအောက်တွင် ‘ ဗီသုကာ ’ ဟုလည်းကောင်း၊ နောက်ဆုံးရုပ်တုအောက်တွင် ‘ ပန်းချီ ’ ဟုလည်းကောင်းရေးထိုးထားသည်။

“ ပန်းချီကျမှ ဒီလောက်အကျည်းတန်တဲ့ မိန်းမနဲ့ ပြထားတာဘာကြောင့်ပါလိမ့် ” ဟုဗင်းဆင့်က ရေရွတ်သည်။

" ကျွန်တော်လဲမသိဘူး " ဟူသီအိုက ပြန်ပြောသည်။ " ဘာပဲဖြစ်ဖြစ်လေ၊ အစ်ကိုနေရမဲ့ နေရာက နေရာမှန်လူမှန်ပဲ "

မကြာလိုက်ခင်မှာပင် သူတို့သည် မွန်မာထရီလမ်းမကြီးအတွင်းသို့ ရောက်လာကြသည်။ ထိုလမ်းမကြီးသည် တောင်ကုန်းကိုပတ်ကာ ကလီခွိုလမ်းသွယ်သို့ ဦးတည်သွားပြီး တောင်ကုန်းတလျှောက်ဆင်း၍ မြို့လယ်ဆီသို့ ဦးတည်သွားသည်။ လမ်းမပေါ်တွင် နံနက်ခင်းနေရောင်ခြည်သည် ဖြာဆင်းလျက်ရှိ၏။ ပါရီ၏အနုံအသက်များသည် ပတ်ဝန်းကျင်တွင် သင်းပျံ့နေသည်။ စားသောက်ဆိုင်များအတွင်းမှ ဟင်းသီးဟင်းရွက်နှံ့ အသားငါးနှံ့နှင့် ဒိန်ခဲနှံ့များသည်လေထဲတွင် လွင့်မျောနေကြလေသည်။

စတိုးဆိုင်များတွင် လူလတ်တန်းစားများနှင့် ပြည့်လျက်ရှိသည်။ ဤအပိုင်းသည် လူလတ်တန်းစားများ နေထိုင်ရာ ရပ်ကွက်ဖြစ်၏။ အလုပ်သမားများသည်လမ်းပေါ်တွင် ပျားပန်းခပ်မျှ လူပ်ရှားသွားလာနေကြသည်။ သူတို့၏ဇနီးများသည် တစ်ဆိုင်ဝင်တစ်ဆိုင်ထွက်ကာ စျေးဝယ်နေကြသည်။ စျေးသည်များနှင့် စျေးဆစ်နေသံများကိုလည်း ကြားနေရလေသည်။

ဗင်းဆင့်သည် အသက်ကို အားရပါးရရှူလိုက်သည်။ " ဒါဟာ . . ပါရီပါလား " ဟု ရေရွတ်သည်။ " နောက်ဆုံးကျတော့လဲ ကိုယ်ဟာ ပါရီကိုရောက်လာရတာပါပဲလား "

" ဟုတ်တယ်. . . ဒါဟာပါရီပဲ၊ ဥရောပတိုက်ရဲ့ မြို့တော်ပေါ့။ အထူးသဖြင့်ပန်းချီပညာရှင်တွေရဲ့ မြို့တော်ပဲ "

ဗင်းဆင့်သည် လမ်းပေါ်မှ အသက်ဝင်လှုပ်ရှားနေသည့် ဘဝတစ်ခုတွင်သာယာကြည်နူးနစ်မျောလျက်ရှိ၏။ အနီရောင်နှင့် အနက်ရောင် ဂျက်ကက်အင်္ကျီများနှင့် သွားလာနေကြသည့် အလုပ်သမားများ၊ ပေါင်မုန့်များကိုင်၍ သွားလာနေကြသည့် အမျိုးသမီးများနှင့် အလုပ်ခွင်သို့ သွားနေကြသည့် လုပ်ငန်းရှင်များကိုကြည့်ကာ ပီတိဖြစ်လျက်ရှိ၏။ လမ်းဘေးဝဲယာရှိ စတိုးဆိုင်များသည် နည်းနည်းနောနော မဟုတ်။ စားသောက်ဆိုင်များမှာလည်း အများအပြား။

မွန်မာထရီလမ်းမကြီးသည် ကွေ့ကောက်ကာ တောင်ကုန်းခြေရင်းသို့ ဆင်းသွားပြီး လမ်းခြောက်လမ်းဆုံတွေ့ရာ ချက်တီယာဒန် အဝိုင်းကြီးဆီသို့ ရောက်သွားသည်။ သူတို့သည် ထိုအဝိုင်းကြီးကိုဖြတ်ကာ နော်ထရီဒိန်ဘုရားရှိခိုးကျောင်းကြီး၏ရှေ့မှ ကျော်ဖြတ်ခဲ့သည်။ ဘုရားရှိခိုးကျောင်းကြီး၏ တံခါးပေါက်ဝရေးထားသည့် စာတမ်းကို ဗင်းဆင့်က အသေအချာ ဖတ်ကြည့်သည်။

" သူတို့က လွတ်လပ်ခြင်း၊ တရားမျှတခြင်းနဲ့ ညီမျှခြင်းတွေကို တကယ် အကောင်အထည်ဖော်ကြမယ်လို့ ရည်မှန်းထားကြသလား သီအို " ဟု မေးသည်။

" ကျွန်တော်ကတော့ သူတို့လုပ်ကြလိမ့်မယ်လို့ ယုံကြည်တယ်၊ အခု ဆိုရင် တတိယမြောက် သမ္မတနိုင်ငံဟာ အစဉ်သဖြင့် တည့်တံ့သွားမယ်လို့ ယူဆရတယ်၊ ဘုရင့်ဘက်တော်သားတွေဟာ မရှိတော့သလောက်ပဲ၊ အာဏာကို ဆိုရှယ်လစ်တွေကရနေတယ်၊ အင်မလီဇုလာက ဟိုတစ်ညက ကျွန်တော့်ကိုပြော တယ်၊ နောက်တစ်ကြိမ်ဖြစ်လာမယ့် တော်လှန်ရေးဟာ ဘုရင်စံနစ်အစား အရင်း ရှင်စံနစ်ကို တိုက်ခိုက်လာလိမ့်မယ်တဲ့ "

"ဇုလာ. . . ။ မင်းသူ့ကိုသိခွင့်ရတာဟာ သိပ်ကံကောင်းတာပဲ သီအို"

" ပေါလ် စေဇန်းက မိတ်ဆက်ပေးလို့ သူနဲ့သိရတာ၊ ကျွန်တော်တို့အား လုံး ဘာတီနော်လက်စ် စားသောက်ဆိုင်မှာ တစ်ပတ်ကို တစ်ကြိမ်ဆုံကြတယ်၊ နောက်တစ်ပတ် ကျွန်တော်သွားတဲ့အခါ အစ်ကို့ကိုခေါ်သွားမယ်လေ "

ချက်တီယာဒန် အဝိုင်းကြီးကိုကျော်သွားသည့်အခါ မွန်မာထရိလမ်းမ ကြီးပေါ်တွင် လူလတ်တန်းစား အင်္ဂေ့အသက်များ ပျော်ကွယ်သွားပြီး အထက် တန်းလွှာတို့၏ အနုံ့အသက်များသည် ဝင်ရောက်နေရာယူလာသည်။ စတိုးဆိုင် များနှင့် စားသောက်ဆိုင်များသည် ပို၍ကြီးကျယ်ခမ်းနားလာသည်။ ပို၍ကောင်း သည့်အဝတ်အစားများကို ဝတ်ထားသည့် လူများကို တွေ့လာရ၏။ အဆောက် အဦးများမှာလည်း ပို၍ထည်ဝါလာကြ၏။ ဟိုတယ်များနှင့် မြင်းရထားများကို လည်းမြင်တွေ့လာရသည်။ မြို့တော်၏ လူချမ်းသာများနှင့် လူလတ်တန်းစားများ ၏ဆက်စပ်ယှက်နွယ်မှုများကို သိနားလည်လာရလေသည်။

" အစ်ကို့အနေနဲ့ အိမ်မှာ အလုပ်မလုပ်နိုင်ရင် ကျွန်တော်ကတော့ ကော်မင်းရဲ့ စတူဒီယိုခန်းကို သွားဖို့ အကြံပြုရမှာပဲ " ဟုသီအိုကပြောသည်။

" အဲဒီစတူဒီယိုက ဘယ်လိုပုံစံမျိုးလဲ "

" အင်း. . . ကော်မင်းကတော့. . . အတတ်ပညာပိုင်းကို သိပ်ပြီး ဦးစားပေးထားတာပဲ၊ တကယ်လို့ အစ်ကိုက သူ့ရဲ့ ဝေဖန်မှုကို မလိုလားဘူးဆိုရင် သူက လုံးဝ မဝေဖန်ဘူး "

" စျေးသိပ်ကြီးသလား "

သီအိုက သူ၏လမ်းလျှောက်တုတ်ဖြင့် ဗင်းဆင့်အား လှမ်းထိုးသည်။ "ကျွန်တော်ပြောထားပြီးပြီ မဟုတ်လား၊ ကျွန်တော် ရာထူးတက်တယ်လေ၊ ကျွန်တော်ဟာ နောက်တစ်ကြိမ်ဖြစ်လာမယ့် တော်လှန်ရေးမှာ ဇုလာကတိုက်ဖျက်

ပစ်မယ့် ငွေရှင်ကြေးရှင်တစ်ယောက် ဖြစ်လာတော့မယ်ဆိုတာ အစ်ကိုမေ့သွားပြီလား ”

နောက်ဆုံးတွင် မွန်မာထရီလမ်းသည် ကျယ်ဝန်းပြန့်ပြူးပြီးထည်ဝါခဲ့ညားလွန်းလှသော မွန်မာထရီလမ်းမကြီးထဲသို့ ဝင်သွားသည်။ လမ်းထဲတွင် မြင်တွေ့ နေရသည့် ဆိုင်ကြီးမျှားမှာ ခမ်းနားကြီးမားလှချေသည်။ ထိုမှတဆင့် အီတာလီယံ လမ်းမကြီးအဖြစ်သို့ ကူးပြောင်းရောက်ရှိသွားပြီး ဒီလာအော်ပရာရပ်ကွက်တွင်းသို့ ရောက်သွားသည်။ နံနက်ပိုင်း အခုလိုအချိန်တွင် လူသွားလူလာနည်းပါးနေသေးသော်လည်း စတိုးဆိုင်မျှားအတွင်းရှိ စာရေးမျှားမှာမူ တစ်နေ့တာ ရောင်းဝယ်ရေးလုပ်ငန်းအတွက် ကြိုတင်ပြင်ဆင်မှုမျှားဖြင့် အလုပ်ရှုတ်နေကြလေပြီ။

ဂေါပစ်လ် ပန်းချီအရောင်းပြခန်းသည် အမှတ် ၁၉ ၌တည်ရှိ၏။ မွန်မာထရီလမ်းနှင့် တစ်လမ်းသာခြားသည်။ သူတို့သည် လမ်းကျယ်ကြီးကိုဖြတ်၍ အခြားတစ်ဖက်သို့ ကူးခဲ့ကြသည်။ ဆိုင်ထဲဝင်သွားသည့်အခါ စာရေးမျှားက သီအိုအား ဦးညွတ်၍ တရိုတသေ နှုတ်ဆက်ကြသည်။ ဗင်းဆင့်သည် သူ အရောင်းစာရေးဘဝက တာစတိနှင့် အိုဘားတို့အား ဦးညွတ်နှုတ်ဆက်ခဲ့ရသည်များကို ပြန်လည်သတိရနေမိ၏။

ပင်မခန်းမ နံရံမျှားပေါ်တွင် ဘော်ဂါရီယော၊ ဟင်းနားနှင့် ဒီလာရိုချီတို့၏ပန်းချီကားများ ချိတ်ဆွဲထားသည်။ “ အဲဒီကားတွေ ကြည့်ပြီးရင် အောက်ကို ဆင်းခဲ့ပေါ့။ အစ်ကိုကြည့်ချင်နေတဲ့ အင်ပရက်ရှင်းနစ္စတွေရဲ့ ကားတွေက အဲဒီမှာထားတယ်၊ သူတို့ကားတွေနဲ့ ပတ်သက်လို့ အစ်ကို့ရဲ့ ထင်မြင်ချက်တွေကို ကျွန်တော်သိချင်တယ် ”

ပြောပြောဆိုဆိုနှင့်ပင် သီအိုသည် သူ့ရုံးခန်းအတွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားလေသည်။

✧✧✧✧

(၂)

" ငါ အရူးထောင်ထဲမျှား ရောက်နေသလား "

ဗင်းဆင့်သည် ပြခန်းတွင်းရှိ တစ်လုံးတည်းသော ကုလားထိုင်ပေါ်၌ ထိုင်ကာ သူ့ကိုယ်သူပြန်မေးနေမိ၏။ သူ့အသက်ဆယ့်နှစ်နှစ်သားအရွယ်လောက် မှစ၍ သူမြင်ခဲ့ရသမျှ ပန်းချီကားများသည် အရောင်မဲပုတ်ပုတ်နှင့် ညိုမှိုင်းမှိုင်း အရောင်များချည်းဖြစ်သည်။ ထိုကားများထဲတွင် စုတ်ရာစုတ်ချက်များကို မမြင်ရ။ တစ်ကားလုံး၏ အသေးစိတ်ခြယ်မှုံးထားသမျှသည် မှုန်ကန်ပြီးပြည့်စုံသည်။ အရောင်များသည် တစ်ရောင်နှင့်တစ်ရောင် ရောစပ်ယှက်နွယ်သွားသည့်အခါ ခပ်ပြေပြေ ခပ်ပါးပါး ဖြစ်သွားကြသည်။

အခု သူ့အားနံရံများပေါ် မှနေ၍ လှမ်းကြည့်ကာပြောင်လှောင်ရယ်မော နေကြသည့် ပန်းချီကားများထဲတွင်မူ သူယခင်က မြင်တွေ့ခဲ့ဖူးသည့် ပန်းချီကား များထဲမှ အရာဟူ၍တစ်ခုမျှမပါရှိပေ။ မျက်နှာပြင်များပေါ်၌ တင်ထားသည့်ဆေး များသည် ခပ်ပါး. . . ပါး။ ပန်းချီကားများကို ရေးဆွဲထားပုံမှာ ကသောင်းကနင်း နိုင်သလိုဖြစ်နေသည်။ အလင်းရောင်ကို အလွန်အမင်းအသားပေးထားသည်ဟု ယူဆရ၏။ ဇာတ်ခုံနောက်မှ ဘဲလေးကချေသည်များ၏ ပန်းချီကားပုံများသည် အနီရင့်ရင့်၊ အစိမ်းရင့်ရင့်နှင့် အပြာရောင်များကို အဆက်အစပ်မရှိသုံးထား သည်။ ပန်းချီကားပေါ်မှ လက်မှတ်ကိုသူကြည့်သည်။ ဒီဂတ်စ် ။

မြစ်ကမ်းပါးတစ်လျှောက်မှ ပြင်ပရှုခင်းပုံများကိုလည်း သူတွေ့မြင်နေရ ၏။ နွေလယ်ရာသီ၏ ဝင်းလက်တောက်ပသော နေရောင်အောက်မှ ရှုခင်းများ ဖြစ်သည်။ လက်ရာရှင်မှာ မိုနက်ဖြစ်၏။ ဗင်းဆင့်မြင်ဖူးခဲ့သမျှ ပန်းချီကား ပေါင်းများစွာတွင် ယခုမြင်နေရသည့် ကားများကဲ့သို့ အရောင်များကို လင်းလက် တောက်ပနေအောင် မသုံးကြ၊ မိုနက်သုံးထားသည့် အမဲရောင်စုတ်ချက်များ သည်ဟော်လန်တစ်နိုင်ငံလုံးရှိ ပြတိုက်များထဲမှ ပန်းချီကားများထဲ၌ တွေ့မြင်ခဲ့ရ သည့် အမဲရောင်များထက် အဆပေါင်းများစွာပို၍ ပါးနေသည်ကို သူသတိပြုမိ လေသည်။

ဗင်းဆင့်သည် လှေငယ်တစ်စီး၏ တက်မကိုကိုင်၍ ရပ်နေသော လူ တစ်ယောက်၏ ပန်းချီကားရှေ့၌ ရပ်နေသည်။ ထိုလူ၏ မိန်းမသည် ဘေးနား တွင် အေးအေးဆေးဆေး ထိုင်နေသည်။ ဗင်းဆင့်သည် ပန်းချီကားရေးဆွဲသူ၏ နာမည်ကို လိုက်လံရှာဖွေပြီး ကြည့်သည်။

" ဒီကားကိုဆွဲတာလဲ မိုနက်ပါပဲလား " ဟုပါးစပ်မှ အသံထွက်၍ရေရွတ်မိသည်။ "ရယ်စရာတော့ကောင်းနေပြီ၊ အပြင်ရှုခင်းတွေကျတော့ ဆွဲပုံကတစ်မျိုးပဲ "

မယုံကြည်နိုင်သော စိတ်ဖြင့် နာမည်ကို နောက်တစ်ကြိမ်ထပ်ကြည့်ပြန်သည်။ ထိုအခါကျမှပင် သူမှားနေမှန်းသိရ၏။ ရေးဆွဲသူ၏ အမည်သည် ' မို နက် ' မဟုတ်၊ ' မာနက် '။ ထိုအခါမာနက်၏ " မြက်ခင်းပေါ်မှ ပျော်ပွဲစားပွဲ" နှင့် "**အိုလံပီယာ**" ပန်းချီကားနှစ်ကားနှင့် ပတ်သက်၍ ဖြစ်ပွားခဲ့သည့် ဇာတ်လမ်းကို သတိရမိသည်။ ထိုကားနှစ်ကားကို လူတစ်စုက ခားနှင့် ထိုးခွဲခြင်းတံတွေးနှင့်ထွေးခြင်း စသည်များအလုပ်မခံရအောင် ရဲများက ခပ်မြင့်မြင့်နေရာတွင်ကြိုးနှင့် ချိတ်ဆွဲထားခဲ့ကြရသည်ဟု သိရ၏။

ဗင်းဆင့်ကတော့ ဤမျှလောက်အထိဘာ့ကြောင့် ဖြစ်ခဲ့ရသည်ကို အသေအချာမသိပေ။ သို့သော်လည်း မာနက်၏လက်ရာ ပန်းချီကားများကို မြင်တိုင်းစာရေးဆရာကြီး အင်မလီဇိုလာ၏ စာအုပ်များကို သတိရမိသည်။ အမှန်တရားကို စူးစမ်းရှာဖွေရာ၌ ပြင်းထန်မှု၊ အကြောက်အရွံ့ကင်းမဲ့သော ထိုးဖောက်မှု၊ အမြင်တွင်ညစ်ညမ်းသည်ဟု ဆိုရစေဦးတော့၊ အလှကိုမြင်တွေ့နေရမှု စသည်များသည် အင်မလီဇိုလာနှင့် စရိုက်လက္ခဏာချင်းတူညီနေသည်ဟု ထင်မိသည်။

သူသည် ဆွဲနည်းဆွဲဟန်နည်းပညာကို အနီးကပ်လေ့လာသည်။ မာနက်သည် သဘာဝအရောင်များကို သုံးစွဲရာ၌ တစ်ရောင်နှင့်တစ်ရောင် အစီအစဉ်လိုက်မယူပဲ ရေးဆွဲသွားသည်ကို တွေ့ရ၏။ အရောင်များ၊ လိုင်းများ၊ အလင်းရောင်များနှင့် အရိပ်များသည်လည်း တိကျပြတ်သားစွာ အဆုံးသတ်သွားခြင်းမရှိ၊ တစ်ရောင်နှင့် တစ်ရောင် သူဖာသာသူ အလိုအလျောက် ကူးပြောင်းရောစပ်သွားကြသည်။

" သဘာဝထဲမှာ အရောင်တွေဆက်စပ်ယှက်နွယ်သွားပုံကိုမျက်စိကမြင်တဲ့အတိုင်းဆွဲထားတာပဲ " ဟုဗင်းဆင့်၏နှုတ်မှ ပြောမိသည်။

သူနားထဲတွင် မောဗီး၏အသံကို ပြန်လည်ကြားယောင်လာသည်။ " မင်းအနေနဲ့ မျဉ်းတစ်ကြောင်းနဲ့ ပတ်သက်လို့ တိကျပြတ်သားပြီး ရှင်းလင်းတဲ့ဖော်ပြချက်တစ်ခုကိုပြလို့ မရနိုင်ဘူးလား ဗင်းဆင့်ရာ " ဟူသော စကားဖြစ်၏။

သူသည် ကုလားထိုင်တွင် ပြန်ထိုင်ကာ ပန်းချီကားများ၏ အရသာကို ခံစားကြည့်သည်။ အချိန်အတော်ကလေးကြာလာသည့်အခါ ပန်းချီရေးဆွဲမှုကို တော်လှန်ပြောင်းလဲပစ်သည့် အချက်တစ်ချက်ကို သူမြင်လာသည်။ ဤပန်းချီ

ဆရာများသည် သူတို့ပန်းချီကားများ၏ ဟန်ကိုအခိုင်အမာရပ်တည်နိုင်အောင် တည်ဆောက်ထားပြီဟု သူနားလည်လာသည်။ ပန်းချီကားများထဲမှ အရာဝတ္ထုများကို အသက်ဝင်နေအောင်၊ လှုပ်ရှားနေအောင်၊ ပြည့်စုံနေအောင် ပြုလုပ်ထားသည့် ဟန်ရှိနေကြောင်းသိလာသည်။ ပန်းချီပညာရှင်ကြီးများအဖို့ကတော့ ဟန်ဆိုသည်မှာမရှိကြောင်း ဗင်းဆင့်သိထားသည်။ ဟန်ဆိုသည်မှာ သူတို့က အရာဝတ္ထုတစ်ခုကို ထည့်သွင်းရာ ဟင်းလင်းပြင် ကွက်လပ်တစ်ခုမျှသာဖြစ်သည်ဟု သူတို့လက်ခံထားကြသည် မဟုတ်ပါလား။

သို့သော်လည်း အမြင်သစ်နှင့် ဝင်လာသောဤလူသစ်များသည် 'ဟန်' ကိုတွေ့ခဲ့ကြပြီ။ သူတို့သည် အလင်းရောင်နှင့် အသက်ကိုလည်းကောင်း၊ လေနှင့်နေကိုလည်းကောင်း တွေ့ခဲ့ကြပြီ။ သူတို့သည်ရေတွက်၍ မရနိုင်လောက်အောင်များပြားသည့် အင်အားများမှတဆင့် အရည်များထဲ၌ နေထိုင်လျက်ရှိကြသောမတည်မငြိမ်ဖြစ်ကာ စိမ့်ထွက်လာနေသည့် အရာဝတ္ထုများကို မြင်တွေ့ခဲ့ကြပြီ။ ဓာတ်ပုံရိုက်ကူးသော စက်ကိရိယာပစ္စည်းများနှင့် ပန်းချီပညာရှင်များသည် ပုံတူများကူးရာ၌ သူမတူအောင် စွမ်းဆောင်နိုင်ကြလိမ့်မည်မှာ ယုံမှားသံသယဖြစ်ဖွယ်ရာမရှိပေ။

မည်သို့ပင်ဖြစ်စေ ပန်းချီဆရာများသည် သူတို့၏ ကိုယ်ပိုင်သဘာဝများမှတဆင့် သူတို့အလုပ်လုပ်နေကြသည့် နေရောင်အောက်ရှိ လေကြားမှယိုစိမ့်ထွက်လာနေသမျှအရာရာတိုင်းကို တွေ့မြင်ကြလိမ့်မည်ဖြစ်၏။ ဤသို့ဖြင့် ဤလူစုသည် ပန်းချီရေးဆွဲနည်း အတတ်ပညာသစ်တစ်ရပ်ကို တီထွင် ဖန်တီးလိုက်ကြလေပြီ။

သူသည် လှေကားမှအပြေးအလွှားဆင်းလာခဲ့သည်။ သီအိုသည်ဆိုင်၏ ပင်မ အရောင်းပြခန်းကြီးထဲ၌ ရောက်နေသည်။ ဗင်းဆင့်ဝင်သွားသည့်အခါ လှည့်ကြည့်သည်။ မျှော်လင့်ချက်ရှိနေသော အပြုံးဖြင့် သူ့အစ်ကို၏ မျက်နှာကိုကြည့်နေသည်။

" ကဲ ဘယ်လိုသဘောရသလဲ ဗင်းဆင့် " ဟု သီအိုကမေးသည်။

" ဟာကွာ. . . သီအိုရာ " ဟုဗင်းဆင့်ကရေရွတ်သည်။ သူသည် စကားပြောဖို့ အားထုတ်သည်။ သို့သော်လည်း မပြောနိုင်။ သူသည် ဖြတ်ကနဲ နောက်သို့လှည့်ကာ အပြင်သို့ ပြေးထွက်သွားသည်။

သူသည် လမ်းကျယ်ကြီးအတိုင်း အော်ပရာဇာတ်ရုံဘက်ရောက်သည် အထိလျှောက်သည်။ အဆောက်အဦးများ၏ အခြားတစ်ဖက်တွင် တံတားတစ်ခု

ကိုလှမ်းမြင်နေရ၏။ သူသည် တံတားကိုဖြတ်ကျော်ကာ စိန့်မြစ်၏ ဘယ်ဖက်ကမ်း ပေါ်ရှိ ရှုပ်ထွေးကွေ့ကောက်နေသော လမ်းများကြားသို့ တစ်လမ်းဝင်တစ်လမ်း ထွက်လျှောက်လာခဲ့သည်။ သူသည် သုဿန်တစ်ခုကို ကျော်ဖြတ်အပြီးတွင် ညာဖက်သို့ ကွေ့ခိုးလိုက်သည်။ ဘူတာရုံကြီးတစ်ခုရှေ့အရောက်တွင် ပြင်သစ်ရဲတစ်ယောက်ထံသွား၍ " လာဗယ်လ်လမ်းဘယ်မှာလဲ " ဟုမေးသည်။

" ခင်ဗျားလမ်းမှားလာပြီ မွန်စီယာ " ဟုရဲကပြောသည်။ " ဒီလမ်းက မောင့်ပါနက်ဆီလမ်း၊ တောင်ကုန်းပေါ်က ပြန်ဆင်း၊ မြစ်ကိုပြန်ဖြတ်၊ ပြီးတော့မွန်မာထရီလမ်းကို ပြန်ဝင်၊ လာဗယ်လ်လမ်းကို ရောက်လိမ့်မယ် "

သူသည် ပါရီမြို့၏လမ်းမကြီးများနှင့် လမ်းကြိုလမ်းကြားများပေါ်တွင် နာရီပေါင်းများစွာကြာမျှ တလည်လည် ဖြစ်နေသည်။ စတိုးဆိုင်ကြီးများ၊ အရက်ဆိုင်များနှင့် ညစ်ပတ်ပေရေနေသော နောက်ဖေးလမ်းကြား အများအပြားကို ကျော်ဖြတ်လာခဲ့ရ၏။ နောက်ဆုံး လာဗယ်လ်လမ်းကို တွေ့သည်အခါ နေအတော်စောင်းနေလေပြီ။

သူသည် ကြိုးနှင့်စည်း၍ ပုံထားသော သူပန်းချီကားများကို ဖြည်သည်။ အားလုံးကို ကြမ်းပေါ်၌ချခင်းကာ ပြန်လည်ကြည့်ရှုနေသည်။ သူပန်းချီကားများသည် အသက်မရှိကြ၊ အားလုံးအသေတွေချည်းဖြစ်သည်။ သီအိုပြန်ရောက်လာချိန်တွင် ကြမ်းပေါ်၌ စိတ်ပျက်လက်ပျက်ထိုင်၍ မှိုင်တွေချနေသော ဗင်းဆင့်ကို မြင်သည်။ နေ့၏အလင်းရောင်သည် အခန်းထဲမှ ထွက်ခွာသွားခဲ့ပြီ၊ သီအိုသည် သူ့အစ်ကိုဘေး၌ ဒူးထောက်၍ ထိုင်ကာ ငိုမ်ဆိတ်နေသည်။

" အစ်ကို ဘယ်လောက်အထိ စိတ်ထိခိုက်နေတယ်ဆိုတာ ကျွန်တော် သိပါတယ် " ဟု သီအိုကပြောသည်။ " အဲဒီကားတွေ မြင်တော့ အစ်ကိုအံ့အားသင့်သွားတယ်မဟုတ်လား၊ တကယ့်ကို အံ့လောက်တာပဲ၊ ပန်းချီပညာရပ်က အထွတ်အမြတ်ပြုထားတဲ့ အရာဟူသမျှကို ကျွန်တော်တို့က ရေထဲကိုလွှင့်ပစ်လိုက်ကြပြီ "

ဗင်းဆင့်က သီအိုအားမော့ကြည့်သည်။ " မင်းငါ့ကို ဘာပြုလို့ စောစောကအသိမပေးခဲ့တာလဲ သီအိုရယ်၊ ငါဘာဖြစ်လို့ဒါတွေကို မသိခဲ့ရတာလဲ၊ မင်းဘာဖြစ်လို့ ငါ့ကို စောစောစီးစီးကတည်းက ပါရီကို မခေါ်ရတာလဲ၊ ငါ့ကိုခြောက်နှစ်လုံးလုံးအချိန်တွေ အလဟဿဖြုန်းတီးပစ်အောင် လွှတ်ပေးထားခဲ့တာပါလားကွာ "

" အချိန်တွေ အလဟဿဖြုန်းတီးပစ်တယ်၊ ဟုတ်လား၊ အဓိပ္ပာယ်မရှိ

တဲ့စကားပဲ၊ အစ်ကို့အနေနဲ့ အစ်ကို့ရဲ့ အတတ်ပညာကို ကိုယ့်ဖာသာကိုယ် ထွန်းပြောင်လာအောင် လုပ်ခဲ့တာပါ။ အစ်ကိုဟာ ဗင်းဆင့်ဗင်ဂိုး အဖြစ်နဲ့ ပန်းချီကားတွေ ကိုဆွဲခဲ့တာပါ၊ တခြားလူတွေရဲ့ စိတ်နဲ့ဆွဲခဲ့တာ မဟုတ်ပါဘူး၊ တကယ်လို့ အစ်ကို့ အနေနဲ့ ကိုယ့်နည်းကိုယ့်ဟန်နဲ့ ဆွဲမှုကို တောက်ပြောင်ခိုင်မာအောင်ကြိုးတင်ပြီး လုပ်မထားခဲ့ရင် ပါရီက အစ်ကို့ကို သူပုံစံဖြစ်သွားအောင် လုပ်ပစ်တာခံရမှာပေါ့ ”

“ ဒါပေမယ့်. . . အခုငါဘာလုပ်ရမလဲ၊ ဒီကားကိုပဲကြည့်ပါအုံး၊ အလကားပဲ၊ တန်ဖိုးမရှိတော့ဘူး ”

“ အစ်ကိုက ငါဘာလုပ်ရမလဲလို့ ကျွန်တော့်ကိုမေးတယ်၊ ကျွန်တော် ပြောပြမယ်၊ အစ်ကို့အနေနဲ့ အင်ပရက်ရှင်းနစ္စတွေဆီက အလင်းရောင်ယူပုံနဲ့ ဆေးရောင်ယူပုံတွေကို လေ့လာရမယ်၊ သူတို့ဆီက အဲဒါတွေငှားသင့်ရင် ငှားရမယ်၊ ဒါပေမယ့် အဲဒီထက်ပိုပြီး လုပ်လို့မရဘူး၊ အစ်ကိုအတုခိုးလို့ကတော့ ဘယ်နည်းနဲ့မှ လုပ်လို့မဖြစ်ဘူး၊ ပါရီရဲ့အလွှမ်းမိုးကိုတော့ အစ်ကိုခံလို့ မဖြစ်ဘူး”

“ ဒါပေမယ့်. . သိအိုရာ. . . ငါအားလုံးကိုအစကနေပြီး ပြန်လေ့လာရမှာ. . . ငါလုပ်ခဲ့သမျှ အရာရာတိုင်းဟာ အမှားတွေချည်းဖြစ်ကုန်ပြီ ”

“ အစ်ကိုလုပ်ထားခဲ့သမျှ အားလုံးဟာမှန်တယ်၊ အစ်ကို့ရဲ့ အလင်းရောင်နဲ့ ဆေးရောင်ယူထားပုံတွေကလွဲပြီး အားလုံးမှန်တယ်၊ အစ်ကိုဟာ ဘိုရင်းနိတ်မှာနေပြီး ပန်းချီစဆွဲကတည်းက အင်ပရက်ရှင်းနစ္စ တယောက် ဖြစ်နေပြီ။ အစ်ကိုဆွဲထားတဲ့ ပုံတွေကိုကြည့် စုတ်ချက်လက်ရာ တွေကိုကြည့် . . . မာနက်ရဲ့ အရင်ကအဲသလိုပုံစံမျိုး ဆွဲခဲ့တဲ့လူ တစ်ယောက်မှ မရှိခဲ့ဘူး။

“အစ်ကို့ရဲ့ မျဉ်းကြောင်းတွေကို ပြန်ကြည့်စမ်းပါအုံး၊ အစ်ကို့ လက်ရာတွေဟာ တိကျပြတ်သားတဲ့ ဖော်ပြချက်တွေကို ပြမထားသလိုပဲ၊ အစ်ကိုဆွဲထားတဲ့ မျက်နှာတွေ၊ အစ်ကို့ရဲ့ သစ်ပင်တွေ၊ လယ်ကွင်းထဲက လူတွေ၊ သူတို့အားလုံးပေါ်မှာ အစ်ကိုရဲ့ စိတ်အာရုံထင်ဟပ်လွှမ်းမိုးမှုတွေပါနေတယ်၊ သူတို့ဟာကြမ်းတယ်၊ မပြည့်စုံဘူး၊ အစ်ကို့ရဲ့ ကိုယ်ပိုင်ဟန်စရိုက်တွေထဲက စိမ့်ထွက်လာကြတယ် ဆိုတာသိသာထင်ရှားနေတယ်။

“ အဲဒါဘာလဲ. . . အဲဒီအဓိပ္ပာယ်ဟာ အစ်ကို့ကို အင်ပရက်ရှင်းနစ္စတစ်ယောက်ဖြစ်လာမယ့် လူတစ်ယောက်လို့ ဖော်ပြနေတယ်၊ အစ်ကိုဟာ တခြားပန်းချီဆရာတွေဆွဲနေသလို မဆွဲဘူး၊ စည်းကမ်းတွေနဲ့ ပြဋ္ဌန်းချက်တွေရဲ့ ကျေးကျွန်မဟုတ်ဘူးဆိုတာကို အတိအလင်းပြနေကြတယ်၊ အစ်ကို့ကို အစ်ကို့ရဲ့ခေတ်က

ပိုင်ဆိုင်ထားတယ်၊ အစ်ကိုကြိုက်ကြိုက် မကြိုက်ကြိုက် အစ်ကိုဟာ အင်ပရက်ရှင်းနစ္စတစ်ယောက်ဖြစ်နေပြီ ”

“ တကယ်ပဲလား. . . သီအိုရာ ”

“ အစ်ကို့လက်ရာတွေဟာ ပါရိုက လူငယ်ပန်းချီဆရာတွေကြားမှာ လူသိများနေပြီ၊ ကျွန်တော်ပြောနေတာက သူတို့ပန်းချီကားတွေကို တင်ရောင်းနေရတဲ့ ပန်းချီဆရာတွေကြားမှာ မဟုတ်ဘူး၊ အခုမှ လက်ရာကောင်းတွေကို စမ်းပြီးရေးဆွဲနေကြတဲ့ လူငယ်တွေကြားမှာ အသိများနေတာကို ပြောနေတာ၊ သူတို့က အစ်ကို့ကို သိချင်နေကြတယ်၊ သူတို့ဆီက ထူးခြားတဲ့အရာတွေကို အစ်ကိုသင်ယူလို့ရမှာ သေချာတယ် ”

“ သူတို့က ကိုယ့်လက်ရာတွေကို သိကြတယ်ဟုတ်လား၊ လူငယ် အင်ပရက်ရှင်းနစ္စတွေက ကိုယ့်ပန်းချီကားတွေကို တကယ်သိကြတာလား ”

“ သိပ်ကိုသိကြတာပေါ့၊ ပြီးခဲ့တဲ့နှစ်တွေအတွင်းမှာ ကျွန်တော်ပါရိမှာဘာတွေလုပ်နေတယ်လို့ထင်သလဲ၊ သူတို့က အစ်ကို့မှာ နက်နက်ရှိုင်းရှိုင်းထိုးဖောက်ပြီးမြင်နိုင်တဲ့ မျက်လုံးတွေရှိရုံမကဘူး၊ ပုံဆွဲနိုင်စွမ်းတဲ့ လက်တွေကိုပါ ပိုင်ဆိုင်တယ်လို့ ယူဆနေကြတယ် အစ်ကိုအခုဆက်လုပ်ရမှာက ပုံတွေဆက်ဆွဲဖို့ပဲ၊ ပန်းချီလောက နယ်ပယ်အတွင်းမှာ အလွန်အရေးပါအရာရောက်ပြီး ထူးခြားတဲ့ပြုပြင်ပြောင်းလဲမှုတွေ ပေါ်ပေါက်နေချိန်မှာ အစ်ကိုဒီလောကထဲ ရောက်နေတာဟာ အံ့သြစရာမကောင်းဘူးလား ဗင်းဆင့်ရယ် ”

“ မင်းဟာ တော်တော်ဆိုးတဲ့ မကောင်းဆိုးဝါးပါလား. . . . ဒါတွေကို ဘာပြုလို့ စောစောက အသိမပေးတာလဲ ”

“ ကဲပါ. . . အစ်ကိုရာ. . . ထပါတော့၊ ကျွန်တော့်တို့ အဝတ်အစားလဲကြမယ်၊ ပါရိုက အကောင်းဆုံးဆိုင်မှာ အကောင်းဆုံး ညစာကျွေးမယ်။ ရှန်ပိန်တစ်လုံးနဲ့အတူ ပါရိုနဲ့ ဗင်းဆင့်ဗင်ဂိုးတို့ ပေါင်းစည်းမိတဲ့နေ့ထူးနေ့မြတ်အထိမ်းအမှတ်ပွဲ ကျင်းပကြရအောင် ”

Unity Publishing House

(၃)

နောက်တစ်နေ့ မနက်တွင် ဗင်းဆင့်သည် သူ့ပန်းချီပစ္စည်းများကိုသယ်ယူကာ ကော်မင်း၏စတူဒီယိုခန်းမသို့ ရောက်သွားသည်။ စတူဒီယိုသည် တတိယထပ်၌တည်ရှိပြီး ကျယ်ဝန်းသော အခန်းကြီးတစ်ခန်းဖြစ်၏။ လမ်းများတည်ရာမြောက်ဖက်မှ အလင်းရောင်ကို ကောင်းစွာရရှိသည်။ အခန်းထဲတွင် ကိုယ်ဟန်ပြနေသည့် ယောကျ်ားတစ်ယောက်သည် အခန်းတံခါးမဆီသို့ မျက်နှာပြုလျက်ရှိ၏။ ထိုသူ၏ရှေ့မှောက်တွင် ကုလားထိုင်အလုံးသုံးဆယ်နှင့်ပန်းချီကားတင်ခုံသုံးဆယ်စီ ချထားသည်။ ဗင်းဆင့်သည် ကော်မင်းထံသွား၍ စာရင်းသွင်းကာ မှတ်ပုံတင်သည်။ ချက်ခြင်းပင် သူ့အတွက် နေရာတစ်နေရာကို ရရှိခဲ့လေသည်။

သူတစ်နာရီခန့် ပုံကြမ်းလောင်းအပြီးတွင် ခန်းမတံခါးသည် ပွင့်သွားပြီး အတွင်းသို့ မိန်းမတစ်ယောက် ဝင်ရောက်လာသည်။ သူမသည် မေးမှခေါင်း အထိသိုင်း၍ ပတ်တီးစီးထားသည်။ သူမသည် ရပ်နေသော ကိုယ်ဟန်ပြယောကျ်ားကို မြင်လိုက်သောအခါ အလန့်တကြားအော်ဟစ်ပြီး ထွက်ပြေးသွားသည်။

ဗင်းဆင့်သည် သူ့ဘေး၌ ထိုင်နေသောလူအား လှည့်ကြည့်သည်။ "ဟို အမျိုးသမီးက ဘယ်လိုဖြစ်သွားတာလဲဗျ " ဟုဗင်းဆင့်က လှမ်းမေးသည်။

" ဟာ. . . နေစဉ် ကြုံနေရတဲ့အဖြစ်ပါ၊ သူလာတာက ဟိုဖက်ကပ်လျက်အခန်းကသွားကုဆရာဝန်ဆီလာတာ၊ ကိုယ်ဟန်ပြနေတဲ့ ယောကျ်းတစ်ယောက်ကိုမြင်လိုက် တော့သူသွားကိုက်ရောဂါက ချက်ခြင်းလန့်ဖျပ်ပြီး သက်သာသွားတယ်၊ သွားကု ဆရာဝန်အနေနဲ့ ဒီအခန်းက မပြောင်းပဲ ဆက်နေရင်ဝတ်တော့မှာ သေချာ တယ်. . . ဒါနဲ့ နေစမ်းပါဦး၊ ခင်ဗျားက လူသစ်လား"

" ဟုတ်တယ်၊ ပါရီကိုရောက်တာ သုံးရက်ပဲရှိသေးတယ် "

" ခင်ဗျား နာမည်က"

" ဗင်ဂိုး. . . ၊ ခင်ဗျားကကော "

" ဟင်နရီ တူလော့ဆီလော့ထ်ရက်၊ ခင်ဗျားက သီအိုဗင်ဂိုးနဲ့ ဆွေမျိုးတော်သလား "

" သီအိုက ကျွန်တော့်ညီပါ "

" ဒါဆိုရင် ခင်ဗျားဟာ ဗင်းဆင့်ပေါ့၊ ခင်ဗျားနဲ့ သီရတာ ဝမ်းသာပါတယ်၊ ခင်ဗျားရဲ့ညီဟာ ပါရီမှာ အကောင်းဆုံးပန်းချီ အရောင်းအဝယ်သမား

တစ်ယောက်ပဲ၊ လူငယ်ပန်းချီဆရာတွေကို အားပေးသူဆိုလို့ သူတစ်ယောက်ပဲ ရှိတယ်၊ အားပေးရုံတင်မကဘူး။ ကျွန်တော်တို့အတွက် ကာကွယ်တိုက်ခိုက်ပေးသေးတယ်၊ တကယ်လို့ ကျွန်ကော်တို့ရဲ့ပန်းချီကားတွေကို ပါရီမြို့သူမြို့သားတွေက လက်ခံလာရင် အဲဒါဟာ သီအိုဗင်ဂိုးရဲ့ ကျေးဇူးကြောင့်ပဲ. . . သူဟာ တကယ့်လူကောင်းတစ်ယောက်လို့ ကျွန်တော်တို့ အားလုံးက ယူဆကြတယ် ”

“ ကျွန်တော်လဲ အဲသလိုပဲ ယူဆပါတယ် ”

“ ဒီလောက်အသုံးမကျတဲ့ နေရာကို ခင်ဗျားဘာပြုလို့ လာတာလဲ ”

ဟု လော့ထ်ရက်ကမေးသည်။

“ ပန်းချီဆွဲစရာ နေရာတစ်နေရာရှိဖို့လိုတယ် မဟုတ်လား၊ အဲဒါကြောင့် လာတာ၊ ခင်ဗျားကကော ဘာ့ကြောင့်လာတာလဲ ”

“ အကြောင်းမသိလို့လာတာ၊ လွန်ခဲ့တဲ့လက တစ်လလုံးလုံး မွန်မာထရီလမ်းထဲက ပြည့်တန်ဆာ အိမ်တစ်အိမ်မှာ ကျွန်တော်နေခဲ့တယ်၊ အဲဒီအိမ်က မိန်းကလေးတွေပုံကိုကြည့်ပြီး ဆွဲနေခဲ့တာကြာပြီ၊ အဲဒါကမှတကယ်အလုပ်ဟု. . . သိလား၊ စတူဒီယိုခန်းထဲမှာ ပန်းချီဆွဲတယ်ဆိုတာက ကလေးတစ်ယောက် ကစားနေတာနဲ့ အတူတူပဲ ”

“ ခင်ဗျားဆွဲထားတဲ့ မိန်းမပုံတွေကို ကျွန်တော်ကြည့်ချင်တယ် ”

“ တကယ်ကြည့်ချင်တာလား ”

“ တကယ်ပါ. . . ဘာပြုလို့ မေးတာလဲ ”

“ လူအများက ကျွန်တော့်ကို အရူးလို့ပြောကြတယ်၊ ဘာကြောင့်လဲဆိုတော့ ကျွန်တော်က အချိန်ရသမျှ ကြေးစားကချေသည်မတွေ၊ လူပြက်တွေနဲ့ ဇိမ်မယ်တွေကိုသာ ပန်းချီဆွဲနေလို့ဟု။ ဒါပေမယ့် တကယ့်စစ်မှန်တဲ့ သဘာဝ စရိုက်က သူတို့ဆီမှာပဲ ရှာလို့ရတာ”

“ဟုတ်တယ်၊ ကျွန်တော် ဟော်မှာနေတုန်းက အဲဒီမိန်းမမျိုးတစ်ယောက်နဲ့နေခဲ့ဖူးတယ်”

“အင်း. . ဒါနဲ့စောစောက ခင်ဗျားဆွဲထားထဲ့ ကိုယ်ဟန်ပြပုံတူကို ကြည့်ပါရစေလား”

“ရပါတယ်၊ အားလုံးကိုယူသွားပါ၊ လေးပုံတောင်ပြီးထားပြီ”

လော့ထ်ရက်သည် ပုံများကိုယူ၍ အတန်ကြာမျှကြည့်နေသည်။

“ခင်ဗျားနဲ့ကျွန်တော် တွဲလို့ရပြီ၊ ကျွန်တော်တို့ တွေးခေါ်ပုံချင်းတူတယ်၊ ဒီပုံတွေကို ကော်မင်း မြင်ပြီးပြီလား”

"မမြင်သေးဘူး"

"သူမြင်ရင်တော့. . ခင်ဗျားကြွေသွားမှာပဲ၊ သူဝေဖန်လေ့ရှိတဲ့အတိုင်းဆို ရင် ခင်ဗျားစုတ်ပြတ်သွားမှာ သေချာတယ်။ ဟိုတစ်နေ့က သူကကျွန်တော့်ကို ပြောတယ်၊ လော့ထ်ရက်ရယ်. . . မင်းပုံဆွဲရင် ချဲ့လွန်းကားလွန်းတယ်၊ မင်းဆွဲ ထားတဲ့ပုံထဲက မျဉ်းတွေဟာ ရုပ်ပြောင်ဆွဲသလိုဖြစ်နေတယ်တဲ့ "

"ခင်ဗျားက 'ကျွန်တော်ရဲ့ချစ်လှစွာသော မစ္စတာကော်မင်းခင်ဗျား။ အဲဒါဟာ ရုပ်ပြောင်မျဉ်းမဟုတ်ဘူး၊ စရိုက်ဖော်မျဉ်းတွေပါ' လို့ပြန်မပြောလိုက်ဖူး လား"

လော့ထ်ရက်၏ စူးရှသော မျက်လုံးအစုံသည် တောက်ပလာသည်။

"ကျွန်တော် ဆွဲထားတဲ့ မိန်းမပုံတွေကို ကြည့်ချင်သေးသလား"

"ဟာ ကြည့်ချင်တာပေါ့"

"ဒါဆိုရင် ကျွန်တော်တို့ ရင်ခွဲရုံနဲ့တူတဲ့ဒီနေရာက လစ်ကြစို့လား"

လော့ထ်ရက်၏ လည်ပင်းသည် ပုတိုတုတ်ခိုင်သည်၊ ပခုံးနှင့်လက် မောင်းများသည် ကြီးမားတောင့်တင်းလှ၏။ သူသည်ထိုင်နေရာမှ သွက်လက်စွာ ထရပ်လိုက်သည်။ ထိုအခါကျမှပင် ဗင်းဆင့်သည် သူ့မိတ်ဆွေသစ်အား ခြေ ထောက် မသန်မစွမ်းသူတစ်ဦးမှန်းသိရ၏။ မတ်တပ်ရပ်နေသော လော့ထ်ရက် ၏အရပ်အမြင့်သည် မိမိကုလားထိုင်ပေါ်၌ထိုင်နေသည့် အမြင့်လောက်သာ ရှိသည် ကိုလည်း သတိထားမိသည်။

သူတို့သည် ကလီချိုလမ်းအတိုင်း လျှောက်လာခဲ့ကြသည်။ လော့ထ်ရက်သည် သူ့လက်ထဲမှတုတ်ကို အားပြုပြီးလျှောက်နေရသည်။ သူသည် ခဏလျှောက်ပြီးတိုင်း ခေတ္တရပ်၍နားရသည်။

"ကျွန်တော့်ခြေထောက်တွေ ဘယ်လိုဖြစ်တာလဲလို့ ခင်ဗျားမတွေးမိပဲ နေမှာမဟုတ်ဘူး၊ လူတိုင်းအဲသလိုပဲတွေးတတ်ကြတယ်။ အဲဒီတော့. . . ကျွန် တော့်အဖြစ်ကို ခင်ဗျားသိသွားအောင် ပြောပြထားရဦးမယ်"

" အို. . . ပြောပြဖို့ မလိုပါဘူးဗျာ "

" ကျွန်တော် မွေးလာကတည်းက ကျွန်တော့် အရိုးတွေကဆတ်တယ်၊ ဆယ့်နှစ်နှစ်သားမှာ ကျွန်တော်ဟာ ကပွဲခန်းမကြမ်းပေါ်မှာ ချော်လဲပြီး ပေါင်ကျိုး သွားခဲ့တယ်၊ နောက်နှစ်ကျတော့ ရေမြောင်းထဲလိမ့်ကျလို့ ဘယ်ဖက်ခြေထောက် ကျိုးသွားပြန်တယ်၊ အဲဒီအချိန်ကစပြီး ကျွန်တော့်ခြေထောက်တွေဟာ တစ်လက်မ တောင် တက်မလာတော့ဘူး"

"ဒီလိုဖြစ်လာရတဲ့အတွက် ခင်ဗျားစိတ်မချမ်းသာမဖြစ်ဘူးလား"

"မဖြစ်ပါဘူး၊ တကယ်လို့ ကျွန်တော်ဟာ သာမန်အနေအထားမှာ ရှိနေမယ်ဆိုရင် ပန်းချီဆရာတစ်ယောက်ဖြစ်လာမှာမဟုတ်ဘူး၊ ကျွန်တော့်အဖေဟာ တူလော့ဆီမြို့စားပါ။ ကျွန်တော်ဟာ အဲဒီဂုဏ်ထူးကိုဆက်ခံရမယ့်လူပါ၊ တကယ်လို့ ကျွန်တော်ဆန္ဒရှိမယ်ဆိုရင်တော့. . ပြင်သစ်ဘုရင်နဲ့ အတူတူတွဲထိုင်ရမှာပေါ့ဗျာ။ ပြီးတော့ ပြင်သစ်ဘုရင်ဆိုတာလဲ ရှိမယ်ဆိုရင် ဖြစ်နိုင်မယ့် အလားအလာတွေပေါ့၊ ဒါပေမယ့်ဗျာ၊ ပန်းချီဆရာ တစ်ယောက်ဖြစ်နိုင်ဖို့ အလားအလာရှိနိုင်တဲ့ လူဟာ ဘာလို့မြို့စားဖြစ်ချင်ရမှာလဲ။ မြို့စားခေတ် ဆိုတာကလဲ ကုန်သွားပြီ မဟုတ်လား။

"ကဲ. . လာ၊ကျွန်တော်တို့ဆက်သွားကြရအောင်၊ ဒီဂတ်စ် စတူဒီယိုက ဒီလမ်းကြားအတိုင်းသွားရမှာ၊ သူတို့ကပြောကြတယ်၊ ကျွန်တော်ဟာ ဒီဂတ်စ်ရဲ့ ပုံတွေကို ကူးဆွဲနေတယ်တဲ့။ သူကလဲ ဘဲလေးကချေသည် တွေကို ဆွဲခဲ့တယ်၊ ကျွန်တော်ကလဲ အဲဒီကချေသည်တွေကိုပဲဆွဲနေတယ် မဟုတ်လား၊ ဒါကြောင့်မို့ သူတို့က ကျွန်တော့်ကို ဒီဂတ်စ်ကော်ပီသမားလို့ အမည်တပ်ကြတာ. . ဒါကတော့ရပါတယ်၊ သူတို့ကြိုက်သလို ပြောကြပါစေ၊ ဂရုမစိုက်ပါဘူး၊ ကဲ. . . ရောက်ပြီ၊ ဒါ ကျွန်တော့်နေရာ နံပါတ် ၁၉ ပွန်တိန်းလမ်းပဲ။ ကျွန်တော်က မြေညီထပ်မှာနေတယ်၊ ဒါကတော့ ခင်ဗျားသိမှာပါ၊ ကျွန်တော်က ခြေမသန်တဲ့ လူမဟုတ်လား"

သူသည် အခန်းတံခါးကိုဖွင့်၍ ဗင်းဆင့်အား ဝင်ခိုင်းသည်။ "ကျွန်တော်က တစ်ယောက်တည်းနေတာ" ဟုပြောသည်။ "ကဲ. . . ထိုင်စရာရှာပြီးတော့သာ ထိုင်ပေတော့"

ဗင်းဆင့်သည် အခန်းကို လှည့်ပတ်ကြည့်သည်။ ပန်းချီပစ္စည်းများသည် နေရာအနှံ့တွင်ရှိနေသည်။ အခန်းထဲတွင် စားပွဲကြီးနှစ်လုံးချထား၏။ တစ်လုံးပေါ်တွင် ဝိုင်အရက်ပုလင်းနှင့် အခြားအရက်မျိုးစုံ ပုလင်းများတင်ထားသည်။ ကျန်တစ်လုံးပေါ်တွင် ကချေသည် ပစ္စည်းများ၊ စာအုပ်ဟောင်းများ၊ မိန်းမဝတ်စုံများ၊ လက်အိတ်များ၊ ခြေအိတ်များ၊ ဓာတ်ပုံများရှိသည်။ ဤပစ္စည်းများအားလုံးကြားတွင် ထိုင်ပြီး ပန်းချီဆွဲနိုင်မည့် နေရာဟူ၍ ခပ်ကျဉ်းကျဉ်းနေရာတစ်နေရာသာရှိလေသည်။

"ဘာဖြစ်လို့လဲ. . . ဗင်းဆင့်ဗင်ဂိုး" ဟု လော့ထ်ရက်ကမေးသည်။

"ထိုင်စရာနေရာရှာလို့ မတွေ့ဖူးလား၊ ဟိုကုလားထိုင်ပေါ်က ပစ္စည်းတွေကိုကြမ်း

ပေါ်ပစ်ချပြီး ကုလားထိုင်ယူထိုင်ရင် ရပါတယ်၊ ကျွန်တော် ဆွဲထားတဲ့ပုံတွေ ကတော့ ဟောဒီမှာ. . . ရော့. . . ဒီပုံတွေကို ပန်းချီရောင်းဝယ်သမား တစ်ယောက်ဆီ ကျွန်တော်ကိုယ်တိုင်ယူသွားပြီး ပြဖူးတယ်၊ သူကပြောတယ်၊ 'မင်း ဘာပြုလို့ အရုပ်ဆိုးအကျည်းတန်တဲ့ ပုံတွေကိုချည်း ဦးစားပေးပြီး ဆွဲနေရတာလဲ၊ အခုလို အကျင့်စာရိတ္တ မကောင်းတဲ့လူတွေကိုချည်းရှာပြီး ပန်းချီဆွဲနေတာဟာ ဘာကြောင့်လဲတဲ့၊ မင်းဆွဲထားတဲ့ ပန်းချီကားထဲက မိန်းမတွေဟာ အလွန်ကို မသတီစရာကောင်းတဲ့ မိန်းမတွေကွ၊ သူတို့မျက်နှာပေါ်တွေမှာ မကောင်းမှုရဲ့ စရိုက်လက္ခဏာတွေကို မြင်နေရတယ်တဲ့။

" မင်းတို့အနေနဲ့ အဲသလိုပုံမျိုးတွေကိုပဲ ' ခေတ်သစ်ပန်းချီ ' လို့ခေါ်နေကြတာလား . . . အကျည်းတန်မှုတွေကို ပြခြင်းဟာ ခေတ်သစ်ပန်းချီလား၊ ငါတော့ နားမလည်တော့ဘူး၊ မင်းတို့အားလုံး အလှဆိုတာကို မမြင်နိုင်တော့တဲ့ မျက်မမြင်တွေ ဖြစ်ကုန်ကြပြီလားတဲ့ ၊ အဲဒီတော့ . . . ကျွန်တော်က. . . . . အော်. . . ကျွန်တော်မေ့သွားတယ်၊ ခင်ဗျား. . . ဘာသောက်မလဲ၊ တစ်ခုခုတော့သောက်ဗျာ၊ ခင်ဗျားသောက်ချင်တဲ့ အရည်တစ်မျိုးမျိုးတော့ ကျွန်တော့်ဆီမှာ ရှိဖို့များပါတယ် "

ပြောပြောဆိုဆိုပင် လော့ထ်ရက်သည် အရက်တစ်ခွက်ကို ငဲ့၍ ဗင်းဆင့်အားလှမ်းပေးသည်။ ဗင်းဆင့်သည် အရက်ကို တစ်ငုံမျှ သောက်လိုက်ပြီး ပန်းချီကားနှစ်ဆယ့်နှစ်ကားကို တစ်ကားချင်းစီ စေ့စေ့စပ်စပ် ကြည့်နေသည်။ မွန်မာထရီလမ်းပေါ်ရှိ ဇိမ်နန်းမှ မိန်းကလေးများ၏ ဓာတ်ပုံဖြစ်ပေသည်။

ပန်းချီဆရာသည် မိန်းကလေးများအား သူမြင်သလို ရေးဆွဲထားခြင်းဖြစ်၏။ ရည်ရွယ်ချက်ရှိသော ကားများဖြစ်သည်။ ကိုယ်ကျင့်တရားရှုထောင့်မှ ကြည့်မြင်ရေးဆွဲထားသော ကားများမဟုတ်ချေ။ မိန်းကလေးများ၏ မျက်နှာများပေါ်တွင် စိတ်ဆင်းရဲမှုနှင့် အရှက်အကြောက်ကင်းမဲ့မှုများကိုသာမက တဏှာရာဂ၏ ကြမ်းတမ်းသော ခံစားမှုများကိုပါ အပိအပြင်မြင်တွေ့နေရလေသည်။

" ခင်ဗျား လယ်သမားပုံတွေကိုရော သဘောကျသလား လော့ထ်ရက် " ဟု ဗင်းဆင့်ကမေးသည်။

" သဘောကျတယ်၊ ဒါပေမယ့် စိတ်ကူးယဉ်ပြီး အကောင်းဖက်က အမြင်နဲ့ ရေးထားတဲ့ လယ်သမားပုံတွေကျတော့ မကြိုက်ဘူး "

" ဟုတ်တာပေါ့။ ကျွန်တော် လယ်သမားပုံတွေ ဆွဲခဲ့ဖူးတယ်၊ ကျွန်တော့် စိတ်ထဲမှာ ဒီမိန်းမတွေဟာ လယ်သမားတွေဖြစ်နေတယ်၊ တစ်နည်းပြောရရင်

သူတို့ဟာ အသွေးအသားရဲ့ ဥယျာဉ်မူးတွေပဲ၊ အဲဒီတော့ . . . လယ်သမားတွေနဲ့ မိန်းမတွေဟာ မြေကြီးနဲ့ အသွေးအသားတွေပဲ၊ တစ်ခုတည်းသော ရုပ်ဝတ္ထုကခွဲထွက်လာတဲ့ ကွဲပြားခြားနားနေတဲ့ ပုံသဏ္ဌာန်နှစ်ခုပဲလို့ ထင်တယ်၊ ဒီမိန်းမတွေဟာအသွေးအသားတွေကို ထွန်ယက်စိုက်ပျိုးပေးနေကြတာပဲ၊ ဘဝဆိုတာဖြစ်ပေါ်လာအောင် ထွန်ယက်စိုက်ပျိုးတည်ဆောက် ပေးနေကြတာပဲ၊ အင်မတန်ကောင်းတဲ့ လက်ရာတွေလို့ ပြောရမှာပဲ ”

“ ဒီပုံကို အရုပ်ဆိုးအကျည်းတန်တယ်လို့ ခင်ဗျားမထင်ဘူးပေါ့ ”

“ ဘာကြောင့်ထင်ရမှာလဲ၊ ဒီပုံတွေဟာ ဘဝရဲ့စစ်မှန်တဲ့အခြေအနေကို ဖော်ပြထားတာပဲ၊ ဘဝရဲ့ သရုပ်သကန်ကို အရှိအတိုင်း၊ အမြင်အတိုင်းဖွင့်ဆိုပြထားတာတွေပဲ၊ အမြင့်ဆုံးသောအလှကိုဖော်ပြတဲ့ အရာတွေလို့ပဲကျွန်တော်ကတော့ ထင်တယ်၊ အကယ်၍ ခင်ဗျားအနေနဲ့ ဒီမိန်းမတွေကို အကောင်းဆုံးနဲ့ အပြည့်စုံ ဆုံးဖြစ်အောင် စိတ်ကူးယဉ်မှုတွေနဲ့ ရေးဆွဲပြမယ်ဆိုရင် အဲဒီပုံတွေဟာ အကျည်းတန်ကုန်မှာပဲ၊ ဘာကြောင့်လဲဆိုတော့ သတ္တိမရှိလွန်းတဲ့အတွက် အမှန်ကိုမဖော်ပြပဲ အတုတွေကို လိမ်ညာပြီးဖော်ပြထားလို့ပေါ့၊ အခုဟာက အမှန်တရားကို ခင်းဗျားမြင်ရတွေ့ရတဲ့အတိုင်း ရဲရဲဝံ့ဝံ့ ပြတ်ပြတ်သားသား ဖော်ပြထားတယ် မဟုတ်လား၊ ကျွန်တော်ကတော့ အလှဆိုတာအဲဒါပဲလို့ သတ်မှတ်တယ် ”

“ ဒီကမ္ဘာပေါ်မှာ ခင်ဗျားလိုအမြင်မျိုးရှိတဲ့လူစားတွေ ပိုများလာရင် သိပ်ကောင်းမယ်၊ နောက်တစ်ခွက်ယူပါဦးလား၊ အဲဒီပုံတွေထဲက ခင်ဗျားကြိုက်တာတွေ့ရင် ယူချင်သလောက်သာ ယူသွားပေတော့ ”

ဗင်းဆင့်သည် ပန်းချီတစ်ကားကို အလင်းရောင်ဘက်သို့ မြှောက်၍ ကြည့်သည်။ ထို့နောက် “ ဟာ ဒေါမီးယားပါလား ” ဟုရေရွတ်သည်။

“ ဟုတ်တယ် . . . ဒေါမီးယားပဲ၊ အားလုံးထဲမှာ အကြီးမြင့်ဆုံးလူပဲ၊ ကျွန်တော်ကတော့ သူ့ဆီက သင်ယူလေ့လာတာများတယ်၊ ပုံကိုကြည့်စမ်းပါ၊ ဒီပုဂ္ဂိုလ်ဟာ ဘယ်လောက်များ အမုန်းစိတ်တွေများနေသလဲဆိုတာ ”

“ ခင်ဗျားမုန်းတီးတဲ့ အရာတွေကို ဘယ်လိုလုပ်ပြီး ပန်းချီဆွဲလို့ရမှာလဲ၊ ကျွန်တော်ကတော့ ကိုယ်ချစ်မြတ်နိုးတဲ့ အရာတွေကိုသာ ပန်းချီဆွဲတာ ”

“ ကြီးကျယ်ထင်ရှားတဲ့ ပန်းချီကားအားလုံးဟာ အမုန်းတရားထဲကပေါက်ဖွားလာတာချည်းပဲ ဗင်ဂိုးရဲ့၊ အော် . . . ခင်ဗျားက ကျွန်တော့်ရဲ့ဂေါ်ဂင်ကို အံ့သြ ချီးမွမ်းနေတာပါကလား ”

" အခုပြောလိုက်တာက ခင်ဗျားဘယ်သူပုံကို ရည်ညွှန်းပြီးပြောလိုက်တာလဲ "

" ပေါလ်ဂေါဂင်လေ၊ ခင်ဗျား သူနဲ့ သိသလား "

" ဟင့်အင်း မသိဘူး "

" အဲသလိုဆိုရင်တော့ ခင်ဗျားသူကိုသိသင့်တယ်၊ အဲဒီကားက မာတီနစ်ကျွန်းသူ အမျိုးသမီးတစ်ယောက်ပုံပေါ့၊ ဂေါဂင်ဟာ အနောက်အိန္ဒိယကျွန်းစုဘက်မှာ အချိန်တော်တော်ကြာနေခဲ့ဖူးတယ်၊ သူဟာသိပ်ကိုထူးခြားတဲ့ ပန်းချီဆရာတစ်ယောက်ပဲ၊ သူမှာ ဇနီးနဲ့သားသမီးသုံးယောက်ရှိတယ်၊ စတော့စျေးကွက်မှာတစ်နှစ်ကို ဖရန့်ငွေသုံးသောင်းလောက် ဝင်ငွေရနေတဲ့ စတော့ရှယ်ယာပွဲစားတစ်ယောက်ပေါ့။

" သူဟာ ပစ်ဆာရှိ၊ မာနက်နဲ့ စစ္စလီတို့ရဲ့ ဖရန့်ငွေတစ်သောင်းငါးထောင်လောက်တန်တဲ့ ပန်းချီကားတွေကို ဝယ်ခဲ့တဲ့လူပေါ့၊ မဂ်လာဆောင်တဲ့နေ့မှာသူဟာ သူဇနီးရဲ့ပုံကို သူကိုယ်တိုင်ဆွဲခဲ့တယ်၊ ဂေါဂင်ဟာ တနင်္ဂနွေနေ့တွေမှာပန်းချီဆွဲတဲ့ အလုပ်နဲ့ပဲ အချိန်ကုန်ခဲ့တယ်၊ သူပန်းချီဆွဲရင် စတော့ပွဲစားတွေရဲ့ ပန်းချီကလပ်မှာ ဆွဲတာများတယ်။

" တစ်ခါမှာတော့ သူက သူဆွဲထားတဲ့ ပန်းချီကားတစ်ကားကို မာနက်ကိုပြတယ်၊ မာနက်က လက်ရာသိပ်ကောင်းကြောင်းပြောတော့ ဂေါဂင်က " ဟာ ဗျာ. . . ကျွန်တော်ကအပျော်တမ်း ပန်းချီဆရာတစ်ယောက်ပါ " လို့ပြန်ပြောတယ်၊ အဲဒီတော့ မာနက်က " အိုဗျာ၊ လက်ရာမကောင်းတဲ့ ပန်းချီကားတွေကိုဆွဲမှသာ အပျော်တမ်းပန်းချီဆရာလို့ ခေါ်တာပါ " လို့ ပြန်ပြောသတဲ့။

" အဲဒီစကားဟာ ဂေါဂင်ရဲ့ ဦးနှောက်ထဲမှာစွဲသွားတယ်၊ သူဟာသူ့ရဲ့စတော့ရှယ်ယာ ရောင်းဝယ်နေတဲ့ အလုပ်ကိုစွန့်ပစ်ပြီး သူစုဆောင်းထားတဲ့ငွေနဲ့ ရော်အင်မှာ မိသားစုနဲ့ တူတူ တစ်နှစ်တိတိနေခဲ့တယ်၊ အဲဒီနောက်တော့ သူ့မိန်းမနဲ့ ကလေးတွေကို စတော့ဟုမ်းမှာနေတဲ့ ယောကျ်ားတွေဆီပို့ထားခဲ့ပြီး ပန်းချီလောကတွင်းကို ခြေစုံပစ်ဝင်ခဲ့တာပဲ "

" သူ့အကြောင်းက စိတ်ဝင်စားစရာပဲ "

" ခင်ဗျားသူနဲ့ တွေ့တဲ့အခါ တစ်ခုတော့သတိထား၊ သူကအပေါင်းအသင်းတွေကိုအလွန်ဒုက္ခပေးတတ်တယ်၊အော်. . . ကျွန်တော် ခင်ဗျားကိုမော်လင်းရောဂ်လမ်းနဲ့ အီလီဆီ မွန်မာထရီလမ်းက ကောင်မလေးတွေကို ပြထားရအုံးမယ်၊ သူတို့အားလုံးကျွန်တော်နဲ့ ခင်တယ်၊ ခင်ဗျားမိန်းမဝါသနာမပါဘူးလား ဗင်ဂိုး၊

တစ်ခါတလေတော့ ဖြစ်တယ်မဟုတ်လား ”

“ ရပါတယ် ”

“ ကောင်းတာပေါ့ဗျာ၊ ကျွန်တော်တို့ ကော်မင်းစတူဒီယိုဘက်ကို ပြန်ကြရအောင်၊ ကဲ. . . မပြန်ခင်တစ်ခွက်လောက် ချလိုက်အုံး၊ အဲ. . . ဟုတ်ပြီ. . . ကဲ. . . နောက်တစ်ခွက်လုပ်ပါဦး. . . ဒါမှ ပုလင်းထဲမှာ လက်ကျန်မရှိမှာ။ အော် သတိထား. . . ခင်ဗျား စားပွဲကို ဝင်တိုက်တော့မယ်၊ ပစ္စည်းတွေ ကျကုန်တာ ကောက်မနေနဲ့၊ အိမ်စေလာရင် သိမ်းလိမ့်မယ်။

“ ကျွန်တော်လည်း မကြာခင် ဒီနေရာကရွှေ့ရတော့မယ်လို့ ထင်တယ်၊ ကျွန်တော်က ချမ်းသာတယ်၊ ကျွန်တော့်အဖေက ကျွန်တော့်ကို ခြေမသန်တဲ့ လူတစ်ယောက်အဖြစ် မွေးလာရတဲ့အတွက် သူ့ကို ကျိန်စာသင့်မှာ ကြောက်နေတယ်၊ အဲဒါကြောင့် သူက ကျွန်တော်လိုချင်တာ မှန်သမျှကို ပေးထားတယ်။

“ ကျွန်တော် နေရာရွှေ့ရင်အလုပ်ကလွဲပြီး ဘာပစ္စည်းမှယူမသွားဘူး၊ အားလုံးထားပစ်ခဲ့တာချည်းပဲ၊ ဘာပစ္စည်းမှ မရှိတဲ့ စတူဒီယိုသစ်ကိုရောက်မှ လိုအပ်တဲ့ ပစ္စည်းတွေကို တစ်ခုပြီးတစ်ခုပြန်ဝယ်တာပဲ၊ စိတ်ထဲမှာ မွန်းကျပ်လာပြီဆိုရင် နောက်တစ်နေရာကို ရွှေ့ပြန်တာပဲ၊ အော်. . . ဒါနဲ့ စကားမစပ် မေးရဦးမယ်၊ ခင်ဗျား ဘယ်လိုမိန်းမမျိုးကိုကြိုက်သလဲ၊ ရွှေရောင်ဆံပင်နဲ့ဟာကိုလား၊ ဆံပင်နီနီရဲရဲနဲ့ဟာကိုလား. . . ။

“ အော်. . . တံခါးပိတ်ဖို့ ကိစ္စလား မပူပါနဲ့၊ ဒီလိုပဲ ဖွင့်ထားခဲ့တာပဲ။ ဘာမှကိစ္စမရှိပါဘူး၊ ဟိုး. . . ခေါင်မိုးတွေဟာ ကလီချိုလမ်းမကြီးဘက်ကို နိမ့်ဆင်းသွားတာမြင်လား၊ အနက်ရောင် သမုဒ္ဒရာတစ်ခုနဲ့ တူနေသလိုပဲ၊ အိုဗျာ. . . သိပ်ကိုခွက်ချပါတယ်၊ ခင်ဗျားအပေါ်မှာတော့ ကျွန်တော်ဟန်မဆောင်ချင်ဘူးဗျာ၊ ကျွန်တော်က ခြေမသန်တဲ့ကောင်ဆိုတော့ ဒီတုတ်ကို အမှီပြုနေရတာ. . . ရှုခင်းတွေကိုလဲ အဝေးကြီးကနေပြီး ဒီတုတ်နဲ့ ထိုးပြရတာ. . . ကြာကြာမှ လမ်းမလျှောက်နိုင်တော့လဲ ခက်တာပေါ့လေ. . . အင်း. . . တကယ်စဉ်းစားကြည့်မယ်ဆိုတော့လဲ ကျွန်တော်တို့အားလုံးဟာ တစ်ခုမဟုတ်တစ်ခုခုကတော့ ကျိုးနေကြတာပါပဲ ဗင်ဂိုးရာ၊ ကဲ. . . သွားကြစို့ ”

(၄)

ကြည့်ရသည်မှာ အလွန့်အလွန်လွယ်သည်။ သူလုပ်ဖို့လိုအပ်သည်မှာ ယခင်က သုံးနေသော ဆေးစပ်ပျဉ်ပြားဟောင်းကို လွှင့်ပစ်ပြီး ပေါ့ပါးသော ဆေးစပ်ပျဉ်ပြားအချို့ထပ်ဝယ်ကာ အင်ပရက်ရှင်းနစ္စတစ်ယောက်အဖြစ်ဖြင့် ပန်းချီဆက်ဆွဲရန်သာရှိ၏။ ပထမနေ့တွင် ဗင်းဆင့်သည့် အုံအားလည်း သင့်ရသည်။ စိတ်လည်း ရှုပ်ရသည်။ မခံချိမခံသာလည်း ဖြစ်ရ၏။

ဒုတိယနေ့တွင် စိတ်နောက်ကျိရှုပ်ထွေးခြင်း ဖြစ်ရပြန်သည်။ သူဆွဲနေသမျှ မအောင်မြင်သည့်အတွက် ဒေါသဖြစ်ရသည်။ ဖြစ်မှဖြစ်ပါတော့မလားဟူသော သံသယကြောင့် ကြောက်စိတ်ဝင်ရသည်။ သီတင်းပတ်အကုန်တွင်မှ သူ၏ စိတ်သည် ဒေါသ၏ကြီးစိုးခြင်းကို ပို၍ခံရသည်။ လပေါင်းအတန်ကြာမျှ စမ်းသပ်ရေးဆွဲနေသော်လည်း အရောင်သုံးစွဲမှုတွင် သူ့အဆင့်သည် သာမန်အဆင့်မျှသာဖြစ်နေသည်ကို သတိထားနေမိ၏။ ကော်မင်းစတူဒီယိုခန်းထဲ၌ သူ့ဘေးမှထိုင်၍ သူဆွဲသမျှကို ကြည့်နေသော လော့ထ်ရက်၏ နှုတ်မှ ဆဲဆိုကျိန်ဆဲသံများကြားနေရသော်လည်း အကြံပေးမှုကိုကား မရခဲ့ချေ။

ဗင်းဆင့်အဖို့ ခက်ခဲပင်ပန်းစွာရုန်းကန်နေရသည့် နည်းတူ သီအိုအတွက်လည်း အဆိုးဝါးဆုံးသော အချိန်ကာလတစ်ခုနှင့် ရင်ဆိုင်နေရသည်။ သီအိုသည် စိတ်နေစိတ်ထား သိမ်မွေ့သူဖြစ်၏။ နူးညံ့ပျော့ပျောင်းသော အပြုအမူရှိသူဖြစ်၏။ သူသည် အဝတ်အစား၊ အပြုအမူ၊ အနေအထိုင်များတွင် စည်းစနစ်အလွန်ကြီးပြီး ဇီဇာကြောင်သူဖြစ်၏။ အမှန်တော့ သူသည် သူ့အစ်ကို ဗင်းဆင့်လို ဖြစ်ကတတ်ဆန်းနှင့် ကြမ်းကြမ်းတမ်းတမ်း နေတတ်သူ မဟုတ်ချေ။

လာဗေယ်လ်လမ်းပေါ်မှ အခန်းသည် သီအိုနှင့်သူ့အိမ်ထောင်ပရိဘောဂပစ္စည်းများအတွက်သာ သင့်တော်လုံလောက်သည့် အခန်းဖြစ်သည်။ ဗင်းဆင့်ရောက်လာပြီးနောက် သီတင်းတစ်ပတ်အကုန်တွင် သီအို၏အခန်းသည် အစုပ်ပလုပ်ပစ္စည်းများရောင်းချသည့် ဆိုင်တစ်ဆိုင်နှင့် တူလာသည်။ စားပွဲကုလားထိုင်များသည် တစ်နေရာသို့ ရောက်သွားသည်။ ဗင်းဆင့်သည် ဧည့်ခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန်လမ်းသလားသည်။ ပတ်ပတ်လည်ရှိကြမ်းပေါ်တွင်လည်း စုတ်တံများ၊ ကင်းဗတ်များ၊ သုံးပြီးသား ဆီဆေးဗူးခွံများနှင့် ပြန့်ကြဲလျက်ရှိသည်။

“ဗင်းဆင့်ရာ. . . ဒီလောက်ကြီးတော့ ကြမ်းကြမ်းတမ်းတမ်းကြီး မနေပါနဲ့” ဟု သီအိုကပြောသည်။

ဗင်းဆင့်သည် အခန်းကျဉ်းကလေးထဲတွင် လမ်းသလားနေရာမှ ကုလားထိုင်တစ်လုံးတွင် ခြေပစ်လက်ပစ်ထိုင်ချလိုက်သည်။

" အလကားပါပဲကွာ၊ အသုံးမကျတော့ပါဘူး " ဟုညည်းသည်။ "ငါ နောက်ကျသွားပြီ၊ ပြုပြင်ပြောင်းလဲဖို့ မလွယ်တော့ဘူး၊ အသက်ကကြီးသွားပြီ။ ငါတကယ်ကိုကြိုးစားခဲ့ပါတယ် သီအိုရာ၊ ဒီတစ်ပတ်ထဲမှာ ကားပေါင်းနှစ်ဆယ်တိ တိဆွဲခဲ့ပါတယ်၊ ဒါပေမယ့် ငါ့လက်က သေနေပြီ၊ အစကနေပြန်စဖို့ဆိုတာမလွယ် တော့ဘူး၊ ငါဘာလုပ်ရမလဲ "

သူသည် ပြုန်းခနဲထရပ်ကာ ပြတင်းပေါက်ဆီသို့ သွားရပ်သည်။ လမ်း ပေါ်မှ ဘာတေလီစားသောက်ဆိုင်ကို လှမ်းမျှော်ကြည့်သည်။ ထို့နောက် ပြတင်း ပေါက်ကို တအားကုန်ဆွဲပိတ်လိုက်ပြီး မီးဖိုခန်းဘက်သို့ လျှောက်သွားကာ ရေ တစ်ခွက်သောက်သည်။ ဧည့်ခန်းထဲသို့ ပြန်လာသည့်အခါ သူသောက်လာသော ရေသည် မေးစေ့အထိစီးကျလျက်ရှိလေသည်။

" ကဲ. . . သီအို၊ မင်းဘာပြောမလဲ၊ ငါအရှုံးပေးလိုက်ရတော့မလား၊ အရှုံးပေးလိုက်တာပဲကောင်းမယ် ထင်တယ် "

" မဟုတ်သေးဘူးဗင်းဆင့်၊ ခင်ဗျားလုပ်နေပုံက ကလေးဆိုးတစ် ယောက်နဲ့ တူနေတယ်၊ ခဏာတဖြုတ်လောက် ငြိမ်ငြိမ်ကလေးထိုင်ပြီး ကျွန်တော် ပြောတာကို နားထောင်စေချင်တယ်၊ နေစမ်းပါဦးဗျာ. . . အဲသလိုလမ်းလျှောက် မနေပါနဲ့၊ အဲသလိုဆိုရင် ကျွန်တော်စကား မပြောတတ်ဘူးဗျ။ ပြီးတော့ ခင်ဗျားရဲ့ ရှူးဖိနပ်က ဟိုကုလားထိုင်ကို အမြဲဝင်တိုက်နေတာ၊ ကြာရင်ပျက်စီးတော့မယ်"

" ဒီမယ်. . . သီအို၊ မင်းငါ့ကိုထောက်ပံ့လာတာ ခြောက်နှစ်တိတိရှိ ပြီ၊ မင်း ငါ့ဆီက ဘာအကျိုးအမြတ်တွေရခဲ့သလဲ၊ ညှိညှိမည်းမည်းအရောင်တွေ ဖုံးလွှမ်းနေတဲ့ ပန်းချီကားတွေပဲ ရခဲ့တယ်မဟုတ်လား၊ မင်းမှာ အရှုံးနဲ့ပဲရင်ဆိုင် ခဲ့ရတာပဲ "

" ကျွန်တော်ပြောတာကို နားထောင်စမ်းပါဦးဗျာ. . . ၊ ခင်ဗျားအနေနဲ့ လယ်သမားရဲ့ပုံတွေကိုဆွဲတုန်းက တစ်ပတ်ထဲနဲ့ ဆွဲလို့ရခဲ့သလား၊ ဒါမှမဟုတ်ရင် ငါးနှစ်တိတိဆွဲခဲ့ရသလား "

" ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမယ့်ကွာ၊ အဲဒီတုန်းက ငါ့အလုပ်က အစပြုရုံပဲရှိသေးတာပဲ"

" ဘာထူးသလဲ ဗင်းဆင့်ရယ်၊ အခုလဲ အရောင်နဲ့ပတ်သက်လို့ ခင်ဗျား အစပဲရှိသေးတာဘဲ၊ နောက်ထပ် ငါးနှစ်လောက် ကြာချင်လဲကြာမှာပေါ့"

" ဒါဆိုရင် ငါ့အတွက် သင်ဖို့လေ့လာဖို့ မဆုံးနိုင်တော့ဘူးလားကွာ၊ ငါဘဝတစ်လျှောက်လုံး ကျောင်းပဲတက်နေရတော့မှာလား၊ အခုဆိုရင် ငါ့အသက်ဟာ သုံးဆယ့်သုံးနှစ်ရှိသွားပြီ "

" အခုလုပ်နေရတဲ့ အလုပ်ဟာ ခင်ဗျားအတွက် နောက်ဆုံးအလုပ်ပါ ဗင်းဆင့်ရာ၊ ဒီအလုပ်မှာသာ ခင်ဗျားအဆင်ပြေသွားရင်. . . ကိစ္စကပြီးပါပြီ "

" ငါလုပ်နိုင်လိမ့်မယ်လို့ကော မင်းထင်နေသလား သီအို၊ ငါရှုံးပြီလို့တော့ မင်းမထင်သေးဘူး မဟုတ်လား "

" အဲသလိုတော့ မထင်ဘူး၊ ခင်ဗျားဟာ ငတုံးတစ်ယောက်လို့တော့ ထင်မိတယ်၊ အခုဟာက ပန်းချီသမိုင်းမှာ အလွန်ကြီးမားတဲ့ တော်လှန်ရေးတစ်ခုဖြစ်နေတာ၊ အဲဒီတော်လှန်မှုကြီးမှာ ခင်ဗျားက တစ်ပတ်တည်းနဲ့ ဆရာတစ်ဆူဖြစ်ချင်နေလို့ကတော့ လုံးဝမဖြစ်နိုင်ဘူး ဗင်းဆင့်၊ ကဲပါလေ. . . ဘတ်တီလမ်းဘက်ကို လမ်းလျှောက်ကြရအောင်၊ ခေါင်းအေးအောင် လုပ်ကြဦးစို့၊ ခင်ဗျားနဲ့ ဒီအခန်း ထဲမှာ ဆက်ထိုင်နေရင် ကျွန်တော်ပေါက်ကွဲတော့မယ်လို့ ထင်တယ်"

✧✧✧✧

နောက်တစ်ရက် မွန်းလွဲပိုင်းတွင် ဗင်းဆင့်သည် ကော်မင်းစတူဒီယိုထဲ၌ ပုံဆွဲပြီးနောက် သီအို့ထံရောက်လာသည်။ ဧပြီလ လဆန်းပိုင်းဖြစ်၍ နေဝင်ချိန်သည် စောစီးစွာကျရောက်လာနေသည်။ မွန်မာထရီလမ်းဘေး ဝဲယာရှိ စားသောက်ဆိုင်များတွင် အမျိုးသားများဖြင့် ပြည့်ကျပ်နေသည်။ ဆိုင်များအတွင်း မှုန်ငြိမ့်ညောင်းသော တေးသံသာများသည် အဆက်မပြတ် ထွက်ပေါ်လာနေသည်။ လမ်းဘေးမီးတိုင်များသည် မီးရောင်များဖြင့် လင်းလက်နေကြလေပြီ။

သီအိုနှင့် ဗင်းဆင့်သည် စိတ်လက်ပေါ့ပါးစွာ လမ်းလျှောက်လာကြသည်။ သူတို့သည် ချက်တီယောဒန်းရပ်ကို ဖြတ်ကာ နော်ထရီဒိမ်းဘုရားရှိခိုးကျောင်းရှေ့မှ ကျော်လာကြသည်။

" ကျွန်တော်တို့ နှုတ်မြိန်ဆေး တစ်ခွက်တစ်ဖလားလောက် ဝင်သောက်ကြရအောင် "

" အေး. . ကောင်းသားပဲ၊ လူတွေသွားလာလှုပ်ရှားနေတာကို ကောင်းကောင်းမြင်နိုင်တဲ့ နေရာမှာ ထိုင်ကြရအောင် "

" ဒါဆိုရင် အောဘက်စ်ဆီ လမ်းပေါ်က ဘာတေလီစားသောက်ဆိုင် အထိသွားကြမယ်၊ အဲဒီမှာဆိုရင် ကျွန်တော့်မိတ်ဆွေတွေနဲ့လည်း ဆုံမိတတ်တယ် "

အမှန်တကယ်လည်း ဘာတေလီစားသောက်ဆိုင်သည် ပန်းချီဆရာများမကြာခဏရောက်လာတတ်သည့် ဆိုင်ဖြစ်၏။ ဆိုင်အပြင်ဘက်တွင် စားပွဲလေးငါးလုံးမျှသာ ချထားသည်။ အတွင်းဖက်ရှိ အခန်းနှစ်ခန်းမှာလည်း အခန်းကျယ်ကြီးများဖြစ်သည်။ ဆိုင်ရှင် မဒမ်ဘာတေလီသည် ပန်းချီဆရာများအား အခန်းတစ်ခန်းပေးထားသည်။ လူလတ်တန်းစားများကို တစ်ခန်းပေးထားသည်။ လူမြင်လိုက်ရုံမျှဖြင့် ဘယ်အခန်းသို့ ပို့ပေးရမည်ကို ချက်ခြင်းသိသူဖြစ်လေသည်။

သောက်စရာများလာချပေးသွားသည့်အခါ သီအိုသည် ဆေးပြင်းလိပ်တစ်လိပ်ကို မီးညှိပြီးဖွာသည်။ ဗင်းဆင့်က သူ့ဆေးတံကိုခဲကာ လမ်းသွားလမ်းလာများကိုကြည့်သည်။ သွားလာလှုပ်ရှားနေကြသည့် လူများမှာ ယောကျ်ား မိန်းမ လူတန်းစားမျိုးစုံဖြစ်သည်။ ဆင်းရဲသား လက်လုပ်လက်စားများလည်း ပါ၏။ အလုပ်သမားများလည်းပါသည်။ လူလတ်တန်းစားများလည်း ပါ၏။ လူရည်တတ်များကိုလည်း တစ်ခါတစ်ရံမြင်ရ၏။

" အရောင်မျိုးစုံဝတ်ပြီး အလှပြနေတဲ့ ပွဲတစ်ပွဲနဲ့ တူတယ်နော်. . . သီအို "

" ဟုတ်တယ်၊ ညစာမစားမီ အရက်သောက်တဲ့ အချိန်ကို မရောက်မချင်း ပါရီဟာ အိပ်ရာက မနိုးသေးဘူးလို့ ပြောကြတယ် "

" ပါရီဟာ သိပ်ကိုအံ့သြစရာကောင်းတဲ့ မြို့တစ်မြို့လို့ဆိုကြတယ်၊ အဲဒါဘာ့ကြောင့်လဲ. . . ငါစဉ်းစားခဲ့တယ်၊ ဒါပေမယ့် . . . . "

" ကျွန်တော်လဲ မသိဘူး ဗင်းဆင့်၊ အဲဒါဟာ 'ထာဝရလျှို့ဝှက်ချက်တစ်ခု ' ဖြစ်နေတယ်၊ ဒီအချက်ဟာ ပြင်သစ်လူမျိုးရဲ့ အကျင့်စရိုက်နဲ့များယှက်နွယ်နေမလား မပြောတတ်ဘူး၊ ဒီမှာက လွတ်လပ်မှုနဲ့ သည်းခံမှုဆိုတာအမြဲရှိနေရုံမကဘူး၊ ဘဝကို ခပ်ပေါ့ပေါ့ သဘောထားတတ်ကြတယ်၊ အဲဒါကြောင့်မို့လဲ၊ ဟာ. . . . ဟယ်လို. . . ဟိုမှာ ကျွန်တော့်မိတ်ဆွေတစ်ယောက်၊ ခင်ဗျားနဲ့တွေ့ပေးချင်နေတာနဲ့ အတော်ပဲ. . မင်္ဂလာညနေခင်းပါ ပေါလ်၊ နေကောင်းရဲ့လား "

" ကောင်းပါတယ်၊ ကျေးဇူးပဲ သီအို "

" ကျွန်တော့်အစ်ကိုနဲ့ မိတ်ဆက်ပေးရအုံးမယ်၊ ဒါ ဗင်းဆင့်ဗင်ဂိုး သူက ပေါလ်ဂေါ်ဂင်တဲ့၊ ထိုင်လေ. . . ပေါလ်၊ ခင်ဗျားသောက်နေကျ အရက် အဆင်သင့်ရှိနေပါတယ် "

ဂေါ်ဂင်သည် အရက်ဖန်ခွက်ကိုယူ၍ တစ်ငုံမျှ သောက်လိုက်သည်။ ထို့နောက် ဗင်းဆင့်ဖက်လှည့်ကာ " ပါရီကို သဘောကျရဲ့လား မွန်စီယာဗင်ဂိုး" ဟုမေးသည်။

" ကျွန်တော် သိပ်ကို သဘောကျပါတယ် "

" ဒီနေ့ ခင်ဗျားကိုကြည့်ရတာ ရွှင်မြူးနေတယ်၊ ဘာထူးခြားတာရှိသလဲ၊ ပန်းချီကားရောင်းရသလား " ဟု သီအိုက ကြားဖြတ်မေးသည်။

" မဟုတ်ပါဘူး၊ ဒါပေမယ့် ကျွန်တော် ဒီနေ့မနက် သဘောကျစရာ ကောင်းတဲ့ အတွေ့အကြုံလေးတစ်ခုနဲ့ ကြုံရလို့ပါ "

သီအိုက ဗင်းဆင့်အား မျက်စိတစ်ဖက်မှိတ်ပြသည်။ " ပြောပြပါဦး ပေါလ်ရယ်၊ ဘယ်လိုအတွေ့အကြုံမျိုးလဲ "

ဂေါ်ဂင်က အရက်ကိုနောက်ထပ် တစ်ငုံမျှ သောက်လိုက်ပြီး. . . ယနေ့ နံနက်ငါးနာရီခန့်က သူနေထိုင်ရာတိုက်ခန်းအောက်ထပ်မှ ကုန်ပို့လှည်းသမား တစ်ယောက် သူ့ကိုယ်သူကြိုးဆွဲချပြီး သတ်သေသွားကြောင်း၊ ယင်းကိစ္စကိုသူမိတ် ဆွေများအား အထူးအဆန်းတစ်ခုအဖြစ် ပြောပြရာ သူတို့က လှည်းသမားကြိုး ဆွဲချသည့် ကြိုး၏ တန်ဖိုးကိုသာ ဂရုထားပြီး မေးကြကြောင်း စသည်ဖြင့်ပြော ပြနေသည်။

ဗင်းဆင့်သည် ပေါလ်ဂေါ်ဂင်အား စေ့စေ့စပ်စပ်ကြည့်သည်။ ဦးခေါင်း ကြီးကြီး၊ နှာခေါင်းကြီးကြီး၊ မျက်လုံးပြူးပြူး ဖြစ်သည်။ လူကောင်မှာ ထွားကျိုင်း လွန်းလှ၏။ ခွန်အားဗလကြီးမားသော လူဘီလူးကြီးနှင့်တူသည်။ သူပြောပြနေ သည်များကို နားထောင်နေသော သီအိုကပြုံးသည်။

" ကဲ. . . ပေါလ်. . . ခင်ဗျားရဲ့ ရက်စက်မှုမှာ သာယာတဲ့ဝါဒကနည်း နည်းပြင်းထန်လွန်းတယ်၊ တော်လောက်ပြီ၊ ကျွန်တော်လဲ ညစာစားပွဲတစ်ခုသွား ရဦးမယ်၊ ဘယ်လိုလဲ. . . ဗင်းဆင့်၊ ကျွန်တော်နဲ့ လိုက်ခဲ့တော့မလား "

" ဟာ. . . သူ့ကိုထားခဲ့ပါဦး သီအိုရာ " ဟုဂေါ်ဂင်ကပြောသည်။ "ခင်ဗျားအစ်ကိုနဲ့အခုလို ကြုံကြိုက်တုန်းမှာ ရင်းနှီးသွားအောင် နေစမ်းပါရစေဦး"

" ကောင်းပြီလေ နေခဲ့ပေါ့၊ သူ့ကိုအရက်တွေ သိပ်အများကြီးတိုက်လို့ တော့မဖြစ်ဘူး၊ သူကအလေ့အကျင့်မရှိသေးဘူး "

" ရပါတယ်၊ ဘာမှ မဖြစ်စေရပါဘူး " ဟုဂေါဂင်က အာမခံသည်။ ထို့နောက် ဗင်းဆင့်ဘက်လှည့်၍ " ခင်ဗျားညီက အခုထက်ထိ လူငယ်ပန်းချီဆရာတွေရဲ့ လက်ရာကောင်းတွေကိုတင်ရမှာကြောက်နေတုန်းပဲ "ဟုပြောသည်။

" မိုနက်၊ စစ္စလေ၊ ပစ်ဆာရိုနဲ့ မာနက်တို့ရဲ့ ပန်းချီကားတွေတော့ တင်ထားတာတွေ့တယ် "

" မှန်ပါတယ်၊ ဒါပေမယ့် ဆူးရက်ရဲ့ကားတွေဘယ်မှာလဲ၊ ပြီးတော့ဂေါဂင်ရဲ့ကားတွေကော. . . စေဇန်းနဲ့ တူလော့ဆီ လော့ထ်ရက်ရဲ့ကားတွေကော. . . အခုဆိုရင် ဒီလူတွေအားလုံး အသက်ကြီးကုန်ပြီ၊ သူတို့ခေတ်ဟာကုန်လွန်နေပြီ "

" အို. . . ခင်ဗျား လော့ထ်ရက်နဲ့ သိသလား "

" သိပ်သိတာပေါ့. . . သူ့ကိုမသိတဲ့လူ ဘယ်သူရှိမလဲ၊ သူကသိပ်ကိုတော်တဲ့ ပန်းချီဆရာတစ်ယောက်ပဲ၊ ဒါပေမယ့် တစ်ခုတော့ရှိတယ်၊ သူကရူးကြောင်ကြောင် ဖြစ်နေတယ်၊ သူကမနက်ဆိုရင် အောက်ကျ အားငယ်စိတ်နဲ့ အိပ်ရာကနိုးလာတယ်၊ ဘာ့ကြောင့်လဲဆိုတော့ သူ့မှာ ခြေထောက်နှစ်ဖက်မရှိလို့၊ ညတိုင်း. . . အဲဒီ အောက်ကျ အားငယ်စိတ်ကို အရက်နဲ့ မိန်းမတွေကြားမှာနှစ်ပစ်နေတယ် "

" ဒါပေမယ့် နောက်တစ်နေ့မနက် အိပ်ရာကနိုးတော့ အဲဒီအားငယ်စိတ်က ပြန်ရောက်နေပြန်ရော၊ တကယ်လို့သာ ဒီလူဟာ ရူးတူးတူးကြောင်တောင်တောင်ဖြစ်မနေရင် ကျွန်တော်တို့ရဲ့ အတော်ဆုံးပန်းချီဆရာအစုထဲမှာ တစ်ယောက်ဖြစ်လာမှာ သေချာတယ်. . . ကဲ ရောက်ပြီ၊ ဒီဘက်ကိုချိုးဝင်ရမယ်၊ ကျွန်တော့်ရဲ့စတူဒီယိုက လေးထပ်မှာ. . လှေကားကို သတိထားတက်၊ အခင်းတစ်ချို့က ကျိုးနေတယ် "

ဂေါဂင်သည် ရှေ့မှဝင်သွားပြီး မှန်အိမ်ကိုထွန်းသည်။ မသပ်မရပ်နိုင်လွန်းလှသော အထပ်ခိုးအခန်းတစ်ခန်းဖြစ်၏။ အခန်းထဲတွင် ပန်းချီတင်ခုံတစ်ခု၊ ကြေးခုတင်တစ်လုံး၊ စားပွဲတစ်လုံးနှင့် ကုလားထိုင်တစ်လုံးရှိသည်။ ဝင်ပေါက်တံခါးအနီးရှိ အခန်းကျဉ်းကလေးထဲတွင် ညစ်ညမ်းဓာတ်ပုံများ ချိတ်ဆွဲထားသည်။

" အဲဒီပုံတွေကို ကြည့်ရခြင်းအားဖြင့် ခင်ဗျားဟာ အချစ်ကို သိပ်ပြီးတန်ဖိုးမထားဘူးဆိုတာ သိသာနေတယ် " ဟုဗင်းဆင့်ကထင်မြင်ချက်ပေးသည်။

" အင်း. . . ကျွန်တော်ပြောတဲ့ သဘောက အလှကို ကျွန်တော်လက်မခံနိုင်ဘူးလို့ ဆိုလိုတာ မဟုတ်ပါဘူး၊ အလှကို ခံစားနိုင်တဲ့ အာရုံလုံးဝမရှိတာကို

သာအဓိကထားပြီးပြောနေတာပါ၊ ဂျီးဆပ်စ်လိုပဲ ကျွန်တော်ကလဲ ' အသွေးအသားသည် အသွေးအသားမျှသာဖြစ်၍ စိတ်သည်စိတ်သာဖြစ်သည် ' လို့ပြောချင်တယ်၊ ကျွန်တော်ကတော့ အဲဒီစကားကို ကျေးဇူးတင်မိတယ်၊ လက်ထဲမှာငွေနည်းနည်းပါးပါးရှိနေရင် အဲဒီငွေက ကျွန်တော်ရဲ့ သွေးသားကို ကျေနပ်အောင်လုပ်ပေးတယ်၊ ကျွန်တော့်ရဲ့ စိတ်ကတော့ ဘာပြဿနာမှ မရှိဘူး၊ အေးအေးဆေးဆေးပဲ

" ဒါကတော့ဗျာ၊ ခင်ဗျားက ဒီကိစ္စအပေါ်မှာ သိပ်ပြီးပေါ့ပေါ့ တန်တန်သဘောထားတာကိုး "

" မဟုတ်ဘူး ဗင်းဆင့်၊ အိပ်ရာထဲရောက်ရင် သာယာကြည်နူးမှုကိုတော့ ဦးစားပေးတယ်၊ ဒါပေမယ့် အတွင်းစိတ်ရဲ့ အာရုံခံစားမှုကိုတော့ ဝင်မလာစေရဘူး၊ ကျွန်တော်က ကျွန်တော့်ရဲ့ အာရုံခံစားမှုကို ပန်းချီဆွဲဖို့အတွက် သီးသန့်စုဆောင်းထားတာပဲ "

" ကျွန်တော်လဲ အဲဒီအမြင်မျိုးရှိခဲ့ဖူးတယ်. . . ဒါပေမယ့်. . . ဟာတော်ပြီ. . . တော်ပြီ၊ ကျွန်တော် နောက်ထပ်မသောက်နိုင်တော့ဘူး၊ ခင်ဗျားပဲသောက်ပါတော့. . . သီအိုကတော့ ခင်ဗျားရဲ့ ပန်းချီကားတွေကို သိပ်ပြီးချီးမွမ်းနေတာပဲ၊ ကျွန်တော် နည်းနည်းပါးပါးကြည့်လို့ရမလား "

ဂေါ်ဂင်သည် အိပ်ရာထက်မှ ခုန်ထလိုက်သည်။

" ကျွန်တော့်ပန်းချီကားတွေကို ကျွန်တော်က ကျွန်တော့်ရဲ့ ကိုယ်ရေးကိုယ်တာ စာတွေလို သဘောထားတာ၊ ဒါပေမယ့်၊ ခင်ဗျားကိုတော့ ပြပါ့မယ် "

သူသည် ခုတင်ဘေးၭ ဒူးထောက်ထိုင်ကာ အိပ်ရာအောက်မှ ပန်းချီကားများကို ဆွဲထုတ်ပြီး စားပွဲပေါ်မှ အရက်ပုလင်းများတွင် မှီ၍ထောင်ထားလိုက်သည်။ ဗင်းဆင့်သည် ပန်းချီကားများကို တစ်ကားချင်းစီ ကြည့်သည်။ သာမန်အနေအထားထက် ထူးခြားသောအရာများကိုတွေ့ရလိမ့်မည်ဟု မျှော်လင့်ထားခဲ့မိ၏။ ယခုသော်မူ ဘာအရသာကိုမှ ခံစား၍မရ၊ သူသည် ဂေါ်ဂင်၏လက်ရာများကို ကြည့်ကာ အံ့အားသင့်လျက်ရှိလေသည်။

သူသည် နေရောင်ဖြင့် ရွှန်းစိုဝင်းလက်နေသော ပန်းချီကားများပေါ်မှပုံများကို နားမလည်နိုင်သော မျက်နှာထားဖြင့် ကြည့်နေမိ၏။ မည်သည့် ရုက္ခဗေဒပညာရှင်မှ ရှာဖွေတွေ့ရှိနိုင်မည် မဟုတ်သော သစ်ပင်များ၊ အထူးအဆန်းများသဖွယ်ဖြစ်နေသည့် တိရစ္ဆာန်များ၊ ဂေါ်ဂင်တစ်ဦးတည်းသာလျှင် ဖန်တီးနိုင်မည့် ယောကျ်ားများ၊ မီးတောင်ကြီးတစ်တောင်အတွင်းမှ ထွက်အံကျလာသလိုဖြစ်နေ

သော ပင်လယ်ပြင်၊ ဘယ်နတ်ဘုရားမှ နေထိုင်၍မရနိုင်မည့် မိုးကောင်းကင်။

ထို့ပြင်လည်း ပုံသဏ္ဌာန်ကိုးယိုးကားယား၊ ရုပ်အဆင်းအဂီါမပြေမပြစ်၊ ကိုယ်ခန္ဓာကြုံလှီလှီ ပိန်ခြောက်ခြောက်ရှိလွန်းလှသည့် ဒေသခံလူမျိုးပုံများ၊ ထိုလူများ၏ ရိုင်းစိုင်းရိုးသားသော မျက်လုံးအကြည့်များ. . . ပြီးတော့. . . ပူပြင်းသော နေရောင်အောက်မှ တိရစ္ဆာန်များနှင့် အရိုင်းပန်းများ။

" ခင်ဗျားလဲ လော့ထ်ရက်နဲ့အတူတူပဲ " ဟု ဗင်းဆင့်ကရေရွတ်သည်။

" ခင်ဗျားလဲအမုန်းကိုရှေ့တန်းတင်ထားတာပဲ၊ ခင်ဗျားမှာရှိနေသမျှ အင်အားနဲ့ကို မုန်းတီးနေတာပဲ "

ဂေါဂင်က ရယ်သည်။ " ကျွန်တော့်လက်ရာတွေအပေါ်မှာ ခင်ဗျား ဘယ်လိုထင်သလဲ ဗင်းဆင့် "

" ရိုးရိုးသားသားပြောရရင်တော့ ကျွန်တော်မသိဘူး၊ နားကိုမလည်သေးဘူး၊ တွေးဖို့အချိန်တော့ ပေးဦးမှဖြစ်မယ်၊ နောက်တစ်ခေါက်လာပြီး ထပ်ကြည့်ပါရစေဦး "

" တစ်ခေါက်မဟုတ်ပါဘူး၊ ခင်ဗျားလာချင်သလောက်သာလာပါ။ ကျွန်တော့်ရဲ့ကားတွေလိုကောင်းအောင် ဆွဲနိုင်တဲ့လူဆိုလို့ ဒီနေ့ဒီခေတ် ပါရီမြို့ပေါ်မှာ လူငယ်ပန်းချီဆရာတစ်ယောက်ပဲရှိတယ်၊ သူနာမည်က ကျော့ဆူးရက်တဲ့၊ သူလဲ လူရိုင်းတစ်ယောက်ပဲ၊ ပါရီမှာ နေကြတဲ့ ကျန်တဲ့အရူးတွေကတော့ လူယဉ်ကျေးတွေပေါ့ "

" ကျော့ဆူးရက် ဆိုတဲ့ နာမည်ကို ကျွန်တော်မကြားဖူးသေးဘူး "

" ခင်ဗျားဘယ်ကြားဖူးမှာလဲ၊ သူပန်းချီကားတွေကို တင်ပေးတဲ့ဆိုင် ပါရီမှာတစ်ဆိုင်မှ မရှိဘူး၊ ဒါပေမယ့် သူဟာအလွန်ကြီးကျယ်ထင်ရှားတဲ့ ပန်းချီဆရာ တစ်ယောက်ပဲ "

" ကျွန်တော် သူနဲ့ တွေ့ဖူးချင်တယ်ဗျာ "

" ကျွန်တော် တစ်နေ့ကမှ ခေါ်သွားပေးမယ်၊ ကျွန်တော်တို့ ညစာထွက် စားကြရအောင်၊ ခင်ဗျား ဘယ်လိုသဘောရသလဲ၊ ခင်ဗျားဆီမှာ ငွေရှိသေးသလား၊ ကျွန်တော့်မှာတော့ နှစ်ဖရန့်လောက်ပဲ ကျန်တော့တယ်၊ ဒီအရက်ပုလင်းကိုတော့ ယူခဲ့မှဖြစ်မှာ၊ ကဲ. . . ခင်ဗျားရှေ့ကသွား၊ ကျွန်တော် မှန်အိမ်နဲ့ လိုက်ပြပေးမယ်၊ အဲဒါမှ ခင်ဗျား ဇက်ကြိုးပြီးမသေမှာ "

(၅)

သူတို့နှစ်ယောက် ဆူးရက်၏အိမ်နားသို့ ရောက်သွားချိန်တွင် နံနက်နှစ်နာရီထိုးလုနီးနေပေပြီ။ " ကျွန်တော်တို့ကြောင့် သူအိပ်ရာကနိုးသွားရင် ဘယ်နှယ့်လုပ်ကြမလဲ " ဟုဗင်းဆင့်ကမေးသည်။

" မနိုးပါဘူး၊ သူကတစ်ညလုံးပန်းခဲ့ဆွဲနေတာ။ . . နေ့ဖက်ကျတော့လဲ တစ်နေကုန်နီးပါးဆွဲနေတာပဲ၊ ဒီလူအိပ်တယ်လို့ ကျွန်တော်ကတော့ မထင်ဘူး၊ ဟော. . . ရောက်ပြီ၊ ဒါသူ့အိမ်ပဲ၊ အိမ်က သူ့အမေအိမ်ပေါ့။ သူ့အမေက တစ်ခါတုန်းက ကျွန်တော့်ကို ပြောဖူးတယ်၊ " အမေ့သားကျွေ့က ပန်းခဲ့ဆွဲချင်တာ၊ အဲဒီတော့ ဆွဲပစေပေါ့။ အမေတို့သားအမိအတွက် ငွေအလုံအလောက်ရှိနေတာပဲ၊ သူစိတ်ချမ်းသာတယ်ဆိုရင်. . . လုပ်ခွင့်ပေးရမှာပဲ " တဲ့။

"သူဟာသူ့အမေအတွက်တော့ တကယ့်စံပြသားတစ်ယောက်ပါပဲ. . . ဒီလူက အရက်မသောက်ဘူး၊ ဆေးလိပ်မသောက်ဘူး၊ ဆဲတာဆိုတာတွေ မလုပ်ဘူး၊ ညပိုင်းမှာ အပြင်ထွက်မလည်ဘူး၊ မိန်းမတွေနောက်မလိုက်ဘူး၊ ပန်းခဲ့ဆွဲဖို့ပစ္စည်းကိရိယာကလွဲပြီး တခြားဘာမှ မသုံးဘူး၊ သူ့မှာမကောင်းမှုဆိုလို့ တစ်ခုပဲရှိတယ်၊ အဲဒါ ပန်းခဲ့ဆွဲတာပဲ၊ ကျွန်တော်ကြားဖူးသလောက်တော့ သူ့မှာအပျော်မယားး တစ်ယောက်ရှိတယ်၊ သူနဲ့သားလေးတစ်ယောက်ရထားတယ်၊ ဒါပေမယ့် သူကတော့ အဲဒီအကြောင်းကို.လုံးဝမပြောဘူး "

" တစ်အိမ်လုံးမှောင်မဲနေတာပဲ " ဟုဗင်းဆင့်ကပြောသည်။ " သူတို့တစ်အိမ်လုံးနိုးမကုန်အောင် သူ့ကိုဘယ်လိုနှိုးကြမလဲ "

" ကျွေ့မှာ အထပ်ခိုးကလေးရှိတယ်. . . ဟိုဖက်ကသွားကြည့်ရင် မီးရောင်ကိုမြင်ရမယ်၊ ကျောက်စရစ်ခဲနဲ့ ပြတင်းပေါက်ကို လှမ်းပေါက်လိုက်ရင် သူသိတယ်၊ တတိယထပ်က ပြတင်းပေါက်ကို သွားထိလို့ကတော့ သူ့အမေကိုနှိုးတာနဲ့ အတူတူပဲ "

ကျော့ဆူးရက်သည် အောက်သို့ဆင်းလာပြီး တံခါးဖွင့်ပေးသည်။ လက်ညှိုးကိုသူ့နှုတ်ခမ်းခွံတင်ကာ အသံပလံမထွက်အောင် လုပ်ကြဖို့သတိပေးသည်။ သူသည် ဂေါ်ဂင်တို့အား အပေါ်ဘက် အထပ်ခိုးဆီသို့ ခေါ်သွားသည်။ လှေခါးမှာ သုံးထစ်မျှသာရှိ၏။ အားလုံးအထဲရောက်သွားကြသည့်အခါ သူသည် တံခါးကို အသာကလေးပြန်ပိတ်လိုက်သည်။

" ကျော့၊ ခင်ဗျားကို သီအိုရဲ့ အစ်ကို ဗင်းဆင့်ဗင်ဂိုးနဲ့ မိတ်ဆက်ပေး

ချင်တယ် " ဟုဂေါဂင်ကပြောသည်။ " သူက ပန်းချီကို ဒတ်ချ်ပန်းချီဆရာတစ်ယောက်ဆွဲသလိုဆွဲတာ၊ ဒါပေမယ့် . . . သူဟာ အလွန့်ကိုတော်တဲ့ လူတစ်ယောက်ပါ "

ဆူးရက်၏ အထပ်ခိုးသည် ကြီးမားကျယ်ဝန်းသည်။ နံရံပေါ်တွင် အပြီးမသတ်သေးသည့် ပန်းချီကားအများအပြားကို မြင်ရသည်။ လေးထောင့်ကျကျ စားပွဲကြီးတစ်လုံးပေါ်တွင်မူ ဆေးမခြောက်သေးသည့် ပန်းချီကားတစ်ချပ်တင်လျက်။

" အခုလို သိရတာ ဝမ်းသာပါတယ် မွန်စီယာ ဗင်ဂိုး၊ ကျွန်တော့်ကို ခဏတဖြုတ်တော့ ခွင့်လွှတ်ပါ။ ဆေးမခြောက်ခင် ဆွဲလက်စ ပန်းချီကို ဖြည့်စရာကလေးတွေ ဖြည့်ချင်လို့ပါ "

ဆူးရက်သည်ခွေးခြေခုံမြင့်ကြီးပေါ် သို့တက်ထိုင်ကာ သူ့ပန်းချီကားကို ငုံ့ကြည့်နေသည်။ ထို့နောက်သူသည် အသေးဆုံးစုတ်တံကိုယူ၍ ကင်းဗတ်ပေါ်တွင် အစက်များလျှောက်ချနေသည်။ သူသည် ငြိမ်သက်စွာ အလုပ်လုပ်နေခြင်းဖြစ်၍ သူ့အလုပ်မှတစ်ပါး အခြားဘာကိုမှ စိတ်ဝင်စားဟန်မရှိ။ သူအလုပ်လုပ်နေပုံသည် စက်ရုပ်တစ်ရုပ်လှုပ်ရှားနေပုံနှင့် တူလှချေသည်။

ဗင်းဆင့်သည် ဆူးရက်ပန်းချီဆွဲဟန်ကို တအံ့တသြဖြစ်ကာ ပါးစပ်အဟောင်းသားဖြင့် ငေးကြည့်နေသည်။ နောက်ဆုံးတွင် ဆူးရက်သည် ခုံမြင့်ပေါ်မှ ဘေးတစ်ဖက်သို့လှည့်ထိုင်လိုက်ပြီး " ကွက်လပ်ကလေးတွေတော့ ဖြည့်ပြီးသွားပြီ " ဟုပြောသည်။

" ဗင်းဆင့်ကိုကြည့်ခွင့်ပေးပါလား ဆူးရက် " ဟုဂေါဂင်ကလှမ်းပြောသည်။ " သူက နွားမတွေနဲ့ သိုးတွေကိုသာ ပန်းချီဆွဲလို့ရတဲ့နေရာကလာတာ၊ ခေတ်သစ်ပန်းချီပေါ်နေပြီဆိုတာကိုတောင် လွန်ခဲ့တဲ့ အပတ်ထဲကမှသိတာ "

" ဒီခုံပေါ်လာထိုင်ပြီးကြည့်ပါ မွန်စီယာ ဗင်ဂိုး "

ဗင်းဆင့်သည် ခုံမြင့်ကြီးပေါ် သို့တက်ထိုင်ကာ စားပွဲပေါ်၌ ဖြန့်ချထားသည့် ပန်းချီကားကိုကြည့်သည်။ အရင်ကပန်းချီကားထဲမှာရော လက်တွေ့ဘဝထဲ၌ပါတွေ့ဖူးမြင်ဖူးခဲ့သည့် အရာဟူ၍ တစ်ခုမှမပါရှိပေ။ ရှုခင်းမှာ ဂရင်းဒီးဂျက်တီကျွန်းကို ကိုယ်စားပြု၍ ရေးဆွဲထားခြင်းဖြစ်၏။ ပီသုကာ အတတ်ပညာ ဆန်ဆန် ရေးဆွဲထားသည့် လူသားများသည် ဂေါ့သစ်ပုံစံ ဘုရားရှိခိုးကျောင်းကြီးတစ်ကျောင်းထဲ၌ ဝါးလုံးများထောင်ထားသည့်နှယ် မတ်တပ်ရပ်နေ ကြသည်။ လူများကို ဆေးအရောင်ပေါင်း အမြောက်အများဖြင့် ရေးဆွဲဖော်ပြထား

ခြင်းဖြစ်လေသည်။ မြက်ခင်းပြင်၊ မြစ်ပြင်၊ လှေများနှင့် သစ်ပင်များကိုမူ အရောင်တောက်ပလွန်းသည့် အစက်အပြောက်အမြောက်အများချ၍ ဖော်ပြထားသည်။ ဖော်ပြထားပုံမှာ မထင်မရှား၊ မပြတ်မသားရှိရုံမျှမက နားလည်ရန်ခက်ခဲလောက်အောင် နက်ရှိုင်းလှ၏။ ပန်းချီကားတစ်ခုလုံးကို အတောက်ပဆုံးသော အရောင်များပေး၍ ခြယ်မှုန်းထားသည်။ မာနက်၊ ဒဂုတ်စ်နှင့် ဂေါဂင်တို့ပေးလေ့ရှိသော အရောင်များထက်တော့ ဖျော့သည်ကိုသူသတိထားမိ၏။

ရေးဆွဲထားသော ပုံသည် နားလည်ရခက်လောက်အောင် နက်နဲသည့် သဟဇာတဖြစ်မှုအတွင်းသို့ပို့ဆောင်ထားသည်။ အကယ်၍ဤကားသည် အသက်ဝင်သည်ဟုဆိုပါက သဘာဝကြောင့် အသက်ဝင်ခြင်းမဟုတ်။ ရေးဆွဲထားသည့်ဟန်သည် တောက်ပလွန်းသည့် သဘာဝအလင်းရောင်ဖြင့် အားဖြည့်မှုကိုအသားပေးထားသည်။ သို့သော်လည်း ဘယ်နေရာမှာမှ အသက်ရှင်မှုနှင့် တူသောအရာဟူ၍ မမြင်ရ။ ဤပုံသည် အသက်ဝင်လှုပ်ရှားနေသော ဘဝတစ်ခု၏ အေးချမ်းဆိတ်ငြိမ်သော ဘဝတစ်ခုကို ရောင်ပြန်ဟပ်ထားခြင်း ဖြစ်သည့် အားလျော်စွာ လှုပ်ရှားမှုသည် ထာဝစဉ်ကွယ်ပျောက်နေမည်သာ ဖြစ်လေသည်။

ဗင်းဆင့်၏ မျက်နှာထားဖြစ်နေပုံကိုကြည့်၍ ဂေါဂင်ကရယ်သည်။

" ကျော့ရဲ့ပန်းချီကားတွေကို ပထမဆုံးစပြီးမြင်ရတဲ့ လူတိုင်းဟာ အခု ခင်ဗျားဖြစ်သလိုဖြစ်သွားကြတာချည်းပဲ၊ ဘယ်လိုဖြစ်ဖြစ်ပေါ့လေ၊ အခုမြင်ရတော့ ခင်ဗျားဘယ်လိုထင်သလဲ " ဟုမေးသည်။

ဗင်းဆင့်သည် ဆူးရက်အား လှည့်ကြည့်သည်။ " ကျွန်တော့်ကိုခွင့်လွှတ်စေချင်တယ် မွန်စီယာ " ဟုပြောသည်။ " အခု ရက်အနည်းငယ်အတွင်းမှာ ထူးဆန်းတဲ့ အဖြစ်တွေနဲ့ချည်းရင်ဆိုင်နေရပါတယ်၊ ကျွန်တော်ဟာ ဒတ်ချ်ရွေးရိုးစဉ်လာ ပန်းချီဆွဲနည်းဆွဲဟန်တွေနဲ့ လေ့ကျင့်လာခဲ့ရတဲ့ လူပါ။ အင်ပရှင်းနစ္စတွေအနေနဲ့ ဘယ်လိုရပ်တည်ချက်နဲ့ ဆွဲနေတယ်ဆိုတာ ကျွန်တော်နားမလည်သေးပါဘူး၊ အခုကျတော့ ကျွန်တော်အရင်က လက်ခံယုံကြည်ထားသမျှ အားလုံးကို စွန့်ပစ်လိုက်ရတော့မလိုဖြစ်နေပါတယ် "

" ကျွန်တော် နားလည်ပါတယ် " ဟု ဆူးရက်က တည်ငြိမ်အေးဆေးစွာပြန်ပြောသည်။ " ကျွန်တော်က ပန်းချီပညာရပ်တစ်ခုလုံးရဲ့ အစဉ်အလာအားလုံးကို တော်လှန်ပြီး ရေးဆွဲထားတာပါ။ အဲဒီတော့ ခဏတဖြုတ်ကြည့်ရုံနဲ့ ခင်ဗျားနားလည်သဘောပေါက်လိမ့်မယ်လို့ မျှော်လင့်လို့ မရပါဘူး "

" ခင်ဗျားသိမှာပါ၊ ပန်းချီဆိုတာဟာ ဒီနေ့အချိန်ထိ လူတစ်ဦးချင်းစီရဲ့

အတွေ့အကြုံနဲ့ ဆိုင်တဲ့ ကိစ္စတစ်ရပ်ဖြစ်နေပါတယ်၊ ကျွန်တော့်ရည်မှန်းချက်က ပန်းချီ အတတ်ပညာကို ခက်ခဲနက်နဲတဲ့ သိပ္ပံပညာရပ်တစ်ခုအဖြစ်လုပ်ပစ်ချင်တာပါ။ ကျွန်တော်တို့အနေနဲ့ အာရုံခံစားမှုတွေကို ဘေးဖယ်ထားပြီး စိတ်ရဲ့ တိကျပြတ်သားတဲ့အမြင်ကို သခ်ၤာလို အတိအကျပြနိုင်တဲ့ အနေအထားကိုရောက်ဖို့ပဲ၊ လူသားတိုင်းရဲ့ အာရုံခံစားမှုတိုင်းကို နားလည်ဖို့ခက်ခဲတဲ့ အဖြစ်ရောက်အောင် အရောင် လိုင်းနဲ့ ဟန်ကိုအသုံးပြုပြီး ဖော်ပြနိုင်ဖို့ပဲ၊ ကျွန်တော်အရောင်နဲ့ ပြထားတာကို ခင်ဗျားအခုနက စားပွဲပေါ်မှာ မြင်လိုက်မယ်လို့ထင်ပါတယ် ”

“ ကျွန်တော် သတိထားလိုက်မိပါတယ် ”

“ ဒီခေတ်ဟာ သိပ္ပံခေတ်ပါ၊ ကျွန်တော်က ပန်းချီပညာကို သိပ္ပံပညာတစ်ရပ်အဖြစ်ဖန်တီးချင်တာပါ၊ ပန်းချီပညာကို ဗီသုကာပညာရပ်လို တိကျပြတ်သားပီပြင်စေချင်တယ်၊ ကျွန်တော်ပြောပြနေတာကို သဘောပေါက်ပါရဲ့လား မွန်စီယာဗင်ဂိုး ”

“ သိပ်သဘောမပေါက်သေးဘူး မွန်စီယာ ”

ဂေါဂင်က ဗင်းဆင့်အား တံတောင်ဖြင့်တွက်သည်။ “ ဒီမယ်... ဂျော့၊ ဒီဆွဲနည်းကို ခင်ဗျားက ခင်ဗျားရဲ့ နည်းလို့ ဇွတ်ပြောနေတယ်၊ အမှန်တော့ ခင်ဗျားကို မမွေးခင်ကတည်းက ပစ်ဆာရိုက လုပ်ခဲ့ပြီးသားပဲ ”

“ အဲဒါ လိမ်တာပဲ ”

ဆူးရက်၏ မျက်နှာသည် နီရဲနေသည်။ သူသည် ပြတင်းပေါက်ဆီသို့ လျှောက်သွားပြီးနောက် ချက်ခြင်းပြန်လှည့်လာပြီး ဒေါသတကြီးဖြစ်လာသည်။

“ ကျွန်တော် မလုပ်ခင်ကတည်းက ပစ်ဆာရိုက ဒီနည်းကိုလုပ်ခဲ့တယ်လို့ ဘယ်ကောင်ကပြောသလဲ၊ ကျွန်တော်ပြောလိုက်မယ်၊ ဒီနည်းဟာ ကျွန်တော့်နည်း၊ ဒီနည်းကို ပထမဦးဆုံး စဉ်းစားမိတာ ကျွန်တော်၊ ပစ်ဆာရိုက ကျွန်တော့်ဆီကယူတာ၊ ကျွန်တော့်ထက်အရင်စဉ်းစားမိတဲ့လူ ဘယ်သူမှမရှိခဲ့ဘူး၊ ခင်ဗျားက ဘာပြုလို့အခုလိုပြောရရတာလဲ... ဆိုစမ်းပါဦး ”

ဆူးရက်သည် နှုတ်ခမ်းကို ကိုက်ကာ သူ့စားပွဲဆီသို့ လျှောက်သွားပြီး ဗင်းဆင့်နှင့် ဂေါဂင်အား ကျောပေး၍ ရပ်နေသည်။ ဗင်းဆင့်သည်ရုတ်တရက် ပြောင်းလဲသွားသည့် အခြေအနေကို အံ့သြစွာဖြင့် ငေးကြည့်နေသည်။

“ ဟာဗျာ၊ ဂျော့ကလဲ ... ” ဟု ဂေါဂင်ကရေရွတ်ပြီး ဗင်းဆင့်ဘက်လှည့်၍ မျက်စိမှိတ်ပြသည်။ “ လူတိုင်းက ဒီနည်းဟာခင်ဗျားရဲ့ နည်းပါလို့ သိနေကြပြီပဲဟာ... ဘယ်သူတွေ ဘာပြောပြော ဂရုစိုက်စရာလား ”

စိတ်ပြေသွားပြီဖြစ်သော ဆူးရက်သည် စားပွဲအနီးသို့ ကပ်သွားသည်။ သူမျက်လုံးများထဲမှ ဒေါသအခိုးအငွေ့များသည်လည်း ဖြည်းဖြည်းချင်းလွင့်စင်သွားသည်။

" မွန်ဆီယာ ဆူးရက်ကို ကျွန်တော်တစ်ခုမေးချင်တယ် " ဟုဗင်းဆင့်ကပြောသည်။ " ပန်းချီပညာမှာ ပုဂ္ဂိုလ်တစ်ဦးချင်းရဲ့ ခံစားဖော်ပြမှုလိုအပ်တယ်လို့ဆိုထားတယ် မဟုတ်လား၊ ဒါဆိုရင် ကျွန်တော်တို့အနေနဲ့ ပန်းချီပညာကို ပုဂ္ဂိုလ်စွဲကင်းတဲ့ ဒါမှမဟုတ် ပုဂ္ဂလဓိဋ္ဌာန်မကျတဲ့ သိပ္ပံပညာရပ်တစ်ခုအဖြစ်ဘယ်လိုနည်းနဲ့ လုပ်ယူလို့ရမလဲ "

" ဒီမှာကြည့်၊ ကျွန်တော်ပြမယ် " ဟု ဆူးရက်ကပြောကာ စားပွဲပေါ်မှဆွဲပြီးသား ပန်းချီကားများထည့်ထားသည့် ဗူးတစ်ဗူးကိုလှမ်းယူပြီး ကြမ်းပေါ်၌ထိုင်ချလိုက်သည်။ မျက်နှာကြက်မှ မီးရောင်သည် မှုန်ဝါးဝါးဖြာကျလျက်ရှိ၏။ ညသည် တိတ်ဆိတ်ငြိမ်သက်နေသည်။ ဗင်းဆင့်သည် ဆူးရက်၏ဘေးတွင်ဒူးထောက်၍ထိုင်သည်။ ဂေါဂင်က အခြားတစ်ဖက်တွင်ဝင်၍ တင်ပလ္လင်ခွေထိုင်သည်။ ဆူးရက်သည် စိတ်အလွန်လှုပ်ရှားနေသဖြင့် စကားကို စပြောသည်။

" ကျွန်တော့်အယူအဆကတော့ ပန်းချီဆွဲမှုအတတ်ပညာထဲမှာ ရှိနေတဲ့အကျိုးသက်ရောက်မှုအားလုံးကို တိကျပြတ်သားတဲ့ ပုံစံစနစ်ဖြစ်သွားအောင် လျှော့ပေးလို့ရနိုင်တယ်လို့ ထင်တယ်. . . ဥပမာ ကျွန်တော့်အနေနဲ့ ဆပ်ကပ်ပြပွဲတစ်ခုကို ဆွဲချင်တယ် ဆိုပါစို့. . . ဟောဒီမှာ ကုန်းနှီးမပါတဲ့ မြင်းပေါ်ကမြင်းစီးသမား. . . ဒီမှာက လေ့ကျင့်ပေးတဲ့ဆရာ၊ ဒီမှာက ပြကွင်းနဲ့ ပွဲကြည့်ပရိတ်သတ် . . . ။

" ကျွန်တော်က ရွှင်မြူးမှုကိုဖော်ပြချင်တယ် ဆိုပါတော့၊ အဲဒီမှာ စဉ်းစားရမှာက ပန်းချီရေးဆွဲမှုအတတ်ပညာရဲ့ အဂ်ါရပ်သုံးခုဟာ ဘာတွေလဲ၊ 'လိုင်း' လို့ခေါ်နေတဲ့ မျဉ်းရယ်၊ 'တုန်း' လို့ခေါ်နေကြတဲ့ အရောင်အသွေးနဲ့ အလင်းရောင်ရယ်၊ 'ကာလာ' လို့ခေါ်နေကြတဲ့ ဆေးရောင်ရယ်. . . အဲဒီသုံးမျိုးရှိတယ် မဟုတ်လား . . . ။

" ကဲ. . . ကောင်းပြီ၊ ရွှင်မြူးမှုဆိုတာကိုပြဖို့အတွက် ကျွန်တော့်ရဲ့လိုင်းအားလုံးကို အလျားလိုက်တင်လိုက်တယ်၊ တောက်ပတဲ့ အရောင်တွေကိုလွှမ်းမိုးကြီးစိုးသွားအောင် အသားပေးလိုက်တယ်၊ ကျွန်တော့်ရဲ့ 'တုန်း' (အရောင်အသွေးနဲ့ အလင်းရောင်) ကိုလဲ အပူဒဏ်ကို ပိုပြီးပေးထားလိုက်တယ်၊ ဒီမှာတွေ့လား. . . ရွှင်မြူးမှုသဘောဟာ ပေါ်လွင်ထင်ရှားမနေဖူးလား "

" ဒီနေရာမှာ ရွှင်မြူးမှုရဲ့ သဘောသဘာဝကိုတော့ရကောင်းရမှာပေါ့။ ဒါပေမယ့် ရွှင်မြူးမှုကိုတော့ မိမိရရဖမ်းလို့မမိတော့ဘူးထင်တယ် " ဟုဗင်းဆင့် ကထင်မြင်ချက်ပေးသည်။

ဆူးရက်က ဗင်းဆင့်အားမော့ကြည့်သည်။ ဆူးရက်၏ မျက်နှာသည်အမှောင်ရိပ်ထဲ၌ ရောက်နေသည်။ " တော်တော့်ကို ချောတဲ့လူပါကလား" ဟု ဗင်းဆင့်မတွေးမိပဲ မနေနိုင်။

" ကျွန်တော်ကရွှင်မြူးမှုရဲ့နောက်ကို လိုက်နေတာ မဟုတ်ဘူး၊ ရွှင်မြူးမှုရဲ့ အနှစ်သာရနောက်ကို လိုက်နေတာ. . . မိတ်ဆွေကြီးက ပလေတိုနဲ့ မနီးစပ်ခဲ့ဖူးဘူးလား "

" နီးစပ်ခဲ့ဖူးပါတယ် "

" ဒါဆိုရင် ရှင်းပါတယ်၊ ပန်းချီဆရာတွေကို ပုံတူဆွဲနည်းသင်ကြားပေးတာဟာ အရာဝတ္ထုရဲ့ပုံကိုဆွဲဖို့ မဟုတ်ပါဘူး။ အရာဝတ္ထုရဲ့ အနှစ်သာရကိုဆွဲတတ်အောင်သင်ကြားကြရတာပါ၊ ပန်းချီဆရာဟာ မြင်းတစ်ကောင်ပုံကို ဆွဲတဲ့အခါမှာ လမ်းထဲမှာသူတွေ့ရင်မှတ်မိနိုင်တဲ့ တစ်ကောင်တည်းသော မြင်းပုံမဖြစ်သင့်ပါဘူး၊ ဒါမျိုးတွေကို ကင်မရာတွေက ဓာတ်ပုံတွေရိုက်ပြီးပြနိုင်နေတာပဲ၊ ကျွန်တော်တို့က ကင်မရာစွမ်းဆောင်နိုင်မှုရဲ့ တစ်ဖက်ကိုရောက်အောင်တော့သွားရမှာပေါ့ ။

" အဲဒီတော့ ကျွန်တော်တို့ မြင်းတစ်ကောင်ပုံဆွဲတဲ့အခါမှာ. . . ကျွန်တော်တို့မိအောင် ဖမ်းရမှာက ပလေတိုပြောခဲ့တဲ့ **'မြင်းဖြစ်ခြင်း'** ကို ဖမ်းရမှာ၊ မြင်းတစ်ကောင်ရဲ့ ပြင်ပနာမ်အသွင်သဏ္ဌာန်ကိုသာ ဖမ်းရမှာ၊ ကျွန်တော်တို့လူပုံကိုဆွဲတဲ့အခါမှာလဲ နှာခေါင်းထိပ်မှာ မဲ့ရှိတဲ့ **တံခါးစောင့်လူ** မဖြစ်သင့်ပါဘူး၊ လူတွေအားလုံးရဲ့ အနှစ်သာရနဲ့ လူဖြစ်ခြင်းကိုသာ မိအောင်ဆွဲရမှာပါ။ ကျွန်တော်ပြောတာနားလည်တယ် မဟုတ်လား . . . မွန်စီယာ "

" နားလည်ပါတယ် " ဟုဗင်းဆင့်ကပြန်ပြောသည်။ " ဒါပေမယ့် ကျွန်တော်သဘောမတူဘူး "

" နောက်ပိုင်းကျရင် ကျွန်တော်တို့ကြားမှာ သဘောတူညီမှုရလာမှာပါ" ဆူးရက်သည် ထိုင်ရာမှထသည်။ " အခုကျွန်တော်တို့ ငြိမ်သက်ခြင်းအကြောင်းကို ဆက်ပြောကြရအောင် " ဟုပြောသည်။ " ကျွန်တော် အခုဂရင်ဒီးဂျက်တီကျွန်း ရှုခင်းကို ဆွဲနေတယ်၊ ကျွန်တော့်လိုင်းအားလုံးကို အလျားလိုက်ပဲထားတယ်၊ 'တုန်း'အတွက်တော့ ကျွန်တော်က အပူနဲ့အအေးကြားမှာ မျှတအောင်

ယူထားတယ်၊ အရောင်အတွက်တော့ အမှောင်နဲ့အလင်းကြားမှာ မျှတနေအောင် လုပ်ပေးထားတယ်၊ ခင်ဗျားတို့ မြင်တယ်မဟုတ်လား ”

“ ခင်ဗျားပြောစရာရှိတာသာ ဆက်ပြောစမ်းပါ ” ဟု ဂေါဂင်ကပြောသည်၊ “ မဟုတ်ကဟုတ်ကတွေ မေးမနေစမ်းပါနဲ့ ”

“ နောက်တစ်ခုက ဝမ်းနည်းကြေကွဲခြင်းအကြောင်း ပြောကြရအောင်၊ ကျွန်တော်တို့ရဲ့ လိုင်းအားလုံးကို ဟောသည်လို အဆင်းဖက်ကိုချည်းအသားပေးဆွဲထားတယ်၊ အေးမြတဲ့ တုန်းတွေကို လွှမ်းမိုးအောင် ဆွဲထားတယ်၊ အမဲရောင်တွေ ကြီးစိုးနေအောင် လုပ်ထားတယ်၊ ဒါဟာ ဝမ်းနည်းကြေကွဲခြင်းရဲ့ အနှစ်သာရပဲ၊ အဲဒါကို ကလေးတစ်ယောက်တောင်ဆွဲနိုင်တယ်။

“ ကင်းဗတ်တစ်ချပ်ပေါ်က ကွက်လပ်ထဲမှာ အရောင်အသွေးကို မျှမျှတတခွဲဝေချပေးနိုင်မယ့် သခ်ၤာနည်းဆန်ဆန် ပုံသေနည်းစံနစ်ကို စာအုပ်သေးသေးထဲမှာ ထည့်ပြနိုင်တယ်၊ ကျွန်တော်လုပ်ကြည့်ခဲ့ပြီးပြီ၊ ပန်းချီသမားက အဲဒီစာအုပ်ကိုဖတ်ဖို့ပဲလိုတယ်၊ ဖတ်ပြီးရင် ဆေးဆိုင်သွား၊ လိုအပ်တဲ့ ပန်းချီဆေးတွေဝယ်၊ စည်းကမ်းအတိုင်း လိုက်နာပြီးဆွဲ ဒါပဲ၊ သူဟာ သိပ္ပံနည်းကျကျနဲ့ ပြည့်ပြည့်ဝဝ ပန်းချီဆွဲတတ်တဲ့ ပန်းချီဆရာတစ်ယောက်ဖြစ်သွားမယ်။ သူ့အနေနဲ့ နေရောင် အောက်မှာပဲဖြစ်ဖြစ်၊ မီးရောင်အောက်မှာပဲဖြစ်ဖြစ် သူဆွဲနိုင်မယ်၊ ဘုန်းကြီးပဲဖြစ်ဖြစ် လူဆိုးပဲဖြစ်ဖြစ်၊ ခုနှစ်နှစ်သားပဲ ဖြစ်ဖြစ်၊ အသက်ခုနှစ်ဆယ် အရွယ် အဖိုးအိုပဲဖြစ်ဖြစ် ဆွဲလို့ရမယ် ”

ဗင်းဆင့်က မျက်တောင်များကို ပုတ်ခတ် ပုတ်ခတ်လုပ်နေသည်။ ဂေါဂင်က ဗင်းဆင့်အားကြည့်ပြီး တဟားဟား အော်ရယ်သည်။

“ သူက ခင်ဗျားကိုရူးသွားပြီလို့ ထင်သွားပြီဂျော့ ”

“ ဟုတ်သလား မွန်စီယာ ဗင်းဆင့် ” ဟု ဆူးရက်က မေးသည်။

“ ဟာ. . . မဟုတ်ပါဘူး ” ဟု ဗင်းဆင့်က ကပြာကရာပြန်ပြောသည်။ “ ကျွန်တော်ကိုယ်တိုင်လဲ အရူးလို့အခေါ်ခံရတဲ့ အကြိမ်ပေါင်းဟာ အများကြီးပါ၊ ဒါပေမယ့်. . . ၊ ကျွန်တော် ဒီကိစ္စမှာ တစ်ခုတော့ ဝန်ခံရတော့မှာပဲ၊ ခင်ဗျားရဲ့ စိတ်ကူးတွေက တစ်မျိုးပဲ၊ အလွန်ကို ထူးဆန်းနေတယ် ”

“ အဲဒီစကားဟာ ခင်ဗျားကိုသူအရူးလို့ ထင်နေကြောင်းဖော်ပြတာပေါ့ဗျာ ” ဟုဂေါဂင်ကဝင်ပြောသည်။

ထိုအခိုက်မှာပင် အပြင်မှတံခါးခေါက်သံကြားရသည်။ “ ဘုရား. . . ၊ ဘုရား ” ဟုဂေါဂင်ကရေရွတ်သည်။ “ ကျွန်တော်တို့စကားများနေကြလို့ ခင်ဗျား

အမေနိုးသွားပြန်ပြီ၊ ကျွန်တော့်ကို အဖွားကြီးကပြောထားတယ်၊ ည. . . ည မလာနဲ့တဲ့၊ လာရင်အတီးခံရမယ်တဲ့ ”

ဆူးရက်၏အမေ အခန်းထဲရောက်လာသည်။ သူသည် ညဝတ်အကျီကြီးဝတ်ထားသည်။ “ ကျွန်တော်တစ်ညလုံး အလုပ်မလုပ်တော့ပါဘူးလို့ အမေ့ကိုကတိပေးထားတယ် မဟုတ်လား ဂျော့၊ အင်း. . . မင်းကလဲတစ်မျှောင့်ပါပဲလား ပေါလ်ရယ်၊ မင်းအခန်းခကို မင်းမှန်မှန်ပေးထားတယ် မဟုတ်လား၊ ဒါဆိုရင် ညပိုင်းအိပ်စရာနေရာရှိမှာပေါ့” ဟုမြည်တွန်တောက်တီးပြုသည်။

“ အမေဆူးရက်ကလဲဗျာ၊ ကျွန်တော့်ကို ဒီမှာလက်ခံလိုက်ရင် ကျွန်တော် အခန်းခကုန်စရာမလိုတော့ဘူးပေါ့ ”

“ ကျေးဇူးတင်ပါတယ်ကွယ်၊ မိသားစုတစ်စုမှာ ပန်းချီဆရာ တစ်ယောက်ဆိုရင် လုံလောက်ပါပြီ၊ က. . . ဒီမှာ အမေ မင်းတို့ဖို့ ကော်ဖီနဲ့ မုန့်ယူလာတယ်၊ လူဆိုတာ အလုပ်လုပ်ရင်အစားစားရမယ်၊ ဒီပုံအတိုင်းဆိုရင် ငါအောက်ထပ်ပြန်ဆင်းပြီး မင်းအတွက် အရက်ယူပေးရဦးမှာလား. . . ပေါ်လ်ရေ၊ ဂင် ”

“အမေဆူးရက်သောက်လို့ တစ်ပုလင်းတော့ မကုန်သေးဘူး မဟုတ်လား”

“ မင်းတော့ နာတော့မယ် ”

ဗင်းဆင့်သည် အမှောင်ရိပ်တွင် ခိုနေရာမှ ထွက်လာသည်။

“ အမေ. . . ဒီဟာ ကျွန်တော့်မိတ်ဆွေသစ် ဗင်းဆင့်ဗင်ဂိုးပါ ”

အမေဆူးရက်သည် ဗင်းဆင့်၏ လက်ကိုဆွဲ၍နှုတ်ဆက်သည်။ “အမှေသားရဲ့ သူငယ်ချင်းမှန်သမျှကို အမေကကြိုဆိုပါတယ်၊ မင်းကော ဘာသောက်မလဲ ”

“ အမှေ့မှာ တာဝန်မကြီးဘူးဆိုရင် ဂျော်ဂင်သောက်တဲ့ အရက်မျိုးတစ်ခွက်လောက်သောက်ချင်ပါတယ် ”

“ ဟာ မဖြစ်ဘူး၊ အဲဒါမသောက်နဲ့ ” ဟုဂျော်ဂင်ကပြောသည်။ “ အမေဆူးရက်က ကျွန်တော့်အတွက် ရာရှင်ခွဲတန်းစံနစ်နဲ့ သိမ်းထားတာ၊ တစ်လမှ တစ်လုံးရတာ၊ ခင်ဗျားတခြားဟာ တစ်ခုသောက်၊ ခင်ဗျားက အရက်ရဲ့အရသာကိုသိတဲ့လူမဟုတ်ဘူး ”

သူတို့သုံးယောက်သည် အမေဆူးရက်နှင့် နံနက် အရုဏ်လာသည် အထိ စကားထိုင်ပြောနေကြသည်။ အရုဏ်ဦးအလင်းရောင်သည် မြောက်ဖက်

ပြတင်းပေါက်မှဝင်လာသည်။ အမေ ဆူးရက်သည် ထိုင်နေရာမှထသည်။

" အဝတ်အစားလဲဦးမှ " ဟုပြောသည်။ " တစ်ညလောက်တော့ ကျွန်တော့်အတူ ညစာလာစားပါဦး မွန်စီယာဗင်းဆင့်၊ မင်းကိုညစာကျွေးရရင် တို့သားအမိ ပျော်ကြမှာပါ "

အခန်းတံခါးဝအရောက်တွင် ဆူးရက်က " ကျွန်တော့်နည်းကို ကျွန်တော်ရှင်းပြတာဟာ အကြမ်းဖျင်းပဲ၊ မွန်စီယာဗင်းဆင့် " ဟုပြောသည်။ " ရုတ်တရက်တော့ ဘဝင်မကျမှာ စိုးတယ်၊ ခင်ဗျားကျွန်တော့်ဆီကို မကြာမကြာလာလည်ပါ၊ အတူတွဲပြီး အလုပ်လုပ်ကြတာပေါ့၊ တကယ်လို့ ကျွန်တော့်နည်းကို ခင်ဗျားနားလည်လာရင် ပန်းချီပညာဟာ တပြေးတညီတည်း တသမတ်တည်း မဟုတ်ဘူးဆိုတဲ့ အချက်ကို မြင်လာမှာပါ၊ ကဲ... သွားပေတော့၊ တစ်ရေးမအိပ်ခင် ပန်းချီကားရဲ့ လက်ကျန်အပိုင်းကလေးကို ဆက်ဆွဲလိုက်ဦးမယ်၊ ခင်ဗျားညီကို ကျွန်တော်က နှုတ်ဆက်လိုက်တယ်လို့ ပြောလိုက်ပါ "

ဗင်းဆင့်နှင့် ဂေါဂင်သည် လူသူကင်းမဲ့နေသော ကျောက်လမ်းတလျှောက် လျှောက်လာကြပြီး တောင်ကုန်းထက်သို့ တက်လာကြသည်။ ပါရီမြို့သည် အိပ်ရာမှမနိုးသေး၊ အိမ်မျှားနှင့် စတိုးဆိုင်မျှားမှ ခန်းဆီးမျှားသည် ပိတ်ထားကြဆဲ။

" ကျွန်တော်တို့ ဘတ်တီထိပ်အထိတက်ပြီး နေမင်းက ပါရီကို အိပ်ရာကနှိုးနေတာ ကြည့်ကြရအောင် " ဟု ဂေါဂင်ကပြောသည်။

"ကျွန်တော်လဲ ကြည့်ချင်ပါတယ်"

သူတို့သည် မွန်မာထရီတောင်ထိပ်သို့ တက်လာခဲ့ကြသည်။ အိမ်မျှားသည်အပေါ် ဘက်ရောက်လေကျဲလာလေ၊ အိမ်ခြေမှာလည်း နည်းလာသည်။ ဤဖက်အရောက်တွင် ပွင့်ဖူးနေကြသော ပန်းခင်းမျှားနှင့် သစ်ပင်ကြီးမျှားကို တွေ့မြင်လာရသည်။ သူတို့နှစ်ယောက်သည် လီပစ်လမ်းအရောက်တွင် ရပ်လိုက်ကြသည်။

" ကျွန်တော့်ကို ပွင့်ပွင့်လင်းလင်း ပြောစေချင်တယ် ဂေါဂင် " ဟု ဗင်းဆင့်ကပြောသည်။ " ခင်ဗျားဆူးရက်ကို ဘယ်လိုမြင်သလဲ "

" အင်း... ကျွန်တော့်အကြောင်းကို ခင်ဗျားမေးလိမ့်မယ်လို့ တွက်ထားပြီးသားပါ၊ သူဟာ ဒီလာကရွှိုက်စ်ရဲ့နောက်မှာ တခြားပန်းချီဆရာတွေထက် အရောင်ကိုပိုပြီးသိတဲ့လူပဲ၊ ပန်းချီပညာနဲ့ ပတ်သက်လို့သူ့မှာ အသိဉာဏ်နဲ့ ယှဉ်တဲ့သဘောတရားတွေရှိနေတဲ့လူပဲ၊ အဲဒီအချက်ဟာ မှားတာပဲ။ ပန်းချီဆရာတွေ

ဟာ သူတို့ ဘာတွေလုပ်နေတယ်ဆိုတာကို မတွေးသင့်ဘူး၊ သဘောတရားတွေကို ဝေဖန်သူတွေရဲ့လက်မှာ အပ်ထားသင့်တယ်၊ ကျွဲဟာ အရောင်နဲ့ပတ်သက်လို့ တိကျ ပြတ်သားပြီးထူးခြားတဲ့အရာတစ်ခု ပေးသွားလိမ့်မယ်လို့ မျှော်လင့်နိုင်ပါတယ်၊ ဒါပေမယ့် ခက်နေတာက သူ့အယူအဆကို တင်ပြမှုပဲ၊ ဒါကတော့ ခင်ဗျားကိုယ်တိုင် အမြင်အကြားပဲလေ ”

တက်လာခဲ့ကြရသည်မှာ အမောတကောရှိလှ၏။ သို့သော်လည်း သူတို့ တောင်ထိပ်ရောက်၍ ပါရီမြို့တစ်မြို့လုံးကို အပေါ်စီးမှမြင်လိုက်ရသည့်အခါ အမောပြေသွားကြသည်။ ပါရီသည် သူတို့မျက်စိများအောက်တွင် အပြောကျယ်စွာဖြန့်ခင်းထားသည်။ အနက်ရောင်အိမ်ခေါင်မိုးများနှင့် ဘုရားရှိခိုးကျောင်းများ၏ စုလစ်မွန်းခွန်အထွတ်များသည် မြူများကြားမှ ထိုးထွက်လာနေကြပြီ။ စိန့်မြစ်သည် ကွေ့ကောက်စီးဆင်းကာ မြို့တော်ပါရီအား အလယ်တည့်တည့်မှနေ၍ နှစ်ပိုင်းပိုင်းထားသည်။

အိမ်များသည် မွန်မာထရီတောင်စောင်းတစ်လျှောက် စီတန်းကာစိန့်တောင်ကြားဆီသို့ ရောက်သွားသည်၊ နေရောင်သည် ကြည်လင်တောက်ပသောရောင်ခြည်ဖြင့် မြို့တော်အားလွှမ်းခြုံစပြုလာပြီ။ မြို့တော်၏ အခြားတစ်ဖက်တွင် မူအမှောင်ရိပ်သည် ဝိုးတိုးဝါးတားဖုံးလွှမ်းနေဆဲ။ မြို့တော်၏ အထူးခြားဆုံးနှင့် အထင်ရှားဆုံး မှတ်တိုင်ကြီးသုံးခု ဖြစ်သည့် မြို့လယ်မှ အော်ပရာအဆောက်အဦးကြီး၊ အရှေ့ဖက်မှ နော်ထရီဒိန်းဘုရားရှိခိုးကျောင်းကြီးနှင့် အနောက်ခြမ်းမှ အတ်ဒီထရိုင်ယွန်ပီ အဆောက်အဦးကြီးတို့သည် အရောင်မျိုးစုံခြယ်မှုန်းထားသည့်ကျောက်တောင်ကြီးများသဖွယ် မားမားရပ်ကာ ကောင်းကင်ဆီသို့ ထိုးတက်လျက်ရှိကြလေသည်။

(၆)

ငြိမ်းအေးသာယာမှုသည် လာဗယ်လ်လမ်းရှိ အခန်းကျဉ်းကလေးထက်သို့ လွှမ်းခြုံထားသည်။ ဤအေးချမ်းသာယာမှုအတွက် သီအိုသည် သူ့ကံကို ကျေးဇူးတင်မိ၏။ သို့တစေလည်း ယင်းငြိမ်းချမ်းသာယာမှုသည် ကြာရှည်မတည်တံ့ခဲ့ချေ။ ဗင်းဆင့်သည် သူ့နည်းသူ့ဟန်နှင့် သူ့ပန်းချီကားများကို ဆွဲမည့်အစား သူမိတ်ဆွေသစ်များ၏ ဟန်များကိုသာ အတုခိုး၍ ဆွဲနေခဲ့သည်။ သူသည်

အင်ပရက်ရှင်းနစ္စတစ်ယောက်ဖြစ်လိုသော ဆန္ဒ ပြင်းထန်ကြီးမားလွန်းသဖြင့် ပန်းချီနှင့် ပတ်သက်၍ သူယခင်က သိခဲ့သမျှအရာရာတိုင်းကို မေ့သွားသည်။ သူရေးဆွဲသမျှ ပန်းချီကားများသည်လည်း ဆူးရက်၊ တူလော့်ဆီ လော့်ထ်ရက်နှင့် ဂေါ်ဂင်တို့၏ ပန်းချီကားများကို အတုခိုး၍ရေးဆွဲထားသော ကားများသာ ဖြစ်နေသည်။ သူအနေဖြင့် သူကိုယ်သူ များစွာတိုးတက်မှုရှိနေပြီဟုလည်း ထင်မြင်ယူဆလျက် ရှိလေသည်။

" ကျွန်တော်ပြောတာကို နားထောင်ပါဦး ဗင်းဆင့်ရယ် " ဟု တစ်ည တွင်သီအိုကပြောသည်။ " ခင်ဗျားနာမည် ဘယ်သူလဲ "

" ဗင်းဆင့်ဗင်ဂိုး "

" ခင်ဗျားအနေနဲ့ ခင်ဗျားကိုယ်ခင်ဗျား ဂျော့ဆူးရက်မဟုတ်ဘူး၊ ပေါလ်ဂေါ်ဂင် မဟုတ်ဘူးဆိုတာတော့ အသေအချာသိနေသားပဲ "

" မင်းက ဘာဦးတည်ချက်နဲ့ အဲဒီစကားကိုပြောနေတာလဲ သီအို "

" ခင်ဗျားအနေနဲ့ ခင်ဗျားကိုယ်ခင်ဗျား ဂျော့ဆူးရက် ဖြစ်လာနိုင်တယ် လို့ထင်ထားသလား၊ လော့်ထ်ရက်နှစ်ယောက်မရှိနိုင်ဘူးဆိုတာကိုရော ခင်ဗျား နားလည်ပြီးသား မဟုတ်လား၊ ဂေါ်ဂင်ဆိုတာ တစ်ချိန်ထဲမှာ တစ်ယောက်တည်း ရှိနိုင်တယ်ဆိုတာကိုရော သဘောပေါက်တယ်မဟုတ်လား. . . တကယ်တော့ သူတို့ကိုအတုခိုးဖို့ ကြိုးစားနေတာဟာ ခင်ဗျားရဲ့ မိုက်မဲမှုပဲ"

" ငါ သူတို့ကိုအတုမခိုးဘူး၊ သူတို့ဆီက သင်နေတာ "

" မဟုတ်ပါဘူး၊ ခင်ဗျားအတုခိုးနေတာပါ၊ ခင်ဗျားအခုမှဆွဲထားတဲ့ ပန်းချီ ကားတွေကိုပြပါ၊ မြင်ရုံနဲ့ ဘယ်သူ့ကိုအတုခိုးထားတယ်ဆိုတာ ကျွန်တော် ပြောနိုင်တယ် "

" မဟုတ်ပါဘူးကွာ၊ ငါအတော်ကြီးကိုတိုးတက်လာနေတာပါ သီအိုရယ်၊ ဟောဒီကားတွေကြည့်စမ်း "

" ခင်ဗျားဟာ အတော်ကြီးကို ဆုတ်ယုတ်နေတယ်၊ ကျဆင်းနေတယ် ဗင်းဆင့်၊ ပုံတိုင်းကို ဗင်းဆင့်ဗင်ဂိုးအနေနဲ့ ဆွဲထားတာတစ်ကားမှ မရှိတော့ဘူး၊ ခင်ဗျားမှာ သစ္စာစောင့်သိတဲ့လမ်းဆိုတာ လုံးဝမရှိတော့ဘူး၊ တခြားလူတွေရဲ့ လက်ရာတွေကို လိုက်ပြီးအတုခိုးဆွဲရလောက်အောင် အားနည်းရသလား. . . ဗင်းဆင့်ရယ် "

" ဒီမှာ သီအို၊ ဒီကားတွေဟာ ကောင်းပါတယ်ကွာ "

" ကျွန်တော်ကတော့ အညံ့ဖျင်းဆုံးကားတွေလို့ ပြောတယ်ဗျာ "

စစ်ပွဲသည် ဆက်လက်ဖြစ်ပွားလျက်ရှိသည်။

ညစဉ်ညတိုင်း သီအိုသည် ပန်းချီအရောင်းဆိုင်မှ စိတ်မောလူမောဖြစ်ကာပြန်ရောက်လာလေ့ရှိ၏။ သူအပြန်ကို တမျှော်မျှော်ဖြစ်နေသော ဗင်းဆင့်အား ပန်းချီကားသစ်များနှင့်အတူတွေ့ရသည်။ သူကိုမြင်လိုက်သည်နှင့် တပြိုက်နက်ဗင်းဆင့်သည် ဝုန်းခနဲ ထလာသည်။ သီအိုအား ဦးထုပ်နှင့် ကုတ်အင်္ကျီကိုပင် ချွတ်ခွင့်မပေး။

" ဒီမှာတွေ့လား ဒီကားကို ကြည့်စမ်းပါဦး၊ မင်းဘယ်လိုမြင်သလဲ၊ ကောင်းတယ် မဟုတ်လား၊ နေရောင်ခြည်အလင်းပေးထားပုံကို အသေအချာကြည့်၊ ဘယ်လိုသဘောရသလဲ "

သီအိုတွင် ရွေးစရာလမ်းနှစ်လမ်းရှိသည်။ ပထမလမ်းမှာ သူ့အစ်ကို အကြိုက်လိုက်၍ လိမ်ညာပြောပြီး တစ်ညတာမျှ စိတ်အေးချမ်းစွာ နေထိုင်နိုင်မည့်လမ်းဖြစ်သည်။ ဒုတိယလမ်းမှာ အမှန်ကို အမှန်အတိုင်းပြောပြပြီး နံနက်အရုဏ်လာချိန်အထိ ညီအစ်ကိုနှစ်ယောက် ငြင်းခုံနေရမည့်လမ်းဖြစ်သည်။ သီအိုသည် ကိုယ်ရောစိတ်ပါ ပင်ပန်းနွမ်းနယ်နေသဖြင့် အမှန်ကိုပြောရန်ဝန်လေးလျက်ရှိသည်။ သို့သော်လည်း သူမတတ်နိုင်၊ အမှန်အတိုင်းသာပြောသည်။

" ခင်ဗျားသိတယ် မဟုတ်လား ဗင်းဆင့်၊ ပန်းချီဆရာမာနက်ကို အတုခိုးပြီးဆွဲနေကြတဲ့ ပန်းချီဆရာတွေဟာ ပါရီမြို့ပေါ်မှာ ငါးထောင်လောက်ရှိတယ်၊ အဲဒီလူတွေရဲ့လက်ရာက ခင်ဗျားလက်ရာထက် အများကြီးပိုကောင်းတယ်"

စစ်မြေပြင်သည် သူတို့နှစ်ယောက် အသက်ရှင်ရေးအတွက် ကျဉ်းမြောင်းလွန်းလှချေသည်။ ချက်ခြင်းပင် ဗင်းဆင့်သည် ပန်းချီတစ်ကားကို ထုတ်ပြပြန်သည်။ ယင်းကားထဲတွင် အားလုံးသော အင်ပရက်ရှင်းနစ်ပန်းချီဆရာများအားအတုခိုး၍ ဆွဲထားသည့် လက်ရာများပါသည်။

" ဝမ်းမြောက်စရာကြီးပါပဲ ခင်ဗျား " ဟု သီအိုက မလိုတမာသံဖြင့်ရေရွတ်သည်။ " ကျွန်တော်တို့ ဒီကားကို 'အဟောင်းများ ပြန်လည်ဆန်းသစ်ခြင်း' လို့အမည်ပေးကြတာပေါ့နော်. . . ဟုတ်လား၊ ပန်းချီကားထဲက အရာတိုင်းကိုလဲ အမှတ်တံဆိပ်တွေ အမျိုးမျိုးကပ်ပေးလို့ရပါတယ်၊ သစ်ပင်ကို ' ဂေါ်ဂင်အစစ်' လို့တပ်၊ ဟိုထောင့်ထဲက အမျိုးသမီးကို 'တူလော်ဆီ လော့ထ်ရက်' လို့ တပ်၊ ဟိုစမ်းချောင်းပေါ်မှာ ဖြာကျနေတဲ့ နေရောင်ခြည်ကိုတော့ 'စစ္စလီ'လို့တပ်၊ အရောင်ကိုတော့ 'မိုနက်' လို့တပ်၊ သစ်ရွက်တွေကျတော့ 'ပစ်ဆာရို'လို့တပ်တာပေါ့၊ လေထုကျတော့ 'ဆူးရက်' ပေါ့၊ ဘယ်နှယ်လဲ. . . မကောင်းဘူးလား"

တိုက်ပွဲတွင် ဗင်းဆင့်သည် နာကျည်းခါးသီးသောစိတ်ဖြင့် အပြင်းအထန်တိုက်ခိုက်သည်။ တစ်နေ့လုံး သူသည် ပင်ပန်းကြီးစွာအလုပ်လုပ်သည်။ ညရောက်၍ သီအိုပြန်လာသည့်အခါ သူသည် ကလေးငယ်တစ်ယောက်သဖွယ် အဆုံးမ ခံရသည်။ သီအိုသည် ဗင်းဆင့်ရောက်လာကတည်းက ဧည့်ခန်းထဲတွင် အိပ်နေရသည်။ ထို့ကြောင့် ညဘက်ကျလျှင် ဗင်းဆင့်သည် ပန်းချီမဆွဲနိုင်။

ဗင်းဆင့်သည် သီအိုနှင့် ရန်ဖြစ်ရသည့်အတွက် များစွာစိတ်အနှောင့်အယှက်ဖြစ်ရ၏။ ညစဉ်လိုလို စိတ်လှုပ်ရှားနေရသည်ကများ၏။ ကောင်းကောင်းအိပ်ရသည်မရှိ။ သူသည် သူ့ညီသီအိုနှင့် နာရီပေါင်းများစွာ အော်ကြီးဟစ်ကျယ်ငြင်းခုံကာ ရန်ပွဲခင်းလေ့ရှိသည်။ သီအိုကလည်း အနိုင်မခံအရှုံးမပေးပဲ ခုခံတိုက်ခိုက်လေ့ရှိ၏။ နောက်ဆုံးပင်ပန်းလွန်းအား‌ကြီး၍ အိမ်မောကျသွားကာမှပင် တိုက်ပွဲသည် ရပ်သွားလေ့ရှိလေသည်။

သီအိုအနေဖြင့်ဤရန်ပွဲအတွက် များစွာစိတ်ညစ်နေရသည်။ အကယ်၍ လီပစ်လမ်းထဲမှ အခန်းသို့အမြန်ဆုံးပြောင်းနိုင်မည်ဆိုပါမူ သူ့အတွက် သီးသန့်အိပ်ခန်းတစ်ခန်းရှိလာမည်ဖြစ်၏။ ထိုအချိန်ကျလျှင်တော့ သူသည် အခန်းကို သော့ပိတ်ပြီး အိပ်နေနိုင်လိမ့်မည် မဟုတ်ပါလား။

သူတို့၏ ငြင်းခုံပွဲတွင် ဗင်းဆင့်သည် သူ့ပန်းချီကားများအကြောင်းပြောရသည်ကို ငြီးငွေ့လာသည့်အခါ ပန်းချီပညာနှင့် ပန်းချီလောကအကြောင်းကိုဆွေးနွေးပြောဆိုလာတတ်သည်။ပန်းချီကားရောင်းဝယ်ရေးလုပ်ငန်းအကြောင်းနှင့် လုပ်ငန်းလုပ်ကိုင်ပုံမကောင်းသဖြင့် ပန်းချီဆရာဖြစ်ရသည့် ဒုက္ခများကိုပါကျယ်ပြန့်စွာ ပြောဆိုငြင်းခုံနေတတ်သည်။

“ သီအိုရာ ငါနားမလည်တာတစ်ခုရှိနေတယ် ” ဟုဗင်းဆင့်ကပြောသည်။ “ မင်းဟာပါရီမြို့တော်တွင်းက အလွန်ထင်ရှားကျော်ကြားနေတဲ့ ပန်းချီအရောင်းဆိုင်ကြီးတစ်ဆိုင်ရဲ့ မန်နေဂျာပါ။ ဒါပေမယ့် မင်းဆိုင်မှာ မင်းအစ်ကိုအရင်းရဲ့ ပန်းချီကားဆိုလို့ တစ်ကားမှ မတင်ထားနိုင်တာ အံ့သြစရာပဲ ”

“ ဒါကတော့ ပိုင်ရှင် ဗလာဒန်ကမှ တင်ခွင့်မပြုပဲကိုး ”

“ မင်းက ကြိုးစားမကြည့်ဖူးလား ”

“ ကြိုးစားခဲ့တာ အကြိမ်ပေါင်း ထောင်ချီနေပြီ ”

“ ထားလိုက်ပါတော့၊ တို့အနေနဲ့ ငါ့လက်ရာတွေက စံချိန်မမီသေးလို့ မတင်တာလို့ပြောရင်ရပါတယ်၊ ဒါပေမယ့် ဘာပြုလို့ ဆူးရက်တို့၊ ဂေါဂင်တို့၊ လော့ထ်ရက်တို့ ကားတွေကို မတင်တာလဲ ”

" သူတို့က ပန်းချီကားအသစ်တွေယူလာတိုင်း ကျွန်တော်က အလယ်ခန်းမကြီးထဲမှာ တင်ထားဖို့ပြောပါတယ်၊ ရမှမရတာ "

" အဲဒီအရောင်းဆိုင်မှာ မင်းကသခင်မဟုတ်ဖူးလား၊ တခြားလူရှိသေးလို့လား "

" ဟောဗျာ. . . ကျွန်တော်က ဆိုင်မှာအလုပ်လုပ်တဲ့လူဗျ "

" ဒါဆိုရင်တော့ မင်းအလုပ်ကထွက်လာခဲ့ဖို့ကောင်းတယ်၊ မင်းအနေအထားက အများကြီးကိုနိမ့်ကျတာပဲ၊ ငါဆိုရင်ထွက်လာမှာပဲ၊ လုံးဝသည်းမခံနိုင်ဘူး"

" မနက်ကျမှ ဆက်ပြောကြတာပေါ့ ဗင်းဆင့်ရာ ၊ ကျွန်တော်တစ်နေ့လုံးအလုပ်ပင်ပန်းထားလို့ အိပ်ချင်လွန်းလို့ပါ "

" ဟာ မနက်မိုးလင်းတဲ့အထိ ငါမစောင့်နိုင်ဘူးကွာ၊ အခုပဲပြောချင်တယ်၊ ဒီမယ်သီအို၊ ငါတစ်ခုမေးစမ်းပါရစေ၊ မာနက်နဲ့ ဒီဂတ်စ်တို့ကို လူတွေလက်ခံနေကြပြီပဲ၊ သူတို့ကားတွေကိုကော ဘာကြောင့်မတင်တာလဲ၊ သူတို့ကားတွေဆိုရင် အနည်းအကျဉ်းရောင်းနေရပြီပဲ၊ ဒီလူငယ်တွေအတွက် မင်းတိုက်ခိုက်ပေးဖိကောင်းပါတယ် "

" ကျွန်တော့်ကို အချိန်တော့ပေးဦးမှပေါ့၊ ဆိုကြပါစို့ရဲ့. . . နောက်သုံးနှစ်လောက်အတွင်းမှာ. . . "

" လုံးဝမဖြစ်နိုင်ဘူးကွာ၊ တို့ကသုံးနှစ်တော့ မစောင့်နိုင်ဘူး၊ အခုလတ်တလောပဲ ဒီကိစ္စကို ပြတ်သွားအောင် ရှင်းချင်တာ၊ ဒီမှာသီအို၊ မင်းအလုပ်ကထွက်ပြီး ကိုယ်ပိုင်ဆိုင် ဘာ့ကြောင့် မဖွင့်တာလဲ. . . အဲသလိုဖွင့်လိုက်ရင် ဗလာဒန်လဲ ဂရုစိုက်စရာ မလိုတော့ဘူး၊ ဘူဂါနိုးတို့ ဟင်းနားတို့ကိုလဲ အရေးလုပ်နေစရာမလိုတော့ဘူး "

" ဒါကျတော့ ငွေလိုတယ် ဗင်းဆင့်၊ ကျွန်တော့်မှာ စုဆောင်းထားတဲ့ငွေမရှိဘူး "

" ငွေကိုတစ်နည်းနည်းနဲ့ရအောင် ရှာကြတာပေါ့ကွာ "

" ပန်ချီကားအရောင်းအဝယ်လုပ်ငန်းဆိုတာက ချက်ခြင်းအကျိုးအမြတ်ပေါ်တာ မဟုတ်ဘူး၊ နှေးကွေးတယ် "

" နှေးချင်နှေးပစေပေါ့ကွာ၊ ငါတို့က မင်းရဲ့လုပ်ငန်းကို အခြေတကျဖြစ်သွားအောင် နေ့မအားညမအားကြိုးစားပြီး အလုပ်လုပ်ပေးကြမယ်လေ "

" အဲသလိုဝိုင်းလုပ်နေတုန်းမှာ ကျွန်တော်တို့ ဘယ်လိုနေကြထိုင်ကြမ

လဲ၊ ကျွန်တော်တို့အစာမစားပဲ နေလို့ရမှာလား ”

“ ငါ့မှာကိုယ်ပိုင်အလုပ်နဲ့ ကိုယ်ပိုင်ဝင်ငွေမရှိတာကို မင်းအပြစ်ဆိုချင်နေသလား။ ။ ။ သီအို ”

“ ဟာ ဒုက္ခပါပဲဗျာ၊ သွားပါ။ ။ ။ အိပ်ပါတော့၊ ကျွန်တော် တအားပင်ပန်းနေပြီ ”

“ မအိပ်သေးဘူးကွာ၊ ငါ့အနေနဲ့ အမှန်ကိုသိချင်တယ်၊ မင်းအလုပ်က မထွက်နိုင်တာဟာ ဒီငွေကြေးမပြည့်စုံမှုတစ်ခုတည်းပဲလား။ ။ ။ မင်း ငါ့ကို ထောက်ပံ့နေရလို့ အလုပ်ကမထွက်နိုင် ဖြစ်နေရတာလား၊ အမှန်အတိုင်းသာ ပြောပါကွာ၊ ငါဟာ မင်းလည်ပင်းမှာဆွဲထားရတဲ့ ခွေးသေကောင်ပုပ်တစ်ကောင်လို အနှောင့်အယှက်ဖြစ်နေပြီလား၊ မင်းအလုပ်က မထွက်နိုင်ပဲဖြစ်နေရတာဟာ ငါ့ကြောင့် များလား၊ ငါ့ကြောင့် မဟုတ်ဘူးဆိုရင်တော့ မင်းလွတ်လပ်ပါတယ်၊ မင်း လုပ်ချင်သလို လုပ်လို့ရမှာပါ ”

“ ခက်တယ် ဗင်းဆင့်၊ တကယ်လို့ ကျွန်တော်ဟာ ခင်ဗျားထက်ကိုယ်လုံးလဲနည်းနည်းပိုကြီးမယ်၊ ခင်ဗျားထက်ပိုပြီးတော့လဲ သန်မာမယ်ဆိုရင် ခင်ဗျားကိုရိုက်ပြီးဆုံးမချင်တယ်၊ အခုတော့ လုပ်ရခက်နေတယ်။ ။ ဂေါဂင်ကိုငှားပြီး ခင်ဗျားကို ရိုက်ခိုင်းရရင် ကောင်းမလားလို့တောင် ကျွန်တော်စဉ်းစားနေမိတယ်။

“ ခင်ဗျားစဉ်းစားကြည့်ပါ၊ ကျွန်တော့်အလုပ်က ဂေါပစ်လ်တို့နဲ့လုပ်ရတာ၊ သူတို့နဲ့အခုလဲလုပ်နေတယ်၊ နောက်ကိုလဲ အမြဲလုပ်သွားရမယ်၊ ဒါကျွန်တော့်အလုပ်၊ ခင်ဗျားရဲ့အလုပ်က ပန်းချီဆွဲတာ၊ အခုလဲဆွဲနေတယ်၊ နောင်ကိုလဲ အမြဲဆွဲသွားရမယ်၊ဂေါပစ်လ်မှာလုပ်နေတဲ့ကျွန်တော့်ရဲ့ အလုပ်တစ်ဝက်ကိုလည်း ခင်ဗျားပိုင်တယ်လို့ ယူဆရမယ်၊ ခင်ဗျားလုပ်နေတဲ့ အလုပ်ရဲ့ တစ်ဝက်ကိုလည်း ကျွန်တော်ပိုင်တယ်လို့ ယူဆရမယ်၊ ကဲဗျာ ။ ။ ။ ခင်ဗျား ကျွန်တော့်အိပ်ရာပေါ်က ဆင်းတော့၊ ကျွန်တော်အိပ်ချင်ပြီ၊ မဆင်းရင်တော့ ရဲခေါ်ပြီး ခင်ဗျားကို အခန်းထဲက မောင်းထုတ်ရလိမ့်မယ် ”

✧✧✧✧

နောက်နေ့ညနေခင်းတွင် အလုပ်မှပြန်ရောက်လာသော သီအိုသည် ဗင်းဆင့်၏လက်သို့ စာအိတ်တစ်လုံးလှမ်းပေးပြီး " ဒီညဘာမှလုပ်စရာ မရှိဘူး ဆိုရင် ကျွန်တော်တို့ အဲဒီပါတီပွဲကိုသွားကြရအောင် " ဟုပြောသည်။

" ဘယ်သူကပေးတာလဲ "

" ဟင်နရီရူဆိုး၊ ဖိတ်စာကိုထုတ်ကြည့်ဦးလေ "

ဖိတ်စာပေါ်တွင် နှစ်ပိုဒ်မျှသာရှိသော ကဗျာလေးတစ်ပုဒ်နှင့် ပန်းပွင့်ပုံ များပါသည်။ " ဟင်နရီရူဆိုး ဆိုတာ ဘယ်သူလဲ " ဟု ဗင်းဆင့်ကမေးသည်။

" တစ်ချိန်ကသူဟာ ပြည်နယ်တစ်နယ်မှာ အခွန်ကောက်ခံရေးမှူးလုပ်ခဲ့ ဖူးတယ်၊ အသက်လေးဆယ်အထိပေါ့၊ တနှစ်နွေနေ့တိုင်း ဂေါ်ဂင်လိုပဲ ပန်းချီဆွဲ တယ်၊ လွန်ခဲ့တဲ့နှစ်အနည်းငယ်အတွင်းက ပါရီကိုရောက်လာပြီးဘတ်စတီးထောင် ကြီးပတ်ပတ်လည်က အလုပ်သမားရပ်ကွက်ထဲမှာနေတယ်၊ သူ့ဘဝတလျှောက် လုံးမှာ ဘာပညာမှ သင်ကြားခွင့်မရခဲ့ဘူး၊ အဲသလိုဘဝထဲကနေပြီး သူဟာပန်း ချီဆွဲတယ်၊ ကဗျာစပ်တယ်၊ သီချင်းရေးတယ်၊ အလုပ်သမားတွေရဲ့ သားသမီးတွေ ကို တယောသင်ပေးတယ်၊ စန္ဒယားတီးတတ်တယ်၊ အဖိုးကြီးနှစ်ယောက်ကိုပုံဆွဲ သင်ပေးနေတယ် "

" သူ့ပန်းချီတွေက ဘယ်လိုဟာမျိုးတွေလဲ "

" အလွန်ထူးဆန်းတဲ့ တီရစ္ဆာန်ပုံတွေပဲ၊ အများအားဖြင့် တီရစ္ဆာန်တွေ ထက်တောင်ပိုပြီးထူးခြားတာကတော့ အဲဒီတီရစ္ဆာန်တွေ ခိုနေတဲ့တောအုပ်ကြီး တွေပဲ၊ သူဆွဲထားတဲ့တောအုပ်ဟာ ဘွိုက်စ် ဒီဘိုလုံး နယ်ထဲက ကျာဒင်ဒီအက်ဆလီ မေးရှင်း ဆိုတဲ့ တောအုပ်ကြီးနဲ့ တူသလိုလိုပဲ၊ သူကလယ်သမားတစ်ယောက်ဆို တော့သဘာဝအတိုင်းရှေးဆန်ဆန်နဲ့ ခပ်ရိုင်းရိုင်းနေတတ်တယ်၊ ပေါ်လ်ဂေါ်ဂင် က သူ့ကိုပြောင်လှောင်ပြီး ရယ်မောနေပေမယ့် လုံးဝဂရုမစိုက်ဘူး "

" သူလက်ရာတွေကို မင်းကကော ဘယ်လိုထင်သလဲ သီအို "

" အင်း. . . ကျွန်တော်မသိဘူး၊ ထင်လဲမထင်တတ်ဘူး၊ လူတိုင်း ကတော့ သူ့ကိုကျပ်မပြည့်တဲ့ ရူးကြောင်ကြောင် လူတစ်ယောက်လို့ ပြောကြတယ်၊ အများက အရူးလို့တောင်ခေါ်ကြတယ် "

" ဟုတ်ရောဟုတ်ရဲ့လား "

" သူ့ကြည့်ရတာ ကလေးတစ်ယောက်လိုပဲ၊ ရိုင်းစိုင်းကြမ်းတမ်းတဲ့ ကလေးတစ်ယောက်နဲ့ တူတယ်၊ ကျွန်တော်တို့ ဒီညပါတီပွဲသွားကြမှာပဲ၊ သူ့ကိုခင် ဗျား ကိုယ်တိုင်ကြည့်ပြီး အကဲဖြတ်လို့ရမှာပါ၊ နံရံတွေပေါ်မှာ ချိတ်ထားတဲ့သူ

ပန်းချီကားတွေကိုလဲ ခင်ဗျားမြင်ရမှာပါ ”

“ သူက ပါတီပွဲတွေလုပ်နိုင်တယ်ဆိုတော့ ငွေကြေး ပြည့်စုံမယ်ထင်တယ် ”

“ ဒီနေ့ခေတ် ပါရီမှာ သူဟာအဆင်းရဲဆုံး ပန်းချီဆရာ တစ်ယောက်ပဲ၊ တယောသင်ဖို့တောင် တယောအပိုင်မဝယ်နိုင်လို့ ငှားပြီး သင်ပေးရတာ၊ ဒါပေမယ့် အခုလိုပါတီပွဲတွေလုပ်တာက သူ့မှာ ရည်ရွယ်ချက်တစ်ခုရှိလို့လုပ်တာ၊ အဲဒီ ရည်ရွယ်ချက်ကို ခင်ဗျားကိုယ်တိုင်ရှာတွေ့လာပါလိမ့်မယ် ”

ရူဆိုးနေသော အိမ်မှာ အလုပ်ကြမ်းသမားမိသားစုများ ပိုင်ဆိုင်သော အိမ်ဖြစ်၏။ ရူဆိုး၏အခန်းသည် လေးထပ်တွင်ဖြစ်သည်။ လမ်းထဲတွင် ပြေးလွှားဆော့ကစားနေကြသည့် ကလေးသူငယ်အများအပြားကို မြင်နေရသည်။ တိုက်၏ အဝင်စကြံန်လမ်းတလျှောက်တွင် ထမင်းဟင်းချက်ပြုတ်နေသည့် အနံ့များ၊ ဆပ်ပြာနံ့များနှင့် အိမ်သာနံ့များသည် ထောင်းထောင်းထလျက်ရှိလေသည်။

သီအိုတံခါးခေါက်သည့်အခါ ရူဆိုးကိုယ်တိုင်လာဖွင့်သည်။ သူသည် အရပ်ပုပု၊ တုတ်ခိုင်ခိုင်လူတစ်ယောက်ဖြစ်၏။ သူ့လက်ချောင်းများမှာလည်း တုတ်တိုတိုများပင်ဖြစ်သည်။ သူ့ဦးခေါင်းသည် လေးထောင့်ကျကျပုံဖြစ်သည်။ အမွေးအမှင်ကျိုးတိုးကျဲတဲရှိသော မေးစေ့နှင့် နှာခေါင်းပိုင်ရှင်ဖြစ်သည်။ သူ့မျက်လုံးအစုံသည် ရိုးသားဖြူစင်ခြင်းကို ပီပြင်စွာဖော်ပြနေသည်။

“ အခုလိုပါတီပွဲကို တက်ရောက်ခြင်းဟာ ကျွန်တော့်ကို ဂုဏ်ပြုခြင်းလို့ ယူဆပါတယ် မွန်စီယာဇင်ဂိုး ” ဟု လေသံအေးအေးဖြင့် ပြောသည်။

သီအိုက ဇင်းဆင့်နှင့်ရူဆိုးအား မိတ်ဆက်ပေးသည်။ ရူဆိုးက သူတို့အား ကုလားထိုင်များ ချပေးသည်။ အခန်းမှာ အရောင်မျိုးစုံဖြင့် ဝင်းလက်တောက်ပနေသည်။ ရူဆိုးသည် အဖြူရောင်နှင့် အနီရောင်စွက်နေသော လယ်သမားသုံး ခန်းဆီးများကို ပြတင်းပေါက်များတွင် တပ်ထားသည်။ နံရံများထက်တွင်မူ သူ ရေးဆွဲထားသည့် အရိုင်းတိရစ္ဆာန်များ၊ တောအုပ်ကြီးများနှင့် ထူးဆန်းသော ရှုခင်းပုံများ ကိုချိတ်ဆွဲထားသည်။

အခန်း၏ထောင့်တစ်ထောင့်ထဲရှိ စင်္ဂါရားအိုကြီးတစ်လုံးအနီးတွင် တယောကိုယ်စီကိုင်ထားသော လူငယ်လေးယောက်ရပ်နေကြသည်။ ဆောင်းမီးဖို၏အပေါ်ဘက်တန်းပေါ်တွင် ရူဆိုးကိုယ်တိုင်ဖုတ်ထားသော မုန့်ပဲများချထားသည်။ ခုံတန်းလျားများနှင့် ကုလားထိုင်များသည် အခန်းထဲတွင် ပြန့်ကြဲနေသည်။

“ ခင်ဗျားတို့ဟာ ပထမဆုံးရောက်လာတဲ့ ဧည့်သည်တွေပါပဲ မွန်စီယာ

ဗင်ဂိုး " ဟူရူဆိုးကပြောသည်။ " ပန်းချီဝေဖန်ရေးဆရာ ဂစ်လာမီပစ်လီကတော့ ပါတီပွဲကျင်းပတဲ့အတွက် ကျွန်တော့်ကို ဂုဏ်ပြုခြီးကျူးထားပါတယ် "

လမ်းမဆီမှ ဆူဆူညံညံအသံများထွက်ပေါ်လာသည်၊ ကလေးသူငယ်များ၏အော်ဟစ်သံများနှင့် ကေျာက်ခင်းလမ်းပေါ် အတိုင်း မောင်းနှင်လာသည့် မြင်းရထားဘီးသံများဖြစ်၏။ ရူဆိုးသည် သူ့အခန်းတံခါးကို ဖွင့်လိုက်သည်။ အောက်ဖက်ခန်းမထဲမှ စကားပြောသံများကြားနေရသည်။

" မရပ်ကြနဲ့၊ ဆက်သွား. . . ဆက်သွား " ဟူသောအော်ကြီးဟစ်ကျယ်ပြောနေသံတစ်သံထွက်ပေါ်လာနေသည်။ " လက်တစ်ဖက်က လှေခါးလက်ရန်းကိုကိုင်ထား၊ ကျန်တဲ့လက်တစ်ဖက်နဲ့ နှာခေါင်းကိုပိတ်ပြီးတက်ကြဟေ့ "

ထိုပြက်လုံးကိုကြားရသည့်အခါ လူအများက တဝါးဝါးတဟားဟားရယ်မောကြသည်။ ထိုပြက်လုံးကို ပြက်ပြက်ထင်ထင်ကြားလိုက်ရသော ရူဆိုးသည် နောက်သို့လှည့်၍ ဗင်းဆင့်အားကြည့်ပြီးပြုံးသည်။ ဗင်းဆင့်သည် ဤမျှလောက်ရိုးသားဖြူစင်ပြီး အပြစ်ကင်းမဲ့လှသော မျက်လုံးများကို သူ့ဘဝတွင် ယခုအကြိမ်သည်ပထမဆုံးတွေ့ဖူးခြင်းဖြစ်သည်ဟု စိတ်ထဲမှ ကြိတ်၍ဆုံးဖြတ်မိသည်။ ရူဆိုး၏ မျက်လုံးများထဲတွင် မစ္စရိယစိတ်နှင့်ဒေါသစိတ်များကို လုံးဝမတွေ့ရပေ။

လူပေါင်းဆယ်ယောက်၊ ဆယ့်နှစ်ယောက်ခန့်သည် အခန်းတွင်းသို့ စုပြုံပြီးဝင်လာကြသည်။ အားလုံးတခမ်းတနားဝတ်စားဆင်ယင်ထားကြသည်။ အမျိုးသမီးများထံမှ အဖိုးတန်ရေမွှေးနှင့် ပေါင်ဒါနံ့များသည် တသင်းသင်း။

" ကဲ. . . ဟင်နရီရူဆိုး. . . . ကျွန်တော်တို့လာတာ ခင်ဗျားမြင်တယ်မဟုတ်လား " ဟု ဂစ်လာမီပစ်လီကပြောသည်။ " ဒါပေမယ့် ဒီမှာကြာကြာနေဖို့အချိန်မရဘူး. . . မင်းသမီးဘရော့လီရဲ့ကပွဲကို သွားဖို့က ရှိနေသေးတယ်၊ ကျွန်တော့်ည့်သည်တွေကိုတော့ ခင်ဗျားက ဧည့်ခံမှုဖြစ်မှာ. . . "

" အို. . . ကျွန်မကတော့ သူ့ကိုသိပ်တွေ့ချင်နေတာရှင့် " ဟုပိန်ပါးပါး၊ ရွှေရောင်ဆံပင်ပိုင်ရှင် မိန်းမပျိုတစ်ဦးက ပြောသည်။ " ပါရီတစ်မြို့လုံးကလူတွေ အပြောမျှားဆုံး ပန်းချီဆရာကြီး တစ်ယောက်ဆိုတာ အားလုံးသိနေကြတာပဲ၊ ကျွန်မလက်ကို နမ်းပြီးနှုတ်ဆက်ပါဦး မွန်စီယာရူဆိုးရယ် "

" သတိထားနော် ဘလန်ချီ " ဟုတစ်ဦးကဝင်ပြောသည်။ "မင်းသိတယ်မဟုတ်လား၊ ဒီပန်းချီဆရာတွေဟာ အများအားဖြင့်. . . "

ရူဆိုးကပြုံးပြီး မိန်းမပျိုး၏လက်ကို နမ်း၍နှုတ်ဆက်သည်။ ဗင်းဆင့်သည် အခန်းထောင့်တစ်ထောင့်တွင် ဝင်ကပ်နေသည်။ ပစ်လီနှင့် သီအိုသည်

အခြိန်အတန်ကြာမျှ စကားလက်ဆုံကျနေကြသည်။ ကျန်လူစုသည် ပန်းချီကားများနှင့် အခန်းပြင်ဆင်ထားပုံကို ကြည့်၍ပြက်လုံးများထုတ်ကာ ရယ်မောနေကြသည်။

" ဦးသည်အားလုံးထိုင်ကြပါ။ . . " ဟု ရူဆိုးကပြောသည်။ " ကျွန်တော့်ရဲ့တီးဝိုင်းအဖွဲ့က ကျွန်တော်ကိုယ်တိုင်စပ်ထားတဲ့ သီချင်းတစ်ပုဒ်နဲ့ ဖြေဖျော်ပါလိမ့်မယ်၊ သီချင်းက မွန်စီယာပစ်လီကို ဂုဏ်ပြုပြီး စပ်ဆိုထားတာပါ "

" ကဲ. . . ကဲ. . . လာကြပါ၊ ထိုင်ကြပါ " ဟု ပစ်လီကအော်သည်။ " ရူဆိုးက ကျွန်တော်တို့ကို ဦးခံပါတော့မယ်။ ဂျင်းနီ၊ ဘလန်ချီ၊ ဂျက် ဒီကိုလာထိုင်ကြပါ "

သူငယ်လေးယောက်သည် တယောများကို အသင့်ပြင်ထားကြသည်။ ရူဆိုးသည် စန္ဒရားရှေ့၌ နေရာယူသည်။ မကြာခင်တေးဂီတသံ ထွက်ပေါ်လာသည်။ ဗင်းဆင့်သည် တေးသံကို ကောင်းစွာနားထောင်၍မရ။ လူတစ်စု၏ ဆူဆူညံညံအားပေးသံများနှင့် လက်ခုပ်သံများသည်သာလျှင် လွှမ်းမိုးလျက်ရှိ၏။ တေးသံအဆုံးတွင် ဘလန်ချီသည် ရူဆိုးထံလျှောက်သွားပြီး ချီးမွမ်းစကားပြောသည်။

" သိပ်ကိုလှတဲ့ သီချင်းပါပဲ မွန်စီယာ "

" ခင်ဗျား ကျွန်တော့်ကို မြှောက်နေတာပါ။ . မဒမ် "

ဘလန်ချီက အော်ရယ်သံည်။ " သူပြောတာကြားရဲ့လား ပစ်လီ၊ ကျွန်မက သူ့ကိုမြှောက်ပင့်ပြောနေတာလို့ ထင်နေတယ် "

" ကျွန်တော် နောက်တစ်ပုဒ်တီးပြီး ဖျော်ဖြေပါဦးမယ်။ . " ဟု ရူဆိုးကပြောသည်။

" သီချင်းမဆိုပါနဲ့တော့။ . . ၊ ခင်ဗျားမှာ ကဗျာတွေအများကြီးရှိနေတယ်မဟုတ်လား၊ ကဗျာတစ်ပုဒ်လောက် ရွတ်ဆိုပြပါ "

ရူဆိုးက ကလေးတစ်ယောက်သဖွယ် ပြုံးဖြဖြလုပ်နေသည်။

" ကောင်းပါပြီ မွန်စီယာ ပစ်လီ၊ ခင်ဗျားရဲ့ဆန္ဒအတိုင်း ကဗျာတစ်ပုဒ် ရွတ်ဆိုပြပါ့မယ် "

ရူဆိုးသည် စားပွဲတစ်လုံးဆီသို့ထသွားသည်။ စားပွဲပေါ်မှ ကဗျာစာရွက်များကို လှန်လှောရှာဖွေပြီး သူအကြိုက်ဆုံးတစ်ပုဒ်ကို ရွေးထုတ်လိုက်သည်။ ထို့နောက် စန္ဒရားရှေ့တွင် ပြန်ထိုင်ကာ ကဗျာကိုစတီးသည်၊ ကဗျာဆုံးသွားသည့် အခါမီးဖိုခန်းထဲသို့ ဝင်သွားပြီးကော်ဖီနှင့် မုန့်များယူလာကာ ဧည့်သည်များအား

လိုက်ပေးသည်။ ညည့်သည်များစားသောက်နေချိန်တွင် ဗင်းဆင့်သည် ထောင့်ထဲ၌ ထိုင်ကာဆေးတံကိုဖွာလျက်ရှိလေသည်။

" ကဲ. . . ရူဆိုး၊ ခင်ဗျားရဲ့ပန်းချီကားအသစ်တွေကို ပြပါဦး၊ ကျွန်တော် တို့လာတာဟာ ခင်ဗျားရဲ့လက်ရာသစ်တွေကို ကြည့်ချင်လို့လာကြတာ"

" လက်ရာသစ်တချို့ရှိတယ်၊ နံရံပေါ် ကဖြုတ်ပြီးပြမယ် "

ညည့်သည်များသည် စားပွဲအနီးတွင် ဝိုင်းအုံနေကြသည်။ " ကြည့်ပါဦး၊ ဒီပုံဟာအတော့်ကိုကောင်းတာပဲ " ဟု ဘလန်ချီကပြောသည်။ " ကျွန်မရဲ့ အိပ် ခန်းထဲမှာချိတ်ဖို့ လိုချင်တယ်၊ ထာဝရကျော်ကြားနေမယ့် ဒီကားကိုဝယ်ချင်ရင် ဘယ်လောက်ပေးရမလဲ "

" နှစ်ဆယ့်ငါးဖရန့် "

"သိပ်ပြီးထူးခြားတဲ့ လက်ရာတစ်ခုကို နှစ်ဆယ့်ငါးဖရန့်ပဲယူမယ်တဲ့၊ ဖြစ်မှဖြစ်ရလေရှင် "

" အခုလိုပြောလိုက်တာဟာ ကျွန်တော့်ကိုဂုဏ်ပြုရာ ရောက်ပါတယ် မဒမ်"

" ကျွန်တော်နဲ့ စေ့စပ်ထားတဲ့ ဖရန်ကွစ်စ်အတွက် ပန်းချီတစ်ကားတော့ မရလို့ မဖြစ်ဘူး ရူဆိုး " ဟု ပစ်လီကဝင်ပြောသည်။ " ခင်ဗျားဆီက ပန်းချီကား တစ်ကားဝယ်ပြီး လက်ဆောင်ပေးမယ်လို့ ကျွန်တော်သူ့ကို ကတိပေးထားတယ်၊ ခင်ဗျားရောင်းမယ့် ပန်းချီကားဟာ ခင်ဗျားရဲ့ အကောင်းဆုံးလက်ရာဖြစ်ရ မယ်နော် "

" ခင်ဗျားနဲ့ အသင့်တော်ဆုံးကားကို ကျွန်တော်သိပါတယ် မွန်စီ ယာပစ်လီ "

ရူဆိုးသည် နံရံထက်ရှိပန်းချီကားများထဲမှ တစ်ကားကိုဖြုတ်ယူလိုက် သည်။ နတ်သမီးပုံပြင်များထဲ၌သာရှိနိုင်သည့် သစ်တောကြီးတစ်ခုအတွင်းမှ ချောင်းကြည့်နေကြသော တိရစ္ဆာန်များပုံဖြစ်၏။

" အဲဒါ ဘာကောင်လဲ "

" အဲဒါ ခြင်္သေ့ "

" ဟာ. . ခြင်္သေ့မဟုတ်ဘူး. . . ကျား "

" ဒီမယ်. . . ဟော့ဒီပုံဟာ အိမ်ကအဝတ်လျှော်တဲ့မိန်းမဆိုတာ သေချာတယ် "

" ဟောဒီပုံက နည်းနည်းပိုကြီးတယ် မွန်စီယာ " ဟု ရူဆိုးက လေအေး

ကလေးဖြင့်ပြောသည်။ " ဒီကားဆိုရင် ဖရန့်သုံးဆယ်ပဲကျမယ် "

"တန်တယ်. . ရှုဆိုး. . သိပ်တန်တယ်၊ နောက်တစ်ချိန်ကျရင်ကျွန်တော့် မြေးတွေက ဒီပန်းချီကားကို ဖရန့်ငွေသုံးသောင်းနဲ့ ရောင်းမှာသေချာတယ် "

" ကျွန်တော်လဲ တစ်ကားလိုချင်တယ်. . . ကျွန်တော့်ကိုလဲ တစ်ကား ရောင်းနော် " ဟူသော တစ်ယောက်တစ်ပေါက်အော်သံများကြားရသည်။

"ကျွန်တော်လဲ သူငယ်ချင်းတစ်ယောက်ကို လက်ဆောင်ပေးရလိမ့်မယ်၊ ဒီနေ့ ပန်းချီပြပွဲဟာ ဒီရာသီမှာ အကောင်းဆုံးပြပွဲ တစ်ခုပဲဗျို့. . . " .

" ကဲ. . . ဟေ့. . . တို့လူတွေလာကြတော့" ဟု ပစ်လီက အော်သည်။

" ကပွဲသွားဖို့ရှိသေးတယ်၊ နောက်ကျလို့ မဖြစ်ဘူး "

" ဂွတ်ဘိုင်. . . ရှုဆိုး " ဟု ဘလန်ချီကရေမွှေးဆွတ်ထားသည့် သူမ၏ လက်ကိုင်ပဝါဖြင့်ရှုဆိုး၏ နှာခေါင်းဝ၌ တစ်ခဏမျှ တေ့ထားလိုက်ပြီးပြောသည်။

" ကျွန်မရှင့်ကို ဘယ်တော့မှ မမေ့ဘူး. . . ကျွန်မရဲ့ရင်ထဲမှာ ရှင်ဟာ ရာသက်ပန်ရှိနေမှာပါ "

" ဟေ့. . . ဘလန်ချီ" ဟု ယောကျ်ားတစ်ယောက်က ဟန့်သည်။

"သူဖာသာသူ အေးအေးနေပါစေဟာ. . . နင်အခုလိုသွားလုပ်လိုက်ရင်သူခမြာ ဒီညတစ်ညလုံး အိပ်မပျော်စားမဝင်ဖြစ်သွားပါဦးမယ် "

ပစ်လီတို့အုပ်စုသည် စကားတွေဖောင်လောက်အောင် ပြောကာ လှေကားမှ ဆင်းသွားကြသည်။ သူတို့နောက်တွင် ရေမွှေးနံ့များသည် ထောင်း ထောင်းထကာ ကျန်ခဲ့သည်။ သီအိုနှင့်ဗင်းဆင့်သည့် တံခါးဆီသို့လျှောက်သွား ကြသည်။ ရှုဆိုးကတော့ စားပွဲပေါ်၌ အစုလိုက်တင်ထားသော ငွေများကိုကြည့် နေသည်။

" မင်းတစ်ယောက်တည်းပြန်ရင်ရတယ် မဟုတ်လား. . . သီအို " ဟု ဗင်းဆင့်ကမေးသည်။ " ငါ ဒီမှာနေခဲ့ချင်သေးတယ်၊ သူနဲ့ရင်းနှီးချင်လို့ပါ "

သီအိုသည်အခန်းထဲမှထွက်သွားသည်။ ရှုဆိုးသည် တံခါးကိုပိတ်ကာ ရပ်နေသော ဗင်းဆင့်ကိုသတိမထားမိ၊ စားပွဲပေါ်မှငွေများကို ရေတွက်နေသည်။

" ဖရန့်ရှစ်ဆယ်. . . ဖရန့်ကိုးဆယ်၊ ဖရန့်တစ်ရာ၊ ဖရန့်တစ်ရာ့ ငါး"

သူသည် ဖျတ်ခနဲ မော့ကြည့်သည်။ သူအားရပ်ကြည့်နေသည့် ဗင်း ဆင့်အားမြင်သွားသည်။ ရိုးသားဖြူစင်သော အရိပ်အငွေ့များသည် သူ့မျက်လုံး များတွင် ထင်ဟပ်လာသည်။ သူသည်ငွေများကို ဘေးသို့တွန်းဖယ်လိုက်ပြီး အူ ကြောင်ကြောင်မျက်နှာထားဖြင့် ပြုံးနေသည်။

" ဟန်ဆောင်မှုမျက်နှာဖုံးကိုခွာချလိုက်ပါတော့ ရူဆိုးရယ် " ဟု ဗင်းဆင့်ကပြောသည်။ " ကျွန်တော်ကိုယ်တိုင်လဲ လယ်သမားတစ်ယောက်ပါ၊ ပြီးတော့ ပန်းချီဆရာတစ်ယောက်ပါ "

ရူဆိုးသည် စားပွဲအနီးမှခွာပြီး ဗင်းဆင့်အနီးသို့လာရပ်ကာ ဗင်းဆင့်၏လက်များကို တအားဆုပ်ထားသည်။

" ခင်ဗျား ညီက ခင်ဗျားရဲ့ ပန်းချီကားတွေကျွန်တော့်ကိုပြတယ်၊ ဒတ်ချ်လယ်သမားပုံတွေပါ၊ အားလုံးသိပ်ကောင်းတယ်၊ မစ်လက်ရဲ့ လက်ရာတွေထက်ပိုပြီးကောင်းတယ်၊ ကျွန်တော်အဲဒီ ပန်းချီကားတွေကို အကြိမ်ပေါင်းများစွာကြည့်ခဲ့ပါတယ်၊ ကျွန်တော်ဟာ ခင်ဗျားရဲ့ လက်ရာတွေအပေါ်မှာ တအံ့တသြဖြစ်ခဲ့ရတဲ့သူပါ "

" ကျွန်တော်လဲ ခင်ဗျားရဲ့လက်ရာတွေကို ကြည့်ခဲ့ပါတယ်၊ သူတို့တတွေကခင်ဗျားကိုဘယ်လိုပဲ အရူးလုပ်လုပ် ကျွန်တော်ကတော့ ခင်ဗျားအပေါ်မှာအံ့သြလို့မဆုံးခဲ့ပါဘူး "

" ကျေးဇူးတင်ပါတယ် မွန်စီယာ ဗင်းဆင့်၊ ထိုပ်ပါဦးဗျာ၊ ခင်ဗျားရဲ့ဆေးတံကို ဆေးထပ်ဖြည့်ပါဦး၊ ဒီနေ့ရတဲ့ငွေက တစ်ရာ့ငါးဖရန့်ရှိပါတယ်၊ ဒီငွေနဲ့ဆေးတံဆေးဝယ်လို့ရတယ်၊ အစားအစာဝယ်လို့ရတယ်၊ ကင်းဗတ်လဲဝယ်လို့ရတယ် "

သူတို့သည် မျက်နှာချင်းဆိုင်၍ထိုင်ကာ ဆေးတံများကို ဖွာလျက်ရှိကြသည်။ နှစ်ဦးစလုံးသည် တစ်ဦးပေါ်တစ်ဦး ခင်မင်ရင်းနှီးခြင်းကို ဖော်ပြနေကြ၏။

"သူတို့က ခင်ဗျားကို အရူးလို့ ခေါ်နေကြတယ်၊ အဲဒါကိုခင်ဗျားသိတယ်မဟုတ်လား"

"သိပါတယ်၊ ဟော့ဂ်မြို့ကလူတွေကလဲ ခင်ဗျားကို အရူးလို့ခေါ်နေကြတယ်မဟုတ်လား၊ အဲဒီသတင်းကိုကျွန်တော်ကြားပါတယ် "

" သူတို့ထင်ချင်သလိုထင်ကြပါစေ၊ အဲဒါသူတို့အခွင့်အရေးပါ၊ နောင်တစ်ချိန်ကျရင် ကျွန်တော့်ပန်းချီကားတွေကို လူဇင်ဘတ်မှာ ချိတ်ဆွဲပြီးပြရမှာပါ "

" ကျွန်တော့်ကားတွေလဲ အဲသလိုဖြစ်မှာပါပဲ၊ တစ်နေ့ကျရင် လုဗ်မှာစင်တင်ရမှာပါ "

သူတို့သည် တစ်ယောက်ကိုတစ်ယောက်ကြည့်ကာ ဟက်ဟက်ပက်ပက် ရယ်လိုက်ကြသည်။

" သူတို့ပြောတာမှန်တယ် ရှူဆိုး . . . ခင်ဗျားနဲ့ ကျွန်တော်ဟာ အရူးတွေပဲ "

" ဒီလိုဆိုရင်လဲ အရူးဖြစ်ရတဲ့အထိမ်အမှတ်အနေနဲ့ ကျွန်တော်တို့နှစ်ယောက် အရက်သောက်ကြစို့လား " ဟု ရှူဆိုးကပြောသည်။

(၇)

ပုဒ္ဓဟူးနေ့ ညစာစားချိန်ခန့်တွင် ဂေါဂင်သည် ဗင်းဆင့်တို့၏ အခန်းတံခါးကိုခေါက်သည်။ " ခင်ဗျားညီက ခင်ဗျားကို ဘာတီနော်လက်စ်ကဖီးကို ခေါ်လာခဲ့ပါလို့ ကျွန်တော့်ကိုပြောလို့ ဝင်ခေါ်တာ " ဟုပြောသည်။ " သူဒီညအလုပ်ကအပြန်နောက်ကျမယ်လို့ပြောတယ်၊ ဟာ . . . ဒီပန်းချီကားတွေက စိတ်ဝင်စားစရာပါလား၊ ကျွန်တော်ကြည့်ချင်တယ်၊ ရမလား "

" ရပါတယ် . . . အဲဒီပုံတွေထဲက တချို့ကို ဘရားဘန့်မှာဆွဲခဲ့တာ၊ တချို့ကတော့ ဟော့ဂ်မှာဆွဲခဲ့တာ "

ဂေါဂင်သည် ပန်းချီကားများကို အချိန်အတော်ကြာမျှကြည့်နေသည်။ သူသည်ကြည့်နေရင်းက လက်ကိုမြှောက်လိုက်၊ ပါးစပ်ကိုဟလိုက် လုပ်နေသည်။ တစ်ခါတစ်ရံတွင် စကားပြောတော့မည့် အနေအထားကိုပြသည်။

" ကျွန်တော်တစ်ခုမေးချင်တယ် ဗင်းဆင့်၊ ဒီလိုမေးတဲ့အတွက် ခွင့်လွှတ်ဖို့တော့ပြောထားပါရစေ " ဟု ဂေါဂင်ကပြောသည်။ " ခင်ဗျားမှာ ဝက်ရူးပြန်ရောဂါရှိသလား "

ဗင်းဆင့်သည် ဂေါဂင်ဖက်သို့ လှည့်၍ စူးစူးရဲရဲကြည့်နေသည်။ "ခင်ဗျားပြောလိုက်တာ ဘာပါလိမ့် " ဟုမေးသည်။

" ဝက်ရူးပြန်ရောဂါသည် တစ်ယောက်လားလို့ မေးတာ "

" မဟုတ်ဘူးဂေါဂင်၊ ဘာပြုလို့မေးတာလဲ "

" အင်း . . . ခင်ဗျားဆွဲထားတဲ့ ဒီပန်းချီကားတွေထဲက ပုံတွေဟာကားထဲကအပြင်ကိုခုန်ထွက်မလားလို့ထင်ရတယ်၊ အဲဒါကြောင့်မေးတာ၊ခင်ဗျားရဲ့ပန်းချီကားတွေကို ကြည့်တိုင်း ကျွန်တော့်ရင်ထဲမှာ အဲသလိုဖြစ်ဖြစ်သွားတယ်၊ အခုဟာပထမဆုံးအကြိမ်မဟုတ်ဘူး၊ ကြည့်တိုင်းဖြစ်နေတာ၊ စိတ်တော်တော်လှုပ်ရှားရတဲ့အနေအထားမှာရှိတယ်၊ တကယ်လို့ ပန်းချီကားထဲက ပုံတွေခုန်ထွက်

မလာရင် ကျွန်တော့်ကိုယ်ထဲကပစ္စည်းတွေ ခုန်ထွက်ကုန်လိမ့်မယ်လို့ခံစားနေရတယ်၊ ခင်ဗျားရဲ့ကားတွေဟာ ဘယ်အပိုင်း ဘယ်နေရာကို အထိခိုက်ဆုံးဆိုတာ ကောသိရဲ့လား ”

“ ဟင့်အင်း. . . မသိဘူး၊ ဘယ်နေရာလဲ ”

“ ဗိုက်ထဲက အစာအိမ်ပေါ့ဗျ၊ ကျွန်တော့် ခန္ဓာကိုယ်အတွင်းပိုင်းတစ်ပိုင်းလုံး လှုပ်ရှားကုန်တာ၊ စိတ်တွေသိပ်ပြီး လှုပ်ရှားရလွန်းလို့ ကျွန်တော့်ကိုယ် ကျွန်တော် မထိန်းနိုင်အောင်ဖြစ်ရတယ် ”

“ ဒီလိုဆိုရင်တော့ ကျွန်တော့်ပန်းချီကားတွေကို ဝမ်းနှုတ်ဆေးအဖြစ် ရောင်းချင်ရောင်းလို့ရမှာပဲ၊ ပန်းချီကားကို အိမ်သာထဲချိတ်ထားရင်အဆင်ပြေမယ့်ပုံပဲ ”

“ ကျွန်တော်အလေးအနက်ထားပြီးပြောနေတာပါ ဗင်းဆင့်။ ခင်ဗျားရဲ့ပန်းချီကားတွေနဲ့ ကျွန်တော်နေနိုင်ဖို့ မလွယ်ဘူး၊ သူတို့က ကျွန်တော့်စိတ်ကိုပါ ကပြောင်းကပြန်ဖြစ်အောင် လုပ်မှာသေချာတယ် ”

“ ကဲပါ. . . သွားကြပါစို့ ”

နှစ်ယောက်သား မွန်မာထရိလမ်းအတိုင်း ကလီချိုလမ်းမကြီးဆီသို့ ဦးတည်၍လျှောက်လာကြသည်။

“ ခင်ဗျား ညစာစားပြီးပြီလား ” ဟုဂေါဂင်ကမေးသည်။

“ မစားရသေးဘူး၊ ခင်ဗျားကော ”

“ မစားရသေးဘူး၊ ကျွန်တော်တို့ ဘာတေလီဆိုင်ကိုသွားကြမလား ”

“ ကောင်းသားပဲ၊ ပိုက်ဆံပါရဲ့လား ”

“ ဆင့်တစ်ပြားတောင်မပါဘူး၊ ခင်ဗျားမှာကော မပါဘူးလား ”

“ ကျွန်တော်လဲ ဘိုင်ကျနေတယ်၊ သီအို့အခေါ်ကိုစောင့်ပြီး ကပ်တွယ်နေရတာ ”

“ ဒါဆိုရင်လဲ မစားပဲ နေကြရုံပေါ့ ”

“ ဘာပဲဖြစ်ဖြစ်လေ. . . ဆိုင်ဖက်သွားပြီး ဒီနေ့အထူးအစားအသောက် ဘာလုပ်ထားသလဲဆိုတာ သွားကြည့်ကြရအောင် ”

သူတို့သည် လီပစ်လမ်းအတိုင်း တောင်ကုန်းထက်သို့ တက်ခဲ့ကြသည်။ ထို့နောက် အောဘက်ဆီလမ်းဖဲသို့ ကွေ့ဝင်ခဲ့ကြသည်။ မဒမ်ဘာတေလီ၏ ဆိုင်ရှေ့ဆိုင်းဘုတ်ပေါ်တွင် ယနေ့ရနိုင်သည့် အထူးအစားအသောက်များ စာရင်းကို ကြည့်ကြသည်။

" ဟာ. . . နွားကလေးသားဟင်းဆိုပါလား. . . ကျွန်တော့် အကြိုက်ပဲ"

" ကျွန်တော့်အတွက်ကတော့ အမုန်းဆုံးဟင်းပါပဲ " ဟုဂေါဂင်ကရှုံ့မဲ့ပြီးပြောသည်။ " ကျွန်တော်တို့လက်ထဲမှာ ဝယ်စားဖို့ ငွေမရှိတာ ဝမ်းသာသဗျာ"

သူတို့သည် လမ်းအတိုင်း အောက်ဖက်သို့ဆင်းကာ တောင်ကုန်းခြေရင်းရှိတြိဂံပုံပန်းခြံကလေးအတွင်းသို့ ဝင်ခဲ့ကြသည်။

" ဟား. . . ဟိုခုံတန်းပေါ်မှာ အိပ်နေတာ၊ ပေါလ်စေဇန်းပါလား " ဟုဂေါဂင်ကရေရွတ်သည်။ " ဒီအရူးက သူ့ရှူးဖိနပ်တွေကို ခေါင်းအုံးပြီးအိပ်နေသကိုး၊ ဒီအချက်ကတော့ သူကကျွန်တော့်ကို ကျော်သွားပြီ၊ လာဗျာ ဒီကောင်ကြီးကိုသွားနှိုးကြမယ် "

ဂေါဂင်သည် သူ့ခါးပတ်ကိုချွတ်၍ နှစ်ခေါက်ခေါက်လိုက်ပြီး အိပ်ပျော်နေသူ၏ ခြေဖဝါးကို ပိတ်ရိုက်လိုက်သည်။ စေဇန်းသည် နာကျင်စွာအော်လိုက်ပြီးခုံတန်းပေါ်မှ ခုန်ဆင်းလာသည်။

" ဟေ့. . . ဂေါဂင် သောက်ရူး။ ဒါ နင့်ပြက်လုံးလား၊ တစ်နေ့ကျရင် ငါ မင်းခေါင်းကို ရိုက်ခဲ့မိတော့မယ် "

" ခင်ဗျားရဲ့ ခြေထောက်တွေကို လူမြင်ကွင်းမှာ ဖော်ထားလို့ အပြစ်ပေးတာ ကိုယ့်လူ၊ ခင်ဗျားတော်တော်ဆိုးတဲ့လူပဲ၊ ဒီလောက်ညစ်ပတ်ပေရေနေတဲ့ ရှူးဖိနပ်ကြီးကို ခေါင်းအုံးပြီးအိပ်တာ ဘယ်လိုကြောင့်လဲ၊ ဒါကြီးတွေကို ခေါင်းအုံးမယ့်အစား ဒီအတိုင်းအိပ်တာကမှ ကောင်းဦးမယ် "

စေဇန်းသည် သူ့ခြေဖဝါးများကို ပွတ်သတ်ပြီး ရှူးဖိနပ်များကိုပြန်စီးသည်။ " ကျွန်တော်ဒီဖိနပ်တွေကို ခေါင်းအုံးအဖြစ်သုံးတာ မဟုတ်ဘူး " ဟုပြောသည်။ " ဖိနပ်တွေကို ကျွန်တော့်ခေါင်းအောက်မှာ ထားပြီးအိပ်တာ ကျွန်တော်အိပ်နေတုန်း ဖိနပ်တွေ အခိုးခံရမှာကြောက်လို့ဗျ "

ဂေါဂင်ကဗင်းဆင့်အား လှည့်ကြည့်သည်။ " သူစကားပြောပုံကို နားထောင်ရင်တော့ ခင်ဗျား သူ့ကို ငတ်ပြတ်နေတဲ့ ပန်းချီဆရာတစ်ယောက်လို့ထင်မှာသေချာတယ်၊ ဒါပေမယ့် သူ့အဖေက ဘဏ်လုပ်ငန်းရှင်ကြီးတစ်ယောက်၊ အက်စ်ဇင်းပြည်နယ်ရဲ့ မြေတစ်ဝက်လောက်ကိုပိုင်တဲ့ မြေပိုင်ရှင်ကြီး တစ်ယောက်ဗျ၊ ဒီမယ်. . . ပေါလ်၊ ဒါ သီအိုရဲ့အစ်ကို ဗင်းဆင့်ဗင်ဂိုး "

စေဇန်းနှင့် ဗင်းဆင့်တို့သည် လက်ဆွဲနှုတ်ဆက်ကြသည်။

" လွန်ခဲ့တဲ့ နာရီဝက်လောက်က ခင်ဗျားနဲ့မတွေ့ရတာ သိပ်ကိုနာတာပဲ စေဇန်း" ဟုဂေါဂင်ကပြောသည်။ " အဲဒီအချိန်ကသာတွေ့ရင် အခုလောက်ဆို

ကျွန်တော်တို့သုံးယောက် ညစာစားနေရမှာ။ ဘာတေလီဆိုင်မှာ နွားကလေးသားဟင်း ရမယ်တဲ့ဗျ ”

“ သိပ်ကောင်းတဲ့ ဟင်းပါလား ” ဟု စေဇန်းက ရေရွတ်သည်။

“ ဟုတ်တယ်၊ သိပ်ကောင်းတယ်၊ သိပ်ကိုအရသာရှိတယ်. . . နော် ဗင်းဆင့် ”

“ သိပ်ကိုအရသာရှိတာပေါ့ ဗျာ. . . ”

“ ဒီလိုဆိုရင်တော့ ကျွန်တော်သွားပြီးစားမှဖြစ်မယ်၊ ခင်ဗျားတို့ကော ကျွန်တော်နဲ့လိုက်စားကြပါလား၊ လိုက်ကြမယ်မဟုတ်လား ”

“ ကျွန်တော်ကတော့ လိုက်စားနိုင်ပါ့မလားမသိဘူး၊ ခင်ဗျားကော လိုက်စားနိုင်မလား ဗင်းဆင့် ”

“ လိုက်မှလိုက်နိုင်ပါ့မလား မသိဘူး၊ ဒါပေမယ့် မွန်ဆီယာ စေဇန်းကဇွတ်အတင်းခေါ်ရင်တော့ ”

“ စိတ်ကိုကောင်းကောင်းထားစမ်းပါ ဂေါ်ဂင်ရယ်၊ ကျွန်တော်က အစားစားရင် တစ်ယောက်တည်းမစားတတ်ဘူးဆိုတာ ခင်ဗျားသိနေသားနဲ့ ”

“ ကဲပါလေ. . . ဒီလိုဆိုလဲ. . . အင်း. . . ဒီလောက်တောင်ဇွတ်ခေါ်နေမှတော့၊ လိုက်ရတော့မှာပေါ့. . . လာဗျာ ဗင်းဆင့် ”

သူတို့သည် ဘာတေလီ၏စားသောက်ဆိုင်သို့ ပြန်လှည့်လာခဲ့ကြသည်။ ဆိုင်မှစားပွဲထိုးက သူတို့အား ဆီးကြိုနှုတ်ဆက်ကာ သူတို့မှာသည့် အစားအစာများနှင့် ဝိုင်အရက်ပုလင်းကိုချပေးသည်။ ဂေါ်ဂင်သည် ညစာကိုအငမ်းမရစားသောက်နေရင်းက “ ဒါနဲ့စကားမစပ် မေးရဦးမယ် ” ဟု ပြောသည်။ “ ဇိုလာရဲ့ အယ်လ်ဩရီဗရီး စာအုပ် အတော်ရောင်းရတယ်လို့ကြားတယ်၊ ဟုတ်လားပေါလ်”

စေဇန်းသည် ဂေါ်ဂင်အားမျက်စောင်းတစ်ချက်ထိုးကြည့်ကာ စားလက်စပန်းကန်ကို ဘေးတစ်ဖက်သို့ တွန်းပစ်လိုက်ပြီး ဗင်းဆင့်ဖက်လှည့်ကြည့်သည်။

“ အဲဒီစာအုပ်ကို မွန်စီယာဗင်ဂိုးဖတ်ပြီးပြီလား ”

“ မဖတ်ရသေးဘူး၊ သူ့ဝတ္ထု ဂျာမီနယ်လ် ကိုတော့ ဖတ်ပြီးပြီ ”

အယ်လ်ဩရီဗရီး စာအုပ်ဟာ အတော်ကိုဆိုးတဲ့စာအုပ်ဗျ ဟု စေဇန်းကပြောသည်။ “ မမှန်မကန်လုပ်ကြံဇာတ်ခင်းပြီး ရေးထားတဲ့စာအုပ် တစ်အုပ်ပေါ့။ မိတ်ဆွေချင်း သစ္စာဖောက်ပြီးရေးထားတဲ့ စာအုပ်လို့ဆိုရင်လည်းရတယ်၊ ဇာတ်ကပန်းခြံဆရာတစ်ယောက်အကြောင်း ရေးထားတာ၊ ကျွန်တော့် အကြောင်းပဲဆိုပါတော့ဗျာ၊ အင်မလီဇိုလာက ကျွန်တော့်သူငယ်ချင်း၊ ကျွန်တော်တို့ဟာ တမြေ

ထဲနေ တစ်ရေထဲသောက်ပြီးကြီးပြင်းလာခဲ့ကြတာပါ။ ကျောင်းနေတော့လဲ အတူတူပဲ၊ ကျွန်တော်ပါရှိမြို့ကိုရောက်လာတာဟာလဲသူဒီမှာရှိနေလို့ရောက်လာတာပါ။ သူနဲ့ကျွန်တော်ဟာ ညီအစ်ကိုတွေထက်တောင် ချစ်ကြပါတယ်၊ ငယ်ငယ်ကတည်းက ငါတို့ကြီးလာရင် ဘာလုပ်ကြမလဲဆိုတာ တိုင်ပင်လာ ခဲ့ကြတာပါ။ နှစ်ယောက်စလုံး ပန်းချီဆရာအကျော်အမော်တွေဖြစ်အောင် ကြိုးစားမယ်လို့ ဆုံးဖြတ်ခဲ့ကြပါတယ်၊ အခုတော့ သူကဒီဝတ္ထုရေးပြီး ကျွန်တော့်ကို ဒုက္ခပေးတယ်”

“ သူကခင်ဗျားကို ဘယ်လိုဒုက္ခတွေပေးတာလဲ ” ဟု ဗင်းဆင့်ကမေးသည်။

“ ကျွန်တော့်ကို လှောင်တယ်၊ ပြောင်တယ်၊ သရော်တယ်။ ပါရီတစ်မြို့လုံးကကြည့်ပြီး အရယ်ခံရတဲ့လူတစ်ယောက်ဖြစ်သွားအောင် လုပ်တယ်၊ ကျွန်တော်ကသူ့ကို အလင်းရောင်နဲ့ ပတ်သက်တဲ့ သီအိုရီတွေ၊ အပေါ်ယံအသွင်အပြင်အောက်မှာရှိနေတဲ့ အစိုင်အခဲတွေနဲ့ ပတ်သက်တဲ့ ကျွန်တော့်အမြင်တွေကို နေ့တိုင်းလိုလိုပြောပြခဲ့ဖူးတယ်၊ သူကနားထောင်တယ်၊ အားပေးအားမြှောက်လုပ်တယ်၊ အမှန်ကတော့ စာအုပ်တစ်အုပ်ရေးဖို့အတွက် ကျွန်တော့်ဆီက ရသမျှအချက်အလက်တွေ စုဆောင်းနေတာ၊ ပြီးတော့မှ ကျွန်တော့်ကို အရှုးတစ်ကောင်လုပ်တော့တာကိုး ”

စေဇန်းသည် ဝိုင်ခွက်ကိုယူ၍ မော့ချလိုက်ပြီး ဗင်းဆင့်အားစိုက်ကြည့်နေသည်။ သူ့မျက်လုံးအစုံသည် ပြင်းထန်သော နာကျည်းမှုနှင့် မုန်းတီးမှုများကိုဖော်ပြနေကြသည်။ သူသည် သူ၏ရင်တွင်းခံစားချက်များကို ဆက်လက်၍ဖော်ထုတ်နေသည်။

“ ဇိုလာက အဲဒီစာအုပ်ထဲမှာ ကျွန်တော့်တို့သုံးယောက်ကို ပေါင်းစပ်ပြီးရေးထားတာ။ ကျွန်တော်ရယ်၊ ဘာဇိလီရယ်၊ မာနက်ရဲ့ စတူဒီယိုခန်းမှာ တံမြက်စည်းလှဲတဲ့ကောင်လေးရယ်၊ အဲဒီသုံးယောက်ကို ရေးဖွဲ့ထားတာ။ ကောင်လေးက ပန်းချီပညာကို သိပ်တတ်ချင်တဲ့ကောင်လေးပါ၊ အလားအလာလဲရှိတယ်၊ နောက်ဆုံးမှာ သူဟာစိတ်ဓာတ်ကျပြီး ကြိုးဆွဲချသေသွားတယ်။

“ ဇိုလာက ကျွန်တော့်ကို စိတ်ကူးယဉ်သမားတစ်ယောက်အဖြစ်ရေးထားတယ်၊ သူ့ကိုယ်သူ ပန်းချီပညာနယ်ပယ်မှာ တော်လှန်ရေးအမြင်ရှိတဲ့လူလို့ထင်ပြီးဘဝင်မြင့်နေတဲ့ လူတစ်ယောက်အဖြစ်ရေးထားတာ၊ တကယ်တန်းကျတော့ပန်းချီကို စနစ်တကျရေးဆွဲနိုင်တဲ့ အစွမ်းအစမရှိဘူးလို့ရေးထားတယ်၊ သူကကျွန်တော့်ကို နောက်ဆုံးမှာ ကြိုးဆွဲချပြီး သတ်သေသွားတဲ့လူအဖြစ် ဖော်ပြထား

တယ်။ ကျွန်တော်ဟာ ကျွန်တော့်ကိုယ် ကျွန်တော်ပါရမီရှိတယ်လို့ ထင်နေပေမယ့် အမှန်စင်စစ်က ပါရမီရှိတာမဟုတ်ဘူး၊ အရှုးတွေး တွေးနေတဲ့စိတ်ကူးယဉ်သမား တစ်ယောက်တဲ့၊ သူကကျွန်တော့်ကို ဆန့်ကျင်တဲ့ ပန်းချီဆရာဇာတ်ကောင်တစ် ကောင်ကိုလဲ ဖန်တီးထားသေးဟယ်၊ အဲဒီလူက သိပ်ကိုနာမည်ကြီးတဲ့ ပန်းချီ ဆရာတစ်ယောက်ဖြစ်သွားတယ်၊ အဲဒါသူဇာတ်လမ်းပဲ ”

“ ဒါဆိုရင်တော့ ဇာတ်လမ်းကမဆိုးပါဘူး၊ ကောင်းသားပဲ ” ဟု ဂေါဂင် ကပြောသည်။ “ ခင်ဗျား စဉ်းစားကြည့်ပါ၊ ဇိုလာဟာ ပန်းချီပညာမှာ တော်လှန် ရေးအမြင်ရှိတဲ့ မာနက်ကို ပထမဆုံးထောက်ခံခဲ့တဲ့လူပါ၊ အင်ပရက်ရှင်းနစ္စ တွေကိုထောက်ခံအားပေးတဲ့နေရာမှာလဲ သူဟာရှေ့ဆုံးကနေခဲ့တဲ့လူပါ ”

“ မှန်ပါတယ်၊ သူက. . . ရှေးဟောင်းစနစ်နဲ့ ရေးဆွဲနေတဲ့ပန်းချီဆရာ တွေကို ရှုတ်ချခဲ့တဲ့ မာနက်ကို ကိုးကွယ်ခဲ့တဲ့လူပဲ၊ ဒါပေမယ့် ကျွန်တော်က အင်ပရက်ရှင်းနစ္စတွေရဲ့ အယူအဆကို ကျော်သွားတဲ့အခါကျတော့ ကျွန်တော့်ကို အရှုးလို့ နာမည်ပေးခဲ့တယ် မဟုတ်လား၊ ဇိုလာဟာ ဉာဏ်ရည်ဉာဏ်သွေး အသင့်တင့်သာရှိတဲ့လူပါ၊ အပေါင်းအသင်းအဖြစ်တွက်ရင် ရွံရှာစက်ဆုပ်ဖို့ သိပ်ကောင်းတဲ့လူပါ၊ ကျွန်တော် သူ့အိမ်ကိုအလည်မသွားဖို့ ဆုံးဖြတ်ခဲ့တာ အတော့်ကိုကြာခဲ့ပြီ ”

“ ဒီလူက နေတာထိုင်တာလဲ လူလတ်တန်းစားဥဉ်အတိုင်းနေတာ၊ သူ့အိမ်ကကြမ်းတွေပေါ်မှာ ခင်းထားတဲ့ ကော်ဇောတွေကိုကြည့်၊ သိပ်ကိုအဖိုး တန်တဲ့ကော်ဇောတွေဗျ၊ ဟား. . . သူနဲ့မာနက်က လူလတ်တန်းစားဥဉ်သိပ် ရှိတဲ့လူတွေပါဗျာ. . . ဒါကြောင့်မို့လဲ သူတို့ချင်းအဆင်ပြေနေတာပေါ့. . . ၊ ကျွန်တော့်ကိုတော့ တစ်မြို့တည်းသားချင်းဆိုတော့ အထင်မကြီးဘူးပေါ့လေ၊ ပြီးတော့ သူက ကျွန်တော့်ကို ကလေးဘဝကတည်းက သိကျွမ်းလာတာဆိုတော့ ကျွန်တော် ဟာထူးခြားတဲ့ ပန်းချီကားတွေကို ဆွဲနိုင်မှာ မဟုတ်ဘူးလို့ ထင်နေတာ ”

“ ကျွန်တော်ကြားဖူးခဲ့တာကတော့ လွန်ခဲ့တဲ့နှစ်အနည်းငယ်တုန်းက ရိုဖြူးစီး ခန်းမမှာ ခင်ဗျားရဲ့ ပန်းချီကားတွေကို တင်ပြီးပြခဲ့တယ်တဲ့၊ အဲဒီတုန်းက ဇိုလာက ခင်ဗျားအတွက် လက်ကမ်းကြော်ငြာလေးတစ်စောင်ရေးပေးခဲ့တယ်တဲ့၊ အဲဒီကိစ္စက နောက်ပိုင်းမှာ ဘယ်လိုဖြစ်ကုန်တာလဲ ”

“ သူကပုံနှိပ်တိုက်ကိုပို့ခါနီးကျမှ စာရွက်ကိုဆွဲဆုတ်ပစ်တယ် ဂေါဂင်ရ ”

“ ဘာပြုလို့ဆွဲဆုတ်ပစ်ရတာလဲ ” ဟု ဗင်းဆင့်ကကြားဖြတ်မေးသည်။

“ ဇိုလာနဲ့ ကျွန်တော်ဟာ ငယ်သူငယ်ချင်းတွေဖြစ်နေလို့ ဒီလက်ကမ်း

ကြော်ငြာကို ရေးပေးတာလို့ ဝေဖန်ရေးဆရာတွေက စွပ်စွဲမှာကြောက်လို့ သူဆုတ်ပစ်ရတာလို့ ပြောတာပဲ၊ အမှန်က အဲဒီကြော်ငြာကိုသာ ပုံနှိပ်ပြီး ဖြန့်ဝေဖြစ်ခဲ့ရင် ကျွန်တော့်နာမည်ဟာ ထင်ရှားခိုင်မာလာမှာ သေချာတယ်၊ အခုတော့ သူက အယ်လ်ဩရီဗရီး ဝတ္ထုရေးပြီးကျွန်တော့်ကို နာမည်ပျက်အောင်အပုပ်ချလိုက်တယ်၊ မိတ်ဆွေချင်းမို့ ဒုက္ခပေးလိုက်တာပေါ့ဗျာ ”

“ အဲဒီတုန်းကပြပွဲမှာ တင်ထားတဲ့ပန်းချီကားတွေကို ကြည့်ပြီးလူတစ်ရာမှာကိုးဆယ့်ကိုးယောက် သရော်ကြတယ်၊ ပြောင်ကြတယ်၊ ရယ်ကြတယ်။ ဒူးရင့်ရူအဲလ်က ဒီဂတ်စ်၊ မိုနက်နဲ့ ကျွန်တော့်မိတ်ဆွေ ဂိွလာမင်းတို့ရဲ့ ပန်းချီကားတွေကိုပြခန်းတင်တော့ ကျွန်တော့်ကိုဝိုင်းပယ်ထားခဲ့ကြတယ်။ ကျွန်တော့်ကားတွေတင်ဖို့အတွက် နှစ်လက်မစာ နေရာတောင် မပေးဘူး ”

“ ရှင်းရှင်းပြောရရင် ခင်ဗျားရဲ့ညီ သီအိုကတောင်မှ ကျွန်တော့်ကားတွေကိုမတင်ရဲဘူး၊ ပါရီမှာ ကျွန်တော့် ပန်းချီကားကို တင်ရဲတဲ့လူဆိုလို့ ပီရီတန်ဂိုင်းတစ်ယောက်ပဲရှိတယ်၊ သူ့ခမြာလဲ ကားတွေကို တင်သာတင်ထားတာ၊ တစ်ကားမှ မရောင်းရဘူး ”

“ ပုလင်းထဲမှာ ဝိုင်လက်ကျန်ရှိသေးလား စေဇန်း ” ဟုဂေါဂင်ကမေးသည်။ စေဇန်းက ဝိုင်ပုလင်းကို ယူပေးသည်။ “ ကျေးဇူးကမ္ဘာပဲ စေဇန်း ”

“ ကျွန်တော်ကတော့ ပါရီကို စိတ်ကုန်သွားပြီ၊ ကျွန်တော့်မွေးဇာတိအက်ဂ်စ် မြို့ကိုပြန်နေတော့မယ်လို့ ဆုံးဖြတ်လိုက်ပြီ၊ ဟိုမှာက တောပိုင်းတစ်ပိုင်းလုံးကို မြင်နေရတဲ့ တောင်ကုန်းလေးရှိတယ်။ နေရောင်ကိုလည်း ကောင်းကောင်းရတယ်၊ အဲဒီတောင်ကုန်းထိပ်နားမှာထင်းရှူးပင်တွေဖုံးနေတဲ့မြေတစ်ကွက်ရှိတယ်၊ ရောင်းမယ်လို့ သိရတယ်၊ ကျွန်တော်အဲဒီမြေကိုဝယ်ပြီး စတူဒီယိုဆောက်မယ်။ ပန်းသီးခြံတစ်ခု ဖြစ်လာအောင်စိုက်မယ်။ ကျွန်တော့်မြေကို အုတ်တံတိုင်းအလုံကာထားမယ်၊ ဘယ်သူနဲ့မှ အဆက်အသွယ်မလုပ်တော့ဘူး၊ ကျွန်တော့်မြေထဲကို ဘယ်သူမှမဝင်နိုင်အောင် အုတ်တံတိုင်းပေါ်မှာ ပုလင်းကွဲတွေစိုက်ထားမယ်”

“ကဲ. . . ကိုယ်လူတို့ ဘာတီနော်လက်စ်ကဖီးကိုသွားကြစို့၊ အခုလောက်ဆိုရင် လူစုံတက်စုံဖြစ်နေလောက်ပြီ ” ဟု ဂေါဂင်ကပြောသည်။

(၈)

ဂေါဂင်ထင်ထားသည့်အတိုင်း ဆိုင်ထဲတွင် လူစုံနေပြီ။ လော့ထ်ရက်၏ ရှေ့မှ ထပ်ထားသော ပန်းကန်ပြားများသည် သူ၏မေးစေ့နှင့် ထိလုထိခင်ဖြစ်နေပြီ၊ ဂျော့ဆူးရက်သည် ပန်းချီဆရာ အန်ကွက်တင်နှင့် စကားလက်ဆုံကျနေသည်။ အန်ကွက်တင်သည် ပိန်ပိန်ရှည်ရှည် လူတစ်ယောက်ဖြစ်သည်။ သူသည် အင်ပရက်ရှင်းနစ္စ ပန်းချီရေးဆွဲနည်းကို ဂျပန်ပန်းချီပညာနှင့် ပေါင်းစပ်ပေးရန် အားထုတ်နေသူဖြစ်၏။ ဟင်နရီရူဆိုးကတော့ သူ့အိတ်ကပ်ထဲမှ မုန့်များကိုထုတ်ကာ ကော်ဖီနှင့် တို့၍တို့၍ စားနေသည်။ သီအိုမှာမူ ပါရီသား ခေတ်သစ်ပန်းချီဝေဖန်ရေးဆရာနှစ်ဦးနှင့် ပန်းချီလောကအကြောင်းကို ဝေဖန်ဆွေးနွေးလျက်ရှိလေသည်။

ဘာတီနော်လက်စ်သည် တစ်ချိန်ကမြို့ဆင်ခြေဖုံးရှိ ကလီချိလမ်း၏ အဝင်အဝ၌ တည်ရှိခဲ့သည်။ ထိုစဉ်က ဤနေရာသည် ပန်းချီဆရာအက်ဒွပ်မာနက်ကျက်စားရာ နေရာတစ်ခုဖြစ်ခဲ့၏။ သူမကွယ်လွန်မီအချိန်ထိ ဤနေရာသည် သီတင်းတစ်ပတ်လျှင် နှစ်ကြိမ်မျှပန်းချီဆရာများ စုရုံးသည့် ဆုံစည်းရာ နေရာတစ်ခုဖြစ်ခဲ့၏။ လက်ဂရော့စ်၊ ဖန်တင်- လက်တိုဝါ၊ ကောဘက်၊ ရီနိုယာနှင့် အခြား ပန်းချီဆရာ အတော်များများသည် ဤနေရာ၌ဆုံကာ ပန်းချီပညာဆိုင်ရာ သဘောတရားများကို ထုတ်ခဲ့ကြသည်။ ယခုအခါတွင်မူ ဤနေရာသည် မျိုးဆက်သစ်လူငယ်ပန်းချီဆရာများ ဆက်ခံကျက်စားရာ နေရာတစ်ခုဖြစ်နေခဲ့လေပြီ။

စေဇန်းသည် စာရေးဆရာ အင်မလီဇိုလာကို မြင်သည်။ သူသည် ဇိုလာနှင့် အဝေးဆုံးသောစားပွဲသို့သွားထိုင်ကာ ကော်ဖီတစ်ခွက် မှာသောက်နေသည်။ သူသည် မည်သူနှင့်မျှရောနှောခြင်းမရှိပဲတစ်ယောက်တည်းဖြစ်လျက်ရှိ၏။ ဂေါဂင်သည် ဗင်းဆင့်အားဇိုလာနှင့် မိတ်ဆက်ပေးအပြီးတွင် လော့ထ်ရက်ဘေးမှ ကုလားထိုင်၌ ဝင်ထိုင်သည်။ ဇိုလာနှင့် ဗင်းဆင့်မှာ နှစ်ယောက်တည်းစားပွဲ၌ ကျန်နေခဲ့လေ၏။

" ခင်ဗျားကို ပေါလ်စေဇန်းနဲ့အတူတွဲပြီးဝင်လာတာမြင်လိုက်တယ်၊ စေဇန်းက ခင်ဗျားကို ကျွန်တော့်အကြောင်းမပြောဘူးလား ဗင်းဆင့် " ဟု ဇိုလာကမေးသည်။

" ဟုတ်တယ်. . . ပြောတယ် "

" ဘာပြောလဲ "

" ခင်ဗျားရေးလိုက်တဲ့ စာအုပ်ကြောင့် သူခင်ဗျားကို စိတ်နာနေတယ်" ဇိုလာက သက်ပြင်းချသည်။

" ပေါလ်စေဇန်းအကြောင်းတွေပါတဲ့ အဲဒီဝတ္ထုကိုရေးရတဲ့အတွက် ကျွန်တော့်မှာလဲအများကြီးကို စိတ်ထိခိုက်ခဲ့ရပါတယ်. . . ဒါပေမယ့်လဲ ရေးထားသမျှအားလုံးဟာ အမှန်တွေချည်းပဲ၊ ခင်ဗျားလည်း ပန်းချီဆရာတစ်ယောက်ပါ။ ခင်ဗျားအနေနဲ့ ခင်ဗျားသူငယ်ချင်းတစ်ယောက်ရဲ့ပုံတူ ပန်းချီကားကိုဆွဲတဲ့အခါမှာ. . . ပန်းချီကားကိုမြင်ရင် ခင်ဗျားသူငယ်ချင်း စိတ်မချမ်းသာဖြစ်မှာကြောက်လို့ဆိုပြီးမမှန်မကန်ဆွဲမလား၊ ခင်ဗျားဘယ်ဆွဲမလဲ. . . ။

" ပေါလ်ဟာ သိပ်ကိုတော်တဲ့လူပါ၊ သူဟာနှစ်ပေါင်းများစွာ ကျွန်တော်ရဲ့ သူငယ်ချင်းဖြစ်ခဲ့ဖူးပါတယ်၊ ဒါပေမယ့် သူဆွဲတဲ့ပန်းချီတွေကျတော့ အလွန်ကို ရယ်စရာကောင်းနေတယ်၊ ကျွန်တော့်အိမ်ဟာ အင်မတန်မှ လွတ်လပ်တဲ့အိမ်ပါမွန်စီယာဗင်းဆင့်။ ဒါပေမယ့် သူငယ်ချင်းတွေ အိမ်လာတိုင်း သူပန်းချီကားတွေကို ဘီရိုထဲထည့်ပြီး သော့ခတ်ထားရတယ်၊ ဘာကြောင့်လဲသိလား. . . သူငယ်ချင်းတွေကကြည့်ပြီးလှောင်ကြပြောင်ကြမှာ ကြောက်လို့ဗျ. . . "

"ဒါပေမယ့်ဗျာ၊ သူ့လက်ရာအားလုံးဟာ အဆိုးကြီးတော့ မဟုတ်ပါဘူး"

" အလွန်အလွန်ဆိုးပါတယ် ဗင်းဆင့်ရာ. . . ခင်ဗျားမမြင်ဖူးသေးဘူးထင်တယ်၊သူဆွဲတာက အသက်ငါးနှစ်သား ကလေးတစ်ယောက်ဆွဲထားသလိုပဲ၊ ကျွန်တော်ကတော့ ဒီလူရူးနေပြီလို့ထင်တာပဲ "

" ဂေါ်ဂင်ကတော့ သူ့ကိုလေးစားသားပဲ "

" စေဇန်းအနေနဲ့ အခုလိုစိတ်ကူးနဲ့ရူးပြီးအချိန်တွေဖြုန်းနေတာမြင်ရတော့ ကျွန်တော်စိတ်မကောင်းဖြစ်ရတယ်" ဟု ဇိုလာကဆက်ပြောသည်။ "အမှန်တော့ ဒီလူဟာ အက်ဂ်စ်ကိုပြန်သွားပြီး သူ့အဖေရဲ့ ဘဏ်လုပ်ငန်းကို ဆက်ခံသင့်တယ်၊ အဲဒီလုပ်ငန်းကိုသာ လုပ်ရင်သူဘဝတိုးတက်လာမှာ အမှန်ပဲ၊ အခုပုံအတိုင်းသွားနေလို့ကတော့ တစ်နေ့ကျရင် ဒီလူ သူ့ကိုယ်သူ ကြိုးဆွဲချပြီးသေတော့မှာ။ ကျွန်တော်ရေးခဲ့တဲ့ အယ်လ်ဩရီဗရီး ဝတ္ထုထဲကအတိုင်းဖြစ်လာမှာမလွဲဘူး၊ ခင်ဗျားအဲဒီ စာအုပ်ကို ဖတ်ပြီးပြီလား. . . မွန်စီယာ "

" မဖတ်ရသေးဘူး၊ ကျွန်တော် ဂျာမိနယ်လ် ကိုတော့ ဖတ်ပြီးပြီ "

" ဒါဆိုရင် အဲဒီစာအုပ်အပေါ်မှာ ခင်ဗျားဘယ်လိုမြင်ပါသလဲ မွန်စီယာ "

" ဘောလ်ဇက်ရဲ့ နောက်မှာ အကောင်းဆုံးဝတ္ထုတစ်ပုဒ်လို့ထင်တာပဲ"

" ဟုတ်ပါတယ်၊ အဲဒီစာအုပ်ဟာ ကျွန်တော့်ရဲ့အထူးခြားအပြောင်မြောက်ဆုံးလက်ရာပါ၊ ဒီစာအုပ်အတွက် စာမူခလဲ အတော်များများရခဲ့ပါတယ်။ အခုလောက်ဆိုရင် အဲဒီစာအုပ်ဟာ အုပ်ရေခြောက်သောင်းကျော်ရောင်းခဲ့ရပြီးပြီ၊ ကျွန်တော့်ဝင်ငွေဟာ အခုလောက်တစ်ခါမှ မကောင်းခဲ့ဖူးသေးဘူး၊ မီဒန်မှာရှိတဲ့ ကျွန်တော့်အိမ်ကို အဆောင်သစ်တစ်ဆောင်ချဲ့ဖို့တောင် စီစဉ်ထားပြီးပြီ။ ဒီစာအုပ်ကြောင့် ပြင်သစ်နိုင်ငံရဲ့ သတ္ထုတွင်းနယ်မြေတွေထဲမှာ အလုပ်သမားသပိတ်တွေလေးခုတောင်ပေါ်လာခဲ့တယ်၊ ဂျာမီနယ်လ် ဝတ္ထုဟာတော်လှန်ရေးကြီးတစ်ခုကိုပေါက်ဖွားစေလိမ့်မယ်လို့ ထင်တယ်၊ ပေါက်ဖွားလာရင်တော့ အရင်းရှင်စနစ်ကြီးကို ဂွတ်ဘိုင်လို့နှုတ်ဆက်ရတော့မှာမလွဲဘူး၊ ခင်ဗျားကော ဘယ်လိုကားမျိုးတွေဆွဲပါသလဲ မွန်စီယာ၊ အော်. . . ဒါနဲ့. . . ခင်ဗျားရဲ့နာမည်အပြည့်အစုံက. . . "

" ဗင်းဆင့်ဗင်ဂိုးပါ. . . သီအိုဗင်ဂိုးက ကျွန်တော့်ညီပါ "

ဇိုလာသည် သူ့လက်ထဲ၌ကိုင်ထားသည့် ခဲတံကိုစားပွဲပေါ်ချလိုက်ပြီး ဗင်းဆင့်အား အံ့အားသင့်သွားဟန်ဖြင့် ကြည့်နေသည်။ " တော်တော်ထူးဆန်းတာပဲ " ဟုလည်းရေရွတ်သည်။

" ဘာထူးဆန်းတာလဲ "

" ခင်ဗျားရဲ့ နာမည်ပေါ့၊ ဒီနာမည်ကို တစ်နေရာမှာ ကျွန်တော်ကြားခဲ့ဖူးတယ် "

" ဟုတ်မှာပေါ့၊ သီအိုဆီက ကြားဖူးတာဖြစ်မှာပါ "

"မဟုတ်ဘူး၊ သူကပြောတော့ပြောမယ်. . . ဒါပေမယ့်. . . ခဏနေဦး၊ ဒီနာမည်ကို. . . ဒါနဲ့ ခင်ဗျားသတ္ထုတွင်း ဒေသတွေထဲမှာ နေခဲ့ဖူးသလား"

" နေခဲ့ဖူးတယ်၊ ကျွန်တော်ဘယ်လ်ဂျီယံက ဘိုရင်းနိတ်ဒေသမှာ နှစ်နှစ်လောက်နေခဲ့ဖူးပါတယ် "

" ဘိုရင်းနိတ်. . . ဟုတ်ဇလား"

ဇိုလာ၏ပြုံးနေသော မျက်လုံးများသည် ပို၍ပြုံးလာသည်။ " ဒါဆိုရင်တော့ ခင်ဗျားဟာ ဒုတိယခရစ်တော်ပဲ " ဟုရေရွတ်သည်။

ဗင်းဆင့်၏ မျက်နှာသည် နီရဲသွားသည်။ " ခင်ဗျားပြောတာ ဘာအဓိပ္ပာယ်လဲ " ဟုမေးသည်။

"ကျွန်တော် ဘိုရင်းနိတ်မှာ သီတင်းနှစ်ပတ်နေခဲ့ဖူးတယ်၊ ဂျာမီနယ်လ် ဝတ္ထုအတွက် အချက်အလက်သွားရှာတာ၊ အဲဒီတုန်းက အလုပ်သမားတွေကြား

မှာအလုပ်လုပ်သွားခဲ့တဲ့ ခရစ်တော်နဲ့တူတဲ့လူတစ်ယောက်အကြောင်းကို အလုပ်သမားတွေက ပြောပြခဲ့ကြတယ် ”

“ တိုးတိုးပြောဖို့တောင်းပန်ပါတယ် မွန်စီယာ ဇိုလာ ”

“ ဟာ. . . မရှက်ပါနဲ့ ဗင်းဆင့်ရယ် ” ဟုဇိုလာကပြောသည်။ “ခင်ဗျားအဲဒီနယ်မှာ လုပ်ခဲ့သမျှတွေဟာ သိပ်ကိုမြင့်မြတ်ပြီးတန်ဖိုးရှိတဲ့ အလုပ်တွေပါ။ ခင်ဗျားဘိုရင်းနိတ်မှာနေခဲ့တာ နှစ်နှစ်ပဲ၊ အဲဒီကာလအတွင်းမှာ ခင်ဗျားစားမယ့် အစားအစာ၊ ခင်ဗျားသုံးမယ့်ငွေနဲ့ ခင်ဗျားဝတ်မယ့် အဝတ်တွေကို အလုပ်သမားတွေကိုပေးပစ်ခဲ့တယ်။ ခင်ဗျားဖာသာ ခင်ဗျားကျတော့ သေလုမတတ်အဆင်းရဲခံခဲ့တယ်။ အဲသလောက်လုပ်ခဲ့တဲ့အတွက် ခင်ဗျားမှာ ဘာများရခဲ့သလဲ၊ ဘာမှမရခဲ့ဘူး၊ မရခဲ့ရုံတင်မကဘူး သူတို့က ခင်ဗျားကိုအရှုံးလို့အမည်တပ်ပြီး သူတို့ဘာသာရေးအဖွဲ့.အစည်းထဲက ထုတ်ပယ်ပစ်ခဲ့တယ်၊ ခင်ဗျားထွက်လာတော့ အလုပ်သမား တွေရဲ့အခြေအနေဘယ်လိုရှိသလဲ၊ ပိုကောင်းလာတာလဲ မရှိဘူး”

“ ပိုတောင်ဆိုးသွားတယ် ”

“ ဘာပဲဖြစ်ဖြစ်ဗျာ၊ ဘယ်လ်ဂျီယံနိုင်ငံနဲ့ ပြင်သစ်နိုင်ငံမှာရှိနေတဲ့ အလုပ်သမားတွေထဲက စာဖတ်တတ်သူတိုင်းဟာ ကျွန်တော့် ဝတ္ထု ဂျာမီနယ်လ်ကိုဖတ်ပြီးကုန်ပြီ၊ စာဖတ်တတ်တဲ့လူတွေက စာမဖတ်တတ်တဲ့လူတွေကို ဖတ်ပြနေကြပြီ၊ အခုဆိုရင် သပိတ်မှောက်ပွဲလေးပွဲဖြစ်နေပြီ၊ နောက်ထပ် ဒါဇင်ပေါင်းများစွာ လာဦးမှာသေချာတယ်၊ ကျွန်တော့်ရဲ့ ဂျာမီနယ်ယ်ဟာ လူ့အဖွဲ့အစည်းသစ်တစ်ခုကို တည်ထောင်ပေးမှာ မလွဲဘူး။ ခင်ဗျားရဲ့ ဘာသာတရားက လုပ်နိုင်စွမ်းမရှိတဲ့ အရာကို ကျွန်တော့်စာအုပ်က လုပ်ပေးတော့မှာ. . . ဒီပွဲမှာကျွန်တော်ရမဲ့ ဆုက ဘာလဲ . . . သိလား ”

“ ဘာလဲ. . . ”

“ ဖရန့်ငွေအများအပြားပေါ့ဗျာ၊ ထောင်ချီသောင်းချီပြီးကိုရမှာ. . . ကဲ. . . အရက်တစ်ခွက်တစ်ဖလားမော့ပါဦး. . . မွန်စီယာ ”

လော့ထ်ရက်၏စားပွဲမှ ဆွေးနွေးငြင်းခုံသံများသည်ပို၍ကျယ်လောင်လာသည်။ အခြားစားပွဲမှလူအများ၏အာရုံသည် ထိုစားပွဲဆီသို့ ကူးပြောင်းရောက်ရှိလာသည်။

“ အရောင်တွေရဲ့ ရောင်ပြန်ဟပ်မှုနဲ့ ပတ်သက်ပြီး ဩဂ်ဒင်းရှ့ဒ် ဆိုတဲ့အမေရိကန်တစ်ယောက်က စာအုပ်သစ်တစ်အုပ်ရေးလိုက်တယ်၊ အဲဒီစာအုပ်ဟာ စာအုပ်ကောင်းတစ်အုပ်ပဲ၊ ခင်ဗျားဖတ်ပြီးပြီလား ”

" ပန်းချီနဲ့ပတ်သက်ပြီးရေးထားတဲ့စာအုပ်တွေကို ကျွန်တော် ဘယ်တော့မှ မဖတ်ဘူး " ဟု လော့ထ်ရက်ကပြောသည်။ " ဒီစာအုပ်တွေက ပန်းချီအကြောင်း မသိတဲ့ လူပြိန်းတွေအတွက်ပဲ "

" အမှန်တော့ ခင်ဗျားကိုယ်တိုင်လဲ ပန်းချီပညာနဲ့ ပတ်သက်လို့ လူပြိန်းတစ်ယောက်ပဲ မဟုတ်လားဗျာ" ဟု ဆူးရက်ကပြောသည်။ " အထူးသဖြင့် ခင်ဗျားအခုသုံးနေတဲ့ အရောင်တွေနဲ့ပတ်သက်လို့ ဆက်စပ်ပြီးစဉ်းစားမယ်ဆိုရင် ခင်ဗျားဘာမှ မသိသေးဘူးဆိုတာ သိလာမှာပါ "

" ကျွန်တော်ကတော့ အဲသလိုမယူဆဘူး၊ ကျွန်တော့်ဝမ်းတွင်းပါအသိဉာဏ်က အားလုံးကို အလိုလိုသိနေတာပဲ၊ ဘာစာအုပ်မှ ဖတ်စရာမလိုပါဘူး"

" သိပ်ပံပညာဟာ နည်းပညာတစ်ခုပဲလော့ထ်ရက် " ဟုဂေါဂင်ကဝင်ပြောသည်။ " ကျွန်တော်တို့အရောင်နဲ့ ပတ်သက်လို့တပင်တပန်းလုပ်ကိုင်ပြီးမှ သိပ်ံနည်းကျတဲ့ အသိတွေကိုရလာကြတာပဲ၊ ဒါကိုခင်ဗျားသတိမထားမိဘူးလား"

" ကျွန်တော်ကတော့ အဲဒီစာအုပ်တွေကို မဖတ်နိုင်ဘူးဗျာ " ဟုရူဆိုးကပြောသည်။ " ဖတ်မိရင်ခေါင်းကိုက်လာတာပဲ၊ အဲဒီတော့ ခေါင်းကိုက်ပျောက်သွားအောင် တစ်နေ့လုံးပန်းချီဆွဲနေရတယ် "

အားလုံးက ဝိုင်း၍ရယ်ကြသည်။ အန်ကွက်တင်က ဇိုလော့ဖက်လှည့်၍ " ဒီညနေထုတ်သတင်းစာထဲမှာ ခင်ဗျားရဲ့ ဂျာမီနယ်လ် ဝတ္ထုကိုဝေဖန်တိုက်ခိုက်ထားတယ်၊ တွေ့ပြီးပြီလား " ဟုမေးသည်။

" မတွေ့သေးဘူး၊ ဘာတွေရေးထားသလဲ "

" ဝေဖန်ရေးဆရာက ခင်ဗျားကိုဆယ့်ကိုးရာစုရဲ့ အရှက်အကြောက်အကင်းမဲ့ဆုံးသော လူလိမ်လူညာ စာရေးဆရာလို့အမည်ပေးထားတယ် "

"သူတို့ရဲ့ ခေတ်ဟောင်း ကြွေးကြော်သံပါဗျာ. . . ကျွန်တော့်ကို ဆန့်ကျင်တိုက်ခိုက်ပြီး ပြောနိုင်တဲ့ တခြားစကားဘာများရှိလို့လဲ'

" သူတို့ပြောတာ မှန်တယ်လို့ထင်တယ် ဇိုလာ " ဟုလော့ထ်ရက်ကပြောသည်။ " ခင်ဗျားစာအုပ်တွေက ညစ်ပတ်လွန်းအားကြီးတယ်"

" ကဲ. . . ကိုယ့်လူတို့၊ နောက်တစ်ကြော့၊ မော့လိုက်ကြဦးစို့ " ဟုဇိုလာကပြောသည်။

" ကျွန်တော်တို့ကလဲ အဲဒီနောက်တစ်ကြော့ကိုပဲ မျှော်လင့်စောင့်စားနေကြပါတယ် ခင်ဗျာ " ဟု စေဇန်းက အန်ကွက်တင်ဖက် လှည့်၍ ပြောသည်။ "တစ်ခုတော့ရှိတယ်၊ ဇိုလာကအရက်ဒကာခံပြီဆိုရင် သူ့ရဲ့ဟောပြောချက်တွေ

ကိုတစ်နာရီကြာလောက်တော့ သည်းခံပြီးနားသောတဆင်ကြရပါလိမ့်မယ် ”

ပန်းချီဆရာအားလုံးသည် ဇိုလာ့စားပွဲတွင် စုဝိုင်း၍ထိုင်ကြသည်။ ဆေးတံများကို ကိုယ်စီခဲကာ အရက်ကိုအရသာခံ၍သောက်ကြသည်။ ဓာတ်ငွေ့မီးအိမ်မှအလင်းရောင်သည် တစ်ခန်းလုံးကို လွှမ်းခြုံထားသည်။ အခြားစားပွဲများမှာ စကားပြောသံများသည် တိုးသွားကြသည်။

“ လူတချို့ကကျွန်တော့်စာအုပ်တွေကို ညစ်ညမ်းတယ်လို့ဆိုကြတယ်” ဟု ဇိုလာကပြောသည်။ “ အဲသလိုပဲ ခင်ဗျားတို့ရဲ့ ပန်းချီကားတွေကိုလဲ စုတ်ပဲ့တယ် ညစ်ညမ်းတယ်လို့ပြောနေကြဘဲပဲ မဟုတ်လား. . . ဒါပေမယ့် ပန်းချီပညာနယ်ပယ်ထဲမှာက သန့်ရှင်းတယ်၊ ညစ်ညမ်းတယ်၊ အရှက်မရှိဘူး၊ အရှက်ရှိတယ်ဆိုတဲ့ ပေတံနဲ့တိုင်းပြီးအဆုံးအဖြတ်ပြုလို့ရတာမှ မဟုတ်တာ။ သာမန်ပြည်သူအများစုကတော့ ဒီအချက်ကို ဘယ်လိုလုပ်ပြီးနားလည်မှာလဲ။

“ ကျွန်တော့်အဖို့တော့ ညစ်ညမ်းတဲ့ပန်းချီကားတို့ စာအုပ်တို့ဆိုတာလုံးဝ မရှိပါဘူး၊ စိတ်စေတနာအပြည့်အဝနဲ့ဆွဲထားတာလား သို့မဟုတ် ရေးထားတာလားဆိုတဲ့အချက်ကိုပဲ အဓိကထားကြည့်တာပဲ၊ လော့ထ်ရက်ဆွဲထားတဲ့ပြည့်တန်ဆာမတစ်ယောက်ပုံဟာ သိပ်ကိုကောင်းနေတယ်။ ဘာကြောင့်လဲ၊ သူ့အနေနဲ့ အပြင်ဇနီးရုပ်ရည်ရဲ့ အောက်မှာရှိနေတဲ့အလှကို ပေါ်လွင်အောင်ဖော်ထားလို့ပေါ်။ ဘုဂ္ဂာရီရဲ့ဖြူစင်တဲ့တောသူမလေးပုံကျတော့. . . အံချင်အော့ချင်လောက်အောင် စိတ်ပျက်တယ်၊ ဘာကြောင့်လဲ. . . တဲ့၊ ပန်းချီဆရာက သဘာဝထက် စိတ်ကူးယဉ်မှုဘက်ကို သိပ်အသားပေးပြီး ချောလှနေအောင် ဆွဲထားလို့ပဲ ”

“ ဇိုလာပြောတာ မှန်ပါတယ် ” ဟု သီအိုကထောက်ခံသည်။ ဇင်းဆင့်သည်ဇိုလာအပေါ်၌ ပန်းချီဆရာအားလုံးက တလေးတစားရှိကြသည်ကို သတိထားမိ၏။သူတို့အားလုံး ဇိုလာ၏စကားများအပေါ်၌ များစွာအလေးအနက်ထား၍ နားထောင်နေကြသည်ကို သူမြင်တွေ့နေရသည် မဟုတ်ပါလား။

“ သာမန်လူတစ်ယောက်ရဲ့ ဦးနှောက်ဟာ ဘာကိုပဲတွေးတွေးနှစ်မျိုးနှစ်စားတွေးလေ့ရှိတယ်။ အလင်းနဲ့အမှောင်၊ အချို့နဲ့အချဉ်၊ အကောင်းနဲ့အဆိုးစသည်. . . စသည်တွေးတာမျိုးကိုပြောတာပါ။ အဲသလိုနှစ်မျိုးနှစ်စားဟာ သဘာဝထဲမှာတော့ မတည်ရှိပါဘူး၊ ဒီကမ္ဘာလောကကြီးထဲမှာ အကောင်းလဲမရှိဘူး၊ အဆိုးလဲမရှိပါဘူး။ ဖြစ်ပေါ်ခြင်းနဲ့ လုပ်ကိုင်ခြင်းပဲရှိပါတယ်။

“ ကျွန်တော်တို့အနေနဲ့ ဆောင်ရွက်မှုတစ်ခုကို ဖော်ပြခြင်းဟာ ဘဝကို

ဖော်ပြခြင်းပါပဲ၊ အဲဒီဆောင်ရွက်မှုကိုပဲ ကျွန်တော်တို့က အမည်တပ်ကြတယ်။ ဆိုပါတော့. . . ဥပမာ ကိုယ်ကျင့်တရားပျက်ပြားခြင်း၊ ညစ်ညမ်းခြင်းစသည်ဖြင့် ခေါ်ကြတယ်ဆိုပါတော့။ အဲဒါဟာ ကိုယ်လိုရာဆွဲပြီးပြောတဲ့ မျက်နှာလိုက်မှု နယ်ပယ်ထဲကို ကျွန်တော်တို့ ဝင်သွားတာပါပဲ ”

ဆွေးနွေးပြောဆိုနေကြသည့် အကြောင်းအရာသည် ကျယ်ပြန့်လာသည်။ ပန်းချီအကြောင်း၊ ကိုယ်ကျင့်တရားအကြောင်း၊ လက်ရှိပါရီမြို့ပေါ်မှလူတန်းစားအသီးသီး၏ လူမှုဆက်ဆံရေးဘဝ စသည်. . . စသည်များကို ဆွေးနွေးပြောဆိုလာကြသည်။ အထူးသဖြင့် ပါရီမြို့၏အထက်တန်းလွှာများထဲမှ ဖောက်ပြန်မှုများသည် အကျယ်တဝင့်ပြောစရာအကြောင်းတစ်ခု ဖြစ်လာခဲ့သည်။ ပါရီမြို့ပေါ်မှကိုယ်ကျင့်တရားပျက်ပြားမှုများသည် ပြောမဆုံးပေါင် တောသုံးထောင်ဖြစ်လာသည်။

ဗင်းဆင့်က ကိုယ်ကျင့်တရားအကြောင်းတွေကို ဘေးဖယ်ထားပြီး ပန်းချီလောက၏ လက်ရှိအခြေအနေများကို ဆွေးနွေးရန် ဝင်၍သတိပေးသည်။ ထို အခါအားလုံးသည်ပန်းချီအကြောင်းကို ဝေဖန်သုံးသပ်လာကြပြန်သည်။ လော့ထ်ရက်က သူ့အိပ်ကပ်ထဲ၌ ထည့်ယူလာသော သတင်းစာဟောင်းထဲမှ ပန်းချီဝေဖန်ရေးဆောင်းပါးတစ်ပုဒ်ကိုဖတ်ပြသည်။

“ စာရေးဆရာကြီး ဗစ်တာဟူးဂိုးဟာ လွန်ခဲ့တဲ့နှစ်က သေသွားပြီ ”ဟု ဇိုလာကပြောသည်။ “ သူနဲ့အတူ ယဉ်ကျေးမှုတစ်ခုလုံးလဲသေသွားခဲ့ပြီ။ အခုတော့ ကျွန်တော့်စာအုပ်တွေက ယဉ်ကျေးမှုအသစ်ဖြစ်ထွန်းလာဖို့တာစူနေကြပြီ၊ ခင်ဗျားတို့ပန်းချီလောကမှာလဲ အဲသလိုပဲ မျိုးဆက်သစ်တွေနဲ့ နှစ်ဆယ်ရာစုခေတ်ရဲ့ပန်းချီလောကကို တည်ဆောက်ကြတော့မယ်။

“ အခုဆိုရင် ဘူဂွာရီလဲမရှိတော့ဘူး၊ သူဟာ အိုလီပီယာ လို့ခေါ်တဲ့ ပန်းချီကားကို မာနက်ရေးဆွဲပြီးတဲ့နေ့မှာ သေခဲ့တယ်၊ အခုအချိန်မှာ မာနက်လဲ မရှိတော့ဘူး၊ ဒေါမီးယားလဲမရှိတော့ဘူး။ ဒါပေမယ့်ကျွန်တော်တို့မှာ ဒီဂတ်စ်၊ လော့ထ်ရက်နဲ့ ဂေါဂင်တို့ရှိလာပြီ။ ခေတ်သစ်ပန်းချီလောကကို ဆက်ပြီးထူထောင်သွားကြရမှာပဲ ”

“ အဲဒီစာရင်းထဲမှာ ဗင်းဆင့်ဗင်ဂိုးရဲ့ နာမည်ကိုလဲထည့်ပေးရမယ် ”ဟု လော့ထ်ရက်ကပြောသည်။

“ သူ့နာမည်ကို ထိပ်ဆုံးကထားပါဗျာ ”ဟု ရှုဆိုးကဝင်ပြောသည်။

“ ကဲ. . . ဗင်းဆင့်၊ ခင်ဗျားဘယ်လိုသဘောရသလဲ ”ဟု ဇိုလာကမေး

သည်။ “ သူတို့က စာရင်းထဲထည့်တာကို ခင်ဗျားလက်ခံမယ်မဟုတ်လား ”

“ လက်ခံရမှာပေါ့ဗျာ ” ဟု ဗင်းဆင့်ကဖြေသည်။

“ ကဲ. . . ကိုယ်လူတို့၊ ဝမ်းသာတဲ့အထိမ်းအမှတ်အနေနဲ့ အရက်သောက်ကြစို့လား” ဟု လော့ထ်ရက်ကပြောသည်။ သူတို့သည် အရက်ဖန်ခွက်များကိုကောက်ယူကာ မော့လိုက်ကြလေသည်။

(၉)

ဇွန်လဆန်းတွင် သီအိုနှင့် ဗင်းဆင့်တို့သည် မွန်မာထရီလမ်း၊ အမှတ် ၅၄၊ လီပစ်လမ်းသွယ် တိုက်ခန်းသစ်သို့ ပြောင်းရွှေ့ခဲ့ကြ၏။တိုက်ခန်းမှာ လာဗယ်လ်လမ်းနှင့် မဝေးလှ၊ ကလီချိလမ်းမကြီးသို့ ရောက်ရန်မှာလည်း လမ်းအနည်းငယ်မျှကိုသာ ကျော်ဖြတ်ရသည်။

သူတို့တိုက်ခန်းသည်တတိယထပ်၌ဖြစ်သည်။ အခန်းသုံးခန်းအပြင် ဧည့်ခန်းနှင့် မီးဖိုခန်းများပါသေးသည်။ ဧည့်ခန်းမှာ ကျယ်ဝန်းလှပသည်။ ပါရီ၏အအေးဒဏ်ကိုခံနိုင်မည့် ဆောင်းမီးဖိုကြီးတစ်ခုပါသည်။ သီအိုသည် တိုက်ခန်းကိုလှပအောင်ပြင်ဆင်ထားသိုတတ်သူဖြစ်၏။ သူ့အိပ်ခန်းသည် ဧည့်ခန်းနှင့် ကပ်လျက်ဖြစ်သည်။ ဗင်းဆင့်၏ အိပ်ခန်းနောက်တွင် သူ၏ပန်းချီစတူဒီယိုရှိလေသည်။ နောက်တစ်ရက်မနက်တွင် ဗင်းဆင့်သည် အိပ်ရာမှ အရင်ဆုံးနိုးသည်။ သူသည် စတူဒီယိုထဲ၌ ပန်းချီကားတင်ခုံကိုချကာ ကင်းဗတ်တစ်ခုကိုတင်ထားသည်။ ထို့နောက်သူ့စုတ်တံများကို ဆေးကြောသည်။ ထို့နောက်တွင်မူ မနက်စာအတွက်ကော်ဖီဖျော်သည်။ မုန့်များထွက်ဝယ်ကာ အဆင်သင့်ပြင်ထားသည်။

စားပွဲ၌ထိုင်၍ နံနက်စာစားကြသည့်အခါ သီအိုသည် ဗင်းဆင့်စိတ်လှုပ်ရှားနေသည်ကို သတိထားမိ၏။ “ ဒီမှာ ဗင်းဆင့်၊ ခင်ဗျား ပါရီကျောင်းကြီးကိုရောက်လာတာ သုံးလရှိသွားပြီ။ ဥရောပတလွှားမှာလွန်ခဲ့တဲ့နှစ်ပေါင်းသုံးရာကတည်းကကျင့်သုံးရေးဆွဲလာခဲ့တဲ့ အရေးအပါဆုံး ပန်းချီကားတွေကိုလဲ ခင်ဗျားမြင်ခဲ့ရပြီးပြီ။ အဲဒီတော့ အခုဆိုရင် ပန်းချီလက်ရာကောင်းတွေဆွဲဖို့အတွက် အားလုံး အဆင်သင့်ဖြစ်နေလောက်ပြီလို့ ထင်တယ် ”

ဗင်းဆင့်က ထိုင်ရာမှ ထရပ်လိုက်သည်။ “ အင်း. . . ဟုတ်တယ်၊ အခုချက်ခြင်းအလုပ်စမှဖြစ်မယ် ” ဟုပြောသည်။

" ထိုင်ပါဦး ဗင်းဆင့်ရယ်၊ မနက်စာကိုပြီးအောင် စားစမ်းပါဦး၊ အချိန်တွေအများကြီးရှိပါသေးတယ် " ဟုသီအိုကပြောသည်။ " လိုအပ်တဲ့ဆေးတွေနဲ့ ကင်းဗတ်တွေကို ကျွန်တော်အများကြီး ဝယ်ပေးထားမယ်။ ပြီးတော့ခင်ဗျားရဲ့ ကျန်းမာရေးအတွက်လဲ ကျွန်ဝေါက်တာဝန်ယူတယ်၊ ကုန်ကျစရာရှိလာရင် ကျွန်တော်ပေးမယ်၊ ခင်ဗျားဘက်က အလုပ်ကို ဖြည်းဖြည်းမှန်မှန်နဲ့ သတိထားပြီးလုပ်သွားဖို့ပဲ လိုတယ် "

ထိုညက သီအို အိမ်သို့ပြန်ရောက်လာချိန်တွင် အလုပ်ကိုမရပ်မနားလုပ်နေသော ဗင်းဆင့်အားသတိပြုမိသည်။ တစ်ချိန်က စားစရာမရှိ ဝတ်စရာမရှိ ဘဝဖြင့်ပင်ပန်းကြီးစွာ ရုန်းကန်လှုပ်ရှားပြီးအလုပ်လုပ်ခဲ့ရသော ဗင်းဆင့်သည် အခုလို မတောင့်မတနေထိုင်လုပ်ကိုင်သွားရမည့်ဘဝတွင် ယခင်ကထက်ပိုပြီးကြိုးစားလုပ်ကိုင်သွားရန် များစွာဆန္ဒစောလျက်ရှိသည်။

ထိုသီတင်းပတ်အတွင်းဗင်းဆင့်သည် နေ့ရောညပါနားသည်ဟုမရှိ။ အလုပ်ကိုသာ လောဘတကြီးလုပ်လျက်ရှိ၏။ တချို့ညများတွင် သူသည် မနက်မိုးလင်းခါနီးအထိ မအိပ်သေးပဲ သီအိုအားလာ၍နှိုးကာ သူဆွဲနေသော ပန်းချီကားများအကြောင်းကို ဝေဖန်နေတတ်သည်။

တစ်ညတွင် သီအိုသည် အိပ်ရာမှလန့်နိုးလာသည်။ " အခန်းထဲမှာခေါက်တုန့်ခေါက်ပြန်လမ်းလျှောက်တဲ့ အလုပ်ကို ရပ်ထားလိုက်စမ်းပါ ဗင်းဆင့်ရာ " ဟု သီအိုကစိတ်ပျက်လက်ပျက်လေသံဖြင့် ပြောသည်။ " ပြီးတော့ဂေါင်သောက်တဲ့အရက်မျိုးသောက်တာလဲ ရပ်လိုက်ပါတော့ဗျာ. . . အလုပ်ကိုလဲလျှော့လုပ်ပါ။ ခင်ဗျားတော်တော်ကြီးကိုပိန်နေပြီ၊ နေ့လဲမအိပ် ညလဲမအိပ် အခြေအနေမျိုးနဲ့လက်ရာကောင်းတွေထွက်လာအောင် ခင်ဗျားဘယ်လိုဆွဲမှာလဲ "

ပါရီမြို့တော်အတွက် နွေရာသီ၏ အပူပြင်းဆုံးအချိန်ကာလသို့ ရောက်လာခဲ့ပြီ။ လမ်းများပေါ်တွင် အပူရှိန်သည် ပြင်းစွာကျရောက်လျက်ရှိ၏။ ပါရီမြို့သူမြို့သားများသည် မနက်တစ်နာရီ နှစ်နာရီအထိ ကဖီးဆိုင်များ၌ ထိုင်ကာအအေးသောက်ရင်း အချိန်ဖြုန်းကြသည်။ မွန်မာထရီလမ်းမထဲတွင် အရောင်မျိုးစုံပွင့်ဖူးနေကြသည့် ပန်းများကိုမြင်နေကြရပြီဖြစ်၏။ မြို့တော်အတွင်းမှဖြတ်၍စီးဆင်းနေသော စိန့်မြစ်သည် မြစ်ကမ်းပါးနှစ်ဖက်ရှိ စိမ်းမြမြသစ်တောများနှင့် မြက်ခင်းများအလယ်တွင် တလက်လက် တောက်ပနေသည်။

နေ့စဉ် နံနက်တိုင်း ဗင်းဆင့်သည် သူ၏ ပန်းချီကားတင်ခုံကို ကျော၌ပိုးကာပန်းချီဆွဲဖို့ရှုခင်းကောင်းကောင်းကို လိုက်လံရှာဖွေလေ့ရှိ၏။ သူဇာတိဟော်

လန်နိုင်ငံတွင် ဤမျှလောက် ပူပြင်းသော နေရောင်ခြည်ကို မကြုံခဲ့ရဖူး၊ ဤမျှ လောက်နက်ရှိုင်းသော အရောင်ကိုလည်း သူမမြင်ခဲ့ဖူး။

တစ်ရက်တွင် ဂေါဂင်သည် ဆေးအရောင်များစပ်ပေးရန်အတွက် ဗင်း ဆင့်ထံရောက်လာသည်။ " ခင်ဗျားဒီဆေးတွေဘယ်ကဝယ်သလဲ " ဟု ဗင်းဆင့် အားမေးသည်။

" သီအိုဝယ်လာပေးတာ "

" ခင်ဗျားအနေနဲ့ ပီရီတန်ဂိုင်းဆီက အမြဲဝယ်ဖို့သင့်တယ်။ ပါရီမြို့ပေါ် မှာသူဆိုင်ဟာစျေးအသက်သာဆုံးပဲ၊ ပြီးတော့ ခင်ဗျားမှာ ဘိုင်တွန်နေရင်လဲ ယုံ ကြည်စိတ်ချတတ်တယ် "

" ပီရီတန်ဂိုင်းဆိုတာ ဘယ်သူလဲ၊ အရင်ကလဲ ဒီနာမည်ကို ခင်ဗျားပြော ဖူးတယ်လို့ထင်တယ် "

" ခင်ဗျားသူ့ကိုအခုထက်ထိမတွေ့ဖူးသေးဘူးလား၊ အခြိန်ဆွဲမနေနဲ့ ကိုယ့်လူ၊ ခင်ဗျားသူ့ကို မြန်မြန်တွေ့လိုက်၊ ကျွန်တော်တွေ့ဖူးသမျှ ဘုံဝါဒသမား တွေထဲမှာ နှလုံးသားထဲကပါ လှိုက်လှိုက်လှဲလှဲယုံကြည်တဲ့လူဆိုလို့ သူနဲ့ခင်ဗျားနဲ့ နှစ်ယောက်ပဲရှိတယ်၊ ကဲ. . . ကဲ. . . ကိုယ့်လူ၊ ခင်ဗျားရဲ့ ယုန်ရေဦးထုပ်ကိုစွပ် လိုက်တော့၊ ကျွန်တော်တို့ ကလောဇဲလ်လမ်းဘက်သွားကြရအောင် "

လမ်းပေါ်ရောက်လာသည့်အခါ ဂေါဂင်က ပီရီတန်ဂိုင်း၏ အကြောင်း ကိုဆက်ပြောလာသည်။ " ဒီလူက သူပါရီကိုရောက်မလာခင်မှာ ပလတ်စတစ်ပုံ လောင်းသမားလုပ်ခဲ့ဖူးတယ်၊ နောက်ပိုင်းကျတော့ ဘတ်တီလမ်းဘက်မှာ တံခါး စောင့်လုပ်ခဲ့ဖူးတယ်၊ အဲဒီနောက်ပိုင်းမှာ အရပ်ထဲလည်ပြီး ပန်းချီဆေးရောင်း တယ်၊ သူဟာ ပစ်ဆာရို၊ မိုနက်၊ စေဇန်းတို့နဲ့တွေ့ပြီး မိတ်ဆွေဖြစ်လာရာက ကျွန်တော်တို့လူစုဟာ သူ့ဆီကအမြဲဆေးဝယ်လေ့ရှိတယ်။

" ပြီးခဲ့တဲ့ဘုံဝါဒသမားတွေရဲ့ ထကြွပုန်ကန်မှုမှာသူလဲ ပါခဲ့တာပေါ့၊ တစ်နေ့မှာတော့ သူဟာခံတပ်မှာ ကင်းကျတယ်။ ဗာဆေးမြို့က အဖွဲ့တစ်ဖွဲ့က လာတိုက်တော့ သူကလက်ထဲကသေနတ်နဲ့ တခြားလူတစ်ယောက်ကို ပစ်ခတ် သတ်ဖြတ်ချင်တဲ့ စိတ်ကမရှိဘူး၊ အဲဒါနဲ့ပဲ သူ့လက်ထဲက သေနတ်ကို လွှင့်ပစ်ပြီး ဒီအတိုင်းနေခဲ့တယ်။ သူ့ကိုဖမ်းမိသွားတော့ အာဏာပိုင်တွေက ထောင်ဒဏ် နှစ်နှစ် အပြစ်ပေးလိုက်တယ်၊ ဒါပေမယ့် ကျွန်တော်တို့ လူစုကဝိုင်းပြီးကြိုးစား ပေးလို့ မကြာခင်လွတ်လာခဲ့တယ်။

" သူဟာစုဆောင်းလို့ရတဲ့ငွေကလေးနဲ့ ကလောဇဲလ်လမ်းထဲမှာ ဆိုင်

ကလေးစဖွင့်ခဲ့တယ်။ သူ့ဆိုင်ရဲ့ရှေ့မျက်နှာစာကို ဆေးသုတ်ပေးခဲ့တာလော့ထ်ရက်ပေါ့။ ပါရီမှာ စေဇန်းရဲ့ လက်ရာပန်းချီကားတွေကို ဆိုင်မှာစတင်တာသူပဲဗျ၊ အမှန်တော့ ပန်းချီကားတွေကို ရောင်းရလွန်းလို့ ဒီဆိုင်ဖွင့်တာမဟုတ်ဘူး၊ ပီရီဆိုတဲ့လူက ပန်းချီပညာကို သိပ်ချစ်၊ သိပ်မြတ်နိုးတဲ့လူမို့ အခုလိုဖွင့်ခဲ့တာ။ သူ့မှာက ပန်းချီကားတွေဝယ်ပြီးချိတ်ဆွဲထားနိုင်လောက်အောင် ငွေကြေးကရှိတာ မဟုတ်ဘူး၊ အခုလိုဆိုင်ဖွင့်ပြီး ပန်းချီကားတွေ တင်ထားလိုက်တော့. . . တစ်နေ့လုံးလိုလိုပန်းချီကားတွေကြားမှာ နေနိုင်တာပေါ့ ”

“ ခင်ဗျားပြောနေပုံအတိုင်းဆိုရင် သူ့ဆီက ပန်းချီကားကို စျေးကောင်းကောင်းပေးပြီးဝယ်ပေမယ့် သူရောင်းချင်မှရောင်းတယ်ဆိုပါတော့ ”

“ သိပ်ဟုတ်တာပေါ့ဗျာ၊ သူက သူမြတ်နိုးတဲ့ပန်းချီကားတွေကိုရွေးယူတာ။ တကယ်လို့ပန်းချီကားတစ်ကားကို သူမြတ်နိုးဘွားပြီဆိုရင် သူ့ဆိုင်ထဲကထွက်သွားအောင် လုပ်လို့မရတော့ဘူး၊ တစ်နေ့. . . ကျွန်တော်သူ့ဆိုင်ထဲရောက်နေခိုက်မှာ သားသားနားနား ဝတ်ဆင်ထားတဲ့ လူတစ်ယောက်ရောက်လာတယ်၊ စေဇန်းရဲ့ပန်းချီတစ်ကားကို သိပ်သဘောကျနေတော့ ဘယ်လောက်လဲလို့မေးတယ်၊ ပါရီမှာရှိသမျှ ပန်းချီအရောင်းဆိုင်ပိုင်ရှင်တွေ အနေနဲ့ အဲဒီပန်းချီကားမျိုးကို ဖရန့်ငွေခြောက်ဆယ်သာရရင် ကပြီးရောင်းမှာသေချာတယ်၊ သူကတော့ ပန်းချီကားကို အကြာကြီးစိုက်ကြည့်ပြီး “ ဒီကားဟာ စေဇန်းရဲ့ လက်ရာမွန် တစ်ခုပါဗျာ၊ ကျွန်တော့်အနေနဲ့ ဖရန့်ငွေခြောက်ရာပေးရင်တောင် ရောင်းနိုင်မယ် မထင်ဘူး ” လို့ပြန်ပြောတယ်။ ဟိုလူလဲထွက်သွားရော သူဟာနံရံပေါ်က ပန်းချီကားကိုဖြုတ်ယူပြီး မျက်လုံးထဲမှာ မျက်ရည်တွေအပြည့်နဲ့ စိုက်ကြည့် နေတယ် ”

“ ဒီလိုဆိုရင် ဒီလူ ပန်းချီကားတွေကို ဆိုင်မှာတင်ထားတာ သူ့အတွက် အကျိုးဘာရှိမှာလဲ ”

“ ဟုတ်တယ်၊ ပီရီတန်ဂိုင်းဟာ လူထူးလူဆန်းတစ်ယောက်ပဲ၊ ပန်းချီနဲ့ ပတ်သက်လို့ သူသိထားတာက ဆေးတွေကို ဘယ်လိုကြိတ်ရမလဲဆိုတာလောက်ပဲ၊ ဒါပေမယ့်. . . သူ့မှာပန်းချီကားတစ်ကားရဲ့ အကောင်းအဆိုးကိုခွဲခြားပြီးသိတတ်တဲ့ဉာဏ်ရှိတယ်၊ တကယ်လို့ သူကခင်ဗျားဆီ သူကြိုက်တဲ့ ကားတစ်ကားတောင်းလို့ကတော့ သိပ်ပြီးစဉ်းစားမနေနဲ့ ကိုယ့်လူ၊ ပေးသာပေးလိုက်။ ပါရီပန်းချီလောကတွင်းကို ဝင်ရောက်တော့မယ့် ပဏာမအဆင့်လို့ပဲ သတ်မှတ်ထားလိုက်တော့။ ကဲ. . . ကလောဇဲလ်လမ်းကိုရောက်ပြီ၊ ကွေ့ဝင်လိုက်တော့ . . . ”

လမ်းထဲတွင် ဆိုင်ငယ်ကလေးအများအပြားရှိကြသည်။ နှစ်ထပ်တိုက်သုံးထပ်တိုက်များ၏ အောက်ဆုံးထပ်များ၌ဖွင့်ထားသည့် ဆိုင်များဖြစ်၏။ ပီရိတန်ကိုင်း၏ဆိုင်သည် လမ်း၏တစ်ဖက် မျက်နှာချင်းဆိုင်၌ တည်ရှိသည်။ သူတို့ဆိုင်ထဲဝင်သွားချိန်တွင် ပီရိတန်ကိုင်းသည် ပါရီမြို့ပေါ်၌ ခေတ်စားစပြုနေသော ဂျပန်ပန်းချီကားများကိုကြည့်ရှုလျက်ရှိလေသည်။

" ဒီမယ်. . . ပီရီ၊ ကျွန်တော့်သူငယ်ချင်းတစ်ယောက်ခေါ်လာတယ်၊ သူနာမည်က ဗင်းဆင့်ဗင်ဂိုးတဲ့၊ သူလဲခင်ဗျားလို ဘုံဝါဒကိုနှစ်သက်တဲ့ ကွန်မြူနစ်တစ်ယောက်ပဲဗျ "

" အခုလို လူချင်းသိရတာ ဝမ်းသာပါတယ် " ဟု ပီရီကပြောသည်။

ပီရိတန်ကိုင်းသည် အရပ်ပုပုမျက်နှာဝိုင်းဝိုင်းဖြစ်သည်။ သူသည် ဗင်းဆင့်အားကြည့်၍ " ခင်ဗျားက တကယ့်ကွန်မြူနစ်စစ်စစ်တစ်ယောက်ကောဟုတ်ရဲ့လား၊ မွန်စီယာဗင်ဂိုး " ဟုမေးသည်။

" ခင်ဗျားပြောလိုက်တဲ့ ကွန်မြူနစ်ဆိုတဲ့စကားလုံးရဲ့ အနက်အဓိပ္ပာယ်ကိုကျွန်တော်မသိပါဘူး. . . ကျွန်တော့်ယုံကြည်ချက်ကတော့. . . လူတိုင်းဟာသူနှစ်သက်တဲ့အလုပ်တစ်ခုကို သူအစွမ်းရှိသလောက် လုပ်ပိုင်ခွင့်ရှိသင့်တယ်။ အဲသလိုလုပ်ရတဲ့အတွက် သူ့အဖို့လိုအပ်တာမှန်သမျှကို ရသင့်တယ်၊ ဒါပဲ "

" ဟုတ်ပါတယ်၊ အဲသလိုရိုးရိုးစင်းစင်းကလေးပါပဲ " ဟု ဂျော်ဂင်ကရယ်ပြီးပြောသည်။

" ဂျော်ဂင်ကတော့ စတော့ရှယ်ယာအရောင်းအဝယ်လုပ်ငန်း လုပ်ဖူးခဲ့တဲ့လူပဲ၊ ပိုပြီးနားလည်မှာပေါ့ " ဟုပီရီကပြောသည်။ " လူတွေကို တိရစ္ဆာန်တွေဖြစ်ကုန်အောင် လုပ်တာဟာငွေပဲ၊ ကျွန်တော်ပြောတာမှန်ရဲ့လား "

" ဟုတ်တာပေါ့။ ငွေရှိတော့လဲ ဖြစ်တာပဲ။ ငွေမရှိတော့လဲ ဖြစ်တာပါပဲ"

" အမှန်ကတော့ ငွေမရှိခြင်းဟာ အဓိကမဟုတ်ပါဘူး။ အစားအစာမရှိခြင်းနဲ့ ဘဝရဲ့လိုအပ်ချက်တွေမရရှိခြင်းကံသာ အဓိကပါ "

ဂျော်ဂင်က ပီရီအား တစ်ချက်လှမ်းကြည့်သည်။ " ခင်ဗျား ကျွန်တော့်ကို ဆေးနည်းနည်းပါးပါး အကြွေးထပ်ပေးထားဦး၊ ယုံကြည်တယ်မဟုတ်လား၊ ကြွေးကတော့ အတော်ကလေးများလာပြီ၊ အခုတလောအလုပ်သိပ်မလုပ်နိုင်ဘူး ပီရီ "

" ရပါတယ် ဂျော်ဂင်ရယ်၊ ပေးရမှာပေါ့။ ဒါနဲ့. . . ခင်ဗျား ကျွန်တော့်ကိုပေးမယ်လို့ ကတိပေးထားတဲ့ ပန်းချီကားအသစ်ကဘယ်မှာလဲ။ အဲဒီကား

ကိုရလိုက်ရင်ရောင်းလို့ရမယ်၊ ဒါဆိုရင် ကျွန်တော့်အကြွေးတွေပြန်ရနိုင်တယ်”

ဂေါ်ဂင်ကဗင်းဆင့်ဖက်လှည့်ပြီး မျက်စိမှိတ်ပြသည်။ “ ကျွန်တော်နှစ်ကားတိတိယူခဲ့မယ်၊ ဘေးချင်းယှဉ်ပြီးချိတ်လို့ရတာပေါ့။ ကဲ. . . ကဲ. . . ပေး၊ အနက်ရောင်တစ်ဗူး၊ ဟုတ်ပြီ အဝါရောင်တစ်ဗူး. . . ပြီးတော့. . . ”

“ ရှင်ကသာအကြွေးတွေကျေအောင် ဆပ်မယ်ဆိုရင် ဆေးတွေကိုရှင်လိုသလောက်ရမှာပေါ့။ အခုဟာက. . . ”

နောက်မှထွက်ပေါ်လာသည့် အသံကြောင့် သူတို့သုံးယောက်သည် ဖြတ်ခနဲ လှည့်ကြည့်လိုက်ကြသည်။ ပီရိတန်ဂိုင်း၏ဇနီး မဒမ်တန်ဂိုင်းသည် နောက်ဖေးတံခါးကိုဖွင့်ကာ ဆိုင်ထဲသို့ ဝင်လာသည်။ မဒမ်တန်ဂိုင်းသည် ကျစ်လျစ်တောင့်တင်းသော ခန္ဓာကိုယ်ပိုင်ရှင်ဖြစ်၏။ သူမသည် ဂေါ်ဂင်အားမျက်စောင်းတစ်ချက်ခဲကာ ပါးစပ်ဖြင့် ထိုးနှက်တိုက်ခိုက်ခြင်းပြုသည်။

“ ရှင်က ကျွန်မတို့ကို အလှူပေးနေတယ်လို့ထင်နေလား၊ ကျွန်မတို့စီးပွားရေးလုပ်နေကြတာရှင့် သိလား။ ကျွန်မတို့အနေနဲ့ တန်ဂိုင်းရဲ့ကွန်မြူနစ်ဝါဒကို ကိုက်စားလို့ရတယ် ထင်နေသလား. . . ရှင် အရင်ယူထားတဲ့ဆေးဖိုးအကြွေးတွေကို မြန်မြန်ဆပ်ပါ။ မဆပ်ရင် ကျွန်မရှင့်ကို ရဲလက်အပ်ရလိမ့်မယ်”

ဂေါ်ဂင်ကပြုံးနေသည်။ မဒမ်တန်ဂိုင်း၏ လက်ကိုဆွဲယူကာ တလေးတစားဟန်ဖြင့် နမ်းလိုက်သည်။ “ ဇနီးတစ်ပီရယ်. . . ဒီနေ့မနက် ခင်ဗျားဟာထူးထူးခြားခြားကိုလှနေပါလား ” ဟု ပြောသည်။

မဒမ်တန်ဂိုင်းသည် လူချောလူလှတစ်ဦးဖြစ်သော ဂေါ်ဂင်၏နှုတ်မှ “ဇနီးတစ်ပီ” ဟူသော စကားကိုအမြဲတစေကြားခဲ့ဖူးသည်။ သူမအား ပေးထားသည့်နာမည်မှန်းသိနေသော်လည်း ဂရိဒဿနိကပညာရှင် ဆိုကရေးတီး၏ဇနီးနာမည်မှန်းမသိချေ။ သို့သော်လည်း ထိုနာမည်အသံထွက်ပုံသည် သူမ၏နားထဲတွင် နားဝင်ချိုလျက်ရှိလေသည်။

“ ဘာလဲ. . . ရှင့်လိုတေလေကြမ်းပိုးက ကျွန်မကို ပိုးလို့ပန်းလို့ရမယ်ထင်နေသလား ”

“ ကျွန်တော့်ရဲ့ အလှမယ်ကလေး ဇနီးတစ်ပီရယ်၊ ကျွန်တော့်အပေါ်မှာ ဒီလောက်ပဲ ရက်စက်တော့မှာလား. . . ခင်ဗျားဟာ ပန်းချီဆရာတစ်ယောက်ရဲ့စိတ်ဓာတ်မျိုးပိုင်ဆိုင်နေသူပါ. . . ခင်ဗျားရဲ့မျက်နှာပေါ်မှာ အဲဒီစိတ်ဓာတ်ကိုမြင်နေရပါတယ်ဗျာ ”

မဒမ်တန်ဂိုင်းသည် ခါးစည်းအင်္ကျီဖြင့် မျက်နှာကိုသုတ်လိုက်သည်။

" မိသားစုတစ်စုမှာ ပန်းခြံဆရာတစ်ယောက်ရှိရင် လုံလောက်သွားပြီလို့ ပြောရမှာပဲ " ဟု ရေရွတ်သည်။ " သူ့အနေနဲ့တစ်နေ့ကို ဆင့်ငါးဆယ်ရရင်နေနိုင်တယ်လို့ ရှင့်ကိုပြောထားတယ်မဟုတ်လား။ . . ဟား။ . . ဟား။ . . သူပြောတဲ့ဆင့်ငါးဆယ်ကို ကျွန်မကသာရအောင်မရှာနိုင်ရင် သူ့မှာ ဘယ်နေရာကရမယ် ထင်သလဲ၊ ဖွီး။ . . ဘယ်နေရာကမှ မရနိုင်ပါဘူး "

" ပါရီတစ်မြို့လုံးက ခင်ဗျားရဲ့အလှနဲ့ ခင်ဗျားရဲ့အစွမ်းအစကိုအမြဲခြီးကျူးနေကြပါတယ် မဒမ်တန်ဂိုင်းရယ် "

မဒမ်တန်ဂိုင်း၏ မျက်နှာထားသည် ပျော့ပြောင်းသွားသည်။ " ရှင်ဟာတကယ့်လူရှုတ် လူညာတစ်ယောက်ပဲ။ ဒါပေမယ့် ဒီတစ်ခါတော့ ဆေးကိုရှင်လိုချင်သလောက်မပေးနိုင်ဘူး။ အရင်ကြွေးကျေမှပဲ ရှင်လိုသလောက်ရောင်းနိုင်မယ်"

"ကရုဏာကြီးပါပေတယ် ဇန်တစ်ပီရယ်။ တစ်နေ့ကျရင် ကျွန်တော်လေ ခင်ဗျားရဲ့ပုံတူပန်းခြံတစ်ကားကို ဆွဲထားရဦးမယ်၊ နောင်တစ်ချိန်ကျရင် လုပ်ပြတိုက်မှာ ချိတ်ထားမှာသေချာတယ်။ ကျွန်တော်တို့နှစ်ဦးစလုံးရဲ့ နာမည်ဟာ ထာဝရရှင်သန်သွားစေရမယ် ဇန်တစ်ပီ "

သူ့စကားအဆုံးတွင် ဆိုင်ရှေ့မှတံခါးခေါင်းလောင်းသံကြားလိုက်ရပြီး ဆိုင်ထဲသို့ လူစိမ်းတစ်ယောက်ဝင်လာသည်ကိုမြင်ကြရ၏။ " ဟိုဘက်ပြတင်းပေါက်မှာချိတ်ထားတဲ့ ပန်းချီကားကိုမြင်လို့ဝင်လာတာ " ဟု လူစိမ်းကပြောသည်။
" သက်မဲ့ပန်းချီကားလေ။ . . အဲဒီကားကို ဘယ်သူဆွဲတာလဲ "

" ပေါလ်စေဇန်း "

" စေဇန်း . . . ဟုတ်လား။ သူ့နာမည်ကိုတစ်ခါမှမကြားခဲ့ဖူးဘူး။ ဒီကားဟာရောင်းဖို့လား "

" အား။ . . ဒီကားကအခုပဲ။ . . ဟို။ . . ဟို။ . . "

မဒမ်တန်ဂိုင်းသည် သူမ၏ခါးစည်းအင်္ကျီကိုဆွဲချွတ်လိုက်ပြီး သူမရှေ့မှ ပိတ်ရပ်နေသော တန်ဂိုင်းအားဘေးသို့ တွန်းဖယ်လိုက်ကာ လူစိမ်းထံသို့ အပြေးအလွှားချဉ်းကပ်သွားသည်။

" ဒီကားကိုရောင်းမှာ။ သက်မဲ့အရာဝတ္ထုပန်းချီကားတွေထဲမှာ အတော့်ကိုလှတဲ့ ကားတစ်ကားရှင့်။ ဒီလောက်လှတဲ့ ပန်းသီးတွေကို အရင်က မွန်စီယာ မြင်ဖူးခဲ့သလား။ . . ရှင် သိပ်သဘောကျနေရင်တော့ စျေးချိုချိုသာသာနဲ့ရောင်းပါ့မယ် မွန်စီယာ "

" ဘယ်လောက်လဲ "

" ကဲ တန်ဂိုင်း၊ ဘယ်လောက်လဲလို့မေးနေတယ် " ဟု မဒမ်တန်ဂိုင်းက လှမ်းပြောသည်။ သူမ၏လေသံတွင် ခြိမ်းခြောက်သံပါလျက်ရှိ၏။

တန်ဂိုင်းသည် လည်ချောင်းတွင် နင်နေသော တံတွေးကို ခက်ခက်ခဲခဲမျိုချလိုက်သည်။

" ဖရန့်သုံး. . . "

" တန်ဂိုင်းနော် "

" ဖရန့်နှစ်. . . "

" တန်ဂိုင်း. . . "

" အော်. . . အင်း. . . ဖရန့်တစ်ရာပါ "

" ဖရန့်တစ်ရာဆိုတော့ သိပ်များတာပေါ့ " ဟု လူစိမ်းကရေရွတ်သည်။ " လူမသိသူမသိ ပန်းချီဆရာတစ်ယောက်ရဲ့ ကားကို ဒီလောက်စျေးတင်ထားလို့ ဘယ်ဖြစ်မလဲ။ ကျွန်တော်က ဒီကားကို နှစ်ဆယ့်ငါးဖရန့်ပေးရင် ရမှာပဲလို့တွက်ထားတာ. . . "

မဒမ်တန်ဂိုင်းသည် ပြတင်းပေါက်၌ချိတ်ထားသည့် ပန်းချီကားကို ဖြုတ်ယူလိုက်သည်။

" ဒီမှာကြည့်ပါဦး မွန်စီယာ၊ ပန်းချီကားက အကြီးကြီးပဲ။ ဆွဲထားတဲ့ ပန်းသီးက လေးလုံး. . . ပန်းသီးလေးလုံးကို ဖရန့်တစ်ရာတော့တန်ပါတယ်။ ဒါပေမယ့် ရှင်က နှစ်ဆယ့်ငါးဖရန့်ပဲသုံးနိုင်မယ်ဆိုတော့. . . ဒီအထဲကပန်းသီးတစ်လုံးပဲ ဝယ်သွားပေါ့ "

လူစိမ်းသည် ပန်းချီကားကို အတန်ကြာမျှစိုက်ကြည့်နေသည်။

" အင်း မဆိုးဘူး၊ အဲသလိုဆိုရင်တော့ ဝယ်နိုင်တယ်၊ ဒီဘက်က ပန်းသီးတစ်လုံးကို ဖြတ်ပေး။ ကြည့်လို့အရုပ်မဆိုးအောင် ဖြတ်ပေးရင်ယူမယ် "

မဒမ်တန်ဂိုင်းသည် နောက်ဖေးဖက်သို့ ဝင်သွားသည်။ ချက်ခြင်းပင် ကပ်ကျေးတစ်လက်နှင့်ပြန်ထွက်လာပြီး ပန်းချီကားထဲမှ ပန်းသီးတစ်လုံးကိုညှပ်ယူလိုက်သည်။ ထို့နောက် ကင်းဗတ်အပြတ်ကို စက္ကူတစ်ရွက်နှင့်ထုပ်၍ လူစိမ်းလက်ထဲမှ နှစ်ဆယ့်ငါးဖရန့်ကိုယူလိုက်သည်။ လူစိမ်းသည် စက္ကူထုပ်ကိုခြုံငုံးတွင်ညှပ်ကာ ဆိုင်ထဲမှ ထွက်သွားလေ၏။

" စေ့ဇန်းကားတွေထဲက ကျွန်တော်အကြိုက်ဆုံးကားတော့ ပျက်ပါပြီဗျာ "ဟု တန်ဂိုင်းကညည်းသည်။ " ကျွန်တော် ဒီကားကိုပြတင်းပေါက်မှာဆွဲထားတာအဓိပ္ပာယ်ရှိတယ်။ လမ်းသွားလမ်းလာတွေကြည့်ပြီး စိတ်သာယာကြည်

နှူးသွားအောင်လုပ်ထားတာ ”

မဒမ်တန်ဂိုင်းသည် တစ်ပိုင်းပြတ်ပန်းချီကားကို ကောင်တာပေါ်သို့ တင်လိုက်သည်။ “ နောက်တစ်ခါ စေဇန်းရဲ့ ပန်းချီကားကိုလဲ ဝယ်ချင်တယ်။ ငွေကလဲ သိပ်မတတ်နိုင်ဘူးဆိုတဲ့ လူမျိုးလာရင် တစ်လုံးချင်းစီခွဲရောင်း. . . ဒီကားအတွက် ငွေရသလောက်တော့ ယူရမယ်။ ဘာပဲဖြစ်ဖြစ်. . . ဒီပန်းသီးတွေကတန်ဖိုးလဲမရှိပါဘူး။ သူရေးဆွဲထားတဲ့ ပန်းသီးကားတွေ အများကြီးရှိနေသေးတာပဲ။

“ ဘာရယ်တာလဲ ပေါလ်ဂေါဂင်။ ဒါရယ်စရာမဟုတ်ပါဘူး၊ ရှင့် ပန်းချီကားတွေကကော ဘာထူးလို့လဲ၊ ဒီအတိုင်းပဲ။ ဟိုနံရံပေါ်မှာ ချိတ်ထားတဲ့ ရှင့်ကားတွေကို ကြည့်စမ်းပါဦး၊ အားလုံးကိုယ်လုံးတီး မိန်းမပုံတွေချည်းပဲ။ ကျွန်မကတော့တစ်ကားကို ငါးဖရန့်နှုန်းနဲ့ရောင်းပစ်ဖို့ စိတ်ကူးထားပြီးပြီ ”

“ ကျွန်တော့်ရဲ့ အချစ်တုံးကလေး ဇန်တစ်ပီရယ် ” ဟု ဂေါဂင်ကပြောသည်။ “ ကျွန်တော်တို့ လူချင်းတွေ့တာ သိပ်ကိုနောက်ကျနေပါတယ်၊ ကျွန်တော်စတော့စျေးကွက်မှာ အရောင်းအဝယ်လုပ်နေတုန်းကသာတွေ့ရင် အခုလောက်ဆိုကျွန်တော့်တို့နှစ်ယောက်ဟာ ပြင်သစ်ဗဟိုဘဏ်ကြီးကို ပိုင်နေမှာသေချာပါတယ်ခင်ဗျာ ”

မဒမ်တန်ဂိုင်းသည် ဂေါဂင်အား မျက်စောင်းတစ်ချက်ခဲပြီး နောက်ဖေးခန်းထဲသို့ ဝင်သွားသည်။ “ ခင်ဗျားဟာ ပန်းချီဆရာတစ်ယောက်ပါ မွန်စီယာဗင်းဆင့် ” ဟု ပီရီတန်ဂိုင်းကပြောသည်။ “ ခင်ဗျားမှာလိုအပ်မယ့် ပန်းချီဆေးတွေကို ဒီမှာလာဝယ်လိမ့်မယ်လို့ကျွန်တော်မျှော်လင့်ပါတယ်။ ပြီးတော့. . . ခင်ဗျားရဲ့ပန်းချီကားတချို့ကိုလဲ ကျွန်တော်ကြည့်ခွင့်ရလိမ့်မယ်လို့ မျှော်လင့်ပါတယ်”

“ ကျွန်တော်ပြပါ့မယ်၊ ခင်ဗျားကြည့်နေတဲ့ ဂျပန်ပန်းချီကားချပ်တွေကအတော်လေးလှတာပဲ။ ဒီကားတွေက ရောင်းဖို့လား ”

“ ဟုတ်ပါတယ်။ ဂွန်ကုတ် ညီအစ်ကိုတွေ စုဆောင်းလာချိန်ကစပြီး ဂျပန်ပန်းချီကားတွေဟာ ပါရီမှာ ခေတ်စားလာခဲ့တာပါ။ ဂျပန်ပန်းချီကားတွေဟာ ကျွန်တော်တို့ရဲ့ မျိုးဆက်သစ်လူငယ်ပန်းချီဆရာတွေအပေါ်မှာ အတော်ကြီးကို ဩဇာလွှမ်းမိုးလာခဲ့ပါတယ် ”

“ ကျွန်တော် ဒီပုံနှစ်ပုံကို ကြိုက်တယ်။ လေ့လာချင်လို့ပါ။ ဘယ်လောက်ပေးရမလဲ ”

“ တစ်ပုံကို သုံးဖရန့်ပဲပေးပါ ”

" ဒါဆိုရင် ကျွန်တော်ယူမယ်။ ဟာ. . . ကျွန်တော်မေ့သွားတယ်၊ ကျွန်တော် ဒီမနက်ပဲ ငွေကုန်သွားတယ်။ ခင်ဗျားမှာ ခြောက်ဖရန့်လောက် မပါဘူးလား ဂေါဂင် "

" ကျွန်တော့်ကို မလျှောင်ပါနဲ့ဗျာ "

ဗင်းဆင့်သည် လက်ထဲတွင် ကိုင်ထားသည့် ပန်းချီကားများကို ကောင်တာပေါ်သို့ ပြန်ချထားလိုက်သည်။

" ကျွန်တော်စိတ်မကောင်းပါဘူး ပီရီတန်ဂိုင်း၊ ကျွန်တော် မယူနိုင်သေးပါဘူး "

ပီရီတန်ဂိုင်းသည် ပန်ချီကားများကို ပြန်ယူကာ ဗင်းဆင့်၏လက်ထဲသို့ ထည့်ပေးသည်။ " ဒီကားတွေကို ခင်ဗျားရဲ့ အလုပ်အတွက် ခင်ဗျားမှာလိုအပ်နေပါတယ် မွန်စီယာ။ ယူသာယူသွားပါ၊ ငွေကိုခင်ဗျားအဆင်ပြေတဲ့အခါကျမှပေးပါ "

(၁၀)

သီအိုသည် ဗင်းဆင့်၏မိတ်ဆွေများအတွက် ပါတီပွဲတစ်ခုပြုလုပ်ပေးရန်ဆုံးဖြတ်လိုက်၏။ သူတို့သည် ပါတီပွဲအတွက် လိုအပ်သော အစားအသောက်များကိုသူတို့ဖာသာသူတို့ စိတ်တိုင်းကျဝယ်သည်။ အထူးအစီအစဉ်အဖြစ် ဆယ်ဂါလံဝင် ဘီယာစည်တစ်လုံးကို ဝယ်သည်။ ပါတီပွဲနေ့တွင် လူစုံတက်စုံရောက်လာကြသည်။

ဧည့်ခန်းထဲတွင် ဆေးလိပ်၊ ဆေးတံမှ မီးခိုးများသည် ထောင်းထောင်းထလျှက်ရှိ၏။ ဂေါဂင်သည် သူ၏ကြီးမားလေးလံသော ကိုယ်ခန္ဓာကြီးကိုသယ်ကာ အခန်းထဲတွင် လှည့်ပတ်သွားလျှက်ရှိသည်။ သူ့ပုံပန်းသည် မြူးမြားကြွားဝှဲလှုပ်ရှားသွားလာနေသည့် သင်္ဘောတစ်စီးနှင့်တူနေသည်။ လော့ထ်ရက်သည် ဧည့်ခန်းထောင့်တစ်ထောင့်၌ ထိုင်နေသည်။ သီအိုအကြိုက်ဆုံးသော ကုလားထိုင်လက်တင်ပေါ်တွင် ကြက်ဥများ တင်ထားသည်။ ကုလားထိုင်ပတ်ပတ်လည်ရှိ ကော်ဇောပေါ်တွင်လည်း ကြက်ဥခွံများပြန့်ကျဲလျှက်ရှိလေသည်။

ရူဆိုးသည် ထိုနေ့က သူ့ထံရောက်လာသည့် ရေမွှေးနံ့သင်းပျံ့နေသောစာတစ်စောင်ကြောင့် များစွာ စိတ်လှုပ်ရှားလျှက်ရှိ၏။ သူ ရထားသည့်စာမှာ

အထက်တန်းလွှာအမျိုးသမီးတစ်ဦးထံမှ စာဖြစ်၍ စာထဲတွင် သူနှင့်တွေ့ပါရစေဟု ရေးထားသည်ဖြစ်ရာ သူ့အနေဖြင့် ဤအကြောင်းကိုသာ ထပ်တလဲလဲပြောပြလျက်ရှိသည်။ ဆူးရက်မှာ ပန်းချီပညာနှင့် ပတ်သက်၍ သူစဉ်းစားရရှိထားသောနည်းသစ်တစ်ခုအကြောင်းပြောပြနေသည်။ စေဇန်းသည် ပြတင်းပေါက်ဘောင်ကို မှီရပ်ကာ ဆူးရက်အား သူနားလည်ထားသမျှကို ရှင်းလင်းပြောပြနေသည်။

ဗင်းဆင့်သည် ဘီယာစည်ထဲမှ ဘီယာကိုထည့်ရင်း ဂေါ်ဂင်ပြောပြနေသည့်ညစ်တီးညစ်ပတ်ပုံပြင်များကို နားထောင်ကာ တဟားဟား အော်ရယ်နေသည်။ သူသည် အမျိုးသမီးတစ်ဦးက ရှူဆိုးထံစာရေးသည်ဟူသော ကိစ္စကိုတွေးကာ အံ့သြနေသည်။ ဖြစ်မှဖြစ်နိုင်ပါ့မလားဟု တွေးတောကာ သံသယဝင်နေသည်။ တစ်ကြိမ်တွင် သူသည် လော့ထ်ရက်နှင့် ဆေးရောင်၏အဓိကကျမှုကို ဆွေးနွေးကာ ငြင်းခုံနေသည်။ နောက်ဆုံးတွင်မူ သူသည် ဆူးရက်၏ ပိုက်ကွန်ထဲ၌ငြိတွယ်နေသော စေဇန်းအား ဆူးရက်နှင့် ဝေးရာသို့ ဆွဲထုတ်လာခဲ့လေသည်။

ဧည့်ခန်းထဲတွင် ဆူဆူညံညံလှုပ်လှုပ်ရှားရှားနှင့် အသက်ဝင်လျက်ရှိ၏။ ရောက်နေသည့် လူအားလုံးသည် တကယ့်ထိပ်ထိပ်ကြဲလူများဖြစ်သည်။ ပြင်းထန်သော အတ္တဝါဒီသမားများဖြစ်သည်။ ရိုးရာဓလေ့ထုံးစံနှင့် အစဉ်အလာဟူသမျှကို ခိုးဖောက်နေသူများဖြစ်၏။ သီအိုကတော့ ဤလူစုအား " တစ်ယူသန်ဝါဒီအရူးများ " ဟု အမည်ပေးထားသည်။ တစ်ကယ်တော့လည်း ဤလူစုသည် အပြင်းအထန်ငြင်းခုံမှုတွင် ဝါသနာကြီးကြသည်။ တစ်ဦးနှင့်တစ်ဦး ထိုးဟယ်ကြိတ်ဟယ် လုပ်ရန်လည်း ဝန်လေးသူများမဟုတ်ကြ။ ဆဲစရာရှိလျှင် ပက်ပက်စက်စက်ဆဲရေးတိုင်းထွာတတ်သူများဖြစ်၏။ သူတို့အစွဲအလန်းကြီးနေသည့် သဘောတရားများကို ထိပါးလာလျှင် အပြင်းအထန်ခုခံကာကွယ်တတ်သူများဖြစ်သည်။ သူတို့အသံများသည် ကျယ်လောင်ကြသည်။ မာကျောကြသည်။ ပြင်းထန်ကြသည်။ ကြမ်းတမ်းကြသည်။ ရိုင်းစိုင်းကြသည်။

သီအိုသည် ဧည့်ခန်းထဲမှ လူစုကိုကြည့်ကာ ခေါင်းခဲလာသည်။ သူသည်ဤလူစုအား ချစ်ပါ၏၊ ခင်ပါ၏၊ ကြည်ညိုလေးစားပါ၏။ သို့သော်လည်း ဤလူစု၏အနေအထိုင် အပြောအဆိုနှင့် အပြုအမူများသည် သူ့အတွက် 'စိမ်း'လွန်း လှချေသည်။ မည်သို့ပင်ဖြစ်စေ သူသည် ဤလူစု၏ ပန်းချီကားများကို သူ့ အရောင်းဆိုင်တွင် ချိတ်ဆွဲလိုသော ဆန္ဒရှိပါ၏။ သို့သော်လည်း ပိုင်ရှင်

ဗလာဒန်က ခွင့်ပြုလိမ့်မည်မဟုတ်။ သူကတော့စိတ်မလျှော့သေး။ တစ်နေ့နေ့တွင် စေဇန်း၏ ပန်းချီတစ်ကားကို ဆိုင်တွင်ချိတ်ခွင့်ရအောင် ဗလာဒန်အားနားချမည်ဟု စိတ်ကူးထားသည်။ ထို့နောက်တွင်မူ ဂေါဂင်နှင့် လော့ထ်ရက်၏ ပန်းချီကားတစ်ကားစီ။ နောက်ဆုံးကျမှ ဗင်းဆင့်ဗင်ဂိုး၏ ပန်းချီကားတစ်ကား။ ဗင်ဂိုး၏ ပန်းချီကားကို ချိတ်ဆွဲခွင့်ရမည့်ရက်ကတော့ အလွန်အလှမ်းဝေးလိမ့်ဦးမည်ဟုသူထင်သည်။

သူသည် မီးခိုးငွေ့များကြား၌ရပ်၍ ငြင်းခုံကြ၊ စကားနိုင်လုကြနှင့် ပွက်လောညံနေသော လူစုအား တစ်ချက်မျှရပ်ကြည့်ပြီး အပြင်သို့အသာကလေးထွက်လာခဲ့သည်။ သူသည် သူ့ရှေ့မှောက်၌ရှိနေသော ပါရီမြို့တော်၏ မီးရောင်များဆီသို့ တွေဝေငေးမောနေသည်။

ဂေါဂင်သည် လက်တစ်ဖက်တွင် ကြက်ဥပြုတ်ကိုင်၍ ကျန်တစ်ဖက်တွင် ဘီယာဖန်ခွက်ကိုင်ကာ စေဇန်းနှင့် အပြင်းအထန်ငြင်းခုံလျက်ရှိ၏။ ဘီယာကိုပါးစပ်တွင် ပိုက်တပ်၍ မရပ်မနား သောက်နိုင်သူမှာ ပါရီတစ်မြို့လုံးတွင် သူတစ်ဦးတည်းရှိသည်ဟု ဂေါဂင်ကကြွားဝါလျက်ရှိရာမှစ၍ အော်ကြီးဟစ်ကျယ်စကားများလျက်ရှိသည်။

" ဒီမယ်. . . စေဇန်း၊ သိပ်ပြီးလေလုံးမိုးလုံးရိုက်မနေနဲ့ " ဟု ဂေါဂင်ကအော်ပြောသည်။ " ခင်ဗျားရဲ့ပန်းချီကားတွေဟာ အားလုံး အေးစက်စက်တွေချည်းပဲ ကိုယ့်လူ၊ ခင်ဗျားရဲ့လက်ရာတွေကိုကြည့်လိုက်ရင် ကျုပ်တစ်ကိုယ်လုံးအေးစက်သွားတာချည်းပဲ၊ ခင်ဗျားရဲ့ကားတွေထဲမှာ စိတ်ရဲ့ခံစားချက်ဆိုလို့ တစ်အောင်စလောက်တောင်မပါဘူး. . . သိလား "

" ကျုပ်က စိတ်ခံစားချက်ကိုဆွဲဖို့ ဘယ်တော့မှမကြိုးစားဘူးဆိုတာ ခင်ဗျားနားလည်ရဲ့လား " ဟု စေဇန်းက တုံ့ပြန်သည်။ " စိတ်ခံစားချက်ကိုပြဖို့က ကျုပ်အလုပ်မဟုတ်ဘူး၊ ဝတ္ထုရေးဆရာတွေရဲ့အလုပ်ဗျ။ ကျုပ်ကပန်းသီးတွေနဲ့ ရှုမျှော်ခင်းတွေကိုပဲ ဆွဲနေတဲ့အကောင် . . . "

" ဟား. . . ခင်ဗျားက စိတ်ခံစားချက်ကို ဘယ်ဆွဲမလဲ၊ ဆွဲမှမဆွဲတတ်တာ။ ခင်ဗျားပန်းချီဆွဲနေတာက မျက်လုံးနှစ်လုံးတည်းနဲ့ ဆွဲနေတာပဲ "

" မျက်လုံးတွေနဲ့မဆွဲလို့ ကျုပ်ကဘာနဲ့ဆွဲရမှာလဲဗျ "

" ဒီမှာ ငါ့လူ၊ အရာအားလုံးနဲ့ဆွဲနိုင်တယ် " ဟု ဂေါဂင်ကပြန်ပြောကာ အခန်းထဲရှိလူများကို တစ်ချက်ဝေ့ကြည့်လိုက်သည်။ " ဟိုမှာမြင်လား. . . ၊ လော့ထ်ရက်. . . ၊ ဒီလူပန်းချီဆွဲရင် ဘာနဲ့ဆွဲသလဲ သိလား. . . ဒေါမနဿစိတ်

နဲ့ဆွဲတယ်။ ဗင်းဆင့်ကျတော့ နှလုံးသားနဲ့ဆွဲတယ်။ ဆူးရက်ကျတော့ စိတ်နဲ့ဆွဲတယ်။ ဒါပေမယ့် သူလက်ရာတွေကျတော့ ခင်ဗျားမျက်စိတွေနဲ့ ဆွဲထားတဲ့ ပန်းချီကားတွေလောက်ကို ညံ့ဖျင်းတယ်။ ရှူဆိုးကျတော့ စိတ်ကူးယဉ်မှုနဲ့ ဆွဲတယ်"

" နေပါဦး. . . ခင်ဗျားကျတော့ ဘာနဲ့ဆွဲသလဲ ဂေါဂင် "

" ကျုပ်လား. . . ကျုပ်မသိဘူး၊ အဲဒါကို ဘယ်တုန်းကမှလဲ မစဉ်းစားခဲဘူး "

" ဒီလိုဆိုရင် ကျွန်တော်ပြောပြမယ် "ဟု လော့ထ်ရက်က ဘေးမှဝင်ပြောသည်။ "ခင်ဗျားကျတော့ ခင်ဗျားရဲ့ပန်းချီကားတွေကို ခင်ဗျားရဲ့ 'ငယ်ပါ' နဲ့ဆွဲနေတာ "

ဝါးခနဲရယ်သံများထွက်ပေါ်လာသည်။ ရယ်သံများစဲသွားသည့်အခါ ဆူးရက်သည် နှစ်ယောက်ထိုင်ဆိုဖာကြီး၏ လက်တင်ပေါ်တက်ရပ်ကာ " ခင်ဗျားတို့အနေနဲ့ စိတ်နဲ့ပန်းချီဆွဲနေတဲ့လူတစ်ယောက်ကို လျှောင်နှိုင်ပြောင်နှိုင်ပါတယ်၊ ဒါပေမယ့်. . . ကွန်တော်တို့ဆွဲနေတဲ့ပန်းချီကားတွေကို အခုထက်နှစ်ဆတိုးပြီးကောင်းလာအောင် ဘယ်လိုဆွဲကြမလဲဆိုတာ စဉ်းစားပေးကြစမ်းပါ "ဟု အော်ပြောသည်။

" ကျုပ်က သောက်ရူးတွေရဲ့စကားကို နားထောင်နေရဦးမှာလား" ဟု စေဇန်းက ဝင်အော်သည်။

" ပါးစပ်ပိတ်ထားစမ်း စေဇန်း၊ဟေ့. . . ဂေါဂင်၊ တခြားနေရာမှာသွားထိုင်။ အခန်းထဲမှာပူညံပူညံဖြစ်အောင် မလုပ်ချင်နဲ့။ဟေ့ ရှူဆိုး. . . ခင်ဗျားကိုချီးကျူးနေကြတဲ့ လူတွေအကြောင်းပြောနေတာ ရပ်လိုက်တော့။ နားငြီးတယ်။ လော့ထ်ရက် ဒီဘက်ကို ကြက်ဥတစ်လုံး ပစ်လိုက်စမ်းပါ။ ကဲ. . . အားလုံးနားထောင်ကြစမ်း "

" ဘာလဲ. . . ဆူးရက်၊ ဘာပြောမလို့လဲ။ ရီဖူးဆီးပြခန်းမှာ ပြထားတဲ့ခင်ဗျားရဲ့ပန်းချီကားကို လူတစ်ယောက်က တံတွေးနဲ့ထွေးခဲ့ပြီးနောက် လူတွင်ကျယ်မလုပ်တာကြာခဲ့ပြီ။ အခုထလာပြန်ပြီလား "

" နားထောင်ကြပါ။ ဒီနေ့ပန်းချီဟာဘာလဲ. . . အလင်းရောင်ပဲ။ ဘယ်လို အလင်းရောင်မျိုးလဲတဲ့၊ ဖြည်းဖြည်းချင်း မသိမသာကလေး အရောင်ပမာဏပြောင်းလဲသွားတဲ့ အလင်းရောင်ပဲ။ အရောင်တွေအားလုံး တစ်ခုနဲ့တစ်ခု ယှက်နွယ်ပေါင်းစပ်ပြီး ပမာဏပြောင်းလဲသွားမှဟာ . . . "

" အဲဒါ ပန်းချီဆွဲတာ မဟုတ်ဘူးဟေ့ "

" ဘယ်လိုလဲဟ. . . ခင်ဗျားက လူတတ်ကြီးလုပ်ပြီး ကျွန်တော် တို့ကို ဆရာတစ်ဆူလုပ်ဦးမလို့လား "

" ပါးစပ်တွေ ပိတ်ထားကြစမ်း။ ကျွန်တော်တို့ ပန်းချီကားတစ်ကားဆွဲပြီးရင် ဘာလုပ်ရမလဲဆိုတာ သိကြရဲ့လား။ အဲဒီပန်းချီကားကို ရွှေမင်တွေ သုတ်ထားတဲ့ ဘောင်တပ်ပြီး အနှစ်သာရကင်းမဲ့အောင် လုပ်ပစ်မဲ့အရူးတွေဆီ ပို့ကြမလား။ အဲဒီတော့ ကျွန်တော်အကြံတစ်ခုပြုချင်တယ်၊ ခင်ဗျားတို့ရဲ့ ပန်းချီကားကို ကိုယ်တိုင်ဘောင်တပ်ပြီးမှ ရောင်းမယ့်ကောင်တွေရဲ့လက်ထဲကို အပ်ပါ။ ကိုယ့်ပန်းချီကားရဲ့ အနှစ်သာရနဲ့ အံ့ဝင်ခွင်ကျဖြစ်မယ့်ဘောင်ကို ကိုယ်တိုင်အရောင်ခြယ် ပြီးတပ်ပေးလိုက်ပါ။ ဒါမှသာ ပန်းချီကားနဲ့ဘောင်ဟာ ခွဲခြားပစ်လို့မရနိုင်လောက်အောင် ဖြစ်သွားမှာ "

" ဒါပေမယ့်. . . ခင်ဗျားပြောသွားတာတွေထဲမှာ အရေးကြီးတဲ့ တစ်ချက်လိုသွားပြီ။ ပန်းချီကားတိုင်းကို အခန်းတစ်ခန်းထဲမှာ ချိတ်ဆွဲထားရမယ်မဟုတ်လား. . . အဲဒီတော့ တကယ်လို့ အခန်းရဲ့အရောင်ကလွဲနေရင် အခန်းက ကျွန်တော်တို့ ပန်းချီကားနဲ့ဘောင်ကို သတ်ပစ်မှာပဲ "

" သိပ်မှန်တာပေါ့။ အခန်းရဲ့အရောင်ကိုလဲ ဘောင်ရဲ့အရောင်နဲ့ အညီ အညွတ်ဖြစ်အောင် ဆေးပြန်သုတ်ရမယ် "

" အလွန်ကောင်းတဲ့ စိတ်ကူးတစ်ခုပဲ " ဟု ဆူးရက်က အော်သည်။

" အဲဒီအခန်းရှိနေတဲ့ အိမ်ရဲ့အရောင်ကျတော့ကော ဘာလုပ်ကြမလဲ"

" ဒါဆိုရင် အဲဒီအိမ်တည်ရှိနေတဲ့မြို့ကျတော့ ဘယ်လိုလုပ်ကြမှာလဲ"

" အော်. . . ဂျော့. . . ဂျော့ အဲသလိုစိတ်ကူးမျိုးတွေကို ဘယ်လို လုပ်ပြီးရလာတာလဲ "

" အဲဒါကပန်းချီကို ဦးနှောက်နဲ့ဆွဲတဲ့လူဆီက လာတာပါ ခင်ဗျာ "

" ခင်ဗျားတို့လူစု ဘာပြုလို့အခုလိုရန်ဖြစ်နေကြတာလဲဗျ " ဟု ဗင်းဆင့်ကပြောသည်။ " အချင်းချင်းလက်တွဲပြီး အလုပ်လုပ်နိုင်ဖို့ ကြိုးစားကြရမှာ. . . ဘာ့ကြောင့် မကြိုးစားကြတာလဲ "

" တကယ်လို့ ကျွန်တော်တို့အားလုံး အတူတူလက်တွဲပြီး လုပ်သွားကြရင် ဘယ်လိုအကျိုးထူးတွေခံစားရမလဲဆိုတာ ခင်ဗျားက ရှင်းပြပေးမှဖြစ်မှာပေါ့" ဟု ဂေါဂင်ကပြောသည်။

" ဒီလိုဆိုရင် ကျွန်တော်ပြောပြမယ်။ ကျွန်တော့်မှာ အစီအစဉ်တစ်ခုရှိနေပြီ၊ ဒီအလုပ်မျိုးကို လုပ်နိုင်ဖို့မာနက်၊ ဒီဂတ်စ်၊ စစ္စလေနဲ့ ပစ်ဆာရိုတို့က

ကျွန်တော်တို့ကို လမ်းပြထားတယ်။ သူတို့ကို အားလုံးကလက်ခံကြရုံတင် မကဘူး. . . သူတို့လက်ရာတွေကို နာမည်ကြီး အရောင်းပြခန်းကြီးတွေထဲမှာ တောင် တင်ရောင်းပေးတဲ့အထိ အောင်မြင်သွားတယ်၊ အဲဒါ အချင်းချင်း လက်တွဲပြီး စုပေါင်းလုပ်ကြလို့ပေါ့ ”

“ တစ်ခုတော့ရှိတယ်၊ သူတို့ကအခုဆိုရင် ဂရင်းလမ်းကျယ်ကြီးပေါ်က နာမည်ကျော်ပန်းချီဆရာတွေဖြစ်သွားကြပြီ။ ကျွန်တော်တို့ကတော့ အခုမှစမှာ မဟုတ်လား။ အဲဒီတော့ လမ်းသွယ်တွေထဲမှာ စကြရမယ်။ ကျွန်တော်တို့ရဲ့ ပန်းချီကားတွေကို အသေးစား စားသောက်ဆိုင်ကလေးတွေထဲမှာ ဘာပြုလို့ မတင်နိုင်ရမှာလဲ။ လမ်းဘေးစားသောက်ဆိုင်ကလေးတွေနဲ့ အလုပ်သမားစားသောက်ဆိုင်တွေမှာတင်ရင်လဲဖြစ်တာပဲ။

“ ကျွန်တော်တို့အားလုံး တစ်ဦးကိုပန်းချီကား ငါးကားတော့ ပေးနိုင်ရမှာပေါ့။ အဲဒီကားတွေကို နေ့ခင်းမှာ ဆိုင်တင်မယ်၊ အလုပ်သမားတွေဝယ်နိုင်တဲ့ စျေးနဲ့ရောင်းမယ်။ အဲသလိုလုပ်လိုက်ရင် အောက်တန်းစားအလုပ်သမားဆင်းရဲသားတွေအနေနဲ့ပန်းချီရဲ့ အလှအပတွေကိုလဲ မြင်ခွင့်ကြည့်ခွင့်ရကြမယ်၊ သူတို့ကြိုက်တဲ့ ကားတွေကိုလဲ စျေးသက်သက်သာသာနဲ့ ဝယ်နိုင်ကြမယ် ”

“ သိပ်ကောင်းတဲ့ အစီအစဉ်ပဲဗျို့ ” ဟု ရှူဆိုးက ဝမ်းသာအားရမြောသည်။

“ အဲဒါမှခက်တာပဲ ” ဟု ဆူးရက်က ငြီးသည်။ “ ကျွန်တော်က ပန်းချီတစ်ကားပြီးဖို့ တစ်နှစ်ကြာဆွဲတဲ့ကောင်ဗျ၊ ကျွန်တော့်ရဲ့ အင်မတန်အဖိုးထိုက်တန်တဲ့ ပန်းချီကားကို ဆင့်ငါးဆယ်လောက်နဲ့ လက်သမားတစ်ယောက်ဆီရောင်းရမယ်ဆိုရင် ကျွန်တော်ရောင်းလိမ့်မယ်လို့ ခင်ဗျားထင်နေသလား ”

“ ဂါကတော့ ခင်ဗျားအနေနဲ့ သိပ်ပြီးမကြိုးကျယ် မခမ်းနားတဲ့ အသေးအမွှားကားလေးတွေပေးပေါ့ဗျာ ”

“ ထားပါတော့လေ၊ ဒါပေမယ့် ပန်းချီကားတွေကို စားသောက်ဆိုင်တွေက အတင်မခံဘူးဆိုရင် ဘယ်လိုလုပ်ကြမလဲ ”

“ ဟာ. . . ဗျာ၊ လက်ခံကြမှာပါ ”

“ အေးလေ. . . ဘာပြုလို့လက်မခံရမှာလဲ။ သူတို့အတွက် တစ်ပြားတစ်ချပ်တောင်ကုန်တာမှ မဟုတ်တာ၊ ကျုပ်တို့ ပန်းချီကားတွေကြောင့် သူတို့ဆိုင်တွေပိုပြီးလှလာမှာလဲ ထည့်တွက်ကြရမှာပေါ့ ”

“ ကဲပါလေ. . . ဒီလုပ်ငန်းကို ကျွန်တော်တို့ ဘယ်ပုံဘယ်နည်းလုပ်ကြ

မလဲ၊ ဆိုင်တွေကိုဘယ်သူက ရှာမှာလဲ ”

“ ဆိုင်တွေကို ကျွန်တော်ရွေးထားပြီးပြီ ” ဟု ဗင်းဆင့်ကပြောသည်။ “ ပီရီတန်ဂိုင်းကို ကျွန်တော်တို့ရဲ့ မန်နေဂျာလုပ်ခိုင်းမယ်။ သူကဆိုင်တွေကိုထပ် ရှာမယ်၊ ကားတွေကိုချိတ်မယ်။ ရောင်းရငွေလက်ခံမယ် ”

“ ကောင်းပါ့ဗျား. . . သူနဲ့အလွန်သင့်တော်တဲ့ အလုပ်ပါပဲ ”

“ ကဲဗျာ. . . ရူဆိုး၊ ခင်ဗျားအခုပဲ ပီရီတန်ဂိုင်းကို သွားခေါ်ပေးပါ။ အရေးကြီးတဲ့ ကိစ္စရှိလို့လို့ပြောပေါ့ ”

“ ဒီစီမံကိန်းထဲမှာ ကျွန်တော့်ကိုတော့ ထည့်မတွက်ကြနဲ့ ” ဟု စေဇန်းပြောသည်။

“ ခင်ဗျားက ဘာဖြစ်ရပြန်တာလဲ ” ဟု ဂေါဂင်ကမေးသည်။ “ ဘာလဲ ခင်ဗျားရဲ့ ကားတွေကို အလုပ်သမားတွေက ကြည့်ရုံနဲ့ ပေရေစ်ပတ်ကုန်မှာ ကြောက်လို့လား ”

“ မဟုတ်ပါဘူး၊ ကျွန်တော်ဒီလကုန်ရင် အက်က်စ်ကိုပြန်တော့မှာ ”

“ ခင်ဗျားကလဲဗျာ. . . တစ်ခါလောက်တော့ စမ်းကြည့်ဖို့ကောင်းပါတယ်၊ တကယ်လို့ မအောင်မြင်ရင်လဲ ခင်ဗျားမှာ နစ်နာစရာ မရှိပါဘူး ” ဟု ဗင်းဆင့်ကတိုက်တွန်းသည်။

“ အေးပါလေ. . . လုပ်ကြည့်ကြတာပေါ့ ”

ထိုအခိုက်တွင် ပီရီတန်ဂိုင်းသည် အပြေးအလွှားရောက်လာသည်။ ရူဆိုးက သူ့အား အစီအစဉ်ကိုအနည်းအကျဉ်းပြောပြလိုက်သည် မဟုတ်ပါလား။ သူ့မျက်နှာသည် ရွှင်မြူးလျက်ရှိသည်။ စိတ်အားထက်သန်လျက်ရှိခြင်းကိုလည်း ဖော်ပြလျက်ရှိ၏။

အစီအစဉ်အသေးစိတ်ကို ကြားရသည့်အခါ သူသည် ဝမ်းသာအား တက်နေသည်။ “ စားသောက်ဆိုင်တွေကို ရှာလို့လွယ်ပါတယ် ” ဟု ရေရွတ်သည်။ “ ပါရီမြို့ပေါ်မှာ စားသောက်ဆိုင်တွေ ထောင်ပေါင်းများစွာ ရှိနေတာပဲ၊ ကျွန်တော်ရအောင်ရှာမှာပေါ့ ”

“ အလုပ်ကဘယ်တော့စမှာလဲ ” ဟု ဂေါဂင်ကမေးသည်။

“ မနက်ဖြန်စလို့ရတာပဲ ” ဟုဗင်းဆင့်ကဖြေသည်။

တန်ဂိုင်းသည် တစ်ဘက်တည်းသောခြေထောက်ဖြင့် ခြေတစ်ပေါင်ကျိုးခုန်ဆွခုန်ဆွသွားကာ ဦးထုပ်ကိုချွတ်၍ ခေါက်ကိုင်ထားသည်။ ထို့နောက် ခေါင်းပေါ်သို့ ပြန်စွပ်လိုက်သည်။

" ကောင်းတယ်၊ မနက်ဖြန်စတာပဲကောင်းတယ်။ ခင်ဗျားတို့ရဲ့ ပန်းချီကားတွေကို မနက်ကျရင် ကျွန်တော့်ဆီလာပို့ကြ၊ ကျွန်တော်က နော်ဗင်းစ် စားသောက်ဆိုင်မှာသွားချိတ်မယ်၊ လူတွေညစာလာစားတဲ့အခါမှာ သိပ်ပြီးအံ့သြသွားကြလိမ့်မယ်။ ပန်းချီကားတွေကို အီစတာပွဲတော်မှာ ဖယောင်းတိုင်တွေရောင်းသလိုရောင်းကြတာပေါ့။ အင်း. . . ခင်ဗျား ကျွန်တော့်ကို ပေးလိုက်တာဘာပါလိမ့်၊ အော်. . . ဘီယာတစ်ဖန်ခွက်ပါလား။ ကောင်းတယ် သိပ်ကောင်းတယ်။ လူကြီးမင်းများခင်ဗျား။ ပီတစ်လမ်းမကြီးပေါ်က စုပေါင်းပန်းချီပညာရှင်များကလပ် အောင်မြင်ပါစေလို့ ဆုတောင်းပြီး ဘီယာမော့လိုက်ကြပါ ခင်ဗျား"

(၁၁)

နောက်တစ်နေ့ မွန်းတည့်ချိန်တွင် ပီရီတန်ဂိုင်းသည် ဗင်းဆင့်၏ တိုက်ခန်းတံခါးကို တဒေါက်ဒေါက်ခေါက်လျက်ရှိ၏။

" ကျွန်တော်တခြားလူတွေဆီသွားပြောခဲ့ပြီးပြီ " ဟု တန်ဂိုင်းကပြောသည်။ " ကျွန်တော်တို့ အားလုံး ညစာ စားပါမယ်ဆိုတဲ့ သဘောတူညီချက်နဲ့ နော်ဗင်းစ် စားသောက်ဆိုင်က ပန်းချီကားတွေကို ချိတ်ဆွဲပြသခွင့် ပေးလိုက်တယ်"

" အဲဒါကောင်းတာပေါ့ဗျာ "

" ဟုတ်တယ်၊ တခြားလူတွေကလဲ ကောင်းတယ်လို့ ပြောကြတယ်။ သဘောလဲတူကြတယ်။ ပန်းချီကားတွေကို ညနေလေးနာရီခွဲကျမှ ချိတ်ရမယ်။ ခင်ဗျားက ကျွန်တော့်ဆိုင်ကို လေးနာရီတိတိအရောက်လာခဲ့ပါ။ အတူတူသွားကြတာပေါ့ "

" ကျွန်တော်လာခဲ့မယ်လေ "

ကလောဇဲလ်လမ်းမှ တန်ဂိုင်း၏ဆိုင်သို့ ဗင်းဆင့်ရောက်သွားသည့်အခါ တန်ဂိုင်းသည် ပန်းချီကားအားလုံးကို လက်တွန်းလှည်းတစ်စီးပေါ်တင်ထားပြီးနှင့်လေပြီ။ ကျန်လူစုမှာ ဆိုင်ထဲ၌ ဆေးလိပ်သောက်ရင်း ဂျပန်ပုံနှိပ်ပန်းချီကားများအကြောင်းကို ဝေဖန်ဆွေးနွေးနေကြသည်။

" ကျွန်တော်အဆင်သင့်ဖြစ်ပြီ သွားကြစို့ " ဟု တန်ဂိုင်းက လှမ်းအော်သည်။

" ကျွန်တော် လှည်းကိုကူတွန်းပေးရဦးမလား "ဟုဗင်းဆင့်ကမေးသည်။

" မလိုဘူး. . . မလိုဘူး။ ဒါ ကျွန်တော့်တာဝန်. . . ကျွန်တော်က မန်နေဂျာ မဟုတ်လား "

တန်ဂိုင်းသည် လက်တွန်းလှည်းကိုလမ်းအလယ်သို့ တွန်းသွားသည်။ ထို့နောက် တောင်ကုန်းအတက်လမ်းပေါ်သို့ တွန်း၍တက်သွားသည်။ ပန်းချီဆရာများသည် သူနောက်မှ နှစ်ယောက်တစ်တွဲတန်းစီပြီး လိုက်ပါလာကြ၏။ရှေ့ဆုံးအတွဲမှာ အမြဲတစေ တပူးတွဲတွဲနေလေ့ရှိသော ဂေါဂင်နှင့် လော့ထ်ရက်. . . ရူဆိုးနှင့် တွဲလာသော ဆူးရက်သည် ရေမွှေးနံ့သင်းပျံ့နေသည့် စာတစ်စောင်နောက်တစ်ကြိမ်ရောက်လာပြန်သဖြင့် စိတ်လှုပ်ရှားလျက်ရှိသော ရူဆိုး၏ စကားများကို နားထောင်လျက်ရှိ၏။ ဗင်းဆင့်နှင့်စေဇန်းမှာမူ အချိန်အခါနှင့် အခြေအနေကိုကြည့်၍မပြုံးမရယ်ပဲ တည်တံ့ခံ့ငြားစွာ လိုက်ပါလာနေကြလေသည်။

တောင်ကုန်းအတက် လမ်းတစ်ဝက်ခန့်အရောက်တွင် ဂေါဂင်က "တင်ထားတဲ့ ပန်းချီကားတွေက အကောင်းဆုံးလက်ရာတွေဆိုတော့ ခင်ဗျားရဲ့လှည်းဟာ အတော်ကြီးကိုလေးသွားပုံရတယ်၊ ကျွန်တော်ကူတွန်းပေးရဦးမလား " ဟုမေးသည်။

"မလုပ်ပါနဲ့ဗျာ" ဟု တန်ဂိုင်းကငြင်းသည်။ "ဒီတော်လှန်ရေးမှာကျွန်တော်ပဲ ရှေ့ကဦးဆောင်ရမှာ၊ တကယ်လို့ သေနတ်နဲ့ ပစ်ရင်လဲ ကျွန်တော်ဟာ ပထမဆုံးကျဆုံးမယ့်လူ ဖြစ်ချင်တယ် "

လမ်းသွားလမ်းလာများသည် လက်တွန်းလှည်းတစ်စီးနှင့် လှည်းနောက်မှကပ်လိုက်လာကြသော လူများကို ပြူးတူးပြဲတဲ ကြည့်နေကြသည်။ ပန်းချီဆရာများကတော့ ဘယ်သူ့ကိုမှ ဂရုမစိုက်၊ စကားတပြောပြောနှင့် အရှိန်မပျက်လျှောက်သွားနေကြသည်။

ရှေ့မှသွားနေသော ရူဆိုးသည် ဗင်းဆင့်၏ ဘေးတွင် လာရပ်သည်။ "ဒီမှာဗင်းဆင့်. . . ကျွန်တော့်ဆီကို ရေမွှေးနံ့သင်းပျံ့နေတဲ့ ဒုတိယစာရောက်လာပြန်ပြီဗျ၊ စာက ဟိုအမျိုးသမီးဆီကပဲ သိလား" ဟု ပြောသည်။သူသည် အဖြစ်အပျက်ကို အစမှအဆုံးပြောပြနေပြန်သည်။ဇာတ်လမ်း ဆုံးသွားသည့်အခါ ဆူးရက်၏ဘေးသို့ပြန်ရောက်သွားသည်။

လော့ထ်ရက်က ဗင်းဆင့်အားလှမ်းခေါ်သည်။ " ရူဆိုးဆီစာရေးနေတဲ့ မိန်းမကို ခင်ဗျားသိသလား " ဟု မေးသည်။

" မသိဘူး၊ ကျွန်တော်က ဘယ်လိုလုပ်ပြီးသိမှာလဲ လော့ထ်ရက်ရယ်"

လော့ထ်ရက်က လေသံကိုတိုးလိုက်သည်။ " အဲဒါ ဂေါဂင်ဗျ. . . ၊ သူကရူဆိုးကို ချစ်ပြဿနာလေးတစ်ခု တီတွင်ဖန်တီးပေးထားတာ။ ရူဆိုးခမျာ မိန်းမမိတ်ဆွေဆိုလို့ တစ်ယောက်မှ ရှိတာမဟုတ်ဘူး၊ ဂေါဂင်က သူ့ဆီကိုရေမွှေးနံ့သင်းနေတဲ့ စာတွေပို့ပြီးထွင်လာတာ နှစ်လနီးပါး ရှိသွားပြီ။ သူကမိန်းမလို ဝတ်စားပြီး ရူဆိုးနဲ့ ချိန်းတွေ့လိုက်သေးတယ် "

" ဂေါဂင်ရယ်. . . ခင်ဗျားဟာ တော်တော်ယုတ်မာတာပါလား "

" ဟာဗျာ၊ ဗင်းဆင့်ကလဲ. . . " ဟု ဂေါဂင်ကပြောသည်။ " ကျွန်တော်ကတော့ သိပ်ကိုကောင်းတဲ့ ပြက်လုံးတစ်ခုလို့ထင်တာပဲ "

နောက်ဆုံးတွင် သူတို့သည် နော်ဗင်းစ်စားသောက်ဆိုင်သို့ ဆိုက်ရောက်သွားကြသည်။ ဆိုင်သည် အရက်ဆိုင်နှင့် မြင်းစာရောင်းသောဆိုင်ကြား၌ တည်ရှိပြီး အထိုက်အလျောက် သင့်တင့်ကောင်းမွန်သောဆိုင်ဖြစ်၏။အပြင်ဘက်တွင် ဆေးဝါရောင်သုတ်ထားပြီး အတွင်းဘက်တွင် အပြာနုရောင်သုတ်ထားသည်။ ဆိုင်ထဲတွင် စားပွဲအလုံးနှစ်ဆယ်ခန့်ခင်းကျင်းထားသည်။ နောက်ဖက်တစ်နေရာတွင် ဆိုင်ရှင်သည် ကုလားထိုင်မြင့်မြင့်တစ်လုံးထက်၌ ထိုင်လျက်ရှိလေသည်။ ပန်းချီဆရာများသည် ဘယ်သူ့ပန်းချီကားနှင့် ဘယ်သူ့ပန်းချီကားကို ယှဉ်၍တွဲ၍ ချိတ်သင့်သည်ဟူသော အရေးကိစ္စအတွက် နာရီပေါင်းများစွာပါးစပ်ရန်ပွဲ ခင်းလျက်ရှိကြသည်။ သူတို့၏ငြင်းခုံပွဲကိုကြည့်ကာ ပီရီတန်ဂိုင်းသည် အကြီးအကျယ် စိတ်ဓာတ်ကျနေသည်။ ဆိုင်ရှင်သည် ညစာစားမည့်လူများ ရောက်လာချိန်နီးကပ်လာနေသဖြင့် ပန်းချီဆရာများအား ဒေါပွလျက်ရှိ၏။

ဆူးရက်က သူ့ပန်းချီကားများကို အခြားကားများ၏အပေါ် ထိပ်ဆုံးနေရာ၌ မချိတ်လိုဟုပြောသည်။ နံရံပေါ်မှ အပြာနုရောင်ဆေးကြောင့် သူ့ပန်းချီကားထဲမှ ကောင်းကင်ပြာများ ပျောက်ကွယ်သွားလိမ့်မည်ဟု အကြောင်းပြသည်။ စေဇန်းကလည်း သူ၏ သက်မဲ့အရာဝတ္ထု ပန်းချီကားများကို လော့ထ်ရက်၏ကားများနှင့်ယှဉ်တွဲပြီး ချိတ်ဆွဲခွင့် မပြုနိုင်ဟုဆိုနေသည်။ ရူဆိုးကလည်း သူ့ကားများကို မီးဖိုခန်းအနီးရှိနံရံများပေါ်၌ ချိတ်မည်ဟု လျှာထားသည့်အတွက် မကျေမနပ် ဖြစ်နေသည်။ တန်ဂိုင်းသည် ဗင်းဆင့်ထံသို့ စိတ်ပျက်လက်ပျက်ဖြစ်ကာ ရောက်လာသည်။ " ရော့ဗျာ ဒီငွေနှစ်ဖရန့်ကိုယူထားပါ။ ခင်ဗျားစိုက်နိုင်သလောက် ထပ်စိုက်ပြီး ခင်ဗျားရဲ့လူတွေကို အရက်ဆိုင်ထဲသွင်းသွားစမ်းပါ။ ဒီပုံအတိုင်းသာ နောက်ထပ်ဆယ့်ငါးမိနစ်လောက် ရင်ဆိုင်ရမယ်ဆိုရင်တော့

ကျွန်တော် မသာပေါ်လိမ့်မယ် " ဟုပြောသည်။

တန်ဂိုင်း၏ စိတ်ကူးသည်အထမြောက်သည်။ အရက်ဆိုင်မှပြန်လာကြသည့်အခါ ပန်းချီဆရာများသည် စောစောကလို မဟုတ်တော့။ အားလုံးစည်းကမ်းတကျဖြစ်လာကြသည်။ လမ်းဘက်မျက်နှာပြုထားသည့် တံခါးအနီးရှိစားပွဲ၌ထိုင်ကာ အေးအေးဆေးဆေး ဆွေးနွေးပြောဆိုကြသည်။ ပီရီတန်ဂိုင်းသည် ဆိုင်းဘုတ်များကို နံရံများပေါ်၌ လိုက်ကပ်နေသည်။

"ဤပန်းချီကားများကို ရောင်းမည်။ စျေးသက်သာသည်။ ဆိုင်ရှင်ထံ စုံစမ်းပါ"

အချိန်မှာ ညနေ ငါးနာရီခွဲ။ ဆိုင်၏ထုံးစံအရ ညစာကို ခြောက်နာရီထိုးမှရသည်။ ပန်းချီဆရာအားလုံးသည် ဂနာမငြိမ်ဖြစ်နေကြသည်။ ဆိုင်ရှေ့တံခါးပွင့်သွားတိုင်းသူတို့၏ မျက်လုံးများသည် မျှော်လင့်ချက်ကြီးစွာဖြင့် အပေါက်ဖက်သို့လှည့်လာနေကြ၏။ တကယ်တော့ နော်ဗင်းစ် စားသောက်ဆိုင်၏ ဖောက်သည်များသည် ခြောက်နာရီတိတိကျမှလာကြစမြဲဖြစ်၏။

"ဗင်းဆင့်ကိုကြည့်စမ်း"ဟု ဂေါဂင်က ဆူးရက်အား တိုးတိုးပြောသည်။

" ရွှစိရွှစိ ဖြစ်နေတာ မြင်လား "

" ဒီမယ်. . . ဂေါဂင်။ ကျွန်တော်ဘာလုပ်မယ်ဆိုတာခင်ဗျားကို ပြောပြရဦးမယ် " ဟု လော့ထ်ရက်ကကြားဖြတ်ပြောသည်။ " ခင်ဗျားရဲ့ကား မရောင်းရခင် ကျွန်တော့်ကားကို ဝယ်တဲ့လူပေါ်သွားရင် ညစာအတွက်ကုန်ကျစရိတ်ကို ပေးစတမ်း လောင်းမလား "

" ရတယ်လေ. . . စိန်လိုက်ပေါ့ "

" ဟော့လူ စေဇန်း။ သုံးဆအကြောပေးပြီးလောင်းမယ်၊ ဘယ်နှယ့်လဲ" ဟု လော့ထ်ရက်က စိန်ခေါ်ပြန်သည်။

စေဇန်းသည် သူ့အားစော်ကားသည့် စကားမှန်းသိသဖြင့် တစ်မျက်နှာလုံးကြက်သွေးရောင်သမ်းသွားသည်။ ဘေးမှလူများက သူ့အားကြည့်ပြီး ဝိုင်းရယ်ကြ၏။

"ခင်ဗျားတို့တစ်ခု သိထားရမယ်" ဟု ဗင်းဆင့်ကပြောသည်။ " ပီရီတန်ဂိုင်းဟာ ကျွန်တော်တို့ရဲ့ မန်နေဂျာဖြစ်တဲ့အတွက် ရောင်းတဲ့ကီစွကို သူတစ်ယောက်တည်းက တာဝန်ခံပြီးလုပ်ရမှာ။ ဝယ်သူနဲ့ကြားမှာ ခင်ဗျားတို့ကဝင်ပြီးမပါပါနဲ့"

" ဒါပေမယ့် အခုထက်ထိ ဘယ်သူမှမလာကြသေးဘူး။ အဲဒါဘာဖြစ်လို့

လဲ ” ဟု ရှုဆိုးကမေးသည်။နံရံထက်ရှိ တိုင်ကပ်နာရီဆီမှ နာရီတီးသံခြောက်ချက် တိတိ ပေါ်ထွက်လာသည်။ ဆိုင်ရှေ့တံခါးသည် ပြုန်းခနဲပွင့်သွားပြီး အဝတ်ညစ်ထေးထေးနှင့် လူတစ်ယောက်ဝင်လာသည်။ ပင်ပန်းနွမ်းနယ်နေကြောင်းကို သူမျက်နှာက အထင်း သားဖော်ပြနေသည်။ အလုပ်ကြမ်းသမားတစ်ဦးပေတည်း။

“ ကဲ. . . ကိုယ်လူတို့ ” ဟု ဗင်းဆင့်ကအသံပေးသည်။ “ သူ့အခြေအနေကို ကျွန်တော်တို့ စောင့်ကြည့်ကြစို့ ”

အလုပ်သမားသည် အခန်း၏အခြားတစ်ဖက်ရှိ စားပွဲ၌ဝင်ထိုင်သည်။ ခေါင်းပေါ်မှ ဦးထုပ်ကိုချွတ်ကာ အနီးရှိ စင်ပေါ်သို့တင်သည်။ အစားအသောက်စာရင်းကို ကောက်ကြည့်ကာ သူ့အတွက် ညစာကိုမှာသည်။ တစ်ခဏမျှအကြာတွင် သူသည် စွပ်ပြုတ်ရည်ကို ဇွန်းကြီးတစ်ချောင်းဖြင့်ခပ်၍ အားရပါးရသောက်လျက်ရှိသည်။ သူမျက်လုံးအစုံသည် စားစရာ ပန်းကန်ပေါ်မှတစ်ပါး အခြားနေရာများဆီသို့ လှည့်မကြည့်ချေ။

နောက်ထပ်အလုပ်သမားနှစ်ယောက် ဝင်လာပြန်သည်။ ဆိုင်ရှင်ကသူတို့အား မင်္ဂလာညခင်းပါဟု ဆီးနှုတ်ဆက်သည်။ သူတို့သည် စားပွဲတစ်လုံး၌ဝင်ထိုင်ကာ နေ့ခင်းကဖြစ်ခဲ့သော ပြဿနာတစ်ခုကိုပြန်စကာ ရန်ဖြစ်လျက်ရှိကြ၏။

တဖြည်းဖြည်းနှင့် စားသောက်ဆိုင်ထဲတွင် လူများဖြင့် ပြည့်လာသည်။ မိန်းမတချို့သည် ယောကျ်ားများနှင့် တွဲ၍ရောက်လာကြသည်။ လူတိုင်းလိုလိုသည် သူတို့နေ့စဉ်ထိုင်နေကျ စားပွဲများတွင် ထိုင်ကြသည့် လက္ခဏာရှိ၏။ သူတို့သည် ထိုင်မိသည့်အချိန်မှစ၍ အစားအသောက်မှာခြင်းနှင့် အစားကို မြိန်ရည်ယှက်ရည်စားသောက်နေကြသည်မှတစ်ပါး အခြားကိစ္စများအပေါ်တွင် စိတ်ဝင်စားပုံမရပေ။ ညစာစားအပြီးတွင်မူ ဆေးတံများကို မီးညှိကာဖွာရှုရင်း အချင်းချင်းစကားပြောကြသည်။ တချို့ကမူ လမ်းမှဝယ်ယူလာသည့် ညနေခင်းသတင်းစာများကို ထုတ်၍စိတ်ဝင်တစားဖတ်နေကြလေသည်။

“ လူကြီးမင်းများ ညစာစားကြတော့မလား ” ဟု စားပွဲထိုးတစ်ယောက် ကလာမေးသည်။

သူတို့လူစုသည် အဖြေမပေးကြ။ စားပွဲထိုးသည် သူတို့အနားမှခွာသွားသည်။ ထိုအခိုက်တွင် အမျိုးသား၊ အမျိုးသမီးစုံတွဲတစ်တွဲဝင်လာသည်။ အမျိုးသားသည် သူဦးထုပ်ကို စင်ပေါ်လှမ်းတင်နေခိုက်တွင် ရှုဆိုး၏ တောအုပ်အတွင်းမှချောင်းကြည့်နေသာကျား ပန်းချီကားကိုလှမ်းမြင်သည်။ သူအဖော်အားလက်တို့

ဖြီး လက်ညှိုးထိုးပြသည်။ ပန်းချီဆရာအားလုံးသည် မျှားစွာစိတ်လှုပ်ရှားနေကြသည်။ ရှုဆိုးသည် ထိုင်ရာမှထရန်ဟန်ပြင်သည်။ သို့သော်လည်း အမျိုးသမီးကဘာပြောလိုက်သည်မသိ၊ နှစ်ယောက်သား ဟက်ဟက်ပက်ပက်ရယ်လိုက်ကြသည်။ ထို့နောက် စာပွဲတစ်လုံး၌ ဝင်ထိုင်ကာ ညစာကိုမှာယူစားသောက်နေကြသည်။

ရှစ်နာရီထိုးရန် ဆယ့်ငါးမိနစ်အလိုတွင် ဘယ်သူကမှမမှာပဲနှင့် စားပွဲထိုးကစွပ်ပြုတ်ပန်းကန်များလာချသည်။ မည်သူမှမသောက်ကြ။ စွပ်ပြုတ်များအေးစက်သွားသည့်အခါ စားပွဲထိုးရောက်လာပြီး ပြန်သိမ်းသွားကာ အခြားစားသောက်စရာများ လာချသည်။ ရှုဆိုးတစ်ယောက်သာလျှင် စားသောက်နိုင်၏။

ဆိုင်ထဲမှ စားသောက်နေသူများသည် ကျသင့်ငွေများရှင်းကာ ပြန်လည်ထွက်ခွာသွားနေကြလေပြီ။ စားပွဲထိုးတစ်ယောက်သည် ပန်းချီဆရာများ၏ စားပွဲသို့ရောက်လာသည်။ " ဝမ်းနည်းပါတယ် လူကြီးမင်းခင်ဗျာ " ဟု ပြောသည်။ " ဒါပေမယ့် မပြောမဖြစ်လို့ပါ။ အခုရှစ်နာရီခွဲသွားပါပြီ၊ ကျွန်တော်တို့ဆိုင်ပိတ်ပါတော့မယ် "

ပီရီတန်ဂိုင်းသည် နံရံများပေါ်မှ ပန်းချီကားများကို ဖြုတ်ယူကာအပြင်သို့သယ်ယူသွားသည်။ သူသည်ဖြည်းဖြည်းချင်းကျဆင်းလာနေသော အမှောင်ရိပ်များကြားမှနေ၍ သူ့လှည်းကိုတွန်းသွားလျက်ရှိလေသည်။

(၁၂)

ယခင်က ပန်းချီအရောင်းပြခန်းများအပေါ်၌ တည်ရှိခဲ့သော ဂေါပစ်လ်နှင့်ဦးကြီး ဗင်းဆင့်ဗင်ဂိုးတို့၏ စိတ်သဘောထားအယူအဆများသည် လုံးဝကွယ်ပျောက်သွားခဲ့လေပြီ။ ယင်းနေရာတွင် ရောင်းဝယ်ရေးမူဝါဒအသစ်တစ်ခုကြီးစိုးလွှမ်းမိုးလာခဲ့ပြီဖြစ်၏။ ယခုအခါတွင် ဂေါပစ်လ်ကုမ္ပဏီသည် ပန်းချီကားများကိုရောင်းချရာ၌ အခြားအသုံးအဆောင်ပစ္စည်းများရောင်းချသလိုရောင်းချလာသည်။ ပန်းချီကားများကို ယခင်ကလို တန်ဖိုးမထား။ ဖိနပ်ရောင်းသလို ငါးရောင်းသလို ဖားရောင်းသလို သဘောထားမျိုးကို အခိုင်အမာကျင့်သုံးလာကြသည်။ အဓိကမှာ ငွေများများ ရဖို့သာဖြစ်သဖြင့် အညံ့စားပန်းချီကားများကိုသာ တင်၍ ရောင်းနေကြလေ၏။

ယင်းမူဝါဒအပေါ်တွင် မကျေမနပ်ဖြစ်ကာခံပြင်းနေသူမှာ ဗင်းဆင့်ဖြစ်၏။ " မင်းစဉ်းစားဖို့သင့်ပြီ သီအို" ဟု ဗင်းဆင့်က ပြောသည်။ " ဘာပြုလို့ ဂေါပစ်လ် ကုမ္ပဏီက မထွက်သေးတာလဲ "

" တခြားပန်းချီအရောင်းဆိုင်တွေက သူထက်တောင်ပိုဆိုးသေးတယ် ဗင်းဆင့်။ ပြီးတော့ ကျွန်တော် သူတို့နဲ့တွဲလုပ်လာခဲ့တာကြာလှပြီ။ အခုမှခွဲထွက်သွားလို့ သိပ်ပြီးပြောင်းလဲသွားစရာ မမြင်ဘူး " ဟု သီအိုကပြောသည်။

" မဟုတ်ဘူး. . . သီအို။ မင်းအပြောင်းအလဲတော့ လုပ်ကိုလုပ်ရမှာပဲ၊ မလုပ်လို့မဖြစ်ဘူး။ မင်းဟာပါရီမြို့ပေါ်မှာ လူသိအလွန်များပြီးထင်ရှားကျော်ကြားတဲ့ပန်းချီအရောင်းအဝယ်သမားလူငယ်တစ်ယောက်ပဲ။ အခုဆိုရင်ကိုယ်လုပ်ချင်သလိုလုပ်မရတဲ့အတွက် နှေ့စဉ်စိတ်ဆင်းရဲနေရတယ် မဟုတ်လား။ အဲဒီတော့. . သူတို့ဆီကထွက်ပြီး ကိုယ်ပိုင် ဆိုင်တစ်ဆိုင် ဘာပြုလို့မဖွင့်တာလဲ "

" ကျွန်တော့်အနေနဲ့ လုပ်ငန်းတစ်ခုလုံးကိုအစကနေပြီးပြန်စရမှာ လွယ်တယ်များထင်နေသလား ဗင်းဆင့်ရယ် "

" ဒီမယ် သီအို။ ငါ့မှာစိတ်ကူးတစ်ခုရှိတယ်၊ စိတ်ကူးကသိပ်ကို ကောင်းတယ်၊ ထူးခြားတယ်။ တို့အနေနဲ့ " စုပေါင်းပန်းချီရောင်းဝယ်ရေးဆိုင်" ဖွင့်ကြရအောင်။ တို့က ပန်းချီကားအားလုံးမင်းကိုပေးမယ်။ မင်းကရောင်း၊ ရတဲ့ငွေအပေါ်မှာ အားလုံးညီတူမျှတူခွဲဝေခံစားကြမယ်။ ဆိုင်ထဲမှာ အရင်းအနှီးငွေထည့်ဖို့အတွက်လဲ ငါတို့က ခြစ်ကုတ်သုံးစွဲပြီးထည့်မယ်။ တို့အနေနဲ့ စရိတ်စကသက်သာအောင် တောပိုင်းမှာ အိမ်ငှားနေကြမယ်၊ အလုပ်ကိုလဲကြိုးစားပြီးလုပ်ကြမယ်။

" မင်းစဉ်းစားကြည့်ပေါ့ကွာ. . ။ ဟိုတစ်နေ့ကပဲ ပေါ်တီယာဟာ လော့ထ်ရက်ရဲ့ ပန်းချီတစ်ကားကို ရောင်းလိုက်ရတယ်။ ပီရီတန်ဂိုင်းဆိုရင်လဲ စေဇန်းရဲ့ ပန်းချီကားတွေ အများကြီးရောင်းနေရတာပဲ၊ တို့ဆိုင်ဟာ ပါရီမြို့ပေါ်က ပန်းချီကားဝယ်တဲ့လူငယ်လူရွယ်တွေကို အများကြီးဆွဲဆောင်နိုင်မှာသေချာတယ်။ ငါတို့တောပိုင်းမှာနေရင်လဲ ငွေကြေးသိပ်ကုန်ဖို့မရှိပါဘူး။ အဲဒီတော့ကွာ. . . "

" ဗင်းဆင့်ရယ်. . . ကျွန်တော်ခေါင်းကိုက်လွန်းလို့ပါဗျာ၊ ကျွန်တော် အိပ်ပါရစေတော့ "

" ဟာကွာ။ မင်းတနက်နွေနေ့ညကျရင် အိပ်ပေါ့။ အခုတော့ ငါ့စကားကတန်းလန်းဖြစ်နေလို့ ဆက်ပြောပါရစေဦး။ အော်. . . ဘာလဲ။ မင်းအဝတ်လဲချင်လို့လား။ သွားလေ၊ လဲပေါ့။ ငါ မင်းရဲ့ အိပ်ရာကုတင်ရင်းကထိုင်ပြီး

ပြောရင်ရပါတယ်ကွာ. . . မင်းအခုဂေါပစ်လ်မှာ လုပ်နေတာမပျော်ရင် ထွက်သာထွက်လိုက်။ ပါရီမှာရှိနေတဲ့ လူငယ်ပန်းချီဆရာအားလုံးက မင်းကို ဝိုင်းမကူပဲ မနေဘူး သိလား ”

နောက်တစ်နေ့ညနေပိုင်းတွင် ဗင်းဆင့်သည် ပီရီတန်ဂိုင်း၊ လော့ထ်ရက်တို့နှင့်အတူအခန်းထဲသို့ ဝင်လာသည်။ သီအိုသည် ယနေ့ဗင်းဆင့်အပြင်ထွက်လိမ့်မည်ဟုမျှော်လင့်ကာ ဝမ်းသာနေသည်။ သို့သော်လည်း သူထင်သလိုမဟုတ်။ ပီရီတန်ဂိုင်းသည် အလွန်ဝမ်းသာအားတက်နေသည့် မျက်လုံးအစုံဖြင့် ကြည့်နေသည်ကို သူသတိထားလိုက်မိ၏။

“ မွန်စီယာ ဗင်ဂိုးရယ်။ လူကြီးမင်းရဲ့ စိတ်ကူးဟာ သိပ်ကိုကောင်းပါတယ်ဗျာ။ မပျက်မကွက်လုပ်ပါလို့ တိုက်တွန်းပါရစေ။ ကျွန်တော်ကိုယ်တိုင် ဆိုင်ကိုစွန့်လွှတ်ပြီး ခင်ဗျားတို့နဲ့အတူ တောပိုင်းအိမ်မှာ လိုက်နေပါ့မယ်။ ကျွန်တော်က လိုအပ်တဲ့ဆေးမှုန့်တွေကြိတ်ပေးပါ့မယ်။ ပန်းချီကားတွေကို ဘောင်တပ်ပေးပါ့မယ့်။ ကျွန်တော့်အတွက် စားစရာနဲ့ အိပ်စရာသာပေး ပါ ”

သီအိုသည် လက်ထဲမှ စာအုပ်ကိုချပြီး သက်ပြင်းတစ်ချက်ချလိုက်သည်။ “ ဒီလုပ်ငန်းကိုစဖို့အတွက် ကျွန်တော်တို့ ဘယ်ကငွေရမလဲ၊ ဆိုင်ဖွင့်ဖို့ရယ် အိမ်ငှားဖို့ရယ်၊ လူတွေကို ကျွေးထားဖို့ရယ်၊ အဲဒါတွေဟာ မရှိမဖြစ်တဲ့ဟာတွေဗျ ”

“ ရော့. . . ဟောဒီမှာ ” ဟု ပီရီတန်ဂိုင်းကပြောသည်။ “ ဖရန့်ငွေနှစ်ရာ့နှစ်ဆယ်တိတိရှိတယ်၊ ကျွန်တော်စုထားတဲ့ငွေ။ ယူထားလိုက်ပါ မွန်စီယာ ဗင်ဂိုး။ ကျွန်တော်တို့လုပ်ငန်းအတွက် အနည်းအပါးတော့ အထောက်အကူပြုမှာပါ ”

“ လော့ထ်ရက်ရယ်။ ခင်ဗျားဟာ အစဉ်းစားအဆင်ခြင်ရှိတဲ့လူပါ၊ အဓိပ္ပာယ်လုံးဝမရှိတဲ့ စိတ်ကူးအတွက် ခင်ဗျားဘယ်လိုစဉ်းစားမလဲ ”

“ ကျွန်တော်ကတော့ သိပ်ကိုကောင်းတဲ့ အကြံတစ်ခုလို့ထင်တယ်၊ အခုပုံအတိုင်းဆိုရင် ကျွန်တော်တို့ဟာ ပါရီမြို့ပေါ်က ပန်းချီလောကသားအားလုံးကိုသာတိုက်ခိုက်ရမှာမဟုတ်ဘူး၊ ကျွန်တော်တို့အချင်းချင်းလဲ ဆော်ကြတီးကြရမှာ။ တကယ်လို့သာ ကျွန်တော်တို့က ညီညွတ်သွေးစည်းတဲ့ အဖွဲ့တစ်ဖွဲ့အဖြစ် ရပ်တည်သွားနိုင်ရင် . . . ”

“ ကောင်းပြီလေ၊ ဒါဆိုရင် ခင်ဗျားက လူချမ်းသာပဲ။ ကျွန်တော်တို့ကိုကူညီနိုင်မလား ”

“ အာ. . . ဒါတော့ မကူညီနိုင်ဘူး။ ဒီလုပ်ငန်းက စုပေါင်းထည့်ဝင်ပြီး

လုပ်ကြရမယ့် လုပ်ငန်းဆိုတော့ ကျွန်တော်ကူညီလိုက်ရင် မူလအခြေခံရည်မှန်း ချက်ပျောက်သွားလိမ့်မယ်၊ ကျွန်တော့်အနေနဲ့ ပီရိတန်ဂိုင်းထည့်ဝင်သလိုပဲ ဖရန့်နှစ်ရာ့နှစ်ဆယ်တော့ ထည့်မယ် ”

“ ဒီစိတ်ကူးဟာ အမှန်တော့ အရူးစိတ်ကူးပဲ။ စီးပွားရေးလုပ်ငန်းလောကရဲ့ အကြောင်းကိုသာ ခင်ဗျားတို့ သိကြမယ်ဆိုရင် အခုလို. . . ”

ပီရိတန်ဂိုင်းက သီအိုဂျ်လက်ကို ပြေးဆွဲသည်။ “ အရူးစိတ်ကူးလို့တော့ မပြောပါနဲ့ မွန်စီယာဗင်ဂိုးရယ်၊ အင်မတန်မှကောင်းမွန်မြင့်မြတ်တဲ့စိတ်ကူးပါဗျာ ” ဟု တောင်းပန်သည်။

“ နောက်ဆုတ်ဖို့တော့ စိတ်မကူးနဲ့တော့ သီအို ” ဟု ဗင်းဆင့်ကပြောသည်။ “ ကိုယ်တို့ငွေစုမယ်၊ မင်းကိုဆရာတင်မယ်၊ မင်း ဂေါပစ်လ်ကထွက်ခဲ့ပေတော့။ အဲဒီမှာက မင်းဟာ ကိုယ်စိတ်နှစ်ပါးဆင်းရဲနေရတာ၊ အခုဒီမှာကတော့ မင်းဟာ စုပေါင်းပန်းခြီပညာရှင်များအသင်းရဲ့ မန်နေဂျာပဲ ”

သီအိုသည် သူ့မျက်လုံးများကိုလက်ခုံနှင့်ပွတ်လိုက်ပြီး “ ကျွန်တော်ကတော့ ကျွန်တော့်ကိုယ်ကျွန်တော် အရိုင်းတိရစ္ဆာန်တစ်စုရဲ့ မန်နေဂျာလုပ်နိုင်လိမ့်မယ်လို့ မမြင်ဘူး ” ဟု ပြောသည်။

နောက်နေ့ညနေပိုင်းတွင် သီအိုအလုပ်မှပြန်လာသည့်အခါ သူ့အိမ်ခန်းနံရံများပေါ်တွင် ပန်းချီကားများဖြင့် ပြည့်လျှံနေသည်ကိုတွေ့ရ၏။ အခန်းထဲတွင် ဆေးလိပ်မီးခိုးငွေများ ထောင်းထောင်းထလျက်ရှိ၏။ ဗင်းဆင့်ကတော့ ဧည့်ခန်းအလယ်ရှိ စားပွဲ၌ အကျအနထိုင်လျက်ရှိလေသည်။

“ အဲသလိုမဟုတ်ဘူး၊ မဟုတ်ဘူး ” ဟု ဗင်းဆင့်ကအော်ပြောသည်။ “ လခတို့လုပ်ခတို့ဆိုတာမရှိဘူး၊ ငွေကြေးဆိုတာလုံးဝမရှိဘူး။ ဒီနှစ်ကစပြီး နောက်နှစ်အထိငွေကြေးကို ခင်ဗျားတို့ မမြင်ရဘူး။ ကျွန်တော်တို့က အစားအစာ နေစရာနဲ့ တခြားလိုအပ်တဲ့ ပစ္စည်းတွေရမယ်၊ ဒါပဲ ”

“ ပန်းချီကားတစ်ကားမှ မရောင်းရတဲ့လူတွေကျတော့ ဘယ်လိုလုပ်ကြမှာလဲ ” ဟု ဆူးရက်က မေးသည်။ “ အဲသလိုလူစားတွေကို ကျွန်တော်တို့ကဘယ်လောက်ကြာကြာ ထောက်ပံ့ထားရမှာလဲ ”

“ သူတို့က ကျွန်တော်တို့နဲ့အတူတူနေပြီး အလုပ်လုပ်နေသမျှကာလပတ်လုံးပေါ့ ”

“ အံ့သြစရာကြီးပါလားနော် ” ဟု ဂေါဂင်ကရေရွတ်သည်။ “ ဒါဆိုရင်တော့ ဥရောပတလွှားမှာရှိနေတဲ့ အပျော်တမ်းပန်းချီပညာရှင်တွေ အားလုံး

ကျွန်တော်တို့နဲ့ လာနေကြတော့မှာပဲ ”

“ ဟာ. . . မွန်စီယာဇင်ဂိုး ပြန်လာပြီ ” ဟု တံခါးဝ၌မှီရပ်နေသော သီအိုအားမြင်သွားသည့် ပီရိတန်ဂိုင်းက ဝမ်းသာအားရအော်လိုက်သည်။ ကျန်လူအားလုံးက အော်ဟစ်ပြီးနှုတ်ဆက်ကြသည်။ လူတိုင်းပင် များစွာ စိတ်လှုပ်ရှားနေကြသည်။ ရူဆိုးက သူအဖွဲဝင်ဖြစ်လာချိန်တွင် တယောသင်တန်းကို ဆက်၍ ပို့ချနိုင်ခွင့်ရှိ မရှိ သိချင်နေသည်။ အန်ကွက်တင်ကလည်း သူတွင် အိမ်ခန်းခသုံးလစာကြွေးတင်နေသဖြင့် တောပိုင်းတွင်အိမ်ငှားကြမည်ဆိုပါက အမြန်ဆုံးငှားစေလိုသည် ဟု တင်ပြသည်။ စေဇန်းကမူ အဖွဲဝင်တစ်ယောက်အား သူ့ကိုယ်ပိုင်ငွေရှိပါက သုံးခွင့်ပြုရမည်ဟု တောင်းဆိုသည်။

ဗင်းဆင့်က “ လုံးဝမဖြစ်နိုင်ဘူး၊ ဒါကိုခွင့်ပြုရင် ကျွန်တော်တို့ရဲ့ ဘုံဝါဒကြီးဟာအသတ်ခံရသလိုဖြစ်သွားမှာပေါ့ ” ဟု ထအော်သည်။ “ ကျွန်တော်တို့ဝါဒအရ အညီအမျှခွဲဝေခံစားကြရမှာ၊ အဲဒီမူကိုဖျက်သလိုဖြစ်သွားမှာသေချာတယ် ”

လော့ထ်ရက်ကသူတို့၏ ဘုံရိပ်သာနေအိမ်တွင် မိန်းမများခေါ်လာခွင့်ရှိမရှိသိလိုသည်ဟုဆိုသည်။ ဂေါဂင်ကမူ လူတိုင်းသည် အဖွဲအားတစ်လလျှင် အနည်းဆုံးပန်းချီကားနှစ်ကား မပေးသွင်းပဲမနေရဟု စည်းကမ်းသတ်မှတ်ရန် အကြံပေးသည်။

“ ဒါဆိုရင်တော့ ကျုပ် ခင်ဗျားတို့အသင်း မဝင်နိုင်ဘူး ” ဟု ဆူးရက်ကပြောသည်။ “ ကျုပ်က တစ်နှစ်မှ တစ်ကားပဲ ပြီးတဲ့ကောင် ”

“ ဆေးတို့စုတ်တို့ ကင်းဗတ်တို့ကျတော့ကော ဘယ်လိုလုပ်ကြမလဲ” ဟု ပီရိတန်ဂိုင်းကမေးသည်။ “ လူတိုင်းကို တစ်ပတ်စာ အလုံအလောက် အညီအမျှ ခွဲပေးရမှာလား ”

“ ဟာ. . အဲသလိုလုပ်လို့ဘယ်ဖြစ်မလဲ ” ဟု ဗင်းဆင့်ကဖြေသည်။ “ ကျွန်တော်တို့မှာ လိုအပ်သလောက်တော့ ပေးထားရမယ်။ လိုအပ်တာထက်မပိုစေနဲ့၊ မနည်းစေနဲ့။ အဲဒါပဲ ”

“ ဒါနဲ့. . . နေပါဦး။ ပိုင်ငွေကျတော့ ဘယ်လိုလုပ်ကြမှာလဲ၊ ကျွန်တော်တို့ရဲ့ကားတွေကို ရောင်းပြီးတဲ့နောက်ပိုင်းမှာ ရလာမယ့် အမြတ်ငွေကျတော့ကော။ ဘယ်သူကရမှာလဲ ”

“ အမြတ်ငွေကို ဘယ်သူမှမယူရဘူး” ဟု ဗင်းဆင့်ကပြောသည်။ “ကျွန်တော်တို့မှာ အမြတ်ငွေတွေရှိလာတာနဲ့ တပြိုက်နက် ဘုံရိပ်သာသစ်တွေကို တစ်

နယ်ပြီးတစ်နယ်တိုးခဲ့ဖွင့်ရမယ်။ တစ်နိုင်ငံလုံးမှာ ဘုံရိပ်သာတွေရှိလာစေရမယ်။ ကျွန်တော်တို့က ရိပ်သာတစ်ခုက တစ်ခုကိုကူးသန်းသွားလာနေကြရမယ် ”

“ မီးရထားခကျတော့ ဘယ်လိုလုပ်ကြမလဲ၊ အမြတ်ငွေထဲကသုံးနိုင်သလား ”

“ သုံးနိုင်တယ်၊ ဒါပေမယ့် အဲဒါကိုဘယ်သူက ဆုံးဖြတ်ပေးမှာလဲ ”

“ ဆိုကြပါစို့၊ ဘုံရိပ်သာတစ်ခုမှာ ပန်းချီဆရာတွေ အများကြီးရှိနေတယ်ဆိုရင်ကော”

“ ဟာ. . . ရှုပ်ပါတယ်။ ဒီလုပ်ငန်းရဲ့ မန်နေဂျာက သီအိုပဲ။ အခုကျုပ်တို့သိချင်နေတဲ့ဟာတွေကို ခင်ဗျားကပဲ ရှင်းပြဗျာ။ ဒီအသင်းထဲကို ပန်းချီဆရာတိုင်းဝင်နိုင်မလား၊ အသင်းသားဦးရေကို ကန့်သတ်ထားမှာလား။ ပုံသေချထားတဲ့ စနစ်တစ်ခုနဲ့ ပန်းချီကိုဆွဲကြရမှာလား။ ဘုံရိပ်သာမှာ ကိုယ်ဟန်ပြမယ်နဲ့ မောင်တွေထားပေးမှာလား။ အဲဒါတွေကို ရှင်းဗျာ ”

အစည်းအဝေးသည် နံနက်အရုဏ်တက်မှပင် ပြီးဆုံးခြင်းသို့ ရောက်သည်။ အောက်ထပ်မှ လူများသည် တစ်ညလုံးမျက်နှာကြက်များကို တံမြက်စည်းရိုးဖြင့်ထိုးနေကြရသည့်အတွက် သာခွေယိုင်ဖြစ်ကုန်ကြသည်။ သီအိုသည် လေးနာရီခန့်တွင် အိပ်ရာဝင်သည်။ သို့သော်လည်း ဗင်းဆင့်၊ ပီရီတန်ဂိုင်းနှင့် စိတ်အား ထက်သန်နေကြသူတချို့သည် သီအို၏ ခုတင်အစွန်းပတ်ပတ်လည်၌ ဝိုင်းထိုင်ကာ နားပူနားဆာလုပ်နေကြဆဲ. . . လာမည့်လဆန်းတစ်ရက်မှစ၍ အလုပ်မှထွက်တော့မည်ဟု နို့တစ်ပေးထားရန် ဝိုင်းပြီးတိုက်တွန်းနေကြလေသည်။

ထိုသီတင်းပတ်များအတွင်း ဤသတင်းအပေါ် အံ့သြမှုများသည် ကြီးမားပြင်းထန်လာသည်။ ပါရီမြို့တော်၏ ပန်းချီလောကတွင် အုပ်စု နှစ်စုကွဲပြားလာသည်။ နာမည်ကျော်ကြားထင်ရှားနေကြပြီးဖြစ်သော ပန်းချီဆရာများသည် ဗင်ဂိုးညီနောင်အား အရူးတွေဟု အမည်ပေးခဲ့ကြ၏။ မည်သို့ပင်ဖြစ်စေ စုပေါင်းပန်းချီ ရောင်းဝယ်ရေးလုပ်ငန်းသတင်းသည် ပြော၍မဆုံးနိုင်သည့် သတင်းတစ်ပုဒ် ဖြစ်လာခဲ့လေပြီ။

✧✧✧✧

ဗင်းဆင့်သည် သူ့စိတ်ကူး အကောင်အထည်ဖော်ရေးအတွက် အရူးတစ်ယောက်သဖွယ် စကားတွေအများကြီးပြောသည်။ နေ့မအိပ်ညမအိပ် အလုပ်

တွေ့ လုပ်သည်။ သူ့အဖို့လုပ်ငန်းနှင့် ပတ်သက်၍စဉ်းစားစရာတွေ၊ ဖြေရှင်းစရာတွေလုပ်စရာတွေ ထောင်နှင့်ချီ၍ရှိနေသည်။ အရင်းအနှီးငွေကြေးကို ဘယ်လိုနည်းနှင့်ရအောင်လုပ်မလဲ၊ ဆိုင်ကို ဘယ်နေရာမှာဖွင့်မလဲ၊ ပန်းချီကားစျေးနှုန်းများကို ဘယ်လိုပုံစံဖြင့်သတ်မှတ်မလဲ၊ ဘုံရိပ်သာတွင် လူတွေကို ဘယ်လိုထားပြီး ဘယ်လို အုပ်ချုပ်သွားရမလဲ။

မူလအစကတည်းက စိတ်မပါခဲ့သော်လည်း သီအိုသည် အများ၏ အလိုကိုလိုက်လျောရင်းနှင့် ဤလှုပ်ရှားမှုတွင် မသိမသာပါဝင်လာခဲ့သည်။ သီအို၏အခန်းသည် ညတိုင်းပင်လူစည်ကားလျက်ရှိ၏။ သတင်းထောက်များလည်းသတင်းယူရန်ရောက်လာကြသည်။ ပန်းချီဝေဖန်ရေးဆရာများကလည်းဤလှုပ်ရှားမှုအကြောင်းကို လာရောက်မေးမြန်းဆွေးနွေးကြသည်။ ပြင်သစ်တစ်နိုင်ငံလုံးရှိနေရာအနှံ့အပြားမှ ပန်းချီဆရာများသည်လည်း မကြာခင်ဖြစ်ပေါ်တည်ရှိလာမည့် အသင်းနှင့်ဆက်သွယ်ရန် လာရောက်စုံစမ်းနေကြသည်။

ဗင်းဆင့်သည် မရေမတွက်နိုင်လောက်အောင်များပြားလှသော အလုပ်များကို တစ်ယောက်တည်းဒိုင်ခံ၍လုပ်သည်။ အသင်းဥပဒေများ၊ ဘတ်ဂျက်များ၊ ငွေကြေးအလှူခံသည့် မေတ္တာရပ်ခံစာများ၊ စည်းမျဉ်းစည်းကမ်းများနှင့် အသင်းအပေါ်ဥရောပနိုင်ငံများမှ စိတ်ဝင်စားလာအောင် ဆွဲဆောင်နိုင်မည့် ကြော်ငြာစာတမ်းများကို ရေးဆွဲသည်။ အလုပ်တွေကများလွန်းသဖြင့် ဗင်းဆင့်သည် ပန်းချီဆွဲဖို့ပင် သတိမရတော့ပေ။

အသင်းဖြစ်မြောက်ရေးအတွက် ပေးလှူသည့်ငွေမှာ ဖရန့်ငွေသုံးထောင်တိတိမျှရှိသည်။ ပန်းချီဆရာများသည် သူတို့တွင်ရှိနေသမျှငွေကြေးများကိုထည့်ဝင်ကြသည်။ ဥရောပဘက်မှစာများနှင့်ငွေများသည်လည်း တဖွဲဖွဲဝင်ရောက်လာကြသည်။ ပန်းချီပညာကို မြတ်နိုးကြသော ပါရီမြို့သူမြို့သားများကလည်း အလှူငွေများထည့်ဝင်လာကြ၏။ ဗင်းဆင့်သည် အသင်း၏အတွင်းရေးမှူးနှင့်ဘဏ္ဍာရေးမှူးတာဝန်များကို ယူထားရလေသည်။သီအိုကသူတို့လုပ်ငန်းမစမီလက်ထဲ၌ဖရန့်ငွေငါးထောင်ရှိမှဖြစ်မည် ဟုပြောသည်။အကောင်းဆုံးဖြစ်လိမ့်မည် ဟု သူယူဆသော ဆိုင်တစ်ဆိုင်ကိုလည်း ထရွန်ချက်လမ်းထဲ၌ တွေ့ထားပြီဖြစ်၏။ သူတို့နေရမည့်အိမ်နှင့်ပတ်သက်၍ ဗင်းဆင့်ကိုယ်တိုင်ရှာဖွေခဲ့ရာ သူစိတ်တိုင်းကျနေအိမ်ကို စိန့်ဂျာမိန်းဘက်ရှိ တောအုပ်အတွင်း၌ တွေ့ထားသည်။

ပန်းချီဆရာများ၏ ပန်းချီကားများသည် သီအို၏အခန်းသို့ရောက်ရှိလာသည်။ အသင်းဝင်လိုသူတိုင်းက ပို့နေခြင်းဖြစ်၍ အခန်းထဲတွင်ပန်းချီကား

များဖြင့် ပြည့်ကာခြေချစရာနေရာပင် မရှိတော့သလိုဖြစ်လာသည်။ အခန်းထဲသို့ ရာနှင့်ချီ၍ ရှိသော လူများသည် ဝင်လိုက်ထွက်လိုက်ဖြစ်နေသည်။ ငြင်းကြခုံကြ၊ ရန်ဖြစ်ကြ၊ ဆဲကြဆိုကြ၊ အရက်မူးကြနှင့် ဖြစ်ချင်တိုင်းဖြစ်နေကြ၏။ နောက်ဆုံး တွင်အိမ်ရှင်က အခန်းမှ ရွှေ့ပြောင်းပေးရန် နို့တစ်ပေးသည့် အဆင့်သို့ ပင်ရောက် လာခဲ့ရလေ၏။

ဗင်းဆင့်မှာလည်း ယခုအချိန်ထိ စုတ်တံကိုမကိုင်နိုင်သေး။ စာတွေရေး လိုက်၊ သူ့ထံလာ၍ဆွေးနွေးမေးမြန်းကြသူများနှင့် စကားပြောလိုက်ဖြင့် အချိန်တွေကုန်နေရ၏။ ဤသို့ဖြင့် နွေဦးပေါက်ရာသီတွင် ဖရန့်ငွေငါးထောင်ကိုရ လာခဲ့သည်။လဆန်းပိုင်းမှစ၍ အလုပ်မှထွက်ရန်အကြောင်းကြားမည်ဟုလည်း ဆုံးဖြတ်ထားပြီ။ ထရွန်ချက်လမ်းမှ ဆိုင်ကိုယူရန်လည်း အသိပေးပြီးပြီ။ ဗင်းဆင့်ကလည်း စိန့်ဂျာမိန်းဖက်မှ အိမ်ကြီးကိုငှားရန် စရန်ပေးထားပြီး ပြီ။ အသင်းကိုသီအို၊ ဗင်းဆင့်၊ ပီရီတန်ဂိုင်း၊ ဂေါဂင်၊ လော့ထ်ရက်တို့နှင့် စတင်ဖွဲ့ စည်းမည်ဟုလည်း စီစဉ်ထားပြီးပြီ။

သီအိုမှာလည်း အလုပ်နှင့်လက်ပြတ်သည့်နေ့ဟူ၍မရှိ၊ အခန်းထဲ၌ရှိနေ သည့်ပန်းချီကားများထဲမှ ဆိုင်တွင်တင်ထားသင့်သည့် ကားများကိုရွေးချယ်ရသည့် တာဝန်မှာ မသေးလှ။ ရှူဆိုးနှင့်အန်ကွက်တင်တို့သည် ဆိုင်အတွင်းဘက်နှင့် အပြင်ဘက်၌ ဘယ်သူ့ကားကိုဦးစားပေးတင်သင့်သလဲဟူသော ပြဿနာအတွက် ရန်ပွဲခင်းနေကြသည်။ သီအိုအဖို့ကတော့ ဤပွဲမျိုးတွေနှင့် ကြုံရပေါင်းများပြီဖြစ်၍ ရိုးသွားပြီ။ သူသည် ယခုအချိန်တွင် လုပ်ငန်းစတင်ချိန်က ဗင်းဆင့်စိတ်အားထက် သန်သလိုထက်သန်နေသည်။ သူ့အနေဖြင့် ဆိုင်ကို နွေရာသီတွင် အပြီးအစီးဖွင့် ချင်နေပြီ မဟုတ်ပါလား။

✧✧✧✧

တစ်နေ့တွင် နေ့ရောညပါအလုပ်ကို မနားတန်းလုပ်နေခဲ့သော ဗင်းဆင့် သည်နံနက်လေးနာရီထိုးမှ အိပ်ရာဝင်သည်။ သူသည် နောက်တစ်ရက်မွန်း တည့်ချိန်ကျမှ အိပ်ရာမှနိုးသည်။ အိပ်ရေးဝသဖြင့် ကြည်လင်လန်းဆန်းနေသော ဗင်းဆင့်သည် သူ့စတူဒီယိုခန်းထဲသို့ ဝင်၍လှည့်ပတ်ကြည့်ရှုနေသည်။ ပန်းချီ တင်ခုံပေါ်တွင်မူ သူတင်ထားသည့် ကင်းဗတ်တစ်ချပ်. . . ကင်းဗတ်ပေါ်မှ

ဆေးများမှာ ခြောက်သွေ့မာကြောလျက်ရှိသည်။ တစ်ချပ်လုံးဖုန်တွေ တက်နေသည်။ ပန်းချီဆေးပူးများမှာ အခန်းထောင့်တစ်နေရာ၌ စုပုံနေကြပြီး စုတ်တံများမှာဟိုတစ်ချောင်း သည်တစ်ချောင်းပြန့်ကြဲနေသည်။

သူစိတ်ထဲတွင် မေးခွန်းတစ်ခုပေါ်လာသည်။ " နေပါဦးဗင်းဆင့်ရာ၊ မင်းဟာ ပန်းချီဆရာ တစ်ယောက်လား။ ဒါမှမဟုတ် ကွန်မြူနစ် စည်းရုံးရေးမှူး တစ်ယောက်လား "

သူသည် မေးခွန်းကိုအဖြေမပေး၊ ပန်းချီကားများကိုသာ တစ်ခုပြီးတစ်ခု ယူကြည့်နေသည်။ သူ့လက်ရာများသည် ယခင်ကလိုမဟုတ်၊ တစ်ကားထက်တစ်ကားလက်ရာတက်လာသည်ကို သတိထားမိနေသည်။ ဟိုတုန်းကတော့ သူ့လက်ရာများသည် သူ့မိတ်ဆွေပန်းချီဆရာများ၏ ပုံများနှင့် မကင်း။ ဆွဲနည်းဆွဲဟန်များသည်ပုံတူကူးဆွဲထားသလိုဖြစ်နေသည်။ အခုနောက်ပိုင်းပုံများကျတော့ သူ၏ကိုယ်ပိုင်ဟန်များကို မြင်လာနေရ၏။ ဤဟန်များကို သူ ဘယ်လိုလုပ်ပြီး ရလာပါလိမ့်။ သူကိုယ်တိုင်ပင် သိလည်းမသိ၊ စဉ်းစား၍လည်းမရ။

သူသည် မကြာသေးခင်ကမှ ဆွဲထားသော ပန်းချီကားတချို့ကို ခုံပေါ်တင်၍ စေ့စေ့စပ်စပ်ကြည့်နေမိသည်။ တစ်ကြိမ်တွင် သူသည်အလန့်တကြား အော်မိတော့မလိုဖြစ်သွားသည်။ ဤကားထဲတွင်သူသည် တစ်စုံတစ်ရာကိုဖမ်းမိထားသည်ဟုထင်၏။ တခြားကားများကို အသေအချာကြည့်ပြန်တော့လည်း ဤအတိုင်းပင်တွေ့နေရ၏။ သူ့ပန်းချီကားများသည် တိကျခိုင်မာသော နည်းတစ်နည်းကိုဖော်ပြနေကြပြီ။ နည်းသစ်ဟန်သစ်တစ်ခု ဝင်နေသည် ဟု သူထင်မိသည်။

သူ ပန်းချီမဆွဲပဲနေလာခဲ့သည်မှာ သီတင်းပတ်ပေါင်းများစွာကြာခဲ့ပြီ။ ထို့ကြောင့်လည်း သူ့ပန်းချီကားများကိုကြည့်သည့်အခါ အမြင်ရှင်းနေခြင်းဖြစ်၏။ မကြာသေးခင်ကမှဆွဲထားခဲ့သော ပန်းချီကားအားလုံးထဲတွင် အင်ပရက်ရှင်းနစ္စ ပန်းချီဆရာတစ်ဦး၏ ဟန်အပြည့်အဝပါလျက်ရှိသည်ကို သူမြင်တွေ့နေရ၏။

သူသည် သူ့မျက်နှာကိုမှန်ထဲ၌ပြန်ကြည့်သည်။ ဆံပင်ရောမုတ်ဆိတ်မွေးပါရှည်လျားပြီ။ သူ့ရုပ်အင်္ကျီနှင့် ဘောင်းဘီတို့သည် ပေရေစုတ်ပတ်နေကြပြီ။ သူသည် ဝတ်စုံကိုယူ၍ ကပျာကရာ မီးပူတိုက်သည်။ သီအို၏ရုပ်အင်္ကျီတစ်ထည်ကိုယူဝတ်ကာ ငါးဖရန့်တန်တစ်ရွက်ကိုယူ၍ ဆံပင်ညှပ်ဆိုင်သို့ ထွက်လာခဲ့၏။ သူကိစ္စဝိစ္စပြီးသွားသည့်အခါ မွန်မာထရီလမ်းပေါ်ရှိ ဂေါပစ်လ်ပန်းချီအရောင်းဆိုင်သို့ဆက်သွားသည်။

" သီအို၊ အပြင်ကို ငါနဲ့ ခဏလောက်လိုက်ခဲ့ပါလား " ဟု ခေါ်သည်။

" ဘာပြောမလို့လဲ "

" ဦးထုပ်သာယူလိုက်ပါ။ ဒီအနားတစ်ဝိုက်မှာ လူရှင်းတဲ့ဆိုင်ရှိတယ် မဟုတ်လား "

သီအိုကို စားသောက်ဆိုင်သို့ခေါ်လာခဲ့သည်။ ဆိုင်ထဲ၌ ထိုင်မိကြသည့် အခါသီအိုက " ခင်ဗျားသတိထားမိရဲ့လားဗင်းဆင့်။ ခင်ဗျားနဲ့ ကျွန်တော် အခုလိုနှစ်ယောက်တည်းထိုင်ပြီး စကားမပြောရတာ တစ်လတောင်ရှိသွားပြီ " ဟု ပြောသည်။

" ငါသိပါတယ်ကွာ။ အခုလဲငါ့ကိုယ်ငါ အရူးတစ်ယောက်ဖြစ်နေပြီထင် လို့ကွ "

" ဘယ်လိုကြောင့် ထင်နေရတာလဲ "

" မင်း ငါ့ကိုပွင့်ပွင့်လင်းလင်းပြေားစမ်းပါ။ ငါဟာပန်းချီဆရာတစ် ယောက်လား။ ကွန်မြူနစ်ဝါဒရဲ့စည်းရုံးရေးမှူးတစ်ယောက်လား "

" ဆိုလိုချင်တဲ့အဓိပ္ပာယ်ကဘာလဲ "

" ငါ ဒီအလုပ်ကို လုပ်ကတည်းက ပန်းချီဆွဲဖို့လုံးဝအချိန်မရခဲ့ဘူး။ တကယ်လို့သာ ဒီလုပ်ငန်းအသက်ဝင်လာရင် ငါဟာ ပန်းချီကိုလုံးဝဆွဲနိုင်မှာ မဟုတ်တော့ဘူး "

" အင်း. . . ဟုတ်တော့ဟုတ်တာပဲ "

" ဒီမယ်. . သီအို။ ငါပန်းချီပဲဆွဲချင်တယ်။ ငါခုနစ်နှစ်တိတိ ပန်းချီဆွဲ လာတာဟာ အခုလိုပန်းချီဆရာတွေရဲ့ မန်နေဂျာလုပ်ဖို့မဟုတ်ဘူး၊ အခုဆိုရင် ငါ့စုတ်တံတွေကို ငါပြန်ပြီးတောင့်တလာတယ်။ ဘယ်လောက်အထိတောင့်တ သလဲဆိုရင် အခုချက်ခြင်းမှီရာ မီးရထားနဲ့ ပါရီမြို့က လွတ်ရာကိုထွက်ပြေးချင် နေပြီ"

" ဟာဗျာ။ အခုလိုအားလုံးအဆင်သင့်ဖြစ်ကာမှ. . . ခင်ဗျားက အခုလို. . "

" အေးလေ. . . ဒါကြောင့်ငါပြောတာပေါ့။ ငါဟာအရူးတစ်ကောင်ဖြစ် သွားခဲ့တာအမှန်ပဲ၊ အခုပြောမယ့် ငါ့ရဲ့ဖြောင့်ချက်တွေကို မင်း နားထောင်နိုင် ပါ့မလား "

" ထောင်ပါ့မယ်၊ ပြောစရာရှိတာသာပြောပါ "

" ငါ့အနေနဲ့ တခြားပန်းချီဆရာတွေနဲ့ မြင်ရတွေ့ရတာ သိပ်ကိုစိတ် ပျက်လာပြီ သီအို။ သူတို့ပြောတာတွေကိုလဲ နားမထောင်ချင်တော့ဘူး။ သူတို့ရဲ့

သဘောတရားတွေနဲ့ ရန်ဖြစ်သံတွေကိုလဲ မကြားချင်တော့ဘူး။ မင်းမရယ်နဲ့၊ ငါတကယ်ပြောနေတာ။ ငါကိုယ်တိုင်လဲ သူတို့နဲ့ငြင်းရင်းနဲ့ ရန်ပွဲထဲမှာ ပါခဲ့တာပဲ၊ ဘယ်လောက်စိတ်ပျက်ဖို့ကောင်းသလဲ။

"မင်း မောပီးပြောလေ့ရှိတဲ့ စကားတစ်ခွန်းကို မှတ်မိတယ်မဟုတ်လား။ " လူတစ်ယောက်ဟာ ပန်းချီပညာနဲ့ ပတ်သက်လို့ပြောလဲပြောနိုင်တယ်၊ ဆွဲလဲဆွဲနိုင်တယ်။ ဒါပေမယ့် နှစ်ခုစလုံးကိုတော့ တစ်ချိန်တည်း၊ တစ်ပြိုင်တည်း မလုပ်နိုင်ဘူး " တဲ့၊ မင်းငါ့ကို ခုနစ်နှစ်တိတိကျွေးမွေးထောက်ပံ့ထားခဲ့တာဟာ အခုလို မဟုတ်တရုတ် စိတ်ကူး တွေကို နားထောင်နေဖို့လား "

" ဒါပေမယ့် ဗင်းဆင့်ရယ်။ အခုကိစ္စမှာလုပ်ငန်းဖြစ်မြောက်ဖို့အတွက် ခင်ဗျား အများကြီးလုပ်ထားပြီးနေပြီဆိုတော့. . . "

" ဟုတ်တော့ဟုတ်ပါတယ်။ အခုဆိုရင်ငါတို့လူစုတွေ နေစရာအိမ်ကို ရွှေ့ဖို့ပဲရှိတော့တယ်။ ဒါပေမယ့် ငါ သူတို့နဲ့ အတူတူနေပြီးအလုပ်လုပ်ဖို့ဆိုတာ မဖြစ်နိုင်တော့ဘူး၊ ငါ မင်းနားလည်အောင်ဘယ်လိုရှင်းပြရမလဲ. . ၊ ငါဘရားဘန့်မှာနေတုန်းကဆိုရင် တစ်ယောက်တည်းရယ်၊ ဟော့ဂ်မှာနေတုန်းကလဲ အဲသလို တစ်ယောက်တည်းပဲ။ အလုပ်သိပ်လုပ်လို့ရတယ်။ ငါ့ကိုယ်ငါလဲ အရေးပါ အရာရောက်တဲ့ လူတစ်ယောက်၊ ပန်းချီဆရာတစ်ယောက်လို့လဲ သတ်မှတ်လို့ ရတယ်၊ ငါဆွဲထားသမျှ ပန်းချီကားတွေဟာ တန်ဖိုးလဲရှိတယ်။ငါ့မှာကားကောင်း ကြီးတွေ ဆွဲနိုင်တဲ့စွမ်းရည်ရှိတယ်ဆိုတာလဲ သိနေတယ်။ နောင်တစ်ချိန်မှာ တစ်ကမ္ဘာလုံးက " သူဟာ သိပ်ကိုတော်တဲ့ ပန်းချီဆရာကြီးပဲ " လို့ အပြောခံရမှာ သေချာတယ်လို့လဲ တွက်လို့ရတယ်၊ အခုကျတော့. . . "

" အခုကျတော့ ဘာဖြစ်လဲ "

" အခုကျတော့ ငါဟာ ပန်းချီဆရာတွေအများကြီးထဲက သာမန်ပန်းချီဆရာတစ်ယောက်လို့မြင်လာမိတယ်၊ ငါ့ပတ်ဝန်းကျင်မှာက ပန်းချီဆရာတွေရာနဲ့ချီပြီးရှိနေတာ၊ ကိုယ့်ကိုယ်ကိုဘာမှမထူးခြားတဲ့ ပန်းချီဆရာတစ်ယောက်လို့ ထင်မိတာ မဆန်းဘူးပေါ့၊ ငါ ပါရီကို မလာခင်တုန်းက ဘာတစ်ခုမှ မျှော်လင့်လို့ မရတဲ့အရှူး အပေါတွေ ဒီလောက်များမှန်း မသိဘူး။ အခုမှပဲသိရတော့တယ်၊ မင်း ငါပြောတာ သဘောပေါက်တယ် မဟုတ်လား "

" ပေါက်ပါတယ် "

" ပြီတော့လဲ ငါဟာ မြို့ပန်းချီဆရာတစ်ယောက်မဟုတ်ဘူး။ ငါ့နေရာဟာဒီနေရာမဟုတ်ဘူး၊ ငါဟာတောပန်းချီဆရာတစ်ယောက်ပါ၊ လယ်သမား

ပန်းချီဆရာလို့ဆိုရင်လဲ မမှားနိုင်ပါဘူး၊ ငါလယ်ကွင်းတွေဆီကိုပဲပြန်ချင်တယ်၊ ငါ့ရဲ့ပန်းချီဆွဲချင်တဲ့ ဆန္ဒကလွဲပြီးတခြားရှိရှိသမျှအရာရာတိုင်းကို လောင်ကျွမ်းပြာကျသွားနိုင်လောက်အောင် ပူပြင်းတဲ့နေတစ်စင်းကိုပဲ လိုက်ရှာချင်တယ်သီအို"

" ဒါဆိုရင် ခင်ဗျား. . . ပါရီမြို့က ခွာချင်နေပြီပေါ့ ဟုတ်လား "

" ဟုတ်တယ်၊ ခွာမှဖြစ်မယ် "

" ကျွန်တော်တို့ လုပ်နေတဲ့ အသင်းကိစ္စကကော. . . "

" ငါမလုပ်တော့ဘူး၊ ဒါပေမယ့် မင်းကတော့ ဆက်လုပ်ရမှာပေါ့ "

သီအိုက ခေါင်းခါသည်။ " ခင်ဗျားမပါရင် မလုပ်ချင်တော့ဘူး "

" ဘာဖြစ်လို့လဲ "

" မသီဘူး၊ ကျွန်တော်လုပ်နေတာက ခင်ဗျားအတွက်ကြောင့်လုပ်ပေးနေတာ. . . ခင်ဗျားလုပ်ချင်နေတဲ့အလုပ်မို့ လုပ်ပေးနေတာ "

နှစ်ဦးစလုံးငြိမ်ဆိတ်နေကြသည်။

" မင်းအလုပ်ကထွက်ဖို့ နို့တစ်ပေးပြီးပြီလား "

" မပေးရသေးဘူး၊ ကျွန်တော်က လဆန်းတစ်ရက်ကျမှ ထွက်ဖို့စီစဉ်ထားတာ "

" တို့ရထားတဲ့ငွေတွေကို အလှူရှင်တွေဆီပြန်ပို့ပေးရင်ရမလား "

" ရတာပေါ့. . . ခင်ဗျား ပါရီကဘယ်တော့လောက်ထွက်မလဲ "

" ငါ့ရဲ့ ပန်းချီဆေးစပ်တဲ့ ပျဉ်ပြားကလေးနဲ့ အရှိန်ပြန်ရလာတဲ့အထိ အလုပ်လုပ်ပြီးမှ ပါရီကထွက်မယ်လို့ စိတ်ကူးထားတယ် "

" အင်း ကောင်းပါတယ် "

" ငါ တောင်ပိုင်းကိုသွားမယ်လို့ စိတ်ကူးတယ်၊ ဘယ်ကိုသွားရမယ်ဆိုတာတော့ မသိသေးဘူး၊ ငါတစ်ယောက်တည်းပြန်နေမယ်။ ပန်းချီကိုပဲ တစ်ကားပြီး တစ်ကား မနားတန်းဆွဲမယ် "

ဗင်းဆင့်သည် သီအို၏ ပခုံးကိုခပ်ကြမ်းကြမ်းဖက်ထားသည်။

" ငါ့ကို မင်းမုန်းမသွားဘူးလား သီအို။ အလုပ်တစ်ခုကို ဖြစ်မြောက်ကာနီးမှ အခုလိုလုပ်လိုက်တဲ့အတွက် မင်းစိတ်ပျက်မှာပဲ "

သီအိုကပြုံးသည်။

"ဘာပြုလို့မုန်းရမှာလဲ ဗင်းဆင့်ရယ်"ဟု ပြောသည်။ "ကျွန်တော်ခင်ဗျားကိုနားလည်ပါတယ်။ အခုကိစ္စမှာ ခင်ဗျား ဆုံးဖြတ်တာ မှန်ပါတယ်။ ကဲ ဖန်ခွက်ထဲကလက်ကျန်ကို ရှင်းပစ်လိုက်တော့၊ ကျွန်တော်က ဆိုင်ကိုပြန်ရဦးမှာ"

(၁၃)

ဗင်းဆင့်သည် ပါရီတွင် နောက်ထပ်တစ်လမျှဆက်နေကာ ပန်းချီကို ပြန်ဆွဲသည်။ သူလက်နှင့်စုတ်တံများအနေဝေးသွားခဲ့သည်မှာ အတော်ကလေး ကြာခဲ့ပြီဖြစ်သဖြင့် သူဆွဲသမျှ ပန်းချီများအပေါ် စိတ်တိုင်းမကျ။ သူလက်ရာများသည် ကြမ်းတမ်းနေသည်ဟုသာ ထင်နေမိ၏။ တစ်ညတွင်မူ သူသည် အခန်းထဲ၌ ပန်းချီတစ်ကားဆွဲနေရာမှ ဖြတ်ခနဲရပ်ကာ စကားတစ်ခွန်းပြောသည်။

" စိတ်တိုင်းကျပုံကိုမရဘူး။ ငါဘယ်လိုဖြစ်တာလဲ။ ငါ့ရဲ့အားနည်းချက်ကိုသိရရင်ကောင်းမှာပဲ "

" အဲဒီအားနည်းချက်ကို ကျွန်တော်သိတယ် " ဟု သီအိုကပြောကာ ဗင်းဆင့်လက်ထဲမှ ပန်းချီကားကိုယူကြည့်သည်။

" မင်းသိတယ်ဆိုရင် ဘာလဲ။ ငါ့ကိုပြောပြစမ်းပါဦး "

" ပါရီမြို့တော်ကြောင့်ဖြစ်နေတာ "

" ဘာ "

" ဟုတ်တယ်၊ ပါရီဟာတရားခံပဲ။ ပါရီဟာခင်ဗျားအတွက်သင်တန်းကျောင်းကြီးတစ်ခုဖြစ်ခဲ့တယ်မဟုတ်လား၊ ပါရီမှာ ခင်ဗျားနေသမျှကာလပတ်လုံး တော့ခင်ဗျားဟာ ကျောင်းသားတစ်ယောက်ရဲ့ ဘဝကလွဲပြီး တခြားဘာမှဖြစ်လာနိုင်မယ် မထင်ဘူး။ ဟော်လန်မှာ ကျွန်တော်တို့ကျောင်းနေခဲ့တုန်းက အဖြစ်ကိုပြန်ပြီးစဉ်းစားကြည့်ပါလား။ တခြားလူတွေလုပ်ကိုင်နေတာကို ကျွန်တော်တို့လေ့လာကြတယ်၊ သူတို့ဘယ်လိုလုပ်သင့်တယ်ဆိုတာ စဉ်းစားကြတယ်။ ကျွန်တော်တို့ကိုယ်တိုင်ကတော့ ကိုယ့်အတွက်ကိုယ် ဘာမှ မလုပ်ဖြစ်တော့ဘူး မဟုတ်လား "

" ငါဒီမှာနေရင် ငါ့နဲ့သင့်တော်မယ့်အကြောင်းအရာတွေကို တွေ့မှာမဟုတ်ဘူးလို့ ဆိုချင်တာလား "

" အဲသလိုမဆိုလိုပါဘူး။ ဒီမှာနေရင်ခင်ဗျားအနေနဲ့ ခင်ဗျားဆရာတွေရဲ့ လောင်းရိပ်အောက်က လွတ်ကင်းမှာမဟုတ်ဘူး။ ခင်ဗျားပါရီမှာမနေတော့ဘူးဆိုရင်ကျွန်တော်တစ်ယောက်တည်း အထီးကျန်ဖြစ်ရမှာမို့ စိတ်တော့မကောင်းဘူး။ ဒါပေမယ့် ခင်ဗျား ပါရီက မခွာရင်မဖြစ်ဘူးဆိုတာ ကျွန်တော်သိနေတယ်။

" ဒီကမ္ဘာလောကကြီးထဲမှာ ခင်ဗျားရဲ့ကိုယ်ပိုင်ခံစားချက်တွေကို ဖန်တီး

နိုင်မယ့် နေရာတစ်နေရာကတော့ ရှိမှာပါ။ ဘယ်နေရာမှာရှိမယ်ဆိုတာတော့ ကျွန်တော်မသိဘူး၊ အဲဒီနေရာကိုရှာရမယ့်လူက ခင်ဗျားပဲ။ မရင့်ကျက်သေးခင်တော့ ခင်ဗျားရဲ့ကျောင်းနဲ့ အနေဝေးသွားအောင် အဆက်ဖြတ်မှဖြစ်တော့မယ်"

"ငါနဲ့အသင့်တော်ဆုံးနေရာဟာ ဘယ်နေရာဖြစ်မယ်လို့ မင်းထင်သလဲ"

" မသိဘူး "

" အာဖရိကဆိုရင်ဘယ့်နှယ်လဲ "

" သိပ်တော့ မကောင်းလှဘူး "

" အေးကွာ။ ငါကတော့ အခုလိုလပေါင်းများစွာရှည်ကြာတတ်တဲ့ ဆောင်းရာသီမှာ နေရောင်ခြည်တောက်ပတဲ့ နေရာတစ်နေရာကိုပဲ စဉ်းစားတယ်။ အဲသလို နေရာမျိုးမှာနေရင်းနဲ့ ဒီလာကရွှိုက်စ်ဟာ သူ့ရဲ့အရောင်ဟန်ကို တွေ့သွားခဲ့တယ် မဟုတ်လား။ ငါလဲ အဲသလိုနေရာမျိုးမှာ ကိုယ်လိုချင်တာကို ရှာတွေ့နိုင်လိမ့်မယ်လို့ ထင်ထားတာပဲ "

" အာဖရိက ကတော့ သိပ်ဝေးလွန်းပါတယ် ဗင်းဆင့်ရယ် " ဟု သီအို ကပြောသည်။

" ငါက နေရောင်ကိုလိုချင်တာကိုးကွ။ ကြောက်စရာကောင်းလောက်အောင်ပြင်းထန်ထဲ့အပူရှိန်ကိုပဲလိုချင်တာ။ တစ်ဆောင်းတွင်းလုံး တောင်ပိုင်းဒေသတွေက ငါ့ကိုဆွဲဆောင်နေသလို ခံစားနေရတယ်။ ပန်းချီဟာ နေရောင်မရှိပဲဆွဲလို့ မရဘူး၊ ငါ့ကိုရင့်ကျက်အောင် လုပ်ပေးမယ့်အရာဟာ ပူပြင်းတဲ့နေပဲဖြစ်မယ်။ ပါရီမှာဆိုရင် တစ်ဆောင်းတွင်းလုံးအရိုးကွဲမတတ်အအေးဒဏ်ကိုခံရတယ်၊ အဲဒီအအေးဓာတ်ဟာ ငါ့ရဲ့ပန်းချီကားတင်ခုံနဲ့ စုတ်တံတွေကိုပါ ခဲနေအောင်လုပ်ထားတယ်လို့ထင်တယ်. . . ။ တကယ်လို့ အာဖရိက နေရောင်ခြည်က ငါ့ကိုယ်ထဲက အအေးဓာတ်ကို ဆွဲထုတ်သွားမယ်ဆိုရင် . . . "

" အေးပါလေ. . . " ဟု သီအိုက အလိုက်သင့်ပြန်ပြောသည်။ " ဒီကိစ္စကိုနောက်မှ ထပ်ပြီးစဉ်းစားကြတာပေါ့၊ ခင်ဗျားပြောတာမှန်ချင်လဲမှန်မှာပေါ့ "

✧✧✧✧

Unity Publishing House

ပေါလ်စေဇန်းသည် သူ့မိတ်ဆွေများအားနှုတ်ဆက်ပွဲလုပ်သည်။ သူသည်သူဖခင်၏အကူအညီဖြင့် အက်က်စ်မြို့ကိုအပေါ်မှစီး၍မြင်နေရသောတောင်ကုန်းပေါ်တွင် မြေတစ်ကွက်ဝယ်ပြီးခဲ့ပြီ။ သူသည် သူဇာတိမြေပေါ်၌ စတူဒီယို တစ်ခုတည်ဆောက်ကာ ပန်းချီဆွဲတော့မည်။

" ခင်ဗျား ပါရီက အမြန်ဆုံးထွက်ပါ ဗင်းဆင့် " ဟု စေဇန်းကတိုက်တွန်းသည်။ " ပြီးရင် . . . ပရိုးဗင့်စ်ပြည်နယ်ကိုလာခဲ့ပါ။ အက်က်စ်ကိုတော့ မလာနဲ့။ အဲဒါက ကျွန်တော့်နယ်။ ဒါပေမယ့် အဲဒီအနီးအနားတဝိုက်ကိုလာနေပေါ့။ အဲဒီမှာ နေလဲပူတယ်၊ အရောင်လဲလင်းတယ်။ ပရိုးဗင့်စ်မှာသာဆိုရင် တခြားနေရာတွေမှာ ခင်ဗျားမတွေ့ဖူး မကြုံဖူးခဲ့တဲ့ အလင်းနဲ့ သန့်စင်ကြည်လင်တဲ့ အရောင်တွေကို ရလိမ့်မယ်။ ကျွန်တော်ကတော့ ကျန်တဲ့ ဘဝတစ်လျှောက်လုံး အဲဒီမှာပဲ နေတော့မယ် "

" ပါရီက ထွက်သွားမယ့် ဒုတိယလူဟာ ကျွန်တော်ပဲဖြစ်မှာ " ဟု ဂေါ်ဂင် ကပြောသည်။ " ကျွန်တော်လဲ အပူပိုင်းဒေသတွေဘက်ကို သွားနေတော့မယ်၊ ခင်ဗျားကပြောတယ်၊ တကယ့်နေရောင်ကို ပရိုးဗင့်စ်မှာရနိုင်တယ်. . . တဲ့၊ တစ်ခါလောက် မာကွီဆတ်စ်ဘက်ကို လာကြည့်စမ်းပါ။ တကယ်စစ်မှန်တဲ့ နေရောင်ကို ခင်ဗျားတွေ့ရပါလိမ့်မယ် "

" ဒီလိုဆိုရင်တော့ ခင်ဗျားတို့လူစု နေကို ကိုးကွယ်တဲ့ လူတွေနဲ့ပူးပေါင်းပါတော့လား " ဟုဆူးရက်ကပြောသည်။

" ကျွန်တော်ကတော့ အာဖရိကနိုင်ငံတွေဘက်ကိုသွားမယ်လို့ စိတ်ကူးထားတယ် " ဟု ဗင်းဆင့်က ဝင်ပြောသည်။

" ခင်ဗျား တကယ်သွားမှာလား " ဟု ဂေါ်ဂင်ကမေးသည်။

" အခုချက်ခြင်းတော့ မသွားသေးပါဘူး " ဟု ဗင်းဆင့်ကဖြေသည်။ "ပရိုးဗင့်စ်ဘက်သွားပြီး တစ်နေရာမှာ ခဏတဖြုတ်နေဦးမယ်။ နေရောင်နဲ့ နေတတ်တဲ့အကျင့်ကိုရအောင် လုပ်ရဦးမယ် "

" ဟာ. . . မာဆေးမှာတော့ နေလို့မဖြစ်ဘူး ကိုယ့်လူ မာဆေးမြို့ကို မွန်တီဆက်လီက အပိုင်ယူထားပြီးပြီ" ဟု ဆူးရက် ကပြောသည်။ "အက်က်စ်ကိုလဲ ကျွန်တော်သွားလို့ မဖြစ်ဘူး။ စေဇန်းရဲ့နယ်ဖြစ်နေတယ်။ မိုနက်ကလဲ အင်တီဘီးစ်ကို ဦးထားပြီးပြီ။ ကျွန်တော်ဘယ်ကို သွားရင်ကောင်းမလဲ ဆိုတာ အကြံပေးကြပါဦး " ဟု ဗင်းဆင့်က ပြောသည်။

" ခဏနေဦး " ဟု လော့ထ်ရက်ကရေရွတ်သည်။ " ကျွန်တော်နေရာ

ကောင်းတစ်နေရာသိထားတယ်၊ ခင်ဗျား အားလ်စ်ကို မစဉ်းစားချင်ဖူးလား ”

“ အားလ်စ်. . . ဟုတ်လား၊ ရိုမန်တွေ အခြေစိုက်ထားတဲ့ရှေးမြို့တစ်မြို့မဟုတ်လား ”

“ ဟုတ်တယ်လေ။ ရိုင်းမြစ်ကမ်းပါးမှာ တည်ထားတဲ့မြို့ပေါ့။ မာဆေးမြို့ကသွားရင် နှစ်နာရီခရီးရှိမယ်။ ကျွန်တော်အဲဒီမှာ တစ်ခါတုန်းကနေခဲ့ဖူးတယ်၊ တောင်ပိုင်းဒေသမှာ အရောင်အသွေးသိပ်စုံတဲ့နေရာပေါ့၊ ဒီလာကရွှိ ၂ကြ်စ်ရဲ့ အာဖရိက ရှုခင်းတွေထက်တောင် သာတယ် ”

“ ခင်ဗျား စောစောကဘာ့ကြောင့်မပြောတာလဲ။ နေရောင်ခြည်ကောင်းကောင်း ရရဲ့လား ”

“ နေရောင်လား. . . ပူလွန်း တောက်ပလွန်းလို့ ခင်ဗျားရှူးသွားမှာ တောင်ကြောက်ရလိမ့်မယ်။ အားလ်စ်နယ်သူနယ်ယားတွေကို ခင်ဗျားတွေ့ဖူးစေချင်တယ်။ အဲဒီနယ်ကမိန်းမတွေဟာ ကမ္ဘာပေါ်မှာ အလှဆုံးလို့ထင်တယ်၊ ဂရိလူမျိုးနွယ်ကဆင်းသက်လာပြီး သူတို့အပေါ် အောင်ပွဲခံသွားကြတဲ့ ရိုမန်တွေနဲ့ ပေါင်းစပ်မွေးဖွားလာကြတာတွေဆိုတော့ သူတို့အလှက တကယ့်ကိုပီပြင်တယ်”

“ နေရေးစားရေးကကော စျေးကြီးသလား ”

“ ခင်ဗျားအနေနဲ့ နေစရာနဲ့စားစရာအတွက်ပဲ ငွေသုံးရမယ်။ စျေးကလဲသက်သာတယ်၊ ခင်ဗျားပါရီမှာ ဆက်မနေတော့ဘူးလို့ ဆုံးဖြတ်ရင် အဲဒီနေရာကိုစဉ်းစားသင့်တယ်၊ စမ်းပြီးနေကြည့်ပေါ့ ”

“ အားလ်စ် ” ဟု ဗင်းဆင့်က ရေရွတ်သည်။ “ အင်း . . . အားလ်စ်အမျိုးသမီးတွေရဲ့ ပုံတွေကို ပန်းချီဆွဲရရင်ကောင်းမှာပဲ ”

ပါရီမြို့တော်သည် ဗင်းဆင့်အား များစွာစိတ်လှုပ်ရှားစေခဲ့၏။ ပါရီကို ရောက်ခါမှ အရက်ကိုပိုသောက်ခဲ့သည်။ ဆေးတံကိုပို၍ဖွာခဲ့ရသည်။ အခြားသောလုပ်ငန်းများတွင်လည်း ပို၍ ပါဝင်လှုပ်ရှားခဲ့ရ၏။ သူတွင် ပန်းချီဆွဲဖို့ပင် အချိန်အလုံအလောက်မရ။ အမှန်တော့သူသည် ပန်းချီဆရာဖြစ်လာရေးအတွက် ရှစ်နှစ်ကြာမျှ အပြင်းအထန်လှုပ်ရှားခဲ့ပြီးပြီ၊ အခုအချိန်တွင် သူဘဝသည်အမြင့်ဆုံးအပိုင်းသို့ ရောက်လာပြီ။ သူတွင် ဖန်တီးနိုင်စွမ်းလည်းအပြည့်အဝရှိနေပြီ။ သို့သော်လည်း ယနေ့အချိန်ထိတော့ တန်ဖိုးရှိမည့် ပန်းချီကားဟူ၍ တစ်ကားမှမဆွဲနိုင်သေး။ သူ့ဘဝတန်ဖိုးရှိကြောင်း ပြသနိုင်မည့် ပန်းချီကားအနည်းငယ်ကိုတော့ ဆွဲချင်မိပါ၏။

မွန်တီဆယ်လီက ဘာပြောခဲ့သနည်း၊ “ ကျွန်တော်တို့အနေနဲ့ ဆယ်နှစ်

လောက်တော့ အပြင်းအထန် အပင်ပန်းခံပြီး လုပ်ရမှာပဲ၊ ဒါမှလဲနောက်ဆုံးမှာ စစ်မှန်ပြီးအကောင်းဆုံးလက်ရာလို့ပြောနိုင်မယ့် ပန်းချီကားနှစ်ကားသုံးကား လောက်တင်အောင်ဆွဲနိုင်မှာ "

ပါရီတွင် နေရသည့်အတွက် ကောင်းကွက်တွေလည်းရှိသည်။ သူဘဝလုံခြုံသည်။ မိတ်ဆွေအပေါင်းအသင်းပေါသည်။ ပြီးတော့ချစ်ခင်ရင်းနှီးမှုအရသာကိုခံစားရသည်။ သူညီသီအိုနှင့် နေထိုင်ရသည်မှာ စိတ်ချမ်းသာစရာကောင်းသည်။ သူညီသည် သူ့အား အငတ်အပြတ်မခံစေရ၊ ပန်းချီဆွဲဖို့လိုအပ်သည့် ပစ္စည်းများကိုနှစ်ခါမပြောရ။ သူလိုအပ်သည့် အရာဟူသမျှကို သူညီကအမြဲတစေဖြည့်ဆီးပေးသည်။ တကယ်တော့ သူညီနှင့် နေရသောဘဝသည် မတောင့်မတ မကြောင့်မကျ နေရသည့် ဘဝဖြစ်လေသည်။

သူ ပါရီမှ ထွက်ခွာသည်နှင့်တပြိုင်နက် သူ့အတွက် ဆင်းရဲဒုက္ခများသည်အစပြုပေတော့မည်။ သီအိုနှင့်ခွဲနေရသည့်အခါများတွင် သူသည် သီအိုပေးနေသည့်ထောက်ပံ့ငွေကို စနစ်တကျမသုံးတတ်၊ လဝက်ခန့်ဆိုလျှင် လက်ထဲတွင်ငွေပြတ်သွားသဖြင့် အစာမစားပဲ နေရသည်ကများ၏။ သူ့အဖို့အပေါစားစားသောက်ဆိုင်များနှင့် ဗလုံးဗထွေးနေရပေဦးတော့မည်။ လက်ထဲတွင်ဆေးများကုန်သွားသဖြင့် ပူပင်သောက ရောက်ရချေဦးတော့မည်။

နောက်တစ်နေ့တွင် လော့ထ်ရက်က " ခင်ဗျား အားလ်စ်ကို သဘောကျသွားမှာပါ " ဟုပြောသည်။ " တိတ်ဆိတ်တယ်၊ အေးချမ်းတယ်၊ ဘယ်သူကမှနှောင့်ယှက်မှာလဲ မဟုတ်ဘူး၊ နေရာကပူပြင်းခြောက်သွေ့တယ်၊ အရောင်အသွေးမျိုးစုံကိုလဲတွေ့ရမြင်ရမယ်။ ဥရောပတိုက်မှာ ဂျပန်နိုင်ငံကရှုခင်းမျိုးတွေမြင်နိုင်တဲ့နေရာဆိုလို့ ဒီတစ်နေရာပဲရှိတယ်။ ပန်းချီဆရာတစ်ယောက်အတွက်ကတော့ တကယ့်နတ်ဘုံနတ်နန်းတစ်ခုပဲ၊ တကယ်လို့ ပါရီကိုသံသောဇဉ်မတွယ်ဘူးဆိုရင် ကျွန်တော်ကိုယ်တိုင် အားလ်စ်ကို သွားမှာပဲ "

ထိုညတွင် သီအိုနှင့်ဗင်းဆင့်သည် ဝက်ဂ်နာရီယန် ကပွဲသို့သွားသည်။ အိမ်သို့စောစောပြန်ရောက်သဖြင့် နှစ်ယောက်သား ဇွန်ဒတ်တွင် နေခဲ့ရသည့် ဂံလေးသူငယ်ဘဝကို ပြန်ပြောင်းသတိရကြသည်။ နောက်တစ်နေ့မနက်တွင်ဗင်းဆင့်သည် စောစောစီးစီးအိပ်ရာမှထကာ သီအိုအတွက် ကော်ဖီဖျော်ထားသည်။ သူညီအလုပ်သို့ထွက်သွားသည့်အခါ တစ်ခန်းလုံးကို သန့်စင်သွားအောင် သန့်ရှင်းရေးလုပ်သည်။

ထို့နောက် နံရံများပေါ်တွင် ပန်းရောင်ဖြင့် ရေးဆွဲထားသော ပုစွန်များ

ပုံ၊ ဦးထုပ်ဝိုင်းကြီးဆောင်းထားသည့် ပီရီတန်ဂိုင်း၏ ပုံနှင့် နောက်ဘက်မှမြင်ရသည့် ဝတ်လစ်စားလစ်အမျိုးသမီးတစ်ယောက်၏ ပုံများကိုစနစ်တကျ ချိတ်ဆွဲသည်။

ထိုနေ့ညနေပိုင်းတွင် အလုပ်ခွင်မှအိမ်သို့ပြန်ရောက်လာသော သီအို သည်ည့်ခန်းစားပွဲပေါ်၌ စာတိုလေးတစောင်ကိုတွေ့သည်။

ချစ်သောသီအို . . .
အစ်ကို အားလ်စ်ကို သွားပြီ၊ ဟိုကိုရောက်လျှင်ရောက်ချင်း မင်းဆီကို စာရေးမယ်။
နံရံပေါ်မှာ အစ်ကို့ရဲ့ပန်းချီကားတစ်ချို့ချိတ်ထားခဲ့တယ်။ အဲဒါမှ မင်း ငှါကို မမေ့မှာ။

စိတ်ကူးထဲမှ လက်ဆွဲနှုတ်ဆက်လျက်
ဗင်းဆင့်

■

စာအုပ် (၆)

အားလပ်စ်

(၁)

အားလပ်စ် နေသည် ဗင်းဆင့်အား ပြင်းထန်သော အပူရှိန်ဖြင့်ဆီးကြို နှုတ်ဆက်နေသည်။ လိမ္မော်ရောင်ဘောလုံးကြီး တစ်လုံးနှင့် တူလှသော နေမင်းသည် အဆမတန်ပြင်းထန်သော အပူရှိန်ကို ဖြန့်ချပေးလျက်ရှိ၏။ ကြောက်မက်ဖွယ်ကောင်းသောအပူသည် ဗင်းဆင့်အတွက် ပတ်ဝန်းကျင်သစ်တစ်ခုကို ဖန်တီးတည်ဆောက်ပေးလျက်ရှိလေသည်။

ဗင်းဆင့်သည် စောစောစီးစီးဆိုက်ရောက်သွားသည့် မီးရထား၏ တတိယတန်းတွဲပေါ်မှ ခုန်ဆင်းကာ လာမာတင်းရပ်ကွက်ဆီသို့ ဦးတည်ထားသည့် ကွေ့ကွေ့ကောက်ကောက်လမ်းအတိုင်း လျှောက်လာသည်။ လာမာတင်းရပ်ကွက်သည် တစ်ဖက်တွင် ရိုင်းမြစ်၏ တာရိုးကြီးတည်ရှိပြီး ကျန်တစ်ဖက်လမ်းတစ်လျှောက်တွင် စားသောက်ဆိုင်များနှင့် စျေးပေါပေါ ဟိုတယ်များ တည်ရှိသည်။

သူသည် လမ်းထိပ်ရှိ ပထမဆုံးတွေ့ရသည့် ဒီလာဂဲရားဟိုတယ်သို့ ဝင်၍ အခန်းတစ်ခန်းငှားသည်။ ကြေးခုတင်တစ်လုံး၊ လက်ဆေးခွက် တစ်ခွက်၊ ကိုင်းတပ်ရေခွက်ကြီးတစ်လုံးနှင့် ကုလားထိုင်ဟောင်းတစ်လုံးသာရှိသော အခန်းဖြစ်၏။ သူအခန်းငှားပြီးကာမှ ပိုင်ရှင်သည် ဆေးသုတ်မထားသည့် စားပွဲဟောင်း တစ်လုံးကိုယူလာသည်။ ပန်းချီကားတင်ခုံအတွက် ထားစရာနေရာရှာမရ။ သို့သော်လည်း အကြောင်းမဟုတ်၊ ဗင်းဆင့်အနေဖြင့် ပန်းချီကို တစ်နေကုန် အပြင်ထွက်၍ဆွဲရန် ဆုံးဖြတ်ထားသည် မဟုတ်ပါလော။

သူသည် လက်ဆွဲသေတ္တာကို ခုတင်ပေါ်သို့ ပစ်ချပြီး မြို့တွင်းကိုလှည့် ပတ်ကြည့်ရှုရန် ဟိုတယ်ထဲမှ ပြန်ထွက်လာခဲ့သည်။ လာမာတင်းရပ်ကွက်မှ အားလ်စ်မြို့လယ်သို့ သွားရာလမ်းသည် နှစ်လမ်းမျှရှိရာ တစ်လမ်းမှာ မြို့စွန်လမ်းမကြီးအတိုင်းကွေ့ပတ်သွားရသော လမ်းဖြစ်သည်။ ခရီးသည်တင်မြင်းလှည်းကြီးများသွားသော လမ်းဖြစ်၍ နောက်ဆုံးတွင် တောင်ကုန်းထိပ်သို့ ဆိုက်ရောက်သွားနိုင်သော လမ်းဖြစ်သည်။

ဗင်းဆင့်သည် ခရီးတိုသော ဒုတိယလမ်းအတိုင်းသွားသည်။ လမ်းသေးလမ်းကျဉ်းများကို ရွေးပြီး တစ်လမ်းဝင်တစ်လမ်းထွက် သွားရသော လမ်းဖြစ်သည်။ အခြိန်အတော်ကြာမျှ တောင်ကုန်းအတက်လမ်းအတိုင်း လျှောက်ခဲ့ပြီးနောက် ဒီလာမေရီးရပ်ကွက်တွင်းသို့ ဝင်မိသည်။ ဤဘက်ပိုင်းတွင် ရောမခေတ်ကတည်ဆောက်ထားခဲ့သော ရှေးဟောင်းအဆောက်အဦးများကို ဖြတ်သန်းလာခဲ့ရလေသည်။

နေကတော့ ပူပြင်းလှ၏။ အိမ်ကြိုအိမ်ကြားမှ ဖြတ်သွားရသော လမ်းများမှာ ကျဉ်းလွန်းလှချေသည်။ လက်များကိုသာ ဆန့်တန်းလိုက်ပါက လက်ချောင်းထိပ်များသည် လမ်းနှစ်ဖက်ရှိ အိမ်များကို ထိနိုင်၏။ လမ်းများသည် ကွေ့ကောက်လွန်းလှချေသည်။ ဆယ်ကိုက်ခန့်လျှောက်မိပါက တစ်ကြိမ်ကွေ့နေရ၏။ လမ်းများပေါ်တွင် အမှိုက်သရိုက်များကိုမြင်နေရသည်။ အိမ်တံခါးပေါက်များအဝ၌ဆော့ကစားနေကြသော ကလေးသူငယ်များမှာ ပေရေစည်ပတ်နေကြသည်။

ဗင်းဆင့်သည် ဒီလာမေရီးရပ်ကွက်ကိုဖြတ်ကာ မြို့၏နောက်ဖက်ရှိ အရောင်းအဝယ်စည်ကားရာ စျေးလမ်းမကြီးပေါ်သို့ ရောက်လာသည်။ သူသည် ပန်ခြံကလေးတစ်ခုအတွင်းမှ ဖြတ်ကာ တောင်ထိပ်ပေါ်သို့ တက်လာခဲ့သည်။ သူသည် ကျောက်တုံးတစ်တုံးပေါ်၌ထိုင်ကာ ခြေနှစ်ချောင်းကို တွဲလောင်းချ၍ ဆေးတံကို မီးညှိပြီးဖွာသည်။ ထို့နောက် သူရွေးချယ်ခဲ့သော နေရာဒေသ၏ရှုခင်း

ကို ကြည့်ရှုလေ့လာသည်။

အောက်ဖက်ရှိမြို့သည် ရိုင်းမြစ်ခြေတွင် အဆုံးသတ်သည်။ အိမ်ခေါင် မိုးမျှားမှာ ပူပြင်းလွန်းလှသော နေရောင်ဒဏ်ကို နှစ်ပေါင်းများစွာ ခံလာခဲ့ရသဖြင့် မူလအနီရောင်ပျောက်ကာ မဲခြောက်ခြောက်ဖြစ်နေကြသည်။ ရိုင်းမြစ်သည် တောင်ခြေအနီးမှ ကွေ့ပတ်ကာ မြေထဲပင်လယ်ဆီသို့ ဦးတည်စီးဆင်းနေသည်။ မြစ်၏ဝဲယာတွင် တာလမ်းကြီးများရှိနေသည်။ ဗင်းဆင့်၏ နောက်ဖက်တွင် အလွန်မြင့်မားသော တောင်စဉ်တောင်တန်းကြီးများတည်ရှိသည်။ သူ့ရှေ့မျက်စိ အောက်တွင်မူ လယ်ကွင်းများ၊ ပွင့်ဖူးနေကြသည့် သစ်သီးခြံများနှင့် မောင့်မာကျာ တောင်တန်းတည်ရှိသည်။ မြေဩဇာကောင်းလှသော တောင်ကြားလွင်ပြင်သည် ရှုမျှော်၍မဆုံး. . . ။

သူ့အဖို့ အံ့သြစရာဖြစ်နေသည်မှာ အရောင်အသွေးမျိုးစုံခြယ်သထား သည့် တောပိုင်းဒေသမှ မြင်ကွင်းများဖြစ်သည်။ မိုးကောင်းကင်သည် ပြာလဲ့လဲ့။ လယ်ကွင်းများသည် စိမ်းလဲ့လဲ့။ နေရောင်သည် လိမ္မော်ရောင်၊ မြေရောင် သည် နီထွေးထွေး. . . ။ ပြီးတော့ ပြာလဲ့လဲ့ကောင်းကင်ပြင်တွင် ရွှေ့လျားနေသည့် ဖြူလွလွတိမ်လိပ်များ၊ သူ့မျက်စိများကိုပင် မယုံကြည်နိုင်လောက်အောင် ထူးခြား လှပနေသည့် အရောင်များဖြစ်၏။ ဤအရောင်များကို သူဘယ်လိုဆွဲရပါမည် နည်း။ အဝါ. . . အပြာ. . . အစိမ်း. . . အနီ. . . ရောင်မျိုးကစုံလှ၏။

သူသည် ဟိုတယ်သို့အပြေးအလွှားပြန်၍ ပန်းချီပစ္စည်းများကို ယူကာ အပြင်သို့ပြန်ထွက်သည်။ မြစ်ကမ်းပါးတလျှောက်ရှိ သစ်ပင်များသည် အပွင့်များ ပွင့်ကာ ဝေဆာနေကြသည်။ မြစ်ပြင်ပေါ်သို့ ထိုးကျနေသော နေရောင်သည် သူ့မျက်စိများကို ကျိန်းစပ်သွားအောင် ပြုလုပ်လျက်ရှိ၏။ သူသည် ဦးထုပ်မဲ့ကျန် ခဲ့သဖြင့် တစ်လမ်းလုံး အပူဒဏ်ကို ပြင်းထန်စွာ ခံလာရသည်။

သူနှင့် တစ်ကီလိုမီတာခန့်အကွာတွင် တံတားရှင်တစ်ခုရှိသည်။ ထိုတံ တားပေါ်တွင်မြင်းလှည်းကြီးတစ်စီး ဖြတ်သွားလျက်ရှိသည်။ နောက်ခံပြာ လဲ့လဲ့ကောင်းကင်နှင့် လိုက်ဖက်ညီလှသော ရှုခင်းဖြစ်သည်။ မြစ်ရေပြင်သည် ခပ်ပြာပြာ၊ ကမ်းပါးများသည် လိမ္မော်ရောင်။ ထိုအရောင်တွင် မြက်ပင်များ၏ အစိမ်းရောင်စွက်နေသည်။ အဝတ်လျှော်သည့် မိန်းမတစ်စုသည် သစ်တစ်ပင် အောက်၌ထိုင်ကာ အဝတ်လျှော်ဖွတ်နေကြသည်။

သူ ဟိုတယ်သို့ ပြန်ရောက်သည့်အခါ ညစာစားချိန်ဖြစ်၏။ စားပွဲငယ် တစ်လုံး၌ ဝင်ထိုင်ကာအရက်တစ်ခွက်မှာသည်။ သူသည် ဝမ်းသာလုံးဆို့နေ

သဖြင့် အစားကိုပင်သတိမရ။ သူ့အနီးရှိ စားပွဲတစ်လုံးမှ လူတစ်ယောက်သည် ဗင်းဆင့်၏လက်၌ စွန်းပေနေသည့် ဆေးရောင်များကို လှမ်းကြည့်နေသည်။ ဆေးစက်များသည် ဗင်းဆင့်၏ လက်များ၌သာမက မျက်နှာနှင့် အင်္ကျီဘောင်းဘီများ၌ပါ ပေကျံနေကြခြင်းဖြစ်သည်။ ထိုလူက စတင်၍ စကားပြောရာမှ ထိုလူနှင့် ဗင်းဆင့်သည် စကားလက်ဆုံကျသွားကြလေသည်။

" ကျွန်တော်က ပါရီမြို့သား သတင်းစာဆရာ တစ်ယောက်ပါ " ဟုထို လူကပြောသည်။ " ကျွန်တော် ဒီရောက်နေတာ သုံးလရှိသွားပြီ၊ ပရိုးဗင့်စ်ဘာသာ စကားနဲ့ ပတ်သက်ပြီး စာအုပ်တစ်အုပ်ရေးဖို့ အချက်အလက်တွေလာစုတာပါ"

" ကျွန်တော်ကတော့ ဒီနေ့မနက်မှ ပါရီကလာတာပါ " ဟု ဗင်းဆင့်က ပြန်ပြောသည်။

" ကျွန်တော် သတိထားမိပါတယ်၊ ဒီမှာကြာဦးမှာလား "

" ကြာမယ်လို့ ထင်တာပဲ "

" ဒါဆိုရင် ကျွန်တော် အကြံပေးပါရစေ။ အားလ်စ်မြို့ဟာ ကမ္ဘာပေါ်မှာ အလွန်ဆိုးသွမ်းကြမ်းတမ်းတဲ့ အရူးတွေနေတဲ့နေရာပဲ၊ သတိထားနေဖို့လိုတယ်"

" ဘာကြောင့် ခင်ဗျားက အဲသလောက်ထင်ရတာလဲ "

" ထင်တာမဟုတ်ဘူး၊ ကျွန်တော်ကသိတာ။ ကျွန်တော် ဒီလူတွေနဲ့ နေလာတာ သုံးလတောင်ရှိသွားပြီ၊ ဒီလူတွေအားလုံးဟာ အရူးတွေချည်းပဲ။ ခင်ဗျား သူတို့ကို လေ့လာကြည့်ပါ၊ သူတို့မျက်လုံးတွေဟာ သာမန်ရိုးရိုး လူတွေရဲ့ မျက်လုံးတွေနဲ့ လုံးဝမတူဘူး၊ ကျိုးကြောင်းဆင်ခြင်စဉ်းစားတတ်တဲ့ အသိဉာဏ်လဲမရှိကြဘူး "

" ခင်ဗျားရဲ့ အမြင်က တော်တော့်ကို ထူးဆန်းနေပြီ " ဟု ဗင်းဆင့်က မှတ်ချက်ချသည်။

" ခင်ဗျား တစ်ပတ်လောက်နေမိရင် ကျွန်တော်နဲ့ တစ်သဘောတည်း ဖြစ်သွားမှာပါ၊ အားလ်စ်မြို့ရဲ့ ပတ်ဝန်းကျင်ဟာ ပရိုးဗင်စ့်ပြည်နယ်ထဲမှာ အစုတ် အပြတ်ဆုံးနေရာ တစ်နေရာပဲ။ ခင်ဗျား နေရောင်အောက်ကိုထွက်ဖူးပြီ မဟုတ်လား၊ တစ်နေ့ပြီးတစ်နေ့ ဒီလောက် ပူပြင်းတဲ့ နေဒဏ်ကိုခံနေရတဲ့ လူတွေအနေနဲ့ ဘယ်လိုလူစားတွေ ဖြစ်ကုန်မလဲ ဆိုတာ စဉ်းစားကြည့်ပေါ့။

" ကျွန်တော့်အမြင်ကတော့ ပူပြင်းလွန်းတဲ့နေဟာ ဒီလူတွေရဲ့ ဦးနှောက်ကို ပူလောင်နေအောင်လုပ်ထားတယ်။ ပြီးတော့ ဒီဒေသမှာသာ တိုက်ခတ်တတ်တဲ့ ခြောက်သွေ့အေးမြလွန်းတဲ့ လေကလဲ တစ်မျှောင့်ဗျ၊ ဒီလေကလဲ သူတို့ကို

အမြဲဒုက္ခပေးနေတာပဲ၊ အဲဒီလေက တစ်နှစ်မှာ ရက်ပေါင်းနှစ်ရာလောက်တစ်မြို့လုံးကိုမွှေနေတာ။ တကယ်လို့ ခင်ဗျားလမ်းပေါ်မှာ လျှောက်သွားနေတယ်ဆိုပါတော့၊ အဲဒီလေကြောင့် ခင်ဗျားဟာလွင့်စင်ပြီး အဆောက်အဦးတစ်ခုခုနဲ့ ဝင်ဆောင့်မှာ။ တကယ်လို့ ခင်ဗျားဟာ လယ်ကွင်းထဲ ရောက်နေတယ်ဆိုပါတော့၊ ခင်ဗျားကို အဲဒီလေကတိုက်လဲပြီး ဖုန်တောထဲမှာ လူးလိမ့်နေအောင်လုပ်မှာ။

" အဲဒီလေက သိပ်ကိုကြောက်စရာကောင်းပါတယ်ဗျာ။ အဲဒီလေကြောင့် ပြတင်းပေါက်တံခါးတွေ ပြုတ်ထွက်ကုန်တယ်၊ သစ်ပင်တွေအမြစ်က ကျွတ်ထွက်ပြီးပြိုလဲကုန်တယ်၊ လယ်ကွင်းထဲက လူတွေနဲ့ တိရစ္ဆာန်တွေ လွင့်စင်ပြီး ဒဏ်ရာအနာတရဖြစ်ကြရတယ်။ ကျွန်တော်ဒီမှာလာနေတာ သုံးလပဲရှိသေးတယ်၊ စိတ်ကုန်သွားပြီ။ မနက်ဖြန်မနက်ဆိုရင် ပြန်တော့မှာ "

" ခင်ဗျားပြောနေတဲ့ စကားတွေက သိပ်ပြီးချဲ့လွန်းကားလွန်းတယ်လို့ ထင်တာပဲ " ဟု ဗင်းဆင့်ကပြန်ပြောသည်။ " အားလ်စ် မြို့သူမြို့သားတွေကြည့်ရတာခင်ဗျားပြောသလောက် ဆိုးမယ်မထင်ပါဘူး။ ဒီနေ့ ကျွန်တော်မြင်ခဲ့ရတဲ့ လူနည်းစုကို လေ့လာကြည့်တာနဲ့ သိနိုင်တာပဲ "

" အင်းပေါ့လေ။ ခင်ဗျားတွေ့ခဲ့ရတဲ့ လူနည်းစုကတော့ သိပ်မဆိုးဘူးပဲထားပါတော့။ သူတို့နဲ့ခင်ဗျား သိကျွမ်းသွားတဲ့အထိတော့ စောင့်ကြည့်ဦးပေါ့။ သူတို့နဲ့ ပတ်သက်လို့ကျွန်တော့်ထင်မြင်ချက်ကို ခင်ဗျားသိချင်သလား"

" ဆိုပါဦး. . . ။ ကျွန်တော်နဲ့အတူ အရက်တစ်ခွက်တစ်ဖလားမော့ပါလား "

" ကျေးဇူးပါပဲ။ ကျွန်တော့်ထင်မြင်ချက်ကတော့ အားလ်စ်မြို့ဟာ ဝက်ရူးပြန်ရောဂါစွဲကပ်နေတဲ့မြို့ပဲ။ အမှန်တော့ ဒီပြည်နယ်ဟာ အဆိုးဆုံးအဆင့်ကိုရောက်ဖို့ အလွန်နီးစပ်တဲ့နယ်ပဲ၊ ဒါပေမယ့် အခုအချိန်ထိတော့ အဆိုးဆုံးအဆင့်ကိုရောက်မလာသေးဘူး၊ ကျွန်တော်အခုရောက်နေတဲ့ သုံးလအတွင်းမှာ မေရီးရပ်ကွက်ထဲက လူတွေဟာ စိတ်ဖောက်ပြန်ပြီး တစ်ယောက်လည်ပင်းတစ်ယောက်လှီးကြဖြတ်ကြတော့မှာပဲလို့ ထင်မိခဲ့တာ အကြိမ်ပေါင်းတစ်ဒါဇင်လောက်ရှိတယ်။ ဒါပေမယ့် ဖြစ်မလာဘူး၊ ပေါက်ကွဲမှုတစ်ခုခုဖြစ်တော့မယ့်အနေအထားမျိုးရောက်လာပြီဆိုရင် စောစောက ကျွန်တော်ပြောခဲ့တဲ့လေက ဝင်တိုက်လိုက်တာနဲ့ ပြန်ငြိမ်သွားပြန်တာပဲ "

ဗင်းဆင့်က ရယ်သည်။

" ခင်ဗျား ဒီဟိုတယ်မှာ ခဏတဖြုတ်တော့ နေဦးမှာ မဟုတ်လား "

ဟုထိုလူကမေးသည်။ “ ကျွန်တော်ဒီမြို့အကြောင်း ဆောင်းပါးရေးထားတယ်။ သတင်းစာမှာ ပါလာရင် ခင်ဗျားဆီတစ်စောင်ပို့ပေးလိုက်မယ်၊ အားလစ်မြို့ဟာ မကြာခင်မှာ အလွန်အရေးကြီးတဲ့ အချိန်ကာလတစ်ခုနဲ့ ကြုံရလိမ့်မယ်၊ ဒီဖြစ်ရပ်ဟာမကြာခင်မှာ ဖြစ်ကိုဖြစ်လာမှာ သေချာတယ်။ ဖြစ်လာပြီဆိုရင်တော့ ကျွန်တော်တို့ဟာ မျက်မြင်ကိုယ်တွေ့ကြုံရမယ့်လူတွေပဲ။

“ သတ်ဖြတ်မှုတွေ၊ မီးရှို့မှုတွေ၊ မုဒိမ်းမှုတွေနဲ့ ဖျက်ဆီးမှုတွေဟာဖြစ်လာမှာမလွဲဘူးလို့ပဲထင်တယ်။ ဒီနယ်ဟာ အခုလိုညှင်းပန်းနှိပ်စက်မှုဒဏ်တွေကို ရာသက်ပန်ခံသွားဖို့ဆိုတာ မဖြစ်နိုင်တော့ဘူး၊ တစ်ခုခုတော့ ဖြစ်ကိုဖြစ်ရမယ်၊ ကျွန်တော်ကတော့ လူတွေရဲ့ပါးစပ်က အမြုပ်တွေ ထွက်မလာခင် လစ်တော့မယ်။ ခင်ဗျားကိုလဲ ကျွန်တော်နဲ့လိုက်ခဲ့ဖို့ အကြံပေးချင်တယ် ”

“ အခုလိုအကြံပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် ” ဟု ဗင်းဆင့်က ပြန်ပြောသည်။ “ ကျွန်တော်က ဒီမှာနေရတာကို သဘောကျတယ်။ ကဲ. . . ကျွန်တော်သွားတော့မယ်၊ ခင်ဗျားနဲ့ မနက်ဖြန်မနက်ဆုံနိုင်ဦးမလား. . . မဆုံနိုင်တော့ဘူးဆိုရင်လဲ နှုတ်ဆက်လိုက်ပါရစေ။ ခင်ဗျားကံကောင်းပါစေ. . . ခင်ဗျားရဲ့ဆောင်ပါးပါတဲ့ သတင်းစာ ကျွန်တော့်ဆီပို့ပေးဖို့တော့ မမေ့ပါနဲ့ ”

(၂)

ဗင်းဆင့်သည် နေ့စဉ်နံနက်တိုင်း အရက်မတက်မီ အိပ်ရာမှထသည်။ အဝတ်ကပျာကရာလဲကာ မြစ်ဆိပ် သို့မဟုတ် တောပိုင်းဖက်သို့ထွက်ပြီး သူနှစ်သက်သော ရှုခင်းကိုရှာသည်။ ညစဉ်ညတိုင်း အပြီးသတ်ထားသော ပန်းချီကားကိုပိုက်၍ အခန်းသို့ ပြန်လာသည်။ ညစာစားပြီးသည်နှင့် အိပ်ရာဝင်သည်။

သူသည် ပန်းချီဆွဲသောစက်ကိရိယာတစ်ခုဖြစ်လာသည်။ ကင်းဗတ်ကို ခုံပေါ်တင်ကာ တစ်ကားပြီးတစ်ကား မရပ်မနားဆွဲသည်။ သူ့ကိုယ်သူ ဘာလုပ်နေမိသည်ကိုပင် အသေအချာမသိ။ တောပိုင်းရှိ သစ်သီးခြံများတွင် အပွင့်များဖူးပွင့်နေကြလေပြီ။ သူသည် ထိုအရာအားလုံးကို အမိအရ သူစိတ်တိုင်းကျ ရေးဆွဲရယူလိုသော ဆန္ဒကကြီးမားပြင်းထန်လျက်ရှိ၏။ သူသည် သူ၏ပန်းချီဆွဲနေသည့် အလုပ်ကိုလုံးဝမစဉ်းစား။ ဆွဲစရာရှိသည့် ရှုခင်းအပေါ်၌ အာရုံဝင်စားပြီး ထက်သန်ပြင်းပြသော စိတ်ဖြင့်ဆွဲနေခြင်းသာဖြစ်လေသည်။

ရှစ်နှစ်တာမျှ တပင်တပန်းလုပ်ခဲ့ရသည့် အကျိုးသည် ယခုမှပင်ဖြစ်ထွန်းလာသည်ကို သူတွေ့နေရ၏။ ထိုစဉ်က ရရှိထားခဲ့သော အတွေ့အကြုံများသည် ကင်းဗတ်ပေါ်တွင် ထင်ဟပ်လျက်ရှိသည်။ တစ်ခါတစ်ရံတွင် အရုဏ်ဦးအချိန်က စတင်ရေးဆွဲသောကားသည် မွန်းတည့်ချိန်တွင် ပြီးဆုံးသွားသည်။ ထိုအခါပစ္စည်းကိရိယာများကို ကျောပိုးကာ မြို့ထဲသို့ပြန်၍ ဆိုင်တစ်ဆိုင်တွင် ကော်ဖီတစ်ခွက်သောက်သည်။ ထို့နောက် နေရာသစ်တစ်ခုသို့သွားကာ ကင်းဗတ်သစ်တစ်ခုတင်၍ လုပ်ငန်းကိုစပြန်၏။

သူဆွဲနေသော ပန်းချီကားကောင်းသည် ဆိုးသည်ကိုသူမသိ။သိအောင်လည်းအားမထုတ်၊ ဂရုလည်းမစိုက်။ သူသည် ပတ်ဝန်းကျင်ရှိ အရောင်များအပေါ်၌သာ ယစ်မူသာယာလျက်ရှိလေသည်။

သူ့အားဘယ်သူကမှ စကားမပြော။ သူကလည်းဘယ်သူ့ကိုမှ စကားမပြော။ သူပန်းချီဆွဲအပြီးကျန်ရှိနေခဲ့သည့်အားကို လေနှင့်တိုက်ခိုက်ရာ၌ အသုံးပြုရသည်။ သီတင်းပတ်တိုင်းတွင် သုံးရက်သည် လေဒဏ်ကိုခံရသည့်ရက်များဖြစ်၏။ သူ၏ပန်းချီကားတင်ခုံသည် လေထဲတွင် စက္ကူတစ်ရွက်သဖွယ် လွင့်မျောနေတတ်၏။

သူသည် ဘယ်တော့မှ ဦးထုပ်မဆောင်း၊ ပူပြင်းသောနေသည် သူ့ခေါင်းမှဆံပင်များကို တဖြည်းဖြည်းခြင်း လောင်ကျွမ်းလျက်ရှိ၏။ ညပိုင်းအိပ်ရာပေါ်ရောက်သည့်အခါသူ့ခေါင်းသည် မီးလောင်သည့် ဒဏ်ကိုခံစားနေရသည့်နှယ် အဆမတန် ပူလောင်လျက်ရှိသည်။ နေရောင်သည် သူ့အားမျက်မမြင်တစ်ယောက်လိုဖြစ်သွားစေသည်။ တစ်ခါတစ်ရံတွင် သူသည်လယ်ကွင်းများ၏ အစိမ်းရောင်ကို ကောင်းကင်အပြာရောင်နှင့် ခွဲခြား၍မသိ။

တစ်ရက်တွင်သူသည် ခြံတစ်ခြံကိုကြည့်၍ ပန်းချီဆွဲနေသည်။ ခြံစည်းရိုးသည် အနီရောင်၊ ခြံတွင်းတစ်နေရာမှ မက်မုံပင်နှစ်ပင်သည် နှင်းဆီနီရောင်၊ ယင်းနှစ်ခု၏ နောက်ခံသည် အဖြူအပြာရောစပ်နေသည့် မိုးကောင်းကင်။ “ငါဆွဲခဲ့သမျှ ရှုခင်းပန်းချီကားတွေထဲမှာ ဒီကားဟာအကောင်းဆုံးဖြစ်ချင်ဖြစ်လာမှာ ” ဟု သူ့ကိုယ်သူပြောမိသည်။

ထိုနေ့က သူ ဟိုတယ်သို့ပြန်ရောက်သည့်အခါ စာတစ်စောင်ရောက်နေသည်ကိုတွေ့ရ၏။ ဟော်မြို့မှ အင်တွန်မောဗီးတစ်ယောက် ကွယ်လွန်သွားပြီဟုအကြောင်းကြားလိုက်သော စာဖြစ်သည်။ သူမနက်ပိုင်းက ရေးဆွဲထားသော မက်မုံပင်နှစ်ပင် ပန်းချီကားအောက်ဖက်တွင် စုတ်တံဖြင့် “ မောဗီးအတွက်

အမှတ်တရ ” ဟူသော စာတမ်းကလေးရေးလိုက်သည်။ ထိုစာတမ်းအောက်တွင် “ ဗင်းဆင့်နှင့် သီအို ” ဟု ရေးထိုးကာ မောဗီး၏ ဇနီးသည်ထံသို့ ချက်ခြင်းပို့လိုက်လေသည်။

နောက်တစ်နေ့နံနက်တွင် ဗင်းဆင့်သည် အပွင့်အဖူးများဖြင့် ဝေဆာလှပနေသော ဆီးသီးခြံတစ်ခြံကို စိတ်ကြိုက်တွေ့သဖြင့် ကူးဆွဲလျက်ရှိသည်။ သူ အလုပ်များနေခိုက်မှာပင် လေသည်ပြင်းထန်စွာတိုက်ခတ်လာသည်။ ပြင်သစ်နိုင်ငံမြေထဲပင်လယ်ကမ်းခြေနှင့် ယင်းအနီးအနားတစ်ဝိုက်၌ တိုက်ခတ်လေ့ရှိသော လေဖြစ်သည်။ အလွန်အေးပြီး အလွန်ခြောက်သွေ့သည့် မြောက်လေဖြစ်သည်။

လေသည် တိုး၍တိုး၍ထန်လာနေသည်။ နေကတော့ အပူရှိန်ကိုလွှတ်နေဆဲ။ အပင်များထက်မှအပွင့်များသည် ပို၍တောက်ပလာနေကြသည်။ ဗင်းဆင့်သည် ရှုခင်းအလှတွင် နစ်မျောနေသည်။ သူ့အနေဖြင့် အလုပ်ကိုရပ်မပစ်ရဲ။ အခြေပျက်သွားမည်ကို စိုးရိမ်သဖြင့် ထန်နေသည့် လေထဲ၌ရပ်ကာ စွန့်စား၍ ပန်းချီကားကို အပြီးသတ်နေသည်။

သူ ချီဗီနင်ဂျင်း ဒေသ၌နေခဲ့စဉ်က လေထဲမိုးထဲ သဲမုန်တိုင်းထဲ၌ ဇနီးဘဲကြီးစွာဖြင့် ပန်းချီရေးဆွဲခဲ့သည်များကို သတိရမိ၏။ တစ်ခါတစ်ရံလေမုန်တိုင်းနှင့်ကြုံရသည့်အခါ ပြင်းထန်သောလေနှင့်ပါလာသည့် သမုဒ္ဒရာရေပြင်ထက်မှလှိုင်းလုံးကြီးများသည် သူနှင့် သူ၏ ပန်းချီကားတင်ခုံအား လွှင့်စင်သွားသည်အထိ ရိုက်ပုတ်တတ်လေသည်။

သူ ယခုဆွဲနေသော ပန်းချီကားထဲတွင် အဝါရောင်အတော်များများအပြင် အဖြူရောင်နှင့်အပြာရောင် အနည်းငယ်မျှ ရောယှက်ပါဝင်နေသည်ကို သူသတိထားမိသည်။ ဆွဲပြီးသွားသည့်အခါတွင်မူသူ့ကားထဲ၌ မူလကထည့်သွင်းရေးဆွဲရန်စိတ်ကူးမရှိခဲ့သည့် အရာတစ်ချို့ပါဝင်နေသည်ကို မြင်နေရ၏။ ထိုအရာများမှာ ထန်ပြင်းသော မြောက်လေပေတည်း။

“ လူတွေကတော့ ဒီကားကိုဆွဲတုန်းက ငါ့ကို အရက်မူးနေတယ်လို့ ထင်ကြမှာပဲ ” ဟု တွေးကာရယ်သည်။

တမြန်မနေ့က ရောက်လာခဲ့သော သီအို့စာထဲမှ စာကြောင်းတစ်ကြောင်းကို သတိရမိသည်။ ပါရီသို့အလည်ရောက်လာသော တာစတိကစစ္စလီ၏လက်ရာ ပန်းချီတစ်ကားကိုကြည့်၍ “ ဒီကားကိုဆွဲတဲ့ ပန်းချီဆရာဟာ အရက်နာကျပြီး ကယောင်ခြောက်ခြားဖြစ်နေတယ်လို့ မတွေးပဲမနေနိုင်ဘူး ” ဟုပြော

သွားကြောင်း သီအိုက ရေးထားသည်မဟုတ်ပါလား။

" တကယ်လို့သာ တာစတိအနေနဲ့ အားလ်စ်မှာ ငါဆွဲခဲ့တဲ့ ပန်းချီကား တွေကို မြင်ရင် ဒီအကောင်အရက်တွေမူးပြီး ဆွဲထားတာနေမှာလို့ ပြောမှာပဲ"

အားလ်စ်မြို့သူမြို့သားများသည် ဗင်းဆင့်အား အပေါင်းအသင်းမလုပ်ကြ။ သူ့အားတွေ့လျှင် ဝေးဝေးကရှောင်ကြသည်။ သူတို့သည် နေမထွက်ခင် မြို့ထဲမှ ထွက်သွားလေ့ရှိသော ဗင်းဆင့်အားတစ်စေ့တစောင်းကြည့်ကြသည်။ ဦးထုပ်လည်းမဆောင်း၊ ကျောတွင် ပန်းချီကားတင်ခုံနှင့် ကိရိယာတန်ဆာပလာ အိတ်ကိုပိုး၍ စိုက်စိုက်စိုက်စိုက်နှင့်သွားနေသော ဗင်းဆင့်အားအမြဲတစေ အကဲခတ်ကြသည်။ ညနေမိုးချုပ်မှ ပြန်လာသော ဗင်းဆင့်ကိုလည်း သတိထားမိကြ၏။ ဗင်းဆင့်၏မျက်လုံးအစုံသည် အဖျားတက်နေသူတစ်ဦးသဖွယ် နီရဲနေကြသည်။ ခေါင်းပေါ်မှ ဆံပင်များမှာလည်း အသားတုံးတစ်တုံးသဖွယ် ရဲတွတ်နေသည်။ မြို့ပေါ်မှလူများသည် သူ့အားနာမည်ပေး ထားကြသည်။ လူတိုင်းက ထိုနာမည်ကိုပင်ခေါ်ကြသည်။

" **အရူးခေါင်းနီ** "

"အင်းပေါ့လေ။ ငါကလဲခေါင်းနီနီနဲ့အရူးတစ်ကောင်ဖြစ်ချင်ဖြစ်မှာပေါ့!" ဟု ဗင်းဆင့်က သူ့ကိုယ်သူပြောသည်။ " ဒါပေမယ့် အရူးဖြစ်နေတော့ ကော ငါဘာတတ်နိုင်မှာလဲ "

ဟိုတယ်ပိုင်ရှင်သည် ဗင်းဆင့်ထံမှငွေကို ရနိုင်သမျှရအောင် လိမ်ယူသည်။ ဗင်းဆင့်သည် စားစရာဟူ၍ ဘာကိုမှ မယ်မယ်ရရမရပေ။ စားသောက်ဆိုင်များမှာ ဈေးကြီးလှ၏။ စွပ်ပြုတ်ရည်ကောင်းကောင်းရမည့်ဆိုင်ကို လိုက်ရှာသော်လည်း မတွေ့။ အစားအစာနှင့်ပတ်သက်၍ သူကြိုက် နှစ်သက်သော အစာများကိုရဖို့မှာ လုံးဝမဖြစ်နိုင်။ နောက်ဆုံးတွင် သူသည် အစားအစာနှင့်ပတ်သက်၍ ရွေးဖို့မစဉ်းစားတော့ချေ၊ စားပွဲထိုး လာချပေးသမျှ ကိုသာစားလေတော့သည်။

ဤသို့ဖြင့် နွေရာသီဝင်လာသည်။ အရာရာတိုင်းသည် နေ၏အပူဒဏ်ကိုအပြင်းအထန်ခံကြရ၏။ သူ့ပတ်ဝန်းကျင်တွင် ရွှေအိုရောင်၊ ကြေးဝါရောင်၊ ကြေးနီရောင်တို့ကိုသာ မြင်နေရသည်။ နေရောင်ခြည်ကျဆင်းနေသော အရာဝတ္ထုတိုင်းသည် အဝါရောင်လွှမ်းနေသည်။ သူ့ပန်းချီကားများထက်တွင်လည်း အဝါရောင်သာလျှင် လွှမ်းမိုးလျက်ရှိ၏။ အမှန်တော့အဝါရောင်ကို ဥရောပပန်းချီလောကတွင် အသုံးမပြုတော့သည်မှာ ရီနေဆန့်ခေါ် ပြန်လည်ဆန်းသစ်

လာသည့် ခေတ်ဦးကတည်းကဖြစ်သည်။ သို့သော်လည်း သူမတတ်နိုင်။ ဆေးဝါရောင်များကိုသာ အများအပြားသုံးနေရသည်။ ထို့ကြောင့်လည်း အားလ်စ်နွေရာသီ၌ သူဆွဲသမျှ ပန်းချီကားများသည် နေရောင်၏ လွှမ်းခြုံမှုကိုခံနေရလေသည်။

ပန်းချီကားကောင်းတစ်ကား ဆွဲယူရရှိရေးသည် စိန်တစ်လုံး၊ ပုလဲတစ်လုံးရှာရသည်ထက်ပင် ခက်ခဲလာသည်ကို သူတွေ့နေရ၏။ သူသည် သူဘာလုပ်နေမိသည်ကိုပင် မသိတော့။ သူ့ကိုယ်သူလည်း အားရကျေနပ်သည်ဟုမရှိ။ သို့သော်လည်း နောက်ဆုံးတွင် အကောင်းဆုံးနှင့်မတွေ့ပဲ နေလိမ့်မည်မဟုတ်ဟူသော မျှော်လင့်ချက်ကြောင့် စိတ်ဓာတ်ကတော့ ကျဆင်းမသွား။ တစ်ခါတရံကျတော့လည်း ထိုမျှော်လင့်ချက်သည်ပင်လျှင် အသုံးမဝင်အရာမရောက်ဖြစ်သွားတတ်၏။ မည်သို့ပင်ဖြစ်စေ သူ၏ကိုယ်ပိုင်ဘဝသာယာမှုနှင့် ပတ်သက်၍ကား ဘာတစ်ခုမှ မရရှိပေ။ သူသည် အစာနှင့်အရည်ကိုသောက်ပြီး ပန်းချီကားများကို အဆက်မပြတ် မရပ်မနားဆွဲနေသည့် " ပန်းချီဆွဲသော စက်ရုပ်ကြီးတစ်ရုပ် " အဖြစ်သို့ရောက်မှန်းမသိ ရောက်နေခဲ့လေပြီ။

သူဘာရည်ရွယ်ချက်နှင့် ပန်းချီကားတွေကိုဆွဲနေရသနည်း။ ရောင်းဖို့လား။ ရောင်းဖို့ကတော့ လုံးဝမဟုတ်။ သူ့ပန်းချီကားတွေကိုဝယ်လိုသူမရှိမှန်းသူသိနေ၏။ ဒါဆိုလျှင် သူဘာပြုလို့အခုလောက်အရေးတကြီးဆွဲနေရပါသနည်း။ အခုဆိုလျှင်သူဆွဲထားသော ပန်းချီကား ဒါဇင်ပေါင်းများစွာသည် သူ့ခုတင်ပတ်ပတ်လည်၌ အစုလိုက်အပုံလိုက် ဖြစ်နေခဲ့လေပြီ။

အောင်မြင်လိုသော ဆန္ဒကတော့ ပင်းဆင့်ထံမှထွက်ခွာသွားခဲ့ပြီ။ သူအလုပ်လုပ်နေသည်မှာ လုပ်စရာရှိ၍သာ လုပ်နေခြင်းဖြစ်၏။ ထိုအလုပ်သည် သူ၏စိတ်ပိုင်းဆိုင်ရာတွင် ခံစားမှုတွေ အမျိုးမျိုးကိုဖြစ်ပေါ်စေခဲ့၏။ ထိုအလုပ်သည် သူစိတ်ဓာတ်ကိုလည်း မတည်မငြိမ်ဖြစ်အောင် လုပ်ခဲ့၏။ ဘယ်လိုပဲဖြစ်ဖြစ် ထိုအလုပ်ကိုအိမ်မရှိ ယာမရှိ သားမယားမရှိပဲနှင့် လုပ်နိုင်ပါ၏။ အချစ်၊ မေတ္တာနှင့် အပေါင်းအသင်းဟူ၍လုံးဝမရှိပဲနှင့်လည်း လုပ်နိုင်ပါ၏။ ဘဝ၏လုံခြုံမှု၊ သာယာမှုနှင့်စားသောက်စရာဟူ၍ ဘာတစ်ခုမှမရှိပဲနှင့်လည်း လုပ်နိုင်ပါ၏။ သူ့အဖို့ ဘုရားသခင်ဟူသော ယုံကြည်ချက်မရှိပဲနှင့်ပင် လုပ်နိုင်ပါ၏။ သို့သော်လည်းသူထက်အဆမတန်ကြီးမားသော အရာတစ်ခုမရှိပဲနှင့်တော့ ထိုအလုပ်ကို လုပ်နိုင်မည်မဟုတ်၊ ထိုအရာကား ဖန်တီးနိုင်စွမ်းသော အစွမ်းသတ္တိပေတည်း။ တကယ်တော့ ထိုအရာသည် သူဘဝပင်ဖြစ်သည် မဟုတ်ပါလား။

(၃)

သူသည်ကိုယ်ဟန်ပြပေးမည့်လူများ ငှားယူရန်ကြိုးစားခဲ့သော်လည်း လက်ခံမည့်သူတစ်ဦးမှမရှိခဲ့ပေ။ အားလ်စ်မှ လူများသည် သူတို့၏ပုံများကိုလက်ရာကောင်းကောင်းနှင့်ဆွဲလိမ့်မည်မဟုတ်ဟု ထင်ကြသည်။ သူတို့၏ ပုံတူပန်းချီကားများကိုကြည့်ပြီး သူတို့၏မိတ်ဆွေသူငယ်ချင်းများက ပြက်ရယ်ပြုခံရမည်ကို ကြောက်ကြသည်။ ဤသို့ဖြင့် ဗင်းဆင့်သည် ကိုယ်ဟန်ပြများနှင့် ပန်းချီဆွဲလိုသည့် စိတ်ကူးကိုစွန့်လွှတ်ခဲ့ရ၏။ သူ့အနေဖြင့် အချိန်ရှိသမျှမြေကြီးပေါ်၌သာ အလုပ်လုပ်နေခဲ့ရလေသည်။

နွေရာသီသည်အပိုအပြင်ဖြစ်လာသည်။ ပြင်းထန်သော အပူရှိန်သည် တက်သည်ထက်တက်လာသည်။ လေသည်လည်း ငြိမ်တိတ်သွားသည်။ သူပန်းချီဆွဲနေသောပတ်ဝန်းကျင်ရှိ အလင်းရောင်သည် အဝါရောင်ဖျော့ဖျော့ ကန့်ရောင်မှသည် ရွှေရောင်ဖျော့ဖျော့သို့ ကူးပြောင်းသွားသည်။ သူသည်အလုပ်လုပ်ရင်းနှင့် ပြင်သစ်ပန်းချီဆရာ ရီနိုယာနှင့် သူ၏ပန်းချီဆွဲနည်းဆွဲဟန် များကို မကြာခဏသတိရမိသည်။ အခုသူတွေ့နေရသည့် ပရိုးဗင့်စ်ဒေသမှရှုခင်း များသည် ရီနိုယာ၏ ပန်းချီကားထဲ မှအသွေးအရောင်များနှင့် တူနေရုံမျှမက ဂျပန်ပန်းချီကားများနှင့်ပါ တူနေသည်။

တစ်နေ့သော နံနက်စောစောတွင် သူသည် ကော်ဖီရောင်အသားအရည်၊ ရွှေရောင်ဆံပင်ဖျော့တော့တော့၊ အညိုရောင်မျက်လုံးပိုင်ရှင် မိန်းကလေးတစ်ယောက်နှင့် အမှတ်မထင်ဆုံမိသည်။ မြင်ရုံမျှဖြင့် ရိုးသားဖြူစင်သည့် မိန်းကလေးမှန်းသိသာသည်။ သူ့မိခင်၏ ကိုယ်လုံးကိုယ်ပေါက်သည် အံ့သြဖွယ်ကောင်းလောက်အောင် ပြေပြစ်လှပနေသည်ကို သူသတိထားမိသည်။ သူတို့သည် ဗင်းဆင့်အတွက် နာရီပေါင်းများစွာ ကုန်လွန်သည်အထိ ကိုယ်ဟန်ပြပေးကြသည်။ ဤအတွက် ဗင်းဆင့်ကငွေအနည်းငယ်မျှသာပေးရလေသည်။

ထိုနေ့ညနေပိုင်း သူဟိုတယ်သို့ ပြန်ရောက်သွားသည့်အခါ သူသည် ထိုမိန်းကလေးအား သတိတရဖြစ်နေသည်။ အိပ်ပျော်အောင် အားထုတ်ပါသော်လည်းမရ။ ပြည့်တန်ဆာအိမ်များကိုသူသိပါ၏။ ငါးဖရန့်တန်နေရာများဖြစ်၍ နီဂရိုးမများဖြစ်သည်။ ဗင်းဆင့်အနေဖြင့် မိန်းမတစ်ယောက်နှင့် မတွေ့မဆုံရသည်မှာ လပေါင်းများစွာ ကြာခဲ့ပြီ။ သူသည် ခုတင်ပေါ်မှဆင်းကာ အပြင်သို့ ထွက်လာခဲ့သည်။ လာမာ တင်းရပ်ကွက်တွင်းမှဖြတ်၍ အခြားတစ်ဖက်မှ

တိုက်တန်းများဆီသို့ လျှောက်လာ ခဲ့သည်။ သူရောက်သွားခြိန်တွင် အရက်မူးနေသော အီတလီများက သတ်သဖြင့် လူနှစ်ယောက်သေနေသည်ကို တွေ့ရ၏။ ရဲများက အီတလီများကို ဖမ်းဆီးပြီး ထောင်သို့ပို့ရန် ကားပေါ် သို့တင်နေကြသည်။ လူအုပ်တစ်အုပ်သည် ဘေးမှရပ်ကာ " ဒီကောင်တွေကို ကြိုးပေးသတ် " ဟု အော်နေကြသည်။ ဗင်းဆင့်သည် လှုပ်လှုပ်ရှားရှားဖြစ်နေသော လူအုပ်ကြားမှ ဖြတ်၍ ရီကိုလက်တီးစ်လမ်းထဲရှိ အိမ်တစ်အိမ်သို့ဝင်ခဲ့သည်၊ ပိုင်ရှင်လူဝီဆိုသူက သူ့အား လှိုက်လှိုက်လှဲလှဲ ဆီးကြိုသည်။ သူ့အား စုံတွဲတခို့ထိုင်၍ အရက်သောက်နေသော အခန်းတစ်ခန်းဆီသို့ ခေါ်သွားလေသည်။

" ကျွန်တော့်ဆီမှာ ရာချယ်ဆိုတဲ့ ကောင်မလေးတစ်ယောက်ရှိတယ် " ဟု လူဝီကပြောသည်။ " မွန်စီယာသဘောကျမှာပါ၊ သူ့ကိုအရင်ဆုံးကြည့်ပေါ့။ မကြိုက်တော့လဲ တခြားဟာတွေထဲကရွေးပေါ့ "

" ရာချယ်ကိုတွေ့ချင်တယ် "

ဗင်းဆင့်သည် အခန်းထဲရှိ စားပွဲတစ်လုံးတွင်ထိုင်၍ ဆေးတံကိုမီးညှိသည်။ အပြင်ဘက်မှရယ်သံများကို သူကြားနေရ၏။ တစ်ခဏမျှအကြာတွင် မိန်းကလေးတစ်ယောက်ဝင်လာပြီး ဗင်းဆင့်နှင့် မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်ကာ သူ့အား ပြုံးပြီးကြည့်နေသည်။

" ကျွန်မ ရာချယ်ပါပဲ " ဟု ပြောသည်။

" ဘယ်လိုဖြစ်တာလဲ " ဟု ဗင်းဆင့်က အလန့်တကြားရေရွတ်သည်။

" မင်းဟာ ကလေးအရွယ်ပဲရှိသေးတာပဲ "

" ကျွန်မဆယ့်ခြောက်နှစ်ရှိပါပြီ "

" မင်းဒီနေရာကို ရောက်နေတာဘယ်လောက်ကြာပြီလဲ "

"တစ်နှစ်"။ ဗင်းဆင့်သည် ရာချယ်အား ဂရုတစိုက်ကြည့်သည်။ မိန်းမချောလေးတစ်ယောက်ဟု သတ်မှတ်သည်။ "မင်းကလှသားပဲ" ဟု ဗင်းဆင့်ကပြောလိုက်သည့်အခါ ပြုံးနေသည်။ ရာချယ်၏အပြုံးသည် ကလေးတစ်ယောက်နှင့်တူလှချေသည်။

"ရှင်သဘောကျတာတွေ့တော့ ကျွန်မ ဝမ်းသာပါတယ်" ဟု ရာချယ်ကပြောသည်။

" မင်းကကော ငါ့ကိုသဘောကျရဲ့လား "

" ကျွန်မကတော့ ရှင့်ကိုရယ်စရာကောင်းတဲ့ လူတစ်ယောက်လို့ထင်တယ် "

" မင်းငါ့ကိုသိနေသလား "

" ကျွန်မရှင့်ကို လာမာတင်းရပ်ကွက်ထဲမှာ မြင်ဖူးနေတာပဲ။ ကျောပေါ်မှာ ပစ္စည်းတွေပိုးပြီး သွားနေတာကိုအမြဲတွေ့တယ်။ ရှင်ကဘာပြုလို့ ဦးထုပ်မဆောင်းတာလဲ။ နေကသိပ်ပူတာ၊ ရှင့်ခေါင်းကိုနေလောင်မှာပေါ့။ ရှင့်မျက်လုံးတွေကလဲ နီရဲနေတာပဲ၊ မျက်စိတွေ မကျိန်းဘူးလား "

ဘလေးတစ်ယောက်လိုပြောနေသည့် စကားကြောင့် ဗင်းဆင့်ရယ်မိသည်။ " မင်းဟာတော်တော်ချစ်စရာကောင်းတာပဲ " ဟုပင် ပြောလိုက်မိသည်။ ရာချယ်ကခိုင်းသဖြင့် ဗင်းဆင့်က ဝိုင်တစ်လုံးမှာသည်။ ဝိုင်ပုလင်း ရောက်လာသည့်အခါ သူတို့သည် ရာချယ်၏အခန်းထဲသို့ ရောက်သွားကြလေသည်။

ရာချယ်သည် ဗင်းဆင့်၏နားရွက်တစ်ဖက်ကို အသာအယာကိုင်ကြည့်သည်။ " ရှင့်နားရွက်ကလေးတွေက ရယ်စရာပဲနော်. . . တကယ့်သေးသေးကလေးတွေ " ဟု ပြောသည်။

" မင်းသဘောကျသလား "

" အင်း. . . ဝိုင်းဝိုင်းကလေးတွေ။ နူးလဲနူးညံ့တယ်၊ ခွေးပေါက်စလေးတစ်ကောင်ရဲ့နားရွက်နဲ့ တူတယ် "

ပြောပြောဆိုဆို ရာချယ်ကတဟားဟော်၍ရယ်သည်။ " ရှင်ကသဘောကောင်းသားပဲ " ဟု ထပ်ပြောသည်။ " လူတိုင်းက ရှင့်ကိုအရူးလို့ ပြောကြတယ်။ ရှင်ဟာအရူးတော့ မဟုတ်ပါဘူးနော် "

ဗင်းဆင့်ကပြုံးသည်။ " နည်းနည်းတော့ ရူးနေတယ် " ဟု ပြောသည်။

" ရှင်. . . ကျွန်မရဲ့ ချစ်သူလုပ်ပါလား " ဟု ရာချယ်ကပြောသည်။ " ကျွန်မမှာ ချစ်သူမရှိတာ တစ်လကျော်သွားပြီ။ ကျွန်မချစ် သူဆိုရင် ရှင် ကျွန်မဆီကို ညတိုင်းလာရမှာ၊ လာမယ်မဟုတ်လားဟင် "

" ညတိုင်းတော့ လာနိုင်မှာ မဟုတ်ဘူး "

" ဘာပြုလို့လဲ "

" အဲကြောင်းတွေက အများကြီးပဲ။ အဓိကအချက်ကတော့ ငါ့မှာ ငွေမရှိဘူး "

ရာချယ်ကဗင်းဆင့်၏ ညာဖက်နားရွက်ကို အသာအယာဆွဲလိန်သည်။ " ရှင့်မှာ ငါးဖရန့်ပေးစရာမရှိရင် ရှင့်နားရွက်ကိုဖြတ်ပြီး ကျွန်မကို ပေးနိုင်မလား။ ကျွန်မလိုချင်လို့ပြောတာ၊ ရှင့်နားရွက်ကို ရရင် ဘီရိုပေါ်မှာတင်ထားပြီး ညတိုင်းကစားမယ် "

" တကယ်လို့ ငါ့မှာငါးဖရန့်ရှိလာရင် ငါ့နားရွက်ကို ပြန်ရွေးမယ်၊ မင်းပေးမလား "

" ရှင်ဟာရယ်စရာလဲကောင်းတယ်။ သဘောလဲကောင်းတယ်။ ကျွန်မဆီကိုလာတဲ့ လူတွေဟာ ရှင့်လို သဘောကောင်းတဲ့လူတွေချည်း ဖြစ်ရင် ဘယ်လောက် ကောင်းမလဲ "

ပြောပြောဆိုဆိုရာချယ်က ဗင်းဆင့်၏ လည်ပင်းကို သူ့လက်နှစ်ဖက်ဖြင့်သိုင်းဖက်ထားသည်။ " ရှင်ကျွန်မကို မေ့မသွားရဘူး၊ တခြား မိန်းမတွေဆီကိုလည်း မသွားရဘူးနော် "

" အေးပါ. . . ငါ မင့်ဆီပြန်လာဦးမှာပါ "

(၄)

ဗင်းဆင့်သည် သူသုံးနေသော ပန်းချီဆေးများအပေါ်တွင် ဘဝင်မကျ၊ သူ့စိတ်ကြိုက်အရောင်များရဖို့အတွက် သီအိုထံစာရေး၍ အကူအညီတောင်းသည်။ သီအိုကလည်း ပီရီတန်ဂိုင်းမှတဆင့် ဗင်းဆင့်ထံသို့ အရောင်မျိုးစုံပါဝင်သော ခရိုမီယမ်ဆေးခဲများပို့ပေးသည်။ ထိုအချိန်မှစ၍ သူသည် ဟိုတယ်ရှိသူ့အခန်းထဲ၌ ဆေးကြိတ်သည့် အလုပ်ကိုလုပ်သည်။ သူကိုယ်တိုင်ကြိတ်ယူရရှိထားသည့်ဆေးများကိုသာ အများဆုံးသုံးသည်။ သူ့အဖို့ဆေးဖိုးလည်း သက်သာသည်။ ပို၍ သန့်စင်လတ်ဆတ်ပြီး ပို၍ရေရှည်ခံသည့် ဆေးများကိုလည်းရရှိသည်။

နောက်တစ်ခု သူ ဘဝင်မကျဖြစ်နေသည်မှာ ကင်းဗတ်များဖြစ်၏။ အသင့်လုပ်ပြီးသား ကင်းဗတ်များသည် သူလိုသည့် ဆေးရောင်များကို စုတ်ယူမထားနိုင်၊ ဤကိစ္စအတွက် သူ့ညီသီအိုထံအကူအညီတောင်းခဲ့သည်။ သီအိုကလည်း ဖြတ်တောက်ပြုပြင် မထားသေးသည့် ကင်းဗတ်ကို အလိပ်လိုက်ဝယ်၍ပို့ပေးသည်။ ဗင်းဆင့်သည် ညပိုင်းကျလျှင် နောက်တစ်နေ့မနက်ဆွဲရန်အတွက် ကင်းဗတ်ကို သူလိုချင်သည့် အရွယ်အစားဖြတ်ယူသည်။ ပလတ်စတစ်ကို ခွက်တစ်ခုဖြင့်အရည်ကျိုကာ ကင်းဗတ်ပေါ်၌ သူလိုချင်သော အနေအထားရအောင် သုတ်လိမ်းသည်။ ဤသို့ဖြင့် သူ ဆွဲမည့်ပန်းချီကားအတွက်သူအလိုလားဆုံးသော ကင်းဗတ်ကိုရရှိသည်။

ဗင်းဆင့်အနေဖြင့် နောက်တစ်ခုဘဝင်မကျဖြစ်နေသည်မှာ ပန်းချီကား

ဘောင်ဖြစ်၏။ သူပန်းချီကားများတွင် ဘောင်တပ်ရာ၌ သူအကြိုက်ဆုံးသော သစ်သားကိုသာသုံးလိုသည်။ ထိုသစ်သားကိုဆေးသုတ်ရာ၌လည်း သူပန်းချီကားနှင့်လိုက်လျောညီထွေဖြစ်မည့် အရောင်ကိုသာသုံးလိုသည်။ သူစိတ်ကြိုက်သစ်သားကို သူကိုယ်တိုင်ရွေးဝယ်သည်။ သူကိုယ်တိုင် လက်သမားလုပ်၍ လိုချင်သော အရွယ်ကိုဖြတ်သည်။ ထို့နောက် သူပန်းချီကားနှင့်အလိုက်ဆုံး အရောင်ကိုရွေးပြီး ဆေးသုတ်သည်။

ယခုအခါတွင် ဗင်းဆင့်သည် ပန်းချီဆွဲမည့်ဆေးများကို သူဖာသာသူ ကြိတ်ယူသည်။ သူဆွဲမည့် ကင်းဗတ်ကို သူဖာသာသူဖြတ်၍ ပလတ်စတာသုတ်သည်။ ပန်းချီကားဘောင်များကို သူကိုယ်တိုင် လက်သမားလုပ်၍တပ်သည်။ ဘောင်များကို သူကိုယ်တိုင် ဆေးသုတ်သည်။ " ငါဆွဲ ထားတဲ့ ပန်းချီကားတွေကို ငါ့ဖာသာငါပြန်ပြီး မဝယ်နိုင်တာ တစ်ခုကတော့ သိပ်ကိုဆိုးတာပဲ " ဟု ဗင်းဆင့်ကရေရွတ်သည်။ " တကယ်လို့ အဲသလိုသာဝယ် နိုင်မယ်ဆိုရင်. . . လောကမှာ ဘယ်သူ့ကိုမှ အားကိုးနေစရာ မလိုတော့ဘူး "

✧✧✧✧

အလွန်ခြောက်သွေ့ပြီး အလွန်အေးသော မြောက်လေသည် ပြန်ရောက်လာပြန်ပြီ။ သဘာဝဖြစ်စဉ်များသည် ကပြောင်းကပြန်ဖြစ်လာပြန်သည်။ ကောင်းကင်ပြင်တွင်တိမ်များ ကင်းစင်နေသည်။ အဆမတန်တောက်ပပူပြင်းသော နေရောင်နှင့်အတူ ပြင်းထန်သော ခြောက်သွေ့မှုနှင့် စူးရှသော အေးမြမှုများ လိုက်ပါလာသည်။ ဗင်းဆင့်သည် အခန်းထဲမှ မထွက်တော့ပဲ သူ့ပတ်ဝန်းကျင်ရှိသက်မဲ့အရာဝတ္ထုများကိုသာရေးဆွဲလျက်ရှိသည်။ အပြာရောင်ကြွေကော်ဖီအိုးတစ်လုံး၊ အပြာနုရောင်နှင့် ရွှေဝါရောင်ရောနေသည့် ခွက်တစ်လုံး၊ အပြာနုရောင်နှင့် အဖြူရောင် ကရားတစ်လုံး၊ ပြီးတော့. . . လိမ္မော်သီးနှစ်လုံးနှင့် ရှောက်သီးသုံးလုံး။ မြောက်လေထန်နေသည့် အချိန်အတွင်း သူသည် ထိုအရာဝတ္ထုများကို စိတ်တိုင်းကျ ရအောင်ဆွဲလျက်ရှိလေသည်။

လေငြိမ်သွားသည့် အခါ သူသည် အပြင်သို့ထွက်၍ ရိုင်းမြစ်ပေါ်မှ ရှုခင်းတစ်ခုကိုဆွဲသည်။ ရိုင်းမြစ်ပေါ်၌ ဖြတ်ဆောက်ထားသည့် သံတံတား

ရှုခင်းကို ဆွဲခြင်းဖြစ်၏။ မိုးကောင်ကင်နှင့်မြစ်၊ မြစ်ကမ်းပါးတာရိုးများ၊ တံတား သံဘောင်လက်ရန်းများပေါ် တံတောင်များနှင့် ထောက်၍ ရပ်နေသူများ စသည်...စသည်ဖြင့် အရောင်မျိုးစုံပါဝင်နေသော ရှုခင်းကို စိတ်တိုင်းကျ ခြယ်လှယ်ရယူနိုင်ခဲ့သော ကားတစ်ကားဖြစ်၏။

သူသည် သူစိတ်ကြိုက်တွေ့သော ရှုခင်းများကိုဆွဲရာ၌ ယခင်ကလို မျက်စိရှေ့မှ မြင်မြင်သမျှကို အတိအကျပုံတူဆွဲယူသည့် သဘောမျိုးမလုပ်တော့ပေ။ သူ၏ရင်တွင်းခံစားချက်များကို ပန်းချီကားထဲ၌ ဆေးရောင်များဖြင့်ဖော်ပြနိုင်ရန်ပြင်းထန်စွာ အားထုတ်သည်။ " ခင်ဗျားအနေနဲ့ ဆေးတွေရဲ့ အရောင်တွေက ထုတ်ပေးနိုင်သမျှ သြဇာသက်ရောက်မှုအားလုံးကို အချိုးအစားအစပ်အဟပ်ကျသည်ဖြစ်စေ မကျသည်ဖြစ်စေ ရဲရဲဝံ့ဝံ့ချဲ့ထွင်ပြီး ပြရဲရမယ် " ဟူသောစကားကိုသူမိတ်ဆွေပန်းချီဆရာ ပစ်ဆာရိုက ပြောခဲ့ဖူးသည် မဟုတ်ပါလော... စာရေးဆရာ မော်ပါးဆွန့်ကလည်း သူ၏ " ပီရိန့ဉ် ဂျင်း " ဝတ္ထုအမှာစာတွင် "အနုပညာရှင်ဖြစ်သော စာရေးဆရာသည် သူ့ဝတ္ထုထဲ၌ ကွန်ပ်တို့ နေထိုင်လျက်ရှိသောကမ္ဘာလောကထက်ပို၍လှပသော၊ ပို၍ရိုးသား ဖြူစင်သော ကမ္ဘာလောကကို ချဲ့ထွင်ဖန်တီးပြနိုင်သည့် လွတ်လပ်ခွင့်ကို ပိုင်ဆိုင်ပေသည် " ဟု ရေးသားထားသည် မဟုတ်ပါလော။

တစ်ရက်တွင် သူသည် ဂျုံခင်းများကြားသို့ဝင်၍ ပူပြင်းသော နေရောင်အောက်မှ ရှုခင်းတစ်ခုကိုရေးဆွဲခဲ့သည်။ ရလာသည့် ပန်းချီကားသည် ထွန်ယက်ထားသော မြေကွက်တစ်ကွက်ဖြစ်၏။ ကြီးမားကျယ်ဝန်းသော မြေကွက်ပေါ်တွင် မရမ်းရောင်သန်းနေသည့် မြေစိုင်မြေခဲများသည် အခြားတစ်ဖက်ရှိ မိုးကုတ်စက်ဝိုင်းဆီသို့ ဦးတည်ပြီးသွားနေသည်။ ပြီးတော့ အပြာရောင်နှင့် အဖြူရောင်ဝတ်ဆင်ထားသည့် ပျိုးကြဲနေသော ယာသမား။ မိုးကုပ်စက်ဝိုင်း ခြေရင်းတွင် မှည့်ဝင်းနေသော ဂျုံခင်း၊ အပေါ်ဖက်တွင် အဝါရောင်နေနှင့် အဝါရောင်မိုးကောင်းကင်။

သူပန်းချီဆွဲနေပုံကိုသာမြင်ပါက ပါရီမှ ဝေဖန်ရေးဆရာများက သူဆွဲပုံသည် မြန်ဆန်လွန်းသည်ဟု ဝေဖန်ကြပေလိမ့်မည်။ သူကတော့ ထိုဝေဖန်ချက်ကို လက်ခံနိုင်မည်မဟုတ်၊ သဘာဝအပေါ်၌ သူထားရှိနေသည့် အာရုံခံစားမှုကပြင်းထန်စွာ တွန်းအားပေးနေသဖြင့်သာ အလျှင်အမြန် အပြင်းအထန်ရေးဆွဲနေခြင်းဖြစ်၏။ တစ်ခါတစ်ရံတွင် စိတ်ခံစားမှုက ပြင်းထန်လွန်းအားကြီးလှသည်ဖြစ်ရာ သူဘာလုပ်နေသည်ကိုပင် မသိတော့ပဲ အလုပ်ကိုပြင်းထန်စွာလုပ်နေမိတတ်

သည်။ ထိုအခါမျိုးတွင် စုတ်ချက်များသည် ကင်းဗတ်ပေါ်သို့ အစီအစဉ်ကျစွာဖြင့် မရပ်မနားကျလာနေတတ်လေသည်။

တစ်နေ့တွင် ဗင်းဆင့်သည် သူပစ္စည်းများကို ကျောပိုးကာ ဟိုတယ်သို့ ပြန်လာသည်။ သူသည် လျှင်မြန်သွက်လက်စွာ လျှောက်လာနေခြင်းဖြစ်၍ မကြာခင်မှာပင် သူ့ရှေ့မှ သွားနေကြသော လူကြီးတစ်ယောက်နှင့် သူငယ်တစ်ယောက်ကိုမှီလာသည်။ အဖိုးအိုမှာ ရော်လင်ဟုခေါ်သော လူကြီးဖြစ်၏။ သူသည် စားသောက်ဆိုင်ထဲရောက်တိုင်း ရော်လင်နှင့် နီးနီးကပ်ကပ်ထိုင်ရသည်ကများသည်။ သူသည် ဆုံမိတိုင်းရော်လင်အား စကားစမြည် ပြောလိုသောဆန္ဒရှိခဲ့သည်။ သို့တစေလည်း အခါအခွင့်မသင့်ခဲ့။

"မင်္ဂလာနေ့ခင်းပါ၊မွန်စီယာ ရော်လင်" ဟု ဗင်းဆင့်က နှုတ်ဆက်သည်။

"အား. . . ပန်းချီဆရာပါလား " ဟု ရော်လင်က ပြန်ပြောသည်။

" မင်္ဂလာနေ့ခင်းပါပဲကွယ်၊ တနင်္ဂနွေနေ့မို့ ကျုပ်ကောင်ကိုခေါ်ပြီး အညောင်းပြေလမ်းလျှောက်ထွက်လာတာ "

" ဒီနေ့သိပ်ကိုသာယာတယ်နော် "

" အား. . . ဟုတ်တယ်၊ တော်တော့်ကိုသာယာတယ်။ မကောင်းဆိုးဝါးလေမတိုက်တဲ့အခါ သာယာတာပါပဲ။ မွန်စီယာလဲ ဒီနေ့ ပန်းချီဆွဲလို့ရခဲ့တယ်မဟုတ်လား "

" ရခဲ့ပါတယ် "

" ကျုပ်ကဘာမှ နားလည်တဲ့လူတစ်ယောက်တော့ မဟုတ်ပါဘူး မွန်စီယာ။ ပန်းချီအကြောင်းဆိုရင် နကန်းတစ်လုံးတောင်မှ မသိပါဘူး၊ ဒါပေမယ့် ခင်ဗျားရဲ့ ပန်းချီကားကို ကြည့်ခွင့်ရမယ်ဆိုရင်တော့ ကျုပ်ကိုဂုဏ်ပြုရာရောက်မှာပါ "

" ရပါတယ် ခင်ဗျာ "

သူငယ်သည် ရှေ့မှနေ၍ ခုန်ပေါက်ပြေးလွှားဆော့ကစားနေသည်။ ဗင်းဆင့်နှင့်ရော်လင်သည် ဘေးချင်းယှဉ်၍ လျှောက်လာကြသည်။ ရော်လင် ပန်းချီကားကိုကြည့်နေခိုက်တွင် ဗင်းဆင့်သည် ရော်လင်အားလေ့လာသည်။ ရော်လင်သည် စာပို့လုလင်ဦးထုပ်အပြာရောင်ကို ဆောင်းထားသည်။ မျက်လုံးအစုံသည် နူးညံ့သိမ်မွေ့သည်။ စူးစမ်းလိုသော စိတ်ရှိကြောင်းဖော်ပြနေသည်။ ရှည်လျားသောမုတ်ဆိတ်သည် သူ့လည်ပင်းနှင့် အင်္ကျီကော်လာကို ဖုံးကွယ်ထားကာ အင်္ကျီရင်ပတ်ပေါ်အထိ ကျဆင်းလျက်ရှိလေသည်။

ဗင်းဆင့်သည် ပီရီတန်ဂိုင်းနှင့်တွေ့ကြစဉ်က ခံစားမှုမျိုးဝင်လာသည်။ ရော်လင်သည် ပီရီတန်ဂိုင်းနှင့် တူလှ၏။ ရော်လင်၏ မျက်နှာသည် တန်ဂိုင်းကဲ့သို့ပင် လယ်သမားမျက်နှာနှင့် တူလှချေသည်။

" ကျုပ်ဟာ ဘာမှ သိတဲ့တတ်တဲ့လူမဟုတ်ပါဘူး။ မွန်စီယာ " ဟု ရော်လင်ကထပ်ပြောသည်။ " ကျုပ်အခုပြောတာကိုတော့ ခွင့်ပြုပါ။ ခင်ဗျားဆွဲတဲ့ ဂျုံခင်းတွေဟာ အတော်ကြီးကိုအသက်ဝင်နေပါတယ်၊ ကျုပ်တို့ စောစောကဖြတ်လာခဲ့တဲ့ ဂျုံခင်းတွေ ဒီအထဲရောက်နေတယ်လို့တောင် ထင်ရပါတယ် "

" ဒီလိုဆိုရင်. . . ခင်ဗျား ဒီပန်းချီကားကို ကြိုက်တယ်ပေါ့ "

" အဲဒါကျတော့ . . . ကျုပ်မပြောတတ်ပါဘူး၊ ကျုပ်သိတာတစ်ခုကတော့ ပန်းချီကားကိုကြည့်ပြီး ဟာဒီထဲမှာ တစ်မျိုးခံစားရတာတော့ အမှန်ပဲ"

ရော်လင်က သူ့စကားအဆုံးတွင် သူ့ရင်ပတ်ကိုလက်နှင့် ပုတ်ပြသည်။

သူတို့သည် မောင့်မာဂျာတောင်ခြေ၌ အတန်ကြာမျှရပ်နေကြသည်။ နေသည် အနောက်ဖက်ရှိ ရှေးဟောင်းဘုန်းကြီးကျောင်း နောက်ဖက်သို့ လျှောဆင်းနေပြီး နီရဲသောရောင်ခြည်များသည် ကျောက်တုံးများကြား၌ ပေါက်ရောက်နေကြသော ထင်းရှူးပင်များဆီသို့ ဖြာဆင်းနေကြသည်။ "ဒီရှုခင်းကော အသက်မဝင်ဖူးလား မွန်စီယာ " ဟု ရော်လင်ကမေးသည်။

" ဒီရှုခင်းဟာ ကျွန်တော်တို့ထွက်သွားတဲ့အချိန်မှာလဲ အသက်ဝင်နေမှာပါပဲရော်လင် " ဟု ဗင်းဆင့်ကပြောသည်။

သူတို့သည် စကားတပြောပြောနှင့် ဆက်လျှောက်လာကြသည်။ တကယ်တော့ ရော်လင်သည် လူရိုးလူကောင်းကြီးတစ်ဦးဖြစ်၏။ သူသည် သူ့ဇနီးနှင့်ကလေး လေးယောက်ကို တစ်လလျှင် လစာသုံးဆယ့်ငါးဖရန့်ရသော စာပို့လုပ်သား အလုပ်ဖြင့် လုပ်ကိုင်ကျွေးမွေးနေသူဖြစ်သည်။ သူ့လုပ်သက်မှာ နှစ်ဆယ့်ငါးနှစ်မျှ ရှိခဲ့ပြီးဖြစ်သော်လည်း ရာထူးတစ်ဆင့်တိုးဖို့မှာ ဝေလာဝေး။

" ကျုပ်ငယ်ငယ်တုန်းက ဘုရားသခင်အကြောင်းကို တွေးလေ့ရှိတယ်" ဟု ရော်လင်ကပြောသည်။ " ဒါပေမယ့် အသက်ကြီးလာတော့ သူ့ကိုသိပ်မတွေးမိတော့ဘူး၊ ပြီးတော့လဲ. . . ဒီကမ္ဘာကြီးကိုတည်ဆောက်နေကြတဲ့ လူသားတွေအကြောင်းကိုတွေးလိုက်တဲ့အခါတိုင်း . . . သူဟာ . . . "

" ကျွန်တော်သိပါတယ် ရော်လင်၊ ကျွန်တော်ကိုယ်တိုင်လဲ ဒီကမ္ဘာကြီးကိုဘုရားသခင်ရဲ့ အမြင်နဲ့ချည်း တိုင်းထွာဆုံးဖြတ်လို့ မရဘူးလို့ တစ်နေ့ထက်တစ်နေ့တိုးပြီး ခံစားလာနေရပါတယ်၊ ခင်ဗျားအနေနဲ့ ဒီကိစ္စမှာ များများစားစား

ဝေဖန်လို့ မရဘူးဆိုတာလဲ သိမှာပါ၊ ဒါပေမယ့် ခင်ဗျားမှာ အခုလက်ရှိ ရှိနေတဲ့ အခြေအနေထက်ပိုကောင်းတဲ့ အနေအထားတစ်ခုရဖို့ကိုတော့ တောင်းပိုင်ခွင့် ရှိတာပေါ့ ”

“ ဟုတ်တယ်၊ ကျုပ်ပြောချင်တာအဲဒါပဲ။ အများကြီးမဟုတ်သည့် တိုင်အောင် နည်းနည်းလေးပိုကောင်းလာအောင်ပေါ့ဗျာ ”

အမှောင်ရိပ်များသည် ကွေ့ကွေ့ကောက်ကောက်လမ်းပေါ်သို့ ကျဆင်း စပြုနေပြီ၊ မိုးကောင်းကင်အမှောင်ထုကြားမှ ကြယ်တစ်ချို့ထွက်လာသည်ကိုပင် မြင်နေရပြီ။

“ ဒီကမ္ဘာအပြင် တခြားကမ္ဘာတွေရှိနေတယ်ဆိုတာကိုကော ခင်ဗျား တွေးမိသလား ” ဟု ရော်လင်ကမေးသည်။

“ ကျွန်တော်မပြောတတ်ဘူးရော်လင်၊ အဲဒါမျိုးတွေကို ကျွန်တော် မတွေးတော့ပဲစွန့်လွှတ်လိုက်တာကြာပြီ၊ ကျွန်တော့်ရဲ့အလုပ်ထဲမှာ စိတ်ဝင်စား သွားတဲ့အချိန်ကစပြီး မတွေးတော့တာ၊ ဒါပေမယ့် ကျွန်တော်သိထားသလောက် ကတော့ ကျွန်ထော်တို့ဘဝဟာ သိပ်ပြီး မပြည့်မစုံဖြစ်လွန်းတယ်။ တစ်ခါတစ်လေ ကျရင် မီးရထားတွေနဲ့ မြင်းရထားတွေဟာ ကျွန်တော်တို့ကို တစ်နေရာက တစ် နေရာရောက်အောင်ပို့ဆောင်ပေးနေသလို တိုက်ဖွိုက်ရောဂါတို့ အဆုတ်နာ ရောဂါတို့ဟာလဲ ကျွန်တော်တို့ကို တစ်ကမ္ဘာက တစ်ကမ္ဘာကို ပို့ဆောင်ပေးနေတဲ့ အရာတွေလို့ထင်မိတယ် ”

“ အား. . . ခင်ဗျားတို့ပန်းချီဆရာတွေလဲဒီလိုတွေးတတ်ကြတယ်နော်” ဗင်းဆင့်ကအဖြေမပေး။ “ ဒီမယ်. . ရော်လင်၊ ကျွန်တော့်ကို တစ်ခုကူ ညီနိုင်မလား ” ဟု မေးသည်။ “ ခင်ဗျားပုံကို ကျွန်တော် ပန်းချီဆွဲချင်တယ်။ ခင်ဗျားတို့ အားလစ်မြို့က လူတွေက ကျွန်တော်ပန်းချီဆွဲဖို့ ကိုယ်ဟန်ပြမပေး ကြဘူး ”

“ ကျုပ်ကို ဂုဏ်ပြုရာရောက်တဲ့ ကိစ္စပါ မွန်စီယာ။ ဒါပေမယ့် ကျုပ်ပုံ ကိုဘာကြောင့်ဆွဲချင်နေရတာလဲ၊ ကျုပ်ဟာ အကျည်းတန်တဲ့ လူကြီး တစ်ယောက်ပါ”

“ တကယ်လို့ ဘုရားသခင်ဆိုတာရှိမယ်ဆိုရင် သူ့မှာခင်ဗျားရဲ့မုတ်ဆိတ် မျိုးနဲ့ မျက်လုံးမျိုးတွေရှိမှာပဲလို့ ကျွန်တော်ထင်တယ် ရော်လင် ”

“ ကျုပ်ကို နောက်ပြောင်ပြီး ပြောနေတာလား မွန်စီယာ ”

“ မဟုတ်ပါဘူးဗျာ။ ရင်ထဲကထွက်လာတဲ့ စကားပါ ”

" မနက်ဖြန်ညကျရင် ကျုပ်တို့အိမ်ကိုညစာလာစားပါလား၊ အစားကတော့သိပ်မကောင်းဘူး၊ လာမယ်ဆိုရင် ကျုပ်တို့ မိသားစုက သိပ်ကိုဝမ်းသာကြမှာ "

နောက်ညတွင် ဗင်းဆင့်သည် ရော်လင်တို့အိမ်သို့ရောက်သွားသည်။ မဒမ်ရော်လင်သည် သူတွေ့ဖူးခဲ့သည့် မဒမ်ဒင်းနစ္စလို လယ်သူမကြီးတစ်ဦးဖြစ်ဖူးခဲ့သည်မှာ ထင်ရှားသည်။ စားပွဲပေါ်တွင် အနီနှင့်အဖြူကွက်ကြား စားပွဲခင်းကိုခင်းထားသည်။ အာလူးပြုတ်ကြော်၊ အိမ်ဖုတ်ပေါင်မုန့်နှင့်အညှဲစားဝိုင်တစ်ပုလင်းတည်ခင်းထားသည်။ ညစာစားအပြီးတွင် ဗင်းဆင့်သည် မဒမ်ရော်လင်၏ပုံကြမ်းကိုဆွဲယူသည်။ ပန်းချီဆွဲနေခိုက်တွင် သူသည် ရော်လင်နှင့် စကားလက်ဆုံကျလျက်ရှိလေ၏။

" တော်လှန်ရေးကာလတုန်းက ကျုပ်ဟာသမ္မတစနစ်ကို လိုလားတဲ့ ရီပတ်ဘလီကင်တစ်ယောက်ပေါ့ " ဟု ရော်လင်ကပြောသည် " အခုကျတော့ ကျုပ်တို့မှာ ဘာအကျိုးအမြတ်မှမရဘူးဆိုတာ သိလာတယ်၊ ကျုပ်တို့ကိုအုပ်ချုပ်နေတဲ့ လူတွေဟာ ဘုရင်တွေပဲ ဖြစ်ဖြစ် ဝန်ကြီးတွေပဲဖြစ်ဖြစ် ကျုပ်တို့ဆင်းရဲသားတွေကတော့ ဆင်းရဲသထက်ဆင်းရဲနေတာပါပဲ။ အစကတော့ သမ္မတစနစ်တည်ထောင်ရင်လူတိုင်းဟာ တန်းတူညီမျှခံစားရလိမ့်မယ်လို့ ထင်ခဲ့တာ "

" မဟုတ်ဘူး. . . ရော်လင် "

" ကျုပ်ဘဝတစ်လျှောက်လုံးမှာ လူတစ်ယောက်က တခြားလူတစ်ယောက်ထက်ဘာကြောင့်ပိုပြီးချမ်းသာနေရတာလ။ လူတစ်ယောက်က ကုန်းကြုံးပြီးအလုပ်လုပ်နေရပေမယ့် သူ့အနားမှာရှိနေတဲ့ လူတစ်ယောက်က ဘာအလုပ်မှ မယ်မယ်ရရမလုပ်ပဲ ဇိမ်နဲ့နေပြီး ဘာ့ကြောင့်အချိန်တွေဖြုန်းနေရတာလဲဆိုတဲ့အချက်တွေကို ကျုပ်နားလည်အောင်ကြိုးစားခဲ့ပေမယ့် နားမလည်ခဲ့ဘူး၊ တကယ်လို့ ကျုပ်ဟာ ပညာတတ်ဖြစ်သွားရင် အဲဒါတွေကို ပိုပြီးနားလည်လာလိမ့်မယ်လို့ ခင်ဗျားထင်သလားဟင် "

ဗင်းဆင့်သည် ပုံကြမ်းဆွဲနေရာမှ ရော်လင်အား ဖြတ်ကနဲလှည့်ကြည့်သည်။ သူ့အား သရော်နေတာလားဟု ထင်မိ၍ကြည့်ခြင်းဖြစ်၏။ သို့သော်လည်း ရော်လင်၏ မျက်နှာသည် ပြောင်းလဲသွားခြင်းမရှိ။ ဘာမှမသိနားမလည်သည့် မျက်နှာထားပင်ဖြစ်သည်။

" ထင်ရတာပါပဲ၊ ရော်လင်ရယ် " ဟု ဗင်းဆင့်က အဖြေပေးသည်။ "ပညာအတတ်ဆုံးဆိုတဲ့ လူတွေဟာ အဲသလိုကိစ္စမျိုးတွေကို ပိုပြီးသိနားလည်တဲ့

သဘောတော့ရှိတယ်။ ဒါပေမယ့် အဲဒီလက္ခဏာရပ်ကိုနားလည်ဖို့နဲ့ လက်ခံဖို့ ကျတော့ ကျွန်တော်လဲ မပြောတတ်ဘူး၊ ကျွန်တော်လဲခင်ဗျားလိုပဲ ဘာမှမသိ နားမလည်တဲ့ လူတစ်ယောက်ဖြစ်လို့ပါ ”

(၅)

မနက်ဆိုလျှင် ဗင်းဆင့်သည် လေးနာရီ အိပ်ရာမှနိုးသည်။ သူစိတ် ကြိုက်နေရာကို ရောက်သည်အထိ သုံးလေးနာရီခန့် လမ်းလျှောက်ရသည်။ ပန်းချီ ကိုမိုးစုပ်စုပ်ချုပ်အချိန်အထိဆွဲသည်။ အလုပ်မှာ သာယာကြည်နူးစရာကောင်း သည့် အလုပ်တော့မဟုတ်၊ အခန်းကိုပြန်လျှောက်ရသည့် ခရီးအကွာအဝေးသည် တစ်ဆယ်နှင့် တစ်ဆယ့်နှစ်ကီလိုမီတာခန့် ကွာဝေးသည်။ လူသူကင်းမဲ့နေသော လမ်းမပေါ်တွင် တစ်ယောက်တည်း လျှောက်ရခြင်းဖြစ်၏။ သို့သော်လည်း သူလက်ထဲတွင် ပန်းချီကားအသစ်တစ်ချပ်ပါလာခဲ့သည့်အတွက် ဝမ်းသာ၍မဆုံး။

ခုနစ်ရက်တွင် ပန်းချီခုနစ်ကားပြီးသည်ဖြစ်ရာ သီတင်းတစ်ပတ်ကုန် သည့်အခါတိုင်း သူသည်ခြေကုန်လက်ပန်းကျသွားတတ်သည်။ နွေရာသီသည် သူ့အတွက် အောင်မြင်မှုရသော အချိန်ကာလတစ်ခုဖြစ်ခဲ့၏။ သို့သော်လည်း ယခုအခါတွင် ပြင်းထန်သော မြောက်လေသည် ထပ်မံရောက်လာခဲ့ပြန်ပြီ။ ဖုန် များသည် ထောင်းထောင်းထကာ သစ်ပင်များကို အဖြူရောင်လွှမ်းသွားစေသည်။ ဗင်းဆင့်မှာ ဘာမှမလုပ်နိုင်။ အခန်းအောင်းနေခြင်းဖြင့်သာ အချိန်ဖြုန်းနေ၏။ အိပ်လိုက်ပြီဆိုပါကလည်း ဆယ့်ခြောက်နာရီမျှပင်ကြာတတ်လေသည်။

ယခုအခါတွင် ဗင်းဆင့်သည် လက္ခဏာပါးရှားသော အချိန်ကာလများ နှင့် မကြာခဏရင်ဆိုင်နေရသည်။ ကြာသပတေးနေ့ဆိုလျှင် သူလက်ထဲ၌ငွေပြတ် သွားလေ့ရှိ၏။ သီအို့ထံမှ ဖရန့်ငွေငါးဆယ်နှင့် စာသည် မွန်းတည့်ချိန်ကျမှ ရောက်သည်။ ငွေမရောက်မီကြားရက်များသည် သူအဆင်းရဲအပင်ပန်းခံ၍ နေရသော ကာလတစ်ခုဖြစ်လေသည်။

ယင်းသို့ဖြစ်ရသည်မှာ သီအို၏ အပြစ်မဟုတ်ပေ။ သီအိုကတော့ ပန်းချီ ပစ္စည်းများနှင့် ငွေငါးဆယ်ကို ဆယ်ရက်တစ်ကြိမ်မှန်မှန်ပို့သည်။ ဗင်းဆင့်သည် သူဆွဲထားသော ပန်းချီကားများကို ဘောင်များမြန်မြန်တပ်ချင်သည်။ ဤသို့ဖြင့်

ဘောင်တပ်ဖို့ ကိစ္စအတွက် ငွေကိုချန်မထားပဲ သုံးပစ်လေ့ရှိရာ သူဘတ်ဂျက်သည် အမြဲတစေ လိုငွေပြလျက်ရှိ၏။ လေးရက်တာအတွင်းသူသည် ကော်ဖီနှစ်ဆယ့် သုံးခွက်နှင့် မုန့်သည်ထံမှအကြွေးယူထားသော ပေါင်မုန့်တစ်လုံးကိုသာ အမှီပြုရလေသည်။

ဤကာလအတွင်းမှာပင် သူသည်သူ့အလုပ်နှင့် ပတ်သက်၍ ဘဝင်မကျစိတ်ဝင်ကာ စိတ်ဆင်းရဲခြင်းဖြစ်ရ၏။ သူ့ပန်းချီကားများသည် သူ့အတွက် သီအိုက အကုန်ခံနေသည့် ငွေလောက်မှ တန်ဖိုးရှိပါ့မလား ဟူသော အတွေးသည် သူ့စိတ်ကိုများစွာနှိပ်စက်ခဲ့၏။ သူ့အနေဖြင့် ပန်းချီကားများမှ ဝင်ငွေရလို၏။ သူ့ညီ သီအို အားပြန်ပေးလို၍ ဖြစ်သည်။ တစ်ခါတစ်ရံတွင် သူသည် သူ့ပန်းချီကားများကို တစ်ကားပြီးတစ်ကားကြည့်ကာ တန်ဖိုးမရှိဟူသော အတွေးဖြင့်နောင်တကြီးစွာရနေတတ်သည်။ နောက်ဆုံးတွင်မူ ယခုနှစ် နွေရာသီက သူဆွဲထားခဲ့သမျှ ပန်းချီကားအားလုံးသည် လုံးဝတန်ဖိုးမရှိဟုပင် ဆုံးဖြတ်ခဲ့လေသည်။

တစ်နေ့တွင် သူသည် သီအိုထံပို့၍မှာယူရမည့် ပန်းချီဆေးစာရင်းတစ်ခုကို ပြုလုပ်နေရာမှ ရုတ်တရက် သူ့စာရင်းကိုပြန်ကြည့်သည်။ သူ့စာရင်းထဲပါရှိနေသော အရောင်များသည် ရှေးခေတ် ဒတ်ချ်ပန်းချီလောကၦ မသုံးခဲ့သော အရောင်များဖြစ်နေသည်ကို သတိထားမိ၏။ ဤအရောင်များကို ဒတ်ချ် ပန်းချီဆရာမောဗီး၊ မာရစ္စနှင့်ဝေဆင်ဘရု့ခ်ျတို့လည်း အသုံးပြုခဲ့သည်ကို မတွေ့ရ။ အခုပုံအတိုင်းဆိုပါက အားလ်စ်မြို့သည် သူ့အား ဒတ်ခ်ျတို့၏ ရှေးဟောင်း ပန်းချီအစဉ်အလာကို ချိုးဖောက်အောင်လုပ်နေပြီဟု သူတွေးမိလေ၏။

✧✧✧✧

သီအို့ထံမှ ငွေရောက်လာသည့် တနလ်ာနေ့တွင် ဗင်းဆင့်သည် ငွေတစ်ဖရန့်နှင့် အစားကောင်းရနိုင်သည့် နေရာတစ်နေရာကို တွေ့သည်။ သူ့အမြင်တွင် ထိုဆိုင်သည် ထူးခြားသော စားသောက်ဆိုင်တစ်ဆိုင်ဖြစ်နေသည်။ တစ်ဆိုင်လုံးကို မီးခိုးရောင်သုတ်ထားသည်။ ကြမ်းပြင်ကိုလမ်းဘေး ပလက်ဖေါင်းသဖွယ် မီးခိုးရောင်ကတ္တရာစေးခင်းထားသည့်။ နံရံများကို မီးခိုးရောင်သုတ်ထားသည်။

အဝင် တံခါးဝတွင် အစိမ်းရောင်ခန်းဆီးကြိုး တပ်ထားသည်။

သူသည် သီတင်းတစ်ပတ်မျှနားနေအပြီးတွင် ပန်းချီဆွဲသော အလုပ်ကို ညပိုင်းတွင် လုပ်ရန် ဆုံးဖြတ်လိုက်သည်။ တစ်ညတွင် သူသည် စားသောက်ဆိုင် အတွင်း၌ လူများဝင်ထွက်သွားလာစားသောက်နေကြပုံနှင့် စားပွဲထိုး အမျိုးသမီးများ သွားလာလှုပ်ရှားနေကြပုံများကို ဆွဲယူသည်။ သူကားထဲတွင် ပိန်းပိတ် အောင်မှောင်နေသော ကောင်းကင်ပြင်နှင့် ယင်းကောင်းကင်ပြင်အတွင်းမှ တလက်လက်လင်းနေသော ကြယ်များကို လာမာတင်းရပ်ကွက်အတွင်းမှ ရှုမြင်နေရသည့်အတိုင်း နောက်ခံထား၍ ရေးဆွဲခြင်းဖြစ်သည်။

သူသည် လမ်းမပေါ်သို့ထွက်ကာ ထိုလမ်းများပေါ်၌ မားမားမတ်မတ် ရပ်နေကြသော လရောင်အောက်မှ ဆိုက်ပရပ်စ်ပင်များကိုလည်းကောင်း၊ နူးအစ် ကဖီးစားသောက်ဆိုင်ကိုလည်းကောင်း ဆွဲယူသည်။ နူးအစ်ကဖီးသည် ညလုံး ပေါက်ဖွင့်သောဆိုင်ဖြစ်၏။ အိမ်ခြေယာမဲ့များအတွက် တစ်ညတာမျှလာ၍ ထိုင် နိုင်သော နေရာဖြစ်သည်။ အိပ်စရာအခန်းတစ်ခန်း၊ နေရာတစ်နေရာဌားဖို့ ငွေ ကြေးမရှိသူများအတွက် ခိုလှုံရာစခန်းဖြစ်သည်။ ယင်းအခြေအနေများကိုပါ သူ ပန်းချီကားတွင်ပါဝင်လာအောင် အထူးတလည် အားထုတ်၍ ဆွဲယူခဲ့လေသည်။

သူသည် တစ်ညတွင် ကဖီးဆိုင်၏ အပြင်ရှုခင်းကို အမှီအရဆွဲသည်။ ဒုတိယညတွင် ဆိုင်အတွင်းမှ ရှုခင်းကို ရအောင်ဆွဲယူသည်။ လူသားတို့၏ ပြင်း ထန်သော ဆန္ဒရမ္မက်ကို အနီရောင်၊ အစိမ်းရောင်တို့ဖြင့်ပုံဖော်ပြသည်။ အတွင်း ပိုင်းမှ မြင်ကွင်းကို ရေးဆွဲရာ၌ သွေးနီရောင်နှင့် အဝါရင့်ရောင်များကို ဆိုင်အလယ်ရှိ အစိမ်းပုတ်ရောင် ဘိလိယက်ခုံနှင့် ရောစပ်ယှက်နွယ်ပြီး ရေးဆွဲ ပြသည်။ ရှောက်သီးရောင်သမ်းနေသည့် အဝါရောင်မီးအိမ်များကို လိမ္မော်ရောင် နှင့် အစိမ်းရောင် ရောစွက်ပြီးရေးဆွဲပြသည်။ ဤကဖီးဆိုင်သည် လူတစ်ယောက်၏ ဘဝကို ဖျက်ဆီးနိုင်စွမ်းသည်နှင့်အမျှ ရာဇဝတ်ပြစ်မှုတစ်ခုခု ကို ကျူးလွန်သည်အထိဖြစ် နိုင်စွမ်းရှိကြောင်းကို ဖော်ပြနိုင်သည့် အထိ အားထုတ် ထားလေသည်။

အားလပ်မြို့သူ မြို့သားများသည် ဗင်းဆင့်တစ်ယောက် အခုလို တစ်ည လုံးလမ်းပေါ်၌ ထိုင်၍ ပန်းချီဆွဲပြီးနောက်တစ်နေ့တွင် တစ်နေကုန်တစ်နေခန်း အိပ်နေသည်ကို များစွာသဘောကျသည်။ ဗင်းဆင့်၏လှုပ်ရှားမှုဟူသမျှသည် သူ တို့အားပံ့ပိုးကူညီနေသည့် လုပ်ရပ်တစ်ခုဖြစ်လာသည်။

နောက်တစ်လ လဆန်းပိုင်းရောက်သည့်အခါ ဟိုတယ်ပိုင်ရှင်သည် ဗင်း

ဆင့်၏ အခန်းခကိုသာတိုး၍တောင်းသည်မဟုတ်၊ ဗင်းဆင့်၏ပန်းချီကားများထားသည့် ဘီရိုအတွက်ပါ အခကြေးငွေတောင်းလာသည်။ ဗင်းဆင့်သည် လောဘရမွက် ချောင်းချောင်းထွက်နေသည့် ဟိုတယ်ပိုင်ရှင်အားများစွာ စက်ဆုပ်ရွံရှာခြင်း ဖြစ်နေမိ၏။ မည်သို့ပင်ဖြစ်စေ သူညစာသွားစားနေသည့် စားသောက်ဆိုင်သည် သူ့အတွက် ကျေနပ်စဖွယ်ကောင်းသည်။ သို့တစေလည်း ထိုဆိုင်သို့ သူသွားရောက်စားသောက်နိုင်သည့် ရက်မှာ ဆယ်ရက်တွင် နှစ်ရက်သုံးရက်မျှသာရှိ၏။ ကျန်ရက်များမှာ လက်ထဲတွင် ငွေမရှိတော့သဖြင့် မသွားနိုင်တော့ပေ။ ဆောင်းရာသီဝင်လာပြီ။ သူ့တွင် စတူဒီယိုမရှိ၊ ဟိုတယ်အခန်းမှာလည်း တစ်နေ့ထက်တစ်နေ့ တိုး၍သာ စိတ်ပျက်စရာကောင်းလာသည်။ အပေါစားစားသောက်ဆိုင်များ၌ စားသောက်နေရသည့် အစားအစာများသည် သူ့ဗိုက်အားဒုက္ခပေးစပြုလေပြီ။

သူ့အနေဖြင့် အမြတစေနေရမည့် အိမ်တစ်အိမ်နှင့် စတူဒီယိုတစ်ခုတော့ကိုယ်ပိုင်ရှိဖို့ လိုအပ်နေပြီ။

တစ်ညခင်းတွင် ဗင်းဆင့်သည် အဖိုးအိုရော်လင်နှင့်အတူ လာမာတင်းရပ်ကွက်တွင်းမှ ဖြတ်လာသည်။ ထိုအခိုက်တွင် ' ဌားရန် ' ဟူသော ဆိုင်းဘုတ်တစ်ခုကို သူဟိုတယ်နှင့် ခဲတစ်ပစ်အကွာရှိ အိမ်တစ်လုံးရှေ့၌ဆွဲထားသည်ကိုမြင်ရ၏။ အိမ်မှာအဆောင်နှစ်ဆောင်ရှိ၍တောင်ကုန်းပေါ်ရှိပြီ့နှင့် လာမာတင်းရက်ကွက်ဘက်သို့ မျက်နှာမူထားသည်။ ဗင်းဆင့်သည် အိမ်ရှေ့မှရပ်ကာ အိမ်ကိုစိတ်ဝင်တစားကြည့်နေမိ၏။

" အိမ်က သိပ်ကြီးနေတာတစ်ခုပဲဆိုးတယ် " ဟုဗင်းဆင့်ကရော်လင်အားလှမ်းပြောသည်။ " ကျွန်တော်က ဒီအိမ်မျိုးကိုလိုချင်နေတာ "

" မွန်စီယာအနေနဲ့ တစ်အိမ်လုံးကို ဌားဖို့မလိုပါဘူး၊ ဥပမာဆိုပါတော့ ညာဖက်က အဆောင်ကိုဌားချင်ရင် ဌားလို့ရတာပဲ "

" တကယ်ပြောတာလား၊ အဲဒီအဆောင်မှာ အခန်းဘယ်နှစ်ခန်းရှိမယ် လို့ထင်သလဲ၊ ဈေးကောကြီးမယ် ထင်သလား "

"အနည်းဆုံးသုံးခန်းလေးခန်းအထိ ရှိလိမ့်မယ်လို့ ကျုပ်ထင်တယ်၊ အခန်းကတော့ဈေးကြီးမယ်မထင်ဘူး၊ ဟိုတယ်က အခန်းခထက်သက်သာမယ်လို့ ထင်တယ်၊ မွန်စီယာ သဘောတူမယ်ဆိုရင် မနက်ဖြန်ည ညစာစားချိန်မှာ နှစ်ယောက် အတူလာကြည့်ကြတာပေါ့၊ ဈေးသက်သာအောင်တော့ ကျုပ်ကူညီနိုင်ပါလိမ့်မယ်"

နောက်တစ်နေ့ မနက်တွင် ဗင်းဆင့်သည် လာမာတင်းရပ်ကွက်ထဲမှ အိမ်ကို ခေါက်တုံ့ခေါက်ပြန်လမ်းသလားကာ အသေအချာကြည့်သည်။ အိမ်မှာ အခိုင်အမာဆောက်ထားသော အိမ်ဖြစ်၍ နေရာင်ကိုအပြည့်အဝရရှိနေသည်ကို သတိထားမိ၏။ အနီးသို့သွားရောက်ကြည့်သည့်အခါ အဆောင်နှစ်ခုလုံးတွင် သီးသန့်ဝင်ပေါက်များရှိ၍ ဘယ်ဖက်အဆောင်တွင် လူရှိနေသည်ကိုတွေ့ရလေသည်။

ထိုနေ့ညနေပိုင်းတွင် ရော်လင်နှင့်ဗင်းဆင့်သည် ထိုအိမ်သို့ ရောက်သွားကြသည်။ အိမ်အပေါ်ထပ်အခန်းတစ်ခန်းထဲမှ အဆင်သင့်စောင့်နေသော အိမ်ရှင်နှင့် တွေ့သည်။ အိမ်ရှင်နှင့်ရော်လင်တို့သည် ပရိဗင်ကယ်ဘာသာစကားဖြင့် အချိန်အတန်ကြာမျှ စကားပြောနေကြသည်။ ထို့နောက် ရော်လင်က သူ့အားလှည့် ကြည့်သည်။

" ဒီအိမ်မှာ မွန်စီယာဘယ်လောက်ကြာကြာ နေမလဲဆိုတာ အိမ်ရှင်က သိချင်နေတယ် "

" ဒါတော့ အတိအကျမပြောနိုင်ဘူး "

" ဒါဆိုရင် အနည်းဆုံးခြောက်လတော့ နေဖို့သဘောတူမလား "

" အို. . . တူပါတယ်. . . "

" အဲသလိုဆိုရင်. . . တစ်လကို ဆယ့်ငါးဖရန့်နဲ့ငှားမယ်လို့ပြောတယ်"

တစ်အိမ်လုံးမှ တစ်လဆယ့်ငါးဖရန့်ဆိုတော့ ဟိုတယ်အခန်းခ၏ သုံးပုံတစ်ပုံမျှသာလျှင်ရှိ၏။ ဟော့ဂ်တွင် နေခဲ့စဉ်က ငှားထားသည့် စတူဒီယိုခန်းအခထက်များစွာသက်သာနေသည်။ တစ်လလျှင် ဆယ့်ငါးဖရန့်မျှသာပေး၍ အမြဲတစေနေနိုင်သွားသည့် အိမ်တစ်လုံးရဖို့ဆိုသည်မှာ လွယ်သည်မဟုတ်၊ သူသည် အိတ်ကပ်ထဲမှငွေကို ကပျာကရာထုတ်၍ " ရော့. . . ရော့၊ ဟောဒီမှာ ငွေကိုသာ မြန်မြန်ပေးလိုက်၊ အိမ်ကိုကျွန်တော်ငှားပြီးပြီ " ဟုပြောသည်။

" သူကမွန်စီယာဘယ်တော့ရွှေ့မလဲဆိုတာ သိချင်တယ်တဲ့။

" ဒီနေ့ ရွှေ့မယ်၊ အခုချက်ချင်းရွှေ့မယ် "

" ဒါပေမယ့်. . . မွန်စီယာ. . . ခင်ဗျားမှာ အိမ်ထောင်ပရိဘောဂမှ မရှိသေးတာ၊ ဘယ်လိုလုပ်ပြီးရွှေ့မလဲ "

" မွေ့ယာတစ်ခုနဲ့ ကုလားထိုင်တစ်လုံး ဒီနေ့ပဲဝယ်မယ်၊ ဟိုတယ်ခန်းတစ်ခန်းမှာနေရတဲ့ ဒုက္ခဟာ ဘယ်လောက်ကြီးသလဲဆိုတာ ခင်ဗျားမသိဘူးရော်လင်၊ ကျွန်တော်ဒီအခန်းကို အမြန်ဆုံးရမှဖြစ်မယ် "

" မွန်စီယာ ကြိုက်သလိုသာ လုပ်ပါ "

အိမ်ရှင်နှင့်ရော်လင်တို့ထွက်သွားကြသည့်အခါ ဗင်းဆင့်သည် တစ်ခန်း ဝင်တစ်ခန်းထွက် လျှောက်ကြည့်သည်။ အပေါ်ထပ်၊ အောက်ထပ်နှစ်ထပ်စလုံးကို လျှောက်ကြည့်သည်။ သီအိုထံမှ ဖရန့်ငွေငါးဆယ်သည် တမြန်မနေ့ကမှသူထံ ရောက်လာခြင်းဖြစ်၏။ သူ့အိတ်ကပ်ထဲတွင် ဖရန့်ငွေသုံးဆယ်ကျန်သေးသည်။ သူသည် ချက်ခြင်းအပြင်သို့ ထွက်ကာ အပေါစားမွေ့ယာတစ်ခုနှင့် ကုလားထိုင် တစ်လုံးကိုဝယ်၍ ပစ္စည်းများကို အိမ်သို့ အမြန်ဆုံးသယ်လာသည်။ အောက်ထပ်ကို သူ့အိပ်ခန်းလုပ်၍ အပေါ်ထပ်ကို သူ့စတူဒီယိုအဖြစ်အသုံးပြုရန် ဆုံးဖြတ်ထား ပြီးပြီဖြစ်ရာ သူသည် မွေ့ယာကိုအောက်ထပ်သမံတလင်းပေါ်၌ ခင်းထားခဲ့ပြီး ကုလားထိုင်ကို အပေါ်ထပ်သို့ ပို့သည်။ ထို့နောက် ဟိုတယ်အခန်းမှ ပစ္စည်းများ ကိုယူရန် ပြန်ထွက်လာခဲ့လေ၏။

ဟိုတယ်ပိုင်ရှင်သည် အခန်းခအပြင် အသေးအဖွဲများကို စာရင်းတစ်ခု ပြုလုပ်ကာ ဖန့်ရန့်ငွေလေးဆယ်ပိုတောင်းသည်။ ထိုငွေကို မပေးနိုင်သေးသမျှ သူ့ ပန်းချီကားများကို ယူခွင့်မပြု ဟု ဆိုသည်။ ဗင်းဆင့်သည် သူ့ပန်းချီကား များပြန်လည် ရရှိရေးအတွက် တရားရုံးသို့သွားရပြန်၏။ သို့သော်လည်း မဟုတ်ကဟုတ်က လုပ်ကြံ၍တောင်းထားသည့်ငွေ၏ တစ်ဝက်ကိုပေးကာမှပင် ပန်းချီကားများကို ရခဲ့လေသည်။

ထိုနေ့မွန်းလွဲပိုင်းတွင် သူသည် ကုန်စုံဆိုင်ပိုင်ရှင်တစ်ဦးထံမှ ဓာတ်ငွေ့ မီးဖိုတစ်လုံး၊ အိုးနှစ်လုံးနှင့် ရေနံဆီမှန်အိမ်တစ်လုံးကို အကြွေးဝယ်၍ရခဲ့သည်။ သူလက်ထဲတွင် သုံးဖရန့်မျှသာကျန်တော့၏။ သူသည် ကော်ဖီ၊ ပေါင်မုန့်၊ အာလူး နှင့်အသားအနည်းငယ်ကို ထွက်ဝယ်သည်။ သူ့လက်ထဲတွင် ဆင့်ပြားတစ်ပြားပင် မကျန်တော့ပေ။ သူသည် အောက်ဆုံးထပ်တစ်နေရာတွင် မီးဖိုခန်းလုပ်၍ ညစာ ကိုချက်သည်။

ထိုည ညစာစားသည့်အခါ စားပွဲမရှိသဖြင့် မွေ့ယာပေါ်၌ စက္ကူ တစ်ရွက်ခင်းကာ တင်ပလ္လင်ခွေထိုင်ပြီးစားရသည်။ ဇွန်း၊ ခက်ရင်းနှင့် ဓားများကို မဝယ်နိုင်သေးဖြင့် စုတ်တံလက်ကိုင်ရိုးဖြင့် အိုးထဲမှအသားနှင့် အာလူးများကို ထိုးကော်ပြီးစားရသည်။ ပန်းချီဆေးအနုံသည် လျှာပေါ်တွင် စွဲကျန်ခဲ့လေသည်။

စားသောက်အပြီးတွင် သူသည် အုတ်လှေခါးအတိုင်းတက်သွားကာ ဒုတိယထပ်အခန်းကိုလှေ့လာသည်။ အခန်းထဲတွင် ဘာပစ္စည်းမှမရှိ။ သူ၏ပန်း ချီကားတင်ခုံသည် လရောင်ထိုးဝင်နေသည့် ပြတင်းပေါက်အနီးတွင် အထီးကျန်

ဖြစ်နေသည်။ အပြင်ဖက်တွင်ရှိနေသော လာမာတင်းရပ်ကွက် ပန်းခြံကိုမြင်တွေ့နေရ၏။

နောက်တစ်နေ့မနက်အိပ်ရာမှ နိုးသည့်အခါ ပြတင်းပေါက်များကိုဖွင့်လိုက်သည်။ စိမ်းမြမြပန်းခြံ၊ တက်လာနေသည့်နေ၊ မြို့ထဲသို့ ဦးတည်သွားနေသောကွေ့ကွေ့ကောက်ကောက်လမ်း။ သူသည် အုတ်ခင်းထားသည့် သန့်ရှင်းသပ်ယပ်သော ကြမ်းပြင်၊ ထုံးဖြူများသုတ်ထားသည့် နံရံများနှင့် ကျယ်ဝန်းသော အခန်းများကိုကြည့်ကာ ဝမ်းသာကြည်နူးလျက်ရှိလေသည်။

သူသည် ကော်ဖီတစ်ခွက်ဖျော်သောက်ရင်း သူ့အိမ်ကိုဘယ်လိုပြင်ဆင်ရလျှင်ကောင်းပါ့မလဲဟု စဉ်းစားသည်။ နံရံများပေါ်တွင် မည်သည့်ပန်းချီကားများကိုချိတ်ဆွဲရလျှင် ကောင်းမလဲဟုလည်းတွေးသည်။ သူ့အဖို့တော့ ကိုယ်ပိုင်အိမ်တစ်လုံးရသည့်အတွက် များစွာပျော်မြူးလျက်ရှိလေသည်။

နောက်တစ်နေ့တွင် ဘရစ်တာနီနယ် ပွန့်အေဗင်းကဖီးဌာ အကျဉ်းကျသလိုဖြစ်ကာ အငတ်ငတ်အပြတ်ပြတ်ဖြစ်နေသော ပေါလ်ဂေါဂင်ထံမှ စာတစ်စောင်ရောက်လာသည်။ " ကျွန်တော်တော့ ဒီကြွက်တွင်းထဲက ထွက်လို့ မရဖြစ်နေတယ် " ဟု ဂေါဂင်က ရေးသည်။ " ဘာကြောင့်လဲဆိုတော့. . . အခန်းခန့်စားကြွေးသောက်ကြွေးတွေ မရှင်းပေးနိုင်လို့ဗျ၊ ဆိုင်ရှင်ကလည်း ကျွန်တော့် ပန်းချီကားတွေကို သိမ်းပြီး ဗီရိုထဲထည့် သော့ခတ်ထားတယ်၊ လောကမှာလက်ထဲငွေတစ်ပြားမှမရှိတဲ့ ဒုက္ခဟာ အကြီးဆုံးနဲ့ စိတ်ဆင်းရဲစရာအကောင်းဆုံးပါပဲဗျာ။ အမြဲတန်းတောင်းစားရမယ့် သူတောင်းစားဇာတာများပါလာသလား မသိတော့ပါဘူး ဗင်းဆင့်ရယ် "

ဗင်းဆင့်သည် ပန်းချီဆရာများ၏ ဘဝကိုမတွေးပဲ မနေနိုင်။ သူတို့ဘဝသည် ဆင်းရဲခို့တဲ့လှ၏။ မိတ်ဆွေအပေါင်းအသင်းများ၏ ရှောင်ကြဉ်မှုနှင့် ပြက်ရယ်ပြုမှုများကို ခံရ၏။ ငတ်တစ်လှည့်ပြတ်တစ်လှည့်ဖြစ်ကာ စိတ်သောက ဒဏ်ကိုခါးစည်း၍ ခံကြရ၏။ ဘာကြောင့်ပါလိမ့်၊ သူတို့အနေဖြင့် ဘယ်လိုပြစ်မှုမျိုးတွေကျူးလွန်ခဲ့ကြပါလိမ့်၊ အပယ်ခံဘဝရောက်ရခြင်းသည် ဘာ့ကြောင့်များပါလိမ့်၊ ဤမျှလောက်အထိကိုယ်စိတ်နှစ်ပါးဆင်းရဲနေရသော လူများသည် လက်ရာကောင်းကောင်း ပန်းချီကားများကို ဘယ်လိုလုပ်ပြီးဆွဲနိုင်ကြပါမည်နည်း. . ။

ဂေါဂင်၏ အဖြစ်သည် စိတ်ထိခိုက်စရာကောင်းလှ၏။ ကြွက်တွင်းထဲပိတ်မိခံနေရသလို နေထိုင်ရသော ဘဝဖြစ်၏။ ဤကြားထဲ နာဖျားမကျန်းဖြစ်နေသေး၏။ ဗင်းဆင့်အနေဖြင့်ဂေါဂင်အား အလွန်အလွန်တော်သည့် ပန်းချီ

ဆရာတစ်ယောက်ဟု မြင်ထားသည်ဖြစ်ရာ ယခုကဲ့သို့ ကူညီမည့်သူမရှိ၊ ငွေမရှိဖြစ်နေသည် ဟု သိလိုက်ရသည့်အခါ များစွာစိတ်မကောင်းဖြစ်ရ၏။ အကယ်၍သာ ကေါင်း သေသွားမည်ဆိုပါက သို့တည်းမဟုတ် ပန်းချီဆရာဘဝကို စွန့်ခွာသွားတော့မည် ဆိုပါက. . . ပန်းချီလောကတွင် ဝမ်းနည်းကြွေစရာအကောင်းဆုံးသောအဖြစ် တစ်ခုဟု ယူဆရပေလိမ့်မည်။

ဗင်းဆင့်သည် စာကိုအိတ်ကပ်ထဲထည့်လိုက်ပြီးအိမ်ထဲမှ ထွက်ကာ ရိုင်းမြစ်တာရိုးအတိုင်းလျှောက်လာသည်။ ကျောက်မီးသွေးတင်လှေကြီးတစ်စင်းသည် သဘော်ဆိပ်ဆီသို့ လာနေသည်။ တာရိုးပေါ်မှ စီး၍မြင်နေရသော အရာများသည် အရောင်တလက်လက်ထွက်နေကြသည်။ ရေပြင် ဖြူဝါရောင်ထက်တွင်ပုလဲရောင်သန်းနေသည်။ ပြာလဲ့လဲ့ကောင်းကင်ပြင်ကို အနောက်ဖက်မှနေ၍ လိမ္မော်ရောင်ဖြင့် အနားသတ်ထားပြီး မြို့ပေါ်မှနေ၍ မရမ်းရောင်ကွပ်ပေးထားသည်။ လှေကြီးပေါ်တွင် အပြာရောင်နှင့် အဖြူရောင်ဝတ်ထားကြသည့် အလုပ်သမားများသည် ကုန်ပစ္စည်းများကို ကမ်းခြေသို့ သယ်ယူပို့ဆောင်ပေးနေကြလေသည်။

ဂျပန် ပန်းချီကား ဟိုကုဆိုင်းနှင့်တူလှသော ဤရှုခင်းသည် ဗင်းဆင့်အား ပါရီ၊ ပီရီတန်ဂိုင်း၏ ဆိုင်ထဲမှ ဂျပန်ပန်းချီကားများ၊ ပြီးတော့ သူ့အချစ်ဆုံးမိတ်ဆွေ ကေါင်နှင့် ပါရီမှသူ့အပေါင်းအသင်းများဆီသို့ ပြန်ပို့ပေးလိုက်သလိုပင်။

ဗင်းဆင့်သည် သူဘာလုပ်ရမည်ကို ချက်ခြင်းသိသည်။ အခုသူ့ဘား ထားသော အိမ်ဝါကြီးသည် လူနှစ်ယောက်နေနိုင်လောက်သည် မဟုတ်ပါလား။ တစ်ယောက်စီတွင် ကိုယ်ပိုင်အိပ်ရာနှင့် ကိုယ်ပိုင်စတူဒီယို တစ်ခုချင်းစီထားနိုင်ကြလိမ့်မည်ဖြစ်၏။ သူလစဉ်ရမည့်ဝင်ငွေ ဖရန့်တစ်ရာ့ငါးဆယ်သည် သူတို့အတွက်လုံလောက်မည်ဖြစ်၏။ ပန်းချီဆရာမိတ်ဆွေ တစ်ယောက်နှင့် အတူတူနေရခြင်းသည် စိတ်ချမ်းသာဖို့သာရှိ၏၊ အလုပ်အကိုင်ကလည်း တူညီသဖြင့် တစ်ဦးနှင့်တစ်ဦးနားလည်မှု ရှိနိုင်၏။ ပြီးတော့ကေါင်ထံမှ ပန်းချီပညာကို သူ သင်ယူနိုင်လိမ့်မည် မဟုတ်ပါလော။

ကေါင်အားခေါ်ထားလိုက်မည်ဟု စိတ်ကူးမိခါမှပင် သူအခုနေရသည်မှာ မည်မျှလောက်အထီးကျန်ဖြစ်လွန်းသည်ကို စဉ်းစားမိသည်။ သူတို့အနေဖြင့် ဖရန့်ငွေတစ်လတစ်ရာ့ငါးဆယ်ဖြင့် မလုံလောက်ပါက သီအိုအား လစဉ်ဖရန့်ငွေငါးဆယ်ပို၍ပို့ပေးရန်တောင်းခံမည်၊ ပြီးတော့ထိုငွေငါးဆယ်အတွက်လစဉ်ကေါင်၏ ပန်းချီကားတစ်ကားကို ပို့ပေးမည်။ သို့ဆိုလျှင် သီအိုဖက်မှ ငွေငါးဆယ်

ကိုမပေးပဲနေလိမ့်မည် မဟုတ်။

ဂေါ်ဂင်သာ အားလ်စ်ကိုရောက်လာလျှင် သူ့ကျန်းမာရေးသည်လည်း ချက်ခြင်းပြန်ကောင်းသွားဖို့ရှိ၏။ ပရိုးဗင့်စ်နယ်မှ နေရောင်သည် အပူရှိန်ပြင်းသည်မဟုတ်ပါလော၊ ဤနေရောင်ခြည်အောက်တွင် အတူတူနေပြီးစိတ်ကြိုက်ရွှေခင်းများကို အတူတူတွဲ၍ ပန်းချီဆွဲကြမည်ဆိုပါက တစ်ကမ္ဘာလုံးအား အရောင်နှင့်ပတ်သက်၍ အသိအမြင်သစ်တစ်ခု ရရှိသွားအောင် လုပ်ပေးလိုက်သလို ဖြစ်သွားနိုင်ဖွယ်ရာရှိ၏။

ဂေါ်ဂင်ကိုတော့ သူ မကယ်တင်၍ မဖြစ်။ သူသည် အိမ်သို့အပြေးအလွှားပြန်လာခဲ့သည်။ အပေါ်ထပ်သို့ တက်ကာ အခန်းများကို လျှောက်ကြည့်ပြီး သူတို့ နေရေးထိုင်ရေးအတွက် စိတ်ကူးယဉ်သည်။

"ဂေါ်ဂင်နဲ့ ငါ အပေါ်ထပ်မှာ အိပ်ကြမယ်။ အောက်ထပ်အခန်းတွေကို စတူဒီယိုခန်း လုပ်မယ်။ မွေ့ရာ၊ အိပ်ရာခင်း၊ စားပွဲနဲ့ ကုလားထိုင်တွေဝယ်ပြီး အိမ်ကို သားသားနားနားဖြစ်အောင် ပြင်မယ်။ ဂေါ်ဂင်ရေ၊ ခင်ဗျားနဲ့ ကျွန်တော် အတူတူနေကြရမယ် ဆိုရင်တော့ ပျော်စရာကြီးပဲ..."

(၆)

သူ့စိတ်ကူးကို လက်တွေ့အကောင်အထည်ဖော်သည့်အခါ မျှော်လင့်ထားသလောက် မလွယ်ကူပေ။ သီအိုအနေဖြင့် လစဉ်ဖရန့်ငွေငါးဆယ်ပို၍ ပို့ပေးပြီး ဂေါ်ဂင်၏ပန်းချီကားတစ်ကားကိုလစဉ် လက်ခံသွားဖို့ စီစဉ်ပေးနိုင်ပါ၏။ သို့သော်လည်း ဂေါ်ဂင်အတွက် မီးရထားခကျတော့ သီအိုရောဂေါ်ဂင်ပါ မပေးနိုင်ဖြစ်နေသည်။ ဂေါ်ဂင်မှာ ကျန်းမာရေးကလည်း မကောင်းသေး၊ အကြွေးကလည်းများစွာတင်လျက်ရှိသဖြင့် ပွန့်အေဗင်းမှ ခွာ၍မရ။ စာများသည် ဂေါ်ဂင်၊ ဗင်းဆင့်နှင့် သီအိုကြား၌ အဆက်မပြတ်သွားလာနေခဲ့သည်။

ယခုအခါတွင် ဗင်းဆင့်သည် သူငှားထားသည့် အိမ်ဝါကြီးအပေါ်တွင် အရူးအမူးမြတ်နိုးတွယ်တာလျက်ရှိ၏။ သူ့အတွက် စားပွဲတစ်လုံးနှင့် ဘီရိုတစ်လုံး ကိုပင်သီအို့ထံမှ ရသည့် ထောက်ပံ့ကြေးငွေဖြင့် ဝယ်ယူပြီးခဲ့လေပြီ။

" ဒီနှစ်ကုန်သွားရင်တော့ ငါဟာအရင်ကနဲ့ အများကြီးခြားနားနေတဲ့

လူတစ်ယောက်ဖြစ်သွားတော့မယ် " ဟု ဗင်းဆင့်က သီအို့ထံစာရေးသည်။ "ဒါပေ မယ့်အခုလိုရေးလိုက်လို့ ငါ ဒီအရပ်က ထွက်သွားလိမ့်မယ်လို့တော့ မထင်စေချင် ဘူး၊ ငါ့ဘဝရဲ့ ကျန်အပိုင်းကို အားလ်စ်မှာပဲ ကုန်ဆုံးစေတော့မယ်လို့ ငါဆုံးဖြတ် ထားလိုက်ပြီ၊ ငါဟာတောင်ပိုင်းဒေသက ပန်းချီဆရာအဖြစ်ရောက်လာအောင် အားထုတ်မယ်၊ မင်းလဲအားလ်စ်တောပိုင်းဒေသမှာ အိမ်တစ်လုံးရှိအောင်လုပ်ဖို့ စဉ်းစားစေချင်တယ်၊ ဒါမှလဲ မင်းအပန်းဖြေတဲ့အခါ ဒီမှာလာပြီး အပန်းဖြေနိုင် မှာ "

သူသည် သူ၏စားရေးနှင့် ဝတ်ရေးအတွက် အသုံးအစွဲကို ချွေတာ သော်လည်း ပိုသမျှငွေကို အိမ်အတွက်သာသုံးသည်။ နေ့စဉ်နေ့တိုင်း သူ့အတွက် နှင့် အိမ်အတွက် နှစ်ခုအနက် မည်သည်ကိုသုံးရမည်ကို စဉ်းစားနေရသည်။ ညစာအတွက် အသားဝယ်မလား၊အိမ်အတွက် ကရားဝယ်မလား၊ သူ့အတွက် ရှူးဖိနပ်ဝယ်မလား၊ ဂေါ်ဂင်အတွက် အိပ်ရာခင်းဝယ်မလား၊ထိုကဲ့သို့နှစ်ခုအနက် တစ်ခုရွေးရတော့မည်ဆိုပါက အိမ်အတွက်ကိုသာ ဦးစားပေးသည်။

သူသည် သူ့အလုပ်ကို အားသစ်စိတ်သစ်ဖြင့်လုပ်သည်။ မနက်ခုနစ်နာ ရီမှ ညနေခြောက်နာရီအထိ မရပ်မနားလုပ်ခြင်းဖြစ်၏။ တစ်နေ့လျှင် ပန်းချီကား တစ်ကားရအောင် လုပ်ခြင်းဖြစ်လေသည်။

တစ်ညတွင် ရော်လင်နှင့် ဗင်းဆင့်သည် လာမာတင်းကဖီးထဲ၌ ထိုင်၍ စကားပြောနေကြသည်။ " မနက်ဖြန်ဆိုရင် နေအပူဆုံးနေ့ဖြစ်တော့မယ် " ဟု ရော်လင်ကပြောသည်။ " အဲဒါပြီးရင်တော့ ဆောင်းရာသီဝင်တော့မယ်"

" ဆောင်း ရာသီကျတော့ အားလ်စ်မှာ ဘယ်လိုအခြေအနေမျိုးရှိသလဲ" ဟု ဗင်းဆင့်က မေးသည်။

" မိုးတအားရွာတယ်၊ လေသိပ်တိုက်တယ်၊ မခံမရပ်နိုင်အောင်အေး တယ်၊ ဒါပေမယ့် ဒီဒေသမှာဆောင်းရာသီဟာ အချိန်တိုတယ်၊ နှစ်လလောက်ပဲ ကြာတယ် "

" ဒီလိုဆိုရင် မနက်ဖြန်ဟာ ကျွန်တော်တို့အတွက် နောက်ဆုံးသာယာ မယ့်နေ့ပေါ့။ ကျွန်တော်ပန်းချီဆွဲချင်နေတဲ့ နေရာတစ်နေရာရှိတယ် ရော်လင်။ ပန်းခြံလေ၊ ပုလင်းပုံနဲ့တူတဲ့ ဆိုက်ပရပ်စ်ပင် နှစ်ပင်ကအစိမ်းရောင်။ လိမ္မော် ရောင်နဲ့ဆေးရွက်ကြီးရောင်ရောနေတဲ့ အရွက်တွေရှိတဲ့ သစ်အယ်ပင်သုံးပင်။ တစ် ပင်တည်းသာရှိတဲ့ ကျောက်ထင်းရှူးပင်ကျတော့ ရှောက်ရောင် ခပ်ဖျော့ဖျော့. . . ပင်စည်က မရမ်းရောင်. . . ပြီးတော့ သွေးနီရောင်လွှမ်းနေတဲ့ ခြုံပုတ်နှစ်ခု။

နောက်ပြီးတော့သဲရယ်၊ မြက်ပင်တွေရယ်၊ အပြာရောင်မိုးကောင်းကင်ရယ်. . . အရောင် သိပ်စုံတဲ့ရှုခင်းပဲ ”

“ အင်း. . . ခင်ဗျား အခုလိုပြောပြမှပဲ ကျုပ် ဘဝတစ်လျှောက်လုံး မမြင်ခဲ့ မတွေ့ခဲ့ရတဲ့ဟာတွေ မြင်ရတော့သဗျာ ”

နောက်တစ်နေ့မနက်တွင် ဗင်းဆင့်သည် အိပ်ရာမှ စောစောထကာ လာမာတင်းပန်းခြံသို့ သွားသည်။ သူသည် ရှုခင်းကိုအသေအချာထပ်မံကြည့်ရှုပြီး သူ့အာရုံတွင် ငြိတွယ်လာအောင်ကြိုးစားသည်။ ထို့နောက် ပန်းချီတင်ခုံပေါ်၌ အသင့်တင်ထားသော ကင်းဗတ်ပေါ်၌ စုတ်ချက်တင်ရန်လက်ကိုမြှောက်လိုက်သည်။ ဤအခိုက်မှာပင် သူ့နောက်ဖက်မှ “ အလုပ်စတာ မမြန်လွန်းဘူးလား ဗင်းဆင့်၊ သိပ်ကိုစောလွန်းနေပါတယ်၊ တစ်နေ့လုံးဆိုတော့ အချိန်တွေ အများကြီးရှိနေသေးတာပဲ ” ဟု ပြောလိုက်သော အသံကြောင့် ဗင်းဆင့်သည် ချာခနဲလှည့်ကြည့်သည်။

ဗင်းဆင့်သည် ရပ်နေသော အမျိုးသမီးအား တအံ့တသြငေးကြည့်နေမိ၏။ အမျိုးသမီးသည် ခပ်ငယ်ငယ်ပင်ဖြစ်သည်။ သူမ၏ မျက်လုံးအစုံသည် အပြာနုရောင်၊ ဆံပင်က ရွှေဝါရောင်ဖျော့ဖျော့၊ အသားရောင်သည် အဝါရောင်. . . ပြီးတော့ သူမ၏ ညီညာလှပသည့်သွားများ။ ဝတ်ထားသည့် ဂါဝန်သည် အဖြူရောင်။ ကိုယ်လုံးကိုယ်ထည် သေးသွယ်သွယ်နှင့် နွဲ့နွဲ့နောင်းနောင်းရှိလှ၏။ သူချစ်ခင်ခဲ့ဖူးသည့် ကေးဇော့စ်၏ ကိုယ်ဟန်ထက်ပင် ပျော့ပြောင်းသည်ကို သူသတိပြုမိသည်။

“ ကျွန်မအဝေးရောက်နေတာကြာခဲ့ပြီဗင်းဆင့် ” ဟု သူမကပြောသည်။ သူမသည် ပန်းချီတင်ခုံနှင့် ဗင်းဆင့်ကြားတွင် ဝင်ရပ်သည်။ နေရောင်သည် ရွှေဝါရောင်ဆံပင်များထက်သို့ သက်ဆင်းနေသည်။

“ ရှင်နားမလည်သေးဘူး ” ဟု အမျိုးသမီးကပြောသည်။

“ ဘယ်လိုလုပ်ပြီး နားလည်ပါ့မလဲ၊ ကျွန်မကရှင်နဲ့ ဝေးရာကိုရောက်နေတာကြာပြီ မဟုတ်လား ”

“ မင်းဘယ်သူလဲ ”

“ ကျွန်မဟာ ရှင့်မိတ်ဆွေပါ ဗင်းဆင့်။ ဒီကမ္ဘာပေါ်မှာ ရှင့်ရဲ့အကောင်းဆုံး မိတ်ဆွေပါ ”

“ ငါ့နာမည်ကို မင်းဘယ်လိုသိသလဲ၊ ငါ မင်းကို အရင်ကတစ်ခါမှ မမြင်ဖူးပါလား ”

" အော် ဟုတ်တာပေါ့။ ဒါပေမယ့် ကျွန်မကတော့ ရှင့်ကိုအကြိမ်ပေါင်းများစွာမြင်ခဲ့ဖူးတယ် "

" မင်းနာမည် ဘယ်သူလဲ "

" မာယာ "

" မာယာ တစ်ခုတည်းပဲလား "

" ရှင့်အတွက်တော့ ဒီတစ်ခုတည်းပဲ "

" မင်းဘာပြုလို့ ငါ့နောက်က တစ်ကောက်ကောက်လိုက်နေရတာလဲ"

" တူညီတဲ့ တစ်ခုတည်းသော အကြောင်းကြောင့် ဥရောပတစ်လွှား ရှင်သွားရာနောက်ကို လိုက်နေတာပါ။ ဒါမှလည်း ကျွန်မဟာ ရှင်နဲ့နီးမှာပေါ့ "

" မင်းလူမှားနေပြီ. . . ငါဟာ မင်းရှာနေတဲ့လူ မဖြစ်နိုင်ဘူး "

အမျိုးသမီးသည် ရှေ့တိုးလာပြီး ဗင်းဆင့်၏ ဆံပင်များကို သူမ၏အေးစက်နူးညံ့သော လက်တစ်ဖက်ဖြင့် အသာအသာ ထိုးဖွပွတ်သပ်ပေးနေသည်။

" ဗင်းဆင့်ဗင်ဂိုးဆိုတဲ့ လူဟာ ဒီတစ်ယောက်တည်းပဲရှိတာပါ။ ကျွန်မမမှားနိုင်ပါဘူး "

" မင်း ငါ့ကိုသိလာတာ ဘယ်လောက်ကြာပြီလို့ ထင်သလဲ "

" ရှစ်နှစ်ရှိနေပြီ ဗင်းဆင့် "

"ဘာ. . ဘယ်လို၊ ရှစ်နှစ်တောင် ရှိသွားပြီ။ ဒါဆိုရင် ငါဟို. . ဟို. . . "

" ဟုတ်ပါတယ် အချစ်ရယ်၊ ရှင် ဘိုရင်းနိတ်မှာ နေစဉ်ကတည်းက သိလာတာပါ။ ရှင့်ကို ဆောင်းဥတုတစ်ရက် မွန်းလွဲပိုင်းမှာ ကျွန်မ ပထမဦးဆုံးမြင်ဖူးခဲ့တာပါ။ အဲဒီတုန်းက ရှင်ဟာ မာကတ်ဆီ ကျောက်မီးသွေးတွင်းရှေ့က သံချေးတွေတက်နေတဲ့ မြင်းလှည်းဘီးကြီးတစ်ခုပေါ်မှာ ထိုင်နေတယ်လေ "

" တွင်းတူးသမားတွေ အိမ်ပြန်နေကြတာကို ထိုင်ကြည့်နေတုန်းပေါ့၊ ဟုတ်လား "

" ဟုတ်တာပေါ့၊ ကျွန်မ ရှင့်ကိုစပြီးတွေ့ချိန်က ရှင်ဟာအဲဒီမှာထိုင်နေတယ်၊ ကျွန်မက ရှင့်အနားက ဖြတ်သွားတော့မလို့ လုပ်နေတယ်၊ အဲဒီတုန်းမှာပဲ ရှင်ဟာ စာအိတ်ဟောင်းတစ်လုံးထုတ်ပြီး ခဲတံတစ်ချောင်းနဲ့ ပုံကြမ်းဆွဲတယ်၊ ကျွန်မကနောက်ကနေပြီး ပခုံးပေါ်ကကျော်ကြည့်လိုက်တော့ ရှင်ဆွဲထားတာကို ကျွန်မမြင်လိုက်ရတယ်၊ မြင်လဲမြင်ရော ကျွန်မရှင့်ကိုချစ်သွားတာပဲ "

" မင်းက ငါ့ကိုချစ်သွားတယ်. . . ဟုတ်လား "

" ဟုတ်တယ်. . . ဗင်းဆင့်၊ ကျွန်မ ရှင့်ကိုချစ်သွားတယ် "

" အော်... အဲဒီတုန်းကတော့ အခုလောက်မှ အရုပ်မဆိုးသေးပဲကို"

" အခုလဲ ကျွန်မအဖို့ အရုပ်မဆိုးပါဘူး၊ ဟိုတုန်းကအတိုင်းပါပဲ "

" မင်းအသံဟာ တစ်မျိုးပဲမာဟာ... ထူးဆန်းနေတယ်။ မိန်းမတစ်ယောက်ဆီက ဒီအသံမျိုးကို ငါအရင်တုန်းက တစ်ကြိမ်ကြားခဲ့ဖူးသလိုပဲ "

" မာဂျေ့ အသံပေါ့၊ သူကရှင့်ကို ကျွန်မချစ်သလို ချစ်ခဲ့တယ် မဟုတ်လား "

" မင်း မာဂျေ့ကိုသိသလား "

" ကျွန်မ ဘရားဘန့်မှာ နှစ်နှစ်နေခဲ့ဖူးတယ်၊ နေ့စဉ် ရှင်သွားတဲ့ လယ်ကွင်းတွေထဲကို ကျွန်မလိုက်တယ်၊ မီးဖိုခန်းနောက်မှာ ပန်းချီဆွဲနေရင်လဲ ကျွန်မရှင့်ကိုကြည့်နေတာပဲ၊ မာဂျေ့က ရှင့်ကိုချစ်တာတွေ့တော့ ကျွန်မသိပ်ပျော်တယ်"

" ဒီလိုဆိုရင် မင်းငါ့ကို မချစ်တော့ဘူးပေါ့ "

" ကျွန်မ ရှင့်ကိုစတွေ့တဲ့နေ့ကစပြီးအခုအချိန်ထိ ချစ်တုန်းပါပဲ "

" မာဂျေ့နဲ့ ချစ်နေတုန်းက မင်းမှာ မနာလိုစိတ်မဖြစ်ဖူးလား "

အမျိုးသမီးကပြုံးသည်။ သူမ၏ မျက်နှာပေါ်တွင် ဝမ်းနည်းကြေကွဲမှုအရိပ်အငွေ့သည် ဖြတ်ခနဲပေါ်လာသည်။

" မဖြစ်ပါဘူး၊ မာဂျေ့ရဲ့အချစ်ဟာ ရှင့်အတွက်ကောင်းတဲ့ အရာတစ်ခုမဲ့မဟုတ်လား၊ ဒါပေမယ့် ရှင်က ကေးကိုချစ်တာကျတော့ ကျွန်မမကြိုက်ဘူး၊ အဲဒီအချစ်က ရှင့်နှလုံးသားကို နာကျင်စေတယ်မဟုတ်လား "

" ငါအာဆူလာကိုချစ်ခဲ့တာကော မင်းသိသလား "

" ဒါက ကျွန်မရှင့်ကိုမတွေ့ခင်တစ်ချိန်ကဖြစ်ခဲ့တာပဲ "

" အဲဒါကိုသိရင် မင်းငါ့ကို သဘောကျချင်မှကျမှာ "

" ဒါလဲမဖြစ်နိုင်ပါဘူး "

" ငါဟာ လူမိုက်ဖြစ်ခဲ့ဖူးတယ် "

" တစ်ခါတစ်ရံ လူတစ်ယောက်ဟာ နောက်ဆုံးမှာ ပညာရှိတစ်ယောက်ဖြစ်ဖို့အတွက် အစမှာ လူမိုက်ဖြစ်ရတတ်ပါတယ် "

" တို့ ဘရားဘန့်မှာ ဆုံမိကတည်းက မင်းငါ့ကိုချစ်ခဲ့တယ်ဆိုရင် အဲဒီတုန်းက ဘာ့ကြောင့် ငါ့ဆီမင်းမရောက်လာတာလဲ "

" ရှင်က ကျွန်မအတွက် အဆင်သင့်မှ မဖြစ်သေးပဲကိုး "

" အခုကော ငါဟာ မင်းအတွက် အဆင်သင့်ဖြစ်ပြီလား "

" ဖြစ်ပြီ "

" မင်း ငါ့ကိုအခုထက်ထိ ချစ်နေတုန်းပဲလား။ ဒီနေ့ ဒီအချိန်... အခုထိဆိုပါတော့ "

" ဒီနေ့ ဒီအချိန် အခုထိထာဝစဉ် ချစ်နေတုန်းပါပဲ ဗင်းဆင့်ရယ် "

" မင်း ငါ့ကိုဘယ်လိုလုပ်ပြီး ချစ်နိုင်မှာလဲ။ ငါ့ကိုကြည့်စမ်း၊ သွားဖုံးတွေကလဲမကောင်းဘူး၊ ပါးစပ်ထဲမှာ ရှိသမျှသွားတွေဟာ အတုတွေချည်းပဲ၊ ဆံပင်တွေအားလုံးလိုလို နေလောင်ထားလို့ ကျွတ်ကုန်ပြီ၊ မျက်လုံးတွေကလဲ ဆစ်ဖလစ်ရောဂါစွဲနေတဲ့လူလို နီရဲနေတယ်၊ မျက်နှာကျတော့ကော... ပါးရိုးကြွေးတွေ ငေါထွက်နေတယ်၊ ငါဟာအတော့်ကို အရုပ်ဆိုးတဲ့ကောင်၊ ယောကျ်ားတွေထဲမှာ အရုပ်အဆိုးဆုံးတစ်ယောက်ပဲ။ ငါ့အာရုံကြောတွေကလဲ ပျက်နေပြီ၊ ငါ့ကိုယ်ခန္ဓာကလည်း ဒဏ်ဖွဲ့ဖြိုးလာမှာ မဟုတ်တော့ဘူး။ ငါ့ကိုယ်ခန္ဓာထဲမှာ ခြေဖျားကခေါင်းဖျားအထိ အဆိပ်တွေဝင်နေပြီ၊ ဒီလောက်ပျက်စီးနေတဲ့ လူတစ်ယောက်ကို မင်းကဘယ်လိုလုပ်ပြီး ချစ်နိုင်မှာလဲ "

" ထိုင်ပါဦး... ' ဗင်းဆင့်ရယ် "

ဗင်းဆင့်က ခွေးခြေပေါ်၌ထိုင်သည်။ အမျိုးသမီးသည် သူ့အနီးမြေကြီးပေါ်၌ ထိုင်ချလိုက်သည်။ " မထိုင်နဲ့၊ မင်းဂါဝန်ကအဖြူ။ ပေကုန်လိမ့်မယ် " ဟု အလန့်တကြားရေရွတ်သည်။

" ကိစ္စမရှိပါဘူး၊ ရှင့်နောက်ကိုလိုက်တိုင်း ကျွန်မဂါဝန်ဟာ ပေကုန်တာချည်းပါပဲ၊ ဒါပေမယ့် အမြဲတန်းပြန်ပြီး သန့်စင်သွားတာချည်းပါ "

အမျိုးသမီးက ဗင်းဆင့်အားမော့ကြည့်သည်။ " ရှင်ဟာ အရုပ်မဆိုးပါဘူး၊ ချောပါတယ်" ဟု ပြောသည်။ " ရှင်ဟာ ရှင့်ရဲ့စိတ်ဝိဉာဉ်ကို ရစ်ပတ်နှောင့်ဖွဲ့ထားတဲ့ ကိုယ်ခန္ဓာကိုသာ ညှင်းပန်းနှိပ်စက်နေတာပါ၊ ဒါပေမယ့် ရှင့်စိတ်ကိုတော့ ဒဏ်ရာရအောင် ရှင်မလုပ်နိုင်ပါဘူး၊ ပန်းချီကိုမရပ်မနားဆွဲချင်နေတဲ့ရှင့်ရဲ့ပြင်းပြထက်သန်တဲ့ ဆန္ဒက ရှင့်ခန္ဓာကိုယ်ကို ဖျက်ဆီးနေပေမယ့် ရှင့်စိတ်ကတော့ ဆက်ပြီး ရှင်သန်နေတုန်းပါ၊ ကျွန်မချစ်တာဟာ ရှင့်ရဲ့စိတ်ကိုပါ "

နေသည် မြင့်တက်လာနေသည်။ ပြင်းထန်သော အပူရှိန်သည် ဗင်းဆင့်နှင့် အမျိုးသမီးအပေါ်သို့ မည်ဟမတာကျရောက်လျက်ရှိ၏။ " ဒီမှာသိပ်ပူလာပြီ " ဟု ဗင်းဆင့်ကပြောသည်။ " ဟိုဖက်လမ်းမှာ ဆိုက်ပရပ်စ်ပင်တွေရှိတယ်၊ သစ်ရိပ်အောက်မှာဆိုရင် မင်းအတွက် သက်သောင့်သက်သာရှိမယ် "

" ဒီမှာပဲနေရတာ ကောင်းပါတယ်၊ နေပူတာကို ကျွန်မဂရုမစိုက်ပါဘူး၊ ကျွန်မအဖို့ ကျင့်သားရနေပြီပဲ "

" မင်း အားလ်စ်ကိုရောက်နေတာ ကြာပြီလား "

" ပါရီက ရှင်နဲ့အတူ လာခဲ့တာပဲ "

ဗင်းဆင့်သည် ဝုန်းခနဲထရပ်ကာ ခွေးခြေကိုခြေထောက်နှင့် ကန်လိုက်သည်။ " နင်လိမ်တာ၊ ငါ့ကိုလှောင်ဖို့ပြောင်ဖို့ တစ်ယောက်ယောက်လွှတ်လိုက်တာပဲဖြစ်မယ်၊ အဲဒီလူက ငါ့အကြောင်းတွေကို ပြောပြပြီးငါ့ကိုအရူးလာလုပ်တာပဲ။ သွား. . . သွား၊ အခုချက်ခြင်းထွက်သွား၊ ငါ နင့်ကို နောက်ထပ်စကားမပြောတော့ဘူး "

အမျိုးသမီးသည် သူမ၏ဒေါသကို အပြုံးဖြင့် ဖုံးကွယ်ထားသည်။ "ကျွန်မဟာ လူလိမ်မဟုတ်ပါဘူး အချစ်ရယ် " ဟု ပြောသည်။ " ရှင့်ဘဝထဲမှာ ကျွန်မဟာ တကယ်စစ်မှန်တဲ့လူပါ၊ ရှင့်ပေါ်မှာရှိနေတဲ့ ကျွန်မရဲ့အချစ်ကို ရှင် သတ်လို့ မရနိုင်ပါဘူး " ဟု လေအေးကလေးဖြင့်ပြောသည်။

" နင်လာလိမ်မနေနဲ့၊ နင်ငါ့ကိုချစ်တာလဲမဟုတ်ဘူး။ သက်သက်မဲ့အရူးလာလုပ်နေတာ "

ဗင်းဆင့်က ပြောပြောဆိုဆို အမျိုးသမီး၏လက်မောင်းကိုဆွဲထူသည်။ " နင်သွားရင်သွား၊ မသွားရင်နာလိမ့်မယ် " ဟု ဒေါသတကြီးပြောသည်။

" ရှင် ကျွန်မရင်ကို နာအောင်လုပ်ခဲ့ပြီးပါပြီ၊ ရှင့်ကိုချစ်မိပြီဆိုကတည်းကရင်နာခဲ့ရတာပါ "

ဗင်းဆင့်သည် အမျိုးသမီးအား ခပ်ကြမ်းကြမ်းတွန်းဖယ်လိုက်ပြီး ခွေးခြေပေါ်ပြန်ထိုင်သည်။ အမျိုးသမီးသည် သူ့အနီး၌ ကပ်ထိုင်သည်။ လက်တစ်ဖက်ဖြင့် ဒူးကိုလှမ်းကိုင်ပြီး သူမ၏ဦးခေါင်းကို ဗင်းဆင့်၏ ပေါင်ပေါ်တွင် မှေးမှိထားသည်။

အချိန်အတော်ကြီးကြာမျှ ငြိမ်ဆိတ်နေသော ဗင်းဆင့်သည် အမျိုးသမီးအားငုံ့ကြည့်သည်။ " ငါရောက်ကတည်းက မင်းလဲ အားလ်စ်ကိုရောက်တယ်လို့ မင်းပြောခဲ့တယ်နော်၊ ဒါဆိုရင် ရာချယ်အကြောင်းကိုရော မင်းသိသလား " ဟု မေးသည်။

" ရာချယ်ဟာ ချစ်စရာကောင်းတဲ့ ကောင်မလေးပါ "

" မင်း မကန့်ကွက်ဘူးဆိုပါတော့ "

" ရှင်ဟာ ယောကျ်ားတစ်ယောက်ပါ ဗင်းဆင့်၊ မိန်းမတော့ရှိရမှာပေါ့၊ အချိန်မတန်သေးလို့ ကျွန်မရှင့်ဆီရောက်မလာခင်မှာ ရှင်ကြိုက်တဲ့နေရာကိုသွားနိုင်ခွင့်ရှိတာပေါ့၊ ဒါပေမယ့် အခု ကျွန်မရောက်လာပြီဆိုတော့ . . . "

" မင်းရောက်လာတော့. . . "

" ရှင်ဘယ်ကိုမှ သွားဖို့မလိုတော့ဘူးပေါ့ "

" မင်းဆိုလိုတာက . . . "

" ဒါပဲပေါ့အချစ်ရယ်၊ ကျွန်မကရှင့်ကိုချစ်နေတာပဲဟာ "

" မင်းကဘာကြောင့်ချစ်နေရတာလဲ၊ မိန်းမတွေက ငါ့ကိုအလွန်ရွံရှာကြစက်ဆုပ်ကြတာ "

" ရှင်ဟာ အချစ်အတွက်မှမဟုတ်တာ၊ ရှင့်မှာက အချစ်အပြင် လုပ်စရာတခြားအလုပ်တွေက ရှိနေသေးတာပဲ "

" အလုပ်. . . ဘာအလုပ်လဲ၊ ဒီအလုပ်ကြောင့်ငါဟာ အရူးတစ်ကောင်ဖြစ်ခဲ့ရတာ၊ ငါဆွဲထားတဲ့ ပန်းချီတွေရာနဲ့ချီပြီးရှိတာတော့မှန်ပါရဲ့၊ အဲဒီကားတွေကဘယ်လောက်များ အဖိုးတန်လို့လဲ။ လိုချင်တဲ့လူဘယ်သူမှမရှိဘူး၊ ဘယ်ကောင်ကဝယ်မှာတဲ့လဲ၊ ချီးမွမ်းမယ့်ကောင်ဆိုလို့လဲ တစ်ကောင်မှမရှိဘူး၊ " ဒီလူဟာသဘာဝကို သိပ်နားလည်တယ်၊ သဘာဝရဲ့အလှကိုအရအမိဆွဲထားတာများသိပ်ကောင်းတာပဲ " ဆိုတဲ့ စကားမျိုးပြောတဲ့လူကော ရှိလို့လား "

" အဲဒီစကားတွေကို နောင်တစ်ချိန်ကျရင် တစ်ကမ္ဘာလုံးကပြောလာမှာပါ. . . ဗင်းဆင့်ရယ် "

" နောင်တစ်ချိန်တဲ့၊ ဟား. . . ဘယ်လောက်ကောင်းတဲ့အိပ်မက်လဲ။ တစ်နေ့ကျရင်ငါဟာ အိမ်နဲ့ယာနဲ့၊ သားနဲ့မယားနဲ့၊ ပန်းချီကားတွေကရတဲ့ငွေကလဲလက်ထဲမှာ အလုံအလောက်။ အလွန်ကောင်းတဲ့ စိတ်ကူးယဉ်အိပ်မက်ပဲ၊ ဒီမှာ. . . ငါပြောမယ်။ ငါပန်းချီဆွဲလာတာ ရှစ်နှစ်ရှိသွားပြီ၊ ငါ့ပန်းချီကားကိုဝယ်ချင်တဲ့လူ ဒီနေ့အထိ တစ်ကောင်တစ်မြီးမှ ပေါ်မလာသေးဘူး၊ အဲဒီတော့ငါဘာကောင်လဲ သိလား၊ ငါဟာ အရူးတစ်ကောင်ပဲပေါ့ "

" ကျွန်မသိပါတယ်၊ ရှင်ဟာအရူးပါ။ ဒါပေမယ့် ဂုဏ်ကျက်သရေနဲ့ပြည့်စုံတဲ့ အရူးတစ်ယောက်ပါ၊ ရှင်မရှိတော့တဲ့အချိန်ကျရင် တစ်ကမ္ဘာလုံးကရှင်ပြောပြဖို့ကြိုးစားခဲ့သမျှအားလုံးကို နားလည်လာကြမှာပါ၊ ဒီနေ့မှာ ဖရန့်ငွေတစ်ရာလောက်မှပေးပြီးမဝယ်ခဲ့တဲ့ ပန်းချီကားတွေဟာ နောင်တစ်နေ့ကျရင် ဖရန့်ငွေတစ်သန်းပေးပြီး ဝယ်လာကြမှာပါ။

" ရှင်ကပြုံးတယ်ပေါ့လေ. . . ၊ ပြုံးချင်ပြုံးပါ၊ ဒါပေမယ့် ကျွန်မအခုပြောတဲ့စကားတွေမှန်လာမှာပါ၊ ရှင့်ပန်းချီကားတွေကို နောင်တစ်ချိန်ကျရင် အမ်စတာဒမ်၊ ဟော့ဂ်၊ ပါရီ၊ ဒရက်စ်ဒင်၊ မြူးနစ်၊ ဘာလင်၊ မော်စကိုနဲ့ နယူးယောက် စတဲ့

မြို့ကြီးတွေက ပြတိုက်ကြီးတွေထဲမှာ တခန်းတနား ချိတ်ဆွဲထားတာကို မြင်ကြရမှာပါ။ ရှင့်ပန်းချီကားတွေဟာ တန်ဖိုးမဖြတ်နိုင်တဲ့အထိဖြစ်လာပါလိမ့်မယ်၊ ဘာကြောင့်လဲဆိုတော့ ဝယ်သူပဲရှိပြီး ရောင်းသူလုံးဝမရှိတော့လို့ပေါ့။

" ရှင့်ရဲ့ ပန်းချီကားတွေအကြောင်း ရေးထားတဲ့စာအုပ်တွေလဲထွက်လာပါလိမ့်မယ်. . . ရှင့်ရဲ့ဘဝကိုအခြေခံထားတဲ့ ဝတ္ထုရှည်ကြီးတွေနဲ့ ပြဇာတ်တွေလည်းပေါ်လာပါလိမ့်မယ်၊ ပန်းချီကို မြတ်နိုးချစ်ခင်တဲ့ လူတွေရဲ့ကြားမှာ ဗင်းဆင့်ဗင်ဂိုးဆိုတဲ့ ရှင့်နာမည်ဟာ တလေးတစားနဲ့ အထွက်အမြတ်ပြုရမယ့် နာမည်ဖြစ်လာမှာပါ ဗင်းဆင့်ရယ် "

" အင်း. . . ငါ့အဖြစ်က အိပ်မက် မက်နေတာလား. . ရူးနေတာလား မသိနိုင်တော့ပါဘူး "

" လာပါ၊ ကျွန်မဘေးမှာထိုင်ပါ "

နေသည် ခေါင်းပေါ်တည့်တည့်သို့ရောက်နေပြီ။ တောင်နံရံနှင့် တောင်ကြားလွင်ပြင်တို့သည် အဝါရောင်လွှမ်းနေကြ၏။ ဗင်းဆင့်သည် အမျိုးသမီး၏ဘေးတွင်လှဲနေသည်။ ရာချယ်နှင့်ရော်လင်တို့မှတစ်ပါး အခြားစကားပြောစရာလူတစ်ဦးမျှမရှိခဲ့သည်မှာ ခြောက်လပင်ရှိခဲ့လေပြီ။ သူ့ရင်ထဲတွင် ပြောချင်သည့် စကားများဖြင့် ပြည့်ကျပ်နေသည်။ သူ့အားစိုက်ကြည့်နေသည့် အမျိုးသမီးအား သူပြောချင်နေသည့် စကားများကို ကရားရေလွှတ်တတွတ်တွတ်ပြောနေသည်။

အာဆူလာ့အကြောင်းနှင့် သူ ဂေါပစ်လ်ပန်းချီဆိုင်၌ အရောင်းစားရေးလုပ်ခဲ့ရသည့် အကြောင်းကိုစပြောသည်။ ထို့နောက်သူ၏ရုန်းကန်လှုပ်ရှားမှုများနှင့် ဝမ်းနည်းကြေကွဲခဲ့ရသည့် အဖြစ်များ၊ ကေးအပေါ်၌ထားရှိခဲ့သည့် သူ၏ချစ်မေတ္တာ၊ သူ့ဘဝကို ခရစ္စတင်းနှင့်လက်တွဲပြီး ပြန်လည်တည်ဆောက်ဖို့ ကြိုးပမ်းခဲ့ရပုံ၊ ပန်းချီအပေါ်၌ ထားရှိခဲ့သည့် သူ့မျှော်လင့်ချက်များ၊ သူ့အားနာမည်အမျိုးမျိုးပေး၍ သရော်ခံခဲ့ရခြင်းများ၊ သူရရှိခဲ့သည့် ဒဏ်ရာဒဏ်ချက်များ၊ သူဘာ့ကြောင့် သူ့ပန်းချီကားတွေကို ခပ်ကြမ်းကြမ်းဆွဲခဲ့ရသည့် အကြောင်း၊ အပြီးမသတ်ပဲ ထားခဲ့သည့် သူ့ပန်းချီကားများအကြောင်း၊ အရောင်နှင့် ပတ်သက်၍ သူ၏ပေါက်ကွဲမှု များ၊ ပန်းချီပညာနှင့် ပန်းချီဆရာများအတွက် သူလုပ်လိုသော အလုပ်များ၊ သူအပင်ပန်းခံ၍ လုပ်ခဲ့ရသည့် အလုပ်များကြောင့် သူ့ခန္ဓာကိုယ် ပျက်စီးခဲ့ရပုံများ။

သူသည် ပြောရင်းပြောရင်းနှင့် အပြင်းအထန်စိတ်လှုပ်ရှားလာ သည်။ လက်ဟန်ခြေဟန်တွေပါလာသည်။ ကိုယ်နှုတ်အမူအရာများသည် နှုသည့်

အခါနှု၍ ကြမ်းသည့်အခါ ကြမ်းတမ်းလာသည်။ သူ့နှလုံးခုန်သံသည် မြန်လာလိုက် နှေးလာလိုက်. . . ၊ သူ့တစ်ကိုယ်လုံးတွင် သွေးများဆူလာသည်။ တုန်ယင် လှုပ်ရှားလာသည်။

" ကျွန်မပါးကို နမ်းပါ " ဟု အမျိုးသမီးကပြောသည်။ ဗင်းဆင့်က သူမ၏ နှုတ်ခမ်းကိုနမ်းသည်။ အမျိုးသမီးက သူ့အနမ်းကိုတုံ့ပြန်သည်။ ထို့နောက် ပြင်းထန်သော ဆန္ဒရမွက်များ. . . သူသည်ပင်ပန်းနွမ်းလျစွာဖြင့် သူမ၏လက်ထဲတွင်အိပ်ပျော်သွားလေသည်။

သူအိပ်ပျော်နေရာမှ နိုးလာသည့်အခါ သူတစ်ဦးတည်းဖြစ်နေသည်။ နေသည် အနောက်ဖက်မိုးကုပ်စက်ဝိုင်းဆီသို့ ဆင်းသွားလေပြီ။ သူ၏ပါးတစ်ဖက်တွင်ရှဲ့များပေကျံလျက်ရှိသည်။ သူသည် ကုတ်အင်္ကျီကို ကောက်ဝတ်ကာ ပန်းခြံကားတင်ခုံကို ကျောတွင် ပိုးလိုက်သည်။ ထို့နောက် အမှောင်ရိပ်များကျဆင်းနေသော လမ်းအတိုင်းလျှောက်ကာ အိမ်သို့ ပြန်လာခဲ့၏။

အိမ်ရောက်သည့်အခါ ပစ္စည်းများကို ချထားပြီး ကော်ဖီသောက်ရန် အပြင်သို့ထွက်လာခဲ့သည်။ ဆိုင်ထဲရောက်သည့်အခါ စားပွဲ၌ ထိုင်၍ကြုံခဲ့ရသည့် ဖြစ်ရပ်များကို ပြန်စဉ်းစားသည်။ "မာယာ" ဟု တီးတိုးရေရွတ်သည်။ " မာယာ ဆိုတဲ့ နာမည်ကို ငါအရင်က ကြားခဲ့ဖူးတယ်၊ အခုဟာ ဘာအဓိပ္ပာယ်လဲ. . . ဘာကိုဆိုလိုတာလဲ "

သူသည် နောက်ထပ်ကော်ဖီတစ်ခွက်မှာသောက်ပြန်သည်။ နောက်တစ်နာရီခန့်အကြာတွင် သူသည် အိမ်သို့ပြန်လာသည်။ အေးမြသောလေသည် တိုက်ခတ်စပြုနေပြီ။ လေနှင့်အတူ မိုးနံ့သည် လိုက်ပါလာနေပြီဖြစ်၏။ သူသည် မှန်အိမ်ကိုထွန်းလိုက်သည်။ မှန်အိမ်မီးရောင်သည် တစ်ခန်းလုံးကို လွှမ်းခြုံသွားသည်။ သူ့မျက်လုံးအစုံသည် မွေ့ယာပေါ်မှအရောင်တစ်ခုဆီသို့ ရောက်သွားသည်။ သူသည်အံ့အားသင့်နေသည်။ ယနေ့သူအိမ်အပြန်တွင် ဆေးရောင်ဟူ၍ တစ်စက်ကလေးမှမရှိသည့် ကင်းဗတ်ကိုယူလာခဲ့သည်ဟု သူထင်ထား၏။ အခုတော့ သူထင်သလိုမဟုတ်။ သူသည်မွေ့ယာပေါ်မှ ကင်းဗတ်ကို ကောက်ယူလိုက်သည်။ ယနေ့မနက် သူယူသွားခဲ့သည့် ကင်းဗတ်ပင်ဖြစ်၏။

သူသည် ကင်းဗတ်ပေါ်မှ ထူးခြားခမ်းနားသည့် အရောင်များကိုမြင်နေရသည်။ သူမြတ်နိုးခဲ့သော ပန်းခြံပင်ဖြစ်ပါ၏။ ပုလင်းပုံသဏ္ဌာန်ပေါက်နေသည့် ဆိုက်ပရပ်စ်ပင် နှစ်ပင်၊ လိမ္မော်ရောင်အရွက်များဖြင့် ပြည့်နေသည့် သစ်အယ်ပင်သုံးပင်၊ မရမ်းရောင်နှင့် ရှောက်ရောင်ခပ်ဖျော့ဖျော့ ပေါင်းစပ်ထားသည့် ပင်စည်ရှိ

နေသော ကျောက်ထင်းရှူးပင်၊ ကြက်သွေးရောင်အရွက်များဖုံးအုပ်နေသည့် သွေးနီရောင် ခြုံပုတ်နှစ်ခု၊ ရှေ့မျက်နှာတွင် သဲမြေနှင့် မြက်၊ ပြီးတော့ အပေါ်မှ အုပ်မိုးနေသည့်အပြာရောင်ကောင်းကင်နှင့် ရဲရဲတောက်နေသော နေရောင်။

သူသည် မတ်တပ်ရပ်ကာ ပန်းချီကားကို မိနစ်ပေါင်းများစွာ ကုန်လွန်သွားသည်အထိ စိုက်ကြည့်နေသည်။ ထို့နောက် ပန်းချီကားကို နံရံတွင်ချိတ်လိုက်သည်။ သူသည် မွေ့ယာပေါ်၌ တင်ပလ္လင်ခွေထိုင်ကာ နံရံပေါ်မှ ပန်းချီကားကို စေ့စေ့စပ်စပ်ထပ်၍ ကြည့်နေပြန်သည်။

" ဒီကား ကောင်းတယ် " ဟု အသံထွက်၍ပြောသည်။

(၇)

ဆောင်းဝင်လာပြီ။ ဗင်းဆင့်သည် အပြင်သို့မထွက်တော့ပဲ သူ၏နွေးထွေးသော စတူဒီယိုအခန်းထဲ၌သာ အချိန်ကုန်လျက်ရှိသည်။ ဗင်းဆင့်သည် သူ၏အိမ်ဝါကြီးကို သူနှင့် ဂေါဂင်တို့အတွက်သာမဟုတ်။ တောင်ပိုင်းပန်းချီဆရာများအတွက်ပါ စတူဒီယိုအဖြစ်အသုံးပြုမည်ဟု စိတ်ကူးသည်။ ဤအိမ်ကြီးသို့လာရောက်နေထိုင်ပြီး ပန်းချီဆွဲလိုသည့် မည်သည့်ပန်းချီဆရာကို မဆို လက်ခံမည်။ ယင်းသို့လက်ခံရသည့်အတွက် ထိုပန်းချီဆရာ၏ ပန်းချီကားတစ်ကားကို တစ်လလျှင်တစ်ကားကျယူ၍ သီအို့ထံပို့မည်။ သီအို့၏ လက်ထဲ၌ အင်ပရက်ရှင်းနစ္စ ပန်းချီကားများ အလုံအလောက်ရှိလာသည့်အခါ ဂေါပစ်လ်ကုမ္ပဏီမှ အလုပ်ထွက်ခိုင်းပြီး ပါရီမြို့ပေါ်မှာပင် သီအို့ပိုင် ပန်းချီ အရောင်းဆိုင်တစ်ဆိုင် ဖွင့်ခိုင်းမည်ဟု စိတ်ကူးစီစဉ်ထားသည်။

ထိုစိတ်ကူးအရ ဗင်းဆင့်သည် အိမ်ဝါကြီးကို ကျကျနန မွမ်းမံသည်။ ပြင်ဆင်သည်။ နံရံများပေါ်တွင်လည်း သူ့ပန်းချီကားများကို ချိတ်သည်။ သူ့အခန်းကိုရော ဂေါဂင်အတွက်လျာထားသည့် အခန်းကိုပါ သူစိတ်တိုင်းကျဖြစ်အောင်ပြင်ဆင်မွမ်းမံသည်။ ငွေကြေးအလုံအလောက်မရှိသဖြင့် ထုထဲည်ကြီးမားသော ပစ္စည်းများကို ဝယ်ချင်သော်လည်း မဝယ်နိုင်၊ အသေးအဖွဲကလေးများကိုသာဝယ်နိုင်သည်။

ဤကာလအတွင်း ကိုယ်ဟန်ပြဌာန်းရန် ငွေကြေးမတတ်နိုင်သဖြင့် မှန်

ရှေ့၌ ရပ်ကာ မှန်ထဲ၌ထင်ဟပ်နေသော သူ့ရုပ်လွှာကို ကိုယ်ဟန်ပြအဖြစ်ထား၍ အကြိမ်ပေါင်းများစွာ ပုံတူဆွဲသည်။ တစ်ခါတစ်ရံတွင် ရာချယ်ရောက်လာပြီးကိုယ်ဟန်ပြပေးသည်။ မဒမ်ရော်လင်ကလည်း တစ်ပတ်လျှင် တစ်ရက်လာ၍ ကိုယ်ဟန်ပြပေးသည်။ သူအရက်သွားသောက်နေကျ ကဖီးဆိုင်ပိုင်ရှင်၏ဇနီး မဒမ်ဂျီနီရော့စ်ကလည်း အားလ်စီယန်အမျိုးသမီးဝတ်စုံဖြင့် ကိုယ်ဟန်ပြပေးသည်။

မဒမ်ဂျီနီရော့စ်၏ ပုံတူကိုရေးဆွဲရာ၌ ကင်းဗတ်ပေါ်၌တစ်နာရီမျှနှင့် အပြီးသတ်နိုင်ခဲ့၏။ နောက်ခံကို ရှောက်ရောင် ခပ်ဖျော့ဖျော့ ပေးထားသည်။ မျက်နှာကိုမီးခိုးရောင်၊ အဝတ်အစားကို အနက်ရောင်ပေးပြီး အပြာနုရောင်နှင့် ရောပေးသည်။ သူသည် မဒမ်ဂျီနီရော့စ်အား လိမ္မော်ရောင် လက်တင်ကုလားထိုင်ပေါ်၌ထိုင်ခိုင်းကာ အစိမ်းရောင်စားပွဲခင်းပေါ်၌ တံတောင်နှစ်ဖက်ထောက်ခိုင်းပြီး ရေးဆွဲထားခြင်းဖြစ်လေသည်။

တစ်ကြိမ်တွင် ပြင်သစ်စစ်တပ်မှ အယ်လ်ဂျီးရီးယန်းနွယ်ဝင် ဇူးအော့ဗ်လူမျိုးလူငယ်တစ်ဦးသည် ဗင်းဆင့်ပေးနိုင်သော ငွေစအနည်းငယ်မျှဖြင့် ကိုယ်ဟန်ပြပေးသည်။ ဇူးအော့ဗ်လူငယ်သည် မျက်နှာက သေးသွယ်သွယ်၊ လည်ပင်းက တုတ်ခိုင်ခိုင်၊ မျက်လုံးက ကျားတစ်ကောင်မျက်လုံးနှင့်တူသည်။ ဗင်းဆင့်သည် ဇူးအော့ဗ်၏ပုံကိုဆွဲရာ၌ ခန္ဓာကိုယ်အပေါ်ပိုင်းတစ်ဝက်ကို ကြွေရောင်ထနေသည့် အပြာရောင်ကိုသုံးသည်။ လူငယ်၏ ယူနီဖောင်းအရောင်အတိုင်းဖြစ်သွားအောင် ထိုအရောင်ကို ပေးခြင်းဖြစ်၏။ ပန်းပွားကို နီဝါရောင်ပေးထားသည်။ ဦးခေါင်းထက်မှ ကက်ဦးထုပ်ကို နီရဲရဲအရောင်ပေးသည်။ နောက်ခံသည် အစိမ်းရောင်ဖြစ်၏။ ထိုပန်းချီကားထက်၌ အရောင်ပေးထားပုံများသည် လိုက်ဖက်မည်သော အရောင်အသွေးများကို ခပ်ကြမ်းကြမ်းစပ်ဟပ်ပြီး ပေးထားသလိုဖြစ်နေသည်။ သို့သော်လည်း ထိုပုံသည် ဆွဲထားသည့် အကြောင်းအရာ၏ အကျင့်စရိုက်နှင့် အံဝင်ခွင်ကျဖြစ်လွန်းလှချေသည်။

ဗင်းဆင့်တွင် အားလပ်ချိန်ဟူ၍ မရှိ။ ပြတင်းပေါက်နား၌ နာရီပေါင်းများစွာထိုင်ကာ ခဲတံတစ်ချောင်းဖြင့် ပုံဆွဲနည်းဆွဲဟန် နည်းပညာများကို လက်တွေ့ဆွဲပြီး ရှာဖွေနေလေ့ရှိသည်။ ယောကျ်ားပုံ၊ မိန်းမပုံ၊ လူငယ်ပုံ၊ ကလေးသူငယ်ပုံ၊ မြင်းပုံ၊ ခွေးပုံစသည်များကို အချိုးအစားပြေပြစ်နေအောင် ပုံစံအမျိုးမျိုးထား၍ ဆွဲနေခြင်းဖြစ်၏။ ထို့ပြင်လည်း ထိုနှစ်နွေရာသီက သူဆွဲထားခဲ့သော ပန်းချီကားများထဲမှ သူနှစ်သက်သော ကားများကိုထပ်မံ၍ ပုံတူများကူးဆွဲခြင်းလည်း ပြုလေသည်။

ထိုကာလအတွင်းမှာပင် သီအိုသည် ရုတ်တရက်ကွယ်လွန်သွားသော ဗင်ဂိုးမျိုးနွယ်ဦးကြီးတစ်ယောက်ထံမှ အမွေအနည်းငယ်ကိုရရှိခဲ့သည်။ သူ့အစ်ကိုဗင်းဆင့်သည် သူ့မိတ်ဆွေပေါလ်ဂေါဂင်အား သူနှင့်အတူနေစေလိုသော ဆန္ဒပြင်းပြနေသည်ကို သီအိုသိထားသည်။ ထိုဆန္ဒကို သူလိုက်လျောချင်သော်လည်း ငွေကြေးအကုန်အကျမခံနိုင်သဖြင့် ဥပေက္ခာပြုထားခဲ့ရ၏။ ယခုအမွေရလာသည့် အခါ ရင်ွေ၏ တစ်ဝက်ခန့်ကိုသုံး၍ ဂေါဂင်အား ဗင်းဆင့်ရှိရာအားလ်စ်မြို့သို့ ပို့ဆောင်ပေးရန်ဆုံးဖြတ်လိုက်လေသည်။

အားလ်စ်သို့ တကယ်တန်းသွားရတော့မည်ဟု သိရသောအခါ ဂေါဂင်သည် စိတ်မပါသလိုဖြစ်လျက်ရှိ၏။ ဗင်းဆင့်မသိနားမလည်သော အကြောင်းများကြောင့် ဂေါဂင်သည် ရုတ်တရက်ရောက်မလာ။ သူသည် ပွန့်အေဗင်းမှာပင် ဆက်လက်၍နေတော့မည်လားမသိ၊ ဤသို့ဖြင့် နွေဦးပေါက်ရာသီသို့ဝင်လာသည်။ ဗင်းဆင့်၏ ပတ်ဝန်းကျင်တွင် ပန်းမျိုးစုံပွင့်ဖူးလာကြပြန်လေပြီ၊ ဗင်းဆင့်သည် ပန်းခြံတင်ခုံနှင့် ပစ္စည်းကိရိယာအိတ်ကို ကျောပိုးကာ နေ့စဉ်နေ့တိုင်းအပြင်သို့ ထွက်နေရပြန်လေပြီ။

မကြာခင် နွေရာသီသည် ပီပြင်စွာပေါ်လာသည်။ နွေရာသီနှင့်အတူ ဗင်းဆင့် မျှော်လင့်စောင့်စားနေသော ပေါ်လ်ဂေါဂင်သည်လည်း ဆိုက်ရောက်လာခဲ့လေသည်။

ပေါလ်ဂေါဂင်သည် အားလ်စ်မြို့သို့ အရုဏ်မတက်မီရောက်သည်။ သူသည် ဘူတာအနီးရှိညလုံးပေါက် ကဖီးဆိုင်၌ ဝင်ထိုင်ကာ မိုးအလင်းကိုစောင့်နေရသည်။ ဆိုင်ရှင်သည် သူ့မျက်နှာကိုကြည့်ပြီး. . . “ ခင်ဗျားဟာ သူငယ်ချင်းဖြစ်ရမယ်၊ ခင်ဗျားကို ကျုပ်မှတ်မိတယ် ” ဟု အော်ကြီးဟစ်ကျယ်ပြောသည်။

“ ဘာတွေလာပြောနေတာလဲ ” ဟု ဂေါဂင်ကရေရွတ်သည်။

“ မွန်စီယာ ဗင်းဆင့်ဗင်ဂိုးက ခင်ဗျား သူ့ဆီပို့ပေးလိုက်တဲ့ လူပုံတစ်ပုံကျုပ်ကိုပြဖူးတယ်။ အဲဒီပုံထဲကလူဟာ ခင်ဗျားနဲ့ သိပ်တူတယ် မွန်စီယာ ”

ဂေါဂင်သည် ဗင်းဆင့်အား အိပ်ရာမှ နှိုးသည်။ သူတို့နှစ်ဦး၏တွေ့ဆုံးခြင်းသည် သာယာကြည်နူးစဖွယ်ကောင်းသည်။ ဗင်းဆင့်သည် ဂေါဂင်အား သူ့အိမ်ဝါကြီးကို တစ်ခန်းဝင်တစ်ခန်းထွက် လိုက်ပြသည်။ ပါလာသည့် ပစ္စည်းများကိုကူညီပြီး နေရာချထားပေးသည်။ ပါရီမြို့တော်မှ သတင်းစုံကို အငမ်းမရမေးသည်။ သူတို့သည် နာရီပေါင်းများစွာ စကားလက်ဆုံကျနေကြသည်။

“ ဘယ်လိုလဲဂေါဂင်၊ ခင်ဗျား ဒီနေ့ပဲ အလုပ်စလုပ်မလား ”

" ဟာဗျာ. . . ခရီးရှည်ကြီးကလာခဲ့ရတဲ့လူ၊ အခုမှရထားပေါ်က ဆင်းလာစ ဘယ်လိုလုပ်ပြီးအလုပ်လုပ်နိုင်ပါ့မလဲ "

" ကျွန်တော်က မေးကြည့်တာပါ "

" ဒါဆိုရင် နောက်ကို မိုက်မဲတဲ့မေးခွန်းတွေ မမေးနဲ့ဗျာ "

" ကျွန်တော်လဲ ဒီနေ့ အလုပ်မလုပ်တော့ဘူး။ နားလိုက်မယ်။ ကဲ. . လာ။ ကျွန်တော် ခင်ဗျားကို မြို့ထဲလိုက်ပြမယ် "

သူသည်ဂေါဂင်အား ဒီလာမေရီးရပ်ကွက်တွင်းမှ ဖြတ်၍တောင်ကုန်းဆီသို့ခေါ်လာသည်။ မြို့၏နောက်ဖက်ရှိ စျေးလမ်းမအတိုင်းလျှောက်လာခဲ့ကြသည့်အခါ ကွင်းထဲ၌ စစ်ရေးလေ့ကျင့်နေကြသော ဇူးအော့ဗ်စစ်သားများကိုမြင်ကြရသည်။ သူတို့သည် အားလ်စီယန်မြို့သူမြို့သားများကြားမှ ဖြတ်လျှောက်လာခဲ့ကြ၏။

" ခင်ဗျားအားလ်စ်စီယန်တွေကို ဘယ်လိုမြင်သလဲ " ဟု ဗင်းဆင့်ကမေးသည်။ " သူတို့ရဲ့အသားအရောင်ကို ပြောတာငါလူ၊ နေ လောင်ထားတဲ့သူတို့အသားရောင်ဟာ မထူးခြားဘူးလား "

ဂေါဂင်က သူ့အမေးကိုမဖြေ။ " ဒီမြို့မှာ မိန်းမရွှင်အိမ်တွေရှိတယ်မဟုတ်လား၊ အခြေအနေဘယ်လိုရှိသလဲဗင်းဆင့် " ဟု ပြန်မေးသည်။

" ဇူးအော့ဗ်စစ်သားတွေအတွက် ထောင်ထားတဲ့ ပြည့်တန်ဆာအိမ်တွေကလွဲပြီး တခြားမရှိဘူးငါလူ၊ စျေးကတော့ ငါးဖရန့်နှုန်းသတ်မှတ်ထားတယ် "

အိမ်သို့ပြန်ရောက်သည့်အခါ သူတို့၏ နေရေးထိုင်ရေးအတွက်ပြင်ဆင်ခင်းကျင်းကြသည်။ နံရံတွင် သစ်သားသေတ္တာသေးသေးတစ်လုံးကို သံရိုက်ပြီးချိတ်ကာ သူတို့ပိုင်ငွေတစ်ဝက်စီထည့်လိုက်ကြသည်။ ဆေးတံသောက်ဆေးဝယ်ရန်၊ အရေးပေါ်အသုံးစားရိတ်နှင့် အိမ်လခအတွက် သုံးစွဲသွားရန်ဟူသောရည်ရွယ်ချက်နှင့် ထည့်ထားကြခြင်းဖြစ်သည်။ သေတ္တာထိပ်ဖက်တွင် မှတ်စုစာအုပ်ကလေးတစ်အုပ်နှင့် ခဲတံဟစ်ချောင်းချိတ်ထားလိုက်သည်။ ငွေယူလျှင်မှတ်သားရန်ဖြစ်၏။ ထိုသေတ္တာ၏ဘေးတွင် နောက်တစ်လုံးထပ်ချိတ်ကာ သူတို့အိတ်ကပ်ထဲမှ ကျန်ငွေကိုထည့်လိုက်ကြသည်။ ထိုငွေသည် သီတင်းလေးပတ်စာ အစားအသောက်အတွက် သုံးစွဲသွားရန် ဖြစ်လေသည်။

" ခင်ဗျားဟာ ထမင်းချက်ကောင်းတစ်ယောက်မဟုတ်လား ဂေါဂင်"

" သိပ်မှန်တာပေါ့ဗျာ။ ကျွန်တော်က သဘော်သားလုပ်ခဲ့ သေးတာပဲ"

" ဒါဆိုရင် နောက်ပိုင်းမှာ ခင်ဗျားပဲ အချက်အပြုတ်တာဝန်ယူပေတော့၊

ဒါပေမယ့် ဒီတစ်ညတော့ ကျွန်တော် စွပ်ပြုတ်ကောင်းကောင်းပြုတ်ပေးမယ် ”

ထိုညစွပ်ပြုတ်တိုက်သည့်အခါ ဂေါဂင်သည် လုံးဝမသောက်နိုင်ချေ။

“ ခင်ဗျား ဘာတွေထည့်ပြီးပြုတ်ထားတာလဲ ဗင်းဆင့်ရာ။ ခင်ဗျားရဲ့ ပန်းချီကားတွေထဲမှာ အရောင်မျိုးစုံတွေ ရောစပ်ပြီးထည့်ဆွဲထားသလို စွပ်ပြုတ်ထဲမှာလဲ တွေ့ကရာရှစ်သောင်းတွေ ရောမွှေထားပုံရတယ် ”

“ ကျွန်တော့်ပန်းချီကားတွေထဲက အရောင်တွေက ဘာတွေဖြစ်နေလို့လဲ ”

“ ကိုယ့်လူရယ်. . . ခင်ဗျားဟာက အခုချိန်ထိအတွေးအခေါ်အဲ့ယူအဆတွေလွဲနေတုန်းပဲ၊ ခင်ဗျားအနေနဲ့ အခုလက်ရှိသုံးနေတဲ့ နည်းကိုစွန့်လိုက်ရင် သိပ်ကောင်းသွားမယ်လို့ ထင်တယ်။ အခု ခင်ဗျားသုံးနေတဲ့နည်းက ခင်ဗျားရဲ့ သဘာဝနဲ့ လုံးဝမကိုက်ဘူး ”

ဗင်းဆင့်သည် သူ့စွပ်ပြုတ်ပန်းကန်ကို ဘေးသို့ တွန်းဖယ်လိုက်သည်။

“ ခင်ဗျားက တစ်ချက်ကလေးပဲကြည့်ပြီး ပြောတာကိုး။ သိပ်ကိုတော်တဲ့ ဝေဖန်ရေးဆရာကြီးတစ်ယောက်ပါလား ” ဟု ပြောသည်။

“ ခင်ဗျားဖာသာ ခင်ဗျား ပြန်ကြည့်ပါလား. . . ခင်ဗျားလဲ အကန်းမှ မဟုတ်တာ။ ဥပမာဆိုပါတော့၊ ဟိုအဝါရောင်တွေဟာ မလွန်လွန်းဘူးလား၊ သိပ်များလွန်းတော့ ခင်ဗျားအရောင်သုံးပုံတွေဟာ စည်းစနစ်မရှိတော့ဘူး ”

ဗင်းဆင့်သည် နံရံထက်မှ နေကြာပန်းပန်းချီကားများကို မော့ကြည့်သည်။ “ ဘာလဲ၊ ခင်ဗျားက ကျွန်တော့်ရဲ့ နေကြာပန်းတွေကိုကြည့်ပြီး ပြောနေတာလား ” ဟု မေးသည်။

“ ဘယ်ဟုတ်ပါ့မလဲ ဂျိလူရာ၊ ဝေဖန်မယ်ဆိုရင် တခြားကားတွေထဲမှာလည်းအများကြီးရှိနေတာပဲ ”

“ အဲဒီကားတွေထဲမှာ အပြစ်ပြောစရာဘာတွေ တွေ့နေလို့လဲ ”

“ အဲဒီကားတွေထဲမှာ အရောင်စပ်ပုံနဲ့ တွဲပုံတွေဟာ သဟဇာတမဖြစ်ဘူး၊ သူတို့အားလုံးဟာ တစ်ခုနဲ့တစ်ခုဘာမှ မထူးခြားသလိုပဲ၊ အပြောင်းအလဲမရှိသလိုပဲ၊ ဘယ်ဟာကိုပဲကြည့်ကြည့် လက်စမသတ်ရသေးသလိုဖြစ်နေတယ် ”

“ ဒါဟာ သက်သက်မဲ့လိမ်ပြောနေတဲ့ စကားလုံးတွေပဲ ”

“ အိုဗျာ။ ခင်ဗျားကလဲ. . . လာပါ၊ ထိုင်စမ်းပါ ဗင်းဆင့်ရဲ့၊ ခင်ဗျားကျွန်တော့်ကိုကြည့်နေတဲ့ပုံက သတ်ချင်နေတဲ့ပုံပါလား။ ကျွန်တော်ဟာ ခင်ဗျားထက်ပိုပြီးအသက်လဲကြီးတယ်၊ ရင့်လဲရင့်ကျက်တယ်၊ ခင်ဗျားက အခုမှ ခင်ဗျား

ကိုယ် ခင်ဗျား ရှာတွေ့ဖို့ကြိုးစားနေတုန်းရှိပါသေးတယ်၊ ကျွန်တော်ပြော တာကို နားထောင်စမ်းပါ၊ ခင်ဗျားအတွက် အလွန်အကျိုးရှိနိုင်မယ့် သင်ခန်းစာ တွေပေးစမ်းပါရစေ ”

“ ဝမ်းနည်းပါတယ်၊ ခင်ဗျားကူညီတာကို ကျေးမလိုလားဘူး ”

“ ဒီလိုဆိုရင်လဲ ပထမဆုံးခင်ဗျားလုပ်ရမှာက ခင်ဗျားရဲ့ စိတ်ထဲမှာရှိ နေတဲ့အမှိုက်သရိုက်တွေ အညစ်အကြေးပွေကို လှည်းထုတ်ပစ်လိုက်ပါ၊ ခင်ဗျားဟာ တစ်ချိန်လုံးလိုလို မေဆန်နီးယားနဲ့ မွန်တီဆယ်လီတို့အပေါ်မှာပဲ အစွဲအလန်းထားပြီး အရူးအမူးဖြစ်နေတယ်၊ အမှန်တော့ အဲဒီနှစ်ယောက်ဟာ လုံးဝတန်ဖိုးမရှိတဲ့လူတွေပဲ။ ခင်ဗျားသူတို့ရဲ့ ပန်းချီဆွဲနည်းတွေကို ကိုးကွယ် နေသမျှကာလပတ်လုံး ပန်းချီကားကောင်းဆိုလို့ တစ်ကားမှထွက်လာမှာ မဟုတ်ဘူး ဆရာရေ့ ”

“ မွန်တီဆယ်လီဟာ အလွန်ကြီးကျယ်ထင်ရှားတဲ့ ပန်းချီဆရာကြီးတစ် ယောက်၊ သူ့ခေတ်တုန်းက အရောင်အကြောင်းကို တခြားပန်းချီဆရာတွေထက် ပိုသိ ပိုနားလည်တဲ့ ပုဂ္ဂိုလ်ကြီး ”

“ သူဟာအရက်သမားအရူး၊ သူဘာလဲဆိုတော့ အဲဒါပဲ ”

ဗင်းဆင့်သည် ထိုင်နေရာမှ ဒေါသတကြီးခုန်၍ထလိုက်သည်။ သူ့စွပ် ပြုတ်ပန်းကန်သည် စားပွဲပေါ်မှ ကျပြီး အစိတ်စိတ်အမြွှာမြွှာကွဲသွားသည်။

“ ခင်ဗျား သူ့ကိုဒီလိုမပြောပါနဲ့၊ ကျွန်တော် သူ့ကိုချစ်မြတ်နိုးတာဟာ ကျွန်တော့်ညီ သီအိုကိုချစ်သလိုချစ်တာ၊ သူ့ကို အရက်သမားလို့ ပြောကြတာဟာ သက်သက်မဲ့ မနာလိုလို့ ပြောကြတာ။ အရက်သမားတစ်ယောက်က ဒီလောက် ကောင်းတဲ့ ပန်းချီကားတွေကို ဆွဲနိုင်မလား ”

ဗင်းဆင့်သည် သူ၏ပြင်းထန်သော ဒေါသကို ငြိမ်းအေးသွားအောင် ကြိုးစားသည်။ သို့သော်လည်းမရ။ သူသည် သူ့အိပ်ခန်းဆီသို့ လျှောက်သွားသည်။ အထဲသို့ဝင်ကာ အခန်းတံခါးကို ဒိုင်းခနဲမြည်အောင် ဆောင့်ပိတ်လိုက်လေသည်။

(၈)

နောက်တစ်နေနံ့နက်တွင် နှစ်ဦးစလုံး ညက ရန်ပွဲကိုမေ့သွားကြသည်။ နှစ်ယောက်သား အတူတူထိုင်၍ ကော်ဖီသောက်ကြသည်။ ထို့နောက်ပန်းချီဆွဲ ရန်အတွက် ကိုယ်နှစ်သက်ရာကိုဆွဲနိုင်ဖို့ ကိုယ့်လမ်းကိုယ် ရှာ၍သွားကြသည်။ ညပိုင်းရောက်၍ မောမောပန်းပန်းနှင့် ပြန်လာသော ဗင်းဆင့်သည် ဓာတ်ငွေ့မီးဖို

ကလေးနှင့်ညစာချက်ပြုတ်နေသော ဂေါ်ဂင်ကိုတွေ့ရသည်။ သူတို့သည် ညစာစားရင်း အေးအေးဆေးဆေး စကားပြောကြသည်။ ထို့နောက် သူတို့၏ စကားလမ်းကြောင်းသည် ပန်းချီဆရာများနှင့် ပန်းချီပညာအကြောင်းကို ကူးပြောင်းသွားသည်။ အမှန်တော့လည်း ထိုအကြောင်းအရာသည် သူတို့ နှစ်ယောက်စလုံး အလွန်အမင်းစိတ်ဝင်စားကြသည့် အရာတစ်ခု မဟုတ်ပါလား။

ဤသို့ဖြင့် သူတို့၏ စစ်ပွဲသည် ဆက်လက်ဖြစ်ပွားလျက်ရှိ၏။

ဂေါ်ဂင် အမြတ်တနိုးကိုးကွယ်နေသော ပန်းချီဆရာများသည် ဗင်းဆင့်အတွက် ရှုရှာစက်ဆုပ်စရာလူများဖြစ်သည်။ ဗင်းဆင့် ကိုးကွယ်နေသည့် ပန်းချီဆရာများသည် ဂေါ်ဂင်အဖို့ မုန်းစရာပုဂ္ဂိုလ်များဖြစ်နေသည်။ တခြားအကြောင်းများကို ပြောနေကြသည့်အခါ နှစ်ဦးစလုံး အေးအေးဆေးဆေး ဆွေးနွေးနိုင်ကြသော်လည်း ပန်းချီပညာအကြောင်းပြောသည့်အခါတွင်မူ နှစ်ဦးစလုံးထိန်းမနိုင် သိမ်းမရဖြစ်စမြဲ။ ကိုယ့်အယူအဆ ကိုယ့်ယုံကြည်ချက် များကို အတင်းဖက်တွယ်ထားကြသည်။ ငြင်းကြ ခုံကြသည်။ အပြင်းအထန် တိုက်ခိုက်ကြသည်။

ဂေါ်ဂင်သည် ခွန်အားဗလအရာတွင် ဗင်းဆင့်ထက် နှစ်ဆမျှပိုသူဖြစ်သည်။ သို့သော်လည်း ဗင်းဆင့်သည် ဆင်ခြေဆင်လက်အမျိုးမျိုးပေး၍ အငြင်းအခုံပြုရာ၌ဂေါ်ဂင် အားကောင်းစွာယှဉ်ပြိုင်နိုင်သူဖြစ်၏။ ကြောက်စဖွယ်ကောင်းလောက်အောင် ငြင်းခုံအပြီးတွင် နှစ်ဦးစလုံးသည် ဘက်ထရီတစ်လုံး အားကုန်သွားသည်နှယ် ပင်ပန်းနွမ်းနယ်သွားကြသည်ချည်းဖြစ်၏။

" ကိုယ့်လူရေ။ ခင်ဗျားဟာ ဘယ်တော့မှ ပန်းချီဆရာတစ်ယောက် မဖြစ်နိုင်ဘူး " ဟု ဂေါ်ဂင်ကပြောသည်။ " ခင်ဗျားဟာ သဘာဝကို အမှန်အတိုင်း မြင်အောင်မှ မကြည့်တတ်တာပဲ၊ ခင်ဗျားအနေနဲ့ စတူဒီယိုခန်းထဲ ပြန်ဝင်ပြီး သွေးအေးအေးနဲ့ ပန်းချီဆွဲတဲ့အလုပ်ကို ပြန်လုပ်မှဖြစ်တော့မှာပါ "

" ကျွန်တော်က သွေးအေးအေးနဲ့ ပန်းချီဆွဲချင်စိတ်ရှိတဲ့ကောင်မဟုတ်ဘူး၊ အရူးရဲ့။ အမြဲတန်းသွေးပူပူနဲ့ ဆွဲချင်တဲ့ကောင်၊ ဒါကြောင့်လည်း အားလ်စ်မှာလာနေတာပေါ့ "

" ခင်ဗျား အခုဆွဲထားတဲ့ ကားတွေဟာ ကိုယ်ပိုင်ဉာဏ်မသုံးပဲ သဘာဝကိုမိတ္တူကူးထားတဲ့ပုံတွေပဲ။ ဘာသွားပြီး အသုံးကျမှာလဲ။ ဒီမယ့် ငါ့လူ၊ ခင်ဗျားအနေနဲ့ လက်တန်းဆွဲတတ်အောင် လေ့လာဦးမှဖြစ်မှာ "

" လက်တန်းတဲ့၊ ဘုရားသခင် ကယ်တော်မူပါဦး "

" နောက်တစ်ခု ခင်ဗျားလုပ်သင့်တာက ဆူးရက်ရဲ့ စကားကိုနားထောင်ဖို့ပဲ၊ ပန်းချီဆွဲခြင်းဟာ နားလည်ရခက်လောက်အောင် နက်ရှိုင်းတဲ့ စိတ်ကူးသဘောတွေပါတယ် သူငယ်ချင်း။ ခင်ဗျားပြောချင်တဲ့ ဇာတ်လမ်းတွေနဲ့ ခင်ဗျားညွှန်ပြချင်တဲ့ ကိုယ်ကျင့်တရားတွေအတွက် ပန်းချီပညာထဲမှာ နေရာမရှိဘူး"

" ကျုပ်က ကိုယ်ကျင့်တရားတွေကို ညွှန်ပြနေတယ်ဆိုပါလား၊ ခင်ဗျားရူးနေပြီ ဂေါဂင် "

" ခင်ဗျားအနေနဲ့ တရားဟောချင်တဲ့ ဆန္ဒရှိနေရင်လည်း ဘုန်းကြီးကျောင်းကိုသာပြန်၊ ပန်းချီလာဆွဲမနေနဲ့။ ပန်းချီဆိုတာက အရောင်ရယ်၊ မျဉ်းရယ်၊ ပုံသဏ္ဌာန်ရယ်. . . အဲဒါတွေပဲရှိတယ်။ ပန်းချီဆရာဟာသဘာဝကို တန်ဆာဆင်မွမ်းမံပြီး ပြန်ထုတ်ပြတဲ့သဘောကလွဲလို့ တခြားဘာမှမရှိဘူး "

" မွမ်းမံခြယ်လှယ်တဲ့ ပန်းချီပညာလို့ ခင်ဗျားကပြောနေတယ်၊ ခင်ဗျားအနေနဲ့သဘာဝတရားထဲက အဲသလောက်ပဲယူနိုင်တယ် ဆိုရင်တော့. . . ခင်ဗျားအရင်က လုပ်ခဲ့ဖူးတဲ့ စတော့စျေးကွက်ကိုပဲ ပြန်သွားရင်ကောင်းမယ် "

" တကယ်လို့ ကျွန်တော်ပြန်သွားဖြစ်ရင်လဲ တနင်္ဂနွေနေ့ မနက်တိုင်း ခင်ဗျားဟောမယ့်တရားတော်တွေကို လာပြီးနာပါ့မယ်၊ ခင်ဗျားကကောသဘာဝတရားထဲက ဘာတွေများထုတ်ယူနေပါသလဲ. . . မိန့်တော်မူပါဦး "

" ကျုပ်က သဘာဝတရားထဲက လှုပ်ရှားမှုကိုရယူတယ် ဂေါဂင်။ ပြီးတော့ဘဝရဲ့ အညီအညွတ်ဖြစ်မှုနဲ့ ပြေပြစ်မှုတွေကိုယူတယ် "

" အင်း. . . သွားပါပြီ "

" ကျုပ်အနေနဲ့ နေကိုပန်းချီဆွဲတဲ့အခါ ကြည့်တဲ့လူတွေရဲ့ စိတ်ထဲမှာ နေရဲ့ကြောက်ခမန်းလိလိကြီးမားတဲ့ အရှိန်နဲ့လည်ပတ်မှုကို ခံစားလာရအောင် ဆွဲချင်တယ်၊ အလင်းနဲ့အပူလှိုင်းတွေကိုပြတဲ့အခါမှာလည်း အလွန်အလွန်ကြီးမားပဲ့ပွမ်းဖောက်ကို လူတွေမစား လာရအောင်ပြချင်တယ်၊ ကျုပ်အနေနဲ့ ကျုံခင်းတစ်ခင်းကိုဆွဲပြီဆိုပါတော့. . . ကြည့်တဲ့လူတွေရဲ့ရင်ထဲမှာ ကျုံကိုနောက်ဆုံးအဆင့်ပေါက်ရောက်ကြီးပြင်းပြီး သီးပွင့်လာအောင်လုပ်ပေးနေတဲ့ အတွင်းပိုင်းက အနုမြူမာတ်တွေရဲ့အရှိန်ကိုခံစားသိမြင်လာအောင်ဆွဲချင်တယ်၊ ပန်းသီးတစ်လုံးကိုဆွဲတဲ့အခါမှာလည်း အဲဒီပန်းသီးရဲ့အခွံကို ပေါက်ထွက်လာနိုင်တဲ့အရည်ရဲ့ အရသာကိုခံစား နားလည်လာအောင်ပဲဆွဲချင်တယ်။ အလယ်အူတိုင်က အစေ့တွေဟာသူတို့ရဲ့ မျိုးဆက်ပြန့်ပွားရှင်သန်ဖို့အတွက် အပြင်ကို ထိုးဖောက်ပြီးထွက်လာနိုင်အောင် အားထုတ်နေကြတယ်ဆိုတာကို ခံစားသိရှိစေချင်တယ် "

" ဗင်းဆင့်ရယ်. . . ပန်းချီဆရာတစ်ယောက်အနေနဲ့ အယူအဆတွေ၊ သဘောတရားတွေ လက်ခံမထားရဘူးလို့ ကျွန်တော်ခင်ဗျားကို ပြောခဲ့တဲ့အကြိမ် ပေါင်းဟာ မနည်းတော့ပါဘူး "

" ဟော့ဒီမှာကြည့်၊ ကျုပ်ဆွဲထားတဲ့စပျစ်ခြံ ပန်းချီကား. . . သတိထားနော်၊ အဲဒီထဲကစပျစ်သီးတွေပေါက်ပြီး ခင်ဗျားရဲ့မျက်လုံးကိုစင်သွားမယ်။ ဟောဒီဖက်က ရှိုမြောင်ပုံကိုကြည့်စမ်းပါဦး၊ ဒီရှိုမြောင်ရဲ့ဘေးတစ်ဖက်တစ်ချက်ကို တိုက်စားစီးဆင်းသွားနေတဲ့ ရေတန်ပေါင်းများစွာရဲ့အင်အားကို လူတွေခံစားသိရှိလာအောင်ဆွဲထားတာ၊ ကျုပ်အနေနဲ့ လူတစ်ယောက်ရဲ့ပုံတူပန်းချီကားတစ်ကားဆွဲတဲ့အခါ အဲဒီလူရဲ့ဘဝ ရေစီးကြောင်းကို ကြည့်သူတွေခံစားသိရှိလာအောင်ပဲဆွဲချင်တယ်။ အဲဒီလူမြင်ခဲ့သမျှ၊ လုပ်ခဲ့သမျှနဲ့ ခံစားခဲ့ရသမျှအရာရာတိုင်း ခံစားသိရှိသွားအောင် ဆွဲချင်တာ "

" ခင်ဗျား အခုသောက်ရူးထပြီးပြောနေတဲ့ စကားတွေက ဘာကို ဦးတည်ပြီး ပြောနေတာလဲ ဗိုလ်ချုပ်ကြီးရဲ့ "

" ကျုပ်ဆိုလိုတာက ဒီလိုပါ။ ဂျုံတွေကို တိုးတက်ဖြစ်ထွန်းစေတဲ့ လယ်ကွက်တွေရယ်၊ လျှိုမြောင်ထဲမှာ အရှိန်ပြင်းပြင်းနဲ့စီးဆင်းနေတဲ့ ရေရယ်၊ စပျစ်သီးရဲ့ အရည်ရယ်၊ ပြီးတော့ လူတစ်ယောက်ရဲ့ဘဝရယ်။ အဲဒီအရာတွေ အားလုံးဟာ တစ်ခုတည်းပဲဗျ၊ ပြီးတော့အားလုံးဟာ အတူတူပဲ။ ဘဝထဲမှာ ရှိနေတဲ့ စည်းလုံးမှုဟာ အညီအညွတ်ဖြစ်နေတဲ့ စည်းလုံးမှုပဲ။ ကျုပ်အနေနဲ့ လယ်ကွင်းထဲမှာ လယ်ထွန်နေတဲ့လယ်သမားရဲ့ပုံကို ဆွဲတဲ့အခါမှာ အဲဒီလယ်သမားဟာ မြေကြီးထဲကို စီးဝင်သွားနေတယ်လို့ လူတွေ ခံစားနားလည်စေချင်တယ်။ လယ်သမားအပေါ်၊ လယ်ကွင်းပေါ်၊ ဂျုံခင်းပေါ်၊ ထယ်ရေးထယ်ကြောင်းတွေအပေါ်မှာ ဖြန့်ဖုံးပြီး အဲဒီအရာတွေထဲကို အရောင်စိမ့်ဝင်ပျံ့နှံ့အောင်လုပ်နေတဲ့ နေဆီကိုလဲ အဲဒီအရာတွေက ပြန်ပြီးထိုးဖောက်စိမ့်ဝင်ပျံ့နှံ့အောင် လုပ်နေတယ် ဆိုတဲ့ ခံစားမှုကိုလူတွေရစေချင်တယ် "

" သွားပြီ သွားရှာပြီ. . . ကိုယ့်လူတော့ ရူးပြီ။ ကဲ. . . ကဲ. . . တော်ပါတော့ ဗိုလ်ချုပ်ကြီးရယ်။ ကျွန်တော်တို့အပြင်ထွက်ပြီး အရက်ကလေးတစ်ခွက်တစ်ဖလားမော့ဖို့ အချိန်ကျနေပါပြီ "

✧✧✧✧

ဒုတိယသီတင်းပတ်အကုန်တစ်ရက်တွင် ဂေါဂင်က " ခင်ဗျားပြောတဲ့ ဇိမ်နန်းကိုဒီညသွားရအောင်၊ ကျွန်တော့်အတွက် သဘောကောင်းတဲ့ ဝဝကစ်ကစ် ကောင်မလေးတစ်ယောက်ရှာလို့ ရကောင်းပါရဲ့ " ဟု ပြောသည်။

" ရာချယ်ကိုတော့မကပ်နဲ့ ကိုယ့်လူ၊ သူ့ကိုကျွန်တော်ပိုင်တယ် "

သူတို့သည် မေဆန်ဒီတော်လာရင့်စ်ဇိမ်နန်းသို့ရောက်သွားကြသည်။ ဗင်းဆင့်၏ အသံကိုကြားသည်နှင့်တပြိုင်နက် ရာချယ်သည် အောက်ဘက်ခန်း စကြံန်ဆီသို့ပြေးဆင်းလာပြီး ဗင်းဆင့်အားဖက်ထားသည်။ ဗင်းဆင့်က ဂေါဂင် အား ဇိမ်နန်းပိုင်ရှင်လူးဝစ္စနှင့် မိတ်ဆက်ပေးသည်။

" ခင်ဗျားလဲ ပန်းချီဆရာတစ်ယောက်ပဲလား " ဟု လူးဝစ္စကပြောသည်။ " ဒါဆိုရင်တော့ ကျွန်တော်ပါရီကို မနှစ်ကရောက်သွားတုန်းမှာ ပန်းချီကားနှစ် ကားဝယ်လာခဲ့တယ်၊ သူတို့အပေါ်ထင်မြင်ချက်ကလေး ပေးစေချင်တယ် "

" ဝမ်းသာစွာနဲ့လုပ်ပေးပါ့မယ်၊ ခင်ဗျားဘယ်ဆိုင်က ဝယ်လာတာလဲ"

" ပလေ့စ်ဒီအယ်လ်အော်ပရာရပ်ကွက်ထဲက ဂေါပစ်လ်ဆိုင်ကဝယ် လာခဲ့တာ၊ ဒီကားတွေကိုရှေ့မျက်နှာစာ ခန်းမကြီးထဲမှာ ပြထားတာ။ ဒီဖက်ကိုကြွ ပါ မွန်စီယာ "

ဗင်းဆင့်ကတော့ ရာချယ်ခေါ်ရာနောက်သို့ လိုက်ပါလာခဲ့သည်။ အခန်းထဲရောက်သည့်အခါ ရာချယ်က ဗင်းဆင့်၏ပေါင်ပေါ်တက်ထိုင်သည်။

" ကိုယ်ဒီအိမ်ကိုလာလာနေတာ ခြောက်လတောင်ရှိပြီ " ဟု ဗင်း ဆင့်ကပြောသည်။ " လူးဝစ္စက သူ့ပန်းချီကားတွေအကြောင်းတစ်ခါမှ ပြောလဲမ ပြောဖူးဘူး၊ ထင်မြင်ချက်လဲ မတောင်းခဲ့ဖူးဘူး "

" ရှင် ပန်းချီဆရာတစ်ယောက်ဆိုတာ သူမှမသိတာ ကိုခေါင်းနီရယ်"

" အေးပေါ့လေ၊ ဟုတ်ချင်လဲဟုတ်မှာပေါ့ "

" ရှင် ရာချယ်ကို မချစ်တော့ဘူးလားဟင် " ဟု ရာချယ်က နှုတ်ခမ်းစူ ထားပြီးမေးသည်။

" ဘာကြောင့် ဒီလိုမေးရတာလဲ ချိုးမကလေးရယ် "

" ရှင် ကျွန်မဆီမလာတာ ကြာလှပြီ "

" အော် အဲဒါကြောင့်လား၊ ကိုယ့်သူငယ်ချင်း နေရေးအတွက် စီစဉ်ပေး နေရတော့အလုပ်များနေတယ်၊ အဲဒါကြောင့်ရောက်မလာတာပါ "

" ဒီလိုဆို ကျွန်မဆီမလာပေမယ့် ရှင် ကျွန်မကိုတော့ ချစ်တုန်းပဲပေါ့ လေ ဟုတ်လား "

" ချစ်တုန်းပါပဲကွယ် "

ရာချယ်သည် ဗင်းဆင့်၏သေးငယ် ဝိုင်းစက်သော နားရွက်များကိုအသာအယာလိမ်ဆွဲသည်။ ထို့နောက် တစ်ဖက်ချင်းစီကိုနမ်းသည်။

" တကယ်ချစ်ရင် သက်သေပြတဲ့အနေနဲ့ ရှင့်ရဲ့ရယ်စရာကောင်းတဲ့ နား ရွက်ကလေးတွေ ကျွန်မကိုပေးမလား. . . ပေးမယ်လို့ ကတိပေးရမယ် "

" မင်း ဖြုတ်ယူနိုင်ရင် ယူသွားတော့ "

" ကြည့်စမ်းပါဦး. . . နားရွက်ကလေးတွေက အပ်ချည်နဲ့တွဲချုပ်ထားသလိုပဲ၊ ကျွန်မရဲ့အရုပ်က နားရွက်ကလေးတွေနဲ့ သိပ်ကိုတူတာပဲ "

ထိုအခိုက်တွင် ခန်းမ၏အခြားတစ်ဖက်ရှိ အခန်းထဲမှ အော်သံတစ်သံ ထွက်ပေါ်လာသည်။ စူးစူးဝါးဝါး အော်သံများကိုလည်းကြားရ၏။ ဗင်းဆင့်သည် ရာချယ်အား ပေါင်ပေါ်မှဖယ်ချထားခဲ့ပြီး ခန်းမကြီးကိုဖြတ်ကာ တစ်ဖက်ရှိဧည့်ခန်းဆောင်ထဲသို့ပြေးဝင်သွားသည်။

ဂေါဂင်သည် ကြမ်းပေါ်၌လဲကျကာ အကြောဆွဲလျက်ရှိသည်။ မျက်နှာပေါ်တွင် မျက်ရည်များ စီးကျနေသည်။ မှန်အိမ်ကိုကိုင်၍ရပ်နေသော လူးဝစ္စသည်ဂေါဂင်အား ငုံ့ကြည့်ကာ လက်တစ်ဖက်ဖြင့် လှုပ်နှိုးနေသည်။

" ဂေါဂင်. . . ဂေါဂင်. . . ခင်ဗျားဘာဖြစ်နေတာလဲ "

ဂေါဂင်သည် အဖြေပေးရန်ကြိုးစားသော်လည်း အသံထွက်မလာ၊ အတန်ကြာမှ သူ၏သက်ပြင်းချသံ ထွက်ပေါ်လာသည်။ " ဗင်းဆင့်ရာ. . နောက်ဆုံးမှာတော့ ကျွန်တော်တို့ဇာတ်အခင်းခံကြရပြီ။ ဟိုနံရံပေါ်မှာ ကြည့်လိုက်ပါဦး။ ပန်းချီကား နှစ်ကားလေ၊ လူးဝစ္စဝယ်လာတဲ့ ကားနှစ်ကားဟာလေ၊ သူဖာအိမ် ဧည့်ခန်းမှာဆွဲဖို့တဲ့။ **နှစ်ကားစလုံးဟာ ဘောင်ဂူးရီးရဲ့ကားတွေပါလားဗျာ** "

သူသည် လဲနေရာမှ ဝုန်းခနဲထကာ အိမ်ရှေ့တံခါးဆီသို့ သွားသည်။ " နေဦးလေ " ဟု ဗင်းဆင့်က လှမ်းအော်ကာ နောက်မှ ပြေးလိုက်သည်။ "ခင်ဗျားဘယ်သွားမလို့လဲ "

" ကြေးနန်းရုံးကိုသွားမယ်၊ ကျွန်တော် ဘာတီနော်လက်စ်ကလပ်ကို ဒီအကြောင်း ကြေးနန်းမရိုက်လို့ မဖြစ်ဘူး "

✧✧✧✧

နွေရာသီသည် ပီပြင်လာသည်။ နေသည် ကြောက်မက်ဖွယ်ကောင်းလောက်အောင်ပူပြင်းလျက်ရှိ၏။ တောပိုင်းဖက်တွင် အရောင်မျိုးစုံကိုမြင်တွေ့နေရပြီ။ ပန်းချီဆရာနှစ်ဦးစလုံး အပူဒဏ်ကိုအလူးအလိမ့်ခံနေကြရ၏။ ဤကြားထဲမှ ပင်မြောက်လေသည် ဝင်လာပြန်လေရာ နှစ်ဦးစလုံး ထိုဒဏ်ကိုဆက်၍ခံနေကြရပြန်လေ၏။

ဗင်းဆင့်နှင့် ဂေါ်ဂင်တို့ကြားတွင်ရှိနေသော မီးတောင်သည် မကြာခဏပေါက်ကွဲလာလေ့ရှိသည်။ ပူလွန်း၍ ပင်ပန်းလွန်း၍အိပ်မပျော်သည့်ညများတွင်လည်းသူတို့သည် ပန်းချီပညာနှင့် ပတ်သက်၍အေးအေးဆေးဆေးဆွေးနွေးရာမှ အကြီးအကျယ် ငြင်းခုံရသည်အထိဖြစ်ရ၏။ အပြင်ထွက်၍ အပန်းဖြေဖို့ကလည်း သူတို့လက်ထဲတွင် ငွေမရှိသဖြင့် မထွက်နိုင်၊ သူတို့အဖို့ထိုင်၍စကားပြောရုံမှလွဲ၍တခြားဘာမှလုပ်စရာမရှိ၊ စကားပြောကြပြန်တော့လည်း အယူအဆချင်း၊ အမြင်ချင်းကမတူသဖြင့် အကြောက်အကန်ငြင်းခုံကာနောက်ဆုံးတွင် ရန်ပွဲနှင့် အဆုံးသတ်ရသည်ကများလေသည်။ တစ်ရက်တွင် ဂေါ်ဂင်သည် သူပြောနေကျထုံးစံအတိုင်း ဗင်းဆင့်၏ စတူဒီယိုထဲ၌ ပစ္စည်းများထားသိုပုံစည်းစံနစ်မရှိခြင်းကို ဝေဖန်သည်။ ဗင်းဆင့်က လည်း ဆပ်ဆပ်ထိမခံ။

"ကျုပ်စတူဒီယိုထဲမှာ ဖြစ်ချင်သလိုဖြစ်နေတာ ခင်ဗျားနဲ့ဘာမှမဆိုင်ဘူး ဂေါ်ဂင်၊ ဒါ ကျုပ်ရဲ့ စတူဒီယို၊ ကျုပ်လုပ်ချင်သလိုလုပ်မယ်၊ ခင်ဗျားရဲ့စတူဒီယိုကိုခင်ဗျားကြိုက်သလိုလုပ် " ဟု ဗင်းဆင့်က တုံ့ပြန်သည်။

" ကျွန်တော်က အကောင်းပြောတာပါ၊ အမှန်အတိုင်းပြောရရင် ခင်ဗျားရဲ့စိတ်ကိုက ခင်ဗျားရဲ့ ဆေးပူးထဲက ဆေးတောင့်တွေပြန့်ကြဲနေသလိုကစဉ့်ကလျားဖြစ်နေတယ်၊ ခင်ဗျားက ဥရောပတစ်လွှားက စာပို့တံဆိပ်ခေါင်းဆွဲတဲ့ ပန်းချီဆရာတိုင်းကို အံ့သြချီးမွမ်းနေတဲ့လူဆိုတော့ ပြောရတာကျပ်တယ်၊ ခင်ဗျားအနေနဲ့ ဒီဂတ်စ်လို ပန်းချီဆရာကျတော့ . . . "

" နေစမ်းပါဦး . . . ၊ ခင်ဗျားရဲ့ ဒီဂတ်စ်က မစ်လက်ရဲ့ ပန်းချီကားတစ်ကားနဲ့တောင်ယှဉ်လို့ရသလား "

" အော်. . . မစ်လက်လား၊ အဲဒီစိတ်ကူးယဉ်သမားကတော့. . . "

ဗင်းဆင့်သည် မစ်လက်အားထိလာလျှင် သည်းခံနိုင်သူမဟုတ်။ သူသည် မစ်လက်အားသူဆရာအဖြစ်လည်းကောင်း၊ စိတ်ပိုင်းဆိုင်ရာတွင် သူဖခင်အဖြစ် လည်းကောင်း အသိအမှတ်ပြုထားသည်မဟုတ်ပါလား၊ သူသည် ဒေါသတကြီးဖြစ်ကာ ဂေါ်ဂင်အား ပြင်းပြင်းထန်ထန် ရှုတ်ချသည်။ အပြစ်တင်

သည်။ ဂေါဂင် ရှောင်ထွက်သွားရာနောက်သို့ တကောက်ကောက်လိုက်၍ ပြောသည်။ လက်သီးကိုဆုပ်၍ ဂေါဂင်၏ မျက်နှာရှေ့တွင် ဝှေ့ယမ်းကာထိုးတော့ ကြိတ်တော့ မည့်ပုံမျိုးအထိ လုပ်သည်။

မြောက်လေဆိုးဝင်လာသည့်အခါ သူတို့သည် အပြင်ထွက်၍ ပန်းချီမဆွဲနိုင်ကြတော့ချေ။ အချိန်ရှိသမျှ အိမ်ထဲ၌သာ ကုပ်နေကြရ၏။ ငြင်းခုံပွဲနှင့် ရန်ပွဲကတော့ အဆက်ပြတ်သွားသည်ဟုမရှိ၊ အသေးအဖွဲကိစ္စလေးကအစ နည်းနည်းကလေးမှ ကြက်ခေါင်းဆိတ်မခံဖြစ်နေသော ဗင်းဆင့်သည် ဂေါဂင်အတွက် အပျင်းပြေကစားစရာ လူတစ်ယောက်ဖြစ်လာသည်။ ဂေါဂင်သည် ထိုအခွင့်အရေးကို အပြည့်အဝယူကာ အမြဲတစေအသုံးချလေတော့သည်။

မြောက်လေဝင်လာ၍ အိမ်ထဲမှအိမ်ပြင်မထွက်နိုင်သည့် ငါးရက်မြောက်နေ့တွင် ဂေါဂင်က " ခင်ဗျားအနေနဲ့စိတ်ကို အေးအေးထားပြီးငြိမ်ငြိမ်ဆိတ်ဆိတ်နေသွားရင် ကောင်းမယ် ဗင်းဆင့် " ဟု ပြောသည်။

" ခင်ဗျားကကော ဘယ်လိုနေသလဲဂေါဂင် "

" ကျွန်တော်နဲ့တွဲနေဖူးခဲ့တဲ့လူတွေအများကြီးရှိခဲ့ဖူးတယ် ဗင်းဆင့်၊ ကျွန်တော်နဲ့အငြင်းအခုံလုပ်တဲ့လူတွေလဲ အများကြီးရှိခဲ့ဖူးတယ်၊ ဒါပေမယ့် နောက်ဆုံးကျရင် ဒီလူတွေဟာ ရူးကုန်တာချည်းပဲ "

" ခင်ဗျားက ကျုပ်ကိုခြိမ်းခြောက်နေတာလား "

" ခြိမ်းခြောက်တာမဟုတ်ပါဘူး၊ ခင်ဗျားကိုသတိပေးနေတာပါ "

" မလိုဘူးကိုယ့်လူ၊ ခင်ဗျားကိုယ်ခင်ဗျားပဲ သတိပေးပါ "

" ကောင်းပါပြီဗျာ၊ ဒါပေမယ့် တစ်ခုခုဖြစ်လာရင်တော့ ကျွန်တော့်ကိုအပြစ်မတင်နဲ့ "

" အိုဗျာ့ ခက်တာပဲ။ ဒီမယ် ဂေါဂင်။ ကျွန်တော်တို့အခုလို ရန်ဖြစ်ဖြစ်နေကြတာဟာ မကောင်းပါဘူးဗျာ။ တကယ်တော့ ခင်ဗျားဟာ ကျွန်တော့်ထက်အများကြီးပိုတော်တဲ့ ပန်းချီဆရာတစ်ယောက်ပါ၊ ခင်ဗျားဆီက ပညာတွေ အများကြီးရနိုင်တယ်ဆိုတာလဲ ကျွန်တော်သိပါတယ်၊ ဒါပေမယ့်. . . ခင်ဗျားက ကျွန်တော့်ကိုအထင်သေးပြီး ဆက်ဆံတာမျိုးကျတော့ ကျွန်တော် မကြိုက်ဘူး၊ ကျွန်တော်ပန်းချီဆွဲလာတာကိုးနှစ်ရှိသွားပြီ။ တအားအပင်ပန်းခံပြီးဆွဲလာခဲ့တာပါ၊ ကျွန်တော်ဆွဲထားတဲ့ကားတွေထဲမှာ ပြောစမှတ်ပြုရလောက်အောင်ကောင်းတဲ့ ကားဟာ မရှိပဲတော့မနေပါဘူး၊ ဒါကိုတော့ ခင်ဗျားဝန်ခံဖို့ကောင်းပါတယ်"

ဂေါဂင့်နှုတ်မှ ဗင်းဆင့်လိုချင်သော အဖြေ ထွက်မလာ။

မည်သို့ပင်ဖြစ်စေ ဗင်းဆင့်သည် မနက်လေးနာရီတွင် အိပ်ရာမှထ၍ ပန်းချီဆွဲသည်။ တစ်နေကုန်ဆွဲခြင်းဖြစ်၍ တစ်ရက်လျှင် ပန်းချီကားနှစ်ကားမှ သုံးကားအထိပြီးသည်။ သူသည် သူ၏အချိန်ကိုပန်းချီဆွဲခြင်းဖြင့် တိုင်းတာသည်။ ယခုအချိန်တွင်သူ၏ပန်းချီပညာသည် အမြင့်ဆုံးအဆင့်သို့ရောက်နေပြီဟု စိတ်ထဲကသိနေသည်။ ထို့ကြောင့်လည်း ဤအချိန်ကာလကိုသူဘဝ၏ အမြင့်ဆုံးအပိုင်းဟု သတ်မှတ်သည်။ ပန်းချီကိုတော့သူမဆွဲ၍မဖြစ်၊ တစ်နေ့ထက်တစ်နေ့ ပို၍ပို၍ဆွဲရမည်။

ဗင်းဆင့်နှင့်ဂေါဂင်တို့၏ဘဝသည် တစ်နေ့လုံးပန်းချီဆွဲခြင်းဖြင့် အချိန်ကုန်သည်။ ညကျတော့ မတူသော အယူအဆများကိုအကြောင်းပြု ရန်ဖြစ်ကြသည်။ နှစ်ဦးစလုံးမိုးစင်စင်လင်းသည်အထိ မအိပ်ကြရ။ အစားကျတော့လည်း ပုံမှန်မစားရ၊ စားရသည့်အခါတွင်လည်းအနည်းငယ်မျှသာစားကြရသည်။ အစာဟောင်းလောင်းဖြစ်နေသော ဗိုက်ထဲတွင် အရက်မှတစ်ပါး အခြားဘာမှမရှိ။

တစ်နေ့တွင် ဂေါဂင်သည် ထယ်ရေးထယ်ကြောင်းများကို ပန်းချီဆွဲနေသောဗင်းဆင့်၏ ပုံတူကိုဆွဲသည်။ ဗင်းဆင့်သည် ထိုပုံရှေ့၌ရပ်ကာ စူးစူးစိုက်စိုက်ကြည့်နေသည်။ ဂေါဂင်ကသူ့အပေါ်ဘယ်လိုမြင်နေသည်ကို ဤပုံထဲ၌တွေ့နိုင်သည်ဟု ဗင်းဆင့်က ယူဆသည်။

" ဒီဟာ ကျွန်တော့်ပုံအစစ်ပဲလား " ဟု ဗင်းဆင့်ကမေးသည်။
"ပုံကြည့်ရတာကတော့ ကျွန်တော့်ကို အရူးလို သဘောထားနေပုံရတယ် "

ထိုညတွင် သူတို့သည်စားသောက်ဆိုင်သို့ထွက်၍ အရက်သောက်ကြသည်။ ဤအခိုက်တွင် ဗင်းဆင့်သည် ရုတ်တရက်ဒေါသထွက်ကာ လက်ထဲမှဖန်ခွက်ဖြင့် ဂေါဂင်အားပေါက်သည်။ ဂေါဂင်ကရှောင်လိုက်သဖြင့် မထိ၊ သူသည်ဗင်းဆင့်အား အတင်းဖမ်းချုပ်ကာပွေ့ခေါ်လာသည်။ အိမ်ရောက်၍ အိပ်ရာပေါ်တင်ပေးလိုက်သည့်အခါ ချက်ခြင်းအိပ်မောကျသွားလေသည်။

" ကျွန်တော်မနေ့ညက ခင်ဗျားကိုစော်ကားမော်ကားလုပ်မိခဲ့တယ်လို့ထင်တယ်၊ ကောင်းကောင်းမမှတ်မိဘူး၊ ဝိုးတိုးဝါးတားဖြစ်နေတယ်" ဟုဗင်းဆင့်ကနောက်နေ့မနက်အိပ်ရာမှနိုးလာသည့်အခါ တည်ငြိမ်အေးဆေးသောအသံဖြင့်မေးသည်။

" ကျွန်တော်ကတော့ခွင့်လွှတ်ပါတယ်" ဟု ဂေါဂင်ကပြောသည်။
"ဒါပေမယ့် မနေ့က အဖြစ်မျိုးဟာ နောက်တစ်ခါထပ်ပြီးဖြစ်ဦးမှာပဲ၊ တကယ်လို့

အထိုးအကြိတ်ခံရဦးမယ်ဆိုရင် ကျွန်တော့်စိတ်ကို ကျွန်တော်ထိန်းနိုင်မယ် မထင်ဘူး၊ အဲဒီအခါကျရင် ကျွန်တော်ခင်ဗျားကို လည်ပင်းညှစ်သတ်မိလိမ့်မယ်၊ အဲဒီတော့ ကျွန်တော်ပြန်လာတော့မယ်လို့ ခင်ဗျားညီဆီ စာရေးပါရစေ ”

“ ဟာဗျာ၊ အဲသလိုဇေတ့် မလုပ်ပါနဲ့၊ ကျွန်တော်ခင်ဗျားအတွက် အိမ်ဝါကြီးကိုအကောင်းဆုံးဖြစ်အောင် ပြင်ဆင်ထားတာ ခင်ဗျားအသိပါ ”

ထို့နောက်တစ်နေ့လုံး ဗင်းဆင့်သည် အလုပ်မလုပ်နိုင်။ ဂေါဂင်အားပြန်မသွားဖို့နည်းအမျိုးမျိုးဖြင့် တောင်းပန်သည်။ အသနားခံသည်။ ဒေါသတကြီးနှင့် ခြိမ်းခြောက်ပြီးတားသည်။ နောက်ဆုံးတွင် ငိုယိုပြီးအောက်ကျခံ၍ မေတ္တာရပ်ခံသည်။ ဤပွဲတွင် သူဖက်ကအားသာသည်။ ညပိုင်းရောက်သည့်အခါ ဂေါဂင်သည်ဤကိစ္စအတွက် ငြင်းရခုံရလွန်းသဖြင့် မျှားစွာပင်ပန်းလျက်ရှိပြီဖြစ်ရာ ခဏတဖြုတ်စိတ်အပန်းပြေလျှင်ပြီးရောဟူသောသဘောဖြင့် ဗင်းဆင့်၏ အလိုကို လက်ခံခဲ့လေ၏။

အိပ်ရာပေါ်လဲနေသော်လည်း ဂေါဂင်သည် မအိပ်နိုင်၊ အရုဏ်တက်ခါနီးကျမှ မှေးကနဲဖြစ်သွားသည်။ ခဏမျှအကြာတွင် ထူဆန်းသော စိတ်ခံစားမှုတစ်ခုဝင်လာသဖြင့် လန့်နိုးလာသည်။ သူ့အိပ်ရာနားဌ်ရပ်နေသည့် ဗင်းဆင့်ကိုသူမြင်သည်။ ဗင်းဆင့်သည် သူ့အား အမှောင်ထဲမှနေ၍ ငုံ့ကြည့်လျက်ရှိ၏။

“ ဘာဖြစ်နေတာလဲ ဗင်းဆင့် ” ဟူဂေါဂင်က ခပ်တင်းတင်း လေသံဖြင့် မေးသည်။

ဗင်းဆင့်သည် အခန်းထဲမှ ပြန်ထွက်သွားပြီး အိပ်ရာပေါ်ပြန်လဲသည်။ ချက်ခြင်းပင်အိပ်ပျော်သွားသည်။

နောက်တစ်ညတွင်လည်း ဂေါဂင်သည် ယမန်နေ့ညကလိုပင် ဖြတ်ခနဲလန့်နိုးလာသည်။ ဗင်းဆင့်သည် အိပ်ရာဘေးမှရပ်ကာ သူ့အားငုံ့ကြည့်နေသည်ကိုမြင်ရသည်။

“ ဗင်းဆင့်. . . သွားအိပ်တော့လေ ”

ဗင်းဆင့်သည် ချက်ခြင်းပင် ပြန်လှည့်သွားသည်။

နောက်တစ်ရက် ညစာစားချိန်တွင် သူတို့သည် စွပ်ပြုတ်နှင့် ပတ်သက်၍အကြီးအကျယ်စကားများကြပြန်သည်။

“ မဟုတ်သေးဘူး ဗင်းဆင့်။ ကျွန်တော် ဟိုဘက် လှည့်နေတုန်းမှာ စွပ်ပြုတ်ထဲကို ပန်းချီဆေးတွေ ခင်ဗျားထည့်လိုက်တာ ” ဟု ဂေါဂင်က တအားကြုံးအော်သည်။

ဗင်းဆင့်က တဟား. . . ဟား အော်ရယ်ပြီး အခန်းထဲမှထွက်သွားလေသည်။

✧✧✧✧

ဗင်းဆင့်သည် ရက်ပေါင်းများစွာ ငြိမ်နေပြန်သည်။ စိတ်အခြေအနေကတော့ မှန်ပုံမရ။ သူမျက်နှာသည် သုန်သုန်မှုန်မှုန်ဖြစ်လျက်ရှိ၏။ ဂေါဂင်ကိုလည်း စကားတစ်ခွန်းမှမပြော။ သူသည် စုတ်တံကိုလည်းကောက်မကိုင်၊ စာလည်းမဖတ်၊ ကုလားထိုင်ပေါ်၌ထိုင်ကာ ရှေ့တည့်တည့်ကိုသာငေးကြည့်နေသည်။

လေးရက်မြောက်ညနေခင်းတွင်မြောက်လေသည် ပြင်းထန်စွာတိုက်ခတ်လျက်ရှိသည်။ ဗင်းဆင့်သည် ဂေါဂင်ရှေ့၌လာရပ်သည်။ " ပန်းခြံဖက်သွားကြရအောင် " ဟု ပြောသည်။ " ကျွန်တော်ခင်ဗျားကို ပြောစရာတစ်ခုရှိနေလို့ "

" အိမ်ထဲမှာ မပြောနိုင်ဘူးလား၊ အပြင်ထွက်လို့သိပ်မကောင်းဘူး "

" ကျွန်တော်က ထိုင်ပြီးစကားမပြောတတ်ဘူး၊ လမ်းလျှောက်ရင်းပြောမှရတယ် "

" ကဲပါလေ. . . ခင်ဗျားသဘောပဲ "

သူတို့သည် အပြင်သို့ထွက်လာခဲ့ကြသည်။ လေသည်ပြင်းထန်စွာတိုက်ခတ်လျက်ရှိ၏။ သစ်ပင်များသည် ယိမ်းထိုးနေကြသည်။

" ခင်ဗျားပြောချင်နေတာ ဘာလဲ " ဟု ဂေါဂင်ကမေးသည်။ တိုက်ခတ်နေသောလေအရှိန်ကပြင်းသဖြင့် အော်၍မေးရခြင်းဖြစ်သည်။

" လွန်ခဲ့တဲ့ရက်တွေက ကျွန်တော်အံ့သြစရာကောင်းတဲ့အတွေးတစ်ခုရတယ် "

" ဆိုစမ်းပါဦး. . . ဘယ်လောက်များထူးဆန်းတဲ့အတွေးလဲ. . . ၊ သိစမ်း ပါရစေ "

" ကျွန်တော်တို့အားလုံး ပန်းချီဆရာအဖြစ်နဲ့ မအောင်မြင်ကြဘူး၊ အဲဒါဘာကြောင့်လဲဆိုတာ ခင်ဗျားသိသလား "

" ဘာ. . . ခင်ဗျားပြောတာတစ်လုံးမှ မကြားရဘူး၊ ကျွန်တော့်နားရွက်နားကပ်ပြီးအော်ပြော "

" ကျွန်တော်တို့ အားလုံးအောင်မြင်တဲ့ ပန်းချီဆရာတွေ ဖြစ်မလာတာ

ဘာ့ကြောင့်လဲ သိလား ”

“ မသိဘူး၊ ဘာကြောင့်လဲ ”

“ ဘာကြောင့်လဲဆိုတော့၊ ကျွန်တော်တို့က ကိုယ့်ဖာသာကိုယ်တစ်ယောက်တည်းဆွဲနေကြလို့ဗျ၊ သိလား ”

“ ခင်ဗျားအတွေးက ဘယ်လိုဟာကြီးလဲ ”

“ ကျွန်တော်တို့ဆွဲတာတွေထဲမှာ တခို့ကကောင်းတယ်၊ တခို့ကျတော့ မကောင်းဘူး၊ အဲဒီဟာတွေအားလုံးကို ကင်းဗတ်တစ်ချပ်ပေါ်မှာ စုပေါင်းပြီးထည့်လိုက်ရင်ဘယ်လိုနေမလဲ ”

“ ကျွန်တော်နားထောင်နေတယ်၊ ဆက်ပြော ”

“ ခင်ဗျား ဘို့သည်ညီအစ်ကိုနှစ်ယောက်ကို သိတယ်မဟုတ်လား၊ ဒတ်ချ်ပန်းချီဆရာတွေလေ။ တစ်ယောက်ကရေမြေတောတောင်ရှုခင်းပုံတွေဆွဲတဲ့နေရာမှာသိပ်ကောင်းတယ်၊ ကျန်တစ်ယောက်က လူတို့တိရစ္ဆာန်တို့ပုံတွေဆွဲရာမှာတော်တယ်၊ အဲဒီတော့ သူတို့နှစ်ယောက်ပန်းချီကိုအတူတူဆွဲကြတယ်၊ တစ်ယောက်ကရှုခင်း တစ်ယောက်က လူပုံ. . . သူတို့ဟာ အောင်မြင်သွားကြတယ်ဗျ ”

“ အင်း. . . ဒုက္ခပဲ၊ အဆုံးမသတ်နိုင်မယ့်ဇာတ်လမ်းတော့စပြီ ”

“ ဘာပြောတယ်၊ ကျွန်တော်မကြားရဘူး၊ ဒီနားတိုးပြောပါ ”

“ ဆက်ပြော. . . လို့ ပြောတာ ”

“ ဒီမယ်. . . ဂေါ်ဂင်၊ ကျွန်တော်တို့လုပ်ရမှာ အဲဒါပဲ၊ ခင်ဗျားနဲ့ကျွန်တော် ဆူးရက်၊ စေဇန်း၊ လော့ထ်ရက်၊ ရှူဆိုး၊ ကျွန်တော်တို့အားလုံးကင်းဗတ်တစ်ချပ်ပေါ်မှာ ကိုယ်သန်ရာကိုဆွဲကြရမယ်၊ ကျွန်တော်တို့ အကောင်းဆုံးဆွဲနိုင်တာတွေကိုထည့်ဆွဲကြရမယ်၊ ဆူးရက်က “လေ”၊ ခင်ဗျားက ရှုခင်း၊ စေဇန်းက “မျက်နှာပြင် ”၊ လော့ထ်ရက် က “ ပုံသဏ္ဌာန်”၊ ကျွန်တော်က “နေ၊ လနဲ့ကြယ် ” အားလုံးစုပေါင်းဆွဲလိုက်ရင် အကြီးကျယ်ဆုံးနဲ့အကျော်ကြားဆုံးပန်းချီပညာရှင်ကြီးတစ်ယောက်ဖြစ်လာနိုင်တယ်။ ခင်ဗျားဘယ်လိုသဘောရသလဲ”

ဂေါ်ဂင်သည် ပြက်လုံးကောင်းတစ်ခုကိုကြားလိုက်ရသည့်အလားတဟား. . . ဟား အော်ရယ်သည်။ တော်တော်နှင့် အရယ်မရပ်နိုင်။ ဗင်းဆင့်သည်အတောမသတ်နိုင်လောက်အောင် ရယ်နေသည့် ဂေါ်ဂင်အား မလှုပ်မယှက်ရပ်ပြီးကြည့်နေသည်။

" ကဲ. . . လာဗျာ။ ကျွန်တော်တို့လူးဝစ္စရဲ့ ဇိမ်ဧဟာကိုသွားကြရအောင်။ တန်ဖိုးမဖြတ်နိုင်တဲ့ ခင်ဗျားရဲ့စိတ်ကူးသစ်ကို ဂုဏ်ပြုတဲ့အနေနဲ့ ပျော်ပွဲလေးတစ်ခုတော့ လုပ်ဖို့လိုတယ် ဗင်းဆင့်ရ "

ဗင်းဆင့်သည် ဘာစကားမှမပြောပဲ ငြိမ်ဆိတ်စွာလိုက်လာသည်။ ဂေါ်ဂင်သည် ဖောက်သည် မိန်းကလေးတစ်ယောက်နှင့် အပေါ်ထပ်သို့ တက်သွားသည်။ ရာချယ်သည် ဗင်းဆင့်အားဆီးကြိုကာ ရင်ခွင်ထဲ၌ထိုင်နေသည်။

" ကျွန်မနဲ့အတူအပေါ်ထပ်ကို မလိုက်တော့ဘူးလား " ဟု ရာချယ်ကမေးသည်။

" မလိုက်တော့ဘူး "

" ဘာပြုလို့လဲ "

" ငါမှာ မင်းကိုပေးဖို့ငါးဖရန့် မရှိဘူး "

" ငွေမရှိရင် နားရွက်ပေးမလား "

" ပေးမယ် "

အချိန်အတန်ကြာသည့်အခါ အပေါ်ထပ်မှ ဂေါ်ဂင်ဆင်းလာသည်။ နှစ်ဦးသားအိမ်ဝါကြီးဆီသို့ ပြန်လာခဲ့ကြသည်။ အိမ်ရောက်သည့်အခါ ဂေါ်ဂင်သည် ညစာကို အမြန်ပြီးအောင် ကသောကမျှော်မျှချသည်။ သူသည် စကားတစ်ခွန်းမှမပြောပဲ အိမ်ရှေ့တံခါးကိုဖွင့်၍ အပြင်သို့ထွက်လာခဲ့၏။ လာမာတင်းရပ်ကွက်နားသို့အရောက်တွင် သူနောက်မှ လမ်းလျှောက်ပုံမူမမှန်သည့် ခြေသံကိုကြားသဖြင့် သူသည် ဖြတ်ခနဲ လှည့်ကြည့်သည်။

သင်တုန်းဓားကိုင်ထားသည့်ဗင်းဆင့်. . . ။ ဂေါ်ဂင်သည် မလှုပ်မယှက်ရပ်ကာ ဗင်းဆင့်အားကြည့်နေသည်။ ဗင်းဆင့်သည် ဂေါ်ဂင်နှင့်နှစ်ပေခန့်အကွာ၌ရပ်နေခြင်းဖြစ်၏။ သူသည် ဂေါ်ဂင်အားအမှောင်ထဲမှနေ၍ စူးစူးရဲရဲစိုက်ကြည့်နေသည်။ ထို့နောက်ခေါင်းကို ငိုက်စိုက်ချကာ အိမ်ဖက်သို့ပြန်လှည့်ပြီး ပြေးထွက်သွားလေသည်။

ဂေါ်ဂင်သည် ဟိုတယ်တစ်ခုသို့သွား၍ အခန်းတစ်ခန်းငှားကာ တံခါးကိုအတွင်းမှသော့ခတ်ပြီးအိပ်သည်။

ဗင်းဆင့်သည် အိမ်ဝါထဲသို့ ပြန်ဝင်လာသည်။ လှေခါးမှတက်ကာသူ့အခန်းသို့လျှောက်သွားသည်။ အကြိမ်ပေါင်းများစွာ သူ့ရုပ်လွှာကိုကြည့်၍ ပုံတူဆွဲလေ့ရှိသော မှန်ကိုကောက်ယူကာ နံရံ၌ကပ်ထားသော စားပွဲပေါ်၌ထောင်ထားလိုက်သည်။

သူ၏ နီနီရဲရဲ မျက်လုံးများကို မှန်ထဲ၌မြင်နေရသည်။

အဆုံးပိုင်းသည် ရောက်လာခဲ့ပြီ။ သူဘဝသည် ပြီးဆုံးသွားပြီ။ ပြီးဆုံးပြီဟူသော လက္ခဏာသည် သူ့မျက်နှာပေါ်၌ရှိနေသည်မဟုတ်ပါလား။

သူသည် သင်တုန်းမားကိုင်ထားသည့်လက်ကိုမြှောက်လိုက်သည်။ သံမဏိမားသွားသည် သူ့လည်ချောင်းနှင့်ထိတွေ့နေသည်။ သူနားထဲတွင် ကြားနေရသည့်အသံများ. . . ။ ပူပြင်းစူးရှသော နေရောင်သည် သူ့မျက်လုံးများနှင့် မှန်ကြားသို့ထိုးကျလာသည်။

သူသည် လက်ထဲမှသင်တုန်းမားဖြင့်သူညာဘက်နားရွက်ကိုလှီးဖြတ်လိုက်သည်။ ထို့နောက်သင်တုန်းမားကိုလွှတ်ချလိုက်ပြီး. . . သူဦးခေါင်းကို မျက်နှာသုတ်ပဝါဖြင့် ပတ်လိုက်သည်။ သမံတလင်းပေါ်သို့ တစ်စက်ချင်း တစ်ပေါက်ချင်း ကျနေသည့်သွေးများ. . . ။

သူသည်ကြွေခွက်ထဲမှနားရွက်ကိုယူ၍ ရေဆေးသည်။ ရေဆေးအပြီး တွင်ပုံဆွဲစက္ကူများဖြင့် အထပ်ထပ်ပတ်၍ထုပ်သည်။ ထို့နောက်အပြင်မှ သတင်းစာ စက္ကူဟောင်းတစ်ရွက်ထပ်ထုပ်ပြီး ကြိုးနှင့်စည်းလိုက်သည်။

သူသည် အထုပ်ကိုဆွဲကာ အိမ်ထဲမှထွက်လာခဲ့သည်။ လာမာတင်းရပ်ကွက်အတွင်းမှဖြတ်ကာ လူးဝစ္စ်၏ ဇိမ်ဂေဟာကြီးရှေ့သို့ရောက်သွားသည်။ အိမ်ရှေ့မှလူခေါ်ခေါင်းလောင်းကြိုးကိုဆွဲသည်၊ တံခါးလာဖွင့်သူမှာ အိမ်စေမတစ်ယောက်။

" ရာချယ်ကိုငါ့ဆီလွှတ်လိုက်စမ်း "

မကြာမီ ရာချယ် ရောက်လာသည်။

" အော်. . . ရှင်ပါလား၊ ဘာဖြစ်လို့လဲဟင် "

" မင်းအတွက် ပစ္စည်းတစ်ခုလာပို့တာ "

" ကျွန်မအတွက်လား. . . ဘာလဲ လက်ဆောင်လား "

" ဟုတ်တယ် "

" ရှင်ဟာလေ. . . သိပ်ကိုသဘောကောင်းတာပဲ "

" သတိထားပြီးသိမ်းပါ။ ဒီပစ္စည်းဟာ ငါ့ရဲ့အမှတ်တရပစ္စည်းတစ်ခုဖြစ်နေတယ် "

" ဘာလဲ. . . ဟင် "

" ဖွင့်ကြည့်လေ. . . မင်းမြင်ရမှာပေါ့ "

ရာချယ်သည် စက္ကူပတ်များကိုဖြည်သည်။ အထဲမှပေါ်လာသောနား

ရွက်ကို အလန့်တကြားကြည့်နေသည်။ ထို့နောက် သတိမေ့ကာ လဲကျသွားလေ၏။ ဗင်းဆင့်သည် ချာခနဲလှည့်ကာ အိမ်သို့ပြန်လာခဲ့သည်။ အိမ်ထဲရောက်သည်နှင့်တပြိုက်နက် အိပ်ရာပေါ်သို့လဲချလိုက်လေသည်။

✧✧✧✧

နောက်တစ်နေ့နံနက် နှစ်နာရီခွဲအချိန်တွင် ဂေါဂင်သည် အိမ်သို့ပြန်ရောက်လာသည်။ အိမ်ရှေ့တွင် လူအများစုဝေးနေကြသည်ကိုတွေ့သည်။ လူအုပ်ထဲမှ ရော်လင်သည် သူ့အားမြင်လျှင်မြင်ချင်း အနားသို့ အပြေးအလွှားရောက်လာသည်။

" ခင်ဗျားရဲ့သူငယ်ချင်းကို ခင်ဗျား ဘာများလုပ်ခဲ့သလဲ မွန်စီယာ " ဟု မေးသည်။

" ကျွန်တော်ဘာမှလဲမလုပ်ဘူး၊ ဘာမှလဲမသိဘူး "

" ဟာ. . . ခင်ဗျားသိပါတယ်၊ သူသေပြီ " ဟု လူအုပ်ထဲမှတစ်ဦးကပြောသည်။

ဂေါဂင်သည် ရုတ်တရက်သတိကင်းမဲ့သလိုဖြစ်သွားသည်။ သူ့ရှေ့မှလူများသည် သူ့အား တစ်ပိုင်းတစ်စစီဆွဲဆုတ်ပစ်တော့မည့် မျက်နှာထားများဖြင့်ကြည့်နေကြသည်။

" ကျွန်တော်တို့ အိမ်ထဲဝင်ကြည့်ကြရအောင် " ဟု ရော်လင်ကခေါ်သည်။

အောက်ထပ်အခန်းများထဲတွင် ရေစိုမျက်နှာသုတ်ပဝါများသည် ပြန့်ကျဲနေကြသည်။ လှေခါးထစ်များပေါ်မှ သွေးစက်များသည် ဗင်းဆင့်၏အခန်းဆီသို့ဦးတည်သွားနေကြသည်။ အိပ်ရာပေါ်တွင်မူ တစ်ကိုယ်လုံးကို အိပ်ရာခင်းများ၊ စောင်များနှင့် ပတ်ပြီးလဲ့နေသည့် ဗင်းဆင့်။ ကြည့်ရသည်မှာ အသက်မရှိတော့သလိုဖြစ်သည်။ ဂေါဂင်သည် ဗင်းဆင့်အားအသာအယာကလေး ကိုင်ကြည့်သည်။ ခန္ဓာကိုယ်သည် ပူပူနွေးနွေးပင်ရှိနေသေးသည်။

" ဂရုစိုက်ပြီးလုပ်ကိုင်ပေးပါ မွန်စီယာ " ဟု ဂေါဂင်ကရဲအရာရှိအား

နှစ်ကိုယ်ကြားလေသံဖြင့်ပြောသည်။ “ သူကိုနှိုးရင်လဲသတိထားပြီးနှိုးပါ၊ တကယ်လို့ သူ ကျွန်တော့်ကိုမေးရင် ပါရီကိုပြန်သွားပြီလို့ပြောပြပါ။ သူကျွန်တော့်ကိုမြင်ရင် သူ့အခြေအနေဟာ ပိုပြီးဆိုးသွားမှာ စိုးရိမ်ရတယ် ”

ရဲအရာရှိသည် ဆရာဝန်နှင့် မြင်းရထားတစ်စီးခေါ်ရန် လူတစ်ယောက် လွှတ်သည်။ သူတို့သည် ဗင်းဆင့်အားဆေးရုံသို့ပို့သည်။ မြင်းရထားဘေးမှပူပန် သောကကြီးစွာဖြင့် ပြေးလိုက်သွားသူမှာ ရော်လင်တစ်ဦးတည်း. . . ။

(၉)

အားလ်စ်မြို့ဆေးရုံမှ ဒေါက်တာဖီးလစ်ရေးသည် လူငယ်အလုပ်သင် ဆရာဝန်တစ်ဦးဖြစ်သည်။ အရပ်ပုပု၊ ကိုယ်လုံးတုတ်ခိုင်ခိုင်၊ ဆံပင်နက်နက်နှင့် သဘောကောင်းသူဖြစ်၏။ သူသည် ဗင်းဆင့်၏ ဒဏ်ရာကိုဆေးထည့်ပေးပြီး ထောင်ခန်းကလေးနှင့်တူသော အခန်းငယ်တစ်ခန်းထဲ၌ နေရာချထားပေးသည်။ သူအပြင်သို့ ပြန်ထွက်သည့်အခါတိုင်း တံခါးကိုသော့ခတ်၍ ပိတ်သည်။

နေဝင်ချိန်ခန့်တွင် ဒေါက်တာရေးသည် လူနာ၏သွေးခုန်နှုန်းကို ယူနေ ခိုက်ဗင်းဆင့်သည် သတိလစ်နေရာမှ ပြန်နိုးလာသည်။ ဗင်းဆင့်သည် ပထမတွင် မျက်နှာကြက်ကို ငေးကြည့်နေသည်။ ထို့နောက် ထုံးဖြူသုတ်ထားသည့် နံရံကို လှမ်းကြည့်သည်။ ထိုမှ တစ်ဆင့်အပြင်ဖက်ရှိ မှိုင်းပြာပြာ ကောင်းကင်ပြင်ကို ကြည့်သည်။ သူ့မျက်လုံးအစုံသည် ဖြည်းဖြည်းချင်း ဒေါက်တာရေး၏ မျက်နှာဆီသို့ ရောက်လာသည်။

“ ဟယ်လို ” ဟု ဗင်းဆင့်က တိုးတိုးညှင်းညှင်းလေသံဖြင့် နှုတ်ဆက်သည်။

“ ဟယ်လို ” ဟု ဒေါက်တာရေးက တုံ့ပြန်သည်။

“ ကျွန်တော်ဘယ်ရောက်နေတာလဲ ”

“ ခင်ဗျား အားလ်စ်မြို့ဆေးရုံထဲရောက်နေတယ် ”

“ အို. . . ”

နာကျင်မှုဝေဒနာတစ်ခုကြောင့် သူ့မျက်နှာသည် ရှုံ့သွားသည်။ သူသည် လက်တစ်ဖက်ကိုမြှောက်ကာ ညာဖက်နားရွက်ကိုကိုင်ရန် အားထုတ်သည်။ ဒေါက်တာ ရေးက သူ့လက်ကိုဆွဲထားသည်။

" ခင်ဗျား ကိုင်လို့မဖြစ်သေးဘူး "

" ဟုတ်. . . ဟုတ်ကဲ့။ ကျွန်တော်ကောင်းကောင်းမှတ်မိပြီ "

" ဒဏ်ရာက သိပ်အဆိုးကြီးမဟုတ်ပါဘူး၊ သိပ်မကြာခင် ဆေးရုံကဆင်းနိုင်မှာပါ "

" ကျွန်တော့်သူငယ်ချင်းကော "

" သူပါရီကိုပြန်သွားပြီ "

" အော်. . . ကျွန်တော်ဆေးတံသောက်ပါရစေ "

" အခုလောလောဆယ် သောက်လို့မဖြစ်သေးပါဘူး "

ဒေါက်တာရေးသည် နားရွက်မှ ဒဏ်ရာကိုဆေးကြောသုတ်သင်ပြီး ဆေးထည့်ပေးကာ ပတ်တီးစည်းပေးသည်။

" ကျေးဇူးတင်ပါတယ် ဒေါက်တာ။ ကျွန်တော့်ကို ဒီအခန်းထဲထားတာ ဘာပြုလို့လဲ။ အခန်းထဲမှာ ဘာမှလဲမရှိဘူး "

" ခင်ဗျားကို အကာအကွယ်ပေးဖို့ ကျွန်တော်က ပစ္စည်းအားလုံး အပြင်ထုတ်ခိုင်းထားတယ် "

" ကျွန်တော့်ကို ဘယ်သူ့ရန်ကကာကွယ်ပေးတာလဲ "

" ခင်ဗျားကို ခင်ဗျားရဲ့ ရန်ကကာကွယ်ပေးဖို့ပါဗဲ့ "

" အော်. . . ဟုတ်လား "

" ကဲ. . . ကျွန်တော်သွားမယ်၊ ခင်ဗျားအတွက် ညစာနဲ့လူနာစောင့်လွှတ်ပေးလိုက်မယ်၊ အိပ်ရာပေါ်မှာ မလှုပ်မရှားပဲ နေနိုင်အောင်ကြိုးစားပါ။ သွေးအထွက်များသွားတဲ့အတွက် ခင်ဗျားသိပ်အားနည်းနေတယ် "

နောက်နေ့မနက် ဗင်းဆင့်အိပ်ရာမှ နိုးလာသည့်အခါ သူ့အိပ်ရာဘေးၭီသိအိုထိုင်နေသည်ကို တွေ့ရသည်။ သိအို၏မျက်နှာသည် ဖြူဖျော်ယော် ဖျော့တော့တော့။ မျက်လုံးများသည် နီရဲရဲ။

" သိအို "

သိအိုသည် ကုလားထိုင်မှထကာ ခုတင်ဘေးတွင် ဒူးနှစ်ဖက်ထောက်၍ထိုင်ချလိုက်ပြီး ဗင်းဆင့်၏လက်ကိုကိုင်ထားသည်။ သူသည် စိတ်ထိခိုက်ခြင်းကြီးစွာဖြင့် ရှိုက်ကြီးတငင်ငိုကြွေးသည်။

" သိအို. . . မင်းဟာအမြဲတန်းပဲနော်၊ ငါအိပ်ရာကနိုးလာလို့ မင်းအနားမှာရှိနေဖို့ လိုအပ်လာရင် မင်းဟာ ငါ့ဘေးနားမှာ ရောက်နေတာ ချည်းပဲ"

သိအိုသည် စကားပြန်မပြောနိုင်။

" ငါ မင်းကို ဒီအထိလိုက်လာအောင် လုပ်တာဟာ ရက်စက်ခြင်းတစ်မျိုးပဲ။ မင်းဘယ်လိုလုပ်ပြီးသိလာတာလဲ "

"မနေ့ကဂေါ်ဂင့်ဆီကဖုန်းရလို့ချက်ချင်းညရထားနဲ့လိုက်လာခဲ့တာ"

" ဂေါ်ဂင်အတွက်ငွေကြေးအကုန်အကျများအောင် လုပ်မိခဲ့တာလဲမှားတာပဲ၊ မင်း ညကရထားပေါ်မှာ တစ်ညလုံးထိုင်လိုက်လာရမှာပေါ့ "

" ဟုတ်တယ်. . . ဗင်းဆင့် "

နှစ်ယောက်စလုံးအချိန်အတန်ကြာမျှ နှုတ်ဆိတ်နေကြသည်။

" ကျွန်တော် ဒေါက်တာရေးနဲ့ စကားပြောပြီးပြီ၊ နေပူဒဏ်ကို အဆမတန်ခံရလို့အခုလိုဖြစ်တာလို့ ပြောတယ်။ အစ်ကိုက နေပူကြီးထဲမှာ ဦးထုပ်မဆောင်းပဲ အလုပ်လုပ်ခဲ့တယ် မဟုတ်လား "

" ဟုတ်တယ် "

" အဲသလိုလုပ်လို့ ဘယ်ဖြစ်ပါ့မလဲ ဗင်းဆင့်ရာ။ နောင်အခါကျရင်တော့ ဦးထုပ်ဆောင်းပြီးလုပ်ပါ။ အားလစ်မြို့ကလူအများစုဟာ နေပူမိလို့ ဒုက္ခရောက်ကြရတာ "

ဗင်းဆင့်က သီအိုဂျီလက်ကို အသာအယာညှစ်သည်။ သီအိုသည် လည်ချောင်းထဲမှ ဆို့တက်လာနေသည့် အလုံးကို ပြန်မျိုချလိုက်လေသည်။

" ကျွန်တော့်မှာ ခင်ဗျားအတွက် သတင်းတစ်ခုပါလာတယ်၊ ဒါပေမယ့်. . . ရက်နည်းနည်းလောက်စောင့်ပြီးမှပဲ ပြောတာကောင်းပါလိမ့်မယ်"

" သတင်းကောင်းလား သီအို "

" ကျွန်တော်ကတော့ ခင်ဗျားသဘောကျမယ့် သတင်းလို့ထင်တယ်"

ဤအခိုက်တွင် ဒေါက်တာရေးသည် အခန်းထဲသို့ ဝင်လာသည်။ "လူနာအခြေအနေ ဘယ်နှယ့်လဲ " ဟု ရေရွတ်သည်။

" ကျွန်တော့်ညီက သတင်းကောင်းတစ်ခုပြောမယ်ဆိုရင် ပြောလို့ရမလား ဒေါက်တာ "

" ရပါတယ်၊ ခဏတော့နေဦး။ အနာကို ကြည့်ကြဦးစို့၊ အင်း. . တော်တော်ကောင်းသွားပြီ။ မကြာခင် ပျောက်သွားမှာပါ "

ဒေါက်တာထွက်သွားသည့်အခါ ဗင်းဆင့်က သတင်းကိုပြောပြဖို့ တောင်းပန်သည်။

" ကျွန်တော်. . . ၊ အင်း. . . ကျွန်တော် မိန်းကလေး တစ်ယောက်. . တွေ့ထားတယ် "

" ဟုတ်လား. . . သီအို "

" ဟုတ်တယ်၊ ဒတ်ချ်မ ကလေးပါ၊ သူနာမည်က ဂျူဟန်နာဘန်ဂျာတဲ့၊ သူက အမေနဲ့တော်တော့်ကိုတူတယ်လို့ ကျွန်တော်ထင်တာပဲ "

" မင်း သူ့ကိုချစ်သလား "

" ချစ်တယ်၊ ပါရီမှာ ခင်ဗျားမရှိတော့တဲ့အချိန်ကစပြီး ကျွန်တော့်မှာ သိပ်ကို အထီးကျန်ဖြစ်သွားခဲ့တယ်၊ ပထမခွဲနေကြတုန်းကတော့ တစ်မျိုးပဲ၊ နေလို့ရတယ်။ ဒါပေမယ့် ခင်ဗျားနဲ့အတူတူတစ်နှစ်လောက် နေလိုက်ရတော့. . . "

" ငါနဲ့အတူတူနေရတော့လဲ မင်းအတွက် မကောင်းလှပါဘူး။ သီအိုရယ်။ ငါက ဆိုးတာကိုး "

" ဗင်းဆင့်ရယ်။ ကျွန်တော် အခန်းကို ပြန်ရောက်လို့ ဖိနပ်စင်ပေါ်က ခင်ဗျားရဲ့ရှူးဖိနပ်တွေနဲ့ ခင်ဗျားရဲ့ဆွဲလက်စ ကင်းဗတ်တွေကိုမြင်လိုက်ရရင် ဘယ်လောက်အထိအလွမ်းပြေသွားတယ်ဆိုတာ ခင်ဗျားသိစေချင်တယ်။ ဒါပေမယ့် တော်ပါတော့လေ၊ ဒါတွေကို ထပ်မပြောပါနဲ့တော့၊ ခင်ဗျားအနားယူဖို့လိုနေတယ် "

သီအိုသည် အားလ်စ်မြို့တွင် နှစ်ရက်မျှနေသည်။ ဒေါက်တာရေးက ဗင်းဆင့်သည် မကြာခင်လျှင်မြန်စွာ နေကောင်းလာလိမ့်မည်ဖြစ်ကြောင်းနှင့် သူ့အနေဖြင့် ဗင်းဆင့်အား လူနာတစ်ဦးအဖြစ်သာမက မိတ်ဆွေတစ်ဦးအဖြစ်ပါ ကူညီစောင့်ရှောက်သွားမည်ဟု ပြောသဖြင့် စိတ်ချလက်ချပြန်သွားခဲ့ခြင်းဖြစ်လေသည်။

ရော်လင်သည် ဗင်းဆင့်ထံသို့ ညနေတိုင်းလာသည်။ သူလာလျှင် ပန်းမျာယူလာလေ့ရှိ၏။ ညပိုင်းကျလျှင် ဗင်းဆင့်သည် သွေးလေခြောက်ခြားကာ ကယောင်ကတန်းဖြစ်လေ့ရှိသည်။ အိပ်မပျော်သည့်ရောဂါကိုလည်း ညတိုင်းခံစားနေရ၏။

လေးရက်အကုန်တွင် ဗင်းဆင့်၏အခြေအနေသည် အတော်ကြီးတိုးတက်ကောင်းမွန်လာသည်။ ဒေါက်တာရေးသည် ဗင်းဆင့်၏ အခန်းတံခါးကို သော့ခတ်မထားတော့ပဲ လွတ်လပ်စွာထားပေးခဲ့ရုံမျှမက ပရိဘောဂနှင့် အသုံးအဆောင်ပစ္စည်းများကိုပါ ပြန်၍ထားပေးခဲ့၏။

" ကျွန်တော်အိပ်ရာပေါ်ကဆင်းပြီး အဝတ်အစားလဲမယ်ဆိုရင် ရပြီလား " ဟု ဗင်းဆင့်ကမေးသည်။

" ခင်ဗျားမှာ အားပြန်ရှိလာပြီဆိုရင်ရပါတယ်၊ ပြီးသွားရင်တော့ ကျွန်တော့်ရုံးခန်းကိုလာခဲ့ပါဦး "

အားလ်စ်ဆေးရုံသည်နှစ်ထပ်အဆောက်အဦးဖြစ်၏။ ဆေးရုံဝင်းသည် လေးထောင့်စပ်စပ်ဖြစ်၍ ဆေးရုံရှေ့တွင် ပန်းမျိုးစုံစိုက်ပျိုးထားသည်။ ဗင်းဆင့်သည်ပန်းပင်များကြား၌ မိနစ်အနည်းငယ်ကြာမျှလမ်းလျှောက်သည်။ ထို့နောက် မြေညီထပ်ရှိ ဒေါက်တာရေး၏ ရုံးခန်းသို့ရောက်သွားသည်။

" လမ်းလျှောက်ရတာ အဆင်ပြေရဲ့လား " ဟု ဒေါက်တာရေးကမေးသည်။

" သိပ်ကိုအဆင်ပြေပါတယ် "

" ကဲ. . . ဗင်းဆင့်၊ ခင်ဗျားဘာပြုလို့ အဲသလိုလုပ်တာလဲ၊ ကျွန်တော့်ကိုပြောပြစမ်းပါ "

ဗင်းဆင့်သည် စကားတစ်ခွန်းမှပြန်မပြောပဲ အချိန်အတော်ကြာမျှ ငြိမ်နေသည်။

" ကျွန်တော်လဲ မသိပါဘူး " ဟု ဖြေသည်။

" ခင်ဗျားကိုယ်ခင်ဗျား အဲသလိုလုပ်တုန်းက ခင်ဗျားဘာတွေ တွေးနေမိသလဲ "

" ကျွန်တော်. . . အင်း. . . ကျွန်တော် ဘာမှ မတွေးမိဘူးဒေါက်တာ"

ဗင်းဆင့်သည် ဆေးရုံတွင်နောက်ထပ်ရက်အနည်းငယ်မျှ ထပ်မံနေရသေးသည်။ တစ်မနက်တွင် သူသည် ဒေါက်တာရေးနှင့် အခန်းထဲ၌ စကားပြောနေခိုက် လက်ဆေးကြွေဇလုံခုံပေါ်မှ သင်တုန်းဓားကိုကောက်ယူပြီး ဖွင့်လိုက်သည်။

" ခင်ဗျားမုတ်ဆိတ်မွေးတွေ ရိတ်ဖို့လိုနေပြီ ဒေါက်တာရေး " ဟုပြောသည်။ " ကျွန်တော်ရိတ်ပေးရမလား "

ဒေါက်တာရေးသည် နောက်သို့ဆုတ်၍ အခန်းထောင့်ထဲ၌ ရပ်နေသည်။ သူသည်လက်ကိုဆန့်ကာ လက်ဝါးကိုဖြန့်လိုက်သည်။ " မလုပ်နဲ့လေ။ ကျွန်တော် မရိတ်သေးဘူး၊ ဓားကိုပြန်ချထားလိုက် " ဟု ပြောသည်။

" ကျွန်တော်ဆံပင်ကောင်းကောင်းညှပ်တတ်တယ် ဒေါက်တာ။ မုတ်ဆိတ်လောက်တော့ ကောင်းကောင်းရိတ်ပေးနိုင်တယ် "

" ဗင်းဆင့်. . . လက်ထဲကဓားကိုပြန်ချလိုက် "

ဗင်းဆင့်က ရယ်သည်၊ သင်တုန်းဓားကိုပိတ်ကာ ခုံပေါ်ပြန်ချထားလိုက်သည်။ " မကြောက်ပါနဲ့ မိတ်ဆွေရယ်၊ အခုအချိန်မှာအားလုံးဟာ ပြီးဆုံးသွားပါပြီ " ဟု ပြောသည်။

ဒုတိယသီတင်းပတ်အကုန်တွင် ဒေါက်တာရေးသည် ဗင်းဆင့်အား ပန်းချီဆွဲခွင့် ပေးသည်။ လူနာစောင့်တစ်ဦးအား အိမ်ဝါဆီသို့လွှတ်၍ ပန်းချီတင်ခုံနှင့် ကင်းဗတ်မျှားယူပေးသည်။ ဒေါက်တာရေးကိုယ်တိုင်ပင် ဗင်းဆင့်အား နောက်ပြောင်ကျီစယ်သည့်သဘောဖြင့် ပုံတူအဆွဲခံသည်။ ဗင်းဆင့်သည် ယခင်ကလို အပြင်းအထန် အလုပ်မလုပ်နိုင်။ တစ်နေ့မှ အချိန်အနည်းငယ်သာ ဆွဲနိုင်သည်။ ဆွဲရာ၌ လည်းဖြည်းဖြည်းနှင့် မှန်မှန်ပင်ဆွဲသည်။ ပုံတူကို ရေးဆွဲပြီးသွားသည့်အခါ ထိုပုံကို ဒေါက်တာရေးအား လက်ဆောင်အဖြစ်ပေးသည်။

" ကျွန်တော်ရဲ့ အမှတ်တရပစ္စည်းအဖြစ် သိမ်းထားစေချင်ပါတယ် ဒေါက်တာ၊ ဒေါက်တာရဲ့ စေတနာနဲ့ မေတ္တာအတွက် ကျေးဇူးတုံ့ပြန်စရာဆိုလို့ ကျွန်တော့်မှာ ဒီပစ္စည်းကလွဲပြီး ဘာမှမရှိပါဘူး "

" ကျွန်တော့်ကို ဂုဏ်ပြုရာရောက်ပါတယ် ဗင်းဆင့် "

ဆရာဝန်သည် ထိုပုံကိုအိမ်သို့ ယူသွားသည်။ နံရံတစ်နေရာမှ အပေါက်ကို ဖုံးကွယ်ရန်အတွက် ထိုနေရာတွင် ချိတ်ထားလိုက်သည်။

ဗင်းဆင့်သည် ဆေးရုံတွင် နောက်သီတင်းနှစ်ပတ်ထပ်နေရသည်။ ထိုကာလအတွင်းသူသည် ဆေးရုံမျက်နှာစာရှိ ပန်းခြံကိုပန်းချီဆွဲသည်။ ပန်းခြံသည် နေရောင်ထဲတွင်ဝင်းလက်နေသည်။ သူသည်ကောက်ရိုးဦးထုပ်ဝိုင်းကြီးကိုဆောင်းထားသည်။ သူသည် ဤပန်းခြံထဲမှ ပန်းများ၏အလှကို ရရှိရန်အတွက် သီတင်းနှစ်ပတ်တိတိ အချိန်ယူခဲ့ရလေသည်။

✧✧✧✧

ဆေးရုံရှေ့ရှိဂိတ်တံခါးဝအနီးတွင် ဒေါက်တာရေးသည် ဗင်းဆင့်အား လက်ဆွဲနှုတ်ဆက်လျက်ရှိသည်။ " ခင်ဗျား ကျွန်တော့်ဆီကို နေ့စဉ်တစ်ခေါက်တော့လာပြပါ " ဟု ဒေါက်တာရေးကပြောသည်။ " ပြီးတော့ . . . အရက်မသောက်ရဘူး၊ စိတ်မလှုပ်ရှားရဘူး၊ ဦးထုပ်မဆောင်းပဲ နေပူကြီးထဲမှာ အလုပ်မလုပ်ရဘူး၊ အဲဒီအချက်တွေကို အမြဲသတိရပါ "

" ကျွန်တော်မမေ့စေရပါဘူး၊ ကတိပေးပါတယ်၊ အစစအရာရာကူညီစောင့်ရှောက်တဲ့အတွက် ကျေးဇူးတင်ပါတယ် "

" ခင်ဗျား လုံးဝနေကောင်းသွားပြီလို့ ခင်ဗျားရဲ့ညီဆီ စာရေးလိုက်ဦးမယ် "

ဗင်းဆင့်သည် အိမ်ရှင်ကသူ့အားမောင်းထုတ်ပြီး ဆေးရွက်ကြီးရောင်းသူအားဌားရန်စီစဉ်ထားသည်ကိုတွေ့ရသဖြင့် စိတ်မချမ်းမသာဖြစ်ရသည်။ သူသည်အိမ်ဝါအပေါ်တွင် မျှားစွာတွယ်တာနေပြီဖြစ်၏။ သူသည် ဤအိမ်အားတွေ့စကတည်းက စုံမက်ခဲ့သည်။ ငှားပြီးပြန်တော့လည်း သူ့အိမ်ပိုင်သဖွယ်တခမ်းတနားဖြစ်အောင် ပြုပြင်မွမ်းမံခဲ့သည်။ ဤအိမ်ထဲ၌နေ၍ ပန်းချီကားအမြောက်အများကိုလည်းရေးဆွဲခဲ့၏။ ပရိုးဗင့်စ်နယ်အတွင်းရှိ မြေပေါ်၌နေသမျှကာလပတ်လုံး ဤအိမ်သည် သူ၏ရှင်သန်ရေးအတွက် အမြစ်တစ်ခုဟုပင် သူသတ်မှတ်ထားသည်မဟုတ်ပါလော၊ ထို့ကြောင့်လည်း သူသည်ဤအိမ်နှင့် ပတ်သက်၍ အိမ်ရှင်အား အပြင်းအထန်ခုခံတိုက်ခိုက်မည်ဟု ဆုံးဖြတ်လိုက်လေသည်။

ပထမတွင် သူသည် အိမ်ထဲ၌တစ်ယောက်တည်း အိပ်ရမည်ကို ကြောက်ရွံ့နေသည်။ သူ့တွင်စွဲကပ်နေသည့် အိပ်မပျော်သော ရောဂါကြောင့်ဖြစ်၏။ ကယောင်ချောက်ခြားဖြစ်သော စိတ်ကလည်း သူ့အားမျှားစွာ ထိတ်လန့်တုန်လှုပ်အောင်ပြုလုပ်လျက်ရှိ၏။ သူသည် ဒေါက်တာရေးပေးလိုက်သော ဆေးမျှားကို သောက်ရုံမျှမက ညွှန်ကြားလိုက်သည့် အတိုင်းလည်း တတ်အားသရွေ့လိုက်နာနေထိုင်ခဲ့၏။ ဤသို့ဖြင့် ဂယောင်ချောက်ခြားဖြစ်ပြီး မြင်နေရသောအရာများနှင့် ကြားနေရသောအသံများသည် ပျောက်ကွယ်သွားခဲ့လေသည်။

အပြင်ထွက်၍ အလုပ်လုပ်ဖို့ကတော့ အားမရှိသေးပေ။ သူ၏ဦးနှောက်သည်တဖြည်းဖြည်းချင်း ပြန်လည်ကြည်လင်ကာ တည်ငြိမ်စပြုလာသည်။ စားလို့သောက်လို့ကောင်းနေသဖြင့် သွေးအားလည်းတစ်နေ့တစ်ခြား တက်လာနေသည်။ သူသည်ရော်လင်နှင့်စားသောက်ဆိုင်သို့ထွက်၍ ညစာစားရင်း ပျော်ပျော်ပါးပါးစကားပြောရသည်ကို မျှားစွာသဘောကျလျက်ရှိ၏။ သူသည် အပြီးမသတ်နိုင်ပဲရပ်ထားခဲ့ရသော ရော်လင်၏ဇနီးပုံကိုလည်း ဆက်၍ရေးဆွဲလေသည်။

တစ်ရက်မွန်းလွဲပိုင်းတွင် သူသည် ရာချယ်ထံသို့ ရောက်သွားသည်။ "ချိုးမကလေးရယ်၊ ကိုယ်လုပ်မိခဲ့တဲ့လုပ်ရပ်ကြောင့် ဒုက္ခရောက်ရတာ စိတ်မကောင်းပါဘူး " ဟု ပြောသည်။

" ကိစ္စမရှိပါဘူး၊ ဒီကိစ္စအတွက် သောကဖြစ်မနေပါနဲ့တော့၊ ကျွန်မတို့အားလစ်မြို့မှာ ဒါမျိုးတွေဖြစ်တာ ရိုးနေပါပြီ "

သူမိတ်ဆွေများကလည်း သူ့ထံအလည်လာရင်း စကားစပ်မိသည့်အခါ ပရိုးဗင့်စ်နယ်အတွင်း၌ လူတိုင်းလိုလို အပူဒဏ်ကြောင့် ဖျားနာခြင်း၊ ကယောင်ချောက်ခြားဖြစ်ခြင်းနှင့် ရူးသွပ်ခြင်းစသော ရောဂါများကိုရရှိခံစားရကြောင်းရှင်းပြကာ အားပေးစကားပြောကြသည်။

" ဒါဟာ ဖြစ်ရိုးဖြစ်စဉ်တစ်ခုပါ မွန်စီယာ " ဟု ရော်လင်ကဆိုသည်။

" ဒီဒေသမှာက လူအားလုံးဟာ သွပ်ချောင်ချောင်တွေချည်းပါပဲ "

နောက်ထပ် သီတင်းပတ်အနည်းငယ်ကုန်သွားပြန်သည်။ ယခုအခါ တွင်ဗင်းဆင့်သည် သူ့စတူဒီယိုထဲ၌ တစ်နေကုန်အောင် အလုပ်လုပ်နိုင်လာခဲ့ပြီ။ ရူးခြင်းနှင့် သေခြင်းတို့သည် သူ့စိတ်ကိုစွန့်ခွာသွားခဲ့ပြီ။ သူ့စိတ်သည် ယခင်ကအတိုင်း ပုံမှန်ပြန်ဖြစ်လာခဲ့လေပြီ။

နောက်ဆုံးတွင် သူသည် အပြင်ထွက်၍ ပန်းချီဆွဲခြင်းကို စွန့်စားပြီး လုပ်ကြည့်သည်။ နေသည် အပူရှိန်ပြင်းလှချေသည်။ ပတ်ဝန်းကျင်သည် အရောင်မျိုးစုံနှင့် ဝေဆာလှပနေသည်။ သို့သော်လည်း ဗင်းဆင့်သည် သူလိုလားသော အရာကို အမိအရမဆွဲနိုင်ချေ။ သူသည် နလံထပြီးကတည်းက အစားမှန်မှန်စား၍ အအိပ်မှန်မှန်အိပ်သည်။ စိတ်လှုပ်ရှားခြင်းမဖြစ်အောင်နေသည်။ ပြင်းထန်သော စိတ်အားထက်သန်ခြင်းကို ဖြစ်မလာအောင်ရှောင်သည်။ ပုံမှန်အနေအထားနှင့်ပုံမှန်ခံစားမှုသာ များလာသဖြင့် သူသည် ပန်းချီကို မဆွဲနိုင်တော့ချေ။

" ခင်ဗျားဟာ သူလိုငါလို သာမန်ပုံမှန်အနေအထားမှာရှိတဲ့လူမဟုတ်ဘူး " ဟု ဒေါက်တာရေးက ပြောခဲ့ဖူးသည်။ " ဒါပေမယ့် တစ်ခုတော့ရှိတယ်၊ ဘယ်ပန်းချီဆရာမှ ပုံမှန်သာမန် အနေအထားမရှိကြဘူး၊ တကယ်လို့သာပုံမှန်အနေအထားရှိတဲ့လူဆိုရင်လည်း ပန်းချီဆရာမဖြစ်နိုင်ဘူး၊ သာမန်လူတွေဟာ အနုပညာအလုပ်ကို မဖန်တီးနိုင်ကြဘူး၊ သူတို့ဟာ စားလိုက်အိပ်လိုက် လုပ်ရိုးလုပ်စဉ် အတိုင်းလုပ်လိုက်နဲ့ နောက်ဆုံးမှာသေသွားတာပဲ။

" ခင်ဗျားဟာ ခင်ဗျားရဲ့ ဘဝနဲ့ ပတ်ဝန်းကျင်သဘာဝအပေါ်မှာ အလွန်စိတ်ထိခိုက်ခံစားလွယ်တဲ့ လူတစ်ယောက်ပါ၊ ဒါကြောင့်လည်း ခင်ဗျားဟာ ကျွန်တော်တို့အားလုံးအတွက် ဘဝနဲ့ သဘာဝရဲ့နက်ရှိုင်းတဲ့ အနက်အဓိပ္ပာယ်ကိုကောက်ယူပေးနိုင်တာပေါ့၊ ဒါပေမယ့် အဲဒီအလွန်အမင်းစိတ်အာရုံ ထိခိုက်ခံစားလွယ်မှုဟာ ခင်ဗျားရဲ့ဘဝကို ပျက်စီးသွားသည်အထိ ဦးဆောင်သွားနိုင်တယ်၊ ဒါကြောင့်မို့ သတိထားဖို့လိုပါတယ်၊ သတိမထားရင် ပန်းချီဆရာတိုင်းဟာ အချိန်တန်လာရင် အဲဒီပြင်းထန်မှုရဲ့ဒဏ်ကို ခံရတတ်ပါတယ် "

သူသည် ပန်းချီကိုစိတ်တိုင်းကျမဆွဲနိုင်သဖြင့် စိတ်ညစ်စိတ်ရှုတ်လျက်ရှိ၏။ " ပန်းချီဆရာတစ်ယောက်ဟာ လုပ်စရာအလုပ်အမြဲရှိနေတဲ့ လူတစ်ယောက်ပဲ " ဟု တွေးသည်။ " ငါကြိုက်တဲ့နည်းနဲ့ငါလိုချင်တဲ့ပုံကိုမှ ပန်းချီမဆွဲနိုင်ရင် ငါအသက်ရှင်နေတာ အလဟဿပဲ၊ ဘာများတန်ဖိုးရှိမှာလဲ "

သူသည် ဦးထုပ်မပါပဲလယ်ကွင်းများထဲ၌ လျှောက်သွားနေသည်။ ဝင်းဝင်းတောက်နေသော နေ၏အပူရှိန်ကိုစုတ်ယူနေသည်။ မိုးကောင်းကင်ဆီမှ အရောင်စုံကို သောက်သုံးနေသည်။ သူ့ပတ်ဝန်းကျင်မှ အဝါရောင်နေလုံး၊ အစိမ်းရောင်လယ်ကွင်းများနှင့် ပွင့်ဖူးနေကြသော ပန်းများအပေါ်တွင် သာယာယစ်မူးနေသည်။ သူသည် စိတ်လှုပ်ရှားမှုကိုရရှိခံစားရပြန်၏။ ထိုအခါအစာမစားနိုင်သည့်အဖြစ်နှင့်ရင်ဆိုင်ရသည်။ ကော်ဖီ၊ အရက်နှင့်ဆေးတံအပေါ်၌သာတည်မှီ၍ သူ့ဘဝကိုတည်ဆောက်စပြုလာသည်။ ည. . . ညဆိုလျှင်အိပ်မပျော်။ နောက်ဆုံးတွင်သူသည် ပန်းချီတင်ခုံကိုကျောပိုးကာ လယ်ကွင်းများဆီသို့ ထွက်ပြန်လေသည်။ ပန်းချီဆွဲစရာနေရာများကို သူပြန်၍တွေ့လာသည်။ သူဆွဲလိုသောအရာများကို ဆွဲနိုင်သည့် စွမ်းအားသည် တဖန်ပြန်၍ ဝင်လာသည်။ ဟိုတုန်းကလိုပင်နေ့စဉ် ပန်းချီကားတစ်ကားပြီးစီးအောင်ဆွဲနိုင်လာသည်။ ဤသို့ဖြင့်ရက်အနည်းငယ်မျှအတွင်းပန်းချီကားပေါင်းသုံးဆယ့်ခုနှစ်ကားကို ရရှိလာခဲ့လေ၏။

တစ်မနက်တွင် သူသည် မကြည်မလင်သောစိတ်ဖြင့် အိပ်ရာမှနိုးလာသည်။ သူသည် အလုပ်လုပ်ချင်သော်လည်း မလုပ်နိုင်။ ကုလားထိုင်ပေါ်တွင် ထိုင်ကာ နံရံကိုကြည့်၍ တွေဝေငေးမောလျက်ရှိသည်။ တစ်နေကုန်သည်အထိ မလှုပ်မယှက်ထိုင်နေသည်။ သူ့နားထဲတွင်ယခင်ကကြားနေကျအသံများကို ပြန်၍ကြားနေရပြန်ပြီ။ ညပိုင်းတွင် သူသည်စားသောက်ဆိုင်သို့သွား၍ စားပွဲတစ်လုံးတွင် ဝင်ထိုင်နေသည်။ သူသည်စွပ်ပြုတ်ကို မှာသည်။ စားပွဲထိုးအမျိုးသမီးသည်သူမှာသည့် စွပ်ပြုတ်ကိုလာပို့သည်။ သူ့နားထဲတွင် သူ့အားသတိပေးနေသည့် အသံကိုကြားနေရလေသည်။

သူသည် စွပ်ပြုတ်ပန်းကန်ကို လက်နှင့်တွန်းချလိုက်သည်။ ပန်းကန်သည်အစိတ်စိတ်အမြွှာမြွှာကွဲသွားသည်။ "နင်တို့ ငါ့ကို အဆိပ်ခပ်သတ်ဖို့လုပ်နေကြတယ် " ဟု တအားကြုံးအော်သည်။ " ဒီစွပ်ပြုတ်ထဲမှာ အဆိပ်ခပ်ထားတာ ငါမသိဘူးထင်နေသလား "

သူသည် ထိုင်နေရာမှ ခုန်ထလိုက်ပြီး စားပွဲကို ခြေနှင့်တအားကြုံးကန်လိုက်သည်။ ဆိုင်ထဲမှ အချို့လူများသည် အလန့်တကြားပြေးထွက်သွားကြသည်။

အခ်ိဳ့က ပါးစပ်အေဟာင်းသားဖြင့် ကြည့်နေသည်။

" နင်တို့အားလုံး ငါ့ကိုအဆိပ်ခပ်သတ်ဖို့ကြိုးစားနေကြတာ ငါသိတယ်၊ စွပ်ပြုတ်ပန်းကန်ထဲကို အဆိပ်ခပ်တာ ငါကိုယ်တိုင်မြင်တယ် "

ခဏအကြာတွင် ရဲနှစ်ယောက်ဝင်လာပြီး ဗင်းဆင့်အားဖမ်း၍ ဆေးရုံသို့ပို့လိုက်ကြ၏။ နောက်နှစ်ဆယ့်လေးနာရီမျှအလွန်တွင် ဗင်းဆင့်သည် ပြန်လည်တည်ငြိမ်လာသည်။ ဖြစ်ခဲ့သည့် ကိစ္စကို ဒေါက်တာရေးနှင့် ဆွေးနွေးနိုင်လာသည်။

သူသည် တစ်နေ့လျှင် အလုပ်ကိုအချိန်အနည်းငယ်မျှသာလုပ်သည်။ တောပိုင်းဖက်သွား၍ အညောင်းပြေသဘောလမ်းလျှောက်သည်။ ညပိုင်းတွင် ဆေးရုံသို့ပြန်၍ ညစာစားသည်။ ပြီးတော့အိပ်သည်။ သူသည်ဒေါက်တာရေးချပေးခဲ့သည့် ထိုပုံစံအတိုင်းလိုက်နာပြီး နေခဲ့ရပြန်၏။ တစ်ခါတစ်ရံကျတော့လည်း သူသည် သောကဖိစီးမှုဒဏ်ကို ပြင်းစွာခံစားရသည်။ တစ်ခါတစ်ရံတွင်မူ ဘာပြဿနာမှမရှိပဲ အိပ်မောကျသွားတတ်သော်လည်း တစ်ခါတစ်ရံတွင် မိုးစင်စင်လင်းသည်အထိ မျက်စိမျှားကို ပိတ်၍မရ။

ဒေါက်တာရေးသည် သူ့အားပန်းချီပြန်ဆွဲခွင့်ပြုလိုက်သည်။ ဗင်းဆင့်သည်ကမ်းဘေးတစ်နေရာရှိ မက်မုံသီးခြံကိုစဆွဲသည်။ ခြံ၏နောက်ဖက်တွင် မားမားမတ်မတ်ရပ်တည်နေကြသည့် အဲလ်ပ်တောင်တန်းမှ တောင်စွယ်များ။ နောက်တစ်ခု သူဆွဲသည့် နေရာမှာသံလွင်ပင်များစုဝေးနေသည့် တောအုပ်ကလေးဖြစ်၏။ ငွေရောင်သန်းနေသည့် ရွက်ဟောင်းများကြားမှ တိုးထွက်လာနေကြသည့် အစိမ်းရောင် ရွက်နုများ။ နောက်ဖက်တွင် အပြာရောင်ကောင်းကင်နှင့် လိမ္မော်ရောင်သန်းနေသည့် လယ်ကွင်း။

သီတင်းသုံးပတ်အကုန်တွင် ဗင်းဆင့်သည် ဆေးရုံမှ ဆင်းခွင့်ရသဖြင့် အိမ်ဝါသို့ပြန်သည်။ ယခုအခါတွင် မြို့ပေါ်မှလူများသည် ဗင်းဆင့်အား ဆန့်ကျင်နေကြလေပြီ။ အထူးသဖြင့် သူနေထိုင်သည့် လာမာတင်းရပ်ကွက်မှ လူများသည် သူ့အပေါ်တွင် အကောင်းမမြင်ကြတော့ပေ။ နားရွက်ကိုလှီးဖြတ်ခြင်းနှင့် စွပ်ပြုတ်ထဲအဆိပ်ခပ်သည်ဟူသောဖြစ်ရပ်နှစ်ခုသည် ဗင်းဆင့်အပေါ်၌ အယုံအကြည်ကင်းမဲ့စေသည့် ဖြစ်ရပ်များပေတည်း။

အားလစ်မြို့ပေါ်မှ လူများအနေဖြင့် ပန်းချီဆွဲခြင်းသည် လူတစ်ယောက်အားရွံးသွားစေနိုင်သည်ဟု အခိုင်အမာယုံကြည်လာကြသည်။ ဗင်းဆင့်အားမြင်လျှင်တွေ့လျှင် ပြုံးတုံးပြဲတဲ့ဝိုင်းကြည့်ကြသည်။ တချို့ကမဟုတ်တရုတ်စကား

များကို ဗင်းဆင့်ကြားအောင်အော်ဟစ်ပြောဆိုကြသည်။ တချို့ကတော့ သူ့အား အဝေးကြီးကရှောင်ကွင်းသွားကြလေသည်။

မြို့ထဲမှ စားသောက်ဆိုင်များသည် ဗင်းဆင့်အား ဆိုင်တံခါးဝရှေ့ကိုပင် ရပ်ခွင့်မပေးကြတော့ပေ။ မြို့ထဲမှကလေးသူငယ်များသည် အိမ်ဝါရှေ့မှရပ်ကာ ဗင်းဆင့်အားစိတ်ဆင်းရဲအောင် ညှင်းပန်းနှိပ်စက်ကြသည်။

"ခေါင်းနီ. . ခေါင်းနီ။ ဣန်တဲ့နားရွက်တစ်ဖက်ကိုပါ ဖြတ်ပစ်ပါလား"ဟု အော်ကြသည်။ ဗင်းဆင့်သည် ပြတင်းပေါက်များကိုထပိတ်သည်။ အော်သံများနှင့် ရယ်သံများကိုတော့ မကြားချင်၍မရ။

"ခေါင်းနီ. . . ခေါင်းနီ။ အရူး. . . အရူး. . . အရူးခေါင်းနီ၊ ခေါင်းနီ. . . အရူး"

တစ်ခါတလေတွင် ကလေးများသည် ဗင်းဆင့် စိတ်ထိခိုက်စေမည့် စကားများကို သီချင်းလုပ်၍ ဆိုကြသည်။

" ညာ နားရွက်ဖြတ်တဲ့
ခေါင်းနီဟာ
အရူးကြီးတစ်ယောက်ပါ
နင်အော်ပေမယ့် အလကား
အရူးကြီးက မကြား "

တစ်ခါတစ်ရံတွင် ဗင်းဆင့်သည် ကလေးအုပ်နှင့် လမ်းပေါ်၌ ဆုံမိတတ်သည်။ သူသည် ကလေးများ၏ရန်မှ လွတ်အောင်အားထုတ်ပါ၏။ သို့သော်လည်း သူတို့သည် နောက်မှ မျက်ခြည်အပြတ်မခံပဲလိုက်ကြသည်။ အော်ဟစ်နောက်ပြောင်ကြသည်။

သူ့အား နောက်ပြောင်နေသည့် ကလေးအရေအတွက်သည် တစ်နေ့ထက်တစ်နေ့တိုးတက်များပြားလာသည်။ ဗင်းဆင့်သည် သူ့နားပေါက်များတွင် ဂွမ်းများဖြင့်ဆို့ထားသည်။ ပန်းချီကားများကို ထပ်မံ၍မိတ္တူကူးဆွဲခြင်းဖြင့် သူ့စိတ်အာရုံကို ကလေးများအော်သံဆီသို့ ရောက်မသွားအောင်ကြိုးစားသည်။ ကလေးများ၏အသံများကတော့ အဆက်မပြတ် ဝင်လာလျက်ရှိလေရာ သူဦးနှောက်သည်ကွဲလုမတတ် ပူလောင်နေရ၏။

အချို့သူငယ်များသည် ပို၍အတင့်ရဲလာကြသည်။ မျောက်များသဖွယ် ပိုက်လုံးများမှတွယ်ဖက်တက်ကာ ပြတင်းပေါက်ဘောင်၌ ထိုင်၍ ဗင်းဆင့်အား ချောင်းကြည့်ပြီး အော်ကြဟစ်ကြသည်။

"အရှူးခေါင်းနီ၊ ကျန်တဲ့နားရွက်တစ်ဖက်ကို ဖြတ်လိုက်၊ ကျုပ်တို့လိုချင်တယ်"

ယင်းကိစ္စသည် နေ့စဉ်လိုလိုဖြစ်လျက်ရှိရာ နောက်ပိုင်းတွင် ရပ်ကွက်တွင်းမှ လူကြီးတချို့ကပါ အားပေးအားမြှောက်ပြုလာကြသည်။ ရယ်စရာပွဲတစ်ခုသဖွယ်မြင်လာကြသည်။ ကလေးများက ဗင်းဆင့်အား ခဲများဖြင့်ပေါက်နေသည်ကိုပင်မတားမြစ်ကြ။

တစ်ရက်တွင် ဗင်းဆင့် ပန်းချီဆွဲနေခိုက် သူငယ်သုံးယောက်သည် ပြတင်းပေါက်ဘောင်ပေါ်မှထိုင်၍ နောက်ပြောင်နေကြသည်။သည်းမခံနိုင်လောက်အောင်ဖြစ်နေသောဗင်းဆင့်က သူတို့အားလိုက်သည်။ သူငယ်များသည် ပိုက်လုံးမှတဆင့်အောက်သို့ လျှောဆင်းသွားကြသည်။ လမ်းပေါ်မှလူအုပ်သည် အော်ဟစ်ကာ ညာသံပေးလျက်ရှိကြသည်။ ဗင်းဆင့်သည် ပြတင်းပေါက်မှရုပ်၍ အောက်မှ လူအုပ်ကို ငုံ့ကြည့်သည်။

ဗင်းဆင့်သည် ပြတင်းပေါက်ဘောင်ပေါ်သို့ ခုန်တက်လိုက်သည်။ "သွားကြ" ဟု အသံကုန်ဟစ်၍အော်သည်။ " သူရဲတွေ. . ထွက်သွားကြ၊ ဒီနားကိုမလာနဲ့ "

" ဟေ့အရှူး. . . မင်းနားရွက်ကိုပစ်ချလိုက်" ဟု လူအုပ်ကပြန်အော်သည်။

" သွားကြ၊ ငါ့ကို လာမနှောင့်ယှက်ကြနဲ့ "

ဗင်းဆင့်သည် စားပွဲပေါ်မှ ကြွေဇလုံကိုယူကာ လူအုပ်ဆီသို့ပစ်ပေါက်သည်။ သူ၏ဒေါသအိုးသည် ပေါက်ကွဲခဲ့ပြီဖြစ်ရာ အိမ်ထဲမှတွေ့ရာမြင်ရာပစ္စည်းများကို ယူ၍အောက်မှ လူအုပ်အားပစ်ပေါက်သည်။ ကုလားထိုင်များ၊ ပန်းချီတင ခုံ၊ မှန်၊ စားပွဲ၊ နေကြာပန်း ပန်းချီကားများ. . . ပစ္စည်းမျိုးစုံပါဝင်သည်။

အခန်းထဲတွင် ရှိရှိသမျှပစ္စည်းများကုန်သွားသည့်အခါ သူသည် အလွန်အမင်းစိတ်ထိခိုက်စွာဖြင့် ပြတင်းပေါက်နား၌ ရပ်နေသည်။ သူ့တစ်ကိုယ်လုံးသည် တုန်ယင်လှုပ်ရှားလျက်ရှိ၏။ သူသည် ပြတင်းပေါက်ဘောင်ပေါ်သို့ မှောက်လျက်လဲကျသွားသည်။ သူ့ဦးခေါင်းသည် အောက်ဘက်ရှိ လူများဖက်သို့ ငိုက်စိုက်ကျလျက်။

(၁၀)

လာမာတင်းရပ်ကွက်အတွင်း၌ အသနားခံစာလျှောက် လွှာတစ်စောင်ကို အရေးတကြီးဖြန့်ဝေလာကြသည်။ ထိုစာကို အမျိုးသား အမျိုးသမီး ကိုးဆယ်က လက်မှတ်ထိုးထားလေသည်။

မြို့တော်ဝန် တာဒီယူးသို့

အောက်တွင် လက်မှတ်ရေးထိုးထားသည့် ကျွန်တော် ကျွန်မတို့သည် အားလပ်မြို့သူ မြို့သားများ ဖြစ်ကြပါသည်။ လာမာတင်းရပ်အမှတ် ၂၊ နေအိမ်၌ နေထိုင်သူ ဗင်းဆင့်ဗင်ဂိုးသည် လူအများအား အန္တရာယ် ပြုနိုင်သော အရူးတစ်ယောက်ဖြစ်သဖြင့် အပြင်၌ လွတ်ထားရန် သင့်လျော်သူတစ်ဦး မဟုတ်ပါ။ ထိုအရူးအား ထောင်သွင်းအကျဉ်းချ ထားပေးပါရန် မြို့တော်ဝန်ဖြစ်သော လူကြီးမင်းအား ကျွန်တော်တို့အနေဖြင့် အသနားခံ ပန်ကြားအပ်ပါသည်။

အချိန်မှာ အားလပ်မြို့တွင် မြူနီစီပါယ်ရွေးကောက်ပွဲ ကျင်းပမည့် အချိန်ဖြစ်၏။ မြို့တော်ဝန် တာဒီယူးသည် သူ၏မဲဆန္ဒရှင်များမကြိုက်မည့် အလုပ်ကို မလုပ်လို။ သူသည် ရဲအား ဗင်းဆင့်ကိုဖမ်းဆီးရန် အမိန့်ပေးခဲ့သည်။ အိမ်ထဲသို့ ရဲများဝင်ရောက်လာသည့်အခါ ဗင်းဆင့်အား ကြမ်းပေါ်၌ လဲကျနေသည်ကိုတွေ့ရ၏။ သူတို့သည် ဗင်းဆင့်အား ထောင်သို့ပို့ကာ အခန်းကလေးတစ်ခန်းထဲထည့်ပြီး သော့ခတ်ထားလိုက်သည်။ အပြင်မှ အစောင့်တစ်ယောက်လည်း ချထားလိုက်လေသည်။

ဗင်းဆင့်သည် သတိရလာသည်နှင့် တပြိုက်နက် ဒေါက်တာရေးနှင့် တွေ့ခွင့်ပေးရန်ခွင့်တောင်းသည်။ ထောင်အာဏာပိုင်များက ငြင်းပယ်ခဲ့ကြ၏။ သူ့ညီသီအိုထံစာရေးလိုသဖြင့် ခဲတံနှင့်စာရွက်တောင်းသော်လည်းမပေး။

နောက်ဆုံးတွင် ဒေါက်တာရေးသည် ထောင်သို့လာ၍ဗင်းဆင့်နှင့်တွေ့ဆုံခွင့်ရခဲ့သည်။ " ခင်ဗျားရဲ့ဒေါသကို ချုပ်တည်းဖို့ကြိုးစားပါ ဗင်းဆင့် " ဟု ဒေါက်တာရေးက ပြောသည်။ " မချုပ်တည်းနိုင်ရင်တော့ သူတို့က ခင်ဗျားကို အန္တရာယ်ပေးမယ့် အရူးတစ်ယောက်အဖြစ်နဲ့ အရူးထောင်ကိုပို့တော့မှာ သေချာတယ်၊ ဒါဆိုရင်တော့ ခင်ဗျားရဲ့ ဘဝဟာ ဆုံးပြီလို့ဆိုရမှာပဲ၊ ခင်ဗျားရဲ့ပြင်းထန်တဲ့

စိတ်ဟာ ခင်ဗျားကိစ္စကိုခက်ခဲသွားအောင်လုပ်လိမ့်မယ်၊ အဲဒီတော့ စိတ်ကိုလျှော့ထားပါ။ ကျွန်တော် ခင်ဗျားရဲ့ ညီဆီကို စာရေးပါမယ်၊ ကျွန်တော်တို့ အခုလောလောဆယ်လုပ်ရမှာကတော့ ခင်ဗျားကိုထောင်ထဲက လွတ်အောင်လုပ်ဖို့ပဲ ”

“ သီအို ဒီကိုလိုက်လာအောင်တော့ မလုပ်ပါနဲ့ဒေါက်တာ။ သူမကြောခင်လက်ထပ်ဖို့စီစဉ်ထားပါတယ်၊ သူ့ရဲ့သာယာပျော်ရွှင်မှုကို ပျက်သွားအောင်လုပ်လို့မဖြစ်ပါဘူး ”

“ ဒီကိုလိုက်မလာအောင်ရေးပါ့မယ်၊ ခင်ဗျားအတွက် အကောင်းဆုံးအစီအစဉ်တစ်ခုတော့ ကျွန်တော့်မှာရှိပါတယ် ”

နောက်နှစ်ရက်အကြာတွင် ဒေါက်တာရေးသည် ဗင်းဆင့်ထံ ရောက်လာပြန်သည်။ အစောင့်ကတော့ အခန်းရှေ့၌ချမြဲတိုင်း ချထားသည်။

“ ကျွန်တော်ပြောတာကို အသေအချာနားထောင်ပါ ဗင်းဆင့် ” ဟု ဒေါက်တာရေးက ပြောသည်။ “ အိမ်ဝါက ခင်ဗျားခွာဖို့ကိစ္စကို ကျွန်တော်စီစဉ်ခဲ့တယ်၊ အိမ်ရှင်က ခင်ဗျားပိုင်ပစ္စည်းတွေအားလုံးကို သိမ်းပေးထားလိမ့်မယ်၊ စားသောက်ဆိုင်တစ်ဆိုင်ရဲ့ မြေအောက်ထပ်မှာ ထားပေးမယ်လို့ပြောတယ်၊ ခင်ဗျားရဲ့ ပန်းချီကားတွေကို သူကိုယ်တိုင်သေ့ခတ်ပြီး သိမ်းထားမယ်တဲ့၊ ခင်ဗျားဆီက အိမ်လခအပြေရမှ ပြန်ပေးမယ်တဲ့ ”

ဗင်းဆင့်သည် နှုတ်ဆိတ်လျက်ရှိသည်။

“ ခင်ဗျားအနေနဲ့ အိမ်ဝါမှာပြန်ပြီး မနေနိုင်ပေမယ့် ကျွန်တော့်အစီအစဉ်အတိုင်းလုပ်ကြည့်ရင်အဆင်ပြေမယ်လို့ ထင်ပါတယ်၊ ခင်ဗျား အခုလိုဖြစ်နေတဲ့ဟာမျိုးက နောက်ထပ်ဖြစ်ဦးမယ် မဖြစ်ဘူးဆိုတာ ဘယ်သူမှ မပြောနိုင်ဘူး။ အဲဒီတော့... အကောင်းဆုံးနည်းက ခင်ဗျား အနေနဲ့... အဲဒီ... စိတ်ရောဂါကုဆေးရုံမှာနေသွားမယ်ဆိုရင် ...”

“ ဒါဆိုရင် ဒေါက်တာက ကျွန်တော့်ကို... ”

“ မဟုတ်ပါဘူး ဗင်းဆင့်။ ခင်ဗျားဟာအရူးမဟုတ်ပါဘူး၊ ခင်ဗျားကြည့်တတ်ရင်မြင်တတ်မှာပါ၊ ခင်ဗျားရူးတာဟာ ကျွန်တော်ရူးသလောက်ပဲရှိပါတယ်၊ အခု ခင်ဗျားဖြစ်တာမျိုးက တခြားအဖျားအနာရောဂါမျိုးလိုပါပဲ၊ ဖြစ်လာချိန်မှာ ခင်ဗျားရဲ့ခေါင်းထဲမှာ အသိစိတ်ပျောက်သွားတာပဲ၊ ဘယ်အချိန်မှာဖြစ်မယ်ဆိုတာသာ ကျွန်တော်တို့ကမပြောနိုင်တာ၊ ဒါကြောင့်လဲ ခင်ဗျားကိုဆေးရုံမှာနေသင့်တယ်လို့ပြောတာ ”

“ ဟုတ်ကဲ့ပါ၊ ကျွန်တော်သဘောပေါက်ပါတယ် ”

" ခင်ဗျားအတွက် ဒီမြို့နဲ့နှစ်ဆယ့်ငါးကီလိုမီတာလောက်သာဝေးတဲ့ နေရာမှာ စိတ္တဇဆေးရုံရှိတယ်၊ အကောင်းဆုံးနေရာတစ်ခုလို့ထင်တယ်၊ စိန့်ပေါလ် ဒီမောဆိုလီ လို့ခေါ်တယ်၊ သူတို့ဆီမှာ လူနာကိုအဆင့်သုံးဆင့်ခွဲပြီးလက်ခံတယ်။ တတိယဆင့်လူနာအတွက် တစ်လကို ဖရန့်ငွေတစ်ရာပဲယူတယ်၊ ဒီငွေလောက်ကတော့ ခင်ဗျားတတ်နိုင်မှာပါ၊ ဒီနေရာဟာ တစ်ချိန်တုန်းကတော့ ဘုန်းကြီးကျောင်းတစ်ကျောင်းပေါ့။ နေရာကသိပ်လှတယ်၊ သိပ်တိတ်ဆိတ်တယ်၊ ခင်ဗျားကိုကြည့်ရှုစောင့်ရှောက်ပေးဖို့ ဆရာဝန်တစ်ယောက်နဲ့ သူနာပြုဆရာမတစ်ယောက်ထားပေးမယ်၊ အစားအသောက်တွေကလဲ ကောင်းတယ်၊ ခင်ဗျားချက်ချင်းကျန်းမာလာနိုင်ပါတယ် "

" ကျွန်တော့်ကို ပန်းချီဆွဲခွင့်ကော ပေးပါ့မလား "

" ဟာ. . . ပေးမှာပေါ့။ ခင်ဗျားလုပ်ချင်တာမှန်သမျှ လုပ်ခွင့်ရမှာပေါ့၊ ချွင်းချက်တစ်ခုတော့ရှိမယ်၊ ခင်ဗျားကိုယ်ခင်ဗျား အန္တရာယ်ပြုနိုင်မယ့်ဟာမျိုးတွေကျတော့ လုပ်ခွင့်ပေးမှာမဟုတ်ဘူး၊ တကယ်လို့ခင်ဗျားအဲဒီမှာ တစ်နှစ်လောက် သည်းခံပြီးနေလိုက်မယ်ဆိုရင် ခင်ဗျားရောဂါဟာ လုံးဝပျောက်ကင်းသွားမှာသေချာတယ် "

" ဒါပေမယ့် အခုထက်ထိ ဒီကြွက်တွင်းထဲက မထွက်ရသေးတာခက်တယ်၊ ဘယ်လိုနည်းနဲ့ထွက်နိုင်မလဲ "

" ကျွန်တော် ရဲနဲ့ပြောဆိုထားပြီးပြီ၊ ခင်ဗျားကို စိန့်ပေါလ်ဒီမောဆိုလီကို ကျွန်တော်ကတာဝန်ယူပြီး ပို့ပေးမယ်ဆိုရင် သူတို့ကလွှတ်ပေးဖို့သဘောတူတယ်"

" နေရာက သိပ်ကောင်းတယ်ဆိုတာ တကယ်ပဲလား "

" ဟာ သိပ်ကိုကောင်းတယ်၊ ပန်းချီဆွဲစရာ နေရာတွေလဲ အများကြီးရှိတယ် "

" ဒီလိုဆိုရင်တော့ မဆိုးဘူး၊ တစ်လမှ ဖရန့်ငွေ တစ်ရာဆိုတော့ မများလှပါဘူး။ ဟုတ်ပါတယ်လေ၊ တစ်နှစ်လောက်တော့ ကျွန်တော် အေးအေးဆေးဆေးနားလိုက်ဦးမှ ကောင်းသွားမှာ "

" ဒါပေါ့ဗျာ၊ အဲသလောက်နားလိုက်ရင် ခင်ဗျားသိပ်ကောင်းသွား မှာပါ။ ခင်ဗျားညီဆီကိုလဲကျွန်တော်စာရေးထားပြီးပြီ၊ ခင်ဗျားရဲ့လက်ရှိကျန်းမာရေးအခြေအနေအရ ခင်ဗျားကိုဒီအရပ်နဲ့ သိပ်ဝေးတဲ့အရပ်ဒေသကို ပို့လို့မဖြစ်ဘူးဆိုတာ သူနားလည်အောင် ရေးထားတယ်၊ ပါရီကိုခေါ်ဖို့လည်း မဖြစ်သေးဘူးလို့ပြောထားတယ် "

" အင်း. . . သီအိုကလည်း သဘောတူမယ်ဆိုရင် သူ့ကိုသိပ်ပြီး ဒုက္ခပေးရာလည်း မကျဖူးဆိုရင်တော့. . . "

" ကျွန်တော် သူ့ဆီကစာပြန်အလာကို စောင့်နေတယ်၊ စာရရင် ကျွန်တော် ဒီကိုပြန်လာခဲ့မယ် "

သီအိုအဖို့ရွေးစရာလမ်းမရှိချေ။ သူ့အစ်ကိုအတွက် လိုအပ်သောငွေများကို ချက်ချင်းပို့ပေးသည်။ ဒေါက်တာရေးသည် ဗင်းဆင့်အား ဘူတာသို့ မြင်းရထားဖြင့်ခေါ်သွားသည်။ တာရာစကွန်သို့သွားမည့် မီးရထားနှင့်လိုက်သည်။ တာရာစကွန်မှတစ်ဆင့် စိန့်ရီမီသို့ခရီးဆက်သည်။

ဒေါက်တာရေးနှင့် ဗင်းဆင့်သည် မြင်းရထားတစ်စီးဖြင့် အိပ်မောကျနေဆဲဖြစ်သော စိန့်ရီမီမြို့တွင်းမှ ဖြတ်ကာ ခရီးအရှည်နှစ်ကိုလိုမိတာမျှရှိသည့် တောင်ကုန်းပေါ်တက်ခဲ့ကြ၏။ သူတို့ရှေ့တွင် တောင်ကတုံးများကိုမြင်နေကြရသည်။ ထို့နောက်တော့ တောင်ကုန်း၏ တစ်ဖက်ခြေရင်းဌ် တည်ရှိနေသည့်ဘုန်းတော်ကြီးကျောင်း. . .။

မြင်းရထားပေါ်မှ ဆင်းမိကြသည့်အခါ " ဒီလိုအဆောက်အဦးတွေ ဒီနေရာမျိုးမှာဘယ်လိုကြောင့် ရောက်နေတာပါလိမ့် " ဟု ဗင်းဆင့်က ရေရွတ်သည်။

" ဟိုး. . . ရှေးခေတ်တုန်းက ရိုမင်တွေအခြေချခဲ့တဲ့နေရာပေါ့။ ခင်ဗျားမြင်နေရတဲ့မြစ်ဟာ အဲဒီခေတ်တုန်းက ဒီတောင်ကြားတစ်ခုလုံးကို ဖုံးလွှမ်းနေတာပေါ့။ မြစ်ရေဟာ အခုခင်ဗျားရပ်နေတဲ့ နေရာအထိတက်တယ်။ ဒီလိုနဲ့ပဲ မြို့ဟာ အောက်ဖက်ကိုရွှေ့ရွှေ့သွားခဲ့တာ။ အခုကျတော့ ခင်ဗျားမြင်နေရတဲ့ အဆောက်အဦးပျက်တွေနဲ့ ဘုန်းကြီးကျောင်းပဲကျန်ခဲ့တယ် "

" စိတ်ဝင်စားစရာပဲ "

" ကဲ. . . လာ ဗင်းဆင့်၊ ကျွန်တော်တို့ကို ဒေါက်တာ ပေရွန်က မျှော်နေတော့မယ် "

ဒေါက်တာရေးသည် ဝင်းတံခါးဌ်တပ်ထားသော ခေါင်းလောင်းကြိုးကို တစ်ချက်မျှသာဆွဲသည်။ မကြာမီ ဝင်းတံခါးပွင့်သွားပြီး ဒေါက်တာပေရွန်ထွက်လာသည်။

" နေကောင်းပါရဲ့လား ဒေါက်တာပေရွန် " ဟု ဒေါက်တာရေးကနှုတ်ဆက်စကားဆိုသည်။ " ကျွန်တော့်မိတ်ဆွေ ဗင်းဆင့်ဗင်ဂိုးကို စာရေးထားတဲ့အတိုင်းလာပို့တာပါ။ သူ့ကိုဂရုတစိုက် စောင့်ရှောက်သွားစေချင်ပါတယ် "

" စိတ်ချပါ၊ ကျွန်တော်တို့ ဂရုစိုက်ပါမယ် "

" ကျွန်တော်ကတော့ ချက်ချင်းပြန်ရပါလိမ့်မယ်၊ တာရာစက္ခန်ကိုပြန်မယ့်မီးရထားကို မှီမှဖြစ်မှာ၊ ခွင့်လွှတ်ပါ "

" ကျွန်တော်နားလည်ပါတယ် ဒေါက်တာရေး "

" သွားတော့မယ် ဗင်းဆင့် " ဟု ဒေါက်တာရေးက နှုတ်ဆက်သည်။

" ပျော်ပျော်နေပါ၊ နေကောင်းသွားမှာပါ။ ကျွန်တော် ခင်ဗျားဆီကို မကြာမကြာလာခဲ့ပါ့မယ်၊ ဒီတစ်နှစ်ကုန်သွားရင်တော့ ခင်ဗျားကိုကျန်းမာနေတဲ့လူတစ်ယောက်အဖြစ်မြင်ရလိမ့်မယ်လို့ မျှော်လင့်ပါတယ် "

" ကျေးဇူးတင်ပါတယ် ဒေါက်တာ "

ဒေါက်တာရေးသည် ချာခနဲလှည့်ကာ ထင်းရှူးပင်များကြားရှိလမ်းအတိုင်းဝင်းတံခါးဖက်သို့ ပြန်လျှောက်သွားသည်။

" ကဲ. . . ဗင်းဆင့်၊ အထဲဝင်ကြစို့ " ဟု ဒေါက်တာပေရွှန်ကပြောကာဘေးဖယ်ပြီးရပ်နေသည်။

ဗင်းဆင့်သည် ဒေါက်တာပေရွှန်၏ ရှေ့မှဖြတ်၍လျှောက်သွားသည်။

သူနောက်ဘက်မှ အရူးထောင်ဂိတ်တံခါးကြီး ပိတ်သွားသည်။

Unity Publishing House

စာအုပ် (၇)

ဝင် ၈၈
စန့် - ရမ

(၁)

သူနာပြုဆရာမ ဒက်စ်ချာနယ်လ်သည် ဗင်းဆင့်အား ရှည်လျားသော စကြိန်လမ်းအတိုင်းခေါ်လာပြီး လူနာဆောင်ထဲသို့ပို့ပေးသည်။ သူသည် ဗင်းဆင့်အားလူလွတ်နေသည့် ခုတင်ကိုပြသည်။

" ရှင် ဒီမှာ အိပ်ရမယ်၊ မွန်စီယာ " ဟု ဆရာမကပြောသည်။ " ည ကျရင်လိုက်ကာကိုချထားပါ။ ရှင့်ကိစ္စပြီးရင် ဒေါက်တာပေရွန်ရဲ့ ရုံးခန်းကိုသွားပြီးဒေါက်တာနဲ့တွေ့ပါ "

အဆောင်ထဲရှိ မီးဖိုဘေးဌ ဝိုင်းထိုင်နေကြသော လူနာဆယ့်တစ်ယောက်သည် ဗင်းဆင့်ရောက်လာသည်ကို လုံးဝဂရုမစိုက်၊ ဗင်းဆင့်သည် သူ့သေတ္တာကို ခုတင်ပေါ်တင်ထားလိုက်ပြီး ပတ်ဝန်းကျင်ကိုဝေ့ကြည့်သည် အဆောင်၏ တစ်ဖက်တစ်ချက်တွင် ခုတင်များတန်းစီ၍ ချထားသည်။ အလယ်

တွင် လူသွားလမ်း၊ ခုတင်တစ်လုံးနှင့် တစ်လုံးကြားတွင် လိုက်ကာများရှိသည်။ နံရံများကို ထုံးဖြူသုတ်ထားသည်။ အလယ်ရှိ မီးဖို၏အပေါ်ဖက်တွင် မှန်အိမ်တစ်လုံးချိတ်ထားလေသည်။

ဘာ့ကြောင့်လူတွေ ဒီလောက်ငြိမ်ဆိတ်နေကြတာပါလိမ့်ဟု ဗင်းဆင့်ကတွေးသည်။ သူတို့သည် အချင်းချင်းလည်း စကားမပြောကြ၊ စာဖတ်သည်ကိုလည်းမမြင်ရ၊ ကစားကြသည်ကိုလည်း မတွေ့ရ။ သူတို့သည် လက်ထဲမှ လမ်းလျှောက်တုတ်များကို ကိုင်၍မီးဖိုဆီသို့သာ စိုက်ကြည့်နေကြသည်။

သူ့ခုတင်၏ခေါင်းရင်းတွင် ပစ္စည်းထည့်ရန် သေတ္တာတစ်လုံးရှိသည်။ နံရံတွင် သံနှင့်ကပ်၍ရိုက်ထားခြင်းဖြစ်၏။ ဗင်းဆင့်သည် သူ့ပစ္စည်းများကို သူလက်ဆွဲ သေတ္တာထဲ၌သာ ထားချင်သည်။ သူသည်ပစ္စည်းအားလုံးကို သေတ္တာထဲပြန်ထည့်ကာ သေတ္တာကိုခုတင်အောက်သို့ ထိုးသွင်းထားလိုက်၏။ ထို့နောက် အဆောင်ထဲမှထွက်၍ ပန်းခြံထဲသို့ဆင်းလာခဲ့သည်။ သူသည် လူသူကင်းမဲ့ကာ တိတ်ဆိတ်ခြောက်သွေ့နေသော ပန်းခြံတွင်းမှဖြတ်၍ ဒေါက်တာပေရွှန်နှင့် မိသားစုနေထိုင်ရာ အိမ်တံခါးဝဆီသို့ လျှောက်လာခဲ့လေသည်။

" ဟိုတစ်ခါန်ကတော့ ကျွန်တော်ဟာ လူတွေရဲ့ကိုယ်ခန္ဓာ ကျန်းမာရေးကိုကူသပေးခဲ့တယ် " ဟု ဒေါက်တာပေရွှန်က စားပွဲတွင် မျက်နှာချင်းဆိုင်မိသည်နှင့်တပြိုက်နက်ပြောသည်။ " အခုတော့ ကျွန်တော် လူတွေရဲ့ စိတ်ကျန်းမာရေးကိုကူသပေးနေတယ်၊ နှစ်ခုစလုံးရဲ့ သဘောသဘာဝဟာ အတူတူပါပဲ "

" ဒေါက်တာဟာ အာရုံကြောနဲ့ဆိုင်တဲ့ ရောဂါတွေနဲ့ ပတ်သက်လို့ အတွေ့အကြုံရှိခဲ့တဲ့ ပုဂ္ဂိုလ်တစ်ယောက်ပါ၊ ကျွန်တော်ဘာကြောင့် ကိုယ့်နားရွက်ကိုယ်ဖြတ်မိတာလဲဆိုတာ ရှင်းပြနိုင်မလား "

" ဝက်ရူးပြန်ရောဂါလိုဟာမျိုးခံစားနေရတဲ့ လူတွေအဖို့မှာတော့ ဒါဟာ မထူးဆန်းတော့တဲ့အဖြစ်မျိုးပါ ဗင်းဆင့်၊ ဒီလိုဟာမျိုးနှစ်ဦးတွေ့ခဲ့ဖူးတယ်၊ အကြားအာရုံနဲ့ ဆက်စပ်ပတ်သက်နေတဲ့ အကြောတွေဟာ သိပ်ပြီးသိမ်မွေ့တယ်။ စိတ်ထိခိုက်လွန်းလာရင် လူနာတွေဟာ နားရဲ့ အစိတ်အပိုင်းတစ်ခုခုကို ဖြတ်ပစ်လိုက်ရင် သူကြားနေရတဲ့အသံတွေကို မကြားရတော့ဘူးလို့ထင်လာတတ်တယ်၊ အဲဒီအခါမှာ ရုတ်တရက်ထပြီးလုပ်ကြတာပဲ "

" အော်... ဟုတ်လား။ ကျွန်တော့်ကို ကူသမူပေးတဲ့အခါမှာ ကျွန်တော် လိုက်နာရမယ့်ဟာတွေက... "

" အင်း... ခင်ဗျားအနေနဲ့တစ်ပတ်မှာ အနည်းဆုံးနှစ်ကြိမ် ရေနွေးနဲ့

ရေချိုးရမယ်၊ ဒါကိုတော့ မလုပ်မနေရလို့ ကျွန်တော်က သတ်မှတ်ရလိမ့်မယ်၊ ရေတစ်ကြိမ်ချိုးရင် နှစ်နာရီတိတိရေချိုးကန်ထဲမှာနေရမယ်”

“ နောက်ပြီးတော့ကော . . . ”

“ ခင်ဗျားကိုယ်ခင်ဗျား သတိထားပြီး အစွမ်းကုန်ငြိမ်ငြိမ်အေးအေးနေရမယ်၊ ကိုယ့်စိတ်ကိုလှုပ်ရှားအောင် မလုပ်ရဘူး၊ ပြီးတော့ အလုပ်မလုပ်နဲ့၊ စာမဖတ်နဲ့၊ အငြင်းအခုံမလုပ်နဲ့၊ သောကမထားနဲ့၊ ဒေါသမဖြစ်နဲ့ ”

“ ဟုတ်ကဲ့။ နားလည်ပါပြီ၊ အလုပ်လုပ်ဖို့ကတော့ မဖြစ်သေးပါဘူး၊ ကျွန်တော်အားနည်းနေတုန်းပါ ”

“ စိန့်ပေါလ်ရဲ့ ဘာသာရေးဆိုင်ရာ ကိစ္စတွေမှာ ခင်ဗျားပါဝင်လိုတဲ့ဆန္ဒ မရှိရင်. . . ဇွတ်အတင်းမတိုက်တွန်းပါနဲ့လို့ ဆရာမတွေကိုပြောထားပေးပါ့မယ်၊ ခင်ဗျားလိုတာရှိရင် ကျွန်တော့်ကိုလာပြောပါ၊ ညစာကို ငါးနာရီမှာကျွေးတယ်၊ မောင်းသံကြားရင်သွားစားပါ၊ ဆေးရုံကလုပ်ထားတဲ့ ပုံစံအတိုင်းနေနိုင်အောင်ကြိုးစားပါ၊ အဲသလိုနေသွားရင် ခင်ဗျားရဲ့ကျန်းမာရေးဟာ မကြာခင်ပြန်ကောင်းလာမှာပါ ”

“ ကျေးဇူးတင်ပါတယ်၊ ဒေါက်တာ ”

✧✧✧✧

“ အဆောင်ထဲပြန်ရောက်လာသည့် ဗင်းဆင့်သည် သူ့ခုတင်ပေါ်၌ ငြိမ်သက်စွာထိုင်နေသည်။ အတူနေ သူ့အဖော်များကတော့ စောစောကလိုပင် တိတ်ဆိတ်စွာထိုင်နေကြ၏။ ခဏမျှအကြာတွင် အခန်းတစ်ခန်းဆီမှ အသံတစ်သံကြားလိုက်ရသည်။ လူဆယ့်တစ်ယောက်သည် တပြိုက်နက်တည်း ထကာ အခန်းထဲမှ ထွက်သွားကြသည်။ ဗင်းဆင့်သည် သူတို့နောက်မှလိုက်ပါသွားသည်။

ညစာစားရသည့် အခန်းသည် ပြတင်းပေါက်မရှိသော အလုံပိတ်အခန်းဖြစ်သည်။ အလယ်တွင်ရှိနေသော သစ်သားစားပွဲရှည်ကြီးတွင် ခုံတန်းလျားများပေါ်၌ထိုင်၍စားကြရသည်။ တာဝန်ယူ၍ကျွေးမွေးနေသူများမှာ သူနာပြုဆရာမများချည်းဖြစ်သည်။ စားသောက်ပြီးသည့်အခါ အားလုံးအဆောင်သို့ပြန် သည်။

စောစောကအတိုင်း မီးဖိုကိုဝိုင်း၍ ခဏတဖြုတ်ထိုင်နေကြသည်။ ထို့နောက် လူအားလုံး ကိုယ့်အိပ်ရာပေါ်ကိုယ်တက်၍ လှဲနေကြသည်။ သူတို့ထံမှ အသံဆို၍ဘာသံမှမကြားရ။

နေသည် ဝင်လုဆဲ. . . ဗင်းဆင့်သည် ပြတင်းပေါက်နားရပ်ကာ အပြင်ဘက်ရှိ စိမ်းစိုနေသော တောင်ကြားလွင်ပြင်ကိုမျှော်ငေးနေမိသည်။ လိမ္မော်ရောင်နုနုသန်းနေသော မိုးကောင်းကင်. . . စိမ်းလန်းသော ထင်းရှူးပင်များ၊ တစ်ဝက်တစ်ပျက်အမှောင်ရိပ်မဲမဲများ၊ ထိုရှုခင်းသည် ဗင်းဆင့်၏စိတ်ကိုနှိုးထလာအောင်မစွမ်းဆောင်နိုင်ချေ၊ ပန်းချီဆွဲလိုက်ချင်သော စိတ်လည်းနှမ်းစေ့တစ်စေ့စာမျှပင်ပေါ်မလာချေ။

ဗင်းဆင့်သည် အဝတ်များကိုချွတ်ကာ အိပ်ရာပေါ် သို့တက်လိုက်သည်။ သူသည် မျက်နှာကြက်ကိုသာငေးကြည့်နေသည်။ မှန်အိမ်ကိုဘယ်သူမှလာ၍ မီးထွန်းပေးခြင်းမရှိ၊ အမှောင်ထဲတွင်ဘာမှလုပ်စရာမရှိ၊ကိုယ့်အကြောင်းကိုယ်တွေးနေရုံမှတစ်ပါး၊ အခြားဘာများရှိနိုင်ပါမည်နည်း။ သူသည်သူ့ဘေးပတ်ပတ်လည်ရှိအရာများနှင့် တစ်ဖွဲ့တည်းမဟုတ်။ သူ့တွင် ဒီလာကရွိုက်စ်၏ စာအုပ်ပါလာသည် မဟုတ်ပါလော. . .၊ ဤစာအုပ်သည် သူ့ရင်ပတ်ပေါ်၌ရှိနေသည်။ ဤအဆောင်ထဲမှ လူများနှင့် သူ၏ခြားနားမှုသည် ဤစာအုပ်အပေါ်တွင် တည်မှီလျက်ရှိသည်ဟု သူယုံကြည်၏။

ခဏမျှအကြာတွင် သူသည်အိပ်ပျော်သွားသည်။ သူ့ဘေးအိပ်ရာဆီမှ မသဲမကွဲထွက်လာနေသည့် အသံကြောင့် သူသည်ဖြတ်ခနဲ လန့်နိုးလာသည်။ အသံသည် ပို၍ပို၍ကျယ်လာသည်။

“ သွား. . . သွား၊ ငါ့နောက်ကိုမလိုက်နဲ့၊ မင်းဘာပြုလို့ငါ့နောက်လိုက်နေရတာလဲ. . . ငါသူ့ကိုမသတ်ခဲ့ဘူးကွ၊ မင်းကငါ့ကိုအရူးလုပ်လို့ရမယ်ထင်နေသလား၊ မင်းဘယ်သူဆိုတာငါသိတယ်ကွ၊ မင်းဟာထောက်လှမ်းရေးလျှို့ဝှက်ရဲပါ၊ ကဲ. . . လာ၊ မင်းငါ့ကိုရှာချင်ရင်လာရှာလည့်၊ အဲဒီငွေကိုခိုးတာငါမဟုတ်ဘူး၊ ဒီကောင် ဗုဒ္ဓဟူးနေ့က သူ့ကိုယ်သူသတ်သေသွားတာ. . . ဟော့ကောင် သွား. . . အခုချက်ခြင်း ထွက်သွား ”

ဗင်းဆင့်သည် အိပ်ရာပေါ်မှခုန်ဆင်းကာ လိုက်ကာကိုဆွဲဖယ်ပြီး ခုတင်ဆီသို့ပြေးသွားသည်၊ အသက်နှစ်ဆယ့်သုံးနှစ်အရွယ်ခန့်ရှိ လူငယ်တစ်ယောက်သည် သူ့ညဝတ်အင်္ကျီကို ပါးစပ်နှင့်ကိုက်ဖြဲနေသည်။ သူ့ကိုမြင်သော အခါခုတင်ပေါ်မှ ခုန်ဆင်းပြီးသူ့ရှေ့၌ ဒူးထောက်၍ထိုင်သည်။ လက်အုပ်ချီပြီး

"ကျွန်တော့်ကို မဖမ်းပါနဲ့ " ဟုတောင်းပန်နေသည်။

ဗင်းဆင့်သည် နောက်ခုတင်တစ်လုံးဆီသွားပြီး အိပ်ရာပေါ်မှလူအား လှုပ်နှိုးသည်။ ထိုလူသည်မျက်လုံးများကိုဖွင့်ကာ ဗင်းဆင့်အားစိုက်ကြည့်နေသည်။ ဗင်းဆင့်က လူငယ်အား ကူညီဖို့ပြောသော်လည်းမရ။ ထိုအခိုက်တွင် သူ့ပခုံးပေါ် သို့လက်တစ်ဖက်တင်လာသည်ကို သတိထားလိုက်မိ၏။ အသက်ကြီးကြီးလူတစ်ယောက်ပေတည်း။

" အဲဒီကောင်ဆီ အကူအညီတောင်းနေလို့ အပိုပဲကွ၊ ဒီကောင်ကအရူး၊ ရောက်ကတည်းက စကားတစ်လုံးမှမပြောဘူး၊ လာ. . . လာ၊ ဟိုကောင်လေးကို မင်းနဲ့ငါ သွားထိန်းကြမယ် " ဟု ပြောသည်။

နှစ်ယောက်သား လူငယ်အား ဝိုင်းချုပ်ပြီးဖိထားကြသည်။ လူငယ်သည် တစ်နာရီကျော်ခန့် ဆက်လက်ရုန်းကန်နေသေးသော်လည်း နောက်ဆုံးတွင် မောပန်းနွမ်းနယ်ကာ အိပ်မောကျသွားသည်။ ဗင်းဆင့်အား ကူညီနေသူသည် ချက်ချင်းပင်သူ့အိပ်ရာဆီသို့ ပြန်ရောက်သွားသည်။ ဗင်းဆင့်ကတော့ ပြတင်းပေါက်အနီးသို့သွားရပ်ကာ အပြင်သို့မျှော်ကြည့်မိပြန်၏။ မိုးလင်းဖို့အချိန်များစွာလိုပေသေးသည်။ မိုးကောင်းကင်ထက်ရှိ တလက်လက်လင်းနေသော ကြယ်များမှတစ်ပါးအခြားဘာကိုမှ သဲသဲကွဲကွဲမမြင်ရသေး။

(၂)

အခန်းထဲရှိ သူ့အဖော်ဆယ့်တစ်ယောက်သည် လုံးဝစကားမပြောဘဲ အမြဲတစေနှုတ်ဆိတ်နေကြသည်ကများလေရာ ဗင်းဆင့်သည် အချိန်ရတိုင်းအပြင်ဘက်ပန်းခြံအတွင်း၌သာထိုင်၍ အချိန်ဖြုန်းလေ့ရှိ၏။ ပန်းခြံထဲရှိကျောက်တုံးခုံတန်းလျားသည် သူအမြဲတစေထိုင်နေရာဖြစ်သည်။ သူ့အဖို့ကြည့်စရာများမှာ ပတ်ဝန်းကျင်ရှိ သစ်ပင်ပန်းမန်များသာ ရှိလေသည်။

တစ်ခါတစ်လေကျတော့လည်း ကျောက်တုံးတန်းလျားပေါ်၌ထိုင်ရင်း " ငါဘာပြုလို့ ဒီနေရာကိုလာရတာလဲ " ဟု မတွေးပဲမနေနိုင်။ ထိုအခါစိတ်ထဲတွင်အံ့သြခြင်းနှင့် ထိတ်လန့်ခြင်းတို့သည် ပေါ်ပေါက်လာတတ်၏။ သူ့နှလုံးသားထဲ၌ ယခင်ကရှိနေခဲ့သော ဆန္ဒနှင့် မျှော်လင့်ချက်တို့ကိုပြန်လည်ရှာဖွေ၍ မရပဲဖြစ်သွားတတ်၏။

တစ်ရက်တွင် ဗင်းဆင့်သည်သူ့အဆောင်ထဲသို့ ဝင်လာခိုက် ခွေးအူသံကိုကြားရသည်။ တံခါးမှဝင်တော့မည်အပြုတွင် ခွေးအူသံမှ ဝံပုလွေအူသံသို့ ကူးပြောင်းသွားသည်ကို သတိထားမိ၏။ အူနေသူမှာဟိုတစ်ညက သူနှင့်အတူသူ့ခုတင်ဘေးမှ လူငယ်အားကူ၍ ထိန်းပေးခဲ့သော လူကြီးဖြစ်၏။ သူသည် လူကြီးထံသို့သွား၍ ကူညီရန်ဟန်ပြင်လိုက်သည့်အခါ ခုတင်နားနီးချင်းလူငယ်ကတား သည်။ " ခင်ဗျားသွားတားရင် သူဒေါသပိုကြီးပြီး သောင်းကျန်းလာလိမ့်မယ် " ဟုပြောသည်။ " အခုလိုအူတာခဏပါ၊ နာရီပိုင်းလောက်ပဲ ကြာတာပါ "

" ငါဘယ်လိုနေရာမျိုးမှာ လာပြီးအကျဉ်းသားဖြစ်နေတာပါလိမ့် " ဟူသောအတွေးသည် ဗင်းဆင့်ခေါင်းထဲသို့ ဝင်လာသည်။

သီတင်းနှစ်ပတ်မျှအကြာတွင် ဗင်းဆင့်သည်အဆောင်နေလူဆယ့်တစ်ယောက်အကြောင်းကို ကောင်းစွာသိလာခဲ့လေပြီ။ လူအားလုံးသည် ရူးသွပ်မှုဝေဒနာတစ်မျိုးကို သူနည်းသူဟန်နှင့် ခံစားနေကြရခြင်းဖြစ်၏။ သူ့ကိုယ်ပေါ်မှ အဝတ်များကို ဆုတ်ဖြဲပြီး သူ့ရှေ့မှမြင်မြင်သမျှကို ထုရိုက်ပေါက်ခွဲ ဖျက်ဆီးနေသူ၊ ခွေးလိုအူနေသူ၊ ဆစ်ဖလစ်ပိုးဒဏ်ခံနေရသူ၊ သူ့ကိုယ်သူ သတ်သေရန်ကြံစည်နေသူ၊ ဝက်ရူးပြန်သူ စသည်ဖြင့် ဝေဒနာပေါင်းစုံကို သူမြင်တွေ့ကြားသိနေရလေသည်။

အနေကြာလာတော့လည်း နေ့စဉ်နှင့်အမျှမြင်နေရသော အရူးတို့ဘဝသည် စိတ်ဝင်စားစရာဖြစ်လာသည်။ တဖြည်းဖြည်းနှင့် ရူးသွပ်ခြင်းသည်လည်း အခြားသော ရောဂါများနှင့် အတူတူလိုပင်ဖြစ်သည်ဟု စဉ်းစားဆင်ခြင်မိလာ၏။ တကယ်တော့ ဤလူများသည် ကင်ဆာရောဂါဒဏ်ခံနေရသူများနှင့် ခြားနားခြင်းမရှိပါကလားဟုပင် တွေးမိခဲ့လေ၏။

✧✧✧✧

ယခုအခါတွင် သူညီသီအိုသည် အိမ်ထောင်ကျသွားပြီ။ သီအိုနှင့်ဇနီးသည်ဂျိပ်ဟန်နာတို့ထံမှစာများသည် ဗင်းဆင့်ထံသို့ မကြာမကြာရောက်လာ သည်။ သီအို၏ ကျန်းမာရေးအခြေအနေသည် ဟခင်ကလိုမကောင်း။ ဗင်းဆင့် သည် သူ့ကျန်းမာရေးထက် သီအို့အတွက်ပို၍ သောကများလျက်ရှိ၏။ သူ၏ပူ

ပန်ကြောင့်ကျမှုနှင့် ပတ်သက်၍ သူ့ခယ်မကျိုဟန်နာထံ မကြာခဏ စာရေးပြီး မေးလေ့ပြောလေ့ရှိသည်။

အဆောင်ထဲရှိ သူ့အဖော်များ၏ ဘဝသည် ပျက်နေပြီဟုယူဆဖွယ်ရှိသော်လည်း သူ့အဖို့ကတော့ ပန်းချီဆွဲသောအလုပ်သည် သူ့အတွက်ဆေးကောင်းတစ်လက်ဖြစ်ရုံမျှမက ဤစိတ္တဇဆေးရုံထဲမှ အပြင်သို့ပြန်လည်ဆွဲထုတ်သွားပြီး ပျော်ပျော်ပါးပါးနေသွားနိုင်မည့် ဘဝသို့ ပြန်လည်ပို့ဆောင်ပေးလိမ့်မည်ဟု အခိုင်အမာ ယုံကြည်လျက်ရှိလေသည်။

သီတင်းခြောက်ပတ်အကုန်တွင် ဒေါက်တာပေရွှန်သည် ဗင်းဆင့်အား ပန်းချီစတူဒီယိုခန်းလုပ်ရန် အခန်းလေးတစ်ခန်းပေးသည်။ အခန်းထဲတွင် ယခင်ကသူဌေးလူနာတစ်ယောက်မသေမီက အသုံးပြုခဲ့သော ခန်းဆီးများနှင့် လက်တင်ကုလားထိုင် ဟောင်းတစ်လုံးရှိသည်။ အခန်းထဲမှရပ်ကြည့်လိုက်ပါက အပြင်မှ ကျုံခင်းများ၊ ရှုခင်းများနှင့် လွတ်လပ်မှုကိုမြင်တွေ့နေရလေသည်။

သူသည် အခန်းပြတင်းပေါက်မှ လှမ်းမြင်နေရသည့် ရှုခင်းကိုပထမဆုံးဆွဲသည်။ သူ၏ပန်းချီဆွဲနိုင်သောစွမ်းအားသည် သူ့အားခွာမသွားသေး၊ ဒီအတိုင်းသာဆိုလျှင် သူသည်မကြာခင် ပြင်ပလောကရှိသဘာဝနှင့် ရင်ဆိုင်ရပေတော့မည်။ စိတ္တဇဆေးရုံသည် သူ့ဘဝကိုမသတ်နိုင်၊ မကြာမီ သူပြန်၍နေကောင်းလာတော့မည်။ ပါရီရှိ မိတ်ဆွေများထံ ပြန်နိုင်ပေတော့မည်။ ဘဝအသစ်တစ်ခုသည် ပြန်လည်ဆန်းသစ်လာပေဦးတော့မည်။ သူသည် သီအိုထံသို့ စာရှည်ကြီးတစ်စောင်ရေးလိုက်သည်။ သူ့အတွက် ပန်းချီဆေးများ၊ ကင်းဗတ်များ၊ စုတ်တံများနှင့် စိတ်ဝင်စားစရာကောင်းသည့် စာအုပ်များပို့ပေးရန် မှာကြားလိုက်လေသည်။

တစ်ရက်သော မွန်းလွဲပိုင်းတွင် သူသည်ဒေါက်တာပေရွှန်နှင့်သွားရောက်တွေ့ဆုံသည်။ “ကျွန်တော် တော်တော်ကြီးနေကောင်းသွားပြီ။ ဒေါက်တာခွင့်ပြုမယ်ဆိုရင် ကျွန်တော်အပြင်ထွက်ပြီး ပန်းချီဆွဲချင်တယ်” ဟု ပြောသည်။

“ ကြည့်ရတာ အများကြီးကိုနေကောင်းလာပြီလို့ ယူဆရပါတယ်၊ ဒါပေမယ့် အပြင်ရောက်ရင် အန္တရာယ်ဖြစ်မှာ မကြောက်ဖူးလား ”

“ ဘာကြောင့် အန္တရာယ်ဖြစ်ရမှာလဲ ”

“ ဆိုပါစို့၊ ခင်ဗျားရဲ့ခံစားနေကျဝေဒနာ ပြုန်းခနဲပေါ်လာရင် ဘယ်လိုလုပ်မလဲ ”

ဗင်းဆင့်ကရယ်သည်။ “ ကျွန်တော်ဘာမှမဖြစ်တော့ဘူး ဒေါက်တာ၊

ကျွန်တော်ပြောတာယုံကြည်ပါ၊ ကျွန်တော်သွားချင်တဲ့နေရာကို သွားပြီး ကျွန်တော် ချစ်မြတ်နိုးတဲ့အရာတွေကို ပန်းခြံဆွဲနေရမယ်ဆိုရင် ကျွန်တော်ဘယ်လောက်များ ပျော်လိုက်မလဲဆိုတာ ဒေါက်တာခန့်မှန်းမကြည့်နိုင်ဘူးလား ”

“ အင်းပေါ့လေ၊ ခင်ဗျားသိပ်ပြီး ဆန္ဒရှိနေရင်လည်း ခွင့်ပြုရမှာပေါ့ ”

ဤသို့ဖြင့် စိတ္တဇဆေးရုံတံခါးသည် ဗင်းဆင့်အတွက်ဖွင့်ပေးခဲ့သည်။ သူသည် ပစ္စည်းများကိုကျောတွင်ပိုး၍ စိတ္တဇဆေးရုံ၏ နောက်ဖက်မှရှုခင်းများကို ပန်းချီဆွဲသည်။ ထိုနေရာတွင် သူတွေ့နေရသည့် ဆိုက်ပရပ်စ်ပင်များသည် လှပလွန်းလှပေသည်။ သူသည် နေကြာပန်းများကိုဆွဲခဲ့စဉ်ကအတိုင်း စိတ်ဝင်တစားဆွဲယူခဲ့လေသည်။ ယခင်ကလုပ်နေကျ အလေ့အထအတိုင်း မနက်နေထွက်လျှင် အပြင်သို့ထွက်၍ တနေကုန်ပန်းချီဆွဲသည်။ နေဝင်ချိန်တွင် သူ့အဆောင်သို့ ပြန်လာသည်။ တစ်နေ့ထက်တစ်နေ့ သူ့ကိုယ်သူယုံကြည် စိတ်ချလာသည်။

စိတ္တဇဆေးရုံ၌နေလာခဲ့ရသည်မှာ သုံးလမျှကြာခဲ့လေပြီ။ တစ်ညတွင်သူသည်သူဆွဲထားခဲ့သည့် ဆိုက်ပရပ်စ်ပင်များ ပန်းချီကားကိုပြန်၍ ကြည့်မိသည်။ သူ့လက်ရာသည် သေသပ်လှ၏။ အရောင်များပေးထားပုံမှာလည်း ပီပြင်နက်ရှိုင်းလှသည်။ ဤပုံကိုမြင်ရုံမျှဖြင့် သူစိတ်အခြေအနေသည် သိသိသာသာကြီးတိုးတက်ကောင်းမွန်လာပြီဟု ယူဆရ၏။ သူသည် ထိုပုံကိုကြည့်၍ အတိုင်းအဆမသိနိုင်လောက်အောင် ဝမ်းသာကြည်နူးခြင်း ဖြစ်ရလေသည်။

သူ့ညီ သီအိုထံမှ ငွေများပိုမို၍ ပို့ပေးလာသည်။ ဗင်းဆင့်သည် ဒေါက်တာပေရွန်၏ခွင့်ပြုချက်ဖြင့် အားလ်စ်မြို့သို့သွား၍ အိမ်ရှင်ကကြွေးဖြင့် သိမ်းထားသော ပန်းချီကားများကိုပြန်၍ရွေးယူသည်။ သူနေထိုင်ခဲ့သည့် လာမာတင်းရက်ကွက်မှလူများသည် သူ့အားတရိုတသေတလေးတစား ဆက်ဆံကြသည်။ သူ့အနေဖြင့်လူများအားခွင့်လွှတ်နိုင်သော်လည်း သူနေထိုင်ခဲ့သည့် အိမ်ဝါကြီးကိုမူမမြင်ချင်သလိုဖြစ်မိ၏။ သူသည် အိမ်ကြီးကိုကြည့်၍မေ့လဲသွားလိမ့်မည်ဟု ခံစားရသည်။ သူသည်မူလက စီစဉ်ထားသည့်အတိုင်းရော်လင်နှင့် ဒေါက်တာရေးတို့ထံမသွားတော့ဘဲ သူ့ပန်းချီကားများကို သိမ်းယူထားသည့် အိမ်ရှင်အားလိုက်ရှာသည်။

ထိုညတွင် သူသည် စိတ္တဇဆေးရုံသို့ ပြန်ရောက်မလာပေ။ နောက်တစ်နေ့မနက်တွင် သူ့အားတာရာစကွန်နှင့် စိန့်ရီမီကြား တစ်နေရာရှိလမ်းဘေးမြောင်းထဲ၌ မှောက်လျက်လဲနေသည်ကို တွေ့ကြရလေသည်။

(၃)

ဗင်းဆင့်၏ စိတ်သည် သီတင်းသုံးပတ်ကြာမျှ တိမ်သလွှာဖုံးလျက်ရှိသည်။ ယခင်ကသူသနားကြင်နာခဲ့သော အဆောင်ထဲမှ လူနာများသည် သူ့အားမျာစွာသည်းခံခဲ့ကြသည်။ သူစိတ်တွင် သတိပြန်ဝင်လာသည့်အခါ သူဘယ်လို အဖြစ်မျိုးနှင့် ရင်ဆိုင်ခဲ့ရသည်ကို သတိပြန်ရလာသည်။

" တော်တော်စက်ဆုတ်ဖို့ကောင်းတာပဲ၊ သိပ်ကိုရွံရှာဖို့ကောင်းပါကလား "

တတိယသီတင်းပတ်အကုန်တွင် သူသည်အိပ်ရာပေါ်မှဆင်း၍လမ်းလျှောက်လာနိုင်သည်။ စကြံန်လမ်းဘက်သို့ထွက်၍ ပတ်ဝန်းကျင်ကိုလေ့လာကြည့်ရှုစပြုလာသည်။ ထိုအချိန်ကျခါမှ သူနာပြုဆရာမများသည် လူနာအသစ်တစ်ယောက်ကိုလာပို့သည်။ လူနာသည် ဆရာမများထွက်သွားသည်နှင့်တစ်ပြိုက်နက် သောင်းကျန်းပါလေတော့သည်။

လူနာသည် သူ့အဝတ်အစားများကို ဆွဲဆုတ်သည်။ အသံကုန်ဟစ်၍အော်သည်။ အိပ်ရာခင်းများ၊ ခေါင်းရင်းဘက်မှ သေတ္တာနှင့် ခန်းဆီးများကိုဖျက်ဆီးသည်။ နောက်ဆုံးတွင် လူနာထိန်းများရောက်လာပြီး ဖမ်းဆီးချုပ်နှောင်ကာမြေတိုက်ခန်းတစ်ခုထဲသို့ထည့်၍ သော့ခတ်ထားလိုက်ကြသည်။ ဗင်းဆင့်သည်ထိုလူ၏အသံကို တစ်နေ့လုံး၊ တစ်ညလုံးကြားနေရ၏။ တစ်ရက်တွင် ထိုလူ၏အသံကို လုံးဝမကြားရတော့ချေ။ ထို့နောက်တွင် ဗင်းဆင့်သည် ဘုရားကျောင်း၏နောက်ဘက်ရှိ သုသန်မြေပေါ်၌ ထိုလူအားမြေမြှုပ်နေသည်ကို သူကိုယ်တိုင်မြင်တွေ့ခဲ့ရလေသည်။

ကြောက်မက်ဖွယ်ကောင်းလောက်အောင် ပြင်းထန်ကြီးမားသော စိတ်ကျရောဂါသည် ဗင်းဆင့်အားအကြီးအကျယ်နှိပ်စက်လာသည်။ ဤကြားထဲမှပင် သူ့ကျန်းမာရေးအခြေအနေသည် ပုံမှန်အနေအထားသို့ ဖြည်းဖြည်းချင်းပြန်ရောက်လာသည်။ ထိုအခါသူဦးနှောက်သည် ကျိုးကြောင်းဆင်ခြင်မှုများကို ယခင်ကထက်ပို၍ပြုလုပ်လာနိုင်ခဲ့၏။ ဘယ်လိုပဲဖြစ်ဖြစ် ပန်းချီဆွဲလို့ကတော့မဖြစ်သေး၊ အကယ်၍ ဆွဲမည်ဆိုပါကလည်း ပုံကောင်းရနိုင်ဖွယ်ရာမရှိ၊ သို့သော်လည်း အလုပ်မလုပ်ဘဲနေ၍ကားဖြစ်လိမ့်မည်မထင်။

ဒေါက်တာပေရွန်သည် ဗင်းဆင့်အား သူစားရမည့်အစားအသောက်ထဲမှအသားနှင့် ဝိုင်အရက်ကိုခွဲဝေကျွေးမွေးသည်။ ပန်းချီဆွဲဖို့ကျတော့ခွင့်မပြု၊

ဗင်းဆင့်ကလည်းသူ့ကျန်းမာရေးအခြေအနေတိုးတက်ကောင်းမွန်လာပြီဖြစ်၍ စတူဒီယိုခန်းထဲသို့ပြန်ဝင်လိုသည်။ ဒေါက်တာပေရွန်ကလည်း အတင်းပင်တားမြစ်သည်။ ထိုအခါသူတို့နှစ်ယောက်ကြားတွင် ပဋိပက္ခတစ်ခုသည်တည်ရှိလာခဲ့လေ၏။

" ကျွန်တော့်အလုပ်ဟာ ကျွန်တော့်စိတ်ကျန်းမာရေးကို ပြန်ကောင်းလာအောင်လုပ်ပေးနိုင်လိမ့်မယ်လို့ထင်တယ်။ ကျွန်တော့်အနေနဲ့ အဆောင်ထဲမှာဟိုအရူးတွေထိုင်နေသလို ထိုင်နေရမယ်ဆိုရင် မကြာခင် ကျွန်တော်ဟာ သူတို့လိုပဲဖြစ်သွားမှာပဲ " ဟု ဗင်းဆင့်ကဆင်ခြေပေးသည်။

" ကျွန်တော်သိတယ် ဗင်းဆင့်၊ ဒါပေမယ့် ခင်ဗျားက အလုပ်လုပ်ရင် သိပ်ပြီး ပြင်းပြင်းထန်ထန်လုပ်တတ်တယ်၊ အဲသလိုလုပ်လိုက်ရင် ခင်ဗျားပြန်လဲသွားမှာကို ကျွန်တော်စိုးရိမ်တယ်၊ ကျွန်တော်ကတော့ ခင်ဗျားကို စိတ်လှုပ်ရှားတဲ့အဖြစ်မျိုးမရောက်အောင် ထိန်းပေးရမှာပဲ "

" မဟုတ်သေးဘူး ဒေါက်တာ၊ ကျွန်တော်ပြန်ဖြစ်သွားတာဟာ အလုပ်ကြောင့်မဟုတ်ဘူး၊ ကျွန်တော်အားလစ်မြို့ကိုပြန်သွားလို့ ပြန်ဖြစ်ရတာပါ။ ကျွန်တော့်အနေနဲ့ လာမာတင်းရပ်ကွက်နဲ့ အိမ်ဝါကြီးကိုမြင်လိုက်တော့ စိတ်ထိခိုက်ခဲ့ရတယ်၊ အဲဒီနေရာကိုပြန်မသွားဘူးဆိုရင် ကျွန်တော့်မှာ ဘာမှဖြစ်စရာအကြောင်းမရှိပါဘူး၊ ကျွန်တော့်ကို စတူဒီယိုခန်းထဲဝင်ပြီး အလုပ်လုပ်ခွင့်ပြုဖို့တောင်းပန်ပါတယ် "

" ဒီကိစ္စမှာ ကျွန်တော်ကတော့ တာဝန်မယူချင်ဘူး၊ ကျွန်တော်ခင်ဗျားညီဆီကိုစာရေးမယ်၊ သူကသဘောတူတယ်ဆိုရင် ခင်ဗျားကိုပန်းချီပြန်ဆွဲခွင့်ပြုမယ် "

မကြာခင် သီအိုထံမှစာပြန်လာသည်။ ဗင်းဆင့်အား ပန်းချီပြန်ဆွဲခွင့်ပြုဖို့ ဒေါက်တာပေရွန်အား မေတ္တာရပ်ခံထားသည်။ ထို့ပြင်လည်းမကြာမီ သီအိုသည် ကလေးဖအဖြစ်လာတော့မည်ဟူသော သတင်းကောင်းကိုပါစာထဲ၌ ဖော်ပြထားသည်။ ထိုသတင်းအတွက် ဗင်းဆင့်သည် မျှားစွာပျော်မြူးလျက်ရှိသည်။ စိတ်ဓါတ်အင်အားလည်း မျှားစွာပြန်တက်လာသည်။ သူသည် ချက်ချင်းပင် စာတစ်စောင်ပြန်ရေးသည်။

"မင်းမှာကလေးတစ်ယောက်ရတော့မယ်ဆိုတော့ အစ်ကိုမျှော်လင့်ချက်တစ်ခုထားမိတယ်၊ ဘယ်လိုမျှော်လင့်ချက်လဲဆိုတာ မင်းသိရဲ့လား သီအို၊ အစ်ကိုကတော့ မင်းတို့မိသားစုကို သဘာဝမြတ်နိုးတဲ့ မိသားစုဖြစ်လာစေချင်တယ်၊ မြေ၊

မြက်၊ ဂျုံနဲ့လယ်သမား၊ ယာသမားတွေကို ချစ်မြတ်နိုးတဲ့ မိသားစုကလေးဖြစ်လာစေချင်တယ်။ ဂျိုဟန်နာက မင်းအတွက် မွေးဖွားပေးလိုက်တဲ့ ကလေးဟာ စစ်မှန်တဲ့ဘဝကိုမြတ်နိုးတဲ့ လူဖြစ်လာစေချင်တယ် ”

✧✧✧✧

ဗင်းဆင့်သည် ဒုတိယအကြိမ် စတူဒီယိုခန်းထဲသို့ဝင်ကာ ပန်းချီဆွဲပြန်သည်။ သူ့အခန်းပြတင်းပေါက်မှ ရှုခင်းမှာ ပူပြင်းသော နေရောင်အောက်၌ ဂျုံခင်းထဲဆင်း၍ ဂျုံရိတ်နေသူတစ်ဦး၏ ပုံဖြစ်သည်။ ပန်းချီတစ်ကားလုံးတွင် အဝါရောင်များလွှမ်းမိုးလျက်ရှိသည်။ ဒေါက်တာပေရွန်သည် ဗင်းဆင့်အား အပြင်သို့ထွက်၍ ပန်းချီဆွဲခွင့်ကိုလည်း ပေးခဲ့သည်။ ဗင်းဆင့်သည် နေရောင်အောက်မှ စိမ်းစိုလန်းဆန်းနေသော ဆိုက်ပရပ်စ်ပင်များရှုခင်းကို အရင်ဆုံးဆွဲသည်။ နောက်ပိုင်းတွင် သံလွင်သီးဆွတ်ခူးနေသော အမျိုးသမီးများ၏ပုံကိုဆွဲသည်။

သူအပြင်ထွက်သည့်အခါတိုင်း ဂျုံခင်းထဲ၌ အလုပ်လုပ်နေကြသော လယ်ယာလုပ်သားများအား နှုတ်ဆက်သည်။ တရင်းတနှီးစကားပြောသည်။ သူ၏ စိတ်ထဲတွင် သူကိုယ်သူ ဤလယ်ယာလုပ်သားများထက်နိမ့်ကျသည်ဟု ထင်သည်။ တစ်ကြိမ်တွင် သူသည် လယ်လုပ်သားတစ်ဦးအား “ ဒီမှာ . . . ခင်ဗျား မြင်တဲ့အတိုင်းပဲ ကျွန်တော်က ကျွန်တော့်ရဲ့ စုတ်တံတွေနဲ့ ကျွန်တော့်ရဲ့ ကင်းဗတ်တွေပေါ်မှာ ထွန်ရေးထွန်ကြောင်းတွေချပေးနေတယ်၊ ခင်ဗျားက ခင်ဗျားရဲ့ မြေပေါ်မှာ ထွန်ရေးထွန်ကြောင်းတွေချနေတာနဲ့ အတူတူပါဘဲ ” ဟု ပြောခဲ့လေသည်။

နွေဦးပေါက်လာခဲ့လေပြီ။ ဗင်းဆင့်၏ ကျန်းမာရေးသည်လည်း များစွာတိုးတက်ကောင်းမွန်လာသည်။ သူ့ပတ်ဝန်းကျင်၌ အလှပန်းများပွင့်လာနေသကဲ့သို့ သူ့စိတ်ထဲတွင်လည်း စိတ်ကူးကောင်းများပွင့်ဖူးလာသည်။ စိန့်ရီမီပတ်ဝန်းကျင်သည်အားလ်စ်မြို့ပတ်ဝန်းကျင်နှင့်မတူ၊ ထူးထူးခြားခြား သာယာလှပသည်ဟုသူမြင်နေသည်။ သူအနေဖြင့် စိတ္တဇဆေးရုံမှထွက်ခွာသွားလိုသော ဆန္ဒပေါ်မလာဘဲဖြစ်လျက်ရှိ၏။

သီအိုထံမှ စာများသည်သူစိတ်ကို အလွန်ကြည်လင်လန်းဆန်းစေသည်။ သီတင်းပတ်တိုင်း စာနှင့်အတူ ဆေးတံသောက်ဆေး၊ ချောကလက်၊ ပန်းချီဆေး၊ စာအုပ်နှင့် ဖရန့်ငွေဆယ်တန်သို့မဟုတ် နှစ်ဆယ်တန်တစ်ရွက်သည် ပါလာစမြဲဖြစ်သည်။ ဤတစ်နှစ်ကုန်လျှင် ဆေးရုံမှအပြီးအပိုင်ဆင်းကာ စိန့်ရီမီမြို့ထဲ၌ အိမ်တစ်လုံးငှားရ၍ နေတော့မည်ဟု ဗင်းဆင့်သည် အခိုင်အမာဆုံးဖြတ်ထားသည်။ သူသည် သူစိတ်ကူးနှင့်သူ အလွန်သာယာကြည်နူးလျက်ရှိလေ၏။

တစ်ရက်တွင် ဗင်းဆင့်သည် ဆေးရုံအနီးရှိ ဂျူခင်းများထဲ၌ တည်တည်ငြိမ်ငြိမ်အေးအေးဆေးဆေးပင် ပန်းချီဆွဲလျက်ရှိသည်။ သူ၏ အတွေးအာရုံသည် ကွန့်မြူးလျက်ရှိရုံမျှမက လှည့်ပတ်သွားလာလျက်ရှိ၏။ ညနေပိုင်းတွင်မူ သူသည် ဆေးရုံသို့ပြန်ရောက်မလာချေ။ ဆေးရုံမှဝန်ထမ်းများသည် သူ့အားလိုက်လံရှာဖွေကြသည်။ သူ၏ ပန်းချီတင်ခုံကလေးနှင့် ကီလိုမီတာများစွာအလှမ်းဝေးသည့် ဆိုက်ပရပ်စ်ပင်ကြီး၏ ပင်စည်ကိုဖက်၍ သတိလစ်နေသော ဗင်းဆင့်အားပြန်လည်တွေ့ရှိခဲ့ကြရလေသည်။

(၄)

ငါးရက်မြောက်နေ့တွင် ဗင်းဆင့်သည် ပုံမှန်အသိပြန်ဝင်လာသည်။ သူသည် အဆောင်ထဲ၌ အတူနေသည့် လူများနှင့် တူလာနေပြီဟူသော အတွေးဝင်လာသည့်အခါ ယူကြုံးမရဖြစ်မိသည်။

ဆောင်းဥတု ဝင်လာခဲ့လေပြီ။ ဗင်းဆင့်သည် အိပ်ရာထဲမှထလိုသောစိတ်မရှိ။ သူ့ပတ်ဝန်းကျင်တွင်လည်း မိုးလင်းမှမိုးချုပ် ထိုင်နေသူများသာရှိ၏။ အဆောင်ပြတင်းပေါက်များမှာ သေးငယ်ပြီး မြင့်မားလွန်းသဖြင့် အလင်းရောင်ကိုကောင်းကောင်းမရ။ ဗင်းဆင့်သည် တစ်နေ့လုံးအိပ်ရာပေါ်၌လဲ့နေသော်လည်းအိပ်၍မရ။ " ဝေဒနာကိုမည်သည်းမည်ဏာဘဲ ခံစားနိုင်အောင်ကြိုးစားပါ။ ဝေဒနာကိုခုခံတိုက်ခိုက်ခြင်းမပြုဘဲ ခံစားနိုင်အောင် လေ့ကျင့်ပါ " ဟူသော မောဇီး၏ဆောင်ပုဒ်ကို သတိရမိ၏။

ရက်များသည်တစ်ရက်ပြီးတစ်ရက် ကုန်လွန်လာသည်။ သူ့အခြေအနေသည် ပြောင်းလဲလာခြင်းမရှိ။ သူစိတ်သည် ဟာလာဟင်းလင်းဖြစ်လျက်ရှိ သည်။ စိတ်ကူးလည်းမရှိ။ အတွေးလည်းမရှိ။ မျှော်လင့်ချက်လည်းမရှိ။ သူနာပြုဆရာမ

များက သူပန်းချီကားများကိုကြည့်၍ ဆွေးနွေးဝေဖန်နေသံများ ကြားရသည်။ " ဒီလူဟာရူးနေလို့ ပန်းချီဆွဲတာလား၊ ပန်းချီဆွဲလို့ပဲ ရူးသွားတာလား" ဟူသော အချက်ကို ဝေဖန်သုံးသပ်လျက်ရှိကြ၏။

သူခုတင်ဘေးမှ စိတ်မနှံ့သူသည် နာရီပေါင်းများစွာစကားပြောလျက် ရှိ၏။ သူအပေါ်၌ ခင်မင်ဟန်ပြနေသော ထိုလူအား သူအနေဖြင့် အသိအမှတ် မပြုဘဲ မနေနိုင်။ သူသည် မကြာခဏဆိုသလို ထိုလူအားစကားပြောမိသည်။ ထိုလူ၏စကားများကို နားထောင်သည့်အခါလည်း နားထောင်မိ၏။

တစ်ရက်တွင် သူသည် သူ့အနားမှ ဆရာမနှစ်ယောက်ဖြတ်အသွားတွင် သူစိတ်ထဲမှ ခံစားမှုတစ်ခုကို သူဘေးမှလူအားထုတ်ဖော်၍ ပြောမိသည်။ " သူ တို့ကပြောကြတယ်၊ ကျုပ်ဟာပန်းချီဆွဲလို့ရူးသွားတာတဲ့၊ ဒီစကားဟာဖြစ်နိုင်မလား ဗျာ၊ မှန်တာတစ်ခုတော့ရှိပါတယ်။ အခြေခံအားဖြင့် ပန်းချီဆရာတစ်ယောက်ဟာ သူမျက်စိတွေနဲ့မြင်တဲ့အရာတွေကို သူများထက်ပိုပြီး နက်နက်ရှိုင်းရှိုင်းခံစားတတ် ကြတယ်၊ ဒါပေမယ့် သူဘဝကိုကျတော့ မထိန်းချုပ်နိုင်ဘူး၊ အဲဒီအချက်ကလေး တစ်ခုကြောင့် သူကိုဒီကမ္ဘာလောကထဲမှာနေဖို့မသင့်တော့ဘူးလို့ဆိုရင် မှန်ပါ့ မလား "

သူဘေးမှလူသည် သူပြောလိုက်သည့် စကားကိုနားလည်သည်မဟုတ်။ သူဖာသာသူစကားပြောကာရယ်မောလျက်ရှိလေသည်။

သူသည် သီတင်းပတ်ပေါင်းများစွာ ကုန်သွားသည်အထိ အပြင်သို့ မထွက်။ သူထိုင်နေကျ ပန်းခြံကိုလည်း သတိမရ။ ပါရီမှ သီအိုပို့လိုက်သော စာအုပ်များကိုသာ တစ်အုပ်ပြီးတစ်အုပ်ဖတ်နေသည်။ သူ့အနီးအနားမှ လူတစ် ဦးတစ်ယောက် စိတ်ဖောက်ပြန်သည့်အခါတွင်လည်း ရောက်စတုန်းကလိုထ၍ မကြည့်၊ အပြင်သို့လည်း ရှောင်မသွား။

တစ်နေ့တွင် သူသည် ဒေါက်တာပေရွှန်ထံသွား၍ ပန်းချီဆွဲခွင့်တောင်း ပြန်သည်။ ဒေါက်တာကလည်းခွင့်မပြု။ "ဝမ်းနည်းပါတယ် ဗင်းဆင့်" ဟု ပေရွှန် က ပြောသည်။ " ဒီတစ်ကြိမ်တော့ လုံးဝခွင့်မပြုနိုင်ဘူး၊ နောင်အခါမှာလည်း ခင်ဗျားကိုအပြင်ဘက်ထွက်ခွင့်မပြုနိုင်တော့ဘူး "

" ကျွန်တော့်စတူဒီယိုထဲမှာကော ဆွဲခွင့်မပြုနိုင်ဘူးလား "

" ပန်းချီမဆွဲပါနဲ့ဦးလို့ အကြံပြုပါရစေ "

" ဒေါက်တာ့အနေနဲ့ ကျွန်တော့်ကိုယ်ကျွန်တော် သတ်သေတာမြင်ချင် သလား "

" ကဲ ကောင်းပြီလေ. . . စတူဒီယိုထဲမှာ ပန်းချီဆွဲဖို့ခွင့်ပြုမယ်၊ ဒါပေမယ့် အချိန်နည်းနည်းပဲဆွဲရမယ် "

စတူဒီယိုခန်းထဲသို့ရောက်၍ သူ၏ပန်းချီကားတင်ခုံနှင့် စုတ်တံများကို မြင်ရသော်လည်းပန်းချီဆွဲလိုစိတ်သည်ပေါ်မလာ။ သူသည် လက်တင်ကုလားထိုင်ပေါ်၌ထိုင်ကာ အပြင်ဘက်မှ ဂျုံခင်းများကိုကြည့်နေသည်။

နောက်ရက်အနည်းငယ်မျှအကြာတွင် ဗင်းဆင့်အား ဒေါက်တာပေရွန်ကသူ့ရုံးခန်းသို့ခေါ်၍ မှတ်ပုံတင်စာတစ်စောင်ကို လက်မှတ်ထိုးပြီးယူစေသည်။ စာအိတ်ကိုဖွင့်လိုက်သည့်အခါ သူနာမည်နှင့် ချက်လက်မှတ်တစ်စောင်ထွက်လာသည်။ ဖရန့်ငွေလေးရာတန်ချက်လက်မှတ်ဖြစ်သည်။ သူ့အဖို့တော့ အံ့သြစရာဖြစ်နေသည်။ ဤမျှလောက်များပြားသောငွေကို ပထမဦးဆုံးအကြိမ်ရရှိပိုင်ဆိုင်ခြင်းဖြစ်၏။ ဘာကြောင့်ဤမျှလောက် များပြားသောငွေကို သီအိုက သူ့ထံပို့ရပါသနည်း။

ချစ်သော အစ်ကိုဗင်းဆင့်

နောက်ဆုံးမှာတော့. . . အစ်ကို့ရဲ့ ပန်းချီကားတစ်ကားကို ဖရန့်ငွေလေးရာနဲ့ ဝယ်သွားတယ်၊အစ်ကို အားလ်စ်မှာနေတုန်းက ဆွဲခဲ့တဲ့ 'စပျစ်ခြံနီနီ' ဆိုတဲ့ ပန်းချီကားပေါ့၊ မနှစ်က နွေဦးပေါက်မှာ ဆွဲထားတဲ့ ပန်းချီကားပဲ၊ ဒတ်ချ် ပန်းချီဆရာတစ်ယောက်ရဲ့ ညီမ အန်နာဘောခ့်ဆိုတဲ့ အမျိုးသမီးဝယ်သွားတာပဲ။

သိပ်ကိုဝမ်းသာတယ်။ မကြာခင်မှာအစ်ကို့ရဲ့ပန်းချီကားတွေကို ဥရောပတစ်လွှားမှာ တင်ပြီးရောင်းတော့မယ်။ ဒီငွေကိုရရင် ဒေါက်တာပေရွန်နဲ့တိုင်ပင်ပြီး ပါရီကိုပြန်လာခဲ့ပါ။

မကြာသေးခင်က ဒေါက်တာဂါချက်ဆိုတဲ့ ပုဂ္ဂိုလ်နဲ့ ကျွန်တော် တွေ့ခဲ့တယ်၊ ပါရီကသွားရင် တစ်နာရီကြာခရီးလောက်ဝေးတဲ့ ဩဗားစ်မြို့မှာနေတယ်၊ ခင်စရာကောင်းတဲ့ ပုဂ္ဂိုလ်တစ်ယောက်ပါ။ ထင်ရှားကျော်ကြားတဲ့ ပန်းချီဆရာတိုင်းလိုလို သူ့အိမ်မှာ အလုပ်လုပ်ဖူးကြတယ်၊ အစ်ကို့ရဲ့အခြေအနေကို သူစေ့စေ့စပ်စပ်လေ့ လာထားတယ်၊ ဩဗားစ်မှာသာ အစ်ကိုနေမယ်ဆိုရင် အစ်ကို့ကို သူတာဝန်ယူပြီး စောင့်ရှောက်သွားလိမ့်မယ်။

မနက်ဖြန်စာတစ်စောင်ထပ်ရေးမယ်

သီအို

Unity Publishing House

ဗင်းဆင့်သည် ထိုစာကို ဒေါက်တာပေရွှန်တို့လင်မယားအားပေး၍ ဖတ်သည်။ ပေရွှန်သည် စာကိုအသေအချာဖတ်သည်။ ထို့နောက်ချက်လက်မှတ်ကိုယူကြည့်သည်။ သူဗင်းဆင့်အတွက် ဝမ်းသာကြောင်းပြောသည်။ ဗင်းဆင့်သည်ရုံးခန်းထဲမှပြန်ထွက်လာပြီး ပန်းခြံဆီသို့လျှောက်လာခဲ့သည်။ သူဘဝအတွက် ဝမ်းသာစရာကောင်းသော အကြောင်းတစ်ခုသည် ပေါ်ပေါက်လာခဲ့ရပြန်ပြီ။ ပန်းခြံဆီသို့မရောက်မီ သူသည် သီအို၏စာကို သတိရသည်။ သူသည် ချက်လက်မှတ်ကိုယူ လာခဲ့သော်လည်း သီအို၏စာကိုမူ ဒေါက်တာ၏ ရုံးခန်းထဲ၌ မေ့ထားခဲ့သည် မဟုတ်ပါလား။ သူသည်လာလမ်းအတိုင်း လျှင်မြန်စွာ ပြန်လျှောက်သွားသည်။ ရုံးခန်းတံခါးကို ခေါက်တော့မည်အပြုတွင် အတွင်းဘက်မှ သူနာမည်ကိုပြောနေသံ ကြားသဖြင့်တန့်သွားသည်။

" ဒီလိုဆိုရင် သူက ဘာပြုလို့အဲသည်လိုလုပ်တာလဲ " ဟု မဒမ်ပေရွှန်က မေးသည်။

" ဒီလိုလုပ်လိုက်ရင် သူ့အစ်ကိုအတွက် ကောင်းလိမ့်မယ်လို့ ထင်ဟန်တူပါတယ် "

" ဒါပေမယ့် . . . တကယ်လို့ သူ့အနေနဲ့ငွေကြေးမတတ်နိုင်ဘူးဆိုရင် ဘယ်လိုဆက်. . . "

" ကိုယ်ထင်တာကတော့ သူ့အနေနဲ့အခုလိုလုပ်ပေးလိုက်ရင် ဗင်းဆင့်ဟာ ပုံမှန်အနေအထားကို ပြန်ရောက်လာလိမ့်မယ်လို့ ယုံကြည်ဟန်တူပါရဲ့ "

" ဒီလိုဆိုရင်. . . ဒီကိစ္စဟာအမှန်အတိုင်း သိလာဖို့ လမ်းမရှိတော့ဘူးလို့ရှင်ထင်သလား "

" မေရီရယ်၊ အဲဒါကတော့ ကိုယ်လဲ ဘယ်သိနိုင်ပါ့မလဲ. . . ဝယ်တဲ့အမျိုးသမီးက ပန်းချီဆရာတစ်ယောက်ရဲ့ နှမလို့ ဆိုထားတယ် မဟုတ်လား. . . ၊ အဲဒီတော့. . . "

ဗင်းဆင့်သည် တံခါးကိုမခေါက်တော့ပဲ ပြန်ထွက်လာခဲ့သည်။ ထိုညညစာစားချိန်တွင် သီအိုထံမှကြေးနန်းတစ်စောင်ရောက်လာသည်။

သားလေးကို အစ်ကို့နာမည်၊ ဂျွိဟန်နှ့ နာမည်နဲ့ ဗင်းဆင့် နာမည်ယူပြီး နာမည်ပေးလိုက်တယ်၊ အားလုံးနေကောင်းကြတယ်။

သူပန်းချီကားတစ်ကားရောင်းရခြင်းနှင့် နောက်ထပ်ပို့လိုက်သော ကြေးနန်းသတင်းသည် ဗင်းဆင့်အားချက်ချင်းပင် လူကောင်းတစ်ယောက်အဖြစ်သို့ရောက်သွားစေခဲ့၏။ မနက်ပိုင်းတွင် သူသည်စတူဒီယိုခန်းထဲသို့သွားကာ စုတ်တံ

များကိုဆေးကြောသည်။ ကင်းဗတ်များကိုရွေးချယ်သည်။ ထို့နောက် အလုပ်ကို ပြင်းပြင်းထန်ထန် စလုပ်သည်။

သူ့လက်ထဲသို့ ဖရန့်ငွေလေးရာတန် ချက်လက်မှတ်ရောက်ပြီးနောက် သီတင်းနှစ်ပတ်တိတိတွင် ဇန္ဒဝါရီလထုတ် 'မာကူရီဒီဖရန်စ့်မဂ္ဂဇင်း' တစ်အုပ် စာတိုက်မှရောက်လာပြန်သည်။ သီအိုက မင်ဖြင့်ဝိုင်းပြထားသော 'လက်စ်အိုင်းဆိုလီစ် ' အမည်ရှိ ဆောင်းပါးကို သူဖတ်ရသည်။

" ဗင်းဆင့်၏ လက်ရာများသည် ထူးခြားသည်။ အားမာန်အပြည့် ရှိရုံမျှမက လွန်ကဲသည်ဟုပင် ပြောနိုင်စရာရှိ၏။ သူ့ဟန်သည် ပြင်းထန်မှုကိုဖော်ပြနေသည် " ဟု အစချီကာ သူ့လက်ရာများကို ခွိုးကြူးထားသည်။ ရေးသူမှာ 'ဂျိအဲလ်ဘတ်ဩရီးယား ' ဆိုသူ ဖြစ်လေသည်။

ဗင်းဆင့်သည် ဆောင်းပါးကို ဒေါက်တာပေရွန်အားမပြပေ။ သူ့တွင်ကြိုးမားသော အားသစ်ပြန်ဝင်လာသည်။ ပြင်းထန်သော ဆန္ဒရမ္မက်သည် ရှင်သန်ကြိုးထွားလာသည်။ သူသည် သူနေသည့်လူနာဆောင်ပုံကိုဆွဲသည်။ ဆေးရုံအုပ်ချုပ်ရေးအရာရှိနှင့် ဇနီးတို့၏ပုံကိုဆွဲသည်။

ဤအတောအတွင်းသူ၏အခြေအနေကို သတိထား၍လေ့လာသည်။ သူ၏စိတ်ဖောက်ပြန်မှုသည် သုံးလလျှင် တစ်ကြိမ်ပေါ်လာတတ်သည်ကို သူသတိထားမိ၏။ ဘယ်အချိန်တွင် စိတ်ဖောက်ပြန်မှုပေါ်လာလိမ့်မည်ကို သိနေသော ဗင်းဆင့်သည် သူ့ကိုယ်သူ ထိန်းသိမ်းကုစားသွားနိုင်လိမ့်မည်ဟု ယုံကြည်လာသည်။ ထို့ကြောင့်လည်း သူသည်စိတ်ဖောက်ပြန်ဖို့နီးလာချိန်တွင် သူ့အလုပ်ကိုလုံးဝရပ်ထားလိုက်သည်။ စောစောအိပ်ရာဝင်ပြီးအနားယူသည်။ စိတ်လက်မအီမသာဖြစ်လာခြင်းကို ကြိုတင်ကာကွယ်သည်။ စိတ်လက်မကြည်မလင်ဖြစ်လာသည့်အခါသူ့စိတ်ကိုလျှော့၍ သက်သာအောင်ကြိုးစားသည်။

သူ့တွင် စိတ်ဖောက်ပြန်မှုဝင်လာတတ်သည့်ရက်သည် ကျရောက်ပေတော့မည်။ သူသည်ရင်ဆိုင်ရမည့်ရက်ကို စိတ်တစောစောဖြင့် စောင့်မျှော်နေသည်။ နာရီပေါင်းများစွာကုန်လွန်သွားခဲ့ပြီ။ သူ့တွင်ဘာမှဖြစ်မလာသေး။ ပထမတွင်သူ့ကိုယ်သူ အံ့သြနေမိ၏။ ထို့နောက် စိတ်မကောင်းသလိုခံစားရ၏။ ဒုတိယနေ့သည် ကုန်လွန်သွားခဲ့ပြီ။ သူသည် ပုံမှန်အနေအထားမှာပင်ရှိနေသည်။ တတိယနေ့သည် ကုန်ဆုံးလုနီးနေပြီ။ သူ့တွင်ထူးထူးခြားခြားဘာတစ်ခုမှ ဖြစ်မလာသေး။

" ဒေါက်တာပေရွန်မှားသွားပြီ၊ အခုပုံဆိုရင် ဒီအချိန်ကစပြီး ငါကြောက်

ဖြစ်မလာသေး။

" ဒေါက်တာပေရွှန်မှားသွားပြီ၊ အခုပုံဆိုရင် ဒီအချိန်ကစပြီး ငါကြောက်စရာလန့်စရာဘာမှမရှိတော့ဘူး၊ ငါ့အနေနဲ့ အိပ်ရာပေါ်မှာလဲနေတာဟာ သက်သက်မဲ့အချိန်ဖြုန်းတာပဲ၊ မနက်ဖြန်မနက်ကျရင်တော့ အိပ်ရာက စောစောထပြီး အလုပ်လုပ်တော့မှဖြစ်မယ် " ဟု သူတွေးမိသည်။

လူခြေတိတ်ချိန်သို့ရောက်လာသည်။ အားလုံးအိပ်မောကျနေကြပြီ။ သူသည်အိပ်ရာပေါ်မှဆင်းကာ ဖိနပ်ပင်မစီးပဲ ကျောက်မီးသွေးများသိုလှောင်ထားသည့် အောက်ထပ်မြေတိုက်ခန်းဆီသို့လျှောက်သွားသည်။ သူသည်မီးသွေးပုံရှေ့၌ဒူးထောက်ထိုင်ကာ မီးသွေးမှုန့်များကို လက်နှစ်ဖက်ဖြင့်ကြိုးယူလိုက်သည်။ ထို့နောက် သူ့မျက်နှာကို သုတ်လိမ်းသည်။

အစောင့်များသည် ဗင်းဆင့်အား နံနက်အရုဏ်တက်ပြီးခါမှ ရှာဖွေတွေ့ရှိသည်။ ဗင်းဆင့်သည် ဘုရားစာများကိုရွတ်ဖတ်လျက်ရှိသည်။ သူ့နားထဲသို့ ဝင်လာနေသည့် အသံများကို ပြန်လည်ဖြေကြားလျက်ရှိသည်။ သူသည်ရက်ပေါင်းများစွာ ကုန်လွန်သွားသည်အထိ ဘုရားစာနှင့် တရားစာများကိုသာ မနားမနေရွတ်ဖတ်နေသည်။ သူ့တွင် လူကောင်းအသိပြန်ဝင်လာသည့်အခါ ဗင်းဆင့်သည် ဆရာမတစ်ဦးအားခေါ်၍ သူ့ကို ဒေါက်တာပေရွှန်ထံပို့ပေးပါဟု ခိုင်းသည်။

ဒေါက်တာပေရွှန်နှင့်တွေ့သည့်အခါ သူ့အားတိုက်ခိုက်နေသည့်ရောဂါကိုသူကြိုးစားလျှင်ရှောင်လွှဲ၍ ရနိုင်စရာရှိကြောင်း၊ ယခုသူကြိုးစားနေချိန်တွင် နေ့စဉ် ငါးကြိမ်ခြောက်ကြိမ်မျှ ဘုရားဝတ်ပြုနေကြသည့် သူနာပြုဆရာမများ၏ အသံကြောင့် စိတ်အနှောင့်အယှက်ဖြစ်ကာ စိတ်ဖောက်ပြန်ရသည်ဟု သူထင်ကြောင်းရှင်းပြသည်။

ဒေါက်တာပေရွှန်က သူ့စကားကိုလက်မခံ။ " ခင်ဗျားကိုယ်ခင်ဗျားလှည့်စားမနေပါနဲ့ ဗင်းဆင့် " ဟု ပြောသည်။ " ဒီကိစ္စဟာ အချိန်ကျလာရင်ဖြစ်လာမှာပဲ၊ သုံးလတစ်ကြိမ်ပေါ်နေကျဟာ ပေါ်မှာပဲ။ ခင်ဗျားရဲ့စိတ်အာရုံမှာအခုတစ်ကြိမ် ဘာသာရေးနဲ့ပတ်သက်တဲ့ အထင်အမြင်မှားမှုဖြစ်တယ်၊ နောက်တစ်ကြိမ်မှာ တခြားအရာတစ်ခုနဲ့ ယှက်နွယ်ပြီးဖြစ်လာမယ်၊ အဲဒါပဲ "

" နောက်တစ်ခါ အဲသလိုဖြစ်လာရင်တော့ ကျွန်တော့်ကို ဒီဆေးရုံကနေပြီးတခြားတစ်နေရာကိုပြောင်းပေးဖို့ ကျွန်တော့်ညီကို ခိုင်းရလိမ့်မယ် "

" ခင်ဗျားရဲ့ ဆန္ဒအတိုင်းပဲ လုပ်ပါ ဗင်းဆင့် "

✧✧✧✧

ထိုနှစ်နွေဦးပေါက်တွင် ဗင်းဆင့်သည်သူစတူဒီယိုထဲ၌ အလုပ်ပြန်လုပ်သည်။ ပြတင်းပေါက်မှမြင်နေရသည့်ရှုခင်းများကိုပင် သူဆွဲသည်။ တစ်ဖန်ပြန်၍ ပေါ်ပေါက်လာသော ပတ်ဝန်းကျင်သည် ဗင်းဆင့်အား ဘဝသစ်တစ်ခုကိုတည်ဆောက်ချင်လာအောင်ဖန်တီးပေးနေသည်။ သူသည် သီအိုထံစာရေး၍အသိပေးသည်။

" သီအို. . . အစ်ကိုတော့ စိန့်ရီမီကိုမခွဲချင်သေးဘူး၊ ခွဲရမယ်ဆိုရင် စိတ်မချမ်းမမြေ့ဖြစ်ရလိမ့်ဦးမယ်၊ ဒီမှာက လုပ်စရာတွေ အများကြီးရှိနေသေးတယ်၊ ဒါပေမယ့် အစ်ကို့ရောဂါနောက်တစ်ကြိမ်ပေါ်လာခဲ့ရင် ဆေးရုံရဲ့အပြစ်လို့ အစ်ကိုဆိုချင်တယ်။

" ဘာပဲဖြစ်ဖြစ် ဒီတစ်ခါတော့ ရောဂါပြန်ထရင် ပါရီကိုချက်ချင်းပြန်လာခဲ့တော့မယ်၊ အစ်ကို့အတွက် ကြိုတင်ပြီးပြင်ဆင်ပေးထားပေးပါ၊ အစ်ကို့အဖို့ မြောက်ပိုင်းမှာ ထပ်နေရရင် အကောင်းဆုံးဖြစ်လာလိမ့်မယ်လို့ထင်တယ်၊ မင်းပြောခဲ့တဲ့ ဒေါက်တာဂါချက်ဟာ ဘယ်လိုလဲ၊ အစ်ကို့ပေါ်မှာ စိတ်ဝင်စားပြီးစောင့်ရှောက်ကုသပေးနိုင်မယ်လို့ ထင်သလား "

သီအိုထံမှ ပြန်စာလာသည်။ သူကိုယ်တိုင် ဒေါက်တာဂါချက်နှင့်တွေ့ပြီး ဗင်းဆင့်၏ ပန်းချီကားမှားကိုပါပြကာ ဆွေးနွေးခဲ့ကြောင်း၊ ဒေါက်တာဂါချက်ကဗင်းဆင့်ကို ဩဇာစိမ့်မြို့သို့ လာရောက်စေလိုကြောင်း သူ့အိမ်၌ နေထိုင်ပြီး ပန်းချီဆွဲစေလိုသည်ဟု ပြောလိုက်ကြောင်း စသည်ဖြင့် ရေးထားသည်။

" ဒေါက်တာဂါချက်ဟာ အာရုံကြောရောဂါမှာသာအထူးကျွမ်းကျင်တာမဟုတ်ပါဘူး၊ ပန်းချီဆရာတွေရဲ့ အထာကိုလည်း ကောင်းကောင်းကြီးနားလည်တယ်၊ အဲဒီတော့ သူ့လက်ထဲမှာနေရရင် အကောင်းဆုံးဖြစ်လိမ့်မယ်လို့ထင်တယ်၊ အစ်ကို့ဖက်က ပါရီကိုလာဖို့အသင့်ဖြစ်ပြီဆိုရင် ကြေးနန်းရိုက်ပါ၊ ကျွန်တော်ကိုယ်တိုင်လာခေါ်မယ် " ဟုလည်းရေးထားလေသည်။

နောက်တစ်ကြိမ် ရောဂါထမည့်ရက်သည် မေလထဲ၌ ဖြစ်သည်။ မေလမရောက်မီကာလအတွင်း ဗင်းဆင့်သည် ပန်းချီဆွဲခြင်းဖြင့် အချိန်ကုန်သည်။ ဆေးရုံပေါ်တီကို၊ လူနာဆောင်၊ ပန်းခြံတွင်းမှ လူသွားလမ်းနှင့် သစ်ပင်များ၊ မှန်ထဲ၌ထင်ဟပ်နေသည့် သူ့ရုပ်လွှာ. . . ၊ ထိုအရာများကို တစ်ခုပြီး တစ်ခုဆွဲလျက်ရှိသည်။

မေလထဲတွင် သူ့ရောဂါသည် ပြန်ထလာသည်။ ဤတစ်ကြိမ်တွင် လူနာစောင့်များသည် ဗင်းဆင့်အား ဝတ်ကျောင်းမမှာရုံထဲ၌ သတိလစ်ပြီးလဲကျနေ

သည်ကိုတွေ့ကြရ၏။ အချိန်မှာ မေလအလယ်ခန့်ဖြစ်၏။ သူ့ရောဂါမှုပြန်၍ နလံထလာသည့်အခါ သီအိုက သူကိုယ်တိုင် စိန့်ရီမီသို့လာ၍ ခေါ်ပါရစေဟု စာရေးသော်လည်း ဗင်းဆင့်က လက်မခံ။ ဆေးရုံမှ အစောင့်တစ်ယောက်ကို ခေါ်၍ သူ့ဖာသာသူလာမည်ဟု ဆိုသည်။

ချစ်သောသီအို

အစ်ကိုဟာ မစွမ်းမသန်တစ်ယောက်မဟုတ်ပါဘူး၊ အန္တရာယ်ပြုနိုင်တဲ့ သားရဲတိရစ္ဆာန်တစ်ကောင်လည်း မဟုတ်ပါဘူး၊ အစ်ကိုဟာအခုအချိန်ထိ လူကောင်းတစ်ယောက်ပဲဆိုတာကို သက်သေပြပါရစေ။ တကယ်လို့ ဒီဆေးရုံကနေပြီး အဲဒီကိုကိုယ့်အားကိုယ်ကိုးပြီးပြန်လာနိုင်တယ်ဆိုရင် အစ်ကိုဟာအစ်ကို့ရဲ့ရောဂါကို နိုင်နင်းနိုင်စွမ်းရှိနေသေးတယ်လို့ ဆိုရမှာပေါ့။

အစ်ကို့အနေနဲ့ ကိုယ့်အတွက် အခွင့်အလမ်းကို ကိုယ့်ဖာသာကိုယ်ရှာပြီးယူတာပါ။ အစ်ကိုဟာ အသိဉာဏ်နဲ့ ပြည့်စုံတဲ့ လူကောင်းတစ်ယောက်ပြန်ဖြစ်လာနိုင်သေးတယ်လို့ စိတ်ထဲကအခိုင်အမာယုံကြည်နေတုန်းပါ။ မင်းရဲ့စာထဲမှာ ရေးထားတဲ့အတိုင်းဆိုရင် သြဇားစ်ဟာငြိမ်ဆိတ်တယ်၊ အေးဆေးတယ်၊ သာယာလှပတယ်မဟုတ်လား၊ အစ်ကို့အနေနဲ့ ဒေါက်တာဂါချက်ရဲ့ ပြုစုစောင့်ရှောက်မှုအောက်မှာနေသွားရမယ်ဆိုရင် အစ်ကို့ရဲ့ရောဂါကို အစ်ကိုအောင်နိုင်မှာသေချာပါတယ်။

အစ်ကို တာရာစကွန်က ထွက်တဲ့အခါ မင်းဆီကိုကြေးနန်းရိုက်မယ်။ အစ်ကို့ကို ဂဲရားဒီလိုင်ယွန် ဘူတာက လာကြိုလှည့်ပါ၊ အစ်ကိုဆေးရုံက စနေနေ့ထွက်မယ်၊ တနင်္ဂနွေနေ့ညမှာ မင်းရယ်၊ ဂျိုဟန်နာရယ်၊ သားငယ်ကလေးရယ်... အားလုံးနဲ့ အိမ်မှာပျော်ပျော်ပါးပါး ဆုံကြတာပေါ့။

■

Unity Publishing House

စာအုပ် (၈)

ညဟေး၏

(၁)

သီအိုသည် ဗင်းဆင့်အတွက် သောကရောက်လွန်းအားကြီးသဖြင့် တစ်ညလုံးအိပ်မပျော်။ သူသည် ဂယ်ရာဒီလိုင်ယွန်သို့ ဗင်းဆင့်စီးလာမည့်မီးရထားမဆိုက်မီ နှစ်နာရီအလိုကတည်းက အိမ်မှထွက်လာခဲ့ခြင်းဖြစ်၏။ ဂျိုဟန်နာသည် အိမ်တွင်ကလေးနှင့် နေခဲ့ရသည်။ သူမသည် စီတီးပစ်ဂါလီလမ်းပေါ်ရှိ လေးထပ်တိုက်ခန်း၏ ဆင်ဝင်၌ထွက်ရပ်ကာ ပစ်ဂါလီလမ်းမဖက်မှ ချိုးဝင်လာမည့် မြင်းရထားကို မျှော်လျက်ရှိလေသည်။

ဂယ်ရာဒီလိုင်ယွန်ဘူတာနှင့် သီအို၏တိုက်ခန်းသည် အလှမ်းဝေးသောခရီးတစ်ခုဖြစ်၏။ ဂျိုဟန်နာအဖို့စောင့်မျှော်ရသည်မှာ ကြာလွန်းလှချေသည်။ မီးရထားပေါ်တွင် ဗင်းဆင့်တစ်ခုခုဖြစ်မှဖြင့်ဟူသောအတွေးသည် သူ့ရင်ကိုမအေးအောင် ဖန်တီးလျက်ရှိသည်။ သို့သော်လည်း နောက်ဆုံးတွင် အမိုး

ဖွင့်မြင်းရထားတစ်စီးသည် ပစ်ဂါလီလမ်းမဘက်မှ ချိုးဝင်လာပြီး တိုက်ရှေ့၌ ရပ်သည်။ အထဲမှဆင်းလာသော လူနှစ်ယောက်ကိုမြင်ရသည်။ တစ်ယောက်မှာ သူမ၏ခဲအို ဗင်းဆင့် ပေတည်း။

ကျိုဟန်နာသည် ဗင်းဆင့်အား လူမမာတစ်ယောက်အဖြစ်မြင်တွေ့ ရလို့မည်ဟု မျှော်လင့်ထားခဲ့သော်လည်း သူမအားပွေ့ဖက်နှုတ်ဆက် နေသည့် ဗင်းဆင့်မှာ သူမ၏ခင်ပွန်းသည် သီအိုထက်ပင်ပို၍ ကျန်းမာသန်စွမ်း နေပုံ ရသည်။ သို့သော်လည်းကျိုဟန်နာသည် အားနာသောစိတ်ဖြင့် ဗင်းဆင့်၏ နားရွက်ကိုမူ မကြည့်ဝံ့ချေ။

" သီအိုကတော့ဖြင့် တော်ပါပေ့ကွာ " ဟု ဗင်းဆင့်က ကျိုဟန်နာ၏မျက် နှာကို ပြုံးကြည့်ပြီးပြောသည်။ " တကယ့်မိန်းမချောတစ်ယောက်ကို ရအောင် ယူထားတယ် "

" ကျေးဇူးပဲ ဗင်းဆင့် " ဟု ပြန်ပြောပြီး သီအိုကရယ်သည်။

ကျိုဟန်နာသည် သီအို၏ မိခင်အင်နာကော်နယ်လီယာကဲ့သို့ သိမ်မွေ့ နူးညံ့သော မျက်လုံးအစုံပိုင်ရှင်ဖြစ်သည်။ စိတ်နေစိတ်ထား ပျော့ပျောင်းပြီး သနား ကြင်နာတတ်သည့် အရိပ်အငွေ့များယှက်သန်းနေသော မျက်နှာပိုင်ရှင်ဖြစ်၏။ ရိုးသားဖြူစင်သော အသွင်အပြင်သည် ပီပြင်စွာပေါ်နေသည်။ သီအိုအပေါ်၌ ထားရှိခဲ့သော ချစ်မေတ္တာတွင် ဗင်းဆင့်ကိုပါထည့်သွင်းထားသူဖြစ်လေသည်။

သီအိုသည် ဗင်းဆင့်အားဆွဲကာ အိပ်ခန်းထဲသို့ခေါ်သွားသည်။ သူသား ငယ်သည်ပုခက်ထဲတွင် အိပ်ပျော်လျက်ရှိ၏။ ညီအစ်ကိုနှစ်ယောက်သည် ကလေး ငယ်ကို ငြိမ်ဆိတ်စွာရပ်ကြည့်နေကြသည်။ သူတို့၏မျက်လုံးများထဲတွင် မျက်ရည် များအပြည့်။ သူတို့၏နောက်နားမှ ရပ်နေသော ကျိုဟန်နာသည်အခြေအနေ ကိုရိပ်မိသည်။ ဤတဒင်္ဂအချိန်ကလေးတွင် သူတို့နှစ်ယောက်တည်းသာ နေချင် ကြပေလိမ့်မည်။ သူမသည်အခန်းထဲမှ ခြေဖျားထောက်၍ထွက်ခွာသွား လေသည်။

ကျိုဟန်နာ တံခါးကိုအဖွင့်တွင် ဗင်းဆင့်က လှည့်ကြည့်သည်။ သူမကို ပြုံး၍ကြည့်ကာ ပုခက်ထဲမှ ကလေးဆီသို့ လက်ညှိုးထိုးပြသည်။ " သူ့ကို စောင့်တွေသိပ်မခြုံမထားပါနဲ့ ညီမရယ် " ဟု ပြောသည်။

ကျိုန်ဟန်နာထွက်သွားသည့်အခါ ဗင်းဆင့်သည် ကလေးအား နောက် ထပ်ငုံ့ကြည့်နေပြန်သည်။ သူ၏အထီးကျန်နှိုင်မှုကိုတွေးကာ ရင်ထဲတွင် လှုပ်ရှား နေပြန်၏။ သီအိုသည် ဗင်းဆင့်ဘာတွေးနေသည်ကို ရိပ်စားမိသည်။

" အချိန်တွေ အများကြီးရှိပါသေးတယ် ဗင်းဆင့်ရယ် " ဟု သီအိုက ပြောသည်။ " နောင်တစ်ချိန်မှာ ခင်ဗျားကို ချစ်ပြီးခင်ဗျားနဲ့အတူ လက်တွဲနိုင်မယ့် မယားတစ်ယောက်ဟာ ခင်ဗျားရဲ့ ဘဝထဲကိုဝင်လာဦးမှာပါ "

" မဖြစ်နိုင်တော့ပါဘူး သီအို။ အချိန်တွေသိပ်နောက်ကျသွားပြီ "

" မကြာသေးခင်ကပဲ ခင်ဗျားနဲ့ အသင့်တော်ဆုံးမိန်းမတစ်ယောက်ကို ကျွန်တော်တွေ့ခဲ့သေးတယ် "

" ဟုတ်ရဲ့လား သီအိုရာ၊ သူကဘယ်သူလဲ "

" စာရေးဆရာ တူရဂေနျက်ရဲ့ ဝတ္ထု ' တာရီဗီရပ်ခ် ' ထဲက မိန်းကလေးပေါ့။ မှတ်မိတယ်မဟုတ်လား "

" မင်းဆိုလိုတာက နဟိလစ္စဝါဒီသမားတွေနဲ့ တွဲလုပ်နေရာက ငြိမ်းချမ်းရေးအတွက် နယ်စပ်ကိုဖြတ်ကူးသွားတဲ့ မိန်းကလေးကိုပြောတာလား "

" ဟုတ်တယ်။ ခင်ဗျားရဲ့ မိန်းမဟာ အဲဒီမိန်းကလေးမျိုး ဖြစ်ဖို့လိုတယ်၊ ဘဝရဲ့ဆင်းရဲဒုက္ခတွေကို ခင်ဗျားနဲ့အတူလက်တွဲပြီး ခါးစည်းခံနိုင်မယ့် မိန်းကလေးမျိုးပေါ့ "

" အဲဒီမိန်းကလေးမျိုးက နားရွက်တစ်ဖက်နဲ့ ယောကျ်ားကို ယူမတဲ့လား သီအိုရယ် "

ပုခက်တွင်းမှ ကလေးငယ်ဗင်းဆင့်သည် အိပ်ရာမှနိုးလာသည်။ လူကြီးနှစ်ယောက်အားကြည့်ပြီး ပြုံးရယ်နေသည်။ သီအိုက ကလေးကိုပွေ့ယူပြီး ဗင်းဆင့်၏လက်သို့ပေးသည်။ ဗင်းဆင့်ကပွေ့ချီကာ သူ့ရင်ခွင်၌ အပ်ထားသည်။

" နူးလည်းနူးညံ့တယ်၊ နွေးလည်းနွေးတယ်၊ ခွေးပေါက်စလေးတစ်ကောင်နဲ့တူလိုက်တာ " ဟု ဗင်းဆင့်ကရေရွတ်သည်။

ထိုညတွင် ဗင်းဆင့်၏အပေါင်းအသင်းများသည် သီအို့အိမ်သို့ရောက်လာပြီး ဗင်းဆင့်အား လှိုက်လှိုက်လှဲလှဲနှုတ်ဆက်ကြသည်။ ပထမဆုံးရောက်လာသူမှာ အသက်ငယ်ငယ် လူချောကလေး ဩရီးယား၊ ဗင်းဆင့်၏လက်ရာအချို့ကို ဝေဖန်သုံးသပ်ခဲ့သူ။ ဒုတိယရောက်လာသူမှာ လော့ထ်ရက်၊ သူကတော့ ထုံးစံအတိုင်းရောက်ကတည်းက ရယ်စရာများကိုသာပြော၍ တသောသောဖြစ်အောင်လုပ်နေသည်။

ကျူဟန်နာသည် ဧည့်သည်များအား အဖျော်ယမကာမျိုးစုံဖြင့် ဧည့်ခံသည်။ အားလုံးပင် စကားလက်ဆုံကျနေကြသည်။ အခန်းထဲတွင် ဆေးတံမီးခိုးငွေ့များသည် ထောင်းထောင်းထလျက်ရှိ၏။ ဗင်းဆင့်သည် တစ်ချိန်က ပါရီ၌နေခဲ့

ရသည့်ဘဝကို ပြန်ပြောင်းသတိရနေမိလေသည်။

" ကျော့ဆူးရက်ကော နေကောင်းရဲ့လား " ဟု ဗင်းဆင့်က လော့ထ်ရက် အားမေးသည်။

" ခင်ဗျားမသိသေးဘူးလား၊ ကျော့ဆူးရက်မှာ အဆုတ်ရောဂါဖြစ် နေတယ်၊ ဆရာဝန်က သူ့ရဲ့အသက်သုံးဆယ့်တစ်နှစ်မြောက်မွေးနေ့အထိတောင် နေရတော့မယ်မထင်ဘူးလို့ ပြောထားတယ် "

" ဘယ်လိုဖြစ်ရတာလဲဗျာ။ ဆူးရက်က ကျန်းမာရေးသိပ်ကောင်းတဲ့ လူပဲဟာ "

" အလုပ် အဆမတန်လုပ်လို့ အလုပ်ဒဏ်ပိတာပေါ့ ဗင်းဆင့်ရာ " ဟု သီအိုကဝင်ပြောသည်။ " သူကတစ်နေ့ကို နှစ်နာရီသုံးနာရီပဲအိပ်တယ်၊ ကျန် အချိန်တွေမှာ အလုပ်ကိုတအားလုပ်တာပဲ၊ ကြာတော့ ဘယ်ခံနိုင်တော့မှာလဲ "

ထိုအခိုက်မှာပင် ရှူဆိုးရောက်လာသည်။ ဗင်းဆင့်အတွက် အိမ်တွင်း ဖြစ်မှုန့်တစ်အိတ်ကိုဆွဲလာသည်။ ထို့နောက် ပီရိတန်ဂိုင်း. . . ။

✧✧✧✧

နောက်တစ်နေ့နံနက်တွင် ဗင်းဆင့်သည် အခန်းထဲ၌ချိတ်ထားသည့် ပန်းချီကားများကိုလျှောက်ကြည့်သည်။ အား်လုံးသူ့ပန်းချီကားတွေချည်း ဖြစ်၏။ ထမင်းစားခန်းထဲတွင် **'အာလူးစားသူများ'**၊ ည့်ခန်းထဲတွင် **'အားလ်စ်မြို့မှ ရှုခင်း'** နှင့် **'ရိုင်းမြစ်၏ ညအလှ'** ပန်းချီ နှစ်ကား၊ သီအိုတို့ အိပ်ခန်းထဲတွင်မူ **'ပွင့်ဖူးနေကြသည့် သစ်သီးခြံများ'**။

သီအိုတို့အခန်းထဲတွင် သူ့ပန်းချီကား အများအပြားကိုတွေ့ရသည်။ ခုတင်အောက်၊ ဘီရိုအောက်၊ အခန်းထောင့်. . . နေရာလွတ်တိုင်းတွင် သူ့ပန်းချီ ကားများကို အထပ်လိုက်စုပုံထားသည်။ အခန်းထဲရှိ သီအို၏စားပွဲပေါ်တွင် ကြိုး တစ်ချောင်းနှင့် သပ်သပ်ချည်ပြီးတင်ထားသော အထုပ်တစ်ထုပ်ကိုတွေ့သည်။ သူရေးခဲ့သည့် စာများကိုသူညီက အမြတ်တနိုးသိမ်းထားခြင်းပေတည်း။ လွန်ခဲ့သော အနှစ်နှစ်ဆယ်က ရေးခဲ့သော စာများဖြစ်၏။ စုစုပေါင်း စာအစောင် ခုနှစ်ရာတိတိရှိသည်။ သီအိုအနေဖြင့် ဘာကြောင့်များဒီစာတွေ တရိုတသေသိမ်း ထားတာပါလိမ့်။

စားပွဲပေါ်တွင် လွန်ခဲ့သော ဆယ်နှစ်ကပေးပို့ခဲ့သည့် သူ၏ပန်းချီပုံကြမ်းများကိုတွေ့ရပြန်သည်။ ခဲပန်းချီများဖြစ်၍ အားလုံးကို နှစ်အလိုက်စီပြီးကြိုးနှင့် ချည်ထားခြင်းဖြစ်၏။ ဘိုရင်းနိတ်ချမှ ကျောက်မီးသွေးတွင်းတူးသမားများနှင့် သူတို့၏ သားမယားများ၊ အက်တင်မြို့အနီးမှ တွင်းတူးလုပ်သားများနှင့် ယာသမားများ၊ ဟော့ဂ်မြို့မှ အဖိုးအိုနှင့် အဖွားအိုများ၊ ချီပင်နင်ဂျင်းရွာမှ တံငါလုပ်သားများ၊ နျူနင်မြို့မှ အာလူးစားသူများနှင့် ရက်ကန်းသမားများ၊ ပါရီမြို့တွင်းမှ လမ်းနှင့် စားသောက်ဆိုင်ရှုခင်းများ၊ အားလ်စ်မြို့မှ နေကြာပန်းနှင့် သစ်သီးခြံပုံကြမ်းများ၊ စိန့်ရီမီ စိတ္တဇဆေးရုံမှ ပန်းခြံ။

" ငါ့ကားတွေကို တစ်ကိုယ်တော်ပန်းချီပြပွဲလုပ်ရရင် ကောင်းမှာပဲ" ဟု ဗင်းဆင့်၏နှုတ်မှအသံထွက်လာသည်။

သူသည် ပန်းချီကားအားလုံးကို သိမ်းကြုံးယူကာ နှစ်ကာလအလိုက်စဉ်၍အကောင်းဆုံးဟု ယူဆသောကားများကို ရွေးထုတ်သည်။ ခဲပန်းချီပုံများ၊ ပုံကြမ်း များ၊ ရေဆေးများနှင့် ဆီဆေးများကိုခွဲခြားလိုက်သည်။ ထို့နောက် အခန်းများကို ရွေးချယ်ကာ သင့်ရာပန်းချီကားများကို ချိတ်ဆွဲသည်။ သီအိုနှင့် ဂျူဟန်နာတို့အားခေါ်၍ "သီအိုနဲ့ဂျူကို ဗင်ဂိုးပန်းချီပြပွဲတစ်ခုဆီခေါ်သွားရဦးမယ်" ဟု ပြောသည်။

" ပြပွဲ ဟုတ်လား. . . ဘယ်မှာလဲ " ဟု သီအိုကမေးသည်။

ဗင်းဆင့်က အဖြေမပေးပဲ့ အခန်းတစ်ခန်းဆီသို့ ခေါ်သွားပြီးပြသည်။ သီအိုလင်မယားသည် ပန်းချီကားများကိုကြည့်ကာ အံ့အားသင့်နေကြသည်။

" အစ်ကို အက်တင်မှာနေတုန်းကပေါ့ " ဟု ဗင်းဆင့်ကစကားစချီသည်။ " အဲဒီတုန်းက အဖေကပြောတယ်၊ 'အဆိုးထဲက အကောင်းထွက်မလာနိုင်ဘူး' တဲ့။ အစ်ကိုကလဲ 'အဆိုးထဲက အကောင်းထွက်လာနိုင်ရုံသာမကဘူး၊ ပန်းချီပညာမှာ အဆိုးထဲက အကောင်းဟာ ထွက်ကိုထွက်လာမှာပဲ' လို့ ပြန်ပြောခဲ့တယ်"

သူတို့သုံးယောက်သည် တစ်ခန်းဝင်တစ်ခန်းထွက်ကာ ချိတ်ဆွဲထားသည့် နံရံပေါ်မှ ကားများကိုကြည့်ကြသည်။ " တစ်ကိုယ်တော်ပန်းချီပြပွဲ " တစ်ခုကိုကြည့်နေရသည့်နှယ် ခံစားကြရသည်။

ဂျူဟန်နာသည် ဘရားဘန့်အစားအစာများချက်ပြုတ်ကာ နေ့လည်စာကျွေးသည်။ ဗင်းဆင့်သည် ဒတ်ချ်အစာစစ်စစ်ကို စားရသည့်အတွက် အရသာတွေ့လှ၏။ စားသောက်ပြီး၍ စားပွဲကိုရှင်းအပြီးတွင် ညီအစ်ကိုနှစ်ယောက်သည်

ဆေးတံကိုယ်စီဖွာရင်း စကားလက်ဆုံကျနေကြလေသည်။

" ဟိုရောက်ရင်တော့ ဒေါက်တာဂါချက်ပြောတဲ့အတိုင်း လိုက်နာပြီး စနစ်တကျနေသွားဖို့လိုတယ် ဗင်းဆင့် " ဟု သီအိုကပြောသည်။

" အစ်ကိုနေသွားပါ့မယ် ကွာ "

" ဘာ့ကြောင့်လဲဆိုတော့ သူဟာအာရုံကြောရောဂါတွေမှာ ကျွမ်းကျင်တဲ့ဆရာဝန်တစ်ယောက်ဖြစ်လို့ပါ၊ သူပြောတဲ့အတိုင်းသာ နေသွားရင် အစ်ကို ပြန်ပြီးနေကောင်းလာမှာ သေချာတယ် "

" အစ်ကို ကတိပေးပါတယ် "

" ဒေါက်တာက ပန်းချီလည်းဆွဲတယ်၊ နှစ်စဉ်လည်း သူ့ကားတွေကို ပီ၊ ဗန်ရပ်ဆဲလ်ဆိုတဲ့ နာမည်နဲ့ ပြခန်းတွေမှာဝင်ပြတယ် "

" သူ့ပန်းချီကားတွေက ကောင်းရဲ့လား "

" ကောင်းတယ်လို့တော့ မပြောနိုင်ဘူး၊ ဒါပေမယ့် သူဟာတခြားလူရဲ့ ပါရမီထူးမှုကို အသိအမှတ်ပြုနိုင်တဲ့ ပါရမီတော့ရှိတယ်၊ သူပါရီမြို့ကိုဆေးပညာသင်ဖို့အသက်နှစ်ဆယ်ကတည်းက ရောက်လာတာ။ အဲဒီတုန်းကတည်းက ပန်းချီဆရာကူးဘက်၊ မာဂျာ၊ ချင့်ဖလောရီး၊ ပရောက်ဗွန်းတို့နဲ့ ခင်မင်ရင်းနှီးလာခဲ့တာ။ နောက်ပိုင်းကျတော့ မာနက်၊ ရီနိုယာ၊ ဒီဂတ်စ်၊ ဒူရန်တီ၊ မိုနက်တို့နဲ့ပါ ခင်မင်လာခဲ့တယ်။ ပန်းချီဆရာအားလုံးလိုလို သူ့အိမ်က ဧည့်ခန်းထဲ ပန်းခြံထဲမှာ ပန်းချီဆွဲဖူးကြတယ်။ စေဇန်း၊ လော့ထ်ရက်နဲ့ ဆူးရက်တို့ရဲ့ကားတွေ ချိတ်ထားတာလဲ ခင်ဗျားတွေ့ရမှာပါ၊ သူကခင်ဗျားကိုဩဇာစ်မှာဘာ့ကြောင့်လာနေစေချင်တယ်ဆိုတာကော ခင်ဗျားသိရဲ့လား "

" ဟင့်အင်း. . . မသိဘူး "

" ပြီးခဲ့တဲ့နှစ် ပန်းချီပြပွဲမှာတင်ပြထားတဲ့ ပန်းချီကားတွေထဲက ခင်ဗျားဆွဲထားတဲ့ အားလ်စ်မြို့ညရှုခင်း ပန်းချီကားတွေကို အကောင်းဆုံးကားတွေလို့ သူက သတ်မှတ်ခဲ့တယ်၊ ကျွန်တော်က သူ့ကို ဂေါ်ဂင့်အတွက်ရည်စူးပြီး ဆွဲထားတဲ့ ခင်ဗျားရဲ့နေကြာပန်း ပန်းချီကားနဲ့ အိမ်ဝါကြီးပန်းချီကားတွေကိုပြတော့ သူဟာ မျက်ရည်တောင်စို့တယ်၊ ပြီးတော့ ကျွန်တော့်ဖက်လှည့်ပြီး 'မွန်စီယာဗင်ဂိုး၊ ခင်ဗျားအစ်ကိုဟာ အလွန်ထူးခြားပြောင်မြောက်တဲ့ ပန်းချီဆရာတစ်ယောက်ပါ။ ပန်းချီသမိုင်းမှာ ဒီနေကြာပန်းရဲ့ အဝါရောင်မျိုးတွေဟာ လုံးဝမရှိခဲ့ဖူးပါဘူး၊ ဒီကားတွေဟာ ခင်ဗျားအစ်ကိုရဲ့ နာမည်ကို ထာဝရတည်မြဲရှင်သန်နေအောင် လုပ်ပေးမှာသေချာပါတယ်' လို့ ပြောတယ် "

ဗင်းဆင့်သည် သူ့ခေါင်းကိုကုတ်ကာ ပြုံးဖြီးဖြီး လုပ်နေသည်။ "ငါ့ရဲ့ နေကြာပန်းများပန်းခိုကားအပေါ်မှာ ဒေါက်တာဂါချက်ကအဲသလို ခံစားရတယ်ဆိုရင်တော့ သူနဲ့ငါ လက်တွဲသွားလို့ ရမှာပါ " ဟု မှတ်ချက်ချလေသည်။

(၂)

ဒေါက်တာ ဂါချက်သည် သီအိုနှင့် ဗင်းဆင့်တို့ရောက်အလာကို ဘူတာမှစောင့်ကြိုလျက်ရှိသည်။ ရောက်လာသည့်အခါတွင် သူသည် ဗင်းဆင့်၏လက်ကို တလေးတစားဆွဲ၍နှုတ်ဆက်သည်။ " တွေ့ရတာဝမ်းသာတယ် " ဟု ပြောသည်။ " ဒီနေရာကို ပန်းခိုဆရာရွာကလေးလို့ခေါ်မယ်ဆိုရင် ရပါတယ်၊ ဒီနေရာရောက်ရင်တော့ ပန်းခိုဆွဲစရာတွေကိုတွေ့မှာပါ၊ ဆွဲပြီးသားကားသစ်တွေကောယူလာသေးသလား။ ဒီမှာကတော့ အားလ်စ်မှာ ခင်ဗျားတွေ့ခဲ့တဲ့ အဝါရောင်မျိုးတွေ့ရမှာမဟုတ်ဘူး၊ ဒါပေမယ့် ခင်ဗျားစိတ်ဝင်စားမယ့် တခြားအရာတွေကတော့ ရှိနေပါတယ်။

" ဘယ်နှယ်လဲ၊ နေတော့ကောင်းတယ်မဟုတ်လား၊ ဒီနေရာကိုရောသဘောကျရဲ့လား၊ သဘောကျလာမှာပါ။ ကျုပ်တို့ကတော့ ခင်ဗျားကို ဂရုတစိုက်ပြုစုပေးမှာပါ၊ ကျုပ်တို့ဆီမှာနေရင် ကျန်းမာလာအောင်လုပ်ပေးရမှာပေါ့၊ ဘာမှမပူပါနဲ့ "

ဘူတာရုံပလက်ဖောင်းပေါ်၌ရပ်နေသော ဗင်းဆင့်သည် မြေဩဇာကောင်းသောတောင်ကြားလွင်ပြင်တလျှောက်ရှိ စိမ်းမြမြတောအုပ်ကို မျှော်ကြည့်နေသည်။ ရှုခင်းကိုအပြည့်အဝမြင်လိုသဖြင့် သူသည်တစ်ဖက်သို့လျှောက်လာခဲ့၏။ သီအိုသည် အနားတွင် ဗင်းဆင့်မရှိခိုက် ဒေါက်တာဂါချက်အား နှစ်ကိုယ်ကြားလေသံဖြင့်မှာစရာရှိသည်များကို မှာနေသည်။

" ကျွန်တော့်အစ်ကိုကို ဂရုတစိုက်စောင့်ရှောက်ပေးပါ ဒေါက်တာ " ဟု သီအိုကပြောသည်။ " သူ့ရောဂါ ဖောက်လာမယ်ထင်ရင် ကျွန်တော့်ဆီချက်ချင်းကြေးနန်းရိုက်ပါ၊ အဲသလိုဖြစ်နေချိန်မှာ သူ့အနားမှာ ကျွန်တော်ရှိနေချင်ပါတယ်။ သူ့ကို ရူးမသွားစေချင်ဘူး ဒေါက်တာ "

" ရူး. . . ရူး " ဟု ဒေါက်တာကသတိပေးသည်။ " ရူးတာကတော့ ရူးနေကြတာချည်းပါပဲ၊ ပန်းခိုဆရာအားလုံးဟာ အရူးတွေချည်းပါပဲ၊ သူတို့အဖို့

ကတော့ အဲသလိုဖြစ်နေတာဟာ အကောင်းဆုံးပဲ၊ ကျုပ်ကတော့ သူတို့ရဲ့ရူး ကြောင်ကြောင်အတွေးနဲ့ ပေါတောတောလုပ်ရပ်တွေကို သဘောကျတယ်၊ တစ်ခါတစ်လေ ကျုပ်ကိုယ်ကျုပ်တောင် သူတို့လို ရူးကြောင်ကြောင်ဖြစ်စေချင်တယ်၊ " ရူးသွပ်ခြင်းနှင့်ကင်းသော အကောင်းဆုံးအမြတ်ဆုံးစိတ်ဓာတ် ဟူသည် ဤလောကဌ်မရှိ " တဲ့။ ဒီစကားကိုပြောခဲ့တာ ဘယ်သူလဲ။ ခင်ဗျား သိရဲ့လား၊ အရစ္စတိုတယ်ဗျ "

" ကျွန်တော်သဘောပေါက်ပါတယ် ဒေါက်တာ " ဟု သီအိုကပြန် ပြောသည်။ " ဒါပေမယ့် ဗင်းဆင့်ဟာ အခုမှသုံးဆယ့်ခုနှစ်နှစ်ဆိုတော့ ငယ်ပါသေးတယ်၊ သူဘဝရဲ့ အကောင်းဆုံးအပိုင်းဟာ သူ့ရှေ့မှာရှိနေပါသေးတယ် "

" ကိစ္စမရှိပါဘူး။ ကျုပ်တာဝန်သာထားပါ၊ ပန်းချီဆရာတွေကို ဘယ်လို ကိုင်တွယ်ရမယ်ဆိုတာ ကျွန်တော်သိပါတယ်၊ တစ်လလောက်အတွင်းမှာသူ့ကို လူကောင်းဖြစ်သွားအောင် ကျုပ်လုပ်ပါ့မယ်၊ ကျုပ် သူ့ကိုအလုပ်လုပ်ခိုင်းမယ်၊ အလုပ်ကသူ့ကိုကုသပေးသွားမှာပါ၊ ကျုပ်ပုံကိုဒီနေ့ပဲ ပုံတူဆွဲခိုင်းမယ်၊ သူစိတ်ကို သူရောဂါပေါ်ရောက်မနေအောင် ကျုပ်ကဆွဲယူထားမှဖြစ်မှာ "

ရှုခင်းကိုကြည့်နေရာမှ ပြန်ရောက်လာသော ဗင်းဆင့်သည် သန့်စင်လတ်ဆတ်သော လေကိုတစ်ချက်မျှ အားရပါးရ ရှူလိုက်သည်။ " ကျုတို့သားအမိကိုခေါ်လာသင့်တယ် သီအို။ မြို့တော်ကြီးတွေထဲမှာ ကလေးတွေကိုပြုစုမွေးမြူပေးနေတာဟာ ရာဇဝတ်မှုတစ်ခုကို ကျူးလွန်နေတာပဲ " ဟု ပြောသည်။

" ဟုတ်တာပေါ့. . . ဟုတ်တာပေါ့ " ဟု ဒေါက်တာဂါချက်က ပြောသည်။ " တနင်္ဂနွေနေ့တစ်ရက်တော့ ဒီမှာလာပြီး တစ်နေကုန်နေသင့်တယ် "

ဒေါက်တာ ဂါချက်သည် ဗင်းဆင့်နှင့်တွဲ၍ လျှောက်လာနေရာမှ စကားကိုအဆက်မပြတ်ပြောလာနေသည်။

" ဒါဟာ ရွာဆီကိုသွားတဲ့လမ်းမကြီးပဲ၊ အရှည်ဆုံးလမ်းပဲ။ ဒါပေမယ့်. . . အခုလောလောဆယ်ဒီဖက်ကိုလာ။ တောင်ကုန်းပေါ်တက်ပြီး ရှုခင်းတစ်ခုလုံးကိုပြရဦးမယ်၊ ဟိုမှာမြင်လား. . . ကက်သလစ်ဘုရားရှိခိုးကျောင်း။ ကက်သလစ်တွေဟာ သူတို့ကျောင်းတွေကို အမြင့်ပိုင်းတောင်ကုန်းတွေပေါ်မှာ ဆောက်လေ့ရှိတယ်၊ အဲဒါမှလဲ လူတွေက သူတို့ကျောင်းတွေကိုမော့ကြည့်ကြရမယ်မဟုတ်လား"

" ဟိုမှာမြင်လား. . ဂျုံခင်းတွေ။ သြဗားစ်တစ်မြို့လုံးကို ဒီဂျုံခင်းတွေကဝိုင်းရံထားတာ။ ခင်ဗျားဒီဂျုံခင်းတွေကို ဆွဲပေါ့၊ အားလစ်ကဂျုံခင်းတွေ

လောက်တော့ အဝါရောင်မပြင်းဘူးပေါ့။ ဟိုးညာဖက်က အကွက်ကသုံးသန်လေ၊ ဒီတောင်ကုန်းထိပ်ကကြည့်ရင် မြစ်နဲ့တောင်ကြားလွင်ပြင်ကို မြင်နေရတယ်”

ဗင်းဆင့်သည် ဒေါက်ကာဂါချက်ပြောသမျှကို နားထောင်၍ပြသမျှကို စိတ်ဝင်တစားကြည့်နေသည်။ သူတို့သည် တောင်ကုန်းပေါ်မှ ပြန်ဆင်းကာကုန်းခင်းများကို ကွေ့ပတ်ပြီးလမ်းမကြီးအတိုင်းလျှောက်၍ ရွာဖက်သို့ ပြန်လာခဲ့သည်။

“ ခင်ဗျားကို အိမ်မှာမထားနိုင်တဲ့အတွက် ကျုပ် စိတ်မကောင်းပါဘူး” ဟု ဒေါက်တာဂါချက်ကပြောသည်။ “ အိမ်မှာက အခန်းပိုမရှိဘူး၊ ခင်ဗျားကိုနေလို့ကောင်းမယ့် တည်းခိုရိပ်သာကို ပို့ပေးပါမယ်၊ နေ့စဉ်အိမ်ကိုလာပြီးပန်းချီဆွဲပါ”

ဒေါက်တာသည် ဗင်းဆင့်အား မြစ်ကမ်းပါးထက်ရှိ တည်းခိုရိပ်သာသို့ လိုက်ပို့သည်။ သူကိုယ်တိုင် ပိုင်ရှင်နှင့် စကားပြောကာ တစ်နေ့လျှင် ခြောက်ဖရန့် နှုန်းဖြင့် အခန်းတစ်ခန်းငှားပေးသည်။

“ ခင်ဗျားအတွက် အခန်းရပြီ၊ လုပ်စရာရှိတာလုပ်ပါ ” ဟု ဒေါက်တာဂါချက်ကပြောသည်။ “ ညစာကိုအိမ်မှာလာစားပါ၊ ပန်းချီတင်ခုံကိုလည်း ယူခဲ့ပါ၊ ကျုပ်ရဲ့ ပုံတူပန်းချီကို ဆွဲပေးပါ၊ ခင်ဗျားရဲ့ ပန်းချီကားအသစ်တွေကိုလည်း ယူခဲ့ပေါ့၊ ကျုပ်ကြည့်ပါရစေ၊ ပြီးတော့ဆွေးနွေးကြတာပေါ့ ”

ဒေါက်တာပြန်ထွက်သွားသည်နှင့် တပြိုင်နက် ဗင်းဆင့်သည် သူ့ပစ္စည်းများကို ကောက်ယူကာ ရိပ်သာထဲမှ ပြန်ထွက်သည်။

“ ခဏနေပါဦး ” ဟု ဆိုင်ရှင်ကလှမ်းတားသည်။ “ ခင်ဗျားဘယ်သွားမလို့လဲ ”

“ ကျွန်တော်ဟာ သာမန်အလုပ်သမားတစ်ယောက်ပါ ” ဟု ဗင်းဆင့်ကပြန်ပြောသည်။ “ အရင်းရှင်ကြီးတစ်ယောက်မဟုတ်ပါဘူး၊ အခန်းအတွက် တစ်နေ့ခြောက်ဖရန့်ကို မပေးနိုင်ပါဘူး ”

ဗင်းဆင့်သည် လာလမ်းအတိုင်းပြန်လျှောက်ကာ မေရီလမ်းနှင့်မျက်နှာချင်းဆိုင်ရှိ တည်းခိုရိပ်သာကလေးတစ်ခုဆီသို့သွားသည်။ တစ်နေ့လျှင် သုံးဖရန့်ခွဲနှင့်အခန်းတစ်ခန်းငှားသည်။ ဗင်းဆင့်ရွေးချယ်လိုက်သည့် ရာဗောက်စ်ကဖီးသည် လယ်သမားများနှင့်အလုပ်သမားများ လာရောက်ဆုံစည်းရာ နေရာဖြစ်၏။ ဆိုင်၏ညာဖက်တွင် အရက်ဘားရှိ၍ ဆိုင်ထဲတွင် သစ်သားစားပွဲကုလားထိုင်များ ချခင်းထားသည်။ မီးဖိုဘေးရှိ လှေခါးမှတက်သွားသည့်အခါ ဗင်းဆင့်နေရမည့် အခန်းသို့ ရောက်သည်။ အခန်းထဲမှ အပြင်သို့လှမ်းကြည့်လိုက်ပါက ကက်သလစ်ဘုရားရှိခိုးကျောင်းနှင့်သုသန်ကို မြင်နေရသည်။

ဗင်းဆင့်သည် ပန်းချီတင်ခုံ၊ ကင်းဗတ်၊ ဆေးတောင့်များနှင့် စုတ်တံများ ကိုယူကာဒေါက်တာဂါချက်၏ အိမ်သို့ထွက်လာခဲ့သည်။ ဂါချက်၏အိမ်သည် သုံးထပ်ဖြစ်သည်။ ဂါချက်က ဗင်းဆင့်၏လက်မောင်းကိုဆွဲကာ ဧည့်ခန်းထဲသို့ခေါ်သွားသည်။ ထို့နောက် ညစာစားပွဲသို့ ရောက်သွားသည်။ စားပွဲတွင် ဂါချက်၏ သား အသက်ဆယ့်ငါးနှစ်အရွယ်လူငယ်ကလေးနှင့် တွေ့ရ၏။ ဂါချက်၏သား သည်လူခချောကလေးဖြစ်သော်လည်း အစာအိမ်ရောဂါကြောင့် မကျန်းမမာဖြစ် နေသည့်လူငယ်ကလေးဖြစ်လေသည်။ စားသောက်ပြီးသည်နှင့် တပြိုင်နက် ဒေါက်တာဂါချက်က " ကဲ ဗင်းဆင့်၊ ကျုပ်တို့အလုပ်စကြစို့ " ဟု ပြောသည်။ "ကျုပ်က ထိုင်ပေးမယ်၊ ခင်ဗျားက ကျုပ်ရဲ့ ပုံတူကိုဆွဲပေတော့ "

" မဟုတ်သေးဘူး ဒေါက်တာ။ ဒေါက်တာရဲ့ပုံတူကိုဆွဲမယ် ဆိုရင် ဒေါက်တာ့အကြောင်းကိုကျွန်တော်က ပိုပြီးသိဖို့လိုတယ်၊ မသိပဲနဲ့ဆွဲရင် နားလည်မှုမရှိတဲ့ ပုံတစ်ပုံဖြစ်လာဖို့ပဲရှိတယ် "

" အော်. . . ဒါလည်းဟုတ်တာပဲ၊ ဒီစကားဟာ မှန်ပေလိမ့်မယ်၊ ဒါပေမယ့် ပုံတစ်ပုံတော့ဆွဲပြီးသား ဖြစ်သွားမှာပါ၊ ကျုပ်အနေနဲ့ ခင်ဗျား ပန်းချီ ဘယ်လိုဆွဲတယ်ဆိုတာတော့ မြင်ခွင့်ရမှာပေါ့ "

" ကျွန်တော်အခုဆွဲချင်နေတာက ပန်းခြံထဲက ရှူခင်းတစ်ခုပဲ ရှိတယ်"

"အေး. . . ဒါလည်း ကောင်းတာပါပဲ။ ကဲ. . . ငါ့သား ပေါလ်က မွန်စီယာ ဗင်းဆင့်ရဲ့ ပန်းချီတင်ခုံကို ပန်းခြံထဲပို့ပေးပါကွယ် "

ဗင်းဆင့် ပန်းချီဆွဲနေခိုက်တွင် ဒေါက်တာဂါချက်သည် နောက်မှရပ်၍ကြည့်ကာ အကြံပေးလိုက် ဝေဖန်လိုက်လုပ်နေသည်။ " အား. . . ဟုတ်ပြီ၊ အဲဒီအနှစ်သာရကို ခင်ဗျားဖမ်းမိသွားပြီ၊ အင်း ဟုတ်တယ်. . . ရေကန်ကကြက် သွေးရောင်သန်းနေတာအမှန်ပဲ။ ဟာ. . . မွန်စီယာဆွဲတာ သစ်ပင်ကလွဲနေသလို ဖြစ်နေပါလား. . . အဲ. . . ဟုတ်ပြီ၊ အခုမှမှန်သွားတယ် " စသည်. . . စသည် ဖြင့်ပါးစပ်မှ အမြဲမြည်လျက်ရှိ၏။ ဒေါက်တာဂါချက်သည် ပါးစပ်သာလျှင်လှုပ် နေသည်မဟုတ်။ လူကပါ ဘေးသွားရပ်လိုက်၊ နောက်သွားရပ်လိုက်နှင့် မျက်စိရော နားပါ နောက်ကျိစရာဖြစ်လာသည်။

ဗင်းဆင့်သည် ဒေါက်တာဂါချက်အား လှည့်ကြည့်သည်။ " ဒီလောက် ကြီးစိတ်လှုပ်ရှားနေရင် ခင်ဗျားရဲ့ကျန်းမာရေးကို ထိခိုက်လိမ့်မယ်ဆိုတာဆရာဝန် တစ်ယောက်အနေနဲ့ သိဖို့ကောင်းပါတယ်၊ လူတစ်ယောက်ရဲ့ ကျန်းမာရေးမှာ စိတ်တည်ငြိမ်အေးဆေးမှုဟာ သိပ်ကိုအရေးကြီးတယ်ဆိုတာ သိသင့်ပါတယ်ဗျာ"

ဟု ဗင်းဆင့်က ပြောသည်။ သို့သော်လည်း ဂါချက်သည် လူတစ်ဦးတစ်ယောက် ပန်းချီဆွဲနေသည်ကို မြင်နေရလျှင် သူ့စိတ်ကို မထိန်းနိုင်ချေ။

ဗင်းဆင့်သည် ပုံကြမ်းဆွဲပြီးသည့်အခါ အိမ်ထဲသို့ပြန်ဝင်သည်။ သူ နောက်မှလိုက်ပါလာသော ဂါချက်အား သူယူလာသည့် အားလ်စ်အမျိုးသမီးတစ် ယောက်၏ပုံတူပန်းချီကားကိုပြသည်။ ဒေါက်တာဂါချက်သည် ပန်းချီကားကိုကပ် ကြည့်လိုက် ခွာကြည့်လိုက်၊ မျက်စိတစ်ဖက်မှိတ်၍ကြည့်လိုက်နှင့် အလုပ်ရှုတ် လျက်ရှိ၏၊ နောက်ဆုံးတွင် သူ့ထံမှအသံကြားရသည်။

" ကျုပ်ကတော့ ဒီကားကိုလက်မခံနိုင်ဘူး၊ ပြည့်ပြည့်ဝဝ သဘောကျလို့ ကိုမရဘူး၊ ခင်ဗျားဘာပြောဖို့ကြိုးစားထားတယ်ဆိုတာ ကျွန်တော်မမြင်ဘူး "

"ကျွန်တော်ဘာမှ ပြောဖို့ကြိုးစားမထားပါဘူး" ဟု ဗင်းဆင့်ကပြန်ပြော သည်။ " ဒီပုံဟာ အားလ်စ် အမျိုးသမီးတွေအားလုံးကို ပေါင်းစပ်ဖွဲ့စည်းပြီးပြထား တဲ့ပုံပါ၊ ကျွန်တော့်အနေနဲ့ အရောင်တွေကိုသုံးပြီး အမျိုးသမီးရဲ့ အကျင့်စရိုက် ကိုဖွင့်ပြနိုင်ဖို့သာအားထုတ်ထားတာပါ "

" ဘာပဲဖြစ်ဖြစ်လေ၊ ကျုပ်ကတော့ သဘောကျလို့မရသေးဘူး "

" ဒေါက်တာစုဆောင်းထားတဲ့ ပန်းချီကားတွေကိုကြည့်ခွင့်ရမယ်ဆိုရင် ကြည့်ပါရစေ "

" ကြည့်ပါ. . . ခင်ဗျားဖာသာခင်ဗျားပဲ သွားကြည့်ပါ၊ ကျုပ် ဒီအမျိုး သမီးကိုထပ်ပြီးလေ့လာချင်ပါသေးတယ် "

ဗင်းဆင့်သည် အိမ်အတွင်းဖက်ရှိ နံရံများပေါ်မှ ပန်းချီကားများကို ပေါ်လန့်အတူလိုက်ကြည့်သည်။ ထောင့်တစ်ထောင့်ထဲ၌ ပစ်ထားသည့် ပန်းချီ တစ်ကားကိုတွေ့သဖြင့် ကောက်ကြည့်သည်။ အိပ်ရာပေါ်၌ ကိုယ်လုံးတီးလှဲနေ သော အမျိုးသမီးတစ်ယောက်၏ပုံဖြစ်၏။ ဂူလာမင်၏လက်ရာ ကားတစ်ကား ပေတည်း။ ဤကားကို အထင်အမြင်သေး၍စွန့်ပစ်ထားသည်မှာ သေချာလျက်ရှိ သည်။ ထိုပုံကိုကြည့်နေခိုက်မှာပင် ဒေါက်တာဂါချက်သည် ဗင်းဆင့်ထံသို့အပြေး အလွှားရောက်လာသည်။

" ကျုပ် ဒီပန်းချီကားကို အရသာခံလို့ရပြီ " ဟု ပြောသည်။

" အဲဒါအသာထားပါဦး ဒေါက်တာ" ဟု ဗင်းဆင့်ကပြောသည်။ "ဟော ဒီပန်းချီကားဟာ ဂူလာမင်ရဲ့ အကောင်းဆုံးလက်ရာတစ်ခုပါ၊ ဒေါက်တာဘောင် မတပ်ပဲ အခုလိုပစ်ထားရင် မကြာခင်ပျက်စီးသွားပါတော့မယ် "

ဂါချက်သည် ဗင်းဆင့်၏ စကားကိုလုံးဝမကြား။ လက်ထဲမှပန်းချီကား

ကိုသာကြည့်၍ " ဂေါ်ဂင်နည်းကို လိုက်ထားတယ်လို့ပြောထားတယ်. . . အင်း ဒီတော့ကာ. . . ပုံထဲကမိန်းမမှာ မိန်းမသဘာဝပျောက်နေသလိုပါလား. . . ၊ အရောင်တွေကလည်း ပဋိပက္ခအသွင်ဆောင်နေတယ်ထင်ပါရဲ့။ အင်း. . . တဖြည်းဖြည်းနဲ့ အမျိုးသမီးဟာ. . . ပန်းချီကားထဲကနေပြီး ကျွပ်ဆီကို ခုန်ထွက်လာနေပြီ "

ဂါချက်သည် ထိုပန်းချီကားနှင့်သာ အချိန်ကုန်နေသည်။ လက်မြှောက်လိုက်၊ ခြေမြှောက်လိုက်၊ ကပ်လိုက်ခွာလိုက်၊ မေးခွန်းတွေထုတ်လိုက်၊ ဖြေလိုက်နှင့် ညမိုးချုပ်သွားသည့်အခါ ပန်းချီကားသည် သူ့နှလုံးသားကို ဖမ်းယူဆုပ်ကိုင်ထားလေပြီ။

" ဒီကားထဲက အမျိုးသမီးဟာ အတော်ကိုလှတာပဲ၊ သိပ်ကိုလှတယ် "

" တကယ်လို့ ဒီကားကိုဒေါက်တာကြိုက်တယ်ဆိုရင် ကျွန်တော်ပေးပါမယ်၊ အပိုင်ယူလိုက်ပါ " ဟု ဗင်းဆင့်ကပြောသည်။ " ညနေခင်းကဆွေးခဲ့တဲ့ ပန်းခြံထဲကရှုခင်းပန်းချီကားကိုလည်း ဒေါက်တာယူပါ "

" ဟာ. . . ဒီကားတွေကို ဘာပြုလို့အခုလိုပေးနေရတာလဲ ဗင်းဆင့်။ ဒီကားတွေဟာ သိပ်ကိုအဖိုးတန်တယ် "

" မကြာခင်မှာ ဒေါက်တာဟာ ကျွန်တော့်ကို ကြည့်ရှုကုသပေးရတော့မှာပါ၊ အဲဒီအတွက် ကုသခပေးဖို့ ကျွန်တော့်မှာငွေမရှိပါဘူး၊ ဒါကြောင့်ငွေအစား ဒီပန်းချီကားတွေကိုပေးတာပါ "

" ဟာ. . . ကျုပ် ခင်ဗျားကိုကုပေးမှာဟာ ငွေအတွက် မဟုတ်ဘူး၊ ခင်မင်ရင်းနှီးမှုကြောင့် ကုသပေးမှာ "

" ဒီလိုဆိုရင်. . . ကျွန်တော်ကလည်း ဒေါက်တာ့ကို ခင်မင်ရင်းနှီးတဲ့ မိတ်ဆွေအဖြစ်နဲ့ ဒီပန်းချီကားတွေကိုပေးတာပါ ဒေါက်တာ "

(၃)

ဗင်းဆင့်သည် ပန်းချီဆရာတစ်ယောက်ဘဝကို ပြန်လည်ရရှိရေးအတွက် ဒုတိယအကြိမ်မြောက်တည်ဆောက်ပြန်သည်။ သူသည် ညဆိုလျှင်ကိုးနာရီတိတိ အိပ်ရာဝင်သည်။ မနက်ကျတော့ ငါးနာရီထိုးတွင်ထသည်။ ရာသီဥတုသည် သာယာလှ၏။ နေရောင်ကလည်း မပူလွန်း၊ မပြင်းလွန်း. . . ။

သူသည် ဩဇာစ်တွင် အခြေတကျနေနိုင်ဖို့အတွက် အိမ်တစ်လုံးလိုက်ရှာသည်။ သင့်တင့်သောလခဖြင့် အိမ်တစ်လုံးရပါက သူ့အတွက် စိတ်အေးနားအေးနေနိုင်မည်ဖြစ်၏။ သီအိုက သူ့အတွက် သူနှင့်အသင့်တော်ဆုံးမိန်းမတစ်ယောက်ရလိမ့်မည်ဟု ထင်ထားသည်။ တစ်နေ့သောအခါတွင် သီအိုထင်သည့်အတိုင်းဖြစ်လာပါမူ မည်မျှကောင်းပါမည်နည်း။

သူသည် စိန့်ရီမီဠ္ဍ နေစဉ်ကဆွဲထားခဲ့သော ပန်းချီကားများကို ပြန်လည်မွမ်းမံသည်။ ပန်းချီဆွဲဖို့ကိုတော့ ယခင်ကလောက် စိတ်အားထက်သန်ခြင်းမရှိ။ ယခင်တုန်းကလို တစ်ချိန်လုံးပန်းချီဆွဲနေလိုသော ဆန္ဒသည်ပျောက်လုနီးပါးဖြစ်နေသည်။ သူ့စိတ်ကြိုက်ရှခင်းများမှာ အနည်းငယ်မျှသာရှိ၏။ ယခုအချိန်တွင်သူပန်းချီဆွဲနေသည်မှာ အပျော်တန်းသဘောမျှသာဖြစ်၏။

ဩဇာစ်တွင် ဗင်းဆင့်၏အရင်းနှီးဆုံးမိတ်ဆွေဆို၍ ဒေါက်တာဂါချက်တစ်ဦးတည်းသာရှိသည်။ ဂါချက်မှာ ပါရီ၌ဖွင့်ထားသည့် သူဆေးခန်း၌သာအချိန်ကုန်နေရသူဖြစ်၏။ သို့သော်လည်း သူသည် ဗင်းဆင့်နေထိုင်ရာ ရာဗောက်စ်ကဖီးသို့ ညပိုင်းတွင် လာလေ့ရှိသည်။ သူလာလျှင် ဗင်းဆင့်၏ပန်းချီကားများကိုကြည့်ကာ ပါးစပ်အဟောင်းသားဖြင့် တအံ့တသြဖြစ်နေတတ်ရုံမျှမက သူ့မျက်လုံး အစုံတွင် စိတ်မချမ်းမြေ့ဖြစ်သည့် အရိပ်အငွေ့များသည် အမြဲတစေထင်ဟပ် နေတတ်လေသည်။

" ဘာကြောင့် မပျော်မရွှင်ဖြစ်နေရတာလဲ ဒေါက်တာ " ဟု တစ်ကြိမ်တွင် ဗင်းဆင့်ကမေးသည်။

" အင်း. . . ကျုပ် အလုပ်လုပ်လာခဲ့တာ နှစ်ပေါင်းမနည်းတော့ဘူး ဗင်းဆင့်။ ကောင်းတာဆိုလို့ နည်းနည်းလေးပဲလုပ်ရသေးတယ်၊ ဆရာဝန်ဆိုတာ မျိုးက ရောဂါဝေဒနာကလွဲပြီး တခြားဘာမှမြင်တာမဟုတ်ဘူး "

" ဒေါက်တာ့အလုပ်နဲ့ ကျွန်တော့်အလုပ်ကို လဲလို့ရရင် ကျွန်တော်ကဝမ်းသာစွာနဲ့ လဲလိုက်ချင်ပါတယ် " ဟု ဗင်းဆင့်က ပြောသည်။

" ဟာ. . . မလုပ်နဲ့ဗင်းဆင့်၊ ပန်းချီဆရာတစ်ယောက်ဖြစ်ရတာဟာ ကမ္ဘာပေါ်မှာ အလှဆုံးအရာတစ်ခုပါ။ ကျုပ်ဘဝတစ်လျှောက်လုံး ပန်းချီဆရာဖြစ်ချင်တာအလွန်ပဲ၊ ဒါပေမယ့် ကျုပ်မှာက အချိန်ပိုဆိုလို့ တစ်နာရီလောက်ပဲရတာ. . . ဘယ်လိုလုပ်ပြီး ပန်းချီဆွဲမှာလဲ. . အချိန်ရှိသမျှ မကျန်းမမာဖြစ်နေတဲ့လူတွေက ကျုပ်ကိုပဲ လိုအပ်နေကြတာ "

ဒေါက်တာဂါချက်သည် ဗင်းဆင့်၏ခုတင်အောက်မှ ပန်းချီကားများ

ဆွဲထုတ်ကာ တစ်ပုံပြီးတစ်ပုံကြည့်နေသည်။ နေကြာပန်း ပန်းချီကားကိုမူ သူသည် အချိန်အကြာကြီး အကုန်ခံ၍ကြည့်သည်။

" ကျုပ်အနေနဲ့ ဒီလိုကားမျိုးတစ်ကားသာဆွဲပြီးလိုက်ရင် လူဖြစ်ရကျိုးနပ်ပြီလို့တွက်မှာပဲ၊ ကျုပ်ဟာလူတွေကို နှစ်ပေါင်းများစွာ အချိန်ကုန်ခံပြီးဆေးကုပေးလာတာ။ နောက်ဆုံးကျတော့လည်း အကြောင်းတစ်ခုခုနဲ့သေကုန်တာချည်းပါပဲ။ အခုဒီမှာကြည့်ပါဦး. . . ခင်ဗျားဆွဲထားတဲ့ နေကြာပန်းတွေ. . . ဒီကားတွေဟာ လူတွေရဲ့ နှလုံးသားတွေထဲက နာကျင်မှုတွေကို ကုစားပေးနိုင်မှာသေချာတယ်။ လူတွေရဲ့စိတ်ကို သာယာအောင်၊ ပျော်ရွှင်အောင်၊ ကြည်လင်လန်းဆန်းအောင် လုပ်ပေးနေမှာပါ။ နောင်ရာစုနှစ်ပေါင်းများစွာ ကုန်လွန်သည်အထိ ဒီအတိုင်းပဲရှိနေမှာပါ။ ဒါကြောင့်လည်း ခင်ဗျားရဲ့ ဘဝကိုအောင်မြင်တဲ့ ဘဝလို့ခေါ်ရမှာပါ။ ဒါကြောင့်လည်း ခင်ဗျားဟာ စိတ်ချမ်းသာပျော်ရွှင်တဲ့လူတစ်ယောက်ဖြစ်သင့်တာပါ "

နောက်ရက်အနည်းငယ်မျှအကုန်တွင် ဗင်းဆင့်သည် ဒေါက်တာဂါချက်၏ ပုံကိုရေးဆွဲသည်။ အဖြူရောင်ဦးထုပ်ဆောင်းကာ အပြာရောင် ဖရောကုတ်ဝတ်၍ စားပွဲတစ်လုံး၌ထိုင်ခိုင်းပြီး ရေးဆွဲခြင်းဖြစ်၏။ နောက်ခံကို အပြာနုရောင်ထား၍ ဦးခေါင်းကို အရောင်ဖျော့ဖျော့ ပေးထားသည်။ စားပွဲပေါ်တွင်အဝါရောင် စာအုပ်တစ်အုပ်၊ ပန်းရောင်ပန်းပွင့်များထိုးထားသည့် ပန်းအိုးတစ်လုံး. . . သူနှစ်သက်သော အရောင်များကို စိတ်တိုင်းကျပေါင်းစပ်ထားသည်။

ဒေါက်တာဂါချက်သည် သူ့ပုံကိုကြည့်ကာ အရူးအမူးဖြစ်လျက်ရှိသည်။ အံ့ဩခြီးမွမ်းသံများသည် မစဲနိုင်အောင်ဖြစ်နေသည်။ ဤပုံကိုသူ့အတွက်တစ်ပုံကူးဆွဲပေးရန် အတင်းအကျပ်ပူဆာလျက်ရှိသဖြင့် ဗင်းဆင့်က တစ်ပုံကူးဆွဲပေးပါမည်ဟု ကတိပေးလိုက်လေသည်။

ဒေါက်တာဂါချက်က သူ့အိမ်အထပ်ခိုးထဲမှ စာပုံနှိပ်စက်ကိုပြသည်။ ဗင်းဆင့်၏ ပန်းချီကားများကို မိတ္တူကူးထား၍ဖြစ်နိုင်၊ မဖြစ်နိုင်ကြည့်ခိုင်းခြင်းဖြစ်၏။ ထို့နောက် ဗင်းဆင့်၏ပန်းချီကားအားလုံးကို ပါရီသို့ယူသွားပြီး လစ်သိုပုံနှိပ်စက်ဖြင့် မိတ္တူများကူးထားရန် အကြံပေးပြန်သည်။ အထပ်ခိုးပေါ်မှပြန်ဆင်းလာသည့်အခါ ဗင်းဆင့်သည် ညစာစားခဲ့သည့်ညက တွေ့ခဲ့သော ဂူလာမင်၏ပန်းချီကားကိုမြင်ရပြန်သည်။ အခုထက်ထိ ဘောင်မတပ်သေးပဲလွှင့်ပစ်ထားဆဲပါတကား. . . ။

" ဒေါက်တာ ဂါချက်ရယ်၊ ဒီပန်းချီဟာ ဂူလာမင်ရဲ့အကောင်းဆုံး

လက်ရာမွန်တစ်ခုပါ ” ဟု ဗင်းဆင့်ကပြောသည်။ “ ဒီကားကိုအမြန်ဆုံးဘောင်တပ်လိုက်ပါတော့. . . ဒီအတိုင်းသာပစ်ထားရင် ပျက်စီးသွားတော့မယ် ”

“ ကောင်းပါပြီ. . . ကောင်းပါပြီ။ လုပ်မလို့စိတ်ကူးထားပါတယ် ” ဟု ဂါချက်ကဖြေသည်။ “ ခင်ဗျားရဲ့ကားတွေကို ဘယ်တော့လောက် ပါရီကိုယူသွားမလဲ၊ ခင်ဗျားကူးချင်သလောက်သာကူးပါ၊ လိုအပ်တဲ့ပစ္စည်းအားလုံးကို ကျွပ်ပေးပါ့မယ် ”

✧✧✧✧

မေလမှသည် ဇွန်လသို့ကူးပြောင်းသွားခဲ့ပြီ။ ဗင်းဆင့်သည်တောင်ကုန်းထက်မှ ကက်သလစ်ဘုရားရှိခိုးကျောင်းပုံကို ရေးဆွဲသည်။ ဆွဲရင်းနှင့်ပင်ပန်းနွမ်းနယ်လာသဖြင့် မွန်းတည့်ချိန်တွင် ရပ်ထားလိုက်သည်။ သူ့စိတ်သည် ဟိုတုန်းကလို ပြင်းထန်မှု ကိုအလေးမပေး၊ မပြီးသေးပဲနှင့်ပင် ရပ်ထားလိုက်သည်။ ထို့နောက်ပိုင်းတွင် သူသည်ဂျုံခင်းတစ်ခင်း၊ မဒမ်ဒေါဘစ်နီ၏ နေအိမ်၊ သစ်ပင်များကြားမှမြင်တွေ့နေရသည့် အိမ်ဖြူဖြူတစ်လုံး စသည်. . . စသည် ရှုခင်းများကို တစ်ခုပြီးတစ်ခုရေးဆွဲသည်။

ဤသို့ဖြင့် ဇွန်လတစ်လအတွင်း သူသည် ပန်းချီကားငါးကားမျှသာ ရေးဆွဲခဲ့သည်။ ထိုမျှလောက်ကလေးဆွဲရုံမျှဖြင့် သူသည် ပုံပေါင်းရာနှင့်ချီပြီးဆွဲရသလိုပင်ပန်းလျက်ရှိ၏။ ဟိုတစ်ချိန်တုန်းကဆိုလျှင် သူသည် ပုံတွေရာနှင့်ချီ၍ဆွဲခဲ့သည်။ သို့သော်လည်း ဤမျှလောက်အထိ ကိုယ်စိတ်နှစ်ပါးမပင်ပန်းခဲ့ချေ။

နောက်ဆုံးတွင် သူသည်ပန်းချီဆွဲလိုစိတ်ကင်းမဲ့သွားသည်။ သို့တစေလည်း သူညီသီအိုသည် သူ့အတွက်နှစ်ပေါင်းများစွာ ငွေကြေးအကုန်အကျခံ၍ ရင်းနှီးမြုပ်နှံထားခဲ့ရရှာသည်ဖြစ်ရာ ယင်းကျေးဇူးပြုမှုကို မိမိဖက်ကမတုံ့ပြန်၍မဖြစ်။ ထို့ကြောင့်ပန်းချီကားတစ်ကားပဲရရ နှစ်ကားပဲရရ ဆွဲမှဖြစ်မည်ဟူသောခံယူချက်ဖြင့် ပန်းချီကိုတတ်နိုင်သမျှဆက်၍ဆွဲလေသည်။

ဤကြားထဲမှပင် သီအိုး၏အိမ်အတွင်းနေရာအနှံ့၌ အစုလိုက်အပြုံလိုက်ထပ်ထားသောသူ့ပန်းချီကားများကို မြင်ယောင်မိသည်။ သူ့ပန်းချီကားများမှာယနေ့အချိန်ထိတစ်ကားမှ ရောင်းရသေးသည်မဟုတ်၊ ထိုအဖြစ်ကိုတွေးလိုက်မိ

သည့်အခါ သူသည်ပန်းချီတင်ခုံကိုပင်ကြည့်လိုမြင်လိုစိတ်မရှိ။

သူ၏ရောဂါပြန်ထလာမည့်ရက်သည် ဇူလိုင်လအတွင်းတစ်ရက်ရက်၌ ဖြစ်လာဖို့ရှိ၏။ ထိုလအတွင်း၌ သုံးလပြည့်မည့်ရက်သည် ဘယ်နေ့ဘယ်ရက်ဟု အတိအကျမသိနိုင်သော်လည်း စိုးရိမ်စိတ်ကတော့ တစ်နေ့တစ်ခြားကြီးထွားလာနေသည်။ သူသည် ပါရီမှထွက်မလာခင် ငွေကြေးအထောက်အပံ့ကိစ္စကို သူ့ညီသီအိုနှင့် တိုင်ပင်ညှိနှိုင်းခြင်း မပြုမိခဲ့၊ အခုအချိန်ထိတစ်လလျှင် မည်ရွေ့မည်မျှရရှိမည်ကို မသိသေး၊ ဤအတွက် သောကသည် သူ့စိတ်ထဲ၌ တည်ရှိနေ၏။

ထိုအခိုက်မှာပင် သီအို၏ကလေးဖျားနေသည်ဟု သိလိုက်ရသည့်အခါ သောကတစ်မျိုးသည်သူ့စိတ်ကို ဒုက္ခပေးလာသည်။ တစ်ရက်တွင်မူ သူသည် သည်းမခံနိုင်တော့လောက်အောင် ဖြစ်လာသဖြင့် မီးရထားဖြင့်ပါရီသို့ထွက်လာခဲ့သည်။ သူရောက်သွားသည့်အတွက် အခြေအနေသည် ပို၍ရှုပ်ထွေးကုန်သည်။ သီအိုသည်ပင်လျှင် နေမကောင်းဖြစ်ကာ စိတ်မချမ်းမမြေ့ဖြစ်လျက်ရှိသဖြင့် ဗင်းဆင့်သည် သူ့ညီအား စိတ်သက်သာအောင် အားပေးစကားပြောနေရ၏။

နောက်ဆုံးတွင် သီအိုသည် သူဘာကြောင့်စိတ်ဆင်းရဲနေရသည်ကို အမှန်အတိုင်း ဝန်ခံလေသည်။

" ကလေး နေမကောင်းတာကြောင့် တစ်ခုတည်း မဟုတ်ဘူး ဗင်းဆင့်"

" ဒီလိုဆို တခြားပြဿနာက ဘာလဲ "

" ဗလာဒန်က ကျွန်တော့်ကို အလုပ်ကထွက်စာတင်ဖို့ ပြောနေပြီ "

" ဘာကြောင့် ထွက်ခိုင်းရတာလဲ၊ မင်း ဂေါပစ်လ် ကုမ္ပဏီနဲ့ အလုပ်လုပ်လာတာ ဆယ့်ခြောက်နှစ်တောင်ရှိနေပြီ "

" သူစွပ်စွဲတာကတော့ အင်ပရက်ရှင်းနစ္စတွေကို အသားပေးလွန်းလို့ သူ့ဆိုင်မှာ အရောင်းကျတယ်တဲ့၊ အင်ပရက်ရှင်းနစ္စပန်းချီကားတွေက များများလည်းမရောင်းရဘူး၊ ရောင်းရပြန်တော့လည်း စျေးကနည်းတယ်တဲ့၊ ပြီးခဲ့နှစ်ကဆိုရင် ကျွန်တော်တာဝန်ခံထားတဲ့ဆိုင်ဟာ ရှုံးတယ်တဲ့ "

" သူက မင်းကို တကယ်တန်းထုတ်နိုင်မှာတဲ့လား "

" ဟာ အစ်ကိုကလဲ၊ သူ့မှာထုတ်ပစ်နိုင်တဲ့ အခွင့်အရေးအပြည့်ရှိနေပြီ၊ ကျွန်တော်တို့ ဗင်ဂိုးရှယ်ယာတွေက ရောင်းပစ်လိုက်ပြီးပြီမဟုတ်လား "

" ဒီလိုဆို မင်းဘာလုပ်မလဲ၊ မင်းကိုယ်ပိုင်ဆိုင် တစ်ဆိုင်ဖွင့်ပေါ့ "

" ကျွန်တော် ဘယ်ဖွင့်နိုင်ပါ့မလဲ ဗင်းဆင့်ရယ်။ ကျွန်တော်စုထားတဲ့ငွေကနည်းနည်းကလေးပဲရှိတယ်၊ အဲဒီထဲက လက်ထပ်တဲ့ကိစ္စနဲ့ ကလေးကိစ္စ

ကြောင့်အတော်များများသုံးခဲ့ရတယ် ”

“ တကယ်လို့သာ ငါ့အတွက်ငွေတွေ မသုံးခဲ့ရဘူးဆိုရင် အခုအချိန်မှာ”

“ မဟုတ်ဘူး ဗင်းဆင့်၊ အဲသလိုမတွေးပါနဲ့။ အခုကိစ္စဟာအဲဒါတွေနဲ့ လုံးဝမဆက်စပ်ပါဘူး။ အခုဟာက. . . ”

“ ဒါဆိုရင် အခုမင်းဘာလုပ်မလဲသီအို၊ မင်းမှာ ဂျူတို့သားအမိကရှိနေသေးတယ် ”

“ ဒါကတော့. . . ကျွန်တော်လည်းမသိသေးဘူး၊ အခုလောလောဆယ်တော့ ကလေးနေမကောင်းတာကိုပဲ ပူနေရတာပဲ ”

ဗင်းဆင့်သည် ပါရီတွင် ရက်အတော်ကြာကြာနေခဲ့သည်။ အချိန်ရှိသရွေ့တိုက်ခန်းဦးမနေ၊ ကလေးတွင် အနှောင့်အယှက်ဖြစ်မည်စိုး၍ အပြင်သို့သာထွက်နေသည်။ နောက်ဆုံးတွင် ကလေးငယ်ဗင်းဆင့် သက်သာသွားသဖြင့် သူသည် ဩဗားစ်သို့ပြန်လာခဲ့လေ၏။

ဩဗားစ်မြို့ကလေး၏ တိတ်ဆိတ်ငြိမ်သက်မှုသည် ဗင်းဆင့်၏စိတ်ကို အေးချမ်းအောင် လုပ်နိုင်စွမ်းမရှိပေ။ သူသည် သောကပေါင်းများစွာ၏ နှိပ်စက်ညှင်းပန်းမှုကို ခံနေရသည်။ အကယ်၍သီအိုအလုပ်ပြုတ်ခဲ့သည်ရှိသော် သူတွင် ဘာတွေဖြစ်လာနိုင်သနည်း။ သူသည်လမ်းပေါ်တွင် သူတောင်းစားတစ်ယောက်လိုနေရတော့မလား၊ ဂျူနှင့် ကလေးငယ်တို့မှာကောဘာတွေဖြစ်လာမည်နည်း။ အကယ်၍ ကလေးသေသွားခဲ့ပါမူ. . . ။ သီအိုသည် ကျန်းမာရေးကောင်းသည် မဟုတ်၊ ကလေးသာသေလျှင် ထိုဒဏ်ကို သီအိုခံနိုင်ပါမည်လော. . . ။

သူသည် ရာဇောက်စ်ကဖီး မှောင်ထဲ၌ထိုင်ကာ ရောက်တတ်ရာရာများကိုတွေးနေသည်။ လာမာတင်းကဖီးကို သတိရမိပါ၏။ သူတွင်အဖျော်ယမကာဝယ်သောက်စရာငွေမရှိ။ ပန်းချီဆွဲဖို့ဆေးများနှင့် ကင်းဗတ်များဝယ်ဖို့ငွေမရှိ။ သီအိုထံသို့လည်းစာရေးပြီးမတောင်းချင်၊ အကယ်၍များသာ ဇူလိုင်လထဲ၌သူ့ရောဂါက တစ်ဖန်ပြန်၍တိုက်ခိုက်ခဲ့ပါမူ သူ့ကြောင့် သီအိုတွင် အပူမီးတောက်ရဦးမည်။ ငွေကြေးအကုန်အကျများရဦးမည်။

သူသည် ပန်းချီဆွဲဖို့ကြိုးစားသည်။ လုံးဝအဆင်မပြေ။ သဘာဝပတ်ဝန်းကျင်သည် သူ့တွင်ဖန်တီးနိုင်သော ဆန္ဒကိုပေါ်လာအောင် မလုပ်နိုင်။ သူ့တွင်ယခင်ကရှိခဲ့သည့် အကောင်းဆုံးအပိုင်းများသည် သေကုန်ပြီထင်၏။

ဇူလိုင်လအလယ်သို့ရောက်ခဲ့ပြီ ရာသီဥတုသည် ပူပြင်းလာခဲ့ပြီ၊ သီအိုသည်သူ့အလုပ်အတွက်၊ သူ့သားကလေးအတွက်၊ ဆရာဝန်အားပေးရမည့်

ငွေကြေးအတွက်၊ သူ့အစ်ကိုထံပို့ပေးရမည့် ဖရန့်ငွေငါးဆယ်အတွက်. . . ခေါင်းနောက် လျက်ရှိသည်။ ဤကြားထဲမှပင် ဗင်းဆင့်ထံငွေငါးဆယ်ကိုပို့ပေးရှာ၏။ ဗင်းဆင့်သည် ရောက်လာသည့် ငွေအားလုံးကိုဆိုင်ပိုင်ရှင်လက်သို့ လွှဲပေးလိုက်ရသည်။ ဤငွေကြောင့် ဤဆိုင်တွင် ဇူလိုင်လကုန်အထိနေနိုင်ခွင့်ရပေလိမ့်မည်။ မည်သို့ပင်ဖြစ်စေ နောက်ထပ်သီအိုထံမှ ငွေရဖို့ကား မျှော်လင့်၍မဖြစ်တော့။

သူသည် ဒေါက်တာဂါချက်၏အိမ်သို့ ညစာသွားစားသည်။ သူပါးစပ်ထဲတွင်အရသာမရှိသော်လည်း သည်းခံ၍စားသည်။ ဒေါက်တာဂါချက်ကတော့ ဗင်းဆင့်၏ပန်းချီကားများကို ချီးမွမ်း၍မဆုံး။ ဗင်းဆင့်ကတော့ သူ့စိတ်ထဲတွင်ရှိနေသည့်အတိုင်းတွေးသည်။

" သူပြောနေတဲ့ ပန်းချီကားတွေဟာ ငါ့ကားတွေမဟုတ်ဘူး၊ အဲသလို ပန်းချီကားမျိုးတွေကို ငါလုံးဝမဆွဲခဲ့ဘူး၊ ပန်းချီကားပေါ်မှာ ထိုးထားတဲ့လက်မှတ်ဟာ ငါ့လက်မှတ်မဟုတ်ဘူး၊ ဒီပန်းချီကားတွေဟာ တခြားလူတစ်ယောက်ဆွဲထားတာ "

ဗင်းဆင့်၏သောကများသည် လျော့နည်းသွားသည်ဟုမရှိ။ တစ်ခါတစ်ရံတွင်သူသည် သီအို့အတွက်ရော ဂျူဟန်နာတို့ သားအမိအတွက်ပါ ပူပန်သောကကြီးစွာ ဖြစ်မိ၏။ တစ်ခါတစ်ရံတွင် သူသည် သူ့ရှေ့ရေးကိုတွေးကာ သူ့အတွက်ပါ သောကကြီးမိ၏။

" ကိုယ်ရောစိတ်ပါ ကျန်းမာလာလို့ ပန်းချီဆွဲချင်စိတ်ပေါ်လာတယ်ဆိုပါတော့၊ ငါဘယ်လိုလုပ်မလဲ။ သီအိုမှာလည်း ဂျူတို့သားအမိကိုကြည့်ရှုစောင့်ရှောက်ရဦးမယ်၊ ဒီကြားထဲငါကပါ ငါ့အတွက်ထောက်ပံ့ငွေယူနေဦးမယ်ဆိုရင် ဖြစ်နိုင်ပါ့မလား၊ သင့်တော်ပါဦးမလား။ သူငါ့ကိုထောက်ပံ့လာခဲ့တာ ဆယ်နှစ်တောင်ရှိခဲ့ပြီ။ ဒါလောက်ဆို တော်လောက်ပြီ၊ မကြာသေးခင်ကမှ မွေးလာတဲ့ကလေးကို ဒီအခွင့်အရေးပေးသင့်ပြီ "

ထိုအပူအပင်များ၏ အောက်တွင် သုံးလတစ်ကြိမ်ဝင်ရောက်တိုက်ခိုက်လေ့ရှိသော ရောဂါဟောင်းပေါ်လာမည်ကို ကြောက်ရွံ့စိုးရိမ်စိတ်ရှိနေသည်။ အခုဆိုလျှင် သူသည် အသိရှိသော လူကောင်းတစ်ယောက်ဖြစ်နေပြီ။ သူ့ဘဝကို သူကြိုက်သလိုတည်ဆောင်နိုင်ပြီ၊ အကယ်၍များ အခုတစ်ကြိမ်ရောဂါ၏တိုက်ခိုက်မှုကို အလူးအလိမ့်ခံလိုက်ရပါမူကား. . . သူ့အဖို့ တွေးဝံ့စရာမရှိ. . . ။

သူသည် ဒေါက်တာဂါချက်အား သူ့ပန်းချီကားနှစ်ကားကို ထပ်ပေးကာ သူ့ရောဂါနှင့်ပတ်သက်၍ အခြေအနေမှန်ကိုပြောပြပေးဖို့ မေတ္တာရပ်ခံသည်။

" မဖြစ်နိုင်ပါဘူး ဗင်းဆင့် " ဟု ဒေါက်တာဂါချက်ကပြောသည်။ "ခင်ဗျားအတော်ကြီးကို နေကောင်းနေပြီပဲ. . . ရောဂါရဲ့တိုက်ခိုက်မှုတွေကို လည်းကြံ့ကြံ့ခိုင်ခိုင်ရင်ဆိုင်ခဲ့ပြီးပြီပဲ. . . အကြောနဲ့ ဆက်စပ်ပတ်သက်နေတဲ့ ဝက်ရူးရောဂါသည်တိုင်း ကံမကောင်းအကြောင်းမလှ မဖြစ်နိုင်ပါဘူး။ တချို့ကျ တော့လည်း အဆိုးဝါးဆုံးနဲ့ ရင်ဆိုင်ရတတ်တယ် "

" အဆိုးဆုံးအဆင့်ဆိုတာက ဘယ်လိုအဖြစ်မျိုးလဲ ဒေါက်တာ "

" လုံးဝ ရူးသွပ်သွားတာမျိုးပေါ့ "

" သူတို့အတွက် ပြန်ကောင်းဖို့အလားအလာ မရှိတော့ဘူးလား "

" မရှိတော့ဘူး၊ သူတို့အဖို့ကဘဝဆုံးတာပဲ၊ သူတို့ကို စိတ္တဇဆေးရုံမှာ နှစ်ပေါင်းများစွာထားပြီး ကုသပေးနေပေမယ့် သူတို့စိတ်ဟာ ပုံမှန်ပြန်မရောက်တော့ဘူး "

" နောက်တစ်ကြိမ်ရောဂါထလာရင် အဲဒီရောဂါက ပြန်ပြီးသက်သာလာနိုင်မလား၊ ဒါမှမဟုတ် ဒီရောဂါကြောင့် ဦးနှောက်ချို့ယွင်းသွားနိုင်သလား "

" ဒါကျတော့ အတိအကျပြောလို့မရနိုင်ဘူး ဗင်းဆင့်၊ ဒါပေမယ့် ကဲပါလေ. . . ကျွပ်တို့အနေနဲ့ဘာကြောင့် စိတ်ညစ်စရာပြဿနာတွေကို အမေးအဖြေလုပ်ချင်နေရတာလဲ. . . အထပ်ခိုးအလုပ်ရုံထဲသွားပြီး လုပ်စရာတွေ ဆက်လုပ်ကြရအောင်လား "

✧✧✧✧

ဗင်းဆင့်သည် ရာဇောက်စ်ဆိုင်ရှိ သူ့အခန်းထဲမှမထွက်ပဲနေခဲ့သည်မှာ လေးရက်တိတိရှိခဲ့ပြီ။ အစားအသောက်များကို မဒမ်ရာဇောက်စ်က သူ့အခန်းထဲ သို့ပို့ပေးရသည်။ " ငါနေကောင်းသွားပြီ၊ ငါဟာလူကောင်း တစ်ယောက်ဖြစ်နေပြီ" ဟူသောစကားသည် သတိရတိုင်း သူ့ကိုယ်သူပြောနေသော စကားဖြစ်၏။ ထို့ပြင်လည်း " ဒီတစ်ခါရောဂါထလာလို့ ဦးနှောက်ပျက်သွားမယ်ဆိုရင်. . . ငါ့ကိုယ်ငါ သတ်သေဖို့တောင် မသိနားမလည်တော့ဘူးဆိုရင်. . ငါဘာလုပ်မလဲ။ အဲဒါဆိုရင်တော့ ငါဘဝဟာသွားပြီ၊ သီအိုရယ် ငါဘယ်လိုလုပ်ရင်ကောင်းမလဲ" စသည်ဖြင့်လည်း တွေးမိသည်။

လေးရက်မြောက်မွန်းတည့်ခိုန်တွင် သူသည် ဒေါက်တာဂါချက်၏ အိမ်သို့သွားသည်။ ဒေါက်တာသည် ဧည့်ခန်းထဲ၌ ရှိနေသည်။ ဗင်းဆင့်သည် သူကိုယ်တိုင်ကောက်ယူပြီး တင်ထားခဲ့သည့် ဂူလာမင်၏ ပန်းချီကားရှိရာ ဘီရိုဆီသို့ လျှောက်သွားလေသည်။ ဘောင်မတပ်ရသေးသည့် ပန်းချီကားကို လှမ်းယူပြီး "ကျွန်တော် ခင်ဗျားကို ဘောင်တပ်ဖို့ ပြောထားခဲ့တာကြာပြီ၊ အခုထက်ထိမတပ်ရသေးဘူး" ဟု ဒေါက်တာဂါချက်အား တင်းမာသော လေသံဖြင့် ပြောသည်။

ဒေါက်တာဂါချက်သည် ဖြတ်ခနဲမော့ကြည့်သည်။ " ကျုပ်သိတယ် ဗင်းဆင့်၊ သစ်သားဘောင် လာပို့ဖို့မှာထားပြီးပြီ " ဟု ပြန်ပြောသည်။

" ခင်ဗျားဒီကားကို အခုချက်ခြင်းဘောင်တပ်လိုက်ပါ။ ဒီနေ့ပဲတပ်ပါ။ ဟာဗျာ. . . အခုချက်ခြင်းပဲတပ်လိုက် "

" ဘာပြုလို့လဲ. . . ခင်ဗျား ဘယ်လိုပြောနေတာလဲ. . . "

ဗင်းဆင့်သည် ဒေါက်တာဂါချက်အား အခိုန်အတန်ကြာမျှ စူးစူးဝါးဝါးကြည့်နေသည်။ သူ့ကုတ်အင်္ကျီ၏ဘေးအိတ်ကပ်နှစ်ဖက်တွင် လက်နှိုက်ကာ ဒေါက်တာဂါချက်ဆီသို့လျှောက်လာသည်။ ဒေါက်တာဂါချက်က ဗင်းဆင့်သည် သူ့အား သေနတ်နှင့်ခိုန်ထားပြီ ဟု ပင်တွေး၏။

"ဗင်းဆင့်" ဟုဒေါက်တာဂါချက်ကသတိပေးသည့်အနေဖြင့် ခေါ်သည်။

ဗင်းဆင့် တစ်ကိုယ်လုံးတုန်ရီလာသည်။ သူသည်မျက်လွှာကိုချကာ အိတ်ကပ်ထဲမှ လက်တစ်ဖက်ပြန်ထုတ်လိုက်ပြီး နောက်သို့ချာကနဲလည့်ကာ အိမ်ထဲမှ ပြေးထွက်သွားလေသည်။

နောက်တစ်နေ့တွင် သူသည် ပန်းချီတင်ခုံနှင့် ကင်းဗတ်များကျောပိုးကာတောင်ကုန်းပေါ်သို့တက်သည်။ ကက်သလစ်ဘုရားရှိခိုးကျောင်း ရှေ့မှ ဖြတ်ကာ သုဿန်နှင့်မျက်နှာချင်းဆိုင်ရှိ ဂျုံခင်းကို ပန်းချီဆွဲနေသည်။

နေသည် ပူပြင်းလှ၏။ မွန်းတည့်ခိုန်ခန့်တွင် နေရောင်သည် သူဦးခေါင်းပေါ်သို့မည်သာမတာကျရောက်လျက်ရှိ၏။ ဗင်းဆင့်သည် အလုပ်ကိုမရပ်မနားဆက်လုပ်နေသည်။ မည်မျှလောက်အချိန်ကြာသည်ကိုသူမသိ။ ဂျုံခင်းအထက်ဖက်မှပုံဝဲနေသော ငှက်များကို စိတ်ဝင်တစားကြည့်ပြီး ရေးဆွဲနေသည်။ပြီးသွားသည့်အခါ ပန်းချီကားအောက်ခြေ၌ " ဂျုံခင်းတစ်ခင်းပေါ်မှ ကျီးကန်းများ " ဟုအမည်ထိုးလိုက်သည်။ ထို့နောက်ပစ္စည်းများကို သိမ်း၍သူ့အခန်းသို့ ပြန်သည်။ အိပ်ရာပေါ်တွင် ခြေပစ်လက်ပစ်လဲချလိုက်သည်။ ချက်ချင်းပင် အိပ်မောကျသွားလေ၏။

နောက်တစ်နေ့နေ့ခင်းတွင် ဗင်းဆင့်သည် အပြင်သို့ထွက်ပြန်သည်။ တောင်ကုန်းပေါ်သို့တက်သွားပြီး သစ်ပင်တစ်ပင်ပေါ်၌ထိုင်နေသည်။ လယ်သမားတစ်ယောက်သည် သူထိုင်နေသည်ကိုမြင်သည်။ " ဒီဟာ မဖြစ်နိုင်ဘူး။ ဒီဟာဖြစ်ကို မဖြစ်နိုင်ဘူး" ဟူသော ဗင်းဆင့်၏ တတွတ်တွတ်ရေရွတ်သံကိုပါ ကြားနေရ၏။ ခဏမျှအကြာတွင် သူသည်သစ်ပင်ပေါ်မှဆင်းကာ ရဲတိုက်တစ်ခု နောက်ဘက်မှ ထွန်ပြီးစလယ်ကွက်ထဲသို့ ဆင်းသွားသည်။ ယခုအချိန်သည် အဆုံးသတ်တော့မည့် အချိန်ဖြစ်၏။

သူသည် " သွားတော့မယ် " ဟူသော နှုတ်ဆက်စကားကို ပြောချင်နေသည်။ သူနေထိုင်ရာကမ္ဘာကြီးသည် ကောင်းပါ၏။ ဂေါဂင်ပြောသလိုပင် 'အဆိပ်ရှိလျှင်အဆိပ်ဖြေဆေးရှိသော ကမ္ဘာကြီး ' ဖြစ်၏။ အခုသူသည် ဤကမ္ဘာကြီးကို စွန့်ခွာတော့မည်ဖြစ်ရာ ကမ္ဘာကြီးအားသွားတော့မယ်ဟု ပြောလို၏။ သူဘဝကို တည်ဆောက်ရာ၌ ဝိုင်းဝန်းကူညီခဲ့ကြသော ပုံလောင်းပေးခဲ့ကြသော သူမိတ်ဆွေအားလုံးကိုလည်း သွားတော့မယ် ဟု နှုတ်ဆက်စကားဆိုချင်မိ၏။

သူအပေါ်တွင် ရွံရှာစက်ဆုပ်မုန်းတီးခြင်းအားဖြင့် တည်ငြိမ်အေးဆေးနေသော သူဘဝကို ဖရိုဖရဲဖြစ်အောင် အပယ်ခံလူတစ်ယောက်အဖြစ် ရောက်ရှိသွားအောင်ပြုလုပ်ခဲ့သော အာဆူလာ။ မိမိ၏ဘဝကို မိမိကိုယ်တိုင်ပင် ဖော်ပြနိုင်စွမ်းရှိလာလိမ့်မည် ဟုလည်းကောင်း၊ ယင်းဖော်ပြနိုင်စွမ်းသည် မိမိ၏ဘဝတန်ဖိုးကို အဆုံးအဖြတ်ပေးလိမ့်မည်ဟုလည်းကောင်း ယုံကြည်သက်ဝင်လာအောင်သင်ကြားပေးခဲ့သော မင်းဒက်စ်ဒါကော့စ်တာ၊ ' လုံးဝမချစ်ဘူး ' ဟူသောစကားကို မိမိ၏စိတ်၌စွဲမြဲသွားအောင် တံဆိပ်ရိုက်နှိပ်ပေးလိုက်သော ကေးဗော့စ်။ ဤကမ္ဘာလောကအတွင်းမှ ရွံစရာစက်ဆုပ်စရာ၊ မုန်းတီးစရာကောင်းသောလူမျိုးအပေါ်၌ မေတ္တာထားတတ်လာအောင် သင်ကြားပေးခဲ့ကြသော မဒမ်ဒင်းနစ္စ၊ ဂျက်ဗာနေးနှင့် ဟင်နရီဒီကရပ်။ သူ့အပေါ်၌ ကရုဏာအပြည့်အဝထားခဲ့သော ဘုန်းတော်ကြီးပက်တာဆင်၊ သူ့အပေါ်တွင် ကြီးမားသောမေတ္တာဖြင့် အစွမ်းကုန် ချစ်ခင်တွယ်တာခဲ့ကြသောသူမိခင်နှင့် ဖခင်၊ ကံတရား၏စေစားချက်အရသူ့မယားဖြစ်လာခဲ့ရသည့် ခရစ္စတင်း၊ သီတင်းပတ်အနည်းငယ်မျှ သူ့ဆရာဖြစ်ခဲ့သည့်မောဗီး၊ သူ၏ ပထမဦးဆုံးသော ပန်းချီဆရာမိတ်ဆွေဝေဆင်ဘရုခ်နှင့် ဒီဘော့၊ ဗင်ဂိုးမိသားစုထဲတွင် သူ့အား သိုးမည်းတစ်ကောင်ဟု သတ်မှတ်ခဲ့ကြသည့် သူ့ဦးလေးဗင်းဆင့်၊ သူ့ဦးလေး ဂျန်၊ သူ့ဦးလေးကော်နယ်လီယပ်မာရီးနပ်စ် နှင့်သူ့ဦးလေးစထရစ်ကား၊ သူ့အပေါ်တွင် မေတ္တာစစ်

မေတ္တာမှန်ဖြင့် စွဲလန်းချစ်ခင်ခဲ့ပြီး ထိုအချစ်အတွက်ပင် သူကိုယ်သူ သတ်သေသွားခဲ့သော မာဂေါ်။

ပါရီမြို့မှ သူမိတ်ဆွေပန်းချီဆရာအားလုံး၊ စိတ္တဇဆေးရုံသို့ ရောက်သွားပြီး ဆေးရုံမှာပင်နေ၍ သေမည့်ရက်ကို စောင့်ဆိုင်းနေရှာသော သူသူငယ်ချင်း ပန်းချီဆရာလော့ထ်ရက်၊ အလုပ်ပင်ပန်းလွန်းအားကြီး၍ အသက်ငယ်ငယ်ရွယ်ရွယ်နှင့် သေဆုံးသွားခဲ့သော သူမိတ်ဆွေ ပန်းချီဆရာ ဆူးရက်။ ပြီးတော့ သူနှင့် အရင်းနှီးဆုံးဖြစ်ခဲ့ရသည့် ပန်းချီဆရာ ဂေါ်ဂင်၊ ရှူဆိုး၊ စေဇန်း၊ ပီရီတန်ဂိုင်းနှင့် ရော်လင်စသော မိတ်ဆွေများ။ သူအပေါ်တွင် ကရုဏာထားခဲ့ကြသော ရာချယ်နှင့်ဒေါက်တာရေး။ သူအား ထူးခြားကြီးကျယ်သည့် ပန်းချီဆရာတစ်ယောက်ဟု အသိအမှတ်ပြုခဲ့ကြသည့် နှစ်ဦးတည်းသော ပုဂ္ဂိုလ် ဩရီးယားနှင့် ဒေါက်တာဂါချက်။

သူ ခင်မင်ရင်းနှီးခဲ့သမျှ လူအားလုံးတွင် သူအပေါ်အချစ်ဆုံး သူအပေါ်အကောင်းဆုံး၊ သူအပေါ်စေတနာ အထားဆုံး သူအတွက် ဒုက္ခအခံဆုံး ဖြစ်သည့် သူ၏ညီ သီအို။

ထိုလူအားလုံးကို "သွားတော့မယ်" ဟု နှုတ်ဆက်စကားဆိုချင်ပါ၏။ "သွားတော့မယ်" ဟူသော နှုတ်ဆက်စကားကို ပန်းချီဆွဲပြလိုပါ၏။

လူတစ်ယောက်အနေဖြင့် "သွားတော့မယ်" ဟူသောစကားကို လူအများသိသာမြင်သာအောင် ပန်းချီဆွဲပြနိုင်မည်မဟုတ်။

သူသည် ကောင်းကင်ထက်ရှိ နေကို မော့ကြည့်သည်။ ခြောက်လုံးပြူးကို သူဘေးတစ်ဖက်၌ထောက်၍ ခလုတ်ကိုဆွဲလိုက်သည်။ သူသည်မြေပြင်ထက်သို့ မှောက်လျက်လဲကျသွားလေသည်။

(၄)

နောက်လေးနာရီခန့်အကြာတွင် ဗင်းဆင့်သည် ဒယိမ်းဒယိုင်ဖြင့် ဆိုင်ထဲသို့ ဝင်လာသည်။ မဒမ်ရာဇောက်စ်သည် သူ့နောက်မှလိုက်သွားသည်။ အခန်းထဲ ရောက်ကာမှပင် ဗင်းဆင့်၏ အင်္ကျီပေါ်မှ သွေးများကိုမြင်သည်။ မဒမ်ရာဇောက်စ် သည်ချက်ချင်းပင် ဒေါက်တာဂါချက်အား အပြေးအလွှားသွား၍ခေါ်သည်။

" အို. . . ဗင်းဆင့်ရယ်. . . ခင်ဗျားဘာတွေလုပ်လိုက်တာလဲ " ဟု အခန်းထဲရောက်လျှင်ရောက်ချင်း ဒေါက်တာဂါချက်ကညည်းသည်။

"ကျွန်တော် ထင်မိထင်ရာ လုပ်လိုက်မိပြီလို့ထင်တယ်၊ ဒေါက်တာ ဘယ်လို သဘောရလဲ "

ဂါချက်သည် ဒဏ်ရာကိုကြည့်သည်။ " ခင်ဗျားဘာပြုလို့ ဒီလိုလုပ်လိုက်ရတာလဲ၊ ဖြစ်မှဖြစ်ရလေ။ ခင်ဗျားဒီလိုလုပ်လိမ့်မယ်လို့ ဘာကြောင့်ကျုပ်စောစောကမသိတာလဲ၊ ကျုပ်တို့အားလုံးက ခင်ဗျားကိုသိပ်ပြီးချစ်ခင်နေကြတဲ့အချိန်ကျခါမှဘာ့ကြောင့်ကျုပ်တို့ကိုခွဲခွာသွားချင်ရတာလဲ။ ကျုပ်တို့အားလုံးအတွက်အလွန်လှပတဲ့ပန်းချီကားတွေ အများကြီး ထပ်ဆွဲနိုင်သေးတယ်ဆိုတာ မစဉ်းစားမိဘူးလား" ဟု ပြောသည်။

" ကျွန်တော့်ရဲ့ ကုတ်အင်္ကျီထဲကဆေးတံကို ယူပေးနိုင်မယ်ဆိုရင် ယူပေးပါလား ဒေါက်တာ "

" ယူပေးမှာပေါ့ မိတ်ဆွေကြီးရယ် "

ဂါချက်သည် ဆေးတံထဲတွင် ဆေးထည့်ပြီး ဗင်းဆင့်၏ပါးစပ်တွင် တပ်ပေးသည်။

" မီညှိပေးပါလား ဒေါက်တာ "

" ညှိပေးမှာပေါ့ မိတ်ဆွေကြီးရယ် "

ဗင်းဆင့်သည် ဆေးတံကိုဖွာလျက်ရှိ၏။

" ဒီနေ့ဟာ တနင်္ဂနွေနေ့ " ဟု ဒေါက်တာဂါချက်က ပြောသည်။

"ခင်ဗျားရဲ့ညီဆိုင်မှာ ရှိမှာမဟုတ်ဘူး သူ့ရဲ့အိမ်လိပ်စာ ကျုပ်ကိုပေးပါ "

" ဒါကိုတော့ ကျွန်တော်မပေးနိုင်ပါဘူး "

" မဟုတ်သေးဘူး ဗင်းဆင့်၊ အိမ်လိပ်စာကိုတော့ ပေးမှဖြစ်မယ်။ သူ့ဆီကို အမြန်ဆုံးအကြောင်းကြားဖို့လိုနေပြီ "

" တနင်္ဂနွေနေ့ဟာ သီအိုရဲ့နားရက်ပါ။ သူ့ခမြာ အလုပ်ကလည်းပင်ပန်းလာတယ်၊ သောကတွေကလည်းများတယ်။ ဒီနေ့တစ်ရက်ကလေးနားရတာ စိတ်ချမ်းချမ်းသာသာနဲ့ နားပါစေ "

အမျိုးမျိုးဖျောင်းဖျသော်လည်း ဗင်းဆင့်ထံမှ သီအိုး၏လိပ်စာကိုမရချေ။ ဒေါက်တာဂါချက်သည် သေနတ်ဒဏ်ရာကို ဆေးထည့်ပေးပြီး ညဉ့်နက်သည် အထိဗင်းဆင့်၏ အနားမှာမခွာ။ အိမ်သို့ခဏမျှပြန်၍ နားချိန်တွင် ဗင်းဆင့်၏ အနားဌ သူ့သားကိုထားခဲ့သည်။

ဗင်းဆင့်သည် တစ်ညလုံးမအိပ်၊ စကားလည်းတစ်လုံးမှမပြော။ ဆေးတံတွင် ဆေးထည့်ပြီးအဆက်မပြတ်ဖွာလျက်ရှိသည်။

နောက်တစ်နေ့မနက် သီအိုဆိုင်သို့ရောက်သွားသည့်အခါ ဒေါက်တာဂါချက် ပို့လိုက်သောကြေးနန်းသည် သူ့အားစောင့်မျှော်လျက်ရှိ၏။ သူသည် ချက်ခြင်းပင် မီးရထားဖြင့် ဩဗားစ်သို့လိုက်သွားခဲ့သည်။

" ဘယ်လိုလဲ သီအို နေကောင်းရဲ့လား " ဟု ဗင်းဆင့်ကဆီး၍နှုတ်ဆက်သည်။ သီအိုသည် ဗင်းဆင့်၏ခုတင်ဘေးတွင် ဒူးနှစ်ဖက်ထောက်၍ထိုင်ချလိုက်သည်။ ဗင်းဆင့်၏လက်ကို တယုတယဆွဲယူကာ သူ့လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ထားသည်။ သူသည်စကားမပြောနိုင်ချေ။ ဆရာဝန်ရောက်လာသည့်အခါ သီအိုသည် ဆရာဝန်အား အပြင်သို့ခေါ်ထုတ်သွားသည်။ ဒေါက်တာဂါချက်သည် ကြေကွဲဝမ်းနည်းစွာဖြင့် ခေါင်းခါသည်။

" မျှော်လင့်ချက်မရှိတော့ဘူး သီအို။ အထဲမှာရောက်နေတဲ့ ကျည်ဆံကို ခွဲထုတ်ဖို့ဆိုတာ လုံးဝမဖြစ်နိုင်တော့ဘူး၊ သူသိပ်အားနည်းနေပြီ။ စိတ်ရောလူပါ မာလွန်းလို့သာ အခုအချိန်အထိ အသက်ရှင်နေတာ။ သာမန်လူဆိုရင် လယ်ကွင်းထဲမှာတည်းက သေမှာ "

ထိုနေ့တစ်နေ့လုံး သီအိုသည် ဗင်းဆင့်၏လက်ကိုကိုင်၍ ခုတင်ဘေးတွင် ထိုင်နေသည်။ ညပိုင်းရောက်၍အခန်းထဲတွင် သူတို့နှစ်ဦးတည်းရှိနေသည့်အခါ ဘရားဘန့်တွင် ကုန်လွန်ခဲ့ရသည့် သူတို့ညီအစ်ကို၏ ပျော်စရာကလေးဘဝအကြောင်းကို ပြောနေကြသည်။

" ရေစ်ဝက်က စက်ရုံကိုမှတ်မိတယ်မဟုတ်လား ဗင်းဆင့် "

" မှတ်မိတယ် သီအို။ ကစားလို့သိပ်ကောင်းတဲ့ စက်ရုံအိုကြီးပဲ၊ တို့ညီအစ်ကိုနှစ်ယောက် ချောင်းဘေးအတိုင်း လျှောက်သွားပြီး ကြီးလာရင် ဘာလုပ်မယ်ဆိုတာ ပြောခဲ့ကြတယ်လေ။ တို့နှစ်ယောက် ဂျုပင်တွေကြားထဲမှာ ကစားကြတဲ့အခါ မင်းက ငါ့လက်ကို ကိုင်ထားတယ်။ အခုကိုင်ထားသလိုပဲ ကိုင်ထားတာ မင်းမှတ်မိသေးလား သီအို"

" မှတ်မိတယ်. . . ဗင်းဆင့် "

" အစ်ကို အားလ်စ်မြို့က ဆေးရုံမှာနေတော့ ဇွန်ဒတ်မှာ နေခဲ့ကြရတဲ့ မင်းနဲ့ငါအကြောင်းကို အမြဲတန်း သတိရမိတယ်။ အဲဒီတုန်းက ငါတို့နှစ်ယောက် သိပ်ကိုပျော်ခဲ့ကြရတယ်နော်။ မင်းနဲ့ငါ မီးဖိုချောင်နောက်က ပန်းခြံထဲမှာကစားကြတာလေ. . . မှတ်မိသေးလား. . . အမေကတို့အတွက် မုန့်တွေ

ဖုတ်ကျွေးခဲ့တယ်လေ ”

“ ဟုတ်တယ် ဗင်းဆင့်။ ဒါတွေဟာ ဟို . . . ရှေးရှေးတုန်းက ပုံပြင်တွေလိုဖြစ်ကုန်ပြီနော် ဗင်းဆင့် ”

“ ဟုတ်တယ်နော်။ အင်း . . . ဘဝဟာရှည်လျားလှပါတယ်၊ မင်းကိုယ် မင်း ဂရုစိုက်ပါသိအို့၊ ကျန်းမာရေးကောင်းအောင်နေပါ။ မင်းအနေနဲ့ ဂျိုအတွက် ရော သားကလေးအတွက်ပါ စဉ်းစားပါ။ သူဘို့ကို ကျန်းမာသန်စွမ်းနေအောင် တောပိုင်းဒေသဘက်ကို ခေါ်ခေါ်သွားပါ။ မင်းလည်း ဂေါပစ်လ် ကုမ္ပဏီမှာ အလုပ်ဆက်မလုပ်ပါနဲ့တော့ သီအို့ရယ် . . . မင်းရဲ့ ဘဝတစ်ခုလုံးကို သူတို့စား သောက်ဝါးမျိုလာခဲ့တာကြာပြီ။ အဲဒီအတွက် မင်းကိုသူတို့ဘာမှ ကျေးဇူးတုံ့ပြန် မှုရှိခဲ့တာလဲမဟုတ်ပါဘူး ”

“ ကျွန်တော့်အနေနဲ့ ကိုယ်ပိုင် ဆိုင်လေးတစ်ဆိုင် ဖွင့်တော့မှာပါ ဗင်းဆင့်။ ဆိုင်ဖွင့်ပြီးရင် တစ်ကိုယ်တော်ပန်းချီပြပွဲသဘောမျိုးလုပ်မယ်။ “ဗင်းဆင့် ဗင်ဂိုး၏လက်ရာများ” လို့ အမည်ပေးမယ်။ ကျွန်တော်တို့ အခန်းထဲမှာ အစ်ကို ချိတ်ဆွဲထားခဲ့တဲ့ ပုံစံအတိုင်းပြမယ် ”

“ အစ်ကို့လက်ရာတွေကို ပြမှာလား . . . အေးပေါ့လေ။ အစ်ကိုဟာ အဲဒီအတွက် ဘဝကိုစွန့်လွှတ်ခဲ့ရတာပါ . . . ”

ဩဗားစ်၏ညသည် နက်ရှိုင်းသောအမှောင်ထုများဖြင့် အခန်းပေါ်သို့ လွှမ်းခြုံထားသည်။ နံနက်တစ်နာရီထိုးပြီး တစ်ခဏမျှအကြာတွင် ဗင်းဆင့်သည် သူ့ခေါင်းကို တစ်ဖက်သို့လှည့်ကာ စကားတစ်ခွန်းကို တိုးတိုးသာသာကလေးပြော သည်။

“ အခုအချိန်မှာ . . . သေချင်ပြီ သီအို ”

နောက် မိနစ်အနည်းငယ်မျှအကြာတွင် ဗင်းဆင့်သည် မျက်လုံးအစုံကို ပိတ်လိုက်သည်။

သူ့အစ်ကိုသည် သူ့အား ထာဝရ ခွဲခွာသွားပြီဟူသော ခံစားမှုသည် သီအို၏စိတ်ထဲသို့ဝင်ရောက်လာလေသည်။

(၅)

ရူဆိုး၊ ပီရိတန်ဂိုင်း၊ ဩရိုးယားနှင့် အင်မိလီဘားနတ်တို့သည် ဗင်းဆင့်၏စျာပနကို ပို့ဆောင်ရန်အတွက် ပါရီမှ ဩဗားစ်သို့ရောက်လာကြသည်။ ရာဗောက်စ်ကဖီး၏ တံခါးအားလုံးကို ပိတ်ထားသည်။ ခန်းဆီးအားလုံးကိုလည်း ချထားသည်။ မြင်းနက်များတပ်ထားသည့် အနက်ရောင် အသုဘယာဉ်သည် ဆိုင်ရှေ့၌ ရပ်ထားသည်။

ဗင်းဆင့်၏ အလောင်းထည့်ထားသော ခေါင်းကို ဘိလိယက်ခုံပေါ်၌ တင်ထားသည်။ သီအို၊ ဒေါက်တာဂါချက်၊ ရူဆိုး၊ ပီရိတန်ဂိုင်း၊ ဩရိုးယား၊ ဘားနတ်နှင့် ရာဗောက်စ်တို့သည် စကားမပြောပဲ ခေါင်းပတ်ပတ်လည်၌ ရပ်နေကြသည်။ သူတို့သည် တစ်ယောက်ကိုတစ်ယောက် မကြည့်နိုင်ကြ။ ဘုန်းကြီးတစ်ပါးပင့်ဖို့ကိုလည်း မည်သူမှသတိမရကြ။

အသုဘယာဉ်မှ ယာဉ်မောင်းသည် ဆိုင်ရှေ့မှ တံခါးကိုခေါက်သည်။ “ အသုဘချဖို့ အချိန်ကျပြီ ” ဟု ပြောသည်။

“ ကျုပ်တို့ကတော့ သူ့ကိုဒီပုံစံမျိုးနဲ့ မသွားစေချင်ဘူး ” ဟု ဒေါက်တာဂါချက်ကပြောသည်။ သူသည်ဗင်းဆင့်၏အခန်းထဲမှ ပန်းချီကားအားလုံးကိုသယ်လာသည်။ သူသား ပေါလ်အားလွှတ်၍ သူ့အိမ်မှ ပန်းချီကားများကိုယူစေသည်။

လူခြောက်ယောက်သည် ပန်းချီကားအားလုံးကို နံရံများပေါ်တွင် ချိတ်ဆွဲကြသည်။ ဗင်းဆင့်၏ခေါင်းနားတွင် သီအိုတစ်ယောက်တည်းသာ ရပ်လျက်ရှိ၏။ ဗင်းဆင့်၏ နေရောင်ကို အားပြုထားသော ပန်းချီကားများကြောင့် တစ်ခန်းလုံးလင်းလက်နေသည်။ လူအားလုံးသည် ဗင်းဆင့်၏ခေါင်းဘေးတွင် ပြန်၍ရပ်ကြပြန်သည်။ ဒေါက်တာဂါချက် တစ်ဦးတည်းသာလျှင် စကားပြောနိုင်လေသည်။

“ ဗင်းဆင့်ရဲ့ မိတ်ဆွေတွေဖြစ်တဲ့ ကျွန်တော်တို့ဟာ စိတ်အားမငယ်ကြပါနဲ့၊ သူဟာဘယ်တော့မှ မသေပါဘူး။ သူ့ရဲ့မေတ္တာ၊ သူ့ရဲ့ပါရမီနဲ့ သူ့ရဲ့မဟာအလှဖန်တီးမှုတွေဟာ ထာဝရတည်တဲ့ခိုင်မြဲသွားမှာပါ။ ကျွန်တော်ကတော့ သူ့ပန်းချီကားတွေကိုကြည့်လိုက်တိုင်း ယုံကြည်မှုအသစ်နဲ့ ဘဝရဲ့အဓိပ္ပာယ်သစ်ကို ရှာဖွေတွေ့ရှိနေတယ်လို့ ယုံကြည်မိပါတယ်။ သူဟာကြီးကျယ်မြင့်မြတ်တဲ့ ပန်းချီဆရာတစ်ယောက်ပါ၊ ကြီးကျယ်မြင့် မြတ်တဲ့ ဒဿနပညာရှင်ကြီးတစ်ယောက်ပါ ”

သီအိုသည် ဒေါက်တာဂါချက်အား ကျေးဇူးတင်စကား ပြောဖို့ အားထုတ်သည်။ “ ကျွန်. . . ကျွန်. . . ကျွန်တော် . . . ”

မျက်ရည်များသည် သူ့ပါးပြင်နှစ်ဖက်တွင် အဆက်မပြတ်ကျဆင်းလာနေကြ၏။ သူသည် စကားကို လုံးဝဆက်ပြော၍မရ။ ဗင်းဆင့်၏ခေါင်းကိုပိတ်လိုက်ပြီ။ သူ့မိတ်ဆွေခြောက်ဦးသည် ဘိလိယက်ခုံပေါ်မှ ခေါင်းကိုမယူလိုက်ကြသည်။ ထို့နောက် ဆိုင်ထဲမှ ထမ်း၍ထွက်ကာ အသုဘယာဉ်ပေါ်သို့တင်သည်။ ထို့နောက်တွင်မူ အသုဘယာဉ်နောက်မှ လမ်းလျှောက်၍လိုက်ကြသည်။

ဘူတာရှေ့အရောက်တွင် အသုဘယာဉ်သည် ဘယ်ဖက်သို့ချိုးကာ တောင်ကုန်းပေါ်သို့တက်သည်။ ကက်သလစ် ဘုရားရှိခိုးကျောင်းရှေ့နှင့် အဝါရောင်ကျုံခင်းများကြားမှ ကွေ့ကွေ့ကောက်ကောက် ဖြတ်သန်းခဲ့သည်။

အနက်ရောင်အသုဘယာဉ်သည် သုသန်ဂိတ်ရှေ့၌ရပ်သည်။ သီအို သည်လူခြောက်ဦးထမ်းထားသည့် သူ့အစ်ကို၏ခေါင်းနောက်မှ လိုက်သည်။

မြုပ်နှံမည့်မြေနေရာသည် ဗင်းဆင့် ဩဗာစ်သို့ရောက်လာသည့် ပထမဆုံးနေ့က သူနှင့် ဒေါက်တာဂါချက်တို့ရပ်၍ စကားလက်ဆုံကျခဲ့ကြသောနေရာဖြစ်၏။ ထိုနေရာမှ မျှော်ကြည့်လိုက်လျှင် အောက်ဖက်ရှိ စိမ်းလမ်းစိုပြည်သော တောင်ကြားကိုမြင်နေရသည်။ ထိုနေရာတွင် ဗင်းဆင့်အား မြုပ်နှံရန် ဒေါက်တာဂါချက်ကိုယ်တိုင် ရွေးချယ်ခဲ့ခြင်းဖြစ်လေသည်။

သီအိုသည် နောက်တစ်ကြိမ်စကားပြောဖို့ ကြိုးစားပြန်သည်။ သို့သော်လည်းပြောမထွက်။ ဗင်းဆင့်၏ခေါင်းကို လူခြောက်ယောက်က တွင်းထဲသို့ချပေးသည်။ ထို့နောက် အားလုံးကဝိုင်း၍ မြေဖို့ကြသည်။ မြေကိုသပ်သွားအောင်ခြေထောက်များဖြင့် ဝိုင်းနင်းပေးကြသည်။

လူခုနစ်ယောက်သည် သုသန်ထဲမှ ထွက်ကာတောင်ကုန်းပေါ်မှ ပြန်ဆင်းလာခဲ့ကြသည်။ ရက်အနည်းငယ်မျှအကြာတွင် ဒေါက်တာဂါချက်သည် သုသန်သို့ နောက်တစ်ကြိမ်ထပ်သွားပြီး ဗင်းဆင့်၏မြေပုံထက်တွင် နေကြာပန်းများစိုက်သည်။

သီအိုသည် စီးတီးပစ်ဂါလီလမ်းရှိ သူ့တိုက်ခန်းသို့ ပြန်ရောက်သွားချိန် အထိ သူ့အစ်ကိုအတွက် ဝမ်းနည်းကြေကွဲ၍မဆုံး. . . ။ သူ၏ဆုံးရှုံးမှုအတွက် ဖြေသိမ့်၍မရ. . . ။ သူ့နှလုံးသားသည် သူအချစ်ဆုံးအစ်ကိုအတွက်ကြေမွကွဲအက်ခဲ့ရပြီ။

ကျိုဟန်နာသည် သူ့ခင်ပွန်းသည်အား ယူထရက်မြို့ရှိ နေအိမ်သို့ခေါ်သွားပြီးကောင်းစွာ အနားယူစေခဲ့သည်။

✧✧✧✧

Unity Publishing House

နောက်ခြောက်လအကြာ ဗင်းဆင့် ကွယ်လွန်ခဲ့သည့် နေ့ရက်ခန့်လောက်မှာပင် သီအိုသည် ကွယ်လွန်သွားခဲ့၏။ သီအို၏ ရုပ်အလောင်းကို ယူထရက်မြို့မှာပင် မြှုပ်နှံခဲ့လေသည်။

✧✧✧✧

တစ်ရက်တွင် ဂျိုဟန်နာသည် စိတ်သက်သာရာ ရစေရန်အလို့ငှာ သမ္မာကျမ်းစာကို ဖတ်နေသည်။ ဤတွင် အမှတ်မထင် သူမ၏စိတ်ကို ထိထိခိုက်ခိုက်ရှိစေခဲ့သည့် စာတစ်ပိုဒ်ကိုတွေ့ရသည်။

သူတို့သေလွန်ချိန်ကမှ သူတို့အား ခွဲခွာ၍ မထားသင့်ပေ။

✧✧✧✧

ဂျိုဟန်နာသည် သီအို၏ရုပ်ကလာပ်ကို ပြန်ဖော်ကာ ဩဗားစ်သို့သယ်ယူသည်။ သီအို့အလောင်းကို သူ့အစ်ကို၏ဘေးၭွှပင် မြေမြှုပ်သည်။

ဩဗားစ်၏ ပူပြင်းသော နေရောင်ခြည်များသည် ဂျုံခင်းများအလယ်ရှိ သုဿန်ကလေးပေါ်သို့ မည်ဟမတာထိုးကျလျက်ရှိ၏။ သီအိုသည် ဗင်းဆင့်၏ မြေပုံပေါ်ရှိ နေကြာပင်များ၏ အရိပ်အာဝါသကိုခိုကာ အေးချမ်းစွာဖြင့် နားနေလျက်ရှိလေသည်။

မောင်ထွန်းသူ

၁၉၉၇၊ အောက်တိုဘာလ (၁၈) ရက်

LUST FOR LIFE
IRVING STONE



SELF-PORTRAIT (c.1887)
Oli on canvas. 17 in. X 14 in.
Vincent Van Gogh Foundation, Amsterdam

WIN MYINT 00 , 2001